www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

31 AUG 2014

# မြန်မာအမျိုးသားတို့ ဂုဏ်ယူဖွယ်ရာ ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီး


တက္ကသိုလ်မျိုး

ဓမ္မစေတီခေါင်းလောင်းနှင့် ပတ်သက်၍ ယခုအခါ လူအများ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်အဖြစ် ထင်ရှားနေလေသည်။ လက်ဖက်ရည်ဆိုင်များ၊ လူများ စုဝေးရာနေရာ တော်တော်များများ၌ ဓမ္မစေတီခေါင်းလောင်းတော် ဆယ်ယူရေး ဆောင်ရွက်နေမှုအပေါ် စိတ်ဝင်တစား ပြောကြ၊ ဆွေးနွေးကြ၊ ငြင်းခုံကြနှင့် စည်ကားနေသည်။

တချို့က ခေါင်းလောင်းတော်ကြီး ဆယ်ယူရေး အောင်မြင်မည်။ မကြာမီ ခေါင်းလောင်းတော်ကြီး နုန်းမြေများအောက်မှ ရေပေါ်သို့ ပေါ်ထွန်းရောက်ရှိမည်။ ခေါင်းလောင်းတော်ကြီးကို တွေ့မြင်ဖူးမြော်ရတော့မည် ဟူသော အကောင်းဘက်က မြင်သူများရှိသလို တချို့ကလည်း ဓမ္မစေတီမင်းကောင်းမှုတော် ခေါင်းလောင်းတော်ကြီးသည် အစီအရင်များဖြင့် သွန်းလောင်းစီရင်ထားသော ဂမ္ဘီရ ခေါင်းလောင်းတော်ကြီးဖြစ်၍ အလွယ်တကူ ပြန်လည်တူးယူ၍ ရမည်မဟုတ်။ ဒါကြောင့်လည်း ခေါင်းလောင်းတော်ကြီးကို ၁၉၈၈ ခုနှစ် နောက်ပိုင်း၌ ဆယ်ယူရေးအတွက် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ ၁၉၈၈ ခုရှေ့ပိုင်း မဆလခေတ်ကလည်း ကြိုးပမ်းခဲ့သေးကြောင်း၊ မအောင်မြင်ခဲ့ဘဲ နောက်ဆုံး လက်လျှော့ခဲ့ရကြောင်း၊ ယခုအခါလည်း ခေါင်းလောင်းတော်ကြီး ဆယ်ယူရေးသည် ယခင်ကြိုးပမ်းမှုများလို နောက်ဆုံး၌ လက်လျှော့ရမည်ဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်ပြောကြားမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့လေသည်။

မည်သို့ပင် ဆိုစေကာမူ ယခု ခေါင်းလောင်းတော်ကြီး ဆယ်ယူရေး ကြိုးပမ်းဆောင်ရွက်မှုများသည် စနစ်တကျရှိသလို သိပ္ပံနည်းကျ လုပ်ဆောင်မှုအပြင် ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူရေးအတွက် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအား ပူဇော်မှု၊ ဂမ္ဘီရဆန်သော ပသစီရင်မှုများအပြင် ဓမ္မစေတီမင်းကြီးနှင့်တကွ သက်ဆိုင်ရာပုဂ္ဂိုလ်များအား ရည်စူးပြီး ခရီးသည်တင် သုံးထပ်သင်္ဘောပေါ်ရှိ ဘုရားခန်း၌ ငှက်ပျောပွဲ၊ အုန်းပွဲများဖြင့် ပူဇော်ပသထားသည်။

ဆယ်ယူရေးအဖွဲ့သားများ နားနေအိပ်စက်ရာ ဗညားဒလ သုံးထပ်သင်္ဘောပေါ်၌လည်း ဆရာတော်၊ သံဃာတော်များသည် ပရိတ်တရားတော်များကို စဉ်ဆက်မပြတ် ရွတ်ပွားပူဇော်လျက်ရှိသည်။ ခေါင်းလောင်းရှာဖွေ ဆယ်ယူရေး



ဓမ္မစေတီခေါင်းလောင်းတော်

ခေါင်းဆောင် ဦးစံလင်းနှင့် ရေငုပ်သမားများကလည်း ဗုဒ္ဓမြတ်ဘုရား၏ အဆုံးအမနှင့်အညီ ဝိပဿနာတရား အားထုတ်မှုကို နားနေချိန်၌ ပြုကျင့်ကြသည်။

ထို့ကြောင့် ဓမ္မစေတီမင်းကြီး၏ ခေါင်းလောင်းတော်ကြီး ပြန်လည်ဆယ်ယူရေး ကြိုးပမ်းဆောင်ရွက်နေသည့် ဦးစံလင်းတို့၏ ကြိုးပမ်းမှုမှာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်၍ အောင်မြင်နိုင်ရန် မျှော်လင့်ချက်များစွာ ရှိနေပေသည်။


ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးကို ၁၉၈၈ ခုနှစ် မတိုင်မီ မဆလခေတ်က ခေါင်းလောင်းကြီး ဆယ်ယူရေးအတွက် ပထမဆုံးအကြိမ် ကြိုးပမ်းခဲ့ဖူးသည်။ ထိုသို့ ကြိုးပမ်းခဲ့မှုနှင့် ပတ်သက်၍ ထိုစဉ်က ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သမိုင်းဌာန လက်ထောက်ကထိက ဦးကျော်ဝင်း အောက်ပါအတိုင်း ရှင်းပြခဲ့ဖူးသည်။

"ဓမ္မစေတီခေါင်းလောင်းကြီးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စီးပွားရေးဌာန သုတေသနမှူးကြီး ဒေါက်တာ မျိုးမြင့်နဲ့ အဖွဲ့ဝင် ၁၂ ဦးမှ ကိုယ်ပိုင်ငွေနဲ့ ရေငုပ်အဖွဲ့ခေါင်းဆောင် ဦးတင်ရွှေ၊ ဦးကြိုင်တို့ဖြင့် သီတင်းသုံးပတ် ဆယ်ယူရှာဖွေခဲ့ခြင်း ဖြစ်ပါတယ်၊ ဆယ်ယူရာတွင် ရေငုပ်က နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လှည့်ကင်းတာဝန် ဆောင်ရွက်ပေးခဲ့ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်မြတ်ကြီး



ရှင်စောပုဘုရင်မကြီးနှင့် ဓမ္မစေတီမင်းတို့ တောင်းမှု
ရွှေမော်ဓော စေတီတော်မြတ်ကြီး



သာယာဝတီမင်းခေါင်းလောင်း



စဉ့်ကူးမင်းခေါင်းလောင်း


www.burmeseclassic.com

www.burmeseclassic.com





ပဲခူး ရွှေမော်ဓောဘုရားကြီး ရင်ပြင်တော် အဂ္ဂိထောင့်ရှိ ဓမ္မစေတီခေါင်းလောင်း





အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ရေးဆွဲထားသော စဉ့်ကူးမင်းခေါင်းလောင်းကြီးပုံ

www.burmeseclassic.com

www.burmeseclassic.com



**ဓမ္မစေတီမင်း အစီအရင်ဖြစ်သည့် စိန္တာမဏိဂါထာတော် ရေးသားထားသော ရွှေပြားတည်ရှိရာ ရွှေမော်ဓောစေတီ ထီးတော်မြတ်၊ ထိုဂါထာတော်မြတ်ကြောင့် ဆုတောင်းအလွန်ပြည့်လေသည်။**

ရေငုပ်ဆယ်ယူရာတွင် ပစ္စည်းစုံလင်မှု မရှိဘဲ ရေငုပ်ခဲ့ရကြောင်း၊ တစ်ဦးက ရေအောက်မှ ပြန်တက်မှ နောက်တစ်ဦး ဆင်းရကြောင်း၊ ရေအတက်တွင် ရေစီးကြောင်း ပြင်းထန်ပြီး နွံတို့ကြောင့် ရေအောက်ရှိ အရာဝတ္ထုကို သဲကွဲစွာ မမြင်နိုင်ဘဲ ခြေလက်ဖြင့် စမ်းသပ်ရှာဖွေခဲ့ရကြောင်း၊ တစ်ကြိမ်တွင် ရေငုပ်သမားတစ်ဦးသည် စီဘီသင်္ဘောပျက်နှင့် သင်္ဘောပျက်၏ဘေးတွင် မြေဝါကျောက်စရစ်များအုပ်ကာ လုံးနေသော အရာတစ်ခုကို စမ်းမိခဲ့ပြီး ကျန်ရေငုပ်သမားများလည်း စမ်းမိကာ ကိုင်တွယ်စရာမရှိ၍ စီဘီသင်္ဘောပျက်အတွင်း ကျသွားပါက ပြန်ထွက်ရန် မလွယ်ကူသည့်အတွက် အောက်ခြေအထိ စူးစမ်းရန် အခွင့်အရေး မရခဲ့ကြောင်း၊

ထိုဂျင်ပုံသဏ္ဍာန် အစိုင်အခဲကြီးသည် အတွင်းတွင် အမာခဲတစ်ခု ရှိနေနိုင်ပြီး ရေငုပ်ပစ္စည်း အခက်အခဲ၊ ရေအောက်တွင် ကြုံတွေ့ရသော အခက်အခဲအပြင် ငွေကြေးအခက်အခဲတို့ကြောင့် သုံးပတ်ဖြင့် ရပ်နားခဲ့ရကြောင်း" များကို ရှင်းပြခဲ့သည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူရေး ပထမဆုံးအကြိမ် ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ပေ။ နောက်ဆုံးကြိုးပမ်းမှုမှာ မကြာမီက ကျိုက်ထီးဆေ ဆရာတော်နှင့် ဒါယကာတို့၏ ကြိုးပမ်းမှုဖြစ်ပြီး မအော ခဲ့ပေ။ ဆရာကျော်က ထိုကြိုးပမ်းမှုအပါအဝင် ဓမ္မ ခေါင်းလောင်းတော် ဆယ်ယူရေးအတွက် အဖွဲ့(၁၂)ဖွဲ့ ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

စံတော်ချိန် နေ့စဉ်သတင်းစာက ဓမ္မစေ ခေါင်းလောင်းတော်ကြီး ပြန်လည် ဆယ်ယူ အတွက် ခေတ်အဆက်ဆက်က ကြိုးပမ်းခဲ့ရာ ဩဂုတ် ရက်၌ တင်ပြီး ခေါင်းလောင်းတော်ကြီး ဆယ်ယူရေးအ ရှစ်ကြိမ်မြောက် စတင်ကြိုးပမ်းကြောင်း ဖော်ပြခဲ့သည်။ းလော းတော်ကြီး ဆယ်ယူရေးအတွက် အဖွဲ့(၁၂)ဖွဲ့ ကြိုးပမ်းရာတွင် ရှစ်ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း ခန့်မှ ပေသည်။

ဓမ္မစေတီ ခေါင်းလောင်းတော်နှင့် သက်ဆိုင်၍ နိမိတ်၊ တဘောင်များလည်း ရှိလေသည်။

**"မုဆိုးမတဲမ်အောက်တွင် ဖေ မည်"**
**"ငါးပိရိုးဖြင့် ခေါင်းလောင်း မှ မြည်မည်"**
**"နဂါးသိုက် ရှိသည်"**
**"ကုန်းမှာမပျော် ရေမှာပျော် ည်"**
စသည် ဖြစ်ပါသည်။

**ဓမ္မစေတီခေါင်းလောင်းတော်ကြီး၏ ါယကာ ဓမ္မစေတီမင်းကြီး**


မြန်မာနိုင်ငံတော်၏ သမိုင်း၌ ပေါင်းဘောင်ချီ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သူများမှာ ဘုရင်များသာ ဖြစ်ခဲ့သည်။ သရေခေတ္တရာ ရာဇဝင်၌ ပျူဘု ၏ ဝိသုန်းတစ်ပါးသာ ဘုရင်မအဖြစ် ပေါ်ထွန်းခဲ့သည်။ ပိုင်း ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင် ခေတ် ဆက်ဆက်၌ ဘုရင်များသာ စိုးစံအုပ်ချုပ်ခဲ့သည်။

ထူးခြားမှုတစ်ရပ်မှာ ဟံသာဝ တ်၌ မွန်ဘုရင်မ ရှင်စောပုတစ်ပါး ပေါ်ထွန်းခဲ့သည်။ အ သမီး ဘုရင်မအဖြစ် ရှင်စောပုသည် ဟံသာဝတီ ပဲခူး၌လည်း ကောင်း၊ ပုဂံခေတ်နောက်ပိုင်း မြန်မာနိုင်ငံ၌လည်းကော တစ်ဦးတည်းသော ဘုရင်မကြီး ဖြစ်လေသည်။

ရှင်စောပုသည် ဟံသာဝတီ ရာဇာဓိရာဇ်၏ သမီးတော်ဖြစ်သည်။ ရုပ်အဆင်း လှ သူဖြစ်သည်။ မောင်တော် ဗညားရံသည် ဟံသာဝတီ၌ မင်း သောအခါ ကလေးသုံးယောက်၏မိခင် နှမဖြစ်သူ ရှင်စေ ား အင်းဝဘုရင် ဆင်ဖြူရှင် သီဟသူကို ဆက်သပြီး -မြန်မာ ချစ်ကြည် ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့သည်

ထိုအချိန်မှစ၍ ရှင်စောပုသည် အင်းဝသို့ရောက်ရှိပြီး မြန်မာဘုရင်၏ မိဖုရားအဖြစ် အမြတ် ပေါင်း ဆက်ဆံခြင်း ခံရသည်။ သီဟသူနောက် ဘု မင်းလုပ် ကလေး

www.burmeseclassic.com



ယခုရက်ပိုင်းထုတ်ဝေနေသော သတင်းစာ၊ စာစောင်တို့၌ ဓမ္မစေတီခေါင်းလောင်းဟု အမည်မဖော်ပြသော်လည်း စာဖတ်ပရိသတ် အနေနှင့် အမှတ်မှားသွားနိုင်အောင် ဆေးရောင်စုံဖြင့် ဖော်ပြနေသောပုံအမှန်မှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်အပြီး အင်္ဂလိပ်စစ်ပိုလ်တစ်ဦး ရေးဆွဲထားသော စဉ့်ကူးမင်းခေါင်းလောင်းကြီးသာ ဖြစ်သည်။ မူလပုံမှာ အဖြူ အမည်း တစ်ပုံဖြစ်ပြီး တွေ့နေရသော စစ်သားတို့မှာ အင်္ဂလိပ်စစ်သားများသာ ဖြစ်သည်။ ၁၈၂၄ နောက်ပိုင်း အင်္ဂလိပ်-မြန်မာ ပထမစစ်အပြီး ရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ စဉ့်ကူးမင်းခေါင်းလောင်းကိုလည်း အင်္ဂလိပ်က အရည်ကျိုရန် သယ်ဆောင်ယူသွားစဉ် ရန်ကုန်မြစ် လှိုင်မြစ်ဝတွင် ကျခဲ့၍ မြန်မာတို့ ဆယ်ယူပြီး ရွှေတိဂုံကုန်းတော်ပေါ်၌ ပြန်လည်တည်ထားခြင်း ဖြစ်သည်။

ကျေးတောင်ညို၊ မိုးညှင်းမင်းတရား စသည့် မင်းအဆက်ဆက်တို့၏ မိဖုရားအဖြစ် မြှောက်စားခံခဲ့ရသည်။

မိုးညှင်းမင်းတရားလက်ထက်၌ အင်းဝတွင် စာပေကျမ်းဂန် သင်ကြားနေသော မွန်ရဟန်းနှစ်ပါးဖြစ်သည့် ဓမ္မဉာဏ၊ ဓမ္မဓရတို့ အကူအညီနှင့် ဟံသာဝတီသို့ တိတ်တဆိတ်ပြန်တော်မူလေသည်။ မွန်ပြည်သို့ရောက်လျှင် မောင်တော်မွန်ဘုရင် ဗညားရံသည် နှမတော်အား ကောင်းစွာကြိုဆို၍ နန်းတော်တွင်း၌ ကောင်းမွန်စွာ ထားလေသည်။

ဗညားရံ ကွယ်လွန်ပြီးနောက် ရှင်စောပု၏သား ဗညားပရူ ထီးနန်းဆက်ခံသည်။ ဗညားပရူ လွန်ပြီးနောက် ရှင်စောပုသည် ၁၄၅၂ ခုနှစ်တွင် မွန်ထီးနန်းကို ဆက်ခံရသော ဘုရင်မကြီးဖြစ်သည်။ ၁၄၅၂ မှ ၁၄၇၁ ခုနှစ်အထိ ဟံသာဝတီကို အုပ်ချုပ် မင်းလုပ်ခဲ့ပြီး ၁၄၇၁ ခုနှစ်၌ ထီးနန်းစည်းစိမ်တို့ငြီးငွေ့တော်မူပြီး ထီးနန်းကိုစွန့်ကာ အင်းဝမှ ဟံသာဝတီသို့ ပို့ဆောင်ပေးခဲ့သော ရဟန်းတော် ဓမ္မဓရအား လူထွက်စေ၍ ထီးနန်းလွှဲအပ်ကာ အုပ်ချုပ်စေခဲ့သည်။


ဓမ္မစေတီမင်းအဖြစ် ၁၄၇၁ မှ ၁၄၉၂ ခုနှစ်အထိ ဟံသာဝတီထီးနန်းကို ဆက်ခံခဲ့လေသည်။ ရှင်စောပုဘုရင်မကြီးနှင့် ဓမ္မစေတီမင်းတို့ လက်ထက်ကာလ၌ မွန်နေပြည်တော် ဟံသာဝတီသည် စည်ပင် ဝပြောသာယာပြီး နိုင်ငံသားတို့ အေးချမ်းစွာ နေနိုင်ခဲ့ကြသည်။

အထူးသဖြင့် အောက်မြန်မာနိုင်ငံတော်သည် ရှင်စောပုနှင့် ဓမ္မစေတီမင်း လက်ထက်တော်၌ ဘာသာ သာသနာ အလွန်ထွန်းလင်းခဲ့သည်။ စစ်မက်ဖြစ်ပွားမှု ကင်း၍လည်း သာယာဝပြောလှသည်။ ရှင်စောပုနှင့် ဓမ္မစေတီမင်းတို့သည် သာသနာရေး၊ ဘာသာရေးကိစ္စများကိုသာ လှူဒါန်းဆောင်ရွက်ခဲ့ကြသည်။

ထိုမင်းနှစ်ပါး လက်ထက်တော်ကာလက ဒဂုံရှိ ရွှေတိဂုံစေတီတော်၊ ဟံသာဝတီ ပဲခူးရှိ ရွှေမော်ဓောစေတီတော်တို့သည် သာသနိကအဆောက်အအုံများ တိုးချဲ့တည်ဆောက် လှူဒါန်းမှုများကြောင့် စည်ကားလှပေသည်။ ထို့ပြင် ရွှေတိဂုံနှင့် ရွှေမော်ဓောစေတီတော်တို့၏ ဉာဏ်တော်များမှာလည်း ပြန်လည်တည်ဆောက် ပြုပြင်မှုများကြောင့် အမြင့်မားဆုံးဖြစ်ခဲ့သည်။

ရွှေတိဂုံစေတီတော်၏ ယနေ့ဖူးမြော်ရသော ဉာဏ်တော်မှာ ရှင်စောပုဘုရင်မကြီး၏ ကောင်းမှုတော်ပင်ဖြစ်သည်။ ရှင်စောပုဘုရင်မကြီးသည် ထီးနန်းစွန့်ပြီး ဟံသာဝတီ၌ မနေတော့ဘဲ ဒဂုန်(ရန်ကုန်)ရှိ ရွှေတိဂုံခြေတော်ရင်း၌ နန်းမြို့တည်ကာ ကွယ်လွန်သည်အထိ နေထိုင်ကြည်ညိုသွားခဲ့သည်။ ရှင်စောပုဘုရင်မကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ်ဖူးမြင်နိုင်သော နေရာ၌ နန်းဆောင်ဆောက်ကာ တစ်နေကုန် အာရုံပြုပြီး ကြည်ညိုစွာ နေထိုင်ခဲ့သည်။ နေ့စဉ်လည်း သံဃာတော် ငါးရာအား ဆွမ်းဆက်ကပ် လှူဒါန်းလေ့ရှိသည်။ တစ်လလျှင် ဥပုသ်လေးပတ်၌ သံဃာတော် ထောင်ချီ၍ ဆွမ်းဆက်ကပ်လေ့ရှိကြောင်းလည်း သိရသည်။ ရှင်စောပုသည် ကြေးချိန်ပိဿာ ၁၇၀၀-ရှိသော ခေါင်းလောင်းကိုလည်း လှူတော်မူသည်။

ရှင်စောပုဘုရင်မကြီး နည်းတူ သမက်တော် ဓမ္မစေတီမင်းကြီးသည်လည်း ရွှေတိဂုံစေတီတော် သာသနာထွန်းလင်း



စိတ်ဝင်တစားကြည့်နေကြသော ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် အလှူအတန်း ကောင်းမှုအစုစုကို ပြုတော်မူလေသည်။ ဗုဒ္ဓဂယာနှင့် သီဟိုဠ်ကျွန်းသို့ သံကိုယ်စားလှယ်များ စေလွှတ်၍ အလှူဒါန ပြုရုံသာမက ဗုဒ္ဓဂယာရှိ ဗုဒ္ဓဂယာစေတီတော်နှင့် သတ္တဋ္ဌာန ခုနစ်ဌာန၏ အကွာအဝေး အတိုင်းအတာများကို စနစ်တကျ မှတ်သားစေပြီး ပဲခူးတွင် မဟာဗောဓိစေတီ တည်သလို သီဟိုဠ်ရှိ ကလျာဏီသိမ်တော်၏ ပုံစံအတိုင်း ဟံသာဝတီ ကလျာဏီသိမ်တော်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ရှင်စောပုသည် ရွှေတိဂုံစေတီတော်အား လွန်စွာကြည်ညို၍ ဘုရားကြီး၏ ဝတ္တကမြေကို ကျယ်ပြန့်စွာ သတ်မှတ်လှူဒါန်းခြင်းကြောင့် ဓမ္မစေတီမင်းသည် အများပြည်သူတို့ အခက်အခဲရှိသည်ကို သိတော်မူ၍ ဝတ္တကမြေတော်ကို ပြန်ချုံ့ရန် အားထုတ်ခဲ့သည်။ ဝတ္တကမြေကို ပြန်၍ကျဉ်းချုံ့ရ၍ ဘုရားကြီးအား မိမိကိုယ်အလေးချိန်နှင့် မိဖုရားကြီး၏ ကိုယ်အလေးချိန် နှစ်ရပ်ပေါင်းနှင့် ညီမျှသော ရွှေအလေးချိန်ကို ရွှေပုစွန်ခွံခတ်၍ ဘုရားကြီးအား လှူဒါန်းတော်မူခဲ့သည်။ ထို့ပြင် အလေးချိန် ပိဿာ ၁၈၀၀၀၀ မျှရှိသော ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်လှူဒါန်းတော်မူခဲ့သည်။

ဓမ္မစေတီမင်းကြီး လှူဒါန်းသော ခေါင်းလောင်းတော်ကြီးမှာ အဝ ၈ တောင်၊ စောက် ၁၂ တောင်ရှိသည်။ အလေးချိန် ပိဿာ ၁၈၀၀၀၀ ရှိခြင်းကြောင့် ကမ္ဘာပေါ်၌ အကြီးမားဆုံး ခေါင်းလောင်းကြီး ဖြစ်နိုင်လေသည်။ အလေးချိန်ပိဿာ ၁၈၀၀၀၀ သည် တန်ချိန်အားဖြင့် ၂၉၀-၃၀၀ နီးပါးရှိလေသည်။ ၁၄၈၅ ခုနှစ်က သွန်းလုပ်ခဲ့သည်ဟု ဆိုသည်။ (သွန်းလောင်းသည့်ခုနှစ် အမျိုးမျိုး ကွဲလွဲနေသည်။)

ထိုနည်းတူ ခေါင်းလောင်းတော်ကြီး၏ အလေးချိန်ကိုလည်း အများအားဖြင့် ကြေးပိဿာချိန် ၁၈၀၀၀၀ ဟု ဖော်ပြကြသော်လည်း တချို့မှတ်တမ်းတို့၌ ကြေးချိန်ပိဿာ တစ်သောင်းဟု ဖော်ပြကြသည်။ ထိုအလေးချိန်ထက် ထူး၍ သုတေသနပြုပြီး ဆရာဦးထွန်းအေး (ဓမ္မာစရိယ၊ ဘီအေ)၏ ရွှေတိဂုံသမိုင်း အနှစ်ချုပ် သိင်္ဂုတ္တရရွှေတောင် စာအုပ်၌ . .

၁။ ရွှေတိဂုံစေတီတော် သမိုင်းချုပ်၌ ကြေးပိဿာ တစ်သောင်းဟု ဆိုသည်။

၂။ ရာမညတိုင်းသုံးရပ် ဓာတ်တော်သမိုင်း၌ ကြေးပိဿာ တစ်သိန်းဟု ဆိုသည်။

၃။ ရွှေတိဂုံသမိုင်းတော်သစ်တွင် တစ်သိန်းရှစ်သောင်း (၁၈၀၀၀၀)ဟု ဆိုသည်။

၄။ ကလျာဏီကျောက်စာအရဆိုလျှင် ကြေးပိဿာ ၁၂၀၀၀ ဖြစ်သည်။

ဟူ၍ အမျိုးမျိုးကွဲပြားစွာ မှတ်တမ်းပြုထားကြသည်။ ယနေ့ သတင်းစာ၊ ဂျာနယ်၊ စာစောင်များက ကြေးပိဿာ ၁၈၀၀၀၀ ကို လက်ခံရေးသားကြသည်။ ဆရာမောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံ စာအုပ်၌ ကြေးပိဿာ ၁၈၀၀၀၀ ဟု ဖော်ပြရေးသားခဲ့သည်။ ကြေးချိန်သာ ကွာသော်လည်း အတိုင်းအတာ အဝ ၈ တောင်၊ စောက် ၁၂ တောင်ဟူသော တိုင်းတာချက်မှာ အများအားဖြင့် တူညီကြလေသည်။

စာရေးသူအနေနှင့် သမိုင်းဆရာ အလုပ်လုပ်ခဲ့ဖူးသူဖြစ်၍ ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးနှင့် ပတ်သတ်၍ အထူးပင် စိတ်ဝင်စားခဲ့ပြီး ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာ အလေးချိန်တို့ကို တိတိကျကျ သိလိုသောဆန္ဒမှာလည်း ပြင်းပြလျက်ရှိသည်။ ထိုသို့ ဖြစ်ပေါ်နေသော စိတ်ဆန္ဒပြည့်ဝရန်မှာ ဦးစံလင်းတို့၏ ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူအောင်မြင်ရေးအပေါ်၌ တည်နေလေသည်။

ခေါင်းလောင်းတော်ကြီး အမြန်ဆယ်ယူ ရရှိသောအခါ၌ ခေါင်းလောင်းတော်ကြီးပေါ်၌ ရေးထိုးထားသော ခေါင်းလောင်းစာ မှတ်တမ်းများအရ . . .


၁။ ခေါင်းလောင်းတော်ကြီး သွန်းလုပ်သော ခုနှစ်

၂။ ခေါင်းလောင်း ဒါယကာ

၃။ ခေါင်းလောင်းသွန်းလောင်းရာ၌ သုံးစွဲသော ကြေးပိဿာ အလေးချိန်တို့ကို အတိအကျ သိရပေတော့မည်။

ထို့ပြင် ဓမ္မစေတီမင်းကြီး ကောင်းမှုတော် ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ဘုရားကြီးအင်္ဂါထောင့်၌ ရှိသော ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော် ခေါင်းလောင်းတော်၌ ရေးထိုးထားသည့် အတွင်းအပြင်ရှိ ဂါထာတော်များ၊ အင်းများကဲ့သို့ အမှတ်အသား စာသားများ ပါဝင်လေမလားဟူသော အတွေးလည်း စာရေးသူ၌ ဖြစ်ပေါ်နေသည်။

ရှာဖွေဆယ်ယူနေသော ဓမ္မစေတီခေါင်းလောင်းတော်ကြီး အမြန်ဆုံး ရေပေါ်သို့ ဆယ်ယူနိုင်စေကြောင်း ဆုတောင်းမိသည်။ စာရေးသူသည် ရွှေမော်ဓောစေတီတော်အား သွားရောက် ဖူးမြော်တိုင်း ဓမ္မစေတီမင်းကြီးအား အမိကထား၍ အမျှအတန်းပေးဝေပြီးမှ ဆုတောင်းလေ့ရှိသည်။ ဓမ္မစေတီမင်းကြီးသည် အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တန်များနှင့် ပတ်သက်၍ အထူးကျွမ်းကျင် တတ်မြောက်ကြောင်းနှင့် အင်းဝ၌ နေထိုင်စဉ်က ဗားမဲ့ဆရာတော်ထံမှ နည်းနာပညာများ ခံယူရရှိခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုလည်း ကြားဖူးခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com

ရွှေမော်ဓောဘုရားသည် ဆုတောင်း အလွန်ပြည့်ဝသော ဘုရားတစ်ဆူဖြစ်သည်။ ဆုတောင်းပြည့်စေသည့် အကြောင်းတစ်ရပ်မှာ ရွှေမော်ဓောစေတီတော်၏ ထီးတော်၌ ဓမ္မစေတီမင်း စီရင်ထားသည့် စိန္တာမဏိဂါထာတော်ကို ရွှေစင်ရွှေပြား၌ ရေးထိုးထားခြင်းကြောင့်လည်း ဖြစ်လေသည်။

ထို့အပြင် အင်္ဂါထောင့်ရှိ ဓမ္မစေတီမင်း၏ ကောင်းမှု ခေါင်းလောင်းတော်တွင် အတွင်းအပြင် ဂါထာတော်များ၊ အင်းများ ရေးဆွဲထားရာ ထိုခေါင်းလောင်းတော်ကြီး၏ အောက်သို့ဝင်၍ သစ္စာပြု အဓိဋ္ဌာန်ဝင်ကာ ဆုတောင်းခဲ့သော် တောင်းသောဆုနှင့် ပြည့်ဝစေကြောင်းလည်း စာရေးသူ သိရှိထားပြီး ကိုယ်တိုင်လည်း ဆုတောင်းခဲ့ဖူးလေသည်။

ထို့ကြောင့် ယခု ဆယ်ယူနေသော ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော် ရွှေတိဂုံစေတီတော်မှ ဇင်ကာ ခိုးယူသွားသည့် ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးသည် ကြီးကြီးမားမားနှင့် မည်သည့်ထူးခြားမှုများ ရှိလေမည်ကိုလည်း အတွေးဖြင့် မှန်းဆနေမိသည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် အမှန်တကယ် တန်ခိုးဣဒ္ဓိပါဒ်ရှိ၍လည်း ဇင်ကာ ခေါ် ဒီဘရစ်တို အရည်ကျိုရန် သယ်ယူမှု မအောင်မြင်ဘဲ ရေအောက်၌ ဇိမ်းဝပ်စံပယ်နေခြင်းပင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

**ဓမ္မစေတီခေါင်းလောင်းတော်ကြီး ရွှေတိဂုံစေတီတော်၌ ပြန်လည်တည်ရှိခဲ့သော်**

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးကို ဓမ္မစေတီမင်းကြီးသည် ၁၄၈၅ ခုနှစ်၌ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မြောက်ထောင့်အရပ်၌ သွန်းလုပ်ပြီး လှူဒါန်းတော်မူခဲ့သည်။ ထိုဓမ္မစေတီ ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော်ရင်ပြင်၌ တည်ထားကိုးကွယ်ထားရာ နှစ်ပေါင်း (၁၂၃)နှစ်တိုင်အောင် တည်ရှိခဲ့သည်။

၁၆၀၈ ခုနှစ်၌ ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို ခေါ် ဇင်ကာသည် ရွှေတိဂုံစေတီ ကုန်းတော်ပေါ်မှ ဖြုတ်ယူပြီးနောက် သူနေထိုင်ရာ သန်လျင်မြို့သို့ သယ်ဆောင်ရန် ကြိုးပမ်းခဲ့သည်။ ခေါင်းလောင်းတော်ကြီးကို အရည်ကျိုပြီး


လှိုင်းလေကြားမှ ခက်ခက်ခဲခဲ

အမြောက်လက်နက် သွန်းလောင်းရန် ဖြစ်သည်။ ခေါင်းလောင်းတော်ကြီးနှင့်အတူ ရွှေသားဆင်းတုတော်များ၊ ကျောက်သံပတ္တမြားများပါ နစ်မြုပ်ခဲ့သည်ဟုလည်း အချို့က ဆိုသည်။ အမှန်တကယ် စာရင်း အတိအကျကိုကား အထောက်အထား အခိုင်အလုံနှင့် မပြောနိုင်ကြပေ။

ဇင်ကာ ခေါင်းလောင်းသယ်ယူသည့် ခုနှစ်ကိုလည်း ၁၆၀၈ ခုဟု ဖော်ပြသူက ဖော်ပြသည်။ အများအားဖြင့် ၁၆၁၂ ခုနှစ်ဟု မှတ်တမ်းရေးသူတို့က ရေးထိုးသည်။

မည်သို့ ဆိုစေကာမူ ခေါင်းလောင်းတော်ကြီးသည် ရန်ကုန်မြစ်၊ ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းဝဆုံရာ နေရာ၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ နစ်မြုပ်ခဲ့သည့် ကာလမှာ နှစ်ပေါင်း ၄၀၀ ကျော်ပေပြီ။

စတင်နစ်မြုပ်စဉ်က ရေကျချိန်တွင် ပုစွန်တုပ်ကွေး ခေါင်းကိုင်းကြီး ပေါ်နေသည်ကို နစ်မြုပ်စက တွေ့မြင်ခဲ့ရသည်။ ယခုအချိန် ဆယ်ယူရာ၌ ခေါင်းလောင်းတော်ကြီးသည် ရေစီးအားကြောင့်လည်းကောင်း နုန်းမြေဖို့မှုကြောင့်လည်းကောင်း နုန်းမြေများအောက်သို့ တဖြည်းဖြည်း နစ်မြုပ်ခဲ့ရာ မြစ်ရေပြင် ၂၇ ပေနှင့် နုံးမြေ ၂၅ ပေအောက်သို့ ရောက်ရှိနေသည်။

ခေါင်းလောင်း နစ်မြုပ်ရာ အပေါ်၌လည်း သင်္ဘောပျက်တစ်စင်းက နစ်မြုပ်လျက် ရှိခြင်းကြောင့် ပြန်လည်ဆယ်ယူရာ၌ အခက်အခဲရှိနေလေသည်။

ခေါင်းလောင်းတော်ကြီးအား ၁၉၈၇ ခုနှစ်၌ ပထမဆုံးအကြိမ် ဒေါက်တာမျိုးမြင့်၊ ရှေးဟောင်းသုတေသန ပညာရှင် ဦးကိုကို၊ မြန်မာသမိုင်းပညာရှင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဆရာကြီးဦးကျော် တို့ဦးဆောင်၍ ဦးကြိုင်နှင့်အဖွဲ့က ခေါင်းလောင်းကြီး နစ်မြုပ်ရာနေရာကို စတင်ရှာဖွေ တွေ့ရှိခဲ့ကြသည်။

ဒုတိယအကြိမ်အဖြစ် ၁၉၈၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရှေးဟောင်းသုတေသန ပညာရှင် ဦးကိုကိုတို့ ဦးဆောင်ပြီး ဦးကြိုင်နှင့်အဖွဲ့က ခေါင်းလောင်းတော် ဆယ်ယူရေးအတွက် ကြိုးပမ်းခဲ့သည်။

တတိယအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဂျင်မ်ဘာလန့်ကလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ ခုနှစ်တို့တွင် ယခု ခေါင်းလောင်း ဆယ်ယူရေးကို ဦးဆောင်နေသူ ဦးစံလင်းက လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဒေါ်ခင်အေးသိန်းကလည်းကောင်း၊ ၂၀၁၀ နှစ်တွင် ဩစတြေးလျနိုင်ငံမှ ပညာရှင်များက လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့် ဇေကမ္ဘာ ဒေါက်တာခင်ရွှေတို့က လည်းကောင်း ခေါင်းလောင်းတော် ဆယ်ယူရေးအတွက် ကြိုးပမ်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ကြီး၏
အရှေ့မြောက်စောင်းတန်းအနီး
စိုက်ထူထားသည့်
ဓမ္မစေတီမင်း ရေးထိုးသော
မွန် မြန်မာ ပါဠိကျောက်စာ

မည်သည့်အဖွဲ့ကမှ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ရေပေါ်သို့ ဆယ်ယူနိုင်ခဲ့ခြင်း မရှိသေးပေ။ ခေတ်မီနည်းပညာ ကိရိယာများဖြင့် ရှာဖွေဆယ်ယူရန် ကြိုးပမ်းခဲ့သူ အမေရိကန်နိုင်ငံသား ဂျင်မ်ဘလန့်က ခေါင်းလောင်းတော်ကြီးကို ရေအောက်၌ တွေ့ရှိခဲ့ကြောင်း တရားဝင် ကမ္ဘာသို့ ထုတ်ဖော်ကြေညာခဲ့သည်။ လက်တွေ့၌ ခေါင်းလောင်းတော်ကြီးကို ရေပြင်ထက်သို့ ဆယ်ယူရန် ခက်ခဲနေဆဲဖြစ်သည်။

ဂျင်မ်ဘလန့်အနေဖြင့် ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ ဒသမ ဝဝ၈ နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ ဒသမ ၁၃၀ တွင် ရေအောက်၌ တည်ရှိနေကြောင်း ဂြိုဟ်တုဓာတ်ပုံများဖြင့် ဖော်ပြခဲ့သည်။ ဂျင်မ်ဘလန့်၏ ခေါင်းလောင်းတည်ရှိရာ နေရာနှင့် မြန်မာ့ဘူမိဗေဒပညာရှင် ပါမောက္ခဦးစိုးသိမ်း(ငြိမ်း) တွေ့ရှိထားသည့် Land Set 7 နာဆာဂြိုဟ်တုဖြင့်ကြည့်၍ ဖော်ပြသောနေရာတို့မှာ အတူတူပင် ဖြစ်သည်။

ယနေ့ ဦးစံလင်းတို့ ရှာဖွေရေး သင်္ဘောကြီးများ ရပ်နားပြီး ရှာဖွေရေး ဆောင်ရွက်နေသော နေရာတို့မှာ တူညီမှုမရှိကြောင်း ထူးခြားစွာ တွေ့နေရသည်။ ဆရာကြီး ဦးစံလင်းသည် ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ ခုနှစ်တို့တွင် ကိုယ်တိုင် အကြိမ်ကြိမ် ရေငုပ်ရှာဖွေခဲ့သူ ဖြစ်သည်။ ထို့ပြင် ဆရာကြီး ဦးစံလင်းသည် ယခုအခါ ခေတ်မီသောင်တူးသင်္ဘောများဖြင့် စနစ်တကျ ဆယ်ယူနေရာ မကြာမီ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ရှာဖွေတွေ့ရှိကာ မူလရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ပြန်လည်တည်ထား ကိုးကွယ်နိုင်တော့မည်ကို တွေးရင်း စာရေးသူ ပီတိဖြစ်လျက် ရှိပေသည်။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ပြန်လည်ကိန်းဝပ်လေလျှင် ရွှေတိဂုံစေတီတော်၌ ဓမ္မစေတီခေါင်းလောင်းတော်ကြီး၊ စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးနှင့် သာယာဝတီမင်းခေါင်းလောင်းတော်ကြီး ဟူ၍ ကြည်ညိုဖွယ် ခေါင်းလောင်းတော်ကြီး သုံးလုံးကို အတူယှဉ်တွဲကာ ကြည်ညိုနိုင်ပေတော့မည်။

သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ ခရစ်နှစ် ၁၇၈၆ ခုနှစ်၌ ဘိုးတော်ဘုရား သွန်းလုပ်လှူဒါန်းတော်မူခဲ့သော အဝ ခုနစ် ပေခန့်ရှိ ဘိုးတော်ကောင်းမှုတော် ခေါင်းလောင်းကြီးကား ရွှေတိဂုံရင်ပြင်၌ မရှိတော့ပေ။ အင်္ဂလိပ်နယ်ချဲ့တို့၏ သယ်ဆောင် အရည်ကျိုဖျက်ဆီးမှုကို ခံခဲ့ရသည်ဟု မှတ်ယူရပေမည်။ အကယ်၍ ဘိုးတော်ဘုရား ခေါင်းလောင်းတော်သာ တည်နေသေးလျှင် လည်းကောင်း၊ ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ပြန်လည်ဆယ်ယူရရှိခဲ့လျှင် လည်းကောင်း ရွှေတိဂုံစေတီတော်၌ သာယာဝတီမင်းခေါင်းလောင်းတော်၊ စဥ့်ကူးမင်းခေါင်းလောင်းတော်၊ ဘိုးတော်ဘုရားခေါင်းလောင်းတော်၊ ဓမ္မစေတီမင်းခေါင်းလောင်းတော် ဟူ၍ မြိုင်မြိုင်ဆိုင်ဆိုင် သပ္ပာယ်စွာ စံမြန်းနေကြပေလိမ့်မည်။

ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီးအား ဆယ်ယူရရှိခဲ့သော် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့အနေနှင့် ဂုဏ်ယူဝင့်ကြွားနိုင်စရာဖြင့်လည်း ကြုံတွေ့ရပေမည်။ ယခု လူအများ ခန့်မှန်းချက်အရ ဓမ္မစေတီမင်း ခေါင်းလောင်းတော်သည် ၁၈၀၀၀၀ ပိဿာချိန်ရှိရာ တန်ချိန်အားဖြင့် ၂၉၀ ကျော်ပေမည်။ ကမ္ဘာပေါ်၌ အကြီးဆုံး ဂင်းနစ်စံချိန်ဝင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ၁၈၃၃ ခုနှစ်က သွန်းလုပ်ခဲ့သော တန်ချိန် ၂၀၀ ကျော်ရှိ ဇကိုလိုတော ခေါင်းလောင်းထက် ပို၍ကြီးပေတော့မည်။ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းကြီးကို ပိုင်ဆိုင်သော နိုင်ငံ၊ လူမျိုးအနေဖြင့် ဂုဏ်ယူဝင့်ကြွားမဆုံးအောင် ရှိပေတော့မည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီး အမြန်ဆုံး ရှာဖွေဆယ်ယူနိုင်ပါစေဟု မေတ္တာပို့ ဆုတောင်းလျက် ဆောင်းပါးအား နိဂုံးချုပ်အပ်ပါသည်။

**❐ တက္ကသိုလ်မျိုး**

**ကျမ်းကိုး**



၁။ ဦးကုလားမဟာရာဇဝင်တော်ကြီး ပထမတွဲ
၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး
၃။ မြတ်ဘုရားရွှေတိဂုံ၊ မောင်ဆုရှင် ၁၉၇၂ စာပေဗိမာန်
၄။ သိင်္ဂုတ္တရရွှေတောင် (ရွှေတိဂုံသမိုင်းအနှစ်ချုပ်)၊
ဦးထွန်းအေး ဓမ္မာစရိယ (ဘီအေ) ဒုတိယအကြိမ်
၅။ ထူးခြားပြည့်စုံသော ရွှေတိဂုံစေတီတော်သမိုင်း၊ ဦးညွန့်မေ၊ ဒုတိယအကြိမ် ၁၉၈၉
၆။ ရွှေတိဂုံအောင်မြေ အံ့ဖွယ်ကိုးဖြာ၊ ဆရာမင်းသော်တာ
၇။ Daily Eleven နေ့စဉ်သတင်းစာ ၁၃. ၈. ၂၀၁၄
၈။ စံတော်ချိန် နေ့စဉ်သတင်းစာ၊ ၁၂/၁၃/၁၄. ၈. ၂၀၁၄၊
၉။ မြန်မာ့အလင်းသတင်းစာ၊ ၁၂. ၈. ၂၀၁၄
၁၀။ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်း၊ ဗိုလ်မှူးဘရှင် ၁၉၅၀။






www.burmeseclassic.com

www.burmeseclassic.com



ယခုရက်ပိုင်းထုတ်ဝေနေသော သတင်းစာ၊ စာစောင်တို့၌ ဓမ္မစေတီခေါင်းလောင်းဟု အမည်မဖော်ပြသော်လည်း စာဖတ်ပရိသတ် အနေနှင့် အမှတ်မှားသွားနိုင်အောင် ဆေးရောင်စုံဖြင့် ဖော်ပြနေသောပုံအမှန်မှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်အပြီး အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ရေးဆွဲထားသော စဉ့်ကူးမင်းခေါင်းလောင်းကြီးသာ ဖြစ်သည်။ မူလပုံမှာ အဖြူ အမည်း ဓာတ်ပုံဖြစ်ပြီး တွေ့နေရသော စစ်သားတို့မှာ အင်္ဂလိပ်စစ်သားများသာ ဖြစ်သည်။ ၁၈၂၄ နောက်ပိုင်း အင်္ဂလိပ်-မြန်မာ ပထမစစ်အပြီး ရေးဆွဲထားသော ပန်းချီကား ဖြစ်သည်။ စဉ့်ကူးမင်းခေါင်းလောင်းကိုလည်း အင်္ဂလိပ်က အရည်ကျိုရန် သယ်ဆောင်ယူသွားစဉ် ရန်ကုန်မြစ် လှိုင်မြစ်ဝတွင် ကျခဲ့၍ မြန်မာတို့ ဆယ်ယူပြီး ရွှေတိဂုံကုန်းတော်ပေါ်၌ ပြန်လည်တည်ထားခြင်း ဖြစ်သည်။

---

ကျော့တောင်ညို၊ မိုးညှင်းမင်းတရား စသည့် မင်းအဆက်ဆက်တို့၏ မိဖုရားအဖြစ် မြှောက်စားခံခဲ့ရသည်။

မိုးညှင်းမင်းတရားလက်ထက်၌ အင်းဝတွင် စာပေကျမ်းဂန် သင်ကြားနေသော မွန်ရဟန်းနှစ်ပါးဖြစ်သည့် ဓမ္မဉာဏ၊ ဓမ္မဓရတို့ အကူအညီနှင့် ဟံသာဝတီသို့ တိတ်တဆိတ်ပြန်တော်မူလေသည်။ မွန်ပြည်သို့ရောက်လျှင် မောင်တော် မွန်ဘုရင် ဗညားရံသည် နှမတော်အား ကောင်းစွာကြိုဆို၍ နန်းတော်တွင်း၌ ငြင်းမွန်စွာ ထားလေသည်။

ဗညားရံ ကွယ်လွန်ပြီးနောက် ရှင်စောပု၏သား ဗညားဗရူ ထီးနန်းဆက်ခံသည်။ ဗညားဗရူ လွန်ပြီးနောက် ရှင်စောပုသည် ၁၄၅၂ ခုနှစ်တွင် မွန်ထီးနန်းကို ဆက်ခံရသော ဘုရင်မကြီးဖြစ်သည်။ ၁၄၅၂ မှ ၁၄၇၁ ခုနှစ်အထိ ဟံသာဝတီကို အုပ်ချုပ် မင်းလုပ်ခဲ့ပြီး ၁၄၇၁ ခုနှစ်၌ ထီးနန်းစည်းစိမ်ကို ငြီးငွေ့တော်မူပြီး ထီးနန်းကိုစွန့်ကာ အင်းဝမှ ဟံသာဝတီသို့ ပို့ဆောင်ပေးခဲ့သော ရဟန်းတော် ဓမ္မဓရအား လူထွက်စေ၍ ထီးနန်းလွှဲအပ်ကာ အုပ်ချုပ်စေခဲ့သည်။

ဓမ္မစေတီမင်းအဖြစ် ၁၄၇၁ မှ ၁၄၉၂ ခုနှစ်အထိ ဟံသာဝတီထီးနန်းကို ဆက်ခံခဲ့လေသည်။ ရှင်စောပုဘုရင်မကြီးနှင့် ဓမ္မစေတီမင်းတို့ လက်ထက်ကာလ၌ မွန်နေပြည်တော် ဟံသာဝတီသည် စည်ပင် ဝပြောသာယာပြီး နိုင်ငံသားတို့ အေးချမ်းစွာ နေနိုင်ခဲ့ကြသည်။

အထူးသဖြင့် အောက်မြန်မာနိုင်ငံတော်သည် ရှင်စောပုနှင့် ဓမ္မစေတီမင်း လက်ထက်တော်၌ ဘာသာ သာသနာ အလွန်ထွန်းလင်းခဲ့သည်။ စစ်မက်ဖြစ်ပွားမှု ကင်း၍လည်း သာယာဝပြောလှသည်။ ရှင်စောပုနှင့် ဓမ္မစေတီမင်းတို့သည် သာသနာရေး၊ ဘာသာရေးကိစ္စများကိုသာ လှူဒါန်းဆောင်ရွက်ခဲ့ကြသည်။

ထိုမင်းနှစ်ပါး လက်ထက်တော်ကာလက ဒဂုံရှိ ရွှေတိဂုံစေတီတော်၊ ဟံသာဝတီ ပဲခူးရှိ ရွှေမော်ဓောစေတီတော်တို့သည် သာသနိကအဆောက်အအုံများ တိုးချဲ့တည်ဆောက် လှူဒါန်းမှုများကြောင့် စည်ကားလှပေသည်။ ထို့ပြင် ရွှေတိဂုံနှင့် ရွှေမော်ဓောစေတီတော်တို့၏ ဉာဏ်တော်များမှာလည်း ပြန်လည်တည်ဆောက် ပြုပြင်မှုများကြောင့် အမြင့်မားဆုံးဖြစ်ခဲ့သည်။

ရွှေတိဂုံစေတီတော်၏ ယနေ့ဖူးမြော်ရသော ဉာဏ်တော်မှာ ရှင်စောပုဘုရင်မကြီး၏ ကောင်းမှုတော်ပင်ဖြစ်သည်။ ရှင်စောပုဘုရင်မကြီးသည် ထီးနန်းစွန့်ပြီး ဟံသာဝတီ၌ မနေတော့ဘဲ ဒဂုန်(ရန်ကုန်)ရှိ ရွှေတိဂုံခြေတော်ရင်း၌ နန်းမြို့တည်ကာ ကွယ်လွန်သည်အထိ နေထိုင်ကြည်ညိုသွားခဲ့သည်။ ရှင်စောပုဘုရင်မကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ်ဖူးမြင်နိုင်သော နေရာ၌ နန်းဆောင်ဆောက်ကာ တစ်နေကုန် အာရုံပြုပြီး ကြည်ညိုစွာ နေထိုင်ခဲ့သည်။ နေ့စဉ်လည်း သံဃာတော် ငါးရာအား ဆွမ်းဆက်ကပ်လှူဒါန်းလေ့ရှိသည်။ တစ်လလျှင် ဥပုသ်လေးပတ်၌ သံဃာတော် ထောင်ချီ၍ ဆွမ်းဆက်ကပ်လေ့ရှိကြောင်းလည်း သိရသည်။ ရှင်စောပုသည် ကြေးချိန်ပိဿာ ၁၇၀၀ ရှိသော ခေါင်းလောင်းကိုလည်း လှူတော်မူသည်။

ရှင်စောပုဘုရင်မကြီး နည်းတူ သမက်တော် ဓမ္မစေတီမင်းကြီးသည်လည်း ရွှေတိဂုံစေတီတော် သာသနာထွန်းလင်း



စိတ်ဝင်တစားကြည့်နေကြသော ပရိသတ်များ

www.burmeseclassic.com

ရေးအတွက် အလှူအတန်း ကောင်းမှုအစုစုကို ပြုတော်မူလေသည်။ ဗုဒ္ဓဂယာနှင့် သီဟိုဠ်ကျွန်းသို့ သံကိုယ်စားလှယ်များ စေလွှတ်၍ အလှူဒါန ပြုရုံသာမက ဗုဒ္ဓဂယာရှိ ဗုဒ္ဓဂယာစေတီတော်နှင့် သတ္တဌာန ခုနစ်ဌာန၏ အကွာအဝေး အတိုင်းအတာများကို စနစ်တကျ မှတ်သားစေပြီး ပဲခူးတွင် မဟာဗောဓိစေတီ တည်သလို သီဟိုဠ်ရှိ ကလျာဏီသိမ်တော်၏ ပုံစံအတိုင်း ဟံသာဝတီ ကလျာဏီသိမ်တော်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ရှင်စောပုသည် ရွှေတိဂုံစေတီတော်အား လွန်စွာကြည်ညို၍ ဘုရားကြီး၏ ဝတ္ထုကမြေကို ကျယ်ပြန့်စွာ သတ်မှတ်လှူဒါန်းခြင်းကြောင့် ဓမ္မစေတီမင်းသည် အများပြည်သူတို့ အခက်အခဲရှိသည်ကို သိတော်မူ၍ ဝတ္ထုကမြေတော်ကို ပြန်ချုံ့ရန် အားထုတ်ခဲ့သည်။ ဝတ္ထုကမြေကို ပြန်၍ကျဉ်းချုံ့ရ၍ ဘုရားကြီးအား မိမိကိုယ်အလေးချိန်နှင့် မိဖုရားကြီး၏ ကိုယ်အလေးချိန် နှစ်ရပ်ပေါင်းနှင့် ညီမျှသော ရွှေအလေးချိန်ကို ရွှေပုစွန်ခွဲခတ်၍ ဘုရားကြီးအား လှူဒါန်းတော်မူခဲ့သည်။ ထို့ပြင် အလေးချိန် ပိဿာ ၁၈၀၀၀၀ မျှရှိသော ကြေးခေါင်းလောင်းကြီးကို သွန်းလုပ်လှူဒါန်းတော်မူခဲ့သည်။

ဓမ္မစေတီမင်းကြီး လှူဒါန်းသော ခေါင်းလောင်းတော်ကြီးမှာ အဝ ၈ တောင်၊ စောက် ၁၂ တောင်ရှိသည်။ အလေးချိန် ပိဿာ ၁၈၀၀၀၀ ရှိခြင်းကြောင့် ကမ္ဘာပေါ်၌ အကြီးမားဆုံး ခေါင်းလောင်းကြီး ဖြစ်နိုင်လေသည်။ အလေးချိန်ပိဿာ ၁၈၀၀၀၀ သည် တန်ချိန်အားဖြင့် ၂၉၀-၃၀၀ နီးပါးရှိလေသည်။ ၁၄၈၅ ခုနှစ်က သွန်းလုပ်ခဲ့သည်ဟု ဆိုသည်။ (သွန်းလောင်းသည့်ခုနှစ် အမျိုးမျိုး ကွဲလွဲနေသည်။)

ထိုနည်းတူ ခေါင်းလောင်းတော်ကြီး၏ အလေးချိန်ကိုလည်း အများအားဖြင့် ကြေးပိဿာချိန် ၁၈၀၀၀၀ ဟု ဖော်ပြကြသော်လည်း တချို့မှတ်တမ်းတို့၌ ကြေးချိန်ပိဿာ တစ်သောင်းဟု ဖော်ပြကြသည်။ ထိုအလေးချိန်ထက် ထူး၍ သုတေသနပြုပြီး ဆရာဦးထွန်းအေး (ဓမ္မာစရိယ၊ ဘီအေ)၏ ရွှေတိဂုံသမိုင်း အနှစ်ချုပ် သိဂုံတ္တရရွှေတောင် စာအုပ်၌ . .

၁။ ရွှေတိဂုံစေတီတော် သမိုင်းချုပ်၌ ကြေးပိဿာ တစ်သောင်းဟု ဆိုသည်။

၂။ ရာမညတိုင်းသုံးရပ် ဓာတ်တော်သမိုင်း၌ ကြေးပိဿာ တစ်သိန်းဟု ဆိုသည်။

၃။ ရွှေတိဂုံသမိုင်းတော်သစ်တွင် တစ်သိန်းရှစ်သောင်း (၁၈၀၀၀၀)ဟု ဆိုသည်။

၄။ ကလျာဏီကျောက်စာအရဆိုလျှင် ကြေးပိဿာ ၁၂၀၀၀ ဖြစ်သည်။

ဟူ၍ အမျိုးမျိုးကွဲပြားစွာ မှတ်တမ်းပြုထားကြသည်။ ယနေ့ သတင်းစာ၊ ဂျာနယ်၊ စာစောင်များက ကြေးပိဿာ ၁၈၀၀၀၀ ကို လက်ခံရေးသားကြသည်။ ဆရာမောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံ စာအုပ်၌ ကြေးပိဿာ ၁၈၀၀၀၀ ဟု ဖော်ပြရေးသားခဲ့သည်။ ကြေးချိန်သာ ကွာသော်လည်း အတိုင်းအတာ အဝ ၈ တောင်၊ စောက် ၁၂ တောင်ဟူသော တိုင်းတာချက်မှာ အများအားဖြင့် တူညီကြလေသည်။

စာရေးသူအနေနှင့် သမိုင်းဆရာ အလုပ်လုပ်ခဲ့ဖူးသူဖြစ်၍ ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်၍ အထူးပင် စိတ်ဝင်စားခဲ့ပြီး ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာ အလေးချိန်တို့ကို တိတိကျကျ သိလိုသောဆန္ဒမှာလည်း ပြင်းပြလျက်ရှိသည်။ ထိုသို့ ဖြစ်ပေါ်နေသော စိတ်ဆန္ဒပြည့်ဝရန်မှာ ဦးစံလင်းတို့၏ ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူအောင်မြင်ရေးအပေါ်၌ တည်နေလေသည်။

ခေါင်းလောင်းတော်ကြီး အမြန်ဆယ်ယူ ရရှိသောအခါ၌ ခေါင်းလောင်းတော်ကြီးပေါ်၌ ရေးထိုးထားသော ခေါင်းလောင်းစာ မှတ်တမ်းများအရ . . .

၁။ ခေါင်းလောင်းတော်ကြီး သွန်းလုပ်သော ခုနှစ်

၂။ ခေါင်းလောင်း ဒါယကာ

၃။ ခေါင်းလောင်းသွန်းလောင်းရာ၌ သုံးစွဲသော ကြေးပိဿာ အလေးချိန်တို့ကို အတိအကျ သိရပေတော့မည်။

ထို့ပြင် ဓမ္မစေတီမင်းကြီး ကောင်းမှုတော် ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ဘုရားကြီးအင်္ဂါထောင့်၌ ရှိသော ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော် ခေါင်းလောင်းတော်၌ ရေးထိုးထားသည့် အတွင်းအပြင်ရှိ ဂါထာတော်များ၊ အင်းများကဲ့သို့ အမှတ်အသား စာသားများ ပါဝင်လေမလားဟူသော အတွေးလည်း စာရေးသူ၌ ဖြစ်ပေါ်နေသည်။

ရှာဖွေဆယ်ယူနေသော ဓမ္မစေတီခေါင်းလောင်းတော်ကြီး အမြန်ဆုံး ရေပေါ်သို့ ဆယ်ယူနိုင်စေကြောင်း ဆုတောင်းမိသည်။ စာရေးသူသည် ရွှေမော်ဓောစေတီတော်အား သွားရောက် ဖူးမြော်တိုင်း ဓမ္မစေတီမင်းကြီးအား အဓိကထား၍ အမျှအတန်းပေးဝေပြီးမှ ဆုတောင်းလေ့ရှိသည်။ ဓမ္မစေတီမင်းကြီးသည် အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တန်များနှင့် ပတ်သက်၍ အထူးကျွမ်းကျင် တတ်မြောက်ကြောင်းနှင့် အင်းဝ၌ နေထိုင်စဉ်က ဗားမဲ့ဆရာတော်ထံမှ နည်းနာပညာများ ခံယူရရှိခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကိုလည်း ကြားဖူးခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ရွှေမော်ဓောဘုရားသည် ဆုတောင်း အလွန်ပြည့်ဝသော ဘုရားတစ်ဆူဖြစ်သည်။ ဆုတောင်းပြည့်စေသည့် အကြောင်းတစ်ရပ်မှာ ရွှေမော်ဓောစေတီတော်၏ ထီးတော်၌ ဓမ္မစေတီမင်း စီရင်ထားသည့် စိန္တာမဏိဂါထာတော်ကို ရွှေစင်ရွှေပြား၌ ရေးထိုးထားခြင်းကြောင့်လည်း ဖြစ်လေသည်။

ထို့အပြင် အင်္ဂါထောင့်ရှိ ဓမ္မစေတီမင်း၏ ကောင်းမှု ခေါင်းလောင်းတော်တွင် အတွင်းအပြင် ဂါထာတော်များ၊ အင်းများ ရေးဆွဲထားရာ ထိုခေါင်းလောင်းတော်ကြီး၏ အောက်သို့ဝင်၍ သစ္စာပြု အဓိဋ္ဌာန်ဝင်ကာ ဆုတောင်းခဲ့သော် တောင်းသောဆုနှင့် ပြည့်ဝစေကြောင်းလည်း စာရေးသူ သိရှိထားပြီး ကိုယ်တိုင်လည်း ဆုတောင်းခဲ့ဖူးလေသည်။

ထို့ကြောင့် ယခု ဆယ်ယူနေသော ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော် ရွှေတိဂုံစေတီတော်မှ ဇေင်ကာ ခိုးယူသွားသည့် ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးသည် ကြီးကြီးမားမားနှင့် မည်သည့်ထူးခြားမှုများ ရှိလေမည်ကိုလည်း အတွေးဖြင့် မှန်းဆနေမိသည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် အမှန်တကယ် တန်ခိုးဣဒ္ဓိပါဒ်ရှိ၍လည်း ဇေင်ကာ ခေါ် ဒီဘရစ်တို အရည်ကျိုရန် သယ်ယူမှု မအောင်မြင်ဘဲ ရေအောက်၌ ကိန်းဝပ်စံပယ်နေခြင်းပင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

**ဓမ္မစေတီခေါင်းလောင်းတော်ကြီး ရွှေတိဂုံစေတီတော်၌ ဖြန့်သည်တည်ရှိခဲ့သော်**

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးကို ဓမ္မစေတီမင်းကြီးသည် ၁၄၈၅ ခုနှစ်၌ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မြောက်ထောင့်အရပ်၌ သွန်းလုပ်ပြီး လှူဒါန်းတော်မူခဲ့သည်။ ထိုဓမ္မစေတီ ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော် ရင်ပြင်၌ တည်ထားကိုးကွယ်ထားရာ နှစ်ပေါင်း (၁၂၃)နှစ်တိုင်အောင် တည်ရှိခဲ့သည်။

၁၆၀၈ ခုနှစ်၌ ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို ခေါ် ဇေင်ကာသည် ရွှေတိဂုံစေတီ ကုန်းတော်ပေါ်မှ ဖြုတ်ယူပြီးနောက် သူနေထိုင်ရာ သန်လျင်မြို့သို့ သယ်ဆောင်ရန် ကြိုးပမ်းခဲ့သည်။ ခေါင်းလောင်းတော်ကြီးကို အရည်ကျိုပြီး

လှိုင်းလေကြားမှ ခက်ခက်ခဲခဲ



အမြောက်လက်နက် သွန်းလောင်းရန် ဖြစ်သည်။ ခေါင်းလောင်းတော်ကြီးနှင့်အတူ ရွှေသားဆင်းတုတော်များ၊ ကျောက်သံပတ္တမြားများပါ နစ်မြုပ်ခဲ့သည်ဟုလည်း အချို့က ဆိုသည်။ အမှန်တကယ် စာရင်း အတိအကျကိုကား အထောက်အထား အခိုင်အလုံနှင့် မပြောနိုင်ကြပေ။

ဇေင်ကာ ခေါင်းလောင်းသယ်ယူသည့် ခုနှစ်ကိုလည်း ၁၆၀၈ ခုဟု ဖော်ပြသူက ဖော်ပြသည်။ အများအားဖြင့် ၁၆၁၂ ခုနှစ်ဟု မှတ်တမ်းရေးသူတို့က ရေးထိုးသည်။

မည်သို့ ဆိုစေကာမူ ခေါင်းလောင်းတော်ကြီးသည် ရန်ကုန်မြစ်၊ ပဲခူးမြစ်၊ ပုဇွန်တောင်ချောင်းဝဆုံရာ နေရာ၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ နစ်မြုပ်ခဲ့သည့် ကာလမှာ နှစ်ပေါင်း ၄၀၀ ကျော်ပေပြီ။

စတင်နစ်မြုပ်စဉ်က ရေကျချိန်တွင် ပုစွန်တုပ်ကွေး ပေါင်းကိုင်းကြီး ပေါ်နေသည်ကို နစ်မြုပ်စက တွေ့မြင်ခဲ့ရသည်။ ယခုအချိန် ဆယ်ယူရာ၌ ခေါင်းလောင်းတော်ကြီးသည် ရေစီးအားကြောင့်လည်းကောင်း၊ နုန်းမြေဖို့မှုကြောင့်လည်းကောင်း နုန်းမြေများအောက်သို့ တဖြည်းဖြည်း နစ်မြုပ်ခဲ့ရာ မြစ်ရေပြင် ၂၇ ပေနှင့် နုံးမြေ ၂၅ ပေအောက်သို့ ရောက်ရှိနေသည်။

ခေါင်းလောင်း နစ်မြုပ်ရာ အပေါ်၌လည်း သင်္ဘောပျက်တစ်စင်းက နစ်မြုပ်လျက် ရှိခြင်းကြောင့် ပြန်လည်ဆယ်ယူရာ၌ အခက်အခဲရှိနေလေသည်။

ခေါင်းလောင်းတော်ကြီးအား ၁၉၈၇ ခုနှစ်၌ ပထမဆုံးအကြိမ် ဒေါက်တာမျိုးမြင့်၊ ရှေးဟောင်းသုတေသန ပညာရှင် ဦးကိုကို၊ မြန်မာသမိုင်းပညာရှင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဆရာကြီးဦးကျော် တို့ဦးဆောင်၍ ဦးကြိုင်နှင့်အဖွဲ့က ခေါင်းလောင်းကြီး နစ်မြုပ်ရာနေရာကို စတင်ရှာဖွေ တွေ့ရှိခဲ့ကြသည်။

ဒုတိယအကြိမ်အဖြစ် ၁၉၈၉ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရှေးဟောင်းသုတေသနပညာရှင် ဦးကိုကိုတို့ ဦးဆောင်ပြီး ဦးကြိုင်နှင့်အဖွဲ့က ခေါင်းလောင်းတော် ဆယ်ယူရေးအတွက် ကြိုးပမ်းခဲ့သည်။

တတိယအကြိမ်အဖြစ် ၁၉၉၅ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဂျင်မ်ဘလန့်ကလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ ခုနှစ်တို့တွင် ယခု ခေါင်းလောင်း ဆယ်ယူရေးကို ဦးဆောင်နေသူ ဦးစံလင်းက လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဒေါ်ခင်အေးသိန်းကလည်းကောင်း၊ ၂၀၁၀ နှစ်တွင် ဩစတေးလျနိုင်ငံမှ ပညာရှင်များက လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့် ဇေကမ္ဘာ ဒေါက်တာခင်ရွှေတို့က လည်းကောင်း ခေါင်းလောင်းတော် ဆယ်ယူရေးအတွက် ကြိုးပမ်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



**ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်စောင်းတန်းအနီး စိုက်ထူထားသည့် ဓမ္မစေတီမင်း ရေးထိုးသော မွန် မြန်မာ ပါဠိကျောက်စာ**

မည်သည့်အဖွဲ့ကမှ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ရေပေါ်သို့ ဆယ်ယူနိုင်ခဲ့ခြင်း မရှိသေးပေ။ ခေတ်မီနည်းပညာ ကိရိယာများဖြင့် ရှာဖွေဆယ်ယူရန် ကြိုးပမ်းခဲ့သူ အမေရိကန်နိုင်ငံသား ဂျင်မ်ဘာလန့်က ခေါင်းလောင်းတော်ကြီးကို ရေအောက်၌ တွေ့ရှိခဲ့ကြောင်း တရားဝင် ကမ္ဘာသို့ ထုတ်ဖော်ကြေညာခဲ့သည်။ လက်တွေ့၌ ခေါင်းလောင်းတော်ကြီးကို ရေပြင်ထက်သို့ ဆယ်ယူရန် ခက်ခဲနေဆဲဖြစ်သည်။

ဂျင်မ်ဘာလန့်အနေဖြင့် ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ ဒသမ ၀၀၈ နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ ဒသမ ၁၃၀ တွင် ရေအောက်၌ တည်ရှိနေကြောင်း ဂြိုဟ်တုဓာတ်ပုံများဖြင့် ဖော်ပြခဲ့သည်။ ဂျင်မ်ဘာလန့်၏ ခေါင်းလောင်းတည်ရှိရာ နေရာနှင့် မြန်မာဘူမိဗေဒပညာရှင် ပါမောက္ခဦးစိုးသိမ်း(ငြိမ်း) တွေ့ရှိထားသည့် Larid Set 7 နာဆာဂြိုဟ်တုဖြင့်ကြည့်၍ ဖော်ပြသောနေရာတို့မှာ အတူတူပင် ဖြစ်သည်။

ယနေ့ ဦးစံလင်းတို့ ရှာဖွေရေး သင်္ဘောကြီးများ ရပ်နားပြီး ရှာဖွေရေး ဆောင်ရွက်နေသော နေရာတို့မှာ တူညီမှုမရှိကြောင်း ထူးခြားစွာ တွေ့နေရသည်။ ဆရာကြီးဦးစံလင်းသည် ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉ ခုနှစ်တို့တွင် ကိုယ်တိုင်အကြိမ်ကြိမ် ရေငုပ်ရှာဖွေခဲ့သူ ဖြစ်သည်။ ထို့ပြင် ဆရာကြီးဦးစံလင်းသည် ယခုအခါ ခေတ်မီသောင်တူးသင်္ဘောများဖြင့် စနစ်တကျ ဆယ်ယူနေရာ မကြာမီ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ရှာဖွေတွေ့ရှိကာ မူလရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ပြန်လည်တည်ထား ကိုးကွယ်နိုင်တော့မည်ကို တွေးရင်း စာရေးသူ ပီတိဖြစ်လျက် ရှိပေသည်။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ပြန်လည်ကိန်းဝပ်လေလျှင် ရွှေတိဂုံစေတီတော်၌ ဓမ္မစေတီခေါင်းလောင်းတော်ကြီး၊ စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးနှင့် သာယာဝတီမင်းခေါင်းလောင်းတော်ကြီး ဟူ၍ ကြည်ညိုဖွယ် ခေါင်းလောင်းတော်ကြီး သုံးလုံးကို အတူယှဉ်တွဲကာ ကြည်ညိုနိုင်ပေတော့မည်။

သက္ကရာဇ် ၁၁၄၈ ခုနှစ်၊ ခရစ်နှစ် ၁၇၈၆ ခုနှစ်၌ ဘိုးတော်ဘုရား သွန်းလုပ်လှူဒါန်းတော်မူခဲ့သော အ၀ ခုနှစ်ဖေခန့်ရှိ ဘိုးတော်ကောင်းမှုတော် ခေါင်းလောင်းကြီးကား ရွှေတိဂုံရင်ပြင်၌ မရှိတော့ပေ။ အင်္ဂလိပ်နယ်ချဲ့တို့၏ သယ်ဆောင် အရည်ကျိုဖျက်ဆီးမှုကို ခံခဲ့ရသည်ဟု မှတ်ယူရပေမည်။ အကယ်၍ ဘိုးတော်ဘုရား ခေါင်းလောင်းတော်သာ တည်နေသေးလျှင် လည်းကောင်း၊ ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ပြန်လည်ဆယ်ယူရရှိခဲ့လျှင် လည်းကောင်း ရွှေတိဂုံစေတီတော်၌ သာယာဝတီမင်းခေါင်းလောင်းတော်၊ စဉ့်ကူးမင်းခေါင်းလောင်းတော်၊ ဘိုးတော်ဘုရားခေါင်းလောင်းတော်၊ ဓမ္မစေတီမင်းခေါင်းလောင်းတော် ဟူ၍ မြိုင်မြိုင်ဆိုင်ဆိုင် သပ္ပာယ်စွာ စံမြန်းနေကြပေလိမ့်မည်။

ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီးအား ဆယ်ယူရရှိခဲ့သော် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့အနေနှင့် ဂုဏ်ယူဝင့်ကြွားနိုင်စရာဖြင့်လည်း ကြုံတွေ့ရပေမည်။ ယခု လူအများ ခန့်မှန်းချက်အရ ဓမ္မစေတီမင်း ခေါင်းလောင်းတော်သည် ၁၈၀၀၀၀ ပိဿာချိန်ရှိရာ တန်ချိန်အားဖြင့် ၂၉၀ ကျော်ပေမည်။ ကမ္ဘာပေါ်၌ အကြီးဆုံး ဂင်းနစ်စံချိန်ဝင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ၁၈၃၃ ခုနှစ်က သွန်းလုပ်ခဲ့သော တန်ချိန် ၂၀၀ ကျော်ရှိ ဇတိုလိုကော ခေါင်းလောင်းထက် ပို၍ကြီးပေတော့မည်။ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းကြီးကို ပိုင်ဆိုင်သော နိုင်ငံ၊ လူမျိုးအနေဖြင့် ဂုဏ်ယူဝင့်ကြွားမဆုံးအောင် ရှိပေတော့မည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီး အမြန်ဆုံး ရှာဖွေဆယ်ယူနိုင်ပါစေဟု မေတ္တာပို့ ဆုတောင်းလျက် ဆောင်းပါးအား နိဂုံးချုပ်အပ်ပါသည်။

❒ တက္ကသိုလ်မျိုး


ကျမ်းကိုး

၁။ ဦးကုလားမဟာရာဇဝင်တော်ကြီး ပထမတွဲ
၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး
၃။ မြတ်ဘုရားရွှေတိဂုံ၊ မောင်ဆုရှင် ၁၉၇၂ စာပေဗိမာန်
၄။ သိင်္ဂုတ္တရရွှေတောင် (ရွှေတိဂုံသမိုင်းအနှစ်ချုပ်)၊
ဦးထွန်းအေး ဓမ္မာစရိယ (ဘီအေ) ဒုတိယအကြိမ်
၅။ ထူးခြားပြည့်စုံသော ရွှေတိဂုံစေတီတော်သမိုင်း၊ ဦးညွန့်ဝေ၊ ဒုတိယအကြိမ် ၁၉၈၉
၆။ ရွှေတိဂုံအောင်မြေ အံ့ဖွယ်ကိုးဖြာ၊ ဆရာမင်းသော်တာ
၇။ Daily Eleven နေ့စဉ်သတင်းစာ၊ ၁၃. ၈. ၂၀၁၄
၈။ စံတော်ချိန် နေ့စဉ်သတင်းစာ၊ ၁၂/၁၃/၁၄. ၈. ၂၀၁၄၊
၉။ မြန်မာ့အလင်းသတင်းစာ၊ ၁၂. ၈. ၂၀၁၄
၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်း၊ ဒိုလ်မှူးဘရှင် ၁၉၅၀။




www.burmeseclassic.com

www.burmeseclassic.com

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စုထဲ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မိမိမြဲသည့် ပြည်ထောင်စုစိတ်ဓာတ် အားရှိမှုမြဲဖွားကြဖို့ အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂု[...] အနန္တော၊ မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အန[...]

ဗုဒ္ဓေါ မမ သရဏံ အညံ နတ္ထိ၊ ဓမ္မော မမ သရဏံ အ[...]၊ သံဃော မမ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ [...]

ဧသာ ဥတ္တိ၊ သဗ္ဗ သတ္တူနံ နာသေယျ၊ သဗ္ဗ ရောဂါနံ နာသေ[...] သဗ္ဗ ဒုက္ခနံ နာသေယျ၊ ဗုဒ္ဓအမှုမှိ ဖြစ်ကာဝေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ [...]အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင် အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ [...]န်းဂုဏ်ကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်[...]ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

လပြည့်ဝန်း မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တောရဘုန်းတော်ကြီးဦးသီလ ဓာတ်တော်စေတီနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ | မင်းဂုဏ် | ၅ |
| ၂။ | အလိုတော်ပေါက်မှအပြန် အင်းလေးကျေးရွာတော်သို့ | တက္ကသိုလ်ဘင်ဟန်ကျော် | ၁၄ |
| ၃။ | မန္တလေး မဟာလောကာရံသီအိမ်တော်ရာဘုရား | ဘက္ကသိုလ်မျိုး | ၁၇ |
| ၄။ | လေးမြတ်ကော်ရော် အဘိဓမ္မနေ့အခါတော် | လင်းပြည့်စုံ | ၃၁ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည့် တရားတော် | မမွဒါန | ၃၉ |
| ၆။ | လူ့ဘဝတည်းခိုခန်းမှသည် | အံပွား(စလေ) | ၄၄ |
| ၇။ | ဗုဒ္ဓကျောင်းတော်နှင့် မူဝါဒလမ်းစဉ် | ကိုအေးမင်း(ပဲခူး) | ၄၉ |
| ၈။ | ငှက်ကာကျော်ကြီး ဘာကြောင့်မော် | ဆင်ဖြူကျွန်းအောင်သိန်း | ၅၃ |
| ၉။ | တွံတေး ဗောင်းတော်ချုပ်စေတီတော်ကြီး | ကျော်သန်း(ကိုင်းရှင်းဆေး) | ၅၇ |
| ၁၀။ | ဂေါတမဗုဒ္ဓ ပွင့်ပေါ်တော်မူလာခြင်း | ကောင်းစံဟန်း(ဖန်နေဝန်း) | ၆၀ |
| ၁၁။ | အပူငြိမ်းစေမည့် မြစိမ်းမြေ | မောင်ချိုဝေ | ၆၇ |
| ၁၂။ | သဘာဝတရားရိပ်သာ ပရဟိတ | မောင်သဉ္ဇာလှိုင်(ဟသ်ာတ) | ၇၂ |
| ၁၃။ | ထူးခြားဖူးမြော် ရှင်မာလဲဘုရားပွဲတော် | ရန်နိုင် | ၇၇ |
| ၁၄။ | အင္ဂမဒေအာင်မြေမှ လက်ဖံအိုင့်သို့ | ထူးအောင်(မန္တလေး) | ၈၁ |
| ၁၅။ | ပရိတ်တန်ခိုးနှင့် ဆရာတော်ကြီးနှစ်ပါး | မောင်နွယ်သန်း | ၈၅ |
| ၁၆။ | မှန်သည်ထင်သောအမှား | ခရာ(ကေတ) | ၈၉ |
| ၁၇။ | ယုံမှားကင်းတာ ဓမ္မစကြာတည်းတရားတော် | အနိစ္စဆရာတော် | ၉၁ |
| ၁၈။ | ပြဒါးရှင်ချောင်းနံဘေးမှ စိတ်ဝင်စားဖွယ် | ဆရာကြီးဦးအောင်မြိုင် | ၉၅ |
| ၁၉။ | သီရိမင်္ဂလာသောကမင်းကြီး ဓမ္မစကြာတံဆိပ် | ဇော်ဇောဟိန်း(နံ့သာ) | ၉၈ |
| ၂၀။ | ဟောင်ကောင် ပင်လယ်ကမ်းနားစကြိုလမ်းသို့ | ဉာဏ်ပွင့်(စက်မှု) | ၁၀၁ |
| ၂၁။ | ကြုံခဲ့သမျှ ဘဝအထွေထွေ | ဒေါ်ကြည်ကြည်မြ(မြန်အောင်) | ၁၁၇ |
| ၂၂။ | ထူးဆန်းသောတိုက်ဆိုင်မှု | မြနှင်းဝေအောင် | ၁၂၅ |
| ၂၃။ | ရေဆန်အားလေးကောင်းစေချင် | အင်ကြင်း(ကသာ) | ၁၂၉ |
| ၂၄။ | စိမ့်မေတ္တာ စိမ့်သစ္စာဖြင့် | မောင်သာမန်(ဇီးကုန်း) | ၁၃၄ |
| ၂၅။ | သူရင်းငှား မောင်ဖိုးအို | ခနုံဝင်း(အောင်မြေ) | ၁၄၇ |
| ၂၆။ | ပန်းသီးလေးများ | သန့်စင်မွန် | ၁၅၃ |
| ၂၇။ | အမြတ်တနိုး | မောင်လှမျိုး(ချင်းချောင်းခြံ) | ၁၅၆ |
| ၂၈။ | နတ်ကြီးသည့်ဝါးတောင် | မောင်မောင်မိုးအောင် | ၁၆၀ |
| ၂၉။ | သမုဒ္ဒယကမ်းခြေမှသည် | ရေနံသာအောင်ချမ်းဇော် | ၁၆၈ |
| ၃၀။ | ထူးဆန်းသော ကျောက်မျက်ရှင်နှင့် ကူးတို့ခ တစ်မတ် | မင်းဟန်(သန်လျင်) | ၁၇၄ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | မုဆိုးဆတ်သား စားလတ္တံ့ ........ သုသုက | ၁၈၃ |
| ၃၂။ | အမှန်သစ္စာ ဘေးကင်းကွာ ........ စံ-ကေတု | ၁၈၈ |
| ၃၃။ | ပင်လယ်ရေခူအဖမ်း ရေကြီးရေနီတန်း အန္တရာယ်လမ်း ........ မောင်မြဲထွေး(ပင်လယ်) | ၁၉၆ |
| ၃၄။ | ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ငြိမ်းချမ်းရေး အရေးတော်ပုံ ........ မောင်သာယာ | ၂၀၁ |
| ၃၅။ | မေတ္တာအသင်္ချေ ........ ရဲမြတ်တင် | ၂၀၄ |
| ၃၆။ | နာနာဘာဝ တောက်ခေါက်သံ ........ ကောင်းစံဟိန်း(ဖန်နေဝန်း) | ၂၀၄ |
| ၃၇။ | နေဖြစ်သွားသော လေနုအေး ........ ထွန်းအောင်ရင် | ၂၂၀ |
| ၃၈။ | မိုးကြိုးလွဲ ........ ကိုချမ်း(ဆေး-၂) | ၂၂၄ |
| ၃၉။ | ကျေးဇူးတော်ဆပ် ကုသိုလ်မြတ် ........ ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) | ၂၃၀ |
| ၄၀။ | လမ်းပြကြယ်စကားတစ်ခွန်း ဆိုညွှန်းခဲ့သူ (သို့မဟုတ်) သခင်စိုး ........ ထွန်းလင်းသူ | ၂၃၇ |
| ၄၁။ | သက်ပြင်းရှိုက်သံတံတား၊ ပင်လယ်နှင့်လက်ထပ်ထားတဲ့မြို့စားနဲ့ အိပ်မက်ထဲက မော်ဝင်မြို့ ဗင်းနစ် ........ ကိုအေးမြင့်(မဟာဝိဇ္ဇာရှေး-သု) | ၂၄၄ |
| ၄၂။ | ထူးချွန်သူဘုရင်တစ်ဦး၏ တော်ဝင်မင်းခမ်းမင်းနား ........ Mariner လှဦး | ၂၅၃ |
| ၄၃။ | တောထဲက ဇရာမသစ်ပင်ကြီး ........ မြူးဇော် | ၂၅၈ |
| ၄၄။ | ကားအမြန်ရောင်းထွက်စေရန် ........ အောင်ကြည်သန်း(မောင်တော်သီ) | ၂၆၃ |
| ၄၅။ | သုတစုံဖြာ ဤကမ္ဘာ ........ ဖိုးရွှေလမင်း | ၂၆၄ |
| ၄၆။ | အာဟာရဓာတ်ပေါကြွယ်ဝသော စားတော်ပဲ (သို့)ပဲပြုတ် ........ နေရဂျူလိုင်ဝမ်း | ၂၇၀ |
| ၄၇။ | ဆေးဖက်ဝင် ပဲစဉ်းငုံ ........ နေရဂျူလိုင်ဝမ်း | ၂၇၁ |
| ၄၈။ | ယားနာတွက်တာ ဆေးတစ်ဖြာ ........ မောင်ယဉ်စိုး(သာစည်) | ၂၇၂ |
| ၄၉။ | တစ်လမှာ နှစ်ရာသီနှင့်ကုရင်ဆေးနည်း ........ ဆရာကြီးဦးငှေအောင်မြိုင် | ၂၇၃ |
| ၅၀။ | အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာ ........ သုတေသီဆရာငြိမ်း | ၂၇၄ |
| ၅၁။ | တွဲဖက်၍မစားသင့်သော အစားအစာများ ........ သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၇ |
| ၅၂။ | နည်းကောင်းအဖြာဖြာ မြန်မာ့ဆေးပညာ ........ စိုးယဉ်ထွန်း | ၂၈၀ |
| ၅၃။ | အသက်ကြီးသော်လည်း မပျက်စီးသေးသူများ ဒေါက်တာနိုက်တင်ဂေးလ် | ၂၈၂ |
| ၅၄။ | သက်တံရောင်စုံလေးများ ........ ဆွေမြင့် | ၂၈၈ |
| ၅၅။ | မီးခိုးရောင် ရောင်ရမ်းခြင်း (သို့) ပိုလီယိုရောဂါ ........ ရိုရိုဌေး | ၂၉၂ |
| ၅၆။ | ကာတွန်းကဏ္ဍ ........ လင်းထူးဇော်၊ ဉာဏ်ညို၊ ........ ဇွဲနေ၊ ကျော်ဖြိုးလွင် | ၂၉၄ |




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၇။ | ပြုံးရယ်ရယ်ဟား ဟာသများ ....... စိန်ဝင်းမော်၊ ဒါဂီး(ရွှေရင်အေး)၊ ......... ကျော်လင်းထွန်း(ရွှေသင်း)၊ | ညွန့်လွင် | ၂၉၈ |
| ၅၈။ | လင့်အရသာ ................ | ကိုရွှေတောသား | ၃၀၂ |
| ၅၉။ | အဲဒီလိုဆိုရင်တော့ သေပြီဆရာ ........... | အောင်စိုး(ပြည်) | ၃၀၅ |
| ၆၀။ | ဂျူဗိုခင်တဲ့လား .................... | ဟန်သိင်း | ၃၀၉ |
| ၆၁။ | ရက္ခစိုးနတ်မင်း ပူဇော်ကာ လိုရာဆန္ဒ ဆုတောင်းပါ ............... | ဂမ္ဘီရသာရလုမ္ဘီး | ၃၁၁ |
| ၆၂။ | ရက်တစ်ရာ လက်ထောက်ဗေဒင်ဟောကိန်း .... | ညွန့်လွင်(စက်မှု) | ၃၁၄ |
| ၆၃။ | ကြုံရဆုံရ ဘုံဘဝ .................. | ရွှေကျွန်းခိုင်သစ် | ၃၁၆ |
| ၆၄။ | အိမ်ဆောက်မှာလား ........... | ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၃၁၉ |
| ၆၅။ | သေဘေးမှ လွတ်ခဲ့ရအခါခါ .......... | မြတ်လင်းသူ(ပညာကူး) | ၃၂၂ |
| ၆၆။ | ကိုးဆယ့်ခြောက်လုံးသုံးပါးဂါထာ ရွတ်ကြပါ | မောင်အေးနှစ်(ပညာရေး) | ၃၂၅ |
| ၆၇။ | ဘယ်မြို့ဘယ်ရွာမှာ သီတင်းသုံးရရင်ကောင်းမလဲ ...... | အောင်ကြည်သန်း(ဗေဒင်တော်သိ) | ၃၂၇ |
| ၆၈။ | ဗေဒင်ပညာနှင့် ယတြာဓာတ်ရိုက်ဓာတ်ဆင် | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၉ |
| ၆၉။ | တက္ကစီဆွဲကောင်းနေပြီမဟုတ်လား ...... | နတ်မျက်စိဆရာအောင်စိုး | ၃၃၂ |
| ၇၀။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း ........... | ဆရာဦးခန့်ကျော် | ၃၃၅ |
| ၇၁။ | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ.......... | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၉ |
| ၇၂။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ.......... | ဆရာဦးခန့်ကျော် | ၃၄၂ |


**Current News**


၇၃။ မြန်မာအမျိုးသားတို့ ဂုဏ်ယူဖွယ်ရာ ဓမ္မစေတီခေါင်းလောင်းတော်ကြီးအကြောင်း ..... တက္ကသိုလ်မျိုး






**နာယကာ**
ဆင်ဖြူကျွန်းဇေအောင်
မင်းဂုဏ်
**အကြံပေး**
ဦးစိုးဖိုဖို
ဒေါ်ခင်ငြိမ်း
**စီစဉ်သူ**
ညက်မွှင့် (စက်မှု)
**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ
**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခ... ဂ်နိုင်
**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်
**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့
**ဝန်းချီပညာရှင်များ**
ဆန်းထွန်း၊ အောင်နို... ဘ်၊ ယု... စ်အောင်၊ တောင်ငူစိုးမြင့်လေး ... တင်မေ... င်၊ ဖိုးအောင်၊ ဆွေမြင့်
**အတွင်းပလင်**
ကိုဦး
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက် ... ဦးကော်... ၃ (၀၅၅၇၂)၊ အမှတ်(၄၉)၊ ရေ... မ်း၊ ပုဇွန်တောင်မြို့နယ်၊ ... ကုန်မြို့၊
**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်... အမှတ်-၁၄၄၅] အမှတ်-၄၄၊ ၅၅-လ... ၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ... ကုန်တိုင်း
**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄... ခန်း ၀း (ပထမ်) (၁၇ × ၁၈ လမ်း)... မဟာဝ ၂၂လမ်း၊ လသာမြို့နယ်၊ ရန်... ဖုန်း - ၀၉ ၃၂၉၇...
**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-... ၆၀၇၄)
**အထွေထွေ**
အောင်ဝင်းသန့်၊ ဒေ... အောင်
**မန္တလေး**
ထွန်းဦးစာပေ
**စျေးနှုန်း** ၂၅၀ ကျပ်
**အုပ်ရေ** ၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com

# တောရဘုန်းတော်ကြီး ဦးသီလ ဓာတ်တော်စေတီနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ

မင်းဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဆင်ဆိုးကြီးသည် ဘုန်းတော်ကြီး ရှိရာသို့ ပြေးလာခဲ့ပြီး အနီးသို့ရောက်သည်တွင် ပုဆစ်ဒူးတုပ်ကာ ဝပ်၍နေသည်။ ဘုန်းတော်ကြီးသည် မတုန်မလှုပ် ရပ်မြဲရပ်နေတော်မူသည်။ အတန်ငယ်ကြာသောအခါ ဆင်ဆိုးကြီးသည် မျက်ရည်ဖြိုင်ဖြိုင် ယိုစီးလျက် တဖြည်းဖြည်း နောက်ဆုတ်ကာ ထွက်ခွာသွားခဲ့လေသည်။

စစ်တောင်း၊ ကျိုက်ထီးရိုးလမ်းမိုးပေါ်ရွာ တောရ၌ ဘုန်းတော်ကြီး သီတင်းသုံးပြီး ရွှေကျင်မြို့ အရှေ့ဘက်သို့ သုံးရက်မျှသွားရသည့် သက်ငယ်တောင်သို့ ကြွတော်မူစဉ် ပဲခူး ပန်းလှိုင်ရပ်မှ ဆရာဖိုးကလေးက သပိတ်လွယ်လျက် နောက်တော်မှ ပါသွားသည်။

ကျိုက်ထီးရိုးဘုရားဖူးပြီး ပြန်လာကြသူများနှင့် အနီးအနားရှိ ရွာသားများက "ဤခရီးကြား၌ ကြော့မျှုး ခေါ် ဆင်ကြီးတစ်ကောင် လွှတ်နေပြီး လူမြင်တိုင်း လိုက်သတ်နေပါသည်၊ မကြာမီလေးတင်ပင် ရှမ်းကြီးလေးယောက် အသတ်ခံရပြီး သရဲဖြစ်ကာ ထိုဆင်ကို စီးနေပါသည်၊ ထိုလမ်းဖြင့် ကြွတော်မူရန် မသင့်ပါ" ဟု လျှောက်ထားကြသည်။ ပန်ချာပီသုံးယောက်နှင့် ဗိုလ်တစ်ယောက်တို့ကလည်း သေနတ်ကိုယ်စီကိုင်လျက် ဘုန်းတော်ကြီးအား မကြွရန် တားကြလေသည်။

သို့ရာတွင် ဘုန်းတော်ကြီးမှာ ကြွမြဲပင်ကြွတော်မူရာ လမ်းခရီးအကြား၌ ဆင်ကြော့မျှုးနှင့် ရင်ဆိုင်တွေ့လေတော့သည်။ ဆရာဖိုးကလေးက ဘုန်းတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာတို့ကို ယုံကြည်ပြီးဖြစ်၍ များစွာကြောက်လန့်ခြင်း မရှိ။ တဖြည်းဖြည်းနီးကပ်လာသည်တွင် ဆင်ကြော့မျှုးသည် ဦးခေါင်းနှိမ်လျက် ချဉ်းကပ်လာခဲ့ပြီး အနီးသို့ရောက်သောအခါ ဦးခေါင်း မြေစိုက်လျက် အော်ဟစ်နေလေသည်။

ထိုအခါ ခမောက်နီနီဆောင်းလျက် ဆင်ဦးကင်းပေါ်မှ လူပုံသဏ္ဍာန်လေးယောက် (အချို့အဆို နှစ်ယောက်) ဆင်းပြေးသွားသည်ကို တွေ့လိုက်ကြရပြီး ကွယ်ပျောက်သွားကာ ဆင်ကြော့မျှုးလည်း လမ်းရှောင်၍ တောထဲသို့ ဝင်သွားသည်ဟု ဆိုသည်။

ကော့ကဒွတ်ရွာတောရ၌ ဘုန်းတော်ကြီး သီတင်းသုံးတော်မူနေစဉ် ကျိုက်ထို အရှေ့ဘက် ဘုရားကိုးဆူ တောရတွင် ရဟန်းခံအလှူ ရှိသဖြင့် လာပင့်ကြရာ တစ်ပါးတည်း ကြွသွားတော်မူခဲ့သည်။

ခရီးအကြား ဇရပ်တစ်ခုတွင် လှည်းဝိုင်းချကာနားနေကြသူများအနက်မှ ကျိုက်ထိုသို့သွားမည့်ပုဂ္ဂိုလ်တစ်ဦးက ဘုန်းတော်ကြီး၏ သပိတ်ကို လွယ်ယူကာ အတူတကွ လိုက်ပါသွားခဲ့သည်။ ညဦးအခါ လသာသာတွင် တောဆင်အုပ်ကြီး ဆင်းလာသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရသဖြင့် ထိုပုဂ္ဂိုလ်က . .

"အရှင်ဘုရား နောက်ပြန်ဆုတ်တော်မူပါ"ဟု အကြိမ်ကြိမ် လျှောက်ထားလေသည်။

သို့ရာတွင် ဘုန်းတော်ကြီးမှာ ကြွမြဲတိုင်းသာ ကြွနေရာ ထိုသူက ကြောက်ရွံ့လှသဖြင့် ဘုန်းတော်ကြီးထံ သပိတ်ကို ပြန်လည်အပ်နှံကာ ချက်ချင်းပင် ပြန်ပြေးလေတော့သည်။

လှည်းဝိုင်းသို့ ပြန်ရောက်သောအခါ အဖော်များအား တောဆင်အုပ်နှင့်တွေ့၍ ပြန်ပြေးလာရကြောင်း၊ ဘုန်းတော်ကြီးမှာ ပြန်လှည့်ရန်လျှောက်ထားသည်ကို လက်ခံတော်မမူဘဲ ဆင်အုပ်ကြား ဝင်သွားသဖြင့် အစအနပင် ကျန်တော့မည် မဟုတ်ကြောင်း အထိတ်တလန့် ပြောပြခဲ့သည်။

ထိုအခါ ဘုန်းတော်ကြီး၏ အကြောင်းကို ကြားဖူး သိဖူးထားသူအချို့က ထိုဘုန်းတော်ကြီးမှာ ဆင်မနင်း ကျားမကိုက်သည့် ...ဘာရဘုန်းတော်ကြီး ဦးသီလပင်ဖြစ်မည်ဟု ပြောဆိုကြလေသည်။

ထိုအခါက ပြန်ပြေးလာသော ဒါယကာမှာ ကြီးစွာ နောင်တရပြီး နောက်တစ်နေ့တွင် ထိုတောင်းနံ့စမ်းကာ ကျိုက်ထိုဘုရားသို့ ဆုတောင်းဖို့ လိုက်သွား၍ ဘုန်းတော်ကြီးအား . . .

"တပည့်တော် မသိ မလိမ္မာခြင်းကြောင့် အရှင်မြတ်အား မနောက်၊ ဝစီကံဖြင့် ပြစ်မှားမိသည်ကို သည်းခံ ခွင့်လွှတ်တော်မူပါ" ဟု ကန်တော့ဝန်ချတောင်းပန်ခဲ့သည်။

ကျိုက်ထိုမှ တောင်ကျား ဒါယကာများက ကျိုက်ထိုတွင် ဘုန်းတော်ကြီး သီတင်းသုံးနေရန် ပင့်လိုကြသည်။ မိမိတို့ပင့်လျှင် ကြွရောက်မည် မထင်သဖြင့် လူမျိုးကွဲ တောင်ထောင်မှူး တရုတ်လူမျိုး ကိုထွားကို ရှာဖွေတွေ့၍ အပင့်ခိုင်းကြသည်။ ကိုထွားသည် ဘီလူးကျွန်းသို့ လိုက်သွားပြီး ဘုန်းတော်ကြီးအား . .

"တပည့်တော်သည် မကောင်းမှုဖြင့် အသက်မွေးသည်မှာ ကြာပါပြီ၊ ဤအလုပ်ကို စွန့်ပါတော့မည်၊ သနားသောအားဖြင့် ချီးမြှောက်ရန် ကျိုက်ထိုသို့ကြွ၍ သီတင်းသုံးတော်မူပါ ဘုရား" ဟု လျှောက်တင်လေသည်။

ဘုန်းတော်ကြီးသည် ကိုထွားကို ဘိန်း၊ အရက် စသော မူးယစ်ဆေးဝါးဟူသမျှ မူးယစ်စေတတ်စားခြင်း၊ ရောင်းဝယ်ခြင်းတို့မှ ရှောင်ကြဉ်ရမည်ဟု ပဋိညာဉ်တောင်းယူ အလျှုခံတော်မူသည်။ ကိုထွားက ပဋိညာဉ်ခံပေးသဖြင့် ကျိုက်ထိုသို့ကြွ၍ ဆိတ်ဖူးတောင် တောရ၌ သီတင်းသုံးတော်မူခဲ့သည်။

တရုတ်လူမျိုး ကိုထွားသည် ပဋိညာဉ်အတိုင်း မကောင်းမှုရှောင်ကြဉ်၍ ဘုန်းတော်ကြီးကို အထူးအားထား ကိုးကွယ်သည်။ သမ္မာအာဇီဝဖြစ်သော ရောင်းဝယ်မှုကိုသာ ပြုကာ စည်းစိမ်ဥစ္စာများစွာ တိုးတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုထွားက ဇနီးဖြစ်သူ မဖော့အား . . . "ဘုန်းတော်ကြီးကို ကိုးကွယ်လို့ ဒိဋ္ဌဓမ္မ အကျိုးရနေတာ၊ ဒုစရိုက်ကင်းပြီး စီးပွားလဲတက်လာတာ၊ လှူဒါန်းရာမှာ မနှမြောနဲ့၊ ဝမ်းသာပါ" ဟု ပြောဆိုပြီးနောက် ဆိတ်ဖူးတောင်၌ စကြံ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အခြားတရုတ်များကလည်း သိမ်၊ ဇရပ်၊ ဘုရား၊ ကျောင်းစသည်များ ဆောက်လုပ်လှူဒါန်းလာကြသည်။

တကျိုက်ထိုမြို့ ဆိတ်ဖူးတောင်၌ ဘုန်းတော်ကြီး သီတင်းသုံးတော်မူနေစဉ် တစ်နေ့တွင် ကျိုက်ထိုမြို့တွင်းရှိ မယ်ဇယ်ကျောင်းသို့ ကြွသွားတော်မူခဲ့ပြီး ကျောင်းမှအပြန်တွင် မယ်ဇယ်ဆရာတော်လည်း အတူလိုက်ပါ ပို့ဆောင်တော်မူလာသည်။

ထိုသို့ ပို့ဆောင်ရာတွင် မရှောင်သာ မတိမ်းသာသော အုတ်တံတားလမ်းကျဉ်းနေရာတစ်ခုသို့ ရောက်သောအခါ နွားသိုးကြီးတစ်ကောင်မှာ တရှူးရှူး အသံပြုလျက် ထိုလမ်းကျဉ်းအတွင်းသို့ ပြေးဝင်လာလေသည်။

မယ်ဇယ်ဆရာတော်မှာ ထိုမြင်ကွင်းကြောင့် များစွာစိုးရိမ်ပူပန်လျက်ရှိသော်လည်း ဘုန်းတော်ကြီးမှာမူ ဣန္ဒြေမပျက် ကြွမြဲတိုင်းသာ ကြွတော်မူလေသည်။ နွားသိုးကြီးသည် ဘုန်းတော်ကြီးအနီးသို့ ရောက်သည်တွင် အလိုအလျောက်ပင် နောက်သို့ဆုတ်၍ ရှောင်တိမ်းသွားသည်ကို မြင်ရသောအခါမှ မယ်ဇယ်ဆရာတော်မှာ ဝမ်းသာအံ့ဩမဆုံး ဖြစ်ရသည်ဟု ဆိုသည်။

တရုတ်ကိုထွားသည် ဘုန်းတော်ကြီးကို အလွန် ကြည်ညိုသည်ဖြစ်ရာ ဤကျောင်းမှ ဘုန်းတော်ကြီး အခြားသို့ ပြန်ကြွလျှင် ဝက်ပြန်သတ်မည်ဟု ဆိုသဖြင့် ကိုထွားလှူဒါန်းသည့်ကျောင်းတွင် ငါးဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့သည်။ နွေအခါ အခြားသို့ ခေတ္တကြွလျှင်လည်း ဝါပြန်ဆိုတော်မူခဲ့သည်။

ကျိုက်ပတိုင်ကုန်းတန်းဂူကုန်း၌ ဘုန်းတော်ကြီး သီတင်းသုံးနေစဉ် တစ်နေ့တွင် လုံးပတ် သုံးထွာခန့်၊ အရှည် တစ်ဆယ့်ငါးတောင်ခန့်ရှိ ငန်းမြွေတစ်ကောင် ဂူတွင်းဝင်လာပြီး ငြိမ်သက်စွာနေသည်။ ဘုန်းတော်ကြီးက "အနှောင့်အယှက် မပြုကောင်း" ဟု မိန့်တော်မူလိုက်သည်တွင် ထိုမြွေကြီး ပြန်လည်ထွက်ခွာသွားသည်။

ကျိုက်ထိုနယ် ကျိုက္ကသာရွာ ကော့စံတောရ၌ ခေတ္တသီတင်းသုံးတော်မူစဉ်ကလည်း ဇရပ်မီးဖိုသို့ တစ်ဆယ့်နှစ်တောင်ခန့်ရှိ မြွေကြီးတစ်ကောင် တက်လာသည်တွင် လူအများ ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။ ထိုအခါ ဘုန်းတော်ကြီး ကြွလာပြီး . . .

"ဤနေရာသည် သူတော်ကောင်းများ ကုသိုလ်ယူ အားထုတ်ရာဖြစ်သည်၊ အနှောင့်အယှက် မပြုသင့်" ဟု မိန့်တော်မူရာ မြွေကြီးသည် ချက်ချင်းပင် ဇရပ်အနောက်ဘက်သို့ ဆင်းသွားတော့သည်။

ရွှေကျင်မြို့နယ် တောရကျောင်းများတွင် မှက်၊ ခြင်၊ ဖြုတ်များ ပေါများလှသည်။ ထိုကျောင်းများတွင် နေထိုင်ကြသူများအား မခံမရပ်နိုင်အောင်ပင် ကိုက်ခဲကြသည်။ ထိုတောရကျောင်းများ၌ ဘုန်းတော်ကြီးဦးသီလ သီတင်းသုံးတော်မူရာတွင်မူ မှက်၊ ခြင်၊ ဖြုတ်တို့ မကိုက်ဟုဆိုသည်။ အချို့ကမူ ကိုက်သည့်တိုင်အောင် ဘုန်းတော်ကြီး၏ အဓိဋ္ဌာန် သမာဓိ ခိုင်မြဲခြင်းကြောင့် မကိုက်သကဲ့သို့ ထင်ရခြင်းဖြစ်သည်ဟု ဆိုကြသည်။

ထိုစဉ်က ဘုန်းတော်ကြီးသီတင်းသုံးတော်မူခဲ့သည့် နေရာများမှာ ဆင်ရုံတောရသိမ်ကျောင်း၊ ရွှေတောင်ဦးဘုရားတောင်စောင်းဂူ၊ ကျောက်လုံးကြီးရွာ ကန်ဘေးခရိုင် မဟာသောင်ချောင်းတောင်ဘက် ဆိတ်ကလေးတောရကြီးတို့ ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်၌ ဆင်တော်များထားသောရုံကို အစွဲပြု၍ ဆင်ရုံဟု ခေါ်သည်။ သာသနာ့ပါလ ဆင်ရုံတောရ ဟုလည်း ခေါ်သည်။ ကျောင်းဝိုင်းကြီးဟူ၍လည်း ခေါ်သည်။ ရွှေတောင်ဦး တောင်စောင်းဂူကား ယခုအခါ ရွှေဂူကျောင်းတိုက်အတွင်း ဖြစ်သည်ဟု သိရသည်။

ဖျာပုံမြို့ရှိ မြေကွက်တစ်ကွက်တွင် ကျောင်းတည်၍ သိမ်သမုတ်ရန် သံဃာတော်များကအလိုရှိနေကြသည်။ ထိုမြေကွက်ပိုင်ရှင်မှာ သံဃာတော်များအား ကြည်ညိုသော်လည်း ဒါယကာချင်းမသင့်မြတ်သဖြင့် အရောင်းအဝယ်မဖြစ်ဘဲ အခက်တွေ့နေကြသည်။

ထိုနေရာသို့ ဘုန်းတော်ကြီး ကြွလာတော်မူသည်တွင် ထိုမြေပိုင်ရှင်သည် အလိုအလျောက်ပင် ရောက်ရှိလာကာ ယင်းမြေကွက်ကို လှူခဲ့သည်။ ထိုမြေကွက်သည် တောင်တန်းနှင့် နီးသဖြင့် ပုရွက်၊ ခါချဉ်၊ ကရင်နီကောင်များ လွန်စွာပေါကာ နေထိုင်သူများအား ကိုက်ခဲနှိပ်စက်လျက် ရှိသည်။

ဘုန်းတော်ကြီးသည် ထိုမြေကွက်တွင် သိမ်သမုတ်ပြီး ထိုနေရာတွင် သီတင်းသုံးတော်မူသောအခါ မည်သူ့ကိုမျှ ကိုက်ခဲခြင်းမရှိတော့သည့်အပြင် ယင်း ပုရွက်၊ ခါချဉ်၊ ကရင် နီကောင်တို့သည် အလိုအလျောက် ပျောက်ကွယ်ကုန်သည်ဟု ဆိုသည်။

မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါဟု ဆိုသည့်အတိုင်း စာရေးသူတို့ ပတ်ဝန်းကျင်တွင် သာမန်မျက်စိဖြင့် မမြင်နိုင်သည့် သတ္တဝါများ ကျင်လည်ကျက်စားလျက် ရှိကြသည်။ ထိုသတ္တဝါများက လူများ ကွယ်လွန်ပြီးနောက် မကျွတ်မလွတ်ဘဲ ဝေမာနိကခေါ် နတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ စသည်ဖြင့် ဖြစ်နေသူများပင်။

ယင်းတို့အား ရည်စူး၍ ကောင်းမှုကုသိုလ်ပြုကာ အလှူပေးဝေသဖြင့် ယင်းတို့က သာဓု ခေါ်နိုင်ခဲ့လျှင် ကောင်းရာသုဂတိသို့ရောက်နိုင်ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဤကိုယ်တွေ့**
**ဖြစ်ရပ်နှစ်ခုဖြင့်ပင်**
**ဘုန်းတော်ကြီးသည်**
**ပရစိတ္တဝိဇာနနအဘိညာဉ်**
**တော်ရရှိသူဖြစ်ကြောင်း**
**ထိုရဟန်း**
**အခိုင်အမာ**
**ယုံကြည်သွားတော့သည်။**

ဘုရားရှင် လက်ထက်တော်က အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ဘုရားဟော ဒေသနာတော်များကို ဌာန်ကရိုဏ်းကျနစွာ အသံထွက်၍ ရွတ်ပွားတော်မူနေရာ အစာရှာထွက်လာသည့် နတ်ပြိတ္တာမတစ်ဦး ထိုတရားသံများ နာကြားရသဖြင့် သောတာပန် တည်ခဲ့ဖူးသည်ဟု ဆိုသည်။

တစ်ခါက ဘုန်းတော်ကြီးသည် ကမ်းမြင့်ရွာတောရတွင်သီတင်းသုံးတော်မူနေစဉ် ညဉ့်အခါများ၌ တစ္ဆေ၊ မြေဖုတ်၊ ပြိတ္တာ၊ သရဲများ သားငယ် သမီးငယ်များကို ရင်ဝယ်ပိုက်လျက် ဘုန်းတော်ကြီးထံ အဖူးအမြော် ရောက်လာကြသည်ကို မကြာခဏ တွေ့ရှိကြသည်ဟု ကမ်းမြင့်ရွာသားများ ပြောဆိုလျက်ရှိကြသည်။

ကျိုက်ထိုနယ်တွင် မောင်းတောင်သည် အလွန်တောကြမ်းသည်ဟု ရှေးအခါက နာမည်ကြီးသည်။ မကြာမကြာ မောင်းတီးသံကြားရသဖြင့် မောင်းတီးတောင် ဟူ၍လည်း ခေါ်ကြသည်။ ကျတ်၊ မြေဖုတ်၊ ဥစ္စာစောင့်တို့၏ နေရာဖြစ်သည်ဟု ဆိုကာ မည်သူမျှ မနေဝံ့၊ မသွားဝံ့ကြပေ။

ဘုန်းတော်ကြီးသည်ကား ထိုနေရာသည် ဆိတ်ငြိမ်အေးချမ်းသည်ဟု ဆိုကာ တစ်ပါးတည်း သီတင်းသုံးတော်မူသည်။ ရံခါ ရသေ့ရဟန်း အဖော်ရှိသည်။ မည်သည့်ဘေးရန် အန္တရာယ် အနှောင့်အယှက်မှုမရှိဘဲ ချမ်းသာစွာ သီတင်းသုံးတော်မူခဲ့ရသည်။

ထိုတောင်သည် နာမည်ကြီးသည်ဟုဆိုကာ ဘုန်းကြီးတစ်ပါးနှင့် ဖိုးသူတော်တစ်ယောက်တို့ သွားရောက်ကြကာ ညဉ့်အခါတွင် လောကီ ဂမ္ဘီရနည်းများအရ စည်းဝိုင်းချ၍ တရားအားထုတ်ခဲ့ကြရာ ကြောက်မက်ဖွယ်ကောင်းသော အဆင်း၊ အသံတို့ကို တစ်ညလုံး တွေ့ကြုံကြရသည်။ ရံဖန်ရံခါ အနားတွင်ကပ်၍ သစ်ပင်ကြီးများ လဲကျသံ ကြားကြရပြီး ရံခါ ရဲရဲနီသည့် အလုံးကြီးများ လိမ့်လာကာ စည်းဝိုင်းအပြင်နားတွင် ပျောက်ကွယ်သွားသည်ကို ကြုံတွေ့ကြရသည်။

သို့ရာတွင် ထိုဘုန်းကြီးနှင့် ဖိုးသူတော်တို့မှာ ကြောက်ရွံ့တုန်လှုပ်ခြင်း အလျှင်းမရှိဘဲ နေခဲ့ကြသည်။ နံနက်လင်းခါနီး လေးချက်တီးလောက်တွင် ကရင် ကွမ်းထမ်းသမားတစ်ယောက် တောင်ပေါ်သို့ တက်ရောက်လာပြီး . . "အရှင်ဘုရား ကွမ်းလှူပါရစေ၊ အလှူခံတော်မူပါ" ဟုလျှောက်တင်လာသည်။

ထိုအခါ ဖိုးသူတော်လည်း အရုဏ်တက်ပြီးချိန်ဖြစ်၍ ကွမ်းအလှူခံရန် အမှတ်တမဲ့ဖြင့် စည်းဝိုင်းအပြင်ဘက်သို့ ထွက်လိုက်သည်။ ဤသို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် ဖိုးသူတော်သည် ကွမ်းထမ်းသမား၏ ထုထောင်းခြင်းကို မရှုမလှခံရကာ ထိုနေရာတွင်ပင် လဲကျသွားတော့သည်။

ဘုန်းကြီးလည်း မိမိ၏တပည့် ထုထောင်းခံရသည်ကို တွေ့မြင်ရသဖြင့် သတိလက်လွတ်ဖြစ်ကာစည်းဝိုင်းအပြင်သို့ ထွက်မိလိုက်သည်တွင် ရှောင်တိမ်းချိန် မရလိုက်ဘဲ အထောင်းခံလိုက်ရသဖြင့် ကျောင်းသို့ပြန်ကာ အတန်ကြာဆေးကုသရသည်ဟု ဆိုသည်။

ဤကား ရတနာမြတ်သုံးပါးကို အားထားယုံကြည်ပြီး သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ပြည့်ဝသော ဘုန်းတော်ကြီးဦးသီလနှင့် လောကီဂန္ဓာရီ အတတ်ပညာကို အားကိုးသည့် ဂန္ဓာရီဘုန်းကြီးတို့၏ အကျိုးပေး ကွာခြားမှုပင်တည်း။

ရေးလက်စနှင့် ဘုန်းတော်ကြီး ဦးသီလ၏ အံ့မခန်းဖြစ်ရပ်ဆန်းများကို ဆက်လက်ရေးသား ဖော်ပြရလျှင် . . .

တစ်နေ့တွင် စစ်ကဲကြီးဦးစံရာသည် ဘုန်းတော်ကြီးကို လှေကြီးတစ်စင်းဖြင့် မော်လမြိုင်မှ မူဒုံသို့ ပင့်လာသည်။ လှေကြီးသည် ကျိုက္ခမီမှလှည့်၍ တူးမြောင်းမှဝင်သည်။ လှေဆိပ်နှင့် တဲကျောင်းသည် တစ်မိုင်ကျော်ခန့် ဝေးသည်။

ဘုန်းတော်ကြီး ကြွလာတော်မူမည်ကို သတင်းရှိထားသဖြင့် ဤမျှ ရှည်လျားသည့် လမ်းတစ်လျှောက်၌ ဒေသခံ မွန်၊ မြန်မာ၊ တရုတ်၊ ကုလား များက သင်ဖြူး၊ ဖောင်ဖော၊ ကတ္တီပါ၊ ပဝါ စသည်များ အထပ်ထပ်ဖြန့်ခင်းထားကြသည်။ အချို့ဆိုင်ရှင်များသည် မိမိတို့ရောင်းမည့် ပဒုမ္မာပိတ်အုပ်တို့ကိုပင် တစ်အုပ်လုံး ဖြန့်ခင်းထားကြကာ ဖူးမြော်ရန် လာရောက်ကြသူများမှာ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ဘုန်းတော်ကြီးသည် ထိုခင်းထားသော အခင်းတို့ကို မနင်းဘဲ ရပ်တန့်နေတော်မူသဖြင့် "ကြွတော်မူပါ၊ ကြွတော်မူပါ" ဟု အကြိမ်ကြိမ်လျှောက်ထားသော်လည်း ရပ်မြဲသာ ရပ်တော်မူနေသည်။ ထိုအခါ ဗဟုသုတရှိသော ကျောင်းအမကြီးတစ်ယောက်က လက်အုပ်ချီပြီး "နိဗ္ဗာန် မဂ်ဖိုလ် အလို့ငှာ နင်းကြွတော်မူပါ ဘုရား" ဟု လျှောက်ထားသည်တွင်မှ နင်းကြွတော်မူလေသည်။

ထိုလမ်းခရီးအကြား၌ အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးကို ဘုန်းတော်ကြီး လွန်သွားသောအခါ နောက်ပိုင်း၌ ဆူညံသံများ ပေါ်ထွက်လာသည်ကို ကြားလိုက်ကြရသည်။





www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်စောင့် ရုက္ခစိုးက တစ်ဦးတစ်ယောက်ကို ဝင်ပူးပြီး . . .

"နင်တို့ မုဒ့်သူ မုဒ့်သားတွေ အင်မတန် မိုက်သဟဲ့၊ ငါ့ကိုတောင် ဘာမှ မပြောကြဘူး၊ ဒီလိုပုဂ္ဂိုလ်ထူးတစ်ပါး ငါ့ညောင်ပင်အောက်ကနေ ကြွသွားတာ ငါမသိလိုက်လို့ အခုတောင် တစ်ကိုယ်လုံး ပူလောင်နေတုန်းရှိသေးတယ်၊ ငါမကျေနပ်ဘူး၊ သိစေမဟဲ့" ဟု ကြိမ်းမောင်း ဆူပူနေခြင်းဖြင့်။

ထိုအခါ လူအများက . . .

"ယခုပြုကြတဲ့ ကုသိုလ်ကို ဝမ်းမြောက်ပါ၊ သာဓုခေါ်ပါ အရှင်ကြီး"ဟု ပြောဆိုကြသည်တွင်မှ သာဓု တစ်ကြိမ်ခေါ်ပြီး ထွက်ခွာသွားတော့သည်။

တစ်နေ့သောအခါ ဘုန်းတော်ကြီးသည် ပဲခူးနယ်ရှိ ကွင်းရွာတစ်ရွာသို့ ကြွမြန်းတော်မူလာသည်။ တန်ခူး၊ ကဆုန် ဆွေ့ဆွေ့ခုန်ဟူ၍ပင် ဆိုစမှတ်ပြုသည့် နွေခေါင်ခေါင် နေပူကျဲကျဲ နေ့ခင်းအချိန် ကြွတော်မူခြင်းဖြစ်၍ ရွာခံများက ကွင်းပြင်တွင် ဝါးလုံးလေးတိုင် စိုက်ကာ ပိတ်မိုး တဲကျောင်း ချက်ချင်း ပြုလုပ် လှူဒါန်းခဲ့ကြသည်။

ထို့နောက် အုတ်အော်သောင်းတင်းဖြစ်ကာ လူအများ ရောက်ရှိလာကြပြီး ဖူးမြော်ကြ၊ တရားနာ သီလယူကြသည်။ ထိုအခိုက် ရုတ်တရက် မိုးအုံ့လာကာ မိုးသားများ အုံ့ဆိုင်းမှိုင်းညို့လာပြီး အပူရှိန်မှာလည်း သိသိသာသာ လျော့နည်းအေးချမ်းသွားသဖြင့် လူများ တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ထိုကဲ့သို့ လူအများ တစ်သုတ်ပြီး တစ်သုတ် ဝိုင်းအုံကန်တော့နေကြစဉ် လယ်ကွင်းထဲရှိ ငါးခူ၊ ငါးကျည်း၊ ငါးပြေမများ အတင်းတက်လာကြပြီး လူကြားမှ တိုးဝှေ့ကာ ဘုန်းတော်ကြီးရှေ့တွင် ရပ်နား ငြိမ်သက်နေကြသည်ကို တွေ့ရပြန်သဖြင့် တအံ့တသြ ဖြစ်ကြရပြန်သည်။ ထိုငါးများကို လူများက တစ်ကောင်စီ ကောက်ယူကြပြီး ရေရှိရာသို့ သွားရောက်လွှတ်ခဲ့ကြရသည်။

ကျိုက်ထို ဆိတ်ဖူးတောင်တောရကျောင်း၌ ဘုန်းတော်ကြီး သီတင်းသုံးတော်မူနေစဉ် ကျောင်းအဝင်ဝ တံခါးအနီးတွင် ပျားများ လာရောက်၍ အုံဖွဲ့နေကြသည်။ တစ်နေ့တွင် ဒါယကာ၊ ဒါယိကာမများ ဘုန်းတော်ကြီးအား လာရောက်ဖူးမြော်ကြစဉ် ပျားများ တံခါးဝ၌ လှုပ်လှုပ်ရှားရှား ပျံဝဲနေကြသဖြင့် ကျောင်းတွင်းသို့ မဝင်ရဲဘဲ ရှိနေကြသည်။ ထိုအခါ ဘုန်းတော်ကြီးက . . .

"အဖူးအမြော် လာသူတို့ကို အသင်တို့က မနှောင့်ယှက်ကြနှင့်၊ မတားမြစ်ကြနှင့်၊ မပြုကောင်းဘူး"ဟု မိန့်တော်မူရာ ပျားများ ချက်ချင်းပင် ပျားအုံထဲဝင်သွားကြပြီး ငြိမ်သက်နေကြလေသည်။

ကျိုက်ဒေးယျုတောတွင် ဘုန်းတော်ကြီး သီတင်းသုံးတော်မူနေစဉ် တစ်နေ့တွင် ဘုန်းတော်ကြီးသည် ထူထပ်သော တောချုံပိတ်ပေါင်းအတွင်းဝယ် ငြိမ်သက်စွာ သီတင်းသုံးတော်မူနေသည်။ ထိုစဉ် ရွှေလှေရွာသားမုဆိုးကြီး ဦးကော်က သမင်၊ ဒရယ်ဖြစ်သည်ဟု ထင်မှတ်ပြီး သေနတ်ဖြင့် ချိန်၍ပစ်သည်။ မီးမထွက်သဖြင့် သုံးကြိမ်တိုင်ဆင့်ကာ ပစ်သည်။ ဤတွင်လည်း မီးမထွက်သဖြင့် ကောင်းကင်သို့ထောင်၍ ပစ်ကြည့်ရာ မီးထွက်ပြီး သေနတ်သံမှာ မြည်ဟိန်းသွားသည်။

ထိုကဲ့သို့ သေနတ်သံ မြည်ဟိန်းသွားသည့်တိုင် သားကောင်မှာ ငြိမ်သက်မြဲ ငြိမ်သက်နေသဖြင့် ချုံအနီးသို့ သွားရောက် အနီးကပ် ကြည့်ရှုရာ ဘုန်းတော်ကြီးကို တွေ့ရှိရသဖြင့် ခြေတော်အစုံကို ဖက်ပြီး . . .

"တပည့်တော်၏ အပြစ်များကို သည်းခံတော်မူပါ" ဟု တုန်တုန်ယင်ယင်ဖြင့် တောင်းပန်ခဲ့သည်။

ဘုန်းတော်ကြီးက . . .

"ဒါယကာ၊ မိမိအပြစ်ကိုမြင်၍ တောင်းပန်ကုစားခြင်းသည် ကောင်းသည်၊ နောင် ကြီးပွားကြောင်းတည်း၊



ဘုန်းတော်ကြီးဦးသီလ

ငါ သည်းခံ၏"ဟုမိန့်တော်မူလိုက်သည်။

ထိုစကားကို ကြားလိုက်ရသဖြင့် ဦးကော်သည် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ . . .

"တပည့်တော်သည် ယနေ့မှစ၍ အသက်ထက်ဆုံး ဤဒုစရိုက်အကျင့်ယုတ်မှ ရှောင်ကြဉ်ပါတော့မည်"ဟု ဝန်ခံကာ အိမ်ပြန်သွားသည်။ မကြာမီ ဦးကော်သည် ရသေ့ဝတ်၍ ဆယ်ပါးသီလ စောင့်ထိန်းခဲ့သည်။

ထို့နောက် ဘုန်းတော်ကြီးကဲ့သို့ပင် ကျင့်ကြံပါတော့မည်ဟု အဓိဋ္ဌာန်ပြုကာ ရဟန်းဝတ်ပြီး ဧကသနိက် ပတ္တပိုဏ် ပုံသကူဓုတင်ဆောင်လျက် တောကျောင်း၌ နေလေသည်။ သက္ကရာဇ် ၁၂၆၃ ခုနှစ်တွင် ဘုန်းတော်ကြီးဦးကော်ဟူ၍ ထင်ရှားကျော်ကြားလျက် တိုက်ကုလားတောင်ခြေ ကျောက်တစ်လုံးတောရ၌ ဝါကပ်၍နေတော်မူခဲ့သည်။

ဘုန်းတော်ကြီးသည် မိမိထံ ရောက်လာကြသော ရဟန်းတို့ကို လက်ချည်း ပြန်ရသည် မရှိရလေအောင် သက်နှ်းစသည်ဖြင့် ချီးမြှင့်တော်မူလေ့ရှိသည်။ အချို့ရဟန်းများသည် ပစ္စည်းငဲ့၍ သွားသည်ဟုပင် ကဲ့ရဲ့ခဲ့ကြရသည်။ တစ်နေ့တွင် မဟာစေတီဆရာတော် ဦးဂုဏသည် တပည့်ရဟန်းတစ်ပါးကို အဖော်ခေါ်၍ ဘုန်းတော်ကြီးထံသို့



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့သည်။ တပည့်ရဟန်းက ပစ္စည်းပေးလျှင် ယူရမည်ကို ရှက်သဖြင့် ဘုန်းတော်ကြီးထံ တစ်ကြိမ်မျှ မသွားရောက်ခဲ့ဖူးချေ။

ထိုရဟန်းသည် နောက်မှလိုက်သွားစဉ် လမ်းခရီး၌ စိတ်အကြံဖြစ်သည်မှာ 'ဘုန်းတော်ကြီးထံရောက်၍ ပေးသော ပစ္စည်းကို မယူလျှင်လဲမကောင်း၊ ယူလျှင်လဲ ရှက်ဖွယ်ဖြစ်ချေ၏၊ ဘာမှ မပေးမူ ကောင်းလေစွ၊ ဘာမှမပေးပါစေနှင့်"ဟူ၍ ဖြစ်ပေါ်ကာ တစ်လမ်းလုံးပင် ဆုတောင်း၍လာသည်။

ကျောင်းသို့ ရောက်သောအခါ ဘုန်းတော်ကြီးသည် ထိုဆရာတပည့်နှစ်ပါးကို ကိုယ်ကျင့်တရားနှင့်စပ်လျဉ်း၍ များစွာဆုံးမတော်မူပြီးလျှင် ဘာကိုမျှ မပေးဘဲ "ပြန်ကြတော့" ဟု မိန့်တော်မူလေသည်။ သို့ဖြစ်၍ ထိုရဟန်းက ဘုန်းတော်ကြီးသည် သူတစ်ပါး စိတ်အကြံကို သိနိုင်သော ပရစိတ္တဝိဇ္ဇာမယအဘိညာဉ်ရသူဖြစ်သည်ဟု ယုံကြည်သွားတော့သည်။

ထိုရဟန်းပင် ဝမ်းပတောသို့ ရောက်သွားခိုက်တွင် ဘုန်းတော်ကြီးသည် ကျိုက်ထိုမှ ဝမ်းပတောသို့ နောက်ပါသံဃာတော်များဖြင့် ကြွရောက်တော်မူလာသည်။ ထိုအခါ ထိုရဟန်းသည် ဘုန်းတော်ကြီး သူတစ်ပါးစိတ်အကြံကို သိသည်ဟု ယုံကြည်ထားသည့်အတိုင်း ဘုန်းတော်ကြီး အပန်းဖြေ ဝတ်ပြုရန်အတွက် အနားသို့သွားသည်။ ထိုသို့ သွားစဉ် 'မိမိအား အလွယ်တကူ ဝတ်ဖြည့်ခွင့် ပေးပါစေ၊ မိမိအား ဦးပဉ္စင်း ဘယ်ဒေသကလဲ၊ ဘယ်သူလဲ မမေးပါစေသတည်း'ဟုဆုတောင်း၍သွားသည်။ ထို့နောက် အသာအယာပင်ဝပ်၍ ခြေတော်ကို ဆုပ်နယ်ကာ ဝတ်ဖြည့်သည်။ နှစ်နာရီခန့် ကြာသောအခါ 'တော်လောက်ပြီ၊ သွားတော့' ဟု တစ်ခွန်းတည်းသာ မိန့်တော်မူခဲ့သည်။

ဤကိုယ်တွေ့ဖြစ်ရပ် နှစ်ခုဖြင့်ပင် ဘုန်းတော်ကြီးသည် ပရစိတ္တဝိဇ္ဇာနန အဘိညာဉ် ကေန်ရရှိသူဖြစ်ကြောင်း ထိုရဟန်း အခိုင်အမာယုံကြည်သွားတော့သည်။ ထိုရဟန်းသည်ကား နောင်အခါ မဟာစေတီဆရာတော်ဟု ထင်ရှားကျော်ကြားလာသော အရှင်ဂန္ဓမာ ပင်ဖြစ်သည်။

ဘုန်းတော်ကြီးဦးသီလ ရောက်လေရာဌာနဝယ် လာဘ်စသည် ပေါများနေရခြင်းမှာ ဒလန်ကြောင့်ဟု စိတ်စွဲလျက်ရှိသော ဆရာတော်တစ်ပါးသည် ပဲခူးကျောင်းတိုက်ကြီးတစ်ခု၌ သီတင်းသုံးလျက်ရှိသည်။ တစ်နေ့နံနက် ၃ နာရီခန့်တွင် ထိုကျောင်း၏ ကျောင်းတံခါးခေါက်သံ ကြားသဖြင့် ဖွင့်ကြည့်ရာ ဘုန်းတော်ကြီးဦးသီလ ကြွလာခြင်းဖြစ်ကြောင်း သိလိုက်ရသဖြင့် ကျောင်းထဲသို့ပင့်ကာ နေရာပေးပြီး ဝတ်ပြုလေသည်။

ဘုန်းတော်ကြီးက ထိုကျောင်းဘုန်းကြီးအား မနားတမ်းပင် ဆက်ကာ ကိုယ်ကျင့်တရားများ ဟောပြောတော်မူသည်။ ဘုန်းတော်ကြီး ဟောပြောမှုများကို နားထောင်ရင်းပင် ထိုကျောင်းဘုန်းကြီး၏ စိတ်တွင် 'ဘုန်းတော်ကြီးသည် ဆွမ်းခံ၍သာ စားရသည်၊ ဒါယကာများအား အကြောင်းကြားရန်မှာလဲ အချိန်မရှိ နံနက်ဆွမ်းခံကြွလျှင် ကျောင်းသား ကပ္ပိယတို့ကို မုန့်သေတ္တာများ လောင်းလှူခိုင်းရပေတော့မည်' ဟု အကြံဖြစ်လျက် ရှိနေလေသည်။

သို့ဖြစ်၍ ဘုန်းတော်ကြီး ဟောကြားနေသော တရားများကိုပင် မသိလိုက်ဘဲ ရှိလေသည်။

အရုဏ်တက်ပြီး လင်းချိန်ရောက်သောအခါ ဘုန်းတော်ကြီးဦးသီလက 'အချိန်တော်လောက်ပြီ'ဟုဆိုကာ သပိတ်လွယ်လျက်ထတော်မူလေသည်။ ကျောင်းဘုန်းကြီးလည်း ထက်ကြပ်မကွာလိုက်သွားပြီး တံခါးကို ဖွင့်ပေးလိုက်သောအခါ လူပေါင်းများစွာ ဆွမ်းလောင်းရန် စောင့်နေကြသည်ကို တွေ့ရသဖြင့် လွန်စွာ အံ့ဩသွားပါတော့သည်။

ထိုလူအုပ်ကြားတွင် ထင်ရှားသော ကျောင်းဒါယကာ ဦးချိန်လည်း ရောက်နေသည်ကို ကျောင်းဘုန်းကြီး မြင်သဖြင့် ပို၍ပင် အံ့ဩသွားသည်။ ဆွမ်းလောင်းကြပြီးနောက် ဦးချိန်ကို မေးကြည့်ရာ ဦးချိန်က . . .

"ရဟန္တာတစ်ပါး ကြွလာသည်၊ ဆွမ်းသွားလောင်းချေ" ဟု အိပ်မက်မက်သဖြင့် အိပ်မက် မှန်မှန် မှားမှား ဆွမ်းလောင်းခြင်းကားမမှားဟု သဘောထားကာ လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမှပင် ဘုန်းတော်ကြီးရောက်နေသည်ကို သိခြင်းဖြစ်ကြောင်း လျှောက်တင်လေသည်။

ကျန် ဒလှူရှင်များကလည်း အချို့က အိပ်မက်မက်၍၊ အချို့က အိမ်နီးချင်းပြော၍ လိုက်ပါလာရခြင်းဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားကြသည်။ ထိုအခါမှပင် ကျောင်းဘုန်းကြီးမှာ မိမိမှားကြောင်း သိရသဖြင့် စိတ်မချမ်းမသာဖြစ်ကာ ဘုန်းတော်ကြီးသည် မိမိစိတ်အကြံကိုလည်း ကေန်သိနေသည်ဟု ယုံကြည်သွားတော့သည်။

(ဆက်ရန်)

❒ မင်းဂုဏ်

**စာကိုး**

၁။ တောရဘုန်းတော်ကြီးဦးသီလ၏ ခန္ဓာဝန်ချ နှစ်ငါးစ်ရာပြည့် အထိမ်းအမှတ် ရာပြည့်ဖော်ညွှန်းမြတ်မော်ကွန်း၊ ရွှေညဝါတေဇ။

၂။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ မြမ္မာစရိယ ဦးဌေးလှိုင်။

၃။ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများ၊ ဘိုမင်းဖြူ (ဥပဒေ)

၄။ ဇလွန်မြို့ ကျက်သရေဆောင် ပြည်တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓုပ္ပတ္တိနှင့် ဘုန်းတော်ကြီးဦးသီလ၏ အံ့မခန်းဖြစ်ရပ်များ၊ မာမက (သုတေသီ)။





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အလိုတော်ပေါက် ကမ်းခြေဦးကနေ လက်ပြန့်တံဆက် ထွက်ခွာလာကြတဲ့အခါ မွန်းလွဲ ၂ နာရီလောက်ရှိပြီ။ ဒီအချိန်ဟာ ရန်ကုန်မှာဆိုရင်တော့ ကျောရော ရင်ရော ကော့နေအောင် ပူနေပြီပေါ့။ တတ်နိုင်တဲ့သူတွေက အဲယားကွန်းခန်းထဲမှာ သဘာဝအပူဒဏ်ကို အန်တုဖက်ပြိုင် ပြက်ရယ်ပြုနိုင်ကြပေမယ့် ဘဝသမား လူတန်းစားတွေခမျာမှာတော့ 'နွေကန္တာနေပူကြီးမှာ ဘယ်ထီးမှဖော်မပါ' ဆိုသလိုပါပဲ။ အပူဒဏ်ကို လည်စင်းပြီး ခံကြရရှာတယ်။ တချို့ ဘဝအကျိုးပေးထူးချွန်ကောင်းမွန်သူတွေကျပြန်တော့ သဘာဝအတိုင်း အေးမြတဲ့ အရသာကို ခံစားဖို့ ပြင်ဦးလွင်တို့လို၊ ကလောတို့လို သာယာအေးချမ်းတဲ့ ဒေသတွေမှာ နွေအပူကို ရှောင်ကြတယ်။

အဲဒီလို နွေအပူကို ရှောင်ကြစတမ်းဆိုရင်တော့ အခုရောက်ရှိနေတဲ့ အင်းလေးဒေသဟာလည်း ပထမတန်း အေးချမ်းတဲ့နေရာလို့ ဆိုရပေလိမ့်မယ်။ ကြည့်လေ၊ အင်းလေးမှာ ရွာတဲ့မိုးက အခုထက်တိုင် မစဲနိုင်သေးပါဘူး။ ရှစ်ခွင်တိုင်းပြာလဲ့လဲ့ မှိုင်းနေတဲ့ တောင်တံတိုင်းကြီးတွေကြားမှာ မိုးပုလဲပန်းလေးတွေက သွန်းဖျန်းဖွေရွာနေဆဲပါပဲ။ အေးလိုက်တာမှ စိမ့်နေပါရော။

ဒီလိုအေးစိမ့်နေပေမယ့် ဘုရားဖူးအဖွဲ့ဝင် သူတော်စင်တွေကတော့ ပျော်ရွှင်ကြည်နူး ဝမ်းမြောက်မြူးထူးနေကြတယ်။ ကုပ်ချောင်းချောင်းလေးတွေ ဖြစ်မနေကြဘူး။ ရယ်မောပျော်ရွှင် တေးသံလေးတွေ လွင်နေပါလေရော။

တကယ်တော့ ပျော်ရွှင်မှုဆိုတာက အလှတရားနဲ့ ဆက်စပ်နေတာ မဟုတ်လား။ အလှတရား ဆိုတာကလည်း လွတ်လပ်ငြိမ်းချမ်းမှုနဲ့ ဆက်နွယ်နေပြန်တယ်။ ငြိမ်းချမ်းမှု မရှိရင် အလှတရားတွေ မပွင့်ဖူးနိုင်ဘူး။ ငြိမ်းချမ်းမှု ကင်းမဲ့ရင် လွတ်လပ်ရေးဆိုတာ အထီးကျန်နေလိမ့်မယ်။ ငြိမ်းချမ်းရေး ကင်းမဲ့ပြီး လွတ်လပ်ရေး အထီးကျန်ပြီဆိုကတည်းက အလှတရားတွေဟာ မလန်းဆန်းနိုင်တော့ပါဘူး။ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ အလှတရား ဖွံ့ဖြိုးရေးတွေ ပျောက်ကွယ်နေခဲ့ရင် အဲဒီအရပ်ဒေသဟာ 'ပစ္စန္တရစ်' နဲ့ ဘာမှ မခြားတော့ပါဘူး။

ပစ္စန္တရစ် (ပစ်စန်တရစ်) ဆိုတာက နယ်စွန်နယ်ဖျားလို့ အဓိပ္ပာယ်ရှိတယ်။ နောက် အဓိပ္ပာယ်တစ်မျိုးက သာသနာမထွန်းကားတဲ့အရပ်လို့ ပြောပါတယ်။ ဒါက ဝေါဟာရပုဒ်ရင်းရဲ့ အဓိပ္ပာယ်တွေ ဖြစ်ပါတယ်။ ဂယက်အနက်လို့ခေါ်တဲ့ ဆင့်ပွားဖြာထွက်လာတဲ့ အနက်အဓိပ္ပာယ်တွေကတော့ တော်တော်လေးကို ကျယ်ပြန့်ပါတယ်။ အဲဒီအထဲကမှ ခြုံငုံပြီး ပြောရရင် စီးပွားရေး၊ ကြီးပွားရေး ချုပ်ချယ်နေတဲ့ အရပ်ဟာ ပစ္စန္တရစ်၊ အသိပညာ၊ အတတ်ပညာ အောက်တန်း နောက်တန်း ရောက်နေတဲ့အရပ်ဟာ ပစ္စန္တရစ်၊ ဗုဒ္ဓသာသနာရဲ့ အဆုံးအမတွေ မထွန်းလင်း မပျံ့နှံ့တဲ့ အရပ်ဟာ ပစ္စန္တရစ် ဖြစ်ပါတယ်။

အခု အင်းလေးဒေသကို ကြည့်လိုက်စမ်းပါ။ သဘာဝတောတောင်ရေမြေ အလှတွေဟာ ပွင့်ပွင့်ဝေဝေဘာနေလိုက်တာ ရွှန်းရွှန်းမြမြ ဝင်းဝင်းပပ။ သားနားရောင်ငါ ထွန်းလင်းဝေဖြာနေလိုက်တာကလည်း တနင်္ဂနွေခြောက်ရှိန် ထိန်ထိန်ညီးညီး။ လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေး ခံစားရတာကလည်း ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်။ ထိုနည်းအတူ မြန်မာပြည်တစ်ဝန်းမှာလည်း ဘဝကိုယ်စီမှာ အလှတရားတွေ ဟိမ်မော့ဝေကင်း ထွန်းလင်းစေချင်တယ်။

တဖြည်းဖြည်း ဝေး၍ ဝေး၍လာခဲ့တဲ့ အလိုတော်ပေါက် စေတီတော်မြတ်ကြီးကို နှုတ်ဆက်ကြည့်ညိုရင်း ရင်တွင်းမှာ အတွေးလှိုင်းကလေးတွေ ခေါက်မြူးနေကြတယ်။

ကြည့်လေလေတိုင်းမှာလည်း ပြေပြင်ကျယ်ပ ပတ်လည်ဝိုင်းနေတာမို့ ကားကျပ်၊ လူကျပ်၊ လမ်းကျပ်၊ အနေကျပ်၊ အသေကျပ်၊ အစားကျပ်၊ အသောက်ကျပ် စတဲ့ 'ကျပ်မြို့တော်ကြီး'က လာခဲ့ရသူအဖို့ 'သုခဘုံ' ကိုရောက်နေသလို ခံစားနေမိတယ်။ ရန်ကုန်မှာက သိတဲ့အတိုင်းပါပဲ၊ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါး စက်ဘီးချိန်တစ်ရစ်ချင်း အရစ်ခံရသလို တစ်နှစ်ထက် တစ်နှစ် တစ်ခေတ်ထက် တစ်ခေတ် ကျပ်နေတယ်။ ဘာသာရေးနှုန်း ကျောင်းရေး၊ ညာဈေးနှုန်း ကျဆင်းရေး ထအော်သူတွေသာ 'ဒိုးကရေစီ သူရဲကောင်း' ဘွဲ့တွေ ရသွားကြပေမယ့် 'မိဘပြည်သူများခမျာ' မှာတော့ 'ကျပ်လူသား' တွေ ဘဝကနေ မကင်းနိုင်ကြ။ ဟိုတုန်းက 'ဆန်တစ်ပြည် ဆယ့်ငါးကျပ်' ဖြစ်သွားလို့ ဟိုဘာဖြတ်မယ် ဒီဟာဖြတ်မယ် လုပ်ခဲ့ကြပေမယ့် အခု 'ဆန်တစ်ပြည် တစ်ထောင်ကျော်' သွားတဲ့အခါမှာတော့ ဘာဖြတ်ရမှန်းတောင် မသိကြတော့ပါဘူး။

ဟိုတုန်းက အိမ်ခန်းငှားခ တစ်လ 'နှစ်ဆယ့်ငါးကျပ်' ပေးနေရတုန်းက 'ခညွှသည်လာလို့ အေးစရာမရှိတယ်၊ ခညွှသည်လာလို့ ကျွေးစရာမရှိတယ်၊ ပြောဘာ လွှားကာ ဆန်ဝယ် ဆီဝယ်' တေးသီဖွဲ့ခဲ့ကြတယ်။ အခု အိမ်ခန်းငှားခ တစ်လ 'သိန်းချီ' လာတဲ့အခါမှာတော့ 'အောက်ကကြည့်လည်း မလုံမလုံ၊ အထက်ကကြည့်လည်း မလုံမလုံ' ဖြစ်ကုန်ကြပြီ။

ဟိုတုန်းက လူသွားစင်္ကြံ (ပလက်ဖောင်း)တွေဟာ ထွေခင်းတမ်း၊ ရုပ်ဗိုးပစ်တမ်း၊ အားခင်သင့်ရင် ဘောလုံးကန်တမ်း ကစားနိုင်လောက်အောင် ကျယ်ဝန်းခဲ့ပေမယ့် အခုတော့ လူတစ်ယောက်ချင်း တန်းစီလျှောက်နေရပြီ။ မြို့ထဲမှာက ယာဉ်ကြောတွေ ချောင်ချိရေးအတွက် လူသွားစင်္ကြံတွေကို



www.burmeseclassic.com

www.burmeseclassic.com



စတေးလိုက်ရသလို မြို့သစ်တွေဘက်မှာတော့ 'ကျူးကျော် ဝင်းခြံနဲ့ ပန်းခြံ'တွေကြောင့် လူသွားစင်္ကြံတွေပျောက်ပြီး ရဟန်းရှင်လူတွေ (ကားဆရာရဲ့ ကြိမ်းမောင်းသံကို နောက်ခံ တေးလုပ်ပြီး) ကားလမ်းပေါ် လမ်းလျှောက်နေရပြီ။

ဩော်. . . ဒါကြောင့် 'အောက်ကကြည့်လည်း မလုံ မလုံ၊ အထက်ကကြည့်လည်း မလုံ မလုံ၊ ရှေ့ကကြည့်လည်း မလုံ မလုံ၊ နောက်ကကြည့်လည်း မလုံ မလုံ၊ မြန်မာဆိုတာ မယုံရေးချ မယုံ' တွေ ဖြစ်ကုန်ကြတယ် ထင်ပါရဲ့။

မြန်မာဘုရင်တွေ လက်ထက်တုန်းကတော့ 'မြန်မာ တွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ရတယ်'လို့ လက် ညှိုးထိုးကြတယ်။ မျက်မှောက်ခေတ် လွတ်လပ်တဲ့ မြန်မာနိုင်ငံ တော်ကြီးမှာတော့ သစ်တောတွေပျောက်၊ မြစ်ချောင်းတွေ ပျောက်၊ လယ်ယာတွေပျောက်၊ သဘာဝဝန်းကျင်တွေပျောက်၊ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အနုလက်ရာတွေပျောက်၊ အသက်တွေပျောက်၊ လူသွားစင်္ကြံတွေပျောက်၊ နောက်ဆုံး ဘာသာ သာသနာပျောက်၊ လူမျိုးပါပျောက်မသွားရအောင် အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရပါလိမ့်မယ်။

လွတ်လပ်ငြိမ်းချမ်းနေတဲ့ အင်းလေးရေပြင်ကျယ်ထက် မှာ မလွတ်လပ် မငြိမ်းချမ်းတဲ့ ဘဝအရေးတွေအတွက် အတွေးစတွေ ဖြာထွက်သွားလိုက်တာ အင်းလေးရဲ့ မိုးရေ စက်တွေတောင် အငွေ့ပြန်သွားလေရော့သလား မပြောတတ် တော့ပါဘူး။ အင်းလေးမှာ ရွာတဲ့မိုးရေ၊ လွတ်လပ်ရေး၊ ငြိမ်း ချမ်းရေး ပန်းကလေးတွေ လန်းဆန်းဝေဆာအောင် ရွာပါစေ ရွာပါလေ။

အင်းလေးမှာရွာတဲ့ မိုးရေစက်တွေကို မျက်နှာမော့ပြီး ခံယူလိုက်မိတယ်။ တသုန်သုန် တိုက်ခတ်နေတဲ့ လေရူးသုန် သုန်ကိုလည်း အားရပါးရ ရှူလိုက်တယ်။ အား. . . ငြိမ်းတယ်၊ ချမ်းတယ် ရွှေအင်းလေးရေ။

အဲဒီလို အားရပါးရ ဟစ်ကြွေးသံဟာ လမ်းတစ်ဝက် မှာတင် ရပ်သွားတယ်။ ပိုင်နယ်တီ ကန်လိုက်တဲ့ ဘောလုံး ဘားတန်းထိပြီး လျှံထွက်သွားသလိုပေါ့။

ဘာကြောင့်လဲတဲ့၊ ဟုတ်ကဲ့၊ 'ပွဲတင်သံ'ဂျာနယ်ထဲမှာ ဖတ်လိုက်ရတဲ့ ဆောင်းပါးတစ်ပုဒ်ကြောင့်လို့ ဆိုပါတော့။ ဆောင်းပါးရှင်က 'ကောင်းဆက်နိုင်'၊ ဆောင်းပါးခေါင်းစီးက 'အင်းလေးဘောခဲ့စရိယာ အရှုပ်တော်ပုံ' ကွဲ။ ဆောင်းပါးရှင်က သူ့ဆောင်းပါးခေါင်းစီးမြှင့်လိုက်တာနဲ့ ဘာခနဲ ဟင်ခနဲ ဖြစ် သွားရော့လားဘယ်လို့များ စိတ်ကူးမိလေရော့သလားလို့တော့ မဆိုနိုင်ပါဘူး။ အင်္ဂလန်တို့ အမေရိကန်တို့လို ဒီမိုကရေစီ ဘိုးအေကြီးတွေရဲ့ နိုင်ငံမှာဆိုရင်တော့ ဒီခေါင်းစီးမျိုးနဲ့ ဆောင်းပါးဟာ အင်မတန်ကြီးကျယ်တာပေါ့။ ပြည်သူလူထုက အထူးစိတ်ဝင်စားသလို သက်ဆိုင်ရာ တာဝန်ရှင်တွေ အဖို့ ရာမှာလည်း ချောက်ချားထင်စရာဘူး။ တစ်ကိုယ်လုံး လျှော့လျှင်လှုပ် သွားတဲ့ ဆောင်းပါးမျိုးပါပဲ။

ဒီလိုမျိုး 'အရှုပ်တော်ပုံ' နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ဂိုက်ရေး ဂိုက်ရှာတွေထင် မောဘူး။ ဂိုက်ချုပ်ဂိုက်အုပ်တွေ ကိုပါ အဓိကထုပ်ပြီးတော့ အမိန့်ရှုတ်တဲ့ နိုင်ငံကြီးတွေဆိုတော့ မီဒီယာတွေက 'အရှုပ်တော်ပုံ'ခေါင်းစီးနဲ့ ဆာထက် အကျွရာ တင်လိုက်ပြီဆိုရင် အားလုံး အုတ်အော်သောင်းတင်း ပွဲတူး ပြတဲ့တွေ ဖြစ်ကုန်တော့တာလေ။ ဆိုပါတော့ 'စီဒိုင်အေ အရှုပ်တော်ပုံ၊ 'ဝန်ကြီးပုဂ္ဂိုလ်ကျော် လိင်အရှုပ်တော်ပုံ' ဆိုတာ မျိုးတွေ။

ကံကောင်းထောက်မစွာ မြန်မာပြည်မှာ လူဖြစ်လာ ရတဲ့ အီဗေကိုယ်တို့လို သခင်မျိုးပေ့ အမျိုးသားတွေအတွက်က တော့ ဒီလိုမျိုး 'အရှုပ်တော်ပုံ' တို့ 'အရေးတော်ပုံ' တို့ ဆိုတာ တွေက ချိုမိုင်မိုင်အဆင့်မှာပဲ ရှိတာလေ၊ လှုပ်လေ ပြုပ်လေ ကိုရွှေတုတ်ရေ ဆိုသလိုပေါ့၊ ရှုပ်လေ ဟုတ်လေ မဟုတ်လား။ စီးပွားရေးတို့၊ နိုင်ငံရေးတို့၊ ပညာရေးတို့နဲ့ ပတ်သက်လာရင် ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံဟာ ဘယ်အဆင့်မှာ ရှိသလဲဆိုတာ နဲ့ ပတ်သက်ပြီး ယနေ့ ထွက်ပေါ်နေတဲ့ မရေမတွက်နိုင်သော သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ဖော်ပြနေတာမျိုး တစ်ခါလာလည်း မဲပြာပုဆိုးလို့ အပြောခံရမှာစိုးလို့ မရေး တော့ပါဘူး။

ဒါပေမယ့် 'အရှုပ်တော်ပုံ' နဲ့ပတ်သက်လာရင်တော့ ကမ္ဘာပေါ်မှာ မြန်မာဟာ ထိပ်ဆုံးက ဆယ်နိုင်ငံထဲမှာ ခပ် တင်းတင်းပါနေမှာကတော့ တစ်ရေးနိုးလာပြောလည်း မလွဲ နိုင်ဘူး ထင်ပါတယ်။

အဲဒီလို မလွဲနိုင်တဲ့ အရှုပ်တော်ပုံတွေဟာ မြန်မာနိုင်ငံ မှာတော့ 'စိမ်း ကြာတည့် နှောင်းပုံပြင်'တွေပါပဲ။ ဆိုလိုတာ က မြန်မာနိုင်ငံက အရှုပ်တော်ပုံတွေဟာ ပြည်သူလူထုနဲ့ စိမ်း လွန်းလှပါတယ်။ ကင်းကွာလွန်းလှပါတယ်။ စိမ်းလွန်း၊ ကင်း ကွာလွန်းတာတွေ ကြာလာတဲ့အခါ ပုံပြင်ပမာ ဒဏ္ဍာရီ အလား နှောင်းပုံပြင်တွေ ဖြစ်သွားကြတယ်လို့ ဆိုလိုပါတယ်။ ပွင့်လင်းမြင်သာမှုဆိုတာ သမဝါယမဆိုင်မှာ တန်းစီတိုးပြီး ဆန်ဝယ်စားရတဲ့ အခြေအနေမျိုးမှာတောင် မရှိခဲ့လေတော့ နိုင်ငံတော်နဲ့ ပြည်သူလူထုဟာ ကြာလေ ဝေးလေ၊ ဝေးလေ စိမ်းလေ ဖြစ်ခဲ့ရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် နိုင်ငံတော်မှာ ပေါ်ပေါက်လာတဲ့ 'အရှုပ်တော်ပုံ' တွေဟာ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကြီးတဲ့အမှု ငယ်စေ၊ ငယ်တဲ့အမှု ပပျောက်စေ ဖြေရှင်းလိုက်တာမျိုးကိုလည်း မြန်မာနိုင်ငံလူထုဟာ အကြောင်းသား ဒေးကြည့်ရှုံကလွဲပြီး စိတ်ဝင်တစား မရှိခဲ့ကြပါဘူး။

အခုလည်း လာပြန်ပြီ။ 'အင်းလေး ဘေးမဲ့ဇရိယာ အရှုပ်တော်ပုံ' တဲ့။ အင်းလေးကန်ထဲမှာ လှေတစ်စင်းနဲ့ ရောက်နေတာဆိုတော့ အင်းလေးကန်နဲ့ ပတ်သက်နေတဲ့ အရှုပ်တော်ပုံကို စိတ်ဝင်စားမိတာ လက်တွေ့ကျတယ် ထင်ပါတယ်။ မူရင်းအာဘော်နဲ့ ကွဲလွဲမသွားစေချင်တဲ့အတွက် ဆရာကောင်းဆက်နိုင်ရဲ့ မူရင်းအာဘော်အတိုင်း ကောက်နုတ်ပြလိုက်ပါတယ်။

"အခြားမကြည့်နဲ့၊ ကမ္ဘာကျော်ရှုခင်းအလှနဲ့ အင်းလေးဒေသကြည့်၊ ငါးမျိုးစိတ်တွေတော့ မေးမနေနဲ့တော့၊ ငါးဖိန်းငါးတွေတောင် မရှိတော့ဘူး၊ ငါးမျိုးတွေ ထားပါတော့၊ ဒီတိုင်းဆက်သွားရင် နောင်တစ်ချိန် အင်းသားလူမျိုးတွေတောင် ကျန်မှာမဟုတ်တော့ဘူး၊ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတဲ့အတွက် သဘာဝပတ်ဝန်းကျင်က လူတွေကို ပြန်သတ်တဲ့ အကောင်းဆုံးဥပမာကို အင်းလေး 'ကေလာရွာ' မှာ တွေ့နိုင်တယ်။

ကမ္ဘာ့လှည့်ခရီးသည်တွေဟာ အင်းလေးကန်ထဲ လှည့်ကြပတ်ကြတာနဲ့ မြန်မာလူမျိုးဆိုတာ ဘယ်လိုလူမျိုးလဲ သိသွားပြီ။ မျက်နှာလေးက ပြုံးနေသလောက် အလွန်ညစ်ပတ်တဲ့ လူမျိုးပဲဆိုတာ၊ အင်းလေးကန်ထဲမှာကြည့်လိုက် အမှိုက်သရိုက်တွေ၊ ပလတ်စတစ်မျိုးစုံတွေ၊ ဘူးခွံတွေ မြင်ရမယ်။ မမြင်ရတာ ရှိသေးတယ်။ ပိုးသတ်ဆေးတွေ၊ မြေဩဇာတွေ၊ မိလ္လာမစင် အညစ်အကြေးတွေ၊ စွန့်ပစ်အမှိုက်တွေ၊ ပီအိပ်ချ်စမ်းသပ်မနေနဲ့၊ မျက်စိနဲ့မြင်ရုံနဲ့ သိပါတယ်။ အရင် အင်းလေးက ကြည်စိမ်းပြီး ရေမှော်ပင်နဲ့ ငါးတွေတောင် မြင်ရတယ်။ အခု နောက်ကျိကျိ။

ခုနကပြောတဲ့ 'ကေလာရွာ'က အင်းလေးအလယ်လောက်မှာရှိတာဆိုတော့ အဆိုးဆုံးပဲ။ ရွာထဲမှာတင် အိမ်သာတွေထားတယ်။ မီးဖိုချောင်အမှိုက်တွေ စွန့်တယ်။ သောက်ရေ သုံးရေကျတော့ ခပ်ဝေးဝေး သွားခပ်ကြတယ်။ ရေပြင်ဆိုတော့ ဝေးပေမယ့်လည်း တစ်ဆက်တည်း မဟုတ်လား။

ရွာပတ်ဝန်းကျင်မှာ ကျွန်းမျောတွေနဲ့ ခရမ်းချဉ်သီးစတဲ့ သီးနှံတွေ စိုက်ကြတယ်။ ကျွန်းမျောဆိုတာကတော့ လူတွေဖန်တီးထားတဲ့ ရေပေါ်စိုက်ခင်းတွေပေါ့။ ရေပြင်အောက်က ရေမှော်တွေကိုဆယ် မရွေ့အောင် ဝါးနဲ့စိုက်ချည်ပြီး မြေနည်းနည်းဖို့ လုပ်ထားတာပေါ့။ ဝင်ငွေလည်း ကောင်းပါ။ ရုပ်ရှင်ထဲမှာလည်း ကျွန်းမျောစိုက်ခင်း လှလှလေးတွေ တွေ့ဖူးကြမှာပေါ့။ ကျပ်မျက်စိထဲမှာတော့ အဲဒီကျွန်းမျော



တွေဟာ လူသတ်ကောင်တွေပဲ။ ကျွန်းမျောပေါ်မှာ စိုက်ကြ၊ ပျိုးကြ၊ မြေဩဇာတွေ အလျှံပယ်ထည့်၊ ပိုးသတ်ဆေးတွေ ပေါပေါဖျန်း၊ ဒီရေတွေကို ပြန်သုံး၊ ဒီငါးတွေ ပြန်စား ဆိုတော့ ငါးမျိုးသုဉ်းတာ အသာထားလိုက်ဦး၊ လူတွေတော့ တစ်လောင်းပြီး တစ်လောင်းပဲ။

သဘာဝ ပတ်ဝန်းကျင်ကို ဖျက်ဆီးလို့ ပတ်ဝန်းကျင်က ကိုယ့်ပြန်သတ်နေတာ။ 'ကေလာရွာ' က သေဆုံးသူတွေကို ရင်ခွဲကြည့်တော့ ယောက်ျားဆိုရင် ဆယ်ယောက်မှာ ရှစ်ယောက်က အသည်းကြီးနေကြတယ်။ မိန်းမ ဆယ်ယောက်မှာ ရှစ်ယောက်က သားအိမ်ရောင်ရမ်းနေကြတယ်။

ဒီကြားထဲ အင်းလေးကန်က လည်း ဒီတိုင်းထားရင် မကြာခင် ကောတော့မှာ။ တစ်နှစ်က ဆိုရင် ရေမရှိတော့ဘဲ မြေကြီးတွေ ပေါ်လာလို့ စက်လှေနဲ့ သွားတော့ဘဲ ကားတို့ ဆိုင်ကယ်တို့နဲ့ သွားကြရမယ့်ကိန်း ဆိုက်ခဲ့တယ်၊

နာမည်က ဘေးမဲ့ဇရိယာ၊ အင်းလေးကန်ကြီး အန္တရာယ် မကျရောက်စေဖို့ ဘယ်သူမှ အနှောက်အယှက် ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ သဘာဝကို ဖျက်ဆီးခြင်း မလုပ်ရအောင် ဘုတ်တိုင်တွေ စိုက်ထူပြီး ဥပဒေနဲ့ ကာကွယ်ထားတာပါ။ တာဝန်ခံတွေတောင် ထားလိုက်သေးတယ်။ အင်းလေးဘေးမဲ့ဇရိယာထဲမှာ ဘယ်သူတွေ တင်းတင်းရင်းရင်း ဟိုတယ်တွေ ဆောက်နေသလဲ သွားကြည့်ပါ။ ဘေးမဲ့ဘုတ်တိုင်တွေတောင် သူတို့ရဲ့ခြံဝင်းထဲ ရောက်နေရရှာတယ်။ ကြာလာရင် ဆွဲနုတ်ပြီး လွှင့်ပစ်မှာ သေချာတာပေါ့။

အင်းလေးကန်စပ်မှာ ကျောက်မြေကျင်း နှစ်သိန်းခွဲဖို့ပြီး ဖျက်ဆီးနေတာ ဒေသခံတွေ ဝိုင်းကန့်ကွက်လို့၊ ဒါတောင် ကျင်းတစ်သိန်း ဖို့ပြီးသွားပြီ၊ (-----) ဘေးမဲ့ဇရိယာ ဖာတ်လမ်းရှုပ်ပုံက သပွတ်အူပါပဲ။ သူတို့တစ်တွေကိုလည်း အချို့ဒေသခံတွေက ကန့်ကွက်တော့ လူသိမှာကြောက်ပြီး ပေးလိုက်ကြရတယ်တဲ့။ မြေဈေးကလည်း သူတို့လုပ်လိုက်တာ တစ်ဧကကို သိန်း ၂၅၀၀ ပတ်ဝန်းကျင် ဖြစ်ကုန်သတဲ့။

ကျုပ်အဖေက အစိုးရအမှုထမ်းဆိုတော့ 'အင်းလေးနမ့်ပန်' မှာလည်း နေဖူးခဲ့တယ်။ အင်းသားတစ်ပိုင်းဆိုလည်း မမှားဘူးပေါ့။"

အင်းလေးရဲ့ 'စိမ်း-ကြာတည့် နှောင်းပုံပြင်' ကို အဲဒီလို သတိရမိတော့ အားရပါးရ ရှုလိုက်ရှိုက်လိုက်မယ်ဟဲ့ လုပ်ပြီးတော့မှ လမ်းတစ်ဝက်မှာ ရပ်ထားလိုက်ရတယ်။ တကယ်တော့ ကိုယ်က စိုးရိမ်စရာမရှိ ကြုံကြိုက်ဖန်ဖန်တွေ ရှောက်



www.burmeseclassic.com

www.burmeseclassic.com

သတိရပြီး စိုးရိမ်နေတာပါ။ တချို့ နေရာတွေမှာ သိမ် အဟောင်း၊ စေတီအဟောင်းတွေကို ဖျက်သိမ်းပြီး နေရာ အသစ်မှာ သစ်သစ်လွင်လွင်တွေ ပြန်ဆောက်ပေးနေတာပဲ။ ဒီတော့ ဟောင်းနွမ်းလှပြီဖြစ်တဲ့ အင်းလေးကန်ကြီးကို ဖျက် သိမ်းပြီး နေရာအသစ်မှာ သစ်သစ်လွင်လွင် ပြန်လုပ်ပေးချင် လို့လားမှ မသိတာ။

အဲ. . . ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ၂၅. ၇. ၂၀၁၄ သောကြာနေ့ထုတ်ဝေတဲ့ နိုင်ငံတော်ပိုင် ကြေးမုံသတင်းစာ ကြီးရဲ့ ရှေ့မျက်နှာစာကြီးမှာ 'အင်းလေးကန်အတွင်း ဒေသ ရင်း ငါးမျိုးများ မျိုးမသုဉ်းရလေအောင်' ဆိုတဲ့ ခေါင်းစီးကြီး ကို ဖတ်လိုက်ရတော့ လမ်းတစ်ဝက်မှာ ရပ်ထားခဲ့ရတဲ့ 'အင်း လေးရဲ့ လေရှူးသုန်သုန်' ကို ပြန်သတိရပြီး အသက်ရှူတွေ တောင် ကျပ်ချင်ချင် ဖြစ်သွားရတယ်။

အဲဒီခေါင်းစီးအောက်မှာ ဘယ်လိုရေးထားသလဲဆို တော့ 'ယခုလအတွင်း ပုဂ္ဂလိကထုတ် သတင်းစာတစ်စောင် တွင် "အင်းလေးကန်အတွင်း ဒေသခံငါးမျိုးစိတ်တစ်ခုဖြစ်သည့် ငါးဖိန်းငါးမျိုးများ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေ ရောက်ရှိနေ" ဟူသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါ သည်' လို့ နိဒါန်းပျိုး တင်ပြထားပါတယ်။ ဆက်လက်ပြီး ဖတ် ရှုရတာကိုတော့ လိုရင်းရောက်အောင် ပြန်လည်ဖောက်သည် ချလိုက်ပါ့မယ်။

'ငါးဖိန်း' ငါးတွေဟာ ဒေသခံအင်းသားတွေနဲ့ နှစ်လွှာ ယှက်မှ တစ်ရွက်မည်ရတဲ့ စွယ်တော်ရွက်လေးများလို ခွဲလို့ မရပါဘူး။ အင်းလေးရောက်သူတိုင်း ဖောင်တော်ဦးဘုရား ဖူးမယ်၊ ရှမ်းရိုးရာ အဝတ်အစားတွေ ဝယ်မယ်၊ အင်းမုန့်တီ စားမယ်၊ ငါးဖိန်း စားမယ်၊ ဒါမှ အင်းလေးရောက်တာ အဓိပ္ပာယ်ရှိတယ်။ ဖောင်တော်ဦးဘုရား၊ ရှမ်းရိုးရာအဝတ် အစား၊ အင်းမုန့်တီ၊ ငါးဖိန်း၊ စက်လှေ ဆိုတာတွေဟာ အင်း လေးကန်ရဲ့ ဂုဏ်ဝင်မြောက် အငွေ့အသက်တွေပါပဲ။

'ငါးဖိန်း' ဆိုတဲ့ ငါးမျိုးဟာ အင်းလေးဒေသတွင်းမှာ သာ တွေ့ရှိနိုင်တဲ့ ဒေသရင်းငါးမျိုးစစ်စစ် (Endemic Species) ဖြစ်ပါတယ်။ သူ့ရဲ့ သိပ္ပံအမည်မှာတောင် 'အင်းသား' ဆိုတဲ့ စကားလုံး ပါဝင်နေတာကလည်း အံ့ဩစရာပါပဲ။ ငါးဖိန်းရဲ့ သိပ္ပံအမည်က "Cyprinus Carpio intha" ဖြစ်ပါ တယ်။

ရည်ညွှန်းဆောင်းပါးမှာ ဖော်ပြထားတဲ့အတိုင်း ငါးဖိန်း ငါးမျိုးတွေဟာ ရှားပါးမျိုးသုဉ်း နယ်ပယ်အတွင်းကို ဝင်ရောက် နေပြီဆိုတာ အမှန်ပင်ဖြစ်ပါတယ်လို့ ဆောင်းပါးရှင် စံလွင် (ငါးဦးစီး)က ထောက်ခံထားပါတယ်။

အင်းလေးကန်အတွင်း မျိုးသုဉ်းရှားပါးပြီး ရှာဖွေတွေ့ ရှိဖို့ ခဲယဉ်းတဲ့ ငါးမျိုးစိတ်တွေထဲမှာ ငါးဖိန်းအပြင် ငါးခူရှင်ဖ၊ ငါးရစ်၊ ငါးတောင်နွယ်၊ ငါးတိုင်တက်၊ ငါးပြစ်စားရိုးမ၊ ငါး ပြေစူးမ စတဲ့ ငါးမျိုးစိတ် အများအပြားလည်း ပါဝင်နေတယ်။ အဲဒီအထဲက ငါးရစ်ကလွဲရင် ကျန်ငါးနာမည်တွေကို ကြား တောင် မကြားဖူးပါဘူး။ မြင်ဖူးဖို့ကတော့ အဝေးကြီး။

အဲဒီအင်းလေးကန်ထဲက ငါးမျိုးစိတ်တွေထဲမှာ 'ငါးခူ ရှင်ဖ' ဟာ လူသိထင်ရှား နာမည်ကျော်ငါး ဖြစ်ပါသတဲ့။ ဒီလောက် 'celebrity' (ဆဲလ်လီဘရစ်တီ - ကျော်ကြားသော) ဖြစ်တဲ့ ကိုရွှေငါးကို ရန်ကုန်သားခံမျာ နားမှာ မကြားဖူးရ တာကတော့ စပ်ဖျဉ်းဖျဉ်းလေး ခံစားရပါတယ်။ ဟော . . ခုတော့ မျိုးသုဉ်းပျောက်ကွယ်တော့မယ်ဗျ။ ကိုရွှေငါးရေ နောက်ဘဝကျမှပဲ ပြန်လည်ဆုံစည်းကြပါဒို့ ပြောရတော့ မလိုလို။

'ငါးခူရှင်ဖ' ဆိုတဲ့ နာမည်လေးက ဆန်းလည်းဆန်း သလို ဒီနာမည်ဖြစ်ပေါ်လာပုံကလည်း တော်တော်စိတ်ဝင် စားဖို့ ကောင်းပါတယ်။ အဲဒီငါးရဲ့ ခေါင်းပုံစံက ငါးခူနဲ့ တူပါ သတဲ့။ ကိုယ်ထည်ပိုင်းက ငါးပတ်နဲ့ ဆင်ပါသတဲ့။ အရွယ် အစားကျတော့ ငါးခူထက် ကြီးနေပြန်ရောတဲ့၊ ဒါကြောင့် ငါးခူတို့ရဲ့ အရှင်သခင်အဖြစ် ရွှေကောင် တင်မြှောက်ပြီး 'ငါးခူရှင်ဖ' လို့ ဘွဲ့အမည် ချီးမြှင့်လိုက်တာတဲ့။

အဲဒီ 'ငါးခူရှင်ဖ' ငါးမျိုးစိတ်ကို မြန်မာပြည်မှာ စတင် တွေ့ရှိသူက မခင်သန့် ဖြစ်ပါတယ်။ ငါးမျိုးစိတ်ရဲ့ သိပ္ပံအမည် (Scientific) သတ်မှတ်တဲ့အခါ မခင်သန့်ရဲ့ ဆန္ဒပြုချက်အရ မြန်မာအမည်နဲ့ "Silurus burmamemsis (Ma Khin Thant)" လို့ ပေးခဲ့တယ်။

အင်းလေးကန်အတွင်းမှာ အဲဒီလို ဟင်းစားငါးမျိုးတွေ အပြင် အလှမျိုးငါးတွေအနေနဲ့ ငါးသဖွဲ၊ ငါးသဖွဲငါးရှဉ့်၊ ငါးသူငယ်ကြယ်ပြောက်၊ ငါးမြောင်ရှည်၊ စော်ဘွားနှုတ်ခမ်းမွေး စတဲ့ ငါးမျိုးစိတ် အများအပြားလည်း ရှိပါသေးတယ်။ ဒစ်စ် ကာဗာရီ စီစဉ်တင်ဆက်သူတွေ အင်းလေးကန်ကို လာရောက် ပြီး စီစဉ်ရိုက်ကူး တင်ဆက်ဖို့ အလွန်ကောင်းတယ်။

ဆောင်းပါးရှင် စံလွင်(ငါးဦးစီး)က အင်းလေးကန် အတွင်းက ဒေသခံငါးမျိုးစိတ်တွေ မျိုးသုဉ်းပြုန်းတီးလာရခြင်း ရဲ့ အကြောင်းရင်းတွေ များစွာရှိတဲ့အနက် အဓိက အချက် နှစ်ချက်ကို ထောက်ပြထားပါတယ်။

ပထမအချက်က အင်းလေးကန်အတွင်း စီးဝင်တဲ့ ရေစီးကြောင်းကြီးတွေ ဖြစ်ပါတယ်။ အင်းလေးကန်အတွင်းကို စီးဝင်တဲ့ ရေဝင်ပေါက်တွေထဲမှာ ရာသီမရွေး စီးဝင်နိုင်တဲ့ ချောင်းလေးချောင်း အပါအဝင် ရေဝင်ချောင်းပေါင်း (၂၉) ချောင်း ရှိတယ်။

အဲဒီရေဝင်ပေါက်တွေကနေတစ်ဆင့် ပြင်ပက အသား စားငါးမျိုးစိတ်တွေ ဝင်လာကြတယ်။ ငါးဖြူစပေါင်၊ ငါးစင်စပ်၊ တီလားပီးယား စတဲ့ အသားစားငါးမျိုးတွေဟာ အင်းလေး ကန်ရဲ့ ဒေသခံ ငါးမျိုးစိတ်တွေကို စားပစ်ကြတဲ့အတွက်

www.burmeseclassic.com

ဒေသခံ ငါးမျိုးစိတ်တွေ မျိုးတုန်းတဲ့အန္တရာယ် ကျရောက်လာရပါတယ်။

ဒီကြားထဲမှာ တီလာဘီးယား ငါးတွေဟာ တစ်နှစ်တာအတွင်းမှာ သုံးကြိမ် သားပေါက်တဲ့အတွက် ဒေသခံငါးမျိုးစိတ်တွေကို အရှိန်အဟုန်နဲ့ လွှမ်းမိုးသွားတဲ့ 'ငါးလှိုင်းစစ်ဆင်ရေး' ကလည်း ရင်လေးစရာ အချက်ကြီးတစ်ချက်ပါပဲ။

ဒုတိယအချက်က လူတွေရဲ့ ပယောဂပါပဲ။ ကွင်းမျောစိုက်ခင်းတွေမှာ ဓာတုပိုးသတ်ဆေးတွေ သုံးစွဲတာ၊ ငါးမျိုးစိတ်တွေ ဥချ သားပေါက်ချိန်မှာ မဆင်မခြင် အလွန်အကျွံ ဖမ်းဆီးတာ၊ ငါးဖိုန်းတွေ ဥတဲ့အခါ အသိုက် (Nest) ပြုလုပ်တဲ့ ရေမှော်ပင်တွေကို ဆယ့်နှစ်ရာသီ ဆယ်ယူနေကြတာ။ အာဖရိက ငါးခူလို သားစားကြူးတဲ့ ငါးဘီလူးတွေကို မဆင်မခြင် မွေးမြူကြတာ စတဲ့ လူသားပယောဂကြောင့်လည်း ဒေသခံငါးမျိုးစိတ်တွေ ပြုန်းတီးလာရပါတယ်။

အဲဒီအကြောင်းရင်းတွေထဲမှာ အထူး (အထူး) အဆိုးရွားဆုံးနဲ့ ကြောက်မက်ဖွယ် အန္တရာယ်ကတော့ ဘက်ထရီရှော့တိုက် (ကျဉ်စက်)ကို အသုံးပြုပြီး ရမ်းရမ်းကားကား ငါးဖမ်းကြတဲ့ ပြဿနာပါပဲ။ ဘက်ထရီ လျှပ်စစ်စက်ကွင်း ကျရောက်သွားတဲ့ အဝန်းအဝိုင်းထဲက ငါးတွေသာမကဘဲ အခြားသက်ရှိဇီဝမျိုးစိတ်တွေပါ အများအပြား သေကျေပျက်စီးကြတယ်။

အဲဒီ မသမာ ပက်စက်လှတဲ့ ဘက်ထရီရှော့တိုက် ငါးဖမ်းနည်းနဲ့ ငါးမဖမ်းကြဖို့ သက်ဆိုင်ရာတွေက ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ တားမြစ်ချက်များ ထုတ်ပြန်တားမြစ်ထားပေမယ့် နှစ် (၂၀)နီးပါး ကျင့်သုံးခဲ့ကြပြီး ယနေ့ထက်တိုင်လည်း ကျင့်သုံးနေကြတယ်။ သက်ဆိုင်ရာက ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်သင့်ပါတယ်။

အခု တင်ပြခဲ့တဲ့ အချက်အလက်တွေဟာ မြန်မာနိုင်ငံမှာသာမက ကမ္ဘာအနှံ့မှာပါ သဘာဝအလှ ရတနာတစ်ပါးအနေနဲ့ ထင်ရှားကျော်ကြားလှတဲ့ အင်းလေးကန်ကြီး ထာဝရ စိမ်းလန်းစိုပြည် သာယာရေးအတွက် အလွန်တရာ အရေးပါလှတဲ့ ပင်မဒေါက်တိုင် အချက်အလက်ကြီးတွေ ဖြစ်ပါတယ်။ သဘာဝရဲ့ အငွေ့အသက်ကို ခံယူစားသုံးသူတွေဟာ သဘာဝတရားအပေါ် ကျေးဇူးသိရပါလိမ့်မယ်။ သဘာဝတရားကို ကျေးဇူးကန်း ပြစ်မှားစော်ကားရင်တော့ သဘာဝတရားကလည်း ဒီအတိုင်း ငုတ်တုတ်မေ့နေမှာ မဟုတ်ဘဲ လက်တုံ့ပြန်ပါလိမ့်မယ်။ အဲဒါဟာ 'သယံဇာတကျိန်စာ' 'သဘာဝကျိန်စာ' ပါပဲ။

မြင်လွယ်အောင် ပြောရရင် မြန်မာနိုင်ငံသမိုင်းတစ်လျှောက်မှာ ဘယ်သောအခါကမှ မကြုံဖူးခဲ့တဲ့ ရင်နင့်ကြေကွဲဖွယ်ရာ 'နာဂစ်'မုန်တိုင်းဟာ မြန်မာနိုင်ငံသားတွေအပေါ် သဘာဝတရားက ပြစ်ဒဏ်ခတ်လိုက်တဲ့ 'သယံဇာတကျိန်စာ' 'သဘာဝကျိန်စာ' ပါပဲ။ ကမ္ဘာကို ပြန်ကြည့်လိုက်ရင်လည်း



ဆူနာမီလို သဘာဝဘေးအန္တရာယ်မျိုးတွေဟာ 'သယံဇာတကျိန်စာ' 'သဘာဝကျိန်စာ' တွေပါပဲ။ အဲဒီကျိန်စာတွေ ကျရောက်လာပြီဆိုရင် ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သိကြားကမှလည်း လာကယ်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ဆရာစံလွင် (ငါးဦးစီး)က သူ့ရဲ့ဆောင်းပါးကို ယခုလို အဆုံးသတ်ထားပါတယ်။

'သို့ဖြစ်ပါ၍ မိမိတို့ တိုင်းနိုင်ငံ၏ သဘာဝအမွေအနှစ်တစ်ခုကို သားစဉ်မြေးဆက်တိုင် ထာဝရ ရေရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် အင်းလေးကန် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ဒေသခံများသာမက အများပြည်သူအပေါင်းကပါ မိမိတို့နိုင်ရာနိုင်ရာ အဖွဲ့အစည်းများမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သင့်လှပါကြောင်း နှိုးဆော်တင်ပြလိုက်ရပါသည်' တဲ့။

ဟုတ်ပါတယ်။ ဒေသခံများသာမက၊ အများပြည်သူအပေါင်းကပါမက နိုင်ငံတော်အဆင့် တာဝန်ရှိသူများကပါ တင်းပြည့်ကျပ်ပြည့် စေတနာပါပါ ဆောင်ရွက်နိုင်ကြပါစေလို့ လေးလေးနက်နက် ဆန္ဒပြုမိရပါတယ်၊

အလိုတော်ပေါက် စေတီတော်ကနေ ထွက်ခွာလာတဲ့ ဘုရားဖူး စက်လှေလေးပေါ်မှာ သာယာဖွယ် အင်းလေးရေပြင်ကျယ်ကို ကြည့်ငေးခံစားရင်း မြန်မာနိုင်ငံသားတို့အတွက် ကျေးဇူးတရား ကြီးမားလွန်းလှတဲ့ အင်းလေးကန်ကြီးနဲ့ စပ်မိစပ်ရာတွေ အလေးအနက် တွေးတောရင်း မျိုးသုဉ်းပျောက်ကွယ်မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ 'ငါးပုရှင်ဖ' ငါးကလေးတွေကို တွေ့လိုတွေ့ငြား ရှာဖွေမောင်းရပါတယ်။

အလိုတော်ပေါက်မှ အပြန်လမ်းကတော့ မိုးသည်းငွေ့ရည်၊ မိုးသည်းမွှေ့ရည်တွေနဲ့ ရွှန်းလက်တောက်ပနေမြဲပင်။

မေတ္တာရည်လျက်. . .


❒ ဂေါ်ကွသိုလ်တင်ဟန်ကျော်





www.burmeseclassic.com

www.burmeseclassic.com



ဒွတ္တလေးမဟာလောကာရံဂုံ့ဒိအဓိဝင်စေတော်ရာရှစ်ကောင်းဖြည့်ဘုရား

တက္ကသိုလ်မျိုး




www.burmeseclassic.com

www.burmeseclassic.com

# ပုဂံမင်းတရားကြီး သက္ကရာဇ် ၁၂၃၉ ခုနှစ်၌ တည်ထားကိုးကွယ်ခဲ့သည့်

## မန္တလေးမဟာလောကရံသီ အိမ်တော်ရာဘုရားကောင်းမြတ်ကြီး

ဂဏ္ဍသိုလ်မျိုး



အိမ်တော်ရာစေတီတော်၏ ထီးတော်သစ်ကို အနီးကပ်ဖူးမြော်ရပုံ



အထက်ပစ္စယာသိုတက်ရာ လှေကားတော်နှင့် ရွှေသပိတ်တို့အား ဖူးမြော်ရပုံ

စာရေးသူသည် လပြည့်ဝန်းမဂ္ဂဇင်း၌ မန္တလေးရွှေမြို့တော်အနှံ့ တည်ထားကိုးကွယ်သော ဘုရားစေတီတော်များကို စာရှုသူများရှေ့မှောက်သို့ ကုသိုလ်ပွားများ ပူဇော်နိုင်စေရန် အသေးစိတ်ရေးသားခဲ့သည်မှာ အတော်ပင် စုံလင်လှပေပြီ။ အထူးသဖြင့် ပြီးခဲ့သော လများ၌ စာရှုသူတို့ အမိဋ္ဌာန်ဝင် ဆုတောင်းပူဇော်နိုင်ရန် ကြီးလေးကြီး ဘုရားလေးဆူနှင့် သက်ဆိုင်သော အကြောင်းအရာများကို လစဉ်ဆက်တိုက် ရေးသားပူဇော်ခဲ့ပါသည်။


ထိုသို့ ရေးသားပူဇော်ခဲ့ရာမှ စာရေးသူသည် ပူဇော်ဖူးမြော်ခဲ့သည့် အစီအစဉ်အတိုင်း ရေးသားရန်ဖြစ်သော်လည်း ကြီးလေးကြီးအမိဋ္ဌာန် ပူဇော်ပုံကို တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန် မဟာမြတ်မုနိဘုရားကြီး၊ ချမ်းသာကြီးဘုရားကြီး၊ ရွှေကျီးမြင်ဘုရားနှင့် ကျောက်တော်ကြီးဘုရားကြီးတို့ကို အစဉ်အတိုင်း ရေးသားပူဇော်ခဲ့ရ ...မ်းသာကြီးဘုရားနှင့် နီးကပ်စွာ တည်ရှိသော မဟာလေ ...ကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီးနှင့် သက်ဆိုင်...သော အကြောင်းအရာကို အစီအစဉ်အရ ရေးသားရန်ဖြစ်...သော်လည်း ကြီးလေးကြီး အမိဋ္ဌာန်ပူဇော်နည်းကို တစ်ဆက်...စပ်တည်း ရေးသားရန် ဖြစ်၍ ယခုမှ ရေးသားလိုက်ရပေ...သည်။

စာရေးသူတို့ မိသားစု ချ...သာကြီးဘုရားကို ဝင်ရောက်ဖူးမြော်ပြီးနောက် အာရုံခံဝ...န်ဆောင်းအတွင်း ခေတ္တနားနေစဉ် သမီးနန်းအွန်ခမ်းက .

"အဖေတို့ အိမ်တော်ရာ...ရားကို ဝင်ဖူးဦးမလား၊ ဒီနားတင်ရှိတယ်"

"ကောင်းတာပေါ့ သမီးရေ...၊ ...င်းတို့အမေ မန္တလေး အိမ်တော်ရာဘုရားကို မရောက်ဖူး...သေးဘူး၊ ...ကုန်က အိမ်

www.burmeseclassic.com



အာရုံခံတန်ဆောင်းရှိ ဗျာဒိတ်ပေးရုပ်တော်မှ ရုပ်ပွားတော်မြတ်အား
ကြာသက်နှံရုံလျက် ပူးမြော်ရပုံ

တော်ရာဘုရားကိုတော့ အဖေနဲ့အတူ ရောက်ဖူးတယ်၊ အဖေကတော့ . ဒီအိမ်တော်ရာဘုရားကို အရင်မကြာခဏရောက်တယ်၊ အိမ်တော်ရာဘုရား စောင်းတန်းမှာရှိတဲ့ စိန်ဒေါင်းပုံဖိနပ်ဆိုင်က အဖေတို့ ကျားသက်နှီးတိုက်ကိုယ်စားလှယ်လေ၊ နောက်ပြီး ရွှေကြေးစည်သက်န်းဆိုင်နဲ့လဲ ခင်နေတော့ အဖေငယ်ငယ်က အဲဒီသက်န်းဆိုင်မှာ တည်းတဲ့အတွက် ဒီအိမ်တော်ရာဘုရားကို မကြာခဏရောက်တယ်။

အဲဒီ နှစ်လေးဆယ်ကျော်က အိမ်တော်ရာဘုရားဟာ သိပ်မစည်ကားသေးဘူး၊ အခုနောက်ပိုင်း ရောက်တော့မှ



ထောင့်လေးထောင့်တွင် တည်ထားသော ခြင်္သေ့ရုပ်လေးရုပ်အနက်မှ တစ်ရုပ်



အာရုံခံတန်ဆောင်းရှိ ဗျာဒိတ်ပေးရုပ်တော်မှ ရုပ်ပွားတော်မြတ်

အတော်စည်ကားနေတာ တွေ့ရတယ် ‌စေတီတော်ကိုလဲ လုံးတော်ပြည့်ရွှေသက်န်းတွေ ကပ်လှူထားတယ်၊ သာသနိက အဆောက်အအုံတွေလဲ. ခမ်းခမ်းနားနားနဲ့ ကြည်ညိုဖွယ် အလွန်ကောင်းတယ်"

စာရေးသူ ရှည်ရှည်ဝေးဝေး ရှင်းပြနေသည်ကို ဇနီး၊ သားနှင့် သမီးတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ဇနီးဖြစ်သူက . . .

"ရန်ကုန်က အိမ်တော်ရာဘုရားနဲ့ မန္တလေးက အိမ်တော်ရာဘုရား နှစ်ဆူဟာ ဘွဲ့တော်တူ တော့ ဘယ်လိုများ ဆက်စပ်မှုရှိသလဲ အစ်ကိုကြီး"



အာရုံခံတန်ဆောင်း၌ ပုတီးစိပ်အာရုံပြုနေသည့် စာရေးသူ၏ဇနီးနှင့်သမီး

www.burmeseclassic.com



ကျောက်ဆင်းတုတော်မြတ်အား မဟာတေမိနှင့်ရွှေပလ္လင်ထင်၌ မာရ်အပေါင်းကို အောင်တော်မူဟန် ပူဇော်ရုပ်



အာရုံခံတန်ဆောင်းရှိ နဂါးသုံးကောင်အုပ်မိုးနေဟန် မြတ်စွာဘုရားရှင်အား ပူဇော်ရုပ်

"ညီမ မမေးလဲ အစ်ကိုကြီး ရှင်းပြမလို့ပဲ၊ ရန်ကုန်နဲ့ မန္တလေး အိမ်တော်ရာ ဘုရားနှစ်ဆူဟာ ဘုရားဒါယကာ တစ်ဦးတည်း ဖြစ်တယ်၊ သာယာဝတီ မင်းတရားကြီးရဲ့ သားတော်ကြီး ပုဂံမင်းတရားကြီး တည်ထားခဲ့တာဖြစ်တယ်၊ နှစ်ဆူစလုံးကို အိမ်တော်ရာစေတီလို့ အတိုကောက်ခေါ် ပေမယ့် ဘွဲ့တော်အရှည်ကတော့ ကွာတယ်ကွယ်။

ရန်ကုန်က အိမ်တော်ရာဘုရားရဲ့ ဘွဲ့တော်အရှည်က 'ဆုတောင်းပြည့် မဟာဓမ္မရံသီ အိမ်တော်ရာဘုရား' လို့ခေါ်ပြီး မန္တလေးက အိမ်တော်ရာဘုရားရဲ့ ဘွဲ့တော်အရှည်က 'မဟာလောကရံသီ အိမ်တော်ရာဘုရား' လို့ ခေါ်တယ်၊ အိမ်တော်ရာ ဘုရားနှစ်ဆူစလုံးဟာ သာယာဝတီမင်းတရားကြီးရဲ့ သားတော်ကြီး ပုဂံမင်းသား အိမ်ရှေ့စံဘဝမှာ နေထိုင်ခဲ့တဲ့ အိမ်တော်နေရာတွေမှာ တည်ထားလို့ အိမ်တော်ရာဘုရားလို့ ဘွဲ့အမည်တွင်တာကွဲ့။

သာယာဝတီမင်းတရားကြီး ခရစ်နှစ် ၁၈၄၁ မှာ နေပြည်တော်မှာ အစောင့်အနေအထားနဲ့ ချန်ထားခဲ့ပြီး စစ်အင်အား အလုံးအရင်းနဲ့ ရေကြောင်းကနေ ရန်ကုန်ကို ချီတော်မူတယ်။



ငါးကြီးအာနန္ဒာ ကျောက်ဆောင်အား ရစ်ပတ်နေပုံ



စာရေးသူတို့မိသားစု အိမ်တော်ရာဘုရားပြင်ပတော်၌ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



မဟာတောဝိပင်ခြေမှ မြတ်စွာဘုရားရှင်ရုပ်ပွားတော်မြတ်



ဗမာရုံအတွင်းမှ ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်မြတ်

ရန်ကုန်မှာ နန်းတော်တည်ဆောက်ရုံသာမက မြို့ အင်္ဂါနဲ့အညီ တည်ထားခဲ့တယ်၊ အိမ်ရှေ့မင်း ပုဂံမင်းသား ကိုလဲ မြနန်းအောင်ချာ နန်းတော်အနောက်မြောက်ထောင့် တွင် အိမ်တော်တည်ထားပြီး စံမြန်းစေခဲ့တယ်၊ သာယာ ဝတီမင်းတရားကြီး ရန်ကုန်ကိုပြန်ကြွပြီးနောက် ပုဂံမင်းသားလဲ အခု အိမ်တော်ရာဘုရား တည်ထားရာနေရာမှာ စံအိမ်တော် တည်ဆောက်ပြီး နေထိုင်တော်မူခဲ့တယ်။

နောက်ပိုင်း ပုဂံမင်းတရားအဖြစ် ရောက်ရှိပြီး မိမိစံမြန်း တော်မူခဲ့တဲ့ ရန်ကုန်မှာရှိတဲ့ အိမ်တော်ရာနေရာနဲ့ မန္တလေးမှာ ရှိတဲ့ အိမ်တော်ရာနေရာတို့မှာ စေတီတော်များ တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်တယ်”



အိမ်တော်ရာစေတီတော်အဝင်မုခ်ဦး

စာရေးသူ ရှင်းပြမှုကို စိတ်ဝင်စားစွာ နားထောင်နေ ပြီးနောက် မိသားစုတို့သည် အိမ်တော်ရာဘုရားသို့ ထွက် ခွာခဲ့ကြသည်။


▲

ချမ်းသာကြီးဘုရားမှ မိနစ်အနည်းငယ်မောင်းရုံနှင့် အိမ်တော်ရာဘုရားကို ရောက်လေသည်။ အိမ်တော်ရာဘုရား သည် သီရိဟေမာ အရှေ့ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၌ တည်ရှိသည်။ စာရေးသူတို့ စီးလာသော မတ်တူး ကားလေးသည် ‘မဟာလောကရံသီ အိမ်တော်ရာစေတီတော်’ ဟု ကမ္ပည်းမှတ်တမ်း ရေးထိုးထားသော မုခ်ဦးရှေ့၌ ရပ်တန့်



တရားဦးမွေစကြာ ဟောကြားတော်မူသည့် ဗုဒ္ဓ ... တ်စွာအား ပဉ္စဝဂ္ဂီငါးဦးနှင့်အတူ အသွင်သစ် ထူးခြားစွာ ... ရုပ်

www.burmeseclassic.com



အိမ်တော်ရာစေတီတော်ရှိ သပ္ပာယ်လှသော စေတီငယ်တစ်ဆူ




၁၂ ရာသီဂြိုဟ်ခွင်နှင့် ငါးကြီးအာနန္ဒာရစ်ပတ်ထားသော
ကျောက်ဆောင်ထက်ရှိ စေတီတော်

လိုက်သည်။ နိုင်ငံခြားသား တိုးရစ်များကိုလည်း မုခ်ဦးရှေ့၌ တွေ့ရသည်။

တခြား ဘုရားစေတီများလို မုခ်ဦးဝ၌ ခြသေ့်ရုပ်တု မတွေ့ရဘဲ မုခ်ဦးတစ်ဖက်တစ်ချက်၌ အုတ်ပြာသာဒ် နှစ်ဆောင်ကို တွေ့ရသည်။ အိမ်တော်ရာဘုရား စောင်းတန်းမှာ သိပ်မရှည်လျားလှပေ။ စာရေးသူသည် စောင်းတန်းညာဘက်ရှိ ဆိုင်ခန်းများကို သတိထားကြည့်ရာမှ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ့်ငါးနှစ်ကျော်က ရောက်ခဲ့ဖူးသော စိန်ဒေါင်းပျံဖိနပ်ဆိုင်ကို မြင်တွေ့ရသည်။

ဆိုင်းဘုတ်သာမြင်ရပြီး ဆိုင်မဖွင့်သေး၍ ဝင်ရောက်မိတ်မဆက်မိခြင်းဖြစ်သည်။ စောင်းတန်းကို ဖြတ်ကျော်ပြီးနောက် အိမ်တော်ရာစေတီတော်ကြီးကို ရွှေရောင်တဝင်းဝင်းနှင့် ဖူးမြော်ရလေသောအခါ စိတ်ဝယ် ကြည်နူးဝမ်းမြောက်ဝမ်းသာဖြစ်မိလေသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ရောက်ခဲ့ဖူးသော အိမ်တော်ရာစေတီတော်နှင့် အသွင်သဏ္ဌာန် အလွန်ပင်ကွဲပြားနေသည်ကို သတိထားမိသည်။ ထုံးဖြူသင်္ကန်းနှင့် ယခင်က အိမ်တော်ရာစေတီနှင့် ယခု အိမ်တော်ရာစေတီ



မဟာလောကရံသီ အိမ်တော်ရာစေတီတော်သမိုင်း




ရတနာယာဉ (၁၄)ခန်း မွေ့ဗိမာန်ကျောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းလေးပါး ခြံရံနေသည့် တံခွန်တိုင်



ကောင်းမှုအပျပေးဝေနိုင်သော ခေါင်းလောင်းတော်

တော်မှာ များစွာခြားနားနေသည်။ ယခု အိမ်တော်ရာစေတီတော်သည် ထီးတော်မှ ဖိနပ်တော်အထိ ရွှေရောင်ဝင်းပြောင်နေသည်မှာ ကြည်ညိုဖွယ်အသွင် ဆောင်နေပေသည်။

အိမ်တော်ရာဘုရား၏ ရင်ပြင်တော်သည် အလွန်ကျယ်ဝန်းလှပြီး စာရေးသူနှစ်ပေါင်း (၄၀)ကျော်က ရောက်ခဲ့သည့် ရင်ပြင်တော်နှင့် လွန်စွာခြားနားလှသည်။

ကြွေပြားများ အပြည့်ခင်းထား၍ ဘုရားဖူးများအနေနှင့် သက်သောင့်သက်သာ လက်ယာရစ်ဖူးမြော်ရန် အဆင်ပြေလှသည်။ စာရေးသူတို့ ပထမဦးဆုံး ရောက်ခဲ့သည့် ကြာသပတေးထောင့် အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်တော်မှာ နှစ်ပြေမြတ်စွာဘုရား ရုပ်ပွားတော်မှာ ကြည်ညိုဖွယ်အသွင် ဆောင်နေပေသည်။

စာရေးသူ ယခင်က အိမ်တော်ရာဘုရားသို့ အကြိမ်ကြိမ်ရောက်ခဲ့ပြီးသော်လည်း နောက်ပိုင်း မရောက်ဖြစ်ခဲ့သည်မှာ နှစ် ၂၀ ကျော်ရှိပေသည်။ ထိုကာလအတွင်း အိမ်တော်ရာဘုရားသည် မယုံနိုင်လောက်အောင် ပြောင်းလဲလျက် အလွန်ထူးခြားလှပေသည်။ အိမ်တော်ရာဘုရားသည် လေးထောင့်ပုံ ဖိနပ်တော်ပေါ်၌ ပစ္စယာအဆင့်ဆင့် တည်ထားပြီး အပေါ်ဆုံးပစ္စယာ၌ စေတီပေါက်တည်ထားသော စေတီတော်ပုံဖြစ်သည်။ အပေါ်ဆုံးပစ္စယာ၌ စေတီတော်လေးဆူရှိပြီး တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ စနေထောင့်၊ ရာဟုထောင့်တို့တွင် အရံစေတီများ တည်ထားခြင်း ဖြစ်သည်။

တနင်္ဂနွေထောင့် အရံစေတီတော်ကို ပုဂံမင်းတရားကြီး၏ အလယ်နန်းမတော်မိဖုရား စလင်းမြို့စား သီရိလောကအတုလရတနာဒေဝီ တည်ထားသော ကောင်းမှုတော်ဖြစ်သည်။

အင်္ဂါထောင့် အရံစေတီတော်မှာ ပုဂံမင်းတရားကြီး၏ ခမည်းတော် သာယာဝတီမင်းတရားကြီး၏မိဖုရား မိထွေးတော် စလေမြို့စား မိဖုရားက တည်ထားသော ကောင်းမှုတော်ဖြစ်သည်။

စနေထောင့် အရံစေတီတော်မှာ ပုဂံမင်းတရားကြီး ငယ်စဉ်ဘဝက အချီတော် အချော့တော်အဖြစ် ခေါင့်ရှောက်ခဲ့သည့် အထိန်းတော်ကြီးဖြစ်သော တောင်ဖြူကြီးမြို့စား၊ ပဒေသာတမြို့စား တည်ထားသော ကောင်းမှုတော်ဖြစ်သည်။


ရာဟုထောင့် ရံစေတီတော်မှာ ပုဂံမင်းတရားကြီး၏ အိမ်တော်ပါ ကျွန်တော်ရင်း ကျိုဝန် အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည် တည်ထားသော ကောင်းမှုတော်ဖြစ်သည်။

အရံစေတီ လေးဆူအလယ်၌ ပုဂံမင်းတရားကြီး၏ ကောင်းမှုတော် မဟာလောကရံသီ အိမ်တော်ရာဘုရားကို တည်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားလှသည့် တံခွန်တိုင်တော်

အိမ်တော်ရာစေတီကြီးသည် ပစ္စယာအဆင့်ဆင့်၌ ရွှေပန်းအိုးများဖြင့် သပ္ပာယ်လှသည်။ အိမ်တော်ရာစေတီကြီး၏ ထူးခြားချက်တစ်ရပ်မှာ အဝင်မုခ်ဦး၌ ခြင်္သေ့ရုပ်များ မတွေ့ရသော်လည်း စေတီတော်၏ ထောင့်လေးထောင့်တွင် ကြီးမားလှသော ခြင်္သေ့ရုပ်ကြီးများကို တွေ့ရပေသည်။ ခြင်္သေ့ရုပ်တို့မှာ အသက်ဝင်လှပြီး ခံ့ညားလှပေသည်။ အိမ်တော်ရာစေတီကြီးသည် ဖူးမြော်ရသူ အပေါင်း၏ စိတ်အစဉ်ကို ကြည်နူးသဒ္ဓါ ပွားများရုံသာမက ဖူးမြော်၍ မဝအောင် စိတ်အာရုံကို ဖြစ်ပွားစေသည်။

စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ဖိနပ်တော်မှာ အချင်း သံတောင် ၆၂ တောင် ၂ မိုက်ရှိသည်။ စိန်ဖူးတော်မှာ အမြင့် ၁၁ လက်မ၊ လုံးပတ် ၁ ပေ ၁.၅ လက်မ ရှိသော သလင်းကျောက်တုံးတော်ကြီးကို ဘော်သားကို ရွှေသားကွပ်ပြီး အမြင့် ၁ ပေ ၄.၅ လက်မ ရှိသော စိန်ဖူးတော်ကြီးဖြစ်သည်။

အိမ်တော်ရာ စေတီတော်ကြီးသည် ဘုရားဖူးအပေါင်းတို့ စိတ်အာရုံကြည်လင်စေရန် ကျယ်ဝန်းလှသည့် ရင်ပြင်တော်ကြီးအလယ်၌ အလွန်သပ္ပာယ်စွာ တည်ထားသော စေတီတော်ကြီး ဖြစ်သည်။ အိမ်တော်ရာစေတီတော်တွင် စောင်းတန်းလေးသွယ်ရှိပြီး ရတနာဃရ (၁၄)ခန်း ဗမ္ဗဝိမာန်တော်ကြီးနှင့် ပြာသာဒ်၊ အာရုံခံ၊ ဓမ္မာရုံ၊ ဇရပ်များကို အများပြည်သူ ကုသိုလ်ရှင်များက ဆောက်လုပ် လှူဒါန်းထားသည်။

စေတီတော်ကြီး၏ ရင်ပြင်တော်၌ အာရုံခံတန်ဆောင်းလေးဆူမှာ ရှင်းရှင်းလင်းလင်းနှင့် စေတီတော်ကြီးအား အာရုံပြုပူဇော်နိုင်ရန် တည်ထားခြင်းကြောင့် ဘုရားဖူးတို့အနေနှင့် စိတ်လက်ကြည်နူးစွာ စေတီတော်ကြီးအား ပူဇော်ဖူးမြော်နိုင်ပေသည်။ စေတီတော်ကြီး၏ ရင်ပြင်တော်၌ ကြည်ညိုဖွယ် စေတီငယ်တစ်ဆူကိုလည်း ဖူးမြော်ရပေသည်။ ထိုစေတီတော်မှာ စေတီရံလေးဆူနှင့် သပ္ပာယ်စွာ တည်ထားခြင်းဖြစ်သည်။ ထိုစေတီငယ်နှင့် မလှမ်းမကမ်း၌ ယခင် စေတီတော်၏ ထီးတော်ဟောင်းကိုလည်း ဖူးတွေ့ရသည်။

ထီးတော်ဟောင်း၏ ရှေ့တွင် ရေးဟောင်းခေါင်းလောင်းငယ်တစ်ခုကိုလည်း တွေ့ရသည်။ စေတီတော်၏ ရင်ပြင်တော်၌ မြင့်မားပြီး သပ္ပာယ်စွာ တည်ထားသော တံခွန်တိုင်ကိုလည်း တွေ့ရသည်။ နတ်မင်းလေးပါး ခြံရံပြီး ဟင်္သာရုပ်ဖြင့် တည်ဆောက်ထားသည်။

အာရုံခံတန်ဆောင်းများအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မြတ်စွာဘုရားရှင် ရုပ်ပွားတော်အဆူဆူမှာလည်း လွန်စွာပင် သပ္ပာယ်လှသည်။ ရပ်တော်မူ၊ ထိုင်တော်မူ ရုပ်ပွားတော်များကို စကျင်ကျောက်များဖြင့် လည်းကောင်း၊ အင်္ဂတေဖြင့် လည်းကောင်း ထုလုပ်ကိုးကွယ်ထားသည်။

စေတီတော်ရင်ပြင်တော်၌ ထူးခြားသော စေတီတော်တစ်ဆူမှာ ငါးကြီးအာနန္ဒာ ရစ်ခွေပတ်ထားသော ကျောက်ဆောင်အထက်၌ ၁၂ လရာသီ ပုံဖော်ထားပြီး တည်ထားသော စေတီတော်ပင် ဖြစ်သည်။ ထိုစေတီတော်၌ မြို့ရိုးသဏ္ဌာန်ပတ်၍ ပြာသာဒ်၊ မြို့အဝင် မုခ်ဦးများဖြင့် ကြည်ညိုဖွယ် တည်ထားခြင်းဖြစ်သည်။

ထို့အပြင် အိမ်တော်ရာရင်ပြင်ပေါ်ရှိ ထူးခြားသော ဖူးမြော်စရာတစ်ခုမှာ ဗုဒ္ဓဘုရားရှင် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဓမ္မစကြာ ဟောကြားသော ပုံတော်ပင် ဖြစ်သည်။ ထိုပုံတော်၏ ထူးခြားချက်မှာ ဘုရားရှင်၏ တရားဦးဓမ္မစကြာ ဟောကြားမှု ခံယူနေကြသော ပဥ္စဝဂ္ဂီငါးဦးသည် စာရေးသူ ယခင်က တွေ့မြင်ဖူးသည့် ပုံတော်များလို ရဟန်းဝတ်ဖြင့် မဟုတ်ဘဲ မုတ်ဆိတ်ကျင်စွယ်များဖြင့် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသောပုံ ဖြစ်သည်၊ ဤရုပ်တုများမှာ သဘာဝကျလှသည်။

ပဥ္စဝဂ္ဂီငါးဦးသည် တရားဦးဓမ္မစကြာ စတင်နာကြားစဉ်က ရဟန္တာများမဟုတ်ကြသေးပေ။ တရားဦးဓမ္မစကြာ နာကြားပြီးနောက် တစ်နေ့ တစ်ပါး သောတာပန်အဆင့်သို့ ရောက်ရှိပြီး မြတ်စွာဘုရားရှင်၏ အနတ္တလက္ခဏသုတ်ကို နာကြားရသောအခါမှ ရဟန္တာများ ဖြစ်ကြသည်။ ထို့ကြောင့် ဤရုပ်တုများသည် သဘာဝကျလှပေသည်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် မိသားစုနှင့်အတူ အိမ်တော်ရာဘုရားအား လက်ယာရစ်လှည့်ပတ်ပူဇော်ခဲ့ရာ အာရုံခံတန်ဆောင်းများ၌ ဗျာဒိတ်ပေးရုပ်ပွားတော်အဆူဆူကို ဖူးမြော်ခဲ့ရပြီး အာရုံခံတန်ဆောင်းတစ်ခုအတွင်း၌ နဂါးသုံးကောင် အုပ်မိုးပူဇော်လျက် မြတ်စွာဘုရားရှင်၏ ကြေးဆင်းတုရုပ်ပွားတော်မြတ်ကို မဟာမြတ်မုနိ ပုံတော်အတိုင်း စလွယ်တော်၊ မကိုဋ်တော်နှင့် သပ္ပာယ်စွာ ဖူးမြော်ရသည်။

စာရေးသူတို့ မိသားစုသည် မဟာဗောဓိညောင်ပင်အခြေ၌ ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဓမ္မစကြာ ဟောကြားသည့် ပုံတော်များနှင့်အတူ ကျောက်ဆင်းတု ရုပ်ပွားတော်မြတ်တစ်ဆူကိုလည်း မဟာမြတ်မုနိပုံတော်အတိုင်း ဖူးတွေ့ရသည်။ စာရေးသူတို့သည် ကြီးမားကျယ်ပြန့်လှသည့် ရတနာ့ဃရ (၁၄)ခန်း ဓမ္မဗိမာန်တော်အတွင်း၌ ခေတ္တဝင်ရောက်နားခိုပြီး အိမ်တော်ရာဘုရားကြီးအား ဝတ်ပြုပူဇော်ကြလေသည်။ ထိုဗိမာန်တော်ကြီးသည် အတွင်းတံခါးများ ပိတ်ထား၍ အဝင်ဝဖိနပ်ချွတ်၌ ထိုင်၍ ပူဇော်ခဲ့ရသည်။

စာရေးသူတို့သည် ရတနာ့ဃရ (၁၄)ခန်း ဓမ္မဗိမာန်တော်ရှေ့၌ အနားယူနေစဉ် ဤစေတီတော်ကြီး၏ ကုသိုလ်ရှင် ဘုရားဒကာ ပုဂံမင်းတရားကြီးကို စိတ်အာရုံ၌ မြင်ယောင်မိလာသည်။ ထိုသို့ မြင်ယောင်မိကာမှ ရန်ကုန်မြို့ရှိ အိမ်တော်ရာစေတီတော်နှင့် ယခု ဖူးမြော်နေရသည့် မန္တလေးအိမ်တော်ရာစေတီတော်များနှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်များကို စိတ်အစဉ်၌ မြင်ယောင်မိလာပြီး မိသားစုအား သမိုင်းဆရာပီပီ ရှင်းလင်းပြောကြားနေမိသည်။

▲

မြန်မာနိုင်ငံသမိုင်း၏ မင်းအစဉ်အဆက်တို့သည် တစ်ဦးအာဏာရရှိရေးအတွက် ခမည်းတော်ကိုလည်းကောင်း၊ နောင်တော်ကိုလည်းကောင်း လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်မှာ အစဉ်အလာတစ်ရပ် ဖြစ်ခဲ့သည်။ ကုန်းဘောင်ခေတ်၏ ထူးခြားမှုမှာ ဘိုးတော်ဘုရား အာဏာရရှိရေးအတွက် ဖောင်းကစားမောင်မောင်ကို လုပ်ကြံပြီး ထီးနန်းရယူခဲ့သော်လည်း ပုဂံမင်း၏ခမည်းတော် သာယာဝတီမင်းသည် နောင်တော် ဘကြီးတော်ဘုရားအား ထီးနန်းချခဲ့သော်လည်း လုပ်ကြံသတ်ဖြတ်ခြင်း မပြုခဲ့ပေ။

ထိုနည်းတူ ပုဂံမင်းတရားကြီးကို ညီတော်မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့က ပုန်ကန်ခြားနား၍ ထီးနန်းရယူခဲ့ပြီး နောင်တော်ပုဂံမင်းကို လုပ်ကြံသတ်ဖြတ်ခြင်း မပြုဘဲကောင်းစွာပြုစုစောင့်ရှောက်ထားခဲ့သည်။ ထိုလုပ်ဆောင်ချက်များသည် ကုန်းဘောင်ခေတ်၏ ဂုဏ်ယူဖွယ်ကောင်းလှသော လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရသည်။

စာရေးသူအနေနှင့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ တွေးတောနေမိရင်း ပုဂံမင်းတရားကြီး အိမ်တော်ရာဘုရား


ရင်ပြင်တော်ရှိ သက်တော်ရှင် မဟာဗောဓိပင် အား ဖူးတွေ့ရပုံ

တည်ထားခဲ့ပုံကို အောက်ပါအတိုင်း မိသားစုဝင်များအား ရှင်းပြမိလေသည်။


သာယာဝတီမင်းတရားကြီးသည် နောင်တော် ဘကြီးတော်မင်းတရားအား ထီးနန်းအရာမှ ချ ားပြီး နိုင်ငံတော်အာဏာကို ရယူခဲ့သည်။ ဘကြီးတော် ရားလက်ထက်က စတင်ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ စ ပွဲ ို့လည်း အဆုံးသတ်နိုင်ခဲ့သည်။ ထိုစစ်ပွဲကြောင့် မြန်မ ာ့ အနေနှင့် ရခိုင်နှင့် တနင်္သာရီတိုင်းဒေသများကို လက် ွတ်ဆုံးရှုံးခဲ့ရပြီး အင်္ဂလိပ်တို့၏ ကိုလိုနီအဖြစ်သို့ ကျရော ်ခဲ့ရသည်။

ဘကြီးတော်ဘုရား၏ စစ်ရေး ရ အားနည်းမှု၊ အင်္ဂလိပ်တို့၏ ခေတ်မီလက်နက်များ သုံးစွဲမှုတို့ကြောင့် တနင်္သာရီနှင့် ရခိုင်နယ်တို့ ဆုံးရှုံးခဲ့ရသည် ို သာယာဝတီမင်းက အသိအမှတ် မပြုလိုသော်လည်း အခြေ အ နေအရ လက်ခံခဲ့ရသည်။ ထို့ကြောင့် မြန်မာတို့၏ အင် ား ကို ပြသလို၍လည်းကောင်း၊ အောက်မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် သာယာဝတီမင်းတရားကြီးသည် နေပြည်တော်၌ အစောင့်အနေအထား စစ်အင်အားကို ချန်ထားပြီး တပ်အလုံးအရင်းနှင့် ဒဂုံခေါ် ရန်ကုန်သို့ ချီတ ်တော်မူခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စစ်တ အင်အား အပြည့်အစုံသာမက မိဖုရား၊ မောင်းမ၊ သားတော် သမီးတော်၊



www.burmeseclassic.com

www.burmeseclassic.com



ထီးတော်ဟောင်းအား အဝေးမှတွေ့ မြင်ရပုံ

တော်များအပါအဝင် ဆွေတော်မျိုးတော်များ ခြံရံ၍ ရန်ကုန်သို့ ကြွချီလာခြင်း ဖြစ်သည်။

နန်းကျဘုရင် ဘကြီးတော်ဘုရားနှင့် သူ၏မိဖုရား နန်းမတော်မယ်နုတို့ကိုပင် ခေါ်ဆောင်လာခဲ့သည်။ ရန်ကုန်၌ နန်းတော် အိမ်တော်များ တည်ဆောက်ပြီး မြို့ရိုးပြာသာဒ်ဖြင့် နန်းသစ်တည်တော်မူသည်။ သာယာဝတီမင်း၏ သားတော်ကြီး ပုဂံမင်းသားလည်း လိုက်ပါခဲ့၍ မြတ်နန်းအောင်ချာ နန်းတော်အနောက်မြောက်ထောင့်တွင် အိမ်ရှေ့မင်းအိမ်တော်ကို တည်ဆောက်ပေးခဲ့သည်။

ထိုသို့ ရန်ကုန်သို့ချီလာသော သာယာဝတီမင်းတရားကြီး၏ ခရီးစဉ်မှာ ခရစ်နှစ် ၁၈၄၁ ခုနှစ်ပင်ဖြစ်သည်။ သာယာဝတီမင်း၏ သားတော် အိမ်ရှေ့မင်းသား ပုဂံမြို့စားအား ခမည်းတော်က "သီရိသုဓမ္မာ မဟာဓမ္မရာဇာ"ဘွဲ့ ချီးမြှင့်တော်မူသည်။ မူလ ရွှေတောင်မြို့ကို စားစေမှ အရှိမင်္ဂနမည်သော ပုဂံမြို့ကို ပြောင်းလဲပေးသနားတော်မူခဲ့သည်။ ထိုနေ့မှစကာ ပုဂံမင်းဟူသော အမည်ဖြင့် ထင်ရှားကျော်စောလေသည်။

ရွှေဘိုမင်း ခေါ် သာယာဝတီမင်း နတ်ရွာစံသောအခါ သက်တော် (၃၅)နှစ်ကျော်အရွယ်၌ ထီးနန်းအရိုက်အရာကို ဆက်ခံရရှိသည်။ ထိုသို့ ထီးနန်းအရိုက်အရာကို ရရှိခံစားပြီးနောက် ခမည်းတော် သာယာဝတီမင်းနှင့်အတူ ဒဂုန် (ရန်ကုန်)ရှိ အိမ်ရှေ့မင်း စံမြန်းခဲ့သော အိမ်တော်ရာနေရာ၌ သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ပဲခူးမြို့ ဘနေးဝန်မဟာမင်းခေါင်



ထီးတော်ဟောင်းအား အနီးကပ် တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ကျော်အား ငွေတော် ရှစ်သောင်းပေး၍ ရန်ကုန်အိမ်တော်ရာစေတီကို တည်ထားစေသည်။

ပုဂံမင်းသည် ၁၂၀၈ ခုနှစ် ခမည်းတော် နတ်ရွာစံပြီးနောက် ထီးနန်းဆက်ခံခဲ့ရာ ၁၂၀၉ ခုနှစ် တန်ဆောင်မုန်းလတွင် မန္တလေး (ဒေဝန်းစံနန်းတော်) အိမ်တော်ရာနေရာ၌လည်း အိမ်တော်ရာစေတီတစ်ဆူကို ရန်ကုန်အိမ်တော်ရာဘုရားနှင့် တစ်ဖြိုင်တည်း တည်ထားသည်။ ၁၂၁၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် မန္တလေးအိမ်တော်ရာဘုရား ထီးတော်တင်ပွဲ ကျင်းပပြီး မဟာလောကရံသီဟူသော ဘွဲ့ကမွည်းထိုးသည်။ ထိုဘွဲ့၏ အဓိပ္ပာယ်မှာ လောကသုံးပါးအား အရောင်၊ အဆင်း၊ အလင်းတို့နှင့် ပြည့်စုံတော်မူတတ်သော မြတ်စွာဘုရားဟူ၍ အဓိပ္ပာယ်ဆောင်တော်မူသည်။


မန္တလေး အိမ်တော်ရာဘုရား တည်ထားရာတွင် ကုန်းဘောင်ဆက် အမရပူရ စတုတ္ထနန်းစံ သီရိသုဓမ္မတိလောကပဝရ မဟာရာဇာဓိရာဇ် ဘွဲ့တော်ခံ ပုဂံမင်းတရားကြီးကိုယ်တိုင် သက္ကရာဇ် ၁၂၀၉ ခုနှစ် နတ်တော်လဆန်း ၃ ရက် ဗုဒ္ဓဟူးနေ့တွင် မြေပန္နက်ချမင်္ဂလာ ကျင်းပတော်မူခဲ့သည်။

၁၂၀၉ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်နေ့တွင် ရွှေအုတ်၊ ငွေအုတ်၊ ကြေးနီ အုတ်တို့ဖြင့် မင်းတရားကြီးကိုယ်တိုင် အုတ်မြစ်ချမင်္ဂလာ ကျင်းပတော်မူခဲ့သည်။

နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ပထမဌာပနာတိုက်ကြီး ပြီးတော်မူသဖြင့် နှောင်းတန်ခူးလဆန်း ၁၄ ရက်



မှုက်နှာတော်သပ္ပာယ်လှသည့် မြတ်စွာဘုရားရှင်၏ ဆင်းတုတော်ကို ဖူးမြော်ရပုံ



မှောင်ရုံအတွင်း၌ ရွှေရောင်ဝင်းနေသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တော်မူ ရုပ်ပွားဆင်းတုတော်

နေ့တွင် ရွှေသားဖြင့်ပြုလုပ်သည့် မဟာဗုဒ္ဓဝင်အခန်း (၉၆)ခန်း၊ သရီရ ဓာတ်တော်မွေတော်များ၊ ရွှေသား၊ ငွေသား ဆင်းတုတော် (၁၂၀၀)ကျော်နှင့် ရွှေသားဖြင့် သွန်းလောင်းသော ဘေးလောင်းတော်၊ ဘိုးလောင်းတော် ရုပ်တုသဏ္ဌာန်တို့ကို စေတီတော်ကြီး၏ အရှေ့မျက်နှာစာမှစ၍ ဌာပနာသွင်း မင်္ဂလာ ကျင်းပတော်မူသည်။

သက္ကရာဇ် ၁၂၁၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့တွင် ဘုံခုနစ်ဆင့်ရှိသော ရွှေထီးတော်ကြီးကို မင်းတရားကြီးကိုယ်တိုင် ထီးတော်တင် မင်္ဂလာ ဆင်ယင်ကျင်းပ လှူဒါန်းတော်မူခဲ့သည်။ စေတီတော်ကြီး၏ ဘေးပတ်လည်တွင် အမြင့် ၁၀ပေ၊ ဒု ၄. ၅ပေနှင့် အရှည်ပေ ၇၀၀ ပတ်လည်ရှိသော မဟာရာမ်တံတိုင်းကြီးကို တည်ထား လှူဒါန်းခဲ့သည်။ ဤနည်းဖြင့် မန္တလေးမဟာလောကရံသီ အိမ်တော်ရာစေတီတော်ကြီး ဖြစ်တည်တော်မူသည်။

မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ရှေးအစဉ်အလာမပျက် နှစ်စဉ် နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ဂေါပကအဖွဲ့မှ ကြီးမှူးပြီး ရပ်မိရပ်ဖ အလှူရှင်များ ပါဝင်ကာ စည်ကားသိုက်မြိုက်စွာ စီရင်ကျင်းပနိုင်ခဲ့သည်။

အိမ်တော်ရာစေတီတော်၌ ထူးခြားသည့် ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူကိုလည်း ဖူးမြော်ရသည်။ ဆုတောင်းပြည့် ရှေးဟောင်းရုပ်ပွားတော်များဖြစ်၍ ဘုရားဖူးများအနေနှင့် အထူးအလေးထား၍ ပူဇော်ခဲ့ကြသည်။ သကျမုနိမဟူရာရုပ်ပွားဆင်းတုတော်နှင့် ပွင့်တော်မူရုပ်ပွားဆင်းတုတော်တို့ ဖြစ်သည်။

သကျမုနိမဟူရာ ရုပ်ပွားဆင်းတုတော်မှာ စေတီတော်ကြီး၏ စနေထောင့် မဟူရာမဏ္ဍပ်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသည်။ မဟူရာကျောက်သားအစစ်ဖြင့် ထုလုပ်ကိုးကွယ်ထားသော ဆင်းတုတော်တစ်ဆူ ဖြစ်သည်။ ဘကြီးတော်ဘုရား လက်ထက် မဇ္ဈိမဒေသ မဟာဗောဓိပင်အရင်းမှ ပင့်ဆောင်ခဲ့ပြီး အင်းဝမြို့တော်တွင် တည်ထားကိုးကွယ်တော်မူခဲ့သည်။

သာယာဝတီမင်းလက်ထက်တွင် ထီးနန်းဆိုက်ရာအရပ်ကို အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့စံမြန်းရာ သကျမုနိ မဟူရာ ရုပ်ပွားဆင်းတုတော်ကိုလည်း အမရပူရမြို့သို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ ၁၂၄၉ ခုနှစ်တွင် မိုးကောင်းကျောင်းတိုက် ဆရာတော်ကြီးနှင့် အုတ်ဝန် သံတော်ဆင့် ဦးဖိုးကြီးတို့က အမရပူရမှ မန္တလေးအိမ်တော်ရာဘုရားသို့ ပင့်ဆောင်ခဲ့ခြင်း ဖြစ်သည်။

သကျမုနိမဟူရာ ရုပ်ပွားဆင်းတုတော်သည် ရှေးဟောင်း ဆုတောင်းပြည့် ရုပ်ပွားဆင်းတုတော်ဖြစ်၍ ဘုရားဖူးသူတော်စင်အပေါင်းတို့၏ အလေးထားပူဇော် ကိုးကွယ်ရာဖြစ်သည်။ သကျမုနိမဟူရာ ရုပ်ပွားဆင်းတုတော်နှင့် ကပ်လျက် စကျင်ကျောက်ဖြူဖြင့် သာယာဝတီမင်းကောင်းမှုတော် သေလာမုနိ ရုပ်ပွားဆင်းတုတော် တစ်ဆူကိုလည်း ဖူးမြော်တွေ့မြင်ရသည်။

စေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်းအနီးရှိ ဂန္ဓကုဋိတိုက်တော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် ကြေးဆင်းတုတစ်ဆူကို ဖူးမြော်ရသည်။ ထိုရုပ်ပွားဆင်းတုတော်မှာ မူလက အင်္ဂတေမံဘုရား ဖြစ်သည်။ ၁၃၄၄ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ထိုအင်္ဂတေရုပ်ပွားတော်အား ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရာမှ မံထားသော အင်္ဂတေများကွာပြီး ရွှေရောင်အဆင်းရှိသည့် ကြေးဆင်းတုတော်အဖြစ် ပွင့်ထွန်းလာခြင်းဖြစ်သည်။

ထို့ကြောင့် ထိုကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်အား ပွင့်တော်မူဘုရားဟူ၍ ဘွဲ့နံတော်ကပ်လှူ ပူဇော်ခဲ့ကြသည်။ ရွှေရောင်ဝင်းလျက် ကြည်ညိုဖွယ် ရှေးဟောင်းဆုတောင်းပြည့် ပွင့်တော်မူဘုရားသည် လွန်စွာသပ္ပာယ်လှသည်။ ပွင့်တော်မူ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော်သည် အံ့ဖွယ်ကိုးပါး သွင်ပြင်လက္ခဏာများ ပါဝင်သော ရုပ်ပွားတော်တစ်ဆူဖြစ်သည်။

▲

စာရေးသူတို့ မိသားစုသည် ကြီးလေးကြီးအမိဌာန်ဆက်လက်ဝင်ရန် ရှိသောကြောင့် အိမ်တော်ရာဘုရားမှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ရွှေကျီးမြင်ဘုရားရှိရာသို့ သမီးနန်းအွန့်ခမ်း မောင်းနှင်လာသော မတ်တူးကားလေး ဦးတည်





www.burmeseclassic.com

www.burmeseclassic.com

ပြေးလွှားနေစဉ် မန္တလေးနှင့်ရန်ကုန် အိမ်တော်ရာဘုရားတို့၏ ဘုရားဒါယကာ ပုဂံမင်း၏ ဘဝဇာတ်သိမ်းအကြောင်းကို မိသားစုဝင်များအား အမှတ်တရရှိစေရန် အကျဉ်းချုံး၍ ပြောပြမိသည်။

အိမ်တော်ရာ ဘုရားဒကာ ပုဂံမင်းဟာ ကောင်းမှုကုသိုလ်များ အမြောက်အမြား ပြုလုပ်ခဲ့သော်လည်း ဘဝဇာတ်သိမ်း မကောင်းရှာပေ။ ပုဂံမင်းသည် နောက်ပိုင်း၌ ဘိုင်ဆပ်စသည့် ဘာသာခြား လူမျိုးခြားတို့နှင့် ပေါင်း၍ အဝဲပျော်အပါး လိုက်စားခဲ့သည်။ ညီတော် လွှတ်တက်မင်းသားကြီးများဖြစ်သည့် မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏ အကြံဉာဏ်ကို လက်မခံတော့ပေ။

ဘိုင်ဆပ် စသည့် ဘာသာခြားတို့၏ အနီးကပ်စည်းရုံးဖျက်ဆီးမှုကြောင့် ဘာသာရေးကို အရေးမထား၊ အပျော်အပါးဖက်၍ မူးယစ်သောက်စားနေခဲ့သည်။ ထိုမှမက ပုဂံမင်း၏ စိတ်နေစိတ်ထားမှာလည်း မှုမမှန်ဖြစ်လာသည်။ မယ်တော်မိဖုရားခေါင်ကြီး၏ စကားကိုပင် လက်မခံတော့ပါ။

အားကိုးယုံကြည် စိတ်ချရသည့် ညီတော်များဖြစ်သော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ကိုပင် မသမာသူတို့၏ ကုန်းချော ကုန်းတိုက်စကားတို့ကြောင့် အယုံအကြည်မရှိ ဖြစ်လာခဲ့သည်။ ထိုအခါ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် နောင်တော်ပုဂံမင်းအပေါ် စိုးရိမ်စိတ်များဖြစ်ပေါ်လာသည်။

ထို့ကြောင့် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် နောက်ပါအခြွေအရံ ကျွန်တော်ရင်းများနှင့် သားတော်၊ သမီးတော်၊ မိဖုရားမောင်းမမိသံ တို့ကို ခေါ်ဆောင်၍ ရွှေဘိုအောင်မြေသို့ ထွက်ခွာသွားကြသည်။ နဂိုကပင် ပုဂံမင်းအပေါ် မကျေနပ်သူများ ဘိုင်ဆပ်တို့၏ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ပုဂံမင်းကို ပုန်ကန်ခြားနားလိုသည့်လူများ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားနောက်တော်မှ လိုက်ပါသွားကြတော့သည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် ရွှေဘို၌ အောင်မြေနင်းပြီး အမရပူရနေပြည်တော်သို့ ချီတက်လာခဲ့သည်။ လူအင်အား လက်နက်အင်အား ကောင်းမွန်ပြီး မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့၏ စီမံအုပ်ချုပ်မှုဖြင့် အမရပူရ ရွှေနန်းတော်ကို သိမ်းပိုက်နိုင်ခဲ့သည်။

နောင်တော်ပုဂံမင်းကိုလည်း ထီးနန်းမှချ၍ မင်းတုန်းမင်းသည် မင်းအဖြစ်ကို ခံယူခဲ့ပြီး ညီတော်ကနောင်မင်းကို အိမ်ရှေ့အရာ ပေးအပ်ခဲ့သည်။

ပုဂံမင်း၏ မယ်တော် မိဖုရားခေါင်ကြီးက မင်းတုန်းမင်းနှင့် ကနောင်မင်းတို့အား တောင်းပန်၍လည်းကောင်း၊ မင်းတုန်းမင်းကိုယ်၌က သိမ်မွေ့နူးညံ့သူ ဖြစ်၍လည်းကောင်း ပုဂံမင်းကို သုတ်သင်လုပ်ကြံ သတ်ဖြတ်ခြင်းမပြုဘဲ အိမ်နိမ့်စံဘဝဖြင့် မူလစည်းစိမ်အတိုင်း ထားရှိပြီး ခမည်းတော်ကဲ့သို့ ကိုးကွယ်ခဲ့သည်။

ပုဂံမင်းသည် ထီးနန်းကျပြီးနောက် မင်းတုန်းမင်းတရားကြီး ရတနာပုံ မန္တလေးမြို့သစ် တည်တော်မူပြီး အမရပူရမှ မန္တလေးနန်းတော်သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ မင်းတုန်းမင်းတရားကြီးဟာ မန္တလေးနန်းတွင်း၌ အိမ်တော်တည်ဆောက်ပြီး နောင်တော်မင်းအား ခမည်းတော်ပမာ အလေးထား၍ နေထိုင်စေတော်မူစေသည်။

ပုဂံမင်းသည် မင်းတုန်းမင်းကြီးနှင့် မရှေးမနှောင်းပင် ရောဂါဖြင့် ကံကုန်တော်မူခဲ့သည်။ ထို့ကြောင့် ပုဂံမင်းသည် မိမိပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုအကျိုးကို နောင်ဘဝသို့ မကူးမီ မျက်မှောက်ဘဝမှာပင် ထီးနန်းအာဏာ သိမ်းပိုက်ခံရသော်လည်း သတ်ဖြတ်ခြင်းမခံရဘဲ ညီတော်မင်းတုန်းမင်း၏ ပြုစုစောင့်ရှောက်မှုကို ခံယူရရှိခဲ့သည်။

ပုဂံမင်း၏ အိမ်တော်ရာစေတီနှစ်ဆူ တည်ထားကိုးကွယ်ခဲ့သော ကောင်းမှုကုသိုလ်သည် ပုဂံမင်းအား မျက်မှောက်ဘဝမှာပင် ကောင်းကျိုးချမ်းသာ ခံစားရရှိစေပြီး နောင်တမလွန်ဘဝ၌ပါ ထိုအိမ်တော်ရာစေတီနှစ်ဆူ တည်ထားသော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အတိုင်းအဆမရှိ ရရှိခံစားနိုင်မည်မှာ မလွဲပါ။

စာရေးသူသည် မိသားစုဝင်များအား အိမ်တော်ရာဘုရားစေတီ၏ ဒါယကာ ပုဂံမင်းအကြောင်း ရှင်းပြပြီး လိုက်ပါခဲ့ရာ မကြာမီ ရွှေကျီးမြင်ဘုရားသို့ ရောက်ရှိလေတော့သည်။

❒ တက္ကသိုလ်မျိုး

**မှီငြမ်းစာအုပ်**

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲနှင့် တတိယတွဲ၊ ဦးမောင်မောင်တင်။

၂။ ဆုတောင်းပြည့် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်သမိုင်း ဂေါပကအဖွဲ့ (ရန်ကုန်)။

၃။ ပုဂံမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး (မန္တလေး) ဂေါပကအဖွဲ့။

၄။ မဟာလောကရံသီ အိမ်တော်ရာစေတီတော်သမိုင်း (ရင်ပြင်တော်ရှိ ကမ္ပည်းစာတမ်း)

၅။ စာရေးသူ အကြိမ်ကြိမ် သွားရောက်ဖူးမြော်လေ့လာခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



တင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

## ကင်ဆာ၊ မြစ်ပွားနာ
## အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်ဖုည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။


ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| **ဆေးခန်းတည်နေရာ** | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လမ်းညွှန်** | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| **ဆက်သွယ်ရန်ဖုန်း** | – | ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၁၁၉၁၀၇၉၆၊ ၀၁–၇၀၀၆၄၄၊ |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်ပြီ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ဆယ့်နှစ်လရာသီရယ်လို့ ရှိတဲ့အထဲက လူတွေရဲ့ နှုတ်ဖျားမှာ ရေပန်းအစားဆုံး လရာသီကတော့ သီတင်းကျွတ်လပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

တခြားလတွေမှာ နှုတ်သံဟဟ မဆိုကြပေမယ့် သီတင်းကျွတ်လရောက်ပြီဆိုတာနဲ့ ဆောင်းပါးထိပ်စီးမှာ တပ်ထားတဲ့ စကားလုံး လေးလုံးဟာ လူတွေရဲ့ နှုတ်ဖျားမှာ အုန်းအုန်းထနေတော့တာပဲ။

ဟိုကလည်း သီတင်းကျွတ်ပြီ၊ ဒီကလည်း သီတင်းကျွတ်ပြီ။

ဒီလို ဘာကြောင့် တကျွတ်တည်း ကျွတ်နေရတာလဲ။ အရပ်စကားနဲ့ အဖြေပေးရရင်တော့ ပျော်လို့ပေါ့။ ဟုတ်ပြီ။ ဘာကြောင့်ပျော်ရတာလဲ။

ဒီမေးခွန်းအတွက် အဖြေကိုတော့ 'ပျော်လို့ပေါ့' တစ်ခွန်းတည်း ဖြေသလို ဖြေလို့ မရတော့ဘူး။

ဘာကြောင့်လဲဆိုတော့ ဘာအကြောင်းကြောင့်ဆိုတာကို ကျစ်ကျစ်လျစ်လျစ် ရေဖွဲ့ထားတာမို့ အကြောင်းကြောင်းသော အကြောင်းတွေ ဖြေချလိုက်တဲ့အခါ နတ်တန်ခိုးနဲ့ ဖန်တီးထားတဲ့ ကြိုးစလေး တစ်စလို မီးခိုးမဆုံး မိုးမဆုံး ဖြစ်ပေရော့ပဲ။

ဒါကြောင့်ဆိုတာက ဒါကြောင့် ဒါကြောင့် ဒါကြောင့်တွေ ဖြစ်ကုန်ရော။

ပြောရမယ်ဆိုရင် သီတင်းကျွတ်မတိုင်ခင် မြန်မာ့မိုးကောင်းကင်ကို မော်ကြည့်လိုက်တဲ့အခါ. . .

* တန်ခူးမည်မှတ်၊ ဖတ်ဆွတ် ရေတို့၊ သကြန်မိုး။
* ကဆုန်လတွင်၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။
* နယုန်မိုးသေး၊ မြက်သားမွေး။
* ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။
* ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း။
* တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ။

ကို ကြည့်လိုက်စမ်းပါ။ မြန်မာတို့ရဲ့ ထက်ကောင်းကင် ဝေယံစွန်းမှာ မိုးသံတွေ ထွန်းနေလိုက်တာ အုန်းအုန်းကို ညံပါရော့။ သီတင်းကျွတ် မတိုင်ခင် ရှေ့ခြောက်လဟာ မိုးနဲ့အတူ မွေးစက်၊ မိုးနဲ့အတူ နိုးထ၊ မိုးနဲ့အတူ သွားလာ၊ မိုးနဲ့သာ ပေါင်းဖော်ယှဉ်တွဲ မှီဝဲနေခဲ့ရတာလေ။

"သပြေကသီး၊ ရေကကြီးသနဲ့၊ ထန်းသီးကကြွေ၊ မိုးကစွေ" တဲ့ မိုးလရာသီ အခါသမယဟာ ဘာပဲပြောပြော ရဟန်း ရှင်လူအတို့အတွက် အနေခက်လောက်အောင် ကျဉ်းကျဉ်းကျပ်ကျပ်နိုင်လွန်းလှတာကတော့ အမှန်ပါပဲ။

မိုးရွာမှ ပျိုးသာရမယ့် တောင်သူလယ်သမား ဦးကြီးများက နွားနဲ့အတူ ဖက်ရှန်းလို့ ထွန်းတုံးပေါ် ခြေတော်တင် နေကြသလို ကာယ၊ ဉာဏ လုပ်သားကြီးတွေကလည်း မိုးသည်းသည်းကြားမှာ အားခဲပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်တွေကို အရောက်လှမ်းကြရတယ်။

ကျောင်းသူ၊ ကျောင်းသားမောင်မယ်များကလည်း မိုးကိုပမာမပြု အန်တုကြရင်း စာသင်ခန်းအတွင်း ချင်းနင်းဝင်ရောက်ကြရတယ်။

ပဲပြုတ်သည် ဒေါ်အေးပုံကလည်း မိုးအေးအေးမှာ စောင်ခြုံပြီး ကွေးမနေနိုင်သလို ဆိုက်ကားဆရာ ကိုသာဆန်းကလည်း မိုးစက်တွေ တဖြိုန်းဖြိုန်းမှာ ကမန်းကတန်း [illegible]နေရရှာတယ်။

မြို့ထဲက [illegible]အုပ်တိုက်တွေဆီ ရေးသီထားရာစာ[illegible]တွေ အချိန်မီပေးနိုင်ရေးအတွက် [illegible]ရေးဆ[illegible]ကိုအာကာ ခမျာမှာလ[illegible] ထီးအိုလေးကို အားကိုးပြုရင်း မိုး[illegible]ကြီးကို အန်တုရရှာတယ်။

ဒီလိုပါပဲ [illegible] ဘဝ အကျဉ်းထောင်ထဲမှာ နေ[illegible]ပွင်းခံနေကြရတဲ့ ဘဝအကျဉ်းသား[illegible] ဘဝ ထောင်မှူးကြီးရဲ့ စည်း[illegible]အတိုင်း မဆိုင်းမတွ နာခံနေကြ[illegible] မဟုတ်လား။

မိုးရွာရွာ [illegible]ကိုက်တိုက် ငါ၏ဦးခေါင်းသည် [illegible]၏ ခြိုက်ပုတ်ချက်ကြောင့် သွေး[illegible]ခြင်း နီ၏၊ ညွတ်ကား မညွတ်ထုံး [illegible]မှုပြီး [illegible]ရွေ့ရွေ့နှင်ကြရတာပဲလေ

အဲဒီလို [illegible]ကြရတဲ့ အထဲမှာ ရဟန်းသံဃာတွေ[illegible]သာမဏေတွေလည်း အပါအဝ[illegible]။ နံနက်အရုဏ်ဆွမ်းကြွတော်မူတဲ့ [illegible] မိုးကလည်းရွာ၊ လေကလည်းတိုက်။ ဒီလိုအခါမှာ မိုးရွာလို့၊ လေတိုက်[illegible] သုပ်နေလို့ မရပါဘူး။ တုံးမောင်း[illegible]ဆိုတာနဲ့ ပြုဖွယ်ကိစ္စ ဟူသမျှကို [illegible]ရွက်ပြီးစီးတဲ့အခါ အရုဏ်ဆွမ်း[illegible]တော်မူရတာပါ။

ဒီလိုကြွ[illegible]ရတာဟာ ပုထုဇဉ်လူဝတ်ကြောင်[illegible] ဝမ်းရေး တစ်ခုတည်းအတွက်[illegible] မဟုတ်ပေဘူး။ မြတ်စွာဘုရားရှင် [illegible]တော်မြတ်ကြီးရဲ့ အဆုံးအမတော်[illegible]နာခံပြီး လောကသားတွေကို က[illegible] ချီးမြှောက်ဖို့ အလို့ငှာ ကြွတော်[illegible] ဖြစ်ပါတယ်။

ဆိုလိုချင်[illegible]က မိုးလရာသီဟာ ရဟန်း ရှင်လူ[illegible]အတွက် အားမာန်ထွဲ့ သတ္တိတွေ [illegible]ပေးနေတယ်လို့ ဆိုရလောက်အော[illegible]စီးစီး ကျပ်ကျပ် တည်းတည်း ရှိလ[illegible] ဆိုတာပါ။

လောကီ[illegible]အောင် အိမ်ရာထောင်သူတို့ဘ[illegible] ကြည့်ပြန်တော့လည်း မိုးလရာသီ [illegible] ဝါတွင်းသုံးလမှာ အာဝါဟ ဝိဝ[illegible] ထိမ်းမြားမင်္ဂလာ

www.burmeseclassic.com

ဆောင်နှင်းခြင်း မပြုရဘူး။ အိုးအိမ်အရွှေ့အပြောင်း မလုပ်ရဘူး။ သိုသို သိပ်သိပ် ပိပိပြားပြား နေထိုင်ကြရတယ် ဆိုပါတော့။

ရှေးထုံးအစဉ်အလာ ပြောရိုးဆိုစဉ်ရှိတာကတော့ ဒီလ ဒီရာသီမှာ တော့ငှက်တိရစ္ဆာန်များတောင် အသိုက်အအုံ မပြောင်းရွှေ့ကြပါဘူးတဲ့။

ဝတ်ကြောင်ကို လွတ်အောင်ရှန်းပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန် ရှေးရှုတော်မူကြတဲ့ ရဟန်း သံဃာတော်များအဖို့ကတော့ ဝါတွင်းသုံးလ အခါသမယမှာ မိမိကျောင်းမှတစ်ပါး အခြားသော အရပ်ဌာနများကို ကူးသန်းသွားလာခြင်း သုံးဝ မပြုလုပ်ရပါဘူး။

ဒါကတော့ မြတ်စွာဘုရားရှင်ရဲ့ အာဏာဒေသနာတော်လို့ ခေါ်ဆိုရတဲ့ ဝိနည်းစည်းကမ်းပါပဲ။

အကြောင်းကြီးငယ် ရှိသူများမှ တစ်ပါး ရဟန်းသံဃာတော်အများစုကတော့ မိမိတို့ ဝါဆို၊ ဝါကပ်ရာ ကျောင်းဝိဟာရမှာပဲ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဆိုတဲ့ ဓုရနှစ်ဖြာကို အားထုတ်တော်မူကြပါတယ်။

ဂန္ထဓုရဆိုတာက ပိဋကတ်ကျမ်းဂန် သင်ပေးခြင်း၊ သင်ယူခြင်းဖြစ်ပြီး ဝိပဿနာဓုရကတော့ တရားအားထုတ်တာကို ပြောတာပါ။

အဲဒီတော့ မိုးတွင်းကာလ ဝါတွင်းသုံးလမှာ မြန်မာ့လူနေမှု ပတ်ဝန်းကျင်ဟာ အံ့မှိုင်းစိုစွတ်တဲ့ ရာသီဥတုကြောင့်ရော မြိုးခြံကျင့်သုံးရတဲ့ ဘာသာရေး ကျင့်ဝတ်တွေကြောင့်ပါ ပုထုဇဉ်တို့အနေနဲ့ ကျဉ်းကျပ်သလို ရှိမှာကတော့ အမှန်ပါပဲ။

အဲ သီတင်းကျွတ်လရောက်ပြီဆိုတဲ့အခါ အဲဒီကျဉ်းကျပ်ရတာတွေအားလုံးကို ဖြေလျှော့ခွင့်ရသွားပါပြီ။ ဒါကြောင့်လည်း သီတင်းကျွတ်ပြီဆိုတဲ့ ရွှင်ရွှင်မြူးမြူး ရင့်ကျူးသံလေးတွေဟာ ဒိဒိဝေနေတာပါ။

တကယ်တော့ သီတင်းကျွတ်လအခါသမယဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ထူးမြတ်တဲ့ အခါသမယပဲ ဖြစ်ပါတယ်။

သီတင်းကျွတ်ပြီဆိုတဲ့ ပြုံးပျော်ကြည်နူးမှု အပေါ်မှာ သရဖူဆောင်းထားတဲ့ ဝိသေသထူးတွေက အရေအတွက်ရော အရည်အချင်းပါ ထူးကဲသာလွန်နေပါတယ်။

ဘယ်လို ထူးကဲ သာလွန်နေပါသလဲ။

ကိုင်း ဒီလိုဆိုမှဖြင့် ဝိသေသအပေါင်း သရဖူဆောင်းနေတဲ့ ဗုဒ္ဓဝင်ဒေသနာတော်မြတ်ထဲက 'အမြင်မှာ သာပေတောင်း ဇေတဝန်ကျောင်းဆီ' သွားလိုက်ကြရအောင်။

အဲဒီ ဇေတဝန်ကျောင်းကတော့ အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးပါပဲ။

ဇေတဝန်ကျောင်းတော်ကြီးကိုတော့ ပရိသတ်အားလုံး သိကြပြီးသား ဖြစ်မှာပါ။ ဇေတဝန်ကျောင်းတော်ကြီးမှာ ဘုံသုံးဆင့်ရှိတယ်။ ဘုံတစ်ဆင့်မှာ တိုက်ခန်းပေါင်း တစ်ထောင် ရှိတယ်။ ဘုံသုံးဆင့်ဆိုတော့ တိုက်ခန်းပေါင်း သုံးထောင် ရှိတယ်။

ဂန္ဓကုဋီ၊ သလာဂကုဋီ၊ ကောသမ္ဗကုဋီ၊ ကရေရီကုဋီ ဆိုတဲ့ ကုဋီ လေးလုံးနဲ့ တင့်တယ်တယ်။ အရံပြာသာဒ်ပေါင်း တစ်ထောင်လောက် ရှိတယ်။ စင်္ကြံ၊ မဏ္ဍပ်၊ ဇရပ်၊ ဂူ၊ လိုဏ် စတဲ့ အခြံအရံ အဆောက်အအုံတွေကလည်း ပတ်ပတ်လည်မှာ ဝန်းရံထားတယ်။

ဇေတဝန်ကျောင်းတော်ကြီးကို လက်သမားအကျော်အမော်တစ်ထောင်နဲ့ ကိုးလတိုင်တိုင် တည်ဆောက်ခဲ့ရတယ်။

ကျောင်းဒကာကြီးက သူဌေးကြီး အနာထပိဏ်ဖြစ်ပေမယ့် မူလ မြေပိုင်ရှင် ဇေတမင်းသားကို အကြောင်းပြုပြီး ဇေတဝန်လို့ ခေါ်တွင်ပါတယ်။

အဲဒီလို ကြီးကျယ်ခမ်းနားတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ မြတ်စွာဘုရားရှင်ဟာ တပည့်သား သံဃာတော်တို့နဲ့အတူ သီတင်းသုံးတော်မူစဉ်အခါ အပြင်ဘက်မှာ ဘာဖြစ်နေသလဲဆိုတော့ ပူရဏကဿပ အစရှိတဲ့ တိတ္ထိ (မြတ်စွာဘုရား၏အယူဝါဒနှင့် ဆန့်ကျင်ဘက် အယူဝါဒရှိသူ) တွေက တန်ခိုးပြပွဲကြီး လုပ်ကြမလို့ မဏ္ဍပ်ဆောက်နေကြတယ်။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လာရောက် ကြည့်ရှုကြဖို့ကိုလည်း ကြေညာမောင်းခတ်နေလိုက်ကြတာ မောင်းသံ တဒူဒူနဲ့ ဆူဆူကို ညံနေတာပါပဲ။

ဒါကလည်း အကြောင်းရှိတယ်။ မကြာသေးခင် ကာလကပဲ စန္ဒကူးသပိတ်ကို တန်ခိုး အဘိညာဉ်အစွမ်းနဲ့ အရယူပြီး တိတ္ထိတွေကို အနိုင်ယူခဲ့တဲ့ အရှင်ပိဏ္ဍောလကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်က ဒွမ်း၊ သက်န်း၊ ကျောင်း၊ ဆေး ဟူသော အကြောင်းမျှဖြင့် တန်ခိုးပြာဋိဟာကို မပြုရလို့ သိက္ခာပုဒ် ပညတ်တော်မူခဲ့တယ်။

ဒီတော့ မြတ်စွာဘုရားရှင် ပညတ်တော်မူတဲ့ သိက္ခာပုဒ်တော်ကို အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်စည်းတော်မူကြတဲ့ တပည့်သား သံဃာတော်တွေဟာ တန်ခိုးပြာဋိဟာ မပြကြတော့ဘူး။

ဒါဆိုရင် သိက္ခာပုဒ် ပညတ်တော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း တန်ခိုးပြာဋိဟာ ပြတော်မူမှာ မဟုတ်တော့ဘူး။ အဲဒီလို တိတ္ထိတွေက ထင်မှတ်လိုက်ကြတယ်။

တိတ္ထိတွေ ထင်မှတ်တဲ့အတိုင်းဆိုရင် မြတ်စွာဘုရား သာသနာတော်မှာ တန်ခိုးပြာဋိဟာ ဆိတ်သုဉ်းသွားပြီပေါ့။

အဲဒီတော့ လူတွေ ဆိုတာက တန်ခိုးကိုအထင်ကြီးကြတာလေ။ တန်ခိုးမပြနိုင်ဘူး ဆိုရင် လူတွေက ဘယ်အထင်ကြီးတော့မှာလဲ။ ဒီအချက်ကို

www.burmeseclassic.com

ကောက်ကိုင်ပြီးတော့ သူတို့ တန်ခိုးပြမယ်လို့ ထလုပ်ကြတာပဲ။ တိတ္ထိတွေနဲ့ ယှဉ်ပြီး တန်ခိုးပြိုင်မယ့် မြတ်စွာဘုရားနဲ့ တကွ တပည့်သားသံဃာတော်တွေက လည်း ပေါ်ထွက်လာတော့မှာ မဟုတ်တော့တဲ့အတွက် တန်ခိုးပြမယ်လို့ ကြွေးကြော်နေတဲ့ တိတ္ထိတွေကို လူတွေက အထင်ကြီးပြီး ဆည်းကပ်ကြတော့မှာပါ။

အဲဒီလို အကြံနဲ့ တိတ္ထိတွေက တန်ခိုးပြမယ်လို့ ဖြီးဖြန်းနေကြတာပါ။ တကယ်တန်ခိုးပြနိုင်တာတော့ မဟုတ်ပါဘူး။

မဟုတ်ပေမယ့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးကတော့ စိုးရိမ်စိတ်နဲ့ . . .

"အရှင်ဘုရား တိတ္ထိတွေက တန်ခိုးပြကြတော့မလို့တဲ့၊ ဘယ်လိုလုပ်ကြမလဲဘုရား"လို့ လျှောက်ထားပါတယ်။

လျှောက်ထားတော့ မြတ်စွာဘုရားရှင်က . . .

"မင်းကြီး ဘာမှ စိုးရိမ်မနေပါနဲ့၊ သူတို့က တန်ခိုးပြမယ်လို့ ကြွေးကြော်နေရင် ငါဘုရားရှင်က သူတို့ကို တန်ခိုးနဲ့ပဲ နှိမ်နင်းရမှာပေါ့"လို့ မိန့်ကြားတော်မူတဲ့အခါ ဗိမ္ဗိသာရမင်းကြီးခမျာ မျက်လုံးပြူးသွားပါတယ်။

မကြာခင်ကပဲ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က တန်ခိုးမပြရဘူးလို့ အမိန့်ထုတ်ထားတာ မဟုတ်လား။ အခု မြတ်စွာဘုရားကိုယ်တော်တိုင်ကပဲ တန်ခိုးပြမယ်ဆိုတော့ ဘုရင်ကြီး ဗိမ္ဗိသာရ မျက်စိလည်ပြီး မျက်လုံးပြူးသွားတာပေါ့။

ဒါကြောင့်လည်း . . .

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တော့ ဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး ဘုရား၊ မကြာခင်ကပဲ အရှင်ဘုရားကိုယ်တော်တိုင် တန်ခိုးမပြရဘူးလို့ အမိန့်ထုတ်ထားတယ် မဟုတ်လား ဘုရား" လို့ မဝံ့မရဲနဲ့ မေးလျှောက်ပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားက. .

"ဒကာတော်မင်းကြီး၊ ငါမေးမယ်၊ မင်းကြီးရဲ့ ပန်းဥယျာဉ်ထဲက သစ်ပင်ပန်းမန်တွေကို ဖျက်ဆီးရင် ဒဏ်ခတ်မယ်လို့ အမိန့်ထုတ်ထားလေတော့ သူတစ်ပါးက ဖျက်ဆီးလာခဲ့ရင် မင်းကြီးက ဒဏ်ခတ်မှာပဲ၊ ဒါပေမယ့် မင်းကြီးကိုယ်တိုင် အဲဒီ သစ်ပင်ပန်းမန်တွေကို ဖျက်ဆီးခဲ့ရင် မင်းကြီး ဘာလုပ်မလဲ"လို့ မေးတော်မူပါတယ်။

ဒီအခါ ဗိမ္ဗိသာရမင်းကြီးက. .

"အရှင်ဘုရား၊ တပည့်တော်ကတော့ ပိုင်ရှင်ဖြစ်နေတဲ့အတွက် တပည့်တော်အလိုရှိသလို ပြုလုပ်နိုင်ပါတယ်၊ ဒဏ်ခတ်စရာမလိုပါဘုရား"လို့ ဖြေကြားပါတယ်။

"အေး၊ ဒီအတိုင်းပဲပေါ့ ဒကာတော်မင်းကြီး၊ ကာလသမယကို သိမြင်တော်မူတဲ့ ငါဘုရားရှင်ဟာ သိက္ခာပုဒ်ပညတ်လိုက်ခြင်းဟာ တပည့်သာဝကတို့အတွက်သာဖြစ်တယ်၊ ငါဘုရားအတွက်ကတော့ တန်ခိုးပြလို့ ရတာပေါ့" လို့ ရှင်းလင်း မိန့်ကြားလိုက်တဲ့အခါကျမှ ဗိမ္ဗိသာရမင်းကြီး ဟာင်းချနိုင်တော့တယ်။

နောက်တစ်ချက်က ဘာလဲဆိုတော့ အဲဒီလို ရာဇဂြိုဟ်မှာ ဘုရင် ဗိမ္ဗိသာရနဲ့ တန်ခိုးပြာဋိဟာပြတော်မူမယ့်အကြောင်း မိန့်ကြားတော်မူပြီးတဲ့အခါ မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိကို ကြွတော်မူပါတယ်။

ရှေးဘုရားရှင် နောင်တော်ဘုရားရှင်တို့ဟာ ယမိုက်ပြာဋိဟာကို ပြတော်မူတဲ့အခါ သာဝတ္ထိကို အမှီပြုပြီးတော့သာ ပြတော်မူကြတာမို့ အခုလို သာဝတ္ထိကို ကြွတော်မူတာ ဖြစ်ပါတယ်။

သာဝတ္ထိကို ကြွရောက်တော်မူပြီး ရှေ့နားမှာ ပြောခဲ့တဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီမှာ တိတ္ထိတွေကလည်း ဘုရားရဲ့ နောက်တော်ပါးက ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ကြတာပေါ့။ သူတို့ကလည်း နောက်တော်ပါးက လိုက်လာတာက ကောင်းကောင်းလိုက်တာ မဟုတ်ပါဘူး။ လူတွေကို အခုလို သားပုပ်လေလွင့် ပြောကြပြန်သေးတယ်။ မြတ်စွာဘုရားဟာ တန်ခိုးမပြဘဲ ထွက်ပြေးသွားမှာစိုးလို့ အခုလို ထက်ကြပ်မကွာ လိုက်ကြတာပါတဲ့။

အဲဒီလိုတွေ ဝုန်းဒိုင်းကြဲနေတော့ သာဝတ္ထိပြည့်ရှင်ဘုရင်ကောသလ စိတ်ပူရပြန်ရော။ ထကြွသောင်းကျန်းနေတဲ့ တိတ္ထိတွေကို မြတ်စွာဘုရားရှင်က တန်ခိုးပြာဋိဟာနဲ့ နှိမ်နင်းတော်မူမယ်လို့ မိန့်တော်မူတဲ့အတွက် စိတ်လက်အေးသွားရပေမယ့် မြတ်စွာဘုရားတန်ခိုးပြာဋိဟာ ပြတော်မူဖို့ မဏ္ဍပ်က လိုသေးတာကိုး။ အဲဒီအတွက် ကောသလမင်းကြီး ပူပန်နေတာပါ။

"အရှင်ဘုရား၊ တိတ္ထိတွေကတော့ တန်ခိုးပြဖို့ မဏ္ဍပ်တွေ ဆောက်နေကြပါတယ် ဘုရား၊ အရှင်ဘုရား တန်ခိုးပြဖို့အတွက်ကော တပည့်တော် ဘယ်နားမှာ မဏ္ဍပ်ဆောက်ပေးရမှာလဲ ဘုရား" လို့ လျှောက်တယ်။

ဒီအခါ မြတ်စွာဘုရားက. . .

"မင်းကြီး မဆောက်ပါနဲ့၊ သိကြားမင်း ဆောက်ပေးလိမ့်မယ်" လို့ မိန့်တော်မူပါတယ်။

"ဒါဆိုရင် အရှင်ဘုရား ဘယ်အရပ်မှာ တန်ခိုးပြာဋိဟာ ပြတော်မူမှာလဲ ဘုရား" လို သိချင်ပြန်ရော။

မြတ်စွာဘုရားရှင်က "ကဏ္ဍအကသရက်ပင်ရင်းမှာ တန်ခိုးပြာဋိဟာ ပြတော်မူမယ်၊ နေ့ကတော့ ဝါဆိုလပြည့်နေ့ပေါ့၊ အသင် ဒကာတော် မင်းကြီးနဲ့တကွ ဂရိုဟ်တွေကတော့ သင့်တော်ရာ နေရာကပဲ စည်းဝေး ဖူးမြော်ကြပေါ့"

လို့ တန်ခိုးပြာဋိဟာ ပြတော်မူမယ့် အစီအစဉ်ကို ရှင်းလင်း မိန့်ကြားတော်မူပါတယ်။

ဒါနဲ့ ဘုရင် ကောသလဟာ မြတ်စွာဘုရားရှင်က ယမိုက်ပြာဋိဟာ ပြတော်မူမယ့် အစီအစဉ်ကို အတိုင်းတိုင်း အပြည်ပြည် အရပ်ရပ် ကြေငြာ



www.burmeseclassic.com

www.burmeseclassic.com

တော်ကြားသိရအောင် သဝဏ်လွှာတွေ စေတော်မူပါတယ်။

အဲဒီမှာ တိတ္ထိတွေကလည်း သာဝတ္ထိရဲ့ တစ်ယူဇနာအတွင်း သရက်ပင်မှန်သမျှ တစ်စမကျန်ရအောင် ခုတ်ထွင် ဖျက်ဆီးကြတယ်။ မြတ်စွာဘုရားရှင်က တန်ခိုးပြာဋိဟာကို သရက်ပင်ရင်းမှာ ပြတော်မူမှာကိုး။

သရက်ပင်မရှိရင် ဘယ်လိုပြနိုင်တော့မှာလဲပေါ့။ တိတ္ထိတွေက အဲဒီလို ရှေ့ဘာဏ်တော်စူးရောက်ပြီး သရက်ပင်တွေ ဖျက်ဆီးပစ်တာပါ။

မင်းဥယျာဉ်တော်ထဲက ရရှိတဲ့ သရက်ဖြူသီးကို ကဏ္ဍက ဥယျာဉ်မှူးက မြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းလို့ အဲဒီသရက်စေ့ကနေ အံ့သြဖွယ်ရာ သရက်ပင်ကြီး ပေါက်လာတော့မှ တိတ္ထိတွေ ပျာယာခတ်ကုန်တော့တယ်။

အဲဒီသရက်ပင်ကြီးကို ကဏ္ဍက ဥယျာဉ်မှူးဆက်ကပ်လှူဒါန်းတဲ့ သရက်သီးကနေ ပေါက်ပွားလာတာမို့ ကဏ္ဍက သရက်ပင်လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ပဌာမ တန်ခိုးတော်အဖြစ် လောကဝိဝရဏ တန်ခိုးတော်ကို ဖွင့်တော်မူပါတယ်။

မည်သည့် နေရာမှာ ရှိနေတဲ့ ပရိသတ်မဆို ထက်ဝန်းကျင် စကြဝဠာ တစ်တိုက်လုံးကို သိမ်းကျုံးမြင်နိုင်အောင် အဝိတ်အပင်အတားအဆီးမရှိ ဖွင့်လှစ်တော်မူတဲ့ တန်ခိုးတော်ကို "လောကဝိဝရဏ" တန်ခိုးတော်လို့ ခေါ်ပါတယ်။

သဘောကတော့ မြတ်စွာဘုရားရှင် ယမိုက်ပြာဋိဟာတန်ခိုးတော်ပြတဲ့အခါ ဖူးမြော်ကြည်ညိုသူနေသူတွေ အားလုံး ထင်ထင်ရှားရှား ကြည်ကြည်လင်လင် ဖူးမြင်ကြစေချင်တဲ့ သဘောပါပဲ။

အခုခေတ် တီဗွီဖန်သားပြင်တွေနဲ့ ချိတ်ဆက်ပြီး တင်ဆက်ဟောပြောနေသူကို နေရာအနှံ့က လူထုပရိသတ်တွေ ကြည့်မြင်နားဆင်နိုင်အောင် စီစဉ်တင်ဆက်နေကြတဲ့ သိပ္ပံနည်းပညာတွေဟာ အခုပြောနေတဲ့ လောကဝိဝရဏ တန်ခိုးပြတော်မူပုံကို အတုယူပြီးတီထွင်ထားတာတွေလို့ ဆိုရင် ပရိသတ်ကြီး အံ့သြသွားလေမလား။

ထားပါတော့။

အဲဒီအချိန်မှာ တိတ္ထိတွေ ညာဝါး ဖြီးဖြန်းပြီး ဟန်ဆောင်ပန်ဆောင် တည်ဆောက်ထားတဲ့ မဏ္ဍပ်တွေကတော့ သိကြားမင်းရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ လေနတ်သား၊ နေနတ်သား၊ မိုးနတ်သားတို့ရဲ့ ချေမှုန်းမှုတွေကြောင့် ကြေမြှုန်းပျက်စီးကုန်ပါပြီ။

ပူရဏကဿပ တိတ္ထိ ခေါင်းဆောင်ကြီးလည်း မြေအိုးကို လည်ပင်းဆွဲပြီး မြစ်ထဲ ခုန်ဆင်းသွားလိုက်တာ အဝီစိတို တောက်လျှောက်ရောက်သွားပါပြီ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ အရှေ့စကြဝဠာမှ အနောက်စကြဝဠာတိုင်အောင် ရတနာစင်္ကြံတော်ကို ဖန်ဆင်းတော်မူပြီး စင်္ကြံဦးမှာ ရွှေခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောအသရေတော်နဲ့ ရပ်နေတော်မူပါပြီ။

အဲဒီနောက် ရေမီးအစုံ တန်ခိုးတော်အဖုံဖုံ ပြတော်မူပုံဟာ ဖူးမြင်ရသူအပေါင်းရဲ့ အသည်းနှလုံးတွေကို သိမ်းကျုံးယူငင်သွားလိုက်တာ ဘယ်လိုစာဖွဲ့ပြရမှန်းတောင် မသိတော့ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ အနန္တ ကျေးဇူး ဂုဏ်တော်တွေကိုသာ အာရုံပြု ကြည်ညိုလိုက်ကြပါစို့နော်။

အဲဒီလို ယမိုက်ပြာဋိဟာကို ပြတော်မူပြီးနောက် မြတ်စွာဘုရားရှင်ဟာ သတ္တမမြောက်ဝါတော်ကို ဘယ်အရပ်မှာ ဝါကပ်တော်မူရမလဲလို့ ဆင်ခြင်တော်မူတဲ့အခါ ရှေးရှေး နောင်တော်ဘုရားတို့ဟာ ယမိုက်ပြာဋိဟာတန်ခိုးတော် ပြပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ ဝါကပ်တော်မူပြီး မယ်တော်နတ်သားကို တရားဟောတဲ့ ဓမ္မတာ ရှိတော်မူကြောင်း ဆင်ခြင်တော်မူမိပါတယ်။

ဆင်ခြင်တော်မူမိတဲ့ ဓမ္မတာအလျောက် ဝါဆိုလပြည့် ညချမ်းအချိန်မှာ တာဝတိံသာ နတ်ပြည်နန်းကို စံမြန်းတော်မူဖို့ လက်ယာခြေတော်ကို ချီတော်မူလိုက်တာနဲ့ တစ်ပြိုင်နက် ယူဇနာလေးသောင်းနှစ်ထောင် အမြင့်ဆောင်တဲ့ ယုဂန္ဓိုရ်တောင်ထိပ်ဟာ လက်ယာခြေဖဝါးတော်အောက်မှာ ဝပ်စင်းခံလာပါတယ်။

နောက် လက်ဝဲခြေတော်ကို ချီတော်မူပြန်တဲ့အခါ ယူဇနာရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင်းမိုရ်တောင်တော်မြတ်ဟာ တံ့ဝပ်ရိုကျိုး ဦးနှိမ်မိုးလို့ ခံလာပြန်ပါတယ်။

တာဝတိံသာနတ်တို့အရှင် သိကြားမင်းကလည်း မြတ်စွာဘုရားရှင် ကြွချီတော်မူလာတာကို နတ်ပရိသတ်အပေါင်းခြံရံပြီးတော့ ခရီးဦးကြိုဆိုပင့်ဆောင်တော်မူပါတယ်၊

မြတ်စွာဘုရားရှင်လည်း တာဝတိံသာရဲ့ အထွတ်အမြတ်နေရာဖြစ်တော်မူတဲ့ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာမှာ ထက်ဝက်ဖွဲ့ခွေ သီတင်းသုံးတော်မူပါတယ်။

အဲဒီအချိန်မှာ ယမိုက်ပြာဋိဟာပွဲ ဆင်နွှဲပူဇော် ဖူးမြော်ရောက်လာကြတဲ့ ပရိသတ်တွေက "မြတ်စွာဘုရား ဘယ်ရောက်သွားသလဲ၊ မြတ်စွာဘုရား ဘယ်တော့ ပြန်ကြွလာမှာလဲ" နဲ့ မသိနိုးနားဖြစ်ကုန်ကြတယ်။

အဲဒီမှာ ဒိဗ္ဗစက္ခုတော်အရှင် အနုရုဒ္ဓါကိုယ်တော်မြတ်ကြီးက..

"မြတ်စွာဘုရားရှင်ဟာ အခု တာဝတိံသာက ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်မှာ စံပယ်နေတော်မူတယ်၊ ဝါတွင်းသုံးလ အဲဒီမှာ ဝါကပ်တော်မူပြီး သီတင်းကျွတ်လပြည့်နေ့မှာ ပြန်ကြွတော်မူလာလိမ့်မယ်"

လို့ ရှင်းလင်း ပြောပြတော်မူတဲ့အခါကျမှ လူထုပရိသတ်ကြီးလည်း စိတ်သက်သာရာရသွားပြီး မိမိတို့ရပ်ထံ မပြန်ကြတော့ဘဲ အဲဒီနေရာကပဲ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား ပြန်ကြွအလာကို စောင့်နေကြတော့တယ်။

တာဝတိံသာ နတ်ပြည်မှာကျတော့ မြတ်စွာဘုရား ထံတော်ပါးကို မယ်တော်ဖြစ်ဖူးတဲ့ သန္တုသိတနတ်သားနဲ့တကွ အကုံရ၊ ဣန္ဒက စတဲ့ နတ်၊ ဗြဟ္မာ အပေါင်းတို့ ခညောင်းဆည်းကပ်လာကြတယ်။

အဲဒီမှာ အကုံရနတ်သားနဲ့ ဣန္ဒကနတ်သားတို့ မေးလျှောက်တဲ့ အမေးပုစ္ဆာကို မြတ်စွာဘုရားသခင် ဖြေဆိုတော်မူပြီးနောက် "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ" အစရှိတဲ့ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူပါတယ်။

အဘိဓမ္မာ ဒေသနာတော်ဟာ အလွန်သိမ်မွေ့နက်နဲကျယ်ဝန်းနက်ရှိုင်းလှတာမို့ မြတ်စွာဘုရားရှင်ဟာ တစ်ထိုင်တည်း၊ တစ်ဆက်တည်း ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ခု ပြောပါရစေ၊ အဲဘိဓမ္မာဒေသနာလို့ ပြောလိုက်ရင် တချို့ (တချို့ ဆိုပေမယ့် တော်တော်များများ)က "ပဋ္ဌာန်းတရားတော်ကြီး" ကိုသာ ပြေးမြင်တတ်ကြပါတယ်။

ပဋ္ဌာန်းတရားတော်ကြီးဟာ အဘိဓမ္မာ ပိဋကတ်တော်ထဲက ခုနစ်ကျမ်းမြောက် ကျမ်းတစ်ကျမ်းသာ ဖြစ်ပါတယ်။ ရှေ့မှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်၊ ဓာတုကထာ၊ ပုဂ္ဂလပညတ္တိ၊ ကထာဝတ္ထု၊ ယမက ဆိုတဲ့ ကျမ်းခြောက်ကျမ်း ရှိပါသေးတယ်။ အဲဒီ ဓမ္မသင်္ဂဏီ အစ ပဋ္ဌာန်း အဆုံး ကျမ်းခုနစ်ကျမ်းကိုမှ အဘိဓမ္မာပိဋက၊ အဘိဓမ္မာဒေသနာတော်လို့ ပြောတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က တာဝတိံသာမှာ မယ်တော်ဖြစ်ဖူးတဲ့ သန္တုသိ နတ်သားနဲ့တကွ နတ်၊ ဗြဟ္မာတွေကို ဟောတာဟာ အဲဒီခုနစ်ကျမ်းလုံးကို အစဉ်လိုက် ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ဒီလောက် ကျယ်ဝန်းနက်ရှိုင်းတဲ့ အဘိဓမ္မာဒေသနာတော်ကြီးကို လူ့ပြည်မှာ တစ်ဆက်တည်းဟောဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ လူသားတွေရဲ့ ခန္ဓာကိုယ်ခံနိုင်ရည်အားက ငါးမိနစ်၊ ဆယ်မိနစ်လောက်ငြိမ်ပြီး ထိုင်လိုက်တယ်ဆိုရင်ပဲ ရိုးတိုးရွတ ကာယိကဒုက္ခ (ကိုယ်ဆင်းရဲ) တွေက ဝိုင်းနှိပ်စက်တော့တာ မဟုတ်လား။

ဒါကြောင့်မို့ ကံအား၊ ဉာဏ်အားနဲ့ ခန္ဓာကိုယ်ခံနိုင်ရည်စွမ်းအား လူသားထက်ကြီးမားတဲ့ နတ်၊ ဗြဟ္မာတွေကို ရွေးချယ်ပြီး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ပြီးတော့ ဝါတွင်းသုံးလ အချိန်သတ်မှတ်ချက်ဟာ လူ့ပြည်ရဲ့ သတ်မှတ်ချက်သာ ဖြစ်ပါတယ်။ နတ်၊ ဗြဟ္မာတွေအတွက်ကတော့ မိနစ်ပိုင်းလောက်ပဲ ရှိပါလိမ့်မယ်။

ဒါဆိုရင် နတ်၊ ဗြဟ္မာတွေက တစ်ဆက်တည်း တရားနာနိုင်တာ ထားပါတော့။ မြတ်စွာဘုရားရှင်ဟာ လူသားခန္ဓာကိုယ်သာ ဖြစ်တဲ့အတွက် အဲဒီလို တစ်ဆက်တည်း ထိုင်နိုင်ကောလားလို့ မေးစရာရှိလာပါတယ်။

မေးမယ်ဆိုလည်း မေးလောက်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်တော်ဟာ ဥပါဒိန္နက စတုဇရုပ်ဖြစ်ပါတယ်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါးကို အစွဲပြုပြီး စက္ခုပသာဒရုပ်၊ သောတပသာဒရုပ် စတဲ့ ရုပ်နှစ်ဆယ့်လေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်အစုအဝေးသာ ဖြစ်ပါတယ်။

အချိန်အခါအလျောက် ခန္ဓာကိုယ် ကျန်းမာရေးအတွက် စားခြင်း၊ သောက်ခြင်း စတဲ့ ခန္ဓာ့ဝန်ကို ဆောင်ရွက်ရပါတယ်။

အဲဒါကြောင့် ဇမ္ဗူဒိပ်ကျွန်းမှာ နေဝန်းတက်မယ့် အချိန်လောက်မှာ ကိုယ်တော်မြတ်နဲ့ သွင်ပြင်ဟန်ပန် အသံရုပ်ဝါ ရည်တူမှုတဲ့ နိမ္မိတဘုရားကို ဖန်ဆင်းတော်မူပြီး ထားရပါတယ်။

အဲဒီ ကိုယ်စားတော် နိမ္မိတဘုရားက တရားတော်ကို အလျဉ်မပြတ် ဆက်ဟောတော်မူပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်အစစ်ကတော့ သက်နန်းတော်၊ သပိတ်တော်တို့ကို ပြင်ဆင် ဆောင်ယူပြီး ဟိမဝန္တာတော အနောတတ်အိုင် အနီးက နံ့သာပင်ရင်းမှာ ခင်းထားအပ်တဲ့ ဆေးဒန်းမြင်းသီလာ ကျောက်ဖြေမှာ ရပ်တော်မူပါတယ်။

အဲဒီအခါ ဟိမဝန္တာမှာ မွေ့လျော် နေထိုင်ကြတဲ့ နတ်နဂါးတို့က နာဂလတာ ခေါ်တဲ့ ကွမ်းရိုးဒန်ပူကို ဆက်ကပ်ကြပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဆက်ကပ်လာတဲ့ ကွမ်းရိုးဒန်ပူကို အလှူခံတော်မူပြီး အနောတတ်အိုင်မှာ မျက်နှာတော်သစ်၊ ခံတွင်းတော် သန့်ရှင်းတော်မူပါတယ်။

ပြီးစီးတော်မူတဲ့အခါ မြောက်ဥတ္တရကုရုကျွန်းကို ဆွမ်းခံကြွတော်မူပါတယ်။ ကျွန်းသူ ကျွန်းသားတွေကလည်း နတ်သုဓာတမျှ အရသာရှိတဲ့ ဆွမ်းဘောဇဉ်ကို ကြည်သာရွှင်လန်း လောင်းလှူကြပါတယ်။

မြောက်ကျွန်းကနေ ဆွမ်းခံပြန်ကြွလာပြီး အနောတတ်အိုင်နားမှာပဲ ဆွမ်းဘုဉ်းပေးတော်မူပါတယ်။ ဆွမ်းဘုဉ်းပြီးတဲ့အခါ စန္ဒကူးနံ့သာတောမှာ နေ့သန့်တော်မူပါတယ်။

ဒီလိုအချိန်မှာ လက်ယာတော်ရံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ရောက်တော်မူလာပြီး မြတ်စွာဘုရားရှင်ကို ဝတ်ကြီး ဝတ်ငယ် ပြုစုတော်မူပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားရှင်က-

"ချစ်သား သာရိပုတ္တရာ၊ ငါ ယနေ့ ဒီမျှလောက် တရားဟောခဲ့တယ်" လို့ မိန့်တော်မူပြီး ဟောခဲ့သမျှ တရားတွေကို ပြန်ဟောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အရှင်သာရိပုတ္တရာကနေ တစ်ဆင့် မိမိတပည့်ငါးရာတို့ကို ပြန်လည်ဟောပြတဲ့အတွက် အဘိဓမ္မာဒေသနာတော်ကို လူ့ပြည်လူ့ရွာမှာလည်း နာယူခွင့် ကုသိုလ်ထူးကြီး ဖြစ်ပွားကြရတာ ဖြစ်ပါတယ်။

အဲဒီလိုနဲ့ ညနေချမ်းရောက်လာတဲ့ အခါမှာတော့ မြတ်စွာဘုရားရှင်ဟာ တာဝတိံသာနတ်ပြည်ဆီ ပြန်လည်ကြွမြန်းတော်မူပြီး တရားတော် အစဉ်အတိုင်း ဆက်လက် ဟောကြားတော်မူပါတယ်။

ဒီလိုနဲ့ လူတို့ ဝေါဟာရ ဝါတွင်း သုံးလပြည့်ရောက်တဲ့အခါ အဘိဓမ္မာဒေသနာတော်မြတ် ခုနစ်ရပ်သော ကျမ်းအမွန်တို့ဟာ ကောင်းမွန်ပြည့်စုံစွာ နိဂုံးကမွတ် အဆုံးသတ်တော်မူခဲ့ပါပြီ။

(မှတ်ချက် ရေးပါရစေ။ စကားအစဉ်အနေနဲ့ ခုနစ်ရပ်သော ကျမ်းအမွန်လို့ သိသာလွယ်ကူစေဖို့ ရေးလိုက်ရပေမယ့် တကယ်တော့ မြတ်စွာဘုရားရှင် တာဝတိံသာမှာ အကျယ်အပြန့်ဟောကြားတော်မူတဲ့ တရားတော်အတိုင်း အဘိဓမ္မာခုနစ်ကျမ်းထဲမှာ မပါပါဘူး။ အခု ဆဋ္ဌသင်္ဂါယနာတင် အဘိဓမ္မာခုနစ်ကျမ်းဆိုတာက အရှင်သာရိပုတ္တရာ အရှင်မြတ်ကနေ တပည့် ငါးရာကို အကျဉ်းရုံး ဟောပြတော်မူခဲ့တာ ဖြစ်ပါတယ်)

အဘိဓမ္မာဒေသနာတော်မြတ် အဆုံးသတ်တော်မူတဲ့အခါ ကုဋေရှစ်သန်းအရေအတွက်ရှိတဲ့ နတ်၊ ဗြဟ္မာ အပေါင်းတို့ သစ္စာလေးပါးမြတ်တရားကို သိမြင်ခွင့်ရကြပြီး မယ်တော်ဖြစ်တော်မူခဲ့ဖူးတဲ့ သန္တုသိတနတ်သားက သောတာပန် တည်တော်မူပါတယ်။

မြတ်စွာဘုရားရှင်ဟာ သီတင်းကျွတ်လပြည့်နေ့မှာ တာဝတိံသာကနေ လူ့ပြည် သင်္ကဿနဂိုရ်ပြည်ကို ပြန်လည်ဆင်းသက် ကြွချီတော်မူပါတယ်။ သင်္ကဿနဂိုရ်ပြည်ဟာ ယမိုက်ပြာဋိဟာပြတော်မူရာ သာဝတ္ထိပြည်နဲ့ ယူဇနာသုံးဆယ်ကွာဝေးတယ်လို့ ဒုတိယမဲထီး ဆရာတော်ရဲ့ မာလာလင်္ကာရဝတ္ထုတော်ကြီး တတိယတွဲမှာ ဖော်ပြထားပါတယ်။

မြတ်စွာဘုရားရှင်ကြွချီတော်မူတဲ့အခါ သိကြားမင်းဟာ အရင်းအချာလက်ရုံးတပည့် နတ်သားတွေကို စီမံညွှန်ကြားပြီး တာဝတိံသာ သုဒဿနမြို့တောင်တံခါးကနေပြီးတော့ လူ့ပြည် သင်္ကဿနဂိုရ်ပြည်တောင်တံခါးဝတိုင်အောင် ပတ္တမြားစောင်းတန်းကို ဖန်ဆင်းတော်မူပါတယ်။

ပတ္တမြားစောင်းတန်းရဲ့ တစ်ဖက်တစ်ချက်မှာလည်း ငွေစောင်းတန်း၊ ရွှေစောင်းတန်းတို့ကို ဖန်ဆင်းတော်မူပါတယ်။

မြတ်စွာဘုရားရှင်ဟာ သုဒဿနမြို့ထိပ်မှာ ရပ်တော်မူပြီး လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့ရဲ့ ပီတိသောမနဿ တရား ပွားတိုးစေဖို့ ရည်သန်ပြီး လောကဝိဝရဏတန်ခိုးတော်ကို ပြတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် အဝီစိကနေ အထက်ဘဝဂ်တိုင်အောင် အလုံးစုံ လောကဓာတ်ဟာ အပိတ်ပင် အတားအဆီးမရှိ တစ်ပြင်တည်း တိုးလျှိုပေါက်ဖြစ်သွားပါတယ်။

ကမ္ဘာမြေက လူတွေဟာ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်နဲ့တကွ ဩကာသလောကတစ်ခုလုံးကို အတားအဆီးမရှိ မြင်နေကြရပါတယ်။

အဲဒီလိုပါပဲ နတ်တွေ၊ ဗြဟ္မာတွေကလည်း လူ့ပြည်နဲ့တကွ အဝီစိတိုင်အောင် ရှိရှိသမျှ ရူပါရုံတွေကို အတိုင်းသား မြင်နေရပါတယ်။

အဲဒီလို တန်ခိုးတော်ကို ပြတော်မူပြီးတဲ့နောက် မြတ်စွာဘုရားရှင်ဟာ ပတ္တမြားစောင်းတန်းကနေ ကြွချီတော်မူပါတယ်။ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးပြီး ကေတုမာလာလို့ ခေါ်ရတဲ့ ရတနာဦးထိပ်တော်ကလည်း ရွှေလျှံတော်မကိုင်ရှ် ဘင်္ဂခိုက်အောင် တောက်ပတော်မူစေပြီး ကြွချီတော်မူလာတဲ့ မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရသူ အပေါင်းတို့ဟာ ဘုရားဆုကို မတောင်းဘဲ မနေနိုင်လောက်အောင် ပီတိသောမနဿ ဖြစ်ကြရပါတယ်။

ပတ္တမြားစောင်းတန်းရဲ့ လက်ယာဘက် ရွှေစောင်းတန်းကနေ ဗြဟ္မာကြီးတွေဟာ ရွှေထီး၊ ငွေထီး၊ သန္တာထီးတွေနဲ့ မြတ်စွာဘုရားရှင်ကို ဆောင်းမိုးပူဇော်ပြီး လိုက်ပါလာကြတယ်။

သိကြားမင်းနဲ့တကွသော နတ်အပေါင်းတို့ကလည်း ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်တွေ ကိုင်ဆောင်သူက ကိုင်ဆောင်၊ ဝိဇယုတ္တ အမည်ရတဲ့ ခရုသင်းကို မှုတ်သူက မှုတ်၊ ပဉ္စသိခနတ်သားကလည်း ဦးချောင်ငါးခုပါတဲ့ မကိုဋ်ကို ဆောင်းပြီး ဗေလုဝနတ်စောင်းတီးပြီး ပူဇော်၊ မာတလိနတ်သားကလည်း ဇာမရီသားမြီးယပ်ကို တလွဲလွဲခတ်ပြီးတော့ နတ်ဂန္ဓဗ္ဗအပေါင်းနဲ့တကွ လက်ဝဲဘက်ငွေစောင်းတန်းကနေ မြတ်နိုးကော်ရော် လိုက်ပါလာကြတယ်။

ဒီနေရာမှာလည်း တစ်ခုပြောပါရစေ။

တချို့ မှုကွဲတွေမှာ သိကြားမင်းရဲ့ နောက်ကနေ သုယာမနတ်သားက ယပ်ခတ်ပြီး လိုက်ပါလာတယ်လို့ ဆိုပါတယ်။

နောက် တစ်ခုက ဒုတိယမဲထီးဆရာတော်ရဲ့ မာလာလင်္ကာရဝတ္ထုတော်ကြီးထဲမှာ နတ်တို့သည် ရွှေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏။ ဗြဟ္မာတို့သည် ငွေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏ လို့ ပြဆိုတော်မူပါတယ်။

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်ကနေ ပြန်ကြွလာမယ့်ရက်ကို လက်ချိုးရေတွက်ရင်း ဒိမိတို့ ရပ်ထံ မပြန်စတမ်း စောင့်မျှော်ကြိုဆိုနေကြတဲ့ ပရိသတ်အပေါင်းတို့ကလည်း မီးရှူးတန်ဆောင် အလင်းရောင်တွေ ထွန်းညှိပူဇော်ပြီး တစ်ခဲနက် ပူဇော်လိုက်ကြတာ

www.burmeseclassic.com

စကြဝဠာတိုက် တစ်သောင်းတိုင် မြိမ့်မြိမ့်အုန်းအုန်း တုန်ဟည်းနေတော့တာပါပဲ။

ပီတိဖြစ်လွန်းလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းလို့ ကကြ ခုန်ကြ တီးကြ မှုတ်ကြနဲ့ ဘဝတစ်သက်တာမှာ တစ်ခါသာ ကြုံတွေ့ရတဲ့ မဟာမင်္ဂလာ အောင်ပွဲကြီးပါပဲ။

ဒီအောင်ပွဲကြီးဟာ မြတ်စွာဘုရားရှင် ဝါတော် (၆)ဝါအလွန် ခုနစ်ဝါအရောက် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်မှာ စတင်ပေါ်ထွန်းလာခဲ့ပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်ရဲ့ သက်တော်ဟာ (၄၂)နှစ်သာရှိတော်မူပါသေးတယ်။ ပြဆိုခဲ့ပြီးတဲ့ စကားအစဉ်အတိုင်း သီတင်းကျွတ်လပြည့်နေ့ဟာ အလွန်ထူးခြားမွန်မြတ်တဲ့ နေ့ထူးနေ့မြတ်ကြီး ဖြစ်နေတာ အထင်အရှားပါပဲ။

အတိတ်ဖြစ်ရပ်၊ ပစ္စုပ္ပန်ဖြစ်ရပ်၊ အနာဂတ်ဖြစ်ရပ်ဆိုတဲ့ ဖြစ်ရပ်သုံးပါးလုံးဟာ အံ့မခန်းစရာတွေနဲ့သာ ပြည့်နေတော့တယ်။ -

ဒါကြောင့်လည်း 'ဘဒ္ဒန္တာ - အိုသူတော်ကောင်းတို့၊ အယံဒိနော - သီတင်းကျွတ်လပြည့် ဤယနေ့သည်ကား၊ အဘိဓမ္မ ဒိနော - အဘိဓမ္မာဒေသနာကို ဒေသချာပြီးဆုံး နိဂုံးကမ္ပတ် အပြီးသတ်အောင် စောမြတ်စိန္တေ ဟောမိန့်ခြွေသည့် ကြုံလေထူးခြား အဘိဓမ္မာနေ့ကြီးပါတကား' ဆိုတဲ့ ဂါထာအစဉ်ကို ပဏာတင်လိုက်ပါရစေတော့။

တကယ်ဆိုရင် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဟာ မီးထွန်း ပူဇော်ရုံ မဟုတ်ပါဘဲ လိုက်နာကျင့်သုံးအပ်တဲ့ ကိုယ်ကျင့် အဘိဓမ္မာတွေကိုပါ လိုက်နာကျင့်သုံးဖို့ အလင်းရောင် ပေးနေတဲ့ နေ့ထူး နေ့မြတ်ကြီးလည်း ဖြစ်ပါတယ်။

ဆိုပါတော့။ မြတ်စွာဘုရားရှင်ဟာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားကို အကြောင်းပြုပြီး တာဝတိံသာမှာ အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူတာဟာ နို့ဖိုးဆပ်တရားလို့ ပညာရှိသူတော်ကောင်းများ တင်စား ကြည်ညိုလေ့ရှိပါတယ်။

ဒီအချက်ဟာ လူသားတို့လိုက်နာ ကျင့်သုံးအပ်တဲ့ ကိုယ်ကျင့်အဘိဓမ္မာပဲပေါ့။ နို့ဖိုးပုံထပ်၊ ကျေးဇူးဆပ်သည့် အဘိဓမ္မာ ဒေသနာတော် လို့လည်း ဆိုကြသေးတာလေ။

အဲဒါကြောင့် အဘိဓမ္မာ အခါတော်နေ့ရဲ့ ပြည့်ဝန်ချက်တွေထဲက နေ့ညမပြတ်၊ မမေ့အပ်ရာ၊ ပရမတ္ထ ဘာဝနာဆီ အရောက်လှမ်းနိုင်ဖို့ ကြိုးစားကြရမှာဖြစ်သလို နို့ဖိုးပုံထပ်၊ ကျေးဇူးဆပ်တဲ့ လောကသစ္စာတရားကိုလည်း လေးလေးနက်နက် ခံယူနိုင်ကြဖို့ လိုပါတယ်။

တစ်ဆက်တည်းမှာ ပြောချင်တာကတော့ သုတေသန မှတ်တမ်းများအရ သီတင်းကျွတ် မီးထွန်းပူဇော်ပွဲတော်ကို သာသနာတော်နှစ် ၂၃၅ ခုနှစ်မှာ စတင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါဆိုရင် အခုသာသနာတော်နှစ် ၂၅၅၃ ခုနှစ်မှာ ၂၃၁၈ နှစ်တိုင်ခဲ့ပါပြီ။

ဒီတော့ မြတ်စွာဘုရားရှင် တာဝတိံသာကနေ သင်္ကာသနဂိုရ်ပြည်ကို ပြန်လည်ဆင်းသက် ကြွရောက်တော်မူတဲ့ အထိမ်းအမှတ် အနေနဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်ကို ကျင်းပပူဇော်လာကြတာ နှစ်ပေါင်း အကြိမ်ပေါင်း ၂၃၁၈ ရှိသွားပါပြီ။

ရွှေတိဂုံ တပေါင်းပွဲတော်ပြီးရင် သက်တမ်းအရှည်ဆုံး ပွဲတော်လို့တောင် ဆိုနိုင်ပါတယ်။

အဲဒီ သာသနာတော်နှစ် ၂၃၅ ခုနှစ်မှာ သောဏမထေရ်နဲ့ ဥတ္တရမထေရ်တို့ မြန်မာနိုင်ငံကို သာသနာပြုကြွရောက်တော်မူလာပြီ ဖြစ်တဲ့အတွက် အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံမှာလည်း သီတင်းကျွတ်မီးထွန်းပွဲတွေ ဆီမီးရောင်ရှိန် ထိန်ထိန်ညီးနေလောက်ပြီ ထင်ပါတယ်။

အဲဒီလို ရှည်ကြာလှတဲ့ သက်တမ်းအတွင်း သီတင်းကျွတ်မီးထွန်းပူဇော်ပွဲနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံမှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း အစီအစဉ်တွေ ရှိခဲ့မှာလည်း ဖြစ်ပါတယ်။

သီတင်းကျွတ်လပြည့်မှာ ထင်ရှားတဲ့ အစီအစဉ်တစ်ခုကတော့ ပဝါရဏာပွဲပါပဲ။ ရဟန်းတော်တွေ အချင်းချင်း တစ်ပါးနဲ့ တစ်ပါး အပြစ်ရှိရင် ခွင့်လွှတ်ဖို့တောင်းပန်တဲ့ ပွဲပါပဲ။

ဒီပွဲအကြောင်းကို လူတွေ အသိနည်းသွားတဲ့ အချက်ကိုတော့ အားမရလှပါဘူး။

ထားပါတော့လေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆက်သက် တင်ပြနေရရင် နောက်လ ဆက်ဖတ်ပါ ဖြစ်သွားလိမ့်မယ်။

ဘာပဲပြောပြော၊ သီတင်းကျွတ်လပြည့်နေ့မှာ နိုင်ငံတော်တစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နေတဲ့ 'အဘိဓမ္မာအခါတော်နေ့' အောင်ပွဲသဘင်ကြီးကနေ နို့ဖိုးပုံထပ်၊ ကျေးဇူးဆပ် ဆိုတဲ့ ကိုယ်ကျင့်အဘိဓမ္မာကို ရှာဖွေတွေ့ရှိ မော်ကွန်းထိုးနိုင်ခဲ့ကြမယ်ဆိုရင် မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်အနန္တကို ပေးဆပ် ပူဇော်ရာရောက်ပါလိမ့်မယ်လို့ မျှော်လင့်ယုံကြည်လိုက်ပါရစေ။

မေတ္တာရည်လျက်. . .

❒ **လင်းပြည့်စုံ**





www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မဇ္ဈိမာတိုက်တောင်း စန္ဒာလေးမြို့

ဦးချစ်ဆွေမွေမှာ ရှုံး၍ မောကြိုးဆုံးမတော်မူသော

# ခန္ဓာဝေဒါရုံ ညာဏ်သွင်းရမည့် တရားတော်

(ယခင်လမှအဆက်)

အဲဒါကြောင့် ကိုယ့်အဆက်ကို ကိုယ်ဖြတ်မှ ဖြတ်မယ် (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာပါလိမ့် (ကိုယ့်အဆက်ကို ကိုယ်ဖြတ်မှ ဖြတ်ပါမယ်)။ သဘောပါပြီနော် (ပါပါပြီ)။

အဲဒီတင် သုသိမက ဘုရားဆီရောက်ပြီး သကာလ သွားတော့ သူက ချက်ကောင်းချောင်းနေတယ်။ ဘုရားဆီမှာ ဘယ်ပုဂ္ဂိုလ်လာမတုံး၊ လာလို့ရှိရင် သူတို့ဆရာ၏ အကြီးဆုံး ဆရာဆိုတာတော့ ရှိမှာပဲ။ အဲဒီအကြီးဆုံးစကားကို မရ ရအောင် ဖမ်းမယ်၊ သူက တရားခိုးဖို့လည်း အရေးကြီးနေ တာကိုး (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် သူက သတိလစ်ပါ့မလား (မလစ်ပါဘုရား)။ နိုးမယ့်သူက လစ်စရာတော့ မရှိဘူးပေါ့ကွာ (မှန်ပါ့)။ ကဲ . . ဒါနဲ့ တစ်နေ့သ၌ နှစ်ရက် သုံးရက်နေတော့ ဒကာ၊ ဒကာမ တို့ သီတင်းကျွတ်တဲ့အချိန်ကျတော့ ရဟန်းတွေက တောထဲ မှာ ဝါတွင်းသုံးလ အားထုတ်ကြတာ ရဟန္တာတွေ ဖြစ်ပြီး သကာလ ပြန်လာကြတယ်။ ပြန်လာကြတဲ့အခါကျလို့ရှိရင် ဘုရားကျောင်းတော် ဝင်ကြတဲ့အခါ . . .

'အင်း ကိုယ်တော်တွေထူးတယ်၊ တောကလာတဲ့ ကိုယ်တော်တွေ၊ ဒီကိုယ်တော်တွေ ဘုရား ဆီဝင်ကြတယ်၊ အဲဒီမှာ စကားထူးတော့ ပါမှာပဲ၊ ငါ နောက် ကလိုက်မှ တော်မယ်'

သူက တရားခိုးဖို့ကို အရေးကြီးနေတာပဲ (မှန်ပါ့ ဘုရား)။ ဦးခင်မောင် ဘာအရေးကြီးနေတာပဲ ခိုးဖို့ပဲ (အရေး ကြီးနေပါတယ်)။ အဲဒီ အရေးကြီးပြီးသကာလ နေတာနဲ့ ဒကာ၊ ဒကာမတို့ ကိုယ်တော်တွေက ကြွလာပြီးသကာလ ဘုရားဆီရောက်နေတယ်၊ သူကလည်း နောက်က ထိုင်စောင့် ပြီး ရှေ့ထိုင်နေတာပဲ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ့်နှယ်တုံး 'မေနီယံ ယာပနီယံ' ဆိုတဲ့ ဒေတိုင်း ကျန်းမာ ကြရဲ့လား၊ ချမ်းသာကြရဲ့လား၊ သူတော်ကောင်းတရားများ ဘယ့်နှယ်များ နေကြသတုံး၊ အို . . . တပည့်တော်တို့တော့ ပဋိသန္ဓေကုန်ပါပြီ ဘုရား။

ဒကာ၊ ဒကာမတွေ ဘယ်လိုလျှောက်ပါလိမ့် (ပဋိ သန္ဓေ ကုန်ပါပြီတဲ့)။ ပဋိသန္ဓေ ကုန်တယ်ဆိုတာ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ။ ဇာတိက ပဋိသန္ဓေ မဟုတ်လား (မှန်ပါ့)။





www.burmeseclassic.com

www.burmeseclassic.com

ဇာတိကုန်တော့ ဒါကုန်တဲ့အံမိပ္ပာယ် မသေချာဘူးလား (သေချာပါတယ် ဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကံ ကုန်ကတည်းက ဇာတိက ဘယ့်နှယ်နေသလဲ (ကုန်ပါတယ်)။ အဲဒီတော့ တပည့်တော်တို့ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ (ပဋိသန္ဓေ ကုန်ပါပြီဘုရား)။ ကျင့်စရာကိစ္စတွေကလည်း ကျင့်ပြီးပါပြီ။

ဒကာ၊ ဒကာမတို့ ပဋိသန္ဓေလည်း ကုန်ပါပြီတဲ့။ ကျင့်စရာကိစ္စတွေကော (ကျင့်ပြီးပါပြီတဲ့)။ အဲ အခု ဘုန်းကြီးဆီမှာ တရားနာကြတဲ့ ဒကာ၊ ဒကာမတွေ မသေမချင်းကျင့်ရမယ်လို့ ဒီလိုမအောက်မေ့ပါနဲ့ (မှန်ပါ့)။ ကျင့်စရာကုန်တဲ့အခါကျတော့ သူ ကုန်ပါတယ် (မှန်ပါ့)။ သူ့လမ်းက လမ်းဆုံးရှိတာကိုး၊ အစရှိတော့ အဆုံးရှိတယ် (မှန်ပါ့)။

ဩော်. . . ဝိပဿနာဆိုတာ ဘယ်လိုများ လုပ်ရမှာပါလိမ့် မသေမချင်းပဲလား၊ မဟုတ်ပါဘူး၊ ဒကာ၊ ဒကာမတို့ ကျင့်စရာကုန်တဲ့အခါ ရှိပါသေးတယ် (မှန်ပါ့ ဘုရား)။ မရှိပေဘူးလား (ရှိပါတယ် ဘုရား)။

ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ ကရဏီယံ - ပြုဖွယ်ကိစ္စကို၊ ကတံ - ပြုပြီးပြီ ဆိုလို့ရှိရင် နေဒက်က လိုက်စရာ လိုသေးသလား (မလိုပါ ဘုရား)။

'နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ' တဲ့၊ တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စဟာ ဒကာ၊ ဒကာမတို့ နောက်ထပ်ပေါ်ဖို့ လိုသေးသလား (မလိုပါ ဘုရား)။ မဂ်ဆိုတာ တစ်ကြိမ်ပေါ်ပြီး ပြီးကြတာပဲ မဟုတ်လား (မှန်ပါ့ ဘုရား)။

အဲဒါတွေကို ခုနင်က ရဟန္တာကြီးတွေက ရဟန္တာဖြစ်တာလို့ လျှောက်တဲ့အခါကျတော့ သူက အောက်မေ့တယ်။ ပဋိသန္ဓေနေမှု ကုန်ပြီလို့ ပြောတယ်၊ ဒီကိုယ်တော်တွေ ပဋိသန္ဓေနေမှု ကုန်တယ်ဆိုလို့ရှိရင် နည်းတဲ့သတ္တိမဟုတ်ဘူး၊ သူက ဒါလောက်တော့ နားလည်တယ် (မှန်ပါ့ ဘုရား)။

ဒီလိုနားလည်ပြီးသကာလ ကိုယ်တော်တွေနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သာဓုအနုမောဒနာ ခေါ်တော်မူပြီး ကဲ. . . အာဂန္တုတွေ ဝမ်းမြောက်စရာပဲ၊ ကိုယ့်ကိစ္စကိုယ်သိမ်းပြီး လာကြတဲ့အတွက် သိပ်ဝမ်းသာတယ် ဘုရားက (မှန်ပါ့ ဘုရား)။

ဘုရားကတော့ သိပြီးသားကိုးဗျ။ ဒီတပည့်သားမြေးတွေကို အပါယ်သွားမယ့်ကိစ္စတွေ၊ နောက် ပဋိသန္ဓေနေရမည့် ဇာတိဒုက္ခတွေ သိမ်းလာတယ်ဆိုတော့ အဖလုပ်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝမ်းမသာပေဘူးလား (သာပါတယ် ဘုရား)။

အဲဒီတော့ သူများဝမ်းသာတာထက် ကိုယ့်ဟာကိုယ်ဝမ်းသာနိုင်အောင် လုပ်ကြစမ်းပါ (မှန်ပါ့ ဘုရား)။ သူများဝမ်းသာတာထက် (ကိုယ့်ဟာကိုယ်ဝမ်းသာအောင် လုပ်ရပါမယ်)။ လုပ်ကြစမ်းပါဆိုတာ တိုက်တွန်းရမယ်။

ဘာကြောင့်တုံးဆိုတော့ ရာဇဝတ်မှု သူများက လွတ်လိမ့်မယ် ပြောတာနဲ့၊ ကိုယ်ကိုယ်တိုင် ဒီကရီနားထောင်ပြီး လွတ်ရတာနဲ့ ဘယ်ဟာက ဝမ်းသာသလဲ (ကိုယ်ကိုယ်တိုင်နားထောင်ရတာက ဝမ်းသာပါတယ် ဘုရား)။

သူများကတော့ နားခံသာအောင် ပြောတာ၊ လွတ်ပါလိမ့်မယ်ဆိုတာ မဟုတ်ဘူးလား (မှန်ပါ့)။ ကိုယ်ကိုယ်တိုင် ဒီကရီနားထောင်လို့ လွတ်လာတဲ့အခါကျတော့မှ ဒကာ၊ ဒကာမတို့ သိပ်ဝမ်းသာရမယ် မဟုတ်လား (မှန်ပါ့)။

ဒီမှာလည်း ကိုယ်ကိုယ်တိုင် ဂဂ်ဇစ်ပေါ်လာလို့ သိတဲ့အခါကျမှ ငါ အပါယ်လေးပါး လွတ်ပြီဆိုတာ ကိုယ်ကိုယ်တိုင် သိရတယ် (မှန်ပါ့ ဘုရား)။ အဲဒီလိုကျတော့ လုပ်မယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရှင်းကြပလား (ရှင်းပါပြီ)။ ပေါ်ပြီနော် (ပေါ်ပါပြီ)။

ကိုင်း . . . ဒါဖြင့် ဒကာ၊ ဒကာမတို့ သုသိမက ဒီရဟန်းတွေပြောတာ နားထောင်ပြီးသကာလ ရဟန်းတွေက ပဋိသန္ဓေနေမှု ကုန်ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလည်း အကုန်ချောချောမောမော ပြီးပါပြီဘုရား၊ နောက်ထပ်လည်း လုပ်စရာမရှိတော့ပါဘူး။

ဒီလိုပြောတော့ သုသိမက ဩော်. . . ဒီကိုယ်တော်တွေဟာ သေသေချာချာ သူတို့နိဗ္ဗာန်ရောက်တာပဲ၊ နိဗ္ဗာန်ရောက်တဲ့ ကိုယ်တော်တွေပဲလို့ သူသိတယ်။

သူသိတာနဲ့ ဦးခင်မောင်ရေ၊ ဒီကိုယ်တော်တွေကလည်း ဆိုင်ရာဆိုင်ရာ ကျောင်းကို ကြွကြတာပေါ့ဗျာ။ ဘုရားလျှောက်ထားပြီး ဘေးကကျောင်းကို ကြွကြတော့ ဒီကြွရတဲ့ ရဟန်းတွေနောက် လိုက်တာပဲ (မှန်ပါ့)။

ကြွရတဲ့ ရဟန္တာတွေနောက် လိုက်ပြီး သကာလ ရဟန္တာတွေက ထိုင်ကာရှိသေးတယ် အရှင်ဘုရား. . . အရှင်ဘုရားတို့ ဘုရားကိုလျှောက်ခဲ့တာ တပည့်တော် ကြားရတယ်၊ ပဋိသန္ဓေနေမှု ကုန်ပြီဆိုတော့ ရဟန္တာဖြစ်ပြီလို့ အရှင်ဘုရားတို့ ပြောတာပဲ၊ နောက်ထပ် လုပ်စရာကိစ္စလည်း မရှိဘူးလို့ အရှင်ဘုရားတို့လျှောက်တယ်၊ အဲဒါလည်း တပည့်တော် ကြားတယ်၊ အဲဒါ အရှင်ဘုရားတို့ ရဟန္တာဖြစ်ပြီလို့ဆိုတာ အရှင်ဘုရားတို့ လျှောက်တာပဲ၊ သူက ရိပ်မိတယ် (မှန်ပါ့)။

အဲဒီတော့ အရှင်ဘုရားတို့ ရဟန္တာဖြစ်တာဟာ ကောင်းကင်ပျံနိုင်ရဲ့လား၊ မေးတာက တလွဲဖြစ်နေတယ် (မှန်ပါ့)။ ရိပ်မိပလား (မှန်ပါ့)။ ရဟန္တာဖြစ်တာနဲ့ ကောင်းကင်ပျံနိုင်တာနဲ့ တခြားစီပဲ (မှန်ပါ့)။ ရဟန္တာဖြစ်တိုင်း ကောင်းကင်ပျံနိုင်တာ မဟုတ်ဘဲ (မှန်ပါ့ ဘုရား)။ ကောင်းကင်ပျံနိုင်တာက စျာန်လမ်းကမှ ပျံနိုင်တာ (မှန်ပါ့)။ သဘောကျပြီလား (ကျပါပြီ ဘုရား)။

ကောင်းကင် ပျံနိုင်ရဲ့လား မြေလျှိုးနိုင်ရဲ့လား ရေပေါ်မှာ လမ်းသွားနိုင်ရဲ့လားတဲ့၊ သူက စျာန်လမ်းလည်း မေး



www.burmeseclassic.com

www.burmeseclassic.com

တာပဲ (မှန်ပါ)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ သူတစ်ပါးစိတ် သိရဲ့လားဆိုတော့ အသိဉာဏ်လမ်း မေးလိုက်ပြန်တယ် (မှန်ပါ ဘုရား)။ ဒိဗ္ဗစက္ခုဆိုတဲ့ ဉာဏ်နဲ့ မြင်းမိုရ်တောင်ကြီးထဲမှာရှိတဲ့ သဲတွေမြင်ရဲ့လား၊ ပတ္တမြားတွေ မြင်ပါရဲ့လားဆိုတော့ ဈာန်လမ်းချည်း မေးချလိုက်တယ် (မှန်ပါ)။

အဲဒီတော့ ဟိုကိုယ်တော်တွေက ရိပ်မိတယ်။ ဪ . . . သုသိမ တယ်ခက်ပါကလား၊ တယ်ခက်ပါကလား၊ တို့က ဝိပဿနာလမ်းနဲ့ ရဟန္တာဖြစ်လာတာ၊ သူက ဈာန်လမ်း နိဗ္ဗာန်မရောက်တဲ့လမ်းနဲ့ လှမ်းမေးနေတယ်ဆိုတော့ တို့ကိုယ်တော်တွေက တိုတိုပဲ ဖြေလိုက်တယ်။

'ပညာဝိမုတ္တာ မယံ သုသိမ' သုသိမပရိဗိုဇ် မယံ - ငါတို့သည်၊ ပညာဝိမုတ္တာ - ပညာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရခဲ့တယ် (သို့မဟုတ်) ကိလေသာမှ လွတ်ခဲ့တယ်၊ ပညာတစ်လုံးတည်းနဲ့ ရခဲ့တယ်၊ ဈာန်မပါဘူးလို့ ပြောချလိုက်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာတဲ့တုံး၊ ပညာနဲ့ ရဟန္တာ ဖြစ်ခဲ့ပါတယ်၊ ခုနက တရားပြန်ကောက်လိုက်တော့ မကိုက်ဘူးလား (မှန်ပါ)။ ဒီက ဖြစ်ပျက်၊ ဟောဒီက မဂ်ဆိုတော့ ပညာဖြစ်နေတယ် (မှန်ပါ ဘုရား)။ ဒီတဲ အကာလိကော အခါမလင့် အကျိုးပေးတယ်ဆိုတော့ မဂ်က သတ်ပစ်လိုက်ပြီဆိုတော့ ဒါ ရဟန္တာဖြစ်တော့တာပေါ့ (မှန်ပါ)။ မဖြစ်သေးဘူးလား (ဖြစ်ပါပြီ ဘုရား)။

အဲဒီတော့ တို့ကိုယ်တော်တွေက 'ပညာဝိမုတ္တာ မယံ သုသိမ' သုသိမ၊ သုသိမပရိဗိုဇ် မယံ - ငါတို့သည်၊ ပညာဝိမုတ္တာ - ပညာနဲ့ ကိလေသာတို့မှ လွတ်တယ်၊ သဘောကျပြီလား (ကျပါပြီ)။

အဲဒီမှာ အဋ္ဌကထာဆရာက သုသိမ နိဗ္ဗာနကာ - ငါတို့မှာ ဈာန်မရှိပါဘူးကွာ၊ သုက္ခဝိပဿကာ - ဈာန်ဆိုရင် နည်းနည်းမှ ဝမ်းထဲမှာ မရှိဘူး၊ ဈာန်ခြောက်ပါတယ်တဲ့၊ သဘောကျပလား (ကျပါပြီ)။

ပညာမတ္တေနေဝ ဝိမုတ္တော၊ ပညာနဲ့သာ ကိလေသာမှ လွတ်လာခဲ့တာပါ၊ ဈာန်ကို မပါခဲ့ပါဘူးတဲ့။ ဒါ ဟိုကိုယ်တော်တွေဖြေတာ။ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ပညာနဲ့ ဝိပဿနာရှုပြီးသကာလ ငါတို့ ရဟန္တာအဖြစ်သို့ ရောက်လာခဲ့ပါတယ်ကွာ။ ဈာန်မပါပါဘူး။ နိဗ္ဗာနကာ သုက္ခဝိပဿနာလို့ ဖွင့်လိုက်ပါတယ်။ အဋ္ဌကထာဆရာတွေက နိဗ္ဗာနကာဆိုတာ ဈာန်မရှိဘူး၊ သုက္ခဝိပဿနာဆိုတာ ဈာန်ခြောက်ပါတယ်လို့ ပြတာ။ ပညာမတ္တေနေဝ ဝိမုတ္တာ - ပညာနဲ့သာလျှင် ကိလေသာမှလွတ်ပြီး နိဗ္ဗာန်ရောက်ခဲ့တာပါ (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဘာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ် (ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ်)။ ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒီတော့ ဟိုကဖြေတာကတော့ ဦးခင်မောင် အရှင်းသားပဲ (မှန်ပါ ဘုရား)။ ဒကာသစ် ဘယ့်နှယ်တုံး (ဖြေတာက ရှင်းပါတယ် ဘုရား)။ ရှင်းပြီနော်၊ ကိုမြင့်တို့၊ ဦးဇံရှင်တို့ကော (ရှင်းပါပြီ ဘုရား)။

ပြောတာကလည်း ရှင်းလိုက်တာ ပညာနဲ့ သူ ကိလေသာ လွတ်ခဲ့တယ် (မှန်ပါ)။ ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်။ ပညာနဲ့ ကိလေသာတွေ ချုပ်ငြိမ်း ရုပ်သိမ်း နိဗ္ဗာန်ရောက်ခဲ့တယ် ပြောတာပဲ (မှန်ပါ)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သူကတော့ ကျေနပ်ရဲ့လား (မကျေနပ်ပါဘူး)၊ ဘယ်ကျေနပ်မတုံး ဦးခင်မောင်ရဲ့ ဘာမှမပါတဲ့သူက အရမ်းမေးတာကြီးပဲ (မှန်ပါ)။ သမထလည်း မလုပ်ဖူးဘူးဗျာ၊ ဝိပဿနာကော (မလုပ်ဖူးပါ ဘုရား)။ မလုပ်ဖူးဘဲနဲ့ ဆိုတော့ သူ သဘောကျနိုင်ပါ့မလား (မကျနိုင်ပါ ဘုရား)။ ဟိုရဟန္တာတွေ ဖြေတာက မှားသလား၊ မှန်သလား (မှန်ပါတယ် ဘုရား)။

ပညာဝိမုတ္တာ မယံ သုသိမကိုး (မှန်ပါ)။ အဋ္ဌကထာဆရာကလည်း သုသိမ မယံ နိဗ္ဗာနကာ - ဈာန်မပါပါဘူးကွ၊ သုက္ခဝိပဿကာတွေ ဈာန်ကိုခြောက်နေပါတယ်၊ ပညာမတ္တေနေဝ ဝိမုတ္တာ၊ ပညာတစ်ခုတည်းနဲ့ နိဗ္ဗာန်ရလာတာပါ (မှန်ပါ)။ အဋ္ဌကထာဆရာက ပြောလိုက်တယ် (မှန်ပါ ဘုရား)။

ဒီရဟန္တာတွေက ဖြေတာကို အကျယ်ဖြေလိုက်တာပါပဲ (မှန်ပါ)။ ဒီလိုဖြေလိုက်တော့ ဒကာ၊ ဒကာမတို့ သုသိမက သဘောမကျဘဲ ဖြစ်နေတယ် (မှန်ပါ)။ ဘယ်သူက သဘောမကျသတုံး (သုသိမက သဘောမကျဘာပါ)။ သိလို့ သဘောမကျတာလား၊ မသိလို့ သဘောမကျတာလား (မသိလို့ သဘောမကျတာပါ ဘုရား)။ မသိလို့ သဘောမကျတာ အင်မတန်ခက်တယ် (မှန်ပါ)။ ရှင်းပလား ဒကာ၊ ဒကာမတို့ (မှန်ပါ ဘုရား)။

သမထလည်း မသိတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာလည်း မသိတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာနဲ့ လွတ်လာပါတယ်ပြောတော့ သူ သိပါ့ဦးမလား ဦးခင်မောင် (မသိပါ ဘုရား)၊ နဂိုကမှ သမထ ဝိပဿနာမကွဲတဲ့ ပုဂ္ဂိုလ်ကိုး (မှန်ပါ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ်လိုမှတ်ကြမယ် (နဂိုကမှ သမထ ဝိပဿနာ မသိတဲ့ပုဂ္ဂိုလ်ပါ ဘုရား)။ အဲဒီတော့ ဝိပဿနာပညာနဲ့ ကိလေသာမှလွတ်ပြီး နိဗ္ဗာန်ရောက်ခဲ့ပါတယ်လို့ သေသေချာချာ ပြောပြတာ သူက ကျေနပ်ပါရဲ့လား (မကျေနပ်ပါ ဘုရား)။

မကျေနပ်တော့ ရဟန္တာကြီးတွေကို သူက လျှောက်ပြန်တယ်။ အရှင်ဘုရားတို့၊ ရှင်းပါဦးဘုရား၊ တပည့်တော်တော့ဖြင့် အရှင်ဘုရားတို့ပြောတဲ့ စကား အင်မတန်ကျဉ်းနေတဲ့အတွက် ရှင်းဖို့ရန်အကြောင်းကို အရှင်ဘုရားတို့ သည်းခံပြီးသကာလ တပည့်တော်ကို ရှင်းပါဦးဆိုတော့ ရဟန္တာတွေက ရိပ်မိတယ်။ ဘာမှ နားမလည်တဲ့လူ ဘာနဲ့ရှင်းရမှန်း မသိ





www.burmeseclassic.com

www.burmeseclassic.com

ဘူး (မှန်ပါ့)။ ရိုင်းပြလား (ရိုပ်မိပါပြီ)။ ဘာမှ နားမလည်တဲ့ ပုဂ္ဂိုလ်ဟာ (ဘာနဲ့ ရှင်းရမှန်း မသိပါ ဘုရား)။

ဘာနဲ့ရှင်းရမှန်း မသိဘူးဆိုတော့ကွာတဲ့ မင်း နားလည်ချင်လည်း လည်တော့၊ မလည်ချင်လည်း နေတော့လို့ ရဟန္တာတွေက ပြန်ပြောတယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

မင်းနားလည်ချင်လည်း လည်တော့၊ မလည်ချင်လည်း နေတော့၊ တို့တော့ဖြင့် ပညာဆုံး ဒဲ့ ဝိပဿနာနဲ့ ရဟန္တာဖြစ်ခဲ့တယ်၊ ဒါပဲ ပြောလိုက်ကယ် (မှန်ပါ့)။ သူတို့ဖြစ်တာတော့ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒီတော့ သူ ဘုရားဆီ သွားလိမ့်ဦးမယ် ဒကာ၊ ဒကာမတို့။ ဒီသူ့ဟာ မကျေနပ်ဘူး (မှန်ပါ့)။ မကျေနပ်ဘူး နားမလည်လို့ မကျေနပ်တာ (မှန်ပါ့ ဘုရား)။

သို့သော် သူ မကျေနပ်တာ အသာထား။ ခင်ဗျားတို့ ဒီပညာတစ်လုံးတည်းနဲ့ မဂ်ရတယ်ဆိုတာကော သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားကို ဘုရားဆီ မသွားနိုင်ဘူး၊ နာရီက စေ့လို့ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒီနေ့ ဒီမှာင် သိမ်းကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။

## ခန္ဓာဝန်ထမ်း အရိုးကြမ်း

## သွားရမုံ မဟာ်ဘုရားတော်

ခန္ဓာဝန်ကြီး ထမ်းပြီးသကာလ အခု သုံးဆယ့်တစ်ဘုံမှာ လည်နေရတယ်နော် (မှန်ပါ့)။ ခန္ဓာဝန်ကြီးထမ်းပြီး ဘယ်များ လည်နေရပါလိမ့် (သုံးဆယ့်တစ်ဘုံမှာ လည်နေပါတယ် ဘုရား)။ သုံးဆယ့်တစ်ဘုံမှာ လည်နေတယ်ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတို့ ခန္ဓာကိုယ်ကြီးက ခန္ဓာဝန်ထုပ်ကြီးလို့ မှတ်ထားလိုက်စမ်းပါနော် (မှန်ပါ့ ဘုရား)။

ကိုယ့်နာမည်ကလေးတွေ ကိုယ့်နာမည်ကလေးတွေက အထမ်းသမားလို့ နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကလေးတွေက အထမ်းသမားလို့ မှတ်ထားစမ်းနော် (မှန်ပါ့ ဘုရား)။ ခန္ဓာကိုယ်ကြီးက ဘာပါလိမ့် (ဝန်ထုပ်ကြီးပါ ဘုရား)။ နာမည်ရှိတဲ့ ပုဂ္ဂိုလ်က (အထမ်းသမားပါ ဘုရား)။

အဲဒီအထမ်းသမားကို ဒကာ၊ ဒကာမတွေက ဩော် . . . မိမိခန္ဓာဝန်ကြီးထဲ မိမိနာမည်ရှိတဲ့ပုဂ္ဂိုလ်က ထမ်းပြီး သကာလနေတုန်းမှာ ဝန်ထမ်းပေးတာ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဩော်. . . တဏှာက ထပ်ထပ်ပြီး တင်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ဒါဖြင့် တဏှာက ဝန်ထမ်းသမားပေါ့ (မှန်ပါ့ ဘုရား)။ ဘယ်လိုမှတ်ကြမယ် (တဏှာက ဝန်ထမ်းသမားပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ကိုယ့်ခန္ဓာကြီးက ဝန်ထုပ်ကြီး၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမား၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမားမှာ တဏှာတည်းဟူသော ဝမ်းထဲမှာရှိတဲ့ ကိလေသာက သားဝန်ကလေး တင်ပေးလိုက်၊ သမီးဝန်ကလေး တင်ပေးလိုက်၊ ဒီအမေ အဖေကပဲ ထမ်းရပြန်တယ်ဆိုတော့ ဝန်တင်ပေးသလား ဒကာ၊ ဒကာမတို့ စဉ်းစားကြည့်စမ်းတဲ့။ သနားတတ်တဲ့လူလား၊ မသနားတတ်တဲ့ ပုဂ္ဂိုလ်လား ဆိုတာလည်း အကဲခတ်ရမယ် (မသနားတတ်တဲ့ လူပါ ဘုရား)။ မသနားတတ်တဲ့ တရား (မှန်ပါ့)။ ဘယ်သူပါလိမ့်၊ မသနားတတ်တဲ့ တရား (တဏှာပါ ဘုရား)။ တဏှာ လောဘဆိုတာ သဘောကျကြပါလား (ကျပါပြီ)။

အဲဒီတော့ ဒီဒကာ၊ ဒကာမတွေက ကိုယ့်ခန္ဓာဝန်ကြီးကိုလည်း ထမ်းရပြန်၊ ကိုယ့်ခန္ဓာဝန်ကြီးကို နာမည်ရှိတဲ့ ပုဂ္ဂိုလ်တွေက မည်သူမည်ဝါဆိုတဲ့ ပုဂ္ဂိုလ်တွေကထမ်း၊ ကိုယ့်ဝန်ထုပ်ကြီးကလည်း တစ်နေ့တခြား မထမ်းနိုင်တဲ့ အခြေအနေရောက်အောင် တစ်နေ့တခြား လေးလေး လေးလေးလာပါတယ်။ ဒီတော့ ထမ်းနိုင်ကြသေးရဲ့လား (မထမ်းနိုင်ပါ ဘုရား)။

မထမ်းနိုင်လေ ဒကာ၊ ဒကာမတွေမှာ သားသမီးမြေးမြစ်ကျအောင် ပွားလေလေဆိုရင်ကော လွယ်ပါ့မလား (မလွယ်ပါ ဘုရား)။ သားသမီးက မြေးမြစ်က လေ (ပွားလေလေပါ ဘုရား)။ အဲဒီဟာတွေပဲ ဘယ်သူက ထမ်းပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒီဝန်ထမ်းသမားက ထမ်းတာပါပဲ (မှန်ပါ့ ဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်သူ ထမ်းပါလိမ့် (ဝန်ထမ်းသမားက ထမ်းပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ဟာ နဂိုက ကိုယ့်ဝန်ကြီးက လေးတဲ့အထဲမှာ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်၊ မင်းဝန်၊ စီးဝန်တွေကလည်း ဒကာ၊ ဒကာမတွေက မထမ်းရဘူးလား (ထမ်းရပါတယ် ဘုရား)။

ဝန်ထုပ်ပေါင်း ဘယ်လောက်ရှိလို့တောင် ဘယ့်နှယ်ပြောမလဲ (မရေတွက်နိုင်ပါ ဘုရား)။ ဦးဒ မရေတွက်နိုင်ဘူးဆိုတာ သေချာတယ်နော် (သေချာပါတယ် ဘုရား)။ မရေတွက်နိုင်တဲ့ ဝန်ထုပ်တွေကို ဒကာ၊ ဒကာမတွေ ငယ်ငယ်တုန်းက ဒီလောက်များသလား၊ ကြီးမှများသလား (ကြီးမှ များပါတယ် ဘုရား)။

ရော. . . ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဒကာ၊ ဒကာမတွေ စဉ်းစားကြပါတော့။ မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်များနေပါကလား (မှန်ပါ့ ဘုရား)။ ဘယ်ငါပါလိမ့် (မထမ်းနိုင်တဲ့ အချိန်မှာ (ဝန်ထုပ်များနေပါတယ် ဘုရား)။ မထမ်းနိုင်တဲ့ အချိန်မှာ ဝန်ထုပ်တွေက သားဝန်လည်း ဆို . . . ငါပဲရှိက်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရမှာပဲ၊ သမီးဝန်လည်း ငါပဲ ရွက်ဆောင်ရမှာပဲ၊ မြေးတာဝန်ကော (ငါပဲ ရွက်ဆောင်ရမှာပါ)။

မြေးက မြစ်ကလေးတွေကျအောင် မိမိက အသက်ရှည်နေပြန်တော့ကော (မိမိပဲ ထမ်းရမှာပဲ)။ ကိုယ်ပဲထမ်းရမယ်ဆိုတဲ့ အစိပ္ပာယ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။ ဩော်. . . ဒကာ၊ ဒကာမတို့ ဉာဏ်နဲ့ကြည့်စမ်းပါ၊ ဉာဏ်နဲ့ကြည့်စမ်းပါ။ ကိုယ့်ဝန်ထုပ် ကိုယ်နဲ့မျှရဲ့လား (မမျှပါဘုရား)။

မမျှတဲ့အခါမှာ တစ်ခါတလေ ညများ နဖူးပေါ်လက်တင်ပြီး ဝန်များလေးပြီး ခက်ပါသေးရဲ့များ ညည်းလုံးများ ထုတ်နေသေးတယ် (မှန်ပါ ဘုရား)။ ဘယ့်နှယ်ကြောင့် ညည်းလုံးထုတ်တာတုံးလို့ မေးလို့ရှိရင်ဖြင့် ဦးခုင်မောင်ရေ ဝန်ထုပ်လေးလွန်းလို့ (မှန်ပါ ဘုရား)။

ဒကာ၊ ဒကာမတွေ ညကျရင် နဖူးပေါ်လက်တင်ပြီး စဉ်းစားတဲ့အခါ သားအတွက်ကလည်း ဝန်ကြီးလိုက်တာ၊ သမီးအတွက်ကလည်း ဝန်ကြီးလိုက်တာ၊ သူက မွေးဖွားလာတာတွေက ဝန်ကြီးလိုက်တာ၊ တစ်ခါ အမြတ်တော်ကြေး၊ ဥပစာခွန် အစရှိသည်တွေ ဒီဝန်တွေကလည်း ထမ်းပြီးသကာလ နေပြန်တော့ တွေးလေ တွေးလေ ဝန်ကြီးက လေးလေးလာတော့ အသက်ရှူတောင် မမှန်အောင် လေးတယ် (မှန်ပါဘုရား)။ မလေးကြဘူးလား (လေးပါတယ် ဘုရား)။

အဲဒါ ဒကာ၊ ဒကာမတွေ စဉ်းစားပါလား။ ဩော်. . သံသရာခရီးသည် ဝန်ထမ်းသမားမှာ ဝန်သေးသေး ထမ်းရတာလား၊ ဝန်ကြီးကြီး ထမ်းရတာလား (ကြီးကြီးထမ်းရတာပါဘုရား)။ ကြီးကြီးထမ်းရတယ်နော် (မှန်ပါ)။ အဲဒီတော့ ဒကာ၊ ဒကာမတွေက မသိလို့ တဏှာက မြေးကလေး လာပြန်လည်းအို. . . မင်းပဲ တာဝန်ယူလိုက်လေ၊ မြေးက မွေးလာတဲ့ မြစ်အလေးကျအောင် ကိုယ်က အသက်ရှည်နေတယ်၊ ကိုယ်ကပဲတာဝန်ယူတယ် (မှန်ပါ)။

ဒကာ၊ ဒကာမတွေ သနားတဲ့သဘောများ ပါရဲ့လား (မပါပါ ဘုရား)။ ခင်ဗျားတို့ကလည်း တဏှာတည်းဟူသောတရားကို ငါ့ကို ဝန်ထုပ်တင်ပေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါလားဆိုပြီး သကာလ မင်း ငါနဲ့မပေါင်းဘူးဆိုတဲ့ ဉာဏ်က မလာဘူး၊ သူ တင်ပေးတာကို ဟုတ်ပဆိုပြီး ထမ်းနေတာသာ များတယ် (မှန်ပါ ဘုရား)။ မဆိုးရွားဘူးလား (ဆိုးရွားပါတယ်ဘုရား)။

ဒါနဲ့ ဒကာ၊ ဒကာမတွေ တချို့ သေသွားတဲ့အခါကျတော့ အမောဆိုက်ပြီး တစ်ခါ သားစိတ်မချ၊ သမီးစိတ်မချ၊ ပစ္စည်းစိတ်မချ ဝန်တွေပိပြီး သေသွားကြတဲ့ပုဂ္ဂိုလ် ဒကာသစ်အင်မတန် မများဘူးလား (များပါတယ် ဘုရား)။ ဒါဖြင့် ဝန်ပိသေတဲ့ပုဂ္ဂိုလ် ကောင်းရာသုဂတိ လာနိုင်ပါ့မလားလို့ မေးကြည့်စမ်းပါဦး (မလာနိုင်ပါ ဘုရား)။

ဩော်. . . ဒီအထဲကလည်း ခင်ဗျားတို့ ခုထက်ထိပဲ ကိုယ့်သားသမီးမရှိလို့ရှိရင် သူများသားသမီး မွေးစားချင်၊ ဝန်ထုပ်တစ်ခု လျော့တယ်ထင်လို့ ထပ်တင်ပြီး ထမ်းချင်တဲ့ အဓိပ္ပာယ်တွေကလည်း မပါဘူးလား (ပါပါတယ် ဘုရား)။

အဲဒါ တဏှာကမပြသရွေ့ ခင်ဗျားတို့ကလည်း အယုံအကြည်ရှိပြီးသကာလ သေခြင်းဆိုး သေချင်လို့ ဒါလောက်တောင် တဏှာပြောတာ နားထောင်တာလားလို့ ဒကာသစ် မေးဖို့ကောင်းတယ် (ကောင်းပါတယ် ဘုရား)။ မမေးသင့်ဘူးလား (မေးသင့်ပါတယ် ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ထမ်းရတဲ့ ဝန်ထုပ်ပေါင်းက ရေတွက်နိုင်သေးရဲ့လား (မရေတွက်နိုင်ပါဘုရား)။ အထမ်းသမားက ဘယ်သူပါလဲ မှာ (တဏှာပါဘုရား)။ အထမ်းသမားက ဒကာ၊ ဒကာမတွေ (မှန်ပါ)။

အဲဒီထမ်းတာ ထမ်းရပါစေတော့ ဝန်ထုပ်တွေကလည်း ကြီးလိုက်တာ၊ များလိုက်တာကလည်း ပုံနေတာပဲဆိုတာက ရှိပါစေတော့၊ ဘယ်လမ်းကို အထမ်းခိုင်းသတုံးလို့ မေးတဲ့အခါကျတော့ ဒီကနေ ဈေးချို ဈေးချိုကနေပြီးသကာလ အမျိုးမျိုးအဖုံဖုံ ကိုယ့်အရောင်းအဝယ်ရှိတဲ့ဆီ သွားကြတော့ လမ်းမှာလည်း ဒကာ၊ ဒကာမတို့ လေပူ နေပူ၊ အညှော်တွေ၊ ဖုန်တွေ၊ မြူတွေ၊ ပိုးကောင်တွေ မရှိတော့ဘူးလားဗျာ (မှန်ပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝန်ထုပ်ထမ်းရတာကလည်း ကြီးပြန်၊ ၃၆ ပါး လမ်းကြမ်းလည်း သွားရပြန် (မှန်လှပါ ဘုရား)။ ဘယ်လိုမှတ်ကြမယ် (ဝန်ထုပ်ထမ်းရတာလည်း ကြီးပြန်၊ ၃၆ ပါး လမ်းကြမ်းလည်း သွားရပြန်ပါဘုရား)။

ဝန်ထုပ်က အင်မတန်ကြီးပါတယ်ဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)။ ဝန်ထမ်းတဲ့လူက ထမ်းတဲ့ဝန်ထုပ်နဲ့ ဒကာ၊ ဒကာမတို့ ထမ်းတဲ့ဝန်ထုပ်နဲ့ကော မျှပါရဲ့လား (မမျှပါ ဘုရား)။ ဒီအထဲ ၃၆ ပါးလမ်းကြမ်းမှာ အဲထမ်းခိုင်းတာ (မှန်ပါ ဘုရား)။

ဒီကနေပြီး ဒကာ၊ ဒကာမတို့ အိမ်က လာခဲ့ရတယ်ဆိုလမ်းမှာ ကားတွေရှောင်ခဲ့ရတာနဲ့၊ ခလုတ်ကန်သင်းတွေကြည့်ပြီး လာခဲ့ရတာနဲ့ အောက်က မြေခိုးတွေမှုတ်တာကိုကြည့်ပြီး သကာလ လာခဲ့ရတာနဲ့၊ အပေါ်က အပူရှိန်တွေ လွှမ်းမိုးနေတာကလည်း ၃၆ ပါး လမ်းကြမ်းထဲမှာ မဆံ့မပြဲ ဝန်တွေထမ်းပြီးသကာလ ဒကာ၊ ဒကာမတို့ သွားနေရလို့ဟာ ယနေ့စဉ်းစားကြည့်စမ်းပါ၊ သဘောပါကြပလား (ပါပါပြီ ဘုရား)။

(ဆက်ရန်)

❒ ဓမ္မဒါန





www.burmeseclassic.com

www.burmeseclassic.com

လူ့ဘုံလောကကြီး ဟူသည် သက်ရှိ လူသားများ ခေတ္တ ရောက်ရှိ တည်းခိုရာ ကမ္ဘာ့ရွာကြီး တစ်ရွာထဲက ရပ်ကွက်ငယ်လေးတစ်ခုဟု ဆိုနိုင်မည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားအားလုံး သတ်မှတ်ချိန်ကာလ အထိသာ ခေတ္တနေထိုင် တည်းခိုခွင့် ရကြပြီး အချိန်တန် ပြန်ချိန်ရောက်ပြီဆိုလျှင် တည်းခိုရောက်ရှိနေရာမှ သွားချင်သည်ဖြစ်စေ၊ မသွားချင်သည်ဖြစ်စေ မည်သူမျှ တားဆီးထားနိုင်စွမ်း မရှိခြင်းကြောင့် လည်းကောင်း၊ တောင်းပန်အသနားခံ၍ မရသဖြင့် ပုံစံမျိုးစုံ၊ နည်းမျိုးစုံဖြင့် ထွက်ခွာသွားကို သွားရမည် ဖြစ်ပါသည်။

ထိုသို့ သွားရောက်ရမည့်နေရာကား သုသာန်ဟူသော သချိုင်းကုန်းပင် ဖြစ်တော့သည်။ အခြေအနေ အချိန်အခါပေါ် မူတည်၍ သေဆုံးသွားသူ တစ်ဦးအား သုသာန်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်ကြရပါသည်။

လူမျိုးဘာသာမတူ ကွဲပြားခြားနားကြသော်လည်း သက်ရှိမှ သက်မဲ့ဘဝ သေဆုံးသွားခြင်းကို ကွယ်လွန်ခြင်း သေဆုံးခြင်း၊ ခရစ်တော်၌ အိပ်ပျော်ခြင်း၊ အလ္လာလ်သျှင်မြတ် အမ်နိတော်ခံယူခြင်း၊ ရှေးဘုရင်များကို ‌နတ်ရွာစံသည်ဟု လည်းကောင်း၊ ဆရာတော်ကြီးများ သံဃာတော် အရှင်သူမြတ်များကိုမူ ဘဝနတ်ထံပျံလွန်တော်မူခြင်း စသည့် ဘာသာအလိုက် ကိုယ်စားပြု စကားအသုံးအနှုန်းတို့ဖြင့် ပြောဆိုသတ်မှတ်ကြပြန်ပါသည်။

လူမျိုးဘာသာအလိုက် ဓလေ့ထုံးစံများအတိုင်း သတ်မှတ်၊ သချိုင်းများသို့ သေဆုံးသူများကို ပို့ဆောင်သဂြိုဟ်



ပန်းချီ ဆွဲမြင့်

# လူ့ဘဝ တည်းခိုခန်းမှသည်

## အံ့ဝွား (ဓလေ)



www.burmeseclassic.com

www.burmeseclassic.com

ပေးကြရပါသည်။ ရေဝေးလို၊ ထိန့်ပင်လိုမျိုး၊ အခြားတိုင်းနှင့် ပြည်နယ်ဒေသ၊ မြို့နယ် ကျေးရွာအလိုက်တည်ရှိပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် တပ်မတော်သားဘဝနှင့် နယ်ဘက်ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း သေဆုံးခြင်း၊ ကွယ်လွန်ခြင်း အမျိုးမျိုးကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး ဖြစ်၍ အချို့သေဆုံးမှုများသည် လွန်စွာ အံ့ဩဖို့ ကောင်းပါသည်။

အရှေ့မြောက်ဒေသ ဗဏပကို တိုက်ခိုက်စဉ် မိမိပစ်လိုက်သော လက်နက်ကြီး ကျည်ဆန်သည် ရန်သူကျင်းဝထဲသို့ တိုက်ရိုက်ကျရောက် ပေါက်ကွဲခြင်းကြောင့် သေဆုံးပုံကိုလည်း မြင်ခဲ့ဖူးသလို မိမိနှင့် တိုက်ဖော် တိုက်ဖက်တို့၏ နေ့မြင် ညပျောက်ဆိုသည့်နှယ် နေ့ခင်း ထမင်းစားပြီးလို့မှ မကြာခင် တိုက်ပွဲမှာ ကျသွားခဲ့ပြန်ပါပြီ။

တူးထားသည့် ကျင်းတည့်တည့်သို့ ကျည်ဆန်ကျဖို့ လွယ်သည့်ကိစ္စမဟုတ်ပါ။ သေကံရောက်လျှင် သေသည်ဟုသာ မှတ်ယူရပါတော့သည်။

ကားလမ်းအတိုင်း ယာဉ်တစ်စီး မောင်းလာစဉ် ကားလမ်းဘေး ထန်းပင်လဲကျရာ ထိုကားပေါ်သို့ တည့်တည့်ကျ၏။ အလွန်အံ့ဖွယ်ကောင်းပါသည်။ ဒါကြောင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ကွေးသောလက် မဆန့်ခင် ရုတ်ခြည်း သေဆုံးခဲ့ကြရသည့် သေခြင်းတရားသည် ဆန်းကြယ်သကဲ့သို့ ရှောင်တွင်း၍ မရနိုင်ပါချေ။

သေကံမရောက် သက်မပျောက်ဆိုသည့်နှယ် ကံအကြောင်း၏ ဆန်းကြယ်မှုကိုလည်း မြင်တွေ့ဖူးပါသည်။ မိဘနှစ်ပါးက တန်းစီဇယားအလိုက် ကြီးစဉ်ငယ်လိုက် မွေးခဲ့သော်လည်း သေမင်းနိုင်ငံသို့ သွားချိန်တွင် ကြီးစဉ်ငယ်လိုက် တန်းစီဇယားအတိုင်းသွားရောက်ရသည် မဟုတ်ပါ။

သာမန်သေဆုံးမှု သက်တမ်းကုန်၍ သေဆုံးမှုသည် မီးစာကုန်ဆီခန်းသည်ဟု ဆိုပါသည်။ အချို့ ဥပစ္ဆေဒကံဖြင့် သေဆုံးကြရပြန်ပါသည်။ ကံအကြောင်းတရားတွင်လည်း အတိတ်၏ ကောင်းမှုကံနှင့် ပစ္စုပ္ပန်ကံ အကြောင်းတွေအပြင် ကံ၊ ဉာဏ်၊ ဝီရိယလည်း လိုအပ်ပါသည်။ မည်သို့ရှိစေ ဖြစ်စေ ဗုဒ္ဓတရားတော်အရ လူတိုင်းဇာတိရပြီးလျှင် မရဏသို့ သွားရမည်ကား ဧကန်ပင် ဖြစ်တော့သည်။ လူတစ်ဦး၏ လက္ခဏာနှင့် ဗေဒင်အတွက်အချက် ဗုဒ္ဓလက်ထက်ကပင် ရှိပြီးဖြစ်ပါသည်။

ဗေဒင် နက္ခတ် လက္ခဏာ၊ ဆန်းကျမ်း၊ ဝေဒ၊ အကြားအမြင် စသည့်နည်းမျိုးစုံ ကျွမ်းကျင်သော ပညာရှင်များကလည်း တွက်ချက်မှု ကိန်းတို့ဖြင့် ခန့်မှန်းပျက်မည့်ကိန်း၊ အသက်အန္တရာယ်ကြုံနိုင်ခြင်း၊ ဥပစ္ဆေဒကကံနှင့် သေနိုင်သည် စသည့် လူတစ်ဦး၏ ကောင်းကံ၊ ဆိုးကံ၊ အကြောင်းခံများကို ဟောနိုင်စွမ်း ရှိကြပါသည်။ ဟောနိုင်သူတို့လည်း ငွေတ်ကင်းနိုင်ခြင်း မရှိပါချေ။

ကျွန်ုပ်အပါအဝင် လူအများစု အနေဖြင့် ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်နာရီ ဘယ်နေရာမှာ ဘယ်လိုနည်းဖြင့် သေမည်ကို လုံးဝ မသိနိုင်ပါချေ။ သိတာတစ်ခုကတော့ သေကို သေရမည်၊ ငါ၏ သေခြင်းတရားသည် အမြဲရှိသည်ဟူ၍ နှလုံးသွင်း ခံယူထားခြင်းသည် အမှန်တရားကို လက်ခံခြင်းပင် ဖြစ်ပါသည်။

လူအမျိုးမျိုး သေဆုံးမှုကလည်း အမျိုးမျိုးရှိသည်နှင့်အညီ အယူအဆတွေကလည်း နေရာဒေသအလိုက် ကွဲပြားမှု ရှိကြပါမည်။ အယူသီးမှုဟု မဆိုလိုသော်လည်း အယူအဆ ဓလေ့အစဉ်အလာများစွာ ရှိကြပါသည်။

ဥပမာ - ကျေးလက်ဒေသအလိုက် အသုဘကိစ္စနှင့် ပတ်သက်သည့် ဓလေ့တစ်ခုမှာ ရွာတစ်ရွာတွင် အသုဘရှိ၍ ရွာသင်္ချိုင်းကုန်း (သီးခြားသတ်မှတ်နေရာ)၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဆိုပါလျှင် ရွာထဲရှိ အသက်အကြီးဆုံးယောကျ်ားကြီးတစ်ဦးသည် ဓားမတိုတစ်ချောင်းကိုကိုင်လျက် သုသာန်မြေကျင်းဝတွင် စောင့်နေရပြီး အလောင်းအခေါင်း ထမ်းလာသည့်အခါ ထိုယောကျ်ားကြီးက သူကိုင်ထားသောဓားမတို၏ အနှောင့်ဖြင့် ခေါင်းတလားကို ထု၍. . .

"နောက်လာဦးမလားကွ ဟေ၊ နောက်လာဦးမလားကွ"

ဟုမေးရပြီး ထမ်းလာသူက. .

"မလာပါဘူးဗျ၊ မလာပါဘူးဗျ"

ဟု ပြော ဖြေရကြောင်း မှတ်သားဖူးပါသည်။ ထိုကဲ့သို့ မဆောင်ရွက်ပါက အလောင်းဆက်၍ ဆက်ကာ လာတတ်သည်ဟု အယူအဆရှိ၍ ပြုလုပ်ခြင်း အလေ့အထတစ်ခု ဖြစ်ပါသည်။

အိန္ဒိယလူမျိုးအချို့၏ အသုဘတွင်လည်း ပို့ပြီး၍ အိမ်ပြန်လာသည့်အခါ အိမ်ပေါက်ဝ ရောက်သည်နှင့် သံပရာသီးကို လေးခြမ်းခွဲပြီး မကြည့်ဘဲ အရပ် လေးမျက်နှာသို့ ပစ်ထုတ်ရကြောင်း မှတ်သားမိပါသည်။ မကောင်းဆိုးဝါးများ ကပ်ငြိ ပါမလာစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်ဟု သိရပါသည်။

မြန်မာအချို့ကလည်း အသုဘပို့ပြီး ပြန်ရောက်ချိန်တွင် တင်ပွန်းတရော်ရေများဖြင့် လက်ဆေးရသည့် အလေ့အထလည်း ရှိပါသည်။ တရုတ်လူမျိုးအချို့ကလည်း မိမိတို့၏ သားသမီး သေဆုံးလျှင် သေဆုံးသူ၏ ညီအစ်ကို မောင်နှမများက အသုဘကို လိုက်ပို့နိုင်သော်လည်း မိဘနှစ်ပါးကမူ မိမိ၏ သားသမီး အသုဘကို လိုက်ပါပို့ဆောင်ခြင်း မပြုရပါ။ လိုက်ပို့ပါက မိဘခိုက်သည်ဟု ယူဆချက်ကိုလည်း မှတ် သားဖူးပါသည်။

အချို့သော မြန်မာတို့တွင်လည်း ရေအိုးခွဲခြင်း၊ အုန်းသီးလုံး ပေါက်ခွဲမှု ပြုလုပ်ခြင်းများ မြင်တွေ့နေရပါမည်။ ရေဝေးသုသာန်တွင်လည်း ယနေ့တိုင် မြင်နေရပြီးဖြစ်၍ သူ့ဓလေ့ သူ



www.burmeseclassic.com

www.burmeseclassic.com

အယူအဆနှင့် သူသာ ဖြစ်ပါသည်။ မိရိုးဖလာ အယူအဆလည်း ဖြစ်နိုင်ပါသည်။ လူတစ်ဦးသေဆုံးသွားပြီးနောက် သေသည်၏ အခြားမဲ့၌ ဟူသည့် သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များကို ဦးအေးမောင်၊ ဦးဝင်းမောင်၏ စာအုပ်တွင် အီဂျစ် ရှေးဟောင်းထုံးစံ ဓလေ့ အယူအဆများနှင့် စပ်လျဉ်း၍ တမလွန်လောကသို့ သေသူ၏ ဝိညာဉ်ကို ချောမောစွာသယ်ဆောင်သွားနိုင်ရန်အတွက် သချိုင်းဂူ၌ လှေဖြင့် ကမ်းမှ သယ်ယူသွားရ၏။

နောက်ဘဝတွင် စကားပြောနိုင်ရန်နှင့် အစားအစာများ စားသုံးနိုင်ရန်အတွက် ရုပ်အလောင်း၏ ပါးစပ်ကို ဖွင့်၍ ဖွင့်လှစ်သည့် အစီအစဉ်လည်း ပြုလုပ်ရသည်ဟု မှတ်သားရပါသည်။

အီဂျစ်တို့သည် ဘီစီ ၄၀၀၀ခန့်က ၎င်းတို့၏ ဓလေ့ ယုံကြည်မှုအရ အသုဘ ဓလေ့ထုံးစံများတွင် သေသူ၏ အခြားမဲ့၌ ဝိညာဉ်သည် ကိန်းဝပ်ရန် ခန္ဓာကိုယ်ရှိမှသာ ဆက်လက်တည်တံ့နိုင်မည်ဟု ယုံကြည်သဖြင့် သေသူ၏ အလောင်းကို ကြာရှည်ခံရန် ဆေးဖြင့် စီရင်လေ့ ရှိ၏။

နေပူတွင် အခြောက်လှန်း၏။ ရုပ်ကလာပ်နှင့်အတူ သေသူ၏ အသုံးအဆောင်ပစ္စည်းများ၊ လက်နက်၊ အစားအသောက်များကို တစ်ပေါင်းတည်း ထည့်၍ မြှုပ်နှံပေးကြောင်းသိရပါသည်။ (နောင်ဘဝ လိုလေသေး မရှိရအောင် ဟု ဆိုပါသည်။ စကားချပ်)

ဗုဒ္ဓဘာသာဝင် အချို့တွင်လည်း သေပြီးနောက် ပြုလုပ်ပေးကြသည့် ဓလေ့အယူအဆအမျိုးမျိုးရှိသည့်အနက် ကျွန်ုပ်၏ မိတ်ရင်းတစ်ဦး ကွယ်လွန်၍ ရက်လည်သတ်မှတ်ချိန် အိမ်သို့ ရောက်ရှိခဲ့စဉ် သေပြီးသူ၏ ဓာတ်ပုံ စားပွဲအနိမ့်တွင် တင်လျက် အမွှေးတိုင်များ ထွန်းထားသည်ကို မြင်ခဲ့ရ၏။

အိမ်တစ်အိမ်တွင်လည်း သေသူ၏ ဓာတ်ပုံကြီးရှေ့တွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းသည့်အပြင် ထမင်းဟင်းပုံထည့်၍ ဇွန်းတစ်ချောင်းနှင့် ပန်းကန်ပြား တစ်ချပ်ကိုပင် မြင်ရသေးသည်။ အချို့သေဆုံးသူဝတ်သည့် အင်္ကျီ ဘောင်းဘီတစ်စုံကိုပါ တင်ထားသည်ကို မြင်ခဲ့ရပါသည်။

ဟိုးရှေးယခင်က ဓာတ်ပုံ မပေါ်ခင် ဘယ်လို လုပ်ကြသည်ကို မသိရသော်လည်း ယခု ကိုရီးယားဇာတ်လမ်းများကြည့်၍ လိုက်လုပ်နေကြသလားဟု ထင်မိသေးတော့သည်။

မကြာလှသေးသည့် ကာလအတွင်း တပည့်တစ်ဦး ဦးနှောက်သွေးကြောပြတ်၍ ကွယ်လွန်သဖြင့် အသုဘပို့ရန် သွားရောက်စဉ် သေဆုံးသူမိသားစုက ကူးတို့ခအဖြစ် မတ်စေ့တစ်စေ့ကို သေဆုံးသူ၏ ဆရာကိုယ်တိုင် ပါးစပ်ထဲ ထည့်ပေးရန် တောင်းဆိုသဖြင့် အယူအဆ မရှိသော ထိုအရာရှိက သေသူ မိသားစု စိတ်ချမ်းသာစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကို ကျွန်ုပ်ကိုယ်တိုင် မြင်ခဲ့ရပြန်ပါသည်။

ထိုအရာရှိက ကျွန်ုပ်အား . .

“အစ်ကိုကြီးရေ အိမ်မှာ သရဏဂုံတင်ဖို့ ဘုန်းကြီး သွားပင့်ပေးရဦးမယ်ဗျ၊ သေပြီးတဲ့နောက် မလိုအပ်မှန်း သိပေမယ့် သူတို့ စိတ်ချမ်းသာအောင် လုပ်ပေးလိုက်ဦးမယ်” ဟုပြောသွားသေးသည်။

တပ်မတော်သားဘဝ စစ်မြေပြင်၌ တိုက်ပွဲများနှင့်အတူ ကျွန်ုပ်၏ ရဲဘော်စစ်သည် သူငယ်ချင်း၊ ဆရာသမား၊ အကြပ် တပ်သားတို့သည် စွန့်လွှတ်စွန့်စား၍ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သူများ ရှိပါသည်။ သေဆုံး ကျဆုံးသူအတွက် သရဏဂုံလည်း မတင်နိုင်ပါ။ မတ်စေ့လည်း မရှိပါ။ အမိန့်ပြန်တမ်းထုတ်၍ သေဆုံးသူနှင့်အတူ မြေမြှုပ် သင်္ဂြိုဟ်လိုက်ရသည်သာ ဖြစ်ပါသည်။

တပ်ရင်းတည်ရှိရာ၌သာ သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းဖြင့် သံဃာတော်အရှင်မြတ်ပင့်၍ ကောင်းမှု



ကုသိုလ်ပြုလျက် အမျှအတန်းပေးဝေခြင်းမျိုးသာ ပြုလုပ်ပေးနိုင်ပါသည်။ အချိန်အခါ အခြေအနေပေါ်မူတည်၍ ဆောင်ရွက်ခြင်းမျိုးလည်းရှိနေမည်သာ ဖြစ်ပါသည်။ လူတစ်ဦးသေဆုံးပြီးနောက် ဘဝသစ်တစ်ခု၌ဘာဖြစ်နေမည်ဟူသော တမလွန်ဘဝနှင့် ပတ်သက်၍ လူအမျိုးမျိုး ဓလေ့အစဉ်အလာ ယုံကြည်ချက်၊ ယူဆချက်၊ အယူသည်းမှု၊ မသည်းမှု အမျိုးမျိုးရှိနေကြပါမည်။ ဘာသာရေးနှင့်ဆက်နွယ်သည့်အယူအဆတွေလည်း ရှိနေမည်သာ ဖြစ်ပါသည်။

လူတစ်ဦးသေဆုံးသွားသည်နှင့် ထိုသူ၏ လုပ်ဆောင်မှု အကောင်းနှင့် အဆိုး၊ အကြောင်းနှင့် အကျိုးကို တွေးဆပြီး အချို့က “ဒီလူ နတ်ပြည်ရောက်မယ်၊ ဗြဟ္မာပြည်ရောက်မယ်၊ ကောင်းကင်ဘုံ၊ ငရဲပြည်၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်လိမ့်မယ်” ဟု ကိုယ့်အယူအဆနှင့်ကိုယ် ပြောလေ့ရှိကြပါသည်။

တွေးတော အသိဉာဏ် မရှိသော ဉာဏ်မပါသော ထင်မြင်ယူဆချက်များသည် ကမ္ဘာပေါ်၌ ဈေးအပေါဆုံး အသုံးအနှုန်းဟုပင် ဆိုနိုင်မည် ထင်ပါသည်။

အယူအဆ ထင်မြင်ချက်မျိုးစုံ ရှိနေပါမည်။ လူတစ်ဦး သေဆုံးပြီးချိန်တွင် နတ်ပြည်ရောက်သည်။ တိရစ္ဆာန်ဘဝ ရောက်နေသည်ကို သိပ္ပံနည်း



www.burmeseclassic.com

www.burmeseclassic.com

ကျကျ လေ့လာဖော်ထုတ်ရန် လွယ်ကူသည့် ကိစ္စ မဟုတ်ပါချေ။

ကိုယ်တိုင် လုပ်ခဲ့သည့်အလုပ်ကံအကြောင်း၏ စေတနာပါသည့် အလုပ်ကို ကိုယ်တိုင်လုပ်သူသာ အသိဆုံး ဖြစ်ပါမည်။

ဇာတိဟူသော မွေးနေ့ပန်းတိုင်မှ မရဏဟူသော သေခြင်းပန်းတိုင် နှစ်ခုအကြား ကိုယ်တိုင်ဘာတွေလုပ်ခဲ့သည်ကို ပြန်စဉ်းစားကြည့်ရပါမည်။

လူအများသည် ရှောင်လွှဲမရသည့် မရဏတရားကို အလေးအနက် ဆင်ခြင်သုံးသပ်မှု မပြုကြဘဲ သေခြင်းအကြောင်းကို ပြောလျှင် ကျက်သရေမရှိဟု ထင်မှတ်ကြပြီး လာဘ်တိတ်သည်ဟုပင် ပြောဆိုကြကြောင်း၊ သေခြင်းတရားအကြောင်းပြောဆိုတာလောက် မင်္ဂလာရှိတာ လောကမှာ မရှိဘူးဟုပင် ဆရာတော်များ ဟောကြားသည်ကို နာကြားမှတ်သားဖူးပါသည်။

မသေခင်အချိန်အတွင်း လုပ်သင့် လုပ်ထိုက်၊ ကျင့်သင့် ကျင့်ထိုက်တာကို တန်ဖိုးရှိစွာ အသုံးချသွားနိုင်မှာ ဖြစ်လို့ ဆရာတော် အရှင်ဆန္ဒာဓိက တကယ်မသေခင် အစမ်းသေကြည့်ကြရအောင် ဟူသည့် ခေါင်းစဉ်ပါ ဓမ္မလက်ကမ်းစာစဉ်အတိုင်း အစမ်းသေကြည့်လို့ ရနေပါပြီဟု ဆိုရပါမည်။

မရဏ သေခြင်းတရားသည် မမျှော်လင့်ဘဲ အချိန်အခါ ရာသီမရွေး ဆင်းရဲချမ်းသာမရှိ။ မည်သူ၏ အမိန့်တို့မျှ လက်မခံဘဲ ဆိုက်ရောက်လာလေ့ရှိသည်ကို သတိပြုထားရပါမည်။ မရဏတရား နှလုံးသွင်းမှု ကြောင့် အသက်ဇီဝ အားယုတ်လျော့စေသည် ဟူသော စကားသည်လည်း အခြေအမြစ် မရှိကြောင်း မှတ်သားရပါသည်။

မရဏာနုဿတိ အမြဲပွားလျက် အသက်ရှည်နေသော ဆရာတော်ဘုရားကြီးများ သံဃာတော် အရှင်သူမြတ်များ အထင်အရှား ရှိခဲ့သည်ကို မြင်အောင်ကြည့်တတ်လျှင် မြင်ရမည်ဟု ဆရာတော်များ ဟောကြားမှုကို နာယူ မှတ်သားခဲ့ရပါသည်။

သေခြင်းတရားကို ထဲထဲဝင်ဝင် လေ့လာသိရှိပြီး လေ့ကျင့်ပြင်ဆင်ထားပြီဆိုပါက သေမင်းနှင့် ရင်ဆိုင်ရချိန်တွင် စိတ်တုန်လှုပ်ချောက်ချားခြင်း ဖြစ်တော့မည်မဟုတ်ပါချေ။ ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာရေး ယုံကြည်ချက်ရှိကြ၏။ မိမိမသေခင် ပြုခဲ့ဖူးသည့် ကောင်းမှုကုသိုလ်များအပြင် ရှေးက ပြုခဲ့သည့် ကောင်းမှုများကို သေခါနီးအချိန် ကြိမ်ဖန်များစွာ သတိရလျက် ကောင်းရာသုဂတိသို့ ရောက်မည်ဟု ယုံကြည်ချက်ဖြင့် ချမ်းသာစွာ သေကြရမည်ကို သဘောပေါက်ပြီးသူတွေလည်း ရှိကြပါသည်။

မသေဘဲ အမြဲ အသက်ရှင်သန်နေရန် အကြောင်းမရှိပါချေ။ ဗုဒ္ဓဟောတရားတော်နှင့်အညီ ဇာတိရလာလျှင် မရဏ ရှိနေပြီး ဖြစ်ပါသည်။ ယနေ့ အများပြောနေကြသည့် အသေထွက်နှင့် အရှင်ထွက် ထုံကူးနေသေးသည်ဟူသော ကိစ္စများသည် ဗုဒ္ဓ၏ ဆန့်ကျင်ရာလမ်းကြောင်း မဟာယာနများ ဖြစ်ကြောင်း နာယူမှတ်သားဖူးပါသည်။

ဆရာတော်ကြီးတစ်ပါး ဟောကြားသည်ကို နာကြားဖူးသည်မှာ "ဟိုတုန်းက ရသေ့ကြီးများဟာ မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်ရကြတဲ့ သိဒ္ဓိ၊ မဟိဒ္ဓိရှင်ကြီးတွေ ဖြစ်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးတွေ သေတဲ့အခါကျတော့ ဗြဟ္မာပြည် ရောက်ကြတယ်၊ အဲဒီမှာ လမ်းဆုံးပါတယ်၊ ခန္ဓာရှိနေတဲ့အတွက် တစ်နေ့ မသာပေါ်ဦးမှာပဲ" ဟု ဟောကြားပါသည်။

"သိပ်ပြီး အထင်ကြီးလို့ မရဘူး၊ သူတို့ရဲ့ အကျင့်စရဏတွေက အားတွေကောင်းနေဆိုတော့ လက်ခံရမှာပေါ့၊ သာသနာပ အချိန်မှာ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ ဆိုတာတွေ ရှိကြပါတယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေမှာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ရှိနေသေးတယ်၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရသူတိုင်း နောက်ဆုံးတော့ မသာပေါ်မှာပဲ၊ အထင်မကြီးနဲ့ မသာဖြစ်ဦးမှာပဲ" ဟု အောင်ဆန်းဆရာတော်ဘုရား၏ ဆုံးမဩဝါဒကိုလည်း နာယူမှတ်သားခဲ့ရပါသည်။

လူတွေသည် သေမျိုးတွေဖြစ်၍ သေဆုံးသောသူအား ကျန်ရှိသူမိသားစုက ရည်မှန်း လှူဒါန်းကြပြီး ကောင်းမှု ကုသိုလ်အား အမျှပေးဝေကြပြန်၏။ အမျှပေးဝေတိုင်း သေဆုံးသွားသူသည် မခံစားရကြောင်းလည်း ရှိ၏။ သေဆုံးသူ၏ လားရာဂတိသည် နတ်ဖြစ်သွားခြင်း၊ လူဖြစ်သွားခြင်း၊ တိရစ္ဆာန်ဖြစ်သွားခြင်း၊ ငရဲသို့ ကျရောက်ခြင်း၊ ပြိတ္တာဖြစ်ခြင်းဟူ၍ ငါးမျိုး ရှိပါသည်။

ထိုငါးမျိုးအနက် ပေတဂတိ၊ ပြိတ္တာဖြစ်သွားသူသည်သာ ကျန်ရစ်သူမိသားစု အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့က ပေးလှူအပ်သော ကုသိုလ်ဒါနအဖို့ကို သေသူအား ရည်မှန်း၍ အမျှပေးဝေမှသာ သေသူက ခံစားရပါသည်။ ခံစားရသည် ဆိုရာတွင်လည်း သေသူကို ရည်မှန်းပြီး ဆွမ်း စသော အာဟာရ အစားအစာကို လှူဒါန်းမှသာ အစာစားရ၏။ သင်္ကန်းစသည့် အဝတ်အထည် တို့ကို လှူဒါန်းမှသာ အဝတ်အထည်ရသည်ဟူ၍ ကျမ်းဂန်တို့၌ အဆိုအမိန့်ရှိပါသည်။

လှူဒါန်းသည် ဆိုရာတွင်လည်း ပုဂ္ဂိုလ်တိုင်းအား ပေးလှူခြင်းဖြင့် သေသူ ခံစားရသည် မဟုတ်ပါချေ။ အကျင့်သီလ ရှိသူကို လှူမှသာ သေသူ ခံစားရကြောင်းကို မင်းဘူး အရှင်ကဥ္စန၏ ဘာသာရေးပြဿနာ အဖြေလွှာစာအုပ်တွင် ဖြေရှင်းချက်အား အကျဉ်းချုပ် တင်ပြခြင်းသာ ဖြစ်ပါသည်။

လူသားအားလုံးသည် လူ့ဘုံ လူ့လောက လူ့ဘဝတွင် ခေတ္တ ခဏ နေထိုင်ရသည့် တည်းခိုခန်းကြီးနှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသားအားလုံး ဘယ်လောက်ကြာအောင် နေကြရမည်ကို မသိနိုင်ကြပါ။ လူ့ဘဝတည်းခိုခန်းကြီးမှ လူသားအားလုံး နေရာ ြစ် တစ်နေရာသို့ ပြောင်းရွှေ့နေမည်သာ ဖြစ်ပါသည်။ အမိန့်မပေးဘဲ နှာခံရခြင်းပင် ဖြစ်ပါသည်။

ကျန်ရှိနေတဲ့ သက်တမ်းကို ဘယ်လိုနေမလဲ ဟူသည့် မမ္မစာအုပ်တွင် ဆရာတော် အရှင်ရာဇိန္ဒ ရဝေနွယ် (အင်းမ)ဖော်ညွှန်း လမ်းညွှန်မှုမှာ. . .

တစ်ခါတုန်းက ဘုရင့်နန်းတော်ထဲကို ဂျပန်ဘုန်းကြီး တစ်ပါးဟာ အစောင့်ရဲမက်တွေ ချထားတဲ့ကြားက ဘုရင့်နန်းတော်ထဲ ရောက်ရှိပြီး ဘုရင်ကြီးနဲ့ ပက်ပင်း တွေ့လိုက်ချိန်ဖြစ်၏။

ထိုအခါ ဘုရင်ကြီးက. . .

"အရှင်ဘုရား ဘာအလိုရှိပါသလဲ ဘုရား" ဟု မေးလိုက်ရာ ဂျပန်ဘုန်းကြီးက . . .

"ကျွန်ုပ်အိပ်ဖို့ အခန်းကောင်းကောင်း တစ်ခန်း အလိုရှိပါတယ်" ဟု ပြောလိုက်၏။ ဘုရင်ကြီးက. . .

"အို အရှင်ဘုရား နေရာမှားလာပြီဘုရား၊ ဒါ တည်းခိုခန်း မဟုတ်ပါ၊ နန်းတော်ပါ ဘုရား" ဟုပြန်လျှောက်လိုက်ရာ ဂျပန်ဘုန်းကြီးက. . .

"နေပါဦး၊ ဘုရင်ကြီးကို မေးပါရစေဦး၊ ဘုရင်ကြီးပြောတဲ့ ဒီနန်းတော်မှာ ဘုရင့်ရဲ့အရင် ဘယ်သူနေသွားပါသလဲ"

"တပည့်တော်ရဲ့ အရင် တပည့်တော်ရဲ့ ဖခင် နေသွားပါတယ် ဘုရား၊ အခုတော့ မရှိတော့ပါဘူးဘုရား" ဟု လျှောက်ထားလိုက်၏။

"ဘုရင့်အဖေရဲ့ အရင်ကော ဘယ်သူနေသွားသေးလဲ" ဟု ထပ်မေးလိုက်ရာ. . .

"တပည့်တော်ရဲ့ အဘိုး နေသွားပါတယ်ဘုရား၊ အခုတော့ မရှိတော့ပါဘူး ဘုရား" ဟု လျှောက်ရပြန်၏။

"မင်းအဘိုး အရင်ကော" ဟု ထပ်မေးရာ . . .

"တပည့်တော်ရဲ့ အဘေးနေသွားပါတယ် ဘုရား" ဟု ပြန်ဖြေပြန်၏။

ထိုအချိန်တွင် ဂျပန်ဘုန်းကြီးက. . .

"ဒါများကွာ နန်းတော်တဲ့၊ မင်းအဖေလဲ နေပြီး ထွက်သွားရပြီ၊ မင်းအဘိုး၊ မင်းအဘေးကလဲ နေပြီး ထွက်သွားရပြန်ပြီ၊ မင်းလဲ နေပြီး ထွက်သွားရဦးမယ်၊ ဒါတည်းခိုခန်း မဟုတ်လို့ ဘာလဲကွာ"

ဟု ပြောလိုက်တော့မှ ဘုရင်ကြီးလည်း . . .

"ဪ ငါလဲ တည်းခိုခန်းမှာ နေရသူပါလား" ဟူ၍ အသိတစ်ခု ဝင်းလက်သွားသည်ဟု ဆရာတော်က နိဂုံးချုပ်လိုက်ပါသည်။

စာဖတ်သူတို့လည်း သဘောပေါက်မည် ထင်ပါသည်။

လူသားအားလုံး လူ့ဘဝတည်းခိုခန်းတွင် ခေတ္တနေထိုင်ခြင်းသာ ဖြစ်၍ ကာလတို အချိန်အတွင်းတွင် ဤခန္ဓာကိုယ်ရုပ်သည် ဆွေးမြည့်ဟောင်းမြင်း အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်ရာလည်း ဖြစ်၏။ အပုပ်ရည် အမြဲယိုစီး၍ ပုပ်ဆွေးပျက်စီးတတ်၏။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

ဓမ္မပဒ (၁၄၈)

လူ့ဘဝတည်းခိုခန်း၌ ခေတ္တနေစဉ် ဗုဒ္ဓ၏ တရားတော်နှင့် သံဃာတော်အရှင်သူမြတ်တို့၏ တရားအဆုံးအမကို ခံယူလျက် လိုက်နာကျင့်ပွား အားထုတ်ကြရပါမည်။

သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင် မသိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည် သာ၍ မြတ်၏။

ဓမ္မပဒ (၁၁၄)

ထို့ကြောင့် . . .

လူ့ဘဝ ခေတ္တ တည်းခိုခန်းမှသည် ဘဝသစ်တစ်ခုသို့ မထွက်ခွာမီ အချိန်တိုအတွင်း ဒါန သီလ ဘာဝနာ ဝိပဿနာတို့ဖြင့် နိဗ္ဗာန်ရောက်ကြောင်း အားကောင်းသော အထောက်အပံ့တွေနှင့်အတူ အနေမြတ်သူ အသေမြတ်သူများဖြစ်အောင် ဆရာကောင်းထံ တပည့်ခံ၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်စွမ်းရှိသူများ တိုးပွားနိုင်ကြပါစေဟု တင်ပြလိုက်ရပါသည်။

မေ မရဏ ဓုဝံ။

❒ အံပွား(စလေ)




www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓကျောင်းတော်နှင့် မူဝါဒလမ်းစဉ်သဘောတရား

ကိုအေးမင်း(ဝိခူး)



ပန်းချီ ဆွေမြင့်

လူတွေဟာ ငါတို့ဖြစ်နေရတာ ဘာလဲ၊ ဘယ်လိုလဲ၊ ငါ ဘယ်ကဖြစ်လာသလဲ၊ သေသောအခါ ဘယ်ကို ရောက်ဦးမှာလဲ အစရှိသဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ထိုသုံးတန်သောကိစ္စတို့ကို မည်သူမျှ မစဉ်းစားဘဲ ကြောက်ရမှန်း မသိဘဲ ဖြစ်လေရာ ဘဝအတိုင်းသာ ဖြစ်သလို အမှတ်တမဲ့ နေလာခဲ့ကြသည်။

လူသတ္တဝါတွေအဖို့ မိမိဖြစ်နေရတဲ့အဖြစ်ကို မသိကြခြင်းသည် အခြားကိစ္စတို့ကို မသိကြခြင်းမှာ သက်သာသော်လည်း ကိုယ့်အဖြစ်ကို မသိကြခြင်းသည် အလွန်အပြစ်ကြီးခြင်းပဲ၊ ကိုယ်ရောက်နေတဲ့ နေရာကိုမှ ကိုယ်မသိဘဲ ထိုကဲ့သို့ မသိဖြစ်နေကြလျှင် ဟိုဘက်သည်ဘက် ရန်သူတွေ ဝိုင်းထားခံရသည့် ထွက်ပေါက်ရှိပါလျက် ထွက်ပေါက်ကို မသိသောသူနှင့် အလွန်တူပါပေ၏။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက နေ့စဉ်ဆွမ်းကိစ္စပြီးတဲ့ နေ့လယ်ခင်းအချိန်မှာ မြတ်ဗုဒ္ဓက ဂန္ဓကုဋိကျောင်းရှေ့ရှိ ခြေနင်းပျဉ်ပြားပေါ်မှာ ရပ်တော်မူပြီး ကမ္မဋ္ဌာန်းတရားတောင်းဖို့ ဝတ်ပြုဖို့လာရောက်ကြတဲ့ ဘိက္ခုသမဏာရဟန်းတော်များကို ဆုံးမမြဲ စကားတော်ရှိပါသည်။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ချစ်သားတို့ မမေ့မလျော့ မပေါ့မဆကြနဲ့တဲ့။ မမေ့ဆိုတာက သတိဆိုတဲ့ မှတ်မှတ်သားသားရှိရမယ့် တရားကို ပြောတာပါ။ မလျှော့ဆိုတာက လုံ့လ ဝီရိယ၊ မပေါ့ဆိုတာ ပေါ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com

တန်တန် စိတ်မထားဘဲ လေးလေးနက်နက် ခိုင်ခိုင်မာမာ ရှိရမယ့် သမာဓိတရားပါ။ မဆ ဆိုတာကတော့ တွေဝေယိမ်းယိုင်ပြီး မပြတ်မသား ဝိုးတိုးဝါးတားဖြစ်ခြင်း မရှိဘဲ မြဲခိုင်တဲ့ သဒ္ဓါနဲ့ စူးရှပြတ်သားတဲ့ ဆင်ခြင်နိုင်စွမ်းအား ပညာကို ပြောတာမို့ သတိကို ပဓာနပြုပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာဆိုတဲ့ စိတ္တဗလစွမ်းရည်နဲ့ ပြည့်စုံအောင်နေကြဖို့ သတိပေး တိုက်တွန်းတာ ဖြစ်ပါသည်။

ဘာကို မမေ့ရမှာလဲ ဆိုရင် မနုဿတ္တဘာဝေါဒုလ္လဘော လူ့အဖြစ်ဆိုတာရခဲပါတယ်။ အဲဒါကို မမေ့ကြနဲ့တဲ့။ နှလုံးကောင်းစိတ်မြတ်ရှိတဲ့ ထက်မြက်စွန့်စားစွမ်းပကားနဲ့ ငါဟာ လူဖြစ်တယ်ဆိုတာကို မမေ့ကြဖို့ ပြောလိုက်တာပါ။

အမှတ်တမဲ့ လောကသားတွေဆိုတော့ အမှတ်တမဲ့ဆိုရင် သိပ်ကို ရိုးစင်းတဲ့ သာမန်သတိပေးချက်ကလေး လောက်ထင်ကြမှာဖြစ်သည်။ ဒါပေမယ့် အလွန်လေးနက်တဲ့ သတိပေးစကားဖြစ်လို့ အပြည့်အဝ နားလည် သဘောပေါက်လိုက်ရင် နိဗ္ဗာန်အထိ ညွှန်ပြနေတဲ့ စကားလုံး အနှစ်ချုပ် ဖြစ်ပါ၏။

နိဗ္ဗာန်အထိ ဆိုလိုက်လို့ သိပ်အလှမ်းဝေးနေသေးတယ် ထင်သူများအတွက် ဆိုရင်လည်း လူ့အဆင့်မီတဲ့ လူသားဆန်ဆန် လူတစ်ယောက်ဖြစ်နိုင်ဖို့ လိုရင်း တိုရှင်းနဲ့ အထိရောက်ဆုံး လမ်းညွှန်ချက်လို့ ဆိုနိုင်မှာပါ။

လူတစ်ယောက်အတွက် ပြုလုပ်နေကြ ကံသုံးပါးစလုံးမှာ လူ့အဆင့်မီမီ ငါဟာ လူဖြစ်တယ် ဆိုတဲ့ သတိတရား ရှေးရှုလိုက်ရင် ပတ်ဝန်းကျင် လောကအပေါ် လူမဆန်တဲ့ အပြုအမူတွေကို ကံသုံးပါးနဲ့ ပြုလုပ်ခြင်းမှ ကင်းဝေးအေးချမ်းသွားမှာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသာသနာတော်ကြီးနဲ့ ကြုံကြိုက်ခွင့်ရကြတဲ့ ကံထူးသူလောကသားတွေမို့ ကြုံတုန်းမှာ ကြိုက်ကြရအောင်၊ ကြုံကြိုက်ရကျိုး နပ်ဖို့ဆိုရင် မိမိတို့ရဲ့ အဆင့်အတန်းနဲ့ သာသနာတော်ရဲ့ အခွင့်အလမ်းနှစ်မျိုးကို နားလည်သဘောပေါက်ကြပြီးတော့ တန်ဖိုးမှန် အဆင့်အတန်းမှန်ကို သတ်မှတ်ကျင့်သုံးကြဖို့ သတိပေးတိုက်တွန်းတော်မူခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ ကျေးဇူးတော်ကို လက်တွေ့ဆပ်ကြရမည် မဟုတ်ပါလား။

ဘုရားရှင်ရဲ့ လမ်းညွှန်ချက် (ပဋိကတ်တော်)များကိုအနှစ်ချုပ် လေ့လာကြည့်တဲ့အခါမှာလည်း ငါဟာ လူဖြစ်တယ်ဆိုတဲ့ အောက်မေ့ဆင်ခြင်သုံးသပ်မှုများဟာ လက်ရှိဘဝမှန်ကို သိမြင်ပြီး တန်ဖိုးပြည့်အရယူသွားနိုင်ဖို့ အရေးပါဆုံး သာသနာတော်ကြီးနဲ့ ကြုံကြိုက်နေပြီဆိုတဲ့ သတိပေးချက်တွေကို သဘောပေါက်လာနိုင်ပါသည်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို လက်ငင်း ကြုံကြိုက်နေတယ်ဆိုတာ တကယ်တမ်း သုံးသပ်ကြည့်ရင် ဗုဒ္ဓဘုရားရှင်ဖွင့်ထားတဲ့ ကျောင်းတော်ကြီးမှာ ကျောင်းတက်ခွင့်ရနေတာနဲ့ အတူတူပါပဲ။

ဒီနေရာမှာ ဗုဒ္ဓစာပေ ဖတ်မှတ်ကျင့်ဆောင်ကြသူများရယ်လို့ သုံးမျိုးသုံးစားလောက်ရှိတာကို တွေ့ရပါမည်။ မှန်ပါသည်။ တချို့ဆိုရင် လူမြင်ကောင်းဖို့ ဗုဒ္ဓကျောင်းတော်ကို ခပ်တည်တည် တက်နေတာပါ။ ဘာသာ သာသနာ ပတ်သက်ပြီး ဘာမှ ဟုတ်တိပတ်တိ သိလည်း မသိ၊ သိလည်း မသိချင်ဘူး။

ဘဝတစ်ခုရဲ့ အသက်ရှင်နေမှုဟာ မျက်မြင်တစ်ဘဝစာအတွက် သာသာပဲ။ ဘယ်လိုနည်းနဲ့ ရရ ခဲနဲ့ ပစ်လို့ ရရ တုတ်နဲ့ ပစ်လို့ ကြွေကြွေ သမ္မာအာဇီဝဆိုတာ ဘာလဲလို့ အဓိပ္ပာယ်ဖွင့်တတ်ကြသူတွေပါ။

ဒါပေမယ့် ပတ်ဝန်းကျင်က ဘုရားဒကာ၊ ကျောင်းဒကာလို့ အခေါ်ခံချင်ကြတဲ့အတွက် လူမြင်ကောင်းရုံ၊ လူဝင်ဆံ့ရုံဆိုတဲ့ လောကရေးသက်သက် ဘုရားသွား၊ ကျောင်းတက်၊ လှူဒါန်း၊ ဝတ်ပြု ဆိုတာမျိုးတွေကို လုပ်နေကြတာပါပဲ။

သာသနာတော်ကို ခုတုံးလုပ်ပြီး ဘာသာရေး ပွဲလမ်းသဘင်တွေမှာ လိုက်စားသောက်လို့ လောကရေးအတွက် ကိုးစားပြီး ဓမ္မရေးတော့ ကွယ်ပနေတဲ့ ဘာသာရေးလိုက်စားသူများလို့လည်း ဆိုနိုင်ပါသည်။

လူစည်ရာအရပ်မှာ ဗုဒ္ဓဘာသာဟာ တော်တော်ကောင်းတာပဲလို့ ပြောနေတတ်ပြီး ဘာကောင်းတာလဲ မေးခဲ့ရင် သိဘူးလေ ကောင်းတာတော့ တော်တော် ကောင်းတာပေါ့ဗျာလို့ နမောတသဲလည်းဆုံးရော သူသိထားသမျှလည်း ကုန်ရော ဆိုသလို မိရိုးဖလာ ဗုဒ္ဓဘာသာ ကောင်းခြင်းယာဉ်ပျံကြီးပေါ်မှာ ခပ်တည်တည်ထိုင်လိုက်သွားလို့ တစ်ချိန်မှာ ကောင်းခြင်း မင်္ဂလာတွေ အရန်သင့် ခံစားရလိမ့်မယ်လို့ သူများ ပါးစပ်ဖျားမှာ လမ်းဆုံးနေတဲ့ ဝိညာဏ်သိ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပါသည်။

တချို့ကတော့ ဗုဒ္ဓ ကျောင်းတော်ကြီးမှာ နေခွင့်ရတာကို အဓိပ္ပာယ်တစ်မျိုးဖွင့်ပြီး ကံကောင်းဖို့ ဗုဒ္ဓ စာပေတွေကို အမှတ်မဲ့ ဖတ်နေကြသူများ ဖြစ်သည်။ တစ်နည်းဆိုလျှင် ဗုဒ္ဓစာပေကို အသုံးချပြီး ကံကောင်းချင်နေကြသူများ ဖြစ်တာမို့ သာသနာတွင်းမှာ ပြုလုပ်ရတဲ့ ကုသိုလ်တွေဟာ အလှူခံ ပုဂ္ဂိုလ်တွေက သီလဝန္တ စတဲ့ ဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံတာရယ်၊ ပိုပြီး အစွမ်းထက် အကျိုးပေးမှာကြောင့် ကောင်းကျိုးချမ်းသာ စည်းစိမ်တွေကို ရစေနိုင်တယ် ဆိုပြီး ယုံကြည်ချက်အပြည့်နဲ့ ကိုးကွယ်နေကြတာ ဖြစ်ပါသည်။

သူတို့ဟာ သာသနာတော်ကို လောကီကောင်းကျိုးအတွက် စီးပွားတွက် တွက်ပြီး ကိုးကွယ်ကြတာဖြစ်လို့ ဘယ်လို ကုသိုလ်မျိုးတွေကိုပဲလုပ်လုပ် စွန့်လွှတ်ဖို့ထက် ရယူဖို့သာ အဓိကထား သိကြပါသည်။

လောကီ ကောင်းကျိုးတွေကို မဆုံမပြ ခံစားရုံမက လောကုတ္တရာကိုလည်း ကုသိုလ်နဲ့ တန်ဖိုးတိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com

ဘတ်ကြတာမို့ ဒီဘဝ ငါလုပ်ခဲ့သော ကံ တံ၏ အကျိုးကို နောက်ဘဝ၌လည်း ခံဝင် ကိုယ်တိုင် ခံစားရမည်ဟု စွဲလမ်း ယုံကြည်နေကြသည်။ ထေရဝါဒအမြင် အရ သဿတဒိဋ္ဌိ(ဆက်မှား)လမ်းစဉ် မှားကြီးကို အမှန်ထင်ပြီး နှစ်သက်စွာ သက်ခံထား ကျင့်သုံးနေကြသည်။

ကံကောင်းချင်လွန်း၍ ကံမြင် ဗုဒ္ဓဘာသာကျောင်းသားတွေလို့ ဆို နိုင်ပြီး ဘဝလွတ်မြောက်ရေးအတွက် ကောင်းမှုကုသိုလ်ကံများ ပြုလုပ်ခြင်းဖြင့် နိဗ္ဗာန်ကိုရောက်သည်ဟု ယူဆနေကြ သည်။ အနတ္တနယ်မှာရှိတဲ့ နိဗ္ဗာန်ကို အတ္တကုသိုလ်အထုပ်ကြီးကြီး ရိက္ခာထုပ် ပြီး ပန်းတိုင်ကို ကျောခိုင်းပြေးလျှင် ရောက်မည်ဟု သူတို့ အသိနဲ့ ဆန္ဒတွေ ကို အောင့်အည်းမထားနိုင်ဘဲ နှုတ်မြွက် ဖော်ထုတ်ဆုတောင်းလာကြသည်။

သာသနာကြီးနဲ့ ကြုံတုန်းမှာ အခြေခံ အကျဆုံး သာသနာတွင်း ကုသိုလ်ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ သင်္ခါရတရားတို့ရဲ့ သဘော သတ္တဏာအမှန်တွေကို သိမြင်နိုင်စွမ်း ဆဲ့ ယထာဘူတဉာဏ်လို့ခေါ်တဲ့ ဝိပဿ နာ သမ္မာဒိဋ္ဌိကုသိုလ် ရင့်ကျက်ပြည့်စုံမှ ဆံဗိုလ်နိဗ္ဗာန်ဆိုတာ ရရှိမျက်မှောက် ပြုနိုင်ပါသည်။

တတိယအုပ်စုကတော့ မြတ်ဗုဒ္ဓ အလိုကျ အများမကြိုက်ရင် နေပါစေ သစ္စာတရားနဲ့လည်းကိုက်တဲ့ ဗုဒ္ဓစာပေ ကို ဉာဏ်မြင့်တဲ့အထိ ဖတ်မှတ်ကျင့် ဆောင်တဲ့ စာဖတ်သူတို့ အုပ်စုလို့ ဆိုရ ပါ။ သူတို့ဟာ လူနည်းစုဖြစ်လို့ သာ သနာတော်ကို ဝိညာဏ်သိ ဗုဒ္ဓဘာသာ တွေလို မိတ်ဖြစ်ဆွေဖြစ် သဘောလည်း တတ်၊ ကံမြင်သညာသိဗုဒ္ဓဘာသာတွေ လို စီးပွားဖြစ် သဘောမျိုးလည်း မဟုတ် ဘဲ ဘုရားရှင်သာသနာတော်နဲ့ ကြုံတုန်း ကြုံခိုက်မှာ သံသရာနဲ့ချီပြီး မိမိတို့စိတ် အစဉ်မှာ တဏှာနဲ့ ဥပါဒါန်ကြောင့် အမှန်မသိမှု ကိလေသာအညစ်အကြေး တွေကို တရားရေစင် ရေသန့်အေးအေး နဲ့ လျှော်ဖွပ်သန့်စင်ပြီး စင်ကြယ်မြင့် မြတ်တဲ့ စိတ်ဓာတ် စူးရှ ထက်မြက် မှန်ကန်ပြီးပြည့်စုံတဲ့ အသိဉာဏ်နဲ့ ငြိမ် သက်ငြိမ်းချမ်းရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို လုပ် ဆောင်ချက်နဲ့ အကောင်အထည်ဖော်ဖို့ ဦးတည်ချက်မှန်မှန်နဲ့ ဗုဒ္ဓကျောင်းတော် မှာ စာကြိုးစားနေကြသူများ ဖြစ်တဲ့ ပညာသိဉာဏ်မြင် ဗုဒ္ဓဘာသာ ကျောင်း သားတွေ ဖြစ်ကြပါ၏။

ဝိညာဏ်သိ ဗုဒ္ဓဘာသာ၊ သညာ သိဗုဒ္ဓဘာသာ၊ ပညာသိဗုဒ္ဓဘာသာလို့ အမည်တပ်ရပါသလဲဆိုလျှင်ဖြင့် စာဆို လေးတစ်ခုကို ရွတ်ပြချင်ပါသည်။

"ကလေးအံတုံး၊ သိတုံးဝိညာ၊ မိ ဘရွှေခဲ၊ ဝေခွဲသညာ၊ ရွှေပန်းထိမ်တတ်၊ ဆုံးဖြတ်ပညာ၊ သိသုံးသိ၊ ရေးဘိပဏ္ဍိတာ" တဲ့။ ဒါလောက်ဆို သဘောပေါက် လောက်ပါပြီ။ ဒီတော့ကာ ဗုဒ္ဓကျောင်း တော်ကြီးမှာ ကျောင်းတက်ခွင့်ရနေကြ တဲ့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သာသနာ ပြုကုသိုလ်ယူကြတာဟု ဆိုနေကြရာ တွင် ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ် တွေကို အတော်လည်း ငွေကုန်လူပန်း ပြီး ကြိုးစား အားထုတ်နေကြတာက တော့ အမှန်ပါ။

ဒါပေမယ့် ရည်မှန်းချက်ကို လုပ် ဆောင်ချက်နဲ့ အကောင်အထည်ဖော် ရာမှာ စေတနာများအရ လောဘစေ တနာ၊ ဒေါသစေတနာ မဖြစ်ဘူးဆိုရင် တောင်မှ မောဟစေတနာ မဖြစ်စေရ အောင် အထူးသတိချပ်သင့်ပါသည်လို့ မထေရ်မြတ်များတို့ စကားဝိုင်း ဆရာ တော်ကြီးက လူတန်ဖိုးတရားတော်မှာ ထောက်ပြ လမ်းညွှန်ထားတာဖြစ်သည့် အတွက် ဗုဒ္ဓကျောင်းတော်ကြီးမှာ တက် ခွင့်ရနေသည့် အရေးပါတဲ့ အချိန်အခါ ကောင်းကြီးမှာ အရာရောက်သည့် သာ သနာတွင်းသား အစစ်ဖြစ်ကြရအောင် မြတ်ဗုဒ္ဓ၏ အာဘောဂအမှန်ကို စာရေး သူ နားလည် ကျင့်သုံးသည့်အတိုင်း ပုံဖော်ပေးရပါမည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိနိုင်ကြသည်။ သိနေသည့်အတိုင်း လည်း ခေါင်းမော့ရင်ကော့ ကျူးရင့် နေသည်။ မနုဿတ္တဘာဝေါ ဒုလ္လဘော နှင့် ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တို့၏ အထူးမြတ်ဆုံး ကြုံကြိုက်မှုဖြစ်သည်ဟု ဆိုကြသည်။ မိမိတို့လက်ရှိဘဝတန်ဖိုး သည် သာသနာတွင်းမှာ လူဖြစ်ရတာ မို့ နိဗ္ဗာန်အထိ ထိုက်တန်သည်ဟု ဆို လည်း ဆိုနေကြပြန်သည်။

သို့သော်လည်း ကိုယ်လုပ်နေ သည့် ကိုယ်နှုတ်စိတ်ထား လုပ်ဆောင် ချက်များသည် ရည်မှန်းထားသည့် နိဗ္ဗာန်တန်ဖိုးဆီ ဦးတည်နေသလား။ ပန်းတိုင်ကို ကျောခိုင်းပြီး လျှောက်လှမ်း နေသလို ဖြစ်နေတာလား။ ဆင်ခြင် သုံးသပ်သင့်သည် မဟုတ်ပါလား။

ဗုဒ္ဓရှင်တော်သည် လူသား၏ အသိဉာဏ်နှင့် စွမ်းအင်ကို ယုံကြည် သည်။ အောင်မြင်သော မျိုးစေ့တို့ မည် သည် မြေဆီ မြေသြဇာ ရာသီဥတု အခြေအနေကောင်းများနှင့် တွေ့ကြုံခဲ့ သော် ရှင်သန်တိုးတက်သော အပင်တို့ ပေါက်ရမည် အမှန်ဖြစ်သည်။

ထို့ကြောင့် သစ္စာဉာဏ်အလင်း ရောင် ပေါ်ထွန်းရန် ဗုဒ္ဓဓမ္မရေးရာ၌ လေ့လာရာတွင် လည်းကောင်း၊ သင် ကြားနားလည် လက်ခံကျင့်သုံးရာတွင် လည်းကောင်း၊ သဘာဝ အခြေခံ လေး ချက် ရှိသည်ဟု စာရေးသူ သုံးသပ် ဆင်ခြင် ဉာဏ်မီသလောက်ပဲ ဖော်ပြ ချင်သည်။

၎င်းတို့မှာ အများမကြိုက်ရင်နေ ပါစေ၊ တရားနှင့်လည်းကိုက် ဗုဒ္ဓဘုရား ရှင်လည်း ကြိုက်မည့် မူဝါဒလမ်းစဉ် သဘောတရားတို့ ဖြစ်ပါသည်။

(၁) မူအားဖြင့် သစ္စာလေးပါးမူ

(၂) ဝါဒအားဖြင့် ဝိဘဇ္ဇ၊ ဝိစရဏ ဝိမံသ၊ ဝေဖန်ဆန်းစစ်၍ ဝိစစ် သုံးသပ် ဆင်ခြင် ကျင့်သုံးခြင်း

(၃) လမ်းစဉ်အားဖြင့်လည်း ဧကာ ယနော အယံဘိက္ခဝေ မဂ္ဂေါ ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်ကို သွားသည့်လမ်းသည် မဂ္ဂင်ရှစ်ပါးကို သတိပဋ္ဌာန် (၄)ပါး ပြည့်စုံအောင် ကျင့်ဆောင်သည့်လမ်းမှတစ်ပါး တခြားမရှိဆိုသည့် အတိုင်းနှင့်

(၄) သဘောတရားမှာ သဟေတုစမ္မ (ပဋိစ္စသမုပ္ပာဒ်)ကြောင်းကျိုး ဆက်စပ်သော တရားတို့ဖြစ်သည်။

ယင်းတို့မှာ မသိလျှင် မဖြစ်၊ မရှိလျှင် မဖြစ်၊ မပါလျှင် မပြီးသော မကျင့်သုံးလျှင် မျက်မှောက် မပြုနိုင်သော သဘောတရားများပင် ဖြစ်သည်။

အနည်းဆုံး ဤလေးချက်နှင့် ကင်းလွတ်၍ မရနိုင်ပေ။ သာမန်အားဖြင့် လမ်းဘေးတွင် ကလေးသူငယ်တို့ ကစားကြရာတွင်ပင် သူ့ဘက် ကိုယ့်ဘက်၊ သူ့စည်း ကိုယ့်စည်း၊ စည်းကမ်း နည်းလမ်း ကိုယ်စီရှိကြသည်။

စည်းကမ်းနှင့် နည်းလမ်းနှင့် ကင်းလျှင် ကစားပွဲသို့ ချဉ်းကပ်၍ မရ။ ဤသို့လျှင် လမ်းဘေးတွင် ကစားသော ကလေးကစားပွဲတွင်ပင် နည်းလမ်း စည်းကမ်းရှိရပါသေးလျှင် မဂ်ပေါက် ဖိုလ်ဝင် လူသားတို့အတွက် အရေးအကြီးဆုံး၊ အမြင့်မားဆုံးသော ဗုဒ္ဓ၏ဓမ္မဆိုင်ရာ ဒုက္ခငြိမ်းအေးရေး လမ်းစဉ်ကြီးတွင် ကြားဖူးနားမဝ၊ နားဝလည်း အဓိပ္ပာယ်ငတ် ဆိုသလို သူများ ပါးစပ်ဖျားမှာ လမ်းဆုံးသလို ကြားဖူးနားဝ မိရိုးဖလာ ယောင်တိယောင်န ကောင်းနိုးရာရာ စမ်းတဝါးဝါး စည်းမရှိ ကမ်းမရှိ နည်းလမ်းမသိ ဟူသည်မှာ သဘာဝကျနိုင်ပါ့မလား။ ဤလေးချက်သည်သာ ဗုဒ္ဓဓမ္မရေးရာတွင် အနှစ်သာရ ဖြစ်သည်။

မြတ်ဗုဒ္ဓ ရှင်တော်ကလည်း သစ္စာလေးပါးသည်သာ အကျိုးနှင့်စပ်၏။ တရားနှင့် စပ်၏။ မြတ်သော အကျင့်၏အစ ဖြစ်၏။ ဝဋ်ဆင်းရဲမှ ငြိမ်းရာဖြစ်၏။ ရာဂကင်းခြင်းငှာဖြစ်၏။ ကိလေသာ မီးငြိမ်းခြင်းငှာဖြစ်၏။ အထူးသိခြင်းငှာဖြစ်၏။ ကိုယ်တိုင်သိခြင်းငှာ ဖြစ်၏လို့ သီလက္ခန်ပါဠိတော်မှာ ထင်ထင်ရှားရှား ဟောပြခဲ့ပါသည်။

ဤသို့အားဖြင့် ဗုဒ္ဓဓမ္မရေးရာများနှင့် ပတ်သက်၍ သိဖွယ်ကိစ္စအဝဝတို့ကို တိကျစွာတင်ပြလိုက်ပြီးနောက် လိုရင်းအဓိက ကောက်ချက်ချ၍ ပြရသည်ရှိသော် ဗုဒ္ဓဝါဒ ဓမ္မရေးရာကို နားလည်သဘောပေါက်လိုသူများ၊ ရှင်းလင်းပီပြင် ကြည်လင် ပြတ်သားလိုသူများ၊ ဒုက္ခငြိမ်းအေးရေးအတွက် လက်တွေ့ကျကျ ကျင့်သုံးလိုက်နာလိုသူများသည် အနတ္တဓမ္မ အခြေခံတွင် မူအားဖြင့် သစ္စာလေးပါးတရား ဝါဒအားဖြင့် ဝိဘဇ္ဇဝိစာရဏ၊ ဝေဖန်ခြင်း၊ ဆန်းစစ်ခြင်း၊ လမ်းစဉ်အားဖြင့် မဂ္ဂင်ရှစ်ပါးလမ်းစဉ်နှင့် သဘောတရားတို့တွင် သဟေတုဓမ္မ၊ အကြောင်းရှိ၍ အကျိုးတွေ့သော အပေါ်တွင် ခိုင်မာစွာရပ်တည်လျှောက်လှမ်း ကျင့်သုံးကြခြင်းအားဖြင့် အမှန်လမ်းကြောင်းဖြောင့်တန်းပြီး အေးငြိမ်းမှု စခန်းသို့ ရောက်ရှိနိုင်ကြစေရန် လိုအပ်လှပေသည်။

**ကိုအေးမင်း(ပဲခူး)**

ကျမ်းကိုး - ဓမ္မကြောတရားဦး




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း


လိပ်စာ ➻ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း → ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



# ငှိုကာကျော်ကြီး ဘာကြောင့်မော်

## ဆင်ဖြူကျွန်းစောင်းသိန်း

ပုဂံခေတ်တွင် ပါဠိသဒ္ဒါ ကျမ်းငယ်များစွာ ပေါ်ပေါက်ခဲ့သည်။ ဘုရင်မင်းမြတ်မှအစပြုသော လူအပေါင်းကလည်း ပါဠိစာပေကို လေ့လာသင်ကြားကြသည်။ နိသယျည်းကျမ်းများသည် ထိုပုဂံခေတ်မှာပင် စတင်ပေါ်ပေါက်သည်ဟု အဆိုရှိ၏။ ထိုမှနောက် ပင်းယ၊ အင်းဝ စသော ခေတ်များ၌ ပါဠိစာပေ ထွန်းကားသည်နှ ့ အမျှ ပါဠိကျမ်းဂန်များလည်း များပြ းစွာထွန်းကားခဲ့၏။

နောက်ဆ းဖြစ်သော ကုန်းဘောင်ခေတ်တွင် ဘား ပါဠိကျမ်းမျ





www.burmeseclassic.com

www.burmeseclassic.com

သည် ထင်ရှားလာခဲ့ကြပြန်၏။ ပုံစံအား ဖြင့် ...င်းလက်ထက်တော်တည်း။

...မင်း၏ လက်ထက်တော်တွင် ...ဘင်သာသနာပိုင်ဆရာတော် ...ဇာဘိဝံသ၏ သီလက္ခန်ဋီကာ ...တ္တိမဟာဋီကာသစ်ကျမ်းကြီး များမှ ...သာသနာတော်တွင် ထင်ရှား ...စံပြုထိုက်သော ပါဠိကျမ်း ကြီးများ ...စ်၏။

အစ.ဗုဒ်အလယ် ဗုဒ်အဆုံး ဟူသည့် ...ားတွင် ပါဝင်သော ညောင် ကန်ဆရာ ...ဘ် ဦးဗုဒ်၏ နိုနတ္ထိဘေဒ သင်္ဂဟကျ ...။ ပထမ ငါးခုန်ဆရာတော် ၏ ခုနှ... ဌဋီကာကျမ်း၊ မန္တလေးမြို့ ဘုရားကြီး ...ကျောင်းတိုက် ပထမဘုရား ကြီး ဆရာ...ဘ် အရှင်ဇာဂရာဘိဝံသ ၏ ပါစိတျာဒိယောဇနာကျမ်း၊ သစ်ဆိမ့် ဆရာတော်၏ ကင်္ခါယောဇနာမဟာ ဋီကာကျမ်းတို့မှာ ထင်ရှားလှပေသည်။

မင်းတုန်းမင်း၏ ရွှေလက်ထက် တော်တွင် ယောအတွင်းဦးဘိုးလှိုင် ပြုစု သော သဒ္ဒသင်္ဂဟကျမ်းမှာလည်း သဏ္ဍ တ၊ ပါဠိ၊ သဒ္ဒါ၊ ဗျာကရုဏ်းကျမ်းတို့ကို ကိုးကားထားသော ပါဠိကျမ်းဖြစ်၏။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဓာတွတ္ထသဂြိုဟ် ပါဠိကျမ်းကို ကိုယ် တော်တိုင်လည်း နိသယျရေးသားတော် မူခဲ့၏။

ထိုကျမ်းမှာ စာသင်သားသုံး အဖိုးတန် ကျမ်းကောင်းတစ်ဆူဖြစ်၏။ ထိုသို့ ကျမ်းပေါင်းများစွာနည်းတူ ထွက် ပေါ်လာသော လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ ပါဠိကျမ်းကြီးမှာလည်း မချေမငံ့ သဘောထားသူများကြောင့် ကမ္ဘာကျော်ကျမ်းကြီး ဖြစ်သွားရတော့ သည်။

လယ်တီဆရာတော်၏ ပရမတ္ထ ဒီပနီ ကမ္ဘာကျော်ရခြင်းမှာ မနှုးမနပ် သမားများကြောင့် ဖြစ်သည်။ နိရုတ္တိ ဒီပနီမှာလည်း လယ်တီဆရာတော်အစွဲ ဖြင့် နာမည်ကျော်ရသည်။ မိဋ္ဌကတ္တ ပါရဂူ ဟူသည့် အသုံးအနှုန်းကစပြီး သဘောမကျခဲ့ရင်းစွဲဖြင့် လယ်တီဆရာ တော်ကို ဆန့်ကျင်ခြင်း ဖြစ်၏။ ထို့ အတွက် လယ်တီဆရာတော်မှာ အမှန် သမား ဖြစ်နေသောအခါ ပိုပြီးနာမည် ကျော်ကြားလာ၏။

“လယ်တီဆရာတော်က ဋီကာ ကျော်ကို ပယ်သတဲ့”

ပရမတ္ထဒီပနီ ဋီကာသစ်ကျမ်းကို ပုံနှိပ်ပြီးစီးသောအခါ သာသနာလောက ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ အကြောင်းမှာ မြန်မာပြည်သားများ အထင်ကြီးကြောက်ရွံ့နေခဲ့သော ဋီကာ ကျော်ကို လယ်တီဆရာတော်က စေ့စေ့ စပ်စပ် သုံးသပ်ကာ အပြစ်များကို ဖော် ထုတ်သောကြောင့် ဖြစ်သည်။

သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီ ဂိုဏ်းဝင် ရှင်သုမင်္ဂလသာမိမထေရ် ပြုစု စီရင်ခဲ့သော အဘိဓမ္မတ္ထဝိဘာဝနီကို ပုဂံခေတ်၊ ပင်းယခေတ်က ဋီကာလှ အမည်ပေးကာ သင်ကြားကြပြား မထင် ရှားချေ။

ထို့နောက် အင်းဝခေတ် ထူပါရုံ စေတီတော် ဒါယကာ နရပတိမင်းလက် ထက်တွင်ကား ဋီကာကျော် အမည်ဖြင့် ထင်ရှ...လာခဲ့သည်။

ထိုသို့ ထင်ရှားရခြင်းမှာ ဋီကာ ကျော် ကျမ်းအတွင်း မဏိမဉ္ဇူကျမ်းပြု ဆရာတော် အရှင်အရိယာဝံသကို အကြောင်းပြုပြီးဖြစ်သည်။ သို့ရာတွင် လယ်တီဆရာတော်ကမူ အချက်ပေါင်း ၂၀၀ ကျော်ကို ပယ်ထားခဲ့သည်။ အရှင် အရိယာဝံသမထေရ်၏ မဏိမဉ္ဇူ သာရ မဉ္ဇူကျမ်း၏ အပြစ်အနာအဆာတို့ကို လည်း ထောက်ပြထားသည်။ ဋီကာသစ် နိဒါန်းတွင်လည်း ဤသို့ ဖော်ပြထား သေး၏။

“ပဉ္စမ သင်္ဂါယနာတင်မင်းတရား ကြီး၏ ရွှေလက်ထက်တော် အခါက မန္တလေးရွှေမြို့တော်ရှိ ကျေးဇူးတော်ရှင် စံကျောင်းဆရာတော် စသည့် ကျမ်း တတ်အကျော်ဆရာတော်ကြီးများသည် အဘိဓမ္မာဘက်ဆိုင်ရာ မူလဋီကာနှင့် အနုဋီကာတို့ကိုသာ အသုံးပြုတော်မူ လေ့ ရှိကြကုန်၏။ ပို့ချသင်ကြားတော် မူကြကုန်၏။ ဋီကာကျော်နှင့် မဏိမဉ္ဇူ တို့ကို ပို့ချသင်ကြားမှု မရှိကြကုန်။ မိမိ တို့၏ တပည့်များကိုလည်း ထိုကျမ်းနှစ် စောင်ကို သုံးစွဲခြင်းမပြုရန် တားမြစ် တော်မူကြ၏”

“ဋီကာအူ ပေါက်ကျမ်း တစ် စောင် မြန်မာနိုင်ငံကို ကူးသွားလေရဲ့”

ထိုသို့လျှင် သီဟိုဠ်သားရဟန်း တော်များ ပြောသံကိုကြားဖူးကြောင်း မဏိမဉ္ဇူမှာ အနှစ်ပယ် အကာအတိဖြစ် ကာ ကျမ်းလေးသော စကားများဖြင့် ပြည့်နေ၍ဖွဲ့ပုံကြီးနှင့်တူကြောင်း စသော အချက်များကို ဖော်ပြထား၏။

သို့ဖြင့် အလွန်နက်နဲလှသော ဂမ္ဘီရဉာဏ်နှင့် မဟာထေရ်ကြီးများ၏ စကားတော်ကို နာယူမှတ်သားလျက် အတိတ်က ပညာရှင်ကြီးတို့၏ အဆို အမိန့်အတိုင်း စီရင်ခြင်းဖြစ်တော့၏။

ထိုစဉ်က သီဟိုဠ်ရဟန်းတော် များသည် လယ်တီဆရာတော်၏ကျမ်း ကို အထူးတလည် ချေပရေးသားခြင်း မပြုခဲ့ကြပေ။ သို့ရာတွင် ဋီကာကျော်ကို အထင်ကြီး လေးစားသော မြန်မာများ ကမူ အထူးတလည် ချေပရေးသားကြ ၏။ ရေးပင်ရေးသားငြား လယ်တီဆရာ တော်နှင့် တွေ့ဆိုင်ရှင်းလင်းခြင်း မရှိခဲ့ ကြပေ။

သို့ဖြင့် ၁၂၈၂ ခုနှစ်သို့ ဆိုက် ရောက်လာ၏။ ထိုနှစ်တွင် မန်လည် ဆရာတော်ဘုရားကြီးသည် သိမ်သမုတ် ရန် ကြွရောက်တော်မူလာ၏။ ဤတွင် စစ်ကိုင်းမြို့မှ သံဃာတော် အချို့က ဆရာတော်ဘုရားကြီးကို လျှောက်ထား လေ၏။ ဋီကာကျော်ဘက်မှ ကျမ်းတစ် စောင်တစ်ဖွဲ့ ရေးသားရန်ဖြစ်၏။ ဤ တွင် ဆရာတော်ဘုရားကြီးက ဤသို့ ပြန်လည်မိန့်ကြားတော်မူ၏။

“ဋီကာကျော်ဘက်က ရှေ့နေ လိုက်ပေးဖို့ ပြောကြသော်လဲ မူလအမှု သွား အမှုလာ ပြောင့်မှန်မှသာ ရှေ့နေ





www.burmeseclassic.com

www.burmeseclassic.com

> ကြန်အင်လက္ခဏာဖြင့်
> ပြည့်စုံသော နွားကိုသာ
> မွေးမြူထိုက်ပေသည်၊
> ဦးချိုလိမ် ခါးပိန်၍
> စဉ်းလဲတတ်သည့် နွားမျိုးသည်
> ကိုယ်ဖတ်တာဝန်ကို
> အားထွန်ကြိုးပမ်း၍
> ထမ်းဆောင်လေ့ မရှိ၊

မှာ နာမည်သတင်းကောင်းမည်၊ မူလအမှုသွား မမှန်လျှင် လျှောက်လဲချက် ဘယ်လိုပင်ကောင်းသော်လဲ တရားနိုင်ရန် ခဲယဉ်းလှပေသည်"

"လယ်တီဆရာတော် စံကျောင်းတိုက်တွင် သီတင်းသုံးနေစဉ်က သီဟိုဠ်ရဟန်းတော်အချို့ ပြောဆိုကြသည်မှာ 'မြန်မာပြည်က ရဟန်းတော်များတွင် အဘိဓမ္မာတတ်သူ မရှိ၊ ရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်မှားချက်ကိုပင် ထောက်ပြဝံ့သူမရှိကြောင်း' ဖြစ်တင်ကဲ့ရဲ့ သံကို ကြားရဖူးသတဲ့"

"ဋီကာကျော် မှားချက်များကို လယ်တီဋီကာလို ရေးနိုင်ခြင်းမှာ မလွယ်ကူ၊ ပါဠိကျမ်းတစ်စောင်တစ်ဖွဲ့ အနည်းဆုံး အနှစ် ၂၀ လောက် ရှာဖွေကြည့်ရှုစုဆောင်းပြီးမှသာ ရေးနိုင်မည်ဖြစ်ကြောင်း"

၁၂၆၈ ခုနှစ်တွင် ရန်ကုန်မြို့မှ အချို့သော ရဟန်းတော်များသည် လယ်တီဋီကာနှင့် စပ်လျဉ်း၍ မကျေမနပ်ဖြစ်ကာ အတိုက်အခံပြု ကန့်ကွက်ကြလေ၏။ မင်္ဂလာဆရာတော်ကြီးမှာ ထိုနှစ်က ရန်ကုန်သို့ တပည့်သံဃာများခြံရံလျက် ကြွရောက်ကာ တရားဟော တော်မူနေချိန် ဖြစ်၏။ ကျမ်းတတ်အကျော် မင်္ဂလာဆရာတော်ထံချဉ်းကပ်ပြီး ဋီကာကျော်အကြောင်း လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ပြန်လည်မိန့်ကြားတော်မူ၏။

"အရှင်ဘုရားတို့ အစည်းအဝေး ပြုလုပ်ပြီး တစ်ခုစီ မေးမနေကြနှင့်၊ လယ်တီဋီကာကိုလဲ မီးရှို့ဖို့ လုပ်မနေကြနှင့်၊ လယ်တီဋီကာက ပယ်တဲ့အချက်တွေကို စာရင်းပြုစုပြီး ဋီကာကျော်ဘက်က ရှေ့နေလိုက်တဲ့ ဋီကာတစ်စောင် တစ်ဖွဲ့ ပြုစုစီရင်တော်မူကြပါ"

ထို့ပြင် မြို့ပြင်ကြီးသဂြိုဟ် အရကောက် စသောကျမ်းတို့ကို ရေးသားတော်မူရာ အဘိဓမ္မာဘက်တွင် အထူးနာမည်ကြီးလှသော "အရှင်စန္ဒဝံသာလင်္ကာရ"အမည်ရှိသည့် မြို့ပြင်ကြီးဂိုဏ်းအုပ် ဆရာတော်ကလည်း ဤသို့အမိန့်ရှိ၏။

"ငါတို့ စာချတုန်းက ဝိဘာဝနီဋီကာမှာ ပါဠိတော်နဲ့မညီတဲ့ အချက်အလက်ပေါင်း ၆၀ လောက်ပဲ တွေ့ဖူးခဲ့တယ်၊ တောကျောင်းဘုန်းကြီး လယ်တီကိုယ်တော်က အချက်ပေါင်း ၂၀၀ ကျော် တွေ့လေတော့ တို့ထက် တောကျောင်းဘုန်းကြီးက စာကြည့်စေ့စပ်ကြောင်း ပေါ်လွင်သကွယ်"

ထိုဆရာတော်ကြီးများ၏ မိန့်ကြားချက်မှာလယ်တီဆရာတော်အပေါ်၌ မလိုမုန်းထားသူများကို နှုတ်ပိတ် နှုတ်ဆိတ်အောင်လုပ်ရာရောက်တော့သည်။ ဋီကာအဓိကရုဏ်းကြီး ငြိမ်းအေးတော့သည်။

သို့ရာတွင် မငြိမ်းအေးမီက ထပြီးကန့်ကွက်သော ဋီကာများရှိခဲ့၏။ လယ်တီဋီကာကို ကန့်ကွက် ရှုတ်ချသော ဋီကာပေါင်း ၂၀ ကျော် ထွက်ပေါ်ခဲ့၏။ ယင်းတို့အနက် အင်္ကုရဋီကာလည်း ပါဝင်၏။ ထိုဋီကာမှာ အတော်အတန် ထင်ရှားသော်ငြား မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်ကြောင့် လိုရာမရောက်ဘဲ ဖြစ်သွားရ၏။

"လယ်တီဋီကာကို အတိုက်အခံပြု အညွှန့်တက်ပြီလို့ ဆိုကြပေမယ့် လယ်တီဋီကာကိုပဲ အညွှန့်တက်သလို ဖြစ်နေပေသည်"

လယ်တီဋီကာမှာ ဋီကာကျော်ကို အကြေးလှန်သည့်အတွက် ဋီကာမော်ဟု ထင်ရှားသည့်နောက် ထင်ရှားလာ၏။ ဋီကာမော်ကို ကဏ္ဍကောစပြုမှုများအနက် ချောင်းဦးဆရာတော် ဦးဒိပ ပြုစုသည့် ပရမတ္ထဝိသောဓနီဋီကာမှာ ဝါကျကျဉ်းကျဉ်းနှင့် အနေအထား ရှင်းလင်းစေ့စပ်သည်တဲ့ ပြောကြ၏။

ဖားကူးဆရာတော်၏ အနုဝံဘာဝနီဋီကာမှာ ကျယ်ဝန်းလှကား ဝါကျအနေအထား မကောင်းဟု အပြစ်ဆိုကြသည်။ ကန္နီဆရာတော်၏ ပရမတ္ထဇောတိကဋီကာနှင့် ယိန်တောမိုးညိုဆရာတော် ရေးသားသော အတုလဋီကာ စသည်တို့မှာ ထင်လည်း မထင်ရှား၊ အသုံးပြုသူလည်း မရှိဘဲ ပျောက်ကွယ်သွားရ၏။

လယ်တီဆရာတော်၏ ဋီကာမော်ကို ဆန့်ကျင်သူများ ရှိသကဲ့သို့ ထောက်ခံသူများလည်း အများအပြား ရှိ၏။ ဤအထဲတွင် ဦးအောင်မြက်ထွန်း (အရှင်အာဒိစ္စဝံသ) ပါဝင်သည်။ သို့သော် ဋီကာမော်ဘက်မှ ထောက်ခံသော ဆောင်းပါးများကို ဟံသာဝတီတွင် ရေးစဉ်က သူ၏ဘွဲ့တော်မှာ အရှင်အာစိဏ္ဏ ဖြစ်ပေသည်။

ဋီကာမော်ဘက်မှ ထောက်ခံရေးသားပြီး ထင်ရှားသောအခြားတစ်ဦးမှာ ဦးနုတ်သား ဖြစ်၏။ ဦးနုတ်သားမှာ အုတ်ဖိုဆရာတော်၏တပည့် လူပြန်တော်တစ်ဦးဟု ဆိုသည်။ ဦးနုတ်သားသည် အတိသုန္ဒရဋီကာဖြင့် ဋီကာမော်ဘက်မှ ခုခံရေးသားသော အလွန်ပွဲကျကြသည်။

မင်းကင်းဆရာတော်၏ ကဏ္ဍီကျမ်းက အမှားအမှန် ကို ပြန်လှန်၍ ဖျန်ဖြေချေပခြင်းဖြင့် ရိုးသားစွာဝန်ခံလျက် သိမ်မွေ့နူးညံ့စွာ ရေးသားထားပေ၏။

မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးကမူ . . .

"လယ်တီဋီကာဟာ အခုကြိုက် မကြိုက်အငြင်းပွားနေကြပေမယ့် နောင်





www.burmeseclassic.com

www.burmeseclassic.com

အခါမှာ အသုံးပြုကြလိမ့်ဦးမယ်” ဟု မိန့်တော်မူလေသည်။

လယ်တီဆရာတော်၏ ဋီကာ မော်မှာ မလိုသူတို့၏ ဝိုင်းဝန်းတိုက်ခိုက် ထိုးနှက်မှုကြောင့် စာပေသမိုင်းဝင် ကျမ်း တစ်ဆူအဖြစ် ထင်ရှားလာလေသည်။

ဆရာတော်ဘုရားကြီးသည် တပည့်များကို မွေးမြူစောင့်ရှောက်ရာ တွင် ပညာတော်သူကို ဦးစားပေးတော် မူ၏။ ဆရာတော်ကြီး၏ ဘုန်းတော်တိုင် ကို ခိုလှုံကြသော တပည့်များအနက် သာမဏေကျော် ရှင်ပဏ္ဍိတကို များစွာ ချီးမြှောက်တော်မူသည်။

သာမဏေကျော် ရှင်ပဏ္ဍိတ သည် ဉာဏ်ထက်မြက်သူ ဖြစ်၏။ ထို့ ကြောင့် ဆရာတော်ကြီးက စာစွည်းလေး ပါးဖြင့်လည်းကောင်း၊ တရားစာပေ သင် ကြားပို့ချပေးခြင်းဖြင့်လည်းကောင်း ချီး မြှောက်တော်မူလာခဲ့ရာ ရှင်ပဏ္ဍိတ သည် ဉာဏ်ကောင်းသူတို့ ထုံးစံအတိုင်း မြန်ဆန်စွာဖြင့် အများအပြား သင်ယူ လေသည်။

သို့ဖြစ်သောကြောင့် ဆရာတော် ဘုရားကြီးသည် သာမဏေပဏ္ဍိတကို အခြားသော သာမဏေတို့ကဲ့သို့ ဝတ် ကြီးဝတ်ငယ်ပြုစုသော တာဝန်များမှ ကင်းလွတ်ခွင့်ပြုတော်မူသည်။ ထိုအခါ အခြားတစ်ပါးသော သာမဏေများသာ မက ရဟန်းတော်များကပါ ဆရာတော် ကြီးကို ငြိုငြင်ချင်ကြ၏။

သို့ဖြစ်၍ ဆရာတော်ကြီးက တပည့်များကို ဆုံးမတော်မူ၏။

“တပည့်တို့ ပဏ္ဍိတသာမဏေ ကဲ့သို့ ပညာရည်ထက်တဲ့ တပည့်မျိုးကို သာ ပိုမို၍ အခွင့်အရေးပေးကာ မွေးမြူ ထိုက်ပေသည်၊ ဆရာ့ဝတ် သံဃာဝတ် များမှ သူ့ကို ချမ်းသာမှုပေးခြင်းအတွက် သူ့ကို မငြိုငြင်ထိုက် အပြစ်မဆိုထိုက်”

ဆရာတော်ဘုရားကြီးသည် “ဂေါဝစ္ဆာ ဂေါဂဏောသိသာ” အစချီ သော ဂါထာဖြင့် ဆုံးမတော်မူသည်။ ဂါထာ၏အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

“တပည့်တို့ နွားခြံထဲတွင်ရှိသော နွားများတွင် ကြွန်အင်လက္ခဏာဖြင့် ပြည့်စုံသော နွားကိုသာ မွေးမြူထိုက်ပေ သည်၊ ဦးချိုလိမ် ခါးပိန်၍ စဉ်းလဲတတ် သည့် နွားမျိုးသည် ကိုယ့်တာဝန်ကို အားသွန်ကြိုးပမ်း၍ ထမ်းဆောင်လေ့ မရှိ၊ တပည့်မွေးမြူရာ၌ ထိုသဘောကို လိုက်နာအပ်ပေသည်”

ကိုရင်ပဏ္ဍိတသည် ၁၂၅၉ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် ၁၉ နှစ် ပြည့်၍ ပဋိသန္ဓေရက်နှင့်ဆိုရပါလျှင် အသက် ၂၀ သို့ရောက်နေပေပြီ။ သို့ သော် သာမဏေရှင်ပဏ္ဍိတမှာ ရဟန်း ဒါယကာ သုံးလေးဦး ပေါ်ပေါက်နေ သဖြင့် ရဟန်းဒါယကာခံယူလိုသူအချင်း ချင်း အငြင်းပွားနေကြ၏။ သို့ဖြစ်သဖြင့် ထိုနှစ်ဝါဦး၌ ရဟန်းမခံဖြစ်ပေ။

ဆရာတော်ကြီးသည် ရဟန်း ဒါယကာလောင်းများ၏ အငြင်းပွားမှုကို သိတော်မူသဖြင့် ၁၂၆၀ ပြည့်နှစ် တန် ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ တွင် တပည့်ရင်းပဏ္ဍိတကို မည်သည့် ဒါယကာကိုမျှ ရဟန်းခံခွင့်မပေးတော့ဘဲ ညအချိန် ဝတ်ကျောင်းမှ ဝတ်ပြုပြီး အပြန်တွင် သံဃာနှစ်ကျိပ်ကျော် ဆင့် ခေါ်၍ ရဟန်းခံပေးလိုက်လေ၏။

ရဟန်းတော် ဖြစ်လာသော ဦးပဏ္ဍိတ၏ ဥပဇ္ဈာယ်မှာလည်း ကျေး ဇူးရှင် ဆရာတော်ကြီးပင်ဖြစ်၏။ ပစ္စယာ နုဂ္ဂဟာဖြင့် ရဟန်းခံချီးမြှင့်ခြင်းမှာလည်း ဆရာတော်ဘုရားကြီးပင် ဖြစ်၏။ ဦးပဏ္ဍိတအတွက် ကြီးမားသောထူးခြား ချက်ကြီးပေတည်း။

ဆရာတော်ဘုရားကြီးသည် တပည့်ပဏ္ဍိတကို များစွာချီးမြှင့်မြှောက် စားရုံသာမက ဘွဲ့အမည်ကိုပင် ခေါ် လေ့မရှိ ရှင်ကလေးဟူ၍ ခေါ်ဝေါ်လာ ခဲ့ရာ ရဟန်းဖြစ်သည်အထိ ရှင်ကလေး ဟူ၍သာ မြတ်မြတ်နိုးနိုး ခေါ်ဝေါ်တော် မူခဲ့၏။

၁၂၆၀ ပြည့်နှစ် ထိုနှစ်တွင် ဒေးဒရဲမြို့အုပ် ဦးဘထွားက တပေါင်း လအတွင်း ကန်နီမြို့သို့ စွယ်တော်ဖူး ကြွ ရောက်ပါရန် ပင့်လျှောက်လာ၏။ ဆရာ တော်ကြီးမှာ သာသနာတော်၏ ကိစ္စ များစွာ ဖိစီးနေသဖြင့် “မုံရွာမြို့ လယ်တီ တောကျောင်းဆရာ မှာကြားအမိန့်ရှိ လိုက်သည် ဒါယကာ ဒေးဒရဲမြို့အုပ်” အစချီသော ဒေးဒရဲမေတ္တာစာကို ရေး သားချီးမြှင့်တော်မူရာ . . .

“အမြတ်တရား၊ ဟောတဲ့ငြား လည်း၊ ဘုရားအကြိုက်၊ မလိုက်သာဘဲ၊ ဘာကြောင့်ဘယ်ကြောင့် အမယ့်ကြောင့် ဟု၊ အနှောင့်အရှောင့်၊ အထောင့်ဆင် ခြေ၊ အသာချိန့်နှင့်၊ နေသာထိုင်သာ၊ အခါခါ၊ သဒ္ဓါသမျှ၊ ဒါနသီလ၊ လက်စ ဖွားဖွား၊ နောက်ဘုရားမှ အများငါတို့၊ ပါကြစို့ဟု၊ နောက်ဖို့ နောက်ဖို့၊ နောက် လို့မဆုံး၊ အများထုံးလျှင် အနှုန်းမရွှေ့၊ အရှုံးလေ့ဖြင့်၊ နေ့ပုပ် လပုပ်၊ ဘဝပုပ် လျက်၊ မြုပ်မြဲ မျောမြဲ၊ ဘလဲလဲ၊ မကွဲ ခုံတိုင်”

စသည့် မှတ်သားဖွယ်ရာများ ထည့်သွင်းမိန့်ကြားတော်မူပြီး . . .

“လေမှု ရေမှု၊ အစုစုလည်း၊ ရတုနီးစပ်၊ ခရီးကျပ်၍၊ မရပ်မနား အလျှောက်သား၊ ကုလားခြေကျင်၊ ခရီး နှင်သို့၊ အတွင်လွှင့်လွှင့်၊ ဗျာပါသင့် လျက်၊ အခွင့်မကြေ၊ စိတ်မပြေဘဲ၊ တစ် မြေဒီပ၊ သီဟဠမှ၊ မြန်မာ့ရပ်ဌာန်၊ တော ဗိမာန်သို့၊ ပြန်ရန်အလား၊ နှင့်အများက၊ လျှောက်ထားသောကြောင့်၊ မထွက် မြောက်နိုင်၊ ရှိနေကြောင်းများကို မှာ ကြား အမိန့်ရှိလိုက်သည် ဒကာတော် မြို့အုပ်”

ဟူ၍ နိဂုံးချုပ်ထားတော်မူပေ သည်။

ဒေးဒရဲမြို့အုပ် ဦးဘထွားသို့ ပေးသော ဒေးဒရဲမေတ္တာစာအကြောင်း ဖော်ပြအပြီးတွင် သေဂ္ဂျတောင် ဦးတိ လောကထံသို့ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူပုံကို ဖော်ပြပါဦးမည်။


□ ဆင်ဖြူကျွန်းအောင်သိန်း





www.burmeseclassic.com

www.burmeseclassic.com



# တွံတေးဖောင်းတော်ချုပ်စေတီတော်ကြီး

○ ကျော်သန်း (တိုင်းရင်းဆေး) ○

တွံတေးတူးမြောင်း အနောက်ဘက်ကမ်းရှိ ဖောင်းတော်ချုပ်ဘုရားကို ဖူးမြော်ရပါသည်။

ဖောင်းတော်ချုပ် ဆရာတော်သည် ထူးဆန်းစွာ ကြည်ညိုဖွယ်ရာကောင်းသော မဟာဗောဓိစေတီတော်ကြီးနှင့် ဘုရားပရိဝုဏ်အတွင်း သတ္တဌာနဘုရား၊ မဟာသတ္တဌာန၊ မဟာဗောဓိစေတီနှင့် စေတီပုထိုးများစွာတို့ကို တည်ထား ကိုးကွယ်ထားခဲ့သည်။

ဖောင်းတော်ချုပ် ဆရာတော်လောင်းလျာသည် အဘဦးပန်းဖြူ အမိဒေါ်လှလေးတို့မှ ဖွားမြင်သော သားရတနာဖြစ်ပါသည်။ မွေးချင်း (၃)ဦးအနက် ဒုတိယမြောက် သားရတနာဖြစ်ပါသည်။

မွေးချင်း (၃)ဦးတို့မှာ မောင်ချိတ်၊ မောင်ထွန်းစိန်နှင့် မောင်ထွန်းလှတို့ဖြစ်ကြသည်။

မောင်ထွန်းစိန်သည် ဖောင်းတော်ချုပ်ဆရာတော်လောင်းလျာ ဖြစ်ပါသည်။

ဆရာတော်ကို မြန်မာနှစ် ၁၂၆၁ ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက် စနေနေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။

မြန်မာနှစ် ၁၂၈၆ ခုနှစ်၊ သက်တော် (၂၅)နှစ်တွင် ဆရာတော်သည် ညောင်တုန်းမြို့နယ် ဂဲရွာကျောင်းဆရာတော် ဦးဓမ္မစာရိတ္တဝဏ္ဏဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိတော်မူသည်။ ထိုသို့ ဆရာတော်သည် (၁၅)ဝါ ရရှိပြီးသည့်အချိန် တောရဆောက်တည်ရန် ကျိုက်ထီးရိုးဘုရားသို့ ထွက်ခွာလာသည်။ ကျိုက်ထီးရိုး သွားရာ၌ ကွမ်းခြံကုန်းမြို့နယ်မှ တစ်ဆင့် ကသစ်ရွာသို့ ရောက်ခဲ့သည်။

ထိုကသစ်ရွာသို့ ရောက်သောအချိန်သည် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့ ဝါဆိုချိန် ဖြစ်နေသဖြင့် ရဟန်းလူထွက် ဒကာကြီး ဦးညည (ရဟန်းအမည်)၏ ဥယျာဉ်ခြံတွင် သီတင်းသုံးနေထိုင်ခွင့်တောင်းခံ၍ ထိုနေရာ၌ပင် တစ်ဝါဆိုခဲ့သည်။ ထိုဝါတွင်းအချိန်၌ ဆရာတော်သည် သစ်သီးဝလံများကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ဝါကျွတ်ပြီး တွံတေးမြို့နယ် တမုတ္တော ကျေးရွာအနီးရှိ ဘာလီကုန်းကျေးရွာ၌ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ဝါကပ်ဆိုခဲ့သည်။ ထိုမှတစ်ဆင့် ယခု ဗောင်းတော်ချုပ်စေတီတည်ထားရာ ဒေါင်းရစ်ကုန်း၌ ဒကာ၊ ဒကာမများကို တစ်ဆုပ်ဆန် ဝယ်ထားစေခဲ့ပြီး ဗောင်းတော်ချုပ်စေတီ တည်ထားရန် ဆက်လက်ကြိုးစားအားထုတ်ခဲ့သည်။

မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်တွင် ယခုဗောင်းတော်ချုပ်စေတီတော်ကို ထီးတော်အသစ် တင်လှူ ပူဇော်ခဲ့သည်။ ဆရာတော်သည် တွံတေးတောကြီးတန်း ဗောင်းတော်ချုပ်၌ သီတင်းသုံးနေတော်မူစဉ် ကျိုက်ဖူး ကျိုက်ပါစေတီဟောင်းနှစ်ဆူကို ဆက်လက်၍ ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။


ထို့နောက် တွံတေးမြို့ ရွှေလက်ခုပ်ကျောင်းဝင်းအတွင်းရှိ စေတီဟောင်းတစ်ဆူကိုလည်း ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့သည်။ ထို့ပြင် သီလရှင် ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီကိုပါ ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့သည်။

ထိုသို့ ဗောင်းတော်ချုပ်ဆရာတော်သည် တွံတေးမြို့နယ် သဝန်တောကျေးရွာ နောင်တရ စေတီဟောင်းကိုလည်း ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ ထို့နောက် ကန်ဘဲ့ကျေးရွာ ရွှေနံ့သာစေတီဟောင်းကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။

ဆရာတော်သည် မိတ္ထီလာမြို့ ရှမ်းတဲလေတပ်စခန်းရှိ စေတီဟောင်းတစ်ဆူအားလည်း လေတပ်မှ ဒကာဒကာမများတို့၏ တောင်းပန်ချက်အရ ထီးတော်ပူဇော်တင်လှူခဲ့သည်။

ဗောင်းတော်ချုပ်ဆရာတော်သည် ရှေးဟောင်းဘုရားပုထိုး စေတီဟောင်းများ ပျက်စီးယိုယွင်းနေမှု များကို နေရာမရွေး ဒေသမရွေး သွားရောက်ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်ခဲ့သော ဆရာတော်တစ်ပါးဖြစ်ပါသည်။

ဆရာတော်သည် မိမိကိုယ်ကို မိမိသာလျှင် မှီခိုအားထားရာပြု၍ မိမိမှ တစ်ပါး အားထားဖွယ်ရာမရှိဟု မိမိကိုယ်ကိုသာ ကိုးကွယ်ရာအဖြစ်ယုံကြည်



ဗုဒ္ဓအလောင်းတော် ဒုက္ကရစရိယာ ကျင့်နေပုံ

ထားသည်။ ဆရာတော်သည် မိမိပြုလုပ်ထားသော လောကီကုသိုလ်တရားများနှင့် လောကုတ္တရာ တရားများကိုသာ မှီခိုရာကိုးကွယ်ရာဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ထို့ကြောင့် ဆရာတော်သည် လောကီကုသိုလ် လောကုတ္တရာကုသိုလ်တို့ကို အပတ်တကုတ် ကြိုးစားအားထုတ်ပေါ်ကိုင်ဆောင်လျက်ရှိပါသည်။

ထိုသို့ ဆရာတော်သည် ဘုရား၊ ပုထိုး၊ စေတီများ ပြုပြင် မွမ်းမံပြီး ကန်ဘဲ့ကျေးရွာအနီးရှိ ရွှေနံ့သာကုန်းတော်၌ ဧက ၃၀ခန့်ရှိ မဟာဗောဓိစေတီတော်ကို မြန်မာနှစ် ၁၃၂၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် အုတ်မြစ်ချပြီးနောက် သတ္တဋ္ဌာန(၇)ဌာနစေတီများကိုလည်း တည်ထားတော်မူခဲ့သည်။

ထိုသတ္တဋ္ဌာနစေတီတော်များ ပြီးမြောက်ဆက်၍ မြတ်စွာဘုရား ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရားဦး ဟောကြားတော်မူစဉ်နှင့် သီတင်း သုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်ကို ဆက်လက်ပြီး တည်ထားတော်မူခဲ့သည်။

ဆရာတော်သည် ဗောင်းတော်ချုပ်သတ္တဋ္ဌာနတွင် သီတင်းသုံးနေတော်မူစဉ် မအူပင်မြို့ စိမ်းမြကန်သာ

www.burmeseclassic.com



မွေစကြာတရားဦး ဟောကြားနေပုံ

စေတီတော်ကြီးအား ဆရာတော်ကြီး မှူး၍ တည်ထားတော်မူခဲ့သည်။ ထို့နောက် သတ္တဌာနဘုရား၏ အနောက်ဘက် (၈၊ ၉) ဧကခန့်ရှိ မင်္ဂလာကန်တော်ကြီးကို တူးဖော်ခဲ့သည်။ ခုနစ်ရက်သားသမီးများ၏ လုပ်အားဖြင့် မင်္ဂလာကန်စေတီတော်ကို ဆက်လက်၍ တည်ထားတော်မူခဲ့သည်။

ပေါင်းတော်ချုပ်ဆရာတော်ကြီးသည် မေတ္တာရေစင်ဖြင့် ပယောဂဝေဒနာရှင်များကို ပျောက်ကင်းစေခဲ့သည်။ ထို့ပြင် စိတ်ဝေဒနာရှင်များကိုလည်း ဘုရားဂုဏ်ဖြင့် ကုသ ကယ်တင်ခဲ့သည်။ ထို့နောက် ခုနစ်ရက် သားသမီးများကို လောကုတ္တရာအကျိုးဖြစ်ထွန်းစေရန် ဆရာတော်ကြီး၏ အစွမ်းသတ္တိဖြင့် ကယ်တင်ခဲ့သည်။

ထိုသတ္တဌာနဘုရားအနီးတွင် သိမ်တော်ကြီး၊ ဆွမ်းစားဆောင်မဏ္ဍပ်နှင့် ဘုန်းကြီးကျောင်းများ ဆောက်လုပ်နေစဉ် ကျိုက်လတ်မြို့နယ် ဥယျာဉ်ကျေးရွာ၌ မဟာဗောဓိ သတ္တဌာနဘုရားကို ဆရာတော်ကြီး ကိုယ်တိုင် ပန္နက်ရိုက်ပေးတော်မူပြီး တပည့်ဒကာ၊ ဒကာမများနှင့် တည်ဆောက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ချောင်းကြီးကျေးရွာရှိ မဟာဗောဓိစေတီတော်ကိုလည်း ဆရာတော်ကြီး၏ ဩဝါဒဖြင့် တပည့် ဒကာ၊ ဒကာမများက ဆက်လက်၍ တည်ထားကြသည်။

လဇ္ဇီပေသလ သီလဝန္တာသိက္ခာကာမ ဖြစ်တော်မူသော အရညဝါသီ တောရမှီ ကျေးဇူးရှင် ပေါင်းတော်ချုပ်ဆရာတော်ကြီးသည် မြန်မာနှစ် ၁၃၄၆ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက် အင်္ဂါနေ့ နံနက် ၃နာရီခွဲအချိန် ခရစ်နှစ် ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ပေါင်းတော်ချုပ် ၁ရာဇက်အတွင်း စံကျောင်းတော်၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်များသော်မှ မရှောင်လွှဲသာသည့် မရဏာလမ်းသို့ ပြောင်းကြွစံမြန်းတော်မူလေသည်။

ထို့ကြောင့် ပေါင်းတော်ချုပ်ဆရာတော်ကြီး၏ ရုပ်ကလာပ်သည် ယနေ့ထက်တိုင် မပုပ်မသိုးဘဲ ပေါင်းတော်ချုပ်ဘုရား ပရိဝုဏ်အတွင်း ပြာသာဒ်ဆောင်ဖြင့် အပူဇော်ခံထားလျက်ရှိကြောင်း ဘုရားဖူးသွားရင်းကြည်ညိုသဒ္ဒါပွားနိုင်ကြစေရန် အသိပေး နှိုးဆော်အပ်ပါသည်။

□ ကျော်သန်း (တိုင်းရင်းဆေး)



ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)နှင့် စာရေးဆရာများ အမှတ်တရ



ပေါင်းတော်ချုပ်ဆရာတော်၏
အတ္ထုပ္ပတ္တိကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com

# ဂေါတမဗုဒ္ဓ ပွင့်ပေါ်တော်မူလာခြင်း

ကောင်းစံဟိန်း(ဖန်နေ့ဝန်း)

ဂေါတမဗုဒ္ဓသည် ခတ္တိယမျိုး သကျအနွယ် မိဘနှစ်ပါးမှ ဘီစီ-၆၂၄ မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် မွေးဖွားခဲ့သည်။ မွေးဖွားစက မှည့်ခေါ်ခဲ့သော အမည်မှာ သိဒ္ဓတ္ထ (အလိုဆန္ဒတို့ကို ပြီးပြည့်စုံသူ) ဖြစ်သည်။

ဖခမည်းတော်အမည်မှာ သုဒ္ဓေါဒန(သန့်စင်သော ထမင်းရှိသူ) ဖြစ်ပြီး မယ်တော်၏အမည်မှာ မာယာဒေဝီ အမည်ရှိ မိဖုရားကြီး ဖြစ်၏။

သုဒ္ဓေါဒနသည် အောဒ့် (Ohdh) နယ်ထဲက ယခုအခါ ဘင်န်လာ(Bhinla) အမည်ရှိ ကပိလဝတ်ပြည့်ရှင် ဘုရင် တစ်ပါး ဖြစ်သည်။ ဟိမဝန္တာ တောင် တန်းကြီး၏ တောင်ဘက် ပြန့်ပြူး သာယာသော မဇ္ဈိမဒေသ နေရာတိုင်း တွင် မြင့်မားခံ့ညားသော အင်ကြင်း ပင်ကြီးများအား လှပစွာ တွေ့ရတတ် သည်။ သာယာကြည်နူးဖွယ် ကောင်း သော ထိုအင်ကြင်းပင်တော (သာလ) များအောက်၌ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထ ကို မွေးဖွားသန့်စင်ခဲ့သည်။

ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထအား မွေးဖွားတော်မူရာ ပတ်ဝန်းကျင်ဖြစ် သော သကျနိုင်ငံများ၏ ရာသီဥတုမှာ အိန္ဒိယဒေသ၏ မြောက်ပိုင်း ဖြစ်နေ သဖြင့် ဆောင်းဥတုတွင် အေးပြီး နွေ ရာသီတွင် အလွန်ပူပြင်းလှသည်။

ဆောင်းရာသီ အအေးဆုံးအခါ များတွင် ၄၀ဒီဂရီ ဖာရင်ဟိုက်ထိအောင် ကျဆင်းပြီး နွေရာသီအပူဆုံး အခါတွင် ၁၁၀ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက် လျက်ရှိသည်။ ထိုဒေသအတွင်း နေထိုင် ကြသူများမှာ အာရိယာန်စစ်စစ် လူမျိုး များဖြစ်ကြပြီး ၎င်းတို့မြောက်ဘက် နီပေါ နယ်စပ်တွင် အာရိယာန်နှင့် မွန်ဂိုလီ ယာန်များ ရောနှောနေထိုင်ကြသည်။

ခွန်အား သတ္တိစွမ်းအားရှိသော အာရိယာန်သကျတို့၏ အကြီးအမှူးဖြစ် သော သုဒ္ဓေါဒနဘုရင်သည် အလျားမိုင် ငါးဆယ်၊ အနံမိုင် လေးဆယ်ခန့်ရှိသော နယ်ပယ် ကပိလဝတ်ပြည်ကို အုပ်စိုးရ



ပန်းချီ ဆွေမြင့်

www.burmeseclassic.com

www.burmeseclassic.com

သော မင်းတစ်ပါးဖြစ်သည်။ ထိုစဉ်က ဒေသရှိ လူဦးရေမှာ တစ်သန်းကျော်ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။

သုဒ္ဓေါဒနမင်းမှာ ကောသလ မင်းတစ်ပါးဖြစ်သည်။ ထိုစဉ်က ဒေသရှိ လူဦးရေမှာ တစ်သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ သုဒ္ဓေါဒနမင်းမှာ ကောသလတိုင်းအတွင်းရှိ ဘုရင်များနှင့် မဟာမိတ်ဖြုကာ ဆက်ဆံသော ညီအစ်ကို ဘုရင်များဖြစ်ကြသည်။

ကပိလဝတ်ပြည်ကို အုပ်စိုးခဲ့သော သီဟဟနုမင်းတွင် (၁)သုဒ္ဓေါဒန (၂) အမိတောဒန (၃)ဓောတောဒန (၄) သုက္ကောဒန (၅)သုက္ကောဒန ဟူ၍ သားတော် ငါးယောက် ရှိခဲ့သည်။ ထိုငါးယောက်အနက် သုဒ္ဓေါဒနမှာ အကြီးဆုံးသား ဖြစ်သည်။

သုဒ္ဓေါဒနဘုရင်တွင် မိဖုရား နှစ်ယောက်ရှိပြီး ၎င်းတို့နှစ်ယောက်မှ သား သမီး သုံးယောက်ထွန်းကားခဲ့သည်။ ထိုသကျမျိုးတွင် ဆွေမျိုးသားချင်းများ (သို့မဟုတ်) နီးစပ်ရာ နိုင်ငံများမှ သကျမျိုးရိုး မင်းသမီး မောင်နှမ ထိမ်းကွဲများဖြင့် လက်ထပ်ထိမ်းမြားပေးလေ့ရှိသည်။ ထိုကဲ့သို့ လက်ဆက်ထိမ်းမြားပေးခြင်းဖြင့် ကောလိယမင်းများနှင့် ရင်းနှီး ဆက်သွယ်လျက် ရှိကြသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သုဒ္ဓေါဒနနှင့် မာယာဒေဝီတို့၏ တစ်ဦးတည်းသောသားဖြစ်၏။ အလောင်းတော်မင်းသားကို မွေးဖွားပြီးနောက် ခုနစ်ရက်မြောက်သောနေ့တွင် မယ်တော်မာယာဒေဝီ နတ်ရွာစံတော်မူသည်။ မာယာဒေဝီ၏ ညီမတော် ပဇာပတိဂေါတမီက သားတော်လေးအား မိထွေးတော် အဖြစ်ဖြင့် ပြုစုပိုက်ထွေး ကျွေးမွေးပြုစုလာခဲ့သည်။

မိထွေးတော် ပဇာပတိဂေါတမီထံတွင်လည်း နန္ဒ ဆိုသော သားတစ်ယောက်နှင့် တူပနဒီ ဆိုသူ သမီးတစ်ယောက်တို့ ထွန်းကားလျက်ရှိသည်။

မာယာဒေဝီသည် အလောင်းတော် သိဒ္ဓတ္ထအား ပဋိသန္ဓေရှိစက သူ၏ ဝမ်းကြာတိုက်ထဲသို့ ဆင်ဖြူတော် ဝင်ရောက်လာသည်ဟု အိပ်မက်အား မြင်မက်ခဲ့သည်။ ထို့နောက်တွင် ဘီစီ ၆၂၄ မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် လုမ္ဗိနီ ဥယျာဉ်အတွင်း၌ အလောင်းတော် သိဒ္ဓတ္ထအား မွေးဖွားသန့်စင်ခဲ့လေသည်။

ထိုလုမ္ဗိနီသည် ယခုခေတ် (Rummandaimnepal) ဖြစ်သည်။ နီပေါနယ်စပ်တစ်လျှောက် ယူနိုက်တက် ပရိုဗင်ဆက်စ်နယ်၊ ဘာလီယာခရိုင် (Balia District) ကန်ကာရာဘဇား (Jan Krabazar) ရွာမှ (၇)မိုင် ကွာဝေးသော နီပေါနယ်ထဲ၌ တည်ရှိလေသည်။

အလောင်းတော်မင်းသား အား ဖွားမြင်ကြောင်း သတင်းစကားများကြားသိရသောအခါ မင်းကြီး၏ တူဖြစ်သူ နာရဒနှင့် အသက်အရွယ် ကြီးရင့်ပြီဖြစ်သော ပညာရှိ အသိတတို့ မင်းသားလေးအား ကြည့်ရှုရန် ရောက်ရှိလာကြသည်။ မင်းသားလေး၏ လက္ခဏာကြီး (၃၂)ပါးနှင့် လက္ခဏာတော်ငယ် (၈၀) တို့ကို မြင်တွေ့ကြရသဖြင့် မင်းသားသည် လောက၌ ဧကန်စင်စစ် ဘုရားဖြစ်လိမ့်မည်ဟု ဆုံးဖြတ်ချက်ပေးသွားခဲ့သည်။

မြို့သူမြို့သားများမှာလည်း မင်းသားလေး ဖွားမြင်ကြောင်း ကြားသိကြရသဖြင့် အလွန်ပင် ပျော်ရွှင်မြူးထူးကာ လမ်းတစ်လျှောက်နှင့် အိမ်တိုင်းစေ့ ခြံဝင်းများတွင် တံခွန်အလံ မုလေးပွားတို့ တန်ဆာဆင်စိုက်ထူလျက် လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့တွင် ပန်းနံ့သာ အမွှေးအကြိုင်များပက်ဖျန်းလျက် ရှိကြသည်။

ဟိန္ဒူလူမျိုး အာရိယာန်တို့၏ ထုံးတမ်းစဉ်လာအတိုင်း မင်းသားလေးအား နတ်ပြရန် ဘုရားကျောင်းသို့ ယူဆောင်လာခဲ့ကြသည်။ ကျောင်းထဲသို့ ရောက်သောအခါ နတ်ရုပ်များသည် အသက်ဝိညာဉ် ဝင်လာပြီး မင်းသားလေး၏ ခြေတော်ရင်းမှာ ဝပ်စင်းရှိခိုးကြလေသည်။

ပါလာသော ဗေဒင်းမမိသံများကလည်း အံ့သြဘနန်း ထူးဆန်းလေစွဟူ၍ အုတ်အော်သောင်းတင်း ပြောဆိုဆုံးဖြတ်ကြလေသည်။

သိဒ္ဓတ္ထမင်းသားသည် လူလားမြောက်၍ အရွယ်တော် (၁၆)နှစ်တွင် ခမည်းတော်နှင့် ဆွေတော်များက ဝမ်းကွဲနှမတော် ယသောဓရာနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးခဲ့ကြသည်။ ခမည်းတော် သုဒ္ဓေါဒနနှင့် ဆွေတော်မျိုးတော်တို့မှာ မင်းသားငယ်စဉ်က ပညာရှိများ ဟောကြားထားခဲ့သည့် လောက၌ ဘုရားစင်စစ် ဧကန်ဖြစ်မည်၊ သို့မဟုတ်ပါက စကြာဝတေးမင်းဖြစ်မည်ဟူသော အဆိုနှစ်ခုတွင် အားလုံးက စကြာဝတေးမင်းသာ ဖြစ်စေချင်ကြသည်။

သို့ကြောင့်လည်း သားတော် သိဒ္ဓတ္ထမင်းသား လူ့ဘောင်ကို ခွာရှောင်ပြီး ဘုရားဖြစ်သွားမည်ကို မလိုလားကြသဖြင့် ရမ္မ၊ သုဘ၊ သုရမ္မ ဘည်းဟူသော နွေ၊ မိုး၊ ဆောင်း ခွဲခြား စံမြန်းနိုင်ရန် ရွှေနန်းသုံးဆောင်ကို ဆောက်လုပ်လျက် နန်းဆောင်တိုင်းတွင် ကိုယ်လုပ်မိန်းမ အခြွေအရံ အချော့တော် အတီးအမှုတ် အကအခုန် မျိုးစုံသော ကာမဂုဏ်တို့၌ ခံစားစေရန် စီမံထားပေးသည်။

ထို့အပြင် နန်းမဆောင်စသုံး၌လည်း အခါမလပ် စောင့်ကြပ်လျက်ရှိနေသော အစောင့်အရှောက်များစွာဖြင့် တင်းကျပ်စွာ စောင့်ရှောက်လျက်ရှိနေလေသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ ယသော်ဓရာမင်းသမီးနှင့် လက်ထပ်ထိမ်းမြားပြီးနောက် ၁၃ နှစ်ကျော်သော ကာလအတွင်းမှာပင် အလွန်ကြီးကျယ်ခဲ့ညားသော မင်းစည်းစိမ်ကို ခံစားလျက် အချိန်များစွာတို့ကို ကုန်မှန်းမသိ ကုန်လွန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

အပြုအစု အယုအယ အညှအခရာ ဆွဲဆောင်မှု ကောင်းလွန်းလှသော မော်ဝင်းမမိသယ် အခြွေအရံတို့ကြား၌ သံသရာဘေးဒုက္ခကို မတွေးမဆ မကြံစည်နိုင်အောင်ပင် ဖြစ်နေခဲ့ရတော့၏။ သို့ရာတွင် တစ်နေ့သောအချိန်မှာ သတိတရား၊ ဆင်ခြင်တုံတရားတို့သည် ဖြစ်ပေါ်လာခဲ့ရ၏။ မင်းသားသည် မြူးထူးပျော်ပါး စိတ်အလိုသို့လိုက်နေခြင်းမှ တဖြည်းဖြည်း ငြိမ်ငွေ့လာပြီး သူ့ဘဝ၏ အမိပ္ပာယ်ကို ပြုပြင် ပြောင်းလဲရေး အတွက် ကြံစည် တွေးဆလာမိတော့သည်။

တောထွက်တော်မူခြင်း

အလောင်းတော်မင်းသားသည် အာရုံငါးပါးခံစေးဇံနရင်းမှ စိတ်ထဲမှ ငြီးငွေ့တော်မူလာပြီး သတိသံဝေဂရလာမိသည်။ စိတ်ထဲလည်း ညည်းညူ တင်းကျပ်စွာခံစားလာခဲ့ရသည်။ တစ်ခါတစ်ရံ ဥယျာဉ်တော်သို့ထွက်ပြီး ကိုယ်စိတ်တို့ကို အပန်းဖြေရန် သတိရမိသည်နှင့် အတူ ရထားထိန်းနှင့် အခြွေအရံများအား ဥယျာဉ်တော်သို့ ထွက်မည်ဖြစ်ကြောင်း အမိန့်ပေးလိုက်သည်။

ဥယျာဉ်တော်သို့ ထွက်လာခဲ့ကြရာ လမ်းခရီးတစ်လျှောက်မှာ ပထမအကြိမ် သူအိုကိုလည်းကောင်း၊ ဒုတိယအကြိမ် သူနာကိုလည်းကောင်း၊ တတိယအကြိမ်မှာ သူသေကိုလည်းကောင်း တွေ့မြင်ခဲ့ရသဖြင့် မင်းသားမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

ယင်းသို့ အိုရ၊ နာရ၊ သေရခြင်း သဘောသည် သတ္တဝါအားလုံးနှင့်သက်ဆိုင်ပါသလား ဟု ရထားထိန်းအား မေးမြန်းစုံစမ်းတော်မူလေသည်။

ရထားထိန်းကလည်း အိုနာသေရေး ဒုက္ခဘေးသည် ခြွင်းချက်မထား သတ္တဝါအားလုံးနှင့် သက်ဆိုင်သော သဘောတရားဖြစ်ကြောင်း လောက၌ မွေးဖွားလာသူအားလုံးမှာ အိုရ နာရ သေရမည် အမှန်ဖြစ်ကြောင်း လျှောက်ထားလေသည်။

စတုတ္ထအကြိမ်၌မူ ကြည်ညိုဖွယ်ရာ စောင့်စည်းအပ်သော ဣန္ဒြေတို့ကို ထိန်းသိမ်းလျက် ကိုယ်စိတ်နှစ်ဖြာ ငြိမ်သက်အေးချမ်းစွာဖြင့် သီတင်းသုံးနေတော်မူသော ရဟန်းတော်အရှင်မြတ်တစ်ပါးအား မြင်တော်မူလျှင် ရထားထိန်းအား ဤသူကား အဘယ်ကဲ့သို့ လူ[illegible]မျိုး အဘယ်အမျိုးအစားက ဖြစ်သနည်း ဟုမေးမြန်းတော်မူ၏။

ရထားထိန်းက ဤပုဂ္ဂိုလ်သည်ကား လူသားစင်စစ်ပင် ဖြစ်ပါသည်။ ကာမဂုဏ် အာရုံတို့မှ ရှောင်ရှား၍ သတ္တဝါအများအပေါ် စေတနာတရားဖြင့် ချစ်ခင်သနားတော်မူပြီး အများအကျိုး သယ်ပိုး ဆောင်ရွက်လျက် ကုသိုလ်တရား ပွားများအားထုတ်နေသော ရဟန်းတော် အရှင်မြတ်ဖြစ်ကြောင်း လျှောက်တင်လေသည်။

ထိုအခါ အလောင်းတော်မင်းသားသည် ရဟန်းတော်မြတ်ထံပါးသို့ ကိုယ်တော်တိုင် ချဉ်းကပ်လျှောက်ထား မေးမြန်းလေသည်။

ရဟန်းတော်မြတ်ကလည်း . .

"ဒကာတော်မင်းသား ငါသည်ကား အိုးအိမ်အတည်မရှိ၊ စွဲလမ်းခြင်းတို့ တစ်စုံတစ်ရာ ကင်း၏၊ တစ်ဦးတည်း တစ်ယောက်တည်း ဘဝဖြင့် တရားအားထုတ်ကျင့်ကြံနေသော ပုဂ္ဂိုလ်ဖြစ်၏၊ ငါသည် ကမ္ဘာလောကတစ်ခုလုံးရှိ ဆွေမျိုးအားလုံးကို စွန့်လွှတ်ခဲ့ပြီး ငါကိုယ်တိုင် သံသရာမှ လွတ်မြောက်ရေးကို ရှာဖွေကြိုးပမ်းနေရုံသာမကဘဲ သတ္တဝါအားလုံးကိုပါ ကယ်တင်ရန် စိတ်ဆန္ဒပြင်းပြနေသူဖြစ်၏။

ထို့ပြင် ငါသည် သတ္တဝါများအပေါ် ကြင်နာသနားခြင်းကြီးစွာဖြင့် မည်သူ့ကိုမျှအန္တရာယ်မပြုပေ၊ အန္တရာယ်ပြုရန်လဲ စိတ်မှာမရှိ" ဟု ဖြေကြားတော်မူလေသည်။

လောကကြီးတစ်ခုလုံးကို ရှိသည်ဟူ၍ပင် သဘောမထား ကိုယ်ကျင့်တရားများကိုသာ အထူးဂရုစိုက်ပြီး ကြောင့်ကြခြင်းကင်းတော်မူသော အရှင်မြတ်အား မြင်တွေ့ရလေသောအခါ အလောင်းတော် မင်းသားသည် ထိုအရှင်မြတ်ကဲ့သို့သတ္တဝါအားလုံးအတွက် ကယ်တင်ရန် တောထွက်ကျင့်ကြံလိုသော စိတ်ဆန္ဒများက တားမနိုင်ဆီးမရ ဖြစ်ပေါ်လာတော့သည်။

သို့သော် ထိုအချိန်အခါ၌ပင် သားတော်ကလေး ရာဟုလာကို ဖွားမြင်ခြင်း အကြောင်းကို လာရောက်လျှောက်ထားခြင်းကြောင့် သိရှိတော်မူခဲ့ရလေသည်။

အလောင်းတော်မင်းသားသည် သားတော်လေး ဖွားမြင်ခြင်းသည် "ငါ့အတွက် ခြေချင်းတစ်ခု ထပ်မံ ချည်နှောင်ခဲ့လေပြီ" ဟု ညည်းတွားတော်မူလေသည်။

အလောင်းတော် မင်းသားမှာ တောထွက်ရန် စိတ်ဆန္ဒမှတစ်ပါး အခြားစိတ်မရှိတော့သဖြင့် ဖခမည်းတော်ထံ ချဉ်းကပ်ပြီး. . .

"ဖခမည်းတော်ဘုရား သားတော်သည် ရဟန်းပြုပြီး သံသရာမှ လွတ်မြောက်ရန် ခရီးကို ရှာမှီးလိုပါသည်၊ သက်ရှိ သက်မဲ့ လောကမှန်သမျှ၌ ဖြစ်ပေါ်လာရသော အရာဝတ္ထုအားလုံးသည် မမြဲ ပြောင်းလဲဖောက်ပြန်တတ်သော သဘောရှိပါကုန်၏"

ဟု ခမည်းတော်အား လျှောက်ထား သံတော်ဦးတင်လေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ သားတော်၏ လျှောက်တင်ချက်ကို သဘောမကျသဖြင့် မိန်းမဆောင်ကိုသာ တိုးမြှင့် အင်အားဖြည့်တင်းခြင်းဖြင့် သားတော်၏ ဒိတ်အကြံကို ပြောင်းလဲပစ်ရန် ပြင်ဆင်ခဲ့လေသည်။

တိုင်းပြည်အဘွင်းက ထိတ်ထိတ်ကြ အဆိုရှင်၊ အတီးအမှုတ် အကအခုန် အဖြေအဖျော် အချော့တော်တွေနှင့် အချိန်မလပ်အောင် ဖန်တီးပေးထားတော်မူခဲ့သည်။ ကိုယ်လုပ်မိန်းမများကလည်း မိန်းတို့၏ သွေးဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com

ကာမဂုဏ်တို့ဖြင့် အစွမ်းကုန်အားထုတ် ကြိုးပမ်းကြသည်။

မင်းသားကား ကာမဂုဏ်အာရုံ အဖုံဖုံတို့ကြား၌ ပျော်ပါး ရွှင်မြူးနိုင်ခြင်း မရှိ။ ကာမဂုဏ်အနှောင်အဖွဲ့မှ လွတ်မြောက်ရေးကိုသာ တွေးဆ ကြံစည်လျက် ရှိနေပေသည်။

နောက်ဆုံး၌ အလောင်းတော် မင်းသားသည် တောထွက်တော်မူရန်ကို စိတ်ဆုံးဖြတ်တော်မူပြီး သစ္စာရှိသော ဖွားဖက်တော် မြင်းထိန်းဆန္နကို ခေါ်ယူလျက် သန်းခေါင်ယံအချိန် ကဏ္ဍကမြင်းကို ကကြိုးတန်ဆာပြင်ဆင်လျက် ငါ့ထံ အမြန်ယူလာခဲ့ရန် ပြောကြားလိုက်သည်။

"ယနေ့ ငါ၏ လွတ်မြောက်ရေးသည် မလွဲမသွေ အောင်မြင်ရမည်" ဟုလည်း ဆန္နအမတ်အား မိန့်ကြားတော်မူလိုက်သည်။ ဖွားဖက်တော် ဆန္နကား ဤစကား ကြားရတော်မူသော အခါ အလွန်ပင် ဝမ်းနည်းကြေကွဲခံစားလိုက်ရသဖြင့် အလောင်းတော်မင်းသားအား တောမထွက်ရန် အတန်တန် တောင်းပန်တားမြစ်ခဲ့သည်။

သို့သော်လည်း မင်းသားက လက်ခံတော်မမူသဖြင့် မလွဲမရှောင်သာ အမိန့်တော်အတိုင်း အစီအစဉ်အားလုံး ဆောင်ရွက်ပြီး နန်းတော်အောက်က အသင့်စောင့်နေခဲ့ရလေသည်။ သို့သော် အလောင်းတော်မင်းသားကား တော်တော်နှင့် ရောက်မလာခဲ့ပေ။

အလောင်းတော်မင်းသားသည် တောထွက်ရန် အဆောင်တော်မှ ထွက်လာခဲ့သည်။ ထိုစဉ်မှာ သားတော်လေး ရာဟုလာအား ချစ်ကြင်နာစိတ်ကြောင့် တစ်ချက်ကလေးမျှဖြစ်ဖြစ် ကြည့်ရှုလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် ယသောဓရာ အဆောင်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

အဆောင်တွင်းသို့ ဝင်လိုက်သည်နှင့် ကြာခြည်ကို လှပ်မကာ ကြည့်လိုက်သည်။ ကြင်ရာတော် ယသောဓရာမှာ သားတော်လေး ကိုယ်ပေါ်သို့ ကြင်နာစွာ လက်တင်ရင်း ပန်းတို့ဖြင့် ကြဖြန့်ထားသော သလွန်ပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သားအမိကို မြင်တွေ့လိုက်ရသည်။

အလောင်းတော်မင်းသားသည် သားလေး ရာဟုလာအား ယုယစွာ ကောက်ယူပွေ့ချီလိုသော်လည်း သားတော်လေး၏ကိုယ်ပေါ်မှ ကြင်ရာတော် ယသောဓရာ၏ လက်ကို ဖယ်ရှားလိုက်လျှင် ယသောဓရာ နိုးသွားပေလိမ့်မည်။

ထိုအခါ တောထွက်ရန် ကြံစည် ပြင်ဆင်ထားသည့်အရေး ဖင့်နွှေးသွားမည်မှာ အမှန်ပင်ဟု တွေးမိသဖြင့် သားတော်လေးအား ယုယပိုက်ထွေးလိုသော စိတ်ဆန္ဒများကို ထိန်းချုပ်ကာ ကြာခြည်ကိုင်ထားသော လက်အား ညင်သာစွာ ရုပ်သိမ်းလိုက်ပြီး ယသောဓရာ အဆောင်ထဲမှ လှမ်းထွက်လာခဲ့လေသည်။

အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်းသည် မစင်ကြယ်သည်သာမက အလွန်လည်း ဆင်းရဲလှ၏။ လူ့ဘောင်မှ ခွာရှောင်ခြင်းသည် စင်ကြယ်ချမ်းသာ လွတ်မြောက်ရာလည်း ဖြစ်ပေသည်။

ဆင်ခြင် တွေးတောရင်း နန်းတော်ကြီး တစ်ခုလုံးအား ကျောခိုင်း ထွက်ခွာလာခဲ့လေသည်။

အလောင်းတော်မင်းသားသည် သက်တော် (၂၉)နှစ်အရွယ် နုပျိုတော်မူစဉ် မိဘဆွေမျိုးများ၏ အမျိုးမျိုးသော အတားအဆီးကြားမှ ဆံမုတ်ဆိတ်ကို ဖယ်ရှားပြီး အဝါရောင် သင်္ကန်းကို ဆင်မြန်းသော အိုးအိမ်မဲ့ ရဟန်းဘဝဖြင့် သံသရာမှ လွတ်မြောက်ရေးလမ်းစကို ရှာဖွေရန် ဆုံးဖြတ်ချက်ဖြင့် အားလုံးကို စွန့်လွှတ်ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

လူများစွာတို့ အိပ်မောကျချိန် တိတ်ဆိတ်သောည၊ ထိုညသည် မဟာ သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်္လာနေ့ညဖြစ်သည်။

သန်းခေါင်ယံ ဆိုသော်လည်း မိုးသားတိမ်မည်းကြားက လရောင်ခြည် ဝိုးတဝါးအောက်မှာ အလောင်းတော် မင်းသားသည် ဖွားဖက်တော် ဆန္နအမတ်နှင့် ကဏ္ဍကမြင်းကို အဖော်ပြုလျက် နန်းတော်မှ ထွက်ခွာလာခဲ့သည်။

ကပိလဝတ်မြို့တံခါးကို ကျော်လွန်ပြီး ခရီးက အတော်ပေါက်လာခဲ့ပေပြီ။ အနှောင့်အယှက်များ လွတ်ကင်းသော ကပိလ၊ ကောလိယနှင့် ဒေဝဒဟ သကျမင်းတို့ စိုးစံရာ သုံးနိုင်ငံကို လွန်မြောက်ပြီး မဂဓတိုင်းနှင့် နယ်နိမိတ်ဖြစ်သော အနောမာမြစ်တစ်ဖက်ကမ်းသို့ နံနက်အရုဏ်မတက်မီ ဆိုက်ရောက်လာခဲ့သည်။

အနောမာမြစ်တစ်ဖက်ကမ်းသို့ အရောက်တွင် အလောင်းတော် မင်းသားက မြင်းကို ရပ်တန့်စေလျက် မင်းဝတ်တန်ဆာ ရတနာနှင့် မကိုဋ်တို့ကို ချွတ်ပြီး ဖွားဖက်တော် ဆန္နအမတ်ထံသို့ ပေးလိုက်သည်။

"ငါ ဒီမြစ်ကမ်းမှာ ရဟန်းပြုတော့မယ်၊ ကဏ္ဍကမြင်းကို ယူပြီး ကပိလကို ပြန်ပေတော့" မိန့်တော်မူသည်။ ဆန္နအမတ်မှာ တစ်စုံတစ်ရာ ပြန်လည် ပြောဆိုနိုင်ခြင်း မပြုတော့ဘဲ ဝမ်းနည်းကြေကွဲစွာဖြင့် မြင်းကို ဆွဲကာ ကပိလပြည်နိုင်ငံသို့ ပြန်လာခဲ့ရလေတော့သည်။

**လုံးဝလွတ်မြောက်ရေးကို ရှာဖွေခြင်း**

အလောင်းတော်မင်းသားသည် အနောမာမြစ် သဲသောင်ပြင်တွင် တစ်ယောက်တည်း ရပ်ရင်းမှ ဆံတော်ကို သန်လျက်တော်ဖြင့် ဖြတ်ပယ်တော်မူလျက် သင့်တင့်လျောက်ပတ်သော အခါ ရသေ့ရဟန်းတို့ ဆင်မြန်းဝတ်ရုံလေ့ရှိသော သင်္ကန်းကို ဝတ်ရုံလျက် အနောမာမြစ်ကမ်းဘေးအတိုင်း ခရီးဆက်ခဲ့ရာ သာကီနှင့် ဗုဒ္ဓမည်သော ပြာဟ္မဏရသေ့ နှစ်ယောက် နေထိုင်ရာ ကျောင်းသင်္ခမ်းတစ်ခုသို့ ရောက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုရသေ့တို့က သူ့အား အစားအစာနှင့် နေရာထိုင်ခင်းများ စီစဉ်ပေးသော်လည်း စိတ်နှင့် ပတ်သက်သော အယူအဆဝါဒ ကျင့်ကြံမှု စသော ဩဝါဒစကားများကို နည်းပေးလမ်းပြ မိန့်ကြားနိုင်ခဲ့ခြင်း မရှိပေ။

အလောင်းတော်မင်းသားသည် မဆုတ်သော ဖွဲလုံ့လဖြင့် ကျော်ဇောထင်ရှားသော ဘာသာရေးဆရာကြီးများနှင့် အယူဝါဒဆိုင်ရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်မေးမြန်း ဆွေးနွေးခဲ့သည်။ ယဇ်ပူဇော်ခြင်းနှင့် ခန္ဓာကိုယ်အား မင်ပန်းဆင်းရဲစွာ လုံ့လပြုကျင့်ကြံခြင်းဖြင့် သံသရာမှလွတ်မြောက်နိုင်သည် ဟု အယူအဆ ရှိကြသော ဗြာဟ္မဏဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရသည်။

ထိုအယူအဆများမှာ လေးလေးနက်နက်မရှိ လွတ်မြောက်ရာလမ်းနှင့် အလှမ်းဝေးနိုင်သော အယူဝါဒလမ်းစဉ်မျှသာဖြစ်သဖြင့် လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ထို့နောက်တွင် သမထကျင့်စဉ်ဖြင့် အလွန်နာမည်ကြီး ကျော်စောထင်ရှားသော ပညာရှိကြီး ကာလမအန္ဒယ် အာဠာရ ရသေ့ကြီးထံ ရောက်သွားခဲ့သည်။ အာဠာရ ရသေ့ကြီးမှာ ဝေသာလီပြည်၌ တပည့်တပန်းသုံးရာကျော်တို့ အခြံအရံဖြင့် သမထကျင့်စဉ်ကို မြေလျှိုးမိုးပျံနိုင်သော ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဟု ကျော်ကြားသော ရသေ့ကြီး ဖြစ်သည်။

အလောင်းတော်မင်းသားသည် အာဠာရ ရသေ့ကြီးထံသို့ ရောက်ရှိ ပြီး အာဠာရထံမှ အယူဝါဒများ သင်ယူရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောပြသည်။ အာဠာရကလည်း . . .

"ငါ့ရှင် သင်အလိုရှိသည့်အတိုင်း သင်ယူနိုင်ပါသည်၊ စိတ်အားထက်သန်သော အမျိုးကောင်းသား အတွက် ပင်ပန်းဆင်းရဲခြင်းမရှိဘဲ အတတ်ပညာများ သင်ယူနိုင်သော နည်းနာနိဿယများဖြင့်သင်ကြားပေးမည်" ဖြစ်ကြောင်း ဖြေကြားပေးခဲ့သည်။

အလောင်းတော်မင်းသားသည် ဘဝနှင့် ဘဝ၏ ခက်ခဲသော စိတ်ပိုင်းဆိုင်ရာ ပြဿနာရပ်များအား ဖြေရှင်းပေးနိုင်သော ပညာရပ်များကို အာဠာရ၏ အယူအဆအတိုင်း လေ့လာသင်ယူရန် ဆုံးဖြတ်ပြီး ဆရာအာဠာရထံ၌ ပင် နေထိုင်လေ့လာလေသည်။

အာဠာရ၏ အယူအဆမှာ ရုပ်နှင့်အတ္တသည် အမှန်ရှိနေသောသဘာဝတရားဖြစ်သည်ဟု ယူဆထားသော သခ်ယဒိဋ္ဌိဝါဒီ ဖြစ်သဖြင့် အလောင်းတော်မင်းသားအား. . .

"အကြောင်းမရှိဘဲ အကျိုး မဖြစ်နိုင်၊ အလင်းနှင့် မလင်း၊ ထင်ရှားနှင့် မထင်ရှား၊ ဤလေးပါးသော သဘာဝတရားတို့ကို ထင်လင်းစွာ သိရှိပါက ဧကန်မုချ သံသရာမှ လွတ်မြောက်နိုင်ကြောင်း၊ ဤတရားများကို ရှင်းလင်းပိုင်းခြား သိမြင်နိုင်သော အတ္တသည် အမြဲတည်ရှိနေသော အဆင့်အတန်းသို့ ရောက်ရှိမည်မှာ မလွဲပေ၊ ဝေဒ၏ ယဇ်ပူဇော်မှုဆိုင်ရာ လုပ်ငန်းများသည် အတ္တနှင့် ဘာမှမဆိုင် အချည်းနှီးသာဖြစ်၏"

ဟူ၍သခ်ဟ၏ ပမာနအကျဆုံးသော အခြေခံ အယူအဆများအား ရှင်းလင်း ဖော်ပြခဲ့သည်။

အလောင်းတော် မင်းသားက "အတ္တ၏ သံသရာမှ လွတ်မြောက်ခြင်းဟူသည် ထိုအတ္တ၏ ပဋိသန္ဓေနေရခြင်းနှင့် သေရခြင်းများမှ လုံးဝလွတ်မြောက်ခြင်းကို ဆိုလိုပါသလား" ဟု မေးမြန်းတော်မူ၏။

အာဠာရက "စင်ကြယ်သော အတ္တသည် လွတ်လပ်ခြင်း ဖြစ်သည်ဟု ဆိုရသော်လည်း အတ္တ ဟူ၍ တည်ရှိနေသမျှ ပဋိသန္ဓေနေရခြင်းနှင့် သေခြင်းတရားတို့မှ မလွတ်ကင်းနိုင်ပေ" ဟု ဖြေကြားခဲ့သည်။

အလောင်းတော်မင်းသားသည် တစ်ဘဝပြီး တစ်ဘဝ ဆက်ကာ ဆက်ကာ ဖြစ်ပျက်နေသော သံသရာမှ လုံးဝလွတ်မြောက်ရေးကိုသာ အလိုရှိ၏။ ထို လုံးဝလွတ်မြောက်ရေးကို ရှာဖွေနေခြင်းလည်း ဖြစ်၏

ဘဝနှင့်ပတ်သက်သော သခ်ယဝါဒ၏ အခြေခံ အဓိက ဖော်ပြချက်သဘောတရားများကို ရှင်းလင်းစွာ ကျေနပ်ခဲ့ခြင်း မရှိခဲ့ပေ။ သို့ကြောင့်လည်း ဆရာ အာဠာရကို စွန့်ခွာ၍ မဂဓတိုင်းသို့ ထွက်ခွာလာခဲ့သည်။

ထို့နောက်တွင် ရာဇဂြိုဟ်မြို့ အနီးက ပဏ္ဍဝတောင်ခြေ၌ နေထိုင်တော်မူခဲ့သည်။

တစ်နေ့တွင် အလောင်းတော်သည် သက်န်း သပိတ်တို့ဖြင့် ဆွမ်းခံကြွတော်မူခဲ့လေသည်။ ထိုအချိန်က ရာဇဂြိုဟ်မှာ တိတ္ထိတက္ကတွန်း ပရိဗိုဇ်မျိုးစုံတို့ ကျက်စားရာနေရာ ဖြစ်သည်။ အာဟာရမျိုးစုံကို နေ့ညမရွေး အလှူခံလျက် ရှိကြသည်။

အဝတ်အစားမှာလည်း သစ်ခေါက်များကို ထုချိုက်ပြီး အပြားလိုက် ဝတ်ဆင်ခြင်းသော်လည်းကောင်း၊ သစ်ရွက်များကို ချုပ်သီ၍သော် လည်းကောင်း ဝတ်ဆင်ကြသည်။ မုတ်ဆိတ်မွေး ဆံရှည်များကို ကျစ်ဆံမြီးအတိုအရှည်မျိုးစုံတို့ဖြင့် ကြည့်ရှု၍ပင် မရိုသေချင်စရာ ဖြစ်ပျက်နေကြ၏။

ယခုမြင်တွေ့ရသော ပုဂ္ဂိုလ်မှာ အဝါရောင် သင်္ကန်းကို သပ်ရပ်စွာ ဆင်မြန်းလျက် ဣန္ဒြေကြီးစွာ ဆွမ်းခံကြလာခြင်းအတွက် မြို့သူမြို့သားများက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းအဖြစ် မြင်တွေ့ကြရလေသည်။ ဗိမ္ဗိသာရမင်းကိုယ်တိုင် ရွှေနန်းတော်ပြတင်းမှ ထူးဆန်းသော အသွင်အား အံ့သြဘနန်း လှမ်းမျှော်မြင်တွေ့လိုက်ရလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ထိုသူထူး လူဆန်း ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး ပဏ္ဍဝတောင်ခြေတွင် နေထိုင်ကြောင်းကြားသိတော်မူရသဖြင့် နောက် ပါ အခြံအရံများနှင့်အတူ အလော



www.burmeseclassic.com

www.burmeseclassic.com

တော်ရှိရာသို့ လိုက်လာခဲ့လေသည်။ အလောင်းတော်မှာ စိမ်းစိုသော မြက်ခင်းပေါ်၌ အေးချမ်းငြိမ်သက်စွာဖြင့် ကမ္မဋ္ဌာန်းဘာဝနာများ ရှုပွားနေသည်ကို တွေ့ရလေသည်။ မင်းကြီးသည် ရိုသေစွာ နှုတ်ဆက်ကန်တော့ပြီး . .

"အရှင်ဘုရား ဘယ်အမျိုး ဘယ်အနွယ် ဘယ်တိုင်းပြည်က ရာဇဂြိုဟ်သို့ ရောက်ရှိလာပါသနည်း" ဟုမေးမြန်းလျှောက်ထားသော်မူသောအခါ . . .

"မင်းကြီး ငါသည်ကား ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသား ဖြစ်၏၊ ထီးနန်းစည်းစိမ်ကို စွန့်ပြီး သံသရာမှ လွတ်မြောက်ရေးလမ်းကို ရှာဖွေရန် တောထွက်လာခြင်း ဖြစ်၏" ဟု မိန့်တော်မူလိုက်သည်။

ဗိမ္ဗိသာရမင်းကြီးက "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရား ခမည်းတော်၏ အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်ပါသည်၊ အရှင်ဘုရားအား အကြံပြုလျှောက်ထားလိုပါသည်၊ အရှင်ဘုရားမှာ များစွာသော ဆွေတော်မျိုးတော်များဖြင့် ပြည့်စုံစွာ ရှိနေပြီး အရွယ်တော်ကလဲ အလွန်ပင် နုပျိုတင့်တယ်လျက် သက်တော်မှာလဲ နုငယ်သေးသဖြင့် ရဟန်းပြုရန် စောလွန်းနေပါသည်။

ခမည်းတော်နှင့် ဆွေတော်မျိုးတော်များကို ငဲ့ပြီး အမွေခံ ထီးနန်းအားလက်ခံရန် ဖြစ်သင့်ပါသည်၊ တကယ်လို့ ကပိလဝတ်ကို မပြန်လိုပါက တပည့်တော်၏ ရာဇဂြိုဟ်အား တစ်ဝက်လက်ခံပြီး ထီးနန်းစိုးစံစေလိုပါသည်၊

အရှင်ဘုရားအနေဖြင့် နတ်ပြည်သို့ ရည်မှန်းထားသည်ဟု ဆိုပါကလဲ အရှင်ဘုရား၏ ဆွေတော်မျိုးတော်များ ထုံးတမ်းစဉ်လာအတိုင်း ယဇ်ပူဇော်ခြင်းအမှုကို ပြုလုပ်နိုင်ပါသည်" ဟု လျှောက်ထားလေသည်။

အလောင်းတော်သည် မိတ်ဆွေသဘောဖြင့် ဗိမ္ဗိသာရ၏ ဖိတ်မန်ပေးကမ်းခြင်းအတွက် ကျေးဇူးတင်မိ၏။ သို့ရာတွင် . . .

"မင်းကြီး ပစ္စည်းဟူသမျှတို့သည် စည်းစိမ်ခံစားဖွယ်ရာ မဟုတ်ပါ။ ရေသည် ရေငတ်ခြင်းကို ပြေပျောက်စေသကဲ့သို့ စားစရာ အာဟာရများမှာလဲ ဆာလောင်ခြင်းကို ပြေပျောက်ရန်သာ ဖြစ်ပါသည်၊ အဝတ်အထည်များမှာ ရာသီဥတုဒဏ် ခံနိုင်ရန်နှင့် အရှက်လုံရန် ဝတ်ဆင်ခြင်းသာ ဖြစ်ပါသည်။

ထိုအတူ အမျိုးမျိုးသော ပစ္စည်းစည်းစိမ်ဥစ္စာ တို့သည် လူသားများအတွက် ဆင်းရဲဒုက္ခ ခေတ္တခဏ ပြေပျောက်ရုံသာ ဖြစ်၏၊ အမှန်တကယ် စည်းစိမ်ချမ်းသာအစစ်အမှန်များမဟုတ်ကြပါ၊ ယဇ်ပူဇော်ခြင်းမှာလည်း သူတစ်ပါးအသက်ကို ဆင်းရဲဒုက္ခ ဖြစ်စေခြင်းဖြင့် ရအပ်သော မိမိအကျိုးကို အလိုမရှိပါ၊ သံသရာမှလွတ်မြောက်ရေး အစစ်အမှန်ကိုသာ အလိုရှိပါသည်"

ဟု ပြောဆိုကာ အဆုံးသတ်လိုက်သည်။

ထို့နောက် အလောင်းတော်သည် အလွန်ထင်ရှားသော ဘာသာရေးဆရာကြီး ရာမ၏သား ဥဒကထံသို့ ရောက်သွားခဲ့သည်။

ဥဒကထံ၌ နာမ်၊ ရုပ် တို့၏ သဘောသဘာဝကို လေ့လာခဲ့သည်။ ထိုဥဒကရသေ့ထံမှ သမာပါဒ်ရှစ်ပါးကို ရရှိခဲ့သည်။

အလောင်းတော်သည် ပထမ ဆရာရသေ့အာဠာရထံမှ ခွာခဲ့စဉ်ကပင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ဆိုင်သော စတုတ္ထဈာန်အထိ သိမြင်တော်မူခဲ့ပြီး ဖြစ်သဖြင့် အလွန်ထင်ရှားသော ကမ္မဋ္ဌာန်း ဆရာကြီး နှစ်ဦးထံမှ အလောင်းတော် သိရှိလိုသော သံသရာမှ လွတ်မြောက်ရေး အတွက်ကိုမူ ပေးစွမ်းနိုင်ခဲ့ခြင်း မရှိကြပေ။

သို့ကြောင့်လည်း အလောင်းတော်သည် ဥဒကရသေ့ကြီးထံမှ ထွက်ခွာခဲ့ရပြန်လေသည်။

## ဒုက္ကရစရိယာကျင့်တော်မူခြင်း

အလောင်းတော်သည် ထိုသို့ ထွက်ခွာလာရင်း ဂါယာအနီး တောင်တစ်လုံးပေါ်တွင် ရက်အတော်ကြာ နေခဲ့သေးသည်။ ထိုသို့ လှည့်လည်သွားလာနေစဉ် တစ်နေ့တွင် ကြည်လင်စိမ်းမြသောရေ၊ ကောင်းမွန်လှပသော မြက်ခင်းများ၊ အရိပ်အာဝါသရှိသော သစ်ပင်ချုံနွယ်များ မနီးမဝေးသော ရွာများ ဝိုင်းရံလျက်ရှိသော နေရဉ္ဇရာမြစ်ကမ်းအနီးက တင့်တယ်လှပသော ဥရုဝေလတောသို့ ရောက်ရှိလာခဲ့သည်။

အေးချမ်း သာယာလှသော သဘာဝကိုနှစ်သက်တော်မူသဖြင့် ဤနေရာ၌ ကမ္မဋ္ဌာန်းတရားများ ရှုပွားရန် ဆုံးဖြတ်လိုက်သည်။ သင့်တင့် လျောက်ပတ်သော ကျောက်ဂူတစ်ခုအား ရွေးချယ်လိုက်ပြီး အာဠာရနှင့် ဥဒကဆရာကြီး နှစ်ဦးထံမှ ရရှိခဲ့သော လောကီဈာန်နှင့် သမာပတ် ရှစ်ပါး သမထနည်းများတို့ဖြင့် တရားပွားရရန် လူသာမန်တို့ မကျင့်နိုင်သော အလွန်ခြိုးခြံစွာ ပြင်းပြင်းထန်ထန် ပွားကျင့်ခြင်း (တပ) အကျင့်ကို ဇောက်ချလုပ်ကိုင်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအကျင့်မျိုးကို ဒုက္ကရစရိယာ ဟု ခေါ်သည်။

အလောင်းတော်သည် ထိုကဲ့သို့ အလွန်ခြိုးခြံပြီး ပြင်းပြင်းထန်ထန်(တပ) အကျင့်ကို ကျင့်ပွားနေစဉ်မှာ ပဥ္စဝဂ္ဂီငါးဦးခေါ် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဆိုသော ရသေ့ငါးဦးတို့ ရောက်ရှိလာကြသည်။

ထိုရသေ့ငါးဦးတို့မှာ အလောင်းတော် သိဒ္ဓတ္ထငယ်စဉ် ပညာရှိများက မင်းသားသည် ဧကန် ဘုရားဖြစ်လိမ့်မည်ဟု ဟောကြားခဲ့သည်ကို သတိရကြသဖြင့် အလောင်းတော်သည် ထီးနန်းကို စွန့်ကာ တောထွက်ပြီး ပြင်းထန်ခြိုးခြံရသော ဤအကျင့်မျိုးကို သာမန်လူသားများ ကျင့်နိုင်ခဲသည်၊ ယခု သိဒ္ဓတ္ထကျင့်နေခြင်းသည် တရားထူးရပြီ



www.burmeseclassic.com

www.burmeseclassic.com

ဧကန်ပင် ဘုရားဖြစ်မည်ဟု ယုံကြည်ကာ တရားဦး နာကြားရန်အတွက် အလောင်းတော်ထံခစားအလုပ်အကျွေးပြုရန် ရောက်ရှိလာကြခြင်းဖြစ်သည်။

**ဘုရားအဖြစ်သို့ ရရှိတော်မူခြင်း**

အလောင်းတော်မှာ တရားထူးရရှိရန် (တပ)အကျင့်အား ပြင်းပြင်းထန်ထန် ခြိုးခြံစွာကျင့်လွန်းသဖြင့် အာဟာရကိုပင် မှန်မှန်မသုံးဆောင်နိုင်ဘဲ ကြိုးပမ်းအားထုတ်နေခဲ့ရာ ခြောက်နှစ် ဆိုသော ကာလပင် ပြည့်မြောက်လာခဲ့ပြီဖြစ်သော်လည်း တရားထူးမတွေ့ဘဲ ဖြစ်နေသည်။

ယယ်စဉ်က ဖခမည်းတော် လယ်ထွန်မင်္ဂလာပြုနေစဉ် သစ်ပင်ရိပ်တွင် အိပ်ရင်း အာနာပါန ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်းတရားသည် အိုနာသေဘေးမှ လွတ်မြောက်ရေး တရားထူးပင်ဖြစ်ပေလိမ့်မည်ဟု ဆုံးဖြတ်လိုက်ပြီး အာဟာရများကို ပြန်လည်သုံးဆောင်လာခဲ့သည်။

ထိုသို့ အာဟာရများ ပြန်လည်သုံးဆောင်ခြင်းအားဖြင့် အလုပ်အကျွေးပဉ္စဝဂ္ဂီငါးဦးတို့က အလောင်းတော်သည် တပ အကျင့်ကို စွန့်လွှတ်ပြီး ကမ္မဋ္ဌာန်းအလုပ်မှ သိဒ္ဓတ္ထဖောက်ပြန်သွားခြင်းမှာ ဘုရားဖြစ်ရန် အလှမ်းဝေးသွားခြင်းဖြစ်သည်ဟု ထင်မြင်ယူဆကာ အလောင်းတော်အား စွန့်ခွာသွားကြလေသည်။

အလောင်းတော်မှာ သင့်တင့်မျှတသော အာဟာရကို မှီဝဲသုံးဆောင်ပြီး အားအင်ပြည့်ဖြိုးလာချိန်မှာ ဥရုဝေလတောမှ ထွက်ပြီး ဆွမ်းခံရန် အလို့ငှာ သေနနိဂုံးရွာဘက်သို့ ကြွလာခဲ့သည်။

လမ်းခရီးအကြား ညောင်ပင်အောက်တွင် ခဏနားနေတော်မူလိုက်သည်။ ထိုအချိန်တွင် သူဌေးသမီး သုဇာတာရောက်ရှိလာပြီး အလောင်းတော်အား ယနာနို့ဆွမ်းကို လှူဒါန်းတော်မူသည်။ အလောင်းတော်သည် သုဇာတာလှူဒါန်းသော ယနာနို့ဆွမ်းအား (၄၉)လုတ် ဘုဉ်းပေးတော်မူပြီး နေရဉ္ဇရာမြစ်ကမ်းသို့ ဆင်းလာခဲ့သည်။

မြစ်ကမ်းအနီးက အင်ကြင်းတောတွင် ခဏနားပြီး ဗောဓိညောင်ပင်ရှိရာသို့ ရွေ့ရှုလာခဲ့သည်။ အရိပ်အာဝါသကောင်းသော ဗောဓိညောင်ပင် ခြေရင်းတွင် မြက်ထမ်းသမား သွတ္ထိယ အဘိုးအို လှူဒါန်းသွားသော ကတ္တီပါကော်ဇောစိမ်းသဖွယ် စိမ်းမြနုအိနေသော မြက်ရှစ်ထုံးကို ဖြန့်ခင်း၍ ထိုင်လိုက်သည်။

မြက်ခင်းပြင်ပေါ် ထိုင်ရင်းမှ "ငါသည် သဗ္ဗညုတဉာဏ်တည်း ဟူသော အဆုံးစွန် ရည်မှန်းချက် မရသမျှ ဤနေရာမှ မထတော့အံ့"ဟု အဓိဋ္ဌာန်ပြုတော်မူပြီး အာနာပါန ကမ္မဋ္ဌာန်းအား စီးဖြန်းတော်မူလေသည်။

အလောင်းတော်သည် ဘုရားဖြစ်ရန် နောက်ဆုံး အားထုတ်တော်မူခြင်းဖြစ်သည့်ကာလမှာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်ဖနေ့ ညနေချမ်းအချိန်ပင် ဖြစ်သည်။

အလောင်းတော်သည် အာနာပါန ကမ္မဋ္ဌာန်းအား ဖွဲလှံ့လကြီးစွာဖြင့် အစဉ်အမြဲ ရှုပွားဆင်ခြင်တော်မူရာ တည်ကြည်ခိုင်မြဲသောစိတ်သည် ညစ်ကြေးမတင် ကြည်လင်ခြင်းအတိဖြင့် ဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို အောက်မေ့ ရှုမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ညဥ့်၏ ပထမယာမ်၌ ရရှိတော်မူလေသည်။

အလောင်းတော်၏ စိတ်အစဉ်မှာ အထူးသဖြင့် နတ်မျက်စိကဲ့သို့ အနီးအဝေး အကြီး အသေး၊ ဖြစ်အံ့ဆဲသတ္တဝါ၊ သေအံ့ဆဲသတ္တဝါ၊ မကောင်းသော လားရာဂတိရှိသော သတ္တဝါ၊ ကောင်းသော လားရာဂတိရှိသော သတ္တဝါတို့ အစဉ်ကို ထိုးဖောက်သိမြင်သောဉာဏ်ကို ညဥ့်၏ အလယ်ဖြစ်သော မဇ္ဈိမယာမ်ခေါ် သန်းခေါင်ယာမ်တွင် ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိတော်မူသည်။

ထို့နောက် အလောင်းတော်သည် ညဥ့်၏ နောက်ဆုံးဖြစ်သော မစ္ဆိမယာမ်တွင် သစ္စာလေးပါးကို ဟုတ်တိုင်းမှန်ရာ သိမြင်တော်မူသဖြင့် အဝိဇ္ဇာအမှောင်တွင်းမှ ဝိဇ္ဇာဉာဏ်အလင်းဖြစ်လျက် လောက၌ အမြင့်မြတ်ဆုံးသော ကိလေသာ အညစ်အကြေးတို့ ကုန်စင်အောင် သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး အာသဝက္ခယဉာဏ်ဟုခေါ်သည့် အရဟတ္တဉာဏ်တော်ကို ရရှိတော်မူခဲ့သည်။

အရဟတ္တမဂ် ဉာဏ်တော်ကို ရရှိတော်မူပြီး တစ်ပြိုင်နက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းလာခဲ့သော ပါရမီ(၁၀)ပါး အပြား(၃၀)တို့၏ အဟုန်ကြောင့် အရာခပ်သိမ်း အကုန်အစင်ကို သိမြင်တော်မူခြင်းကြောင့် သဗ္ဗညုတဉာဏ်ကို ရရှိတော်မူသည်။

လူနတ်ဗြဟ္မာတို့၏ လောကသုံးပါးတွင် အတုမရှိသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟူသော ဘွဲ့ထူးကို ရရှိခံယူတော်မူလေသည်။

ဗုဒ္ဓဟု ခံယူသည်မှာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်ကျော်(၁)ရက် ဘီစီ ၅၈၉ ခန့်တွင် ဖြစ်လေသည်။

**❐ ကောင်းစံဟိန်း(ဖန်နေဝန်း)**

**မှီငြမ်းကိုးကားသောကျမ်းများ**

၁။ အရှင်ပညိန္ဒာဘိဝံသ (ဓမ္မာစရိယ ပထမကျော်၊ ဘီအေ)၏ လက်တွေ့ဗုဒ္ဓဘာသာကျမ်း။

၂။ ဆရာကြီး ဇေယျာမောင်၏ မဟာဗုဒ္ဓဝင်အကျဉ်း။


၃။ ဆရာကြီးဇန္ဒာသိန်းဇံ၏ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ။





www.burmeseclassic.com

www.burmeseclassic.com



# အပူငြိမ်းစေသည့်
# မြို့စိမ်းမြေ

မောင်ချိုဝေ

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ နယ်ခြားဆိုင်းဘုတ်ရောက်လျှင် ဓာတ်ပုံရိုက်ခဲ့ပါဟု ဆရာတော် အာစိဏ္ဏ (နန်းမြင့်နွယ်-ညောင်လေးပင်)က အမှာပါးလိုက်သည်။ ဥက္ကံနှင့် သုံးဆယ်မြို့ကြားတွင် အဆိုပါဆိုင်းဘုတ်ကို တွေ့ပါ၏။ ပဲခူးတိုင်း၏ သင်္ကေတ ဟင်္သာဖိုမ မေတ္တာပြပုံနှင့်ဖြစ်သည်။ အပြန်မှ ဓာတ်ပုံရိုက်တော့မည်ဟု ဖြတ်သန်းလာခဲ့သည်။

သုံးဆယ်ရောက်သောအခါ သာယာဝတီမြို့နယ် စာရေးဆရာအသင်းမှ ရေးဖော်ရေးဖက်များက ခရီးကြို၍ 'ပေါက်ကြီး လက်ဖက်ရည်ဆိုင်' တွင် နံနက်စာဖြင့် ဧည့်ခံသည်။ ထမင်းကြော်၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး လိုရာမှာစား ဆိုင်ရှင်များကိုယ်တိုင်က မော်ဘီမှ စာရေးဆရာများ သုံးဆယ်မြို့ကို လာကြသည်ဟု တရင်းတနှီး ကျွေးမွေးပြုစုကြသည်။ နံနက် ၆ နာရီတွင် မော်ဘီမှ ထွက်ခဲ့ကြသော မောင်ချိုဝေတို့အဖွဲ့မှာ သုံးဆယ်၏ နို့စိမ်းအုန်းနို့ခေါက်ဆွဲကို ခံတွင်းလိုက်ကြပါ၏။ ဟော တစ်ပန်းကန်၊ ဟော တစ်ပန်းကန်နှင့်။

မောင်ချိုဝေတို့ မော်ဘီက စာရေးဆရာအသင်းမှ ၁၈ ဦး၊ သုံးဆယ်စာရေးဆရာအဖွဲ့မှ ဆရာကိုကိုမောင်(အင်းလေး)နှင့် ၁၂ ဦး၊ ထူးထူးခြားခြား သုံးဆယ်တွင် စာရေးဆရာ ၃၀ စုမိခဲ့သည်။ မောင်ချိုဝေတို့ မော်ဘီစာရေးဆရာများထဲတွင် ဆရာဝင်းဖော်(သုံးဆယ်)ပါသဖြင့် ပို၍ပွဲစည်သည်။ သူတို့က စာသီအစ်ကိုတွေ။ "သုံးဆယ်သားတွေ သုံးယောက်ပေါင်းလို့တစ်ရာမပြည့်သူတွေ" ဟု အသောကလေးများနှင့်။

မော်ဘီမှ သုံးဆယ်သို့ နှစ်နာရီ ခေါင်းရသောခရီးတွင် ရာသီဥတုသာယာသည်။ ကိုပေါက်ကြီးဆိုင်တွင် နံနက်စောစော စားကြစဉ်မှ အနောက်တောင်ဆီက မိုးညိုညိုတို့ ပြိုမလို နိမ့်ဆင်းလာတော့သည်။ တောင်ညိုကို ခရီးဆက်ကြဦးမည်မို့ မိုးမရွာစေချင်။ ရွာမည်ဆိုလည်း မသည်းလိုက်ပါနှင့်မိုး။

မောင်ချိုဝေတို့က မှန်လုံကားလေး တစ်စီး၊ လိုက်ထရပ် တစ်စီး၊ သုံးဆယ်အဖွဲ့က လိုက်ထရပ် တစ်စီး၊ ကားသုံးစီးပေါ် လူသုံးဆယ် တက်လိုက်ကြသည်နှင့် မိုးတရွာသည်၊ ဆရာတော် မောင်နန္ဒာ (မန္တလေး)ကို ကျောင်းတွင်

www.burmeseclassic.com



တောင်ညိုတောင်ပေါ်မှ ရွှေသာလျောင်းဘုရား

ဝင်ပင့်ပြီး ပန်းဆွဲလမ်းကို ကားများ ဦးတည်ခဲ့သည်။

မသည်းပါနှင့်ဆိုမှ အမှတ်တရ မိုးက သွန်ချသလိုပင်။ သုံးဆယ်နှင့် တောင်ညိုမှာ ၈ မိုင် မောင်းရသည်။ ၂ မိုင်မျှ မောင်းလျှင် ပန်းဆွဲရွာကို ဖြတ်ရသည်။ မောင်ချိုဝေက အစောကပင် ကာရန်တချို့ကို ရွတ်ဆိုထားမိသည်။ "လမ်းအမြဲသာသည့် ပန်းဆွဲရွာ"၊ ထို ကာရန်တို့သည်ပန်းဆွဲရွာလမ်းနှင့်မကိုက် ပန်းဆွဲရွာလယ်လမ်းက ဒီနွေ၌ ဂဝံနုတို့ ထပ်ပိုးခင်းထားဟန် တူသည်။ မိုးရေနှင့် နူးသောအခါ ဂဝံနုတို့ ရွှံ့ဖြစ်လျက်ရှိ၏။ ကားသည် တစ်လိမ့်ချင်း။ ခုတော့ "လမ်း ချွဲပါသည့် ပန်းဆွဲရွာ"။

ပန်းဆွဲရွာ လမ်းလယ်သည် ရွာ မြေထက်မြင့်သော တာရိုးသဖွယ်ဖြစ် သည်။ မောင်ချိုဝေတို့ကို ဖမ်းစားနိုင် သည်က လမ်းဘေးဘယ်ညာမှာ ကုက္ကို ပင်ညိုကြီးများ၊ နှစ်ပေါင်းရာကျော် ထိန်း သိမ်းထားကြသည့် ကုက္ကိုပင်တန်းကြီးမှာ မောင်ချိုဝေတို့ မြို့များတွင် မမြင်နိုင် အောင် ရှားသည့် မြင်ကွင်းမျိုးဖြစ်တော့ သည်။ လူ လေးယောက်၊ ငါးယောက် ဖက်စာ ကုက္ကိုပင်ကြီးများက အပွေး ဖုထစ်ကြီးများ ကိုယ်စီဖြင့် လမ်းကို ငုံ့ ကြည့်နေကြသည်။ "ပင်ဖိုးအို ကုက္ကို တန်း လမ်းဘေးဘယ်ညာ"။


ပန်းဆွဲရွာကို ဖြတ်ပြီးသောအခါ လမ်းပေါ်တွင် ရွှံ့မရှိတော့။ အောက်ခံ ဂဝံမြေသား မာသော်လည်း မိုးရေ ဖြည့်ထားသော ချိုင့်ကျင်းလေးများ၏ အတိမ်အနက်ကို မသိနိုင်သဖြင့် ကား အမောင်းခက်ရသည်။ တချို့ချိုင့်များ သည် ကားဗိုက်နှင့် မြေသား မလွတ် အောင် ချိုင့်ကြသည်။ ကောက်စိုက်ပြီး သော လယ်ကွင်းများကို ဖြတ်ရသည်။ ဖလံကုန်းရွာ၊ လက်ပံကုန်းရွာ၊ ကျေးလူး ရွာ၊ စည်ပင်ရွာ၊ ဂဠုန်လိုက်ရွာ၊ သိုက် တောရွာ၊ သဲဖြူရွာနှင့် ရွာသာယာတို့ကို ဖြတ်မောင်းခဲ့သည်။ ထိုရွာများမှာ လယ် ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ အုပ်အုပ်ဆိုင်းဆိုင်း ရွာကြီးများဖြစ်၏။

ရွာသာယာကျော်လျှင် "ကမ္ဘာ ငြိမ်း မြစိမ်းတောင်ညို" ကို စိမ်းစိမ်းညို့ ညို့ မြင်လိုက်ရသည်။ ဆရာတော် မောင်နန္ဒာ(မန္တလေး)က "ကမ္ဘာစိမ်း မြစိမ်းတောင်ညို သာသနာရောင်ဝါဝင်း ထွန်းလင်းသကို၊ ဆည်းလည်းသံလွင်ချို ချို တောရိပ်ညိုလွန်အေး အထက်နန်း ရည်ရွယ် မင်္ဂလာမ်းခြေတည်ဖို့ မြစိမ်း ဆီသာစခန်းကိုကွယ် လမ်းခဲ့ပါလေး" ဟု ကဗျာမွမ်းသည်။

မင်္ဂလာမ်းအခြေတည်နိုင် မနိုင် တော့ မသေချာပ။ တောရိပ်ညိုလွန် အေး ဆိုသည်ကတော့ သေချာသည်။ တစ်တောင်လုံးကို တောပင်ကြီးများ ယှက်သိုင်းအုပ်မိုင်းနေပါ၏။ စိမ့်ကြီး ဂနိုင်ကြီး ရိပ်ကြီးတောမြိုင် ဖြစ်နေပါ၏။

လယ်တောများကို ဖြတ်သန်း လာစဉ်က မောင်ချိုဝေတို့ ရခဲ့သောရနံ့ များအစား တောင်ဘောင်နံ့ သင်းပျံ့ ပျံ့ကို ရှူရှိုက်လိုက်ရသည်။ ရင်ထဲတွင် အေးချမ်းသွားသည်။ သစ်ကြီးပင်များ၏ အရိပ်အောက်ဆီ ဝင်လိုက်ရသည်နှင့် အလွမ်းဓာတ်က ခေါ်ကိရိုက်သည်။ မည် သည့်အရာကို လွမ်းသည်ဟု ပြစရာ အလွမ်းခြေရာမဲ့သော်လည်း လွမ်းမိ သည်တော့ လွမ်းသည်သာ။

ကျောင်းဝန်း ရောက်သည်နှင့် ကျောင်းထိုင်ဆရာတော် ဦးဝေပုလ္လကို



ကျွဲပုန်းတောင်မှ ကျွဲမင်းရုပ်တု





www.burmeseclassic.com

www.burmeseclassic.com

ဦးတိုက်ကြသည်။ ဆရာတော်ထံမှာ ငါး ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကို ဝါဆိုသင်္ကန်းနှင့် ဝတ္ထု ကပ်ကြသည်။ သုံးဆယ် စာရေးဆရာ များက ဝါဆိုသင်္ကန်းကို အမှတ်တရ ယူဆောင်လာကြပါ၏။ မောင်ချိုဝေတို့ က ဝတ္ထုငွေကိုသာ စု၍ကပ်လိုက်ကြ သည်။ ပြီး ဆရာတော်စီစဉ်ထားသော ကော်ဖီထုပ်များကိုဖျော်၍ ဘီစကွတ် ထုပ်များကို ဖောက်လိုက်ကြသည်။

ကိုပေါက်ကြီးဆိုင်မှ အုန်းနို့ ခေါက်ဆွဲတို့မှာ ပန်းဆွဲလမ်းတွင် အစာ ကြေခဲ့လေပြီ။

"တောင်ညိုတောင် တက်ကြ မယ်"၊ "ကမ္ဘာငြိမ်း မြစိမ်းတောင်ညိုနှင့် သာသနာပြု ဆရာတော်ကြီးများ" စာ အုပ်ကို ပြုစုသော ဆရာစံသူမြတ်(သုံး ဆယ်)က ဦးဆောင်၍ခေါ်ပါသည်။ ဆရာခေါ်ရာနောက်သို့ မောင်ချိုဝေတို့ တစ်တွေ ဆစ်ဝန်းတစ်သိုက် လိုက်ကြပါ သည်။ ဒီသာသနာ့မြေတွင် တောင်ညို တောင်၊ မြစိမ်းတောင်နှင့် ကျွဲပုန်းတောင် ဟု တောင်သုံးလုံးရှိပါသည်။

တောင်ညိုတောင် အတက် လမ်းတွင် ခတ်ပေါင်းစုစေတီ ရှိသည်။ တောင်ညိုပေါင်စေတီဟုလည်း တွင် သည်။ တောင်ညိုခစေတီ အာရုံခံတန် ဆောင်းတွင် စံပယ်တော်မူနေသည့် လေးမျက်နှာစေတီ ရှိသည်။ ထိုလေး မျက်နှာရုပ်ပွားတော်များအနက် တစ်ဆူ မှာ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံ အမိဋ္ဌာန် ပြုခဲ့ရာ ရုပ်ပွားတော်ဖြစ်သည်။

တောင်တက်လမ်းသည် မကြမ်း မကြမ်းသည့်အပြင် ကျောက်စီ သမံ တလင်း ခင်းထားသောလမ်းဖြစ်၏။ အထက်က အမိုး လုံခြုံစွာရှိနေသည့် လမ်းရှည်တန်ဆောင်းကြီးဖြစ်သည်။ နှစ်ဖက်တွင် နှစ်ပေမျှမြင့်သည့် တံတိုင်း ကာရံထားသေးသည်။ သမံတလင်းလမ်းအကျယ်မှာ ရှစ်ပေမျှ သည်။

နတ်လမ်းကြီး ဘေးဝဲယာတွင် တောင်စောင်းနက်နက် ရှိပါ၏။ ထို တောင်စောင်းနက်နက်တွင် ပေါက်နေ သော ကနစို၊ ဖန်ခါး၊ တိန်ညင်း၊ ကုံ ကော်၊ ရေမှိန်၊ ငုံ၊ မြရာ၊ ထောက်ကြံ့ စသည့် သစ်ပင်ကြီးများက အကိုင်း အရွက် တဖြိုးဖြိုး မိုးသို့ထိုး၍နေကြ သဖြင့် တောင်တက်လမ်းသည် ထိုသစ် ပင်များ၏ ထိပ်ဖျားတို့နှင့်အညီဖြစ်လျက် ရှိ၏။ တောင်တက်ရင်း ဘေးဘယ်ညာ ကို ကြည့်သောအခါ သစ်ပင်ကြီးများ ထိပ်တွင် လမ်းလျှောက်နေကြရသကဲ့သို့ ဖြစ်သည်။ စိတ်ကူးယဉ်တက်လျှင် ကောင်းကင်လမ်းကို ခြေကျင်မြန်းနေ ရသည်သို့ပင်။

မြစိမ်းတောင် သာသနာ့နယ်မြေ မှာ ၁၁၅. ၁၄ ဧကကျယ်သည်။ ဆရာ တော် ဝေပုလ္လ သီတင်းသုံးသော (၁၇) နှစ်အတွင်း သစ်တစ်ပင်မျှ မခုတ်စေဘဲ သစ်ပင်ကြီးများကို မွေးမြူထားကြောင်း သိရသည်။ ဆရာတော်ကို သစ်ပင်ချစ် သည့်ဆု ပေးသင့်ကြသည်။ ထိုသာသ နာ့နယ်မြေကို အုတ်တံတိုင်းပတ်ကာနိုင် ရန် ကြိုးစားလျက်ရှိသည်။ ၁ဝပေခန်း ၁၃ဝ သာ ကာရန်ကျန်တော့သည်။ ဤ သို့သော သစ်ပင်ကြီးများဖြင့် ပေါအုပ် ကျယ်တို့ ပတ်ဝန်းကျင်တွင် မရှိနိုင်ကော့ ပြီ။ ဒီတောကြီးအတွင်းတွင် ဒရယ်လေး

များ၊ ယုန်လေးများ အသောက်ရှင်နေထိုင် ခွင့် ရနေကြသည်။

မောင်ချိုဝေတို့အဖွဲ့တွင် ဆရာ ကြီး ပုသိမ်မောင်သင်းပ၊ ဣတ္ထိယ လှိုင် ထိပ်ထား စသည့် အသ က်(၇ဝ)ကျော် ကဗျာဆရာ၊ ဆရာမ ြုးများပါသည်။ တောင်တက်လမ်းကို ဘေးလျက် တက် ကြသည်။ ဆရာမ ော် ျုးမမက ဒူးများ မကောင်း။ ခတ်ပေါင်းစု ရွှေစေ ်ကို ဖူးကြသည်။ အာရုံခံတန် ဆောင်းမှ လေး မျက်နှာ ရုပ်ပွားတော်ျေား ကို ဖူးကြရ သည်။

"ဒီဘက်က ရ ်ပွားတော်က ဆရ စံအမိဋ္ဌာန်ပြုခဲ့တဲ့ ရုပ်ပွားတော်ပါ"

ဆရာစံမြတ်သူ ည္ွန်ပြသည်။ ကျောက်ဆင်းတုတော် ြူဖြူ ဖြစ်ပါ၏။

မောင်ချိုဝေက ဆရာစံကို မျက် လုံးထဲ မြင်လာသည်။ ပွယ်အိတ်တစ် လုံးနှင့်၊ သျောင်တစော းနှင့်၊ နှုတ်ခမ်း မွေးကော့နှင့် ကြိမ်လုံးတစ်လုံးကို ကိုင် ထားသော လယ်သမ ခေါင်းဆောင် ဆရာစံ။ တစ်ချိန်တည်း ၌ ဆရာစံနှင့် မြစိမ်းတောင်ကို ဖွဲ့ဆိုသည့် အဖိုးသခင် ကိုယ်တော်မှိုင်း၏စာ "ပြေ ...မြန်မာ ပြည် တစ်ဝန်းမှာဖြင့် သ ယာဝတီစနန်း ဆီက အာဇာနည်အစွမ်း ပြ ဟို အရင် ရမန်က ဗဟိုပလ္လင်ပျံ တစ်သဝေ မတိမ်းအောင်လို့တဲ့၊ ဗိုလ် ခံကာ မြန်



စာရေးသူတို့ မိကျောင်းဘုရားရှေ့တွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ဖားဘုရား (မင်္ဂလာစေတီ)

မာကိန်းတွေနှင့်၊ မြစိမ်းတောင်ညိုညိုက၊ ရောင်ခိုကာ အောင်ဗဟိုရွှမ်းခဲ့တယ်၊ ထွန်းလှ ပေါင် ပရမေနော်ကွယ်၊ အစွန်းမဲ့ အညွန်းတဲ့နေကြြ၊ လွမ်းဘွဲ့ အောင်မြေ"။

မြစိမ်းတောင် အဝင်တွင် မည်သည့်အရာကို လွမ်းရမည်မသိ၊ လွမ်းမိသောစိတ်၏ အဖြေကို သိလိုက်သည်။ လွမ်းရမှာက ဆရာစံကို၊ မြန်မာတို့၏ မျိုးချစ်စိတ်ကို၊ သူ့ကျွန်ဘဝ၏ ခါးသီးမှုတွေကို ဆရာစံသည် ဒီရုပ်ပွားတော် အရှင်မြတ်ရှေ့တွင် ၁၂၉၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (၂၈-၁၀-၁၉၃၀) ည ၁၀ နာရီ ၃၃ မိနစ်တွင် အဓိဋ္ဌာန်ပြု၍ ဂဠုန်တပ်ကို ဖွဲ့စည်းကာ နယ်ချဲ့တော်လှန်ရေးကို စခဲ့သည်။ ဒီတောဒီတောင် ဒီနေရာသည် မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်စွဲ တိုက်ပွဲဝင်ရမည် ဟူသည့် ဇာတိမာန်ကို ဖွဲ့တည်ပေးသည့် နေရာ၊ ကြက်သီးချင်းချင်း ထမိပါ၏။

လေးမျက်နှာ ရုပ်ပွားတော်များ ကိန်းဝပ်ရာ တန်ဆောင်းတွင်း၌ပင် ယနေ့ထက်တိုင် မြစိမ်းတောင်ညို သာသနာ့နယ်မြေကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း အယုံအကြည်ရှိနေသည့် ဆေးဝိဇ္ဇာဘိုးတောင်ညို၏ ရုပ်တုရှိသည်။ ဘိုးတောင်ညို၏ ဘေးတစ်ဖက်တစ်ချက်တွင် မြစိမ်းတောင်ညိုကို သာသနာပြုခဲ့သည့် ဆေးဝက်ဘာ ဆရာတော်ကြီး ဦးသူရိယရုပ်တုနှင့် ဆရာတော်ကြီး ဦးဓမ္မိက ရုပ်တုများကို ကြည်ညိုခွင့်ရသည်။

ထိုအာရုံခံတန်ဆောင်းမှ သိမ်ကျောင်းဘက်သို့ ဆက်ဆင်းရသည်။ သိမ်ကျောင်းသည် တောင်ခါးပန်းတွင် တည်ထားသည်။ သိမ်ကျောင်းကိုကျော်လိုက်သည်နှင့် လက်ယာမြောက်သော မိကျောင်းကြီးတစ်ကောင် ရုပ်တု၏ ကျောပေါ်မှ စေတီကို ဖူးရပြန်သည်။ မိကျောင်းကြီးသည် တောင်အောက်ဘက်သို့မျက်နှာမူထားသည်။ မိကျောင်းကြီး၏ ဟနေသောပါးစပ်တွင်း၌ ဘုရားဝတ်ပြုရန်အခန်းငယ်ရှိသည်။ မိကျောင်းဘုရားနှင့် ဓာတ်ပုံရိုက်ရန် ဓာတ်ပုံရိုက်သူက တောင်ခါးပန်းမညီမညာကို ဆင်းရသည်။ ပျော်စရာတော့ အကောင်းသားပင်။

"ဒီလိုဗျ၊ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရား နုစဉ်အခါက ဒီနေရာမှာ မဟိန္ဒဆိုတဲ့ ကျွဲဖြူမင်း ရှိခဲ့ဖူးတယ်၊ ဘုရားလောင်း ကျွဲမင်းလေးရဲ့ ဖခင် မဟိန္ဒကျွဲမင်းကြီးက အလွန်အတ္တကြီးတာကြောင့် ကျွဲမိဖုရားတွေ ကျွဲထီးလေးတွေ မွေးရင် ဦးချိုနဲ့ခတ်ပြီး သတ်ပစ်လေ့ရှိတယ်။

တောင်နန်းစံမိဖုရားက တတိယမြောက် သားတော်ကျွဲဖြူလေး မွေးတဲ့အခါ သူ့ဖခင် သက်မှာစိုးလို့ ဒီကျွဲပုန်းတောင်မှာ သားအမိတွေ အတူတကွ ပုန်းနေခဲ့ကြတယ် ၁၅ နှစ်လောက်အကြာမှာတော့ သရက်ဖြူအင်းမှာ ရေစိမ်နေတဲ့သားတော်ကို သူ့ဖခင်က မြင်သွားပြီး ဒေါသထွက်လိုက်ခတ်တဲ့အခါ ဖခင်ကျွဲကြီးကို ဘုရားလောင်းကျွဲမင်းက ပြန်မခတ်ဘဲ ရှောင်ပြီးခံတယ်။

ဖခင်ရဲ့ ဦးချိုဟာ သားတော်ကို မထိဘဲ သားတော်ရဲ့ဦးချိုကသာ ဖခင်ကိုစူးတာ ဖခင်ဟာ ကံကုန်ရရှာတယ်၊ တောင်နန်းဒေဝီ မိဖုရားက ဒီအဖြစ်များသည် ဦးချိုရှိသောသတ္တဝါဖြစ်ရခြင်းကြောင့်ပဲ တွေးယူကာ နောင်ဘဝဆက်တိုင်း ရေ၌ ပျော်ပါးသော်လည်း ဦးချိုမရှိသော ဖားသတ္တဝါ ဖြစ်ပါရစေလို့ ဆုတောင်းတယ်တဲ့ဗျာ။

ကျွဲမိဖုရားကြီး ကံတော်ကုန်တဲ့အခါမှာ ဖားကြီး ဖြစ်သွားတယ်လို့ဆိုတယ်ဗျ၊ သားတော်ဘုရားလောင်းကျွဲမင်းလဲ ဦးချိုမရှိတဲ့ မိကျောင်းဖြစ်ပါစေလို့ ဆုတောင်းခဲ့တာကြောင့် ကံကုန်တဲ့အခါ မိကျောင်းနဲ့တူတဲ့ တောင်ညိုတောင် ဖြစ်လာတယ်လို့ဆိုတယ်။

အခု ဖူးမြော်ရတဲ့ မိကျောင်းဘုရားက ကျွဲမင်းလေးရဲ့ဘဝကူးအထိမ်းအမှတ် စေတီပေါ့ဗျာ"

ဆရာသူမောင်က ရှင်းပြပါသည်။

"ကျန်သေးတယ်ဗျ၊ ကျွဲမြောက်နန်းစံမိဖုရားကြီးလဲ ဦးချိုကိုစွန့်ပြီး ငါးဖြစ်ချင်တယ်လို့ ဆုတောင်းခဲ့တယ်တဲ့"

ဒီနေရာက် တောင်ညိုတောင် အထက်စက်တော်ရာဟု ခေါ်သည့် ခြေတော်ရာကို ဖူးကြသည်။ ထိုမှ ရွှေသာလျောင်းရုပ်ပွားတော်ကို ဖူးကြသည်။ ရွှေသာလျောင်းရုပ်ပွားတော် သီတင်းသုံးရာ တန်ဆောင်းအခင်းကို ကြွေပြားခင်းနေပြီး ထိုတန်ဆောင်းအတွင်းမှာ မာန်ပါလှသော ပက္ကာသီနှောင်ရုပ်တို့ရှိသည်။

နတ်ဘုမ်းအတိုင်း ပြန်ဆင်းလာပြီး ကျွဲပုန်းတောင်အစောက်လမ်းသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များကို ချစ်တတ်သော မြစိမ်းတောင်ညို ကျောင်းတိုက် နာယကဆရာတော် ဦးဝေပုလ္လ

တက်ခဲ့ကြသည်။ ကျွဲပုန်းတောင်သည် တောင်ညိုတောင်လောက် မမတ်၊ အတက်လည်း မရှည်ပါ။ တောင်ထိပ်တွင် ဆရာတော်ဦးဓမ္မိက စတင်သီတင်းသုံးစဉ် တည်ထားသော စေတီကို မြင်ရသည်။ စေတီမှာ အလွန်သပ္ပာယ်လှသည်။ လိုဏ်စေတီ ဖြစ်သည်။ စေတီတော်၏ အရှေ့တောင်ဘက်တွင် ကျွဲဖြူလေးတစ်ကောင် ပုန်းနေသည့်ဟန်ရုပ်တုကို လက်ရာမြောက်စွာ မြင်လိုက်ရသည်။ ဆရာစံသူမောင် ပြောသော ...လောင်း မဟိန္ဒကျွဲမင်းလေး ဖြစ်သည်။

မောင်ချိုဝေတို့အထဲမှ ဆရာ...သွန်း (မှော်ဘီ)က ကျွဲရုပ်တုအနား ...တာ ဓာတ်ပုံအရိုက်ခံသည်။ ထို့... အနီးရှိ တောပင်များကို လက်...လျက် 'ဂမုန်းခရမ်းပြာတွေ၊ နန္ဒင်း... ဆေးဖက်ဝင်တယ်' ဟုပြောပါ...။ ဘဝ္ဒိယကြီးတစ်ဦးက 'လိုချင်ရင် ...ကြပါ' ဟု ခွင့်ပြုသည်။ ဆရာချို...သည်း အပင်များရှိရာ ဆင်းသွား...ကို မြင်လိုက်ရသည်။

ကျွဲမင်းရုပ်တုနှင့်အတူ လူတစ်ဦး ...နိုင်သော ကျွဲမင်းဂူရှိသည်။

ထိုဂူငယ်နှင့်ကပ်လျက် ရှိသည်မှာ ကျွဲပုန်းမယ်တော်ကြီးရုပ်တုရှိရာ တိုက်ခန်းဆောင်ဖြစ်သည်။ကျွဲပုန်းတောင်အဆင်းမှ နဂါးရုံဘုရားနှင့် နဂါးမယ်တော်များကို ဝင်ခဲ့သည်။ ထို့နောက် မြစိမ်းတောင်သို့ နတ်လမ်းအတိုင်း ပြန်ဆင်းခဲ့ကြသည်။

အတော်ပင် မောနေကြပေပြီ။ အေးမြသော ရာသီဥတုမှာပင် ချွေးတို့နှင့်နေကြသည်။ အမြင့်သစ်၊ အနံ့သစ်၊ အသံသစ်တို့ကြားတွင် စီးမျောနေကြသည်မို့ စိုင်းထီးဆိုင်ဆိုသော သီချင်းလို "မောတော့မောတာပေါ့×××ဒါပေမယ့် မမောဘူး×××" ဆိုလေသည့်အတိုင်း ကျောင်းဝေယျာဝစ္စပြုသူများက ထမင်းပြင်ထားပြီးကြောင်း ဖိတ်မန္တကပြုသည်။ ထမင်းစားပွဲဝိုင်းများတွင် အားလုံးဝိုင်းလိုက်ကြသည်။ ကြက်သား၊ ငါး၊ ကြက်ဥကြော်၊ အသီးအရွက်ကြော်၊ ဟင်းချိုငါးပိချက်၊ တို့စရာ အစုံပဲ၊ ဇရစ်ရိုး တောချက်ချဉ်စပ်လေးက ခံတွင်းမြိန်လှသည်။ ဆရာတော်ကြီး၏ ကျေးဇူးပါပေ။

စားပြီးကြသောအခါ မဂ်စေတီ ဖိုလ်စေတီ ဖားဘုရားနှစ်ဆူကို ဖူးကြမည် ဆိုသည်။ ထမင်းစားဆောင်နှင့် သိပ်မဝေးလှ။ ပထမဦးစွာ တန်ဆောင်းကြီးတစ်ခုအတွင်းသို့ ရောက်သည်။ ဉာဏ်တော် ၁၅ ပေခန့်မြင့်သော ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးနေသည်။ ရှေးယခင်က အမိုးအကာမရှိကြောင်း၊ အင်္ဂလိပ်တို့က ဂဠုန်တပ်ကို ရှာဖွေရင်းဆင်းတုတော်၏ ဘယ်လက်တော်တစ်ဖက်ကို ရိုက်ချိုးခဲ့ကြောင်း ရှင်းပြသည်။ ယခုခေတ်တွင် ပြုပြင်ပြီးပြီ။ မပြုမပြင်ထားလျှင် နယ်ချဲ့၏ ခြေရာလက်ရာကို မြင်နိုင်ကြမည်။ မျိုးချစ်စိတ်ကို နှိုးဆွပေးနိုင်လိမ့်မည်ဟု မဆီမဆိုင် တွေးမိလိုက်သေးသည်။

ထိုတန်ဆောင်းကြီးအတွင်းမှာပင် တောင်ပိုင်ဆေးဝိဇ္ဇာ ဘိုးတောင်ညိုရုပ်တု၊ ဘိုးတော် အောင်မင်းခေါင်ရုပ်တု၊ မြစိမ်းမယ်တော်ရုပ်တုများ၊ ထိုမှ တောင်တော်ဘေးတစ်ဖက်တင် ချက်စီတွင် ဖားရုပ်ကြီးများအပေါ်တွ... စေတီတည်ထားသည့် ဖားဘုရားနှ...ဆူကို ဖူးကြရသည်။ ထိုမှ အောက်သို့ဆင်းလျက် သစ္စာမဏ္ဍိုင်စေတီကို ဖူး...ကြသည်။ ထိုမှ တောလမ်းအတိုင်း ...ရာတော်ကြီးဦးဓမ္မိက ရုပ်ကလာပ်ထား...ရာ စံကျောင်းသို့ လျှောက်ခဲ့ကြသည် ...ိုမှ ဓမ္မာရုံ ကျောင်းတော်ကြီးတွင် ...ဖြပစ်လက်ပစ် ထိုင်လိုက်ကြသည်။ ဂေ...ဖီ ဆုပ်များကို ထပ်ဖျော်သောက်လိုက်...ကြသေးသည်။

မူလ အစီအစ...အတိုင်းပင် ဆရာတော် မောင်နန္ဒ(နန္ဒလေး)မှ ဦးဆောင်ကာ မှော်ဘီ-...ယ် စာရေးဆရာများ၏ ကဗျာရွတ်ပွဲလေးကို ဆက်လုပ်ဖြစ်သည်။ ရသစုံကား...များ ရွတ်ကြသည်။ ဆရာခက်လှိုင်း...၊ ဆရာဘုန်းမြင့်ချိုတို့က ကဗျာရွတ် အလွန်ကောင်းကြသည်။ ဆရာ...ပိုင်းကျော်က မြစိမ်းတောင်ညို ဘုရားပွဲ ကဗျာလေးကို ရွတ်ပြရာ ပိုမိုပြ...သွားသည်။

"နေလုံးနီ ရွှေရည်...ကာမှ ရောက်ပါရ တောင်သေ...၊ မြစိမ်းတောင် စေတီဦး၊ ဖူးကြ...ါ ဆွမ်း ဆီမီး ပန်းနံ့သာ၊ ပူဇော်ကာ...ည်နှုး၊ ပွဲခင်းမှာ ကြိုက်ရာရွေး၊ ဈေးဝ...ယ်တော့မြူး"

ဆရာ ကဗျာရွတ်...ဉ် မြစိမ်းတောင်ညိုဘုရားပွဲမှာ ...င်ချိုဝေတို့အနား ရောက်လာသည်၊

ဒီအရပ်သည် ဒါန...လ၊ ဘာဝနာတို့ ရှိရာအရပ်၊ မျိုးချ...စိတ်တို့ရှိရာအရပ်၊ သဘာဝပတ်ဝန်းက...င်တို့ကို ချစ်ရာအရပ်၊ စိတ်သဘော...င်းသူတို့ရှိရာအရပ်၊ သီလ၊ သမာဓိ၊ ...ညာ သိက္ခာသုံးရပ် ကုံလုံသော ဆရာ...တော်ကြီးများ သီတင်းသုံးရာအရပ်၊ ဒီ...ရပ်မျိုးကို ရောက်ရခြင်းအတွက် မြန်...တစ်ဦးဖြစ်မှုကို ကျေနပ်ရသည်။ ...င်ချိုဝေတို့ကဲ့သို့ ကျေနပ်ချင်ပါလျှင်...

ငြိမ်း မောင်ချိုဝေ





www.burmeseclassic.com

www.burmeseclassic.com




# သဘာဝတရားရိုပ်သာ လူနှင့် လူမှုကွန်ရက်တို့၏ ပရဟိတဆောက်ရွက်ချက်များ

**မောင်ယဉ်လှိုင်း(ဟင်္သာတ)**

လောက၌ အတ္တဟိတ ပရဟိတ ဆိုရာဝယ် အတ္တဟိတသည် မိမိအကျိုးစီးပွားဖြစ်၍ ပရဟိတသည် သူတစ်ပါးတို့၏ အကျိုးစီးပွားဟူ၏။

ဗုဒ္ဓဘုရားရှင်တော်မြတ်သည် အတ္တဟိတ၊ ကိုယ်ကျိုးစီးပွား တစ်ခုတည်း ဆောင်ရွက်သော တစ်ဖက်မြင် ဝါဒသမားများကိုလည်း ချီးမွမ်းခြင်းမပြု၊ ပရဟိတ သူတစ်ပါးအကျိုးစီးပွားတစ်ခုတည်း ကို ဆောင်ရွက်သော တစ်ဖက်မြင် ဝါဒသမား များကိုလည်း ချီးမွမ်းခြင်းမပြု၊ အတ္တဟိတ ပရဟိတ ကိုယ့်အကျိုး သူ့အကျိုး နှစ်မျိုးစလုံးကို ဆောင်ရွက်သော နှစ်ဖက်မြင်သူမျိုးကိုသာလျှင် ချီးမွမ်းတော်မူသည်ဟု ကြားနာဖူးပါသည်။

ပါဠိတော် စာပေ၌ 'အတ္တာ တတ္ထာ ပဂုဏေရ ဗဟုနာပိ နာနာသယေ' ဟူ၍ ဖွင့်ဆိုထားပေသည်။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်တွင် လူမှုရေးကွန်ရက်

www.burmeseclassic.com

များ လက်ချင်းယှက်၍ နွယ်ချင်းခက်နေသည်။ တစ်ဦးတစ်ယောက်မှသည် တစ်သင်း တစ်ဖွဲ့ တစ်နေရာနှင့် တစ်နေရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးယှက်နွယ်မှုတို့သည်ကား အချိန်တိုတိုအတွင်း ဝယ် အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့သက်ဝင်နေပြီး ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာသို့ ဖြစ်လာရချေသည်။

ကမ္ဘာကြီးသည် ရှုံ့၍ ကျုံ့သွားခြင်းမဟုတ်သော်လည်း ကျုံ့သွားသည် ကဲ့သို့ ထင်မှားရလောက်အောင် တိုးတက်နေသော နည်းပညာများနှင့် ပြောင်းလဲလာသော ခေတ်စနစ်တို့ကြောင့် မဟုတ်ပါလော။

ကျွန်ုပ်တို့၏ နိုင်ငံကိုပင် ရှုမျှော်ကြည့်သော် တစ်ချိန်က အာဏာရှင်စနစ်တို့တွင် လူမှုရေး အသင်းအဖွဲ့ အစည်းများဖြင့် စုဝေးလုပ်ပိုင်ခွင့်မရှိ။ လူ(၅)ဦးထက်ပင် စုဝေးခွင့်မရှိ။ ယခုအခါ ဒီမိုကရေစီ အသွင်ပြောင်းကာလသို့ရောက်လာမှ လူမှုရေးအဖွဲ့အစည်း အသင်းအဖွဲ့များ စုဝေးခွင့်၊ ဖွဲ့စည်းခွင့် ရှိကြရသည်။

ဒီမိုကရေစီဆိုသော လွတ်လပ်၍ တရားမျှတသည့် လူ့အခွင့်အရေးဘာရုပ်မှ မပေါက်သေးသော်ငြားလည်း ဤ၍ ဤမျှ ဖွဲ့စည်းခွင့် လုပ်ပိုင်ခွင့် အသင့်တင့်ရှိလာသည်ဆိုလျှင် ပြည့်ဝစုံမီသော ဒီမိုကရေစီ အမှန်ရခဲ့မည်ဟု ဆိုပါက မည်၍ မည်မျှ လုပ်ပိုင်ခွင့် ခံစားပိုင်ခွင့် ရှိနိုင်မည်နည်း။

ဦးနှောက်ပြည့်ဝ စိတ်ကောင်းနှလုံးကောင်းရှိသူတိုင်း သိကြမှာပါ။ သိကြတဲ့အတိုင်းလည်း ရုပ်လုံးပေါ်အောင် ဆောင်ရွက်ကြမှာပါ။ စိတ်ကောင်း နှလုံးကောင်း ရှိသူတိုင်း ပရဟိတဆိုသော လောကကောင်းကျိုး၊ လူအများကောင်းကျိုး လုပ်ငန်းတွေကို လုပ်တတ်ကြပါသည်။

မြန်မာပြည် တစ်နံတစ်လျားသောရော မြို့ပါ ကျေးရွာဇနပုဒ် မကျန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး



သဘာဝတရားရိပ်သာ

စောင့်ရှောက်မှု၊ နာရေးကူညီမှု၊ သဘာဝဘေးဒဏ် အန္တရာယ်မှစ၍ အသင်းအဖွဲ့အစည်းပေါင်းစုံများမှ လိုအပ်သလို ထဲထဲဝင်ဝင် ကူညီစောင့်ရှောက်ကြပါသည်။

ဤလုပ်ငန်းများသည် ဗုဒ္ဓဘုရားရှင် နိဗ္ဗာန်စံဝင်သည်ထိ ဆောင်ရွက်ခဲ့သည့် အလုပ်များဖြစ်ပြီး ဗုဒ္ဓဘုရားရှင်စကားနှင့်ဆိုလျှင် စရိယာသုံးပါးဟူ၏။ လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယာတို့ပင် ဖြစ်သည်။

ယနေ့ ဆောင်ရွက်နေကြသည့် လူမှုရေးအသင်းအဖွဲ့တို့၏ လုပ်ငန်းသည်လျှင် လောက ကောင်းကျိုးအတွက်လည်းဖြစ်၊ ကိုယ့်အမျိုးကိုယ့်ဘာသာ သာသနာအတွက်လည်း အကျုံးဝင်၊ နိဗ္ဗာန်၏ အထောက်အပံ့ကောင်းလည်း ဖြစ်ခြင်းကြောင့် စရိယာ(၃)ပါးစလုံးကို ခြုံမိငုံမိသည်ဖြစ်၍ လူသားတိုင်း ဆောင်ရွက်သင့်ပေသည်။

ဤသည်ကို လူသားချင်းစာနာစိတ်ရှိသူတိုင်း လုပ်ကိုင်ကြသည်။ စာနာစိတ်ကင်းမဲ့သူများအဖို့ အလုပ်မရှိ အလုပ်ရှာ၊ ကြောင်မ ရေချိုး၊ ချစ်တီးခေါင်း သန်းရှာသည်ဟု အပြစ်တင်စကား ဆိုတတ်ကြသည်။ ဤသည်ကလည်း သူ့အကြောင်းတရားနှင့် သူပင်ဖြစ်၏။

ဤသည်ကို အကြောင်းပြု၍ ကြာဖူးစေတီ ဘာသာရေးနှင့် လူမှုရေး ကွန်ရက် အဖြူရောင် ပဲဘာစ်ပွင့် ပရဟိတ အတွင်းရေးမှူး ဦးခင်မြင့်လေး (ခ) ကိုငယ်လေးနှင့် ကျွန်ုပ်စာရေးသူတို့မှ (၈. ၆. ၂၀၁၄)နေ့တွင် ရန်ကင်းမြို့နယ် သွေးမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဂမ္ဘီရဦးမိုးကျော် ဇနီးဒေါ်ခင်မြအေးနှင့် အဖွဲ့တို့ သန်လျင် သဘာဝတရားရိပ်သာသို့ ရောက်ရှိခဲ့ပါသည်။ ဒကြောင်းရင်းမှာ ကမာရွတ်မြို့နယ် သွေးမေတ္တာဥက္ကဋ္ဌ ဦးမြင့်ကျော်၏ အကူအညီ တောင်းခံ ဖိတ်ကြားချက်ကြောင့် ဖြစ်၏။

သဘာဝတရားရိပ်သာတွင် နေထိုင်သီတင်းသုံးကြသော ဒုက္ခသည်ဟာ သီလရှင်၊ ယောဂီ၊ ဝေဒနာခံစားနေသူများ၏ ကျန်းမာရေးစောင့်ရှောက် ဆေးဝါးကုသနိုင်ရန် ရွှေပြည်သာဒိန်းဆရာတော်အား အကူညီတောင်းခြင်းပင်တည်း။


ဦးမြင့်ကျော်၏ အကူအညီတောင်းခံရခြင်းမှာလည်း သူ၏ ကိုယ်တိုင်ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုကို ပြောပြပါသည်။

ဘာလဲဆိုတော့ လမ်းပေါ်မှာ အစွန့်ပစ်ခံသောလူတစ်ဦးအား ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးပြီး သက်သာ ရာရသောအခါ ဆေးရုံကြီးမှ ဆင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားရိပ်သာ

ထိုလူသည် ပြန်စရာအိမ်မရှိ၍ ဘယ်သွားဘယ်လာရမှန်းမသိ မိသားစုများမှလည်း လက်ခံခြင်း မပြု၊ စွန့်ပစ်ခြင်းကို ခံရသူဖြစ်သည်။ ထိုသူသည် အေအိုင်ဒီအက်(စ်)ရောဂါရှိသောကြောင့် မိသားစုများမှ လက်ခံနိုင်ခြင်း လုံးဝမရှိပေ။ ထို့အတွက်ကြောင့် သွေးမေတ္တာ ဦးမြတ်ကျော်မှ ထိုသူအတွက် နေရာရှာရပါသည်။

ဦးမြတ်ကျော်သည် လူမှုရေး စိတ်ဓာတ်ပြည့်ဝသည့်အလျောက် လူအချင်းချင်း စာနာသောအားဖြင့် ထိုသူအတွက် ဘိုးဘွားရိပ်သာများ၊နာမကျန်းဂေဟာများ၊ လူမှုရေးအဖွဲ့အစည်းများအား သွားရောက်လေ့လာ စုံစမ်းကြည့်သည့်အခါ မည်သည့်နေရာကမှ ထိုသူအား လက်ခံခြင်းမရှိကြောင်းသိရသည်။

လူတစ်ဦးတစ်ယောက်၏ ဒုက္ခမှ ကယ်တင်နိုင်ရန် ဦးမြတ်ကျော် အနေဖြင့် လက်မလျှော့ဘဲ ဆက်လက်စုံစမ်းကြည့်ရာတွင် ယခု သန်လျင်သဘာဝတရားရိပ်သာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

တကယ်တော့ ဤသဘာဝတရားရိပ်သာ ထူးခြားမှုသည်ကား မည်သည့် ဘိုးဘွားရိပ်သာ၊ ဂေဟာ လူ့အဖွဲ့အစည်းတို့၏ လက်ခံခြင်း မပြုသောသူ မှန်သမျှတို့အား မူဘောင်မရှိ၊ လာသမျှအားလုံး လက်ခံ ကယ်တင်ခြင်းပင်တည်း။ ယုတ်စွအဆုံးပြောရလျှင် နူနူရွဲ့ရွဲ့ အသက်ငွေ့ငွေ့ပါလျှင်လည်း လက်ခံသည်ဖြစ်၍ ဤရိပ်သာသည် အစွန့်ပစ်ခံနေရာဟုပင် ပြောရတော့ပေမည်။

ဤသည်ကို ဦးမြတ်ကျော်အနေဖြင့် ကိုယ်တိုင်သိရှိလေသောအခါ သဒ္ဓါစေတနာတွေ တဖွားဖွားပေါ်ပေါက်လာပြီး ဤနေရာ၌ ရဟန်းသံဃာ၊ သီလရှင်၊ ယောဂီနှင့် ဂိလာနများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသမည့်အဖွဲ့ လိုအပ်သည်ဟု သိလိုက်ရာမှ ရွှေပြည်ဟိန်းဆရာတော်ကို အကူအညီတောင်းခံခြင်း ဖြစ်သည်။

ဤရိပ်သာ၌ လက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဒို့ရိုးရာဆိုသော တိုင်းရင်းဆေးခန်းရှိနေသော်လည်း လူနာအင်အားနှင့် လုံလောက်မှုမရှိခြင်းကြောင့် ဖြစ်ပါသည်။

ဤ သဘာဝတရားရိပ်သာအား ကျွန်ုပ်ယခင်တစ်ခေါက် ရန်ကင်း ကံဘဲ့ဈေး စေတနာ့မေတ္တာပရဟိတ အဖွဲ့နှင့် ရောက်ခဲ့စဉ်က ယခုကဲ့သို့ အတွင်းကျကျ မသိခဲ့ရသော်လည်း စိတ်အာရုံ၌ နောက်ကျိမှုဖြစ်ခဲ့ပါသည်။ ဒါက ဘာလဲဆိုတော့ အုပ်ချုပ်ရေးစည်းစနစ်အပိုင်းတွေမှာ ဖရိုဖရဲ လက်မဆုံဖြစ်နေသည် ဟူ၍။

ယခုတစ်ခေါက် ရောက်တော့မှပဲ ဂဃနဏာသိရတော့ ဤရိပ်သာမှ ဆရာတော်၏ မူဝါဒကလည်း ရိုးစင်းရှင်းပြီး မွန်မြတ်လှပေသည်။ လိုအပ်တာ လက်ဖြန့် အလှူခံဖို့ကို လက်ထဲထည့်ပြီး ပေးလှူဖို့ပါပဲ။ အလှူခံ ပုဂ္ဂိုလ်ပေါ်၌ အကောင်းအဆိုး မဖေဖန်လို၊ ပေးလှူရမည်က ဆရာတော်၏ တာဝန်သာဖြစ်သည်ဟူ၍ ဆရာတော်နှလုံးသွင်းထားပြီး ဖြစ်ပေသည်။

ဒီတော့ ကျွန်ုပ် ဘာကို သတိရလိုက်သလဲ ဆိုတော့ ဘုရားလောင်း ဝေဿန္တရာမင်း ဇနီးပြည်နှင့် ပြည်သူတို့၏ ရတနာဖြစ်သော ပစ္စယဆင်ဖြူတော်ကို ပုဏ္ဏားတွေကို ပေးလှူလိုက်သလို ဤသဘာဝတရားရိပ်သာ၌ နေထိုင်ကြသောသူတွေအား လွတ်လပ်ပေါ့ပါးစွာ လာသမျှလူတွေအား ငြင်းဆန်ခြင်း မပြု၊ ကန့်ကွက်ခြင်း မထားဘဲ လက်ခံ ကယ်တင်ခြင်း၊ နေရာပေးခြင်း၊ အစာကျွေးခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်း၊ နာရေးသဂြိုဟ်ပေးခြင်းထိ ဆောင်ရွက်ပေးခြင်း၊ တရားဘာဝနာ အသိအမြင်မှအစ ပျက်စီးဖွင့်ပေးခြင်း အားဖြင့်လည်း ဘုရားရှင်လက်ထက်က မိဂဒါဝုန်တောဆိုတာကို အမှတ်ရမိပြန်ပါသည်။

မိဂဒါယဉ်သော မိဂဒါဝုန်တောသည် တိရစ္ဆာန်အကောင်းတို့အား လွတ်လပ်သော ဘေးမဲ့တောဖြစ်သည်။ ယခုသံလျင် သဘာဝ တရားရိပ်သာသည် မနုဿဆိုသော လူအပေါင်းကို ဘေးမဲ့လွှတ်ခြင်းသဘော မည်သည်ဟု ကျွန်ုပ်တွေးထင်မိသည်။

ဤတရားရိပ်သာကို မနုဿဒါယ မနုဿဒါဝုန်လို့ပင် ပြောရမည်လော။ မည်သို့ပင်ဆိုစေ ယနေ့ပြည်သူအများ တောင်းဆိုနေကြသော လွတ်လပ်မှု လူ့အခွင့်အရေး ဒီမိုကရေစီသည်ကား သန်လျင်တရားရိပ်သာ၌ ပြည့်ပြည့်ဝဝ ရှိနေပြီဟူ၍ ပြောရတော့ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

ယနေ့ သဘာဝရိပ်သာမှာ လူမှုရေး အဖွဲ့အစည်းတွေ သုံးလေးဖွဲ့လောက်ကို တွေ့ရပေသည်။ များသောအားဖြင့် သွေးမေတ္တာဝေဠုကျော် ကိုယ်တိုင် လာရောက်သည့် အဖွဲ့ကတော့ ပိုများသည်။ လာရောက်ကြသော လူမှုရေးအဖွဲ့လေးတွေက အစားအသောက် ဆေးဝါးများ ပေးလှူကြသလို သက်ကြီးရွယ်အို ဂိလာနအဘိုး၊ အဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ဆံပင်ညှပ်၊ ခြေသည်း လက်သည်းလှီးပေးခြင်းများ ပြုနေသည်ကို တွေ့ရပေသည်။

ကျွန်ုပ်တို့သည် ရိပ်သာတာဝန်ခံမှူလမြေအလှူရှင် ဒုတိယဗိုလ်မှူးကြီးကျော်အေး(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ဆွေဦးတို့ အဆောင်ကို သွားရောက်ကြပါသည်။ အဆောင်၌ ဒုတိယဗိုလ်မှူးကြီးကျော်အေးနှင့်အတူ ဇနီးသည် ဒေါ်ခင်ဆွေဦး၊ သွေးမေတ္တာ ဦးမြတ်ကျော်၊ အဖြူရောင်သဲတစ်ပွင့် ဦးတင်မြင့်လေး၊ သွေးမေတ္တာကိုမိုးကျော်၊ ကျွန်ုပ်တို့ ဆေးခန်းကိစ္စအား ဆွေးနွေးတိုင်ပင်ကြသည်။

သဘာဝရိပ်သာ ဆရာတော်၏ လုပ်ဆောင်ချက်တွေကို ဦးကျော်အေးက ကျွန်ုပ်ကို အချက်အလက်တွေ ပေးပါသည်။

သဘာဝတရားရိပ်သာအကြောင်း ပြောကြပြီဆိုလျှင်ဖြင့် ဆရာတော်၏ အကြောင်းကိုပဲ ပြောရတော့ပေမည်။

ဆရာတော်၏ ဘွဲ့အမည်မှာ ဉာဏုတ္တမသာရဖြစ်ပြီး လူ့ဘဝငယ်နာမည်မှာ ဦးအောင်ကိုကို ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၌ ခမည်းခမက် ဦးတင်မောင်+မယ်တော် ဒေါ်[illegible]မြင့်တို့မှ ၁၃၃၁ ခု သီတင်းကျွတ်[illegible] တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ [illegible]အရည်အချင်းမှာB.A(Eng)Hons [illegible] စီးပွားရေးလုပ်ငန်းများ လုပ်[illegible] မိမိပိုင်ဆိုင်သော တိုက်ခန်း၊ [illegible]သီဖုန်း၊ မော်တော်ယာဉ် အသုံး[illegible]ဆောင် ပစ္စည်းများ ငွေကြေးဥစ္စာများကိုစွန့်လွှတ်၍ တရားရိပ်သာများဖြစ်သော (၁၀)မိုင်ကုန်း ရွာမကျောင်းကြီး၊ ဆရာကြီး ဦးဘခင်ရိပ်သာ၊ ဆရာကြီး ဦးဂိုအင်ကာရိပ်သာ၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ မဟာဗစည် သဲအင်းဂူနှင့် အခြားရိပ်သာများသို့ ဝင်ရောက်အားထုတ်ခဲ့သည်။

(၂၈. ၂. ၂၁၁၀) တွင် အကျိုးစီးပွားများကို စွန့်လွှတ်ပြီး (၂၁. ၁၀. ၂၀၁၂)နေ့ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၌ ဆရာတော် ဦးဧ ယျသာဂရအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ခဲ့ပါသည်။

အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်းကို (၁. ၆. ၂၀၁၁)တွင် တည်ထောင်ခဲ့ပြီး ဝိပဿနာတရားဟောပြခြင်းများကို ဆွမ်းခံကြွ ဆွမ်းပင့်ဖိတ်သော အိမ်များ၌လည်းကောင်း ရဟန္တာသိမ်တော်ကြီး၊ ကန်တော်ကလေးဖို့မြေစမ္မာရုံ (မြန်မာ့ဂုဏ်ရည်လမ်း) ပညာရာမိကမဟာကျောင်းတိုက်၊ (၉၄) လမ်း ဓမ္မာရုံ၊ ကမာရွတ် မြကန်သာဓမ္မာရုံ၊ ဓမ္မရက္ခိတဓမ္မာရုံ(ရေကျော်)၊ ၃၈ လမ်း၊ မင်္ဂလာဓမ္မာရုံ၊ သာမုက်ာရီဓမ္မာရုံ၊ မေတ္တာပုညကာရီဓမ္မာရုံ၊ ဖဆပလဓမ္မာရုံ၊ ဗိုလ်တထောင်ဆိပ်ကမ်းဓမ္မာရုံ၊ ရွှေဘုန်းပွင့်ဘုရား၊ ရွှေတိဂုံဘုရား၊ ဆူးလေဘုရား၊ ၄၅/၄၅ လမ်း ရိပ်သာ့ရှစ်လွှာဓမ္မာရုံကြီးတွင် (၂၇. ၇. ၂၀၀၇)မှ ယခုထိတိုင်ပင် ဖြစ်ပါသည်။

လူမမာ စိတ်ဓာတ်မြှင့်တင်ရေး တရားပွဲများကိုလည်း ဟောကြားရာဝေဘာဂီ AIDS ဝေဒနာရှင်များ၊ မွတ်စလင်-အခမဲ့ဆေးရုံ၊ ဦးလှထွန်းကင်ဆာရောဂါ ဝေဒနာရှင် (ရန်ကုန်၊မန္တလေး)၊ တပ်မတော်စစ်ဆေးရုံ (၁/၂) အရိုးကုဆေးရုံ၊ အသည်းကုဆေးရုံ(မင်္ဂလာဒုံ)၊ SSC၊ဆာကူရာ၊ အာရှတော်ဝင်၊ ရန်ကုန်ပြည်သူ့ဆေးရုံ၊ ရန်ကုန်အထွေထွေကုဆေးရုံကြီး (ဂျပန်)နှင့် အလျဉ်းသင့်သဆို ဆရာတော်သည် ပညာရေးဝန်ဆောင်မှု တရားပွဲတွေကိုလည်း ဟော ပြောလေ့ရှိရာ အ.လ.က၊ အ.ထ.က ရွှေပြည်သာ၊ နေ့ကလေးထိန်းကျောင်းများ၊ သုံးခွမြို့၊ သဲအင်းဂူကျောင်းတိုက်နှင့် အခြားဓမ္မာရုံများ၊ ဆရာတော်သည် ၂၀၀၅ ခုနှစ်က ဆူနာမီ အနိဋ္ဌာရုံဝေ ဒနာများကို ဟောကြားရာမှ နှစ်သက်ကြသော ဒကာ၊ ဒကာမများနှင့် နိုင်ငံခြားသားများက သဘောတူနှစ်သက်ကြ၍ ဆူနာမီဆရာတော်ဟု ခေါ်တွင်သမုတ်ပြုကြလေသည်။

ဆရာတော်၏ သန်လျင်သဘာဝတရားရိပ်သာကို ဘုရားကုန်းကျေးရွာအုပ်စုတွင် မြေ(၃)ဧကမှ စတင် ထူထောင်ခဲ့ပြီး ယနေ့ (၁. ၁၀. ၂၀၁၃)ထိ မြေအကျယ်အဝန်း ၁၁ ဧက၊ အနီးဝန်းကျင် ၃၀ ဧက၊ စေတနာရွာ ၂၉ ဧက၊ ပေါင်း ၇၀ ဧက ကျော်ကျယ်ဝန်းပါသည်။

ဆရာတော် ဖွင့်လှစ်ပြီးသော တရားစခန်းများမှာ သန်လျင် သဘာဝတရားရိပ်သာ (၁၆. ၉. ၂၀၀၈)၊ အမှတ် ၄၅/၄၅လမ်း သဘာဝတရားရိပ်သာ (၂၇. ၇. ၂၀၀၇)၊ ရွှေချောင်းသဘာဝတရားရိပ်သာ ပြင်စာကျေးရွာ ပြင်ဦးလွင်မြို့နယ် (၂၀၁၂)နှစ်၊

ဆရာတော် တည်ထောင်သော စေတနာရွာနှင့် ပညာရေးများမှာလည်း စေတနာကျေးရွာ၌ (၁၅)ပေ ပတ်လည်မြေကွက်တွင် အိမ်ထောင်တစ်ခုစီအမြဲ အနေမဲ့သူများအား ဆောက်ပေးပြီး စေတနာကျေးရွာသည် ဘုရားကုန်းကျေးရွာအုပ်စု၊ သဲဖြူချောင်းကျေးရွာ လယ်ကွင်းအစပ်ထိ ဖြစ်သည်။ ၂၀၀၈ ခုနှစ်မှ စတင်၍ ၂၀၁၂ ခုနှစ်အထိ အိမ်ထောင်စုပေါင်း (၂၄၂၅) စုခန့်နှင့် နတ်စင်ကုန်းရွာနှင့် သဲဖြူချောင်းရွာမှာ မြေဧက ၃၀ ကျယ်ဝန်းပါသည်။

ပညာရေးတွင်လည်း ဘာကပညာရေးကျောင်းကို နှစ်ထပ် သံကူကွန်ကရစ် ဓမ္မာရုံကြီး၌ ဆရာ၊ ဆရာမ (၃၀)ဦးနှင့် ကလေးငယ် (၅၅၀)ဦး



www.burmeseclassic.com

www.burmeseclassic.com

တို့ကို မူလတန်းမှ ဆဋ္ဌမတန်းထိ ပညာ သင်ပေးသည်။

ဆရာတော်၏ သာသနာပြုခရီး စဉ်သည်လည်း ပြည်တွင်း၌ ဆွမ်းခံ ကြွဒေသများဖြစ်သည့် သန်လျင်ရေနံ မြေစက်ရုံရပ်ကွက်၊ ပုဇွန်တောင် တောင် လုံးပြန်ရပ်ကွက်၊ သာကေတ ရပ်ကွက် များ (တနင်္ဂနွေ နှင့် စနေနေ့များ) ကျောက်တံတားမြို့နယ် ရပ်ကွက်များ (တနင်္ဂနွေ၊ စနေ)လမ်းမတော်မြို့နယ် ရပ်ကွက်များ (တနင်္ဂနွေ၊ စနေ)၊ အလုံ မြို့နယ်ရပ်ကွက်များ (တနင်္ဂနွေ၊ စနေ) တို့ပင် ဖြစ်ပါသည်။

ခရီးရှက် သာသနာပြုသော ပြည်တွင်းခရီးစဉ်များမှာ ပဲခူးတိုင်းဒေသ ကြီး ကျောက်တံတား၊ ဖြူး၊ တောင်ငူ၊ မန္တလေးတိုင်းဒေသကြီး နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဒါးတွင်း၊ မိုးကုတ်၊ ကြပ်ပြင်၊ ရှမ်းပြည် နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း၊ ရှမ်းပြည်နယ် တောင်ပိုင်း ကလော၊ အောင်ပန်း၊ ရွှေညောင်၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ ပင်လုံ၊ လွိုင် လင်၊ နမ့်စမ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာလေ၊ မွန်ပြည် နယ် ကျိုက်ထို၊ ကျိုက္ခမီ၊ မော်လမြိုင်၊ ကျိုက်မရော၊ တနင်္သာရီတိုင်း ထားဝယ်၊ မြိတ်၊ ကရင်ပြည်နယ် မြဝတီ၊ ရခိုင် ပြည်နယ် စစ်တွေမြို့များ ဖြစ်သည်။

ပြည်ပခရီးစဉ်များကို ၂၀၀၉ ခု စတင်ရာ စင်ကာပူ၊ ယိုးဒယား၊ မလေး ရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် ပင့်လျှောက်သော နိုင်ငံများသို့ သွား ရောက်ပါသည်။

ပင့်လျှောက်သော ပြည်ပနိုင်ငံ သား ရဟန်း၊ သံဃာတို့၏ အလိုအရ ပွင့်လင်းရာသီတို့တွင် ယောဂီအင်အား အနည်းဆုံး (၃၀)ဦးခန့်တို့ဖြင့် တစ်ချိန် လျှင် ရက်(၃၀)ခန့် အကြာမျှ ဝိပဿနာ တရားစခန်းဖွင့်ပေးခြင်းဖြင့် ဤရိပ်သာ သို့ တရားဓမ္မ မွေ့လျော်သော ပြည်ပ နိုင်ငံသားများ အမေရိကန်၊ အီတလီ၊ ဂျပန်၊ ဂျာမန်၊ ဗီယက်နမ်၊ စင်ကာပူနိုင်ငံ တို့မှ လာရောက်အားထုတ်ကြပါသည်။

လက်ရှိဆရာတော်သည် အခြေ အနေမဲ့ ဒုက္ခရောက်သူတွေကို ကယ် တင်သော ဒါနပါရမီအားဖြင့် သန်လျင် သဘာဝတရားရိပ်သာအပြင် လှည်းကူး ဘက်၌လည်း အယားတူ ဆောင်ရွက် ခဲ့သည်ဟု သိရပါသည်။ (၆)နှစ်တာ ကာလအတွင်း တည်ဆောက် ပြီးစီးမှု အခြေအနေမှာ ဆံတော်ရှင် လွတ်လပ် ရေးစေတီ၊ အဆောက်အအုံများမှာ ၄လွှာ၊ ၃လွှာ၊ ၂လွှာ၊ ၁လွှာ နှင့် ယာယီ တဲများ အပါအဝင် (၁၄၅)ဆောင် ရှိ သည်။ သံဖရိန် နှစ်ထပ်ဓမ္မာရုံကြီး တစ်ခု နှင့် မျှောတိုင်ထူ ဓမ္မာရုံကြီးတစ်ခု (၂၀၀ KVA Transformation) တစ်ခု၊ ရေသန့် စက်ရုံ နှစ်ရုံ ရှိပါသည်။

လက်ရှိယောဂီစာရင်းမှာ သံဃာ (၂၀၀)ပါး၊ သီလရှင် (၂၂၄)ပါး၊ အမျိုး သား (၆၈၀)၊ အမျိုးသမီး (၁၁၂၂)၊ အလုပ်သမား(၁၅၀) စုစုပေါင်း (၂၃၇၆) ဦး ဖြစ်သည်။ ၎င်းအားလုံးအား ဆရာ တော်မှ ပစ္စည်း(၄)ပါး တာဝန်ယူထား သည်။

ဤသို့ တာဝန်ယူထားနိုင်ခြင်း သည် ဆရာတော်၏ ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာတို့ကြောင့် ပင်ဖြစ်ပြီး ဤသို့ ကယ်တင်နိုင်ရန် အတွက်ကိုလည်း ပြည်တွင်း၊ ပြည်ပ စေတနာရှင်များမှ လှူဒါန်းကြသော ကြောင့်ဖြစ်သည်။

ပြည်ပဆို၍ မလေးရှားနိုင်ငံမှ ဆရာတော်အား မြေ (၃) ဧကနှင့် အဆောက်အအုံ (၃)ထပ်ဆောင်အား ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

လက်ရှိ ရိပ်သာ၌ ရောဂါစွဲ၍ ဒုက္ခရောက်နေကြသော ဝေဒနာရှင်များ ကိုလည်း ဆရာတော်မှ တာဝန်ယူ၍ ကယ်တင်စောင့်ရှောက်ထားရာ ဆီးချို၊ သွေးတိုး၊ ပိုလီယို၊ စိတ်ရောဂါ၊ ကင်ဆာ၊ လေဖြတ်၊ သွေးကြောပိတ်၊ ခြေလက် ပြတ်၊ ဆွံ့အနားမကြား၊ ကျောက်ကပ်၊ မျက်မမြင်၊ လူကြီးရောဂါ အပါအဝင် အမျိုးသား (၁၀၇)ဦး၊ အမျိုးသမီး (၂၂၅)ဦး စုစုပေါင်း (၃၆၂)ဦး ရှိနေပါ သည်။

တကယ်တော့ သန်လျင် သဘာ ဝတရားရိပ်သာသည် အခြေအနေမဲ့ အခက်အခဲ ဒုက္ခများနှင့် ကြုံတွေ့၍ လက်လှမ်းမမီနိုင်သော အားကိုးရာမဲ့ သူများအဖို့ နောက်ဆုံးသော ဘဝ အရှုံး ထဲကပင် အမြတ် ထုတ်ယူ၍ ရသော နေရာပင် ဖြစ်ပါသည်။

လူမျိုးမရွေး ဘာသာမရွေး၊ အယူအလတ် အမြတ်မရွေး၊ ကြီး ငယ်မဟူ ရွေးပယ်ခြင်း မရှိ၊ လူဦးရေ ကန့်သတ်ခြင်းမရှိ လာလာသမျှ ဒုက္ခ သည် အပေါင်းတို့အား နေစရာပေး၊ စားစရာကျွေး၊ ဆေးကုသ၊ လောကီ ပညာ၊ လောကုတ္တရာပညာပေး အေး ချမ်းစွာ နေထိုင်ရေးအပြင် သံသရာ ဝဋ်ဒုက္ခမှ လွတ်မြောက်ရာအမှန် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်း တရား မြတ် တို့ကိုလည်း ပေးစွမ်းနေသော ရိပ်သာဖြစ်ခြင်းကြောင့် ရအောင်လည်း လှူကြပါ၊ လှူအောင်လည်း လှူကြပါ။

လှူအောင်လှူခြင်းဖြင့် သံသရာ ၌ ခံသာပေလိမ့်မည်။ ရအောင် ယူနိုင် လျှင်တော့ သံသရာ ဝဋ်ဒုက္ခက လွန် မြောက်နိုင်ပါလိမ့်မည်။

သို့အတွက်ကြောင့် ရောက်ရှိပြီး သော ယောဂီအပေါင်းတို့သည် နေစရာ အသင့်၊ စားစရာ အသင့်၊ ဆေးကုသစရာ အသင့်၊ နာရေးမှာ၍ အသင့်ဖြစ်နေ ခိုက်တွင် မိမိဘဝ အာမခံချက်ရှိ အောင် တရားဘာဝနာကို ကြိုးစား အားထုတ်ခြင်းဖြင့် အချိန် အကျိုးရှိစွာ အသုံးချနိုင်ကြပါစေလို့သာ။

နိဗ္ဗာန ပစ္စယော ဟောတု။

❒ အောင်ယဉ်လှိုင်း(ဟသ္သာတ)



www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားထူးခြော်
# ရှင်မာလဲဘုရားပွဲတော်

ငဝင
ရန်နိုင်

(၁၂၆၃)ခုနှစ်တွင် သာစည်မြို့ [illegible] တည်သည်။

နောက် (၈)နှစ်အကြာ (၁၂၇၁ [illegible])တွင် ရှင်မာလဲဘုရားကို တည် [illegible]

သာစည် ရှင်မာလဲဘုရားကို [illegible] ဦးဖိုးရုံးဘုရားဟု လူသိများ [illegible] တကယ်တမ်း ဘုရားဒကာက [illegible]ဒေါ်မှည့်၊ မျက်မမြင်ဒုက္ခိတ။ [illegible]တွင် ရှိရှိသမျှ ပစ္စည်းများကို [illegible]သူ အမိန့်တော်ရရှေ့နေ ဦးဖိုး [illegible] ထုခွဲရောင်းချ၍ ဒေါ်မှည့်၏ [illegible] ဘုရားတည်ပေးခြင်းသာ။

သေလျှင် သေရွာသို့ မပါသော [illegible] ဥစ္စာရတနာတို့ကို ရက်ရောစွာ ထုခွဲ လှူဒါန်းခဲ့ကြပုံက ဘုရားဒကာ မောင်နှမအပေါ် အားကျဖွယ်၊ တရားရဖွယ်၊ ဂုဏ်ယူ လေးစားဖွယ်။ ရှင်မာလဲဘုရားအား ကြည်ညိုချိန်တိုင်း မမြင်ဖူးလိုက်သော ဘုရားဒကာများအား အာရုံပြုမိသည်။ စိတ်ထဲတွင် မမေ့မပျောက် စွဲစွဲမြဲမြဲ။

သီဟိုဠ်ခေတ် ရှင်မာလဲအမည်ရှိသော ရဟန္တာတစ်ပါး တာဝတိံသာနတ်ပြည်သို့ကြွ၍ စူဠာမဏိဘုရားကို ဖူးမြော်သည်။ အဆိုပါ အထိမ်းအမှတ်ကို ယူ၍ စူဠာမဏိပုံစံ တည်သည်။ ပထမအာလိန်ကို နဂါးစောင့်သည်။ ဒုတိယ အာလိန်ကို ဂဠုန်စောင့်သည်။ တတိယအာလိန်ကို ကုမ္ဘာဏ်စောင့်သည်။ စတုတ္ထအာလိန်ကို ယက္ခစောင့်သည်။ ပဉ္စမအာလိန်ကို လောကပါလ စတုမဟာရာဇ်နတ်ကြီးလေးပါးစောင့်သည်။ အရုပ်ငါးမျိုးပ ၁င်သော အာလိန်ငါးဆင့် သရုပ်ဖော်ထားသည်။

ရှင်မာလဲဘုရား ဟုအမည်တွင်သည်။ အမည်တူ ဘုရားတစ်ဆူကို ရေဝတီတိုင်း ဖျာပုံမြို့နယ်တွင် ဖူးတွေ့နိုင်သည်။ သာစည်မြို့တွင်လည်း တစ်ဆူတည်ထား ကိုးကွယ်သည်။ မန္တလေး မဟာမုနိဘုရားကြီး ခြောက်ဘက်စောင်းတန်းအနီးတွင် ရှင်မာလဲဘုရား တစ်ဆူရှိသည်။

စူဠာမဏိစေတီကို နတ်ပြည်ခြောက်ထပ်တွင် နှစ်ထပ်မြောက်သော တာဝတိံသာနတ်ပြည်ဝယ် နတ်များတည်ထားကိုးကွယ်သည်။ ဂေါတမဗုဒ္ဓ တောထွက်စဉ် အနောမာမြစ်ကမ်း၌ ဆံတော်ကို ပယ်တော်မူသည်။ ငါသည် စင်စစ် ဘုရားဖြစ်မည်မှန်မူ ဆံတော်သည် မြေသို့မကျဘဲ အထက်ကောင်းကင်၌ တည်စေသောဟု အဓိဋ္ဌာန်ပြုသည်။ ဆံတော်သည် လေတွင် ပန်းဆိုင်းဆွဲသကဲ့သို့ တည်သည်။

သိကြားမင်းက ရတနာပန်းတောင်းဖြင့် ခံယူသည်။ ဆံတော်ကို ဌာပနာလျက် စူဠာမဏိစေတီကို တည်သည်ဟု မှတ်သားဖူးသည်။

စူဠာမဏိဘုရား ဘွဲ့တော်နှင့်ပတ်သက်၍ စူဠ= သျှောင်ထုံး၊ မဏိ= ဘုရားဟူ၍ အနက်ယူကြသည်။ မြတ်စွာဘုရား၏ ဆံတော်များကို ဌာပနာသည့် အချက်ကို အားပြုရည်ညွှန်းသည်။

ဉာဏ်တော်အမြင့် သုံးယူဇနာဟု ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဆိုသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူစဉ် ဓာတ်တော်များကို ဒေါဏပုဏ္ဏားဝေငှသည်။ ပုဏ္ဏားက ဦးရစ်ကြား၌ လက်ယာစွယ်တော်ကို ဝှက်ထားသည်။ သိကြားမင်းက လက်ယာညှပ်ရိုးတော်ကို ရလာသည့်ပြင် ပုဏ္ဏားဝှက်ထားသော





www.burmeseclassic.com

www.burmeseclassic.com

စွယ်တော်ကိုပါ ယူလာသည်။ စူဠာမဏိစေတီတွင် ဌာပနာသည်ဟု ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဆိုသည်။

လူ့ပြည်တွင် ပုဂံ၌ စူဠာမဏိစေတီတစ်ဆူ တည်သေးသည်။ နရပတိစည်သူမင်းကြီး ၅၄၅ ခုနှစ်တွင် တည်ထားကိုးကွယ်သည်။ အချို့ကမူ စူဠာမဏိဘုရားအတွင်းရှိ မင်စာကို ကိုးကားလျက် ဘုရား၏ဘွဲ့တော်ကို ဇောတမဏိပတ္တမြားရောင်လျှံဟု ဖော်ပြသည်။

တာဝတိံသာတွင် နတ်တို့ တည်ထား ကိုးကွယ်သည်ဟု ယူဆရသော စူဠာမဏိစေတီတွင် အရိမေတ္တေယျဘုရားလောင်းနတ်သား ရှိနေသည်။ ပုဂံခေတ်လူများအနေဖြင့် စူဠာမဏိစေတီကိုလည်း ယုံကြည်သည်။ အရိမေတ္တေယျဘုရားလောင်းနတ်သားကိုလည်း ဖူးတွေ့လိုသည်။ ထို့ကြောင့် ပုဂံခေတ်ကျောက်စာများမှ မင်းသမီးစိုးမင်း၏ ဆုတောင်း အမျှဝေစာတွင် . .

"ဤအလှူကိုဝ် ခိပင်သသူကာ ငါနှင့်အတူ တုသိတာန္ဒိုက် မျှတ္တည်ပုရှာလောင်နှင့် အကွ

(ဤ- ငါ့အလှူကို ချီးပင့်သသူကား ငါနှင့်အတူ တုသိတာ၌ မေတ္တေယျ ဘုရားလောင်းနှင့်တကွ)

စုလာမနိစေတီနှိုက် လုပ်ကွေ္လည်လျက် အငီအကွ ဖ္လစ်စိယ်သတေ"


(စူဠာမဏိစေတီ၌ လုပ်ကျွေးလျက် အညီတကွ ဖြစ်စေသတည်း)

ကိုယ်တိုင် ဘုရားဖြစ်ခွင့်မရလျှင်ရှိစေ၊ အရိမေတ္တေယျဘုရားအလောင်းနှင့် နတ်သားဘဝ အတူတကွ နေခွင့်ရခြင်းသည် ပုဂံသားတို့အဖို့ ပြင်းပြသော ဘာသာရေးဆန္ဒ တစ်ခု။

- မြန်မာစာပေနယ်တွင် ရှင်မာလဲပျို့တစ်စောင် ရှိခဲ့ဖူးသည်ကိုလည်း သတိရသည်။

✿

ရှင်မာလဲကို မလယထေရ်ဟု ခေါ်သည်။ မလိယမဟာဒေဝမဟာထေရ်ဟုလည်း ခေါ်သည်။ ထိုမထေရ်



လက်သစ်လှော်ကားတော်ကြီး

သည် လေနာရောဂါထစဉ် စူဠကလ္လဏ္ဍသား ဥပါသကာထံတွင် မှီဝဲရန် ဆေးရှိသဖြင့် အလှူခံသည်။ ဥပါသကာက ဆေးကို ကျိုချက်နေစဉ် မထေရ်က တာဝတိံသာရှိ စူဠာမဏိစေတီတော်အား ဖူးမြော်ရန် သွားသည်။ ဥပါသကာကိုပါခေါ်ဆောင်သွားသည်။ မေတ္တေယျဘုရားအလောင်းတော်နှင့် ဆုံတွေ့သည်။ အလောင်းတော်က ဥပါသကာအား နတ်ပုဆိုးတစ်စုံပေးလိုက်သည်ဟု ဝတ္ထုက ဆိုသည်။ အပြန်ခရီးတွင် ဆေးယာဂုကို ဘုဉ်းပေးသဖြင့် လေနာရောဂါ ပျောက်ကင်းသည်။

မေတ္တေယျ ဘုရားအလောင်းတော် နတ်သား၏ အမှာစကားကြောင့် ရှင်မာလဲမထေရ်သည် တန်ဆောင်မုန်းလပြည့်နေ့တိုင်းတွင် ဝေဿန္တရာဇာတ်တော်ကို ဂါထာပိုဒ်ရေ တစ်ထောင်ဖြင့် ဖွဲ့ဆိုလျက် ပူဇော်ဟောကြားတော်မူသည်။ ထိုအစဉ်အလာကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ထိုနေ့တွင် သစ်သီးတစ်ထောင်၊ ပန်းတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းဆုပ် တစ်ထောင်၊ ဆီမီး တစ်ထောင်၊ တံခွန် တစ်ထောင် စသည်ဖြင့် လှူဒါန်းလေ့ရှိကြသည်။ ထိုပွဲတော်ကို ထောင်ပြည့်ပွဲတော် ဟုလည်း ခေါ်ဆိုကြသည်။

သစ်သီး၊ ဆွမ်း၊ ပန်း၊ တံခွန်၊ မုန့် စသည့် လှူဖွယ်အရေအတွက် တစ်ထောင်စီကို လှော်ကားလှေတော်သဏ္ဌာန်ပြုလုပ်၍ ဆွမ်းတော်ကြီးတင် လှူဒါန်းကြသည်၊ လှော်ကားဆိုသည်မှာ လက်သစ်လှော်ကားတော်ကြီးနှင့် လက်ရွေးကြီးလှော်ကားတော်ကြီး တို့ဖြစ်သည်။ ပုံများ ဖော်ပြထားပါသည်။

လှော်ကားလှေတော်ကို သုံးရခြင်း၏ အနက်အဓိပ္ပာယ်မှာ . . .

"မဂ္ဂင်လှေကြီး တက်၍စီးကပြည်ကြီးခေမ၊ မြဲတံနိဗ္ဗာန်သို့ အမှန်ထုတ်ချောက်၊ ခရီးပေါက်လိမ့် ဟူသည့် အထိမ်းအမှတ်ကို ဆောင်ယူခြင်း ဖြစ်သည်။ လှော်ကားလှေတော်ကြီးများဖြင့် ပူဇော်ခြင်းကြောင့် လှော်ကားပွဲတော်ဟုလည်း ခေါ်ဝေါ်ကြသည်။

ထို့ကြောင့် ထိုပွဲတော်ကို . . (၁) ရှင်မာလဲပွဲတော်ဟူ၍ လည်းကောင်း (၂) ထောင်ပြည့်ပွဲတော်ဟူ၍ လည်းကောင်း (၃) လှော်ကားပွဲတော်ဟူ၍လည်းကောင်း အမည်သုံးမျိုးဖြင့် ခေါ်ဆိုကြသည်။

လှော်ကားပွဲတော်ကို အထူးသဖြင့် ရေလမ်းခရီးရှိသော နယ်မြေဒေသများတွင် ကျင်းပလေ့ရှိသည်။ အမှန်တကယ် လှော်ကားလှေသဏ္ဌာန်ပြုလုပ်လျက် ရေတွင်မျှော၍ ဆွမ်းတော်ကြီး တင်ကြသည်။ ကုန်းလမ်းဒေသများတွင်မူ ကားများကို လှော်ကားပုံသဏ္ဌာန် အလှဆင်လျက် လှည့်လည်ပူဇော်ကြသည်။

သာစည် ရှင်မာလဲဘုရားတွင် မြို့နယ်လုံးကျွတ် ဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိသည်။ ရပ်ကွက်အလိုက် အသင်းအဖွဲ့အလိုက် လှူဒါန်းသော ပဒေသာပင်များကို ရှင်မာလဲဘုရားတွင် စုစည်းသည်။ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်လက်လှူဒါန်းပေးသည်။ မြန်မာတို့၏ ပဒေသာပင်အလှူ ဆိုသည်မှာ စုပေါင်းဒါနဖြစ်သဖြင့် မြို့နယ်လုံးကျွတ် ပါဝင်ဆင်နွှဲလေ့ ရှိကြသည်။ စုပေါင်းဘုံကထိန်ဟု ခေါ်ဆိုရခြင်းအကြောင်းဖြစ်သည်။

မြန်မာတို့၏ ဆယ်နှစ်ရာသီပွဲတော်တွင် တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီ၌ ကထိန်သင်္ကန်းကပ်လှူပွဲ၊ ဆီမီးတန်ဆောင်ထွန်းညှိပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပွဲနှင့် ရှင်မာလဲပွဲတော်ကိုပါ တစ်ပြိုင်နက် ကျင်းပလေ့ရှိကြသည်။

ထိုအကြောင်းကို ရှေးဟောင်းမြန်မာစာပေများတွင် ဤသို့ ရေးဖွဲ့ကြသည်။ "ဤစာတစ်မျှင်၊ အကြမ်းပြီးလစ်၊ သတ္တရာဇ်ကား၊ တစ်နှစ်ရှစ်လေး၊ စဉ်သင့်ရေးလိမ့်၊ ရှေးပေါ်ရာဇာ၊ သရဒခေါ်တုန်း၊ တန်ဆောင်မုန်းဝယ်၊ လူမုန်းတတ်ကြ၊ ကျီးခေါ်ကြသား၊ ကာကသတ္တဝါ၊ တာရာထိန်ဆဲ၊ ကထိန်ပွဲလျှင်၊ ရှင်မာလဲပွဲ၊ ပွဲကြီးသုံးဖြာ၊ ကြုံကြိုက်ပါသိမ့်"

သီဟိုဠ်ကျွန်း ကုရောဒဇနပုဒ်တွင် သီတင်းသုံးတော်မူသော ရှင်မာလဲထေရ်ကိုအကြောင်းပြုသည်။ ရှင်မာလဲထေရ် လူ့ပြည်သို့ ပြန်လည်ကြွလာသည်ကို ကြိုဆိုသော အဓိပ္ပာယ်ဖြင့် တန်ဆောင်တိုင် မီးထွန်းပွဲ၊ မြင်းမိုရ်ပွဲတို့ကို ကျင်းပကြသည်။

ပျဉ်းမနားမြို့တွင် နှစ်ကိုးရှစ်ဆူဘုရားလှည့်လည်ပွဲ စည်ကားသကဲ့သို့ ... စည်တွင်လည်း သီတင်းကျွတ်လ ... တန်ဆောင်တိုင်လက ပိုမို၍ ခြိမ့်... သဲ သိုက်သိုက်မြိုက်မြိုက်။ သာ... မြို့နယ်လုံးကျွတ် ဘုံကထိန် သက်... သည် ၁၉၇၃ ခုနှစ်တွင် (၅၂)နှစ် ... တိုင်ခဲ့လေပြီ။

✿

လွန်ခဲ့သော ဆယ်စုနှစ် သုံးစုကျော်က သာစည် ရှင်မာလဲဘုရားပွဲတော်၏ လှုပ်ရှားမှု ပုံရိပ်များကို လှမ်းမျှော်မိသည်။

ပွဲတော် မတိုင်မီကတည်းက ရပ်ကွက်တိုင်းလိုလို ကြိုတင်ပြင်ဆင်ကြသည်။ အကဆရာများနှင့် ဆက်သွယ်ကြသည်။ အကနည်းပြကို အချိုး မန္တလေးအထိ တက်ရောက် ငှားရမ်းသည်။ သူများထက်သာလိုသောစိတ်၊ အနိုင်ရလိုသော ဆန္ဒ၊ ယိမ်းအဖွဲ့အတွက် လူစုကြသည်။ တပင်တိုင်နှင့် ယိုးဒယားကပြမည့်သူကို ရွေးချယ်ကြသည်။

ဆိုင်းအဖွဲ့နှင့် စကားပြောကြသည်။ စာချုပ်ကြသည်။ တစ်ဖက်ကလည်း ရန်ပုံငွေ စုဆောင်း။ အလှပြယာဉ်အတွက် ရပ်ကွက်ထဲမှ ကားပိုင်ရှင်တို့ ခေါင်းမရှောင်နိုင်ကြ။ ကားအတွက် ငှားရမ်းခ မသေချာ။ ဓာတ်ဆီပါ စိုက်ပေးကြရန် ပြင်ထားရသည်။

သည်ပွဲက ရပ်ကွက်ချင်း အဖွဲ့အစည်းချင်း အပြိုင်အဆိုင်။ အနိုင်မခံ အရှုံးမပေးကြသည့်ပွဲ။ သူ့ထက်ငါ သာမှဖြစ်မည်။ လူများ၏ သဘာဝကလည်း တစ်မျိုး။ အစပိုင်းတွင် သွေးက ခပ်အေးအေး။ မလုပ်ချင်သလိုလို။ မပါဝင်ချင်သလိုလို။ သို့သော် တစ်နေ့ရာရာမှ ဆိုင်းသံ ဗုံသံကလေး ကြားလိုက်သည်နှင့် မနေနိုင်တော့။ စိတ်က မရိုးမရွ။ ခြေလှုပ်ချင်သလိုလို လက်လှုပ်ချင်သလိုလို။ အပြေးအလွှား စုစည်းမိကြသည်။

မည်သည့်ရပ်ကွက်က မည်သည့် အမျိုးအစား ပါဝင်မည် စသဖြင့် စနည်းနာကြသည်။ အချက်အလက် စုဆောင်းကြသည်။ မိမိတို့က မည်သည့်ယိမ်း မည်သည့်ပုံစံ ပါဝင်မည်ကို ကြံဆ ဆုံးဖြတ်ကြသည်။

ရှင်မာလဲသဘင်ပွဲတွင် ကလေးများသာမက လူကြီးများပါ လှုပ်လှုပ်ရှားရှား။ လူကြီးဆိုရာ၌ ရပ်ကွက်လူကြီးများသာမက မြို့နယ်လူကြီးများပါ အငြိမ်မနေကြရ။ ဗဟိုမဏ္ဍပ်အတွက် ကြိုတင် စီစဉ်ကြရသည်။ စုရပ်များ သတ်မှတ်ပေးရသည်။ အစီအစဉ်များ ညှိနှိုင်းကြသည်။ ဆုများစုဆောင်း အလှူခံကြရသည်။ ပြိုင်ပွဲဝင်တို့အတွက် ကုန်ကျစရိတ် အနည်းအကျဉ်း ကာမိစေလိုသည်။ ဆုရသည် ...က်ပြခံရသည်ကို အထူးသဖြင့် တပ်မက်ကြသည်။

ဦးစွာ ရှင်မာလဲဘုရားသို့ ပဒေသာပင်များ ပေးပို့သည့် အစီအစဉ်။ အလှအပ အကပဒေသာဖြင့် စတင်သယ်ဆောင်ကြသည်။

ထို့နောက် ဗဟိုမဏ္ဍပ်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အလှည့်မကျမီ စုရပ်များတွင် ကပြဖျော်ဖြေကြသည်။

လျှပ်စစ်မီးမြို့တော်မှ တစ်မြို့လုံး လမ်းပေါင်းစုံ ရပ်ကွက်တကာ လင်းလင်း ထိန်ထိန်။ အဝေးက်တန်းကျောင်းများကလည်း ပါဝင်လာသည်။ ကျောင်းများက ငွေကြေးအင်အား လူအင်အားအတောင့်တင်းဆုံးအဖွဲ့။ ယိမ်းအဖွဲ့ဆိုလျှင် အရွယ်ညီမင်းသမီး လိုသလောက် ရနိုင်သည်။ ကချင်သက အများသား။ ယိမ်းအဖွဲ့တွင် ပါဝင်ခွင့်သာ ရပါစေ။ မိဘများက ဝတ်စုံအတွက် တာဝန်ယူပြီးသား အဆင်သင့်၊ သားသမီးများ မျက်နှာမငယ်စေရ။


ထို့ကြောင့်လည်း အကြီးယိမ်း။ အငယ်ယိမ်း၊ ယောကျ်ားကလေးယိမ်း ထွက်လာသည်က ပြည့်ပြည့်စုံစုံ။ သူတို့ချင်းလည်း အားကျမခံ။ အကနည်းပြဆရာချင်းလည်း အပြိုင်အဆိုင်။ အကလေ့ကျင့်ချိန်လည်း ...ရသည်။ ဆရာဆရာမများက အမောခံပြီးကြိမ်းကြိမ်း။ ခြေကျ လက်ကျ မညီသွက်မချင်း အိမ်မပြန်ရ။ ကလေးများကလည်း အိမ်မပြန်လို။ ကနေရသည်ကို ပျော်နေကြသည်။ ကျေနပ်နေကြသည်။

ရပ်ကွက်အလိုက် အသင်းအဖွဲ့အလိုက် အကအခုန် ဗေးသရုပ်ဖော်များ ထေးဂီတဝိုင်းများဖြင့် မြို့တွင်းသို့ လှည့်လည် ကပြကြသည်၊ ကားများကိုလည်း အလှဆင်ကြသည်။ ကပြမည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဒွေးကြီးလှော်ကားတော်ကြီး

သူများကိုလည်း အလှပြင်ကြသည်။ ထိုနေ့တွင် တစ်မြို့လုံး မွှေးမွှေးကြိုင်ကြိုင် သန့်သန့်ရှင်းရှင်း လှလှပပ။

မြို့သူမြို့သားများက ဖျော်ဖြေရေးစုရပ်များတွင် စောင့်ဆိုင်းကြည့်ရှုကြသည်။ ကလေးသူငယ်များသည် နေ့လယ်ခင်းကတည်းက ဟန်ရေးတပြင်ပြင်။ ထိုနေ့အဖို့ မိဘများက မည်သို့မျှ ခိုင်း၍မရ။ သူတို့ ရှင်မာလဲဘုံကထိန်ပွဲတော်တွင် ဆင်နွှဲပျော်ရွှင်လိုကြသည်။

အချို့က အလှ အကယာဉ်များ နောက်မှ တကောက်ကောက်။

ကာလသား ကိုလူပျိုတို့ ပျော်ကြပါးကြ နောက်ကြ ပြောင်ကြ၊ ပေါးလားဝါးလား။ ကာလသမီး အပျိုမကလေးများက ဟန်ရေးတပြပြ အမူပိုကြသည်။ ကလူကျီစယ်ကြသည်။ အချို့က အစအနောက်သန်သည်။ ကပြမည့်သူများသို့ စာရွက်ခေါက်ကလေးများဖြင့် ပစ်ကြ ခတ်ကြသည်။

အချို့က သားရေကွင်းဖြင့် ပစ်သည်ကို ဘေးမှ စောင့်လျက်လိုက်ပါလာသော ကြီးကြပ်သူ လူကြီးများနှင့် ပက်ပင်းတိုးလျှင် မလွယ်။ အဆင့်မသင့်လျှင် ရဲစခန်းသို့ရောက်တတ်သည်။ ထိုညအတွက် မပျော်ရွှင်ရလျှင် အလွန်ပင်နစ်နာလှသည်။

ထိုညတွင် သာစည်သားတို့ အိပ်ရေးထုံးစံမရှိကြ။ တစ်ညလုံး အက အလှ ဖျော်ဖြေပွဲများကို အားရပါးရ ကြည့်ကြသည်။ အားပေးကြသည်။ ရပ်ကွက်အလိုက် ကပြသူများ ပြန်အလာ ရပ်ကွက်လူကြီးများက စားစရာများ ချက်ပြုတ်၍ ကြိုဆိုကြသည့် အပျော်စားပွဲများကလည်း ရပ်ကွက်တိုင်းအတွက် မမောနိုင် မပန်းနိုင်။

တစ်ညလုံး လှုပ်လှုပ်ရှားရှား ကကြ ခုန်ကြသည်မှာ ပင်ပန်းလှသည်။ ဗဟိုမဏ္ဍပ်မှ ဆုစာရင်းလည်း ကြေညာပြီးချိန် ဆုရရှိသူတို့ အောင်ပွဲခံကြသည်။ ဝမ်းသာအားရ အော်ကြ ဟစ်ကြ ကြွေးကြော်ကြ။ တစ်လမ်းလုံး ဆူဆူညံညံ။ အိပ်ပျော်နေသူတို့ပင် ခေါင်းထောင်ထစေသည်။ သို့သော် မည်သူကမျှ စိတ်မဆိုး။ ဝိုင်းဝန်းဝမ်းသာပေးကြသည်။

ကပြသူတို့ အမောပြေ စားသုံးကြသည်။ စတုဒီသာပွဲကဲ့သို့ မဖိတ်သော်လည်း ဝင်ရောက်စားသုံးနိုင်သည်။ ပျော်လည်း ပျော်စရာ။ သည်ပွဲတွင် ဖူးစာရှင် ရသွားသူတို့လည်း အနမတဂ္ဂ။ သာစည်သူ သာစည်သားတို့ မမေ့နိုင်စေသော အစဉ်အလာ။ အလွမ်းပိုစေသော ရှင်မာလဲပွဲတော်သဘင်။

သာစည်နယ်မှ အနုပညာ လှုပ်ရှားမှုများက ရပ်တန့်မနေ။ လွတ်လပ်ရေးနေ့သို့ ဆက်သွားသည်။ ရှင်မာလဲပွဲတော်မှ ဆုရသူတို့ ဆုမရသူတို့ နောက်တစ်ပွဲ နွှဲနိုင်ကြသေးသည်။ ဆို က ရေးတီး ပြိုင်ပွဲက သည့်နယ်တစ်ကြောတွင် ခေတ်စားသည်။ မလှိုင် ဝမ်းတွင်း မိတ္ထီလာ သာစည်မြို့များ ကျင်းပကြသည့် ပြိုင်ပွဲများ။

လုပ်ငန်းတာဝန်အရ အဝေးရောက် သာစည်သားတို့ ဇာတိရပ်ရွာသို့ အမှတ်တရ တမ်းတကြသည့်ပွဲ။ သည်အချိန်ရောက်လျှင် ပြန်ချင်လာသည်။ အချို့ ဇာတိသို့ မဖြစ်မနေ ပြန်လည်လာရောက်ဆင်နွှဲလေ့ ရှိကြသည်။ ထူးထူးခြားခြား စည်စည်ကားကား။ မလာရောက်နိုင်သူတို့ ဖုန်းဆက်ကြသည်။ သတင်းမေးကြသည်။ လေလှိုင်းထဲမှ အပျော်ကူးယူကြသည်။

ရှေးဖြာဟောင်း အောက်မေ့ဖွယ်။ ကျွန်တော်တို့ ငယ်ငယ်က ပုံရိပ်များ။ ဆယ်စုနှစ် သုံးစုခန့် ကျော်လွှားခဲ့သည့်တိုင် မေ့၍မရနိုင်သေး။ တသသ လွမ်းမောရသည်၊ ယခုကာလဆိုလျှင် ပိုမို စည်ကားနေရောမည် ဟူသော အတွေး။ လူငယ်တို့၏ အတွေး၊ လူငယ်တို့၏ တီထွင်ကြံဆမှုများဖြင့် ပိုမိုပြည့်စုံလာမည် အထင်၊

သည်အချိန် သည်ကာလသို့ ရောက်လေတိုင်း စိတ်က ပျံ့ပျံ့လွင့်လွင့်။ အဝေးရောက်နေသူအဖို့ အတွေးတို့ လွင့်ပါးလျက် စိတ်က သာစည်သို့ ပြန်ရောက်နေတတ်သည်။ အခွင့်သာလျှင် ပြန်ချင်သည်၊ ရှင်မာလဲဘုရားပွဲတော်တွင် ပါဝင်ဆင်နွှဲ ပျော်ပါးလိုစိတ်တို့ ထိန်းမရချင်။

❑ ရန်နိုင်

**ကျမ်းကိုး**

(၁) မြန်မာ့စွယ်စုံကျမ်း၊ [အတွဲ (၃) (၈)] (၂) ရွှေဘုံနိဒါန်း၊ [ဇေယျသင်္ချာ] (၁၆၉/ ၁၇၁) (၃) မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း၊ [ပဌမတွဲ] (၄) သာစည်မြို့ တိဒ္ဓကမရ အောင်မြင်ခြင်းမှတ်တမ်း၊ [ဆရာတော် မာဂဓိ (သာစည်)] (၅) ပုဂံခေတ်မြန်မာစာ၊ [စောလူ] (၆) မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု၊ [ဒဂုန်ဦးထွန်းမြင့် တည်းဖြတ်သည်] (၇) ရှင်မာလဲဘုရားဂေါပက ဥက္ကဋ္ဌ၏ ဆွေးနွေးချက်များ [ဦးတင်ဆွေဝင်း (သာစည်)]



www.burmeseclassic.com

www.burmeseclassic.com



# အဌမအောင်မြေမှ လက်ပံအိုင့်သို့

ထူးအောင်(မန္တလေး)

ပုပ္ပားမြို့ကိုရောက်တော့ မိုးတွေ ညို့နေတယ်။ တောင်ကလပ်ကို တိုက်ရိုက်ရောက်တဲ့ကားတွေက ဒီနေ့မထွက်တော့ ပုပ္ပားဘက်က လှည့်လာခဲ့ရတာ ဖြစ်တယ်။ တောင်တွေကို ကွေ့ပတ်တက်ခဲ့ရတာဆိုတော့ တောင်ပေါ်မြို့ သိုလို၊ ရှမ်းပြည်နယ်ထဲ ရောက်ရှိနေသလိုလို စိတ်ထဲမှာ ခံစားနေမိတယ်။

တောင်ကလပ်ကိုကား တိမ်တွေ လုံခြုံစွာ ဝှက်ထားနိုင်တယ်။ ပုပ္ပားတောင်မကြီးကတော့ တိမ်ထုတွေ မြူတွေ စေ့ဆိုင်းထားပေမယ့် လုံခြုံအောင် ထောက်နိုင်ရှာဘဲ လောကကြီးကိုဦးခေါင်း မော့ကြည့်သလိုပဲ။ တစ်နေ့တခြား ကျဲပါးလာနေတဲ့ သစ်ပင်တွေကိုမိုးရေဝအောင် သောက်နိုင်တော့လို့ သက်ပြင်းမောတွေ ချနေတာနဲ့ တူပါရဲ့။

ပုပ္ပားတောင်ကလပ် အခြေကို ရောက်တော့ အချိန်ပိုင် အတော်လင့်ပြီ။ အာဂန္တု စာရင်းပေးပြီးတော့ အဆောင်ရတော့ ပစ္စည်းထားပြီး တောင်ကလပ်ပေါ်ကို အချိန်မီတက်ခဲ့ကြတော့တယ်။

တောင်ပေါ်ကိုရောက် အတက်လမ်းမှာ ခရီးသည်တို့ကို ဈေးသည်တို့ရဲ့ အတင်း ဈေးရောင်းတာ၊ မျောက်ကလေးတွေရဲ့ ဆောင့်ကြွားကြွား မာန်ဖီသံ၊ ခရီးသည်တွေရဲ့ လက်ထဲက အစာတွေကို အပေးမစောင့်တော့ဘဲ အတင်းလုယူ ထွက်ပြေးကြတော့တယ်။ ထိုမြင်ကွင်းတွေကို ဥပေက္ခာပြုပြီးတော့ သဘာဝအလှ ခံစားနိုင်ဖို့ ပုပ္ပားတောင်မကြီးကို ကြည့်လိုက်တော့ ဖြူလွလွ စောင်မြိုးခြုံအောက်မှာ ကွယ်နေရလို့ နေပါတယ်။

အသင့်ပါလာတဲ့ ကင်မရာကို မျောက်ကလေးတွေရဲ့ အစာထင်မှတ်ပြီး လုမယ့်ရန်မှ ကာကွယ်ရင်း တောင်ပေါ်က သဘာဝရှုခင်းတွေကို စိတ်ရှိသလောက် မှတ်တမ်းတင်ဖြစ်လိုက်တယ်။ မိုးဦးက ကောင်းစွာရွာထားတဲ့ မိုးရေကြောင့် အညာရှုခင်းဟာ မှိုင်းပျပျနဲ့ လှပလို့ နေပါတယ်။ မြူရိပ် မြူခိုးတို့က တောင်ကလပ်အောက်ရောက်နေတော့ အညာနဲ့ တောင်ပေါ်ဒေသဟာ ခွဲခြားမရတော့ပါ။ တောင်ပေါ်ဒေသတွေဟာလည်း တောင်ကတုံးတွေ ဖြစ်ကုန်ပြီ မဟုတ်လား။


အင်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဗျတ္တတို့ မယ်ဝဏ္ဏတို့ခေတ်မှာ ဒီနေရာ ဘယ်လောက်လှပလိုက်လေမလဲ။ တောင်ကလပ်ကို အမှတ်တမဲ့ ဖြတ်သန်းပြီး အမိကသွားနေမယ့် အဌမအောင်မြေ ခရီးဆက်ရဦးမယ်။

ပုပ္ပားကို နောက်လာဦးမယ်ဆိုတဲ့ ချွေးသိပ်အငွေ့နဲ့ ထားရစ်ခဲ့ပြီး မနက်စောစောထွက်တဲ့ ကျောက်ပန်းတောင်းကားကို စီးခဲ့တယ်။ ဆည်ပေါက်ရွာမှာ အဌမအောင်မြေသို့ မြားပြထားတဲ့ ဆိုင်းဘုတ်မှ ဆင်းခဲ့တယ်။





အဌမ အောင်မြေမှ ဦးပဉ္ဇင်း

www.burmeseclassic.com



မှန်ကင်းတောင်စေတီတော် (ရှေးဘုရား) အဋ္ဌမအောင်မြေ



ရပ်တော်မူဘုရားကြီး

ဆည်ပေါက်ရွာ ဆိုတာ တစ်ချိန်က နာမည်ကျော် ပန်းမြိုင်လယ်က ဥယျာဉ်မှူး ရုပ်ရှင်ရိုက်ခဲ့တဲ့ နေရာ၊ ရွာထဲက ဖြတ်အလာ ကျော်ဟိန်း၊ နေအောင်တို့ရဲ့ ပုံရိပ်တချို့ထင်လာဆဲ။

ဆည်ပေါက် ညောင်ကန်ရွာတွေ ဆိုတာ သီဟတင်စိုးရဲ့ ဂျပန်တော်လှန်ရေးကားတွေ သန္ဓေတည်ခဲ့တဲ့နေရာ။ ဒါရိုက်တာ တော်တော်များများရဲ့ ရိုက်ကွင်း စားကျက်ကောင်းတစ်ခု ဆိုလည်း မမှားဘူး။ ဆွမ်းခံ ဆွမ်းဗျပ်ထမ်းတဲ့ ကျောင်းသားကြီးသည်ပင် ရုပ်ရှင်ဇာတ်ကားထဲမှာ လူကြမ်းမင်းသား လုပ်ခဲ့ဖူးသူ။

ဆည်ပေါက်၊ ညောင်ကန်ရွာသူရွာသားတွေဟာ ဝါသနာပါက ရုပ်ရှင်ရိုက်ကွင်းတွေမှာ ဆိုက်သုံး၊ တစ်နေ့တစ်ထောင် နေ့စားနဲ့ လုပ်ကြတယ်။ ရုပ်ရှင်ထဲမှာ သူတို့ဘဝတွေဟာ မင်းသားက ထိုးလိုက်၊ မင်းသမီးက ပါးရိုက်လိုက်၊ သေလိုက် ရှင်လိုက်။ စုံရောပဲ။

ဒီနေ့ ဆွမ်းခံလာရင် သဲချောင်းလေးကိုအဖြတ် ဒီနေရာက ရန်ပါစခန်းချထားတဲ့နေရာ။ ရွာထဲဝင်တော့ ရွာလယ်ကောင်လမ်းအိုလို ချောက်ကမ်းပါးကြီး ဖြစ်နေတဲ့ နေရာမှာကျတော့ ဓားပြတိုက်တဲ့ နေရာတဲ့၊ စုံနေအောင် ရှင်းပြရှာတယ်။

ရွာထဲထိုင်အိမ်ကိုရောက်တော့ နဝမအောင်မြေက ဦးဇင်းတောင်ရောက်နေပြီ။ ထိုဆရာတော်ဆီမှာ အရင်က ပုပ္ပယးသမိုင်းစာအုပ် အပောင်းကိုမေးတော့ ရန်ကုန်က ဒကာတွေ ငှားသွားတယ်ဟု သိရတော့ အစပြတ်ပြီပေါ့။

ပုပ္ပားနဲ့ပတ်သက်ပြီး အောင်မြေကိုးဌာနရှိခဲ့တယ်။ အောင်မြေ ကိုးဌာန အကြောင်းကတော့ မဂ္ဂဇင်းတွေမှာ စာရေးဆရာတွေ ရေးသွားခဲ့ကြပြီး နဝမအောင်မြေမှာ ပုဂံခေတ် ဇေယျသိင်္ခမင်း တည်ခဲ့တဲ့ ဘုရားနဲ့ ရှေးဟောင်းသိမ်ရှိခဲ့တယ်။ အဋ္ဌမအောင်မြေနဲ့ နဝမအောင်မြေဟာ နှစ်မိုင်လောက်ပဲ ဝေးတယ်။


အဋ္ဌမအောင်မြေ ဌာနဟာ ဆရာတော် ဦးသာသန သက်တော် (၈၃)နှစ် အရွယ်တော်ကြီးရှင့်နေပေမယ့် သာသနာ့ အဆောက်အအုံတွေဖြစ်တဲ့ တရားထိုင်ဂူ (၁၃)လုံး၊ ကမ္မဋ္ဌာန်းကျောင်း၊ တရားထိုင်ဓမ္မာရုံ၊ ထိုင်တော်မူ၊ ရပ်တော်မူ လျောင်းတော်မူ ရုပ်ပွားတော်ကြီးတွေဟာ အဝေးကပင် လှမ်း၍ ဖူးမြင်နိုင်တယ်။ အဋ္ဌမအောင်မြေဟာ ဒါကြောင့်ပင် ရပ်ဝေး ရပ်နီးမှ စိတ်ဝင်စားလာကြတယ်။ တစ်နှစ် (၂)ကြိမ် တရားစခန်းပွဲများ ကျင်းပနိုင်ခဲ့တယ်။

အောင်မြေဆိုတာ ဘိုးတော်အောင်မင်းခေါင်ရဲ့ အဓိဋ္ဌာန်အောင်မြေလား၊ အရင်ကတော့ အောင်မင်းခေါင်ရဲ့ အောင်မြေလို့ ထင်ထားခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်ပေါက်ပေါ်တယ်

အမြဲနေ ပုဂ္ဂိုလ်တွေ မေးကြည့်တော့မှ အောင်မြေဆိုတာ မယ်ဝဏ္ဏရဲ့ အောင်မြေတစ်ခုလို့ ဆိုကြတယ်။

မယ်ဝဏ္ဏာဟာ ကိုးဌာနမှာ သစ္စာပြု တရားကျင့်ခဲ့တဲ့ နေရာတွေဟု ဆိုကြတယ်။ အဌမအောင်မြေ (သို့) မှန်ကင်းတောင် မှန်ရာကိုခင်းပြီး သစ္စာဆိုတဲ့တောင်၊ ဒါကြောင့် အဌမအောင်မြေမှာ သစ္စာဆို အမိဋ္ဌာန်ဝင်ရင် အောင်မြင်တယ်လို့ ယုံကြည်ကြတယ်။

အဌမအောင်မြေမှာ ပုဂံခေတ်က ရှေးဟောင်းစေတီတစ်ဆူ ရှိတယ်။ ဆုတောင်းပြည့် မှန်ကင်းတောင် စေတီတော်မြတ်။

“ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား၊ ဓာတ်ကောလီစုတယ် နူးတော့အများ” ဆိုတဲ့ စာကို တွေ့ရတယ်။

အဌမအောင်မြေနဲ့ ပတ်သက်လို့ ထူးခြားတဲ့ ဖြစ်စဉ်တွေ ရှိ၊ မရှိ ဆရာတော် ဦးသာသန မေးလျှောက်ကြည့်တော့ ဆရာတော်က ဦးဇင်းကြီး ဦးဘော်ရွှေကို ညွှန်ပြတယ်။ သူက ဤနယ်သားဖြစ်တာကိုး။

ဦးသာသန အရင်က ဤနေရာဒွင် သံဃာမမြဲခဲ့ပေ။ အနေအထိုင်ဆင်းရဲပင်ပန်းတယ်။ ဆွမ်းခံရွာကိုကတော်တော်ဝေးတယ်။ တော်ရုံ ဖွဲ့သတ္တိဖြင့် မနေနိုင်ကြပေ။ နေရာကလည်း ကြမ်းတယ်လို့ နာမည်ကြီးခဲ့တယ်။

မြွေတွေပေါ်တယ်။ ပျားတွေ ကျောက်တုံးတွေမှာ စွဲနေတာ တော်တော်များတယ်။ အလျား ၁တောင်ကျော်လောက်ရှိတဲ့ ဆင်လိပ်ပြာကြီး ၂ကောင် ပျားရည်လာစုပ်ပြီးတဲ့နောက် ပျားအုံးတွေ မရှိတော့ပေ။

ရှေးက ပြဒါးရှင်လုံးတစ်လုံးဟာ စိမ်းပြာပြာ အရောင်နဲ့ သပိတ်လုံးလောက်ရှိတယ်။ ကြက်မောက်တောင်၊ သီလတောင်၊ မှန်ကင်းတောင်တွေမှာ လှည့်၍နေရာပြောင်းနေတာကို ညောင်ကန်၊ ကျောက်ပန်းတောင်တို့ဆီကနေ မြင်ကြရတယ်။

နောက်တစ်ခု ထူးခြားတဲ့ ဖြစ်စဉ်တစ်ခုက ပုပ္ပားနားမှာ စခန်းတပ်ရှိတယ်။ အဲဒီက တပ်ကြပ်ကြီးတစ်ယောက်ဟာ ညနေစောင်းပြီး တောပက်ရင် မှန်ကင်းတောင်နား ရောက်လာတယ်။ လှလှပပဝတ်ဆင်ထားတဲ့ အမျိုးသမီးနှစ်ယောက်ကို တွေ့ရတယ်။

သေနတ်ကိုင်ထားတဲ့ ယောကျ်ားတစ်ယောက်ကို မြင်ရပေမယ့် ကြောက်လန့်သွားပုံမရဘူး။ ဒါနဲ့ တပ်ကြပ်ကြီးက ကြောက်လာတာနဲ့ ကာကိုင်နဲ့ ခေါင်းပေါ် ကျော်ပစ်ကြည့်တယ်၊ ထွက်မပြေးတဲ့အပြင် ဟားတိုက်ရယ်တာနဲ့ ထွက်ပြေးခဲ့ရဖူးတယ်။

ဒီနယ်မှာ တခြားထူးခြားတာတွေ များစွာရှိပေမယ့် အင်းစပ်ဆုံး သွားရလွယ်ကူတာကတော့ လက်ပံအိုင်ရွာက ဆရာတော် ဦးစန္ဒမဟာထေရ်ပဲ။ ပျံလွန်တော်မူပေမယ့် မပုပ်ဘူး။ အနှစ် (၆၀)ကျော်ပြီ။ ဒီအတိုင်းပဲ မှန်ခေါင်းသွင်းထားတယ်။ ဖူးမြော်ကြတဲ့သူတွေက ဆုတောင်းရင်လည်း ဆုတောင်းပြည့်တယ် ဘုရား။

ချောင်းရိုးအတိုင်း အဌမအောင်မြေမှ လက်ပံအိုင်ရွာသို့ တစ်နာရီနီးပါးခန့် လမ်းလျှောက်ကြရတယ်။



အဌမအောင်မြေ ရှင်ဥပဂုတ္တကန်တော်



www.burmeseclassic.com

www.burmeseclassic.com

လက်ရှိ လက်ပံအိုင်ရွာ ကျောင်းထိုင်ဆရာတော် ဦးကုသလ(မဟာစရိယ) မှ ကူညီပေး၍ အလွယ်တကူ ဖူးခွင့်ကြုံခဲ့ပါသည်။

တစ်ထပ်အုတ်တိုက်ထဲမှာ မှန်ခေါင်းသွင်းထားပါတယ်။ သက်နုံး လွတ်နေတဲ့ ဦးခေါင်းတော်၊ ခြေဖဝါးတော်တွေဟာ ရွှေအိနေအောင် ချထားတာ တွေ့ရတယ်။ ယခုထိ ဘာတစ်ခုမှ မချို့ယွင်းသေးပေ။ ဘာအနံ့အသက်မှလည်း မရပေ။


မဃဒေဝလင်္ကာမှ၊
လူတို့နံ့သက်၊ နံ့စော်ချက်ကား
နံနက် ၈ ခါ ည.၈ ခါဖြင့်
နံ့သာရေချိုး ၁၆ အိုးဖြင့်
ချိုးလင့်ကစား
ထက်နတ်များတို့
ဖွားဖွားလောက်ပြည့်
ကောင်ပုပ်၏သို့ ရှုကြည့်မသာ၊
ယူဇနာလျှင် တစ်ရာလောက်က
ကွင်းရှောင်ကြ၏

ဟု လူနံ့နံ့တာကို စပ်ဆိုထားပါတယ်။

ယခုတော့ သဘာဝလွန်ဖြစ်ရပ်ဆန်းပင် ဖြစ်ပါတယ်။ ဆရာတော်ပျံလွန်တော်မူတော့ ရုပ်ကလာပ်တော်ကို မီးရှို့ ဓားခွဲလုပ်၍ မရခဲ့ပေ။ ဆရာတော်နှင့် ပဋ္ဌာန်းဆက်ရှိတဲ့ ဝေနေယျဖြစ်ပါက ကျောက်ပန်းတောင်းမြို့နယ် လက်ပံအိုင်ရွာကို သွားရောက် ဖူးမြော်သင့်ကြောင်း လမ်းညွှန်ရေးသားလိုက်ရပါတယ်။

ဆရာတော် ဦးစန္ဒမဟာထေရ် ၁၂၄၄ ခုနှစ် ဝါခေါင်လဆန်း (၄)ရက် အင်္ဂါနေ့၊ ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် ပျံလွန်တော်မူ။


❑ထူးအောင်(မန္တလေး)



စေတီနှင့် ရှခင်းအလှ



တရားစခန်းပွဲများ ကျင်းပရာ ဓမ္မာရုံ



အဌမအောင်မြေ မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်တန်ခိုးဖြင့် သတ္တဝါတို့၏ အကျိုးကို
ရွက်ဆောင်တော်မူခဲ့သော

# ဆရာတော်ကြီးနှစ်ပါး

မောင်နွယ်သန်း

မြန်မာနိုင်ငံ၏ မျက်မှောက်သာသနာ့သမိုင်းတွင် နေတစ်ဆူ လတစ်ပါးသဖွယ် ထင်ရှားတော်မူခဲ့သော ဆရာတော်ကြီးနှစ်ပါးဖြစ်သည့် လယ်တီဆရာတော်ကြီးနှင့် တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရတို့သည် ပရိတ်တန်ခိုးဖြင့် နိုင်ငံအရပ်ရပ်ဒေသအသီးသီး နိုင်ငံသူ နိုင်ငံသားများ အပါအဝင် သတ္တဝါ အပေါင်းတို့ကို အန္တရာယ်ကင်းဝေးအောင် အပင်ပန်းခံ ရွက်ဆောင်တော်မူခဲ့ကြပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်တွင် ရောဂါဆိုးကြီးများ ကပ်အသွင် ပေါ်ပေါက်လာသည့်အခါတိုင်း အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဆို တားဆီးခြင်း လုပ်ငန်းများကို ဒွဲမြဲစွာ လုပ်ဆောင်ခဲ့ပါသည်။

ဆရာတော်ကြီးက မိမိမြို့ရွာတွင် ကပ်ရောဂါပေါ်ပေါက်လာသော အခါတွင် မြို့ရွာရှိ ဆရာတော်၊ သံဃာတော်တို့ အစုံအညီ စည်းဝေးစေပြီး ရပ်ရွာလူကြီးများနှင့် တိုင်ပင်ကာ မြို့ရွာသန့်ရှင်းရေးပြုလုပ်ရမည်။ ထို့နောက် အစွပ်ကနား ဆောက်လုပ်ကာ ပရိတ်အိုး ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ တို့ကို အသီးသီး စီရင်စေပြီး မြို့ရွာ၌ နတ်များကို ပင့်ဖိတ်ကာ ရောဂါ တားဆီးရေးအတွက် ပရိတ်တရားတော်များ ရွတ်ဆိုရမည်ဟု ရောဂန္တရဒီပနီကျမ်းတွင် ရေးသားတော်မူခဲ့ပါသည်။

- ပရိတ်ကြီး
- မဟာသမယသုတ်
- အာဋာနာဋိယသုတ်
- ဗုဒ္ဓဝင်ပါဠိတော်
- ပဋ္ဌာန်းပါဠိတော်
- ဥပ္ပါတသန္တိကျမ်း
- ဗြဟ္မဇာလသုတ်
- ၆၂ ပါး ဒိဋ္ဌိခဏ်း
- သုတ်မဟာဝါမဟာဒါနသုတ်


များကို ရွတ်ဆိုရမည်ဟု မိန့်ဆိုထားပါသည်။





www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းသာသနာပြုဆရာတော်

ပရိတ်ရွတ်မည်ဆိုပါက မြို့စောင့်နတ်၊ ရွာစောင့်နတ်များကို နေ့စဉ် ဖိတ်စာရေး၍ ဖိတ်ကြားရမည်ဟုဆို၏။ မြို့ရွာများတွင် ရောဂါကပ်ရောက်လာလျှင် အစိုးရမင်းတို့၏ အစွမ်း၊ ဆေးပညာရှင်တို့၏ အစွမ်း၊ ရပ်ရွာလူကြီးတို့၏ အစွမ်း၊ မြို့ရွာရှိ ရဟန်းသံဃာတို့၏ အစွမ်းများဖြင့် ဖယ်ရှားရန် နည်းလမ်းများရှိသည့်အနက် အစိုးရမင်းများက ဖယ်ရှားနိုင်မှု စွမ်းပကားသည် အစွမ်းအကြီးဆုံးဖြစ်သည်။

အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဆိုခြင်းသည် အင်္ဂလိပ်တို့ မစွမ်းဆောင်နိုင်သော ကိစ္စကို ဗုဒ္ဓတရားတော် ပရိတ်တော်အစွမ်းနှင့် ပြုလုပ်နိုင်ကြောင်း ပြသလို၍ ဆရာတော်က လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ရောဂါ ဘေးဥပဒ်များ ကပ်အသွင် ကျရောက်တော့မည်ဆိုပါက ငှက်ဆိုးထိုးခြင်း၊ ခွေးအူခြင်း၊ ကျီးထိုးခြင်းစသည့် နိမိတ်များ ဖြစ်ပေါ်တတ်ပါသည်။ ဘုရားလက်ထက်တော်က ဝေသာလီပြည်တွင် ကပ်ဥပဒ် ကြီးစွာဆိုက်ရောက်သည်။ သီဟိုဠ်ကျွန်း၌လည်း ကပ်ဥပဒ်ကျရောက်ဖူးကြောင်း မဟာဝင်အဋ္ဌကထာများတွင် ဖော်ပြထားပါသည်။

၁၂၇၀ ပြည့်နှစ်က ကျိုက်ထိုမြို့တွင် ပလိပ်ရောဂါကြီး ကပ်အသွင် ပေါ်ပေါက်ခဲ့သလို တောင်ငူ၊ မိတ္ထီလာ တို့တွင်လည်း ပေါ်ပေါက်ခဲ့ပါသည်။ ၁၂၆၄ ခုနှစ်က ကသာမြို့တွင် ရောဂါကပ်ကြီး ကျရောက်ရာ မန်လည်ဆရာတော်ကြီးက ပရိတ်တရားတော်များ ရွတ်ဆိုပေးပြီး ရောဂါဘေးဒဏ်မှ ကင်းဝေးစေခဲ့ဖူးကြောင်း သိရှိရပါသည်။

လယ်တီဆရာတော်ကြီးက မိမိကိုယ်တိုင် သွားရောက်နိုင်သော အရပ်များသို့ ကိုယ်တိုင်သွား၍ ပရိတ်တရားတော်များကို ရွတ်ဆိုချီးမြှင့်ကာ ကပ်ရောဂါများကို တားဆီးပေးသော်လည်း အချို့မြို့၊ အချို့ရွာများတွင်မူ ဆရာတော် မရောက်နိုင်၍ ဆရာတော်၏ အမိန့်ပြန်တမ်းကို ဖတ်ကြားပြီး တားဆီးမှု ပြုပါသည်။

မြန်မာနိုင်ငံ အရပ်ရပ်တွင် မကြာခဏ မိုးခေါင်သည်။ မိုးခေါင်သည့်အခါ စိုက်ပျိုးသစ်ပင်သီးနှံများလည်း ပျက်စီး၊ ကျွဲနွားသတ္တဝါများလည်း သေကျေ၊ ကပ်ရောဂါများလည်း ကျရောက်၍ ဆိုးကျိုးအလီလီကို ကြုံတွေ့ရသည်။ ထို့ကြောင့် လယ်တီဆရာတော်ကြီးက မိုးခေါင်သည့် အရပ်ဒေသများအတွက် မိမိ၏ မေတ္တာ၊ ပရိတ်တရားတော်များ၏ အစွမ်း၊ တန်ခိုးနှင့် မိုးခေါ်ပေးတတ်ပါသည်။

လယ်တီဆရာတော်ကြီး မိုးခေါ်ပုံမှာ မည်သည့်အရပ်တွင်မဆို မိုးခေါင်သည့် ရပ်ရွာ၏ ရဟန်းသံဃာများသည် နံနက် ၈ နာရီတွင် တစ်ကြိမ်၊ နေ့လယ် ၁၂ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင်တစ်ကြိမ် မိုးပရိတ်ကို ရွတ်ဆို[illegible] ရမည်ဟု ဆိုသည်။

ရွတ်ဖတ်ရန်မှာ မဟာသြကာ[illegible] ကြီး အစချီပြီး ဘုရားကန်တော့[illegible] "ဝိပဿီ ဗုဒ္ဓေါဘဂဝါ အစချီ ခုနစ်[illegible] စက်ပရိတ်၊ ၂၈ ဆူ စက်ပရိတ်တော်[illegible] တို့ကို ညီညာစွာရွတ်ဆိုရသည်။ ပုနာ[illegible] ယဒါဟောမိ အစချီ ငါးရံ့မင်း ပ[illegible] တော်ကို အနုံးခါက်ပေါင်း (၁၀)၊ မ[illegible] တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေ[illegible] ရွတ်ဆိုရမည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်ကြီးသည် မိုးကမ္ဘဝါကြီးကိုလည်း ကိုယ်တော်တိုင် ရေးသားနိုင်ခြင်းသည် ဆရာတော်ကြီး အနေဖြင့် ပါဠိအရာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်းကို ပြဆိုနေပါသည်။

လယ်တီဆရာတော်ကြီး ပြည်မြို့တွင် သီတင်းသုံးတော်မူစဉ် ဟင်္သာတမြို့ကြီး, မိုးခေါင်သောကြောင့် ဟင်္သာတ အရေးပိုင်က လယ်တီဆရာတော်ကြီးကို ပင့်ဖိတ်စေရာ ဆရာတော်ကြီးသည် ဟင်္သာတမြို့သို့ မကြွရောက်မီ ညကပင် ပရိတ်များကို ရွတ်ဆို၍ မိုးခေါ်သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း မိုးနှင့် သက်ဆိုင်သူများကို မေတ္တာပို့ မိုးခေါ် ပရိတ်တော်များကိုလည်း အဆက်မပြတ် ရွတ်ဆိုသွားရာ ဆရာတော်ကြီး စီးလာသော သင်္ဘော ဟင်္သာတမြို့သို့ မဆိုက်ရောက်ခင်မှာပင် မိုးကြီးသည်းထန်စွာ ရွာသည်ဟု မှတ်တမ်းများအရ သိရပါသည်။

ပရိတ်တရားတော် တန်ခိုးဖြင့် သတ္တဝါများကို ဘေးအန္တရာယ်မှ ကယ်[illegible]င်တော်မူခဲ့သော လယ်တီဆရာတော်[illegible]ကို ဒီပဲယင်းမြို့မှ ခုနစ်မိုင်ခန့်အကွာ [illegible]ပြင်ရွာကြီးတွင် ခမည်းတော် ဦးထွန်း[illegible]နှင့် မယ်တော်ဒေါ်ကြုံးတို့က ၁၂၀၈ [illegible] နတ်တော်လဆန်း (၁၃)ရက် အင်္ဂါနေ့ [illegible] တစ်ချက်တီးအချိန်တွင် မွေးဖွား[illegible]စင်ခဲ့ပါသည်။

အသက် (၁၀)နှစ်အရွယ်မှစ၍ [illegible]အဆက်ဆက်တွင် ပညာသင်ယူခဲ့[illegible] အသက်(၁၅)နှစ်အရွယ် သက္ကရာဇ် [illegible] ခုနှစ်တွင် သာမဏေပြုခဲ့သည်။ [illegible]တော်မှာ ရှင်ဉာဏဓဇ ဖြစ်ပါသည်။ [illegible]နှစ်အကြာ (၁၈)နှစ် အရွယ်တွင် [illegible]ထွက်၍ မိဘများကို အလုပ်အကျွေး[illegible]သည်။

ရှင်ဉာဏဓဇသည် ၁၂၂၈ ခုနှစ် [illegible]လဆန်း ၆ ရက်နေ့တွင် ဖျောက်[illegible] ဆရာတော်ဦးနန္ဒကို ဥပဇ္ဈာယ် [illegible] စိုင်ပြင်ရွာရှိ ဖျောက်ဆိပ်ပင်၊ ကျောင်းမ၊ မြင်တင်၊ ရွှေကျောင်း၊ အုတ်သျှစ်ပင်အစရှိသော ကျောင်းတို့မှ ကာရကသံဃာ နှစ်ကျိပ်ကျော်တို့၏ ချီးမြှောက်မှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူသည်။

လယ်တီတောရ ကျောင်းတိုက်ကြီးကို တည်ထောင်မူသည်။ နွားသားမစားရေးကိုလည်း အနယ်နယ်အရပ်ရပ်တွင် ဟောပြောတားမြစ်တော်မူသည်။ သံခိပ်အသင်းများလည်း အားပေးတော်မူသည်။ ကျမ်းပေါင်း (၈၇)ကျမ်းကို ပြုစုတော်မူသည်။ ကျမ်းအမျိုးအစားအနေဖြင့် ခွဲခြားပါက ဒီပနီ (၃၆)ကျမ်း၊ ဝိသဇ္ဇနာ (၈)ကျမ်း၊ ဝိနိစ္ဆယ (၉)ကျမ်းနှင့် အခြား (၃၄)ကျမ်းဖြစ်သည်။

ပရိတ် တရားတော်မြတ်ဖြင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်တော်မူခဲ့သော လယ်တီဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်၊ လပြည့်နေ့လယ် ၂ နာရီ ၃၈ မိနစ်အချိန် သက်တော် (၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ၌ ပျဉ်းမနားမြို့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ပရိတ်တရားတော်တန်ခိုးဖြင့် သတ္တဝါအများ၏ ဘေးအန္တရာယ်မှ ကယ်တင်တော်မူခဲ့သော နောက်ထပ် ဆရာတော်ကြီးတစ်ပါးမှာ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် နာဂတောင်တန်း၊ ချင်းတောင်တန်းတို့တွင် အသက်ထက်ဆုံး သာသနာပြုတော်မူရုံသာမက နိုင်ငံအနှံ့ ဒေသအသီးသီးသို့ကြွရောက်ကာ ပရိတ်တရားတော်အစွမ်းဖြင့် တိုင်းရင်းသားပြည်သူများ အန္တရာယ်ကင်းရေး ဆောင်ရွက်တော်မူခဲ့ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ နှစ်ဖြာသော အကျိုးတရားတို့ကို အမြဲ တိုးပွားအောင် ရွက်ဆောင်တော်မူခဲ့ပါသည်။

သက်တော် ရှယ်တော် ကြီး၍ လမ်းမလျှောက်နိုင်သော်လည်း ပင့်ဖိတ်သမျှ လက်ခံကာ အနယ်နယ်အရပ်ရပ်သို့ကြွရောက်တော်မူကာ လေယာဉ်၊ မော်တော်ယာဉ်မှ တစ်ဆင့် ထမ်းစင်ဖြင့်ကြွချီအပင်ပန်းခံ ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူခဲ့သည်။

နိုင်ငံတော်၏ အစီအစဉ်ဖြင့် နယ်စွန်နယ်ဖျားများသို့ပင် ရဟတ်ယာဉ်ဖြင့် ကြွချီကာ တိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပေးခဲ့သည်။ ဘဝနတ်ထံ ပျံလွန်တော်မူခါနီးအချိန်ထိ အပင်ပန်းခံ ရွက်ဆောင်တော်မူခဲ့ပါသည်။

စာရေးသူတို့ အိန္ဒိယ-မြန်မာ နယ်စပ် တမူးမြို့သို့လည်း ရဟတ်ယာဉ်ဖြင့် ကြွချီကာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ချီးမြှင့်ပေးခဲ့သည်ကို ကြုံခဲ့ရပါသည်။

ချင်းတောင်တန်း ဖလမ်းမြို့အနီးခတ္တိန် တောင်ကြီးပေါ်တွင် နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့ပါသည်။ တောရဆောက်တည်ရာ၌ သီတင်းသုံးဖော် သီတင်းသုံးဖက်များက ပင့်ဖိတ်သဖြင့် မြေပြန့်သို့ ကြွတော်မူသည်။ မီးဘေး၊ လေမုန်တိုင်းဘေး၊ မိုးခေါင်ဘေး၊ ဝမ်းရောဂါ စသော ကပ်ရောဂါဘေးများအတွက် ကူညီရန် ပင့်လျှောက်သောကြောင့် ကြွတော်မူခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ပင့်လျှောက်စာများအရ ချင်းတွင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ၊ မော်လမြိုင်၊ ရေးမြို့၊ ထားဝယ် စသည့် မြို့ရွာများသို့ ကြွကာ ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပါသည်။ ပဋ္ဌာန်းပြီး ညတရားပွဲများလည်း ဟောတော်မူသည်။ ပရိတ် ရွတ်ပြီးသော အခါတိုင်းတွင်လည်း ပရိတ်ရေအိုးများ ဆူပွက်သည်ကို နေရာတိုင်းမှာ တွေ့ကြသည်။

ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေစဉ် ရပ်ကွက်အသီးသီးတွင် ပရိတ်





www.burmeseclassic.com

www.burmeseclassic.com

ရွတ်ခြင်း၊ တရားဟောခြင်းများ ပြုလုပ်ခဲ့သည်။ ပရိတ်ရွတ်ပြီးသည်နှင့် ပရိတ်ရေအိုးများ ဆူပွက်နေသည်ကို တွေ့ကြရသည်။ ပရိတ်တော်၏ တန်ခိုးကြောင့် မီးလောင်မှုများလည်း မရှိသလောက် ဖြစ်ကာ မီးသတ်ခေါင်းလောင်းသံပင် မကြားရသလောက်ဖြစ်ခဲ့ပါသည်။ ဤမျှအထိ ပရိတ်တော်တန်ခိုး ကြီးမားခဲ့ပါသည်။

ဆရာတော်ကြီးသည် သက်တော်ငယ်ရွယ်စဉ်အတွင်း တောင်တန်းများကို ကျော်၍ အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ရာ ဘုရားပွင့်တော်မူသော ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်မြို့တော်၊ နာလန္ဒတက္ကသိုလ်၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိ၊ ဇေတဝန်ကျောင်းတော်ရာနှင့် လုမ္ဗိဏီဥယျာဉ် စသော ဘုရားရှင်နှင့် ဆက်စပ်သောနေရာဌာနများသို့ လေ့လာရန် ရောက်ရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင်းရှိ မဏိပူရနှင့် အာသံ ပြည်နယ်များသို့လည်း မကြာမကြာ ကြွရောက်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံမှ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်သဖြင့် ဥရောပနိုင်ငံများသို့ ကြွရောက်တော်မူခဲ့ပါသည်။ အနောက်နိုင်ငံများတွင် သီတင်းသုံးနေစဉ်အတွင်း တရားဟောခြင်းနှင့် ဘေးကင်းရန်ကင်းဖြစ်အောင် ပရိတ်ရွတ်ခြင်းများလည်း ရွက်ဆောင်တော်မူသည်။

ပြည်တွင်း ဒေသအနှံ့တွင်သာမက ပြည်ပတွင်ပါ ပရိတ်တော်တန်ခိုးဖြင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်တော်မူသော တောင်တန်းသာသနာပြု ဦးဥတ္တမသာရ ဆရာတော်ဘုရားကြီးကို ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် ငွေတွင်းကုန်းရွာတွင် ဦးဘိုးညို၊ ဒေါ်သေးတို့မှ ၁၂၇၂ ခုနှစ် ပြာသိုလတွင် ဖွားမြင်တော်မူခဲ့ပါသည်။ သားသမီး ခြောက်ယောက်တွင် အငယ်ဆုံး ဖြစ်ပါသည်။

အသက် (၆)နှစ်သား အရွယ် ငွေတွင်းကုန်းရွာ ဆရာတော်ဦးဝါယမ၏ ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အသက် (၁၂)နှစ်အရွယ်တွင် မိဘတို့က ကိုရင်ဝတ်(ရှင်ပြု)ပေးခဲ့သည်။ အသက် (၁၉)နှစ် ကျော်၍ နှစ်ဆယ်တွင်းသို့ ရောက်လျှင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူလေသည်။

အသက် (၂၂)နှစ် အရွယ်တွင် မန္တလေးမြို့၌ စာသင်သားအဖြစ် နေတော်မူစဉ် စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၂၉၇ ခုနှစ်မှစ၍ မန္တလေးမြို့မှ တောင်တန်းများသို့ ခရီးထွက်ခွာခဲ့လေသည်။ ရခိုင်တောင်တန်းကြီးကို ဖြတ်ကျော်ကာ ဗုဒ္ဓဝင်ဒေသများသို့ ခရီးထွက်ခွာခဲ့သည်။

ထိုမှ မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတွင် (၄)နှစ်၊ စစ်ကိုင်းတောင် မဟာသမယချောင်တွင် (၁၂) နှစ်၊ မန္တလေးမြို့ အနောက်ပြင် ရတနာပုံ ပရိယတ္တိကျောင်းကြီးတွင် (၄)နှစ်ကျော် ပညာသင်ကြားခဲ့သည်။

ပခုက္ကူမြို့တွင် စာသင်သားဘဝဖြင့် နေတော်မူစဉ် ချင်းတောင်တန်းပေါ်သို့ ခရီးလှည့်လည်၍ တောင်တန်းသာသနာပြုလုပ်ငန်းများကို စတင် ရွက်ဆောင်တော်မူခဲ့ပါသည်။

စစ်ကြိုခေတ်တွင် အမရပူရမြို့ တူးမောင်းကျောင်းတိုက်တွင် ပြောင်းရွှေ့နေထိုင်တော်မူ၍ တူးမောင်းနှင့် မင်္ဂလာတိုက်ကျောင်းများမှ တိုက်အုပ်ဆရာတော်များထံ၌ ပဋ္ဌာန်းညဝါကျမ်းကို တစ်နှစ်ကျော်မျှ သင်ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည်နှင့် စာသင်ခြင်းကိစ္စများ ပြီးဆုံးကာ ဇာတိရပ်ရွာတွင် ခေတ္တနေထိုင်ခဲ့သည်။ စစ်ပြီးကာလတွင်မူ ရန်ကုန်၊ ကမာရွတ်မြို့နယ် ဉာဏဒြုံဝါဆိုကျောင်းနှင့် လှိုင်မြစ်ကမ်းအောင်ချမ်းသာကျောင်းတွင် နေထိုင်ကာ ရဟန်းသာမဏေများအား စာချပေးခြင်းဖြင့် သာသနာအကျိုးဆောင်ရွက်တော်မူသည်။

စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများ ရေးသားတော်မူသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ တောင်တန်းများသို့ သာသနာပြုခရီး ထွက်ခွာခဲ့ရာ ချင်းတောင် နာဂတောင်၊ ကချင်တောင်တန်းများသို့ ရောက်ရှိ သာသနာပြုခဲ့သည်။

ဆရာတော်ကြီးသည် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော အိန္ဒိယနိုင်ငံအတွင်းရှိ မဏိပူရနှင့် အာသံတို့လည်း မကြာခဏ ခရီးထွက်ခဲ့သည်။ ချင်းတောင် ဖလမ်းမြို့ အနီး ခန္တီန်တောင်ကြီးပေါ်တွင် ဂေါ်ရခါး ဒကာများ ဆောက်လုပ် လှူဒါန်းသော တောရကျောင်းသင်္ခမ်းတွင် သက်ဆုံးတိုင် သီတင်းသုံးတော်မူခဲ့သည်။

တောင်ပေါ်သား တိုင်းရင်းသားများကို စာသင်ပေးခြင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးပါမကျန် ညွှန်ကြားပြသ ဆုံးမကာ အကျိုးဆောင်တော်မူခဲ့သည်။ ဘာသာစကားတစ်သက်လုံးရသမျှနှင့် တင်းတိမ်ရောင့်ရဲကာ သတ္တဝါအများကို မေတ္တာပွား၍ သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူခဲ့ပါသည်။

ဘဝနေဝင် ပျံလွန်တော်မူချိန်အထိ ပရိတ်တရားရွတ်ပွား၍ သတ္တဝါအများကို ချမ်းသာစေခဲ့ပါသည်။

ဤသို့ဖြင့် မျက်မှောက်သာသနာ သမိုင်းဝယ် နေနှင့်လသဖွယ် ထင်ရှားတော်မူခဲ့သော ဒီပဲယင်းနယ်သားများ ဖြစ်တော်မူကြသော လယ်တီဆရာတော်ကြီးနှင့် တောင်တန်းသာသနာပြု ဦးဥတ္တမသာရဆရာတော်ကြီးတို့သည် ပရိတ်တန်ခိုးဖြင့် သတ္တဝါအပေါင်းအား အန္တရာယ်ကင်းဆောင်ရွက်တော်မူသော ဆရာတော်ကြီး နှစ်ပါး ဖြစ်ပါသည်။

ထူးခြားသည်မှာ ဆရာတော်ကြီး နှစ်ပါးလုံးသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဇာတိသားများ ဖြစ်ကြသည်ကို တွေ့ရခြင်းပင် ဖြစ်ပါသည်။

❑မောင်နွယ်



www.burmeseclassic.com

www.burmeseclassic.com



# မှန်သည်ထင်သောအမှားနှင့် မှားသည်ထင်ရသောအမှန်များ

ခရာ(ကေတ)

သာဂလပြည့်ရှင် မိလိန္ဒမင်းကြီး၏ သုတကြွယ်ဝမှု အကြောင်းအရာတစ်ရပ်အား ထိုးထွင်း၍ နက်နက်နဲနဲ ဆင်ခြင်နိုင်မှု အငြင်းပွားဖွယ်ရာ မေးခွန်းထုတ်နိုင်မှုတို့က သာမန်လူသားတို့ မပြုလုပ်နိုင်သော ပါရမီရှင်တို့၏ အစွမ်းဟုပင် ဆိုရပေမည်။

ထို့အတူ မိလိန္ဒမင်း မေးသမျှကို ချေလည်အောင်ဖြေရှင်းနိုင်သည့် အရှင်နာဂသေန၏ အစွမ်းကလည်း ထူးကဲလှပါဘိ၊ ထိုမင်းနှင့် ထိုအရှင်တို့ တွေ့ဆုံမှုက သာသနာအတွက် ကြီးစွာသော အထောက်အပံ့ကို ဖြစ်စေခဲ့သည်။ မြတ်ဗုဒ္ဓတိုသော် လည်းကောင်း၊ မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားတော်တို့ကို လည်းကောင်း၊ မြတ်ဗုဒ္ဓ၏သားတော် သံဃာတော်အရှင်မြတ်တို့အား လည်းကောင်း စွပ်စွဲကဲ့ရဲ့ခြင်းမှ လွတ်ကင်းစေခဲ့သည်မှာ မိလိန္ဒမင်းကြီး အမေးနှင့် ရှင်နာဂသေန၏ အဖြေများက အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ကို ဖြစ်စေခဲ့သည်။

ထိုမင်းနှင့် ထိုအရှင်တို့၏ အမေးနှင့်အဖြေတို့က မှတ်သားစရာကောင်းသည်ဟုဆိုလာပါက ထိုမှတ်သားစရာကောင်းသော အကြောင်းအရာတစ်ခုကို ထပ်မံတင်ပြလိုက်ရပါသည်။

✿ ✿ ✿

"အရှင်ဘုရား မြတ်စွာဘုရားသည် မည်သည့်အရပ်ကို ကြွတော်မူသည်ဖြစ်စေ၊ စိတ်စေတနာမရှိတဲ့ မဟာပထဝီမြေကြီးက နိမ့်တဲ့နေရာကို မြင့်စေပြီး မြင့်တဲ့နေရာကို နိမ့်စေတယ်လို့ အရှင်ဘုရားတို့ ဆိုတော်မူကြတယ် မဟုတ်လား ဘုရား"

"ဟုတ်ပေတယ် မင်းကြီး"

"အရှင်ဘုရား အကြင်ကျောက်ချပ်လွှာသည် မြတ်စွာဘုရားရှင်၏ ခြေတော်ပေါ်သို့ ကျ၏ဟုလဲ အရှင်ဘုရားတို့ ဆိုကြကုန်တယ် မဟုတ်လော"

"ဒီလိုလဲဆိုပေတယ် မင်းကြီး"

"တပည့်တော်အထင်တော့ တစ်ခုခုတော့ မှားနေတယ်လို့ ထင်ပါတယ်ဘုရား၊ မြတ်စွာဘုရား ကြွတော်မူစဉ် မြင့်သောမြေ နိမ့်၍ နိမ့်သောမြေ မြင့်သည်ဆိုပါက ခြေတော်ကို ကျောက်ချပ်လွှာထိတယ်ဆိုတဲ့စကားဟာ မှားပါလိမ့်မယ်ဘုရား၊ ဒါမှမဟုတ် ခြေတော်ကို ကျောက်ချပ်လွှာထိတယ်ဆိုတဲ့ စကားဟာ မှန်ခဲ့ရင်လဲ မြင့်တဲ့မြေနိမ့်ပြီး နိမ့်တဲ့မြေ မြင့်တယ်ဆိုတဲ့စကားဟာ မှားပါလိမ့်မယ်၊ အရှင်ဘုရား ထိုစကားနှစ်ရပ်နှင့် ပတ်သက်ပြီး ဖြေရှင်းတော်မူပါဘုရား"

မိလိန္ဒမင်းကြီး၏ မေးခွန်းက သာမန်လူတို့အတွက် ဘွေဝေစေနိုင်သော မေးခွန်း ဖြစ်သည်။

"မင်းကြီး မြတ်စွာဘုရား ကြွတော်မူစဉ် နိမ့်သောမြေကြီးသည် မြင့်ပြီးတော့ မြင့်တဲ့မြေက နိမ့်တယ်ဆိုတဲ့စကားဟာ မှန်သလို မြတ်စွာဘုရား၏ ခြေတော်ကို ကျောက်ချပ်လွှာထိတယ်ဆိုတဲ့ စကားကလဲ အမှန်ပဲ ဖြစ်ပေတယ်"

"ရှင်းတော်မူပါဦး အရှင်ဘုရား"

"မြတ်စွာဘုရား၏ ခြေပေါ်သို့ ကျသော ကျောက်ချပ်လွှာသည် မိမိသဘောအရ ကျတာမဟုတ်ဘဲ ဒေဝဒတ်ရဲ့ လှံ့လ ပယောဂကြောင့်သာ ဖြစ်ပေတယ်"

"ချဲ့၍ ရှင်းတော်မူပါဦး အရှင်ဘုရား"

www.burmeseclassic.com

မိလိန္ဒမင်းကြီးက တောင်းဆိုလိုက်သည်။

"မင်းကြီးဒေဝဒတ်ဟာ မြတ်စွာဘုရားအပေါ် အဝမျှားစွာကပင် ရန်ငြိုးဖွဲ့ခဲ့တယ်၊ ထိုရန်ငြိုးကြောင့်ပင် အိမ်အထွတ်လောက်ရှိတဲ့ ကျောက်တုံးကို မြတ်စွာဘုရား ကြွတော်မူစဉ် လှိမ့်ချခဲ့တယ်၊သို့သော်လဲ အခြားသောကျောက်တုံးနှစ်ခုတို့က မြေမှထွက်၍ လိမ့်ကျလာတဲ့ ကျောက်တုံးကြီးကို ခံရာမှ ကျောက်အစိတ်အလွှာကွဲပြီး မြတ်စွာဘုရားရဲ့ ခြေတော်ကို ထိမိခြင်း ဖြစ်ပေတယ်"

"အရှင်ဘုရား၊ တပည့်တော်ကြားဖြတ်၍ လျှောက်ထားပါရစေဘုရား"

မိလိန္ဒမင်းက ခွင့်တောင်းသဖြင့် အရှင်နာဂသေန ခွင့်ပြုလေသည်။ ထိုအခါ မိလိန္ဒမင်းကြီးက . . .

"နှစ်လုံးသော ကျောက်တို့က ကျောက်ကိုခံသလို အစိတ်အမွှာ ကွဲထွက်လာတဲ့ ကျောက်တို့ကိုလဲ ခံသင့်တယ် မဟုတ်လား ဘုရား" ဟု လျှောက်ထားလေရာ အရှင်မြတ်က. . .

"မင်းကြီး၊ ခံသော်လဲ အချို့အရာတို့သည် လျှောကျတတ်တဲ့ သဘောရှိပေတယ်၊ စီးဆင်းတတ်တယ်၊ ထားတဲ့နေရာအတိုင်း မနေတတ်ကြပေဘူး၊ ဥပမာအားဖြင့် ရေကို လက်နှင့်ယူသော် လက်ကြားမှ လျှောကျစီးဆင်းခြင်းဖြစ်သလို လိမ့်ကျလာတဲ့ ကျောက်တုံးကို ခံဖို့ရောက်လာတဲ့ ကျောက်တုံးနှစ်ခုတို့ရဲ့ ရိုက်ခတ်မှုကြောင့် ကျောက်တုံးမှ အစိတ်အလွှာဟာ မြတ်စွာဘုရားရဲ့ ခြေတော်ကို ထိခိုက်မိခြင်း ဖြစ်ပေတယ်" ဟု မိန့်တော်မူလေသည်။

အရှင်မြတ်နာဂသေန၏ အဖြေက ရှင်းလင်းသည့် ဥပမာဖြင့် ပြသ၍ ဖြေသည့်အဖြေ ဖြစ်သော်လည်း ထိုအဖြေကို အားမရသေးသော မိလိန္ဒမင်းကြီးက . . . "အရှင်ဘုရား ဥပမာ တစ်မျိုး ဆောင်ပါဦးလော့"ဟု လျှောက်ထားလိုက်သည်။

"မင်းမြတ်၊ အဏုမြူပမာဏနှင့်ညီတဲ့ သဲမှုန့်တွေကို လက်ဖြင့် ဆုပ်ယူသည်ရှိသော် ထိုသဲတို့သည်လက်ချောင်းအကြားမှ လျှောကျယိုစီး၍ ထားသောနေရာမှာ မတည်သကဲ့သို့ ကျောက်တုံးကို ခံယူခြင်းငှာ ရောက်လာတဲ့ ကျောက်တုံးနှစ်ခုတို့ရဲ့ ထိခိုက်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ကျောက်လွှာအစိတ်တို့က မြတ်စွာဘုရားအပေါ် ကျခြင်း ဖြစ်ပေတယ်"

"အရှင်ဘုရား၊ ကျလာတဲ့ ကျောက်လုံးကို မြေမှထွက်ပေါ်လာတဲ့ ကျောက်တုံးနှစ်လုံးက ခံတယ်ဆိုတာ ထားလိုက်ပါတော့ ဘုရား၊ ဒါပေမယ့် မြေကြီးက အရိုအသေပြုသလို ကွဲထွက်လာတဲ့ ကျောက်အစိတ်အလွှာကလဲ အရိုအသေပြုသင့်တာပဲ မဟုတ်လား"

မိလိန္ဒမင်းကြီးက ဆင်ခြေပေးသည်။

"မင်းကြီး ဆယ့်တစ်ယောက်သော သူတို့ဟာ ရိုသေခြင်းကို မပြုကြကုန်ဘူး"

"အရှင်ဘုရား ထိုသူတို့ကို သိပါရစေ"

မိလိန္ဒမင်းကြီးက တောင်းပန်လျှောက်ထားလိုက်သည်။

"မင်းကြီး ကောင်းစွာမှတ်သားလော့၊ ရာဂကြီးသူသည် တပ်မက်ခြင်းရာဂ၏အစွမ်းကြောင့် ရိုသေခြင်းကိုမပြု၊ ထို့အတူ ဒေါသကြီးသူ၊ မာနကြီးသူ၊ ဂုဏ်သရေမရှိသူ၊ အလွန်ခက်ထန်သူ၊ ယုတ်ညံ့သူ၊ သူတစ်ပါးအလိုကို လိုက်နာရတဲ့သူ၊ ယုတ်မာသော အကျင့်ရှိသူ၊ နှိပ်စက်ဆင်းရဲခံနေရသူ၊ လောဘကြီးသူနှင့် တစ်စုံတစ်ရာကို အားထုတ်ပြုလုပ်ဆောင်ရွက်ဆဲသူတွေဟာ ရိုသေခြင်းကို မပြုတတ်ကြဘူး"

"မှတ်သားအပ်ပါတယ် အရှင်ဘုရား"

"မင်းကြီး နားဆင်ဦးလော့၊ စင်စစ်သော်ကား ထိုကျောက်ချပ်လွှာဟာ ကျောက်ချင်းထိခိုက်မိရာမှ ကွဲထွက်လာခြင်းဖြစ်၍ ရည်စူးရည်မှန်းအပ်သောအရပ်မရှိဘဲ မြတ်စွာဘုရား၏ ခြေတော်သို့ ကျခြင်းသာ ဖြစ်ပေတယ်"

"အရှင်ဘုရား၊ ဥပမာ ဆောင်တော်မူပါဦး"

မိလိန္ဒမင်းကြီးက ထုံးစံအတိုင်း တောင်းဆိုပြန်သည်

"မင်းကြီး လေပွေတိုက်သဖြင့် လွင့်သော သစ်ရွက်တို့၏ လားရာအရပ်သည် တိတိကျကျရှိပါသလား"

အရှင်မြတ်က မင်းကြီးအား မေးလိုက်သည်။

"လေပွေတိုက်ခတ်သဖြင့် လွင့်သောသစ်ရွက်ခြောက်တို့သည် ရည်စူးရာ ရည်မှန်းရာအရပ် တိတိကျကျမရှိဘဲ ဟိုဟိုသည်သည်သို့သာ ကျရောက်ပါတယ် အရှင်ဘုရား"

"ထို့အတူပဲ ကျောက်ချပ်လွှာဟာ ကျောက်တုံးအချင်းချင်းရိုက်ခတ်မှုကြောင့် ဖြစ်လာခဲ့ပြီး ရည်စူးရည်မှန်းရာမရှိဘဲ မြတ်စွာဘုရားရဲ့ ခြေတော်ပေါ်ကျရောက်ခြင်းသာ ဖြစ်ပေတယ်"

"မှန်လှပါ အရှင်ဘုရား"

"မင်းကြီး ဒါမှန်စင်စစ်ဆိုရသော် သူတစ်ပါး၏ ကျေးဇူးကို မသိတတ်တဲ့ ကောက်ကျစ်စဉ်းလဲခြင်းစိတ်ရှိတဲ့ ဒေဝဒတ်ကို ဆင်းရဲဒုက္ခ ငရဲမှာ ခံရဖို့ အကြောင်းဖြစ်တဲ့ ကျောက်ချပ်လွှာဟာ မြတ်စွာဘုရားရဲ့ ခြေတော်၌ ကျရခြင်းသာ ဖြစ်ပေတယ်"

"အရှင်ဘုရား ကောင်းလှပါတယ်ဘုရား၊ ကောင်းသောအဖြေကို ရခြင်းကြောင့် တပည့်တော်စိတ်မှာ မှားသည်ဟု ထင်ခဲ့ရသော အမှန်တစ်ခုကို သိလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ် ဘုရား"

မိလိန္ဒမင်းကြီး၏ လျှောက်တင်သံမှာ ပီတိတို့ဖြင့် ဖုံးလွှမ်းလျက်နေလေတော့သည်ကို အာရုံရှိနေကြသော မင်းပရိသတ်တို့ သတိပြုမိလိုက်ကြလေတော့သည်။

❒ ခရာ(အဂတ)



www.burmeseclassic.com

www.burmeseclassic.com



# ယုံမှားကင်းတာ ဓမ္မစကြာတည်း တရားတော်

ဘဒ္ဒန္တကုန္ဒောဘာသမထေရ်မြတ် (အနိစ္စဆရာတော်)

(...ခင်လမှအဆက်)

၂၈. ၈. ၂၀၁၃ (နံနက်)

အဲဒါက သစ္စာလေးပါး သိပြီဆိုတာ ပြောတယ်၊ သစ္စာ ...ခု တစ်ခုမှာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးပါး ...ပါးနဲ့ ဆယ့်နှစ်ပါးသော အခြင်းအရာရှိတယ်။ အရင်က ...ဆိုတာက သစ္စဉာဏ်၊ တံ ခေါ ပနိဒံ က ကိစ္စဉာဏ်၊ ...တ် တံ ခေါ ပနိဒံ က ကတဉာဏ်။

တစ်လောကလုံးကို ခေါ်တယ်။ သူက ဇာတိဆိုရင်လည်း တစ်လောကလုံးကုန်သွားပြီး အခုကြားတာတွေလည်း ဇာတိပဲ။ နောက်ဆုံး ဥပါဒါနက္ခန္ဓာနဲ့ ချုပ်ဖာ်ယ်။ အဲဒါ ဒုက္ခသစ္စာ ဖြစ်တာဆိုရင်လည်း ဇရာရော၊ ဗျာဓိရော၊ မရဏရော ပါတယ်၊ ဖြစ်တာဆိုရင် အပ္ပိယေဟိ သမ္ပယောဂရော၊

...ညွှန့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၄)

www.burmeseclassic.com

ဝိယေဟိ ဝိပ္ပယောဂေဝ၊ ယမ္ပိစ္ဆံ နလဘတိ ရော၊ သံခိတ္တေန ရော အကုန်ပါတယ်တဲ့။ အဲဒါကို ဒုက္ခသစ္စာခေါ်တယ်တဲ့။

နောက် တံ ခေါ် ပနိဒံ ဘိက္ခဝေ ဒုက္ခသစ္စံ ပရိညေယျံ ပရိညာတံဆိုတာ အဲဒီဟာလေးကို ပိုင်းခြား ပိုင်းခြားပြီး သိတယ်။ နောက်ဘိတ်ဆုံးကျတော့ အရှင်ကောဏ္ဍည တရားရသွားတယ်။ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓဓမ္မန္တိ ဆိုတာ နောက်ဆုံး (၁၆) အောက်က အဲဒါ တရားရသွားတဲ့ ပါဠိလေးပဲ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဆိုစမ်း (ဣမသ္မိံ စ ပန ဝေယျာ ကရဏသ္မိံ) ဤဂါထာမဖက် သက်သက်သော စုဏ္ဏိယကို၊ အညမာနေ - ဟောတော်မူသည်ရှိသော်၊ အာယသ္မတော ကောဏ္ဍညဿ - အရှင်ကောဏ္ဍညအား၊ ဝိရဇံ - ဒိဋ္ဌိဝိစိကိစ္ဆာ တည်းဟူသော မြူမှုကင်းသော၊ ဝီတမလံ - ဒိဋ္ဌိဝိစိကိစ္ဆာ တည်းဟူသော အညစ်အကြေးမှုကင်းသော၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။ကိံ - အဘယ်သို့၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်သနည်း။

ယံ ကိဉ္စိ - ကြွင်းမဲ့ ဥဿုံ အလုံးစုံသော သဘော တရားသည်၊ သမုဒယဓမ္မံ - ဖြစ်ခြင်းသဘောရှိ၏၊ သဗ္ဗံတံ - ဖြစ်ဖြစ်သမျှ အဝဝသည်၊ နိရောဓဓမ္မံ - ချုပ်ခြင်းသဘောရှိ၏၊ ဣတိ - ဤသို့၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

ကြားပြီးတော့လည်း ပျက်သွားတာပဲလို့၊ ပြီးတော့ လူတွေ ဘာတွေ စိတ်ထဲမထားနဲ့တော့၊ အဲဒါ သောတာပတ္တိမဂ်ဉာဏ်ပဲ၊ သစ္စာလေးပါးပဲ ရှိတော့တယ်၊ မိန်းမတွေ မဟုတ်တော့ဘူး၊ ယောက်ျားတွေ မဟုတ်တော့ဘူး၊ အဲဒီလိုဆို ကိုယ်လုံးကြီးကလည်း ဖြစ်ပြီးပျက်တာပဲလို့ဆို၊ မျက်စိလည်း ဖြစ်ပြီး ပျက်တာပဲ။

(၁၇) ဘဂဝတာ - မြတ်စွာဘုရားသည်၊ ဓမ္မစက္ကေ - ဓမ္မစကြာတရားတော်မြတ်ကို၊ ပဝတ္တိတေ - ဟောတော်မူအပ်သည်ရှိသော်၊ ဘုမ္မာ - မြေ၌တည်ကုန်သော၊ ဒေဝါ - နတ်တို့သည်၊ ဘုမ္မစိုးနတ်တဲ့၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - တစ်ဆင့်စကား ကြားကြလေကုန်ပြီ။

ကိံ - အဘယ်သို့၊ တစ်ဆင့်စကား ကြားကြလေကုန်သနည်း။

ဘဂဝတာ - မြတ်စွာဘုရားသည်၊ ဗာရာဏသိယံ - ဗာရာဏသီပြည်၌၊ ဣသိပတနေ - ဣသိပတန အမည်ရသော၊ မိဂဒါယေ - မိဂဒါဝုန်တော၌၊ အနုတ္တရံ - အတုမရှိသော၊ တံ ဓမ္မစက္ကံ - ဤဓမ္မစကြာတရားတော်ကို၊ သမဏေန ဝါ - ရဟန်းသည်သော် လည်းကောင်း၊ ဗြာဟ္မဏေန ဝါ - ပုဏ္ဏားသည်သော် လည်းကောင်း၊ ဒေဝေန ဝါ - နတ်သည်သော် လည်းကောင်း၊ မာရေန ဝါ - မာရ်နတ်မင်းသည် လည်းကောင်း၊ ဗြဟ္မုနာ ဝါ - ဗြဟ္မာသည်လည်းကောင်း၊ လောကသ္မိံ - လောက၌၊ ကေနစိ - တစ်စုံတစ်ယောက်သောသူသည်၊ အပ္ပဋိဝတ္တိယံ - မဟောအပ်သော၊ ဓမ္မစက္ကံ - ဓမ္မစကြာတရားတော်ကို၊ ပဝတ္တိတံ - ဟောတော်မူအပ်ပြီ၊ ဣတိ - ဤသို့၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - တစ်ဆင့်စကား ကြားကြလေကုန်ပြီ။ ဘုမ္မာနံ - မြေ၌တည်ကုန်သော၊ ဒေဝါနံ - နတ်တို့၏၊ ဣတိ - ဤသို့၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - တစ်ဆင့်စကား ကြားကြလေကုန်ပြီ။

ဘုမ္မာ - မြေ၌တည်ကုန်သောနတ်တို့တဲ့၊ ဘုမ္မာနံ - မြေ၌တည်ကုန်သော၊ ဒေဝါနံ - နတ်တို့၏၊ သဒ္ဒံ - အသံကို၊ သုတွာ - ကြား၍၊ စာတုမဟာရာဇိကာ - စာတုမဟာရာဇ် ဘုံ၌ဖြစ်ကုန်သော၊ ဒေဝါ - နတ်တို့သည်၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - တစ်ဆင့်စကား ကြားကြလေကုန်ပြီ။

စာတုမဟာ ရာဇိကာနံ ဒေဝါနံ သဒ္ဒံသုတွာ တာဝတိံသာဒေဝါ။ ပ ။ ယာမာဒေဝါ။ ပ ။ တုသိတာဒေဝါ။ ပ ။ နိမ္မာနရတိဒေဝါ။ ပ ။ ပရနိမ္မိတဝသဝတ္တိဒေဝါ။ ပ ။ ဗြဟ္မကာယိကာဒေဝါ၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - ကြားကြလေကုန်ပြီ။

ကိံ - အဘယ်သို့ အနုဿာဝေသုံ - ကြားကြလေကုန်သနည်း။

ဘဂဝတာ - မြတ်စွာဘုရားသည် ဆိုစမ်း (ဗာရာဏသိယံ - ဗာရာဏသီပြည်၌၊ ဣသိပတနေ - ဣသိပတန အမည်ရသော၊ မိဂဒါယေ - မိဂဒါဝုန်တော၌၊ အနုတ္တရံ - အတုမရှိသော၊ ဓမ္မစက္ကံ - ဓမ္မစကြာ တရားတော်ကို၊ ပဝတ္တိတံ - ဟောတော်မူအပ်ပြီ၊ သမဏေန ဝါ - ရဟန်းသည်သော်လည်းကောင်း၊ ဗြာဟ္မဏေန ဝါ - ပုဏ္ဏားသည်သော်လည်းကောင်း၊ ဒေဝေန ဝါ - နတ်သည်သော်လည်းကောင်း၊ မာရေန ဝါ - မာရ်မင်းသည်လည်းကောင်း၊ ဗြဟ္မုနာ ဝါ - ဗြဟ္မာသည် လည်းကောင်း၊ လောကသ္မိံ - လောက၌၊ ကေနစိ - တစ်စုံ တစ်ယောက်သောသူသည်။)

အပ္ပဋိဝတ္တိယံ - မဟောအပ်သော၊ ဓမ္မစက္ကံ - ဓမ္မစကြာ တရားတော်ကို၊ ပဝတ္တိတံ - ဟောတော်မူအပ်ပြီ၊ ဣတိ - ဤသို့၊ သဒ္ဒံ - အသံကို၊ အနုဿာဝေသုံ - တစ်ဆင့်စကား ကြားကြလေကုန်ပြီ၊ ဓမ္မစကြာဆိုတာ ဘယ်သူမှ မဟောတတ်ဘူးတဲ့၊ ဘုရားမှ ဟောတတ်တာ ။

ဣတိ - ဤသို့၊ ဣဓ - ဤလောက၌၊ တေန ခဏေန - ထိုခဏအားဖြင့်လည်းကောင်း၊ တေန လယေန - ထိုလယဖြင့်လည်းကောင်း၊ အဲဒါ ခယ်ခဏကို တစ်လယရှိတယ်၊ ခယ်လယကို တစ်မုဟုတ္တရှိတယ်တဲ့၊ တေန မုဟုတ္တေန - ထိုမုဟုတ်ဖြင့်လည်းကောင်း၊ ယာဝ ဗြဟ္မလောကာ - ဗြဟ္မာပြည်တိုင်အောင်၊ သဒ္ဒေါ - အသံသည်၊ အဗ္ဘုဂ္ဂစ္ဆိ - မြင့်စွာပျံ့နှံ့၍တက်၏။



www.burmeseclassic.com

www.burmeseclassic.com

အယဉ္စ ဒသ သဟဿိလောကဓာတု - ဤတစ်သောင်းသော စကြဝဠာဓာတ်သည်၊ အဲဒါက ဇာတိလောကခေါ်တယ်၊ မြတ်စွာဘုရား ဖွားတော်မူတဲ့နေရာမှာ တစ်ပြိုင်နက် တုန်လှုပ်ရင်လည်း စကြဝဠာတစ်သောင်းတဲ့၊ သံကမ္ပိ - ရှေ့နောက်တုန်လှုပ်လေပြီ၊ သမ္ပဝေဓိ - စကောဝိုင်းကဲ့သို့ တုန်လှုပ်လေပြီ။ အပ္ပမာဏော စ - အတိုင်းအဆမရှိသည်သာလျှင်ဖြစ်သော၊ ဥဠာရော - မွန်မြတ်သော၊ ဩဘာသော စ - အရောင်သည်လည်း၊ လောကေ - လောက၌၊ ဒေဝါနံ - နတ်တို့သည်၊ ဒေဝါနုဘာဝံ - နတ်တို့အာနုဘော်ကို၊ အတိက္ကမ - ကျော်လွန်၍၊ ဩဘာသော - အရောင်အလင်းသည်၊ ပါတုရဟောသိ - ထင်ရှားဖြစ်လေပြီ။

အထ ခေါ - ထိုအခါ၌၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ ဣမံ ဥဒါနံ - ဤဥဒါန်းကို၊ ဥဒါနေသိ - ကျူးရင့် မြွက်ဆိုလေသည်။

ကိံ - အဘယ်သို့ ကျူးရင့်မြွက်ဆိုလေသနည်း၊ ဘော - အိုအချင်းတို့၊ ကောဏ္ဍညော - ကောဏ္ဍညသည်၊ အညာသိ ဝတ - သိခဲ့လေစွတကား၊ ဣတိ - ဤသို့၊ ဣမံ ဥဒါနံ - ဤဥဒါန်းကို၊ ဥဒါနေသိ - ကျူးရင့်တော်မူလေပြီ၊ အာယသ္မာ ကောဏ္ဍညဿ - အရှင်ကောဏ္ဍညအား၊ အညာသိကောဏ္ဍညောတွေဝ - အညာသိကောဏ္ဍညော ဟူ၍သာလျှင်၊ ဣတိ ဣဒံ နာမံ - ဤနာမည်သည်၊ အဟောသိ - ဖြစ်လေပြီ။

အထ ခေါ - ထိုအခါ၌၊ အာယသ္မာ အညာသိ ကောဏ္ဍညော - အရှင်အညာသိကောဏ္ဍညသည်၊ ဒိဋ္ဌဓမ္မော - မြင်အပ်သောတရား ရှိသည်ဖြစ်၍၊ ပတ္တဓမ္မော - ရောက်အပ်သောတရား ရှိသည်ဖြစ်၍၊ ဝိဒိတဓမ္မော - သိအပ်သောတရား ရှိသည်၊ ပရိယောဂါဠ္ဟဓမ္မော - သက်ဝင်အပ်သော တရားရှိသည်၊ တိဏ္ဏဝိစိကိစ္ဆော - ဝိစိကိစ္ဆာကို လွန်မြောက်ပြီး အသို့နည်း အသို့နည်း ဟူ၍ တွေးတောယုံမှားခြင်းမှ ကင်းသည်၊ ဝေသာရဇ္ဇပ္ပတ္တော - ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်းသို့ ရောက်ပြီ။

သတ္ထုသာသနေ - မြတ်စွာဘုရား သာသနာတော်၌၊ အပရပ္ပစ္စယော - မိမိမှတစ်ပါး ယုံကြည်ရမည့်သူ မရှိပြီသည်ဖြစ်၍၊ ဘဂဝန္တံ - မြတ်စွာဘုရားကို၊ ဧတံ - ဤသို့သော စကားကို၊ အဝေါစ - လျှောက်ထားလေသည်။

ကိံ - အဘယ်သို့၊ အဝေါစ - မိန့်တော်မူသနည်း။

ဓမ္မော - တရားကို၊ သွာက္ခာတော - ကောင်းစွာဟောကြားအပ်ပြီ၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ သမ္မာ - ကောင်းစွာ၊ ဒုက္ခဿ - ဆင်းရဲအပေါင်း၏၊ အန္တကိရိယာယ - အဆုံးကိုပြုခြင်းငှာ၊ စရ - ကျင့်သော၊ ဣတိ - ဤသို့၊ အဝေါစ - မိန့်တော်မူပြီ၊ သာဝ - ထိုဧဟိဘိက္ခု ဟူသော စကားဖြင့်သာလျှင်၊ တဿ အာယသ္မတော - ထိုအရှင်အား၊ ဥပသမ္ပဒါ - ရဟန်းအဖြစ်သည်၊ အဟောသိ - ဖြစ်ပြီ။

အထ ခေါ - ထိုအခါ၌၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ တဝသေသေ - ထိုကောဏ္ဍညမှ ကြွင်းကျန်ကုန်သော၊ ဘိက္ခူ - ရဟန်းတို့ကို၊ ဓမ္မိယာ - တရားနှင့်လျော်သော၊ ကထာယ - စကားဖြင့်၊ ဩဝဒိ - ဆုံးမလေပြီ၊ အနုသာသိ - အဖန်ဖန်ဆုံးမလေပြီ။

အထ ခေါ - ထိုအခါ၌၊ အာယသ္မတော ဝပ္ပဿ စ - အရှင်ဝပ္ပအားလည်းကောင်း၊ အာယသ္မတော စ ဘဒ္ဒိယဿ - အရှင်ဘဒ္ဒိယအားလည်းကောင်း၊ ဘဂဝတော - မြတ်စွာဘုရားသည်၊ ဓမ္မိယာ - တရားနှင့်လျော်သော၊ ကထာယ - စကားဖြင့်၊ ဩဝဒိယမာနာနံ - ဆုံးမအပ်သည်ရှိသော်၊ အနုသာသိယမာနာနံ - အပြစ်ပြ၍ ဆုံးမအပ်သည်ရှိသော်၊ ဝိရဇံ - ဝိစိကိစ္ဆာတည်း ဟူသော မြူမှကင်းသော၊ ဝီတမလံ - ဒိဋ္ဌိတည်းဟူသော အညစ်အကြေးမှကင်းသော၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

ကိံ - အဘယ်သို့၊ ဥဒပါဒိ - ထင်ရှားဖြစ်သနည်း။

ယံ ကိဉ္စိ - ကြွင်းမဲ့ဥဿုံ အလုံးစုံသောတရား ဟူသမျှသည်၊ သမုဒယဓမ္မံ - ဖြစ်ခြင်းသဘောရှိ၏၊ သဗ္ဗံတံ - အလုံးစုံသော ဖြစ်ဖြစ်သမျှ အဝဝသည်၊ နိရောဓ ဓမ္မံ - ချုပ်ခြင်းသဘောရှိ၏၊ ဣတိ - ဤသို့၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

တေ - ထိုပဉ္စဝဂ္ဂီတို့သည်၊ ဒိဋ္ဌဓမ္မာ - မြင်အပ်ပြီးသော တရားရှိကုန်သည်ဖြစ်၍၊ ပတ္တဓမ္မာ - ရောက်အပ်ပြီးသော တရားရှိကုန်သည်ဖြစ်၍၊ ဝိဒိတဓမ္မာ - သိအပ်ပြီးသော တရားရှိကုန်သည်ဖြစ်၍၊ ပရိယောဂါဠ္ဟဓမ္မာ - သက်ဝင်အပ်ပြီးသော တရားရှိကုန်သည်ဖြစ်၍၊ တိဏ္ဏဝိစိကိစ္ဆာ - ဝိစိကိစ္ဆာမှ လွန်မြောက်ပြီးသည်ဖြစ်၍။

ဝိစိကိစ္ဆာမှ လွန်မြောက်တယ်ဆိုတာ တရားတွေပဲရှိတယ်လို့ ဒကာကြီးတို့ သန္တာန်မှာ အဲဒီလို ဖြစ်ရတယ်။ ဝိစိကိစ္ဆာ ကင်းတယ်ဆိုတာ ဘယ်လိုဟာတုံ - တရားတွေပဲရှိတယ်။ လူတွေမဟုတ်တော့ဘူး၊ မိန်းမတွေ ယောကျ်ားတွေ မဟုတ်တော့ဘူး။ အဲဒါ တိဏ္ဏဝိစိကိစ္ဆာပဲ။

ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဆိုတာလည်း သစ္စာလေးပါး သိသွားတာ ခေါ်တယ်။ သစ္စာလေးပါး သိသွားမှလည်း သောတာပန် ခေါ်တယ်။ သောတာပန် ခေါ်မှလည်း တိဏ္ဏဝိစိကိစ္ဆာဖြစ်တယ်။

ဝိဂတကထံကထာ - အသို့နည်း အသို့နည်းဟု တွေးတောယုံမှားခြင်းမှ ကင်းကြကုန်သည်၊ ဝေသာရဇ္ဇပ္ပတ္တာ - ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်းသို့ ရောက်ကြကုန်ပြီ၊ ဒီတရားပဲ သစ္စာလေးပါးတရားပဲ ရှိတယ်လို့ အဲဒီလိုရောက်သွားတယ်တဲ့၊ သတ္ထုသာသနေ - မြတ်စွာဘုရား သာသနာတော်၌၊ အပရပ္ပစ္စယော - မိမိမှတစ်ပါး ယုံကြည်အားထားရသူ မရှိကြကုန်သည်ဖြစ်၍၊ ဘဂဝန္တံ - မြတ်စွာဘုရားကို၊ ဧတံဝစနံ -



www.burmeseclassic.com

www.burmeseclassic.com

ဤသို့သောစကားကို၊ အဝေါစ - လျှောက်ထားကြလေကုန်ပြီ၊ ကိံ - အဘယ်သို့၊ အဝေသုံ - လျှောက်ထားကြလေကုန်သနည်း။

ဘန္တေ - မြတ်စွာဘုရား၊ မယံ - တပည့်တော်တို့သည်၊ ဘဂဝတော - မြတ်စွာဘုရား၏၊ သန္တိကေ - အထံတော်၌၊ ပဗ္ဗဇ္ဇံ - ရှင်အဖြစ်ကို၊ လဘေယျာမ - ရလိုပါကုန်၏၊ ဥပသမ္ပဒါ - ရဟန်းအဖြစ်ကို၊ လာဘေယျာမ - ရလိုပါကုန်၏၊ ဣတိ - ဤသို့၊ ဝုတ္တေ - လျှောက်ထားကြကုန်သည်ရှိသော်၊ ဘိက္ခဝေါ - ရဟန်းတို့၊ ဧထ - လာကြကုန်လော့၊ ဣတိ - ဤသို့၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ အဝေါစ - မိန့်တော်မူပြီ။

ဓမ္မော - တရားတော်ကို၊ သွာက္ခာတော - ကောင်းစွာဟောကြားအပ်ပြီ၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ စရထ - ကျင့်ကြကုန်လော့၊ သမ္မာ - ကောင်းစွာ၊ ဒုက္ခဿ - ဝဋ်ဆင်းရဲ၏၊ အန္တကိရိယာယ - အဆုံးကိုပြုခြင်းငှာ၊ စရထ - ကျင့်ကြကုန်လော့၊ သာဝ - ထိုစကားသည်သာလျှင်၊ တေသံ - အာယသ္မန္တံ - ထိုအရှင်တို့အား၊ ဥပသမ္ပဒါ - ရဟန်းအဖြစ်တို့သည်၊ အဟောသိ - ဖြစ်လေပြီ။

အထခေါ - ထိုအခါ၌၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ တဝသေသေ - ထိုအရှင်ကောဏ္ဍညမှ ကြွင်းကုန်သော၊ ဘိက္ခူ - ရဟန်းတို့ကို၊ နီဟာရဘတ္တော - ဆောင်ယူသော ဆွမ်းရှိသည်ဖြစ်၍၊ ဓမ္မိယော - တရားနှင့်လျော်သော၊ ကထာယ - စကားဖြင့်၊ ဩဝဒိ - ဆုံးမလေပြီ၊ အနုသာသိ - ဆုံးမလေပြီ။

တယော - သုံးပါးကုန်သော၊ ဘိက္ခူ - ရဟန်းတို့သည်၊ ပိဏ္ဍာယ - ဆွမ်းအလို့ငှာ၊ စရိတွာ - လှည့်လည်၍၊ ယံ - အကြင် အာဟာရကို၊ အာဟရန္တိ - ဆောင်ယူကြကုန်၏၊ တေန - ထိုအာဟာရဖြင့်၊ ဆဗ္ဗဂ္ဂေါ - ခြောက်ပါးသောရဟန်းသည်၊ ယာပေတိ - မျှတ၏။

အထခေါ - ထိုအခါ၌၊ အာယသ္မာတော စ မဟာနာမဿ - အရှင်မဟာနာမ်အားလည်းကောင်း၊ အယသ္မာတော စ အဿဇိဿ - အရှင်အဿဇိအားလည်းကောင်း၊ ဘဂဝတော - မြတ်စွာဘုရားသည်၊ ဓမ္မိယာ - တရားနှင့်လျော်သော၊ ကထာယ - စကားဖြင့်၊ ဩဝဒိယမာနာနံ - ဆုံးမအပ်သည်ရှိသော်၊ အနုသာသိယမာနာနံ - အဖန်ဖန် ဆုံးမသည်ရှိသော်၊ ဝိရဇံ - ဒိဋ္ဌိတည်းဟူသော မြူမှကင်းသော၊ ဝီတမလံ - ဝိစိကိစ္ဆာတည်းဟူသော အညစ်အကြေးမှကင်းသော၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ - ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ ဟူ၍၊ ဓမ္မစက္ခုံ - သောတာပတ္တိမဂ်ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

တေ - ထိုပဉ္စဝဂ္ဂီတို့သည်၊ ဒိဋ္ဌဓမ္မော - မြင်အပ်သောတရား ရှိကုန်သည်ဖြစ်၍၊ ဆိုလိုက်စမ်း (ပတ္တဓမ္မော - ရောက်အပ်သောတရား ရှိသည်ဖြစ်၍၊ ဝိဒိတဓမ္မော - သိအပ်သောတရားရှိသည်ဖြစ်၍ တိဏ္ဏဝိစိကိစ္ဆာ - ဝိစိကိစ္ဆာမှ လွန်မြောက်သည်ဖြစ်၍၊ ဝိဂတ ကထံ ကထော - အသို့နည်း၊ အသို့နည်း ဟူ၍ တွေးတောယုံမှားခြင်းမှ ကင်းသည်ဖြစ်၍၊ ဝေသာရဇ္ဇပ္ပတ္တော - ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်းသို့ ရောက်ပြီးဖြစ်၍ သတ္ထုသာသနေ - မြတ်စွာဘုရား သာသနာတော်၌၊ အပရပ္ပစ္စယာ - မိမိမှတစ်ပါးယုံကြည်ရမည့်သူ မရှိပြီ၊ ဟုတွာ - ဖြစ်၍၊ ဘဂဝန္တံ - မြတ်စွာဘုရားကို၊ ဧတံ - ဤသို့သောစကားကို၊ အဝေါစ - လျှောက်ထားလေသတည်း။

ဘန္တေ - ဘုရား၊ မယံ - တပည့်တော်တို့သည်၊ ဘဂဝတော - မြတ်စွာဘုရား၏၊ သန္တိကေ - အထံ၌၊ ပဗ္ဗဇ္ဇံ - ရှင်အဖြစ်ကို၊ လဘေယျာမ - ရလိုကြပါ၏၊ ဥပသမ္ပဒံ - ရဟန်းအဖြစ်ကို၊ လဘေယျာမ -ရလိုကြပါ၏၊ ဣတိ ဣဒံ ဝစနံ - ဤသို့သောစကားကို၊ အဝေါစ - လျှောက်ထားကြလေကုန်၏။

ဘိက္ခဝေါ - ရဟန်းတို့၊ ဧထ - လာကြကုန်လော့၊ ဣတိ - ဤသို့၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ အဝေါစ - မိန့်တော်မူ၏။

ကိံ - အဘယ်သို့၊ အဝေါစ - မိန့်တော်မူသနည်း။

ဓမ္မော - တရားတော်ကို၊ သွာက္ခာတော - ကောင်းစွာဟောကြားအပ်ပြီ၊ ဗြဟ္မစရိယံ - မြတ်သောအကျင့်ကို၊ စရထ- ကျင့်ကြကုန်လော့။

ဒုက္ခဿ - ဆင်းရဲအပေါင်း၏၊ အန္တကိရိယာယ - အဆုံးကိုပြုခြင်းငှာ၊ သမ္မာ - ကောင်းစွာ၊ စရထ - ကျင့်ကြကုန်လော့၊ ဣတိ - ဤသို့၊ အဝေါစ - မိန့်တော်မူလေပြီ။

သာဝ - ထိုဧဟိဘိက္ခု ဟူသောစကားဖြင့်သာလျှင် တေသံအာယသ္မန္တာနံ - ထိုအရှင်တို့အား၊ ဥပသမ္ပဒါ - ရဟန်းအဖြစ်တို့သည်၊ အဟောသိ - ဖြစ်ကြလေကုန်သည်။

အဲဒါ ဝါဆိုလပြည့်ကျော် ၁ ရက်၊ အဲဒီနောက်မှာ အနတ္တလက္ခဏာသုတ်ကို ဟောတယ်တဲ့။ နှစ်ဆယ်ကျ အနတ္တလက္ခဏာသုတ် ဟောတယ်၊ အဲဒီတော့မှ ရဟန္တာတွေ ဖြစ်ကြတယ်တဲ့။ ကဲ. . . တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

❐ **ဘဒ္ဒန္တကုမာရာဘိဝံသမထေရ်မြတ်**

**(အနီစွဲဆရာတော်)**





www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးရှင်ချောင်းနှင့်ဖားတစ်ရှဉ်း

## စိတ်ဝင်စားဖွယ်တစ်နေရာ

ဆရာကြီး ဦးအောင်မြင့်




တိလောကမာရ်အောင်ရတနာ စေတီတော်မြတ်ကြီးနှင့် အနီးရှိ မြတ်စွာဘုရား တာဝတိံသာစံကျောင်း

ညအခါတွင် ပြဒါးရှင်လုံးများ ပျံသန်းမြူးထူးနေသည်ကို ရှေးက ဒေသခံမုဆိုးကြီးများ မကြာခဏ တွေ့မြင်ကြရသော ချောင်းဖျားရေထွက်တစ်နေရာမှာ နေ့ခင်းဘက်တွင် ကျောက်ဖားကြီးနှစ်ကောင် ဝပ်နေသည့် ပုံသဏ္ဌာန်ရှိသော ကျောက်တုံးကြီး နှစ်တုံးရှိသည်။

ထိုကျောက်ဖားကြီး နှစ်ကောင်၏ မျက်လုံးနေရာမှာ ရှေးက ဇော်ဂျီများ ဂမ္ဘီရပညာရပ်ဖြင့် ဖန်တီးထားသော ပြဒါးရှင်လုံးများ ဌာပနာထားသဖြင့် ဤကျောက်ဖားကြီးနှစ်ကောင်သည် ညအခါ ပျံသန်းနိုင်သည်ဟု ဒေသခံများက ယုံကြည်နေကြသည်။ ထိုကျောက်ဖားကြီးနှစ်ကောင်၏ ပါးစပ်ပေါက်များမှ သဘာဝရေထွက်ဖြစ်ပေါ်ကာ မြစ်ဖျားခံစီးဆင်းလာသော စမ်းချောင်းငယ်မှတစ်ဆင့် တဖြည်းဖြည်း အရှေ့ဘက်သို့ ကျယ်ပြန့်စီးဆင်းကာ ချောင်းကြီးဖြစ်လာသည်။ နောက်ဆုံးတွင် ဧရာဝတီမြစ်အတွင်း စီးဝင်သည်။


ထိုချောင်းမှာ အနောက်ဘက် ရခိုင်ရိုးမတွင် အဖျားခံ၍ အရှေ့ဘက် ဧရာဝတီမြစ်ကို ကြံ့ခင်းမြို့အနီးတွင် ပေါင်းဆုံသည်။ ထို့ကြောင့် ထိုချောင်းကို ပြဒါးရှင်ချောင်းဟု ခေါ်ကြသလို ဖားတစ်ရှဉ်းချောင်းဟုလည်း ခေါ်ကြသည်။

ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းနဖူး ကပ်လျက်ရှိသော ကြံ့ခင်းမြို့မှာ ရှေးအခါက မိကျောင်းအကောက်ခွန်စခန်း ရှိခဲ့သဖြင့် မွန်ဘာသာစကားအရ 'ကျန်ကင်း'ဟုခေါ်ရာမှ ယခုအခါ 'ကြံ့ခင်း' မြို့ဟု အခေါ်အဝေါ် ပြောင်းလာခဲ့သည်။ ထိုကြံ့ခင်းမြို့နှင့် ရှေးအခါက လှေ၊ ဖောင် စသည်တို့ဖြင့်သာ သွားလာဆက်သွယ်နိုင်သော ရခိုင်ရိုးမ အရှေ့ခြမ်းနှင့်နီးကပ်သော ဝဲကြီးရွာမှာ ကြံ့ခင်းမြို့၏ အနောက်ဘက် သုံးမိုင်ကျော်အကွာတွင် တည်ရှိပြီး သစ်ပင်ကြီးများ အုပ်ဆိုင်းကာ တစ်နေကုန်လိုလို အေးမြနေသည်။ ရွာအားမှာတော့ အနောက်မှအရှေ့သို့ ဆယ့်နှစ်ရာသီ တသွင်သွင်စီးဆင်းနေသော ချောင်းကြီးတစ်ချောင်း ရှိသည်။ ဤချောင်းကြီး၏ အဖျားပိုင်းမှာ ပြဒါးရှင်ချောင်းဟူ၍ ဒေသခံများ ခေါ်ကြပြီး ချောင်းကြီး၏ အရင်းပိုင်းမှာ ဖားတစ်ရှဉ်းချောင်းဟု ဒေသခံများ ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဲကြီးကျောင်းတိုက် ပရိဝုဏ်အတွင်း ဖူးမြင်ရသော
တိလောကမာရ်အောင်ရတနာ စေတီတော်မြတ်ကြီး

ဝဲကြီးရွာကျောင်းတိုက် ပရိဝုဏ်အတွင်းမှာ ရှေးဟောင်း စေတီတော်တစ်ဆူရှိသည်။ ကုန်းမြင့်ပေါ်မှာ ပြန်လည် ပြုပြင်ထားပြီး ယခုအခါ 'တိလောကမာရ်အောင်ရတနာစေတီတော်မြတ်ကြီး' ဟု ဘွဲ့မည် ရေးထိုးထားပါသည်။

ဤစေတီတော်ကို ရှေးပဒေသရာဇ်ခေတ်က ယခု ပုသိမ်မြို့နေရာမှာ မင်းနေပြည်တော်အဖြစ် ထီးနန်းစိုးစံခဲ့သော မွန်မင်းဆက်မှ သက္ကရာဇ် ၆၃၅ခု တွင် နန်းတက်သော သမုဒ္ဒဃောသမင်း၏ မိဖုရားကြီးတစ်ပါးဖြစ်သူ ဥမ္မာဒန္တီနှင့် နောက်လိုက်နောက်ပါများ သာသနာပြုခရီး လှည့်လည်ရောက်ရှိခဲ့စဉ်က တည်ထားခဲ့ခြင်း ဖြစ်သည်ဟု ရွာခံဘိုးဘွားအစဉ်အဆက်မှတ်သားပြောဆိုခဲ့ကြသည်။


တစ်ခါတစ်ရံ ဤဘုရားပရိဝုဏ်ကို ရပ်ဝေးဧည့်သည် ဘုရားဖူးအချို့ အိပ်မက်ရ၍ ရောက်ရှိအဓိဋ္ဌာန်ဝင်ကြသလို ဂမ္ဘီရလမ်းလိုက်စားသူ ပုဂ္ဂိုလ်အချို့ကလည်း အာရုံနိမိတ်ရ၍ လာရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်ခြင်းမျိုး ရှိသည်။ ယခုအခါ ဤပရိဝုဏ်သို့ ကြံခင်းမြို့မှ ဆိုင်ကယ်၊ စက်ဘီး၊ ခြေလျင် ကားတို့ဖြင့် အလွယ်တကူ လာရောက်နိုင်ကြပြီ ဖြစ်ပါသည်။

ရှေးလူကြီးများက ဥမ္မာဒန္တီမိဖုရား ကုသိုလ်တော်စေတီဘုရားဟူ၍ အဆက်ဆက်မှတ်သားခဲ့ကြသော ယခုခေတ် 'တိလောကမာရ်အောင်ရတနာ' စေတီတော်ကြီး၏ အနီးတွင် ရှေးက ဝဲကြီးကျောင်းတိုက် ဆရာတော်တစ်ပါး မဇ္ဈိမဒေသက ပင့်ဆောင်ယူလာ စိုက်ပျိုးထားသော ဗောဓိညောင်ပင်ကြီး ရှိသည်။ အစဉ်အဆက်ကတည်းက ဒေသခံရွာသူ ရွာသားတို့ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပပြုလုပ်ခဲ့ကြသည်။

ပူပန်သောက ကြုံရသူအချို့ကတော့ မည်သည့်အချိန်ကာလတွင်မဆို ဤညောင်ပင်မှာ ရေသွန်းလောင်း၍ ဆုတောင်းခြင်းဖြင့် ပူပန်သောက ဒေါသငြိမ်းပပျောက်သွားကြောင်း ယုံကြည်ဆောင်ရွက်ကြသည်။

ရှေးဟောင်းစေတီတော် အနီးမှာ သစ်သားခင်းကာ သွပ်မိုးလှေကားအဆင့်ဆင့်ဖြင့် ပြုလုပ်ထားသော ရှေးဟောင်း တာဝတိံသာကျောင်း ရှိသည်။ လှေကားထိပ်ဆုံးမှာ တာဝတိံသာရုပ်ပွားတော် ရုပ်တော်မူ တစ်ဆူ ပူဇော်ခံဝင်သည်။ တာဝတိံသာကျောင်းမှာ ဧရာဝတီတိုင်း ဒေသကြီးတစ်ခုလုံးတွင် နှစ်နေရာသာရှိပြီး နောက်တစ်နေရာမှာ ကြံခင်းမြို့မ ရပ်ကွက်ရှိ လောကသယမ္ဘူ'စေတီတော် ပရိဝုဏ်ဖြစ်သည်။

သို့သော် ထိုနေရာရှိ တာဝတိံသာကျောင်းမှာ အုတ်အင်္ဂတေဖြင့် ဆောက်လုပ်ထားသဖြင့် ယခု ဤဝဲကြီးကျောင်း ပရိဝုဏ်ရှိ တာဝတိံသာ ကျောင်းဆောင်တစ်ခုတည်းသာ ရှေးခေတ် သစ်၊ သွပ် ကျောင်းဆောင် ဖြစ်သည်။




နှစ်ဆူတန်ဆောင်းတော်ကြီးအတွင်းမှာ ဖူးမြင်ရသော်
ကျောချင်းကပ်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ
(အောင်ဆုထူးကျော် ဆုတောင်းပြည့်ရုပ်ပွားတော်)



www.burmeseclassic.com

www.burmeseclassic.com

ဤဒေသတွင် မိုးခေါင်လွန်းသည့်အခါ တာဝတိံသာ ရုပ်ပွားတော်ကို ပင့်ဆောင်၍ ရပ်ရွာအတွင်း လှည့်လည်ပူဇော်ခံခြင်း၊ ရေသပ္ပာယ်ခြင်းတို့ ပြုလျှင် ချက်ချင်းပင် မိုးကြီးရွာသွန်းချကြောင်း သိရှိရသည်။

နှစ်စဉ် သီတင်းကျွတ် လပြည့်ညတိုင်း မြတ်စွာဘုရား တာဝတိံသာကျောင်းဆောင်မှ ဆင်းကြွပွဲ ကျင်းပလေ့ရှိသည်။ သီတင်းကျွတ်လဆန်း ၁ ရက် မနက်ပိုင်းတွင် တာဝတိံသာ မြတ်စွာဘုရား ရွာတွင်းသို့ လှည့်လည်ပူဇော်ခံခြင်းနှင့်အတူ ရဟန်းသံဃာတော်များ ဆွမ်းကြီးခံကြွခြင်း ပြုလေ့ရှိသည်။



တာဝတိံသာကျောင်းပေါ်ရှိ တာဝတိံသာမြတ်စွာဘုရား

ကျွန်ုပ်မှာ ၁၃၇၅ ခု သီတင်းကျွတ် လပြည့်ညနှင့် လပြည့်ကျော် ၁ ရက် မနက်တို့တွင် ထိုပွဲတော်နှင့် ကိုယ်တွေ့ကြုံခဲ့ရာ မိုးကြီးစွာ သဲသဲမဲမဲ ရွာသွန်းကြောင်း မျက်မြင်တွေ့ရှိခဲ့ရပါသည်။


ဝဲကြီးကျောင်းတိုက်၏ လက်ရှိကျောင်းထိုင်ဆရာတော်မှာ သက်တော်(၆၀)ရှိပြီဖြစ်သော ကြံခင်းမြို့နယ် စမ်းကြီးရွာဇာတိ ဘဒ္ဒန္တဝါယမ ဖြစ်သည်။ ဤကျောင်းသို့ ၁၃၅၅ ခုနှစ်က စတင်ရောက်သဖြင့် နှစ်ပေါင်း (၂၀)ကြာပြီဖြစ်သည်။

ဝဲကြီးကျောင်းတိုက် မြောက်ဘက်တွင် သိမ်တော်ကြီးတစ်ဆောင်ရှိပြီး ၁၂၇၅ ခုနှစ် လှူဒါန်းကြောင်း ကမ္ပည်းစာတန်းကြောင့် နှစ်ပေါင်း (၁၀၀) ရှိနေပြီဖြစ်သည်။

ထိုသိမ်တော်ကြီးအနီးမှာ အောင်ဆုထူးကျော် ဆုတောင်းပြည့် ဘုရားတန်ဆောင်းရှိပြီး တန်ဆောင်းအတွင်းမှာ ကျောချင်းတပ် ရုပ်ပွားတော်နှစ်ဆူကို သပ္ပာယ်စွာ ဖူးမြင်ရသည်။ ဒေသခံ ရွာသူ ရွာသား လူငယ်မောင်မယ်များ ရပ်ဝေးမြေခြား အလုပ်အကိုင်ကောင်း ရရှိရေးအတွက်၊ ပြည်ပနိုင်ငံခြား သွားရောက်လုပ်ကိုင်ရရေးအတွက် ဆုတောင်းအလွန်ပြည့်ကြောင်း သတင်းကြီးနေပါသည်။

စာဖတ်သူများ စိတ်ဝင်စားလျှင် ပြဒါးရှင်ချောင်းနံဘေးက ထိုနေရာထူးသို့ တစ်ခါတစ်ခေါက် သွားရောက်နိုင်ကြပါစေ။

❑ ဆရာကြီး ဦးအောင်မြိုင်



တာဝတိံသာစ်ကျောင်းပေါ်မှ တွေ့မြင်ရသော ဖားတစ်ရှဉ်းချောင်း၏ အပိုင်းတစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

# သိဂိုဝမ္မာသောကမင်းကြီး တည်တော်မူခဲ့သော ကျောက်ဒိုင်စေတီတော်များနှင့် လည်းတိုင်းသဏ္ဍာန် ဝမ္မစကြာအောင်လံတော်တံဆိပ်

-ကျော်ဇောဟိန်း (နံ့သာ)-



သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ပွင့်တော်မူရာဒေသမှာ ဗုဒ္ဓဂယာဖြစ်၍ ဂင်္ဂါမြစ်လက်တက်တစ်ခုပေါ်၌ တည်ရှိသော ဂယာမြို့မှ ခုနစ်မိုင်မျှ ကွာဝေး၏။ ဂေါတမမြတ်စွာဘုရားသည် အလွန်အကြူး စည်းစိမ်ယစ်မူးခြင်းကိုလည်းကောင်း၊ အတိုင်းထက်အလွန် ငြိုးငြံခြင်း၊ အကျင့်လွန်ခြင်းတို့ကို(လိုလားနှစ်သက်တော်မမူပေ)။ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကို လိုက်ကြရန် လူအပေါင်းတို့အား တိုက်တွန်း ဆုံးမတော်မူ၏။ မိမိတို့ပြုသော ကောင်းမှုသုစရိုက်နှင့်အညီ ကောင်းကျိုးစံရမည်။ မကောင်းမှုဒုစရိုက်နှင့်အညီ ဆိုးပြစ်ခံရမည်ဟု ကံ ကံ၏အကျိုးကို ဟောမြွက်တော်မူခဲ့လေသည်။

...ထို့အပြင် လောက၌ ရုပ်ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ သိမှု (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါ၊ ဝိညာဏ်)တည်းဟူသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အမြဲမရှိ ချွေလျော့ပျက်စီးဖောက်ပြန်တတ်သော သဘောရှိကြောင်း၊အနိစ္စ - ထိုမမြဲသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဆင်းရဲခြင်း အစစ်ဖြစ်ကြောင်း၊ ဒုက္ခ ထိုဆင်းရဲခြင်းအစစ်ဖြစ်သော ခန္ဓာငါးပါး ၃င်္ခုဒုက္ခများသည်သာလျှင် ဖြစ်ပျက် ချုပ်ငြိမ်းခြင်း ဖြစ်တတ်ကြောင်း၊ ဖြစ်တတ်၊ ပျက်တတ်၊ ချုပ်ငြိမ်းတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောက်ျား၊ မိန်းမ၊ သက်ရှိ၊ သက်မဲ့ဟူ၍ ပရမတ္ထသဘောအရ ဘယ်အခါမှ ထင်ရှားမရှိခဲ့ကြောင်းကို ဟောကြားတော်မူလေသည်။

ထိုမှတစ်ပါး တွေ့ကြုံဖြစ်ပျက် ခံစား စံစားရသောမှုမှာ ဖောက်ပြန်ပျက်စီးခြင်းသာလျှင် နောက်ဆုံးရှိသောကြောင့် ဆင်းရဲခြင်း အစစ်အမှန်ဖြစ်ကြောင်း၊ ဒုက္ခသစ္စာ - ထိုသို့ဆင်းရဲခြင်းအစစ် ဖြစ်ပေါ်ရခြင်းအကြောင်းရင်းမှာ လိုချင်ဆန္ဒရှိမှုတည်း ဟူသော တဏှာအမှန်ဖြစ်ကြောင်း၊ သမုဒယသစ္စာ - ဆင်းရဲခြင်းဟူသမျှ ချုပ်ငြိမ်းကုန်ရာ ချမ်းသာသုခအစစ်အမှန်သည် နိဗ္ဗာန်ဖြစ်ကြောင်း၊ နိရောဓသစ္စာ နိဗ္ဗာန်ကိုရကြောင်း တစ်ခုတည်းသောလမ်းသည် မဂ္ဂင်ရှစ်ပါးအမှန်ဖြစ်ကြောင်း၊မဂ္ဂသစ္စာ-ဟူ၍အကြောင်းနှင့်အကျိုးစပ်သော သစ္စာလေးပါး မြတ်တရားကို ဟောမြွက်တော်မူပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားသည် မဇ္ဈိမဒေသတိုင်း၌ လှည့်လည်ကာ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူနေစဉ် ဟီးဘရူးလူမျိုးတို့အား ပရောဖက် အစ်ဇိုင်းယားသည် လည်းကောင်း၊ တရုတ်လူမျိုးတို့အား ကွန်ဖြူးစီးယပ်စ်သည် လည်းကောင်း၊ ပါရှားပြည်၌ ဆရာတော်မြတ် ဇိုးရိုးအက်စတားသည် လည်းကောင်း တစ်ချိန်တည်း တရားဓမ္မဟောကြားနေကြသည်။ ကမ္ဘာပေါ်ရှိ လူများသည် နှစ်ပေါင်းများစွာ ကလေးများပမာ အမှုမဲ့ အမှတ်မဲ့ နေထိုင်ကြရာမှ ယခုမူ နက်နက်နဲနဲ ဆင်ခြင်တွေးတောတတ်သော လူကြီးဘဝသို့ ရောက်လာသည်နှင့် တူပေသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ "ငါကား နိဗ္ဗာန်ရောက်ကြောင်းလမ်းကိုသာ ညွှန်ကြားနိုင်သည်၊ သင်တို့သည် မမေ့မလျော့သော လုံ့လဝီရိယနှင့် ပြည့်စုံကြကုန်လော့၊ အပ္ပမာဒေန သမ္ပာဒေထ"ဟု အသီးသီးအသကအသက ကြိုးစား အားထုတ်ကြရန် နောက်ဆုံးသြဝါဒစကားကို မိန့်ကြားတော်မူပြီး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်သွားလေတော့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ထိုပရိနိဗ္ဗာန်ပြုရာအရပ်၌နေကုန်ကြသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ဖြစ်ကုန်သော ရဟန်းတို့သည် ရှိုက်ကြီးတငင် ပင်ပန်းလျက် ဦးခေါင်းထက်၌ လက်ကိုမြှောက်၍ တမ်းတငိုကြွေးကြကုန်၏။

အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သာလျှင် သတိတရား အဆင်အခြင် ပညာတရားနှင့် ပြည့်စုံကုန်သည်ဖြစ်၍ သင်္ခါရတရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်။ ဤသင်္ခါရတရားတို့၌ မြဲသည်၏အဖြစ်ကို အဘယ်အခါမှာ တတ်နိုင်ကုန်အံ့နည်းဟု နှလုံးသွင်းပြီးလျှင် သည်းခံ၍ နေကြကုန်၏။

ထိုသို့ ငိုကြွေးသောအခါ အရှင်အနုရုဒ္ဓါသည် ဤသို့ မိန့်တော်မူ၏။

"ငါ့ရှင်တို့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုကြကုန်လင့်၊ ငါ့ရှင်တို့ကို မြတ်စွာဘုရားသည် နာနာဘာဝ၊ ဝိနာဘာဝ၊ အညထာဘာဝ စသည်တို့အကြောင်းပြု၍ ပရိဒေဝ မပြုကြကုန်လင့် ဟောကြားအပ်ပြီ မဟုတ်လော၊ ငါ့ရှင်တို့ ဤသင်္ခါရတရား၌ အကျုံးဝင်သော မြတ်စွာဘုရားကို မပျက်စီးစေဘဲ အမြဲ တည်စိမ့်သောငှာ အဘယ်မှာ တတ်နိုင်ပါအံ့နည်း" ဟု တရားလမ်းကြောင်းဖြင့် ပြသ၍ သက်သာရာကို ရစေ၏။

## ဓာတ်ပုံ ၂၄ သွယ်ဓာတ်

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်မပြုမီ . . . "ငါဘုရား အလောင်းတော်ကို မီးငြိခဲ့သည်ရှိသော် ငါဘုရားဆံတော်၊ အမွေးတော်၊ သွားတော်၊ ခြေသည်း၊ လက်သည်းတော်တို့သည် ကောင်းကင်သို့ ပျံတက်စေသတည်း၊ ကြွင်းသော ကိုယ်တော်မှဖြစ်သော ငါဘုရား၏ ဓာတ်တော်တို့သည် ဖျံ့နှံ့စိတ်ဖြာ၍ တည်စေခြင်းငှာ မမဓာတုန် ဝိကိရဏံ အဓိဋ္ဌာသိ" ဟု အဓိဋ္ဌာန်တော်မူခဲ့သည်နှင့်အညီ တေဇောဓာတ်မီးလောင်ရာ၌ မြတ်စွာဘုရားသခင်၏ ပြာမီးသွေးတို့သည် မထင်မမြင်ကုန်၊ အစိတ်စိတ်ဖြစ်၏။ ဓာတ်တော်တို့သည် သာလျှင် ကြွင်းကုန်၏။

အလောင်းတော်ကို ရစ်ပတ်သော ပုဆိုးအစုံငါးရာတို့တွင် အပြင်တစ်ထပ်နှင့် အတွင်းတစ်ထပ်တို့သည် မီးမလောင်ဘဲ ကြွင်းကျန်ကုန်၏။

ကျွန်ုပ်တို့ မြတ်စွာဘုရားသည် အသက်တိုသော ဘုရားဖြစ်ခြင်းကြောင့် တစ်ပေါင်းတစ်စုတည်း မတည်မူ၍ အစိတ်စိတ်ကွဲပြား၍တည်သော သမ္ဗိန္နဓာတ်တော်တို့သည် ပမာဏသုံးပါး၊ ကွမ်းစားသုံးပါး၊ တင်းအားဖြင့် နှစ်တင်းဖြစ်၍ ပထမအထပ်ပေါ်၌ ဓာတ်တော်တို့သည် တည်လျက်ရှိကုန်၏။ ထိုသုံးပါးသော သမ္ဗိန္နဓာတ်တော်တို့တွင် အကြီးဖြစ်သော ဓာတ်တော်တို့သည် ပဲနောက်စေ့ ပမာဏ ရွှေအစင်း ငါးကွမ်းစား ရှိကုန်၏။ အလတ်ဖြစ်သောဓာတ်တော်တို့သည်ကား ဆန်ကျိုးပမာဏ ပုလဲအဆင်း ငါးကွမ်းစားရှိကုန်၏။

အငယ်ဖြစ်သော ဓာတ်တော်တို့ကား မုန်ညင်းစေ့ပမာဏ ချရားစေ့အဆင်း၊ မြတ်လေးငုံအဆင်း ခြောက်ကွမ်းစား ရှိကုန်၏။ ပိတ်အားဖြင့် ရှစ်စိတ်၊ တင်းအားဖြင့် နှစ်တင်း ပမာဏ ရှိကုန်၏။ ၎င်းဓာတ်တော်တို့သည် တစ်ပေါင်းတည်း စုဝေး၍ မတည်၊ စိတ်ဖြာကွဲပြား၍ တည်ခြင်းကြောင့် သမ္ဗိန္နဓာတ်မည်ကုန်၏။ သက်ရှည်သော ဘုရားတို့၏ ဓာတ်တော်သည်ကား မကွဲမပြား ရွှေတုံးကဲ့သို့ တစ်ခဲနက် တစ်ပေါင်းတည်းသာတည်ကုန်၏၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည် တေဇောဓာတ်လောင်ရာ၌ မပြိုမကွဲ မပျက်မစီး ပကတိအတိုင်း တည်ကုန်သောကြောင့် အသမ္ဗိန္နဓာတ်မည်ကုန်၏။

မလ္လာမင်းတို့သည် အလုံးစုံသော နံ့သာရည်တို့ဖြင့် ဖျန်းပက်၍ မီးကိုငြိမ်းစေကုန်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘီစီ ၅ ရာစုနှစ်များတွင် အိန္ဒိယပြည်အနောက်မြောက်ပိုင်းမှာ ပါရှန်ဘုရင်မင်းမြတ် ဒရိယပ်စ်၏ အင်ပါယာကြီးအတွင်းသို့ သက်ဆင်းကျရောက်သွားလေသည်။ ဘီစီ ၃ ရာစုနှစ်များအတွင်း ဂရိဘုရင်မင်းမြတ် အလက်ဇန္ဒား၏ လက်တွင်းသို့ ကျရောက်ရပြန်လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၂၀၀ လောက်တွင် ဗုဒ္ဓသာသနာ၌ ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြားလာခဲ့သည်။

မဟာယာနဂိုဏ်းများ နောင်သောအခါ မြောက်ဘက်နိုင်ငံများ၏ အယူဖြစ်လာသောကြောင့် မြောက်ပိုင်းဗုဒ္ဓဘာသာ ဟုခေါ်၍ ထိုဂိုဏ်းဝင်များ



www.burmeseclassic.com

www.burmeseclassic.com

သည် တရားသစ်များကို ဖြည့်စွက်ကာ မျက်စိပသာဒမျှဖြစ်သော ဘုရားပူဇော်ပွဲကြီးများ ကျင်းပလေ့ရှိကြသည်။

ဟိနယာနဂိုဏ်းမှာ နောင်သောအခါ တောင်ဘက်နိုင်ငံများ၏ အယူဖြစ်လာသောကြောင့် တောင်ပိုင်းဗုဒ္ဓဘာသာ ဟုခေါ်၍ ထိုဂိုဏ်းဝင်များသည် ရှေးရိုးတရားတော်များကိုသာ လိုက်ရိုးလိုက်စဉ်အတိုင်း လိုက်ကြလျက် တရားသစ် ဝါဒသစ်များကို နောက်ထပ်ဖြည့်စွက်ခြင်း မပြုကြချေ။

ဘီစီ ၂၇၃ တွင် နန်းတော်မူသော အသောကမင်းကြီးသည် မောရိယ အင်ပါယာကို လက်မွန်ပထမ တည်ထောင်ခဲ့သော စန္ဒဂုတ်မင်းကြီး၏ မြေးတော်ဖြစ်၍ ရာဇဘိသိက်ခံယူတော်မူသောအခါ နတ်မင်းများ၏ မေတ္တာဟူသော အဓိပ္ပာယ်ရှိသည့် ဒေဝါနံပီယဘွဲ့အမည်ကို ခံယူတော်မူသည်။

အသောကမင်းကြီးသည် နန်းသက် ရှစ်နှစ်မြောက်သောအခါ မဒရပ်နယ် မဟာနဒီနှင့် ဂိုဒါဝရီမြစ်တို့အကြား ကလိင်္ဂမည်သောတိုင်း၊ ကလိင်္ဂရာဇ်ပြည်ကို စစ်မက်တိုက်ခိုက် အောင်မြင်ပြီးသော် မောရိယအင်ပါယာကြီးထဲသို့ သိမ်းသွင်းလေသည်။ စစ်ထိုးရာတွင် နှိမ်နင်းအောင်နိုင်သော်လည်း ခုတ်ထစ်သတ်ဖြတ် သွေးထွက်သံယို သေကျေပျက်စီးကြသည်ကို မြင်ရသောကြောင့် စိတ်လက်မချမ်းမသာဖြစ်ကာ နောင်အခါ တိုင်းပြည်အေးချမ်း သာယာစေမှုတို့ကိုသာလျှင် အစွမ်းကုန် ဆောင်ရွက်ကြိုးပမ်းတော်မူသည်။

အကြီးဆုံးသော အောင်မြင်ခြင်းကား လက်နက် အားကိုးဖြင့် အစမ္ဗ အောင်မြင်ခြင်းမျိုး မဟုတ်။

တရားဓမ္မဖြင့် အသာတကြည် အောင်မြင်ခြင်းသည်သာလျှင် ဖြစ်ပေသည်ဟု အသောကမင်းတရားကြီး သိရှိလာခဲ့ရသည်။

ထိုအခါမှ အစပြုပြီး အသောကမင်းကြီးသည် ဗုဒ္ဓဘာသာ ဥပါသကာဖြစ်လာလျက် အပျော်အပါးတောကစားထွက်ခြင်းကို ရှောင်ကြဉ်တော်မူသည်။ ဟင်းလျာအလို့ငှာ သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်းမှုလည်း ရပ်စဲစေ၍ မင်းတရားကြီးသည် ဟင်းသီး ဟင်းရွက် သက်သတ်လွတ်ကိုသာ ပွဲတော်တည်တော်မူသည်။

တိုင်းခန်း လှည့်လည်တော်မူသောအခါလည်း ဘာသာရေးနှင့်စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်တော်မူသည်။ အနယ်နယ် အရပ်ရပ်တွင် ရေတွင်း၊ ရေကန် ရှစ်သောင်းလေးထောင်ကို တူးဖော်စေ၍ မြောက်မြားစွာသော ကျောင်း၊ ဇရပ်၊ ဆေးရုံ စသည်တို့ကိုလည်း တည်ဆောက်စေသည်။

လူတို့၌လည်းကောင်း၊ တိရစ္ဆာန်တို့၌လည်းကောင်း ဖြစ်ပွားတတ်သော ဝေဒနာများကို ကုသရန်လည်း အစိုးရသမားတော်များ ခန့်ထားတော်မူသည်။ အရိပ်အာဝါသ ရစေခြင်းငှာ ကျောင်းတော်ခရီးလမ်းမကြီးများ၌ သစ်ပင်များ စိုက်ပျိုးစေ၏။

သီရိဓမ္မာသောကမင်းကြီးဟု လူအများသိကြသော အသောကမင်းကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဓမ္မများကို ကျောက်စာတိုင်များတွင် ကမ္ပည်းအက္ခရာ ရေးထိုးစေ၍ မိမိကိုယ်တိုင် လိုက်နာလေ့ကျင့်သည်သာမက တိုင်းသူပြည်သားလူအများကိုလည်း မိမိနည်းတူ လိုက်နာလေ့ကျင့်စေသည်။

ကုသိုလ်ကောင်းမှုပြုရန် ဆော်ဩစစ်ဆေးရသော နိဗ္ဗာန်ဆော်များကိုလည်း အများအပြားခန့်ထားလေသည်။

ထို့အပြင် သီရိဓမ္မာအသောကမင်းကြီးသည် ထူပါရုံစေတီတော်ကြီးများကိုလည်း တည်ထားတော်မူခဲ့လေသည်။

ထို့နောက် သီရိဓမ္မာအသောကမင်းကြီး၏ အမှတ်တရ ကျောက်တိုင်အဖြစ် ကြာမှောက်နှင့် ခြင်္သေ့လေးစီးကြားတွင်ရှိသော လှည်းဘီးသဏ္ဌာန် ဓမ္မစကြာပုံသည် သီရိဓမ္မာသောကမင်းကြီး၏ အောင်လံတော်တံဆိပ်ဖြစ်သည်။

သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူသော သာသနာပြုဆရာတော်နှင့် အသောကမင်းကြီး၏သားတော် အရှင်မဟိန္ဒ၊ သမီးတော် သင်္ဃမိတ္တာထေရီမတို့သည် ဗောဓိညောင်ကိုင်းကိုယူဆောင်၍ အနုရာဓပူရမြို့၌ စိုက်ထားရာ ထိုဗောဓိပင်ကို သီဟိုဠ် ရဟန်းတို့သည် အဆက်ဆက် အထူးအလေးဂရုပြုပြီး မြေတောင်မြှောက်ခြင်း၊ အကိုင်းအခက်တို့ကို ခွထောက်ခြင်း ပြုလာခဲ့ကြလျက် ယခုတိုင်ရှိသေး၍ နှစ်ပေါင်း ၂၀၀၀ ကျော်ပြီးရကား ကမ္ဘာပေါ်တွင်အသက်အရှည်ဆုံး သစ်ပင်ကြီး ဖြစ်လေသည်။

သုဝဏ္ဏဘူမိတိုင်းသို့ သာသနာတော် ရောက်လာခြင်းသည်လည်း အသောကမင်းကြီး၏ ကျေးဇူးတော်ပင် ဖြစ်သည်။ အသောကမင်းကြီးသည် သာသနာတော်အကြောင်း ရေးသားထားသော ကျောက်စာတိုင်များကိုလည်း မိမိပိုင်နက်အတွင်း စိုက်ထူထားတော်မူသောကြောင့် နောင်လာနောက်သားများတို့အပြင် ဗဟုသုတ ရှာဖွေရေးသားရာတွင် များစွာအထောက်အပံ့ ရပေသည်။

အသောကမင်းတရားကြီးသည် နှစ်ပေါင်းများစွာ လောကတစ်ဝန်းရှိ လူတိရစ္ဆာန် သတ္တဝါအပေါင်းတို့ ချမ်းသာစိမ့်သောငှာ ကြိုးပမ်းအားထုတ်သည့်အပြင် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် ဆောင်ရွက်တော်မူ၏။ ယခုခေတ်တွင် ကမ္ဘာနှင့်အဝန်း ဗုဒ္ဓသာသနာရောင်ထွန်းလင်းတောက်ပြောင်နေသော တိုင်းပြည်များမှာ မြန်မာပြည်၊ သီဟိုဠ်ကျွန်း၊ ထိုင်း၊ တရုတ်ပြည်နှင့် ဂျပန်ပြည်တို့ ဖြစ်လေတော့သည်။

☐ ကျော်ဇောဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com



# HK Avenue of Star
# ပင်လယ်ကမ်းနားစကြ်ံလမ်းသို့

(ယခင်လမှအဆက်)

"ညီလေးရေ၊ ဒီတစ်ခေါက်တော့ Avenue of Star အကြောင်း ကြားရမယ်ထင်တယ်"

"ဟုတ်တယ်၊ အမောလဲပြေ အပန်းလဲပြေတဲ့ နေရာလေးပါ၊ တစ်ညလုံး အိပ်ရေးပျက်လာတော့ ပင်လယ်ကမ်းနား ည်းလေးနဲ့ လန်းဆန်းသွားတာပဲ၊ စကြံလမ်းရဲ့ အဝင်ဝမှာ အကယ်ဒမီရုပ်တု အကြီးကြီး တွေ့ရတယ်၊ ပရိသတ်တွေလဲ ရာနဲ့ချီတယ်၊ ဓာတ်ပုံရိုက်တဲ့သူ၊ လေညင်းခံတဲ့သူ၊ ယ်ချင်းတွေနဲ့ လာပျော်တဲ့သူ၊ လေ့ကျင့်ခန်းလုပ်တဲ့သူ တွေနဲ့ စည်ကားနေတာပဲ"

"အစ်ကိုတို့တွေ ပျင်းရင် ကမ်းနားမှာ လေညင်းခံထွက်လို့ ဖြစ်မှာပဲ၊ အလုပ်ထဲမှာ စိတ်ဖိစီးတာတွေများရင် ကမ်းနားမှာ လေညင်းခံထွက်လိုက်တာနဲ့ ပြေပျောက်သွားသလို


"ကျွန်တော်ကတော့ အလုပ်တွေ ဖယ်စက်နေလို့ ညင်းခံဖို့ အချိန်တောင် မရှိပါဘူး၊ အဲဒီဟောင်ကောင် ယ်ဒမီရုပ်တုကြီးရှေ့မှာ ကောင်လေး၊ ကောင်မလေးတွေ ယောက်လောက် ပုံစံမျိုးစုံနဲ့ ဓာတ်ပုံရိုက်နေကြတာကို





www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်ကျွန်းနှင့် Victoria Harbour

ကြည့်ရင်းနဲ့ အပျော်တွေ ကူးစက်လာသလိုပဲ၊ ကျွန်တော်တို့ အသက် (၂၀)လောက်က အဲဒီလိုပျော်ဖို့ အချိန်မရှိပါဘူး။

အဖေက ကျွန်တော် (၁၅)နှစ် အရွယ်လောက်မှာ ဆုံးသွားခဲ့တယ်၊ အမေ တစ်ယောက်တည်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို တက္ကသိုလ်တက်ဖို့ကအစ တစ်ယောက်တည်း ရှာရတာလေ၊ ဒါတောင် ပညာရေးကို မိဘ သဘောကျ မလုပ်ပြနိုင်တာတော့ စိတ်မကောင်းဖြစ်မိတယ်၊ တတိယနှစ်ရောက်တော့ အမေ လေဖြတ်တယ်၊ ကျောင်းပြေးတက်ရ စီးပွားရှာရနဲ့ ခေါင်းချာစိုင်းတော့မှ မိဘတွေကို ကိုယ်ချင်းစာမိတယ်၊ ခုဆိုရင် အမေ လေဖြတ်တာတောင် (၀၇)နှစ်ကျော်ပြီ၊ ဘုရား တရား လုပ်ဘောနဲ့ မိဘလုပ်ကျွေးတာကိုပဲ တကယ့်အပျော်စစ်ဆိုပြီး ပြောခဲ့တာ လူလတ်ပိုင်းတောင် ရောက်လာပြီ၊ ကျွန်တော်ရဲ့ အဲဒီလူငယ်တွေအဖွဲ့ ပုံစံမျိုးစုံနဲ့ ဓာတ်ပုံရိုက်ပြီးတဲ့အထိ ကြည့်နေမိတယ်၊ ပြီးမှ ပင်လယ် ကမ်းနားစင်္ကြံလမ်းကို စလျှောက်တာ"

"အစ်ကိုလဲ တော်တော်အသက်ကြီးပြီ၊ စီးပွားရေး လုပ်နိုင်ရင် ဆယ်နှစ်ပေါ့၊ နောက်ပိုင်းဘဝကို ဘယ်လိုဖြတ်သန်းရမယ်ဆိုတာ တော်တော်လေး စဉ်းစားမိတယ်"






Avenue of Star ပင်လယ်ကမ်းနား စင်္ကြံလမ်းတွင် ပရိသတ်များဖြင့် စည်ကားနေပုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများ Victoria Harbour တွင် ဖြတ်သန်းသွားနေစဉ်

"အလုပ်ဟူသမျှ ဂုဏ်ရှိစွာပါပဲ၊ အကောင်းဆုံး စဥ်းစား ပြီး လုပ်ပေါ့၊ အစ်ကိုက အမြတ်ထွက်မှ လုပ်ချင်တာကို၊ သူတို့ ဆီမှာက တိုင်းပြည်က ချမ်းသာတော့ ပြည်သူတွေအားလုံးက အမြတ်ထွက်တာပေါ့၊ ပြည်သူတွေ လက်ထဲမှာ ပိုက်ဆံပေါ်မှ တိုင်းပြည်လဲ တိုးတက်တာလေ၊ ပိုက်ဆံ ကျ[illegible]ရင် ဘယ်သူ မဆို ကိုယ့်မိသားစုအတွက် မျိုးစုံစဥ်းစာ[illegible]တယ်၊ ဘယ် အရာမှ အဆင်ပြေမှာ မဟုတ်ဘူး။






ဟောင်ကောင် နာမည်ကြီးမင်းသား ဂျက်ကီချန်း မော်ကွန်းကျောက်ပြားတွင် လက်ဝါးရာရိုက်ပေးနေပုံ

www.burmeseclassic.com


www.burmeseclassic.com



စင်္ကြံလမ်းကြီးအား အပေါ်စီးမှ မြင်ရပုံ



လမ်းလျှောက်ပြီး အပန်းဖြေရန် ထိုင်ခုံလေးများ



အမှတ်တရပစ္စည်း အရောင်းဆိုင်



ကောင်းကင်ဆလိုက်များဖြင့် မီးထွန်းအလှပြစဉ်

ဟောင်ကောင်အစိုးရက သူ့နိုင်ငံ့စီးပွားရေးကို တောင့်တင်းအောင် လုပ်တယ်၊ အမြတ်ခွန် အကောက်ခွန်နှုန်းလျှော့ပြီး လွတ်လွတ်လပ်လပ် ကုန်သွယ်ကူးသန်း ရောင်းဝယ်ခွင့်ပြုထားတယ်၊ နယူးယောက်နဲ့ လန်ဒန်ပြီးရင် တတိယ ငွေကြေးစီးဆင်းမှု အကောင်းဆုံး မြို့နိုင်ငံအဖြစ် သတ်မှတ်ခံရတယ်"

"ဒါကြောင့် ဟောင်ကောင်မှာ ပစ္စည်းမျိုးစုံ ရနိုင်တာကိုး"

"ပိုက်ဆံရှာလို့ ကောင်းသလောက် သုံးလို့လဲကောင်းတဲ့နေရာပဲ၊ ကျွန်တော် အာလူးကြော် ငါးပေါင်းကြော်နဲ့ ကိုကာကိုလာ တစ်ပွဲဝယ်စားတာ မြန်မာငွေ တစ်သောင်းကျော်လောက် ကုန်သွားတယ်၊ မြန်မာငွေ တစ်သိန်းလောက်ကတော့ လေးရက်အတွင်း ဟိုဝယ်စား ဒီဝယ်စားနဲ့ပဲ ဘယ်လို ကုန်မှန်းမသိ ကုန်သွားတယ်"

"ဒါဆို မလွယ်ဘူး၊ အစ်ကိုကတော့ ပေ့လာရေးပဲ လုပ်မယ်၊ ကုမ္ပဏီက ကျွေးသလောက်ပဲ စားတော့မယ်"

"Avenue of Star မှာ လမ်းလျှောက်ရင်း ပရိသတ်ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဟန်ပန်တွေကို လေ့လာမိတယ်၊ လူနေမှု အဆင့်အတန်း မြင့်တယ်ဆိုတာ သိသာတယ်၊ အဲဒီလျှောက်လမ်းနားမှာလဲ တခြားလေ့လာစရာ အဆောက်အအုံတွေ ရှိတယ်၊ Museum of Art, Space Museum, Cultural Centre, Clock Tower တို့ ရှိတယ်။

Museum of Art အဆောက်အအုံကြီးရဲ့ ရိုးရာယဉ်ကျေးမှု နံရံပန်းချီကားကြီးကလဲ အသက်ဝင်လှုပ်ရှားနေတယ်၊ အဲဒီ အဆောက်အအုံကြီးက စင်္ကြံလမ်းအဝင်ဝမှာပဲရှိတာ။

ကျွန်တော်တို့ အဖွဲ့သားတွေကလဲ ဓာတ်ပုံကတော့ ရိုက်သလားပဲ၊ ကိုယ်က သူ့ရိုက်၊ သူက ကိုယ့်ရိုက်နဲ့ အလုပ်ကို ရှုပ်နေတာပဲ၊ ကျွန်တော်ကတော့ ရိုက်ပေးရတာ များပါတယ်၊ ကျွန်တော်က ရှုခင်းနဲ့ လေ့လာစရာတွေကိုပဲ အဓိက တန်ဖိုးထား ရိုက်တာလေ၊ ဟောင်ကောင်ကျွန်းကြီး နောက်ခံထားပြီး Victoria Harbour ရေလက်ကြားကြီးကို မြင်ရတဲ့ မြင်ကွင်းကလဲ မမေ့နိုင်စရာပါ၊ တွဲသင်္ဘော၊ ဆွဲသင်္ဘောတွေ အလုပ်လုပ်နေတာတွေကလဲ ကိုယ့်ရဲ့ စီးပွားရေးလုပ်ချင်စိတ်ကို တွန်းအားပေးနေသလိုပဲ။

သင်္ဘောကြီးတွေကြည့်လိုက် ကောင်းကင်ကြီးကိုကြည့်လိုက်နဲ့ ကျေနပ်နေတာ၊ စိတ်ချမ်းမြေ့စရာပဲ၊ စင်္ကြံလမ်း နံရံတွေမှာလဲ သစ်ရွက်သစ်ခက် ပန်းချီကားတွေ စိမ်းစိမ်းစိုစိုရှိတယ်၊ ရှုခင်းအလှအပတွေ ခံစားရင်း စင်္ကြံလမ်းမကြီးကို ဖြည်းဖြည်း လျှောက်မိတယ်၊ အစကတော့ စင်္ကြံလမ်းမကြီးကို တိုတိုလေးထင်တာ၊ လျှောက်ရင်းနဲ့ မှ[illegible]တော်နဲ့ မဆုံးနိုင်ဘူး၊ မီတာ ၄၀၀ ကျော်လောက်ရှည်တယ်၊ Victoria Harbour ရေလက်ကြားကြီးရဲ့မြောက်ဘက် New World Centre ရဲ့ အရှေ့ဘက်မှာရှိတာ။



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကမ်းနားနဲ့ နီးလို့လားမသိဘူး၊ နေ့ခင်းကြီး လမ်းလျှောက်နေတာတောင် အိုက်တယ်လို့ မခံစားရဘူး၊ ထီးဆောင်းစရာ မလိုဘူး"

"ဒါကြောင့်လဲ ဟောင်ကောင်ရောက်ရင် အဲဒီလမ်းမကြီး လျှောက်ကြတယ်လို့ ကြားဖူးတာကိုး၊ Hollywood ဟောလီဝုဒ် က Walk of Fame လို နာမည်ကြီးတယ်လို့ ကြားဖူးတယ်"

"တကယ်တော့ ဟောလီဝုဒ် Walk of Fame ကို လိုက်တုပြီး လုပ်ထားတာ၊ ဟောင်ကောင်စကြီလမ်းကြီးကို ၂၇ ရက်နေ့ ဧပြီလ ၂၀၀၄ ခုနှစ်မှာ ဖွင့်ခဲ့တာ၊ ခုဆိုရင် ဆယ်နှစ်ကျော်ပြီပေါ့၊ ဟောင်ကောင်ဒေါ်လာ သန်း ၄၀ လောက် အကုန်ခံပြီး တည်ဆောက်ခဲ့တာ၊ ရေထဲမှာ ဆယ်နှစ်သားလောက်ရှိပြီဆိုတော့ မွမ်းမံပြင်ဆင်မှုတွေ လုပ်နေတာလဲ တွေ့ခဲ့ရတယ်။

လမ်းလျှောက်ရင်း ညောင်းလာတာနဲ့ စကြီလက်တန်းမှီပြီး ဟောင်ကောင်ကျွန်းဘက် ကြည့်မိတယ်၊ လှမ်းမျှော်ကြည့်ရင်း ဟောင်ကောင်အက်ရှင်ကားတွေထဲက ရှုခင်းတွေက ဒါတွေပါလားလို့ တွေးမိတယ်၊ တစ်ကမ္ဘာလုံး အသိအမှတ်ပြုရအောင် လုပ်နိုင်တဲ့ ဟောင်ကောင်ရုပ်ရှင် အဆင့်အတန်းကိုလဲ လေးစားမိတယ်၊ ဇာတ်ကားတစ်ကားကို ဒေါ်လာ သန်းရာကျော် အကုန်ခံပြီး ရိုက်တာကိုး၊ ကျွန်တော်တို့ ခရီးသွားအစီအစဉ်တွေထဲမှာ ရုပ်ရှင် ဇာတ်လမ်း ဇာတ်ကွက် လေ့လာရေးမပါတာ တော်တော်လေး နာတယ်၊ တွေ့နေရတဲ့ ရှုခင်းတွေက ရုပ်ရှင်ထဲမှာ မြင်ဖူးနေတာနဲ့ မစိမ်းတော့ပါဘူး၊ အပြင်မှာ တွေ့ရတော့ ပိုပြီး အရသာရှိတယ်။

အဆောက်အအုံတွေကလဲ လေးထောင့်ပုံစံ အမြင့်ကြီးတွေ ဆောက်ကြတာ၊ ဒါကြောင့် ဟောင်ကောင်က Vertical City လို့ နာမည်ကြီးတာ"

"Vertical City ဆိုတော့ တည့်တည့်ဖြောင့်ဖြောင့်မြို့တော်လို့ ခေါ်မလား၊ ဟောင်ကောင်ရဲ့ အဓိပ္ပာယ်ကကော"

"ဟောင်ကောင်ရဲ့ အဓိပ္ပာယ်ကတော့ ဆိပ်ကမ်းရနံ့ Fragrance of Harbour လို့ အဓိပ္ပာယ်ရတယ်၊ အချို့က ချစ်စနိုးနဲ့ အရှေ့တိုင်းပုလဲလို့လဲ ခေါ်ကြတယ်၊ ဟောင်ကောင်ဆိုတဲ့ နာမည်စာလုံးကို အရင်က တစ်ဆက်တည်း Hongkong လို့ ရေးကြရာကနေ ခုဆိုရင် နှစ်လုံးခွဲပြီး Hong Kong လို့ ရေးကြတယ်။


ပင်လယ်ရနံ့လဲရှိ၊ သဘာဝသောင်ကမ်းတွေလဲရှိတော့ UN နဲ့ WHO ရဲ့ ၂၀၀၂ သတ်မှတ်ချက်အရ ဟောင်ကောင်ရဲ့ လူ့သက်တမ်းဟာ နိုင်ငံတော်တော်များများထက် ပိုရှည်တယ်လို့ သတ်မှတ်ထားတယ်၊ ဒီနှစ်ပိုင်းတွေအတွင်း လေထု ညစ်ညမ်းမှုနဲ့ မီးခိုးမြူတွေ ပြဿနာကြောင့် ကျန်းမာရေးဌာနက လူ့သက်တမ်းစံချိန်တွေ ကျသွားမှာ စိုးရိမ်နေတယ်၊ ဒီလို



သင်္ဘောကြီးများနှင့် ဟောင်ကောင်ကျွန်းအလှ



ကွန်တိန်နာသင်္ဘောကြီးနှင့် ဟောင်ကောင်ကျွန်း



အမြှောင်တိုက်မွေးမွေးလေးများနှင့် လှပနေသောဟောင်ကောင်




ပင်လယ်ကမ်းနားစကြီလမ်းအား အပေါ်စီး မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com





သက်ဝင်လှုပ်ရှားနေသော ဘရုစလီမင်းသား ကြေးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



စကြိုလမ်းကြီးတွင် အမှတ်တရဓာတ်ပုံရိုက်နိုင်အောင် စီစဉ်ဖန်တီးထားမှုများ

...နဲ့ အလုပ်ရှုပ်တွေကြောင့် လေထုညစ်ညမ်းမှုကတော့ အမေရိကန်တောင် မထိန်းချုပ်နိုင်သေးဘူးမဟုတ်လား"

"ဒါကြောင့် သဘာဝ တောရွာတွေမှာ နေကြတဲ့လူတွေ အသက်ပိုရှည်တယ်လို့ ပြောကြတာပေါ့၊ ဆက်ပြောပေးပြီး"

"ဓာတ်ပုံရိုက်ရင်း အလှအပ ခံစားရင်းနဲ့ လမ်းကို ဆက်လျှောက်မိတယ်၊ ကျွန်တော်တို့ ဝင်လာတဲ့ အကယ်ဒမီရုပ်တုကြီးရှိတဲ့ ဝင်ပေါက်က အနောက်ဘက်ဝင်ပေါက်ပဲ၊ အမှတ်တရ အရောင်းဆိုင် သုံးဆိုင်လောက် တွေ့တယ်၊ ချက်ကီချန်း အမှတ်တရ ပစ္စည်းတွေက ပိုများတယ်၊ ဟောင်ကောင်ရဲ့ သူရဲကောင်း စံပြထင်ပါတယ်။

ပင်လယ်စကြိုလမ်းဆိုပေမယ့် ကော...ပြားတွေနဲ့ လှလှပပ ခင်းထားတာ၊ လမ်းမပေါ်မှာလဲ ဓာတ်ပုံရိုက်လို့ ကောင်းအောင် ဖန်တီးထားတာတွေ ရှိတယ်၊ ...လုံးတွေ





လူကြိုက်များသော နာမည်ကြီးဝက်ရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင် အပေါ်စီးမြင်ကွင်း



ဟောင်ကောင် ညရှုခင်း

ရုပ်ရှင်ရိုက်နေတဲ့ ဒါရိုက်တာရုပ်ဖ ဘရုစလီ (Bruce Lee) မင်းသားရုပ်တုတွေ ရှိတယ်၊ အဲဒီ ရုပ်တွေနဲ့ ဓာတ်ပုံတွဲရိုက်ကြတာပေါ့"

"အစ်ကိုတို့ နိုင်ငံမှာလဲ အဲ ကျော်ပင်ဘယ်ကမ်းနား စကြိုလမ်းတွေ လုပ်ရင်ကောင်းမ နိုင်ငံခြားသားတွေကို ဆွဲဆောင်ပြီးသားလဲ ဖြစ်တယ်၊ ကို င်ငံသား တွေအတွက် လဲ အပန်းပြေ စိတ်ဖြေပြီးသားဖြ ဒါနဲ့ ဘရုစလီမင်းသား ရုပ်တုကိုတော့ စိတ်ဝင်စား ယ်"

"ဘရုစလီမင်းသား ရုပ် တော်တော်လေး အသက်ဝင်တယ်၊ နှစ်မီတာခွဲလေ ခြင့်တဲ့ ကြေးရုပ်ကြီးပဲ၊ သိုင်းအလှုပြနေတဲ့ဟန် ထုထားတ ၀၀၅ မှာ စကြိုလမ်းမကြီးမှာ ထားခဲ့တာ၊ လူကြိုက်များ နောက် လူကြိုက်များတဲ့ အရုပ်ကလေးကတော့ ဝက်ရု လေးပဲ၊ က်ကလေးနဲ့ ဓာတ်ပုံတွဲရိုက်တဲ့လူတွေ အများ ပဲ၊



သင်္ဘောစီး၍ ဟောင်ကောင်ကျွန်းကို လှည့်လည်ကြည့်ရှုနေသူများ




ဟောင်ကောင်ည မီးထွန်းအလှ



www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီရုပ်တုနားတွင် ဓာတ်ပုံရိုက်နေကြသူများ

နောက်ပြီး နိုင်ငံခြားသား ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ အချက်တစ်ခုက လမ်းတစ်လျှောက်မှာ ခင်းထားတဲ့ မှော်ကွန်းကျောက်ပြားတွေပဲ၊ ကျောက်ပြားတစ်ခုနဲ့ တစ်ခုက ဆယ်ပေလောက်ကွာတာလဲ ရှိသလို ပေနှစ်ဆယ်လောက် ကွာဝေးတာလဲ ရှိတယ်။

အဲဒီ မှော်ကွန်းကျောက်ပြား တစ်ခုချင်းမှာ ဟောင်ကောင် နာမည်ကြီး တစ်ယောက်စီရဲ့ လက်ဝါးရာနဲ့ အမှတ်တရ လက်မှတ်ထိုးထားတယ်။



ဟောင်ကောင်အား တောင်ထွတ်မှ အပေါ်စီးမြင်ရစဉ်




ဟောင်ကောင်ကျွန်း၊ Kowloon ကျွန်းဆွယ်နှင့် Victoria Harbour ရေလက်ကြား



www.burmeseclassic.com


www.burmeseclassic.com



ဖယ်ရီဘုတ်သင်္ဘောစီးပြီး ဟောင်ကောင်ကျွန်းကို လှည့်လည်ကြည့်ရှုနိုင်သည်

Michelle Yeox, Jackie Chan, Bruce Lee, Jet Li, Chow Yun Fat, Maggie Cheung စတဲ့ နာမည်ကြီး မင်းသား မင်းသမီး၊ အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်နဲ့ ပိုင်ရှင်တွေ အယောက် တစ်ရာနီးပါးရဲ့ လက်နှစ်ဖက်လုံး လက်ဝါးရာတွေကို အဲဒီကျောက်ပြားတွေပေါ်မှာ ရိုက်ပေးထားတာ၊ အမှတ်တရ လက်မှတ်တွေလဲ ထိုးပေးထားတယ်"

"သူတို့က နာမည်ကြီးတွေကို ကောင်းကောင်းအသုံးချထားတာပေါ့၊ ကိုယ်တို့ဆီမှာတော့ လက်ဝါးရာတွေ လမ်းခင်းကျောက်ပြားမှာ ရိုက်ပြီး အနင်းခံရမယ်ဆိုရင် မကောင်းဘူးလို့ ပြောကြဦးမယ်၊ ဒါနဲ့ ပင်လယ်ကမ်းနားဆိုတော့ သင်္ဘောကော စီးဖြစ်သေးလား"



အကယ်ဒမီရုပ် ညဘက်မီးထွန်းအလှ



ဟောင်ကောင်ကျွန်း၊ Kowloon ကျွန်းဆွယ်နှင့် Victoria Harbour ရေလက်ကြား မြင်ကွင်းကျယ်



www.burmeseclassic.com


www.burmeseclassic.com




ဟောင်ကောင်ကျွန်း၊ Kowloon ကျွန်းဆွယ်နှင့် Victoria Harbour ရေလက်ကြား ညဘက် မီးထွန်းအလှ

"စီးချင်တာ မစီးဖြစ်ပါဘူး၊ သင်္ဘောစီးပြီး Sunset ခံစားတာ တော်တော်ကောင်းဆိုပဲ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ နေဝင်ချိန်အလှက ပိုပြီးတော့ လှတယ်ဆိုပဲ၊ ည ၈ နာရီလောက်ဆိုရင် ၁၅ မိနစ်ကြာတဲ့ Symphony of Lights မီးအလှပြပွဲ ရှိတယ်။

အဆောက်အအုံ ၄၀ ကျော်ကနေ ကောင်းကင်ထိုး မီးဆလိုက်တွေ၊ LED မီးတွေ၊ လေဆာတွေနဲ့ မီးအလှပြတာ၊ ဒေါ်လာငါးသန်းကျော် အကုန်ခံပြီး စီစဉ်ထားတာ၊ လှလွန်း အားကြီးလို့ ဂင်းနစ်စံချိန် စာအုပ်မှာတောင် ဖော်ပြခံရတယ်၊ မီးအလှပြတဲ့ နေရာမှာ ပြိုင်ဘက်မရှိသေးဘူး သဘောပေါ့။



Museum of Art ရှိ နံရံပန်းချီကားကြီး



မီးထွန်းဆလိုက်များဖြင့် လင်းထိန်နေသော ကောင်းကင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



Avenue of Star စကြိုလမ်းကြီး အဝင်ဝ



တွန်းသင်္ဘော၊ ဆွဲသင်္ဘောများကို မြင်တွေ့ရစဉ်

ပင်လယ်ကူးသင်္ဘောကြီးတွေရဲ့ မီးအ( ...)ွက်တွေရဲ့ မီးထွန်းအလှ၊ ကြော်ငြာဆလိုက်တွေနဲ့ Sy( ...)ony of Lights ရဲ့ လေဆာမီးအလှတွေပြရင် ပတ်ဝန်းက( ...)စ်ခုလုံး လင်းထိန်နေတာဆိုပဲ"

"နိုင်ငံခြားခရီးသွားတွေ လာ( ...)င် ဖန်တီးထားတာပေါ့"

"တိုင်းပြည်ရဲ့ လုပ်နိုင်စွမ်းအား( ...)ထွင်နိုင်ကဲ့စွမ်းအားတွေကိုပါ ပြလိုက်တာလေ၊ ပင်လယ်( ...)ခြေစကြီ်သမ်းမကြီးကိုတော့ ပြည်တွင်းက ပညာရှင်တွေ( ...)ည်ဆောက်ခဲ့တာ၊ မီးအလှပြတာကိုတော့ နိုင်ငံတကာ ( ...)ရှင်တွေနဲ့ ပူးပေါင်းပြီး ဖန်တီးတီထွင်ခဲ့တာ။



ကြော်ငြာများနှင့် ဟောင်ကောင်တိုက်ကြီးများ



အကယ်ဒမီရုပ်ကြီးနှင့် ခံ့ညားနေ(သော) စကြိုလမ်း




www.burmeseclassic.com

www.burmeseclassic.com




ဒီပြင် နိုင်ငံခြားသားတွေလာအောင် စနေ၊ တနင်္ဂနွေနေ့တွေမှာ ဖျော်ဖြေပွဲတွေရှိတယ်၊ အနီးအနား အဆောက်အအုံတွေဖြစ်တဲ့ Museum of Art နဲ့ Space Museum တွေမှာ ဇာတ်ပွဲတွေ ကြည့်နိုင်တယ်၊ ဗုဒ္ဓဟူးနေ့မှာတော့ အခမဲ့ကြည့်ဖို့ ရတယ်"


"ကောင်းလိုက်တဲ့ အစီအစဉ်တွေပဲ၊ အစ်ကိုဆိုရင် ဗုဒ္ဓဟူးနေ့မှာ ပွဲတွေ အခမဲ့ကြည့်မယ်၊ ကျန်ရက်တွေမှာ ကျန်းမာရေးကောင်းအောင် အဲဒီလမ်းမှာ လမ်းလျှောက်ခန်းသွားလုပ်မယ်၊ အစ်ကိုတို့ အသက်တွေက တော်တော်ကြီးနေပြီ"



လေကောင်းလေသန့်အပြည့်အဝရှူရှိုက်နိုင်သော ကြိုလမ်းကြီး



ဥဒဟိုသွားလာနေသော ပင်လယ်ကူးသင်္ဘောကြီးများ






www.burmeseclassic.com


www.burmeseclassic.com



အေးဆေးစွာအလှအပခံစားရင်း လမ်းလျှောက်ကြသူများ



လေ့လာစရာများနှင့်
Hong Kong Wetland Park



အာကာသဆိုင်ရာလေ့လာချင်သူများအတွက်
Space Museum

"နိုင်ငံတကာမှာတော့ အသက် (၆၀)ကျော် (၇၀) တောင် အလုပ် လုပ်ကောင်းတုန်းပဲ၊ ကျွန်တော်တို့ဆီမှာက တော့ အသက်(၆၀)ဆိုရင် အနားယူဖို့ ပြင်ရပြီ"

"ချမ်းသာတဲ့ နိုင်ငံတွေမှာက အသက်ကြီးလို့ အလုပ် လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ စားဝတ်နေရေးက ပူစရာ မပူရတာ၊ ဒီလောက်ချမ်းသာတဲ့ ဟောင်ကောင်ကိုတရုတ်ပြည် မကြီး လက်ထဲ ပြန်ပေးတုန်းကဆို တော်တော်အလုပ် ရှုပ်မှာပဲ"

"ဟုတ်တယ်၊ ဟောင်ကောင်အစိုးရကလဲ တရုတ် ပြည်မကြီး စနစ်အတိုင်းဆိုရင် လက်အောက်မဝင်နိုင်ဘူး၊ ခွဲထွက်မယ်ဆိုလို့ တော်တော်ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသေး တယ်၊ နောက်မှ တရုတ်ပြည်က အလျှော့ပေးပြီး တစ်ပြည် ထောင် စနစ်နှစ်မျိုး ကျင့်သုံးမယ်ဆိုပြီး တရုတ်ပြည်ရဲ့ အထူး ဒေသအဖြစ် သတ်မှတ်ပေးခဲ့တာ။

ဟောင်ကောင်ဟာ တောင်တရုတ်ပင်လယ်နဲ့ ပုလဲ မြစ်ဝကျွန်းပေါ်တွေနဲ့ ဆက်နေတယ်၊ Victoria Harbour ရေလက်ကြားကြီးကလဲ ကမ္ဘာ့သိ နာမည်ကြီးကိုး၊ ဟောင် ကောင်က ၄၂၆ sq mi ကျယ်တယ်။

လူဦးရေ ခုနစ်သန်းပဲ ရှိပေမယ့် တိုင်းပြည်က သေး တော့ ကမ္ဘာ့လူဦးရေ အသိပ်သည်းဆုံး စာရင်းဝင်တယ်၊ ၉၀ ရာခိုင်နှုန်းက ဇာတိတရုတ်တွေ ဖြစ်ပြီး ကျန်တာတွေက တခြားလူမျိုးတွေပဲ၊ ဟောင်ကောင်မှာ ကန်တုံးနိစ်'Cantonese' တရုတ်စကား ပြောတယ်၊

ဟောင်ကောင်ကျွန်းမကြီးဟာ ပထမဘိန်းစစ် (၁၈၃၉-၄၂)မှာ ဗြိတိန်လက်အောက် ရောက်ခဲ့တယ်၊ Kowloon ကျွန်း ဆွယ်ကလဲ ၁၈၆၀ မှာ ဗြိတိန်လက်အောက်ရောက်ခဲ့တယ်၊ New Territories ပြည်နယ်ကိုလဲ ၁၈၉၈ မှာ ထပ်ပေးလိုက် ရတယ်၊ (၁၉၄၁-၄၅)ပစိဖိတ်စစ်ကြောင့် ဂျပန်လက်အောက် ရောက်ခဲ့သေးတယ်၊ နောက်မှ ဗြိတိန်လက်အောက် ပြန် ရောက်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



Jet Li မင်းသား လက်ဝါးရာနှင့် အမှတ်တရ လက်မှတ်



သိပ္ပံဆိုင်ရာ
Hong Kong Science Museum

ပညာရေးစနစ်ကိုလဲ ဗြိတိန်စနစ်အတိုင်း သင်ကြားစေတယ်၊ ၁-၇-၁၉၉၇ မှာ တရုတ်ပြည်ကို ပြန်ပြီးပေးအပ်ခဲ့ရတယ်၊ ဟောင်ကောင်အစိုးရ အဖွဲ့ခေါင်းဆောင်ကို အဖွဲ့ဝင် ၁၂၀၀ က မဲပေးပြီး ရွေးချယ်ကြတာ။

ဒီလို အခက်အခဲတွေကြားက ခေါင်းဆောင်ကောင်း၊ ပြည်သူတွေကောင်းတော့ လျင်လျင်မြန်မြန် တိုးတက်လာတာပေါ့၊ ကျွန်တော်တို့ မြန်မာနိုင်ငံလဲ ခေါင်းဆောင်ရော ပြည်သူကပါ အရှိန်အဟုန်နဲ့ ကြိုးစားရင် အောင်မြင်မှာပါ"

"အစ်ကိုလဲ မြန်မြန်အောင်မြင်စေချင်ပါတယ်၊ ငါ့ညီတို့လဲ လမ်းလျှောက်ရတာနဲ့ ဗိုက်လဲ ဆာရောပေါ့"

"ဟုတ်တယ်၊ ကျွန်တော်တို့လဲ လမ်းလျှောက်ရတာနဲ့ ဗိုက်က တော်တော်ဆာနေပြီ၊ စားသောက်ဆိုင်ရောက်ဖို့ အောင် တော်တော်မောင်းရသေးတယ်၊ ကျွေးတာတွေကလဲ မြန်မာပါးစပ်နဲ့ တစ်ခုမှမကိုက်ဘူး၊ ဟောင်ကောင်မှာ မြန်မာ စာ တော်လိုက်တာဗျာ။

အစားမစားရသေးဘူး၊ ဓာတ်ပုံရိုက် Facebook တင်တဲ့ သူတွေလဲ ရှိတယ်၊ ဒါကြောင့် ဦးဦးဖျားဖျား အစားအသောက် ကို Facebook မှာ စားရတယ်လို့ ပြောကြတာကိုး၊ ဟောင်ကောင်မှာတော့ Facebook ကို သိပ်မသုံးကြဘူး၊ ကျွန်တော် တို့ နိုင်ငံမှာက နေရာတကာမှာ ဖုန်းပွတ်နေတဲ့သူတွေ တော် တော်တွေ့ရတယ်၊ ဘတ်စ်ကားပေါ်မှာ၊ လက်ဖက်ရည်ဆိုင်



Hong Kong
Times Square



ဘရုစလီမင်းသား ကြေးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်ပုံရိုက်သူ၊ ဓာတ်ပုံအရိုက်ခံသူများဖြင့် စည်ကားနေသော စကြံလမ်းကြီး

မှာ၊ မနေရာတကာမှာ Facebook သုံး အင်တာနက်ဖုန်း ပွတ်နေတာ တွေ့နေရတယ်၊ ဒါကြောင့် Facebook က ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုပြီးအသုံးများတယ်လို့ ဆိုတာကိုး"

"အစ်ကိုလဲ သိချင်လို့သာ လေ့လာတာပါ၊ ဒါတွေက အချိန်ကုန်တယ်၊ အဲဒီလို ကြိုးစားသလို အလုပ်မှာ ကြိုးစားရင် တော်တော်လေး အောင်မြင်နိုင်မယ်၊ ခုတော့ အားနေရင် အလုပ်ကို ပိုလုပ်မယ်မရှိဘူး၊ လစာတော့ ပိုလိုချင်တယ်၊ အချိန်ပိုနေရင် Facebook သုံးမယ်၊ ဖုန်းပွတ်မယ်၊ ဂိမ်းဆော့မယ်၊ လက်ဖက်ရည်ဆိုင် ထိုင်မယ်၊ ဒါတွေပဲ များတယ်၊ အလုပ်ပိုလုပ်မှ အလုပ်ရှင်ကလဲ လစာတိုးဖို့ စဉ်းစားမှာပေါ့၊ တာဝန်ကျေရုံနဲ့ မပြီးဘူးလေ၊ ပိုတဲ့အချိန်မှာ စွမ်းစွမ်းတမံ လုပ်ဖို့လဲ လိုတယ်"

"ဟုတ်တယ်၊ ဘီယာ အရက် လျှော့သောက်ဖို့လဲ လိုတယ်နော်၊

ကျွန်တော်တို့အဖွဲ့ စားပြီးတော့လဲ ဖုန်းကတ်ဝယ်ကြသေးတယ်၊ အိမ်က အမေ့ဆီ ဖုန်းပြန်ဆက်ရဦးမယ်လေ၊ သူတို့ဆီက ဖုန်းကတ်တွေကလဲ အမျိုးမျိုးပဲ၊ ဝယ်လာတဲ့ ဖုန်းကတ်တွေက I Phone ထဲ ထည့်လို့မရလို့ I Phone ယူလာတဲ့ သူတွေ တော်တော်လေး စိတ်ပျက်ကြရတယ်၊ ကျွန်တော်တို့အဖွဲ့ထဲမှာ I Phone သမားတွေ များတယ်၊ ကျွန်တော်ကတော့ Samsung S4 ဆိုတော့ အဆင်ပြေတယ်၊ ဆက်ချင်ဇောနဲ့ ဖုန်းကတ်ထည့်ပြီး ဆက်လိုက်တာ တစ်ခေါက်ခေါ်တာနဲ့ ဒေါ်လာ ၂၀ လောက် ကုန်သွားတယ်၊




Avenue of Star ပင်လယ်က... နေရာ စကြံလမ်းမြေပုံ

နောက်မှ Guide က ရှေ့... ကာန်းနံ...ါတ်လေးယ... ခံပြီး ဆက်ရမယ် ဒါမှ ဖုန်းခသက်... မယ်၊ နံ...ါတ်လေးယ... မခံဘဲ တိုက်ရိုက်နံပါတ်ကို ခေါ်ရင် ...ရေးပေါ် ဆက်သွယ်... အနေနဲ့ ပိုက်ဆံအရမ်းကုန်တယ်... လို့ပဲ ...ရောက်ဖူး... နေရာဆိုတော့ ခံရတာပေါ့၊

ကဲ စကားကောင်းနေလို... ဒီတစ်ခေါက်တော့ ဒီလောက်နဲ့ပဲ နားရအောင်၊ နောက်...ခေါက်...ျရင် ဟော... ကောင်ရဲ့ Harbour City အကြော... ပြောမယ်"

"ဟိုကေ ဝါ့ညီ"

(ဆက်ရန်

❐ ဉာဏ်မှုင်(...



www.burmeseclassic.com

www.burmeseclassic.com



# ကြုံခဲ့သမျှ ၇၀ ရှေ့ရှေ့ ဒေါ်ကြည်ကြည်မြ

(မြန် ဒေါင်)



ကျွန်မတို့ မိသားစုတွင် အဖေ၊ အမေ၊ အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် အငယ်ဆုံး ကျွန်မ မိသားစုငါးယောက် ရှိပါသည်။

အစ်ကိုကြီး၏အမည်မှာ ကိုတင်လှိုင်ဖြစ်ပြီး အစ်ကိုလတ်မှာ ကိုသန်းလွင် ဖြစ်ပါသည်။

ကျွန်မတို့ ရပ်ရွာ၏ ဓလေ့မှာ အစ်ကိုကြီးကို အစ်ကိုကြီးဟု ခေါ်ပြီး အစ်ကိုလတ်ကို မောင်မောင်ဟု ခေါ်လေ့ရှိ၍ အစ်ကိုလတ်ကို ကျွန်မက မောင်မောင်ဟု ခေါ်ပါသည်။

ကျွန်မတို့မိသားစု ရန်ကုန်သို့ ပြောင်းရွှေ့လာကြသောအခါ မိတ်ဆွေအသစ်များက ကျွန်မခေါ်နေကျ မောင်မောင်ကို နာမည်ထင်ပြီး ကိုမောင်မောင်ဟုခေါ်ရာက မောင်မောင်မှာ မှတ်ပုံတင်မှာလည်း ကိုမောင်မောင်၊ ကွယ်လွန်သည့်အချိန် အထိ ဦးမောင်မောင် ဖြစ်သွားပါသည်၊

ကျွန်မတို့၏ ဇာတိမှာ ပုသိမ် ကြံခင်းမီးရထားလမ်းတွင်ရှိ ကညင်ငူ ဘူတာ ကညင်ငူ ကျေးရွာကလေးမှ ဖြစ်ပါသည်။

အမေသည် နံနက်ခင်း ဈေးကလေးတွင် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်မှအစ မီးဖိုဆောင်သုံး ပစ္စည်းများကို ရောင်းပါသည်။

နံနက် ၁၀ နာရီခန့် ဆွမ်းခံဝင်ချိန်တွင် ဆိုင်ကိုသိမ်းကာ အိမ်မှာပင် ထစ်နေကုန် တဖွဲ့ ရောင်းရပါသည်။

အမေတို့ငယ်စဉ်က ကျွန်မတို့ရွာမှာ မူလတန်းကျောင်းပင် မရှိသေးပါ။ တစ်ရွာလုံးက ဆရာဖြစ်ဟုခေါ်ကြသော အသားဖြူဖြူ အရင် ထောင် ထောင် မောင်းမောင်း သျှောင်ထုံးကလေး



www.burmeseclassic.com

www.burmeseclassic.com

တစောင်းနှင့် အဘတစ်ယောက်က ကျောင်းသားတစ်ယောက်လျှင် တစ်နှစ်တွင် စပါးသုံးတင်းဖြင့် စာသင်ပေး၍ ဆရာချစ်ကျောင်းဟု စာသင်ကျောင်းကလေးရှိခဲ့ဖူးကြောင်း အမေနှင့် အမေ့မောင်၊ ညီမ၊ ကျွန်မတို့၏ ဦးလေး ဒေါ်လေးတွေ ပြောပြ၍ သိရပါသည်။

တစ်နေ့ တစ်နေ့ စာသင်ချိန်ကနည်းနည်း၊ အိမ်မှုကိစ္စတွေချည်း ခိုင်းခိုင်းနေ၍ အမေတို့မှာ စာကောင်းကောင်း မတတ်ခဲ့ကြပါ။

ကျွန်မတို့ ကျောင်းတက်ရတော့မည့်အရွယ်တွင် အစိုးရ မူလတန်းကျောင်းကလေး ပေါ်ပေါက်လာ၍ ကျွန်မတို့ အလွန် ကံကောင်းကြရပါသည်။ ကျွန်မတို့ ဆရာကြီး၏အမည်မှာ ဦးထွန်းမြိုင် ဖြစ်ပြီး အလွန်သဘောကောင်းပါသည်။ အိမ်ထောင် မရှိ တစ်ယောက်တည်းသမားဖြစ်၍ တပည့်တွေ၏ အိမ်တွေမှာ တစ်လှည့်စီ ထမင်းစားရပါသည်။

ကျွန်မတို့ အမေ ဈေးရောင်းရပုံမှာ ငွေလက်ငင်းနှင့် ရောင်းရတာ သိပ်မရှိပါ။ ဝယ်သူနှင့်အတူ ဝယ်သည့်ပစ္စည်းတန်ဖိုးနှင့် စပါး သို့မဟုတ် မြေပဲစသည်တို့ဖြင့် တန်ဖိုးသင့်ကာ အမေက စာရင်းစာအုပ်နှင့် ရေးမှတ်ထားရပါသည်။

ကျွန်မတို့ မောင်နှမတစ်တွေ ကျောင်းနေကြ၊ စာကလေးတွေ ဖတ်တတ်လာသည့်အချိန်တွင် အမေ၏ အကြွေးစာရင်းစာအုပ်ကို ဖတ်ကြည့်ကြရာ အမေ ဘာတွေရေးထားမှန်းမသိလုံးဝမဖတ်တတ်ကြပါ။

အမေကတော့ သူ့အမှတ်အသားနှင့်သူ အမှားအယွင်းမရှိ၊ အပိုအလိုမရှိ ရောင်းသူနှင့်ဝယ်သူ အမှတ်မှားနေ၍ ငြင်းရခုံရတာမရှိ။ သူဟာနှင့်သူတော့ ဟုတ်နေပါသည်။

အမေ ဆရာချစ်ကျောင်းတွင် စာသင်ခဲ့ရစဉ်က စာကောင်းကောင်း သင်မပေးဘဲ ဆရာကတော် ခိုင်းတာတွေ၊ အိမ်မှုကိစ္စတွေချည်းလုပ်ခဲ့ရပြီး အရိုက်ကြမ်းသည်ဟု နာမည်ကြီးခဲ့သော ဆရာချစ်အား ကျွန်မ၏ အမေသည် သူကိုယ်တိုင် ကလေးသုံးယောက်၏ မိခင်ဖြစ်နေပြီး သူ့ကလေးတွေပင် မူလတန်းကျောင်းသားတွေ ဖြစ်နေသည့်တိုင် သီတင်းဝါလကျွတ်ချိန် ကျွန်မတို့က ကျွန်မတို့၏ ဆရာကြီးကို သွားရောက် ကန်တော့သောအခါ အမေကလည်း သူ၏ ဆရာချစ်အား လှူဖွယ်တန်းရာ တစ်ခုခုနှင့် သွားရောက် ကန်တော့မြဲ ဖြစ်ပါသည်။

အမေသွားတိုင်း ကျွန်မတို့ကိုပါ ခေါ်သွား၍ ကျွန်မတို့ပါ အမေနှင့် ဆရာချစ်ကို ကန်တော့ကြရပါသည်။

ဆရာချစ်မှာ အသက်အရွယ် အိုမင်းနေပြီဖြစ်သော်လည်း အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ သျှောင်ထုံးဖြူဖြူ တစောင်းထုံးကလေးနှင့် ချောမောလှပသော အဘဖြစ်၍ ကျွန်မတို့က ချစ်ကြပါသည်။

ကျွန်မ၏ အဖေမှာ ခေတ်ပုံပညာလည်း တတ်ပါသည်။ ပန်းချီပညာလည်း တတ်ပါသည်။ ရွာမှာ အလှူအတန်းရှိလျှင် မဏ္ဍပ်ဆင်တာမျိုး ဘုန်းကြီးပျံ ဆိုလျှင်လည်း အဖေပင် တာဝန်ယူဆောင်ရွက်ရပါသည်။

ကထိန်ပွဲဆိုလျှင် ရွာသူရွာသားတွေ ညီညီညွတ်ညွတ်နှင့် ကျွန်မတို့၏ ဆရာကြီးနှင့် အဖေတို့ ဦးဆောင်ကာ ယောကျ်ားကလေးယိမ်း၊ မိန်းကလေးယိမ်း မြို့မှ မင်းသမီးကို ငှားကာ တစ်ခန်းရပ်ပြဇာတ်ကလေးတွေ စသည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြပါသည်။ အမေ့အစ်ကို ကျွန်မတို့၏ ဘကြီးမှာ ရှေးတုန်းကအခေါ် မြေတိုင်းအင်စပက်တော် ဖြစ်ပါသည်။ ဘကြီး၏ စာရေး ကိုမောင်နွဲ့မှာ လူချောဖြစ်၍ နှစ်စဉ် ကိုမောင်နွဲ့က ပြဇာတ်မင်းသားလုပ်ရပါသည်။

ကျွန်မတို့၏ရွာအလယ် ဈေးနားတွင် စာကြည့်တိုက်ရှိပါသည်။ သစ်ပေါ်သော အရပ်ဖြစ်၍ စာကြည့်တိုက်မှာ သွပ်မိုးပျဉ်ကာ လှလှပပ သပ်သပ်ရပ်ရပ်ကလေးဖြစ်ပါသည်။

တစ်နှစ် ကထိန်ပွဲနီးလာချိန်တွင် အဖေသည် စာကြည့်တိုက်ထဲတွင် ဘီလူးခေါင်းကြီးတစ်ခုကို ကျကျနန လုပ်နေပါသည်။ ခေါင်းရင်းမှာလည်း ကန်တော့ပွဲတစ်ပွဲကို တွေ့ရပါသည်။

ဘီလူးခေါင်းကြီးကို ကြောက်၍ ကျွန်မတို့ အဝေးအနား မကပ်ရဲကြပါ။ နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် ဆရာကြီးကို မေးကြည့်ရာ ဆရာကြီးက

"ဒီနှစ် တို့ရွာကထိန်ပွဲမှာ ဇာတ်ထုပ်ကောင်းကောင်းခင်းမယ်လို့ ဇာတ်ထုပ် နာမည်က ဒေဝကုမ္ဘာဏ်တဲ့၊ နတ်ဘီလူးမင်းကြီး အကြောင်းပေါ့ကွာ" ဟု ပြောပါသည်။

ဆရာကြီး ပြောလို့သာ နားထောင်လိုက်ရသည် ကျွန်မတို့အားလုံး နတ်ဘီလူး ဆိုဘာကိုလည်းမသိ၊ ဒေဝကုမ္ဘာဏ်ဆိုတာလည်းမသိ။ ထိုနေ့မှစ၍ ဘီလူးခေါင်းကြီးကို မကြည့်ရဲကြ၍ စာကြည့်တိုက်ဘက်သို့ မရောက်ကြတော့ပါ။

ကထိန်ပွဲရက် ရောက်သောအခါ မြို့မှဆိုင်းသမားတွေ ရောက်လာကြ အကတိုက်ကြနှင့် အဖေတို့ အလုပ်ရှုပ်နေကြပါသည်။

ဘီလူးခေါင်းကြီးကို ကြောက်သော်လည်း ဘီလူးကြီး တကယ်ကလိုက်သောအခါ ဘီလူးကြီးအကကောင်းလွန်း၍ ကလေးတွေအားလုံး မကြောက်ကြတော့ပါ။ ကထိန်ပွဲကြီး ပြီးသွားသည့်တိုင် ဘီလူးကြီး ကပုံကို မြင်ယောင်နေကြတုန်း။ ဘီလူးကြီးကို သတိရနေကြတုန်း ဖြစ်နေပါသည်။

ဒီလိုနှင့် ဂျပန်အရေး အင်္ဂလိပ်ပြန်ဝင်ချိန်တွင် ကျွန်မတို့ မိသားစုနှင့်အတူ ကျွန်မတို့၏ဆွေမျိုးတချို့ ရန်ကုန်သို့ ပြောင်းလာခဲ့ကြပါသည်။ အဖေ တတ်သည့် ခေတ်ပုံပညာနှင့်ပင် ကြည့်မြင်တိုင် ဦးကြွယ်ဟိုးလမ်းနှင့် ကမ်းနား



www.burmeseclassic.com

www.burmeseclassic.com

သမ်းထောင့်ရှိ တိုက်၏ အပေါ်ထပ်ကို ငှား၍ (စန်းသော်တာ ဓာတ်ပုံတိုက်)ဟု ဓာတ်ပုံဆိုင်ဖွင့်ပြီး နေထိုင်ကြပါသည်။

ထိုအချိန်က စစ်ပြီးစအချိန်မို့ သားမသိ အိမ်တွေမှာ လျှပ်စစ်မီးမရှိကြသေးပါ။ ဘေးကပ်ရက်တွင် အိမ်တစ်လုံးလုံး အကာအကွယ်မရှိသောနေရာ အလင်းတိုက်ရိုက်ရောက်သော နေရာတွင် ဓာတ်ပုံရိုက်ခန်းကို နေရောင်ရသည့်ဘက်တွင် မှန်ချပ်အပြည့်ကာထားပြီး ကန့်လန့်ကာတစ်ခုနှင့် နေရောင် အနုအရင့်အလိုက် နေရောင်၏ အနေအထားကိုကြည့်ပြီး ကန့်လန့်ကာကို လိုသလိုရွှေ့ပေးပြီးမှ ရိုက်ရပါသည်။ ခုခေတ်လို ခေတ်မီကိရိယာတွေ မရှိသေးပါ။

ထိုအချိန်က ကျေးလက်နေသူတွေ၏ အတွေးတွင် ရန်ကုန်မြို့ကြီးဆိုတာကို နိုင်ငံခြားသို့သွားရသလောက် စွန့်စွန့်စားစား သွားကြရသည့်အချိန်၊ ရွှေတိဂုံဘုရားကြီးကို ဖူးရပြီးရင် သေပျော်ပါပြီဟု တမ်းတမ်းတတ ပြောနေကြသောအချိန်တွင် စာမတတ် ပေမတတ် တောသူမကြီးဖြစ်သော ကျွန်မတို့၏အမေမှာ (၃)နှစ်တိုင်တိုင် စစ်ဘေးကြီးနှင့် ကြုံခဲ့ရ၍ အကြောက်မပြေသေးခင်မှာပင် အဖေခေါ်ရာ ရန်ကုန်မြို့ကြီးကို စွန့်စွန့်စားစား လိုက်လာခဲ့ရရှာသည်။

နဂိုကတည်းက ရတနာသုံးပါးကို အားကိုးတကြီး ရှိမြဲယုံကြည်လာခဲ့ရာက အားကိုးစရာတစ်မျိုးတိုးကာ အိမ်နီးချင်း မိတ်ဆွေများနှင့် စပ်မိလာကာ သူတို့နှင့်အတူ နတ်ကနားပွဲတွေသို့ လိုက်တတ်လာပါသည်။

အမေသည် ဘုရားပန်းကို အညိုးမခံ။ ဘုရားစင်ကို တော်တော်မြင့်မြင့်တွင် စီမံထားပြီး ဘုရားစင်၏ အနားအမြိတ်အောက်တည့်တည့်တွင် ဘိုးဘိုးအောင် ကန်တော့ပွဲကို ထားရှိပါသည်။ ကန်တော့ပွဲအတွက် ငှက်ပျောသီးများကိုလည်း ချောမွေ့လှပမွေ့ဆိုတာတွေကိုမှ သေချာရွေးချယ် ဝယ်ယူလေ့ရှိပါသည်။

အိမ်ခေါင်းရင်း နံရံဘေးမှ ကြွက်လျှောက်ခေါ် တန်းကလေးပေါ်တွင် ပန်းအိုးသေးသေးလေးတွေ တစ်တန်းကြီးနှင့် အမေဘုရားပန်းတစ်ခါဝယ်လျှင် တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ရပါသည်။

မမနဲ့အတွက် ဘဲဥပြုတ် နှစ်လုံးကိုလည်း နေ့တိုင်း ဆက်သပါသည်။ ကျွန်မက "အမေကလဲ တစ်လုံးဆို တော်ရောပေါ့" ဟုပြောလျှင် "ရွှေနဲ့က ဘက်စိဘက်စိမှ ကြိုက်တာဟဲ့" ဟု ပြောတတ်ပါသည်။

အမေ ဘဲဥဖိုးတွေ ကုန်မှန်းသိသော်လည်း နေ့တိုင်း ဘဲဥပြုတ်(၂)လုံး စားရ၍ ကျွန်မ ကျေနပ်ပါသည်။

ကျွန်မတို့၏ အောက်ထပ်တွင် တရုတ်မိသားစုနေကြပါသည်။ သားအဖသုံးယောက်မှာ သမီးလေးက တီတီတာတာ ပြောတတ်ခါစ (၃)နှစ်အရွယ်၊ နာမည်က စာပေါလေး။

စာပေါလေးအဖေက အသက် (၄၀) ကျော်အရွယ် ဝဝတုတ်တုတ် ထိပ်ပြောင်ပြောင်ကြီး စာပေါအမေက အသက် (၂၀)အရွယ် ချောချောလှလှလေး အမျိုးသားကြီးက ချမ်းသာကြွယ်ဝ၍ မိဘများ စီစဉ်လိုက်ကြဟန်တူပါသည်။ ကျွန်မ၏ အစ်ကိုအလတ် မောင်မောင်မှာ ကျွန်မနှင့် (၄)နှစ်ကွာ အထက်အောက် မောင်နှမဆိုသော်လည်းကျွန်မနှင့် လုံးဝမတူပါ။

ကျွန်မက အရပ်ပုပု မောင်မောင်က အရပ် ၅ပေ ၇လက်မ၊ နှာတံပေါ်ပေါ် အသားဖြူဖြူ ချောချောလှလှ။ ထိုအချိန်က ရုပ်ရှင်မင်းသား ကျော်ဆွေပေါ်ခါစအချိန်။

မောင်မောင်က ကျော်ဆွေလိုပုံစံ အမောက်ကလေးနှင့် လုပ်ငန်းက ဓာတ်ပုံဆရာ။ မိန်းကလေးတွေကြားတွင် အလွန်စိန်းပွင့်သူပင်။

စာပေါလေးကို အိမ်မှာ ကလေးငယ်မရှိ၍ ကျွန်မတို့ အိမ်သားအားလုံး ဝိုင်းချစ်နေကြသောအချိန်တွင် မမျှော်လင့်ဘဲ ပြဿနာကြီး ပေါ်လာပါတော့သည်။

မောင်မောင်က (၁၇)အရွယ် စာပေါအမေက အသက်(၂၀)။ မောင်မောင်ဘက်က ကလေးအမေ အိမ်ထောင်သည်ကို သဘောရိုးနှင့် ခင်မင်သော်လည်း ကလေးအမေ၏ အနေအထိုင်မှု ပြောင်းလာသည်ကို အမေ အကြီးအကျယ်စိတ်ပူလာပါတော့သည်။

အမေ၏ ကျန်းမာရေးယိုင်နဲ့နေချိန် အမေ့အတွက် စိတ်ပူနေရလို့ တစ်မျိုး၊ မောင်မောင့်ကိစ္စက ဝင်လာ၍ အဖေ စိတ်ရှုပ်နေပါသည်။

အမေ ရံခါ နတ်ကနားပွဲတွေ သွားတတ်သည်ကို အဖေ အယူမရှိသော်လည်း အမေ့ကို စိတ်ချမ်းချမ်းသာသာ ထားနေကျမို့ မကန့်ကွက်ခဲ့ပါ။ ကူညီအားပေးခြင်း မပြုပါ။

ယခုကိစ္စတွင် အမေ့ခမျာ ကျန်းမာရေးမကောင်းရသည့်အထဲ သူ့သားလေး ဒု-သ-န-သော ခရဲကြီးထဲ အကျမခံနိုင်၍ ရင်းနှီးရာ မိတ်ဆွေနှင့် တိုင်ပင်ပြီး နတ်ကတော်ကို အိမ်သို့ခေါ်ကာ ကြက်ကောင်လုံးကြော် အရက်တို့နှင့် ပသပြီး မောင်မောင့်ကို ဘေးမသီ ရန်မခပါစေကြောင်း စောင့်ရှောက်ပေးဖို့ ကိုကြီးကျော်နှင့် အပ်ပါတော့သည်။

အဖေကမူ ခေါင်းအေးအေးနှင့် စဉ်းစားပြီး တစ်နေ့တွင် စာပေါ၏ အဖေကို တစ်နေရာတွင် ချိန်းတွေ့ကာ ပြဿနာကို တင်ပြ ဆွေးနွေးလိုက်ပါသည်။

စာပေါ အမေကို မဆူမမာန်ဘဲ မသိသလိုနေပြီး တစ်နေရာရာကို ပြောင်းရွှေ့သွားဖို့ အကြံပြုပါသည်။ မကြာခင် စာပေါတို့ ပြောင်းရွှေ့သွားပါ၍ ပြဿနာ အေးသွားသော်လည်း အမေ့ကျန်းမာရေးက ကောင်းလာ၍ စိတ်ပူနေကြရပါသည်။

လွတ်လပ်ရေးပြီး နောက်ပိုင်း ၁၉၅၀ ပြည့်နှစ်အချိန် မြို့တွင်းသူပုန်



www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း အရောင်မျိုးစုံနှင့် အင်းစိန်တိုက်ပွဲကြီးကလည်း ဆိုးရွားပြင်းထန်နေ၊ ရထားလမ်းတွေ ကားလမ်းတွေ ပိတ်နှင့် စီးပွားရေးတွေ ခက်ခဲနေချိန်တွင် အမေ့ကို ဆေးကုရတာတစ်ဖက် စီးပွားရေး အဆင်မပြေမှုတွေနှင့် အဖေ စိတ်များနေရရှာပါသည်။

ကျွန်မတို့ မောင်နှမတွေက လည်း ငယ်ကြသေး၍ အစ်ကိုကြီးနှင့် မောင်မောင်မှာ အဖေညွှန်ကြားရာကို သာလုပ်တတ်သည့် အရွယ်မို့ စီးပွားရေးကို ဦးမဆောင်နိုင်သေးပါ။

ထိုအချိန်က ရွှေတစ်ကျပ်သား ၁၅၀/-ဝန်းကျင်လောက်သာရှိနေချိန်။ ကျွန်မတို့ ငှားနေသောတိုက်မှာ တိုက်ကကြီးကြီး နေရာက အကွက်အကွင်းကျကျ စပေါ်ခေတ်၊ အပျောက်ခေတ်လည်း မဟုတ်သေး၍ အိမ်ရှင်နှင့် အိမ်ငှား ယုံကြည်မှုဖြင့်သာ လစဉ်ပုံမှန် လခပေးပြီး နေကြရသည်ဖြစ်၍ တစ်လလျှင် ၂၂၅/- ရွှေတစ်ကျပ်ခွဲသားဖိုး ပေးပြီးနေခဲ့ကြသည်မှာ (၇)နှစ်တိုင်တိုင် ဖြစ်ပါသည်။

ခေတ်ကမကောင်း၊ လုပ်ငန်းတွေကလည်း ကျဆင်းလာသောအချိန် ၁၉၅၀ ပြည့် ဧပြီလတွင် အမေဆုံးသွားပါသည်။ အမေဆုံးပြီး (၂)နှစ်အကြာ ကျွန်မတို့ မိသားစု အိမ်လခဈေးသက်သာသောအိမ်သို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။

ထိုအချိန်တွင် အိမ်တိုင်းလျှပ်စစ်မီး ရကြပြီဖြစ်၍ ဓာတ်ပုံလုပ်ငန်းအတွက် အိမ်အခက်အခဲမရှိ တစ်မျိုးအဆင်ပြေသွားပါသည်။

အမေဆုံးပြီး (၂)နှစ်ခွဲအကြာ ကျွန်မတို့ ဒုတိယအိမ်တွင် ရောက်ပြီး မကြာခင် အစ်ကိုကြီးကွယ်လွန်ပါသည်။ အစ်ကိုကြီး မဆုံးခင် ကမ္ဘာအေးဘုရားထီးတော်တင်ပွဲကို ပြည်ထောင်စုအစိုးရမှ ကြီးကျယ်ခမ်းနားစွာ တင်လှူကြပါသည်။ ထီးတင်ပွဲတွင် ဦးဖိုးစိန်ကြီးဇာတ်၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း တို့ဇာတ်တွေမှာ ဇလာပွဲအဖြစ် တစ်ပြိုင်တည်း ကပြဖျော်ဖြေကြ၍ တစ်စင်ပြီး တစ်စင် ကြိုက်သလို ပြေးလွှား ကူးပြောင်း ကြည့်ကြရပါသည်။

အစ်ကိုကြီး ဆုံးပြီးနောက်ပိုင်း လိုဏ်ဂူတော်ကြီး တည်ဆောက်ပြီးစီးသွား၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးလည်း ကျင်းပနေပါပြီ။ ဆဋ္ဌသင်္ဂါယနာဆရာတော်၊ သံဃာတော်များကို ရပ်ကွက်အလိုက် ပင့်ဆောင်ကာ တစ်အိမ်လျှင် (၁၀)ပါး၊ (၅)ပါး စသည် ပင့်လျှောက်ကြပြီး ဆွမ်းကပ်လှူခွင့်ရခဲ့ကြသည်မှာ မကြုံစဖူး ကုသိုလ်ထူးကြီးပင် ဖြစ်ပါတော့သည်။

သည်လိုနှင့် ရက်တွေလတွေ နှစ်တွေ ကုန်ဆုံးလာခဲ့သည်မှာ အမေဆုံးပြီး (၈)နှစ်အကြာ ၁၉၅၈ ခုနှစ်သို့ ရောက်လာပါပြီ။ မောင်မောင်မှာ အပေါင်းအသင်း သူငယ်ချင်းပေါများသူဖြစ်ပါသည်။ ကာယဗလ လိုက်စားသူလည်း ဖြစ်ပါသည်။

ယခုပန်းလှိုင်လမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းထောင့်ရှိ ရွှေဂုဏ်သူအိမ်ရာ နေရာတွင် ရာမဆေးတိုက်ဆိုသော ဆေးတိုက်ကလေးရှိပါသည်။ ရာမဆေးတိုက်နှင့် ကပ်ရက်တွင် မောင်ဗမာဦးဘကွန်းတို့ မိသားစု နေထိုင်ကြပါသည်။

အားကစားအသင်း တွဲရက်ရှိပါသည်။ ဦးဘကွန်းတို့မိသားစုနှင့် ကျွန်မတို့ ဆွေမျိုးရင်းချာလို ရင်းနှီးခင်မင်ကြပါသည်။ မောင်မောင်၏ အပေါင်းအသင်းမှန်သမျှ ဦးဘကွန်း၏ တပည့်တွေချည်း ဖြစ်ပါလျက် တစ်ခေါက်မောင်မောင်အပြင်မှ ပြန်အလာတွင် အသားဖြူဖြူ ပိန်ပိန်ပါးပါး အရပ်မြင့်မြင့် ခပ်ချောချော အမျိုးသားတစ်ယောက် ပါလာပါသည်။

သူက တရုတ်လူမျိုးအစစ်၊ နာမည်က ကိုယုတီ။ ပုံစံက နွဲ့နှောင်းသော်လည်း မိန်းမစိတ်ဝင်နေသူလည်း မဟုတ်ပါ။ ထိုအချိန်က ပြည့်စုံသည့် အမျိုးသားများ ဇန်ကောက်လုံချည်ကို ဝတ်နေကျဖြစ်၍ ကိုယုတီသည် ရှပ်အကျီလက်ရှည် ဒိုးခိုးရောင်နှင့် ဇန်ကောက်လုံချည် ခပုပ်ရောင်ကို လိုက်ဖက်အောင် ဝတ်ထားပါသည်။

စကား ပြောဆိုဟန်ကလည်း အလွန် ယဉ်ကျေးသိမ်မွေ့ပါသည်။ ကိုယုတီ မကြာခဏလာလည်တတ်၍ ကျွန်မတို့မိသားစုနှင့် ရင်းနှီးခင်မင်သွားသောအခါ မြို့ထဲက တရုတ်တန်းမှာ နေထိုင်ကြောင်း၊ တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ မိဘများမှာ ပြည့်စုံကြွယ်ဝသူများဖြစ်၍ ကိုယုတီကို စိတ်ချမ်းသာသလို နေစေကြောင်း သိရပါသည်။

မောင်မောင် ကိုယုတီတို့အိမ်သို့ ပထမဆုံးရောက်သွားသောအခါ အိမ်ဦးဘုရားဆောင်ကို တခမ်းတနားပြုပြင်ပူဇော်ထားသည်ကို တွေ့ရသည့်အပြင် ထူးထူးခြားခြား ကန်တော့ပွဲတွေလည်း ရှိနေကြောင်း ပြောပြပါသည်။

ကိုယုတီ နတ်ကတော် မဟုတ်တာကိုတော့ ကျွန်မတို့ သိထားကြပါသည်။ ကိုယုတီသည် အသန့်ကြိုက်သည်။ အလှကြိုက်သည်။ ဘယ်အခါကြည့်ကြည့် တက်ထရွန်အကျီ လက်ရှည်နှင့် ဇန်ကောက်လုံချည်ကို လိုက်ဖက်သောအရောင် ရွေးချယ်ဝတ်လေ့ရှိသည်။

အဖေ့ကိုလည်း ရှိသေကိုင်းညွတ်စွာ ဆက်ဆံသည်။ တစ်ခါတစ်ရံ စကားပြောရင်း မိုးချုပ်သွားလျှင် ကျွန်မတို့အိမ်မှာ အိပ်ဖြစ်တတ်ပါသည်။

ထူးခြားသည်မှာ ကိုယုတီသည် တရုတ်အစစ် ဖြစ်ပါလျက် ဝက်သားလုံးဝ မစားခြင်းပင်။

တစ်ညတွင် စကားတွေပြောကြပြီး အဖေလည်း ဘုရားရှိခိုးပြီး အိပ်တော့မည်ဟု အိပ်ရာဝင်သွားပြီ။

ကိုယုတီသည် ဘုရားရှိခိုးလျှင် အေးအေးဆေးဆေး ရှိခိုးတတ်၍ မောင်မောင်က မနီးမဝေးတွင် စာအုပ်တစ်အုပ်





www.burmeseclassic.com

www.burmeseclassic.com

...ရင်း စောင့်နေစဉ် ကိုယုတီ ဘယ်လို ...သည် မသိ ဘုရားရှိခိုးအပြီး နတ်ဝင် ...သို့ သူ့လက်အုပ်နှင့် သူ့နဖူးကို နတ် ...တော်တွေ ဝင်သလို ကြမ်းကြမ်းတမ်း ...ကြီးရိုက်နေသဖြင့် ကျွန်မ ကြောက် ...ကြီးနှင့် အဖေ့ကို ပြေးခေါ် လိုက် ...သည်။

အဖေ အနားရောက်သောအခါ ...ယုတီ စောစောက ဘုရားရှိခိုးသလို ...မျိုး မဟုတ်တော့ဘဲ တင်ပျဉ်ခွေ ...တာ သူ့ဒူးနှစ်ဖက်ကို ကျစ်ကျစ် ...အောင် ဆုပ်ထားသော သူ့လက်သီး ...ဖြင့် ပတ်နေပြီး အဖေ့ကို ဒေါသ ...ကြီး ကြည့်နေပါသည်။

အလွန်နူးညံ့သော ကိုယုတီ၏ ...နှာမှာ ခက်ထန်ကြမ်းကြုတ်နေပြီး ...လုံးမျက်ခုံတွေကလည်း ဖူးရောင် ...သည်။ အဖေက အရိပ်အကဲကို ...ပြီး "ခုကြွလာတာ ဘယ်သူပါလဲ၊ ...ဖြေမှ သိရမှာပါ" ဆိုတော့ . . .

"ငါ ဘယ်သူလဲဆိုတာ သော ...သား နင်မသိဘူးလား၊ ငါပုဏ္ဏက ...နင်မြောက်အရပ်မှာနေတုန်းက နား ...ညီးမလည်နဲ့ လူတတ်ကြီးလုပ်ပြီး ...မှုက် ဇာတ်ထုပ်ကို ကခဲ့တာ ...သွားပလား" ဆိုမှ အဖေမှာ တအံ့ ...ကြီး ဖြစ်ကာ . . .

"ဪ သိပါပြီ သိပါပြီ၊ မှတ်မိ ..." ဟု ကမန်းကတန်းကြီးပြောရကာ ... ဘာကိစ္စနဲ့ ကြွလာပါသလဲ"

"ဘာကိစ္စရမှာလဲ နင့်ကို သတ် ...သို့ လာခဲ့တာ၊ နင်လူတတ်ကြီးလုပ် ... ငါ့ကို ပင့်ခဲ့တယ်၊ နင်တို့ ပျော်ပွဲ ...ပြီးရော ငါ့ကို ပြန်မပို့ခဲ့ဘူး၊ နင် ...ရိုင်းတာပဲ၊ အဲဒီတုန်းကတည်း ... ငါ နင့်ကို အသေသတ်ချင်ခဲ့တာ၊ ... ရတနာသုံးပါးကို ဆည်းကပ်တဲ့ ... ငါ သက်ညှာခဲ့တာ၊ အဲဒီညက ...ပွဲမပျက်ရုံတစ်မည် ငါလုပ်ခဲ့တာ ...မိရဲ့လား"

ထိုညပွဲ နောက်ဆုံးညက တစ် ...ခုပ် ပြဇာတ်ကလေးလည်းပါသည်။ ထုံးစံအတိုင်း မင်းသားက ကိုမောင်နဲ့၊ တပည့်က ဆရာကိုမောင်နဲ့ကို အရက်နှင့် ဧည့်ခံသည့်အခန်း ဆရာက တစ်ငုံ မော့လိုက်ပြီး . . .

"မင့်အရက်က ကောင်းလှချေလား" ဆိုတော့ တပည့်က "ကောင်းမှာပေါ့ ဆရာရဲ့၊ ဂုံးချောင်းဒေါ်မယ်ကံရဲ့ အရက်လေ"

ဂုံးချောင်းဆိုတာ ကျွန်မတို့ရွာ၏ အနောက်ဘက်မှ အိမ်ခြေနည်းနည်းလေးနှင့် ရွာငယ်ကလေးဖြစ်ပြီး တစ်ရွာလုံး အရက်ချက်ကြပါသည်။ လူတွေကလည်း ရိုင်းကြပါသည်။

ဂုံးချောင်း ဒေါ်မယ်ကံ၏အရက်မှာ နာမည်ကြီးပါသည်။ ဒေါ်မယ်ကံမှာ ကျွန်မတို့ တစ်နယ်လုံးက ကြောက်ကြရသော လူမိုက်ဦးဖိုးချစ်၏ ညီမ ဖြစ်ပါသည်။

ဦးဖိုးချစ် မိုက်သလားမမေးနှင့်။ ဦးဖိုးချစ်၏ ကျွဲမကြီးကပါ မိုက်ပါသည်။ တစ်နေ့တွင် ကျွဲမကြီး သားအမိ မြက်စားနေစဉ် ရထားလမ်းပေါ် ကျွဲကလေး ရောက်သွားချိန် မုသိမ်ဘက်မှလာသော ရထားက တက်ကြိတ်သွားပါသည်။

ဦးဖိုးချစ်တို့ ရောက်လာကြပြီး အပိုင်းပိုင်းဖြစ်နေသော ကျွဲကလေး အလောင်းကို ဝိုင်းသယ်ကြ၊ လူတွေရှုပ်ယှက်ခတ်နေပုံကို ကျွဲမကြီး မြင်နေပါသည်။ ကျွဲမကြီး၏ စိတ်ထဲတွင် ရထားကို စက်ရထားဟု သိဟန်မတူ။ သက်ရှိသတ္တဝါကြီးတစ်ကောင်က သူ့သားကို သတ်သွားသည်ဟု ထင်ဟန်တူပါသည်။

နောက်တစ်နေ့ ရထားကြီးလာနေချိန် အရှိန်နှင့် မောင်းလာနေသော ရထားကြီးကို ကျွဲမကြီး တအားကုန်ပြေးပြီးခတ်လိုက်ပါတော့သည်။ သားလည်း သေ၊ အမေလည်း သေ ဦးဖိုးချစ် ဘယ်လောက်မိုက်သလဲ မမေးနှင့်။ သူ့ကျွဲက တောင် အဲသလောက် မိုက်တာဟု ပြောစမှတ် တွင်သွားပါတော့သည်။

ယခုလည်း တပည့်လုပ်သူက ဂုံးချောင်းက ဒေါ်မယ်ကံဆီက ဝယ်လာတဲ့ အရက်ဟုပြောလိုက်သည်နှင့် ဇာတ်ခုံဘေး မနီးမဝေး ဈေးဆိုင်ကလေး တစ်ဆိုင်ထဲမှ မြေးကလေးကို ပေါင်ပေါ်တင်ပြီး ပွဲကြည့်နေသော ဦးဖိုးချစ်၏ ကလေးကို ဘေးကတစ်ယောက်ဆီ ပေးခဲ့ကာ အနီးမှ ငှက်ကြီးတောင်ဓားကြီးကို ဆွဲပြီး ဇာတ်ခုံပေါ် လွှားခနဲ ခုန်တက်သွားပါတော့သည်။

အနီးမှ ပွဲထိန်းတာဝန်ကျသူတွေသာ မမြင်လိုက်ပါက ဇာတ်လိုက်(၂)ယောက် တစ်ပိုင်းစီ ဖြစ်သွားလောက်ပါသည်။

ထိုညက ဆရာကြီးနှင့် ကျွန်မတို့ အဖေသာ မထိန်းလိုက်နိုင်ခဲ့ပါက လုံးဝ ပွဲပျက်သွားနိုင်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ဂျပန်မဝင်ခင်က ဖြစ်ပျက်ခဲ့သည့် ကိစ္စကို ကိုယုတီ ဘယ်လိုသိပါလိမ့်။

အဖေက ကျေနပ်လောက်အောင်ပြောဆိုတောင်းပန်ပြီး၍ ပုဏ္ဏက ထွက်သွားခါနီး - မောင်မောင်ဘက်လှည့်ကြည့်ပြီး . . .

"သော်ကြာသားလေး မင်းနဲ့ သက်ဆိုင်တဲ့သူ လာလိမ့်မယ်"

ဆိုပြီး ပုဏ္ဏက ပျောက်သွားလျှင် ကိုယုတီ၏ အမူအရာတွေ ပင်ကိုပုံစံအတိုင်းနူးညံ့ပြောင်းလဲလာကာ တကယ့်ယဉ်ယဉ်ကျေးကျေး မိန်းကလေးအတိုင်း ကျုံ့ကျုံ့ကလေးထိုင်ကာ လက်ဝါးနှစ်ဖက်ကို ပေါင်ပေါ်ထပ်တင်ထားပြီး . . .

"သားရေ လူတစ်ယောက် မွေးဖွားလာပြီဆိုရင် အမေ့ ဆိုင်ရာဆိုင်ရာ နတ်တွေက စောင့်ရှောက်ပေးကြရတယ်၊ သားကို ငယ်ငယ်လေးကတည်းက အမေ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့တာ သား ပြန်စဉ်းစားစမ်း။

သားတို့ကောင်းစားစဉ် အချိန်တုန်းက အိပ်မက်တွေထဲမှာ သားကို အသီးအနှံလေးတွေ အမေ ခွံ့ကျွေးခဲ့တာတွေကို စားစားရတယ်လို့ အိပ်မက်တွေ မမက်ခဲ့ဘူးလား၊ မင့်အမေ စနေသမီးက မင့်ကို မလွှတ်လပ်တဲ့ သုံး



www.burmeseclassic.com

www.burmeseclassic.com

တောင်ဝတ် မိန်းကလေးနဲ့ ပတ်သက်ပြီး မဆီမဆိုင် မောင်မင်းကျော်ကို အပ်ခဲ့တယ်၊ အဲဒီကစပြီး မင်းတို့ စီးပွားရေးတွေ ကစဥ့်ကလျားနဲ့ ပျက်ခဲ့တယ် မဟုတ်လား"

ကျွန်မတို့ မောင်နှမတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့ဩမဆုံး ဖြစ်ကြရပါသည်။

အမေ မဆုံးခင် လွန်ခဲ့သည့် (၁၀)နှစ်နီးပါးခန့် အမေ မကွယ်လွန်သေးခင်က ကိစ္စတွေကို မနေ့တစ်နေ့ကမှ သိကျွမ်းခင်မင်ရသော ကိုယုတီ ဘယ်လို သိပါလိမ့်။

အဖေက သောကြာသားမှန်း အမေက စနေသမီးမှန်း ဘယ်လို သိပါလိမ့်။ ကျွန်မတို့ကိုယ်တိုင်ပင် မေ့မေ့ပျောက်ပျောက် ဖြစ်နေကြသော ကိစ္စတွေ နှစ်တွေလည်းကြာလှပြီ။ စားဝတ်နေရေး လူမှုရေးကိစ္စတွေနှင့် ဒါတွေကို ပြန်တွေးရမှန်းတောင် မသိတော့သော ကိစ္စတွေကို ကိုယုတီ ဘယ်လိုသိပါလိမ့်။

ကိုယုတီ သတိပြန်ဝင်လာသော အခါ ပင်ပန်းသွားပုံရပါသည်။ ပုဏ္ဏက ဝင်စဉ်က မျက်ခွံ အစ်အစ်မို့မို့ ဖောင်းဖောင်းကြီးတွေလည်းမရှိတော့။ ဒီလို ပုံစံမျိုးဖြစ်ခဲ့တယ်ဟုပြောလျှင်ပင် ယုံနိုင်စရာမရှိ။

ကိုယုတီကို သံပရာရည်ချိုချိုလေး ဖျော်ပြီး တိုက်လိုက်တော့မှ နည်းနည်းလန်းသွားပါသည်။ သူပင်ပန်းနေပုံရှိနေသေး၍ ကျွန်မတို့ ဘာမှ မမေးမပြောကြပါ။

သူက ဘုရားရှိခိုးပြီး အိပ်တော့မယ်လည်းကြံရော သတိလစ်သလို ဖြစ်သွားတယ်ဆိုမှ အဖေနှင့် မောင်မောင်က ဖြစ်ကြောင်း ကုန်စင်ပြောပြကြပါသည်။

သည်တော့မှ ကိုယုတီက. . .

သူဟာ ဟိုဘဝက ပုပ္ပားမယ်တော်နှင့်အတူ ပုပ္ပားမှာ နေခဲ့ကြောင်း၊ လူ့ပြည်ကို ကောင်းမှုကုသိုလ်ပြုချင်လို့ ခွင့်တောင်းပြီး လာခဲ့တာဖြစ်ကြောင်း လက်ရှိ မိဘတွေနဲ့က ဟိုဘဝခြားက မိဘတွေတော်စပ်ခဲ့ကြတာမို့ မိဟောင်းဖဟောင်းတွေဆီ ခဏပြန်လာခဲ့ကြောင်းတွေ ပြောပြပါသည်။

ပုပ္ပားမယ်တော်ဟာ ယခု ပုပ္ပားမှာ မရှိတော့ကြောင်း၊ အဲဒီဘဝက စုတေပြီး အထက်နတ်ဘုံမှာ အမြဲတမ်းကိုးပါးသီလနဲ့ နေကြောင်း၊ လူ့ပြည်မှာ ကျင်းပနေကြတဲ့ ကနားပွဲတွေကို လုံးဝဆင်းမလာတော့ကြောင်း၊ ကျန်ရစ်တဲ့ တပည့်တွေသာ လာနေကြကြောင်း၊ သူကိုယ်တိုင်လည်း ကြာကြာမနေတော့ဘူး၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ပုပ္ပားကို ပြန်တော့မည်ဖြစ်ကြောင်း ပြောပါသည်။

သူ ပြန်မည့် နေ့ရက် နာရီ စသည်တို့ကို အတိအကျပြောပါသည်။ ၁၉၅၄ ခုနှစ်ကပင် ဖြစ်ပါမည်။

ကျွန်မလည်း ငယ်သေး၍ စာနှင့် ရေးမှတ်မထားမိလိုက်ပါ။ ကိုယုတီ သူပြောခဲ့သည့် နေ့ရက် အချိန်မှာပင် ကွယ်လွန်ခဲ့ပါသည်။

ကိုယုတီ မကွယ်လွန်ခင် တစ်နေ့ ကျွန်မတို့ မိသားစုနှင့် ဘဝဟောင်းက ဆွေမျိုးတော်စပ်ခဲ့ဖူး၍ ယခုလည်း သူ့စိတ်ထဲမှာ ဆွေမျိုးရင်းချာလို သံယောဇဉ်ရှိကြောင်း ပြောပါသည်။

စိတ်ဝင်စားပါလျှင် ပုပ္ပားမယ်တော်အနေနှင့် လူတွေနှင့် သိပ်နီးနီးစပ်စပ် မနေလို၊ ခဏတော့တွေ့နိုင်မည်ဆို၍ အဖေက ခွင့်ပြုပါသည်။

မပင့်ခင် တစ်နေ့ ကြိုတင်၍ ကျွန်မကို စံပယ်ပန်း ထမင်းစားပန်းကန်တစ်ချပ်စာလောက် ရှာခိုင်းပါသည်။

စံပယ်တုံးချိန် ဖြစ်နေ၍ ယခုအခါလို ဆေးဝါးမြေဩဇာနှင့် စိုက်ကြသော ၁၂ ရာသီ စံပယ်တွေကလည်း မပေါ် သေး၍ ဈေး သုံး,လေး ဈေးလိုက်ရှာသော်လည်း စံပယ်ပန်းကို မရပါ။

မရလျှင် နှင်းဆီအဖြူကို ရှာခိုင်းပါသည်။ မယ်တော်မှာ ပန်းစားအမျိုးအနွယ်ဖြစ်သော်လည်း အထက်နတ်ဖြစ်သွား၍ နီနီရဲရဲ အရောင်များကို မနှစ်သက်တော့ကြောင်း ကိုယုတီ ပြောပါသည်။ နှင်းဆီအဖြူရ၍ ထမင်းစားပန်းကန်တစ်ချပ်နှင့် သန့်သန့်ကလေး ပြင်ထားရပါသည်။ ကိုယုတီ ညနေကတည်းက လာထားနှင့်ပြီး ပင့်မည့်နံနက် ၄ နာရီမထိုးခင် အိပ်ရာမှထကာ ဒီဇင်ဘာလ အလွန်အေးနေသည့် အချိန်ကြီးမှာ ရေမိုးချိုး ကိုယ်လက်သုတ်သင်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်ကာ ဘုရားကို အေးအေးဆေးဆေး ရှိခိုးပါသည်။

ပြီးလျှင် ပါလာသော ဒေါင်းတောင် (၂)ခုကို ပူးကိုင်ကာ လက်အုပ်ချီပြီး မယ်တော်ကို ပင့်ပါသည်။

မယ်တော် ဝင်လာသောအခါ ဆောင့်ကြောင့် ထိုင်နေရာမှ တဖြည်းဖြည်း ကြွတက်လာပြီး ဒေါင်းတောင်ကို ကိုင်ထားသော လက်နှစ်ဖက်ကို ခါးထောက်သလို ခါးပေါ်ထောက်ထင်ထားပြီး ဒူးကို မတ်မတ်ထောင်လျက် အနေအထားဖြင့် မောင်မောင်လက်နှစ်ဖက်နှင့် မြှောက်ကိုင်ပေးထားသော ရေဆေးပြီး ပွင့်ဖတ်တွေ ခြွေပေးထားသော နှင်းဆီပန်း ထမင်းစားပန်းကန်ပြားနှင့် မောက်မောက်တစ်ချပ်ကို လက်မပါဘဲ ခေါင်းငုံ့ပြီး တဖြည်းဖြည်းချင်း စားနေသည်မှာ ပန်းကန်ထဲတွင် တစ်ဖတ်မှ မကျန်တော့သည်ထိပင်။ ပန်းတွေကုန်လျှင် မောင်မောင်၏ ခေါင်းပေါ်ကို ဒေါင်းတောင်ကိုင်ထားသော လက်နှင့် သုံးကြိမ်သပ်ကာ. . .

"ငါ့သား မကြာခင် အိုးနဲ့ အိမ်နဲ့ အခြေတကျဖြစ်လိမ့်မယ်၊ အဲဒီနေရာမှာ သာသနာပြုရလိမ့်မယ်" ဟု ပြောပြီး ပြန်ကြွသွားပါတော့သည်။

လူစင်စစ်ဖြစ်သော ကိုယုတီ ပန်းတွေ တစ်ပန်းကန်ကြီး စားလိုက်ပြီးသော်လည်း ပါးစပ်ဆေးခြင်း၊ ပလုတ်ကျင်းခြင်း မပြုသည်ကို အံ့ဩမိပါသည်။

ကိုယုတီ ကွယ်လွန်သွားပြီး မကြာခင် မောင်မောင်သည် ဖတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ဘွင်နံကို တိုးချဲ့ရန် အရင်းအနှီးလို၍ ဇာတိရပ်ရွာတွင် ကျန်နေခဲ့သော လယ်ကွက်များကို ရောင်းချရန် ခေတ္တပြန်ပါသည်။

လယ်များမှာ ဧက(၃၀)ခန့်ရှိကြောင်း အမေ ပြောဖူးပါသည်။ ဂျပန်တစ်ခေတ်လုံး ပစ်ထားခဲ့ရ၊ လွတ်လပ်ရေးရပြီး နောက်ပိုင်း ရောင်စုံသူပုန်တစ်ခေတ်လုံး ပစ်ထားခဲ့ရ။

သီးစားချထားခဲ့သော မိသားစုလည်း သီးစားခကို အကြောင်းအမျိုးမျိုးပြကာ ပေးတစ်လှည့် မပေးတစ်လှည့်နှင့်။ ခုတစ်ခါ ရောင်းမည်ဆိုပြန်တော့လည်း မဝယ်နိုင်၊ နေရာလည်းမယ်မပေးနှင့် ပြဿနာတွေ တက်နေသဖြင့် မောင်မောင် ရန်ကုန်သို့ မပြန်နိုင်။

အချိန်တွေ ကြာနေရင်း မထင်မှတ် မျှော်လင့်မထားဘဲ မောင်မောင်မြန်အောင်အနီးမှ မိန်းကလေးနှင့် အိမ်ထောင်ကျသွားပါသည်။

မိန်းကလေးမှာ တစ်ဦးတည်းသမီးလည်းဖြစ် မိဘအသက်တော်တော်ကြီးမှ မွေးသောသမီးဖြစ်၍ အဖေအိုကိုထားခဲ့နိုင်၍ နောက်ဆုံး မောင်မောင်ကပင် ရန်ကုန်မှ ဓာတ်ပုံဆိုင်ကို ရွှေ့ယူကာ အဖေ့ကိုပါ ခေါ်သွားပြီး မြန်အောင်မှာ အခြေချလိုက်ရပါတော့သည်။

၁၉၅၉ ခု၊ မတ်လတွင် မောင်မောင် အိမ်ထောင်ကျပြီး မောင်မောင်ဆုံးအတူ လိုက်နေရင်း ၆၅ ဒီဇင်ဘာတွင်အဖေ မြန်အောင်အိမ်မှာ ကွယ်လွန်သည်။ မောင်မောင်သည် မြန်အောင်တွင် အခြေချနေထိုင်ခဲ့သည့် ကာလတစ်လျှောက်လုံး လူမှုရေး၊ ဘာသာသာသနာအရေးတို့တွင် သူမပါလျှင်မပြီးသလောက် အမြဲတမ်း ဆောင်ရွက်ခဲ့သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော မြို့မယ်လုံးဆိုင်ရာ သုခမ္မာစာပြန်ပွဲကြီးဆိုလျှင်လည်း ပင်ပန်းသည်ဟု သဘောမထား၊ အိပ်ပျက် စားပျက်ခံကာ ကြိုးစားဆောင်ရွက်ခဲ့ပါသည်။

စာအောင် ဆုတွေထဲတွင် အကျော်ကိုယ်တော်ကို ဆုဆက်ကပ်ခွင့်ရဖို့ ကြိုတင်စာရင်းသွင်းထားသူတွေများပါ၍ အနည်းဆုံး (၆)နှစ်ခန့် စောင့်ရတတ်ပါသည်။

မောင်မောင် စာရင်းသွင်းထားသော ကိုယ်တော်မှာ (၆)နှစ်အကြာ မောင်မောင် ကွယ်လွန်မည့်နှစ်တွင်မှ အလှည့်ကျပါသည်။

မောင်မောင့်ကျန်းမာရေး နေ့လား ညလား ဖြစ်နေသည့်အချိန်မို့ ဆုဆက်ကပ်ပွဲကို မောင်မောင်ကိုယ်တိုင် မသွားနိုင်တော့ပါ။ အိမ်အောက်ထပ်ကိုတောင် မဆင်းနိုင်တော့၍ အကျော်ကိုယ်တော်နှင့် မောင်မောင်လှူသော ဆုပဒေသာပင်ကို မြို့တွင်းသို့ လှည့်ရင်း မောင်မောင်၏ အိမ်ရှေ့အထိ လာရောက် အဖူးခံပေးသည်ကို တိုက်အပေါ်ထပ် ဝရန်တာမှ လူနာလည်း ကလေးပေါ် ထိုင်လျက် ငုံ့ကြည့်ပြီး လက်အုပ်ကလေးသာ ချီနိုင်ခဲ့ရှာပါသည်။

အကျော်ဆု စာရင်းသွင်းပြီးသည်နှင့် ဆုပဒေသာပင်အတွက် သတ်မှတ်ထားသော အလှူငွေကို ငွေရလက်မှတ်ဝယ်ထားနှင့်ကာ (၆)နှစ် ဆတိုးနှင့်ပေါင်းလိုက်သောအခါ မောင်မောင်၏ ပဒေသာပင်မှာ လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် အလွန်လှပ မြိုင်ဆိုင်ပါသည်။

မယ်တော်ပြောခဲ့သည့် စကား (ငါ့သားမကြာခင် အိုးနဲ့ အိမ်နဲ့ အခြေတကျ ဖြစ်လိမ့်မယ်၊ အဲဒီနေရာမှာ သာသနာပြုရလိမ့်မယ်) ဆိုသောစကားတကယ်ပင် မှန်ကန်နေပါတော့သည်။

မောင်မောင်သည် အလှူအတန်း ဝါသနာပါသူ ဖြစ်ပါသည်။ ကျွန်မသည် ရန်ကုန်တွင် အစိုးရအလုပ်ဝင်လုပ်နေ၍ မောင်မောင်တို့နှင့် လိုက်မနေဖြစ်ခဲ့ပါ။ တစ်နေ့ မြို့ထဲသွားရင်း လက်သုတ်ဝတ်လှလှလေးတွေ တွေ့၍ အထည်(၂၀)ဝယ်ပြီး ပို့လိုက်ပါသည်။ မကြာခင်မောင်မောင်ထံမှ. . .

"ညီမ ပို့လိုက်တဲ့ လက်သုတ်ဝတ်လေးတွေ လှလို့ မောင်မောင်အိမ်မှာ သံဃာတော် ဆယ်ပါးပင့်ပြီး ဆွမ်းကပ်ရင်း ပထမဆုံး သုံးလိုက်တယ်" ဟု စာတစ်စောင် ရောက်လာပါသည်။

ထိုအချိန်က ယခုခေတ်လို မုန့်ကောင်းကောင်းတွေ မရှိသေးပါ။ ပေါင်မုန့်စားချင်လျှင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့် (ယခုဆူးလေရန်ဂရီလာဟိုတယ်) နေရာတွင်ရှိသော ပြည်သူ့မုန့်တိုက်တွင် တန်းစီပြီး ဝယ်စားရပါသည်။

ဆွေမျိုး မိတ်ဆွေများထံ လက်ဆောင်ပေးပို့ချင်လျှင်လည်း ဆူးလေဘုရားအနီး မဟာဗန္ဓုလလမ်း ရှားမီးကိတ်မုန့်တိုက်မှ ကိတ်မုန့်နှင့် ရှားမီးသကြားလုံးများကိုသာပေးကြရပါသည်။

ကျွန်မ ခွင့်ပြန်သည့်အခါ မောင်မောင်တို့ မိသားစုနှင့် မိတ်ဆွေများအတွက် ရှားမီးကိတ်၊ ရှားမီးသကြားလုံးများကို ယူသွားရပါသည်။ ကျွန်မပြန်ရောက်သွားတာနှင့် မောင်မောင်ဘုန်းကြီးတွေကို ပင့်ပြီး ဆွမ်းကပ်ပါတော့သည်။ လူကြုံ အဆင်သင့်၍ ပို့ပေးလိုက်လျှင်လည်း. . .

"ညီမပို့လိုက်တဲ့မုန့်တွေ ရသည်၊ နောက်တစ်နေ့မှာပင် ဆရာတော်တွေကို ပင့်ပြီး ဆွမ်းကပ်လိုက်သည်" ဟု စာပြန်လာပါသည်။

ဆရာတော်များကလည်း "ဒကာမောင်မောင် ဆွမ်းကပ်ဘိုး ရန်ကုန်အချိုပွဲ မပါတဲ့အခါ မရှိဘူး" ဟု မိန့်လေ့ရှိပါသည်။

တစ်နှစ်တွင် ဧရာဝတီမြစ်ရေကြီးပြီး မြစ်ကမ်းနားက ရွာတွေ ရေလွှမ်းခံရ၊ အိမ်တွေ မျောပါခံရ၊ ကျွဲတွေနွားတွေ ရေထဲ မျောပါလာသည်ကို မောင်မောင်တို့ လူကြီး လူငယ် ရေကျွမ်းကျင်သူရော မကျွမ်းကျင်သူတွေပါ အုပ်စုလိုက် စုပေါင်းပြီး ဒုက္ခသည်တွေကို

www.burmeseclassic.com

ဆင်းဆယ်ကြ၊ အားလုံးတက်စွမ်းသမျှနှင့် ကယ်ဆယ်ရေးတွေ လုပ်နေကြချိန်တွင် ရပ်တော်မူ ဘုရားတစ်ဆူကိုပါ ဆယ်ယူလိုက်ကြရပါသည်။

ဘုရားမှာ ဉာဏ်တော် (၁၀)ပေခန့်ရှိပြီး မဏိတော်အက်ကွဲ ဒဏ်ရာရထားပါသည်။ လက်တော်တစ်ဖက်လည်း ပျက်စီးနေပါသည်။ ရှီးရှီးသစ်သားဘုရားဖြစ်ပြီး ရွှေရောင်ငွေရောင်ဘာမှမရှိပါ။ မောင်မောင်သည် ဘုရားပုံတော်ကို ဓာတ်ပုံရိုက်ယူခဲ့ပြီး ရန်ကုန်သို့ဆင်းလာကာ အနော်ရထာလမ်းနှင့် (၃၁)လမ်းထောင့်နားမှ အမျိုးသားဘလောက်တိုက်တွင် ဘုရားပုံတော်ကို ဘလောက်တုံးအပ်ပါသည်။

ဘလောက်တိုက် ပိုင်ရှင်ကြီးက "ဒီလိုဘုရားဟောင်းတွေကို ငရဲမကြောက်တဲ့ ယူတချို့က ထင်းခွဲ ဆိုက်ပစ်ကြတယ်၊ တချို့က ရှေးဟောင်းဘုရားတွေကို ပြည်ပ ခိုးထုတ်ပြီး ရောင်းစားကြတယ်၊ ခုလို ရေထဲမျောပါလာတဲ့ဘုရားကို ခက်ခက်ခဲခဲ ဆယ်ယူပြီး ပြုပြင် ပူဇော်တတ်တဲ့ သဒ္ဓါတရားရှိတဲ့လူမျိုးတွေလဲ ရှိတတ်သေးတယ်နော်" ဆိုပြီး ဘလောက်တုံးကို အခကြေးငွေမယူဘဲ အကောင်းဆုံး ဆောင်ရွက်ပေးလိုက်ပါသည်။

မောင်မောင်သည် မြန်အောင်ပြန်ရောက်လျှင် ရောက်ချင်း ဘုရားပုံတော်ကို အလှူနိုးဆော်စာရွက်ပေါ်တွင် ရိုက်နှိပ်ကာ မောင်မောင်ဦးဆောင်ပြီး မြန်အောင်အနီးတစ်ဝိုက် အလှူခံထွက်ပါတော့သည်။

ထိုအချိန်တွင် မြန်အောင်မြို့ဆုတောင်းပြည့်ဘုရားတွင် မန္တလေးမှဘုရားတန်ဆောင်းပြုပြင်သည့် အဖွဲ့ကလည်းရောက်နေချိန်ဖြစ်၍ ကောက်ခံရရှိသည့် အလှူငွေဖြင့် ဘုရားကိုပြုပြင်လိုက်သောအခါ ရပ်တော်မူဘုရားကိုယ်တော်မှာ ရွှေရောင်တဝင်းဝင်းဖြင့်တင့်တယ်သပ္ပာယ်တော်မူသွားပါတော့သည်။

ဘုရားကို ပြုပြင်ပြီးသွားသောအခါ သာယာကုန်းကျောင်းသစ် ဆရာတော်မှ သာယာကုန်းကျောင်းသစ်တွင်ပူဇော်ရန် အမိန့်ရှိ၍ သာယာကုန်းကျောင်းမှာပင် ဂန္ဓကုဋိဆောက်လိုက်ကြပြီး အနေကဇာတင်ပွဲ ကျင်းပကြပါသည်။

အလှူငွေတွေကလည်း ဝင်လာမစဲမို့ သာယာကုန်းကျောင်းသစ်တွင်လိုအပ်နေသေးသော သိမ်ကို တစ်ဆက်တည်း ဆောက်လုပ်လိုက်ကြပါသည်။

ခုနှစ်ကို ကျွန်မ မမှတ်မိတော့ပါ။ ကဆုန်လဆန်း(၁၄)ရက်ညတွင် သိမ်သမုတ်ကြပါသည်။ ကမ္မဝါဖတ်ချိန်တွင်မြန်အောင်မြို့မှ မီးသတ်ကားနှင့်မိသားစုအများ၏ကိုယ်ပိုင်ကားများသည် ကမ္မဝါဖတ်နေကြသည့် သံဃာတော်များ၏နောက်ကျောဘက် ဝေးဝေးမှနေ၍ကဆုန်လပြည့်နေ့ နံနက်အရုဏ်တက်သည့်အချိန် သိမ်သမုတ်ခြင်းကိစ္စ ပြီးစီးအောင်မြင်သည့်အထိ မီးတွေကိုတောက်လျှောက် ဖာလင်းထွန်းပေးထားကြပါသည်။

ရုပ်ပွားတော်မြတ်ကို ရေထဲမှဆယ်ယူပင့်ဆောင်ရရှိသည်ဖြစ်၍ ဘွဲ့တော်ကို ဥဒကသိဒ္ဓိရှင်မြတ်စွာဘုရားဟု ဘွဲ့ဆက်ကပ်ပြီး သိမ်တော်ကိုလည်းဥဒကသိဒ္ဓိသိမ်တော် ဟု အမည်ပေးလိုက်ကြပါသည်။

ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူသည့်နေ့ နေ့ထူးနေ့မြတ်မို့ မြန်အောင်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီးဖြစ်သော ဒေါက်တာဦးတင်အောင်ထွန်းနှင့်အတူ မောင်မောင် အပါအဝင်ရဟန်းလောင်း(၁၂)ပါး သိမ်ဝင်ကြပါသည်။

ကျွန်မသည် အလုပ်တာဝန်နှင့်အဝေးမှာ အနေကြာခဲ့ပါသည်။ အလုပ်မှ အနားယူပြီးသည့်နောက်ပိုင်းတွင်လည်း ရန်ကုန်မှာ အနေများပါ၍သာယာကုန်းကျောင်းသစ်ကို အရောက်



အပေါက် နည်းပါသော်လည်း ဥဒက
သိဒ္ဓိရှင်မြတ်စွာဘုရားကိုလည်းကောင်း
သိမ်တော်ကြီးဖြစ်မြောက်လာရပုံတွေ
လည်းကောင်း စိတ်ထဲမှာ မှတ်မှတ်ထ
ထင် ရှိနေမြဲဖြစ်ပါသည်။

ယခုအခါ သာယာကုန်း ဘု
တော်ကြီးကျောင်းသို့ ဥပုသ်သီ
ဆောက်တည်ရန် ကြွရောက်လာ
ကုန်သော ဘုတော်ကောင်းအပေါင်း
သည် ဥဒကသိဒ္ဓိရှင်မြတ်စွာဘုရား
ဖူးမြော်ကန်တော့ကြရသဖြင့် ကောင်
ကုသိုလ်များ တိုးပွားကြပါစေသတည်

ဤဥဒကသိဒ္ဓိ သိမ်တော်ကြ
လည်း မြတ်စွာဘုရား၏ သားတေ
ရဟန်းကောင်းရဟန်းမြတ်များ စဉ်ဆ
မပြတ်ပေါ်ထွန်းတော်မူပါစေသတည်

မောင်မောင်၏ ဘဝ ထ
လျှောက်လုံး လှူဒါန်းခဲ့သမျှေ
ကောင်းမှုကုသိုလ်ကာ သာသနာ
ပတ်သက်၍ ဆောင်ရွက်ခဲ့သမျှ
ကောင်းမှုကုသိုလ်အစုစုတို့သည်
မောင်မောင် ကျင်လည်ရာ သံ
တစ်လျှောက် ဘဝ ဘဝတိုင်းအ
အားကြီးသော အထောက်အပံ့
တွေသာ ဖြစ်ပါစေသတည်းဟု
တောင်း မေတ္တာ ပို့အပ်လိုက်ပါ
သည်။

❒ ဒေါ်ကြည်ကြည်မြ(မြန်အေ





www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော ကိုယ်ချင်းစာ

မြနှင်းမောင်

ခုတစ်လော အိမ်က ကိုသက်နှင့် ကျွန်မ သိပ်အစေးမကပ်။ နှစ်ယောက်တည်း ရှိသော အိမ်ထောင်တွင် ညည သူ အိမ်ပြန်နောက်ကျသည်ကို ကျွန်မ ခွင့်မလွှတ်ချင်။ မိဘများ စိမ်၍ လက်ခံခဲ့ရသော အိမ်ထောင်ရေးချင်းတူတူ သူက ပိုလို့ ဝတ္တရားမကျေသလို ခံစားရသည်။

ရိုးသားအေးဆေးပြီး အသောက်အစားမရှိသော သူ့ကို ကျွန်မ လေးစားသည်။ သို့ပေမယ့် နေ့စဉ် အလုပ်ဆင်းတိုင်း သူ ဘယ်တော့မှ အိမ်ကို တန်းပြန်မလာပါ။ သူကတော့ သူ့အကြောင်းပြချက်နှင့်သူ ဟုတ်နေသည်။

သူငယ်ချင်းများကို တွယ်တာပုံကတော့ မိန်းမထက် ပိုသည်။ သောက်တတ်၊ စားတတ်သော သူငယ်ချင်းများ သွားလေရာ တကောက်ကောက် လိုက်ပါပေးတတ်သည်။

အရက်သမားအချင်းချင်း ပိုခင်တတ်ကြသည်ဟု ကျွန်မ ကြားဖူးသည်။ ဒါပေမယ့် ကျွန်မခင်ပွန်း ကိုသက်ကတော့ လုံးဝ အရက်မသောက်တတ်သူ။ သူငယ်ချင်းတွေ အားနာလို့သာ သီးသန့် ဆိုင်လိုက်ထိုင်ပေးသူတစ်ဦး ဖြစ်သည်။

ဒီလို ဆိုင်ထိုင်လို့များ ဆိုင်မှာ စားလာမည် မထင်လေနဲ့။ ဆိုင်က လက်ရာ ဘယ်လောက်ကောင်းကောင်း သူက အိမ်ချက် ကျွန်မရဲ့ လက်ရာကိုသာ တွယ်တာသူတစ်ဦးလည်းဖြစ်သည်။ ကိုသက်က နားလည်ရ ခက်သည်။ မိုးဘယ်လောက်ချုပ်ပါစေ ဆိုင်မှာ စားမလာတတ်ပါ။ ခက်နေတာက သူက သူ့သူငယ်ချင်းတွေကိုသာ အားနာတတ်တာ၊ အိမ်မှာ ထမင်းပွဲပြင်ပြီး ငုတ်တုတ်ထိုင် စောင့်နေတဲ့ မိန်းမကိုကျ နည်းနည်းလေးမှ အားမနာချေ။

သူ့အသက် လေးဆယ်ပြည့်မှ စတင်ခဲ့သော အိမ်ထောင်ရေးကို သူ စိတ်မပါသလို ဖြစ်သန်းနေသည်။

ကျွန်မက သူ့ထက် (၁၅)နှစ် ငယ်သူမို့ တစ်ခါတလေ သည်းခံပေးရန် ခက်လှသည်။

သို့ပေမယ့် သူငယ်ချင်းများနှင့် လိုက်ပါနေတတ်သောမှအပ ဘုရား၊ တရား ကြည်ညိုသူ၊ မူးယစ်ဆေးဝါး မသုံးစွဲသူ၊ လောင်းကစား မလုပ်သူ





www.burmeseclassic.com

www.burmeseclassic.com

ရသမျှ စုဆောင်းတတ်သူ ဖြစ်သည်မို့ ကျွန်မ သူ့ကို ယုံကြည်ပါသည်။

ခုရက်ပိုင်း သူနေ့တိုင်း အိမ်ပြန်နောက်ကျနေပြန်ပါသည်။ ပြောလေ နောက်ကျလေ ဖြစ်နေသည်။ စတတ်နောက်တတ်သော သူ့အပေါင်းအသင်းများသည် အေးဆေးသောသူ့ကို ကျွန်မနှင့် ရန်တိုက်ပေးနေကြသည်။

လူတွေကလည်း ခက်ပါတယ်လေ။ ကိုယ်လင်ကိုယ်မယား အေးအေးချမ်းချမ်း ရှိနေတာကိုပဲ မနာလို ဖြစ်နေကြသလား မသိဘူး။ ကျွန်မတစ်ယောက်တည်းတွေးရင်း ကိုသက်ကို စိတ်တိုလာသည်မို့ ထမင်းရော ဟင်းတွေပါအားလုံး သွန်ပစ်လိုက်တော့သည်။

ပြီးတော့ အိုးခွက်၊ ပန်းကန်တွေ မှောက်ထားလိုက်သည်။ ဒီလူကြီး ပြန်လာရင် ခံပေတော့။ ဒီတစ်ခါတော့ ကျွန်မ အကြောင်းပြလိုက်ဦးမည်။

ကိုသက် ပြန်လာတော့ ည ၁၀ နာရီပင် ကျော်နေပြီ။ ကျွန်မ မသိလိုက်မသိဘာသာ အိပ်ရာထဲက မထွက်။ သော့တစ်ယောက်တစ်စုံစီရှိသည်မို့ သူ လော့ဒ်တံခါးကို ဖွင့်ဝင်လာလို့ရသည်။ ညဉ့်နက်မှ အိပ်တတ်သော ကျွန်မ စောစောစီးစီး အိပ်ရာထဲ ရောက်နေသည်မို့ ကျွန်မ စိတ်ကောက်နေမှန်း သူသဘောပေါက်မည်ဟု ထင်မိသည်။

ကိုသက် အိမ်နောက်ဘက်ကို တန်းဝင်သွားပြီး ခြေလက်ဆေးသံကြားရသည်။

ဆက်၍ နောက်ဖေးတွင်ရှိနေသော အိုးခွက်တွေ လှန်ကြည့်နေသံကို ကျွန်မ ကြားနေရပေမယ့် အရေးစိုက်ပြီး ထကြည့်မနေတော့။

ဘာမှမရှိမှန်း သူသိသွားမှာပဲ။ အတန်ကြာတော့ သူက ကျွန်မ စိတ်ဆိုးပြီး အရွဲ့တိုက်မှန်းသိသွားပြီ ထင်ပါရဲ့။ ရေပုလင်းထဲက ရေငှဲ့သံကို ကြားရသည်။ ဂလု ဂလုနှင့် ရေသောက်နေသံကိုလည်း ကြားရသည်။ နောက်ထပ် နှစ်ခွက် သုံးခွက် ထပ်ထည့်သောက်သံကြားနေရသည်။ ဒါဆို သူ ဘာမှ စားမလာတာ သေချာသည်။

ရေသောက်ပြီးတော့ အိမ်ရှေ့မှ နောက်ဖေးခေါက်တုံ့ခေါက်ပြန်လျှောက်ကာနေသည်။ ကျွန်မကိုလည်း ဘာမှ လာမမေး။ ကျွန်မ စောင့်ရင်း မောလာသည်။ ဒေါသ ထွက်လာသည်။

နာရီဝက်ခန့် ကြာတော့ သူ ခုတင်ပေါ် အသာလေးတက်လာသည်။ ပြီးနောက် ကျွန်မဘေးတွင် သူ့သာသာလေး ဝင်အိပ်လိုက်တော့သည်။ ကျွန်မကို ဘာတစ်ခွန်းမှ မမေးသလို ဘာမှလည်း မလုပ်။

ကိုသက်က အဲဒီလိုလူမျိုး ဖြစ်သည်။ သူ့ကို ထရိုက်ချင်သည်အထိ ကျွန်မ ဒေါသထွက်နေသည်။ ကျွန်မ အလွန်ဖြစ်မှာစိုး၍ ဒေါသကို မျိုချရင်း ဇွတ်ကြိတ်မှိတ်ကာ အိပ်ရန် ကြိုးစားရသည်။

မနက်ကတည်းက အမိဋ္ဌာန် ပုတီးစိပ်ပြီးထားလို့ တော်သေးသည်။ နို့မို့ သူ့ကြောင့် ပျက်ကွက်ပေမည်။

"အနှင်း"

"ဘာလဲ"

"ရေတင်လို့ မရပြန်ဘူး"

"ဟင် ရေတင်လို့ မရပြန်ဘူးလား"

ညက ကိစ္စနှင့် ဆက်၍ စိတ်ကောက်မည်ဟု စဉ်းစားနေဆဲ ပြဿနာကပေါ်နေသည်။ လာပြန်ပြီ။ ဒီမော်တာ ပျက်ပဲ ပျက်နိုင်လွန်း။

"အနှင်းကို ကိုယ် ပြောတယ်လေ"

"ဘာကိုလဲ"

အစမရှိ၊ အဆုံးမရှိမို့ ကျွန်မ နားမလည်။

"ဩော် မော်တာကို ဂရုစိုက်တင်ပါ ဆိုတာ"

"ခု ဘာဖြစ်နေလို့လဲ"

"ခုပျက်နေပြန်ပြီလေ"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ဒါဆို ကိုယ့်ကြောင့်ပေါ့"

"ဒါတော့ ဘယ်သိမလဲ"

"ခက်တယ်ကွာ"

"ခက်တာ ကျွန်မ မဟုတ်ဘူး၊ ရှင်. . . ရှင်"

ဆောင့်ဆောင့်အောင့်အောင့် ပြောလိုက်သော ကျွန်မ စကားသံအဆုံး သူဘာမှ မပြောဘဲ ထွက်သွားသည်။ ကျွန်မ စိတ်တိုလိုက်သည့် ဖြစ်ခြင်း။

သို့သော် ကြာကြာ စိတ်မတိုအား။ ရေမော်တာကိစ္စ စဉ်းစားနေမိသည်။ တစ်ကြိမ်လည်းမဟုတ်။ နှစ်ကြိမ်လည်း မက၊ ခုနဲ့ဆို သုံးကြိမ်တိုင်ရှိခဲ့ပြီ။ တစ်လခွဲအတွင်း ရေမော်တာ ပျက်တာ သုံးခါဆိုတော့ လွန်သည်။

သတိထားပြီး ရေတင်နေပါလျက်နဲ့ သူ့အလိုလို လောင်လောင်နေခြင်း ဖြစ်သည်။ သီးသန့်ကိုယ်ပိုင်မော်တာ၊ မီတာတွေ တပ်ဆင်ထားသော တိုက်ခန်းဖြစ်သည်မို့ သူများကြောင့်လည်း မဖြစ်နိုင်။

ကိုသက်ရော ကျွန်မပါ စည်းစနစ်ကြီးသူတွေမို့ မော်တာလောင်ခြင်းကိစ္စသည် ထူးဆန်းနေတာတော့ အမှန်။ ပိုဆိုးတာက ရေဘောင်ပြီးတိုင်း သေချာသတိထားကြသည်၊ ဘယ်လောက်ပဲ သတိထား လုပ်သုပ် နှစ်ပတ်လောက်ကြာလျှင် နေ့တွင်း ကောင်းနေသော မော်တာက ရေဘောင်မရတော့ပါ။

ဘရိတ်ကာ တပ်ထားသဖြင့် ရေတင်မရလျှင် ပြုတ်ပြုတ်ကျသွားသည်ကို တွေ့ရသည်။ ပထမအကြိမ် ကွိုင်လောင်သည် ဆိုတုန်းကလည်း သေချာပြန်ပြင်သည်။ လုပ်ပေးသူကလည်း စေတနာပါသူ။

မကြာပါ။ ဒုတိယအကြိမ် ထပ်လောင်ပြန်လေသည်။ ဒီတစ်ခါတော့ ကိုသက်က မော်တာအသစ်တစ်လုံး ပြန်လဲလိုက်သည်။ ခုဒါနဲ့ပါဆို သုံးကြိမ်မြောက် ဖြစ်ခြင်း။

မစားရက်၊ မသောက်ရက်စုထားသောငွေတွေ ဒီရေမော်တာ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်နေတာနဲ့တူန်တော့မည်။ ဒီတစ်ခါ မော်တာ အသစ်ကျပ်ချွတ်ကြီးမို့ ထူးဆန်းလွန်းသည်။ တစ်ခုခုတော့ မှားနေတာ သေချာသည်။

ကိုသက်နှင့် ကျွန်မတို့ နေထိုင်သော တိုက်ခန်းသည် (၆)ထပ်တွင် တည်ရှိသော်လည်း ရေအလွန်ကောင်းသည်။ မော်တာ တင်လိုက်သည်နှင့် စက္ကန့်ပိုင်းအတွင်း ခြောက်လွှာရှိ အခန်းတွင်းသို့ ရေရောက်သည်။

ကြာကြာလည်း ရေမဖြည့်ရ။ ကန်ထဲတွင် ရေခံရှိနေပါက (၁၀)မိနစ်အတွင်း အပေါ်ကန်၊ အောက်ကန် နှစ်ကန်စလုံး ပြည့်သည်။ မော်တာကလည်း တစ်ကောင်ခွဲအား ဖြစ်သည်ကိုး။

ရေသိပ်အချိန်ကြာကြာ မတင်ရပါဘဲနှင့် မော်တာပျက်ပျက်နေခြင်းမှာ သမားရိုးကျ မဟုတ်နိုင်။ ပြီးတော့ တစ်နေ့ကလည်း ရေချိုးခန်းတစ်ခန်းလုံး ရေတွေလျှံကျနေသည်။ ကျွန်မကြောင့် မဟုတ်ပါ။ ကိုသက်ပြောမှ ကျွန်မက သတိထားမိသည်။ ထိုနေ့ကလည်း အိမ်မှာကျန်ခဲ့သော ကျွန်မသာ ကိုသက်ပြောတာ ခံလိုက်ရသည်။

"အနှင်း"

"ဟင်"

"မော်တာအသစ်က ကွိုင်လောင်သွားတာတဲ့၊ ပြန်ပတ်ရဦးမယ်၊ မနက်ဖြန်မှ ရမှာ"

"အဲဒါ ကျွန်မလုပ်တာ မဟုတ်ဘူးနော်၊ ကျွန်မ ဒီမော်တာဝယ်ပြီးကတည်းက ကျွန်မလက်နဲ့ တစ်ခါမှကို ရေမတင်ရသေးဘူးနော်"

"အေးပါ ပြီးမှ ကိုယ်တို့ဆွေးနွေးရအောင်၊ ခုတော့ ကိုယ်မော်တာပြင်ဖို့ သွားလုပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ကျွန်မ အံ့ဩနေသည်။ မော်တာ အသစ်လည်း ပျက်ပြန်ပြီ။ ကိုသက်က ကျွန်မကို စိတ်မချလို့ မော်တာ အသစ်လဲပြီးကတည်းက သူကိုယ်တိုင် ရေတင်ခြင်းအမှုကို ဆောင်ရွက်သည်။

ကပ်စေးနှဲသူမို့ ကိုယ်တိုင်သာ ဂရုတစိုက်လုပ်သည်။ ဒီမော်တာ ဝယ်တာမှ တစ်ပတ်မပြည့်သေး။ ခု သွားပြန်ပြီ။ ဟင်း, ဒါဆို တစ်နေ့က မာမာ အိမ်လာလည်တုန်း ပြောသွားတာ မှန်နေပြီ ထင်တယ်။ အနှင်းတစ်ယောက် သူငယ်ချင်းမာမာ၏ စကားသံများ ပြန်လည်ကြားယောင်လာသည်။

"အနှင်း နင်တို့အိမ် ငါလာရတာ ကြောက်တယ်ဟာ၊ တစ်နေ့က ငါလာလည်တုန်း ငါ့မျက်နှာနား ရိပ်ခနဲတစ်ခုခု ဖြတ်ပြေးသွားသလို ခံစားလိုက်ရတယ်၊ ခုလဲ ကြက်သီးတွေ ထလိုက်တာ မပြောပါနဲ့တော့၊ နင်ကော ဘာမှ မဖြစ်ဘူးလားဟင်"

"ဟင့်အင်း ဘာမှ မဖြစ်ပါဘူး၊ ကောင်မစုတ် ငါတစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုပြီး လာမခြောက်နဲ့၊ ငါက မကြောက်တတ်ဘူး"

"အေးပါဟယ်၊ မကြောက်တတ်တာပဲ ကောင်းပါတယ်"

ဟုဆိုပြီး အဲဒီနေ့က သူဘာမှ ဆက် ငြင်းခုန်မနေဘဲ ပြန်သွားခဲ့သည်။

သူပြောမှ ကျွန်မ သတိထားမိသွားတယ်။ ကျွန်မလည်း တစ်ခါတစ်ခါ တစ်ယောက်တည်းကျန်ခဲ့ရင် ကျောချမ်းလာသလို၊ တစ်ယောက်ယောက်ရှိနေသလို ခံစားမိသည်။

ကျွန်မက ကြောက်တတ်သူ မဟုတ်တော့ သိပ်အလေးမထား။ ပြီးတော့ ပဋ္ဌာန်းအကျယ်ကိုလည်း နေ့စဉ် စွဲစွဲမြဲမြဲ ရွတ်ဆိုနေတတ်သူမို့ ကြောက်စိတ်က များသောအားဖြင့် မဝင်ပါ။

"အနှင်း"

"ရှင်"

"မင်းလဲ မမှား၊ ကိုယ်လဲ မမှား၊ မော်တာခလုတ်လဲ မပျက်ရင် ဒါ တစ်ခုခုတော့ တစ်ခုခုပဲ"

မော်တာကို ကွိုင်ပတ်ရန် စီစဉ်ပြီးပြန်လာသော ခင်ပွန်းဖြစ်သူ ကိုသက်၏ စကားကို အနှင်း နှုတ်ဆိတ်နေခြင်းဖြင့်သာ ထောက်ခံနေလိုက်ပါသည်။

ကိုသက်က ဆက်၍ ပြောလိုက်သည်။

"ဒီအိမ်ကို ငှားတဲ့ ပထမအိမ်ငှားတွေ သက်တမ်းမပြည့်ခင် ကိုယ်တို့က ဆက်ငှားနေတာနော်"

"ဟုတ်တယ်လေ"

"ပွဲစားတော့ တစ်ခုခုတော့ မြုပ်ထားတာ ရှိလိမ့်မယ်၊ ကိုယ်တော့ သိပ်မသင်္ကာဘူး"

စိတ်အဘွဲ့ချင်း တူညီနေသည်မို့ . . .

"အနှင်းလဲ အဲလိုပဲ ထင်မိတယ်"

"ဘာပဲ ဖြစ်ဖြစ်ကွာ၊ အနှင်း သတ္တိရှိတယ် မဟုတ်လား"

ကိုသက်ရဲ့ အမေးစကားကြောင့် အနှင်း ပြုံးလိုက်ပါသည်။ တကယ်ဆို ကိုသက်က အနှင်းလောက်တောင် သွေးမရဲသူ မဟုတ်လား။

"ဘာလုပ်ချင်လို့လဲ"

"ကိုယ်တော့ ဒီအိမ်ကို သိပ်စိတ်မသန့်တော့ဘူး"

"အဲဒီတော့"

"ကိုယ်တို့ အမိဋ္ဌာန်က မနက်ဖြန်ဆို တတိယမြောက် ကိုးရက်ပြည့်ပြီ မဟုတ်လား၊ အရင်က လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေရော အခုလတ်တလော အနှင်းနဲ့ကိုယ် လုပ်နေတဲ့ ကုသိုလ်တွေ အားလုံးကို မနက်ဖြန်ညမှာ ကိုယ်တို့ နှစ်ယောက် သေသေချာချာ အမျှပေးဝေကြရအောင်နော် အနှင်း"

"ကောင်းတာပေါ့၊ နှင်းလဲ အဲလို လုပ်ချင်တယ်၊ ဖြစ်နိုင်ရင် ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်လိုက်ချင်တယ်၊ စိတ်သန့်သွားတာပေါ့"

"ပရိတ်က အနှင်းကိုယ်တိုင်လဲ နေ့စဉ်ရွတ်နေတာပဲ၊ လောလောဆယ် ကိုယ်တို့ လုပ်နေနိုင်တာကို အရင်လုပ်ကြတာပေါ့၊ ပြီးမှ အနှင်းသဘော အတိုင်း ဘုန်းကြီးပင့် ရွတ်ကြရအောင်"

"ဒါဆိုလဲ မနက်ဖြန် နှင်းတို့ နှစ်ယောက်အရင်အမျှဝေကြည့်ကြတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"အနှင်း သဘောတူပါတယ်နော်"

"ကောင်းတာ လုပ်တာပဲလေ သဘောတူရမှာပေါ့"

"ကိုယ့်ကို စိတ်ဆိုးမနေနဲ့တော့နော်"

သူ ချော့တာ ဒီလောက်ပါပဲ။ ဒါပေမယ့် အနှင်း စိတ်မဆိုးတော့ပါ။

နောက်တစ်နေ့ည ပရိတ်ရွတ်ခါနီးတွင် အနှင်းတို့ ဇနီးမောင်နှံသည် ဗုဒ္ဓဘုရားရှင်ကို ရည်စူးကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်တို့ လှူဒါန်းပူဇော်ကပ်လှူသည်။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကို သေချာပင့်ဖိတ်သည်။ မေတ္တသုတ် (၁၁)ခေါက်၊ ကျန် ပရိတ် (၁၀)သုတ်၊ ပဋ္ဌာန်းအကျယ် (၁)ခေါက်နှင့် ဓမ္မစကြာတစ်ခေါက် ရွတ်ဖတ်ပူဇော်ပြီး လုပ်နေကျ ပုံမှန်အဓိဋ္ဌာန် ပုတီးစိပ်ကြသည်။

ပြီးနောက် ထိုကောင်းမှု အစုစုတို့၏ အဖိုဘာဂ အပါအဝင် ယခင်လုပ်ခဲ့သော ကုသိုလ်ကောင်းမှုများပါမကျန် ကိုယ်စောင့်နတ်အစထား၍ မြင်အပ်၊ မမြင်အပ်၊ မကျွတ်မလွတ် ပုဂ္ဂိုလ်များအားလုံးကို ရည်စူးကာ မေတ္တာပို့ အမျှအတန်း ပေးဝေလိုက်ကြသည်။

ထူးခြားချက်မှာ အမျှပေးဝေနေစဉ် ဆေးရုံနံ့ ပြင်းပြင်းထန်ထန် နှာခေါင်းထဲ ဝင်လာသည်။

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။

ဆက်လက်၍ ပြီးဆုံးသည့်တိုင် အာရုံအပျက်မခံဘဲနှင့် ကြေးစည်ကို အကျယ်ကြီးထုရင်း အမျှပေးဝေကာ သာဓု ခေါ်လိုက်ကြသည်။ သုံးကြိမ်တိုင်တိုင် အမျှပေးဝေ သာဓုခေါ်ဆိုပြီးသောအခါ ရရှိနေသော ဆေးရုံနံ့သည် တိုက်တိုက်ဆိုင်ဆိုင် ပျောက်ကွယ်သွားတော့သည်။

အချိန်ကား ည (၁၁း၄၀)နာရီဖြစ်သည်။

ဘုရားရှိခိုးအပြီးတွင် ကိုသက်နှင့် အနှင်းတို့ အိပ်ရာထဲသို့သာ တန်းဝင်လိုက်ကြသည်။ အိပ်ရာပေါ် အရောက် ကင်းတဲမှ သံချောင်းခေါက်သံ တစ်ဆယ့်နှစ်ချက်ကို ကြားလိုက်ရသည်။

ထိုအချိန်တွင်"ဂျောက်" ဆိုသော နောက်ဖေးခန်းအတွင်းမှ မော်တာခလုတ်ဖွင့်လိုက်သံနှင့်အတူ အချက်ပြရေတင်မီးသီးလင်းလာသည်ကို အလယ်အိပ်ခန်းက အနှင်းတို့နှစ်ယောက် လှမ်းတွေ့လိုက်ရသည်။

တစ်ယောက်လက်တစ် ယောက်ဆုပ်ကိုင်လိုက်မိသည်။ ညအိပ်မီးသီးသာ ဖွင့်ထားသည်မို့ မီးဖိုချောင်အခန်းတွင်းမှ ရေတင်မီးသီးလင်းနေသည်ကို ထင်ထင်ရှားရှား မြင်နေရသည်။

သူ ထပိတ်၊ ကိုယ် ထပိတ်နှင့် နှစ်ယောက်သား ငြင်းခုန်နေကြပြန်သည်။ နောက်ဆုံး တစ်နေကုန် မော်တာပြန်တပ်သည့်ကိစ္စနှင့် မောပမ်းထားသော ကိုသက်က စိတ်တိုစွာဖြင့်. . .

"ဟိတ်ကောင် မင်းလုပ်တာမင်း တာဝန်ယူ၊ ခလုတ်ပြန်ပိတ်ကွာ"

ဟု ခပ်ပြင်းပြင်း အမိန့်ပေး အော်သံအဆုံး. . "ဂျောက်"ခနဲအသံနှင့်အတူ တစ်အိမ်လုံး မှောင်အတိ ဖုံးလွှမ်းသွားတော့သည်။ အိပ်ရာထဲရှိ အနှင်းတို့ နှစ်ယောက် ခွေညလယ်ကောင်ကြီး စောင်ခေါင်းမြီးခြုံကာ တစ်ယောက်ကို တစ်ယောက် မလွတ်တမ်း ဖက်ထားလိုက်ကြသည်။

မိုးလင်းလင်းချင်းပင် ဇနီးမောင်နှံ နှစ်ယောက်သည် အိမ်ရှာပေးသော ပွဲစားရှိရာသို့ သွားခဲ့ကြသည်။ အဖြစ်အပျက် အလုံးစုံကို ပြောပြအပြီး ပွဲစားကို တိုက်ခန်းနှင့် ပတ်သက်၍ အမှန်အတိုင်း ပြောစေခဲ့သည်။

ထိုအခါမှ ယင်းတိုက်ခန်းသည် အနှင်းတို့ မငှားမီ ပထမသုံးလတွင် ကြင်စဦး အသင်စက်စက် ဇနီးမောင်နှံနှစ်ယောက် နေထိုင်ခဲ့ကြသည်။

ထိုလင်မယားနေပြီး နှစ်လခန့်အကြာ ယောက်ျားဖြစ်သူ ဆေးသမားသည် နံပါတ်ဖိုးထိုးနေရင်း ထိုအခန်းမှာပင် ပိုက်တန်းလန်းနှင့် သေဆုံးသွားခဲ့သည်။ သူသည် သူ့ဘအိမ်တွင် ညစဉ်ရေဖြည့်ရန် တာဝန်ယူရသော သားတစ်ဦးလည်း ဖြစ်သည်။

ယင်းအကျင့်စွဲမြဲနေသည်လား။ သူ့တိုက်ခန်းကို စွဲလမ်းနေသည်လား မပြောတတ်။ အနှင်းတို့မှာတော့ သူ့ကြောင့် အတော်လေးကို ဒုက္ခများခဲ့ရသည်။ ပွဲစားက သုံးစံအတိုင်း ပြောမပြခဲ့သည့် အမှားအတွက် တောင်းပန်ကာ ချွေးသိပ်သွတ်သည်။ အနှင်းတို့လည်း ငှားလကစ တန်းလန်းမို့ မည်သို့မျှ မတတ်နိုင်တော့ဘဲ စိတ်ပျက် လက်ပျက် တိုက်ခန်းရှိရာ ပြန်လာခဲ့တော့သည်။

တိုက်ခန်းအရောက် ညက ပျက်နေသော မီးပြန်လာနေလေပြီ။

ချက်ချင်းပင် နှစ်ယောက်သား အပြေးအလွှား နောက်ဖေးခန်းရှိ မော်တာခလုတ်ရှိရာသွားကာ ဖွင့်ကြည့်လိုက်ကြသည်။

"ဝေါ" ခနဲ ရေတက်လာသံကို မယုံကြည်နိုင်ဘွယ် ကြားလိုက်ရသည်။ နှစ်ယောက်သား အကြည့်ချင်းဆုံတော့ ပြုံးမိကြသည်။ ရေမော်တာ မပျက်သေးပါ။ ရေလည်း တဝေါဝေါ လာနေသည်။ မှတ်မှတ်ရရ ထိုနေ့က စတင်ကာ အိမ်ပြောင်းရွှေ့သည့်တိုင် ရေမော်တာ မပြင်ရတော့ပါ။ ဒါဆို အနှင်းတို့ ပေးသော ကုသိုလ်ကောင်းမှုတွေ သူ ရသွားတာပေါ့။ အနှင်းတို့ နှစ်ယောက်အား တစ်နေ့ညက ခြောက်လှန့်ခြင်းသည် အနှင်းတို့ကို သူ နောက်ဆုံးနှုတ်ဆက်ခြင်းပဲလား။

❒ မြနှင်းဝေအောင်



burmeseclassic.com

www.burmeseclassic.com



ဒေါ်တင့်တင့်သည် အငြိမ်းစား ဆရာဝန်မကြီးတစ်ဦးဖြစ်ပြီး အထက် အညာမိမိဒေသမြို့ကလေးတွင် အခြေချနေထိုင်ပါသည်။

တစ်နေ့နံနက်တွင် ဇာတိရွာမှ သမီးရှိရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားသောညီမငယ် ဒေါ်ဆင့်ဆင့်ထံမှ ဖုန်းလာသောအခါ ဒေါ်တင့်တင့်မှာများစွာ စိတ်မကောင်းဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မမရဲ့တူမ လှသူဇာအကြောင်းကို တိုင်ချင်လို့ပါ၊ သူဆေးရုံသွားတုန်း ဆက်ရတာ၊ မမ အချိန်ရလား"

အချိန်ရလားဟု မေးကတည်းက ညီမတွင် ပြောစရာတွေ များလိမ့်မည်ဟု ဒေါ်တင့်တင့် နားလည်ပါသည်။

"အေး ပြောစမ်းပါဦး၊ တူမလေးက ဘာတွေများ ဆိုးနေလို့တုံး"

"ကျွန်မ အသက်ငါးဆယ်ကျော်ပြီ မမရယ်၊ ဒီကတိုက်ခန်းထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ကိုယ်လက်လှုပ်ရှားမှုနည်းတော့ ဝ,လာတယ်၊ ဒူးနာပြီး အထိုင်အထခက်တယ်၊ ခြေဆစ်၊ လက်ဆစ်ကလေးတွေလဲ နာတယ်၊ ရင်ဘတ်ကလဲ တစ်ခါတစ်ခါအောင့်ပြီး အသက်ရှူမဝသလိုပဲ၊ အဲဒါ လေးဖက်နာတို့၊ နှလုံးရောဂါတို့ဖြစ်မှာကြောက်လို့ ဆေးစစ်ရမလားလို့ သူ့ကိုမေးတာ"

"အင်း၊ သူက ဘာပြောတုံး"

"အဲဒါ..သူက . . . အမေကလဲ ဒါချည်းခဏခဏပြောနေတယ်၊အသက်ကြီးလာရင် ဒီလိုပဲဖြစ်တတ်တာပဲ၊ သမီးလဲ အမေတို့အရွယ်ရောက်ရင် ဖြစ်မှာပဲ၊ ရောဂါမရှိ ရောဂါရှာလို့ ပြောတယ်"

"အင်း . . . "

ဒေါ်တင့်တင့်က "အင်း"လိုက်၍ စကားထောက်ပေးပါသည်။

"ကျွန်မလဲ ကိုယ့်ထက်ငယ်သူ၊ ကြီးသူ၊ ရွယ်တူတန်းတူတွေ တစ်မျိုးပြီး တစ်မျိုးဖြစ်ကြတာတွေ ကြားနေရတော့ ကိုယ့်ကိုယ်ကိုယ်လဲ စိတ်ပူတာပေါ့ မမရယ်၊

ရွာက ခင်မြင့်ဝေဆိုရင် မင်္ဂလာဆောင်ကို ရှိုးတွေနဲ့သွားပြီး အိမ်ရောက်တော့ တက်ပြီး သတိလစ်သွားတာ၊ တစ်ခါတည်းကို အသက်ပါသွားတာပဲ၊ မြမြမူရဲ့ ယောက်ျား သန်းလွင်လဲ အကောင်းကြီးကနေ နှလုံးရောဂါနဲ့ ဆုံးသွားတာ မမလဲ ကြားမှာပေါ့"

"အပြင်ပန်းမှာ ကောင်းတယ်ထင်ရပေမယ့် အတွင်းထဲက မကောင်းလို့ပေါ့ ညီမရယ်"

"သူ စိတ်ကူးတည့်ရင်တော့ ကောင်းပါတယ်၊ ကိုယ့်သမီးကိုယ်ပြောစရာရှိရင်တောင် သူ့အရိပ်အခြည်ကြည့်ပြီး ပြောရတယ်၊ စိတ်ကူးမတည့်ရင်တော့ ဂရုမစိုက်တဲ့အပြင် မာယာများတယ်၊ ပုလီတယ်ဆိုပြီး ပိသာလေးနဲ့ နံဘေးပစ် ပြောခံရတယ်၊ မမစဉ်းစားကြည့်ပါလား၊ ဘယ်သားသမီးက မိဘကို ဒီလိုပြောရမလဲလို့"

ဒေါ်ဆင့်ဆင့်သည် ပြောရင်းနှင့် ငိုသံပါလာပါသည်။ ဒေါ်တင့်တင့်မှာလည်း ညီမအား "ငိုချင်ရက် လက်တို့" မဖြစ်အောင် စကားလုံး ရွေးချယ်၍ ဖျောင်းဖျရပါသည်။

"သူလဲ ဆရာဝန်တစ်ယောက်ပဲကွယ်၊ ရိုးရိုးနာကျင်ကိုက်ခဲတယ်ထင်လို့ ပြောတာ ဖြစ်မှာပါ၊ တကယ်ဖြစ်ရင် သူလဲဘယ်ပစ်ထားပါ့မလဲ၊ စိတ်ထဲ သိပ်မထားပါနဲ့"

"ဒီတစ်ခုတည်းကြောင့် မဟုတ်ပါဘူး မမရယ်၊ သူကပြောပြီး ပြီးသွားပေမယ့် မိဘက ခံစားရတာပေါ့၊ တချို့ဟာတွေလဲ ကြာတော့ မေ့ကုန်ပါပြီ၊ နောက်ပြီး ရန်ကုန်မှာနေရတာ ကိုယ့်ရွာမှာလိုမဟုတ်ဘူး၊ ဒူးနာလို့ အပေါ်ထပ် အောက်ထပ်လဲ တက်လိုက် ဆင်းလိုက် မလုပ်နိုင်ဘူး၊ ကျယ်ကျယ်ဝန်းဝန်း ခြေညောင်းလက်ဆန့် သွားစရာလဲ မရှိဘူး"

"မြို့မှာ လူဦးရေများတော့ ဒီလိုပေါ့ ညီမရယ်၊ တူမလေးတို့ လင်မယားနှစ်ယောက်လုံးက ဝန်ထမ်းတွေဆိုတော့ ကလေးထိန်းမယ့်သူလဲ မရှိဘူး ကလေးထိန်းရှိရင်တောင် ဒီခေတ်မှာ အိမ်ပစ်ပြီး စိတ်ချသွားလို့ မဖြစ်ဘူး ရိုးတဲ့သူထက် ဆန်းတဲ့သူက များနေပြီ သူတို့ တစ်ခုခုဖြစ်ရင်လဲ ညီမပဲ စိတ်ဆင်းရဲရမယ်"

"ကျွန်မ အဲဒါတွေကြောင့် သည်းညည်းခံပြီးနေတာပေါ့ မမရယ်၊ သူဘာလိုပြောပြော ကိုယ့်မှာစောင့်ရှောက်ရမယ့် တာဝန်ရှိတယ်ဆိုတာ သိပါတယ် ကိုယ့်မြေးလေးကိုလဲ ပစ်မထားရက်ဘူး သူက မွေးရုံမွေးတာ၊ ဒီအရွယ်ထိ ကျွန်မကပဲ အအိပ်ပျက် အစားပျက်ခံပြီး ပြုစုခဲ့ရတာ၊ သူ ကလေးငိုရင်တောင် သူမထဘူး မိဘတွေကိုနှိုးပြီး ကြည့်ခိုင်းတာ"

ဒေါ်တင့်တင့်တို့မှာ မွေးချင်း အစ်မ သုံးဦးရှိပြီး ဒေါ်ဆင့်ဆင့်





www.burmeseclassic.com

www.burmeseclassic.com

ငယ်ဆုံးဖြစ်ပါသည်။ အကြီးဆုံး ဒေါ် ခင့်မှာ အထက်တန်းသူနာပြုဆရာမ ဖြစ်ပြီး ကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ် ကျော်ခဲ့ပေပြီ။ ယခုအခါ ဒေါ်တင့်တင့် မှာ ဆိုးတိုင်ဝင် ကောင်းတိုင်ပင် ညီအစ်မနှစ်ဦးသာ ရှိပါသည်။

ဒေါက်တာလှသူဇာသည် ဒေါ် ဆင့်ဆင့်၏ သမီးဦးဖြစ်၍ ပြည့်ဖြိုး အောင်သည် မြေးဦး ဖြစ်ပါသည်။ ဒေါ်ဆင့်ဆင့်သည် ပြည့်ဖြိုးအောင်ကို မြတ်နိုးသည့်စိတ်သာမက ကွယ်လွန်ခဲ့ သော မိမိဖခင်ကြီး ဝင်စားသည်ဟူသော အယူအလမ်းဖြင့် အထူးချစ်မြတ်နိုးပါ သည်။

"သူက တစ်နေကုန်ပင်ပန်းတော့ ပြန်လာတော့ နားချင်တာနေမှာပေါ့၊ ကလေးတွေ ညီမတွေကို သူပဲထွန်း ပေါက်ပေါက်ဖြစ်အောင်ပျိုးထောင် ပေးတာဆိုတော့ သူ ကောင်းတာတွေ များကြီးပါ ညီမရယ်၊ တချို့သားသမီး တွေ အိမ်ထောင်ကျသွားရင် မိဘစုကို လှည့်ပြန်မကြည့်တော့ဘူး"

"အဲဒါကြောင့် ကိုယ့်သမီးကိုလဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ တစ်ခါ တစ်ခါ ပြောပေါက်ဆိုးလွန်းလို့ စိတ်ဆိုး စရာကောင်းဖြစ်ရတယ်၊ သူစိမ်းကပြောရင် သည်းခံနိုင်ဦးမယ်၊ ကိုယ့်သားသမီးဆို တော့ ပြောရက်လိုက်တာဆိုပြီး မျက် ရည်တောင်ကျတယ်"

"ဘယ်လိုများ ပြောပေါက်ဆိုးလို့ လဲ သူများကြားရင် ယုံမယ်တောင် မထင်ဘူး၊ လှသူဇာ ငယ်ငယ်တုန်းက သူများချစ်ခင်အောင် ပြောတတ်ပါ တယ်၊ ရွာက လူတွေကလဲ ရန်ကုန် ပြောင်းသွားတဲ့ ညီမတို့ကို အားကျပြီး သူ့ဇာကို ချီးမွမ်းလို့ မဆုံးဘူး"

"အဲဒါ ငယ်ငယ်တုန်းကပါ မမ ရဲ့ အခုတော့ ကျွန်မတို့က သူ့လုပ်စာ စားနေသလိုဖြစ်နေလို့လား မသိဘူး၊ အပြန်ကြောက်နေရတယ်၊ အဖေတို့ တွေ မလုပ်တတ် မကိုင်တတ်လို့ ဒုက္ခလုပ်ကျွေးနေတာ၊ သမီးဦးနှောက် က အမေတို့ထက်သာတယ်၊ သမီးသိ တယ်၊ ဘာမှပြောမနေနဲ့၊ ဘာညာနဲ့၊ မိဘကို ရိုသေရမှန်းမသိ၊ ကျွန်မက ပြန်ပြောတတ်လို့ တော်သေးတယ်၊ သူ့ အဖေဆိုရင် ငယ်ငယ်ကတည်းက သူ့ကို အလိုလိုက်ခဲ့တော့ ခွေးချေးနိုင်သလို နိုင်တယ်၊ သူ့လက်အောက်ငယ်သားကို အော်ငေါက်သလိုမျိုး အော်ငေါက်ခံရ တယ်"

"ဟုတ်ပါ့မလားကွယ်၊ မသိတတ် တဲ့အရွယ်လဲမဟုတ်၊ ဒီလောက်တော့ ဆိုးမယ် မထင်ပါဘူး၊ သူ့အဖေက သူ မကြိုက်တာ ဘာလုပ်မိလို့တုန်း"

"ကိုယ့်ပေါင်ကိုယ်လှန်ထောင်း ဆိုသလို ဘယ်မိဘက ကိုယ့်သားသမီး မကောင်းကြောင်း ပြောချင်မှာလဲ မမ ရယ်၊ ကောင်းတာပဲ ပြောချင်ကြတာ ပေါ့၊ သူမကြိုက်တာလုပ်လုပ် မလုပ်လုပ် ခဏခဏ အပြောအဆိုခံရတယ်၊ ဟို တစ်နေ့က ကိုစိုးဝင်းက အိမ်သားတွေ မထသေးခင် မနက်စောစောထပြီးလမ်း လျှောက်တော့ ဘာဂျာတံခါးကိုအပြင် က သော့ခတ်ပြီး သော့ကို အိမ်ထဲပစ် ထည့်ပေးခဲ့တယ်၊ အဲဒါသမီးက သော့ကို ဝေးဝေးပစ်မသွားဘူး၊ ဘာဂျာတံခါး အပေါက်ကနေ သော့ကိုသူများဆွဲယူပြီး ဖွင့်လို့ရတယ်၊ လူကြီးဖြစ်ပြီးနားမလည် ဘူး၊ ဦးနှောက်မရှိဘူးဆိုပြီး ပြောဆိုလိုက် တာများ မမရယ်၊ ဒါလောက်ကြီးလဲ မဟုတ်ဘဲနဲ့၊ ကိုစိုးဝင်းမို့ သည်းခံနိုင် တယ်၊ အေးပါ ငါ့သမီးရယ် အဖေ နောက်မဖြစ်စေပါဘူးလို့ ခေါင်းငုံ့ပြီး အေးဆေးပြောတယ်၊ သမီးရှေ့မှာ အဖေ က အပြစ်ရှိတဲ့ တရားခံလိုဖြစ်နေတယ်၊ ကျွန်မ အရှိမ်းဝမ်းနည်းတာပဲ"

ဒေါ်ဆင့်ဆင့်သည် မငိုမိအောင် ထိန်းထားရင်းမှ နောက်ဆုံးစကားများကို ပီသအောင် မပြောနိုင်ဘဲ ငိုရှိုက်၍နေပါ သည်။

ဒေါ်တင့်တင့်မှာလည်း ညီမကို စာနာသနား၍ အတော်စိတ်မချမ်းသာ ဖြစ်ရပါသည်။

"ဒါတော့ တူမလေးက လွန်တာ ပေါ့ကွယ်၊ ဘာမှဖြစ်သွားတာလဲမဟုတ်၊ ကိုယ့်အဖေကို ကောင်းကောင်းမွန်မွန် ရှင်းပြလို့ရတာပဲ၊ ဒါပေမဲ့ ငါ့ညီမရယ် အခုခေတ်လူငယ်တွေက ဒီလိုပဲလား မသိပါဘူး၊ အိမ်က သားငယ်လဲ မိဘ ခေါ်လိုက်ရင် ချက်ချင်းမထူးဘူး၊ ထူးရင် လဲ 'ဗျာ' လို့ မထူးဘဲ 'ဘာလဲ' တဲ့၊ တစ်ခုခုပြောလိုက်ရင်လဲ 'အင်း' ဆိုပြီး ချက်ချင်းထမလုပ်ဘူး၊ ရိုက်ပြီးဆုံးမရမယ့် အရွယ်လဲ မဟုတ်ဘူး၊ ဘိုငယ်ငယ်က မိဘကို ကြောက်ရွံ့ ရိုသေခဲ့ရတာနဲ့ တခြားစီပဲ၊ သားသမီးတွေ ငယ်စဉ်က တို့က မချစ်တတ်ခဲ့လို့ မဆုံးမတတ်ခဲ့လို့ ဖြစ်မှာပဲ"

"ကိုစိုးဝင်းကတော့ သမီးကျောင်း တက်တုန်းကတည်းက သဘောထည့်တဲ့ အိတ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် အလေး အပင်တွေထမ်းပြီး ပို့လိုက်ကြိုလိုက်လုပ် ခဲ့တဲ့သူမို့ သူ့သမီးကို အပြစ်မယူပါဘူး၊ သမီးကြီးမို့လဲ ချစ်တယ် အားလဲကိုး တယ်၊ သူ့သမီးပြောသမျှ အေးပါ အေး ပါနဲ့၊ ကျွန်မကတော့ သင်္ဘောအိမ်မှာ အိမ် ဖော်လိုလိုက်နေပြီး မျက်နှာငယ်ရတယ် ဆိုတဲ့စိတ်နဲ့ ထမင်းကို မစားနိုင်ဘူး၊ ရွာမှာ ကျူရှင်ပြန်ဖွင့်ပြီး ကိုယ့်လက် ကိုယ့်ခြေနေရတာကမှ စိတ်ချမ်းသာဦး မယ်"

ဒေါ်ဆင့်ဆင့်တို့ဇနီးမောင်နှံမှာ သားသမီးလေးဦး ထွန်းကား၍ သမီးကြီး လှသူဇာ ဆရာဝန်ဖြစ်ပြီး သားနှစ် ယောက် ဘွဲ့ရသည်အထိ ဒေါ်ဆင့်ဆင့် တို့ဇနီးမောင်နှံ နည်းမျိုးစုံဖြင့် ရှန်းကန် ရှာဖွေခဲ့ကြရသည်မှာ မငြိုယ်ကူပါ။

ဒေါ်ဆင့်ဆင့်သည် ခါးနာ ရောဂါရှိသော်လည်း နေအိမ်တွင် ည အိပ် ကျောင်းသားများကို သက်ခံ၍ စာသင် ပေးပါသည်။ ရွာနှင့်မနီး ကျူရှင်၊ ဘော်ဒါ အပြိုင်အဆိုင်တွေကများ၍ အိမ်စရိတ်၊ ကျောင်းစရိတ် မလောက်င နိုင်ပါ။ ဦးစိုးဝင်းမှာလည်း မြို့မှ ပိတ်စ၊ ဓာတ်ဘူး၊ ပန်းကန်ပြား၊ ပန်းကန်ပစ္စည်း





www.burmeseclassic.com

www.burmeseclassic.com

မျိုးစုံကို ဝယ်ယူ၍ အမြတ်အစွန်းနည်းနည်းပဲရရ ရွာစဉ်လှည့်ပြီး ရောင်းခဲ့ရပါသည်။ ငွေတွင်းနက်လှသောကျေးရွာတွင် မိဘလက်ငုတ် တောင်သူလယ်လုပ်၊ အစ်မကြီး ဒေါ်မြင့်မြင့်ထောက်ပံ့သည့် မီးစက်ဖြင့် ရွာကို လျှပ်စစ်မီးပေး၊ ရမ်းကု၊ အုတ်ဖုတ် အလုပ်မျိုးစုံပါသည်။

ဤသို့နည်းမျိုးစုံဖြင့် ကြိုးပမ်းရှာဖွေသည့်ကြားမှ မပြေလည်သည့်အခါ အစ်မများထံမှ အကူအညီတောင်းခံရပါသည်။ အစ်မများကို မပြောရဲသည့်အခါ ဖခင်နှင့်အစ်မများ ဆင်ပေးထားသည့် ကြိုး၊ နားတပ်၊ လက်စွပ်ကလေးများကို ငွေတိုးပေးသူထံမျက်နှာအောက်ချ၍ ပေါင်နှံရသည်။ အတိုးများ အလွန်တက်၍ ပြန်မရွေးနိုင်သည်ကို အစ်မကြီး ဒေါ်မြင့်မြင့်သိရှိလျှင် ကျသလောက်ရှင်းပြီး ပြန်ရွေးပေးသည်။ ဤအကြောင်းအရာများကို လှသူဇာ သိရှိသော်လည်း ပြန်လည်အောက်မေ့လိုမည် မထင်ပါ။

"ညီမတို့ ရွာပြန်လို့ကတော့ ဘယ်ဖြစ်မှာလဲကွယ်၊ လှသူဇာကို ငါမေးကြည့်ပါဦးမယ်၊ သူလဲဖြစ်ချင်တာတွေများပြီး စိတ်ဖိစီးမှုတွေများနေလို့ ပြောမိဆိုမိတာပါ၊ ခေါင်းထဲ ထည့်မနေနဲ့"

"သူ့ဆီကို မမ ဖုန်းဆက်ရင် ကျွန်မတိုင်လို့ဆိုပြီး စိတ်ဆိုးနေဦးမယ်၊ ကျွန်မ ရွာပြန်ချင်တယ်ဆိုတာပဲ သူ့ကို မပြောပါနဲ့၊ ကျွန်မလဲ စိတ်ညစ်လို့သာ ပြောတာ၊ သူတို့ကိုထားခဲ့ပြီး ပြန်နိုင်မှာ မဟုတ်ပါဘူး"

"သုံးလေးရက်လောက် ကြာမှ ဆက်မယ်လေ၊ ဒီအကြောင်းတွေမပြောဘဲ သွယ်ဝိုက်ပြီး ပြောရမှာပေါ့၊ လှသူဇာက အပြောဆိုးတယ်ဆိုတော့ တို့ဆရာကြီးတစ်ယောက် ဆုံးမဖူးတာကို သတိရမိတယ်၊ လူတွေဟာ လုပ်ဆောင်ချက်က မပီပြင်ပေမယ့် 'အပြောကောင်းရင် အကောင်းပြောတယ်' လို့ ထင်ကြတယ်တဲ့၊ လုပ်ဆောင်ချက်ကောင်းပေမယ့် အပြောမကောင်းရင် အဆိုးမြင်ခံရတတ်တယ်တဲ့၊ ဆရာကြီးရဲ့ ဆုံးမစကားလေးကို လှသူဇာကို လက်ဆင့်ကမ်းပေးရမှာပေါ့ကွယ်"

လှသူဇာသည် ပညာတတ်ဆရာဝန်မကြီးတစ်ဦး ဖြစ်သော်လည်း စိတ်ဖြင့်ပင် မပြစ်မှားအပ်သော အနန္တဂိုဏ်းဝင် မိဘများကို နှုတ်ဖြင့်ပြစ်မှားစော်ကားမိနေကြောင်း ပညာရှိ သတိဖြစ်ခဲ ဖြစ်နေဟန်ရှိပါသည်။

"မမ ဆုံးမလဲ သူက ဘုန်းကြီးတစ္ဆေကို ပရိတ်ရွတ်သလို ဖြစ်မှာပဲ၊ နောက်ပြီး သူ့ပင်ပန်းတာတွေ၊ စိတ်ဆင်းရဲရတာတွေပြောပြီး ငိုပြလို့ သူ့ကိုတောင် ပြန်သနားနေရမယ်၊ ပြီးတော့လဲ ဒုံရင်း ဒုံရင်းပဲ ဖြစ်မှာပါ"

ဒေါ်တင့်တင့် ကိုယ်တိုင်လည်း ပြောမည့်သာပြောရသည်။ အသိခေါက်ခက် အဝင်နက်သည့် တူမကြီးကို ပြောဆိုဆုံးမဖို့ မလွယ်မှန်း သိပါသည်။

"သူလဲ အစ်မကြီးအမိအရာဆိုသလို မိဘနေရာမှာ မိသားစုအတွက် လိုအပ်တာတွေအကုန်လုံး သူ့တာဝန်ဆိုတော့ ပင်ပန်းတာပေါ့ ညီမရယ်၊ အခုအငယ်မကို တက္ကသိုလ်မှာ ထားပေးတယ်၊ မိဘက ဘာမှ ပူစရာမလိုဘူး၊ ကိုယ့်သမီးအကြောင်း ကိုယ်သိနေတာပဲ၊ ပြောများဆိုများရှိရင်လဲ သည်းခံရတာပေါ့၊ ဆိုးတယ် လို့မြင်ရင် ကောင်းတာတွေနဲ့ချေလိုက ကိုလဲ စိတ်တိုတဲ့အခါ အောက်တတ်ပါ ကယ်"

"ကိုယ့်ဆင်းရဲပင်ပန်းသလို ကိုယ့်သားသမီးတွေ မဆင်းရဲစေချင်လို့ နေရာတကာခြိုးခြံ ချွေတာပြီး ပညာသင်ပေးခဲ့တယ်၊ ငါ့သင် ဆရာဝန်ဖြစ်ရင် ဆင်းရဲတွင်းက လွတ် မြို့ဆိုပြီး သမီးကြီးကို ပိုပြီးအားကိုးခဲ့ကြ ာယ်၊ ကိုစိုးဝင်းက သာရေး၊ နာရေး ားရင်ဝတ်ဖို့ တိုက်ပုံအကျႌလေး တစ်ထ ည်ရချင်တာတောင် တော့သမီးတောင် ားတဲ့ငွေတောင် မပြည့်သေးဘူးဆိုရ အေးပါကွာ၊ ငါက ဘာမှမဖြစ်ပါဘူး၊ ရန်ကုန်မှာနေတဲ့ ငါ့သမီးကြီးက ပိုအ ရေးကြီးပါတယ်လို့ ပြောရှာတယ်၊ မောင် တွေကလဲ လူငယ်ပီပီ ဝတ်ချင်စားချင်ကြပေမယ့် အစ်မကို ဦးစားပေးပြီး ဘာမှ မပူဆာကြရှာဘူး"

"ဒေ းပ ငါသိပါတယ်၊ ဒါပေမယ့် လှသူဇ က အဲဒီခက်ခဲပင်ပန်းခဲ့တဲ့အတိတ်တွေ ကို ခေါင်းထဲ ထည့်မှာ



www.burmeseclassic.com

ဘုတ်ဘူး၊ လောလောဆယ်ရန်ကုန်မှာ ဒုတန်းစေ့နေဖို့ပဲ စဉ်းစားမှာ၊ မိသားစု အတွက် ဘာတွေကုန်စရာရှိလဲ၊ ပိုက်ဆံ ဘယ်လိုရှာရမလဲ၊ ဒါပဲတွက်ချက်နေမှာ၊ ဘိုအပ်ချက်တွေ မပြည့်စုံမှာကိုပဲ သူက ဆွေးပူနေမှာလေ"

"ကျွန်မလဲ သူပင်ပန်းတာ သိပါ တယ် ဒါကြောင့် တစ်အိမ်သားလုံး ဘာ ဆို သူ့ကို ဦးစားပေးကြပါတယ်၊ အိမ် သာ ရေချိုးခန်းကတွဲရက်ဆိုတော့ အဲဒီ ကိစ္စကအစ သူပြီးမှ သုံးကြတာပါ"

"သူက မနက်ဆေးခန်းဖွင့်ပြီး အလုပ်ချိန်မီအောင် သွားရမှာဆိုတော့ သူ့ကို ဦးစားပေးရမှာပေါ့ကွယ်၊ သူ့ကို ကြည့်လိုက်ရင် အမြဲပျာယာပျာယာပဲ၊ သွက်သွက်စား၊ သွက်သွက်သွား၊ သွက် သွက်ပြော ရန်ကုန်စတိုင်လ်လား မသိ ဘူး"

ဒေါ်တင့်တင့်သည် ညီမငယ်၏ စကားချက်များကို နားလည်သော်လည်း စိတ်ပြေရာပြေကြောင်း ပြောရပါသည်။

"ဆရာဝန်လဲ ဆရာဝန်အလိုက်၊ တောင်သူလဲ တောင်သူ့အလိုက် ပင်ပန်း တာကတော့ ပင်ပန်းကြတာပေါ့ မမ ငယ် ဒါပေမယ့် ကျွန်မတို့ရွာမှာ တောင် သူလုပ်ပြီး ကလေးတွေ ကျောင်းထားမဲ့ အန်ကေ သူတို့တောင်းရင် မပေးနိုင်မှာ စိုးတာ၊ ပင်ပန်းတယ်လို့ မထင်ခဲ့ပါဘူး၊ ချင်တာရလို့ သားသမီးတွေ ပျော် သွားရင် ကိုယ်ပင်ပန်းတာတွေ အကုန် ပျောက်သွားတာပဲ၊ သူတို့ငယ်ငယ်က အစာမစားရင် ကိုယ်ကချော့မော့ပြီး ကျွေးခဲ့တယ်၊ သူတို့အလှည့်ကျတော့ ကိုပြီး ကျွေးသလိုပါပဲ မမရယ်"

ဒေါ်ဆင့်ဆင့်သည် စကားကို ဆက်မပြောနိုင်တော့ဘဲ ငိုနေပါတော့ သည်။

ဇာတိရွာမှ လှသူဇာ၏နေအိမ် ကို ရောက်ဖူးသူများ၏ ပြောကြားချက် အရ ဦးစိုးဝင်းသည် သမီးလှသူဇာ ဆေး ခန်းဖွင့်လျှင် အနားမှာအဆင်သင့်နေ၍ ထမင်းဟင်းနှိုးပေးခြင်း၊ လိုအပ်သောပစ္စည်း ကိရိယာများ ယူပေးခြင်း စသည်ဖြင့် ကူညီဆောင်ရွက်ပေးရပါသည်။ ညပိုင်း ဆေးခန်းပိတ်၍ လှသူဇာ ထမင်းစား တော့မည်ဆိုလျှင် ဦးစိုးဝင်းသည် မီးမီး ဆာလောင်နေသည်ကို အသာထား၊ လှသူဇာအတွက် သီးသန့်ပြင်ဆင်ထား သည့် ဟင်းရည်ကို ပူအောင်နွှေး၍ အောက်ထပ်မှ အပေါ်ထပ်သို့ ယူလာ ပေးပါသည်။ ဦးစိုးဝင်းသည် ခါးကုန်း သောကြောင့် ဟင်းရည်ပန်းကန်ကို မဖိတ်မစဉ်အောင် ဂရုတစိုက်ယူလာပြီး သမီး၏ ထမင်းစားပွဲပေါ် ချပေးနေပုံမှာ အရှင်သခင်ကို ပြုစုလုပ်ကျွေးနေသည် နှင့် တူလှပါသည်။ ဒေါ်ဆင့်ဆင့် ဝမ်း နည်းရသည်မှာ ဤအကြောင်းအရာ များလည်း ပါနိုင်ပါသည်။

ဒေါ်တင့်တင့်သည် ဒေါ်ဆင့် ဆင့်နှင့်လှသူဇာတို့၏ မိဘနှင့်သားသမီး ဆက်ဆံရေးကို ကြားသိရသောအခါ ငယ်စဉ်ကသင်ကြားခဲ့ရသည့် အမျိုးသား ပညာဝန်ဦးဖိုးကျား၏ "မင်းကတော်" ဝတ္ထုထဲမှ မြို့အုပ်ကတော် ဖြစ်သွားပြီး မိခင်ကို ရက်စက်စွာ ပစ်ပယ်နိုင်သည့် "ညွှန့်မေ" ကို သတိရမိပါသည်။ လှသူ ဇာသည် မာကျော၍ အပြောဆိုးသော် လည်း ကောင်းကွက်များရှိ၍ ဒေါ်ဆင့် ဆင့်အတွက် ဖြေသာပါသေးသည်။

"ဒါကတော့ မိဘနဲ့သားသမီး ဘယ်နိုင်းယှဉ်လို့ ရမှာလဲကွယ်၊ မိဘက သားသမီးဆယ်ယောက်ကို ကျွေးနိုင် တယ်၊ သားသမီးဆယ်ယောက်က မိဘ ကို မကျွေးနိုင်ဘူး၊ စုန်ရေသာရှိတယ်၊ ဆန်ရေမရှိဘူး ဆိုတာတွေဟာ လူကြီး သူမတွေက လက်တွေ့ခံစားချက်တွေနဲ့ ပြောခဲ့တဲ့စကားတွေပေါ့၊ သူလဲ မိခင် တစ်ယောက်ဖြစ်နေပြီပဲ၊ တဖြည်းဖြည်းနဲ့ မိဘနေရာကနေ ခံစားတတ်လာမှာပါ၊ မမလဲ လှသူဇာကို နားဝင်အောင် ဆုံးမ ပေးပါ့မယ်"

✤ ✤ ✤

ဒေါ်တင့်တင့်သည် ညီမငယ် ဒေါ်ဆင့်ဆင့်နှင့် အတော်ကြာပြောဆို ၍ ဖုန်းချပြီးသော်လည်း မိဘနှင့်သား သမီး ဆက်ဆံရေး အ တွေးမျှင်ကို ဖြတ် ၍ မရပါ။ လှသူဇာကို မလိမ္မာဟုပြော လျှင် မပြောနိုင်ပါ။

ကိုယ့်ခြေကိုယ် က် မရပ်တည် နိုင်သေးသော လူမမယ ကလေးဘဝက နာကျင်၍ဖြစ်စေ၊ ဆာ လောင်မွတ်သိပ် ၍ဖြစ်စေ၊လိုချင်တာမရ၍ဖြစ်စေ ငိုကြွေး ခဲ့လျှင် မိဘများသည် သားသမီးတို့၏ မျက်ရည်ကို ကြင်နာ ျာ သုတ်ပေးပြီး အလိုလိုက် အကြိုက် ဆောင် ဖြည့်စုံ အောင် စွမ်းဆောင် ေးခဲ့ကြပါသည်။ သို့သော် သားသမီးများ ကြီးပြင်းလာ၍ အိုမင်းမစွမ်းဖြစ်လာ သော မိဘများကို တုံ့ပြန်ကျွေးရှုးဆပ်ရမ ည့် အချိန်တွင် တာဝန်ကျေပွန်နိုင်ဖို့ ခ ံခဲ့ကြပေသည်။ မိဘသည် သားသမီးမျ း၏ မျက်ရည်ကို မတွေ့မမြင်လိုသော်လ ည်း မိဘများ၏ မျက်ရည်သည် သားသ မီးများအတွက် မထီမဲ့မြင် ပြက်ရယ်ပြုဖွ ယ် ဖြစ်သွားလေ ပြီလား။

မိဘမျက်ရည်က ာန်ဖိုးမထား တတ်သော သားသမီးမ ား မည်မျှရှိလေ မည်နည်း။

မိမိတို့ကိုယ်တ ိုင် ငယ်စဉ်က သိလျက်နှင့်ဖြစ်စေ၊ မသ ိလိုက်ဘဲဖြစ်စေ မိဘများကို မျက်ရည်က ျစေခဲ့ကြပါလိမ့် မည်။ ကုန်ဆုံးသွားသေ ာအချိန်များနှင့် အတူ သားသမီးများသ ည် တစ်ချိန်တွင် မိဘများဖြစ်လာကြပြီး ၎င်းတို့သည် အိုမင်းကြပြီဖြစ်သော (သို့) ကွယ်လွန် ခဲ့ကြပြီဖြစ်သော ၎င်းတို့၏ မိဘများ နည်းတူ ခံစားကြရပေဦးမည်လား။

ဤသည်ပင် လောက၏နိယာမ တရား တစ်ခုပေလား။

ဒေါ်တင့်တင့်ကတော့ နိယာမ တရားကို ဆန့်ကျင်သည် ်ဆိုဆို မိဘတို့ ၏ မေတ္တာရေစုန်အားကို ကုမမီသော် လည်း သားသမီးတို့က မိဘိုဖဘိုများ အပေါ် အကြင်နာရေဆန်အားလေး ကောင်းစေချင်မိပါသည်၊

❒ အပ်ကြင်း(ကသာ)





www.burmeseclassic.com

www.burmeseclassic.com



(၁)

မ ဠ ဓ ငႏ ၀ ဿ ၡ ၌ ၈ / ဆို

# စိမ့်မေတ္တာ စိမ့်သညာဖြင့်

## မောင်သာနိုး

(ရိုးကျိုန်း)

"စိမ့် အခု ဖြစ်ရပ်ဟာ အိပ်မက် မဟုတ်ပါဘူးနော်"

ကျွန်တော်၏ နှုတ်ဖျားမှ လှိုက်မော ရင်ခုန်စွာ ထွက်ပေါ်လာသော စကားကြောင့် ကျွန်တော်၏ ဇနီးဖြစ်သူ စိမ့်က အသံလွင်လွင်ကလေးဖြင့် ရယ်မောလျက်မှပင် ကျွန်တော့်အား . .

"အိပ်မက် မဟုတ်ပါဘူး အစ်ကို ရယ်၊ အစ်ကို့ရှေ့က မြင်ကွင်းတွေဟာ အမှန်ဖြစ်ရပ် တကယ်ဖြစ်နေတာတွေပါ အစ်ကို"

ကျွန်တော် ကြည်နူးဝမ်းသာမိပါ၏။ မိမိ၏ ဘဝတစ်သက်တာ၌ တစ်ကြိမ် တစ်ခါမက အိပ်မက်အဖြစ် တဝဲဝဲ တလည်လည်ဖြင့် မက်နေခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com

ဤတက္ကသိုလ်ပရဝဏ်ကြီးကို ယခုတော့ဖြင့် အမှန်တကယ် ရောက်ခဲ့ချေပြီ။

ငယ်ရွယ်စဉ် ကျောင်းသားဘဝကပင် နောင်တစ်ချိန် တက္ကသိုလ်ကြီးတွင် ဘွဲ့ဒီဂရီတစ်ခုခုကိုဖြင့် ရရချေမည်ဟု စိတ်ထဲတွင် ကြိမ်းဝါးဖူးပါသည်။ ထို့ပြင် တက္ကသိုလ်နှင့် ပတ်သက် ဆက်နွှယ်နေသည့် ရသဝတ္ထုကောင်းပါးများကို ဖတ်ရှု၍ အကြိမ်ကြိမ်အခါခါ စိတ်ကူးယဉ်ခဲ့ရသည်။

တက္ကသိုလ် ...းနိုင်၊ တက္ကသိုလ် ခင်မောင်အေး၊ ...သိုလ် ...န်ဝင်း အောင်တို့ ရေး... သော စာပေ၊ ကဗျာ၊ ရသများ... ...က္ကသို...် နယ်မြေနှင့် ပတ်သက်... ...ဖွဲ့ခဲ့ကြ သည်။ သီကုံးခဲ့ကြသည်။

ထိုစဉ်ကပ... ...ဖွဲ့၍ ...မီနိုင်ပါလေသော ချစ်ဝေ... ...တက္ကသို...် ပရဝဏ်သို့ ယခု အ... ...တကယ်ဒေါ်မက်ဆန်စွာ ရောက်ရှိ... ...င်းကိုက ကျွန်တော့်အဖို့ မယုံကြ... ...စရာ ...မ်းသာအံ့သြခြင်း များစွာ...

ကျွန်တော်... ...အနီးသည်၊ စိမ့်၊ နောက်ပြီး ကျွန်ုပ်... ချစ်မြင်းသည့် ဘွဲ့ယူတော့မည့် ...ဦးတည်းသော သမီးလေး နှင်းသူ... ...ဆလွ...းကားလေးပေါ်မှ ဆင်းလ... ...နောက် ဘွဲ့နှင်း





www.burmeseclassic.com

www.burmeseclassic.com

သဘင် ပတ်ဝန်းကျင်ကို ကျွန်တော် လှည့်ပတ်ကြည့်ရှုနေမိသည်။

"ဪ ဥယျာဉ်မှူးတို့ စုစည်းရာ အနာဂတ် ရောင်စုံပန်းလေးများ ပွင့်လန်းရာ ဘူမိနက်သန်နေရာဌာနကြီး တစ်ခုပါလား"

ဘွဲ့နှင်းသဘင်ကျင်းပရာ ညို့ညို့မှိုင်းမှိုင်း အရောင်အဆင်းရှိသည့် ကွန်ပိုကေးရှင်းကြီးကို တအံ့တဩငေးမောကြည့်လျက် တွေးတောစဉ်းစားနေမိသည်။ ဘွဲ့နှင်းသဘင်ရှေ့ စိမ်းလန်းသော မြက်ခင်းပြင်၌ ဟိုမှ ဒီမှဆိုသလို တက်ကြွရွှင်လန်းစွာ သွားလာနေကြသော ဘွဲ့ဝတ်စုံကိုယ်စီဖြင့် ရောင်စုံသည့် ပန်းကလေးများ။

ထိုလန်းဆန်းသည့် ပန်းလေးများကြားမှ လှပသော ပန်းလေးတစ်ပွင့်ဖြစ်သည့် ကျွန်တော်၏ ရင်နှစ်သည်းခြာ သမီးငယ်သည် သူမ၏ ဘွဲ့ယူသူငယ်ချင်းများနှင့် ပြုံးရွှင်ရယ်မောလျက် ရှိနေပေသည်။

တစ်ချိန်က ကျွန်တော် အိပ်မက်မက်ခဲ့သော ဒီနေရာဒေသကို ကျွန်တော်ကိုယ်တိုင် ဘွဲ့ယူရန် ရောက်ရှိ ခဲ့ခြင်းမဟုတ်သော်လည်း ကျွန်တော်၏ သမီးငယ်အတွက် ဖခင်တစ်ယောက်၏ ဂုဏ်ယူခြင်းဖြင့် ရောက်ရှိခဲ့ခြင်းသာ ဖြစ်ပေသည်။ ကျွန်တော် ကျေနပ်ပါ၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါ၏။

ထိုစဉ် စိမ်းစိမ်းစိုစို ဝေဝေဆာဆာရှိလှသည့် ကုံကော်ပင်တောဘက်ဆီမှ ငှေဦးဂီတသံပမာ လွမ်းတေးသီဖွဲ့နေသည့် ဥဩငှက်၏ တွန်ကျူးသံကို အမှတ်မထင် ကြားရတော့ ကျွန်တော် မနေနိုင်ပါ။

ကုံကော်ပင် တောဘက်ဆီသို့ လှမ်းမျှော်ကြည့်လျက် တုတ်ကောက်ကလေးကို အားပြုရင်း လျှောက်လာမိသည်။ ကျွန်တော်၏ ဘေးတွင် ယှဉ်တွဲလိုက်ပါလာသော ဇနီးသည် စိမ့်မှ ပြုံးရွှင် ပီတိဖြစ်သော မျက်နှာလေးဖြင့် ကျွန်တော့်အား လှည့်ကြည့်ပြီး. . .

"ဘာလဲ အစ်ကို၊ ရောက်တုန်းရောက်ခိုက် တက္ကသိုလ်အိပ်မက်တွေများ မက်နေဦးမလားဟင်"

ဇနီးသည် စိမ့်၏ မည်သို့မျှ မရည်ရွယ်သော ကျီစယ်စကားလေးများကြောင့် ကျွန်တော်၏ စိတ်ထဲ၌ ထင့်သွားရပြီး. . .

"စိမ့်အတွက်တော့ ဒီပတ်ဝန်းကျင်ဟာ အဆန်းမဟုတ်ပေမယ့် ကိုယ့်အတွက်တော့ ကံကြမ္မာ အချိုးအကွေ့တွေကြောင့် မလျှောက်လှမ်းခဲ့ရတဲ့ အိပ်မက်တွေပဲလေ"

အမှတ်မထင် ထွက်သွားသော ကျွန်တော်၏ နှုတ်ထွက်စကားကြောင့် စိမ့်အတွက် ဘယ်လိုသို့ရှိမည်ကို သိလိုသဖြင့် ချစ်စရာကောင်းသည့် စိမ့်ဘက်သို့ လှည့်ကြည့်လိုက်တော့ စိမ့်မှာ မျက်နှာလေး ညှိုးငယ်သွားသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်က ကမန်းကတန်းပင် စိမ့်ကို ချော့မော့ကာ ဖြေသိမ့်လိုက်ရသည်။

"ဒါတွေကလဲ စိမ့်ရယ်၊ အစ်ကို စိတ်ကူးယဉ်လွန်းပြီး ကဗျာဆန်မိတာ ဖြစ်မှာပါ"ဟု နှစ်သိမ့်လိုက်ရသည်။

သဘောဖြူစင်လှသော စိမ့် ပြုံးရွှင်လာမှပင် ကျွန်တော်လည်း သက်ပြင်းချနိုင်တော့သည်။

ကျွန်တော့်မှာ ရောက်တုန်းရောက်ခိုက် ငြိမ်သက်စွာ မနေနိုင်ခဲ့။ တစ်ပင်တည်း ငြိမ်သက်စွာရှိနေသည့် သစ်ပုတ်ပင်ကြီးရှိရာသို့ သွားရောက်ပြီး ကြင်နာစွာ မော့ကြည့်မိပါသည်။

ပညာဝတ်ရည်ကို အဖန်ဖန် အထပ်ထပ် ပျားပန်းခပ်မျှ လူးလာခေါက်တုံ့စုပ်ယူခဲ့ကြသည့် မျိုးဆက်သစ် ဘွဲ့ယူ ကျောင်းသူကျောင်းသားများကို တည်ငြိမ်စွာငုံ့ကြည့်နေသယောင်။ ဖတ်ဖူး မှတ်ဖူးသော စာအုပ်များထဲတွင် ကွန်ပိုကေးရှင်း၊ ကုံကော်တော၊ သစ်ပုတ်ပင်၊ ဂျပ်ဆင်၊ ရေတမာလမ်း၊ ပုဂံလမ်း၊ ချစ်သူလမ်းနှင့် အင်းလျားကန်တို့သည် တက္ကသိုလ် ပရဝုဏ်တွင် မရှိမဖြစ်သော အင်္ဂါရပ်များဟု ဆိုရပေသည်။

ကျွန်တော ရောက်ရှိနေသော နေရာသည် တက္ကသိုလ် ပရဝုဏ်တွင်း၌ ဖြစ်ပြီး တစ်ကြိမ်တခါမက ကြိမ်ဖန်ထပ်စွာ မက်ခဲ့သော အိပ်မက်များထဲတွင် ရောက်ရှိခဲ့သော နေရာများပင် ဖြစ်တော့သည်။

(၂)

ငယ်ရွယ်စဉ် ကျောင်းသားဘဝ ကျွန်တော်သည် တစ်ချိန်သောကာလ ဆယ်တန်းအောင်ခဲ့ပါလျှင် ဤတက္ကသိုလ်မြကျွန်းသာတွင် တက္ကသိုလ်ပညာ နို့ရည်သောက်လျက် ဘွဲ့ဒီဂရီရရှိအောင် ကြိုးစားမည်။ ဘွဲ့ကို ရအောင်ယူမည်ဟု သန္နိဋ္ဌာန်ကို အခိုင်အမာချခဲ့ပါသည်။

သို့သော် ကျွန်တော့်ရဲ့ ဘဝအခြေအနေက ဖြောင့်တန်းခြင်း မရှိခဲ့။ ကံဇာတ်ဆရာ၏ ညွှန်ကြားမှုက ရင်နာဖွယ်ဖြစ်ခဲ့ရသည်။

ကြည်နူးဖွယ်၊ လွမ်းမောဖွယ်တို့ ရောပြွမ်းနေသော သည်ဝန်းကျင်၊ သည် ပရဝုဏ်တွင် အေးချက် ပြည့်ဝစွာ နေကြည့်ချင်ပါသည်။ တက္ကသိုလ်ပညာများကိုလည်း ကမ်းကုန်အောင် သင်ယူလိုပါသည်။

တက္ကသိုလ်ပညာများသည် ကျွန်တော် အထက်တန်းကျောင်းသားဘဝမှပင် အလိုချင်ဆုံးနှင့် အလွန်ပင်ယူလိုသော ဆန္ဒများနှင့် စိတ်အဟုတ်တကြခဲ့ရသည်။

တကယ်လက်တွေ့တွင်မူ တက်ကြွသော စိတ်ဆန္ဒများသည် မိမိ တကယ့်ဘဝနှင့် တစ်ထပ်တည်းမကျခြင်းသည် မိမိ၏ ကံကြမ္မာကိုပင် ရိုးမယ်ဖွဲ့ရမည်ကဲ့သို့ပင်။

ခရေငုံးဖူးတို့ဖြင့် ရှုပ်ထွေးလှသော ကျွန်တော်၏ ဘဝလမ်းမဖြောင့်ဖြူးမှုကို ယခုအခါကျွန်တော် နံဘေး၌ သက်ဆိုးသည့်ကိုင် ယှဉ် နေသည့် ချစ်ဇနီးသည် စိမ့်သည် အစ





www.burmeseclassic.com

www.burmeseclassic.com

အဆုံးအထိတိုင် သိရှိခဲ့သည် မဟုတ်ပါသား။

စိမ့်ဆိုသော သူမသည် ငယ်ရွယ်စဉ်တပင် သံယောဇဉ်တွယ်တာခဲ့ကြသည့် ငယ်ချစ်ဦး ဖြစ်သည်ဆိုပါက မှန်ကန်ပါသည်။ စိတ်သဘောထားဖြူစင်ရိုးသား၍ မိမိအပေါ် သနားကြင်နာနိုင်လွန်းသော သူမသည် ချည့်နဲ့ငိမ်းယိုင်လျက် လျှောက်နေရသည့် ကျွန်တော့်ဘဝလမ်းတွင် ရေချမ်းစင်လေးအဖြစ် အစဉ်ဆောင်ရွက်ခဲ့သည်သာ။

သို့အတွက်လည်း အေးချမ်းဖွယ်ဒီပရဝဏ်အတွင်းမှာပင် အတိတ်ကမ္ဘာကို ဆွေးမြည့်စွာနဲ့ စဉ်းစားမိလိုက်ပြန်တော့။ ကြာတော့လည်း ကြာခဲ့ပါပြီ။

(၃)

“လူလေး မင်းက အမေမွေးတဲ့ သားသမီး သုံးယောက်ထဲမှာ အကြီးဆုံးသားဆိုတော့ အိမ်တွင်း အခြေအနေအချို့ကို သိထားသင့်တယ်လို့ အမေထင်တယ် သား။

မင်းရဲ့အငယ်ဆုံးညီလေး ကျန်းမာရေး ချို့တဲ့လို့ ဒီမြို့ဆေးရုံက တစ်ဆင့် တိုင်းဆေးရုံကိုသွားပြီး ကုသရတယ်ဆိုတာ သားသိတယ်နော်၊ အဲဒီမှာ အမေတို့ စုဆောင်းထားတဲ့ ငွေကြေးလေး ကုန်ရုံတင်မကဘဲ တခြားကနေ ချေးငှားရတယ်ဆိုတာ သား ရိပ်မိလောက်ပါတယ်၊ အခု ငွေတွေကို ပြန်ဆပ်ရတော့မယ်၊ တချို့ အတိုးနည်းနည်းနဲ့ ရသလို တချို့ကလဲ လုပ်ဖော်ကိုင်ဖက်တွေဆိုတော့ အတိုးမယူကြပါဘူး”

အမေသည် ပြောလက်စ စကားကို ခေတ္တရပ်နားလိုက်ပြီး ကျွန်တော့်အား လှမ်းကြည့်၍ စကားကို လေးတွဲ့စွာ ဆက်၍ပြောသည်။ ယခုတစ်ကြိမ် အမေ မျက်နှာမကောင်း။ မျက်ရည် စွေသီနေသကဲ့သို့ပင်။

“အမေတို့ အဖေတို့ရဲ့ စီးပွားရေး အခြေအနေအရ သားကျောင်းထွက်ပြီး အမေ၊ အဖေတို့နဲ့ ဒိုးတူပေါင်ဖက် အလုပ်လုပ်ရလိမ့်မယ် သား”

ကျွန်တော့်ရင်ထဲ ဒိုင်းခနဲ မြည်ဟည်းသွားရသည်။ ကျွန်တော့် ပါးစပ်မှလည်း . . .

“အမေ ကျွန်တော့်ကို ကျောင်းထွက်ရမယ်လို့ ပြောတာလား အမေ”

“ဒီစကားကို အမေ သားကို မပြောရက်ဘူးသား၊ အဖေတို့ အမေတို့လဲ အသက်က ကြီးလာ၊ ကျန်းမာရေးကမကောင်းဆိုတော့ အဖေတို့ အမေတို့ မျက်စိမှိတ်ပြီး ပြောလိုက်ရတာပါ သားရယ်၊ နောက်ပြီး သားရဲ့ အောက်မှာ ညီမလေးနဲ့ ညီလေးနှစ်ယောက် ရှိနေသေးတော့ ဒီနှစ် သား ဆယ်တန်းစာမေးပွဲ ဖြေပြီးသားဆိုတော့ ဒီတစ်နှစ် ကြိုးစားကြည့်ဦးပေါ့ သားရယ်”

ကျွန်တော် နားလည်လိုက်ရပါချေပြီ။ မိသားစု စီးပွားရေး မပြေလည်ခြင်းနှင့် ကြွေးမြီတင်ခြင်း ကိစ္စတို့ကို အဖေ အမေတို့အား အပြစ်မတင်ရက်ပေ။ ဖြစ်ခဲ့သည့် ကိစ္စအထွေထွေကိုလည်း ကျွန်တော် မြင်တွေ့ခဲ့ပြီးပဲ။

ကျွန်တော့်အနာဂတ်ခရီးသည် ပျောက်ကွယ်တော့မည့်အလားအလာများကို တွေ့ရသည်။ ဒီနှစ် ဆယ်တန်းကို အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ ကျွန်တော် ကျောင်းထွက်ရပေတော့မည်။

ကျွန်တော့်အဖေသည် အရာရှိမဟုတ်သော အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည်။ ပုံသေလစာနှုန်းနှင့် ပုံမှန်မြိုးခြံ စားသောက်ရသည့်ဘဝများသာဖြစ်သည်။

ကျွန်တော့်အောက်၌ ကျောင်းနေသော ညီမလေးနှင့် ညီငယ် ရှိလေတော့ အနစ်နာခံစရာ ရှိပါက ကျွန်တော်သာ အနစ်နာခံရပေတော့မည်။

ပထမပုံမှန် နေထိုင်စားသောက်နိုင်သော်လည်း ညီငယ်၏ ပြင်းထန်သော ဝေဒနာတစ်ရပ်ကြောင့် ငွေစကြေးစ ကုန်ခန်းရသည်ကို သိရှိထားခဲ့လေတော့ ကျွန်တော် ဖြေသာပါသည်။

ကျွန်တော်တို့ မိသားစု အကျပ်အတည်း အခက်အခဲများ ဖြစ်လာခဲ့သည့်အတွက် ကျွန်တော့်အဖို့ ကျောင်းသားအရွယ်ကပင် စိတ်ညစ်စရာတွေ တစ်ပွေ့တစ်ပိုက်ဖြင့် စိတ်အားငယ်စရာ ကြုံခဲ့ရသည်။

“အင်း ငါ့ဘဝ ရည်မှန်းချက်တွေ မရေမရာနဲ့ပါလား၊ ဒီလို စိတ်ညစ်ညူးစရာတွေနဲ့ ဒီစာမေးပွဲကို ဖြေနိုင်ပါတော့မလား၊ ဘယ်လိုဖြစ်ဖြစ် ဒီနှစ်က ပညာရေးနဲ့ ပတ်သက်ပြီး နောက်ဆုံးအချိန်ဖြစ်နေပြီ၊ ကြိုးစားပြီးတော့ ဖြေရမှာပဲ၊ စာကျက်ရက်သားနဲ့ မအောင်ရင်တော့ ငါ့ဘဝ ငါ့ကုသိုလ်ပေါ့”

မိသားစု အခြေအနေဖြစ်ရပ်ကို သုံးသပ်မိသော ကျွန်တော်၏ ညည်းညူစွာချမိသော သက်ပြင်းရှည်များသည် ရင်မောဖွယ် ဂီတသံရှည်သဖွယ် ဖြစ်နေတော့သည်။

ကျွန်တော်၏ ဖခင်ဖြစ်သူ ဦးစိန်ဝင်းမှာ အောက်တန်းစာရေးအဖြစ် ဌာနတစ်ခုတွင် အလုပ်လုပ်ရသည်။ ထိုလစာဖြင့် မိသားစု စားဝတ်နေရေးအတွက် မလုံမလောက်ခဲ့။ ထို့ကြောင့် အဖေ၏ သူငယ်ချင်းပွဲရုံပိုင်ရှင်၏ အကူအညီဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ညစောင့်အလုပ်ကိုပါ လုပ်ရပါ၏။

ကာလကြာလာသော် ကျွန်တော့်အဖေဖြစ်သူ နေ့အလုပ် ညအလုပ်များဖြင့် ပင်ပန်းမှုဒဏ် မခံနိုင်တော့ချေ။ အဖေ့ကိုယ်စား ကျွန်တော်သာလျှင် ညစောင့်လုပ်ငန်းကို သွားရောက်လုပ်ကိုင်ပေးရတော့သည်။

ပွဲရုံအတွင်း ဂုန်လျှော်နံ့များကို လှည့်ပတ်စောင့်ကြပ်လျက် တစ်ဖက်မှ ကျောင်းစာများကို ကျက်မှတ်ရတော့သည်။ တခြားကျောင်းသားများကဲ့သို့ ကျူရှင်ကို တက်ရောက်နိုင်ခြင်း မရှိတော့။

www.burmeseclassic.com

အမှန်တကယ်တော့ ကျွန်တော်တို့ မောင်နှမများနှင့် အနီးကပ်ဆုံး အထိတွေ့ အများဆုံးမှာ အမေပင်ဖြစ်သည်။ အမေ ဒေါ်ရင်မေသည် အိမ်ထောင်ကို စည်းကမ်းတကျ ထိန်းသိမ်းနိုင်စွမ်းသော အိမ်ရှင်မကောင်း တစ်ဦးဖြစ်သည့် အားလျော်စွာ အဖေရှာဖွေရရှိသည့် လစာငွေလေးဖြင့် ချွေတာစားသောက်နိုင်ခဲ့သေးသည်။

သို့သော် ညီငယ်လေး၏ ကျန်းမာရေးအခြေအနေကြောင့်လည်းကောင်း၊ မြင့်မားလာသည့် ကုန်ဈေးနှုန်းများကြောင့် အဖေနှင့် အမေအား လက်မှိုင်ချစေခဲ့တော့သည်။ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးကိစ္စများအပြင် အခြားသော ဘာဟီရ ကုန်ကျမှုများကြောင့် ကြံရာမရဖြစ်ခဲ့သည်က အဖေပင်။ နောက်ပိုင်း အဖေ အရက်သောက်လာတော့သည်။

အရက်သောက်ခြင်းနှင့် ပတ်သက်၍ အဖေ့ကို အမေ ဘယ်တော့မှ အားမပေးခဲ့။ အရက်သောက်လာသော အဖေနှင့် အရက်ကို မုန်းတီးသော အမေတို့ စီးပွားရေး ကျပ်တည်းမှုကို အကြောင်းပြု၍ နေ့စဉ် ရန်ဖြစ်တော့သည်။

ထိုကဲ့သို့ အဖေနှင့် အမေ ရန်ဖြစ်တိုင်း ကြားမှ အရိုက်ခံ အထိုးခံရသည်က ကျွန်တော်သာပင်။ ထို့ကြောင့် အဖေ ညနေအလုပ်က ပြန်ရင် အရက်မသောက်လာပါစေနဲ့ဟုအမြဲဆုတောင်းနေမိတော့သည်။

ထိုသို့ ရန်ဖြစ်လေတိုင်း ကျွန်တော်အရိုက်ခံရလေတိုင်း တစ်ဖက်ခြံရှိ ဆင်ဝင်အိမ်ကြီး၏ ဝရန်တာမှ စိမ့် ဆိုသည့် မိန်းကလေးသည် စာကျက်နေရင်း ကျွန်တော်တို့အား သနားကြင်နာစွာ လှည့်ကြည့်တတ်သည်။

စိမ့်သည် ကျွန်တော်နှင့် အတန်းတူ ဖြစ်၍ စာတော်သော မိန်းကလေးဖြစ်သည်။ သူမသည် စာကို အလွန်ကြိုးစားပြီး ထူးချွန်သောသူ ဖြစ်သည်။ သူမသည် ချမ်းသာပြေလည်သော မိဘများမှ မွေးဖွားသော တစ်ဦးတည်းသော သမီးလေး ဖြစ်သည်။

သူမ၏ စာကျက်သံကို နေ့စဉ် ကြားရမြဲဖြစ်သည်။ သူမ၏ စာကျက်သံများက ကျွန်တော့်အား စာကြိုးစားရန် တွန်းအားပေးသကဲ့သို့ပင်။

ထိုမိန်းကလေးသည် နောင်သောအခါတွင် ကျွန်တော်၏ နံဘေး၌ တစ်သက်တာ ထာဝရလက်တွဲဖော် အဖြစ် ရပ်တည်နေမည့် မေတ္တာရှင်မလေး စိမ့်ပင် ဖြစ်တော့သည်။

(၄)

"ကို ဟိုနားက အုတ်ခုံမှာ ခဏ ထိုင်ရအောင်နော်၊ တော်တော်ကြာ အစ်ကို့သမီးက ဓာတ်ပုံရိုက်ဖို့ လှမ်းခေါ်ဦးမှာ"

ဇနီးသည် စိမ့်၏ စကားကြောင့် ကျွန်တော်သည် အတိတ်မှ ရုန်းထလာခဲ့သည်။ ကျွန်တော့်အတွက် တက္ကသိုလ် မရောက်ခဲ့ရခြင်း၏ ဘာသာရပ် တချို့တစ်ဝက်ကို စိတ်ထဲ၌ ဖတ်ရှုနေမိခြင်းသာ ဖြစ်သည်။

ထို့ကြောင့် အိပ်မက်မှ လန့်နိုးရသည့်ပမာဖြစ်ရပြီး စိမ့်ကိုလည်း ပြုံးပြလိုက်ကာ . . .

"တက္ကသိုလ် မတက်ခဲ့ရတဲ့ ကိုယ့်ဘဝအကြောင်း ပြန်တွေးနေမိတယ် စိမ့်ရယ်၊ ကိုယ်လဲ အသက်ကြီးလာပါပြီ၊ ကိုယ် အိပ်မက် မမက်ချင်တော့ပါဘူးကွာ၊ အခုအခြေအနေကို ကိုယ်ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ကိုယ်စား သမီးလေးက ဒီတက္ကသိုလ်ကြီးမှာပဲ ဘွဲ့တွေရအောင် ယူခဲ့ပြီပဲ မဟုတ်လား"

သဘောဖြူစင်လှသော စိမ့်က ဖြူဖွေးသော သွားလေးများပေါ်အောင် ပြုံးလျက် နှစ်သိမ့်သောလေသံဖြင့် . .

"ဟုတ်ပါတယ်အစ်ကို၊ သမီးက သိပ်တော် သိပ်ထက်မြက်တယ်၊ အခုလဲ ဂုဏ်ထူးတန်းကို ဝင်ခဲ့ပြန်ပြီ"

"ဟုတ်တယ်စိမ့်၊ သမီးရဲ့ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ပါရဂူဘွဲ့ရအောင် ဆက်ထားမယ် စိမ့်"

"သိပ်ကောင်းပါတယ် အစ်ကို"

ဒီရက်မှာတော့ ပျော်စရာတွေ၊ ကြည်နူးစရာတွေ အပြည့်နှင့် သမီးအတွက် ဂုဏ်ယူခဲ့ရသည်။ ဘွဲ့နှင်းသဘင် (ကွန်ဗိုကေးရှင်း)ရှေ့၌ ရောင်စုံယှက်သန်းတဲ့ ပန်းကလေးတွေ၊ ဘွဲ့ဝတ်စုံကလေးများဖြင့် ဘွဲ့လက်မှတ်ကလေးများကိုယ်စီဖြင့် ဂုဏ်ယူဝင့်ကြွားသော အပြုံးကလေးများ ထပ်ဆင့်၍ နူးနူးညံ့ညံ့။

နှလုံးသား နူးညံ့လှသော အပြုံးပိုင်ရှင် စိမ့် ကျွန်တော်၏ လက်မောင်းတစ်ဖက်အား နူးညံ့သော လက်ကလေးများဖြင့် ကိုင်တွယ်လာသော စိမ့်။ ကြင်နာတတ်သော မေတ္တာ ထားနိုင်သော ချစ်ရည်ဝင်းလဲ့သော မျက်ဝန်းများက ဟိုယခင်အတိုင်းပါပဲ။ သစ္စာတည်လွန်းသော စိမ့်ကို ငေးကြည့်မိလျက် တွေးနေမိပါသည်။

"စိမ့်ရဲ့ ကြည်နာတတ် စာနာတတ်တဲ့ ချစ်ခြင်း မေတ္တာဟာ ကိုယ့်ဘဝအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့တာ အခုတင် မဟုတ်ပါဘူးလေ၊ ဟိုးကျောင်းနေစဉ် ဘဝကတည်းကပါ"

ကျွန်တော်၏ နှလုံးသားထဲ၌ "ကျေးဇူးတင်ပါတယ် စိမ့်ရယ်" ဆိုသော ကျေးဇူးစကားများက ချစ်တတ်သော စိမ့်အတွက် ပုံဘင်ထပ်စေခဲ့သည်ကား ကေန်ပင်။ ထိုစဉ်အခါက. . .

(၅)

"ကိုမင်းသက်ခိုင်၊ ဒီနှစ်ဆယ်တန်းအောင်ဖို့ ကြိုးစားပါရှင်၊ ကျွန်မလဲ နှစ်ချင်းပေါက်အောင်မြင်ဖို့ စာကျက်နေရတယ်၊ အမှန်တကယ်စမ်းစစ်ကြည့်ရင် ကိုမင်းသက်ခိုင်တို့ အိမ်မှာက ကိုမင်းသက်ခိုင်သာ အဓိက အားထားရမယ့် မဏ္ဍိုင်ဆိုလဲ မမှားပါဘူး၊ ဒါ စိမ့် သိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းသက်ခိုင်ရဲ့ စိတ်နေ စိတ်ထားအပြုအမူ ဆောင်ရွက်ချက်တွေကို ကျွန်မ လေးစားပါတယ်၊ အခုအချိန်မှာတော့ ကိုမင်းသက်ခိုင် စာကို အဓိက ထားပြီး ကြိုးစားပါရှင်"

အံ့သြဖွယ်ရာ ကရုဏာနှင့် တိုက်တွန်းချက်တွေက စိမ့်၏ နှုတ်ဖျားမှ ထွက်ပေါ်လာတော့ ကျွန်တော် အထူး အံ့သြခဲ့ရသည်။ ကျေနပ်သွားရသည်။ လှပသော စိမ့်၏ မျက်နှာဝိုင်းလေးကို ငေးကြည့်နေမိရင်းမှ . . .

"မမျှော်လင့်ဘဲ စိမ့်ဆီက အားပေးတဲ့ စကား ကြားရတာ ကျွန်တော် အထူးပဲ ဝမ်းသာပါတယ်၊ ကျေးဇူးလဲ အထူးတင်မိပါတယ်၊ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားမှာပါ၊ ကိုယ် ကြိုးစားမှာပါ"

ထိုစဉ်ကတည်းကပင် စိမ့်၏ အကြင်နာ, မျက်ဝန်းကလေးများမှ အဓိပ္ပာယ်ဖော်ပြနိုင်စွမ်းမရှိသည့် အခြင်းအရာကို ကျွန်တော်သည် ရင်ခုန်လှိုက်မောစွာ တွေ့ရှိခဲ့ရသည်။ ထိုအခြင်းအရာကို မသိစိတ်က သိလိုသော်လည်း သိစိတ်ကမူ မျိုသိပ်ထားနိုင်ခဲ့သည်။

မသိသကဲ့သို့ အမှတ်တမဲ့နေလိုက်ခြင်းသည်က စိမ့်အတွက်သာမက ကျွန်တော့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ထင်ခဲ့ ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။

ပုရစ်ဖူးသစ်နုသည့် အရွယ်တွင် လန်းဆန်းသစ်လွင် လှပလျက်။ ကျွန်တော်နှင့် စိမ့် ကျောင်းသွားကျောင်းပြန် အတူတူ၊ ဘယ်သွားသွား ဘယ်လာလာ မခွဲမခွာ။ သို့သော်မက စာအတူတူ ကျက်ကြသည်။ သင်္ချာအတူတူ တွက်ကြသည်။ သင်ခန်းစာများကို အပြန်အလှန် ဆွေးနွေးဖြစ်ကြသည်။ ကျယ်ပြန့်သော ပြာလဲ့ရောင်သန်းသည့် မိုးကောင်းကင်ကို မော့ကြည့်ရင်း ကျွန်တော်က အားတက်သရောဖြင့် . . .

"စိမ့် ကိုယ်လေ တက္ကသိုလ်နယ်မြေကို ခြေချချင်တယ်၊ တက္ကသိုလ်မှာ ပညာရည်နို့စို့သောက်ရင်း ဘွဲ့တွေ အထပ်ထပ် လိုချင်တယ်၊ နောက်ပြီး တက္ကသိုလ်မှာပဲ ဆရာလုပ်ချင်တယ်"

တက်ကြွစွာပြောနေသော ကျွန်တော့်ကို စိမ့်က ကြည်နူးစွာ ပြုံးရွှင်လျက် လှိုက်လှိုက်လှဲလှဲ အားပေးပါသည်။

"ဖြစ်ရမှာပေါ့ ကိုမင်းသက်ခိုင်ရယ်၊ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပါပဲ၊ ဒီအတိုင်းဆိုရင် ကိုမင်းသက်ခိုင် ဖြစ်ချင်တာတွေ ဖြစ်နိုင်ပါလိမ့်မယ်လို့ စိမ့် ရဲရဲကြီး ပြောရဲတယ်"

စိမ့်၏ တက်ကြွလန်းဆန်းသော အားပေးမှုကြောင့် ကျွန်တော် စိတ်တက်ကြွခဲ့ရသည်။ တကယ်တော့လည်း ထိုစိတ်ဓာတ်တက်ကြွမှုသည် တခဏသာ ဖြစ်ခဲ့ရသည်။

BURMESE CLASSIC

ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် အဖေ၏ မူးယစ်သော စကားသံများ၊ အမေ၏ ပြန်လှန်အော်ဟစ်သံတို့က အိမ်ထောင်စု စီးပွားရေး မပြေလည်မှု ပြဿနာများပင်။ မိဘနှစ်ပါး၏ ရုန်းကန်လှုပ်ရှားမှု၊ အဆင်မပြေမှုတို့ကို ကျွန်တော်တို့ သားသမီးများ နားလည်ပေးပါ၏။

မိဘများ အဆင်မပြေစိတ်ဆင်းရဲမှုများသည် ကျွန်တော်တို့အတွက် စိတ်ချမ်းသာစရာ အကြောင်းမရှိပါချေ။

ဤသို့ဖြင့် ထိုနှစ် ဆယ်တန်းစာမေးပွဲကို စိမ့်တစ်ယောက်သာ ဂုဏ်ထူး (၃)ဘာသာဖြင့် အောင်မြင်ခဲ့ပြီး ကျွန်တော့်မှာ(ခ)အဆင့်ဖြင့် ဟိုမရောက် ဒီမရောက် အောင်မြင်ခဲ့ပါသည်။

စိမ့်မှာ ထူးချွန်စွာအောင်မြင်ခဲ့၍ ကျွန်တော် အတိုင်းမသိ ဝမ်းသာခဲ့ရသည်။ တစ်ဖက်တွင်လည်း ဆယ်တန်းကို (က)ဖြင့် မအောင်ခဲ့၍ တက္ကသိုလ်သို့ ဆက်မတက်နိုင်သည့်အပြင် အိမ်၏ စီးပွားရေးအခြေအနေကြောင့် ဘဝလမ်းကြောင်း ပြောင်းလဲခဲ့ရသည်ကို ဝမ်းနည်းကြေကွဲခဲ့ရသည်။

မည်သို့ဖြစ်စေ စိမ့်အတွက် ဂုဏ်ယူ ဝမ်းသာခဲ့ရသည်က အသေအချာပင်။ စိမ့်သည်လည်း ကျွန်တော့်အတွက် ဝမ်းနည်း၍မဆုံးတော့။ စိတ်မကောင်းဖြစ်နေခဲ့သည်။ စိမ့်က စိတ်မကောင်းဖြစ်စွာဖြင့် . . .

"စိမ့် ဂုဏ်ထူးတွေနဲ့ စာမေးပွဲအောင်လို့ သိပ်ဝမ်းသာနေတယ်လို့များ ကိုမင်းသက်ခိုင် ထင်နေသလားဟင်၊ စိမ့်တစ်ယောက် ရည်ရွယ်ချက်ကြီးမားတဲ့ ကိုမင်းသက်ခိုင်အတွက် ဘယ်လောက် ယူကျုံးမရဖြစ်ရသလဲဆိုတာကို ကိုမင်းသက်ခိုင် မရိပ်မိဘူးလား ရှင်"

"ဪ စိမ့်ရယ်"

စမ်းချောင်းလေး၏ ရေအလျဉ်သည် တပြိမ့်ပြိမ့် တသွင်သွင် စီးဆင်းနေ၏။ လေပြည်သည် မြက်ရိုင်းပင်များ ယိမ်းထိုးသည်အထိ သုတ်ဖြူးနေပါ၏။ လှပသောစိမ့်၏ မျက်နှာဝိုင်းလေးသည် ချစ်စဖွယ်။

ကျွန်တော်နှင့် စိမ့်တို့ လေးနက်သော နက်ရှိုင်းသော ဘဝဒဿနများကို ဖော်ကျူးနေမိကြသည်။

"ကိုမင်းသက်ခိုင် တစ်ဖက်က အလုပ်လုပ်ရင်း ဆယ်တန်းကို ပြန်ဖြေသင့်တယ်၊ ကိုမင်းသက်ခိုင်ရဲ့ ဘဝရှေ့ရေးအတွက် စိမ့်ပြောတာပါနော်"

ကျွန်တော် စိမ့်မျက်နှာလေးကို လှမ်းကြည့်ရင်းမှ . . .

"ကိုယ် စိမ့်ရဲ့ စေတနာကို နားလည်ပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ဘဝအခြေအနေက ကိုယ်ပိုင် အချိန်ရရှိဖို့ အခြေအနေ မပေးနိုင်တော့ပါဘူး စိမ့်၊ ကိုယ်ကျောင်းထွက်ရတော့မှာပါ၊ ကိုယ့် မိသားစုအတွက် ကိုယ် တစ်ဖက်တစ်လမ်းက အလုပ်ရှာလုပ်ရတော့မှာပါ"

ကျွန်တော့် အသံ ရှိုက်သံပါပြီး တိုးဝင်သွားပြီလား မပြောတတ်။ ကြင်လင်သော စိမ့်၏ဂဏ္ဍာန်သည် မျက်ရည်ကြောင့် မှုန်ဝါးသွားခဲ့ရသည် ထင်ပါသည်။

"ကိုမင်းသက်ခိုင်ရယ်၊ ပညာ တစ်ပိုင်းတစ်စနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းယူကျုံးမရ ဖြစ်နေသည့် စိမ့်၏ စကားသံသည် ဆက်၍ ထွက်မလာတော့ပါ။ စိမ့်လည်း ကျွန်တော့်အတွက် မျက်ရည်ဝိုင်းနေပါလိမ့်မည်။

ကျွန်တော်၏ ဝမ်းနည်းကြေကွဲဖွယ်ဟန်ပန် သဏ္ဌာန်ကို နှစ်သိမ့်လို၍လားမပြောတတ်။ မျက်ရည်ကျနေသော ကျွန်တော်၏ ရင်ခွင်၌ စိတ်မကောင်းစွာဖြင့်။

မမျှော်လင့်သော ထိုတစ်နေ့တွင် ကျွန်တော်နှင့် စိမ့် နှစ်ဦးသား ရင်ထဲမှ ခံစားချက်များကို ထုတ်ဖော်မပြောရပါဘဲ ချစ်ခြင်းမေတ္တာ၏ သင်္ဂြိုဟ်ရ ရသ တစ်ခုကို ဖော်ကျူးနိုင်ခဲ့တော့သည်။

သည့်နောက် စိမ့်မှာ တက္ကသိုလ် ဆက်တက်ခဲ့ပြီး ကျွန်တော်မှာမူ မိသားစု အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန် ကုန်သွယ်လယ်ယာ (ထိုစဉ်က)တွင် နေ့စားဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။

သို့သော်လည်း စိမ့်နှင့် ကျွန်တော် အဆက်အသွယ် မပြတ်တောက်ခဲ့ပေ။ အကြင်နာ ငှက်ခါးလေးများက ပျံသန်းခဲ့ကြသည်။

ထိုရွက်နုပျို ဇာတ်လမ်းလေးသည် ရိုးသားစွာဖြင့် ၁၉၇၅ ခုနှစ် ဝန်းကျင် ဖြစ်ပေါ်ခဲ့ခြင်းဟု တင်စားနိုင်ပါသည်။ သို့မဟုတ် ကျွန်တော်နှင့် စိမ့်။

ဖြစ်လိုသောဆန္ဒ၊ ဖြစ်သင့်သော ဘဝ၊ ကျွန်တော်ဖြစ်ချင်သော ဆန္ဒကို ဘဝနှင့် ရင်းပြီး သင်္ဂြိုဟ်ခဲ့ရသည်။ ထိုအချိန်က ရင်နာစွာဖြင့် စိမ့်ကို စွန့်ခွာခဲ့ရသည်။ စိမ့်လည်း ကြေကွဲခဲ့ရသည်။ ကျွန်တော်လည်း ရင်နာခဲ့ရသည်။

တစ်ဖက်မှ ကြည့်ပြန်တော့ ဂုဏ်သိက္ခာရှိသော စိမ့်၏ မိဘနှစ်ပါး မျက်နှာ၊ စိမ့်၏ မိဘများသည် စိတ်သဘောထားကောင်းမွန်ကြသူများ ဖြစ်ပေသည်။

စိမ့်၏ ဖခင်ဦးခင်မောင်သော်မှ တစ်ကြိမ် တစ်ခါတွင် ကျွန်တော့်ကို ခေါ်၍ စိမ့်နှင့်ပတ်သက်၍ စကားပြောလာခဲ့သည်။

လူကြီး လူကောင်းဖြစ်သော ဦးခင်မောင်သော်၏ နားချစည်းရုံး စကားများက ကျွန်တော့်အား အနေမကျုံ့စေခဲ့။ ဦးခင်မောင်သော်၏ စကားများက နားထောင်၍ ကောင်းလှသည်။

ဦးခင်မောင်သော်၏ စကားများကား စိမ့်အတွက် ပြောလာသော သူမ၏ဖခင် ဦးခင်မောင်သော်တို့ကိုပင် ပြန်လည် သနားကြင်နာစေသည့် အသွင်ပင်ဖြစ်ခဲ့သည်။

“မောင်မင်းသက်ခိုင်ကို ဦးလေးတို့ မေတ္တာရပ်ခံပါတယ်ကွယ်၊ နောက်ပြီး မောင်မင်းသက်ခိုင်ကို ဦးအနေနဲ့ အကူအညီတောင်းတယ်ဆိုလဲ မမှားပါဘူး၊ မောင်မင်းသက်ခိုင်နဲ့ ဦးသမီးတို့ ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်တွေ ဆိုတာလဲ ဦးသိပါတယ်၊ အရွယ်ရောက်လာတော့လဲ သူငယ်ချင်း အဆင့်ကနေ တစ်ဆင့် ကျော်လွှားပြီး လာမယ်ဆိုတာလဲ ဦးသိတန်သလောက် သိပါတယ်။

အခုအခါမှာ ဦးရဲ့ သမီးက တက္ကသိုလ်ပညာတွေကိုအပတ်တကုတ် သင်ယူရမယ့်ကာလဖြစ်နေသလို မောင်မင်းသက်ခိုင်လဲ မိဘနဲ့ ညီလေး ညီမလေးတွေကို တစ်ဖက် တစ်လမ်းက အလုပ်လုပ်ပြီး ကူညီလုပ်ကိုင်ပေးနေတာကို ဦးတို့ သိပါတယ်၊ မင်းအတွက် ဦးတို့ ဂုဏ်ယူချီးကျူးရပါတယ်၊ ခက်နေတာက ဦးတို့ရဲ့ သမီးပဲကွယ့်”

ကျွန်တော်မှာ စိမ့်၏ ဖခင် ဦးခင်မောင်သော်ရှေ့ဆက်၍ ပြောလာမည့်စကားအတွက် ရင်ခုန်လျက် ခေါင်းငုံ့နေလိုက်သည်။ ဦးခင်မောင်သော်က ဆက်၍. . .

“မင်းကို ဦး ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ၊ ဦးရဲ့သမီး စိမ့်ဟာ မိန်းကလေးဆိုပေမယ့်ရဲရင့်တယ်၊ ပြတ်သားတယ်၊ သူမှန်တယ်ဆိုရင် ဘယ်သူ ဘာပဲပြောလာလာလက်မခံတတ်ဘူး၊ ရန်ကုန်က ဦးရဲ့ သူငယ်ချင်းသား ဆရာဝန်နဲ့ သမီးစိမ့်ကို စေ့စပ်ထားချင်တယ်၊ ဒါကို သူက လက်မခံဘူး။

နောက်ပြီး မောင်မင်းသက်ခိုင်နဲ့ ပတ်သက်ပြီး ဦးတို့ မျှော်လင့်မထားပါပဲ သူက ပြောလာတယ်၊ ဘာလဲဆိုတော့ သူ ဘွဲ့ရရင် တစ်ချိန်ချိန်မှာ မောင်မင်းသက်ခိုင်ကိုပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်မယ်လို့ ရင်ဖွင့်လာတာပါပဲ၊ ဦးတို့ အံ့အားသင့်ရသလို သမီး စိမ့်ကို စိတ်လဲဆိုး ဒေါသလ ထွက်ခဲ့ရတယ်၊ အဲဒီတော့. . .”

စိမ့်၏ ဖခင် ဦးခင်မောင်သော်မှ ကျွန်တော့်အား စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှေ့ဆက်ပြောရမည့် စကားကို ချိန်ဆနေပုံရသည်။

ကျွန်တော်၏ ရင်ထဲတွင်မူ စိမ့်နှင့်ပတ်သက်၍ ပူလောင်၍ လာနေခဲ့ပေပြီ။ ကျွန်တော်ကပင် စိတ်ကို အားတင်းလျက်. . .

“ဆက်ပြောပါ ဦး၊ ကျွန်တော် နားထောင်နေပါတယ်”

“ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးတို့ မိဘတွေအနေနဲ့ သမီးစိမ့်ရဲ့ တောင်းဆိုမှုကို အလွယ်တကူ လိုက်လျောလက်ခံနိုင်မှာ မဟုတ်ဘူး၊ မောင်မင်းသက်ခိုင်ဟာ လူမှုရေးတရားနားလည်တဲ့ လူယဉ်ကျေး ပညာတတ်တစ်ယောက်လို့ ဦးယူဆထားပါတယ်၊ ဦး ပြောတာကို သဘောပေါက်ပါတယ်နော်”

ကျွန်တော် ဘာပြောရမည်နည်း။ စိမ့်၏ ဖခင်ပြောသည်က ရိုင်းပျသော စကားလုံး တစ်လုံးမျှ မပါ။ သူတို့ဘက်က မှန်ကန်နေသကဲ့သို့ ကျွန်တော့်ဘက်တွင်မူ. . .

စိမ့်၏ ဖခင် ပြောလာသော စကားများကြောင့် မိမိ၏ ဘဝအခြေအနေကို ငဲ့စောင်းကြည့်လိုက်ပြန်တော့ ကိုယ့်ဘဝအတွက် အားငယ်သွားသည်က အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် စိမ့်ဘဝအတွက်၊ စိမ့် မိဘများအတွက် ကျွန်တော်၏ နှလုံး သားကို စတေးရတော့မည်။ လွယ်ကူ သည်တော့ မဟုတ်ပေ။

"ကျွန်တော် နားလည်ပါတယ်ဦး၊ အမှန်တကယ်ပြောရင် စိမ့်နဲ့ ကျွန်တော် သံယောဇဉ်ရှိခဲ့တာ ကြာခဲ့ပါပြီ၊ ဦး ပြောသလိုတော့ စိမ့် ကျွန်တော့်ကို ပြော ထားပါဘူး၊ ကျွန်တော်နဲ့ စိမ့် ရည်မှန်း ချက်ကြီးကြီးမားမား ထားခဲ့ကြတာပါ။ အကယ်၍များ စိမ့်က ပွင့်ပွင့် လင်းလင်း ပြောလာခဲ့ရင်တောင်မှ ဦးတို့ အဒေါ်တို့အတွက် လက်ခံမှာ မဟုတ် ဘူးဆိုတာ ဦးတို့ ယုံပေးပါ၊ ကျွန်တော့် [illegible]ကို ကျွန်တော် သိပါတယ်၊ ကျွန် တော်လေ စိမ့်ကို ဘွဲ့ရပညာတတ် တစ်ယောက်အဖြစ် မြင်ချင်ပါတယ် ခင်ဗျာ"

ကျွန်တော်၏ စကားသံများ သည် ငိုသံရောစွက်နေသလားမသိ၊ စိမ့် ၏ အဖေ ဦးခင်မောင်သော်သည်လည်း မျက်နှာ နောက်ထားပြောရသကဲ့သို့ မိမိပြောခဲ့သော စကားများအတွက် [illegible]များသွားပြီလား ဟူ၍ တထင့်ထင့် ဖြင့် စိတ်မကောင်းဖြစ်သွားဟန် တူပေ သည်။ ရဲရင့်၍ သတ္တိရှိလွန်းသော သူ့ သမီးအတွက်လည်း မျက်နှာပူသွားရ ပါသည်။

ကျွန်တော်သည်လည်း မိမိဘဝ ၏ အားငယ်ချွတ်ချော်မှုများကြောင့် နှလုံးသားကံကြမ္မာလည်း စောင်းရွဲ့ခဲ့ရ သည့်အတွက် ဝမ်းနည်းကြေကွဲခဲ့ရတော့ သည်။

"ဒီတစ်ခါ ဝေးကြပြီပေါ့ စိမ့်ရယ်"

(၃)

ကျောင်းနေစဉ်ကပင် ခင်မင် [illegible]ယ်တာ သံယောဇဉ် ရှိလာခဲ့သော စိမ့်ကို ရင်ထဲ၌ နှစ်နှစ်ကာကာချစ်မိ သော်လည်း မိဘဂုဏ်သိက္ခာ၊ ယဉ်ကျေး မှု မဖောက်ဖျက်မိစေရန်၊ ထို့အပြင် စိမ့် မိဘများ စိတ်ချမ်းသာစေရန် ချစ်ရ သော စိမ့်နှင့် ဝေးဝေးနေရန် ဆုံးဖြတ် လိုက်တော့သည်။

ရန်ကုန်တက္ကသိုလ်တွင် တက် ရောက်နေသော စိမ့်ထံမှ တစ်ပတ်ခြား ပျံသန်းလာသော ငှက်ခါးလေးများကို ဖွင့်ဖောက် မဖတ်တော့။

ရင်နာခြင်းနှင့်အတူ စိမ့်ကို ချစ် သည့် အချစ်အား ရင်ထဲတစ်နေရာ၌ သိမ်းဆည်းထားလိုက်မိသည်။ စိမ့် ငိုနေ မည်ကို ကျိန်းသေ သိပါသည်။ ကျွန် တော်ဘာမှ မတတ်နိုင်။ အသည်းနာနာ ဖြင့်သာ။ ထိုစဉ်က မြန်မာ့တပ်မတော် သည် ဗမာပြည်ကွန်မြူနစ်(ဗကပ)တို့ အား ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း တစ်ခွင် စစ်ဆင်ရေးဖြင့် ဆောင်ရွက် နေစဉ် ဖြစ်သည်။

ဆယ်တန်းကို (ခ)ဖြင့်အောင်ခဲ့ ပြီး ကျွန်တော်၏ အသက်အရွယ်အရ အလုပ်သင်ဗိုလ်လောင်းလျှောက်ခဲ့သော် လည်း အသက်တစ်နှစ်ကြီးသွားသည့် အတွက် ဗိုလ်လောင်းဖြေဆိုခွင့် မရခဲ့ ပေ။

သူငယ်ချင်းများနှင့်တွေ့ဆုံ တိုင်း တပ်မတော်ထဲဝင်ရန်သာ မကြာခဏ ပြောဆိုဖြစ်ကြသည်။ သတင်းစာများ တွင် စစ်ဆင်ရေးသတင်း တိုက်ပွဲဖြစ်စဉ် သတင်းများပါလာလေ့ရှိရာ အသက် ငယ်ရွယ်သည်က တစ်ကြောင်း၊ စိတ် ဓာတ်တက်ကြွနေသည်က တစ်ကြောင်း၊ အကြောင်းကြောင်းတွေကြောင့် တပ် မတော်ထဲသို့ တပ်သားအဆင့်မှစ၍ ဝင် ရောက်ရန် ဆုံးဖြတ်လိုက်တော့သည်။

ပထမ မိဘများက တားပါ သည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်က မပြဲ့တော့။ မိမိဘဝကို ကြမ်းတမ်းစွာ လျှောက်လှမ်းခြင်းဖြင့် တစ်ချိန်မှာ ပန်း တိုင်တစ်ခုဆီ ရောက်နိုင်သည့် မိမိ၏ ယုံကြည်ချက်ကို အခိုင်အမာပြောလိုက် သည့်အခါ အဖေသည် သဘောတူ သလား မတူသလား မခန့်မှန်းနိုင်သော် လည်း မိဘများ၏ သဘောတူညီမှု လက်မှတ်ကို ထိုးပေးခဲ့ပါသည်။

သည့်နောက် ကျွန်တော်သည် တိုင်းဗဟို (၁) ဖော်ကြီးသင်တန်း ကျောင်းမှ သင်တန်းဆင်းပြီးနောက် (..)မြို့ ခမရ (.. တွင် တိုင်းပြည် တာဝန်ကို ထမ်းရွက်ခဲ့ပေသည်။

ထိုကာလများက စစ်ဆင်ရေး အခြေအနေအရ ရှေ့တန်းစစ်မြေပြင်သို့ သာ သွားနေရမြဲပင်။ တပ်မတော်မှ ရရှိ သော လစာငွေ စရိတ်တချို့ကိုလည်း မိဘများထံ ခြောက်လတစ်ခါ၊ ခုနစ်လ တစ်ခါဆိုသလို ပေးပို့နိုင်ခဲ့သည်။

မိမိ၏ ချွေးနဲ့ဖြင့် မိဘများ နှင့် ညီ၊ ညီမလေးများ ကျောင်းနေ စရိတ်ကို ပေးပို့နိုင်ခဲ့သဖြင့် ကျွန်တော် အထူးပင် ပီတိဖြစ်မိပေသည်။ ချစ်ရ သော စိမ့်ကိုတော့ အသည်းထောင့် တစ်နေရာ၌။

တစ်ခါတစ်ရံ ချစ်သော စိမ့်ကို လွမ်းမိသော်လည်း နှလုံးသားအရေး ထက် အသိတရားကိုသာ ပင်ပန်းစွာ ရှေ့တန်းတင်ခဲ့ရသည်။ ကျွန်တော်၏ ဘဝအကြောင်းကို တစ်ခါတစ်ရံပြောပြ မိသူက ကျွန်တော်တို့ တပ်ခွဲမှ တပ် ကြပ်ကြီး ချစ်ပန်းဖြစ်သည်။

တပ်ကြပ်ကြီး ချစ်ပန်းသည် အသက်အားဖြင့် ငါးဆယ်ပင်ကျော် တော့မည်။ အငြိမ်းစားမယူသေး။ သူ၏ ဇနီးသည် လွန်ခဲ့သော (၁)နှစ်ခန့်က ပန်း နာရင်ကျပ်ရောဂါဖြင့် ဆုံးပါးခဲ့ရသည်။

တပ်တွင်းဆေးခန်းတွင် ပထမ ဆေးကု၍ တပ်မတော်စစ်ဆေးရုံသို့ အရာရှိအချင်းချင်း အထောက်ခံမှုဖြင့် တက်ရောက်ကုသသော်လည်း ရောဂါ မှာ ကျွမ်းနေခဲ့ရာ မကြာပါချေ ထို ဝေဒနာဖြင့်ပင် ဆုံးပါးခဲ့ရသည်။ ထိုစဉ် က တပ်ကြပ်ကြီးချစ်ပန်းမှာ ဆယ်ကျော် သက်သမီးလေးတစ်ဦးနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့ရကြောင်း၊ နောက် ဆုံး တပ်ရင်းမှူးကြီး၏ အကူအညီဖြင့် တပ်တွင်း၌ တပ်မိသားစု အကူအညီ ရရှိကြောင်း ဆရာကြီးချစ်ပန်း၏ ပြောပြ ချက်အရ ကျွန်တော် သိခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

တပ်တွင်း၌ဖြစ်စေ၊ တပ်ပြင်၌ဖြစ်စေ၊ ရှေ့တန်းမှာဖြစ်စေ ဆရာကြီးချစ်ပန်းခေါ်ရာ လိုက်ရစမြဲ။ ကျွန်တော်သည်လည်း ဆရာကြီးချစ်ပန်းကို ခင်မင်သလို ဆရာကြီးချစ်ပန်းသည်လည်း ကျွန်တော့်အား ညီတစ်ယောက်ကဲ့သို့ သဘောထားခဲ့သည်။

ဤသို့ဖြင့် ဆရာကြီးချစ်ပန်း၏ အိမ်ခန်းသည် ကျွန်တော်၏ စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။ ဆရာကြီးချစ်ပန်း၏ သမီး ခင်နှင်းပန်းသည်လည်း ကျွန်တော့်အား အစ်ကိုရင်းသဖွယ်ပင်။

တစ်ချိန်ချိန်သော အခါတွင် ကျွန်တော်၏ ဘဝလမ်းကြောင်းသည် ဘဝ၏ တိုးတက်မှုနှင့် နှလုံးသားရေးရာ ရှုပ်ထွေးမှု၊ လူမှုရေးနယ်ပယ်တစ်ခုကို ဖြတ်သန်းခဲ့ရမှုတို့ဖြင့် ရောထွေးခဲ့ရမည်ကို မမှန်းဆမိသော်လည်း တကယ်မယုံနိုင်ဖွယ် ဖြစ်လာခဲ့သည်။ ကျွန်တော်နှင့် စိမ့်တို့နှစ်ဦး ပို၍ ပို၍ ဝေးရာဆီကို ပါ။

ကျွန်တော်တို့ တပ်ခွဲသည် ဘယ်ညာဖြန့်လျက် နောက်ဆုံး စခန်းသိမ်းတိုက်ပွဲကို ပြင်းထန်စွာဖြင့် စတင်ပြီး ဗကပတို့အား အထိနာစေလျက် တောင်ကုန်းအမှတ် (. . )အား အရသိမ်းပိုက်နိုင်ခဲ့သည်။

ခက်သည်က တောင်ကုန်းဝန်းကျင်တွင် ဗကပတို့က မိုင်းထောင်ထားခဲ့သည်။ ထိုကဲ့သို့ မိုင်းထောင်ထားခဲ့မည်ကို တပ်ခွဲမှူး ဗိုလ်မှူးမြင့်မောင်သည်လည်း မှန်းဆထားခဲ့ပြီး ဖြစ်သည်။

နောက်တန်းမှူးမှ သိမ်းယူပြီး တောင်ကုန်းပတ်ဝန်းကျင် နယ်မြေ စိုးမိုးမှု ရရှိစေရန်နှင့် မိုင်းရှင်းလင်းရန် ဘီအီးတပ် (မိုင်းအင်ဂျင်နီယာ)မှ တပ်စိတ်တစ်စိတ်စေလွှတ်လိုက်ပြီဖြစ်ကြောင်း စက်ဖြင့် အကြောင်းကြားခဲ့သည်။

အမှန်စင်စစ် ထိုတောင်ကုန်းကို သိမ်းယူနိုင်ရန် အတော်ပင် ပင်ပန်းလှချေသည်။ အဝေးမှ ကြည့်ပါက ဆင်ခြေလျှောရှိလိမ့်မည်ဟု ယူဆရသော်လည်း တကယ်တန်းတွင်မူ မတ်စောက်လှသည်။

တစ်ဖက်တွင်မူ ဆင်ခြေလျှောသဏ္ဌာန်ရှိသော်လည်း ရန်သူ့သတ်ကွင်း၌ ရှိနေသည်။ မိမိတို့၏ တပ်သားများကို အကျအဆုံး မခံနိုင်။ မတ်စောက်သည့်ဘက်မှ အပင်ပန်းခံတက်၍ အလစ်ဝင်ရောက် ချေမှုန်းခဲ့ခြင်းပင်။

ဤသို့ဖြင့် မိုင်းရှင်းလင်းရေးအဖွဲ့ကို လုံခြုံမှုပေးလျက် လိုက်ပါဆောင်ရွက်ရာတွင် ဗိုလ်ကြီးညိုမင်းအောင် ဦးဆောင်မှုဖြင့် ဆရာကြီးချစ်ပန်း၊ ကျွန်တော်တို့ စစ်သည် (၃၀)ခန့် ရှင်းလင်းခဲ့ကြသည်။ တပ်ခွဲမှူးမှ စက်ဖြင့် ကွပ်ကဲပေးပါသည်။

"ဂျိုင်း"

"ဒက် ဒက် ဒက် ဖောင်း ဒိုင်း"

ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ စစ်သည်များ ရုတ်တရက် ကစဉ့်ကလျား ဖြစ်သွားသည်။ ထို့နောက် တောင်မြောက်လေးပါးကို ဂျီသရီးယမ်း ပေါက်ကွဲသံများ ကြားလိုက်ရသည်။

ဗိုလ်ကြီးညိုမင်းအောင်သည် အခြေအနေအရပ်ရပ်ကို လေ့လာမိပြီး သေနတ်ပစ်ခတ်မှုကို ရပ်ခိုင်းလိုက်တော့သည်။

ရန်သူတို့၏ တန်ပြန် ပစ်ခတ်မှုမျိုး မရှိ။ တစ်စုံတစ်ယောက် မိုင်းနင်းမိခြင်းသာ။ တပ်စုမှူးထံ ချက်ချင်း သတင်းမပို့နိုင်သော ဆရာကြီးချစ်ပန်းအတွက် ကျွန်တော် စိုးရိမ်သွားရသည်။

"မင်းသက်ခိုင် မင်းတို့အဖွဲ့လူစုခွဲ၊ မိုင်းပေါက်ကွဲတဲ့ နေရာတစ်ဝိုက် ဆရာကြီး ချစ်ပန်းကို ရှာကြစမ်း"

"ဟုတ် . . . ဗိုလ်ကြီး"

ကျွန်တော် အထူးပင် စိတ်လှုပ်ရှားနေသည်။ ဆရာကြီးချစ်ပန်း ဘာမှမဖြစ်ပါစေနဲ့ ဘုရားဟု အကြိမ်ကြိမ် ဆုတောင်းမိနေသည်။

ဆရာကြီးချစ်ပန်း အတွက် အထူးစိုးရိမ်မိသည်။ ဆရာကြီးမှာ စစ်သက် အတွေ့အကြုံ များလှပါသည်။ မည်သည့် အခက်အခဲမဆို ကျော်လွှားနိုင်သည်ပင်။ ကျွန်တော်နှင့် စစ်သည်မျိုးမြင့်၊ ကျော်သူတို့ လူစုခွဲ၍ ဆရာကြီးချစ်ပန်းကို လက်လံရှာဖွေရာ. . .

"ဟာ ဆရာကြီး"

ဆရာကြီးမှာ သွေးသံရဲရဲဖြင့် လက်တစ်ဖက်မှာ သစ်ရိုင်းပင်ငယ်ကို ဆုပ်ကိုင်ထားလျက်၊ အောက်ပိုင်းတွင် ခြေတစ်ဖက် မရှိတော့။ တစ်ဖက်မှာလည်း သွင်ခွင်းကျိုးလျက်။ ကျွန်တော်သည် ဂျီတူးသေနတ်ကို လွယ်လိုက်ရင်း ဆရာကြီးချစ်ပန်းအား ပြေးပွေ့လိုက်သည်။

မိုင်းပေါက်ကွဲသည့် နေရာနှင့် ဝါးနှစ်ရိုက်ခန့်နေရာတွင် သစ်ပင်ငယ်များ အုပ်ဆိုင်းနေရာ၌ ဆရာကြီးကို ရှာ[illegible]နှင့်ဖွယ် တွေ့ရှိလိုက်ရခြင်းဖြစ်သည်။

"မျိုးမြင့်ရေ . . . ဗိုလ်ကြီးကို[illegible] အကြောင်းကြား၊ ဆေးတပ်သားကို ခေါ်[illegible] ခဲ့"

မျိုးမြင့်မှာ ဆရာကြီး၏ ဖြစ်[illegible] ကို ငေးကြောင်ကြည့်နေ၍. . .

"ဟေ့ကောင် မြန်မြန်သွား၊ ဘာ[illegible] ကြောင်နေတာလဲ"

မျိုးမြင့် သတိရသည့်ဟန်[illegible] ချက်ချင်း ထွက်ခွာသွားပါသည်။ ကျော်[illegible] သူမှာလည်း နေရာယူလျက် ပတ်[illegible] ကျင်ကို လေ့လာစောင့်ကြပ်နေသည်[illegible] ကျွန်တော် သည် ဆရာကြီးချစ်ပန်းအာ[illegible] ရင်ထဲ၌ ပိုက်ထားပြီး. . .

"ဆရာကြီး ဆရာကြီး သ[illegible] ထားပါ၊ အားတင်းထားပါ ဆရာ[illegible] ဆရာကြီး ဘာမှ မဖြစ်ပါဘူး"

နာကျင်သည့် ဝေဒနာများ[illegible] ဆရာကြီးမှာ သတိမရတစ်ချက် [illegible] ရတစ်ချက် ဖြစ်နေရသည်။

"မင်းသက်ခိုင် မ. . မဟုတ်[illegible]

ဆရာကြီးချစ်ပန်းသည် သ[illegible] သည့်အင်အား ကျွန်တော့်အား မေး[illegible] ပြီး. . . "မာနေမယ် ဆရာကြီး [illegible] တပ်သား တွေ လာတော့မယ် [illegible] ထားနော်

www.burmeseclassic.com

"ငါ့ငါ စစ်သားပါကွ၊ အားတင်း နိုင်ပါတယ်၊ ဒါပေမဲ့ ငါ့ ငါ့မှာ သမီး တစ်ယောက် ရှိသေးတယ်ကွာ"

"စကားမပြောနဲ့ ဆရာကြီး၊ မော မယ်၊ ဆရာကြီး သမီးအတွက် မပူပါနဲ့ နောက်တန်းမှာ တပ်မ မိသားစုရှိပါတယ်၊ စိတ်အေးအေး ဆရာကြီး"

"ငါ နားလည်ပါတယ်ကွ၊ ငါ့ အကြောင်းကိုလဲ ငါသိပါတယ်၊ မင်း ခိုင် ငါ့ဘဝမှာ ငါ့သမီးလေးပါပဲ ငါ့သမီးလေးကို ငါစိတ်မချဘူး၊ ကို ငါယုံတယ် မင်းသက်ခိုင်၊

ငါ တစ်ကောင်ကြွက်ဖြစ်သလို သမီးလေးမှာလဲ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် ပါကွာ မင်း မင်း ငါ့ သမီးလေးကို စောင့် ရှောက်ရှောက်. . "

"ဆရာကြီး ဆရာကြီး ဖြစ်မှ ဖြစ် ဆရာကြီးရယ်"

ကျွန်တော်၏ မျက်ဝန်းထဲ၌ မကောင်းခြင်းကြီးစွာဖြင့် မျက်ရည် အန်ကျခဲ့ရသည်။ ဆေးတပ်သား နှင့်တကွ စစ်သည်များ ရောက်လာ သည့်အခါတွင်မတော့။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ဆရာကြီးချစ်ပန်းတစ်ယောက် တိုင်း ပြည်အတွက် အသက်ကို စွန့်လှူသွား သလိုပင် ကျွန်တော်သည်လည်း တိုင်း ပြည်အတွက် အသက်စွန့်သွားသော ဆရာကြီးချစ်ပန်း မှာကြားခဲ့သည့် အတိုင်း နှလုံးသားရေးကို အမိကမထား သစ္စာကတိတို့နှင့်အတူ။

ငယ်စဉ်ကပင် ချစ်ခင်ကြင်နာ သော စိမ့်ကို နှလုံးသားထောင့်တစ် နေရာ၌ ရင်နင့်စွာဖြင့် မြုပ်နှံသဖြိုဟ်ရ တော့မည်။

"သာ၍ သာ၍ ဝေးရာဆီကိုပါ ရယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါတော့"

စစ်သည်တို့၌ ထားရှိသော တိတို့သည် တိမ်းစောင်းခြင်းမရှိ။ သည်ပင် တပ်မတော်သားတို့၏ သံမဏိသစ္စာပင်လား မပြောတတ်တော့ပေ။

(၈)

ကျွန်တော် တပ်မတော်သား ဖြစ်ခဲ့သည်။ တိုင်းပြည်အတွက် အသက် ကို စွန့်လွှတ်ဖို့ အဆင်သင့်ရှိခဲ့၏။

ဒီတစ်ကြိမ် တပ်မတော်သား အချင်းချင်း ကူညီရိုင်းပင်းမှုက နှလုံး သားနှင့် ရင်း၍ ကူညီရခြင်း ဖြစ်သည်။

မိမိ၏နှလုံးသားကို စတေးလျက် ကူညီရိုင်းပင်းခြင်းအတွက် "ခွင့်လွှတ် ပါတော့ စိမ့်ရယ်" ဟု အထပ်ထပ် ခွင့်တောင်းနေရမည်သာ။

တစ်ဖက်တွင်လည်း တစ်ကောင် ကြွက် တစ်မျက်နှာ သနားစဖွယ် ခင်နှင်း ပန်း ဆိုသော မိန်းကလေးအား တပ် ရင်းမှူးကြီး၏ ခွင့်ပြုချက်ဖြင့် တရားဝင် လက်ထပ်လိုက်သည်။

တပ်ရင်းမှူးကြီးက. . .

"အေး မင်းရဲ့ စိတ်ဓာတ်ကို ငါ ကြိုက်တယ်၊ စစ်သား စိတ်ဓာတ် ရဲဘော် စိတ်ဓာတ် ဆိုတာ ဒါပဲကွ၊ ဆရာကြီး ချစ်ပန်းလဲ တမလွန်မှာ မင်းကို ကျေနပ် ပါလိမ့်မယ်၊

မင်းကလဲ ကိုယ့်ဇနီးသားမယား ကို ထိန်းသိမ်းစောင့်ရှောက်ပါ၊ အေး စစ်သားဆိုတာကတော့ အမိန့်အရ သွားရလာရတာ ရှိမှာပဲ၊ ဒါကိုလဲ စိတ်ပူ စရာ မလိုဘူး၊ တို့ တပ်မတော်သားတွေ ဟာ ရဲဘော်ရဲဘက်စိတ် မိသားစုစိတ် ဓာတ်တွေ အပြည့်ရှိတာပဲ"

အကျဉ်းမျှ လက်ထပ်ခဲ့သော မင်္ဂလာ အခမ်းအနားလေးကို တပ်တွင်း မှာပင် ကျင်းပခဲ့သည်။

ကျွန်တော်၏ မိဘများကို လာ ရောက်ရန် အကြောင်းကြားခဲ့သော် လည်း ဝေးလံသောဒေသဖြစ်နေသည် က တစ်ကြောင်း၊ ဖခင်ဖြစ်သူ၏ ကျန်း မာရေး အခြေအနေကြောင့် မည်သူမျှ မလာရောက်နိုင်ကြပေ။

ကျွန်တော် ခွင့်လွှတ်ပါသည်။

"သားကို ခွင့်လွှတ်ပါတော့ ဖေဖေနဲ့ မေမေတို့ရယ်"

ကျွန်တော်သည် နှလုံးသားရေး ရာနှင့် ပတ်သက်၍ ကံဆိုးသကဲ့သို့ပင် ဘဝလမ်းကြောင်းသည်လည်း ဖြောင့် ဖြူးမှုမရှိ အကောက် အကွေ့များလှ သည်။

အချိန်ကြာလာသည်နှင့်အမျှ သနားကြင်နာရသော ဇနီးသည် ခင်နှင်း ပန်းတွင် ကိုယ်ဝန်ရရှိခဲ့ပေသည်။

ခင်နှင်းပန်း၌ ကိုယ်ဝန်ရှိသည် ကို သိသည်နှင့် ကျွန်တော့်ဘဝကို အသစ်တစ်ဖန် စလိုက်နိုင်ပြီဟု ပီတိ ဖြစ်ခဲ့သည်။

မွေးဖွားလာသော သားသမီး အပေါ် မိဘ၏ ချစ်ခြင်းများစွာဖြင့် လုပ သော ဘဝအိမ်လေးတည်ဆောက်မည် ဟု ဆုံးဖြတ်လိုက်ပြီးကာမှ. . . ။

ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့ ဒွန်တွဲနေတတ်သည်ကို ကျွန်တော် သတိပြုမိပေသည်။ ခင်နှင်းပန်း တစ် ယောက် ငယ်စဉ်ကပင်ရှိခဲ့သော နှလုံး ရောဂါ ပြန်လည်စတင်လာခဲ့သည်။

လုပ်သက်ဖြင့် ကျွန်တော် ဗိုလ် လောင်းအဖြစ် ပဏာမ ရွေးချယ်ခြင်း ခံခဲ့ရသည်။ ဝမ်းသာခြင်း တစ်လှည့်၊ စိတ်မကောင်းခြင်းများစွာဖြင့် ခံစား ခဲ့ရသည်။

တပ်မတော် တာဝန်များဖြင့် မအားမလပ်သည့်ကြားမှ နောက်တန်း တပ်ရင်းတွင်လည်း ဇနီးသည် ခင်နှင်း ပန်းကို ပြုစုရပြန်သည်။ နှလုံးရောဂါနှင့် ကိုယ်ဝန်အရင့်အမာ ရှိနေသော ဇနီး သည် ခင်နှင်းပန်းက. . .

"အစ်ကို တာဝန်တွေ မအား လပ်တဲ့ကြားက နှင်းကို ပြုစု စောင့် ရှောက်ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကို့ကို တာဝန်ကျေတဲ့ ဇနီး ကောင်းတစ်ယောက်အဖြစ် အချိန်ပြည့် မဖြစ်ခဲ့တာကို နှင်း အစ်ကို့အတွက် ဝမ်းနည်းရတယ်၊ စိတ်မကောင်း ဖြစ်ရ ပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ဝဲလျက် ပြောလာသော ဇနီးသည် ခင်နှင်းပန်းကို ကြင်နာစွာဖြင့် ကျွန်တော်မှ. . .

"မဟုတ်တာ ညီမရယ် အစ်ကိုက ညီမရဲ့ ယောကျ်ား၊ ပြီးတော့ စစ်သားပါကွ၊ ဒီကိစ္စတွေ ညီမစိတ်ထဲမှာ မထားနဲ့ နေကောင်းပြီး ကျန်းမာဖို့သာ ကြိုးစားပါကွယ်၊ ညီမက ကိုယ်လေးလက်ဝန်နဲ့ဆိုတော့ စိတ်မကောင်းစရာတွေ မပြောနဲ့နော် ညီမ"

ခင်နှင်းပန်း၏ ပခုံးလေးကို ဖက်လျက် ကျွန်တော် နှစ်သိမ့်လိုက်ပါသည်။

သို့ပေမယ့် သူမက. . .

"တကယ်လို့များ အစ်ကိုရယ် နှင်း တစ်ခုခုဖြစ်လို့ နှင်းရဲ့ ရင်သွေးလေး ရခဲ့ရင် အစ်ကို နှင်းရဲ့ ရင်သွေးလေးကို စောင့်ရှောက်ပြီး သူ့ဘဝလေး နှင်းတို့လို မဖြစ်အောင် မြေတောင်မြှောက်ပေးပါနော် အစ်ကို"

ခင်နှင်းပန်း၏ စကားသံသည် သိမ်မွေ့၍ တိုးလျှလျှပေသည်။ အားကိုးတကြီး ပြောလာသော ခင်နှင်းပန်း၏ စကားများကို ကျွန်တော် လုံးဝ ဘဝင်မကျလှပါ။

ထို့ကြောင့်. . .

"နှင်းကလဲကွာ နှင်းမွေးမယ့် ရင်သွေးလေးဟာ အစ်ကို့ရဲ့ ရင်သွေးပါ၊ နှင်း စိုးရိမ်သလို အစ်ကိုလဲ စိုးရိမ်တယ်၊ နှင်းချစ်သလို အစ်ကိုလဲ ချစ်တယ်လေ၊ ဘာတွေလိုလို့လဲကွာ တွေ့ကရာတွေ မဟုတ်တာတွေ မပြောပါနဲ့၊

နှင်းဟာ အစ်ကို့ရဲ့ဇနီး စစ်သားတစ်ယောက်ရဲ့ ဇနီး၊ ရဲရင့် ရမယ်၊ အသည်းမာရမယ်ကွ၊ နှင်းလဲ ဘာမှ မဖြစ်ပါဘူးကွာ၊ တွေးပူမနေပါနဲ့ နှင်းရယ်"

ကျွန်တော်၏ ဒေါမာန်ပါပါဖြင့် ပြောလာသော ရင်တွင်းစကားများကြောင့် နှင်း၏ ဖြူလျော့နေသော မျက်နှာလေးသည် အပြုံးပန်းဆင်၍ ကျွန်တော့်အား မြတ်နိုးတွယ်တာစွာဖြင့် ကြည့်နေပေသည်။

သနားစရာနှင်းကို ကြည့်လိုက်မှ မိမိ၏ စိတ်ထဲ၌မူ. . .

"ဘုရား ဘုရား နှင်းကိုယ်တိုင် နိမိတ်ဖတ်နေတာလား၊ နှင်းသာတစ်ခုခု ဖြစ်ရင် ငါတော့ ဒုက္ခထဲက ဒုက္ခတစ်ခုကို မွေးဖွားပေးနေသလိုများ ဖြစ်နေမလား၊ တကယ်တော့လဲ ဒုက္ခ ဆင်းရဲခြင်းဆိုတာ ငါ့အတွက် မဆန်းတော့ပါဘူးလေ၊ နှင်း ဘာမှ မဖြစ်ပါစေနဲ့"

## (၉)

ကျွန်တော်တို့ အသိတရားများဖြင့် တည်ဆောက်ခဲ့သော အိမ်ထောင်စုလေး စောစီးစွာ ကံကြမ္မာအမှောင်တိုက်ထဲကို ဖြတ်သန်းဝင်ရောက်လိုက်ခြင်းသည် ကျွန်တော်နှင့် ခင်နှင်းပန်းတို့၏ ကံမကောင်း အကြောင်းမလှခြင်းများပေလား။

တကယ့်ကို ကံဆိုးခဲ့ပါသည်။

ကျွန်တော်တို့တပ်ခွဲ အရေးပေါ် စစ်ဆင်ရေးထွက်ချိန် နှင်းပန်းလေး မီးဖွားခဲ့ပါသည်။ မီးဖွားစဉ် ရှိရင်းစွဲ နှလုံးရောဂါသည် ဖောက်လာပြီးနောက် ဇနီးသည် ခင်နှင်းပန်းသည်လည်း ပင်ပန်းနွမ်းနယ်စွာ ကျွန်တော့်အတွက် ချစ်စရာကောင်းသော သမီးရတနာလေးကို မွေးဖွားပေးခဲ့သည်။

ထိုသမီးလေးကို မွေးဖွားပေးပြီး မကြာလှပါချေ။ နှလုံးသွေး ရပ်တန့်သွားလျက် ရှုပ်ထွေးပွေလီလှသော လောကကြီးကို လည်းကောင်း၊ ကျွန်တော်နှင့် သမီးလေးကိုလည်းကောင်း လုံးဝ ကျောခိုင်းထွက်ခွာသွားပါတော့သည်။

ကျွန်တော် ကိုယ်ရေးကိုယ်တာ အရေးတကြီးပေါ်ပေါက်လာသော်လည်း စစ်ဆင်ရေး အခြေအနေအရ ကျွန်တော် နောက်တန်းသို့ အလွယ်တကူ ပြန်ရောက်လာခြင်း မရှိခဲ့ပါချေ။

ဇနီးသည် ဆုံးပါးမှုတွင် တပ်ရင်းမှူးမှ စက်ဖြင့် ဆန္ဒ သဘောထား တောင်းခံခဲ့ပါသည်။ တပ်မတော်သားသည် နိုင်ငံအရေးနှင့် ပတ်သက်လာပါလျှင် ကိုယ်ရေးကိုယ်တာ ဦးစားမပေးနိုင်ကြောင်း ကျွန်တော် နားလည်ထားသည့်အတွက် ဇနီးသည်၏ ဈာပနကိစ္စကို နောက်တန်း တပ်ရင်းမှပင် ဆောင်ရွက်ပေးပါရန် တောင်းဆို လိုက်သည်။

တကယ်တမ်းတော့ ရင်ထဲ ချိလှသည်တော့ မဟုတ်ပေ။ ကျွန်တော့် ဆုံးဖြတ်ချက်ကို အရာရှိ အကြပ်တပ်သားများက အံ့သြသွားကြသကဲ့သို့ ချီးကျူးကြ လေးစားကြသည်။

တစ်ဖန် မွေးဖွားလာသော သမီးငယ်လေးအား တပ်မိသားစုမှ ကျွန်တော် မပြန်မချင်း နောက်တန်းမှူး၏ အစီအစဉ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားကြသည်

ကျွန်တော့်သမီးအတွက် ပူစရာ မလိုပေ။ ခင်နှင်းပန်း၏ အသက်ဆုံးပါးချိန် ကျွန်တော်မရှိသကဲ့သို့ သင်္ဂြိုဟ်ရာတွင်လည်း ကျွန်တော် ရှေ့တန်း ရောက်နေသဖြင့် ကျွန်တော် ယူကျုံး ဖြစ်ခဲ့ရသည်

ကျွန်တော် ရှေ့တန်းမှ ပြန် ရောက်လာသည့်အခါမှသာ သမီး ရင်မှာပိုက်၍ မိဘရပ်ထံ ခွင့်တစ် ယူပြီး ပြန်လာခဲ့ရတော့သည်။

ကျွန်တော့်ဘဝ တစ်လျှော သည် ထိုစဉ် အခါထိ ဖြောင့်ဖြူးမှု နတ္ထိ ဖြစ်ခဲ့ရသည်။ ကျွန်တော် လျှော လှမ်းခဲ့သော ခရီးလမ်းတွင် လမ်းဆုံး ဖြစ်လင့်ကစား ဆိုးရွားသော အ အနေများဖြင့် ပါရမီဖြည့်ခဲ့ပါလေသ ဇနီးသည် ခင်နှင်းပန်းအား တစ်သ တာ ဒီဘဝတွင် မမေ့မျောက်နိုင် မရှိပါလေတော့။

သမီးငယ်ကို ပိုက်ချီ၍ ခင်နှ ပန်းအတွက် ကျခဲ့ရသော မျက်ရည် သည် သမီးငယ်၏ ပါးပြင်ပေါ် ဝေ့ဝေ့ဝဲဝဲ။

မည် သို့ပင်ဖြစ်စေ ကျွန်တော် သမီးငယ်အား မိဘနှင့် ညီငယ် ငယ်များက ဝမ်းပန်းတသာလှိုက်

www.burmeseclassic.com

နွေးထွေးစွာ ကြိုဆိုခဲ့သည်။ ဝမ်းနည်းခမ်းသာ ဖြစ်ခဲ့ရပါ၏။

ကျွန်တော်၏ ဇာတိမြို့သို့ ရောက်စဉ်အခိုက် စိမ့်နှင့်ပတ်သက်၍ ကြားရသည့်သတင်းက မယုံချင်စရာ။

အိမ်ထောင်ပြုခဲ့ပြီဟု ထင်မှတ်ခဲ့သော စိမ့် ယခုထိတိုင် အိမ်ထောင်မပြုသေးကြောင်း၊ နင့်နဲ ခက်ခဲစွာ ဖြတ်သန်းခဲ့ရသော ကျွန်တော့်ဘဝအခြေအနေကို စိမ့်တစ်ယောက် တောက်လျှောက် လေ့လာစုံစမ်းနေကြောင်း သတင်းများပင်။

စိမ့်နှင့် ကျွန်တော် ဇာတိမြို့လေး၌ ဆုံခဲ့ကြသည်။

စိမ့်ကို ကျွန်တော် မျက်နှာချင်းဆိုင်လိုပေ။ ကျွန်တော့် ဘဝအတွက် ထိပ်ပြာမလုံဖြစ်ခဲ့ရသည် မဟုတ်ပါလား။

သို့သော် စိမ့်မှာမူ တစ်ကြိမ်တစ်ခါမှ ဘာအကြောင်းမှ မဖြစ်ခဲ့သလို ခွင့်လွှတ်နိုင်လွန်းသော စိမ့်ကို ကျွန်တော် အံ့ဩလွန်းမက အံ့ဩခဲ့ရပါ၏။

စိမ့်သည် ကျွန်တော့်ကို မမုန်းခဲ့သလို ကျွန်တော်လည်း စိမ့်ကို မေ့နိုင်ခဲ့သည် မဟုတ်ပါ။

မြောက်လေပြည်သည် ပြန့်ပြန့်ပြူးပြူး နွေသရုပ်တွင် မပါလျှင် မပြီးနိုင်သော လေညင်းလေးပင်။

မြက်ပင်ရိုင်းတို့သည် ဘယ်ယိမ်းညာနွဲ့ဖြင့် လေပြည်ကြောင့် အလိုက်သင့် လှုပ်ရမ်းနေ၏။

စမ်းချောင်းလေးသည် မိုးတွင်းအခါကဲ့သို့ ရေအား မကောင်းလှ။ အနည်းအကျဉ်းသာ ရှိတော့သည်။ ချောင်းစပ်၏ နံဘေး လက်ပံပင်ကြီးမှ နီရဲသော လက်ပံပွင့်များ တစ်ဖြုတ်ဖြုတ်ကြွေလျက် ထိုနေရာ ထိုဒေသသည် ငယ်စဉ် ကျောင်းသားဘဝက စိမ့်နှင့် ကျွန်တော် တွေ့ဆုံစကားကျက်စားပြောကြသော နေရာပင်။

လေပြည်၏ အလိုက်သင့် သုတ်ဖျန်းမှုကြောင့် စိမ့်၏ ဆံကေသာတို့သည် နွဲ့နှောင်းစွာ လှုပ်ရှားနေကြသည်။

ယခုတိုင် လှပနိုင်လွန်းသော စိမ့်၏ နှုတ်ဖျားမှ. . .

"ကိုမင်းသက်ခိုင်ရဲ့ ဘဝဟာ ဘယ်လောက်ကြမ်းတမ်း ခက်ထန်ခဲ့တယ်ဆိုတာ စိမ့်အစကအဆုံး အကုန်သိပါတယ်၊ ကိုမင်းသက်ခိုင်တို့ တပ်ရင်းက ဗိုလ်ကြီးသက်ဇော်ရဲ့ ဇနီးက စိမ့်နဲ့ အတူတူ တက္ကသိုလ်မှာ တက်ခဲ့ဖူးတယ်လေ၊ ကျောင်းနေဖက် သူငယ်ချင်းတွေပေါ့၊ ကိုမင်းသက်ခိုင်ရှိတဲ့ တပ်ရင်းကို စိမ့်က သိရှိထားတာက တစ်ကြောင်း၊ ဗိုလ်ကြီးသက်ဇော်ကလဲ ကိုမင်းသက်ခိုင်ရဲ့ စွန့်လွှတ်မှု မေတ္တာစေတနာတွေကို ပြောပြထားတာက တစ်ကြောင်း၊ ကိုမင်းသက်ခိုင်ရဲ့ ဘဝအခြေအနေအကုန် သိရတာ"

ကျွန်တော်အထူးပင် အံ့ဩမိရပါသည်။ ထို့ကြောင့်. . .

"ကိုယ်နားမရှင်းလို့ပါ၊ စိမ့်က ကိုယ့် အကြောင်းတွေကို ဗိုလ်ကြီးကတော်ကတစ်ဆင့် စုံစမ်းထားတာလား"

စိမ့်က အသံလွင်လွင်လေးဖြင့် ရယ်လျက်. . .

"ဒီလိုလဲ မဟုတ်ဘူးလေ၊ စိမ့်သူငယ်ချင်းက စိမ့်တက္ကသိုလ်မှာ ကတည်းက စိမ့်နဲ့ ကိုမင်းသက်ခိုင်တို့ အခြေအနေကို သိထားခဲ့တာကို၊ မင်းသက်ခိုင့်ဆိုတဲ့ နာမည်ကြားကတည်းက စိမ့်သူငယ်ချင်းက သူ့ခင်ပွန်းဗိုလ်ကြီးဆီက တစ်ဆင့်စုံစမ်းပြီး စိမ့်ဆီ ရောက်ရတာ"

"သြော်"

ကျွန်တော် ဘာစကားတစ်ခွန်းမှ ဆက်မပြောနိုင်တော့ပါ။

စိမ့်က ဆက်၍. . .

"စိမ့်လေ ကိုမင်းသက်ခိုင်ကို ဘယ်အခါမှ စိတ်မဆိုးခဲ့ပါဘူး၊ ဘယ်တော့မှလဲ အထင်မလွဲခဲ့ပါဘူး၊ ဘယ်သူဘာပဲပြောပြော စိမ့်ဘဝမှာ ကိုမင်းသက်ခိုင်ပဲ ရှိပါတယ်၊ ကိုမင်းသက်ခိုင် ဘယ်လိုအခြေအနေရောက်ရောက် ဘာပဲလုပ်လုပ် စိမ့် အပြစ်မယူရက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စိမ့်မရှက်တော့ပါဘူး၊ အခုထိတိုင် ကိုမင်းသက်ခိုင်ကို စိမ့် သံယောဇဉ်တွယ်နေဆဲပဲ ဆိုတာ ကိုမင်းသက်ခိုင် နားလည်ပါနော်"

"စိမ့်ရယ်"

ဤသို့ဖြင့် နှစ်ကာလ ကြာခဲ့ပေပြီ။ ကျွန်တော်သည် တပ်မတော် အရာရှိဘဝရောက်ခဲ့ပြီးနောက် ရှမ်းပြည်မြောက်ပိုင်း လွယ်လင်၌ ဗကပနှင့် မြန်မာ့တပ်မတော် ပြင်းထန်စွာတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပေသည်။

တိုက်ပွဲကြီးငယ်များကို ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ ချစ်ရသော သမီးလေးပင် ဆယ်ကျော်သက်အရွယ် ရောက်နေပေပြီ။

ကျွန်တော်နှင့် စိမ့်တို့မှ ငှက်ခါးလေးများဖြင့်သာ လူးလာခေါက်တုံ့ ပျံသန်းနေကြဆဲပင်။

ချစ်ရသောစိမ့်မှာမူ ကျွန်တော့်အား အချိန်အခါမရွေး လက်ကမ်းလင့်နေသော်လည်း ကျွန်တော်၏ဘဝ ဆိုးညစ်မှုများကြား စိမ့်ကို မခေါ်ရက်ခဲ့ပေ။

ကျွန်တော်သည်ပင် သမီးတစ်ဦး၏ ဖခင်၊ မုဆိုးဖိုတစ်ယောက်ဖြစ်ခဲ့ပြီ၊ ဖြူစင်သော နှလုံးလှပိုင်ရှင်မလေး စိမ့်ကို ကျွန်တော့်ဘဝထဲ ရက်ရက်စက်စက် မခေါ်လိုခြင်းသည် ကျွန်တော် စိမ့်ကို မည်မျှချစ်မြတ်နိုးကြောင်း သိစေလို၍ ဖြစ်ပေသည်။

သို့သော်. . .

"အခုအခါမှာတော့ အစ်ကိုရယ်၊ ဖေဖေတို့ ပြောခဲ့တဲ့ စကားနဲ့ ပတ်သက်ပြီး အစ်ကို့အပေါ် ဒုက္ခရောက်စေခဲ့တာကို ဖေဖေတို့က စိမ့်ကို စိတ်မကောင်းစွာနဲ့ ဝန်ခံခဲ့တယ်၊

သူတို့ စိမ့်ကို ဆရာဝန်နဲ့ စေ့စပ်ဖို့ဆိုတာလဲ မဟုတ်ပါဘူး အစ်ကို၊ သူတို့ အမှားဖြစ်သွားလို့လဲ အခုထိ ပြောလို့မဆုံးနိုင်တော့ပါဘူး၊ ဒီဖြစ်စဉ်အတွက်နဲ့လဲ ဖေဖေတို့ကိုယ်စား စိမ့် ကိုမင်းသက်ခိုင်ကို တောင်းပန်ပါတယ်၊

www.burmeseclassic.com

စိမ့်ကတော့ ဖေဖေတို့ကို အပြစ်မပြောပါဘူး၊ စိမ့်တို့ဘဝက ဒီလိုပဲဖြစ်လာရမှာကို၊ ဒါပေမယ့် အစ်ကိုရယ် စိမ့် သိပ်ဝမ်းနည်းတာပဲ"

ဤသို့ဖြင့် ကျွန်တော်နှင့် စိမ့် ကြင်နာခြင်းများစွာဖြင့် ငှက်ခါးလေးများ ပျံသန်းဆဲ။

ယခုတော့ဖြင့် ကျွန်တော်လည်း ရှေ့တန်းမှ ရရှိသော ဒဏ်ရာကြောင့်လည်းကောင်း၊ အသက်အရွယ်အားဖြင့်လည်းကောင်း အငြိမ်းစား ယူခဲ့ရတော့သည်။

တပ်မတော်မှ ဆေးဖြင့် အငြိမ်းစားယူပြီးနောက် တုမ္ပဏီတစ်ခုတွင် ဌာနခွဲမန်နေဂျာအဖြစ် လုပ်ကိုင်လျက် ကျွန်တော်နှင့် စိမ့် ချစ်သူနှစ်ဦး ကြမ်းတမ်းခက်ထန်သော လောကဓံ မုန်တိုင်းကြီးထဲ၌ တဝဲလည်လည်ဖြင့် မဆုံဆည်းခဲ့သမျှ ကျန်ရှိနေသေးသော ဘဝတိုတိုတွင် လက်တွဲမဖြုတ်စတမ်း အတူလျှောက်လှမ်းခဲ့ရတော့သည်။

ကျွန်တော်နှင့် စိမ့်တို့မှာ တိမ်ညိုကြားထဲမှ ရုန်းထွက်လာခဲ့ရသော လမင်းသဖွယ်။

"အစ်ကို့အပေါ်ထားရှိတဲ့ စိမ့်ရဲ့ သစ္စာတရားကို ယုံကော ယုံကြည်ရဲ့လားဟင်"

"အစ်ကို့ဘဝမှာ စိမ့်တစ်ယောက် အစဉ် စိုးမိုးနေတာပါ၊ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး စိမ့်ကို နှလုံးသားထဲမှာ သစ္စာတရားနဲ့အတူ ထာဝရသိမ်းဆည်းထားခဲ့တာပါ စိမ့်ရယ်၊ ဖြစ်ပြီးခဲ့သမျှ ဖြစ်စဉ်တွေ အားလုံးဟာ လောကဓံရဲ့ ကံကြမ္မာတွေပါ။

ဖြစ်လာခဲ့တဲ့အခါမှာတော့ လူပီသဖို့ ဆောင်ရွက်ခဲ့ရတဲ့ လူသားဘဝဝတ္တရားတွေလို့ပဲ ကိုယ်မြင်မိတယ်လေ၊ စိမ့် ကိုယ့်အပေါ်ထားတဲ့ မေတ္တာကို ကိုယ်ယုံပါတယ်၊ စိမ့်ကရော ကိုယ့်အပေါ် ကြည်လင်မှုရှိရဲ့လား"

စိမ့်က လှိုက်လှဲစွာ ရယ်မောလျက်။

"ပြောနေစရာ မေးနေစရာ လိုသေးလို့လားအစ်ကိုရယ်၊ ကိုယ်လျှောက်လှမ်းနေခဲ့ရတဲ့ ဆူးပြောင့်ခလုတ်တွေနဲ့ ဖြတ်သန်းခဲ့ရတဲ့ ဘဝခရီးကြမ်းကို စိုးရိမ်တကြီး အမြဲတမ်း စောင့်ကြည့်နေရတဲ့ စိမ့်ပါနော်"

ငယ်စဉ်ကပင် ချစ်ခင်စွဲလမ်းခဲ့ရသော ငယ်ချစ်ဦးစိမ့်ကို ကျွန်တော်သည် အမြွတ်တနိုးကြည့်လိုက်ပြီး နူးညံ့သော စိမ့်၏ လက်ဖဝါးကလေးတစ်ဖက်ကို အမြတ်တနိုးကိုင်လိုက်သည့်အခါ စိမ့်က ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများဖြင့် ကျွန်တော့်အား ကြည့်လျက် ကြမ်းတမ်းသော ကျွန်တော့်၏ လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်ပါတော့သည်။

ချစ်ဦးသူ စိမ့်နှင့် ကျွန်တော်တို့ ချစ်သူနှစ်ဦး ဘဝကြင်ဖော်အဖြစ် လက်တွဲစဉ်တွင် ကျွန်တော်က အသက်(၅၃)နှစ်အရွယ်၊ ချစ်ရသော စိမ့်က (၅၀)နှစ်အရွယ် ရှိခဲ့ကြပြီ မဟုတ်ပါလား။

(၁၁)

ချစ်တတ်သော စိမ့်။ ကြင်နာတတ်သော စိမ့်။ ခွင့်လွှတ်ကြည်ဖြူတတ်သော စိမ့်။ သဘောထားကြီးလွန်းလှသော စိမ့်။

စိမ့်သည် အံ့ဩဖွယ် ချစ်ခြင်းကို စွဲမြဲစွာ ကိုးကွယ်သော မိန်းကလေးဆိုသည်ကို ကျွန်တော်အသိအမှတ်ပြုလိုက်မိသည်။

ချစ်ရသော စိမ့်ကား ကျွန်တော်နှင့် ပတ်သက်၍ ချစ်သူတစ်ဦးအပေါ်ထားရှိသော မေတ္တာထက် ပိုမိုနက်ရှိုင်းသော ချစ်ခြင်း အနန္တတို့ဖြင့် ကျွန်တော့်ကိုသာမက သမီးလေးကိုလည်း မိခင်ရင်းပမာ ဂရုတစိုက်ရှိလွန်းလှချေသည်။

စိတ်ချမ်းမြေ့ဖွယ်ရာ နားခိုရာမေတ္တာရိပ်သည် ကျွန်တော့်တွင် ရှိနေပါသေးကြောင်း အံ့ဩစွာ တွေ့လိုက်ရတော့သည်။

"ဖေဖေ မေမေ လာလေ၊ သမီးတို့ ဓာတ်ပုံရိုက်ရအောင်"

သမီးနှင်းသူဇာ၏ အသံပေးမှုကို စိမ့်မှ သမီးကို လှမ်းကြည့်လျက် ပြုံးရွှင်စွာဖြင့်။

"ဟော အစ်ကို သမီးဓာတ်ပုံရိုက်ဖို့ လှမ်းခေါ်နေပြီ၊ သွားကြစို့နော်"

ကျွန်တော်သည် ဘွဲ့ဝတ်စုံဖြင့် လှပနေသော သမီးငယ်အား လှမ်းကြည့်လျက် ကွယ်လွန်လေပြီဖြစ်သော သမီးငယ်၏ မိခင် ခင်နှင်းပန်းလေးအား ဖျတ်ခနဲ သတိရလိုက်မိပါ၏။

ကျွန်တော်၏ စိတ်ထဲ၌လည်း ကြေကွဲစွာဖြင့်. . .

"နှင်းရေ အစ်ကို တာဝန်ကျေပါတယ်နော်၊ ကြမ်းတမ်းတဲ့ ဘဝပင်လယ်ထဲမှာ စုံးစုံးမြုပ်ဘဲ့အထိ နှင်း ခံစားခဲ့ရပေမယ့် နှင်းနဲ့ အစ်ကိုတို့ရဲ့ သမီးလေးကတော့ ပညာတတ်ဝန်းကျင်ထဲမှာ ပျော်မွေ့နေပါပြီကွယ်၊ ညီမလေး နှင်း ကျေနပ်ပါတော့၊ တမလွန်မှာ နှင်း တစ်ယောက် ဝမ်းသာနိုင်ပါစေကွယ်"

ကျွန်တော်သည် တုတ်ကောက်ကို အားပြုလျက် ကျန်တစ်ဖက်ကို စိမ့်က ယုယစွာတွဲခေါ်လျက်။ ကျွန်တော် မပျော်မွေ့ခဲ့ရသော ပညာမသင်ကြားခဲ့ရသော ကျွန်တော်၏ အိပ်မက်ထဲမှ တွဲ့နှင်းသဘင်ကြီးရှေ့ရှိ မြက်ခင်းစိမ်းပေါ်၌ ရပ်လျက် စောင့်စားနေသော သမီးလေးထံသို့ ချစ်သူနှစ်ဦး လျှောက်လှမ်း၍ သွားနေမိသည်။

ထိုစဉ် ကုံးကော်ပင်ပျို့ထက်မှ ဥဩငှက်ငယ်တစ်ကောင်သည် မည်သို့သော အကြောင်းအရာကို ခံစားနေရသည်မသိ။ လှမ်းတေးသီလျက်နေပါပြီကော။

ကျွန်တော်သည်လည်း ဝမ်းသာ၍လား၊ ဝမ်းနည်း၍လား မဖော်ပြတတ်သော ခံစားမှုတို့ဖြင့် မျက်ရည်ကြည်များ ဝေဝါးလျက်။

❒ မောင်သာမန်(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com




# ခန်းဝင်း (ဝဲဘာကြမြ)

## သူရှင်းငြိုး မြောက်ဖိုးဒို

တစ်ခေတ်တစ်ခါက စာရေးသူတို့ ရွာတွင် အံ့ဩဖွယ် မယုံကြည်နိုင်ဖွယ် တကယ့်ဖြစ်ရပ်ဆန်းများအနက် လူသားစစ်စစ်တစ်ယောက်ဖြစ်သော သူတစ်ယောက်၏ စွမ်းဆောင်နိုင်ရည်စွမ်းအား ပကတိအနေဖြင့် မည်သည့်ဆေး အထောက်အကူမှမလိုဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော တစ်ရွာလုံးသာမက တစ်နယ်လုံးပါ အံ့ဩချီးမွမ်း ထောမနာပြုခဲ့ရသော မထင်မရှား လူသားတစ်ဦးအကြောင်း အမှတ်သင်ထင် တင်ပြလိုခြင်း ဖြစ်သည်။

ခြိန်ဘာပြည့် တစ်လွှား ဤကဲ့သို့သော





www.burmeseclassic.com

www.burmeseclassic.com

လူမျိုးများပေါ် ပေါက်ခဲ့ပါက တိုင်းပြည်အတွက် လွန်စွာအကျိုးရှိအောင်ဆောင်ရွက်နိုင်ပေလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ယနေ့ မိမိသည် စာရေးဆရာတစ်ယောက်အဖြစ်ရောက်ရှိလာသောအခါ ထိုဖြစ်ရပ်အသီးသီးအား အများပြည်သူအား တင်ပြချင်သောစိတ်များ တဖွားဖွား တိုက်တွန်းအားများလျက် အကျိုးတစ်စုံတစ်ရာ စာဖတ်သူ ရသွားလျှင် တစ်နည်း ရသတစ်ခုခုများ ထိတွေ့သွားလျှင် ရေးရကျိုးနပ်ပေပြီ။

xxx

၁၉၄၂ ခု၊ မေလဆန်း ၁၃၀၄ ခုနှစ် နယုန်လဆန်းပိုင်းအချိန် နတ္ထမင်းကုန်းရွာ အနောက်လယ်ကွက်များသို့ နွားလှည်း တစ်စီးဖြင့် နွားချေးများ၊ အမှိုက်များ လယ်မြေကွက်များသို့ လှည့်လည် ချလျက်ရှိသော ဘကြီးအောင်။

နေအတော်မြင့်နေသော်လည်း နောက်ဆုံးလှည်းတစ်စီးအား နွားချေးချလျက် ချေးကလည်း ရွှဲလျက် ရေကလည်း ဆာပေပြီ။ မကြာမီ နံနက်ပိုင်းအလုပ်ပြီးသောအခါ နွားများ လှည်းဖြုတ်ကာ လယ်ကွယ် မြက်နုပေါ်ရာနေရာသို့ လွှတ်ကျောင်းခဲ့ပြီး ကြိုးများကြိမ်လုံးများ သိမ်းဆည်းနေစဉ် ခြေရင်းအိမ်မှ ကိုသင်းမောင် ရောက်လာလေသည်။

"အစ်ကိုမောင် သူရင်းငှားကိစ္စ မပြီးသေးဘူးလား၊ ဘယ်နှယောက် ငှားပြီးပြီလဲ"

"အင်း ထမင်းပို့ နွားကျောင်း တင်ငွေတစ်ယောက်ပဲ အတည်ပြုရသေးတယ်ဟေ့ သင်းမောင်ရဲ့၊ သူရင်းငှားကလဲ အရှားသားကလား၊ နေ့လယ်လောက် အလယ်ရိုးရွာဘက် သွားရဦးမယ် ထင်တယ်ကွာ"

"အင်းလေ အစ်ကို့ လယ်ခွင်ကများတော့ သူရင်းငှား စောစောရဖို့ လိုတယ်မို့လား၊ ကျွန်တော်လဲ ရှာပါဦးမယ်"

ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း စပါးအထွက်ဆုံး တစ်နေရာဖြစ်သော နတ္ထမင်းကုန်း၊ ကွမ်းခြံကုန်း တစ်ပိုက်တွင် ဘကြီးအောင်၏ ပိုင်ဆိုင်ထားသော လယ်ဧကများမှာ သူရင်းငှား ငါးယောက်မျှ ငှားရသော နွားပိုင် ဆယ့်နှစ်ကောင်နှင့် စင်တင်းကုတ်၊ စပါးကျီ (စပါးနှစ်ထောင်ခန့်ဝင်သော)အဆောက်အအုံနှင့် နှစ်ထပ်အိမ်ကြီးနှင့် နတ္ထမင်းကုန်းရွာလယ်တွင်နေသော လယ်သမားကြီးဦးအောင် သူရင်းငှားကိစ္စ အခက်တွေ့နေဆဲ ကာလ။

နှစ်စဉ် နှစ်စဉ်ကား အနီးအနားမှာ သူရင်းငှားများ ငှား၍ ကဆုန် နယုန်တွင် အလုပ်ဝင်၍ လယ်စိုက်ပြီး ထွန်တုံးပိတ် တစ်ဖြတ်နားသည်။ နတ်တော်ပြာသိုမှသည် စပါးများ ရိတ်သိမ်းပြီး တလင်းပြီး စပါး ဂိုဒေါင်သို့ သွင်းပြီးက တစ်ဖြတ်ဟူ၍ လယ်သမားလောကတွင် ဤသို့ နှစ်ချိန် နှစ်ရာသီ သူရင်းငှား အဝင်အထွက်ရှိသည်။

ထို့ကြောင့် အဘအောင်အိမ်တွင် အမြဲတမ်း နွေမိုးဆောင်း တစ်ဆက်တည်း နေထိုင်လုပ်ကိုင်သော သူရင်းငှားဟူ၍ မရှိပါပေ။ နှစ်စဉ်လည်း ဤသို့လျှင် ဆောင်ရွက်နေကျ ဖြစ်သောကြောင့် လွန်စွာ ခေါင်းစားစရာတော့ မလိုလှပေ။

အချိန်တန်လျှင် လုပ်သားများ ရသည်ကတော့ အမှန်။ သို့သော် ယခုနှစ် အနည်းငယ်နောက်ကျနေသကဲ့သို့ ရှိလေသဖြင့် ဘကြီးအောင် အနည်းငယ် စိတ်ပူမိတာတော့ အမှန်။

တစ်နေ့ အိမ်ခြေရင်းမှ ကိုသင်းမောင်မှ လူတစ်ယောက်ကို ဘကြီးအောင်အိမ်သို့ ခေါ်လာသည်။

"ဟ သင်းမောင်၊ မင်း ဘယ်က ပြန်လာတာလဲ ခည့်သည်က"

"အင်း အဲဒီကိစ္စပဲ အစ်ကိုရေ အစ်ကို သူရင်းငှား မရသေးဘူးဆိုတော့ ဟောဒီသူငယ်နဲ့ အောင်ဘော်ရွာစက်စပါးသွားကြိတ်ရင်းနဲ့ ဆုံလာတာ၊ သူရင်းငှား လုပ်ချင်ပါတယ်တဲ့၊ တဲ စကား ပြောကြည့်ပါဦး"

"အေး ဲ ထိုင်ကြ၊ မောင်ရင့် နာမည် ဘယ်လိုခေါ်တုံးဟ"

"ကျွန်တော့်နာမည် မောင်ဖိုးအိုပါ ခင်ဗျ"

"အင်း ခပ်ရှားရှား နာမည်မျိုးပဲ ဘယ်အရပ်ကလာတုံးကွယ်"

"ကျွန်တော် အထက်အညာက လာတာပါ ခင်ဗျာ၊ သူရင်းငှားလုပ်ဖို့ ရည်ရွယ်ပြီး လာတာပါ၊ စမ်းသပ်ပြီး ကြိုက်မှ ခိုင်းပါ ခင်ဗျ"

"မင်း အပြောကတော့ အားပါသကွ"

ထိုလူရွယ်ကား အသားညိုညို အရပ် ၆ ပေခန့် ရှိပြီး ဗလလည်း လွန်စွာကောင်း၍ ခန္ဓာကိုယ်အချိုးအစား လွန်စွာ ကျနသောပုံရှိပြီး သျှောင်ထုံးတစောင်းနှင့် ခေါမြဲဆီလူးထားပြီး သပ်ရပ်စွာ ဖြီး၍ ထုံးထား၏။

အညာ ပင်နီတိုက်ပုံအကျီတို အပေါ်ကဝတ်ထားပြီး အတွင်းက ရှာစီအကျီကို ဝတ်ဆင်ထားလေသည်။ နဖူးမဟာချောင်နှင့် လွန်စွာတည်ကြည်ခံ့ညားသောရုပ်သွင်လည်းရှိပြီး အသက် (၃၅)နှစ်ခန့် ရှိလေသည်။

"မောင်ရင် လယ်လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ရဲ့လားကွ"

"ဟုတ်ကဲ့၊ လုပ်နိုင်ရုံမကပါဘူး ဘကြီးအိမ်မှာ သုံးစံ သူရင်းငှား ဘယ်နှယောက် ငှားချပါသလဲ ခင်ဗျာ့"

"အင်း . . . လေးယောက် ငါးယောက် နှစ်တိုင်း ငှားရပါတယ်ကွာ၊ အဲဒီအတွက်နဲ့ အမြဲစိတ်ပူနေရတာ"

"ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော် တစ်ခု ပြောပါမယ်၊ သဘောတူနိုင်မှ လက်ခံပါ၊ ကျွန်တော် အဲဒီသူရင်းငှား လေးယောက်စာ တစ်ယောက်တည်း လုပ်မယ်၊ လေးယောက် အခပေးပါပြီးတော့ ကျွန်တော့်အတွက် နံနက်ဆန်တစ်ပြည်ချက် ညဆန်တစ်ပြည်ချက် ချက်ပေးပါ၊ ကျွန်တော်နေဖို့ အခ





www.burmeseclassic.com

www.burmeseclassic.com

သင်နေရာပေးပါ၊ ပြီးတော့ လုပ်ငန်းစဉ်ပြီဆိုရင် သုံးနှစ်တိတိ လုပ်ခွင့်ပြုပါ၊ သုံးနှစ်ကျော်ရင် ကျွန်တော် ပြန်ပါ့မယ်"

ဘကြီးအောင် ထိုမောင်ဖိုးအိုအား မျက်လုံးပြူး၍ အထူးအဆန်း ကြည့်လျက် အံ့ဩလျက်ရှိလေသည်။ ယုံရခက်ခက်လည်း ဖြစ်နေလေသည်။

ဘကြီးအောင် အသက် (၅၀) ကျော်ပြီ၊ ဆန်တစ်ပြည်ချက်စားသော သူ တွေ့ဖူးသေးသလို လူလေးယောက် အလုပ်လုပ်နိုင်သောသူလည်း မမြင်ဖူးသေး၊ ဟုတ်နိုင်ပါ့မလား ဟူ၍လည်း တွေးနေ၍. . .

"သင်းမောင် မင်းလူကတော့ တော်တော်ထူးဆန်းတဲ့လူပဲကွ၊ ငါ့မှာ (ဒိုင်းနွား) ဆယ့်နှစ်ကောင်ရှိတယ်၊ မြက်ခင်းလဲ မွေးရတယ်၊ စပါးခင်းလဲ ကြည့်ကျွေးရတယ် မောင်ရင် တတ်နိုင်ပါ့မလားဟ"

"ကျွန်တော် စုံစမ်းပြီးမှ အလုပ်လျှောက်တာပါ အဘ၊ အားလုံးကို တာဝန်ကျေရပါစေမယ် ခင်ဗျ၊ မိုးလယ် ကောက်မှာပဲဖြစ်ဖြစ် နှစ်ဝက်လောက် မှာပဲဖြစ်ဖြစ် ဘကြီး သဘောမကျတဲ့ အချိန် အချိန်မရွေး အလုပ်ဖြုတ်ပါ၊ ကျွန်တော် ကျေနပ်စွာ အထုပ်ပိုက် ပြန်ပါ့မယ် ခင်ဗျ"

"အေးလေ သူရင်းငှားကောင်း ရှာနေတာလဲ အမှန်ပဲ၊ မောင်ရင်လေး က တာဝန်ယူပါတယ်ဆိုတော့ လုပ်တာ ပေါ့ကွာ၊ ကဲ သင်းမောင် မောင်ရင်လေး အိပ်ခိုင်တာ မှန်သမျှ ဆောင်ရွက်ပေးပါကွာ"

xxx

ထိုနေ့မှစ၍ မောင်ဖိုးအိုအား အိမ်နောက်ဘက်တွင် အိမ်ငယ်ကလေး တစ်လုံးဆောက်၍ ပေးထားရပြီး. လုပ်ငန်း စတင်ဆောင်ရွက်လေတော့သည်။ နွားများ တစ်နေ့ တစ်ကြိမ် ရေချိုးပေးခြင်း၊ မြက်ရိတ်၍ နွားစာကျွေးခြင်းကို ပြုလုပ်သည်။

မောင်ဖိုးအို သူကိုယ်တိုင် ရက်လုပ်သော မြက်ခြင်းတစ်စုံ၊ ထမ်းပိုးဖြင့် တစ်နေ့ မြက် နှစ်ကြိမ်ရိတ်သည်။ မြက်နှစ်ထမ်းကား နွား(၁၂)ကောင်လုံးအား အလျှံပယ် ကျွေးနိုင်လေသည်။

မောင်ဖိုးအို၏ မြက်ထမ်းအား ဘကြီးအောင် မကြည့်ရာ လုံးဝ မ,မ နိုင်ပေ။ လှုပ်ပင် မလှုပ်။ လွန်စွာ သန်မာလှကြောင်း တစ်ချက်သိရ၏။ အာဂ လူပင်။

ဤသို့နှင့် မျိုးကြဲချိန်သို့ ရောက်ရှိ၍ လာလေတော့၏။ မျိုးစပါးများ စိမ်ခြင်း၊ ပျိုးကြဲခြင်း၊ ပျိုးခင်း ထွန်ယက်ခြင်းတို့အား ဘကြီးအောင် လှည့်ကြည့်စရာမလိုပေ။

စပါး (မျိုးစပါး)သည်ပင် တင်းတစ်ဆယ်ကြဲရသော ဧရာမ ပျိုးခင်းကြီးအား နှစ်ရက်နှင့်အပြီးကြဲသည်မှာလည်း လူလေးယောက်စာ လုပ်နိုင်ခြင်းအား သက်သေပြပြီးသည့်နှယ်ပင်။

ကွမ်းလည်းမစား၊ ဆေးလိပ်လည်း မသောက်တတ်သော မောင်ဖိုးအိုကား ဆန်တစ်ပြည်ချက်အား ငါးပိရည် တို့စရာနှင့်ပင် ကုန်လေသည်။

"အင်း မောင်ဖိုးအို မင်း ထမင်းတော့ အတော်စားနိုင်တာပဲနော်၊ လူတစ်ရာ တစ်ယောက် မစားနိုင်ဘူး"

"ဟုတ်ကဲ့၊ အမှန်ကတော့ အဘရယ် ကျွန်တော်စားတာ မဟုတ်ပါဘူး ခင်ဗျာ"

"မင်း မစားလို့ ဘယ်သူစားမလဲကွ"

"အလုပ်က စားတာပါ ခင်ဗျ"

"အေး ဒါလဲ ဟုတ်တော့ ဟုတ်တာပဲကွ၊ မင်းက လေးယောက်စာ လုပ်နေမှတော့ ဆန်တစ်ပြည်ချက်စားတာ ယုတ္တိရှိပါတယ် မောင်ဖိုးအိုရယ်"

အဘအောင့် မောင်ဖိုးအို၏ လုပ်ရည်ကိုင်ရည်အား လွန်စွာသဘောကျလျက် သူ၏ စွမ်းပကားကိုလည်း အမြဲ သတိထားကြည့်ရင်း မှတ်သားထားလေသည်။

နှစ်လခန့်အကြာတွင် လယ်များ ကောက်စိုက်ရန် အရန်သင့်ဖြစ်လေသည်ဖြစ်၍ ကောက်စိုက်မများ ငှားရန် အဘအောင်အား အကြောင်းကြားလေသည်။

"မောင်ဖိုးအို မနက်ဖြန် ကောက်စိုက်မ ဘယ်နှယောက် ချပေးရမလဲ"

"ဆယ့်နှစ်ယောက်လောက်ပါ၊ လယ်တစ်ရာခွင်လောက် သုတ္တိ စိုက်နိုင်တယ်မို့လား"

"စိုက်နိုင်တာထားလို့ မင်းမျိုးက အခုထိ တစ်ပင်မှ မနုတ်ရသေးပါလား၊ ကောက်စိုက်မသာ ငှားခိုင်းနေတယ်"

"ငှားမှာသာ ငှားပါအဘ၊ မနက်ဖြန် စိုက်ရဖို့ အရေးကြီးပါတယ်"

အဘအောင် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ကောက်စိုက်မ ဆယ့်နှစ်ယောက်အား ချိန်းလိုက်လေတော့၏။ ညနေ ထမင်းစားပြီးချိန်တွင် မောင်ဖိုးအို ညဦးပိုင်း မျိုးနုတ်သည်။

နုတ်ပြီး မျိုးစပါးများအား ထမ်းသယ်၍ စိုက်မည့်လယ်များအား အဆင်သင့် မျိုးစပါးများချ၍ပြီး ချိန်တွင် အရုဏ်တက်လေသောအခါ ရေမိုးချိုး၍ တဲတွင် ပြန်အိပ်နေလေသည်။

မိုးလင်း၍ ကောက်ညှင်းပေါင်းသော ဘကြီးအောင်သမီး အကြီးမ မခင်ရီနှင့် အလတ်မ မသြဲလေးတို့က-

"အဖေ လယ်ဘက်သွားကြည့်ပါဦး၊ ကောက်စိုက်မတွေ လာကုန်ပြီ၊ မျိုးစပါးတွေ ကိုဖိုးအို ချပြီးရဲ့လား၊ စိုက်လောက်ပါ့မလားလို့"

အဘအောင်က ပြုံးလိုက် ဆေးတံအား ဆေးဖြည့်ပြီးလျှင်. .

"သမီးတို့ ကောက်စိုက်မတွေသာ ခေါ်သွား၊ အဖေ အစောကြီးက ရောက်ပြီးပြီ၊ မောင်ဖိုးအို တစ်ညလုံး မျိုးလဲ နုတ်တယ်၊

အဲဒီလယ်တစ်ရာခွင်လုံးလဲ မျိုးစပါးတွေ အလုံအလောက် ချပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com

သူ အိပ်နေတယ်၊ သွားမန္တိုးနဲ့ အာဂ ကောင်ပဲကွာ၊ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဒီလိုလူမျိုး"

"ဟုတ်လား အဖေ အင်း ဘုရား ဘုရား အံ့စရာပဲ"

ဤသို့လျှင် တစ်ရက်လျှင် လယ်တစ်ရာခွင် ကောက်စိုက်မ ဆယ့်နှစ်ယောက်မှသည် ဆယ့်ငါးယောက်ထိ ငှားရမ်းစိုက်စေလျက် မျိုးစပါးကို ညတွင်းချင်းအပြီး နုတ်လည်းနုတ် ချလည်း ချနှင့် အဘအောင်၏ လယ်တေ ငါးထောင် ပြီးဆုံး၍သွားလေတော့သည်။

ပတ်ဝန်းကျင်တွင်ကား အဘအောင်အိမ်က လယ်သူရင်းငှား တစ်ယောက်တည်းက လေးယောက်စာ လုပ်နိုင်သော နံနက် ဆန်တစ်ပြည်ချက် ညဆန်တစ်ပြည်ချက် ကုန်သော၊ စားသော၊ လွန်စွာသန်မာသော ယောကျ်ားပီသသော မောင်ဖိုးအိုအား ပတ်ဝန်းကျင်ရွာလယ်သမား လယ်ပိုင်ရှင်များနှင့် ၎င်းတို့သူရင်းငှားများပါမကျန် နေ့စဉ်နှစ်ဦးသုံးဦး မြင်ဖူးချင်သောကြောင့် လာရောက်ကြည့်ရှုကြသည်မှာ တစ်နေ့တစ်နေ့ လေးငါးဦးမျှမကလှပေ။

လာရောက်၍ ကြည့်ကြသူတိုင်း မောင်ဖိုးအိုအား အောက်ပါ ဝေဖန်ထင်ကြေးများ ပေးသွားကြသည်။

"အင်း လူက ခန္ဓာကိုယ်အချိုးအစားကိုက တက်တက်ကြွကြွဟန်ပဲ၊ အတွင်းအားလဲ ကောင်းပုံရတယ်၊ သိုင်းတွေ ဘာတွေတတ်မယ်ထင်တယ်၊ လူက တော့ လူထူးပဲ"

"ဆန်တစ်ပြည်ချက် စားနိုင်တာတို့လေးမျက်နှာမြို့နယ်မှာ တစ်ယောက်မှ မရှိဘူး၊ ဒါကြောင့်လဲ လယ်တစ်ရာခွင်ကို မျိုးစပါးတစ်ယောက်တည်း နုတ်ချနိုင်တာ၊ ဒါလေးယောက်လုပ်မှ ရနိုင်တာပဲ"

"ကိုယ့်ကြိုး ကိုယ်ကျစ်၊ ထွန်သွား တံပိုးတုံး ကိုယ့်ဘာသာလုပ်တာလဲ ပညာကျွမ်းလို့ပေါ့၊ နွားတွေကိုလဲ ကိုင်တာ ကျွမ်းတယ်"

"သူကြည့်တော့ သိပ်ပြီး ထူးထူးဆန်းဆန်းကြီး မဟုတ်ပေမယ့် တို့ မသိသေးတဲ့ လျှို့ဝှက်စွမ်းအားတွေ ပညာတွေရှိဦးမယ် ထင်တယ်"

စသည် စသည် လာရောက်၍ မြင်ဖူးချင်သော ကြည့်ရှုသူများတွင် သားသမီးရှင် မိဘများကပါ သမက်ဖမ်းလိုသော သဘောဖြင့် အမျိုးသမီးကြီးများပါ လာရောက်ကြည့်ရှုကြ၏။

မောင်ဖိုးအိုကား မည်သူနှင့်မျှ စကားလည်းမပြော၊ သူ့အလုပ်နှင့်သူ ဆိုင်နေသည်ကိုပင် မတွေ့ရပေ။

ဤသို့ ပတ်ဝန်းကျင်ရွာများမှ တစ်ဆင့် လေးမျက်နှာမြို့တစ်နယ်လုံးကား မောင်ဖိုးအို၏ သတင်း ပျံ့မွှေးလျက် ရှိလေတော့၏။

တောရွာများတွင် တစ်အိမ် တစ်လုံးနီးနီး စပါးကြိတ်သောလက်နှင့် လှည့်ရသော ကြိတ်ဆုံများရှိရာတွင် ကြိတ်ဆုံအပေါ်ပိုင်း၊ အောက်ပိုင်း နှစ်ပိုင်းရှိရာ ဘယ်အပိုင်းကိုဖြစ်ဖြစ်၊ ယောကျ်ားကြီးနှစ်ယောက် သန်သန်မ,မှ ရနိုင်သည်။

ကြိတ်ဆုံအောက်ပိုင်းက ပို၍ လေး၏။ ကျောက်များ လောင်း၍ ပြုလုပ်ထားသည်ကြောင့် ဖြစ်၏။

အဆိုပါ ကြိတ်ဆုံအား မောင်ဖိုးအိုက မဏ္ဍိုင်ကို လက်တစ်ဖက်တည်းနှင့် မ၍ ရွေ့နိုင်သည်အထိ သန်မာလှ၏။ တစ်နေ့ အဘအောင် စပါးတင်း တစ်ဆယ် ကြိတ်ရန် လိုသောအချိန်စက်သို့ ပို့ရန် လှည်းလမ်းလည်း မပေါက်သေးချိန် ထိုလက်ကြိတ်ဆုံဖြင့် ကြိတ်ရန် ဆုံးဖြတ်ရာ မောင်ဖိုးအိုက. . .

"ဘကြီးအောင် ဆန်ပြာမယ့် အမျိုးသမီး သုံးလေးဦးရယ် စပါး သယ်လောင်းမယ့် လူနှစ်ယောက် ခေါ်ပေးကျွန်တော် ကြိတ်မယ်"

ဟုဆိုကာ စပါးတင်း တစ်ဆယ်အား လောင်းလည့်သူနှစ်ဦးမှာ ချွေးပြန်လျက် ကြိတ်ဆုံအား လက်တစ်ဖက်တည်း လှည့်သည်၊ ဘယ်ညောင်းလျှင် ညာဖြင့် လှည့်သည်။

ဖွဲဆန်ပြာသူ အမျိုးသမီး သုံးဦးလည်း ချွေးပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

နာရီအနည်းငယ်အတွင်း မောင်ဖိုးအို စပါးဆယ်တင်းအား မနားတမ်း ကြိတ်၍ပြီးလေသည်။ ပြီးမှ ရေတဝ သောက်၍ အမောဖြေသည်။

စပါးလောင်းသူနှစ်ဦးနှင့် ဆန်ပြာသူ အမျိုးသမီး သုံးဦးကား မောင်ဖိုးအိုအား လူထူးဆန်းသဖွယ် မျက်လုံးပြူးပြူးနှင့် အံ့လျက် ဩလျက်။

မောင်ဖိုးအို၏ စွမ်းဆောင်ချက်များကား ကြာလေ ထူးဆန်းလေဖြစ်လာတော့၏။ စပါးများ မကြာမီ ရိတ်သိမ်းချိန်သို့ နီးကပ်၍လာသော နေ့တစ်နေ့။

ဦးကြာညွန့်ဆိုသူ လယ်ပိုင်ရှင် အလယ်ရိုးရွာမှ ဘကြီးအောင်အိမ်သို့ ရောက်၍လာလေသည်။

"အာ ကြာညွန့်ပါလား၊ မလာစဖူး လာဟ ထိုင်"

"လာဆို အစ်ကိုအောင် သူရင်းငှား တယ်သတင်းကြီးကိုး ဗျ၊ စုံစမ်းရအောင် သိချင်လို့ လာတာ"

ဦးကြာညွန့်ကား လယ်ဧက သုံးဆယ်ခန့် ပိုင်ဆိုင်၍ သူရင်းငှားများ များစွာ ကြောက်သော စည်းကမ်းကောင်းသူ၊ ကိုယ့်လယ်ကိုယ်ရိတ်၊ စပါးနယ်ကောင်း၊ မျိုးနုတ်ကောင်း၊ ကျွမ်းကျင်လှသော လူသန်ကြီးတစ်ဦး ဖြစ်သကဲ့သို့ ဆန်လေးလုံးချက်ကို ဟင်းမပါဘဲပင် ကုန်အောင်စားနိုင်သူလည်း ဖြစ်လေသည်။

သူ၏ လုပ်နိုင်စွမ်းထက်ကျော်၍ သတင်းကြီးလာသော ဘကြီးအောင်၏ သူရင်းငှား မောင်ဖိုးအိုကား ဘယ်လိုလူစားလည်းဟု သိချင်လှသည်။ ပြီးလျှင် ကောက်ရိတ်စိန်ခေါ် လိုက်မည်ဟု ရည်ရွယ်ထား၏။

ဦးကြာညွန့်ကား ကောက်ရိတ်ရာတွင် စံချိန်တင်ထားသူ ဖြစ်သကဲ့သို့ မည်သူမျှ သူနှင့်မယှဉ်နိုင်ပေ။ ကွမ်းယာတစ်ယာ အမြန်ယာသူ မပြီးမီ ကောက်လိုင်း တစ်လိုင်း ရိတ်ပြီး စီးပြီးဖြစ်သလို နေထွက်ချိန်မှ နေဝင်ချိန်ထိ ကောက်လိုင်း သုံးရာကျော်ကျအောင် ရိတ်နိုင်သူလည်း ဖြစ်သည်။ ထို့ကြောင့် မိမိလောက်စွမ်းပါ့မလားဟူ၍လည်းကောင်း၊ ပြိုင်ချင်သောစိတ်ဖြင့် လည်းကောင်း မောင်ဖိုးအိုအား လာရောက်ကြည့်ရှု လေ့လာခြင်း ဖြစ်သည်။

"အင်း မင်း ဘာသိချင်တာလဲ ကြာညွန့်"

"အစ်ကိုအောင်ရဲ့ တပည့်နဲ့ ကောက်ပြိုင်ရိတ်ကြည့်မလားလို့၊ သူက နာမည်ကြီးနေတော့ သိချင်လို့ပါ၊ ခေါ်စမ်းပါဦး"

ဘကြီးအောင် ခေါ်သဖြင့် မောင်ဖိုးအို ရောက်လာပြီးလျှင် အလေးဝရှုပြု၍ ထိုင်သည်။

"ကဲ မောင်ဖိုးအို၊ ဟောဒီက ဦးကြာညွန့်က ဒီနယ်မှာတော့ ကောက်ရိတ်ကောင်းပဲ ဘယ်သူမှ မပြိုင်ရဲဘူး၊ မင်းများ ပြိုင်ရဲမလားလို့ လာမေးတာပဲ၊ ဘယ်လို သဘောရလဲကွ"

"ဘကြီးညွန့်က ဘယ်လို ပြိုင်ချင်တာလဲ"

"မင်းကြိုက်တဲ့ပုံစံ ပြိုင်နိုင်တယ် မောင်ဖိုးအို"

"လောင်းကြေးတော့ ပါမှ ထင်တယ်"

"မှန်တာပေါ့ကွာ၊ စပါးတစ်ရာကြေးကွာ၊ နိုင်တဲ့သူဆီ အရောက်ပို့ကြေး၊ ဘယ့်နှယ်လဲ ပြိုင်ရဲပါ့မလား"

"ပြိုင်မယ့်လယ်က"

"လယ်ကွက်နှစ်ကွက် ယှဉ်လျက် ဝါးသုံးပြန်စီ ရှိတယ်၊ တစ်ဧကခွဲရှိတယ်၊ ဝါးလှည်းပေးရမလား၊ ပင်ထောင်ရိတ်မလား၊ ကြိုက်တာရွေးနိုင်တယ်"

"အချိန်က"

"အချိန်က သုံးနာရီအတွင်း အနိုင်အရှုံး ပတ်ဝန်းကျင်က ဆုံးဖြတ်ချက်ပဲ"

"ပြိုင်မယ် အဆင်သင့်သာ ပြင်ထားပါ"

"ဒါဆို ငါ မောင်ဖိုးအိုဘက်က စပါး၁၀၀ လောင်းကြေးထပ်မယ်ဟေ့"

"ကောင်းပြီ သန်ဘက်ခါ နံနက် ၆နာရီ စမယ်"

xxx

မိုးမလင်းတလင်း အချိန်ကတည်းက ဦးကြာညွန့် လယ်ကွက်ညီ နေ့ခင်းအနီး ယောကျ်ား မိန်းမများ စုရုံး ရောက်ရှိ၍ နေကြပေပြီ၊ အာဂလူနှစ်ယောက် ကောက်ရိတ်စွမ်းရည်ပြိုင်မည့်ပွဲအား လွတ်သွား၍ မဖြစ်၊ နှစ်များစွာကြာသော်လည်း ဤပွဲမျိုး မဖြစ်နိုင်။

ဦးကြာညွန့်၏ ကောက်ရိတ် စွမ်းရည်အား တစ်နယ်လုံး မြင်ဖူးကြ၏။ မည်သူမျှ မယှဉ်နိုင်သော ဒုံးရိတ်သိမ်းနည်း ကျွမ်းကျင်လှသော လက်တစ်လုံ နှစ်ချက် တစ်စည်းသိမ်းပြီးပ က ကောက်လိုင်းတစ်လိုင်းစာပင် ကြောက်၍ ထိတ်လန့်ဖွယ်ကောင်းသော ကောက်ရိတ်စွမ်းရည်လက်ဖြစ်၏။

မောင်ဖိုးအို ကောက်ရိတ်သည်ကို မည်သူမျှ မမြင်ဖူးသေး၊ အဘယ်ကြောင့် ဦးကြာညွန့် စိန်ခေါ်သည်ကို လက်ခံသနည်း။

တခြားသော စွမ်းရည်များကို ကြည့်၍ မောင်ဖိုးအိုဘက်မှ လောင်းကြသူ များစွာရှိသကဲ့သို့ အစဉ်းသိ၊ အရင်းသိ ဦးကြာညွန့်ဘက်[illegible]င်လည်း လောင်းကြသူများ မ[illegible]။

ထိုနေ့ကား [illegible] ဖြစ်လောက်အောင် လူနှစ်ယော[illegible] ကောက်ရိတ်ပြိုင်ပွဲအား ကျေးမကြီးငယ် လူပေါင်းများစွာ ဝေးလံသော လယ်တန်ငယ်၊ ပိန္နဲကွင်း၊ မြို့ကုန်း၊ ပန်းတောကြီး၊ သဲနုကုန်း၊ သီတာကုန်းပြင်မ လူများပါ လာရောက်၍ ကြည့်ရှုကြလေ၏။

မောင်ဖိုးအိုကား ရှမ်းဘောင်းဘီနှင့် ခါးတွင် ကြိုးသိုင်းချည်ထားပြီး သျှောင်ထုံးကို ခေါင်းပေါင်းပတ်လျက် ဝတ်လာသော အင်္ကျီကို ချွတ်လိုက်လေသည်။ သူ၏ အညာမှ လာစဉ်ကတည်းက ပါလာခဲ့သော အရိုးကောက်ပါသော ကြီးမားသော သံသန့်အပ်နှံ

www.burmeseclassic.com

လုပ်ထားသော တံစဥ်ကြီးကို ပတ်ထားသော စက္ကူများ ဖြေသည်။

ထို့နောက် ဘယ်ညာ လယ်နှစ်ကွက်အား ခေါင်း၊ ပန်း ရွေးရသည်။ မောင်ဖိုးအိုက ဘယ်အခြမ်း လယ်ကွက်ကို ရ၍ ဦးကြာညွန့်က ညာအခြမ်းလယ်ကွက်အား ရလေသည်။ စပါးများကား ထူလျက် ပိန်းလျက် လူတစ်ရပ်ခန့်။

ဦးကြာညွန့် ရိတ်မည့်လယ်ကွက်အား ဝါးကိုင်တစ်ဦးက စပါးလှဲပေးရလေသည်။ မောင်ဖိုးအိုကား စပါးမလှဲ လက်ရှိပင်ထောင်အတိုင်း ထားခိုင်းသည်။ ဒိုင်အဖြစ် ဆောင်ရွက်မည့်သူနှစ်ဦးက နာရီ (စားပွဲတင်နာရီအား ၃ နာရီတိတိ) နှိုးစက်ချ၍ စတင် အချက်ပေးလိုက်လေတော့၏။

ဘေးဘယ်ညာ နောက်ဘက်က ပါ ကြည့်ရှုနေကြသူများ ရုတ်ရုတ်သဲသဲ ဩဘာပေးကြ၏။

"ဦးကြာညွန့်ဟေ့ ဗိုလ်မထားလုပ်ထားဟ"

"အညာသားကွ၊ မောင်ဖိုးအို ဆိုတာ ဒါပဲ ကြည့်ထား"

"ဝေး ဦးကြာညွန့်ကွ ဟေး"

"မောင်ဖိုးအိုတဲ့ ဟေ့ ဝေး"

တစ်ကွင်းလုံး ဆူလျက် ညံလျက် ဦးထုပ်မြှောက်သူ ပဝါမြှောက်သူများပါ များလှ၏။ လယ်ကွက် အနံ ဝါးသုံးပြန် (၁၂တောင်ဝါး) အလျား ဝါးသုံးပြန်ရှိသောလယ် လယ်ကွက်ညီတူ ဦးကြာညွန့်ကား စပါးကို ဝါးနှင့် လှဲထားပြီး ရိတ်သောကြောင့် လူကို ထင်ရှားစွာ မြင်ရသည်။

မောင်ဖိုးအိုကား တစ်ရပ်နီးပါး ရှိသော ဝါးဖြင့် မလှဲသော ပင်ထောင် အတိုင်းရိတ်သောကြောင့် စပါးသီးများ လှုပ်ယမ်းခြင်းကိုသာ မြင်ရသည်။ လူကို မမြင်ရ။

ဦးကြာညွန့်ကား ဒုန်းရိတ်ဟန် အတိုင်း တံစဥ်ကို လက်တစ်ဆန့် ထိုးသွင်းလိုက်ပြီး ဆွဲရိတ်လိုက်ချိန်၌ ကောက်တစ်လှိုင်းနီးပါးမျှ အဖြတ် အနေတော်အရင်းလဲမကျရ။ အဖျားလဲ မလုရ စပါးရိတ် စည်းကမ်းအတိုင်းသာ။

မောင်ဖိုးအိုကား ညာလက်နှင့် လှဲလိုက်၏။ ဘယ်လက်နှင့်လည်း ဝိုက်၍ ခါးသိပ်ကုန်းစရာမလို တစ်ချက် ရိတ်လိုက်လျှင် လူလေးငါးယောက် ထမင်းထိုင်စားနိုင်သော အကျယ်အဖန်းကို တွေ့ရ၏။

ဝိုက်သိမ်းနည်း ပင်ထောင်ဖြတ်ရိတ်နည်း၊ ဒုန်းနည်းတို့ ရောစပ်သော မောင်ဖိုးအိုအား တစ်နာရီကြာသော အခါ ဝါးသုံးပြန်ရှိသော လယ်ကွက်မှာ သုံးပုံ တစ်ပုံ ပြီးသွားလေသည်။

လက်ကလည်းမြန် တစ်ချက်ကို ကောက်လှိုင်း တစ်လှိုင်းစနစ်ဖြင့် ရိတ်သိမ်းကြရာ ကြည့်၍ လွန်စွာကောင်းသလို အံ့ဩစရာကြီးလည်း ဖြစ်၊ မမြင်ဖူးသည်ကို မြင်ရ၍ ဝမ်းသာရသည်လည်း ရှိသည်။

သို့နှင့် မောင်ဖိုးအိုက ရှေ့ဆောင်၍ ရိတ်သိမ်းနေကြရာ နာရီပြည့်ချိန်တွင် (ထိုလယ်ကွက်ကို နှစ်ငန်း နှစ်ခေါက်ရိတ်မှပြတ်မည်ဖြစ်ရာ) မောင်ဖိုးအိုက တစ်ငန်းထိပ်ပေါက်နှင့် နောက်တစ်ငန်း တစ်ဝက်ပြီး၍ ဦးကြာညွန့်က တစ်ငန်းသာလျှင် ပြီးရုံရှိလေသောကြောင့် အနှစ်နှစ်အလလ ပြိုင်ဘက်ကင်းသော ဦးကြာညွန့်ကား မောင်ဖိုးအိုအား အပြတ်အသတ် ရှုံးသွားလေတော့၏။

"ဝေး ဟေး ဟေး အညာသားကွ"

"မောင်ဖိုးအို ဆိုတာ ဒါလားကွ"

လာရောက် ကြည့်ရှုသူများက ကောင်းချီးပေးကြလျက် မကြာမီပင် ကောက်ရိတ်သိမ်းပြိုင်ပွဲ ပြီးဆုံး၍သွားလေသည်။

xxx

ဘကြီးအောင်တို့ အိမ်မှ ရေနွေးဝိုင်း။

မောင်ဖိုးအိုအား လာရောက် နှုတ်ဆက် မိတ်ဖွဲ့ကြသော ရွာသားများနှင့်အတူ ပြိုင်ဘက် ဦးကြာညွန့်လည်း ရယ်မောရွှင်ပျစွာဖြင့် ရှုံးသည်ကို အမှတ်မထားနိုင်ဘဲ . . .

"အစ်ကိုအောင်ရေ မောင်ဖိုးအိုကတော့ အာဂလူပဲဗျာ၊ ကျွန်တော်တောင် ဘယ်လိုမှ မနိုင်နိုင်ဘူး၊ အားကလဲ ကောင်း၊ မြန်ကလဲ မြန်၊ ဒီလိုလူကောင်းတစ်ယောက် ကြုံကြဲဖန်ဖန် ရတတ်တယ်ဗျာ၊ ရွာမှရှား အံ့စရာတော့ လွန်ရောပဲ၊ စပါးတစ်ရာ ကုန်တာရှုံးတာ ကျေနပ်တယ်၊ ဒီလိုလူမျိုး မြင်ဖူးတွေ့ဖူးတာနဲ့ ကျေပြီဗျား ဟား ဟား"

ဘကြီးအောင်၏ အိမ်တွင် မောင်ဖိုးအို ကတိအတိုင်း သုံးနှစ်တိတိ အလုပ်လုပ်ပြီးသောအခါ ၎င်း၏ လုပ်ခ စပါးများကို ရောင်းချ၍ ငွေသား အသီးသီး ယူဆောင်လျက် ဘကြီးအောင်အား ကန်တော့လျက် ပြန်သွားလေရာ ယနေ့ထက်တိုင် သတင်းရခြင်း တွေ့ဆုံခြင်း မရှိတော့ချေ။

တစ်ခ်ိန်က တစ်နယ်လုံးကောင်းသောဘက်တွင် နာမည်ရ ကျော်ကြားသော မောင်ဖိုးအိုကား အညာသားဟု ပြောသော်လည်း ဘယ်ရွာ ဘယ်မြို့နယ်ကဟု မပြော။ ပြန်သွားသောအခါတွင်လည်း ကျောက်သင်ပုန်းမှတ်စာအား ဖျက်သည့်နှယ် အစအန မတွေ့တော့။

လာမည့်မိုးတွင်း၌ကား ခါတိုင်းလို သူရင်းငှား လေးယောက် ငှားရမည်ဦးတော့မည်ဟု ဘကြီးအောင် ဆောင်အား ဖွာရှိုက်ရင်း သက်ပြင်းမော ချလိုက်မိလေတော့သတည်း။

☐ ဆန်းဝင်း(အောင်မြေ


မှတ်ချက်

သာပေါင်းရွာ ဦးစံလှိုင်၏ ဖခင် ဦးဝင်းရွှေ (ကျုံဇူရွာ) အုပ်ချုပ်ရေးမှူး၏ ပြောချက်ကို ခြယ်မှုန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ပန်းသီးလေးများ

သန့်စင်မွန်

အချိန်ပင်မနည်းတော့။ ကင်းတဲ သံချောင်းခေါက်သံ ဆယ့်တစ် ပေါ်လာသည်။ အိမ်ရှေ့မှ လှမ်း ိုက်သည့် အသံကို ကြားလိုက်ရ၍ မောင် အိပ်ရာထဲမှ လူးလဲထပြီး ပြုလိုက်မိသည်။ ပြီး ကမန်းက အဝတ်အစားလဲပြီး လက်နှိပ်ဓာတ် ယူကာ ထွက်လာခဲ့သည်။

အိမ်ရှေ့ လမ်းမကြီးက မည်း နေသလို တိတ်ဆိတ်နေဆဲ ဖြစ်

ကိုရင်မောင် လက်ထဲက လက် ဓာတ်မီးဖြင့် ကားလမ်းပေါ်သို့ လှမ်း ကြည့်လိုက်မိသည်။

ကားလမ်းမကြီးပေါ်တွင် လူ သူလာ ကင်းမဲ့ပြီးနေသော်လည်း မောင် လက်နှိပ်ဓာတ်မီးရောင်ဖြင့် သိုက်ရသည့်မြင်ကွင်းက အသက် သလိုရှိနေသည့် လူတစ်ယောက်။

"ဆရာ့ကိုတော့ အားနာလိုက်တာ ဆရာရယ်၊ မဖြစ်လို့သာ လှမ်းခေါ်လိုက်ရတာ၊ ဒီမှာ ကြည့်စမ်းပါဦး"

ကိုရင်မောင် ကြားလိုက်ရသည့် စကားကြောင့် ဆိုင်ကယ်မောင်းနေသည့် အံ့ဖွယ်မှန်း သိလိုက်ရသည်။ ကိုရင်မောင် ရပ်ကွက်တစ်ခုတွင် အိမ်ငှားနေစဉ်က အိမ်နီးနားချင်းဖြစ်ခဲ့သူ အံ့ဖွယ်နှင့် ခင်မင်ခဲ့ခြင်း ဖြစ်သည်။ ကိုရင်မောင် တခြားရပ်ကွက်သို့ပြောင်းပြီး နေထိုင်ခဲ့သော်လည်း အံ့ဖွယ်က အခင်အမင် မပျက်ခဲ့။

"ဘယ်လိုဖြစ်လာတာလဲ အံ့ဖွယ်ရာ၊ ပြောစမ်းပါဦး"

ကိုရင်မောင် အံ့ဖွယ်အဖြစ်ကို တွေ့လိုက်ရ၍ စူးစမ်းပြီး မေးလိုက်သည်။

"အဖြစ်ကတော့ မပြောချင်ပါဘူး ဆရာရယ်၊ သဘောနေ ာက်ဆုံး တစ်ခေါက်ကျမှ ခရီးသည်ရလို့ ချေးတည့်ပြီး ပျော်ရမလားအောက်မေ့တ သ်၊ အတော့်ကို ဒုက္ခပေးတဲ့သူပဲဗျာ"

အံ့ဖွယ် စကားကြောင့် ကိုရင်မောင် လက်နှိပ်ဓာတ်မီးဖြ ် ထိုးကြည့်လိုက်မိသည်။

လွယ်အိတ်ကြီးကို သိုင်းလွယ်ပြီး အမူးလွန်နေသူ။ ကားလမ်းဘေးရှိ သစ်ပင်တွင် ကျောမှီပြီး အိပ်ငိုက်နေသည့် မြင်ကွင်းက မယုံနိုင်စရာ မြစ်နေသည်။

"မင်း ဆိုင်ကယ်က ငှားစီးတဲ့ ဒီလူကို သိလား အံ့ဖွယ်"

"ကျွန်တော် မသိဘူး ဆရာ၊ ကျွန်တော့်ဆိုင်ကယ်ကိုငှားပြီး ခဏဆို

www.burmeseclassic.com

ပြီး စားသောက်ဆိုင်ထဲ ဝင်သွားတော့ အတော့်ကို မူးနေတာ၊ အဲဒါနောက်ထပ် ဆိုင်ထဲဝင်ပြီး သောက်နေလို့ စောင့်နေရသေးတယ်၊ ကျွန်တော်က မသောက်ဖို့ ပြောလို့ မရဘူး၊ တစ်လမ်းလုံး ဂျီကိုက်လာတာ၊ ဒီလူက ကန်သာကလို့ ပြောတာပဲ ဆရာ၊ ကျွန်တော်က ပိုက်ဆံယူထားတော့ ခက်နေတယ်"

အံ့ဖွယ်၏ ရှည်လျားသည့် စိတ်ပျက်လက်ပျက် စကားသံကို ကြားလိုက်ရ၍ ကိုရင်မောင် ကိုယ်ချင်းစာသွားမိသည်။

"ပြီးတော့ ဒီလူကို ထားခဲ့လို့ မဖြစ်ဘူး ဆရာ၊ အမူးလွန်နေတော့ မနည်းထိန်းမောင်းလာခဲ့ရတာ"

"ဣဲ ဒါဆို ငါဒီလူကို ထိန်းပြီး ကူတွဲ လိုက်ခဲ့မယ်၊ အံ့ဖွယ် မင်းစက်နှိုးကြည့်ဦး"

ကိုရင်မောင့်စကားကြောင့် အံ့ဖွယ် ဆိုင်ကယ်ကို နှိုးကြည့်ပြီး၊ စိတ်ချသွားမှ သစ်ပင်ကို ကျောမှီပြီး အမူးလွန်အိပ်ငိုက်နေသူကို နှိုးလိုက်သည်။

"အစ်ကိုကြီး အစ်ကိုကြီး"

"အင်း အင်း"

"ကျွန်တော်တို့ သွားကြမယ်၊ အချိန်မရှိတော့ဘူး အစ်ကိုကြီး"

အံ့ဖွယ်အတန်ကြာအောင် နှိုးမှ အမူးသမား အိပ်ငိုက်နေရာမှ ခေါင်းကို အနိုင်နိုင်မတ်ပြီး လျှာလေးအာလေးသံ ပေါ်လာသည်။

"အချိန်ဟုတ်လား၊ ဘယ်အချိန်ရှိ ရှိကွာ၊ ငါ့ကို အိမ်ရောက်အောင် လိုက်ပို့၊ ငါ ပိုက်ဆံပေးပြီးပြီ၊ ဟုတ်မတောင်းနဲ့"

"မတောင်းပါဘူး အစ်ကိုကြီးရယ် ပိုက်ဆံပေးပြီးသားပါ၊ လမ်းပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး၊ အစ်ကိုကြီးကို သနားလို့ ကျွန်တော်လိုက်ပို့တာ"

"ဘာ မင်းက ငါ့ကိုသနားတယ် ဟုတ်လား၊ အေးလေ ငါ့တဝက သနားစရာဖြစ်နေတာ၊ အဲဒါ ဘယ်သူမှ ငါ့ကို မသိကြဘူး"

ကျွန်တော့် သားလေး

အလွန် စားချင်ရှာတဲ့

ပန်းသီးဝယ်ရင်း

ကျွန်တော်

မျက်ရည်ကျခဲ့ရတာ. . .

အမူးသမားက အရက်မူးလွန်နေသော်လည်း သတိလက်လွတ်မဖြစ်၍ တော်သေးသည်။ အမူးလွန်ပြီး မေးမရလျှင် အံ့ဖွယ်အဖြစ်က မလွယ်။

"ကဲ အစ်ကိုကြီး သွားကြမယ်၊ ကျွန်တော် ကူတွဲမယ်"

အံ့ဖွယ်က အမူးသမားကို ကူတွဲလိုက်စဉ် သိုင်းလွယ်ထားသည့် လွယ်အိတ်ကြီးထဲမှ ကျသွားသည့် အရာကြောင့် ကိုရင်မောင် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ကားလမ်းဘေးတွင် ပြန့်ကျဲနေသည့် ပန်းသီးလေးများ။

"ငါ . . . ငါ့ ပန်းသီးတော"

အမူးသမားက အံ့ဖွယ်ကူတွဲနေသည့်ကြားမှ ခန္ဓာကိုယ်ကို ထိန်းမတ်ရင်း သိုင်းလွယ်ထားသည့် လွယ်အိတ်ထဲမှ ထည့်လာသည့် ပန်းသီးကို သတိရပြီး မေးနေသည်။

"အစ်ကိုကြီး ပန်းသီးပါလို့လား"

"ပါ ပါတယ်ကွာ၊ အဲဒီပန်းသီး မပါလို့ မဖြစ်ဘူး၊ ငါ သေသေချာချာ ထည့်ထားတာ"

အမူးသမား၏ စကားကြောင့် ကိုရင်မောင် မနေသာ၊ လမ်းဘေးတွင် ကျနေသည့် ပန်းသီးများကို ကောက်ပြီး

"ရော့ မိတ်ဆွေ မိတ်ဆွေရဲ့ ပန်းသီးတွေ"

ကိုရင်မောင်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြီး [illegible]သိုက်၍ အမူးသမား [illegible]အံ့ဩသွားဟ[illegible]သည်။

"ကျေး[illegible]ဇူးတင်ပါတယ်ဗျာ ဒီပန်းသီးက [illegible]မဖြစ်ဖို့ပါ"

အမူး[illegible] ကိုရင်မောင် လွယ်အိတ်ကြီး[illegible] ပန်းသီးများ ပြန်ထည့်ပေးနေ[illegible]ကို ကြည့်ကာ ဝမ်းသာအားရ [illegible]သည်။

"အစ်[illegible] အဲဒါ အစ်ကိုကြီး သိပ်မူးနေလို့ [illegible]ပေးဖို့လာတာ၊ ကျွန်တော့်အစ်ကို[illegible]"

"မင်း [illegible]ကိုကြီး ဟုတ်လား ကျွန်တော့်ကို [illegible]ဟုတ်ပါဘူး၊ ကျွန်တော် သိပ်မူးသွားတ[illegible] ကျွန်တော့်နာမည်က [illegible]က် ကံထူးလို့ [illegible]တယ်၊ ကန်သာမှာ နေတာ"

"ကဲ [illegible]ကြီး ဆိုင်ကယ်ပေါ် တက် သွားမ[illegible]"

အံ့ဖွယ် [illegible]ဆိုင်ကယ်စက်နှိုးနေ၍ ကိုရင်မောင် မ[illegible]။ ကိုကံထူးကို ဆိုင်ကယ်ပေါ်သို့ [illegible]လိုက်ပြီး ထိန်းလိုက်မိသည်။ အံ့ဖွ[illegible] ဆိုင်ကယ် ရှေ့မီးရောင်နှင့်အတူ [illegible] ရသည့် ကားလမ်းကြီး။ ကားလ[illegible]ကြီး ဘေးနှစ်ဖက်ရှိ အုပ်အုပ်ဆိုင်း[illegible]ရှိသည့် သစ်ပင်များ

"ဆရ[illegible] ပါလာလို့ တော်သေးတယ်၊ နို့မို့ဆို [illegible]အစ်ကိုကြီးနဲ့ ကျွန်တော် ရွာလည်ပြီ [illegible]"

အံ့ဖွယ[illegible] ကိုရင်မောင်ပါလာ၍ စိတ်ချလက်ချ [illegible] ဆိုင်ကယ်မောင်းရင်း ပြောလိုက်သ[illegible]။

ကိုရင်[illegible]မောင်က အမူးသမား နောက်ကထိ[illegible]ရင်း လိုက်နေမိသော်လည်း အမူး[illegible] သိုင်းလွယ်ထားသည့် လွယ်[illegible]ကြီးထဲမှ ပန်းသီးများကို စိတ်ဝင်စ[illegible]နေမိသည်။

"ကိုက[illegible]ထူး . . . ကိုကံထူး"

"အင်း"

"ခင်[illegible] သိပ်မူးနေပြီလား"

"ကျွန်[illegible] မမူးပါဘူး မိတ်ဆွေရာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကံထူးက မမူးပါဟု ပြောဆိုနေသော်လည်း ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ယိုင်နေဆဲဖြစ်သည်။ ကိုရင်မောင်က ဆိုင်ကယ်ပေါ်မှ မကျရန် ထိန်းပြီး လိုက်နေရသည်။ ကိုရင်မောင် ဆက်မမေးနိုင်တော့။ ဆိုင်ကယ်က အရှိန်ပြင်းပြင်းနှင့် လမ်းမကြီးပေါ်တွင် မောင်းနှင်နေဆဲဖြစ်သည်။

"အစ်ကိုကြီး ကန်သာရောက်ပြီ"

အုံ့ဖွယ်က ပြောဆိုပြီး ဆိုင်ကယ်ရပ်၍ ကိုရင်မောင် ကြည့်လိုက်မိသည်။ ကားလမ်းမကြီး မနီးမဝေးရှိ ကန်သာရွာ။

"ရွာ ရွာရောက်ပြီ ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး၊အစ်ကိုကြီး သွားနိုင်ပါ့မလား"

"ငါသွားနိုင်တယ်"

ကိုကံထူးက ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ သို့တိုင် ခန္ဓာကိုယ်ကို ထိန်းနိုင် ယိမ်းယိုင်နေဆဲဖြစ်သည်။

"အုံ့ဖွယ် ဒီအတိုင်းဆို ကိုကံထူး အခြေအနေ မကောင်းဘူး၊ တို့လိုက်ပို့မှ အိမ်ပြန်ရောက်မှာ"

ကိုရင်မောင့် စကားကြောင့် အုံ့ဖွယ် ဆိုင်ကယ်ကို ကားလမ်းဘေးရှိ ဈေးဆိုင်လေးတွင်ထားပြီး ကိုကံထူးကို တွဲလိုက်သည်။

"အစ်ကိုကြီး ကျွန်တော် အိမ်အရောက်လိုက်ပို့ပေးမယ်"

"ဩော် အေးအေး. . . မင်းကို ကျေးဇူးတင်တယ်"

ကိုကံထူးက ပြောရင်း အုံ့ဖွယ်ကို တွဲပြီး ရွာလမ်းအတိုင်း ဝင်လိုက်မိသည်။ တစ်ရွာလုံးက တိတ်ဆိတ်နေဆဲ ဖြစ်သည်။ အတန်ကြာသွားမှ အိမ်တစ်အိမ်ရှေ့သို့ ရောက်သွားသည်။

"ညီလေး အဲဒါ အစ်ကို့အိမ်ပဲ၊ သော့ မထား၊ တံခါးဖွင့်စမ်းပါဦး"

ကိုကံထူး ခေါ်သံနှင့် အတူ ကြောမီ မီးလင်းသွားပြီး အိမ်တံခါးပွင့်သွားသည်။

"ကိုကံထူး တော်ပြန်လာတာ နောက်ကျလိုက်တာတော်"

"ငါ့မှာ ဧည့်သည်တွေ ပါလာတယ် မထား၊ သားလေး အခြေအနေကော"

"တော့်ကို မျှော်နေရှာတာ၊ မပြန်လာသေးဘူးလားလို့ ခဏခဏ မေးနေရှာတာ"

"ကဲ ညီလေးနဲ့ ဒီက မိတ်ဆွေ အိမ်ပေါ်ကို ခဏတက်ပါဦးဗျာ"

ကိုကံထူးစကားကြောင့် ကိုရင်မောင်နှင့် အုံ့ဖွယ် အိမ်ပေါ်သို့ တက်လိုက်သည်။ ရုတ်တရက် တွေ့လိုက်ရသော မြင်တွင်းကြောင့် အံ့ဩသွားမိသည်။ အိမ်ရှေ့ခေါင်းရင်းခန်းရှိ အိပ်ရာပေါ်တွင် လှဲနေသည့် ပိန်လှီသည့် လူငယ်လေးတစ်ဦး။

"အဖေ အဖေ ပြန်လာပြီလား"

"ပြန် ပြန်လာပြီ သား"

လူငယ်လေး၏ အသံသဲ့သဲ့ အမေးစကားကြောင့် ကိုကံထူးက လွယ်အိတ်ထဲမှ ပါလာသည့် ပန်းသီးများကို ထုတ်ပြီး။

"သား သိပ်စားချင်တဲ့ ပန်းသီး၊ အဖေ ဝယ်လာခဲ့တယ်၊ သားစားရင် အားရှိသွားမှာ"

ကိုကံထူးက ပြောရင်း ပန်းသီးကို လူငယ်လေးလက်ထဲသို့ ထည့်လိုက်သည်။ လူငယ်လေးက ပန်းသီးကိုကြည့်ပြီး မျက်နှာလေး ပြုံးရိပ်သန်းသွားသည်။ ကိုကံထူးက လူငယ်လေးကို ကြည့်ပြီး ကိုရင်မောင်နှင့် အုံ့ဖွယ်အနီးသို့ နွမ်းလျစွာ ထိုင်ချလိုက်သည်။

"အဲဒါ ကျွန်တော့်သားလေးပါ၊ ကျန်းမာရေး မကောင်းခဲ့တာ ကြာခဲ့ပါပြီ၊ ဆေးဆရာ အမျိုးမျိုးနဲ့ ကုသလဲ ရောဂါက ကျွမ်းလုနေပြီ၊ ကျွန်တော်လဲ သားလေးအတွက် ငွေကုန်ချင်ကုန်ပါစေဆိုပြီး ကုသနေခဲ့တာပါ၊ ဒါပေမယ့်ဗျာ သူ့ဝေဒနာက . . ."

ကိုကံထူးက တိုးလျစွာပြောရင်း အသံတိမ်ဝင်သွားသည်။

"ကဲ ကျွန်တော်တို့လဲ အချိန်မရတော့ဘူး၊ ပြန်မယ် အစ်ကိုကြီး"

"အစ်ကိုကြီး [illegible]ကိုပို့ပေးမယ်"

"ဖြစ်ပါ့မလ[illegible] အစ်ကိုကြီးရယ် အစ်ကိုကြီးက"

အုံ့ဖွယ်က [illegible]ရင်း စကားရပ်တန့်သွားသည်။ ကို[illegible]က အုံ့ဖွယ်ကို ကြည့်ပြီး . . .

"ညီလေးက [illegible] အစ်ကိုကြီးကို အရက်သမားလို့ ထ[illegible]သလား၊ မထင်ပါနဲ့ကွာ၊ ဒီက မိတ်[illegible]ကိုလဲ ပြောပြပါ့မယ်၊ ကျွန်တော် ရင်[illegible] ဝေဒနာတွေကို ပြေမလားဆိုပြီ[illegible] သောက်နေတာပါဗျာ"

ကိုကံထူး၏[illegible]ကို ကြားလိုက်ရ၍ ကိုရင်မောင် [illegible]သွားမိသည်။

"ကျွန်တော် [illegible]လေး [illegible]စားချင်ရှာတဲ့ ပန်း[illegible]ယ်ရင်း ကျွန်တော် မျက်ရည်ကျ[illegible]"

"ဘယ်လို [illegible]ထူး၊ ခင်ဗျား မျက်ရည်ကျတယ် [illegible]သား"


"ဟုတ်ပါတ[illegible] ဒိတ်ဆွေရယ်၊ ကျွန်တော့်သားလေး [illegible] သေလူဖြစ်နေရှာတာ၊ သူစိတ်ချမ်း[illegible] အောင် လုပ်ပေးနေရပေမယ့် [illegible]လေးနဲ့ ဝေးရတော့မယ်ဆိုတဲ့ အ[illegible] ကျွန်တော့်နှလုံးသားကို တင်း[illegible]ဘူး၊ အဲဒါကြောင့် ကျွန်တော် အရက်သောက်ခဲ့တာပါဗျာ၊ ကျွန်တော် [illegible] အရက်သမား မဟုတ်ပါဘူး"

ကိုကံထူး၏ [illegible]သွားသည့် စကားသံကြောင့် ကိုရင်မောင်နှင့် အုံ့ဖွယ်တို့ အလွန်စိ[illegible]ခိုက်သွားကြသည်။ နှုတ်ဆက်ပြီး [illegible]လာကြသော်လည်း ရင်ထဲမှာ နာ[illegible]သည်။

ညအမှောင်[illegible] တိတ်ဆိတ်နေသည့် ကားလမ်းမ[illegible]။ ကိုရင်မောင်နှင့် အုံ့ဖွယ် နှစ်ဦး[illegible] စကားတိတ်ဆိတ်နေကြသည်။ [illegible] နှစ်ဦးသား၏ရင်ထဲတွင် ကိုကံ[illegible]ယ်လာသည့် ပန်းသီးလေးများနှင့် [illegible]နှယ်နေသည့် ဖခင်တစ်ဦး၏ မေတ္တာ[illegible]ပုံတစ်ပုဒ်က ထာဝရရှိနေမည် မဟု[illegible]ပါလား။

❒ သန့်စင်မွန်

www.burmeseclassic.com



ခင်ခင်ဝင်း၏ မင်္ဂလာဆောင်ကို သွားဖို့ သူငယ်ချင်းတွေ စုစုဝေးဝေး ရောက်ရှိနေချိန်အထိ သူ ဂစ်တာတီး လျက်ရှိသည်။

ခံစားသိဖြင့် ကြည့်မြင်တတ်မည် ဆိုလျှင် သူ ဂစ်တာတီးနေခြင်းမဟုတ် ပါ။ ဂစ်တာကြိုးများပေါ်၌ သူ့လက် ချောင်းတွေ ငိုကြွေးနေခြင်းသာဖြစ်၏။

ဒါပေမယ့် သူ့မျက်နှာလေးက တော့ အနီးအနားတွင်ရှိသော သူငယ် ချင်းများကဲ့သို့ ကြည်နူးလျက် ရှိလေ သည်။

"ကဲ . . မျိုးထွေး၊ ဂစ်တာအတီး ရပ်လိုက်တော့၊ စောစောက ခင်ခင်ဝင်း ဖုန်းဆက်တယ်၊ ငါတို့ တစ်အုပ်စုလုံး စောစောလာရမယ်တဲ့"

ဂစ်တာကို နည်ခန်းနံရံမှာ ထောင်သည်။ အလှပြင် အဝတ်အဆင် များဖြင့် ထိုင်နေကြသော စမ်းစမ်းဝေ နှင့် ရည်ရည်အောင်ကို သူ ပြုံးပြ၏။ မြင့်ကျော်၏လက်မောင်းကို သူ လက် သီးဖြင့် မထိတထိ ထိုးသည်။ မြင့်ကျော် ကလည်း သူ့လက်မောင်းကို ပြန်ထိုး သည်။ ကျော်စိန်၏ ဦးခေါင်းပေါ်တွင



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းထားသော ဦးထုပ်ကို ဆတ်ခနဲ သူ လုသွားသည်။ ကျော်စိန်က လိုက်လုသည်။ ရုပ်မြင်သံကြားစက် နံဘေးတွင် ရပ်နေသော မောင်မောင်ကြီးက သူ့ကို မျက်မသုန် ငေးကြည့်နေ၏။

ဒါကို သူမသိ။

ဦးထုပ်ကို မောင်မောင်ကြီးထံသို့ သူ ပစ်ပေးလိုက်သည်။ မောင်မောင်ကြီးက ဖမ်းခြင်း ဆီးခြင်းမရှိဘဲ သူ့ကိုသာ ငေးကြည့်နေသောကြောင့် ဦးထုပ်သည် ဖယောင်းပုဆိုးခင်းထားသော ကြမ်းပြင်သို့ကျရောက်သွား၏။ ကျသွားသော ဦးထုပ်ကို မောင်မောင်ကြီး ကောက်ယူသည်။ အနားသို့ရောက်နေသော ကျော်စိန်လက်ထဲသို့ ထည့်လိုက်သည်။

အပျော်မျက်နှာထားဖြင့် ပျော်ဆန်ပြုံးနေရှာသော သူ့ကို မောင်မောင်ကြီးက . . .

"ချိုထွေး၊ သူတို့လေးယောက် အရင်သွားပေ့စေ၊ မင်း ငါ့ကားနဲ့လိုက်ခဲ့"

ထိုမျှပြောလိုက်ရုံဖြင့် အကြောင်းတစ်စုံတစ်ရာ ပြောစရာစကား ကိစ္စရှိနေသည်ဟု နားလည်လိုက်သည်။

သူလည်း နားလည်သည်။

သို့သော် သူ နားမလည်ဟန်ဆောင်နေသေး၏။

❤

"ခင်ခင်ဝင်း အပါအဝင် . . . ငါတို့ သူငယ်ချင်း တစ်အုပ်စုလုံးဟာ တက္ကသိုလ်ရောက်မှ ခင်ကြ မင်ကြတာ မဟုတ်ဘူး။ အလယ်တန်း အထက်တန်း ကျောင်းသားဘဝကတည်းက ပြောမနာ ဆိုမနာ ခင်မင်ခဲ့ကြတဲ့ တကယ့်သူငယ်ချင်းတွေနော် ချိုထွေး"

ကားကို အနှေးဆုံးမောင်းနှင်ရင်း မောင်မောင်ကြီး ပြောသည်။

"အင်း . . . ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

နားမရှင်းဟန်ဖြင့် သူ မေး၏။ မောင်မောင်ကြီးက ကားရှေ့ တည့်တည့်ကို ငေးကြည့်လျက် . . .

"သနပ်ခါးဖွေးဖွေး သူပါးလေးကို မွှေးမွှေးလေးပဲ ပေးချင်တယ် ဆိုတဲ့ အထက်တန်းကျောင်းသားဘဝတုန်းက အတန်းထဲမှာ အပြေးအလွှားရေးခဲ့တဲ့ မင်းရဲ့ကဗျာလေးကို ငါ မမေ့သေးဘူး ချိုထွေး"

နှလုံးသည်းခြေအတွင်း၌ လှုပ်ခနဲ ဖြစ်သွားရ၏။

ခန့်မှန်းတတ်မည်ဆိုလျှင် သူ မည်သို့ ခံစားလိုက်ရသည်ကို မောင်မောင်ကြီး သိပေလိမ့်မည်။

အတိတ်ကာလသည် ရှည်လျားစွာ ဖြတ်သန်းခဲ့ပြီးသော ခရီးတာအကွာအဝေး ဖြစ်ပါလျက် တဒင်္ဂအတွင်း လှစ်ခနဲ ရောက်သွားတတ်သည့် စိတ်အသိကြောင့် အနီးအပါးတွင် ယခုမှ လာရောက် ထင်ဟပ်သော အရိပ်တစ်ခုကဲ့သို့ တည်ဖွဲ့နေလေ၏။

❤

မေတ္တာနယ်တောမှာ
တမာ မလိုဘူး။
သစ္စာနဲ့ ပြောပါ
ညာစရာ မလိုဘူး။
ချစ်ပါတယ် ပြောပါ
ကမ္ဘာ မပြိုဘူး။

ဟူသော ကဗျာတွေ . . .။

နှင် ရက်ရှည် တစ်မြေခြားလို့
သစ်ရွက်ကြွေ နွေတံခါးမှာ
ချစ်မျက်ရည် ခြွေထားခဲ့ပါ
သည်။

ဟူသော ကဗျာတွေ နေရာအနှံ့ ပြန့်ပွားနေသော အချိန်တွင် သူတို့ စာသင်ခန်းအတွင်းမှာလည်း ထိုရောဂါ ပြန့်ကျဲလျက်ရှိ၏။

စာအုပ် လှလှကလေးတွေနှင့် ကဗျာလှလှလေးတွေ ရေးကြသည်။ များသောအားဖြင့်တော့ ပို့စ်ကတ်တွေ၊ စာစောင်တွေထဲက အာဂုံဆောင်ထားသော ကဗျာတွေ ကူးရေးကြခြင်းဖြစ်၏။ တချို့ကတော့ ကိုယ်ပိုင်ကဗျာလေးတွေ ရေးကြ၏။

ကောင်မလေးတွေက စာအုပ်လှလှလေးတွေကို လက်ဆောင်ကမ်းသည်။ တစ်တန်းလုံးနီးပါး တစ်ယောက်တစ်အုပ်နှုန်းဖြင့် ကဗျာတွေ ဝိုင်းရေးကြ၏။ တချို့ဆိုလျှင် မိမိအတန်းတွင်သာမက တစ်တန်းဝင် တစ်တန်းထွက်ဖြင့် တစ်ကျောင်းလုံး နှံ့သွားတတ်သေးသည်။

တချို့ကောင်လေးတွေက ကွက်လပ်ဖြည့်ခိုင်းတာ ဝါသနာပါကြသည်။ သူ့ရဲ့အမည်လေးက ဟု ခေါင်းစဉ်တပ်ပေးထားလျှင် တချို့က အမည်အရင်းရေးသည်။ တချို့က ကိုကိုဟု ရေးသည်။ တချို့က မောင်ဟု ရေး၏။

"လဝန်းဖွေးဖွေး ညအေးအေးမှာ"ဟု တချို့က ဝါကျအစပြု ပေးထားသည်။ ထိုအခါ "လဝန်းဖွေးဖွေး ညအေးအေးမှာ ကဗျာလေးတွေ သီကြမယ်" ဟု ရေးသူ ရေးသည်။ "အိပ်မက်ကလေးတွေ မက်ကြမယ်" ဟု ဖွဲ့သူဖွဲ့သည်။ "လဝန်းဖွေးဖွေး ညအေးအေးမှာ ချိုးလေးကိုင်ပြီး အိပ်ချင်တယ်" ဟူသော ရွတ်နောက်နောက် ကျောင်းသားတစ်ယောက်၏ အရေးအဖွဲ့ကို ယခုတိုင် သူ မှတ်မိနေသေးသည်။

❤

ကဗျာရေးဖို့ သူ့လက်ထဲသို့ ရောက်လာသော စာအုပ်လှလှလေးသည် ခင်ခင်ဝင်း၏ စာအုပ်။

ခင်ခင်ဝင်း၏ စာအုပ်ဟု သိလျှင် သိချင်း ရင်ခုန်အေးဝိမ့်သွားရသည်ဟု ကိုယ့်ကိုယ်ကိုယ် သူ သိ၏။ ရည်ရည်အောင်၏ စာအုပ်၊ စမ်းစမ်းဝေ၏ စာအုပ်၊ တခြားမိန်းကလေး ယောကျ်ားလေးတွေ၏ စာအုပ်တွေကို သူ ဟိုလုပ်သည်လုပ် လုပ်ခဲ့သည်။ ထိုစာအုပ်များပေါ်တွင် မည်သူက မည်သို့ပင် ရေးခိုင်းရေးခိုင်း မင်တစ်စက်မျှ သွားမချခဲ့။

"ရေးလေ၊ ဟိုမှာ ခင်ခင်ဝင်း ကြည့်နေတယ်"

ဟု မောင်မောင်ကြီးပြောသည်။

"ငါမှ မရေးတတ်ဘဲ၊ ပြီးတော့ သူများကဗျာတွေ အလွတ်ကျက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့လဲ ကူးမရေးပေးချင်ဘူး၊ ဘာရေးရမှန်းလဲ မသိဘူး"

"ဒါဆို ပြန်ပေးလိုက်တော့မယ်"

သူ့လက်ထဲမှ စာအုပ်ကို မောင်မောင်ကြီး လှမ်းယူမည် ပြင်၏။

"နေဦး မောင်မောင်ကြီး ခင်ခင်ဝင်းရဲ့ စာအုပ်ထဲမှာ တစ်ခုခုတော့ ရေးလိုက်ချင်တာတော့ အမှန်ပဲ"

"ဒါဆိုလဲ မြန်မြန်ရေးချလိုက်ကွာ"

ခင်ခင်ဝင်း ထိုင်နေရာသို့ သူ လှမ်းကြည့်သည်။ သူ့ရှိရာသို့ တစ်ချက် ငဲ့ကြည့်သော ခင်ခင်ဝင်းနှင့် အကြည့်ဆုံသည်။ ခင်ခင်ဝင်းက သူ့ကို လှမ်းပြုံးပြသည်။ ဖွေးလက်ဝင်းပသော မျက်နှာပြင်ပေါ်၌ သနပ်ခါးပါးကွက် ပါးပါးလေးကို သူ လှမ်းမြင်လိုက်ရ၏။

*သနပ်ခါးဖွေးဖွေး*
*သူ့ပါးလေးကို*
*မွှေးမွှေးလေးပဲ ပေးချင်တယ်။*

မျက်ဝန်းလုံ့တစ်စုံကို ရင်ခုန်စွာ ငေးကြည့်လျက် ထိုကဗျာကို သူရေးဖွဲ့သည်။

❤

ကံဆိုးခြင်းလား၊ ကံကောင်းခြင်းလား မဝေခွဲတတ်။ ထိုကဗျာနှင့်ပတ်သက်ပြီး တစ်တန်းလုံး တစ်ကျောင်းလုံးမှာရှိကြသော ကျောင်းသား ကျောင်းသူတော်တော်များများ အပြင်းအခုံတွေ ဖြစ်ပွားခဲ့ကြသည်။

သူ့ကဗျာလေးကို ကောင်းလိုက်တာဟု ပြောကြသည်။ "ဘယ်ပို့စ်ကတ်ထဲက ကူးတာလဲ" ဟု မေးကြသည်။ တိတိကျကျ အဖြေကို သူ မပေးခဲ့။ မောင်ပန်းမွှေးရဲ့ကဗျာဟု အများစုက ထင်မြင်ကြသည်။ မဖြစ်နိုင်ဘူး၊ ဒါ တခြားပို့စ်ကတ်က ကဗျာ ဖြစ်မယ်ဟု ငြင်းခုံကြသည်။ သူ ဘာကိုမှ နှုတ်မဟ၊ မည်သို့မျှ မဖြေရှင်း။

❤

"ကောင်စုတ်"

သူ့ကို ခင်ခင်ဝင်းက ယခုထက်တိုင် ထိုကဲ့သို့ ခေါ်ဝေါ်နေဆဲဖြစ်သည်။ သူက ဒါကိုပင် ကျေနပ်ကြည်နူး၏။

"အဲဒီ ကဗျာကို နင် ရေးတာ မဟုတ်လား၊ အဲဒီနေ့က ငါ သနပ်ခါးတွေ လိမ်းထားတယ်လေ၊ တခြား ပို့စ်ကတ်က ကူးပေးတာ မဟုတ်နိုင်ဘူး၊ ပြီးတော့ စမ်းစမ်းဝေတို့ ရည်ရည်အောင်တို့က ပြောတယ်၊ ဒါ သူငယ်ချင်းအချင်းချင်း မရေးသင့်တဲ့ကဗျာတဲ့ ကောင်စုတ်ရယ်၊ နင်လုပ်တာနဲ့ အတန်းထဲမှာ ငါ သနပ်ခါးတောင် မလိမ်ဝံ့တော့ဘူး၊ ပြောလေ၊ အဲဒါ နင့်ကိုယ်ပိုင်ကဗျာ မဟုတ်လား"

မလုံမလဲသော မျက်နှာထားမျိုး မဖြစ်အောင် သူ ဆင်ခြင်သည်။

"နင့်စာအုပ်မှာသာ ငါ ရေးလိုက်တာ၊ ပို့စ်ကတ်တစ်ခုခုထဲက ကဗျာပဲ၊ ဘယ်ပို့စ်ကတ်ထဲကလဲဆိုတာ မမှတ်မိဘူး၊ ဘာလဲ ခင်ခင်ဝင်း သူငယ်ချင်းအချင်းချင်းမို့ စတာ နောက်တာကို နင်က စိတ်ဆိုးချင်နေတာလား"

"စိတ်ဆိုးလို့ မေးတာမဟုတ်ဘူး ကောင်စုတ်ရဲ့၊ နင် ငါ့အပေါ် မရိုးသားတော့ဘူးလို့ တစ်အုပ်စုလုံးက ထင်နေတယ်၊ အဲဒါကို နင့်ဘက်က ငါဖြေရှင်းမလို့ တိတိကျကျ မေးနေတာ"

"ဒါဆို တိတိကျကျ ပြောလိုက်၊ ဖြူဖပ်ဖြူရော် မျက်နှာကြီးကို ဘယ်တော့မှ မွှေးမွှေးမပေးဘူးလို့"

"ကောင်စုတ်"

ပခုံးထက်သို့ ရိုက်ပုတ်ခဲ့သော လက်ဖဝါးနုလေးကို ယခုထက်ထိ လွမ်းနေမိသည်။

❤

"ဘယ်သူ့ကိုမှ အသိမပေး ဝန်မခံခဲ့ပေမယ့် ငါ့ကို မင်း အသိပေး ဝန်ခံခဲ့တယ်၊ အဲဒီကဗျာလေး ရေးပြီးတဲ့နောက် ခင်ခင်ဝင်းကို မင်း ချစ်နေတယ်ဆိုတာ ငါတစ်ယောက်တည်းကို မင်း ရင်ဖွင့်ခဲ့တယ်၊ ဘယ်သူ့ကိုမှ မပြောဖို့ မင်း နှုတ်ပိတ် ကတိတောင်းခဲ့တယ်"

မောင်မောင်ကြီးက သူ့ကို ငဲ့ကြည့်လျက် . . .

"ချိုထွေး၊ ငါ အခုထိ နှုတ်မဖွာဖြစ်ပါဘူးကွာ"

သူက မောင်မောင်ကြီးကို ငဲ့မကြည့်ဘဲ . . .

"အဲဒီအတွက် ငါ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ"

"ကျေးဇူးတင်တာတွေ မတင်တာတွေ ခဏထား၊ ငါ မင်းကို မေးစရာရှိတယ်"

"မေးလေ" ဟု ပြောသောစကားသံသည် လေသံသာသာမျှ။

မောင်မောင်ကြီးက ကားကို အရှိန်မြှင့်လိုက်ပြီး . . .

"အဲဒီအချိန်ကနေ တက္ကသိုလ်တက်ခဲ့ကြတဲ့ တစ်လျှောက်လုံး မင်း ဒီအတိုင်းပဲ နေခဲ့တယ်၊ ခင်ခင်ဝင်းအပေါ် မေတ္တာသက်ဝင်တဲ့အကြောင်း ခင်ခင်ဝင်း သိအောင် မကြိုးပမ်းခဲ့ဘူး၊ အကြည့်တစ်ကြည့်၊ စကားတစ်ခွန်း၊ အမူအရာတစ်ခုနဲ့တောင် မင်း မပြခဲ့ဘူး၊ အဲဒါ ဘာကြောင့်လဲ။

သူငယ်ချင်းဆိုတဲ့ အသိကြောင့် ဆင်ခြင်လိုက်တာလား၊ ဂုဏ်ရည်မတူတာကို တွေးပြီး မျိုသိပ်လိုက်တာလား၊ အဲဒါကို ငါသိချင်တယ်"

သူ သက်ပြင်းချ၏။

"ပြောလေ ချိုထွေး"

အတန်ကြာမှ သူ ပြောသည်။

"အခုချိန်ထိ ခင်ခင်ဝင်းကို ငါ ချစ်နေတုန်းပဲ မောင်မောင်ကြီး"

"ဘာ"

မောင်မောင်ကြီးက ကားကို အရှိန်လျှော့သည်။ သူ့ကို ငဲ့ကြည့်သည်။

"ဒါဆို မင်း မျိုသိပ်ခဲ့တာပေါ့"

သူ ခေါင်းယမ်းသည်။

"ဆင်ခြင်ခဲ့တာလား"

သူ ခေါင်းယမ်းသည်။

"ငါ သူ့ကို ချစ်နေတာ"

"အင်းလေ၊ အဲဒါကို ငါလဲ သိတယ်၊ သူငယ်ချင်းတွေလဲ ရိပ်မိတယ်





www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ဝင်းကိုယ်တိုင်လဲ သိထားတယ်၊ ပေမယ့် မင်းဘာကြောင့် ရင်မဖွင့်တာ ဆိုတာ အကုန်လုံးက စဉ်းစားလို့မရ ဘူး မင်းသာ ရင်ဖွင့်ခဲ့မယ်ဆိုရင် မင်း ကို ခင်ခင်ဝင်း လက်ခံလိမ့်မယ်ဆိုတာ အားလုံးက ကြိုတွက်ပြီးသား၊ မင်း ဘာကို ဆင်ခြင်ခဲ့တာလဲ မျိုးထွေး"

"ငါ ဆင်ခြင်ခဲ့တာလဲ မဟုတ် ဘူး ချီသိပ်ခဲ့တာလဲ မဟုတ်ဘူး မောင် မောင်ကြီး၊ ငါ့သူငယ်ချင်း ခင်ခင်ဝင်းကို ငါ သိပ်ချစ်ခဲ့တာ"

"ခင်ခင်ဝင်းကို တခြားသူနဲ့ လက် ထပ်ပေးတော့မယ်ဆိုတာ ခင်ခင်ဝင်းနဲ့ အတူ ငါတို့တွေ သိခဲ့ကြတာပဲ၊ မင်းလဲ သိခဲ့တာပဲ၊ မင်း ဘယ်လိုပေါက်ကွဲမလဲ ဆိုတာ ခင်ခင်ဝင်းရော ငါတို့ရော စောင့်ကြည့်နေခဲ့တာ အခုအချိန်ထိပဲ၊ အဲဒါကို မင်း မသိဘူး မဟုတ်လား"

"သိတယ်"

"ငါ မင်းကို နားမလည်တော့ဘူး ကွာ"

"မင်း နားလည်အောင် ငါရှင်းပြ မယ်ကွာ၊ ငါ ရှင်းပြတာကို တစ်ချိန် မှာ သူငယ်ချင်းတွေကို မင်း အသိ ပေးခွင့် ရှိပါတယ်။

ငါ ခင်ခင်ဝင်းကို သိပ်ချစ်လွန်း လို့ ချစ်တယ်လို့ မပြောဖြစ်ခဲ့တာပဲ၊ ချစ် တယ်လို့ ပြောလိုက်မိတာနဲ့ ပိုင်ဆိုင်လို တာ တပ်ပါလာမှာ အမှန်ပဲ၊ မမျှိုသိပ် နိုင်လွန်းလို့ ဖွင့်ပြောခဲ့မိရင်တောင် ချစ် တယ်လို့ ငါ ပြောဖြစ်မှာ မဟုတ်ဘူး၊ မြတ်နိုးတယ်လို့ပဲ ပြောမိမှာပဲ"

"ငါ နားမရှင်းသေးဘူး မျိုးထွေး"

"ပန်းတစ်ပွင့်ကို နှစ်သက်မြတ်နိုး တယ်ဆိုရင် အဲဒီပန်းပွင့်လေးကို ကိုင် တွယ်ခွင့်တောင် မရှိဘူး၊ ဒီအတိုင်းပဲ ကြည့်နေသင့်တယ်၊ မခူးရ၊ မဆွတ်ရ၊ မချိုးရ မပန်ရပေါ့ကွာ၊ ချစ်တယ်လို့ ပြောမိတာနဲ့ လိုချင်စိတ်အနည်းနဲ့အများ ပါလာလိမ့်မယ်၊

ငါ့သူငယ်ချင် ခင်ခင်ဝင်းကို ငါ မြတ်နိုးတယ်၊ ချစ်တယ်ဆိုတဲ့စကားမှာ လိုချင်တပ်မက်စိတ် အနည်းအကျဉ်း လောက်တော့ ပါနေမှာအမှန်ပဲ၊ သူငယ် ချင်း အဲဒါကြောင့် ငါ သူ့ကိုဘာမှမပြော ခဲ့တာပါ၊

အရွယ်ငယ်တုန်းက ခံစားသိနဲ့ ရေးခဲ့မိတဲ့ ကဗျာလေးထဲက မွှေးမွှေး လေးပဲ ပေးချင်တယ်ဆိုတဲ့ အသုံးအနှုန်း ကို သတိရတိုင်း ငါ နောင်တရတယ်၊ မြတ်နိုးမှုကို ထိပါးတဲ့ ဝေါဟာရပါလား လို့ တွေးပြီး တကယ့်မြတ်နိုးမှုကို အား နာတယ်"

"ဖြစ်မှ ဖြစ်ရလေကွာ"

ဟု မောင်မောင်ကြီး ပြော၏။

"အခု သူ့မင်္ဂလာဆောင်ကို သွား နေရပြီလေ၊ မင်း ဘယ်လိုမှ မခံစားရ ဘူးလား"

"ခံစားရတယ်၊ မနာလိုစိတ်၊ ဝန် တိုစိတ်မျိုးတော့ မဟုတ်ဘူး၊ ငါ အလှ ကြည့်နေတဲ့ ပန်းပွင့်လေးကို တစ်စုံတစ် ယောက်က တစ်နေရာရာကို ခူးဆွတ် ယူဆောင်သွားတော့မှာပါလား ဆိုတဲ့ အသိကြောင့် နှမြောတယ်၊ နဂိုအတိုင်း သူ့နေရာမှာ သူတစ်ယောက်တည်း ရှိနေ စေချင်တယ်၊ ငါ ဒါပဲ ပြောတတ်တော့ တယ်ကွာ"

ခေါင်းငိုက်စိုက်ကျသည်။

"အင်းလေ၊ ဘာပဲဖြစ်ဖြစ် အခြေ အနေက နောက်ကျနေပြီပဲ၊ သူ့ကို လက် ထပ်တဲ့သူက သူ့ကို သိပ်ချစ်နေပါစေလို့ ဆုတောင်းပေးနေကြရုံပေါ့၊ ပွဲကြည့် ပရိသတ်တစ်ယောက်အနေနဲ့ ငါသိသမျှ မင်းကို ပြောပြရမယ်ဆိုရင် မင်းပါးစပ်က ပြောမယ့် ချစ်တယ်ဆိုတဲ့စကားကို ခင် ခင်ဝင်း မျှော်လင့်ခဲ့တာ အမှန်ပဲ"

ငိုက်စိုက်ကျနေသော ဦးခေါင်း ကို ပြန်မတ်ပြီး ကားပြတင်းပေါက်မှ ဝင် လာသောလေကို တဝရှူလျက် . . .

"ပန်းတစ်ပွင့်ကို 'ချစ်တယ်' ဆိုပြီး ခူးဆွတ်လိုက်တာနဲ့ အဲဒီပန်းပွင့်လေးက နဂိုအတိုင်း ရှိတော့မှာ မဟုတ်ဘူး၊ ချစ် တယ်လို့ စကားအဖြစ်နဲ့ ပြောလိုက်မိရင် တောင် အဲဒါ စကားလုံးနဲ့ ခူးဆွတ်လိုက် တာပဲ သူငယ်ချင်း၊ ငါ့သူငယ်ချင်း ခင်ခင် ဝင်းကို စကားလုံးနဲ့တောင် ငါ မခူးဆွတ် ရက်ခဲ့တာပေါ့ကွာ"

မောင်မောင်ကြီး မျက်ရည်ဝေ့ သည်။ အင်းလျားလိတ်ဟိုတယ်ဘက်သို့ ကားကို ချိုးကွေ့လိုက်၏။

❤

သူတို့ သူငယ်ချင်းတွေ ထိုင်နေ ရာ စားပွဲဝိုင်းသို့ ခင်ခင်ဝင်း ရောက်လာ သည်။ "လှလိုက်တာ" ဟု စိတ်ထဲမှ မတွေးဖြစ်အောင် သူ နေသည်။

ခင်ခင်ဝင်းက သူ့ပခုံးကို လက် ကိုင်ပဝါ ကိုင်ထားသော လက်နုနုလေး ဖြင့် ပုတ်လျက် . . .

"ကောင်စုတ်၊ ဘာဖြစ်လို့ . . . နောက်ကျနေတာလဲ"

သူ အားပါးတရ ရယ်မောသည်။ အရယ်ရပ်လျက် . . .

"မောင်မောင်ကြီးနဲ့ ငါနဲ့ ဗိုလ် ချုပ်ဈေးထဲမှာ ကလေးအနှီးပိတ် ရှာဝယ် နေလို့"

သူငယ်ချင်းတွေ ရယ်ကြသည်။ ခင်ခင်ဝင်းက သူ့ကျောကုန်းကို အဆက် မပြတ် ထုနှက်သည်။ အရှက်မျက်နှာကို ကွယ်ကာလျက် "ဟိုဘက်သွားလိုက်ဦး မယ်" ဟု သူငယ်ချင်းတွေကို ပြော၏။

ခြေလှမ်း သုံးလှမ်းမျှ လှမ်းပြီး သောအခါ သူ့ကို ငဲ့ကြည့်လျက် မျက် စောင်းထိုးပြီး . . .

"ကောင်စုတ်"

သူငယ်ချင်းတွေ ရယ်ကြသည်။ သူပါ ရောနှောရယ်မောသည်။

"ကောင်စုတ်" ဟူသော အသံ လေးကို နားထဲတွင် ပဲ့တင်ထပ်စွာ ကြား နာကျန်ရစ်ခဲ့၏။ ငယ်စဉ်ကတည်းက သူ မြတ်နိုးခဲ့သော အမည်နာမ မြတ်နိုး စဖွယ် အမှတ်တရ။

❒ **မောင်လှမျိုး (ချင်းချောင်းခြံ)**

[အချစ်ဖြတ်သန်းရာဒေသနှင့် (ရင်တွင်းဖွဲ့ဝေဒနာများ) စာအုပ်မှ]



www.burmeseclassic.com

www.burmeseclassic.com

ထွန်းနေ

မင်းရဲ့တူ မောင်ထွန်းပေါက် ဆုံးပြီ။ အမြန်လာ။

**အစ်ကို ထွန်းဖေ။**

**ကမနက်ရွာ။**

မိမိထံရောက်လာသော ကြေးနန်းစာကို မယုံကြည်နိုင်ဘဲဖြစ်နေသည်။ ဦးထွန်းနေက ကြေးနန်းစာကို အထပ်ထပ် ပြန်ဖတ်သည်။ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေခဲ့သည်။ မိမိ၏ တူတော်သူ မောင်ထွန်းပေါက်သည် သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်မှာ တစ်လမျှပင် မကြာသေးပါ။

တူဆိုသော်လည်း သားအရင်းသဖွယ် ပြုစုစောင့်ရှောက်ပညာသင်ပေးခဲ့သည်။ အလယ်တန်းကျောင်းသားဘဝမှ ယခုဆယ်တန်းအောင်သည်အထိ မိမိနေထိုင်ရာ ပဲခူးမြို့ ဇိုင်းကနိုင်းရပ်ကွက်တွင် အတူနေထိုင်ခဲ့သူ ဖြစ်သည်။

ယခုနှစ် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ စာမေးပွဲအောင်၍ သူ့ဖခင်ရှိရာ ကမနက်ရွာသို့ ပြန်သွားသည်။ သူပြန်သွားပြီး တစ်လမျှပင် မကြာသေးမီ သေဆုံးကြောင်း ကြေးနန်းစာရောက်လာခြင်း ဖြစ်သည်။

စိတ်ထိခိုက် ကြေကွဲခြင်းဖြင့် ပဲခူးမြို့မှ အစ်ကိုရှိရာ ကမနက်ရွာသို့ ထွက်လာခဲ့သည်။

ကမနက်ရွာ ဟုသော်ကုန်းရွာများသည် ပဲခူးရိုးမတောင်ခြေတွင်ရှိသော ရွာများဖြစ်သည်။ အစ်ကိုဖြစ်သူ ဦးထွန်းဖေမှာ ကမနက်ရွာတွင် နေထိုင်ပြီး ဝါးခုတ် ထင်းခုတ်လုပ်ငန်းဖြင့် အသက်မွေးသူဖြစ်သည်။

မိမိက ပဲခူးမြို့တွင် အခြေကျပြီးကုန်သည်ဖြစ်နေသည်။ အစ်ကိုဖြစ်သူကို ခေါ်သော်လည်း အစ်ကိုက သူ့ဇာတိကို မခွာနိုင်၍ ရွာသံယောဇဉ်ဖြင့် ရွာတွင်သာ နေခဲ့သည်။

ယခုနှစ် ရှားရှားပါးပါး ကမနက်ရွာမှ မောင်ထွန်းပေါက် ဆယ်တန်းအောင်ခဲ့သည်။ ကမနက်ရွာတစ်ရွာလုံးလည်း ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

ဦးထွန်းဖေက သားကို ဖူးဖူးမှုတ်ထားခဲ့သည်။ ပဲခူးမြို့တွင် တက္ကသိုလ်ကျောင်းတက်ရန်သည်း စီစဉ်ထားပြီးဖြစ်သည်။ ယခု သားက မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်ခဲ့သည်။

ဦးထွန်းနေ ကမနက်ရွာသို့ ရောက်ရှိစဉ် တူတော်မောင် အလောင်းပြင်ထားသည်ကို တွေ့ရသည်။








www.burmeseclassic.com

www.burmeseclassic.com



# ယောင်ယောင်မိုးအောင်

## နတ်ကြီးသည့်ဝါးတောင်

"ဘယ်လိုဖြစ်ပြီး ကျွန်တော့်တူ သေရတာလဲ၊ ကျွန်တော် မယုံနိုင်ဘူး အစ်ကို၊ ကျွန်တော့်ဆီက ထွန်းပေါက် ပြန်သွားတာ ဘာကြာသေးလို့လဲ၊ ကျန်း ကျန်းမာမာနဲ့ အကောင်းပကတိပဲဟာ"

"မင်းတူက ဘာရောဂါမှ မရှိဘူး၊ ဖျားနာပြီး သေရတာလဲ မဟုတ်ဘူးကွာ"

"ဒါဖြင့် ဘယ်လိုသေရတာလဲ၊ ဒီနှစ်ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ဖို့ စီစဉ်ပြီးသား၊ အိမ်မှာ သူနေဖို့ အခန်းတောင် ပြင်ထားပြီးပြီ"

"ငါလဲ ခံစားရတာပါပဲကွာ၊ ရွာမှာ ဆယ်တန်းအောင်တာ ငါ့သား တစ်ယောက်ပဲ ရှိခဲ့တာ၊ ခကော့. ."

ပြောပြောဆိုဆို ဦးထွန်းဖေက မျက်ရည်မဆည်နိုင်ဘဲ ငိုချလိုက်သည်။

"မင်းတူသေရတာက သွေးအန်ပြီး သေခဲ့တာ၊ သိပ်ပြီး ထူးဆန်းတာပဲ၊ မင်းတူရဲ့ ကျောကုန်းကို လှန်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ အစ်ကို၊ သွေးအန်ပြီး သေတယ်ဆို"

"ထူးဆန်းလွန်းလို့ပါကွာ၊ ငါပြောသလိုသာ ကြည့်လိုက်စမ်းပါ"

ဦးထွန်းနေက သူ့ဘူ ကျောကုန်းဘက်သို့ လှန်ကြည့်လိုက်သည်။ ကျောကုန်းတွင် လက်ငါးချောင်းအရာကြီး ထင်ကျန်နေသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

"ဟာ ဒီလက်ချောင်းငါးချောင်း အရာကြီးက ဘယ်လိုဖြစ်လို့ ကျောမှာ ထင်ကျန်နေရတာလဲ၊ အရင်က မရှိပါဘူး"

"အေး ငါလဲ မယုံနိုင်လောက် အောင်ပါပဲကွာ၊ ခုလို ဖြစ်ရတာ ငါ့အပြစ်ပါကွာ၊ သားက ဆယ်တန်း အောင်ခဲ့တော့ သူ့အလိုလိုက်မိတာလဲ ပါတာပေါ့၊ ငါ့သားသေရတဲ့ အဖြစ်က ဆိုးလှပါတယ်ကွာ၊ ပြောရင် မင်းတို့ ယုံမှာတောင် မဟုတ်ဘူး၊ တို့ ဝါးခုတ်သွားတဲ့ တောင်ပေါ်တောထဲက အစောင့်နဲ့ မင်းတူက တွေ့ခဲ့တယ် ထင်ပါရဲ့၊ အဲဒီ အစောင့်နဲ့ လူစားလဲရမယ်လို့ မင်းတူ မသေခင်က ပြောသွားတာ"

"ဘာ တောထဲက အစောင့်နဲ့ လူစားအလဲခံရမယ် ဟုတ်လား၊ ဘယ်လိုလဲ၊ ကျွန်တော့်ကို သေသေချာချာ ပြောပြပါဦး"

"မင်းသိတဲ့အတိုင်း တို့ ဝါးခုတ်သွားတဲ့ ဝါးတောင်က တော်တော်နတ်ကြီးတယ်လို့ လူကြီးတွေပြောကြတာ၊ အမှားအယွင်းဖြစ်လို့ မရတဲ့ အခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေမှာ ရှိတယ်၊ တစ်ယောက်ယောက် အမှားပြုမိခဲ့ရင် တောမှောက်တာမျိုးနဲ့ ကြုံရတတ်တယ်တဲ့၊ မင်းတူက တောထဲမှာ အမှားတစ်ခုခု လုပ်မိခဲ့တာများ လားလို့ ငါ သံသယဝင်နေတယ်"

"ဘာကြောင့် အစ်ကို ဒီလို ပြောနိုင်ရတာလဲ"

"မင်းတူ သေပုံကို ကြည့်လေကွာ၊ တော်တော်ထူးဆန်းတဲ့အဖြစ်လေ"

"ကဲပါ၊ ဘယ်လို သေခဲ့ရတာ ဆိုတာကိုသာ ပြောပြပါ အစ်ကို"

"ပြောပါ့မယ်၊ ငါ့သားသေခဲ့ရတဲ့ အဖြစ်က ဒီလိုကြောင့်ပါ"

ဦးထွန်းဖေက သူ့သား မောင်ထွန်းပေါ်က် သေဆုံးခဲ့ရပုံကို ကြေကွဲစွာဖြင့် ညီဖြစ်သူအား ပြောပြလိုက်သည်။

"မနက်ဖြန် အဖေတို့ ဝါးတောင်သွားပြီး ဝါးခုတ်ကြမယ်ဆို"

"အေး ဟုတ်တယ်၊ လှည်းဆယ့်ငါးစီးလောက် သွားကြမယ်၊ သားက ဘာလို့ မေးတာလဲ"

"ပျော်စရာကြီး၊ သားလိုက်ချင်လို့ပါ"

"မလိုက်ပါနဲ့သားရယ်၊ ဒီအလုပ်တွေက သားနဲ့ မဖြစ်ဘူး၊ သိပ်ပင်ပန်းတာ၊ ပြီးတော့ သားက လုပ်ဖူးတာ မဟုတ်ဘူး"

"သား မရောက်ဖူးလို့ပါ၊ ဝါး မခုတ်ပါဘူး၊ အဖေတို့ လုပ်ကိုင်တာ သိချင်လို့ပါ၊ ထမင်းဝိုင်းချက်ပြီး လှည်းစောင့်ပေးမယ်လေ"

"ချက်ပြုတ်မယ့်သူတွေ ရှိပြီးသားပါ"

"ကျောင်းဖွင့်ရင် သားက ပဲခူးပြန်ရတော့မှာ၊ တက္ကသိုလ်တက်ရမှာဆိုတော့ ဒီကို ပြန်လာဖို့ မလွယ်တော့ဘူး၊ အဖေ့စကား နားထောင်ပါ့မယ်"

"ခက်တော့တာပဲ၊ ဒီဝါးတောင်က သိပ်နတ်ကြီးတာကွဲ့၊ တစ်ခုခု မှားလို့ မရဘူး သားရဲ့"

"သား ဘာမှ အမှားမလုပ်ပါဘူး၊ ဗဟုသုတရချင်လို့ပါ"

"အေးလေ သားက ဒီလောက် လိုက်ချင်နေမှတော့ အဖေ ခွင့်ပြုရတော့မှာပေါ့၊ ဒါပေမယ့် လူကြီးတွေ စကားနားထောင်ရမယ်၊ ဒီဝါးတောင်က နတ်ကြီးတော့ အမှားအယွင်း မလုပ်မိစေနဲ့နော်"

"စိတ်ချပါ အဖေရယ်၊ သား လူကြီးတွေ စကား နားထောင်ပါ့မယ်"

နောက်တစ်နေ့ နံနက် ဝေလီဝေလင်း အချိန်တွင် ကမနက်ရွာမှ လှည်းဆယ်စီးကျော် ပဲခူးရိုးမတောင်ပေါ် ဝါးခုတ်ထွက်ခဲ့ကြသည်။

မောင်ထွန်းပေါ်က်မှာ ပထမဦးဆုံး ခရီးစဉ်ဖြစ်သည့် အလျောက် လမ်းခရီးတွင် တွေ့ကြုံရသမျှ အားလုံး သူ့အတွက် အသစ်အဆန်းချည်း ဖြစ်နေသည်။ အတွေ့အကြုံသစ်လည်း ဖြစ်နေသည်။

သီချင်းတအေးအေးဖြင့် လိုက်ပါလာသည်။ ဝန်မပါသဖြင့် နွားများ မပင်ပန်းဘဲ နေမွန်းတည့်အချိန်တွင် ဝါးတောထဲသို့ ရောက်ခဲ့ကြသည်။

တဲထိုးသူက ထိုး၊ ချက်ပြုတ်ရေးအတွက် ပြင်ဆင်သူက ပြင်ဆင်နှင့် အလုပ်ရှုပ်နေကြသည်။

ညနေစာ စားသောက်ပြီးချိန်တွင် အမှောင်ထုက ရောက်ရှိလာတော့သည်။ မီးများ ဖိုလိုက်ကြသည်။ ရေနွေးကျိုသူက ကျိုနှင့် ညအိပ်ရန် ပြင်ဆင်ကြရသည်။ ညဘက် ကင်းစောင့်ရန် အလှည့်ကျ စီစဉ်ထားပြီး ဖြစ်သည်။ နွားများကို မီးဖိုအနီးတွင်ပင် အိပ်စေသည်။

နောက်တစ်နေ့ နံနက် အလင်းရောင်ပေါ်စမှာပင် ဝါးခုတ်ရန် တောင်ပေါ် သို့ အုပ်စုလိုက်တက်သွားကြသည်။ ချက်ပြုတ်ရန်နှင့် နွားစာကျွေး၊ နွားထိန်းရန် လေးငါးဦးသာ ကျန်ရစ်ခဲ့သည်။ ကျန်ရစ်သူများတွင် မောင်ထွန်းပေါ်က်လည်း အပါအဝင်ဖြစ်သည်။

စခန်းတွင် ကျန်ရစ်သူများ ကိုယ်စီ တာဝန်နှင့် အလုပ်ရှုပ်နေကြသည်။ မောင်ထွန်းပေါ်က် တစ်ယောက်သာ တာဝန်မရှိ အားလပ်နေသူဖြစ်သည်။

အခြားသူများက ကိုယ့်အလုပ်ကိုယ့်တာဝန်နှင့် ကိုယ်ဖြစ်နေ၍ မောင်ထွန်းပေါ်က်ကို ဂရုမစိုက်နိုင်ကြပေ။

အခြားသူများ အလုပ်ရှုပ်နေစဉ် မောင်ထွန်းပေါ်က် တစ်ဦးတည်း တဲများ အနောက်ဘက်တောထဲသို့ ထွက်လာခဲ့သည်။ လက်ထဲတွင် လောက်စာလုံးများနှင့် လောက်လေးခွ တစ်လက် ပါလာသည်။

လမ်းတွင် တွေ့ရာရာ ငှက်များကို ပစ်ခတ်ရင်း တောထဲတိုးဝင်ခဲ့သည်။ စခန်းနှင့် တစ်ခေါ်သာသာ ဝေးရာသို့ ရောက်ခဲ့သည်။ မကြာမီ နွယ်ပင်များ ရစ်ပတ်နေသော ကြီးမားသည့် ညောင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

နွယ်ပင်များ တွဲလဲကျနေသည်။ နွယ်ပင်များ တွဲလဲကျနေပုံမှာ ပုခက်သဖွယ် ဒန်းသဖွယ် ဖြစ်နေသည်။

မောင်ထွန်းပေါ်က်က စိတ်အေးလက်အေးဖြင့် ပုခက်ပုံဖြစ်နေသော နွယ်ပင်ကို ဒန်းအမှတ်ဖြင့် တက်စီးလိုက်သည်။

ဒန်းစီးရင်း ပါးစပ်မှ သီချင်းတစ်ပုဒ်ညည်းနေလိုက်သေးသည်။ နွယ်ဒန်းကို ရှေ့နောက် အားယူလွဲပြီး အတန်ကြာ စီးနေခဲ့သည်။

အတွေ့အကြုံသစ်များ ဖြစ်၍ အပျော်ကြီး ပျော်နေခဲ့သည်။ ထိုစဉ် အပေါ့အပါး သွားချင်လာသဖြင့် ဒန်းပေါ်မှ ဆင်းလိုက်သည်။

ပြီးနောက် ဒန်းကို ပြန်စီးသည်။ အားယူ၍ ဒန်းကိုလွဲလိုက်သည်။ မောင်ထွန်းပေါ်က် တစ်ယောက်တည်း ပျော်နေခဲ့သည်။ ဒန်းမှာ ရှေ့နောက်လွဲနေသည်။ သို့သော် ဒန်းမှာ မောင်ထွန်းပေါ်က် မလွဲဘဲ သူ့အလိုအလျောက် လှုပ်ရှားနေသည်ကို သတိထားမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ယောက်က ဒန်းကို လွှဲပေးနေသည့်အလား အရှိန်ဖြင့် ရှေ့နောက်လွှဲနေသည်။ အရှိန် တဖြည်းဖြည်းပြင်းလာသည်။ မောင်ထွန်းပေါက် ရပ်ချင်သော်လည်း ရပ်တန့်၍ မရတော့ပေ။ ကြောက်စိတ်ဖြင့် ဟစ်အော်လိုက်မိတော့သည်။

"တော်ပါပြီ၊ တော်ပါပြီ၊ ခေါင်းမူးလာပြီ၊ ရပ်ပါတော့"

ဟုအော်လိုက်သည်။ သို့သော် ဒန်းမှာ ရပ်တန့်မသွားဘဲ ဆက်လွှဲနေသည်။ အော်သံအဆုံးတွင် မိမိကျောပြင်ကို လက်ဝါးကြီးတစ်ဖက်ဖြင့် ဗုန်းခနဲ အရိုက်ခံလိုက်ရသည်။

အရိုက်ခံသည့် အရှိန်ဖြင့် ဒန်းပေါ်မှ ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။ နာကျင်လွန်းသဖြင့် အမယ်လေး ဟုအော်ကာ မှောက်လျက်လဲကျသွားပါတော့သည်။

သတိမေ့သလို အိပ်ပျော်သလို ဖြစ်ကာမြေကြီးပေါ် လဲနေသည်။

ဦးခေါင်း တစ်ခုလုံး မူးနောက်ရီဝေနေသလို ခံစားနေရသည်။

ထိုအခိုက် တစ်ကိုယ်လုံး အမွေးအမှင်များ ထူထပ်စွာ ဖုံးအုပ်နေသည့် လူထွားကြီးတစ်ဦး သူ့အာရုံထဲ ဘွားခနဲ ပေါ်လာသည်။

"ငါ ဒီတောကို စောင့်နေတာ ကြာခဲ့ပြီ၊ လူစား လဲချင်နေတာ၊ ခုတော့ အဆင်ပြေသွားပြီ၊ မင်းက ငါ့လူစား ဖြစ်သွားပြီ၊ မကြာခင် ငါ့ကိုယ်စား မင်းက ဒီ ဝါးတောကို လာရတော့မယ်"

"ကျွန်တော် မလာဘူး၊ ကျွန်တော် တက္ကသိုလ်တက်ရဦးမယ်"

"မလာလို့ မရတော့ဘူး၊ ငါ့လူစားအဖြစ် မင်းကို သတ်မှတ်လိုက်ပြီ"

"မလာဘူး၊ ဘယ်တော့မှ မလာဘူး ခင်ဗျားက ဘယ်သူလဲ"

"ငါက ဒီဝါးတောင်နဲ့ဝါးတောကို စောင့်နေရသူပဲ၊ ဒီဝါးတောထဲ ရောက်လာသူတိုင်း ငါ့ကို ပသခွင့်တောင်းပြီးမှ အလုပ်လုပ်ကြတာ"

"ကျွန်တော် ဘာလုပ်လို့လဲ၊ ဝါးလဲခုတ်တာ မဟုတ်ဘူး"

"မင်းက ခွင့်မတောင်းဘဲ ဒီတောထဲက ငှက်တွေ ပစ်ခဲ့တယ်၊ ပြီးတော့ ငါနေတဲ့ အပင်အောက်မှာ အလေးအပေါ့ စွန့်တယ်၊ အဆိုးဆုံးက ငါစီးနေတဲ့ နွယ်ဒန်းကို ခွင့်မတောင်းဘဲ တက်စီးခဲ့တယ်၊ ဒီအပြစ်တွေကြောင့် မင်းကို ခေါ်ရတော့မှာပဲ၊ မင်း ဒီနေရာ လာဖို့ ပြင်ထားပေတော့"

"မခေါ်နဲ့ မလာချင်ဘူး၊ မလာချင်ဘူး"

"မရတော့ဘူး၊ မင်းရဲ့ ကျောပြင်မှာ လက်ဝါးရာ တံဆိပ်ရိုက်ပြီးပြီ၊ မကြာခင် မင်း ဒီနေရာကို ရောက်လာတော့မယ်"

"မလာဘူး၊ မလာဘူး၊ ကယ်ကြပါဦး"

မောင်ထွန်းပေါက်က တအားကျုံးပြီး အော်လိုက်သည်။ ထိုသို့အော်ရင်း သတိမေ့နေရာမှ လန့်နိုးလာသည်။ မိမိပါးနှစ်ဖက်ကို ပုတ်၍ မိမိကို လှုပ်နိုးနေသော ရွာသားနှစ်ဦးကို တွေ့လိုက်ရသည်။

"ထွန်းပေါက် ထွန်းပေါက်၊ မင်း ဒီမှာလာပြီး အိပ်ပျော်နေတာလား၊ အိပ်မက် မက်နေတာလား၊ ဘာတွေ အော်နေတာလဲ"

"ကျွန်တော် အိပ်ပျော်နေတယ် ဟုတ်လား"

"မင်းရဲ့ အော်သံကြားလို့ တို့ရောက်လာတာ၊ ဒီအပင်အောက်မှာ မင်း အိပ်ပျော်နေတာ တွေ့ရတယ်၊ အိပ်နေရင်း မလာချင်ဘူး၊ မလာချင်ဘူးနဲ့ အော်နေတာ ဘယ်လိုဖြစ်ပြီး ကယောင်ကတမ်းတွေ အော်နေတာလဲ၊ အိပ်မက်မက်နေတာလား"

"ဟုတ်တယ်၊ ကျွန်တော် အိပ်မက် မက်နေတာ"

"ကဲ ထတော့ စခန်းပြန်ကြမယ်၊ မင်းအဖေ စိတ်ပူနေမယ်"

"ကျွန်တော့်ကို တွဲထူကြပါဦး"

"ဘာဖြစ်နေလို့လဲ"

"ကျွန်တော့် ကျောကုန်းမှာ အရိုက်ခံထားရလို့ တော်တော်နာနေတယ်၊ လမ်းမလျှောက်နိုင်ဘူးထင်တယ်"

"နေပါဦး၊ မင်းကို ဘယ်သူရိုက်သွားတာလဲ၊ ဘယ်သူမှလဲ မရှိပါဘူး"

"ဘယ်သူမှ မရှိပေမယ့် ဒန်းစီးနေတုန်း ကျောကုန်းအရိုက်ခံရလို့ ဒန်းပေါ်က ပြုတ်ကျပြီး မူးမေ့သွားတာ ထင်တယ်၊ ဒါမှမဟုတ် သတိမေ့နေတာ ထင်တယ်၊ အိပ်မက်မက်သလို ဖြစ်နေတုန်း ဦးလေးတို့ ရောက်လာတာ"

"ဟာ ဒီကောင်လေး ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘယ်သူက မင်းကို ရိုက်မှာလဲ၊ ကဲ ထသွားကြမယ်"

"မယုံရင် ကျွန်တော့်ကျောကုန်း လှန်ကြည့်ကြပါဦး"

ထွန်းပေါက်က အပေါ်အင်္ကျီချွတ်ပြီး ကျောကုန်းဘက်လှည့်ပြလိုက်သည်။

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ လက်ဝါးချောင်း အစင်းရာကြီး ထင်နေပါလား၊ ထူးဆန်းလိုက်တာ၊ မင်းတော့ တောခြောက်ခံရပြီ ထင်တယ်၊ လာ လာ ဒီနေရာက မြန်မြန်သွားမှ ဖြစ်တော့မယ်"

ရွာသားနှစ်ဦးက ထွန်းပေါက်ကို တွဲယူပြီး တဲစခန်းရှိရာ ပြန်လာခဲ့ကြသည်။ တဲစခန်းသို့ပြန်ရောက်ပြီး မောင်ထွန်းပေါက်မှာ အရိုက်ခံထားရသည့် ဒဏ်ကြောင့် မထိုင်နိုင်ဘဲ အိပ်ရာထဲ လဲနေတော့သည်။

ညနေစောင်းတွင် ဝါးခုတ်သူများ စခန်းသို့ တဖွဲဖွဲ ပြန်ရောက်လာကြသည်။ ခုတ်ယူပြီး စုပုံထားသော ဝါးများ လှည်းပေါ် တင်ကြသည်။

နောက်တစ်နေ့ မနက်ပိုင်းရွာပြန်နိုင်ရန် စီစဉ်နေကြခြင်း ဖြစ်သည်။ အလင်းရောင် မပျောက်မီ ဝါးများ လှည်းပေါ် အပြီးတင်ကြသည်။

အားလုံးပြီးစီးသွားတော့မှ ညနေစာကို စုပေါင်း စားသောက်ကြသည်။ မောင်ထွန်းပေါက်မှာ ထမင်းမစားနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အားလုံး စိတ်ပူပန်မှုများဖြင့် ထွန်းပေါက်ကို ဝိုင်းဝန်းပြုစုနေကြသည်။

မောင်ထွန်းပေါက်လည်း မည်သူ့ကိုမျှ စကားမပြောတော့ပါ။ သူ့အဖြစ်ကိုလည်း မည်သို့မေးမေး မဖြေတော့ပါ။ တိတ်ဆိတ်ငြိမ်သက်နေတော့သည်။ ယခုတစ်ပတ် ဝါးခုတ်ရာတွင် နှစ်ညအိပ်နှင့်ပင် ပြီးပြတ်ခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောနေမပူမီမှာပင် ဝါးတောမှ ရွာသို့ ပြန်လာကြသည်။ ဝန်ပါသဖြင့် အသွားတုန်းကကဲ့သို့ ခရီးမတွင်တော့ပါ။ လှည်းတန်းမှာ တအိအိသာ သွားနေသည်။

နေမွန်းတိမ်းပြီးမှ ရွာသို့ ပြန်ရောက်ကြသည်။ မောင်ထွန်းပေါက်တစ်ယောက်လည်း အိမ်ပြန်ရောက်သည်နှင့် အပြင်းဖျားနေသည်ကို တွေ့ရသည်။ အဖျားကြီး၍ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။ အတွေ့အကြုံရှိသော လူကြီးများက. . .

"ဒီမှာ ထွန်းဖေ၊ မင်းသားဟာ ဝါးတောင်မှာ အမှားတစ်ခုခု လုပ်ခဲ့ပြီ ထင်တယ်၊ သူဖျားနေတာ တစ်မျိုးပဲကွ၊ ပြီးတော့ ကျောကုန်းမှာ လက်ဝါးအရာကြီး ပါလာတာ မကောင်းဘူးကွ၊ ရွာထိပ်က ဆရာဦးသိန်းကို သွားပင့်ပြီး ပြကြည့်ပါ၊ ဆရာဦးသိန်းက ပယောဂကိစ္စတွေဆို တော်တော်နိုင်တာ"

"အင်း. . . ကျွန်တော်လဲ သားအတွက် စိတ်တော်တော်ပူနေတယ်၊ ဆရာဦးသိန်းဆီ ခုပဲ သွားတော့မယ်"

ချက်ချင်းပင် ဦးထွန်းဖေက ရွာထိပ်ရှိ ဆရာဦးသိန်းနေအိမ်ဘက်သို့ ထွက်သွားသည်။ ဆရာဦးသိန်း ခြံဝိုင်းအရောက်တွင် ဆရာဦးသိန်းကို အဆင်သင့်တွေ့ရသည်။

ဦးထွန်းဖေက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ဒီတောက ဒီလောက်နတ်ကြီးတယ်လို့ နာမည်ကြီးနေတာ ဒါကို ထွန်းဖေ မသိဘူးလား၊ သားကို ဘာဖြစ်လို့ ဝါးတောင်ကို ခေါ် သွားရတာလဲ"

"သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်ခဲ့မိတာ ကျွန်တော့်အမှားပါပဲ၊ ကျေးဇူးပြုပြီး ဆရာ လိုက်ကြည့်ပေးပါနော်"

"အင်း ထွန်းဖေ ပြောပုံအရဆိုရင်တော့ မင်းသားဟာ ဝါးတောမှာ အမှားအယွင်း တစ်ခုခု ဖြစ်ခဲ့ပြီ ထင်တယ်၊ လုပ်ခဲ့ရင်တော့ မလွယ်ဘူးကွယ့်၊ အေးလေ ဖြစ်လာမှတော့ လိုက်ကြည့်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ်၊ သားကိုလဲ ဘာမှ မေးလို့ မရဘူး၊ ဆရာ ကယ်ပါနော်"

"အေးပါ လိုက်ကြည့်ပေးပါ့မယ်"

ဆရာဦးသိန်းနှင့် ဦးထွန်းဖေ တို့ ထွန်းပေါက်တို့ ခြံဝရောက်လာသည်။ ဆရာဦးသိန်းကို တွေ့သည်နှင့် မောင်ထွန်းပေါက်က အော်ဟစ်ပြီး ပြောလိုက်သည်။

"ဆရာ မလာပါနဲ့တော့၊ ပင်ပန်းနေပါ့မယ်၊ ခုမှတော့ မထူးတော့ပါဘူး၊ ကျွန်တော့်ကို လာခေါ်နေကြပြီ၊ မကြာခင်သွားရတော့မယ်၊ ဆရာ ပြန်ပါတော့"

မောင်ထွန်းပေါက် အော်သံကြောင့် ဆရာဦးသိန်း ခြံဝတွင် ရပ်တန့်နေလိုက်သည်။

ဆရာဦးသိန်းက မောင်ထွန်းပေါက်ကို အသေအချာ စိုက်ကြည့်လိုက်သည်။ ပြီးနောက် ခြံအပြင်ဘက်သို့ ပြန်ထွက်ရန် ပြင်လိုက်သည်။

"ဆရာ ပြန်တော့မယ်၊ မင်းရဲ့သား အပမှီသလိုဖြစ်နေပြီ၊ မရတော့ဘူးထင်တယ်၊ အတွေ့အကြုံအရ ငါ သိနေရတယ်၊ မကယ်နိုင်တာ စိတ်မကောင်းပါဘူး"

ဆရာဦးသိန်း ပြန်ထွက်သွားပြီး ခဏအကြာမှာပင် မောင်ထွန်းပေါက် ပါးစပ်ထဲမှ သွေးများ ဝေါ့ခနဲအန်ကျလာသည်။

"အဖေ ကျွန်တော်မနေရတော့ဘူး၊ သွားရတော့မယ်၊ ဝါးတောမှာ လူစား သွားလဲရတော့မယ်"

"သား ဘာတွေပြောနေတာလဲ၊ မနက်ဖြန် မိုးလင်းတာနဲ့ သားကို မြို့က ဆေးရုံပို့မယ်"

"လူစား လဲရမယ်လို့ သားကို အသေအချာ ပြောခဲ့တာ"

"သား ဒါတွေ မယုံပါနဲ့၊ သား သွေးတွေအန်တာလဲ အစားမှားလို့ ဖြစ်မယ်ထင်တယ်၊ ဆေးရုံရောက်ရင် သားနေကောင်းသွားမှာပါ"

မောင်ထွန်းပေါက်မှာ စကားပြောနေရင်း သွေးများ အန်ကျလာပြန်သည်။ ကိုယ်အပူချိန်မှာလည်း လုံးဝ မကျဘဲ ဖြစ်နေသည်။

နောက်ထပ် တစ်ကြိမ်သွေးများ အန်ကျပြီးချိန်တွင် မောင်ထွန်းပေါက် စကားမပြောနိုင်တော့ဘဲ လဲကျသွားပါတော့သည်။ လုံးဝ သတိလည်မလာတော့ပါ။ တတ်ကျွမ်းသူများက စမ်းသပ်ကြည့်ကြသည်။

"ဟာ ထွန်းဖေ၊ မင်း သား အသက်မရှိတော့ဘူး"

"မင်းဟူ သေခဲ့ရတာ ခု ငါပြော ပြတဲ့အတိုင်းပါပဲ"

"ကျွန်တော့်တူ ထွန်းပေါက် ဝါးတောင် လိုက်သွားမိလို့ သေရ ပေါ့"

"အဖြစ်အပျက် အမှန်တွေ ပြောပြခဲ့ပြီးပြီ၊ ကျောကုန်းမှာလဲ ငါးချောင်း အရာကြီးပါလာတယ် တော့ လူစားလဲရမယ်လို့ သူ့ကို မက်ပေးခဲ့တယ်လို့ သူမသေခင်လေး ပြောပြသွားသေးတယ်"

"မယုံနိုင်စရာပါပဲလား ရာ၊ နတ်ကြီးတဲ့ဝါးတောင် လိုက် လို့ ရေတိမ်နစ်ခဲ့ရတာ၊ နှမြောလို ကျွန်တော် ဘယ်လိုဖြေရမှာလဲ"

"ရက်လည်ပြီးမှ ပြန် တို့ညီအစ်ကိုတွေ မတွေ့ရတာလဲ"

"ရက်လည်ပြီးမှ ပဲခူး မယ်၊ ကျွန်တော့်တူလေးရဲ့ ခရီးပဲလေ"





www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းပေါက်၏ ရုပ်အလောင်းကို ငါးရက်တိတိထားခဲ့သည်။ ငါးရက်မြောက်နေ့တွင် ရွာသင်္ချိုင်းမှာပင် မြှုပ်သင်္ဂြိုဟ်ပါသည်။ အလောင်းမြေချသည့် ထိုညတွင် ညီအစ်ကိုနှစ်ဦး အိပ်ရာတစ်ခုတည်း အတူအိပ်ကြသည်။ ပင်ပန်းထားကြသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေကြသည်။

"ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ် အဖေ၊ နှစ်ရက် သုံးရက်ပဲ နေရတော့မယ်၊ ခုတောင် အိမ်ရှေ့က ဝါးပင်မှာ ကျွန်တော်ရှိနေတာ"

"ဘာလို့ ဝါးပင်မှာ နေရတာလဲ၊ ရက်လည်တဲ့အထိ အိမ်ပေါ်မှာပဲ နေပါတော့လား"

"အဖေ့ဆန္ဒအတိုင်း အိမ်ပေါ်မှာလဲနေမယ်၊ ဝါးပင်မှာလဲ နေမယ်လေ"

"ရက်လည်ပြီး သားက ဘယ်ကိုသွားမှာလဲ၊ ဝါးတောထဲသွားပြီး လူစားလဲနဲ့နော်၊ ငါ့သား တောထဲမသွားရဘူး မသွားရဘူး"

အစ်ကို၏အသံကြောင့် နံဘေးတွင် အိပ်နေသော ဦးထွန်းနေက သူ့အစ်ကို ဦးထွန်းဖေကို လှုပ်နှိုးလိုက်သည်။

"အစ်ကို ဘာတွေ အော်နေတာလဲ မသွားရဘူး၊ မသွားရဘူးနဲ့ အိပ်မက်မက်ပြီး အော်နေတာလား"

"ဟုတ်တယ်၊ မင်းတူက ငါ့ကို အိပ်မက်ပေးတာ၊ အိမ်ရှေ့က ဝါးပင်မှာ သူရှိနေတယ်တဲ့"

"အစ်ကို့သားကို စိတ်စွဲပြီး အိပ်မက်မက်တာ ဖြစ်မှာပါ၊ ဒါတွေ သိပ်မယုံပါနဲ့၊ အချိန်ရှိသေးတယ်၊ ပြန်အိပ်လိုက်ပါဦး"

နောက်တစ်နေ့ နံနက်မှစ၍ ဦးထွန်းဖေမှာ နံနက် ညနေ ထမင်းစားချိန်အတိုင်း အိမ်ရှေ့ရှိ ဝါးပင်ရင်းတွင် ထမင်းတစ်ပွဲသွားရောက်ချထားသည်ကို တွေ့ရသည်။

"သား မောင်ထွန်းပေါက် ရေ၊ သား ဒီဝါးပင်မှာရှိနေတာ အဖေ့ကို အိပ်မက်ပေးလို့ အဖေ သိပါပြီ၊ ဒါကြောင့် ထမင်းလာကျွေးတာ၊ စားပေတော့"

ဦးထွန်းဖေ ထိုသို့ ပြောလိုက်သည်နှင့် လေမတိုက်ပါဘဲလျက် ဝါးပင် ဝါးရွက်များ ရှတ်တရက် လှုပ်ရှားသွားသည်။ ဦးထွန်းဖေက တအံ့တသြ ကြည့်နေလိုက်သည်။

သူ့သား ဝါးပင်တွင် အမှန်တကယ်ရှိနေကြောင်း ဦးထွန်းဖေ ယုံကြည်သွားတော့သည်။ ထို့ကြောင့် မနက်စာ ညနေစာ အချိန်မှန် ဝါးပင်ရင်းတွင် ထမင်းပွဲပြင်၍ ကျွေးသည်။ အခြားသူများက အံ့သြသလို ကြည့်သွားကြသည်ကို ဦးထွန်းဖေ ဂရုမစိုက်နိုင်တော့ပါ။ ရက်မလည်သေး၍ အိမ်တွင်လူစည်နေသည်။ တောဓလေ့အတိုင်း ခြံဝိုင်းထဲတွင် ဖဲဝိုင်းများရှိသည်။ အိမ်ပေါ်တွင် ဧည့်သည်များလည်းရှိနေသည်။

ဦးထွန်းဖေ ဝါးပင်အောက်မှ ဖြတ်သွားတိုင်း ဝါးပင်များ လှုပ်ရှားလာတတ်သည်။ လေတိုက်သကဲ့သို့ ကိုင်းညွှတ်ယိမ်းထိုး လှုပ်ရှားလာတတ်သည်။ သားဖြစ်သူက သူရှိနေကြောင်း ပြသည့်သဘော ဖြစ်သည်။

"သား မလုပ်နဲ့တော့၊ လူတွေကြောက်သွားရင် မကောင်းဘူး၊ သားဒီမှာရှိနေတာ အဖေ ယုံပါပြီ"

ဦးထွန်းဖေ ထိုသို့ ပြောလိုက်သည်နှင့် လှုပ်ယိမ်းနေသော ဝါးကိုင်းများ၊ ဝါးရွက်များ ရှတ်တရက် ငြိမ်သက်သွားတော့သည်။ သူ့သား ဝါးပင်တွင်ရှိနေကြောင်း ဦးထွန်းဖေ ပို၍ပင်ယုံကြည်နေတော့သည်။

ရက်မလည်မီ တစ်ရက်အလိုနေ့က ဖြစ်သည်။ ဦးလေးဖြစ်သူ ဦးထွန်းနေက သူ့တူ ထွန်းပေါက် သေဆုံးရသည့် အဖြစ်အား ဘဝင်မကျဖြစ်ကာ ဆရာဦးသိန်းနှင့် သွားရောက် ဆွေးနွေးမေးရန် အစ်ကို ဖြစ်သူကို ပြောလိုက်သည်။

"သေသွားပြီးတဲ့ မင်းရဲ့တူက ပြန်ရှင်လာတော့မှာမှ မဟုတ်တာ၊ မသွားပါနဲ့တော့"

"ကျွန်တော့်တူ သေပုံက ဆန်းနေလို့ပါ၊ ကျွန်တော် ဆရာသိန်းနဲ့ သွားတွေ့မယ်၊ နည်းနည်းပါးပါး မေးကြည့်ချင်လို့ပါ၊ သွားလေသူ ကျွန်တော့်တူလေးအတွက် ကောင်းတာလေးတွေ လုပ်ပေးချင်လို့ပါ"

"အေးလေ၊ မင်း ဒီလောက် ဆရာသိန်းဆီ သွားချင်နေမှတော့ သွားကြတာပေါ့၊ ငါကတော့ သိပ်မသွားချင်တော့ဘူး"

"ဆရာသိန်းက ခုလို ကိစ္စတွေမှာ ကျွမ်းကျင်ပါတယ်၊ သွားမေးသင့်တယ်"

"ဟိုနေ့က သွားပင့်တုန်းက ခြံဝင်းထဲတောင် မဝင်တော့ဘဲ လှည့်ပြန်သွားခဲ့တယ်လေ"

"ဟုတ်တယ်လေ၊ မင်းသား မရတော့ဘူးလို့ ပြောသွားတာပဲ၊ သူပြောတဲ့အတိုင်း အမှန်ဖြစ်ခဲ့တာပဲ၊ သူ့ပြောစကားအရ ဆရာသိန်းရဲ့ပညာကိုခန့်မှန်းလို့ရပါတယ်၊ လာပါ သွားကြမယ်"

မောင်ထွန်းပေါက် သေဆုံးရပုံကို ပယောဂဆရာ ဆရာသိန်းထံ သွားမေးမည်ဆို၍ ဆွေမျိုးများပါ လိုက်ပါလာကြသည်။ လူဆယ်ဦးကျော်ခန့်ရှိသည်။ ရွာထိပ်ရှိ ဆရာသိန်း နေအိမ်ဘက်သို့ ထွက်လာကြသည်။

ဆရာသိန်းကို ခြံထဲတွင် အဆင်သင့်တွေ့ရသည်။ ခြံဝင်လာသူများကို ဆရာသိန်းက လှမ်းကြည့်လိုက်သည်။ ပြီးနောက် လူစုကို ကျော်၍ နောက်ဘက်သို့လည်း လှမ်းကြည့်လိုက်သေးသည်။

"လူစုနဲ့ပါလား၊ လာ လာထိုင်ကြ၊ အကြောင်းကိစ္စရှိလို့ လာကြတာလဲ၊ မောင်ထွန်းပေါက်သေရတဲ့ ကိစ္စပဲ ထင်တယ်"

"ဒီလိုပါ ဆရာ၊ သားမသေခင် ဝါးခုတ်သွားတော့ သားက ပုဆိုးဘာနဲ့ ဝါးတောင်ခေါ် သွားခဲ့တယ်၊ သားက ဝါးတောထဲတစ်ယောက်တည်းပျောက်သွားခဲ့တယ်၊ အဲဒီမှာ ဖြစ်ပျက်ခဲ့တာတွေ ဆရာ့ကို ပြောပြခဲ့ပြီးပါပြီ၊

www.burmeseclassic.com

သွားမသေခင် တောထဲက အစောင့်နဲ့ လူစားသွားလဲရမယ်လို့ ပြောတယ်၊ မကြာခင် သွားရတော့မယ်လို့လဲ ပြောခဲ့တယ်၊ အဲဒီကိစ္စ နည်းနည်းထူးဆန်းနေတယ်၊ ဒါကြောင့် ဆရာ့ဆီ လာခဲ့ကြတာ"

"ဩော် . . . မင်းတို့က သူ့အကြောင်း မေးဖို့ လာခဲ့ကြတာကိုး၊ ဒါကြောင့် မင်းတို့နဲ့အတူ လူတစ်ယောက် ကပ်ပါလာတယ်ကွယ့်"

ဆရာ့စကားကြောင့် ပါလာသူများ နောက်ဘက် ခြံဝသို့ လှည့်ကြည့်လိုက်ကြသည်။

"ဘယ်သူမှလဲ မတွေ့ပါဘူး ဆရာ"

"ခြံထဲ မဝင်ရဲလို့ ခြံဝမှာ ကျန်ခဲ့တယ်၊ မင်းတို့ ဒီကပြန်ရင် သူလဲ ပြန်လိုက်သွားမှာပဲ၊ ဒါပေမယ့် ကြောက်စရာမလိုဘူး၊ သူရှိကြောင်း သူနဲ့ ရင်းနှီးသူတွေကို ပြချင်ပြလိမ့်မယ်၊ သတိထားမိရင်တော့ ထူးခြားတာတွေ တွေ့ကြုံရလိမ့်မယ်ထင်တယ်"

"သူ ဝါးပင်မှာရှိနေကြောင်း ပြပြီးပါပြီ ဆရာ"

"အေးလေ မင်းက အဖေပဲ၊ သူရှိကြောင်း သိအောင် ပြတာဖြစ်မယ်၊ မောင်ထွန်းပေါက် ပြောခဲ့တာတွေ အစွဲအလမ်း မထားပါနဲ့၊ ဒီရွာမှာ ဒီကလေးတစ်ယောက်တည်းပဲ ဆယ်တန်းအောင်ခဲ့တာကွယ့်။

မောင်ထွန်းပေါက် ခုလိုဖြစ်ရတာ ဆရာလဲ စိတ်မကောင်းပါဘူး၊ ဝါးတောထဲက အစောင့်နဲ့သွားပြီး လူစားလဲရမယ်ဆိုတာတွေ သိပ်ပြီး မစွဲပါနဲ့၊ သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များများသာလုပ်ပေးကွယ့်၊ အမျှအတန်းပေးဝေပါ၊ ဒါမှ သူ လွတ်ရာကျွတ်ရာ သွားနိုင်မှာကွယ့်၊ ဒါက အကောင်းဆုံးပါပဲ"

"ဒါတော့ စိတ်ချပါ၊ ကျွန်တော့်သား တောထဲက အစောင့်နဲ့ လူစားသွားလဲလို့တော့ မဖြစ်ဘူး၊ ဆရာ ပြောသလို သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ များများလုပ်ပေးမယ်၊ မကြာမကြာလဲ လုပ်ပါ့မယ်"

"မောင်ထွန်းပေါက် အတွက် ကယ်တင်ဖို့ အဲဒါ အကောင်းဆုံးပဲကွယ့်၊ ဒါနသာ များများလုပ်၊ အမျှအတန်းပေးဝေပေါ့၊ ကဲ ကဲ သွားကြတော့၊ မှောင်သွားရင် မကောင်းဘူးကွယ့်"

ရက်လည်သည့်နေ့တွင် ပင့်သံဃာ(၅)ပါး ကြွရောက်တော်မူလာသည်။ မောင်ထွန်းပေါက် အတွက် ရည်စူး၍ ဝတ္ထုငွေများ၊ သင်္ကန်းများလည်း ဆက်ကပ်လှူဒါန်းပေးခဲ့သည်။ ရေစက်ချ အမျှဝေရာတွင် မောင်ထွန်းပေါက် နာမည်ကိုခေါ်ကာ အမျှအတန်း ပေးဝေခဲ့ပါသည်။

နေမွန်းတိမ်းစပြုတော့မှ ရက်လည်အလှူကိစ္စ ပြီးစီးသွားတော့သည်။ ဆောက်လုပ်ထားခဲ့သော တာလပတ်အမိုး၊ မဏ္ဍပ်များ ဖြုတ်သိမ်းကြသည်။ ငှားရမ်းထားသော အိုးခွက် ပန်းကန်ခွက်ယောက်များ အပ်နှံသူက ပြန်လည်အပ်နှံကြသည်။

သက်ဆိုင်ရာ ပတ်သက်သူများအားလုံး အလုပ်ရှုပ်နေတော့သည်။ ညနေပိုင်းမှ လူရှင်းသွားတော့သည်။ ဧည့်သည်များလည်း ပြန်သွားကြပြီဖြစ်သည်။ ဆွေမျိုးအနည်းငယ်သာ အိမ်တွင် ကျန်ခဲ့သည်။ အားလုံး ပင်ပန်းနေကြပြီ ဖြစ်သည်။

ခပ်စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ ဦးထွန်းဖေ၊ ဦးထွန်းနေညီအစ်ကိုနှစ်ဦး တစ်အိပ်ရာတည်းတွင်ပင် အတူအိပ်ကြသည်။

ည လူခြေတိတ်ချိန်တွင် ညီဖြစ်သူ ဦးထွန်းနေထံမှ ဝူးဝူးဝါးဝါး လှုပ်ရှားရုန်းကန်သံများကြောင့် အစ်ကိုဖြစ်သူ ဦးထွန်းဖေ အိပ်ရာမှ လန့်နိုးလာခဲ့ရသည်။

"ညီလေး ထွန်းနေ၊ ဝူးဝူးဝါးဝါးနဲ့ ဘာတွေ ဖြစ်နေတာလဲ၊ မင်းလက်တွေက ဟိုယမ်း ဒီယမ်းနဲ့ ဘာဖြစ်လို့လဲ"

"ကျွန်တော့် အိပ်မက်ထဲမှာ ကျွန်တော့်တူ မောင်ထွန်းပေါက်နဲ့တွေ့တယ်၊ ကျွန်တော့်တူလေးလုပ်လို့ ကျွန်တော်ခုလို လှုပ်လှုပ်ရှားရှား ဖြစ်သွားတာ"

"အိပ်မက်ထဲမှာ မင်းတူနဲ့ တွေ့တယ်၊ မင်းတူက ဘာလုပ်လိုက်လို့လဲ"

"တံခါးတွေ ပိတ်ထားတော့ သူထွက်သွားလို့ မရဘူး ဖြစ်နေတယ်တဲ့၊ တံခါး ဖွင့်ပေးဖို့ လာနှိုးတာဖြစ်မယ်၊ ကျွန်တော့် ရင်ဘတ်ကို ဖိထားသလိုပဲ၊ အသက်ရှူမဝဖြစ်ပြီး လန့်အော်မိတာ ထင်တယ်"

ညီဖြစ်သူ၏ စကားကြောင့် ဦးထွန်းဖေက တံခါးများကို ကြည့်လိုက်သည်။ မှန်အိမ်မီးရောင်ရှိနေ၍ ထင်ထင်ရှားရှား တွေ့ရသည်။ အိမ်တံခါးမကြီး ပိတ်ထားသည်၊ ခေါင်းရင်းဘက် ပြတင်းပေါက်တံခါးလည်း ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

"အိပ်ရာဝင်စက ခေါင်းရင်းဘက် ပြတင်းပေါက်တံခါး ငါဖွင့်ထားတာပဲ၊ ဘယ်သူပိတ်လိုက်လဲ မသိဘူး"

"ကြောက်တတ်တဲ့သူ တစ်ယောက်ယောက် လာပိတ်လိုက်တာ ထင်တယ်"

"ဒါဆိုလဲ တံခါးတွေ ဖွင့်ပေးလိုက်ကြတာပေါ့ကွာ၊ ဒါမှ ငါ့သား သွားလိုရာ သွားနိုင်မယ်"

ဦးထွန်းဖေက တံခါးမကြီးရှိရာ ထသွားပြီး တံခါးချက်ဖြုတ်ကာ ဖွင့်လိုက်သည်။

ထိုအချိန်တွင် ညီဖြစ်သူ ဦးထွန်းနေက ပြတင်းပေါက် တံခါးဖွင့်ရန် ချက်ဖြုတ်လိုက်သည်၊ တံခါးချက် ဖြုတ်ရုံသာရှိသေးသည်။ ပြတင်းပေါက် တံခါးနှစ်ချပ်မှာ တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သကဲ့သို့ အလိုအလျောက် ပွင့်ထွက်သွားသည်။

တစ်စုံတစ်ယောက် တိုးထွက်သွားသည့်အလား ပြတင်းပေါက် တံခါးနှစ်ချပ် လှုပ်ခါကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းနေမှာလည်း အံ့အားသင့် မှင်တက်မိနေခဲ့သည်။ ပြီးမှ သတိပြန်ဝင်လာကာ အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"ပြတင်းပေါက်တံခါးနှစ်ချပ် မင်းချက်ဖြုတ်ရုံရှိသေးတယ်၊ မင်း မဖွင့်ခင် ပွင့်ထွက်သွားတာ ငါ မြင်လိုက်တယ်၊ မင်းရဲ့တူ မင်းကို အိပ်မက်ပေးတာ အမှန်ဖြစ်မယ် ထင်တယ်"

"အံ့ဩဖို့ကောင်းလိုက်တာဗျာ၊ ကျွန်တော် ဒါမျိုးတွေ အယုံအကြည်မရှိခဲ့ပါဘူး၊ ခုတော့ ကိုယ်တွေ့ကြုံရပြီ"

မယုံနိုင်ဖွယ်ရာ အဖြစ်အပျက်ကြောင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလျက်သား ဖြစ်နေတော့သည်။

လေမတိုက်ပါဘဲလျက် တံခါးနှစ်ချပ် လှုပ်ခါနေဆဲ ဖြစ်နေသည်ကို တွေ့ရသည်။

ဦးထွန်းဖေက ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့ရှိ ဝါးပင်များရှိရာ လှမ်းကြည့်လိုက်သည်။



လေတိုက်ခတ်မှု မရှိသဖြင့် ဝါးပင် ဝါးရွက်များ ထူးခြားစွာ ငြိမ်သက်နေသည်။

"အဖေ ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ်၊ သုံးလေးရက်ပဲ နေရတော့မယ်"ဟူသည့်အိပ်မက်ထဲတွင် သူ့သားပြောခဲ့သည့် စကားကို ဦးထွန်းဖေ ပြန်လည်ကြားယောင်နေမိသည်။

သူ့သား မောင်ထွန်းပေါက် တစ်ယောက် အမှန်တကယ် လွတ်ရာ ကျွတ်ရာသို့ သွားနိုင်ခဲ့ပြီလား၊

သို့တည်းမဟုတ် လူစားလဲရန် ဝါးတောထဲသို့ပင် သွားခဲ့လေပြီလား ဆိုသည်ကိုတော့ ဦးထွန်းဖေ တစ်ယောက် မတွေးတတ်နိုင်အောင် ဖြစ်နေပါတော့သည်။

❒ မောင်မောင်မိုးအောင်




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ**

**စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)**

**ကလောင်ခွဲ – ကာလီဒါ့ချ်. (မြန်မာပြည်)**


- ယတြာခါတ်ရိုက်ခါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဗေဒင် ☎ း ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱 း ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

"တပည့်တော်မှာ နေ့စဉ် စိတ်ဆင်းရဲစရာတစ်ခု ကြုံနေရလို့ လျှောက်ထားပါရစေ ဘုရား"

"ဒကာကြီးမှာ ဘာများ စိတ်ဆင်းရဲစရာ ကြုံနေရလို့လဲ လျှောက်ထားစမ်းပါဦး"





www.burmeseclassic.com

"တပည့်တော် အလုပ်လုပ်တဲ့ နားက အိမ်တစ်အိမ်မှာ အိမ်သား တစ်ယောက်က ပက်လက်ကုလားထိုင်ပေါ်မှာထိုင်နေပြီး သူ့ခြေရင်းမှာ တင်ပျဉ်ခွေ ဘုရားဆင်းတုတော် တစ်ဆူ ချထားတယ် ဘုရား၊ ပြီးတော့ ဆင်းတုတော်ရဲ့ ဦးခေါင်းတော်ပေါ်မှာ ဦးထုပ်တစ်လုံး ဆင်ထားတယ် ဘုရား။

ဧည့်ခန်းထဲက အရက်ပုလင်းတွေထားတဲ့ ဘားကောင်တာနားမှာလဲ ကျောက်ရုပ်ဆင်းတုတော်ကြီး တစ်ဆူကို ထားတာ တပည့်တော် မြင်ရတိုင်း စိတ်ဆင်းရဲနေရတယ်ဘုရား၊ တပည့်တော် ငွေစုပေါင်းပြီး ရတဲ့ငွေနဲ့ အဲဒီအိမ်ထဲက ဆင်းတုတော်ကြီးနှစ်ဆူကို တောင်းဝယ်ပြီး ဘုန်းကြီးကျောင်းမှာ ထားချင်တယ် ဘုရား"

"ဘယ်နားက အိမ်မှာ ဒကာကြီး တွေ့တာလဲ"

"တပည့်တော်တို့ အခုပြင်ဆင်ရေးလုပ်နေရတဲ့ နှစ်ထပ်တိုက်လေးက ဟော်လန်လမ်းမကြီးဘေးက ဟော်လန်ဂရို့လမ်းသွယ်ထဲမှာပါဘုရား၊ နိုင်ငံခြားသားတွေကြီးနေတဲ့ ဆိတ်ငြိမ်ရပ်ကွက်ထဲက ဟော်လန်ဂရိုလမ်းသွယ်ပါဘုရား"

"ဒကာကြီး စင်ကာပူရောက်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လကျော်လောက်တော့ ရှိပြီ ဘုရား"

"နောင် အနေကြာလေ ဒါမျိုးတွေ အများကြီး တွေ့ရမယ် ဒကာကြီး၊ သူတို့ဆီက တောင်းဝယ်လို့လဲ ရမှာ မဟုတ်ဘူး၊ အလှူခံလို့လဲ မရနိုင်ဘူး ဒကာကြီး၊ ဘာသာမတူ လူမျိုးမတူတဲ့ တိုင်းတစ်ပါးသားတွေဟာ ဗုဒ္ဓဆင်းတုတော်ကို တချို့က ရှေးဟောင်းပစ္စည်းအဖြစ် စုဆောင်းကြတယ်၊ ဝါသနာအရ ဆို့ တချို့ကတော့ ပန်းပုရုပ်တုအနေနဲ့ အလှအပအဖြစ် ဝယ်ယူစုဆောင်းကြတယ်၊ ဗုဒ္ဓဆင်းတုတော်အဖြစ် သိသူလဲ ရှိတယ်၊ မသိကြတဲ့သူတွေလဲ ရှိတယ်၊ သူတို့အနေနဲ့ တို့ရဲ့ဘာသာ သာသနာတော်ကို တမင်သက်သက် စော်ကားဖျက်ဆီး ရမ်းကားတာ မဟုတ်တော့ အပြစ်သွားပြောလို့လဲ မဖြစ်ပြန်ဘူး"

"တပည့်တော် ရင်ထဲမှာတော့ တစ်ခါမှလဲ ဒါမျိုးမမြင်ဖူးတော့ မြင်တွေ့ရတိုင်း စိတ်ဆင်းရဲနေရပါတယ် ဘုရား"

"အင်း ဒကာကြီး ခံစားရတာလဲ ဘုန်းကြီးကိုယ်ချင်းစာပါတယ်၊ ဘုန်းကြီးလဲ စင်ကာပူရောက်ခါစက အဲဒီလိုတွေ မြင်တွေ့ရတော့ အတော်စိတ်ထိခိုက်ရသေးတယ်၊ ဒီမယ် ဒကာကြီး ဟောဒီ ဘုန်းကြီးလက်ထဲက ဗလာစာရွက်ကို ကြမ်းပြင်မှာ အခုလိုချလိုက်မယ်၊ ဒကာကြီး မတ်တတ်ရပ်ပြီး ဗလာစာရွက်ပေါ် ကျော်နင်းသွားရဲသလား"

"သွားရဲပါတယ် ဘုရား"

"ကဲ ဟောဒီလို ဗလာစာရွက်ပေါ်မှာ ဘုန်းကြီးက ငါးရုပ်လေးဆွဲပြီး ကြမ်းပြင်ပေါ် ချထားရင်ကော ဒကာကြီး ဒီငါးရုပ်ရေးထားတဲ့ ဗလာစာရွက်ပေါ် ကျော်နင်းသွားရဲသလား"

"ကျော်ပြီး နင်းသွားရဲပါတယ် ဘုရား"

"အေး ဟုတ်ပြီ၊ ဒီလိုဆိုရင် ဟောဒီဗလာစာရွက်ပေါ်မှာ ဘုန်းကြီးက ဘုရားပုံတော် အခုလို ဆွဲထားပြီး ကြမ်းပြင်ပေါ် ချထားရင် ဒကာကြီးက ဒီဗလာစာရွက်ပေါ် ကျော်နင်းရဲသေးသလား"

"ဟာ အရှင်ဘုရားက ပန်းချီဆွဲလဲ တော်တော်လက်ရာမြောက်တာပဲ၊ ပုံကြမ်းဆွဲထားတာတောင် ကြည်ညိုဖို့ကောင်းလိုက်တာ၊ ကြမ်းပြင်မှာ ချထားရင် တပည့်တော် ဘယ်ကျော်နင်းရဲမှာလဲ ဘုရား"

"ဘာသာမတူ လူမျိုးမတူတဲ့ တိုင်းတစ်ပါးသားအနေနဲ့ကတော့ ဘုရားပုံတော်ဆွဲထားတဲ့ ဒီဗလာစာရွက်ပေါ်ကို ကျော်နင်းသွားရဲမှာပဲပေါ့၊ ဒါနဲ့ ဟိုတစ်လောက ဘုရားဆင်းတုတော် တစ်ဆူ အနေကဇာတင်ချင်လို့ဆိုပြီး ဘုန်းကြီးတို့ဆီ ရောက်လာတာ ဒကာကြီးပဲ ထင်တယ်"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်ပါပဲ၊ တပည့်တော်တို့ ကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီပါ ဘုရား၊ အဆောက်အအုံ အသစ်တွေလဲ ဆောက်ပါတယ်၊ခြံဟောင်းတိုက်ဟောင်းနဲ့ မြေကွက်တွေလဲ ဝယ်ပါတယ် ဘုရား၊ အဟောင်းတွေ ဖြိုဖျက်ပြီး အဆင့်မြင့်တိုက်ကြီးတွေ ဆောက်တာပါ ဘုရား။

တပည့်တော်ရောက်ခါစက မြို့ထဲက အောချပ်လမ်းမကြီးနား စင်္ကာပူတယ်လီကွန်း အဆောက်အအုံကြီးဘေးက ဒီဗင်ရှဲယားလမ်းထဲနေရတယ်ဘုရား၊ ဒီဗင်ရှဲယားလမ်းထဲက အမှတ် (၂၇) ဆိုတာ ခြံဝိုင်းကျယ်ကြီးထဲက ရှေးဟောင်းတရုတ်နှစ်ထပ်တိုက်ကြီးပါ ပိုင်ရှင်ဆီက ကုမ္ပဏီသူဌေးက ဝယ်လိုက်တယ် ဘုရား။

နောင်နှစ်လောက်မှာ ဖျက်ပြီး အဆင့်မြင့် ကွန်ဒိုဆောက်မယ်တဲ့၊ အခုနေမယ့်လူမရှိသေးလို့ အလုပ်သမားတွေ ထားတယ် ဘုရား၊ အဲဒီတိုက်ကြီးထဲ တပည့်တော် အရင်ဆုံးရောက်တာပါ၊ အပေါ်ထပ် ဧည့်ခန်းထဲမှာ အရင် အိမ်ရှင်တွေ ထားပစ်ခဲ့သလား မေ့ကျန်ခဲ့သလား မသိဘူး၊ ညာဏ်တော် တစ်ပေလောက်ရှိတဲ့ ဆင်းတုတော် တစ်ဆူ တပည့်တော် ရတယ် ဘုရား၊ တပည့်တော် တအားဝမ်းသာတာပဲ၊ အနေကဇာတင်ချင်လို့ အရှင်ဘုရားတို့ ဘုန်းကြီးကျောင်း ပင့်လာတော့ ဆရာတော်တစ်ပါးက အမိန့်ရှိတာက ဒီဆင်းတုတော်ဟာ ကမာကုရခေါင်းတုတော်လို့ မိန့်ပါတယ် ဘုရား။

တပည့်တော် ကိုးကွယ်ဖို့ ထိုက်တန်လို့ရတယ် ထင်ပါတယ် ဘုရား၊ တပည့်တော် မြန်မာပြည် ပြန်ရင်လဲ တစ်ပါတည်း ပင့်သွားမှာပါ ဘုရား"

"ဒကာကြီးကတော့ ဗုဒ္ဓဘာသာဝင်လဲဖြစ်၊ ဆင်းတုတော်မှန်းလဲ သိတော့ ကိုးကွယ်ဆည်းကပ်စရာအဖြစ် ဝမ်း





www.burmeseclassic.com

www.burmeseclassic.com

မြောက်ဝမ်းသာ ပူဇော်တော့တာပေါ့၊ ဒီတော့ ဒကာကြီးကို ပြောချင်တာက ဒကာကြီးမှာ မမျှော်လင့်ဘဲ ကိုးကွယ်ဆည်းကပ်စရာ ဗုဒ္ဓဆင်းတုတော်ရပြီ၊ အာရုံပြု ဆည်းကပ် ပူဇော်ပေတော့၊ ဘာသာမတူ လူမျိုးမတူသူတွေက ဗုဒ္ဓရဲ့ ဆင်းတုတော်ကို မကိုးမကွယ် မဆည်းတပ်တာ စိတ်မကောင်းဖြစ်မနေနဲ့ ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါ ဒကာကြီး၊ စိတ်က အရေးကြီးဆုံးပဲ၊ စင်ကာပူမှာ နေသခိုက် မရောက်ဖူး မမြင်ဖူး မတွေ့ဖူး မကြုံဖူးတာတွေကို မမှုနဲ့ မဆင်ခြင်နိုင်ဘဲ စိတ်အလိုလိုက်မိရင် ဒုက္ခလဲ တွေ့မယ်၊ ရည်ရွယ်ချက်လဲ မအောင်မြင်ဘဲ ဖြစ်မယ်၊ သတိထားပေါ့ ဒကာကြီး"

ထိုနေ့က စင်ကာပူ တိုပဲရိုးအရပ်မှာရှိတဲ့ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းမှာ ဆရာတော်တစ်ပါးနှင့် ရင်းရင်းနှီးနှီး လျှောက်ထား ပြောကြားခွင့်ရပြီး ဘုန်းတော်ကြီး ကျောင်းကို မရောက်တာ အတော်ကြာခဲ့ပါတယ်။

တစ်ခါတစ်ရံ ရောက်ပြန်တော့လည်း ဆရာတော်နဲ့မကြုံခဲ့ပါဘူး။ ဒီလိုနဲ့ အလုပ်လုပ်ခွင့် (ဝပ်ခ်ပါမစ်)-သက်တမ်း နှစ်နှစ်ပြည့်လို့ နောက်နှစ်နှစ် သက်တမ်းတိုး လုပ်ခဲ့ပါတယ်။

စင်ကာပူဟာ တကယ်ပဲ ပူအိုက်တဲ့ ကျွန်းနိုင်ငံငယ်လေးပါ။ ဘယ်နေရာမဆို လေအေးစက်(အဲကွန်း)မရှိရင် နေမဖြစ်ပါဘူး။ နွေမိုးဆောင်းရယ်လို့ ရာသီဥတုမရှိဘဲ နေ့စဉ် နေပူ နေ့စဉ် မိုးသည်းသည်း ရွာလေ့ရှိပါတယ်။

အေးတဲ့ ချမ်းတဲ့ ဆောင်းရာသီဆိုတာ လုံးဝမရှိတော့ စောင်ခြုံရတာ အနွေးထည်ဝတ်ရတာမျိုး မရှိပါဘူး။ ပူလွန်း အိုက်လွန်းလို့ စင်ကာပူနိုင်ငံသူနိုင်ငံသားတွေရော တိုင်းတစ်ပါးသားတွေဟာ အင်္ကျီ၊ ဘောင်းဘီ၊ စကတ်၊ ဂါဝန်တိုတိုပါးပါးလေးများသာ ဝတ်လေ့ရှိကြပါတယ်။

မလုံ့တလုံ မပေါ်တပေါ် ဝတ်စားဆင်ယင်မှုတွေကို တွေ့ရတဲ့ မြန်မာတွေအဖို့ ရောက်ခါစကတော့ အထူးအဆန်း အငမ်းမရကြည့်ကြတာ အမေမွေးပေးလိုက်တဲ့ မျက်လုံးနှစ်လုံးဟာ နည်းနေပါတယ်။

စင်ကာပူမှာ မိန်းကလေးတွေရဲ့ ဒူးပေါ် ပေါင်ပေါ် ပေါင်တံဖွေးဖွေး ရင်သားလေးတွေကိုပါ အတိုင်းသား မြင်ကြရတော့ ဆရာတော်ရဲ့ အဆုံးအမ စကားတွေဟာ အင်မတန် အဖိုးတန် သတိထားဖို့ ကောင်းလှပါတယ်။ သတိနဲ့ဆင်ခြင် နေသားကျ နှစ်ကြာလာတော့လည်း မထူးဆန်းလှတော့ပါဘူး။

တစ်နေ့တော့ တိုပဲရိုးဘုန်းကြီးကျောင်းကို ရောက်ဖြစ်ဖို့ ဆရာတော်နဲ့ တွေ့ဆုံဖို့ အကြောင်းက ဖန်လာပါတယ် ဒီကုမ္ပဏီမှာ အလုပ်လုပ်လာတာကလည်း လေးနှစ်နီးပါးရှိလာတော့ လုပ်သက်လေးရလာပြီး ကုမ္ပဏီသူဌေး၊ မန်နေဂျာ၊ ဖိုမင်၊ ရုံးအဖွဲ့သား ဝန်ထမ်းများ၊ အလုပ်သမားများနဲ့ ရင်းနှီးခင်မင်လာပါတယ်။

အထူးသဖြင့် မြန်မာလုပ်သားတွေဟာ ရိုးသားမှု ကြိုးစားမှု အမိန့်နာခံတတ်မှု တို့ကြောင့် အရေးပေး အလေးထား ဆက်ဆံခံကြရပါတယ်။ ကုမ္ပဏီသူဌေးကိုယ်တိုင်က တရင်းတနှီး ဆက်ဆံလာပြီး ပွင့်ပွင့်လင်းလင်း စကားပြောလေ့ ရှိပါတယ်။

တစ်ညမှာတော့ သူဌေးဖြစ်သူ ကျွန်တော့်အခန်းကို လာလည်ပါတယ်။ ကျွန်တော် ဘုရားရှိခိုးနေတာတွေ့လို့ အပြင်မှာ ခဏစောင့်နေသတဲ့။ နောက်မကြာခင် အခန်းထဲ ဝင်လိုက်တော့ ကျွန်တော် ဘုရားစင်ရှေ့မှာ တရားထိုင်နေတာ တွေ့ရလို့ အပြင်မှာ ပြန်ပြီး စောင့်ပြန်သတဲ့။

အတော်လေးကြာတော့ အခန်းထဲ ပြန်ဝင်ကြည့်တဲ့အခါ ကျွန်တော် အိပ်ရာပေါ်မှာ တခေါခေါနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်နေတာ တွေ့ရတော့ စိတ်ထဲမှာ မကျေမနပ် မနာလို ဖြစ်သွားသတဲ့။ အခုချက်ချင်း ဘုရားရှိခိုး တရားထိုင်နေရာက ချက်ချင်းကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာတွေ့ရတော့ သူ ဖြစ်ဖျက်ခံစားနေရာတာနဲ့ တခြားစိတ်ထူးဆန်းနေလို့ မကျေမနပ်နဲ့ ကျွန်တော့်ကို အိပ်ရာက နှိုးပါတော့တယ်။

ကျွန်တော်လည်း တအံ့တဩ လန့်နိုးရာက သူဌေးနဲ့ စကားများ ရန်ဖြစ်ရပါတယ်။ သူက တောင်းပန်ပါတယ်။ သူဟာ ညည တော်တော်နဲ့ အိပ်မပျော်ဘူး။ မနက်လည်း စောစော ကုမ္ပဏီကို အစောဆုံးရောက်တယ်။ တစ်နေ့လုံး လုပ်ကိုင်ရတာ ပင်ပန်းတယ်။ နေ့လယ်လည်း ပြန်မအိပ်ဘူး၊ ညကျတော့လည်း ဟိုတွေး ဒီတွေး စာရင်းတွေ ပြန်ကြည့်နဲ့ တော်တော်နဲ့ အိပ်မပျော်တာ ဘာဖြစ်တာလဲ မေးပါတယ်။

ဒီတော့လည်း ကျွန်တော့်မှာ ဒေါသတွေပြေပြီး သူ့ကို သနားသွား တယ်။ အကြောင်းစုံ လိပ်ပတ်လည်အောင် ပြောပြဖို့ ကျွန်တော် အင်္ဂလိပ် စကား ကျွမ်းကျွမ်းကျင်ကျင်ကြီး မပြော တတ်ကြောင်း ပြောပြတော့ သူက ပြော တတ်သလောက် ပြောနိုင်သလော ပြောပါလို့ အရေးဆိုလာပြန်ပါတယ်။

တကယ်တော့ သူဌေးဟာ ဗု ဘာသာဝင်ပါ။ ဒါပေမယ့် မြောက်ပိုင်း မဟာယနဗုဒ္ဓဘာသာဝင် ဖြစ်ဟန်တူ တယ်။ သူ့အိမ် ဘုရားကျောင်းဆော မှာ ဘုရားရှိခိုးတာလည်း တွေ့ဖူး တယ်။ အမွှေးတိုင်ထွန်းပြီး ပါးစပ် လည်း တတွတ်တွတ်ရွတ်ဆိုနေတာ တယ်။

နတ်ကိုးကွယ်မှုလည်း ရှိတယ် အိမ်နောက်ဘက် မြေကြီးပေါ်နဲ့ ကုမ္ပ ရုံးခန်းနောက်ဘက်မြေကြီးပေါ်မှာ နတ်စင်မှာလည်း ရှိခိုးကန်တော့ ရှိပါတယ်။ တချို့ဘုရားကျောင်း ပြီး လှူဒါန်းတာတွေရှိသလို သိလ ဆောက်တည်ပါတယ်။ ဒါန၊ သီ လောက်သာ သိတဲ့ ဗုဒ္ဓဘာသာ တစ်ဦးလို့ ဆိုရပေမယ်။



www.burmeseclassic.com

ကျွန်တော် သူ့ကို တောင်းပန်ပြီး ဒေါ်နိုး မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ခေါ်လာပြီး ဆရာတော်နဲ့ မိတ်ဆက်ပေးပါတယ်။ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားပြီး သူဌေး နားလည်အောင် ဟောကြားရှင်းလင်းပေးဖို့ တောင်းပန်တဲ့အခါ ဆရာတော်က သူ့ကို အင်္ဂလိပ်လို ဟောကြားပြီး ကျွန်တော့်ကို မြန်မာလို ပြန်ဟောကြားပါတယ်။

သူဌေးဖြစ်သူဟာ ဥစ္စာငွေကြေး ပေါက်များစွာရှိပြီး အလုပ်သမားဖြစ်သော ကျွန်တော်သည် လုပ်ခလစာ နည်းငယ်သာရှိကြောင်း၊ သူဌေးတွင် ကိုယ်ပိုင် အိမ်ပိုင် ဇနီးသားမယား သားသမီးတွေရှိပြီး လုပ်သားဖြစ်တဲ့ ကျွန်တော့်တွင် အိုးအိမ်မရှိ၊ ဇနီး သားသမီး မရှိ ပိုင်ဆိုင်မှုတွေများလေ သောကများလေ၊ ထိုသောကအပူတို့ကြောင့် ချမ်းသာစွာ အိပ်မပျော်ခြင်းဖြစ်ကြောင်း၊ လိုချင်မှု ရချင်မှု လောဘတွေနဲ့ လိုချင်တာလောက် မရတဲ့အခါ ဖြစ်လာတဲ့ ဒေါသတွေကို လျှော့ချပစ်ဖို့ ခန္ဓာကိုယ်ကြီးဟာ ရုပ်နာမ် နှစ်ပါးသာရှိပြီး ဖြစ်ပြီးပျက်နေတာတွေ ဖြစ်ကြောင်း၊ ဘယ်အရာမှ မမြဲကြောင်း၊ အနိစ္စ ဒုက္ခ အနတ္တ တရားတွေအကြောင်းနဲ့ ခန္ဓာရဲ့ ဖြစ်စဉ် ခန္ဓာ့ပဋိစ္စသမုပ္ပာဒ်တရားတွေကို အပြီးလုံး နားလည်နိုင်အောင် ဟောကြားတော်မူပါတယ်။

ထိုနေ့က တနင်္ဂနွေ အလုပ်ပိတ်ရက်ဖြစ်လို့ မွန်းလွဲချိန်လောက် ကတည်းက ဘုန်းကြီးကျောင်းရောက်ကြတာ ညနေခင်းမှ ဆရာတော်ကို ကန်တော့ပြီး ပြန်ခဲ့ကြတယ်။

ဘုန်းကြီးကျောင်းမှ အပြန် သူဌေးက သူ့ကားကို ကျွန်တော့်အား မောင်းခိုင်းပြီး သူက ကျွန်တော့်ဘေးခုံမှာ ထိုင်ပျဉ်ခွေ မျက်စိမှိတ် တရားမှတ်ရင်း လိုက်ပါလာပါတယ်။ ကျွန်တော့်အိမ်ရောက်တော့ ကျွန်တော် ကားပေါ်ကအဆင်းမှာ တစ်လမ်းလုံး စကားမပြောဘဲ လိုက်ပါလာတဲ့ သူဌေးဟာ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး . .

"ငါ မင်းကို သိပ်ကျေးဇူးတင်တယ်၊ တစ်သက်လုံး ငါမသိခဲ့ နားမလည်ခဲ့တာတွေ ဆရာတော်ရှင်းပြလို့ ငါနားလည်ပြီ၊ သိပြီ၊ ငါဟာ စင်ကာပူမှာ နံပါတ် (၉)အဆင့် ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ဦးဖြစ်တယ်၊ မင်းက ပိုက်ဆံမရှိလို့ ငါ့ဆီ အလုပ်လာလုပ်တဲ့ အလုပ်သမား ဖြစ်တယ်၊ မင်းက ပိုက်ဆံမရှိတဲ့ အလုပ်သမား၊ ငါက ပိုက်ဆံရှိတဲ့ သူဌေး၊ ဒါပေမယ့် မင်းက လူချမ်းသာ ငါက လူဆင်းရဲ ဖြစ်နေတယ်။

ငါ ဒီနေ့ကစပြီး သူဌေးဘဝက လူချမ်းသာဖြစ်အောင် ကြိုးစားမယ်၊ မင်း ဝပ်ပါမစ် သက်တမ်း ပြည့်ခါနီးပြန်ပြီ၊ နောက် နှစ်နှစ် သက်တမ်းတိုးဦးမလား၊ မင်းနေမယ်ဆိုရင် ငါ သက်တမ်းတိုးဖို့ ထပ်လုပ်ပေးမယ်။

မင်းတို့ မြန်မာတွေ လုပ်သား ကျွမ်းကျင်မှုသင်တန်း စီအိုင်တီအိုင်လဲ အောင်ထားပြီးပြီလေ၊ စင်ကာပူမှာ ၁၀ နှစ်အထိ အလုပ် လုပ်နိုင်ခွင့်ရှိတယ်"

"တော်ပါပြီကွာ၊ ငါ အလုပ်လုပ်ခွင့် ပါမစ်သက်တမ်း နှစ်နှစ်ပြည့်တုန်းက တစ်ကြိမ် သက်တမ်းတိုးခဲ့တယ်၊ နောက် နှစ်နှစ်ပြည့်ပြန်တော့ ဒုတိယ အကြိမ် သက်တမ်းထပ်တိုးခဲ့တယ်၊ ငါ အခု စင်ကာပူမှာ ခြောက်နှစ်ကြာပြီ၊ ငါပြန်တော့မယ်၊ ငါ မင်းဆီလာ အလုပ်လုပ်တာ ငါ့အမေနဲ့ ညီလေး ညီမလေးတွေကို အိုးပိုင်အိမ်ပိုင် ကိုယ်ပိုင်ထားနိုင်ဖို့ ငွေလာရှာတာပဲ၊ ငါတို့မှာ ကိုယ်ပိုင်အိမ် မရှိခဲ့ဘူး။

ငါ စင်ကာပူမှာ လေးနှစ်ကြာ လုပ်တော့ ငါ့အမေနဲ့ ညီလေး ညီမလေးတွေ ကိုယ်ပိုင်အိမ်ဝယ်နိုင်ခဲ့ပြီ၊ ငါ ခွင့်ယူပြီး ပြန်ခဲ့သေးတယ်လေ၊ နောက် နှစ်နှစ်ထပ်ပြီး သက်တမ်းတိုး အလုပ်လုပ်ဖြစ်တာက အရင်းအနှီးလိုချင်တာရယ် ရင်းနှီးငွေရလို့ ငါ့နိုင်ငံမှာ စီးပွားရေး တစ်ခုခု လုပ်နိုင်ပြီဆိုရင် ငါအိမ်ထောင်ပြုဖို့ ငါ့ချစ်သူနဲ့ လက်ထပ်ဖို့ ရည်ရွယ်ပြီးလုပ်တာပဲ၊ အခု ငါမင်းဆီမှာလုပ်တာ ခြောက်နှစ်ပြည့်တော့မယ်၊ ငါ့မှာ ကိုယ်ပိုင်အိမ်လဲ ဝယ်နိုင်ပြီ၊ အရင်းအနှီးလဲရပြီ ငါပြန်တော့မယ်"

ထိုညက သူဌေးနှင့် ဝမ်းနည်းစွာ နှုတ်ဆက်ခွဲခွာခဲ့ပြီး အလုပ်လုပ်ခွင့် ပါမစ် သက်တမ်း နှစ်နှစ်ပြည့်သောအခါ စင်ကာပူမှ အပြီးတိုင် ပြန်ခဲ့ပါတော့တယ်။

တကယ်တော့ ကျွန်တော်ဟာ ဘဝ ဝဋ်ကြွေးရှိလို့ စင်ကာပူမှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၆)နှစ် ကျခံရတယ်လို့ ခံစားရပါတယ်။ ရာသီဥတုမတူ၊ လူမျိုးမတူ၊ ဘာသာမတူတွေကြားမှာ ကိုယ့်မြေ ကိုယ့်ရေမဟုတ်၊ တိုင်းတစ်ပါးမှာ လုပ်ကိုင်နေထိုင်ရတယ်ဆိုတာ ပျော်စရာကောင်းလှတာ မဟုတ်ပါဘူး။

မျှော်လင့်ချက်လေးတွေ ရင်မှာ ကိုယ်စီပိုက်လို့ ဘာသာရေးအဆုံးအမ အရိပ်အောက်မှာ နေတတ်လွန်းကြလို့သာ ဖြေသာကြတာပါ၊ ကျွန်တော် မြန်မာပြည် ပြန်ရောက်လာပြီး ကိုးလလောက်ကြာတဲ့အခါ စင်ကာပူနိုင်ငံ တိုပဲရိုးအရပ် အမှတ်(၁၄)ဂျောဂျင်လမ်းက မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းက ဆရာတော်ဘီကို စာရေးလျှောက်ထားလိုက်ပါတယ်။

"ဆရာတော် အရှင်သူမြတ်ဘုရား၊ တပည့်တော် စင်ကာပူမှာ အလုပ်လုပ်ကိုင်ခဲ့တဲ့အတွက် အိုးပိုင်အိမ်ပိုင် ဝယ်နိုင်ပြီး ရင်းနှီးလုပ်ကိုင်စားဖို့ ငွေရင်းလည်း စုဆောင်းရရှိခဲ့ပါပြီ ဘုရား၊

တပည့်တော် စင်ကာပူလာပြီး အလုပ်လုပ်ရခြင်း ရည်ရွယ်ချက်က အမေနဲ့ ညီလေး ညီမလေးတွေကို ကိုယ်ပိုင်အိမ် ဝယ်ပေးနိုင်ဖို့ရယ် အရင်းအနှီးငွေရတဲ့အခါ ချမ်းသာကြွယ်ဝအောင် သူဌေးကြီးဖြစ်အောင် လုပ်ဖို့ရယ်၊ တပည့်တော် ချစ်သူနဲ့ လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ပါ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

အမေနဲ့ ညီလေး ညီမလေးများကိုလည်း ကိုယ်ပိုင်အိမ်နဲ့ မြေဝယ်ပေးနိုင်ခဲ့ပြီး ပညာများလည်း သင်ပေးနိုင်ခဲ့ပါတယ်၊ ယခု သူတို့ပညာပြည့်စုံလို့ အလုပ်အကိုင်ကိုယ်စီနဲ့ ရပ်တည်နိုင်ကြပါပြီ ဘုရား။

တပည့်တော်ကတော့ ရည်ရွယ်ချက်လွဲချော်ပြီး သာယာဝတီ သုံးဆယ်နယ် သုံးဆယ်မြို့က (၉)မိုင်အကွာ တစ်ချိန်က ဆရာစံလယ်သမား တော်လှန်ရေးတိုက်ပွဲကြီးမစမီ အဓိဋ္ဌာန်ဝင်ခဲ့တဲ့ မြစိမ်းတောင်ညိုမှာ သာသနာပြုဆရာတော် ဦးမဗ္ဗိက သာသနာပြု ထိန်းသိမ်းစောင့်ရှောက်သွားတဲ့ မြစိမ်းတောင်၊ မောင်ညိုတောင်၊ ကျွဲပုန်းတောင် သာသနာ့နယ်မြေမှာ တပည့်တော် ရဟန်းအဖြစ် သီတင်းသုံး နေထိုင်နေပါပြီ ဘုရား၊ တပည့်တော်ရဲ့ မယ်တော်ကြီးကိုလဲ တစ်ပါတည်းခေါ်လာပြီးတော့ သီလဆောက်တည် တရားအားထုတ်နေစေပါတယ် ဘုရား။

တပည့်တော် စင်ကာပူက ပြန်ရောက်ပြီးတော့ စဉ်းစားမိတယ်ဘုရား၊ ရလာခဲ့တဲ့ အရင်းအနှီးငွေတွေနဲ့ စီးပွားရေးလုပ်ရင် သူဌေးဖြစ်လာကောင်း ဖြစ်လာနိုင်ပါတယ် ဘုရား၊ ဒါပေမယ့် တပည့်တော် ချမ်းသာသူတော့ ဘယ်နည်းနဲ့မှ ဖြစ်မလာနိုင်ပါဘူး၊ လောဘ ဒေါသ မာန်မာနတွေနဲ့သာ ဝဋ်ဒုက္ခကြီးစွာ ဆင်းရဲနေမှာပါ ဘုရား။

ပြီးတော့ ရရှိထားတဲ့ တပည့်တော်ရဲ့ ခန္ဓာဟာ မပြတ်နှိပ်စက်နေတဲ့ကြားက ချစ်သူကို လက်ထပ်ယူ အိမ်ထောင်ပြု ခန္ဓာပွားတစ်ခု ထပ်မံတိုးလာပြီး သားသမီးတွေဆိုတဲ့ ခန္ဓာပွားတွေတိုး သံယောဇဉ်တိုးနဲ့ ဒုက္ခအိုးကြီးတည်မိတော့မယ်၊ ဘယ်လိုမှ ချမ်းသာသုခဆိုတာ ရနိုင်မှာ မဟုတ်တော့ဘဲ သံသရာရှည် ဒုက္ခတွေ ပင်လယ်ဝေတော့မှာပဲလို့ အရှင်ဘုရား ဟောကြားခဲ့တဲ့ တရားတွေ ဆင်ခြင်တွေးတောမိပြီး ရလာခဲ့တဲ့ ဥစ္စာငွေ ကြေးတွေကို ညီ၊ ညီမတွေ ခွဲဝေပေးပြီး တပည့်တော်ကတော့ ဝေးရာအရပ် မြစိမ်းတောင်ညိုမှာ ရဟန်းအဖြစ် သာသနာ့ဘောင်မှာ နေလိုက်ပါပြီ ဘုရား။

မရှိလည်း ပူရ၊ ရှိလည်း ပူရ ဆင့်ကာ ဆင့်ကာပူရတဲ့ စင်ကာပူမှာလည်း တပည့်တော် ပူလောင်သောကတွေနဲ့ ဒုက္ခတွေ ဝေခဲ့ပြီးပါပြီ ဘုရား။

တပည့်တော် သူဌေးမဖြစ်ချင်တော့ပါဘူး၊ လူချမ်းသာဖြစ်ဖို့ ဘုရားသားတော်အဖြစ် တရားအားထုတ်နေပါပြီဘုရား၊ ကျေးဇူးကြီးလှတဲ့ အရှင်ဘုရားအား ခြေစုံဦးခိုက် ရှိသေစွာ ကန်တော့လိုက်ပါသည် ဘုရား။

❒ ရေနံ့သာအောင်ချမ်းဇေ




ဥုံ အရဟံ မေတ္တာ လာဘံ

**နက္ခတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➻ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➻ အဓိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➻ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➻ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၉၇ ။
မှတ်ချက် ➻ ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com




ဖြန့်ချိရေး - ဇေယျာမြေစာပေ၊ ဖုန်း - ၀၉ ၃၂၃၇၄၄၀၅

www.burmeseclassic.com

www.burmeseclassic.com





ထုံးကြီးရွာ အလယ်ပိုင်းတွင် ဗေဒင်ဆရာ၊ ဗိန္ဒောဆရာ၊ ပယောဂဆရာ တစ်ဦးရှိလေသည်။ သူ့အမည်မှာ "ပိုင်စိုး" ဖြစ်ပြီး အသက်လည်း သုံးဆယ်ခန့်ပင် ရှိသေးသဖြင့် လျင်မြန်ဖျတ်လတ် တက်ကြွလွန်းလှပေသည်။ ဘုရားစင်တွင်လည်း အုန်းသီး၊ ငှက်ပျောသီးပွဲများဖြင့် ပြည့်နှက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသောကျောက်မျက်ကြောင်နှင့်



အနီရောင် ကတ္တီပါစလေးဖြင့် အသေအချာ ထုပ်ပိုးသိမ်းဆည်းထားသော ကျောက်တစ်လုံး ဖြစ်လေသည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် အရောင်မျိုးစုံဖြာထွက်နေသောကျောက်မျက်တစ်လုံး။ ပိုင်စိုးမှ သူ့တွင်ရှိသော ကျောက်ကြည့်မှန်ဘီလူးဖြင့် အသေအချာကြည့်ရာ ကွန်ချာအပ်ငေါ်ကြိုး ကျောက်မျက်ရှင် ဖြစ်နေလေသည်။

ကျောက်မှာ ခြောက်ရတီခန့်ရှိပြီး ကျောက်၏မျက်နှာပြင် အလယ်တည့်တည့်တွင် အလင်းအားကောင်းသည့် မီးစုံးဓာတ်လုံးတစ်လုံးရှိနေပြီး များစွာသောကြိုးများမှာ ညီညီညာညာလှလှပပဖြင့် ဘေးနှုတ်ခမ်းအထိ ဆင်းသက်လေသည်။ ခြေဆင်းကောင်းခြင်းပင် ဖြစ်၏။

တစ်နေ့သော နံနက်ခင်းတွင် ထုံးကြီးရွာနှင့်ကပ်လျက် အုန်းနဲ့ကုန်းရွာမှ အဘဖိုးလုံး ရောက်လာလေသည်။

"မောင်ရင့်ကို မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး၊ ဒီကျောက်ကို ဘယ်လိုခေါ်သလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်၊ ဘာကျောက် ... လိုက်ကွဲ၊ အဘတော့ ဂျပန်ခေတ်ထဲက ရထားတာ၊ ထူးခြားဆန်းကြယ်တဲ့ သိဒ္ဓိတွေရှိတယ် မောင်ရင်ရဲ့"

"အဘ အဲဒါ ကွန်ချာဟုပ်ဝေါ် ကြိုး ကျောက်မျက်ရှင်ပါ၊ ဝိဉာဉ်လောက၊ နာမ်လောကတွေကို စိုးမိုးပါတယ်၊ ဂါထာမန္တန်တွေနဲ့စီရင်ပြီး အသုံးချရင် အလွန်အစွမ်းထက်တယ်၊ အဘမှာ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ သက်စောင့်မန္တန်တွေ ရှိတယ် ဟုတ်လား"

အဘဖိုးလုံးသည် ပြုံးရုံသာ ပြုံးပြပြီးကာမှ ပြန်မဖြေချေ။ သို့သော်လည်း ပိုင်စိုးသည် ဂှင်းကျောက်ကို အလွန်တပ်မက်မောပြီး လိုချင်နေလေတော့သည်။ ကျောက်က ပိုင်စိုးအား ညှို့ယူဖမ်းစားနေလေပြီ။ ခေတ္တခဏ ကိုင်တွယ်လိုက်ရသည့် အချိန်ပိုင်းလေးမှာပင် ခန္ဓာကိုယ်မှာ ပျော်ပါးလန်းဆန်းနေလေသည်။ ပိုင်စိုးမှ . . .

"ဒါနဲ့ အဘ၊ ဒီကျောက်ကို ဘယ်လို ဘယ်ပုံ ရခဲ့တာလဲဗျာ"

အဘဖိုးလုံးသည် ဝမ်းနည်းကြေကွဲစွာဖြင့် . . .

"ဂျပန်ခေတ်ကပေါ့ကွယ်၊ အရေးကြီးရင် ကြီးသလို ဂျပန်တွေခေါ်တဲ့ နောက် တကောက်ကောက်လိုက်ရတဲ့ အချိန်ပေါ့၊ အဲဒီ ညမှာ တောင်ပေါ် ဘုရားတစ်ဆူအရှေ့က် ဇရပ်ပျက်မှာ ဝင်မိုးခိုကျတယ်၊ မိုးက တော်တော်နဲ့ မတိတ်တော့ အဲဒီမှာပဲ စခန်းချ ညအိပ်ကြတယ်၊ အဘအိပ်တဲ့နေရာမှာ ကြီးမားလှတဲ့ ဆင်းတုတော်ကြီးတစ်ဆူ ရှိတယ်၊ ညဥ့်သုံးနာရီလောက်မှာ အိပ်နေတဲ့ အဘရင်ဘတ်ပေါ်ကို ရောင်စုံကွန့်မြူးနေတဲ့ အရာဝတ္ထုတစ်ခုကျလာတယ်၊ အမှောင်ထဲမှာဆိုတော့ အလွန်လှတာပဲ၊ အဘလဲ အိပ်ချင်မူးတူးနဲ့ အကျီအိတ်ထဲ ထည့်ထားလိုက်တာ၊ မနက်မိုးလင်းမှ ကြည့်လိုက်တော့ ထူးဆန်းတဲ့ ကျောက်တစ်လုံး ဖြစ်နေတယ်"

... ဖြင့် . . .

"ဒါဆို အဘနဲ့ထိုက်လို့ပေါ့၊ ဘုံဩစရာပဲ၊ အဘလက်ထဲရောက်တာ နှစ်ပေါင်းမနည်းဘူးပေါ့နော်"

"အဘ အသက်(၂၀)လောက်ကတည်းဆိုတော့ နှစ်ပေါင်း (၄၀)ကျော်နေပြီပေါ့နော်၊ လုံခြုံအောင် ထိန်းသိမ်းထားရတာ လွယ်တာမဟုတ်ဘူးနော်"

"ဟုတ်တယ် အဘ၊ ဟုတ်တယ်"

အဘဖိုးလုံးသည် ကောက်ကာငင်ကာဖြင့် . . .

"ဒါနဲ့မောင်ရင်၊ မရှင်းလို့မေးစရာတစ်ခုရှိတယ်"

"ဘာများလဲ အဘရယ်၊ မေးပါ"

"ဒီလိုကွယ်၊ သေသွားရင် အဲဒီကျောက်ကို ဘယ်လိုနေရာချထားမလဲ ဆိုတာပဲ၊ လူဆိုတာ သေမျိုးလေ မောင်ရင်၊ မသေခင် အသေအချာ အကွက်ကျကျစီစဉ်ရမယ်၊ ဒါကလဲ ကိုယ့်ထက်နားလည်တတ်ကျွမ်းတဲ့ လူကိုမေးမှဖြစ်မှာလေ၊ မဟုတ်ဘူးလား၊ မောင်ရင်က ဒီလောကကို နားလည်တတ်ကျွမ်းတော့ လာမေးတာပါ"

"အကောင်းဆုံးကတော့ အဘသေဆုံးပြီး နာရီဝက်အတွင်း ကျောက်ကို ပါးစပ်ထဲ ထည့်ပေးပြီး ခန္ဓာကိုယ်ကိုလဲ နှစ်ဆယ့်လေးနာရီအတွင်း မြေမြှုပ်သင်္ဂြိုဟ်လိုက်ရင် ပြီးပြည့်စုံတဲ့သိဒ္ဓိအင်အားတွေ ရမယ်၊ ဝိဉာဉ်လောကနဲ့ ပရလောက ပေါင်းကူးဆက်သွယ်တဲ့ သဘောပါ၊ ကျောက်မှာ သန္ဓေတည်နေတဲ့ မီးစုံးဓာတ်၊ ပြဒါးဓာတ်၊ အာကာသဓာတ်တွေကို စုစည်းပြီး အသုံးချတာပါ၊ အင်မတန်မှလဲ ထူးဆန်း အံ့ဩဖွယ်ကောင်းပါတယ်"

အဘဖိုးလုံးသည် သိလိုသောဇောဖြင့် လျင်မြန်စွာမေးလိုက်သည်မှာ-

"အဲဒါဆိုရင် ဘာအကျိုးကျေးဇူးတွေ ခံစားရမလဲ မောင်ရင်"

"အဘမှာ ဘယ်လို အကျိုးကျေးဇူးတွေ ခံစားရမလဲဆိုရင် ခန္ဓာ





www.burmeseclassic.com

www.burmeseclassic.com

…သီး အုန်းသီး၊ ကြက်ပွဲ တစ်ပွဲစာ …ဖို့ မမေ့နဲ့ ကြားလား"

"ရော့ ရော့ ဒါလေးကိုဆောင် … ဘယ်ကိုသွားသွား ဘယ်ကိုလာ … ခမေ့နဲ့၊ အိတ်ကပ်ထဲထည့်ထား၊ …ဝင်ရုပ်လေးတစ်ရုပ်ပဲ၊ မင်းကို စောင့် …က်လိမ့်မယ်၊ အသုဘအိမ်၊ သင်္ချိုင်း၊ … ဘယ်နေရာမဆို ဆောင်ထားလို့ …တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုခေတ်ထိုအခါက တုတ်ပြီး၊ … အင်း၊ အိုင်၊ ခါးလှည့်၊ ဆေးမင် …င် အရမ်းခေတ်စားသော အချိန် …သည်။ မြို့ထက်ကျေးလက်ဒေသရွာ …တွင် ပို၍ပင် တွင်ကျယ်ပြီး ခေတ် …သည်။ ထိုအထဲတွင် ဆန်းဦး … အပါအဝင်ဖြစ်သည်။

ဆန်းဦးသည် လူပျိုလူလွတ် …။ မိန်းမနှင့် ကလေးနှစ်ယောက် … လယ်လုပ်ပြီး အသောက်အစား …ည်း မကင်း။ အလွန်ပင် ချမ်းသာ …နေချင်သူတစ်ဦးလည်းဖြစ်သည်။ …လျှင်ပြီးရော ဘာမဆိုလုပ်ရန် …လေးသူတစ်ဦးဖြစ်သည်။

အကြောက် အရွံ့မရှိ။ ဘာမဆို …ရသည်။ သူသည် မိန်းမထက် …ကို ပိုကြိုက်သူဖြစ်သည်။ သို့ဖြစ် …ည်း ပိုင်စိုးက လက်သပ်မွေးထား … ဖြစ်သည်။ တချို့ကိစ္စများတွင် …တိုက်ပြီး လူမသိသူမသိ ကိစ္စရပ် …ိုင်းရတာတွေရှိသည်။ လုပ်တိုင်း … အောင်မြင်သည်။ နှုတ်လည်းလုံ …

အဘဖိုးလုံးလာပြီး ဆယ်ရက် …ကျော်လောက်တွင် ဖြစ်သည်။ …ိုးနာရီကျော်ကျော်တွင် အုန်းနဲ့ …မှ ဒေါ်နှင်းရောက်လာပြီး

"ဆရာပိုင်စိုး ဆရာပိုင်စိုး အဘ … ဆုံးသွားပြီ၊ ဒီမနက် ၄ နာရီ …ကျော်မှာ ဆုံးတာ၊ အဲဒါ ဒီနေ့ ၁ … အသုဘချမယ်၊ အဲဒါလာပြော …ဘဖြစ်အောင်လာနော်၊ အဘိုးက သူမသေခင် သားသမီးတွေကို အထပ်ထပ်မှာတာတဲ့၊ ငါသေလို့ အသုဘချရင် ဗေဒင်ဆရာပိုင်စိုး လာဖြစ်အောင်လာဖို့ သွားပြောပါဆိုလို့ အဲသေအချာ လာပြောတာ"

ပိုင်စိုးတစ်ယောက် ကြားရသော စကားကြောင့် အကြီးအကျယ် အံ့ဩသွားလေသည်။ သည်သတင်းစကားက ဘယ်လိုမှ မထင်မှတ်သော သတင်းစကား၊ သို့သော်လည်း သံသယများစွာဖြင့် မျှော်လင့်ထားသည်ကတော့အမှန်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော် လာခဲ့ပါ့မယ်"

သူ့မှာ အကြံအစည်များစွာ ရှိသည်။ မသွားလို့ မဖြစ်။ သည်ပွဲက အသည်းအသန် စွန့်စားရမည့် ပွဲကြီးပွဲကောင်း။

အဲသုဘအိမ် ပိုင်စိုးရောက်သွားတော့ ရွာဦးကျောင်းဆရာတော်ပင် သရဏဂုံတင်ပြီးလေပြီ။ အိမ်အပြင်ဘက်ခြံစည်းရိုးအစပ်နားတွင် လေးတိုင်စင်နှင့် အဘဖိုးလုံး ရုပ်အလောင်းကို သေသပ်ကျနသော အခေါင်းတစ်ခုဖြင့် တင်ထားလေသည်။ ရွာနီးချောက်စပ်မှလာသော ဧည့်ပရိသတ်များကလည်း လွန်စွာမှပင် များပြားလှပေသည်။ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ နှမြောတသဖြစ်ခြင်း အရိပ်အယောင် ပုံသဏ္ဌာန်အမျိုးမျိုးကိုလည်း တွေ့ရသည်။ အဘဖိုးလုံး၏သမီးအကြီး ညွှန့်ညွှန့်မှ ခေါင်းရင်းဘက် အထက်နားတွင် နေရာထိုင်ခင်းပေးရင်း အောက်ပါအတိုင်း ပြောလေသည်။

"အဖေက သေသေချာချာ မှာသွားတာပါ၊ ဆရာပိုင်စိုးကို အသုဘချရင် လာဖို့ ပြောခိုင်းထားတယ်၊ နောက်ပြီး အလောင်းကို ရေမိုးချိုးသန့်စင်ပြီး ကူးတို့ခ တစ်မတ်နဲ့ အဖေအင်မတန်မြတ်နိုးတဲ့ကျောက်ကို ပါးစပ်ထဲ တစ်ခါတည်းထည့်ပေးထားရတယ်၊ အဲဒါ အဖေ့ဆန္ဒလေ၊ အလောင်းကိုလဲ တစ်ရက်အတွင်း အပြီးသဂြိုဟ်ဖို့ မှာသွားတာပါ ဆရာ"

ထိုအခါမှ ပိုင်စိုးမှ ဝမ်းနည်းကြေကွဲသော မျက်နှာထားဖြင့်

"ကောင်းပါတယ် ကောင်းပါတယ်၊ အဘဆန္ဒ ပြည့်ဝသွားတာပေါ့၊ ဒါနဲ့နေပါဦး၊ ဘာရောဂါနဲ့ ဆုံးပါးသွားတာလဲ"

"ဘာရောဂါမှ မရှိပါဘူး၊ အိပ်နေရင်းနဲ့ နှလုံးရပ်သွားတာပါ၊ ကျန်းမာရေးမှူး ဦးသိန်းသန်းက မှတ်ချက်ပေးပါတယ်၊ နှလုံးခုန်နှုန်းနဲ့ သွေးလည်ပတ်မှုစနစ် လုံးဝမရှိတော့ဘူးလို့ ပြောပါတယ်"

သို့နှင့် အချိန်အခါကျသည့်နှင့် သက်ဆိုင်ရာ သားသမီးများမှ အသုဘအခေါင်းကြီးအားသယ်၍ ရွာအပြင်ရှိ သုသာန်တွင် မြေမြှုပ်သဂြိုဟ်လိုက်ကြလေသည်။ အော်ဟစ်ငိုကြွေးသံများက ဆူညံလျက်။ ထူးခြားသည်မှာ အပွင့်တွေ ရဲရဲနီနေသော လက်ပံပင်ကြီးအောက်တွင်ဖြစ်ပြီး ကုန်းမို့မို့နေရာလေးလည်း ဖြစ်သည်။ မြေမမြှုပ်ခင် ဟထားသော အခေါင်းထဲမှ အဘဖိုးလုံး၏ မျက်နှာလေးက အိပ်ပျော်နေသယောင်။ အပြုံးမျက်နှာလေးနှင့် လောကကြီးကို နှုတ်ဆက်သွားပုံ ပေါ်သည်။

အသုဘကိစ္စပြီးတော့ ပဲပြင်ရွာရှိ ဆန်းဦးဆီသို့ ခရီးဆက်ခဲ့သည်။

"ဟေ့ . . . ဆန်းဦး ဆန်းဦး"

ပိုင်စိုး၏ခေါ်သံကြောင့် ဆန်းဦး မိန်းမထွက်လာပြီး . . .

"လယ်တဲမှာရှိမယ် ဆရာရေ၊ ရွာပြန်မလာဘူး၊ ပြန်မလာတာ နှစ်ညရှိသွားပြီ၊ အိမ်ထဲဝင်ပါဦးလား ဆရာ၊ ရေနွေးကြမ်းလေး သုံးဆောင်ပါဦး"

"မဝင်တော့ပါဘူး၊ လယ်တဲပဲ လိုက်သွားတော့မယ်"

"ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့ပါ"

ဆန်းဦးတစ်ယောက် အိမ်မှာမရှိဘူးဆို၍ ပိုင်စိုး ပို၍သဘောကျသွားသည်။ အရေးတကြီး ကိစ္စတစ်ခု ဆောင်ရွက်ရန်ရှိသည်။ အိမ်နှင့်လယ်တဲ ဖွဲ့စည်းပုံချင်းမတူ။ အရေးကြီးသောစကားများ





www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုရသည်မှာ လယ်တဲက ပို၍ကောင်းသည်။ ရွာလယ်ရှိ ဒေါ်ဆွေထံမှ ချက်အရက် သုံးပုလင်းဝယ်၍ လယ်တဲကို အမြန်သွားခဲ့ရသည်။ ရွာနှင့်လယ်တဲမှာ တစ်မိုင်ကျော်ကျော်လောက် ကွာဝေးသည်။ တဲထဲမှာ အိပ်ပျော်နေသော ဆန်းဦးကို တွေ့ရသည်။

"ဆန်းဦး ထ ထ၊ မင်းကလဲ အချိန်အခါမဟုတ် အိပ်နေတယ်၊ ထ ထ မင်းအတွက် မေတ္တာလက်ဆောင်တွေ ပါလာတယ်"

ပိုင်စိုးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အလွန်အံ့ဩသွားသည်။ သူကြိုက်နှစ်သက်လှသော အရက်ပုလင်းများ။

"ဟာ ဆရာ ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာတာကိုး၊ ကျွန်တော်တောင် အတော်အံ့ဩသွားတယ်"

"ကဲ ကဲ၊ ထ ထ၊ ဒါလေး သောက်လိုက်ဦး၊ ပြီးရင် လုပ်ငန်းကိစ္စ ပြောမယ်၊ မင်း သိပ်လိုချင်တဲ့ အဆောင်ကျောက် ရမယ်၊ အဲဒီကိစ္စလဲ ပြောစရာရှိလို့"

"ဆရာရယ်. . . ဆရာ့ ဒီကို အလကား ဘယ်လာမလဲ၊ အကြောင်းရှိလို့ပေါ့၊ ဒါကို ကျွန်တော်သိပြီးသားပါ၊ ဟုတ်တယ် ဟုတ်လား ဆရာ"

ပိုင်စိုးမှ အဓိပ္ပာယ်ရှိလှသော အပြုံးတစ်ခုကို ပြုံးပြရင်း. . .

"တို့ ဒီည အုန်းနဲ့ကုန်းသင်္ချိုင်းကုန်းမှာ အလုပ်တစ်ခု လုပ်စရာရှိတယ်၊ အဲဒါ မင်းက ပွဲတစ်ပွဲစာ အုန်းသီး ငှက်ပျောသီး၊ လင်ပန်း၊ ကွမ်းယာ၊ လက်ဖက်၊ ကြက်၊ အရက် ယူလာခဲ့၊ ပေါက်တူးနဲ့ ငန်းပြားက ဇရပ်မှာ အဆင်သင့်ရှိပြီးသား"

ဆန်းဦးက ဖန်ခွက်ထဲတွင် အပြည့်ထည့်ထားသော အရက်ကို တစ်ခါတည်း မော့သောက်ရင်း အားရပါးရ စကားတစ်ခွန်းကို ဆိုလိုက်သည်။

"ဆရာပြောတာနဲ့တောင် အဲဒီ အဆောင်ကျောက်ကို အရမ်းစိတ်ဝင်စားတယ်၊ လောကမှာ ထူးဆန်းအံ့ဩစရာတွေ အများကြီးရှိတယ်ဆိုတာကို ကျွန်တော်ယုံတယ် ဆရာ၊ ဒါပေမယ့် ဆရာ လူတွေက လူသေကောင်ကို ဘာဖြစ်လို့ ကြောက်တာလဲ ဆရာ"

"လူသေအလောင်းတွေ မှန်သမျှကို သက်ရှိလူတွေအကုန်လုံး ရွံရှာကြတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ လူသေအလောင်းတွေက ကူးစက်မယ့် ရောဂါပိုးတွေရယ်၊ တွယ်ကပ် ငြိတွယ်နေတဲ့ မကောင်းဆိုးဝါးတွေကို ကြောက်လို့ပဲ၊ နှလုံးမသန့်ရင် လူသေကောင်တွေကို မကြည့်တာ အကောင်းဆုံးပဲ၊ တချို့ကျတော့လဲ ပုံစံအမျိုးမျိုးနဲ့သေကြပြီး ခန္ဓာကိုယ်ကြီး ပျက်စီးသွားတာလေ၊ အဲဒီ အမြင်ဓာတ်တွေက နှစ်ပေါင်းကြာရှည်စွာ သံမှိုလို စွဲထင်နေတတ်တယ်၊ စိတ်ဓာတ် တည်ကြည်ခိုင်ခံ့မှုမရှိရင် အအိပ်၊ အစားပျက်ပြီး လူကိုဒုက္ခပေးတတ်တယ်၊ တချို့လူတွေက အစွဲအလမ်း အားကြီးတယ်၊ ဒီကြားထဲ မကောင်းတဲ့ အမြင်တွေနဲ့ လွှမ်းမိုးထားရင် ပိုဆိုးတာပေါ့"

သူ့ဆရာ ပိုင်စိုး၏ အယူအဆကို သဘောကျစွာဖြင့်. . .

"ဟုတ်တယ်နော် ဆရာ၊ ကျွန်တော့်ဆရာ ပြောတာ အမှန်ပဲ"

"ကဲ ဒီည လုပ်ငန်းစမယ်၊ ညဆယ်နာရီမှာ ရွာထိပ်က ရွာတော်ရှင်မှာ ဆုံမယ်၊ ပြောထားတဲ့ ပစ္စည်းအမည်တွေ စုံအောင်ယူခဲ့၊ အရက်မူးပြီးလဲ လျှောက်အာမချောင်နဲ့ ပြောလား"

"ဟုတ်ကဲ့ဆရာ၊ စိတ်ချပါ၊ ဆရာ့တပည့်အကြောင်းလဲ သိရက်သားနဲ့၊ ကလေးကစားတဲ့ကိစ္စ မဟုတ်ဘူးလေ"

ပိုင်စိုးလည်း ပြောစရာရှိတာ ပြော၍ မှာစရာရှိတာမှာပြီး ပြန်ခဲ့လေတော့သည်။

○ ○ ○

လဆုတ်ရက်များ ဖြစ်၍ လရောင်ကို မမြင်[illegible] ပိုးကောင်းကင်မှ ကြယ်စုများ၏ အလင်းရောင်ဖြင့်သာ လွှမ်းမိုးထားသည်။

တိတ်ဆိတ်ငြိမ်သက်သော ညဥ့်ယံတွင် သုသာန်သင်္ချိုင်း တစ်ခုလုံးမှာလည်း အိပ်မောကျနေဟန်ရှိသည်။ မဲပိုးဝါး ကြယ်စုများ၏ အလင်းရောင်အောက်တွင် မြေပုံအသစ်၊ အဟောင်းများ၊ အကြီးအသေး အရွယ်အစားအမျိုးမျိုးနှင့် ဒုတ်ဂူများ၊ အသုဘ၏ စွန့်ပစ်ပစ္စည်းများ၊ မီးသဂြိုဟ်၍ ကျန်ရစ်ခဲ့သည့် မြေပုံများ၊ အရိုးစုများ၊ ချောက်ချားဖွယ်ရာ လေယူရာတိမ်းညွတ်နေသည့် သက်တမ်းရင့် သစ်ပင်အိုကြီးများ ဇရပ်ပျက် ခေါင်မိုးပေါ်မှ သံချက်ကွာ၍ ကွတ်ထွက်နေသည့် သွပ်မိုးမြည်သံများ ညဥ့်သတ္တဝါပေါင်းစုံတို့၏ အော်မြည်သံများဖြင့် တန်ဆာဆင်ထားလေသည်။

သို့သော်လည်း ဇရပ်ပျက်ထဲတွင် အုန်း၊ ငှက်ပျောပွဲ၊ ကြက်၊ လက်ဖက်၊ ကွမ်းယာ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များထွန်း၍ အမှောင်ကိုခွင်းအလင်းဆောင်နေသူမှာ ပိုင်စိုးပင် ဖြစ်ပါတော့သည်။ တပည့်ကျော်ဖြစ်သူ ဆန်းဦးအားမှာထားပြီးသား ဖြစ်သည်။ နီရဲသော အပွင့်များနှင့် လက်ပံပင်ကြီးမှာလည်း ကြယ်တာရာ အလင်းအားဖြင့် ညအလှကို ဖော်ဆောင်လျက်ရှိသည်။

"ဒီနေရာပဲ၊ မြေကို အသာ[illegible] ဂေါ်ပြားနဲ့ထိုးယူ အသံသိပ်မမြည်စေ[illegible] ဦးခေါင်းပိုင်းကို စဖော်၊ လုံးဝ ကြော[illegible] စရာမလိုဘူးနော်၊ ဆရာ ဇရပ်ထဲ[illegible] ရွာတော်ရှင်၊ မြို့တော်ရှင်၊ နယ်ဒေ[illegible] ရှင် အကုန်လုံးကို ပွဲပေးပြီး တောင်း[illegible] တိုင်တည်ပြီးပြီ၊ ပါးစပ်ထဲက ကျော[illegible] ကို ရဲရဲတင်းတင်းနှိုက်ယူ၊ အဲ. . ကူး[illegible] တစ်မတ်စေ့ကိုတော့ မပါလာစေနဲ့[illegible] ထားခဲ့ရမယ်၊ ကျောက်ကိုရတာနဲ့ အ[illegible] ဆုံးနည်းနဲ့ ဆရာ့ဆီကို ပြေးပြီးလာ[illegible] အဲဒီမှာ ကျောက်ကို နှိုက်ယူပြီး[illegible] အပေါ်ကအဖုံးကို ချက်ချင်းပြန်ဖုံးရ[illegible] အဲဒါလဲ မမေ့နဲ့ ကြားလား"

[illegible]လည်း အတော်[illegible] သော ဆန်း[illegible]မှ တက်ကြွပိုင်နိုင်[illegible] လေသံဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ စိတ်သာချ၊ ဘာမှမပူနဲ့၊ မြေပုံက နာရီပိုင်းလေးပဲကြာသေးတော့ မြေစာတွေက ပွစနေသေးတယ်၊ ဘာမှ ပင်ပန်းမှာ မဟုတ်ဘူး"

သို့နှင့် ဆန်းဦးသည်လည်း ပွ ရောင်းနေသော မြေစာများကို ဂေါ် ပြားနှင့်တစ်မျိုး၊ ပေါက်တူးနှင့်တစ်ဖုံ နှိုက် ယူတူးဆွ ဖယ်ရှားနေလေတော့သည်။ အရက်ကလည်း အတော်မူးနေပြီဖြစ် သည်။ တစ်ခါတစ်ရံ စိုးရွံ့ထိတ်လန့် သော အမူအရာဖြင့် လက်ပံပင်ကြီးကို မော့ကြည့်တတ်သေးသည်။

နှုတ်မှလည်း . . .

"သူများတွေပြောသလို ဒီအပင် ကြီးမှာ တကယ်ပဲ သရဲရှိနေသလားမသိ ဘူး၊ အို လူတွေက အာချောင်နေတာ ပါ တကယ် မဖြစ်နိုင်ပါဘူး"

ဆန်းဦးတစ်ယောက် လက်ပံပင် ကြီးအား မော့ကြည့်လျက် ကြက်သီး မွေးညင်းထသွားသည်။ ကြယ်စုများ၏ အလင်းရောင်အောက်တွင် နီနီရဲရဲ သက်ပံပွင့်များက သူ့ရဲ့မျက်လုံးများနှင့် ဘူနေလေသည်။

"အို ငါ့မှာ အလွန်ထက်မြက်တဲ့ ဆရာ ရှိနေတာပဲ၊ ဘာကြောက်စရာလို သေး ဒီလိုအစွမ်းထက်မြက်တဲ့ သိဒ္ဓိဝင် ကျောက်ရဖို့က အရေးကြီးတယ်၊ ရွာ အလယ်ပိုင်းက ဒေါ်ထွား မြေကြီးထဲမှာ မြှုပ်ထားတဲ့ရွှေအိုး အလွယ်တကူ သွား ဖော်ယူလိုက်ရုံပဲ၊ ငါ တိတ်တိတ်ပုန်း ကြိုက်နေတဲ့ ရွာအရှေ့ပိုင်းက အပျိုကြီး သဲငွေကိုလဲ လူမသိသူမသိ သွားချစ်လို့ ရတယ်၊ ဟဲ ဟဲ ဒီလောက်ကောင်းတာ"

ဆန်းဦးတစ်ယောက် မရေရာ သောအတွေးများတွေးပြီး ဇရပ်ပေါ်မှ သူ့ဆရာပိုင်စိုးကိုလည်း မကြာခဏ လှမ်းကြည့်နေလေတော့သည်။ ဇရပ် ပေါ်တွင် သူ့ဆရာပိုင်စိုးမှာ ဖယောင်း တိုင်၊ အမွေးတိုင်များထွန်းလျက် ပါးစပ် မှလဲ ဘာတွေ ပြောဆိုနေသည် မသိ၊ သူထဲမှောင်မဲသိပ်သည်းသော ညဉ့်ယံ တွင် ဇရပ်တစ်ခုလုံးမှာလည်း ဖယောင်း တိုင် မီးများဖြင့် လင်းထိန်လျက်၊ မပြို မပြင်ဘဲ ပစ်ထားသော ဇရပ်ပျက်ကြီးမှာ ဒီညအဖို့ သက်ဝင်လှုပ်ရှား ထူးဆန်းနေ လေသည်။

ဆန်းဦး တူးဖော်သည့် မြေပုံနှင့် ဇရပ်မှာ ပေလေးရာကျော်ကျော် ကွာ ဝေးသည်။ သချိုင်းစောင့်အား တင် မြှောက်ထားသည့် ကြက်ကောင်လုံးအနံ့ ကြောင့် ဇရပ်ပျက်ထဲရှိ မြေကြီးတွင်းဝ တွေထဲမှ မြွေဟောက်တွေ တစ်ကောင် ပြီးတစ်ကောင် ထွက်လာနေသည်ကို ပိုင်စိုး မသိ။

သူက ကြီးမားလှသော လောဘ နှင့် ဆန်းဦးကိုသာ လှမ်းကြည့်နေသည်။ ဆန်းဦးကို နှစ်တောင့်ထိုးလက်နှိပ်ဓာတ် မီးတစ်ခုသာ ပေးထားသည်။ ပိုင်စိုးက လည်း အကြံနှင့်။ ဆန်းဦးလာပေးသည့် ကျောက်ကိုယူပြီး တခြားကျောက်တစ် လုံးကိုပေးရန် ပြင်ဆင်ထားပြီးဖြစ်သည်။ သို့သော် သည်အလုပ်သည် လွယ်ကူ သောအလုပ် မဟုတ်မှန်း သူသိသည်။ သည်လောက်တော့လည်း ရင်းရမှာပေါ့။ ဆန်းဦးကို လှမ်းကြည့်ပြီး စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်၊ သံသယစိတ်များ ရော ပြွမ်းပြီး ရင်ခုန်နေမိသည်။ ထိုင်ရမလို၊ ထ,ရမလို စိတ်ဂနာမငြိမ်။

များစွာသော ချွေးများနှင့် ရွှဲနစ် နေသော ဆန်းဦးမှာလည်း ခေါင်းပြင်ကို မြင်သည်နှင့် လက်နှိပ်ဓာတ်မီးနှင့်အသာ လေး ထိုးကြည့်ပြီး အံဖုံးကို ဖွင့်လိုက် သည်။ သူ့ဆရာပိုင်စိုး မှာထားသလို လုပ်ရမည်ဖြစ်သည်။ ဘာမှကြောက်ရွံ့ နေစရာမလို။ ကျောက်ကို ပါးစပ်ထဲမှ နှိုက်ယူ၊ ဆရာပိုင်စိုးဆီ သွားပို့။ ပြန်လာ ပြီး မြေကြီးတွေ ပြန်ဖို့။

ဆန်းဦး လက်နှိပ်ဓာတ်မီးနှင့် လူသေမျက်နှာကို ထိုးကြည့်ပြီး ကြောက် ရွံ့စိတ်များ ချောက်ချားစိတ်များ ဝင်လာ သည်။ သူသည် လူသေကောင်များစွာ ကို မြင်ဖူးသည်။ ရွာတွင် နာရေးမှန်သမျှ အသုဘကိစ္စကို ဆောင်ရွက်သည်။ ဝါသနာလည်း အလွန်ပါသည်။ လူသေ ကို ရေချိုးပေးခြင်း၊ အခေါင်းပြင်ခြင်း၊ အခေါင်းထဲ ထည့်ခြင်း၊ မြေမြှုပ်သည် အထိ အကြိမ်ပေါင်းများစွာ ဆောင်ရွက် ပေးသူဖြစ်သည်။ လူသေမျက်နှာ မှန် သမျှကို အနီးကပ် အကဲခတ်လေ့လာ သည်။ ဒီအဘိုးကြီးမျက်နှာက တစ်မျိုး ပါလား။ ထိုအချိန်တွင် ရဲရဲနီသော လက်ပံပွင့်တစ်ပွင့်သည် အဘိုးကြီးမျက် နှာပေါ်သို့ ပြုတ်ကျလာသဖြင့် ပါးစပ်ထဲ နှိုက်အံ့ဆဲဆဲ သူ့လက်များသည် ရုတ် ခြည်း ရပ်တန့်သွားသည်။ ထိတ်လန့် တုန်လှုပ်စွာဖြင့် ကြောက်ရွံ့သွားသည်။

တိတ်ဆိတ် ငြိမ်သက်လွန်းလှ သော အမှောင်ထုကလည်း ပို၍ချောက် ချားဖွယ် စိုးရွံ့ထိတ်လန့်မှုများကို တွန်း အားပေးသလို ဖြစ်နေသည်။ အချိန်ပိုင်း အတွင်းမှာပင် ကြီးမားသော စိန်ခေါ်မှု များနှင့် ရင်ဆိုင်လာရပေပြီ၊ တစ်ချိန်လုံး ဆုံးဖြတ်လာခဲ့သော အတွေးအခေါ်များ သည် မိနစ်ပိုင်းအတွင်းမှာပင် ပြောင်းလဲ ချင်သလိုလို ဖြစ်လာသည်။ အို . . . ဆင်ကောင်ကြီး အမြီးကျမှ တစ်မနေ တော့ဘူး။

ဆန်းဦးသည် ပိုင်နိုင်သော ဆုံး ဖြတ်ချက်ကိုချကာ ရဲတင်းစွာပင် ပါးစပ် ထဲသို့ လက်ဖြင့် ထိုးနှိုက်လိုက်သည်။ တင်းကျပ်စွာ စေ့ထားသော သွားများ ကိုလည်း ရအောင်ဟယူသည်။ သူသတိ ထားမိသည်က ပါးစပ်ထဲမှာ အေးစက် မနေဘဲ နွေးထွေးနေသည်၊ မြေငွေ့ ကြောင့်ပေပဲလား။ ခြောက်ပေအနက် ရှိသည့် မြေကြီးကျင်းထဲတွင် အသက်ရှူ မှားဖွယ်ရာကောင်းသော မြင်ကွင်း တစ်ခု။ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီး ရောင်က ကျင်းထဲတွင် လင်းထိန်ပြီး အနီးရှိလက်ပံပင်ကြီးကိုပင် အရောင် ဟပ်လျက်ရှိသည်။

တင်းကျပ်စွာ စေ့ထားသော သွားများကို တအားဟလိုက်တော့ မျက် လုံး နှစ်လုံးက ပွင့်လာသည်။

ခန္ဓာကိုယ်ကြီးမှာ လေးလွန့် လှုပ် ရှားလာသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆန်းဦးက "ကြောက်နေလို့မဖြစ်ပါဘူး" ဆိုပြီး အခေါင်းထဲကို အတင်းထိုးနှိုက်သည်။ ထိုအချိန်တွင် လုံးဝမျှော်လင့်မထားသော အဖြစ်အပျက်တစ်ခုကို သူ ရင်ဆိုင်လိုက်ရသည်။

ချွန်ထက်မာကျောသော သွားများဖြင့် သူ့လက်ချောင်းများ ရုတ်တရက် ကိုက်ခဲခံရခြင်းပင် ဖြစ်သည်။ သူ့ပါးစပ်မှလည်း အလွန်အမင်း နာကျင်စွာဖြင့် . . .

"အမယ်လေး ကယ်ကြပါဦးဗျို့"

ဆန်းဦး၏ နာကျင်အက်ကွဲသော အသံက သုသာန်သချိုင်းတစပြင်တစ်ခုလုံးကို လွှမ်းမိုးသွားသည်။ သူ့လက်ထဲတွင် တစ်စုံတစ်ခု ပါလာသည်ကို သိသော်လည်း သူညာဘက်လက်လက်ချောင်းများက အကောင်းပကတိမရှိတော့။ ကျိုးကြေပြီး သွေးခြင်းခြင်းနီရဲလျက်ရှိသည်။

သူသည် ထိတ်လန့်တကြားဖြင့် ကျင်းနှုတ်ခမ်းပေါ် တက်ပြီး သူ့ဆရာ ပိုင်စိုးရှိရာ တစ်ချိုးတည်း ပြေးလာခဲ့သည်။ ချွေးဒီးဒီးကျပြီး ရင်ထဲမှာလည်း မောဟိုက်လျက်။

ဒီကြားထဲက အမှောင်ထဲတွင် အုတ်ဂူတစ်ခု ဝင်တိုက်မိပြီး အရှိန် ဖြင့် မြေပြင်တွင်ပစ်လဲကျသွားသည်။ မျက်နှာနှင့်အုတ်ဂူဘေးစောင်းကို တိုက်မိသဖြင့် မျက်နှာလည်း ဒဏ်ရာတွေနှင့် သွေးများထွက်လျက်ရှိသည်။

မြေပြင်မှ အတင်းကုန်းထပြီး လင်းထိန်နေသော ဇရပ်ပျက်ရှိရာ ကြိုးစားပမ်းစားလာခဲ့ရသည်။ ဇရပ်ထဲမှာတော့ လင်းထိန်နေသော ဖယောင်းတိုင်မီးများ၊ အငွေ့တထောင်းထောင်းထွက်နေသော အမွှေးတိုင်မီးများအပြင် သူယူလာသော အုန်းငှက်ပျောပွဲနှင့် တင်မြှောက်ထားသည့် ကြက်တစ်ကောင်အား လုယက်ဆွဲငင်ယူနေသော မြွေဟောက်များသာ တွေ့ရသည်။သူ့ဆရာ ပိုင်စိုးမှာ လုံးဝမရှိတော့။

"ဆရာ . . . ဆရာပိုင်စိုး"

သူ့အသံမှာ သုသာန်သချိုင်းတစပြင်တစ်ခုလုံး ဟိန်းထွက်သွားသည်။ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ပို၍ပင်ကျယ်လောင်လွန်းလှချေသည်။ ကြီးမားလှသော မြွေဟောက်ကြီးတစ်ကောင် သူ့ဆီ ချက်ချင်းရောက်လာသည်။ သူ့ခြေလှမ်းများက လယ်တဲရှိရာသို့ လျင်မြန်သော အဟုန်ဖြင့် ပြေးထွက်ခဲ့လေတော့သည်။

○ ○ ○

ညအချိန်မတော်ကြီး အလျင်အမြန် ပြေးဝင်လာသော ပိုင်စိုးအား ဇနီးသည် ကြည်ကြည်မှ ကြည့်လျက်-

"ရှင် ရှင် ဘာတွေဖြစ်လာတာလဲ ဟင်၊ ရှင်လာရာ ရွာလမ်းတစ်လျှောက် ခွေးတွေထိုးဟောင်နေတာ ဆူညံနေတာပဲ၊ ကျွန်မတောင် လန့်ပြီးနိုးတယ်၊ ရှင် ရှင် မဟုတ်တာတွေ ဘာတွေလုပ်ခဲ့သလဲ"

မိမိမွေးထားသည့် အိမ်ခွေးပင်လျှင် ပိုင်စိုးအား မြင်သည်နှင့် အသည်းအသန် ထိုးဟောင်နေလေတော့သည်။ ပိုင်စိုးအား အင်မတန်ချစ်သည်ဆိုသောကြောင် "ဖြူမ" ဆိုလျှင် အနားလုံးဝမကပ်တော့ဘဲ ဝေးရာသို့ ထွက်ပြေးသွားတော့သည်။

ချွေးဒီးဒီးကျပြီး မောပန်းလာသော ပိုင်စိုးမှ . . .

"အဲဒါတွေ မေးမနေပါနဲ့ကွာ၊ သောက်ရေတစ်ခွက် ပေးစမ်းပါကွာ၊ ငါ့နောက်မှာ ဘာတွေလိုက်လာသေးလဲ"

"ဘယ်သိမလဲတော်၊ ကျွန်မတော့ ဘာမှ မတွေ့ပါဘူး၊ ဒါပေမယ့် ရှင် ခြံထဲဝင်လာတော့ အိမ်ခွေးဟောင်တာတော့ ပြောမနေနဲ့၊ ဒါနဲ့နေပါဦး ရှင် အခု ဘယ်က ပြန်လာတာလဲ၊ ရှင့်ကြည့်ရတာ တစ်မျိုးကြီးပဲ၊ မှုမမှန်ဘူး၊ ရှင် မဟုတ်တာတွေ ဘာတွေလုပ်ခဲ့လဲ ဟင်"

ထိုအခါ ပိုင်စိုးသည် မှန်ကန်တိကျသောအဖြေများကို မပေးဘဲ ဝေ့လည်ကြောင်ပတ်ဖြင့် . . .

အကောင်းဆုံးကတော့
အဘ သေဆုံးပြီး
နာရီဝက်အတွင်း
ကျောက်ကိုပါးစပ်ထဲ
ထည့်ပေးပြီး
စန္ဒာကိုယ် ကိုလဲ
နှစ်ဆယ့်လေးနာရီအတွင်း
မြေမြှုပ်သင်္ဂြိုဟ်လိုက်ရင်
ပြီးပြည့်စုံတဲ့
သိဒ္ဓိ ခေါင်အား
တွေ့ရမယ်

"အို ဘာမှမဟုတ်ပါဘူးကွာ၊ [illegible] အသုဘအိမ်က ပြန်လာတာပါ၊ တို[illegible] ဖဲဝိုင်း အပျော်တမ်း ပိုကာ ကစား[illegible] တာပါ၊ ခြေလက်ဆေးပြီး အိပ်ရာ[illegible] တော့မယ်"

"ရှင်ပြောတဲ့ စကားနဲ့ ရှင့်အ[illegible] အထားက တခြားစီပဲ၊ အေးပေါ့[illegible] ကိုယ်ဆောင်ရွက်ပြုမူခဲ့တာ ကိုယ်[illegible] မှာပေါ့"

ဇနီးသည်ကြည်ကြည်၏ မ[illegible] မနပ်ပြောဆိုနေမှုကို မသိကျိုးကျွ[illegible] ကာ ခြေလက် ဆေးကြောသန့်စ[illegible] အိပ်ခန်းထဲသို့ ဝင်သွားလေတော့သ[illegible] ထိုည တစ်ညလုံး ပိုင်စိုး အိပ်မ[illegible] ဒီကိစ္စက ပေါ့ပေါ့သေးသေးမဟု[illegible] သက်ဆိုင်သူ ကာယကံရှင်များ သိ[illegible] လျှင် တကယ်မလွယ်။

သူ့မျက်လုံးထဲတွင် များပြား[illegible] လှသော မြွေဟောက်များ၊ ထိုအ[illegible] အလွန်ကြီးမားလှသော မြွေဟော[illegible] သည် ပါးပျဉ်းကြီးထောင်လျက် သူ့[illegible] ရန်မူလာခြင်းပင် ဖြစ်သည်။ [illegible] နှစ်လုံးမှာ ဖယောင်းတိုင်မီးရော[illegible]

www.burmeseclassic.com

ရဲရဲနီလျက်။ ပါးစပ်ထဲမှ လျှာနှစ်ခွသည် ဝင်လိုက် ထွက်လိုက်ဖြင့် ရန်သူအား တိုက်ခိုက်ရန် တာစူလျက် ရှိသည်။

ပိုင်စိုးလက်ထဲ၌ ငှက်ကြီးတောင်မားရှိသော်လည်း ဧရာမမြွေဟောက်ကြီးကို ရှေ့တည့်တည့်မှ ဓားဖြင့်ခုတ်လိုက်လျှင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်ချေမည်။ တခြား မြွေဟောက်များမှာလည်း သူ့အားဝိုင်းဝန်းနှိပ်ကွပ်မှာ သေချာသည်။ သူသည် အသက်လုပြီးပြေးရုံမှတစ်ပါး အခြားမရှိပြီ။

ဧင်း အကြောင်းအရာများကို အထပ်ထပ်အခါခါ စဉ်းစားတွေးတောမြင်ယောင်ပြီး မိုးစင်စင်လင်ခဲ့ရချေသည်။ မိုးလင်းလျှင် မိုးလင်းချင်း ရွာသူကြီး ဦးဖေသွင် ရောက်လာပြီး. . .

"ပိုင်စိုး ပိုင်စိုး နိုးပြီလား၊ လာလာ ဆရာတော် ခေါ်နေတယ်၊ ခုတစ်ခါ တည်းလိုက်ခဲ့၊ ဟိုမှာ အရေးတကြီး ပြောစရာရှိလို့"

သူကြီး၏ ခေါ်ဆိုပြောသံများကြောင့် လန့်ဖျပ်သွားလေသည်။ ဒီကိစ္စက ရွာဦးကျောင်းဆရာတော် ပါဝင်ပတ်သက်လာ၍ စိုးရွံ့ထိတ်လန့်တုန်လှုပ်မိသည်။ မျက်နှာ ကပျာကယာသစ်၍ သူကြီးခေါ်ရာနောက် လိုက်ပါခဲ့ရသည်။ လမ်းတစ်လျှောက်လုံးလည်း စိုးရိမ်စိတ်များ ကြီးမားစွာ ဖြစ်ပေါ်နေမိသည်။ သူကြီးမှ ပိုင်စိုးမျက်နှာအား ကြည့်ရှုအကဲခတ်လျက် . . .

"ဘယ်လိုဖြစ်နေတာလဲ၊ ဘာလဲ နေမကောင်းဘူးလား"

ပိုင်စိုးမှ မလုံမလဲ၊ ကပျာကယာဖြင့် . . .

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး"

ရွာသူကြီးဦးဖေသွင်မှ မသင်္ကာသော မျက်လုံးများဖြင့် ကြည့်လျက်. .

"မင်းကိုကြည့်ရတာ တစ်မျိုးကြီးပဲ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး"

သို့နှင့် ရွာဦးကျောင်းသို့ ရောက်လာခဲ့သည်။



ရွာဦးကျောင်းဝင်းထဲတွင် နွားအနီတစ်ကောင်၊ အဖြူတစ်ကောင်ကို လှည်းတွင် အဆင်သင့်တပ်ထားသည်ကိုတွေ့ရပြီး လှည်းနားတွင်လည်း ဆရာတော်ကို တွေ့ရသည်။ ဆရာတော်သည် သူကြီးနှင့်ပိုင်စိုးတို့ကို တွေ့သည်နှင့် အနားသို့ခေါ်၍ အောက်ပါအတိုင်း တိုးညင်းစွာ ပြောလေသည်။

"ဒကာကြီးတို့ကို ပြောထားရဦးမယ်၊ ညသန်းခေါင်လောက်ကြီး ဦးဖိုးလုံး ရောက်လာတယ်၊ ညအချိန်မတော် တံခါးလာခေါက်တော့ အတော်အံ့ဩသွားတယ်၊ ဘယ်သူလဲ ကြည့်တော့ ဒကာကြီးဖိုးလုံး ဖြစ်နေတယ်၊ ဘုန်းကြီးကျောင်းမှာ မွေးထားတဲ့ခွေးတွေ တစ်ကောင်မှမဟောင်တော့ ပိုပြီးထူးဆန်းအံ့ဩစရာ ဖြစ်သွားတယ်၊ ရောက်ရောက်ချင်း ရေတောင်းသောက်တယ်၊ ဗိုက်ဆာလို့ဆို ငှက်ပျောသီးကျွေးထားရတယ်၊ ဆရာတော် သူ့ကို တီးခေါက်ကြည့်တော့ သူသေဆုံးတာ၊ သင်္ချိုင်းကုန်းမှာ အသုဘချတာ သူလုံးဝသိပုံမပေါ်ဘူး၊ ရွာထဲမှာ ပြန်နေခိုင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ တချို့က ရွာနာတယ်ဆိုပြီး ပြဿနာရှာမှာဆိုတော့ ဒီကိစ္စက ပေါ့သေးသေး မဟုတ်ဘူး၊ အဲဒီတော့ ဒီကိစ္စကို ဒကာကြီးတို့ လုံးဝမဟပါနဲ့၊ လုံးဝမပြောပါနဲ့"

ဆရာတော်သည် စကားပြောနေရင်း ဘေးဘီဝဲယာကို အကဲခတ်ရင်း ပြောလက်စ စကားများကို ပြန်ဆက်သည်။

"ဒကာကြီး ဒကာကြီး ညအချိန်မတော်ကြီး ဘာလာလုပ်တာတုံးမေးတော့"

"တပည့်တော် ဘုရားဖူးက ပြန်လာတာပါ ဘုရား၊ မြေအောက်ရထားတွေ ဆရာတော်ရယ်၊ အံ့မခန်းပါပဲ၊ အဲဒီမှာ ကျောက်သံပတ္တမြားတွေနဲ့ ဘုရားတွေကို ပူဇော်ထားတာ၊ အဲဒီမှာ သူလဲ သဒ္ဓါပေါက်ပြီး ပါးစပ်ထဲက ကျောက်မျက်ရတနာထုတ်ပြီး ပူဇော်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပဲ သူပူဇော်လိုက်တဲ့ကျောက်ဟာ မီးခိုးရောင်ကနေ နီနီရဲရဲကျောက်တစ်လုံးဖြစ်သွားတယ်ဆိုပဲ၊ လိုဏ်ဂူတစ်ခုလုံး လင်းထိန်သွားတယ်ဆိုပဲ၊

ချက်ချင်းပဲ ဆရာတော်ကို သူ့ ပါးစပ်ထဲက ကျောက်ကိုထုတ်ပြတယ်၊ တကယ်ပါ သူပြောတဲ့အတိုင်းပါပဲ၊ ကျောက်မျက်ရတနာကထွက်တဲ့ နီနီရဲရဲ ရောင်ခြည်တန်းဟာ ကျောင်းခေါင်မိုးကိုတောင် ပေါက်ထွက်သွားတယ်၊ ဆရာတော်ရဲ့ တစ်သက်နဲ့တစ်ကိုယ်မှာတော့ မျက်မြင် အံ့မခန်း ဖြစ်ရပ်တွေပါပဲ၊ ဒကာကြီးပိုင်စိုးကိုလဲ သူသိပ်တွေ့ချင်နေတယ်၊ ဘာပြောမလို့လဲ မသိဘူး၊ အဲဒါ ဒကာကြီး၊ သူသေဆုံးကြောင်း အသုဘကိစ္စတွေကို လုံးဝမပြောပါနဲ့၊ ဟုတ်ပြီလား ဒကာကြီး"

ပိုင်စိုးသည် လျှင်မြန်စွာဖြင့် . .

"တင်ပါ့ဆရာတော် စိတ်ချပါ"

ဆရာတော်သည် သူကြီးအား ကြည့်၍ မိန့်မှာသည်မှာ . . .

"အခု ဒကာကြီးဦးဖိုးလုံးကို နတ်ဆုံတောင်မှာရှိတဲ့ ရသေ့ကြီးဒိဗ္ဗဆီကို သွားပို့ပေးထားမယ်၊ ဒကာကြီးဦးဖိုးလုံးကလဲ သူ့အဲဒီမှာ တစ်သက်လုံးနေမယ်လို့ ဆရာတော်ကို လျှောက်တယ်၊ အခုပဲ ကျောင်းက ဦးဇင်းကြီးနဲ့အဖွဲ့ လှည်းနဲ့ သွားပို့တော့မယ်၊ နေမထွက်ခင် လှည်းထွက်ဖို့ ပြောထားတယ်၊ ဒကာကြီးက သချိုင်းသွားပြီး ဦးဖိုးလုံးရဲ့ မြေပုံကို ယခင် မြှုပ်ထားတဲ့အတိုင်းဖြစ်အောင် ဆောင်ရွက်ပေးထားပါ၊ သဘောပေါက်တယ်နော်၊ တစ်ရွာလုံးကိုလဲ အသိမပေးနဲ့ဦး၊ နောက်တော့မှ အခြေအနေကြည့်ပြီး ပြောကြတာပေါ့"

"တင်ပါ့ ဘုရား"

ဆရာတော်အား ဦးချရှိခိုး၍ သူကြီးလည်း သူ့တာဝန်သူထမ်းဆောင်ရန်ထွက်ခွာသွားလေတော့သည်။ ဆရာတော်မှ ပိုင်စိုးအားကြည့်၍. . .

"လာ ဒကာကြီး၊ အချိန် မရဘူး၊ ဒကာကြီးဦးဖိုးလုံးနဲ့ သွားတွေ့လိုက်ဦး"

ကျောင်းပေါ်တွင် ရေနွေးကြမ်းငုံ့သောက်နေသည့် ဦးဖိုးလုံးကို တွေ့ရသည်။ ပိုင်စိုးကို တွေ့သည်နှင့် ဝမ်းသာရွှင်ပျသောအသံဖြင့် . . .

"မောင်ရင့်ကို အဘသိပ်ကျေးဇူးတင်တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တာလေ၊ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးအိုတစ်ယောက် အိပ်မက်ထဲမှာ လာပြောတယ်၊ မောင်ရင့်ဆီ အတင်းသွားခိုင်းတယ်၊ ဘာပဲပြောပြော ကျေးဇူးဆိုတာ ကြံဖန်တင်တတ်ရမယ်၊ ဒီမှာလေ မောင်ရင်ရယ် ကြည့်ပါဦး၊ ဘယ်လောက်ထူးဆန်းလိုက်သလဲ"

အဘဦးဖိုးလုံးသည် ပြောပြောဆိုဆို ပါးစပ်ထဲမှကျောက်ကို ညာဘက်လက်ဝါးပေါ် ထွေးထုတ်၍ပြသည်။ ကျောက်မျက်ရှင်သည် နီရဲသောအသွင်ပြောင်းကျောက်တစ်မျိုး ဖြစ်နေလေပြီ။ အံ့ဩဖို့ကောင်းလေစွ၊ ဩော် လောကကြီးတွင် ပညာ၊ ဥစ္စာ၊ ကျောက်မျက်ရတနာ၊ အမွေ၊ ရာထူး၊ အဆင့်အတန်းအားလုံးသည် ထိုက်တန်မှ ရရှိခံစားစံစားရသည်မှာ အမှန်ပါပဲလား။ ယခုပင်သည်ဖြစ်ရပ် ဖြစ်စဉ်များက မီးမောင်းထိုးပြလေပြီတကား။ အနီးနားတွင်ရောက်နေသော ဆရာတော်မှ. . .

"ကဲ ကဲ ဒကာကြီးဦးဖိုးလုံး လာလာ၊ နေမထွက်ခင် လှည်းထွက်တော့မယ်၊ အချိန်မရဘူး၊ ဆရာတော်လဲ ပဲပြင်ရွာ ကြွစရာရှိတယ်"

ဦးဖိုးလုံးအား ခေါ်ဆောင်သွားသည့် လှည်းထွက်သည်နှင့် ပိုင်စိုးလည်း ဆရာတော်အား နှုတ်ဆက်စကားဆို၍ ရှိခိုးပြီး သချိုင်းကုန်းသို့ အလျင်အမြန်ထွက်လာခဲ့သည်။ တပည့်ဖြစ်သူဆန်းဦးအတွက် အလွန်အမင်း စိုးရိမ်ပူပန်မိသည်။ မိမိကိုယ်တိုင်ပင် လက်လွတ်ခြေခါ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ရသည်မဟုတ်ပါလား။ အရင်ဦးဆုံး ဇရပ်ပျက်ထဲ ဝင်လာခဲ့သည်။ မနေ့ညက တင်မြှောက်ထားသည့် အုန်း၊ ငှက်ပျောပွဲအပြင် ဘာဆိုဘာမှ မရှိတော့။ အားလုံးပြောင်သလင်းခါနေသည်။ ဘယ်လိုလူကလာပြီး စွန့်ယူသွားသည် မသိ။ လက်ပံပင်အောက်မှ အဘဦးဖိုးလုံး၏ မြေပုံမှ မြေစာများပင် တစ်ညီတည်းညှိပြီးလေပြီ။ သူကြီးနှင့်အဖွဲ့ စောစောစီးစီး လာပြုပြင်သွားဟန် ရှိသည်။

ပိုင်စိုး၏ခြေလှမ်းများက ဆန်းဦးလယ်တဲရှိရာသို့ ဦးတည်လိုက်သည်။ တဲထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တဲတွင် ခွေးတွေမွေးထားသော်လည်း ရှိဟန်မတူ။ ပိုင်စိုးမှ အသံပြု၍ တဲထဲသို့ဝင်သွားသည်။

"ဟေ့ ဆန်းဦး ဆန်းဦး"

တုံ့ပြန်မှုလုံးဝမကြားရဘဲ တဲထဲရှိ ဝါးကပ်ကြမ်းခင်းပေါ်မှ မြင်ကွင်းက 'အမင်္ဂလာ'ဖြင့် ဆီးကြိုနှုတ်ဆက်နေလေတော့သည်။ ပက်လက်ကြီးလှန်မျက်လုံးများပြူးလျက် သေဆုံးနေသည့် ဆန်းဦး၊ မျက်နှာအပါအဝင် တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက် သွေးစသွေးနများ စွန်းထင်းလျက်။ မနေ့က ပိုင်စိုးဝယ်လာခဲ့သည့် အရက်ပုလင်းသုံးလုံးမှာ ခေါင်းရင်းဘက်တွင် ပြိုလဲလျက်။ ပါးစပ်ထဲမှ စီးကျနေသော သွေးရည်များကိုကြည့်လျှင် မသေခင် အရက်ကို အဝသောက်သွားဟန်ရှိသည်၊ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် တဲခေါင်မိုးမှ ဓနိများ ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်နေသယောင်။ အင်္ကျီ ပုဆိုးရှိ အရောင်များမှာ မြေကြီးအရောင်များဖြင့် ဖုံးအုပ်ထား၍ မူလအရောင်များပင် ပျက်ပြယ်နေလေပြီ။

ညာဘက် လက်ချောင်းများသည် ကျိုးကြေပြီး သွေးခြင်းခြင်းနီရဲလျက်ရှိသည်။ သို့သော်လည်း ညာဘက်လက်ချောင်းများဖြင့် တင်းကျပ်စွာဆုပ်ကိုင်ထားသည့် အရာဝတ္ထုတစ်ခု ရှိနေသည်။ ၎င်းအရာဝတ္ထုမှာ အခြားတော့မဟုတ်။ အဘဖိုးလုံးပါးစပ်ထဲမှ ကူးတို့ခအဖြစ် ထည့်ပေးလိုက်သည့် တစ်မတ်စေ့ပင် ဖြစ်ပါတော့သတည်း။

❒ မင်းဟန်(သရက်လျှင်)





www.burmeseclassic.com

www.burmeseclassic.com



# အုံအုံသံ

## မုဆိုးဆဝသြားစားလတ္တံ

www.burmeseclassic.com

မြန်မာ့ ယုတ္တိပညာသည် ဆားတောင်မြို့စားအယူတော်မင်္ဂလာအမတ်ကြီး တင်လျှောက်ခဲ့သော ပညာ ဖြစ်ပါသည်။ မြန်မာတို့၏ ယုတ္တိပညာသည် သဘာဝတရားလို ပုံသေလောကကို ရှုမြင်ရသည့် ပညာမဟုတ်ဘဲ လူတို့၏ ဆန်းကြယ်စွာဖြစ်တတ်သော လျှို့ဝှက်နက်နဲချက်များကို စဉ်းစားသည့် ပညာဖြစ်၏။

သဘာဝနိယာမတရားတို့သည် များသောအားဖြင့် သူ့ဥပဒေသနှင့် သူ စည်းစနစ်တကျ ဖြစ်နေကြသည်ဖြစ်၍ တစ်နွယ်ငင် တစ်စင်ပါ စဉ်းစားရမခက်လှချေ။

မြန်မာ့ယုတ္တိပညာတွင် အတွေ့အကြုံကို အာရုံစိုက်လေ့လာခြင်းတပင်စသော်လည်း အဖြစ် အပျက်တို့ကို ကြည့်ရှုလေ့လာရာ၌ သွယ်ဝိုက်စွာ သိအပ်သော ဆင်ခြင်မှန်းဆမှုကိုသာ အသုံးပြုလေသည်။

ယင်းသို့ ဆင်ခြင်မှန်းဆကောက်ယူရာ၌ မြန်မာ့ယုတ္တိပညာတွင် လူကိုလည်းကောင်း၊ သဘာဝအဖြစ်အပျက်ကိုလည်းကောင်း၊ တိုက်ရိုက်မကောက်ယူပေ။ ယင်းအဖြစ်အပျက်တို့၏ ယေဘုယျလက္ခဏာကို တစ်နည်းတစ်လမ်းအားဖြင့် သွယ်ဝိုက်၍ ဖော်ပြအပ်သော အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ စသည်တို့ကို အယူကောက်၍ အနာဂတ်၌ ဖြစ်လတ္တံ့သော ကိစ္စကို ကြိုတင်ဟောကြား၏။

အတိတ်သည် လည်းကောင်း၊ နိမိတ်သည် လည်းကောင်း၊ တဘောင်သည် လည်းကောင်း၊ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ထဲမှ လူတို့၏ အာရုံအားဖြင့် ထိတွေ့ခံစား သိမြင်လာရသော အတွေ့အကြုံများသာ ဖြစ်ကြသည်။

ယင်း အတွေ့အကြုံများသည် ဖြူသောအရာကို ဖြူသည်ဟု မျက်စိကမြင်ရသော အချင်းအရာလောက် ရိုးရှင်းလွယ်ကူမှု မရှိပါ။ ဤသဘောကို နားလည်ရန် အယူတော်မင်္ဂလာ အမတ်ကြီးသည် အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းတို့ကို အဓိပ္ပာယ်နှင့်တကွ ရှင်းလင်း ဖော်ပြခဲ့သည်။

**အတိတ်**

သုံးပါးကာလ၊ အတီတကို၊ ညီမျှဆင်ခြင်၊ ပမာတင်၍၊ ယူငင်ခြင်းတည်းဟူသော အတိတ်။

**နိမိတ်**

အနာဂတ်မှာ၊ ဖြစ်ပျက်ရာကို၊ ပြလာစုံရှောင်း၊ အကြောင်းတစ်၊ တွေ့မြင်ဘိသည်ကို၊ နှိုင်းညှိဆင်ခြင်၍၊ သိရခြင်းတည်းဟူသော နိမိတ်။

**တဘောင်**

ရှေ့၌ ဖြစ်လတ္တံ့သောဟိတ် အကြောင်းလက္ခဏာ)ကို ဆောင်၍ ပေါ်လာသော သီချင်းမျိုးကို တဘောင်။

**စနည်း**

ကာလ၊ အကာလ နှစ်ဌာနတွင် မိမိကြိုက်ရာ အခါသမယတို့၌ လိုအင်ခပ်သိမ်းကို သိကျွမ်းရစေခြင်း အကျိုးငှာ ဦးစွာ ပြောဆိုသည်ကို ကြားရသော ဇနဝါစက မာဂဓ ဘာသာတို့၏ အသံကို မှတ်ယူခဲ့ခြင်းသည် စနည်းဖြစ်သည်။

**ဘဝေါ**

ဘုရားပုထိုး၊ တန်ခိုးရောင်ခြည်၊ မျက်ရည်ယိုထွက်၊ ချွေးတော်သက်၍၊ နတ်စက်လောင်မီး၊ ကျောင်းကြီးဇရပ်၊ နန်းပြာသာဒ်၌၊ ကျလတ်တုံလေ၊ လနန်းငွေတွင်၊ ကြယ်ဝင် ကြယ်ခွပ်၊ ရောစပ်တစ်မျိုး၊ အခိုးတန်းခွန်၊ လွှတ်တို့ဟန်သည် ဖြစ်ရန်ပျက်ကြောင်း ဘဝေါတည်း။

ဤသည်တို့ကား မော်အတတ်၊ စုန်းအဲတတ်မဟုတ်မူဘဲ အာရုံမှာ မျက်ဝါးထင်ထင်တွေ့မြင်ရသော အချက်များသာ ဖြစ်ပေ၏။

သို့ရာတွင် ဤအတိတ် နိမိတ်တို့သည် လူ၏ တကယ့်ဘဝ အဖြစ်အပျက်နှင့် မည်သို့ဆက်စပ်နေကြပါသနည်း ဆိုသည်ကိုကား သက်သေပြရန် မလွယ်သည့်ကိစ္စ ဖြစ်သည်။

ဤအချက်သည် ပါရမီရှင်၏ ဉာဏ်ကွန့်မြူးမှု၊ ထိုးထွင်းဆင်ခြင်နိုင်မှု အပေါ် မူတည်သည်။

အမရပူရမြို့တည် ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် (၁၁၄၆) ခုနှစ် တန်ဆောင်မုန်းလတွင် သားတော် အိမ်ရှေ့မင်းသားသီရိမဟာဓမ္မဝိဇယဘွဲ့ခံ သီဟသူရနှင့် အိမ်ရှေ့မင်း၏ ညီတော်ကမ္ဘမြို့စားတို့ကို ရခိုင်ပြည်အား သိမ်းပိုက်စေခဲ့သည်။

အိမ်ရှေ့ခင်းသားသည် တပ်ပေါင်း (၃၃)တပ်၊ တိုက်ဆင် (၃၃၀)၊ မြင်း (၃၃၀၀)နှင့် စစ်သူရဲ (၃၃၀၀၀)ဖြင့် ရေကြောင်း ကြည်းကြောင်းခွဲ၍ ရခိုင်ပြည်သို့ ချီတက်သည်။

သားတော်ကြီး မဟာဥပရာဇာ ဓညဝတီရခိုင်ပြည်သို့ ချီတော်မူ၍ တိုက်ခိုက်စဉ် ဘိုးတော်ဘုရားသည် အရေးတော်ကို မျှော်ထောက်၍ သိတော်မူလိုသောကြောင့် အယူတော်မင်္ဂလာအမတ်ကြီးအား ခေါ်ယူ၍ အမိန့်တော်ချမှတ်ပါသည်။

"သားတော်ခုစ် မဟာဥပရာဇာ၊ ဓညဝတီရခိုင်ပြည်သို့ ချီတော်မူသည့် အရေးတော်များမှာ ခရီးထင်တိုင်း ပေါက်ရောက်ပြီးစီးနိုင်ရန် ရှိ မရှိ သိတော်မူလိုသည်။

ဤသို့ သိနိုင်ဖွယ်အခင်း သီချင်းတဘောဝ် တိတ်ဆောင်စနည်း စသည်ဖြင့် ကြားသိတော်မူရလိမ့်မည်ဟု ငါသဘောရသည်။

သို့အတွက် မောင်မင်းသည် တဘောင် စနည်းနာ၍ ငါ့အား တင်လျှောက်ရမည်"

"ယခု ချီတော်မူသည့် ဓညဝတီအရေးကို စိုးနှောင့်တော်မူဖွယ်မရှိပါဘုရား၊ ကျွန်တော်မျိုး ရွှေနန်းတော်သို့ အလာ၊ အရှေ့မျက်နှာအလယ်ဦး ဓာတ်တံခါးသို့ ဝင်မိလျှင်ပင် အသက်အရွယ် ဆယ်နှစ်ခန့်ရှိသော သူငယ်တစ်ယောက်သည် ဝမ်းမြောက်ဝမ်းသာ ကြည်ရွှင်စွာ ပျော်မြူးလျက် သီကျူးသွားသော





www.burmeseclassic.com

www.burmeseclassic.com

နည်းကို ကြားသိခဲ့ရသည်မှာ ကေတုမတီ၊ ညာချီရင်သား လွန်စွာ ကြီးပွားသည်၊ ဘုရားကိုယ်တိုင် ကြွလတ္တံ့၊ မုဆိုးဆတ်သားစားလတ္တံ့ဟူ၍ စနည်းရခဲ့ပါသည် ဘုရား"

ထိုအခါ ဘိုးတော်ဘုရားက အယူတော်မင်္ဂလာ အမတ်မင်းအား ကြားသိမှတ်ယူခဲ့သော စနည်းတဘောင်ကို အဓိပ္ပာယ်ဖော်ရန် မိန့်ကြားပါသည်။

"မဟာဥပရာဇာ မင်းတရား၏ အမည်တော်သည်ကား ရွှေတောင်မြို့ကို ပေးတော်မူသော်လဲ ရွှေတောင်မင်းဟု မတွင် တောင်ငူမင်းဟု တွင်ပါသည်၊ ၎င်းတောင်ငူမြို့၏ အမည်ရင်းသည် ကေတုမတီဟု ခေါ်ပါသည် ဘုရား။

ညာချီရင်သား ဟူသည်ကား ဘဝရှင်မင်းတရားကြီး၏ လက်ယာရင်သားနှင့် တူသော သားတော်ကြီး မဟာဥပရာဇာကို ဆိုလိုပါသည်ဘုရား။

လွန်ကြီးပွားသည် ဆိုသည်မှာ ၎င်းသားတော်ချစ်ရတနာ မဟာဥပရာဇာ၏ ဘုန်းကံသမ္ဘာ အာဏာလက်ရုံးနှလုံးရည်မွန် စစ်တမ်းခွန်သည်လည်း သောင်းလေးရပ်ပျံ့၊ အနံ့ကျော်ကြား၊ ဒွေ့ဝပြည်ကို အစိုးရသော ကာလနဂါးမင်းအား အဝိညာဏကဝတ္ထု ဖြစ်သော ရွှေခြေချင်းကို စေလွှတ်၍ ၎င်းရွှေခြေချင်းဖြင့် ခတ်၍ မိမိရှိရာအရပ်သို့ ခေါ်ဆောင်နိုင်သော ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကဲ့သို့ အာဏာစက္ကဝတ္တိရာဇာ ဖြစ်သည်ဟု ဆိုပါသည် ဘုရား။

ဘုရားကိုယ်တိုင်ကြွလတ္တံ့ ဆိုသည်မှာ ဘဝရှင်မင်းတရားကြီးနှင့် သားတော်ကြီး မဟာဥပရာဇာသည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်ဖြစ်တော်မူသောကြောင့် သရီရဓမ္မတော်ရှင်များ၊ သားတော်ကြီး မဟာဥပရာဇာ ပင့်ဆောင်ရာသို့ ကြွလာတော်မူလတ် မည်ဆိုပါသည်ဘုရား။

မုဆိုးဆတ်သား စားလတ္တံ့ ဆိုသည်မှာ ဘဝသခင်အရှင်မင်းတရားကြီး

အယူတော်မင်္ဂလာမောင်မင်း
ရခဲ့သော စနည်းကို
ကောက်ယူ၍ပြီးသည်နှင့်
တစ်ပြိုင်နက်
ဓညဝတီရခိုင် ပြည်ကြီးကို
အောင်မြင်တော်မူ၍
ဂေါတမဘုရား
ညီတော်ဖွားဖြစ်တော်မူသော
မဟာမုနိရုပ်ရှင်တော်သည်
ကြွလာတော် မူလိမ့်မည်ဟု
သံတော်ဦးတင်လျှော
ရောက်လာပြီ၊

ဘုရား အဆက်တော်သည် မုဆိုးဆက် ဖြစ်ပါသည်၊ ယခု စစ်တမ်းခွန်ဖြန့်တော်မူသော မဟာဥပရာဇာကိုပင် မုဆိုးဆိုပါသည်၊ ချီတော်မူသော ဓညဝတီရခိုင်ပြည် ဆိုသည်မှာ ပြည်တင်မင်းကား ဆတ်မျိုးမင်း ဖြစ်ပါသည်။

၎င်းဆတ်မျိုးမင်းတို့ကို လွယ်လင့်တကူ ဗျူဟာမပန်း ကိုယ်မနွမ်းဘဲ ဘုန်းစွမ်းတောက်ပ အာဏာပြရုံနှင့် ဇေယျမင်္ဂလာ ကြီးစွာအောင်ခြင်း ဖြစ်မည်ကို ရည်၍ မုဆိုးဆတ်သား စားလတ္တံ့ ဆိုပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား"

ထိုအခါ ဘဝရှင်မင်းတရားကြီးက မိန့်တော်မူပါသည်။

"အယူတော်မင်္ဂလာ မောင်မင်း ရခဲ့သော စနည်းကို အချက်ကျကျ ကောက်ယူဆသော် ဖြစ်မည် ကေန် အမှန်ပင်ဟု ငါသဘောရတော်မူသည်၊ သို့သော် ယခု မောင်မင်းတင်လျှောက်သော စကား၌ ဓညဝတီပြည်တည်မင်းဆက်သည် ဆတ်မျိုးမင်းဆက်ဟု ဆိုသောအကြောင်းကို ရာဇဝံသဇာတိပဘဝရင်းမူလမှစ၍ ဖြေရန် အာဒိကံကို ပြန်လှန်မြွက်ကြားတင်လျှောက်ထားစေ"

"ဓညဝတီရခိုင်ပြည်ကြီး၏ အကြောင်းကား ကဿပနဒီမြစ်အရှေ့ဘက်ကိုးဆယ့်ကိုးမြို့၊ အနောက်ဘက် ကိုးဆယ့်ကိုးမြို့များမှာ ဘုရားပွင့်တော်မမူမီ ဝေသာလီမြို့တွင် သရဘန္တမင်းသားသည် သားမြေးမြစ် မင်းတစ်ဆယ့်ခြောက်ဆက်အဆုံးတွင် မင်းနှင့်တကွ ပြည်သူပြည်သားတို့ကို ဘီလူးစား၍ ကြွင်းသမျှသော ပြည်သူပြည်သား မင်းမိဖုရားနှင့် မင်းသမီး ရစိတမာလာသာ ကျန်ခဲ့ပါသည် ဘုရား၊

ဘီလူးစားကြောင်းကား ကဿပနဒီ မြစ်ညာမှာ မျောက်ဖိုနှင့် ဆတ်မတို့ သင့်မြတ်ရာ ပင်္ဂိသန္ဓေ အရင့်အမာနှင့် ရေကြီး၍ ကဿပနဒီမြစ်တွင် ဆတ်မ မျောလာပါသည်၊ သေလာဂီရိကျောက်တောင်ခြေရင်း၌ တင်ရာ ဆတ်မတွင် လူတချို့ ဘီလူးတချို့ ဖွားပါသည် ဘုရား။

ဘီလူးဆေးဒွန်မှာ တောင်တစ်ခုကနေ၍ ဆင်ယောင်ဆောင်ပြီးလျှင် တောသွားတောလာတို့ကို ဖမ်းယူစားသောက်၍ နေပါသည်၊ ၎င်း၏ညီပက္ခတိမှာ မြစ်က ကူးတို့ပို့သော ယောကျ်ားအသွင်ဆောင်၍ ကူးတို့စီးသော လူတို့ကို ဖမ်းယူ စားသောက်နေပါသည် ဘုရား။

ညီ ရေကွိုင်မှာ တောင်တစ်ခုကနေ၍ အထွက်အဝင်လူတို့ကို ဖမ်းယူစားသောက်နေပါသည် ညီ ရောပုမှာ တောင်တစ်ခုက လူဟန်ဖန်ဆင်း၍ လာသမျှတို့ကို ဖမ်းယူစားသောက်နေပါသည်ဘုရား။

ညီ ဝေိသိနှင့် လက္ကုပ်တို့မှာ တောင်တစ်ခုကနေ၍ တောသွား တော

www.burmeseclassic.com

လာ လူငှက်တိရစ္ဆာန်တို့ကို ဖမ်းယူ စားသောက်၍နေပါသည်၊ နှမ ယက္ခဏီမှာ ရေကန်တစ်ခုကနေ၍ ရေချိုးရေခပ်သူတို့ကို ဖမ်းယူစားသောက်နေပါသည်ဘုရား။

မြို့နေလူတို့သည် မြို့တွင်းမှ မြို့ပြင်သို့ မထွက်ဝံ့ရှိကြပါသောကြောင့် ဘီလူးတို့သည် မြို့တွင်းသို့ဝင်၍ ဖမ်းယူစားသောက်ပြန်သဖြင့် မိဖုရားနှင့် မင်းသမီး ရုစိတမာလာသာ ကျန်ရှိပါသည်၊ ထိုအခါ ကပိလဝတ်ပြည်ကြီးကို အစိုးရတော်မူသော အဇ္ဈုန္န မင်းကြီးသည် တိုင်းပြည်ကို သားတော် ဓမ္မသေနသို့ အပ်၍ တောထွက်တော်မူပြီးလျှင် ကစ္ဆပနဒီမြစ်ညာ ပဒေါင်ပင်ကြီးခြေရင်း၌ ရသေ့ ပြု၍ နေတော်မူပါသည်ဘုရား။

အကျင့်သီလ အာစာရရှိတော်မူရကား သီလ၏တန်ခိုးကြောင့် ဒေါင်ပင်စောင့်ရုက္ခစိုးသည် မျောက်ယောင်ဆောင်၍ နယ်ပယ်ရှိ မျောက်အပေါင်းတို့ကို နှိုးဆော်လျှင် မျောက်တို့သည် သစ်သီးဝလံများ ဆွတ်ယူလုပ်ကျွေးကြပါသည်၊ နောက်ထပ် တစ်ဖန် ဆတ်ယောင်ဆောင်၍ ဆတ်အပေါင်းတို့ကို နှိုးဆော်ပြန်လျှင် ဆတ်အများလည်း လုပ်ကျွေးခြင်းအမှုကို ပြုကြပါသည်ဘုရား။

ထိုအခါ အဇ္ဈုန္နရသေ့၏ လွန်ခဲ့သော ဘဝက မယားဟောင်းဖြစ်ခဲ့ဖူးသော ဆတ်မ ပါလာ၍ ရှေးရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာနှောင်ပူး ချစ်ရည်လူးပြီး လွန်ကျူး မေထုန်သံဝါသဆက် အိမ်ထောင်ဖက်ပြုကြပြန်ရာ တစ်နေ့သောအခါ ရင့်မာလာသော ပဋိသန္ဓေနှင့် လေကြီးမိုးကြီးလာသောကြောင့် ကစ္ဆပနဒီမြစ်သို့ မျောပါခဲ့ပါသည် ဘုရား။

ထိုသို့ ရေကြော မျောသည့်အခိုက် တောကြိမ်ပိုက်တွင် အလိုက်သင့်တင်သဖြင့် ရက်စဉ် နေ့လအချိန်ကျက ကမ္ဘဇလေလှုပ်ရှား၍ ထိုဆတ်မသည် လူသားကို ဖွားမြင်ပါသည်။

ယင်းသားငယ်၏ ကိုယ်ရောင်သည်လည်း အရပ်ထက်ဝန်းကျင် ခုနစ်တောင်ခန့် မီးအလျှံကဲ့သို့ ဝင်းပါသည်၊ တစ်ရံရောအခါ မုဆိုးသင်ကြီးအောင် တောလှည့်လာရာ ခွေးတွေ့၍ ဟောင်လျှင် သင်ကြီးအောင် မြင်၍ ထိုသူငယ်ကို ကောင်းမွန်စွာ ယူဆောင်သွားပြီး မြို့သို့ရောက်လေလျှင် မြို့နေလူအပေါင်းတို့က ချီးမြှင့် ကိုးကွယ်ကြပါသည်ဘုရား။

အရွယ်ရောက်လာသည့်အခါ သင်ကြီးအောင် သမီးနှင့် ထိမ်းမြား၍ မင်းမြှောက်ကြပါသည်၊ ထိုမင်းကား ဘုန်းပညာကြီးမားသော မင်းဖြစ်သောကြောင့် သိကြားပေးသော လက်နက်ငါးပါး ရပါသည်။

ဝေသာလီမြို့မှ ဆေဒ္ဒန်၊ငရက္ခိုင်တို့ကို သတ်၍ မင်းပြုသောကြောင့် ရက္ခိုက်ပြည်မင်းဟု အစတွင်ပါသည်၊ ဝေသာလီမြို့မှ မင်းဆွေမင်းမျိုးကို ရှာလျှင် မိဖုရားနှင့် သမီးတော် ရုစိတ မာလာကို တွေ့၍ မိဖုရားတင်မြှောက်ပြီး ဘိသိက်ပန်ဆင်တော်မူပါသည် ဘုရား။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝေသာလီပြည်ကို ဘီလူးဖျက်ဆီးသည်ဖြစ်၍ ဓညဝတီမြို့ကို ဆတ်မသားမာယာရုမင်း အစတည်၍မင်းပြုကြောင်းကို မဟာဝိဟိက်တိုင်းဘွဲ့ ရာဇဝင်တော် ရာဇာလင်္ကာရဒီကကျမ်းတို့၌ လာသည်ကိုထောက်၍ သိတော်မူပါသည်ဘုရား"

ထိုကဲ့သို့ အယူတော်မင်္ဂလာ အမတ်ကြီး လျှောက်တင်ပြီးသည့်အခါတွင် ရွှေတောင်သိင်္ခကျော်ထင် ရောက်လာပြီး သားတော်ကြီး ဥပရာဇာ၏ စာလွှာကို ဆိုးတော်ဘုရားထံ ဆက်ကပ်ပါသည်။ ထိုစာလွှာအား သံတော်ဆင့်ကြီး မင်းလှသီရိသင်္ခယာကို ဖတ်ကြားစေပါသည်။

"သက္ကရာဇ်တစ်ထောင့်တစ်ရာလေးဆယ့်ခြောက် ပြာသိုလပြည့်ကျော် ရှစ်ရက် တနင်္ဂနွေနေ့ နံနက် နေတက်မင်္ဂလာ တစ်ချက်တီးကျော် အခါတွင် ရခိုင်တစ်ပြည်လုံးကို အလိုတော်ပြည့် သိမ်းယူပြီးကြောင်းပါဘုရား၊ စန္ဒသူရိယမင်းတောင်းပန်ခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားကိုယ်တော်တိုင် ရွှေရင်ငွေဖြင့် ပွေ့ကာ ဖန်ဆင်းတော်မူခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကို နေပြည်တော်သို့ ပင့်ယူရန် စီမံလျက်ရှိကြောင်းပါဘုရား"

သံတော်ဆင့်ကြီး ဖတ်ကြားလျှောက်ထားပြီးသည့်အခါ ဘဝရှင်မင်းတရားကြီးသည် အားရဝမ်းသာမိန့်တော်မူပါသည်။

"အယူတော်မင်္ဂလာ မောင်မင်းရခဲ့သော စနည်းကို ကောက်ယူ၍ပြီးသည်နှင့် တစ်ပြိုင်နက် ဓညဝတီရခိုင်ပြည်ကြီးကို အောင်မြင်တော်မူ၍ ဂေါတမဘုရားညီတော်ဖွားဖြစ်တော်မူသော မဟာမုနိ ရုပ်ရှင်တော်သည် ကြွလာတော်မူလိမ့်မည်ဟု သံတော်ဦးတင်လွှာ ရောက်လာပြီ၊ မောင်မင်း ကောက်ချက် စနည်းထွက်သည် မြေလက်ဝါးခတ်ဖြစ်ပေသည်"

ဘဝရှင် မင်းတရားကြီးသည် ထိုကဲ့သို့ မိန့်ကြားတော်မူပြီး အယူတော်မင်္ဂလာ အမတ်မင်းအား ငွေကောင်း သုံးပိဿာနှင့် ခါးသားစစ်အုပ် ပေးသနားတော်မူပါသည်။

❐ သုသုသ

ကိုးကား

* ဗုဒ္ဓအံတော်မြတ်သမိုင်း၊ ဦးရန်အောင် MA အဓိဌာန်ခရီးသည် ပြုစု၍ ထီလာစိုးမြင့်ထပ် တည်းဖြတ်သည်၊

* မြတ်စွာဘုရား မြန်မာနိုင်ငံ သို့ ဒေသစာရီ ကြွချီတော်မူလာခြင်းနှင့် စေတီတော်များ သမိုင်း၊ ဗိုလ်ချုပ်ခင်မောင်ဝင်း-အငြိမ်းစား။

* မြန်မာ့ယုတ္တိပညာ အယူတော်မင်္ဂလာ၊ တက္ကသိုလ်အောင်မှူး။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာ ဆောင်းကာလ၏ အအေးဓာတ်ကြောင့် နံနက် ၄ နာရီခန့်တွင် အိပ်ရာမှ နိုးလာရသည်။ ပြန်အိပ်ရန် မကြိုးစားတော့။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရွှေကျင်မြို့ လုံခြုံရေးတာဝန်ခံတစ်ဦး အနေနှင့် မြို့လုံခြုံရေးကင်းများကို စစ်ဆေးကြပ်မတ်ရပါမည်။

ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ကင်းချထားသည့် ပြည်သူ့စစ်အဖွဲ့များကိုလည်း စိတ်ဓာတ်စွမ်းအား မြှင့်တင်ပေးရပါမည်။ သောင်းကျန်းသူတို့မှ မြို့အား စီးနင်းတိုက်ခိုက်မည့် သတင်းကလည်း ရှိနေပေသည်။ ကင်းစစ်သွားရန်အတွက် အတူနေ အကူရဲဘော် ရွှေပြည်စိုးအား နှိုးလိုက်သည်။

"ဟေ့ ရွှေပြည်စိုး ထကွာ၊ ကင်းစစ်ထွက်ရအောင်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

"မင်းက နေ့ညအတွက် ပေးထားတဲ့ စကားဝှက်နဲ့ မီးအချက်ပြ ပြောစမ်း၊ မှားနေလို့ တို့ အပစ်ခံနေရဦးမယ်"

ရွှေပြည်စိုးက စကားဝှက်နှင့် မီးအချက်ပြကို အမှန်ပြောပြနိုင်သည်။

"မြန်မြန်လုပ်၊ မင်းသေနတ်လဲ စစ်ပြီး သေသေချာချာ လုံခြုံရေးသော့ ပိတ်ထား၊ ကျည်ပေါက်မထွက်စေနဲ့ဦး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ယူနီဖောင်း ချပ်ဝတ်တန်ဆာ အပြည့်အစုံဖြင့် နေအိမ်မှ ထွက်လာကြသည်။

လဆန်းရက်ဖြစ်၍ လရောင်က မပျောက်သေးပါ။ ရဲစခန်းဝင်းအပြင် ဂိတ်ကြီး ကင်းအနီးရောက်လျှင် . . .

"ရပ်"

"ဘယ်သူလဲ"

ကင်းမှ လှမ်း၍ စစ်မေးလာပါသည်။ ရွှေပြည်စိုးက ရှေ့တက်သွားပြီး စကားဝှက်အား တိုးတိုးပြောလိုက်သည်။ ထိုအခါမှ ကင်းရဲဘော်နှင့် ကင်းမှူးတပ်ကြပ်အေးသောင်တို့ ပြေးထွက်လာကြကာ အလေးပြုကြလျက် . . .

"ဗိုလ်ကြီး ကင်းစစ်သွားမလို့လား၊ ကျွန်တော့်ဆီက ရဲဘော် နှစ်ယောက် ထပ်ထည့်ပေးလိုက်ပါမယ်"

"ကောင်းတာပေါ့ ဆရာအေးသောင်၊ သတိနဲ့လဲ နေကြဦး၊ ပန်းသီး အကျွေးခံနေရဦးမယ်"

"စိတ်ချပါဗိုလ်ကြီး ၊ကျွန်တော် ဒီမှာ ငါးနှစ်ကျော်နေပါပြီ၊ ငပွေးတွေရဲ့ အထာကို ကောင်းကောင်းသိပါတယ်၊ ဒီကောင်တွေလာရင် သန်းခေါင်ကျော်နဲ့ လင်းအားကြီးကြားမှာ လာတတ်တာပါ၊ အခုဆောင်းတွင်းဆိုတော့ နှင်းကျနေ့တာနဲ့ နေထွက် နောက်ကျတာနဲ့ဆို ဒီကောင်တွေ အကြိုက်ပဲ ဗိုလ်ကြီး၊ ဒါ့ကြောင့် ကျွန်တော် သန်းခေါင်ကျော် ကတည်းက မအိပ်ဘဲ ကင်းရဲဘော်နဲ့ အဖော်လုပ်ပေးနေတာပါ"

"ကောင်းတယ် ဆရာ အေးသောင်၊ ခင်ဗျားတို့ လူဟောင်းတွေက လူသစ်တွေကို မြို့အထာနဲ့ ငပွေးတွေရဲ့ အကျင့်တွေသိနေအောင် ပြောပြပေးဗျာ၊ ကျွန်တော့်လဲ အားမနာနဲ့၊ ဒါ သူ့အသက် ကိုယ့်အသက်မွေးနေကြရတာဗျ၊ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်လို့ ဆိုထားတာပဲ၊ ကျွန်တော်တို့ဘက်က ကိုယ့်တပ်ကိုယ်လုံအောင် လုပ်ထားဖို့ အဲရေးကြီးတာပေါ့ဗျာ"

"စိတ်ချပါဗိုလ်ကြီး၊ ရဲဘော်တွေကို ဆေးလိပ်သောက်တာတောင် မီးမမြင်အောင် စောင်ခြုံပြီး သောက်တတ်အောင် သင်ပေးထားပါတယ် ဗိုလ်ကြီး"

ဂိတ်ကြီးကင်းမှ ရဲဘော်(၂)ဦးနှင့် ထပ်ပေါင်း၍ မြို့တွင်းသို့ ဆက်ထွက်လာကြသည်။ ရွှေကျင်မြို့ပတ်လည်အား စည်းရိုး(၂)ထပ်ကာထားပြီး မြို့ပတ်လည် လူဝင်/ထွက်ပေါက်များတွင် ရဲနှင့် ပြည်သူ့စစ်များကို ပေါင်း၍ ညစဉ်ကင်းများ ချထားရပါသည်။

နယ်မြေခံတပ်မှ မြို့ပြင်တွင် ကင်းရှည်နှင့် ကင်းပုန်းများချထားပြီး လုံခြုံရေးကို အထူးဂရုစိုက် ဆောင်ရွက်နေရသည့်ကာလ ဖြစ်ပါသည်။

လသာ လမိုက်ညများတွင် တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့် ညသန်းခေါင်ကျော်နှင့် လင်းအားကြီးပိုင်းလောက်တွင် သောင်းကျန်းသူများက အဝေးမှ လက်နက်ကြီးဖြင့် တပ်ရင်းနှင့် ရဲစခန်းဘက်ကို ပစ်ခတ်လေ့ရှိသဖြင့် နယ်မြေခံတပ်မှ မနားရပါ။

ကျွန်တော်မှာ ရွှေကျင်မြို့သို့ ရောက်ခါစ ကာလသာဖြစ်၍ မြို့တွင်း မြို့ပြင် နယ်မြေမကျွမ်းသေးပါ။ မယ ဥက္ကဋ္ဌဗိုလ်မှူး ပုမြင့်ကလည်း ကျွန်တော် ကဝစခန်းမှူး ဘာဝန်ကျစဉ်ကတည်းက အတူနေခဲ့ဖူးသဖြင့် ကျွန်တော့်အပေါ် ယုံကြည်မှုရှိပါသည်။ လုံခြုံရေးကဏ္ဍကို အဖွဲ့ဝင်(၂)ဖြစ်သည့် ကျွန်တော့်အားဖ လွှဲအပ် တာဝန်ပေးထားပါသည်။

မြို့တွင်းရှိ ဈေးကြီးကင်း၊ ရွှေဘုံ သာကင်း၊ ဘောကဒါကင်း၊ ဘုရားလေး ကင်းများအား လှည့်လည် စစ်ဆေးပြီ နာရီကြည့်လိုက်ရာ နံနက် ၅နာရီခွဲနေပြီ ဖြစ်ပါသည်။ အရှေ့ဘက် ကောင်းကင် တွင်လည်း ငင်းရောင်ခြည် သန်းလာ နေပါပြီ။

မဒေါက်ကင်းဖြစ်သည့် မြို့ဦးမု ပေါက်မှာ ဒတန်ဝေးသေး၍ မသွား တော့ဘဲ ရဲခန်းသို့ ပြန်လာပါသည် ဂိတ်ကြီးကင်းမှ ရဲဘော်နှစ်ဦးအား ကင်း တွင် ထားခဲ့ပြီး ဆရာတပည့် နှစ်ဦး ရဲစခန်းအောက်သို့ ဝင်လိုက်ကြပါသည်

တာဝန်မှူး ဒုရဲအုပ်မောင်မြို့နှ စာရေးကြီး ဒုတပ်ကြပ်ကြီးစိုးမြင့်တို့မှာ စားပွဲများပေါ်တွင် စောင်ခြုံအိပ်လျ တွေ့ရပါသည်။

ရွှေကျင်ရဲစခန်းမှာ အင်္ဂလိ လက်ထက်က အဆောက်အအုံ ပုံ အတိုင်း အုတ်တိုက်နှစ်ထပ်၊ အောက် ထပ် ရုံးခန်း အပေါ်ထပ် အချုပ်ခန်း ဘေးပတ်လည်တွင် လိုက်ကျင်း၊ ပ ကျင်းများဖြင့် ထုထည်ဖြင့် ဆော ထားခြင်း ဖြစ်ပါသည်။

အနောက်ကင်းကိုလည်း ရွှေကင် နောက်တင် ဖြင့် နှစ်ထပ်ကင်းစနစ်ဖြ

www.burmeseclassic.com

တင်းမှူးအကြပ်ဆရာ (၁)ဦး၊ ကင်းသား (၅)ဦးဖြင့် ဖွဲ့စည်းချထားပါသည်။

အပေါ်ထပ်အချုပ်ခန်းသို့ တက်ရန် လှေကားကို အတွင်းမှာပင်တပ်ဆင်ထားပြီး ရင်ဖုံး သစ်သားတံခါးဖြင့် ခြားထားပါသည်။

"ရွှေပြည်စိုးရေ တာဝန်မှူးနဲ့ စာရေးကြီးတို့ကို မနှိုးနဲ့တော့ကွာ အပေါ်ထပ်တက်ရအောင်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ရွှေပြည်စိုးက လှေကားတံခါးကို တွန်းမဖွင့်ထားပေး၍ အချုပ်ခန်းပေါ် တက်လိုက်ပါသည်။ ကင်းမှူးနှင့် ကင်းသား(၅)ဦး သူ့နေရာနှင့်သူ အိပ်ပျော်နေကြသည်။ တာဝန်ကျကင်းသား (၂)ဦးအား ကြည့်လိုက်ရာ ခွေးခြေခုံကို ကျောချင်းကပ်ထိုင်လျက် သေနတ်ကိုင်လျက်နှင့် အိပ်ပျော်နေသည်ကို တွေ့လိုက်ရပါသည်။

ထောင်းခနဲ ဒေါသဖြင့် ကင်းရဲဘော်(၂)ဦးထံ ရိုက်နှိုးရန် ချဉ်းကပ်သွားပြီးမှ ၎င်းတို့၏ သေနတ်များကို ဝှက်ပြီး ကောင်းကောင်းပညာပေးမည်ဟု စိတ်ကူးရလိုက်ပါသည်။

"ရှူး" ဟု ရွှေပြည်စိုးကို အသံတိတ်အချက်ပြခေါ်ပြီး ကင်းသား(၂)ဦးလက်မှ သေနတ်(၂)လက်ကို အသာဖြုတ်ယူပေးလိုက်သည်။ လုံခြုံရေးကို အထူးဂရုစိုက်နေရချိန်တွင် တာဝန်ပျက်သည့် ကင်းသား(၂)ဦးနှင့် ကြပ်မတ်ရန်တာဝန်ရှိသည့် ကင်းမှူးတို့ကို ထိုက်သင့်သည့် အရေးယူမှုဖြင့် ကောင်းစွာ ပညာပေးရပါမည်။

ကင်းရဲဘော်(၂)ဦးကို မနှိုးသေးဘဲ အချုပ်ခန်းနားသွား၍ အိပ်နေကြသည့် တရားခံများကို ရေတွက်ကြည့်ရာ (၇)ဦးသာတွေ့ရပါသည်။ ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွားကာ လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ထပ်မံ ရေတွက်ကြည့်ပါသည်။ (၇)ဦးသာ တွေ့ပါသည်။

ညနေက ရုံးဆင်းပြီး အချုပ်ခန်းစစ်ဆေးခဲ့ရာ တရားခံ (၁၀)ဦး ဖြစ်ကြောင်း အသေအချာ မှတ်မိနေသည်။

အချုပ်ခန်း တံခါးအား သော့ကို ဆွဲကိုင်စစ်ကြည့်လိုက်သည်။ ကောင်းသည်။ အချုပ်ခန်းကိုပတ်၍ အမြန်လှည့် စစ်ကြည့်လိုက်ရာ အချုပ်ခန်း အိမ်သာနောက်မှ အချုပ်တိုင်(၂)ချောင်း ကျိုးပျက်လျက် အပေါက်ကြီး ဖြစ်နေသည်။ ကျွန်တော် ခေါင်းနားပန်းကြီးသွားပါပြီ။ တရားခံ(၃)ဦး အချုပ်ဖောက်ပြီး ထွက်ပြေးသွားပေပြီ။

"ရွှေပြည်စိုး တရားခံတွေ အချုပ်ခန်းဖောက်ပြေးသွားပြီကွ၊ မြန်မြန် စခန်းမှူးကိုသွားခေါ်စမ်း၊ အောက်က တာဝန်မှူးနဲ့ ဂါတ်စာရေးကိုလဲ နှိုးလိုက်"

ရွှေပြည်စိုး အောင်ပြေးဆင်းသွားပြီး ကျွန်တော် ကင်းအဖွဲ့ကို နှိုးလိုက်သည်။ အချုပ်ခန်းကို ဝိုင်းထားစေပြီး တရားခံများကိုပါနှိုးလိုက်ကာ တန်းစီထိုင်ခိုင်းလိုက်သည်။ တစ်ဦးချင်းကို စစ်မေးလိုက်ရာ ဘာမျှ မပြောနိုင်ကြပါ။ ဓားပြမှုမှ အရေးကြီး တရားခံ(၃)ဦး ပျောက်နေသည်ကိုသာ သိရသည်။

ကျွန်တော့်ရင်ထဲ ဗလောင်ဆူပါလေပြီ။ အချုပ်တရားခံဖောက်ဖျက်ထွက်ပြေးမှုဖြစ်လျှင် မြို့နယ်မှူးမှစ၍ စခန်းမှူး၊ တာဝန်မှူး၊ ကင်းတစ်ဖွဲ့လုံး အရေးယူခံရမည့်အပြင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် ကင်းတစ်ဖွဲ့လုံး ရဲတရားရုံးတင်၊ ထောင်(၃)နှစ် ပြစ်ဒဏ်ကျခံ၊ တပ်ဖွဲ့မှ အမြဲတမ်း ထုတ်ပယ်ခံရပါမည်။ ၎င်းတို့အား မှီခိုနေကြရသည့် ဇနီးနှင့် သားသမီးများ အားလုံးလည်း ဒုက္ခဝင်လယ် ဝေကြရပါတော့မည်။

စခန်းမှူးနှင့် တာဝန်မှူး၊ ဂါတ်စာရေးကြီးတို့ အပြေးရောက်လာကြသည်။

အချုပ်ခန်းအတွင်းအပြင် ပတ်ဝန်းကျင်တစ်ဝိုက် အသေးစိပ်ထပ်မံစစ်ဆေးစေရာ၊ သံဖြတ်လွှတစ်ပိုင်းကျိုးနှစ်ချောင်းကို အိမ်သာခုံအောက်မှလည်းကောင်း၊ လုံချည်သုံးကွင်းအားကွင်းသိုင်းချိတ်ဆက်လျက် အိမ်သာအနောက် အချုပ်ခန်း ကဲလားတံခါး ပေါက်မှ လည်းကောင်း တွေ့ရပါသည်

တရားခံများ ၎င်းလုံချည်ကွင်းသိုင်းကြိုးဆက်မှ ခိုဆင်းထွက်ပြေးသွားကြခြင်း ဖြစ်ပါသည်။

"ဦးအောင်မင်း ခင်ဗျားနဲ့ တစ်စိတ်၊ ဒုရဲအုပ်ဦးလှကြည်နဲ့ တစ်စိတ်၊ အခုချက်ချင်း စုဖွဲ့ပြီး ထွက်တော့ဗျာ၊ ခင်ဗျားက ဘောကဒါလမ်းဘက်လိုက်၊ ဦးလှကြည်ကို ကျောက်နဂါးဘက်လိုက်ခိုင်း၊ သိပ်လဲ အတွင်းပိုင်း မသွားနဲ့ပေါ့၊ ငပွေးတွေလက်ထဲ မရောက်အောင် အမြန်ပိတ်မှ ဖြစ်မယ်"

စခန်းမှူးကို ကျွန်တော်ညွှန်ကြားချက်ပေးပြီး ချက်ချင်းထွက်လမ်းများကို ပိတ်ခိုင်းလိုက်ပါသည်။

"ဦးမောင်မြို့နဲ့ ဆရာကြီးစိုးမြင့်က ကင်းအဖွဲ့ကို ကြပ်မတ်ပြီး စခန်းစောင့်နေ၊ ဆရာကြီးစိုးမြင့် လက်သမားခေါ်ပြီး အချုပ်ခန်းကို ချက်ချင်းပြင်ပါ၊ ကျန်တဲ့ တရားခံတွေ ထပ်မပြေးစေနဲ့၊ ရွှေပြည်စိုး ဒုမြို့နယ်မှူးကို သွားပြော၊ ရုံးအဖွဲ့ကို လက်နက်တပ်ဆင်ပြီး ရုံးမှာစုထားလို့"

ကျွန်တော် ရဲစခန်း၏ အရပ်ရပ်နေ့စဉ်မှတ်တမ်းစာအုပ်ကို ယူထားလိုက်ပါသည်။ ကင်းရဲဘော်များနှင့် မိသားစုများ ဒုက္ခမရောက်ရအောင် ကျွန်တော်အားထုတ်ရပါမည်။ (၂၄) နာရီမကျော်ဒီ တရားခံများ ပြန်မိအောင် ကြိုးစားမည်။ နောက်ဆုံးအချိန်ကျမှသာ အထက်သို့ သတင်းပို့မည်။ သတင်းပို့ နောက်ကျ၍ ကျွန်တော့်အား ထပ်မံ အရေးယူလျှင် ယူပါစေတော့။ ကျွန်တော့်ရဲဘော်များနှင့် မိသားစုများအတွက် အနစ်နာခံမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်တစ်ဦးတည်း မယကဉက္ကဋ္ဌအိမ်သွားတွေ့၍ ဖြစ်စဉ်အား တင်ပြပါသည်။ ကျွန်တော့် ဆုံးဖြတ်ချက်နှင့် အစီအစဉ်များကိုပါ တင်ပြပြီး ဖြစ်စဉ်သတင်းကို ဆိုင်းထားပေးရန် တောင်းပန်ပြောဆိုရာ. . .



www.burmeseclassic.com

www.burmeseclassic.com

"မြို့နယ်မှူး ဘာမှ စိတ်ပူမနေနဲ့ ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျား လုပ်စရာရှိတာသာ ဆက်လုပ်ပါ၊ တရားခံတွေ အမြန်ပြန်မိဖို့ပဲ အရေးကြီးတာပါ"

ဥက္ကဋ္ဌကလည်း ကျွန်တော့် အပေါ် စာနာ နားလည်စွာဖြင့် အားဖြည့်ပေးပါသည်။ ဥက္ကဋ္ဌအား ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောဆိုပြီး အလေးပြု နှုတ်ဆက်၍ ပြန်လာရာ နံနက် ၉ နာရီအချိန်သို့ပင် ရောက်နေပေပြီ။

ဒုမြို့နယ်မှူးနှင့် တပ်စိတ် တစ်စိတ်အား ဆင်ခြေဖုံးရပ်ကွက်များနှင့် ဆက်စပ်ကျေးရွာများသို့လည်းကောင်း၊ ဆိုင်ကယ်စီး ရဲဘော်(၂)ဦးအား ဒုံစရစ်ရဲကင်းသို့လည်းကောင်း၊ ဒုရဲအုပ် (၁)ဦးနှင့် ရဲဘော်(၄)ဦးအား မဒေါက်ရဲကင်းအား အသိပေး၍ ကူးတို့ဆိပ်တွင် ပိတ်ဆို့ပေးရန်နှင့် ညောင်လေးပင်ကားဂိတ်၊ ဘူတာရုံတို့တွင် စောင့်ကြည့်ရှာဖွေရန်လည်းကောင်း အသီးသီးစုဖွဲ့ ညွှန်ကြား၍ ထပ်မံစေလွှတ်လိုက်ပါသည်။

ကင်းအဖွဲ့နှင့် ကျန်တရားခံ (၇)ဦးတို့ကို ပြန်လည်စစ်ဆေးရာမှ ဓားပြတရားခံ (၃)ဦးအဖွဲ့သည် ကင်းမှူးအား စည်းရုံးကာ ညဦးပိုင်းက ကြက်သားကာလသားချက်ဖြင့် အပျော်ထမင်းစားကြကြောင်း၊ ထမင်းကန်ထရိုက်မှ ချက်ပို့ခြင်းဖြစ်ကြောင်း သိလာရပါသည်။

ထမင်းကန်ထရိုက်အား ခေါ်ပြီး စစ်ရာ ငွေရ၍ ကြက်သားကာလသားချက်ကို တရားခံများပြောသည့်အတိုင်း ဆေးခြောက်နှင့် ခွေးတောက်ရွက်တို့ဖြင့် ရောချက်ကာ ည ၉ နာရီခန့်က ပို့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်တရားခံ (၇)ဦးနှင့် ကင်းသမားများ အိပ်မောကျကုန်ကြခြင်းဖြစ်ကြောင်း သိရပါတော့သည်။ (ရဲတပ်ဖွဲ့ဝင်များ သင်ခန်းစာ ယူကြရပါမည်)

နေ့လည် ၁၂ နာရီ ထိုးပါပြီ။ မည်သည့်အဖွဲ့ထံကမှ သတင်းပြန်ပို့လာခြင်းမရှိပါ။ ကျွန်တော် ဥက္ကဋ္ဌထံ ထပ်မံသွားတွေ့၍ (၂၄)နာရီအတွင်း တရားခံများ ပြန်မမိမှသာ အထက်သို့ သတင်းတင်ပို့ပါရန် ထပ်မံ တောင်းပန်ရပြန်ပါသည်။

ရေချိုးရန်လည်း သတိမရပါ။ ထမင်းစားရန်လည်း ဗိုက်မဆာ။ ရဲစခန်းနှင့် ကျွန်တော့်ရုံးသို့ ကူးချည်သန်းချည်ဖြင့် အချုပ်ခန်းပြင်ဆင်ဖာထေးမှု ခိုင်ခံ့အောင်ကြပ်မတ်ခြင်း၊ ထမင်းကန်ထရိုက်အား ကျွန်တော့်ရုံးတွင် ခေါ်ထားကာ တရားခံများ ပြန်ဖမ်းမမိက အရေးယူရန်၊ ကိုယ်တိုင်လည်း အရေးယူခံရန်၊ ရဲဘော်မိသားစုများအား ရွှေစက်ရုံ၊ ရော်ဘာခြံတို့တွင် အလုပ်ရှာပေးရန် စသည်ဖြင့် ဆိုးကျိုးများကို တွေးတောပူပန်ရင်း အချိန်များ ကုန်သွားပါသည်။

ညနေ ၄ နာရီတွင် ဒုမြို့နယ်မှူးနှင့်အဖွဲ့၊ မရှေးမနှောင်းတွင်ပင် စခန်းမှူးနှင့်အဖွဲ့၊ ဒုရဲအုပ်ဦးလှကြည်နှင့် အဖွဲ့တို့ ပြန်ဝင်လာကြပါသည်။ သတင်းအစအန ဘာမှမရလာကြပါ။ ၄ နာရီခွဲတွင် ညောင်လေးပင် လွှတ်လိုက်သည့် ဒုရဲအုပ်ထံမှ ဖုန်းဝင်လာပါသည်။ မထူးသတင်းနှင့် ဘာဆက်လုပ်ရမည်ကို အမိန့်ခံလာခြင်းသာ ဖြစ်သည်။

ပြန်မလာဘဲ ညပိုင်းအထိ ဆက်လက်စောင့်ကြည့်ရန် ညွှန်ကြားလိုက်ပါသည်။

ပြန်ဝင်လာသူများအား နားခိုင်းလိုက်ပြီး သတင်းတင်ပို့ရန် ချီတုံချတုံဖြင့် ဆုံးဖြတ်ရခက်လျက် စိတ်ပျက်စွာ ထိုင်နေမိပါသည်။

"ဗိုလ်ကြီး ရေချိုးဖို့နဲ့ ထမင်းစားဖို့ ကျွန်တော် ပြင်ထားတယ်"

အကူရဲဘော်၏ အသံကြားမှ တစ်နေကုန် ကျွန်တော် ထမင်းမစားရသေးမှန်း သတိရလာသည်။

"အေး အေး ငါလိုက်လာမယ်၊ မင်းအိမ်မှာ ငါ့ပစ္စည်းတွေ ပြန်သိမ်းထားနှင့်ကွာ"

ထိုစဉ်က ကျွန်တော့်မိသားစုကို ညောင်လေးပင်တွင် အိမ်ငှားဖြင့် ထားခဲ့ခြင်းဖြစ်၍ ပစ္စည်းများ ပြန်ပို့ထားနှင့်ရန် ရည်ရွယ်ပြီး ပြောလိုက်ခြင်း ဖြစ်ပါသည်။

တရားခံများ အချုပ်ခန်းဖောက်ဖျက်ပြီးထွက်ပြေးသွားကြောင်း အထက်သို့ သတင်းတင်ပို့သည်နှင့် ကျွန်တော်က စ၍ စခန်းမှူး တာဝန်မှူးတို့မှာ ရာထူးချ၊ ဌာနဆိုင်ရာ အရေးယူမှု ပြုလုပ်ခံရမည်။ တာဝန်ကျကင်းအဖွဲ့ကို ချက်ချင်းဖမ်းချုပ်၍ ရဲတရားရုံး တင်ပို့ရမည်။

ထွက်ပြေး တရားခံ(၃)ဦးနှင့် ထမင်းကန်ထရိုက်တို့ကို အမှုဖွင့် အရေးယူရမည်။ ဘာမှ မတတ်နိုင်တော့ပါ။ ဖြစ်သမျှ ကံစီမံရာအတိုင်းပေါ့။ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်း၊ မကျေနပ်ခြင်းများဖြင့် နေအိမ်ခန်းသို့ လေးပင်စွာ ပြန်လာပါသည်၊

ရေအမြန်ချိုးပြီး ထမင်းစားနေစဉ်တွင် ရဲဘော်များနှင့် မိသားစုများအတွက် စာနာစ်ဘ်ပြင်းပြစွာ ခံစားလာရပြန်သဖြင့် ဘုရားမှတစ်ပါး အားထားစရာမရှိတော့ပါလားဟု တွေးမိလိုက်ပါသည်။

လက်ဆေးပြီး ဘုရားစင်ရှေ့သွားကာ အလင်းတိုင်(၅)တိုင် ထွန်းညှိလိုက်ပါသည်။ နောက်ပျပ်ဝပ်စွာ ကျုံ့ကျုံ့ထိုင်၍ ရတနာသုံးပါး၊ အနန္တငါးပါးတို့ကို ရှိခိုးကာ ဝေနေယျသတ္တဝါများ ချမ်းသာစေကြောင်း အမျှအတန်း ပေးဝေပြီး ကင်းရဲဘော်များအတွက် ဆုတောင်းနေမိပါသည်။

အလင်းဘိုင်များ ထက်ဝက်ခန့်ကုန်သွားချိန်တွင် ခေါင်းထဲသို့ သစ္စာဆိုရန် အသိထပ်မံ ဝင်လာသဖြင့် . . .

"ဘုရားဟောသည့်တော်သည် . . . ရတနာ မြတ်သုံးပါးအပေါ်၌ ယုံမှားသံသယ ကင်းစွာဖြင့် ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏၊ ရွှေကျင်မြို့သို့ရောက်သည်မှ ယနေ့ထိ မြို့စောင့်နတ်များ၊ အစောင့်အရှောက်များအပေါ်လဲ အလေးထား မေတ္တာပို့ နေ့စဉ်အမျှ



www.burmeseclassic.com

www.burmeseclassic.com

ပေးဝေပါ၏၊ ဤစကားမှန်ပါ၏၊ ဤမှ မှန်ကန်သော သစ္စာ စကားကြောင့် တရားခံများအား အမြန် ပြန်မိပါစေသား။

ရွှေကျင်မြို့အား စောင့်ရှောက်သည့် ပုဂ္ဂိုလ်များ အမှန်ရှိသည်ဆိုပါက တပည့်တော်၏ ဤမှန်ကန်သော သစ္စာ မေတ္တာကြောင့် တရားခံများအား ကူညီဖမ်းပေးကြပါစေသား၊ မကူညီဘဲ နေပါက သာသနာစောင့် နတ်မင်းကြီးများက ပြစ်ဒဏ်ခတ်ကြပါစေသား"

ဟူ၍ လေးနက်စွာ ခံစားရွတ်ဆိုမိပါသည်။

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးများထ၍ ခေါင်းတွင် ရှိန်းခနဲ အပူငွေ့ဟပ်သွားသလို ခံစားလိုက်ရပါသည်။

"ဟဲ့ ဟဲ့ ဖြည်းဖြည်းတက်ပါ"

စကားသံနှင့်အတူ ကြမ်းပြင်ပေါ် ခြေဆောင့်နင်းလာသံကို ကျောနောက်ဘက်မှ ကြားလိုက်ရသည်။

နောက်သို့ ပုဆစ်တုပ်ရက်ဖြင့် လှည့်ကြည့်လိုက်ရာ ဂါတ်စာရေးကြီးက ရပ်လျက် အသက်(၅၀)ခန့် မိန်းမကြီးတစ်ဦး ထိုင်လျက် ဘုရားစင်ဘက် လက်အုပ်ချီကာ တစ်ကိုယ်လုံးတုန်နေသည်ကို တွေ့ရသည်။

အိမ်တံခါးဝတွင် ကျွန်တော့်ရဲဘော်ရွှေပြည်စိုးနှင့် မိန်းကလေး(၂)ဦးတို့ ရပ်ကြည့်နေကြလျက် တွေ့ရသည်။

"ဗိုလ်ကြီး ဒါ ကျွန်တော့် မိန်းမပါ နတ်ပူးပြီး ဗိုလ်ကြီးအိမ်ပေါ် အတင်းတက်လာလို့ပါ"

ဂါတ်စာရေးကြီးဦးစိုးမြင့်က ပြောသာမှ သူ့ဇနီးနှင့် မိသားစုဖြစ်ကြောင်း ကျွန်တော် သိရပါသည်။

"ဘာဖြစ်လို့လဲ ဘာနတ်လဲ၊ ကျွန်တော် ဘာလုပ်ပေးရမှာလဲ"

ဟု ဦးစိုးမြင့်အား ပြန်မေးလိုက်စဉ်. . .

"မင်း ဒီလောက်ထိ ငါတို့ကို စော်ကားမတိုက်သင့်ဘူးကွ၊ ငါ မမကြီးပဲ မင်းတို့ မှည့်တစ်ပေါက် မစွန်းစေရဘူး"

ဟူ၍ နတ်ပူးနေသူ မိန်းမကြီးထံမှ စကားသံ ထွက်ပေါ်လာပါသည်။

"ကျွန်တော် ခင်ဗျားကို မကျိန်ပါဘူး၊ ကျွန်တော့်ရဲဘော်တွေ မိသားစုတွေ ကလေးတွေ အများကြီး ဒုက္ခရောက်တော့မယ်၊ ဒါကြောင့်ကျွန်တော် ဘုရားမှာ သစ္စာဆို ဆုတောင်းတာပါ"

"မင်းဆုတောင်းက သစ္စာပြန်ဒဏ်ခတ်ဆုတောင်းပဲကွ၊ ငါတို့ အမြဲစောင့်ရှောက်နေတာပဲ၊ မင်းတို့ဆီကို မိစ္ဆာတွေရဲ့ မီးပေါက်မရောက်အောင် ငါတို့ ဖယ်ရှားပေးနေတာပဲ၊ အခုလဲ မင်းလူတွေ ဆိုးလွန်းလို့ သူတို့ကို ဒဏ်ပေးရအောင် ငါကြည့်နေတာပါ၊ မင်းက ကြားလာဝင်ခံနေတာကိုး"

"မလုပ်ပါနဲ့ မမကြီးရာ၊ ကျွန်တော့်လဲ သနားပါဦး၊ ကျွန်တော် ရောက်ကတည်းက မမကြီးတို့ကို ပွဲနဲ့အပ်ထားသားပဲ၊ နေ့တိုင်းလဲ ဘုရားရှိခိုးပြီး ကုသိုလ်အမျှ ပေးဝေနေတာပဲ၊

မမကြီး စောင့်ရှောက်တယ်ဆို အန္တရာယ်ကို ကြိုပြီး ကာကွယ်ပေးပါလားဗျာ၊ အခု ကျွန်တော့်ရော ရဲဘော်တွေပါ ဒုက္ခရောက်ကုန်ကြတော့မှာပါ၊ မမကြီးက ကျွန်တော့်အပေါ် မေတ္တာထားပြီးတော့ ရဲဘော်တွေမှာ အမှားရှိရင်လဲ သည်းခံ ခွင့်လွှတ်ပေးပါဗျာ"

"အေး၊ ဒါကြောင့် မင်းဆီ ငါလာတာ၊ မင်းကောင်တွေကို ညက သုံးခါတောင် နှိုးခိုင်းတယ်၊ မထကြဘူး ပေတေနေကြတာ၊ အခု ဒီကောင်သုံးကောင်က ငါတို့နယ်က လွန်သွားပြီ၊ ကိစ္စမရှိဘူး၊ ဟိုဘက်နယ်က ကွင်းပိုင်ကြီးကို ငါတားခိုင်းထားတယ်၊ အဲဒီကောင်တွေ ပြန်ရရင် မင်းငါ့ကို ဘာလုပ်ပေးမလဲ"

"မမကြီး အခုမိုးချုပ်တော့မယ်၊ ဒီနေ့အတွင်း ပြန်မိမှ ကျွန်တော်တို့ အပြစ်မဖြစ်မှာ၊

အဲဒီလို ပြန်ရခဲ့ရင် မမကြီးအတွက် ဒီလိုင်းထိပ်မှာ အုတ်တိုက်ကွန်းဆောက်ပေးမယ်"

"အေး မင်းစကားဘဉ်ပါစေ၊ ငါတို့စောင့်ရှောက်ကြောင်း မင်းသိရမှာပါ၊ မင်းတို့ ဘာမှ မဖြစ်စေရပါဘူးကွ၊ မင်းပေးဝေတဲ့ အမျှကုသိုလ်တွေလဲ ငါတို့ ရပါတယ်၊ ငါသွားမယ်"

နတ်ပူးနေသူမှ ဘုရားအား ဦးတိုက်ပြီးနောက် ကျွန်တော့်အား ကြောင်တောင်တောင်ဖြင့် ကြည့်နေပါသည်။

"မယ်စိန် မယ်စိန် သတိရပြီလား၊ နင် နတ်ပူးပြီး ဗိုလ်ကြီးအိမ်ပေါ် ရောက်နေတာ"

ဆရာကြီးစိုးမြင့်က သူ့ဇနီးပခုံးကို လှုပ်ကိုင်၍ ပြောလိုက်ပါသည်။ ဒေါ်စိန်မှာ မျက်တောင်မခတ်၊ စကားပြန်မပြောဘဲ သက်ပြင်းကြီးချလိုက်ကာ လက်သီးနှစ်ဖက်ဆုပ်၍ တင်ပျဉ်ခွေပြင်ထိုင်ကာ ဒူးနှစ်ဖက်ကို သူ့လက်သီးဆုပ်နှစ်ခုဖြင့် ထုလျက် တစ်ကိုယ်လုံး တုန်ကာ ရှေ့နောက် ယိမ်းထိုးလာပါသည်။

"အခု လာတာ ဘယ်သူလဲ၊ ဘယ်သူလဲ"

ဆရာကြီးစိုးမြင့်က မေးလိုက်ရာ ဒေါ်စိန်က ဆရာကြီးစိုးမြင့် လက်ကို ရိုက်ပုတ်ဖယ်လိုက်ပါသည်။

"ငါ ဘိုးနီကွ၊ ဘိုးနီကွ"

အသံအောကြီးဖြင့် ပြန်ပြောလာပါသည်။ ကျွန်တော်လည်း အနည်းငယ် ကြောက်စိတ်ဝင်သွားပြီး နောက်သို့ ဆုတ်ထိုင်လိုက်ခါ. . .

"ဘိုးနီက ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ"

"မင်းကို လာပြောပြတာကွ၊ သခင်မကြီးက ခိုင်းထားလို့"

"ဘာခိုင်းထားလို့လဲ"

"မင်းတို့ကို စောင့်ရှောက်ပေးဖို့ပေါ့"

"ဘိုးနီ စောင့်ရှောက်တာကလဲ အခု ကျွန်တော်တို့ ဒုက္ခရောက်တော့မယ်ဗျ"

"မရောက်ပါဘူးကွ၊ အခု ဟိုသုံးကောင်ကို ငါချုပ်ထားခဲ့ပြီကွ"

www.burmeseclassic.com

"ဘယ်မှာ ချုပ်ထားခဲ့တာလဲ၊ ဘယ်သွားရှာရမှာလဲ"

"မင်းဆီ ရောက်လာမှာပါ၊ အနောက်ဘက်က ကွင်းမှာကွ၊ ကွင်းပိုင်ကြီးကို အပ်ထားခဲ့တယ်"

"တကယ်လားဗျာ၊ မြန်မြန်ပြန်ရချင်ပြီ၊ ဒါမှ ကျွန်တော်တို့ အပြစ်လွတ်ကြမှာ"

"မင်းကောင်တွေကို ဆုံးမချင်လို့ ငါ လွှတ်ပေးလိုက်တာပါကွ၊ အခု မင်းဝင်ခံနေရလို့ သခင်မကြီးက ငါ့ကို အပြစ်တောင်ပြောနေပြီကွ"

"ဒီလိုဆိုလဲ ဘိုးနီရာ . . . ညကတည်းက နှိုးပြီး အသိပေးလိုက်ရောပေါ့ဗျာ"

"ငါ နှိုးသေးတယ်ကွ၊ ပထမအကြိမ် လှုပ်နှိုးတာ မထကြဘူးကွ၊ နောက်တစ်ခါ ပေါင်ကိုပုတ်ပြီး နှိုးတာလဲ မရဘူး၊ သခင်မကြီးပြောလို့ နောက်တစ်ကြိမ် ငါ ပါးတစ်ချက်စီရိုက်ပြီး နှိုးသေးတယ် မရဘူး၊ ဒါကြောင့် ငါ စိတ်တိုပြီး ကြည့်နေလိုက်တာကွ"

"ကျွန်တော့်လူတွေက ဆိုးလို့ မဟုတ်ပါဘူး ဘိုးနီရာ၊ ဆေးခြောက်တွေ စားမိပြီး မူးမေ့နေကြလို့ပါဗျာ၊ ဘိုးနီက မနိုး နိုးအောင် ထုရိုက်လိုက်ရမှာဗျ"

"မင်းတကယ်ပြောတာလား၊ ငါ နောက်တစ်ခါဆို ဖနောင့်နဲ့ ပေါက်နှိုးမယ်၊ လက်လွန်သွားရင် ငါ့အပြစ် မတင်နဲ့"

"ဟာ ဘိုးနီ သေအောင်တော့ မလုပ်နဲ့လေ၊ စောင့်ရှောက်ပေးတယ်ဆိုဘေးမဖြစ်အောင် ကာကွယ်ပေးရမှာပေါ့"

"အေးပါ ငါတကယ်မလုပ်ပါဘူးတွ"

"အခု ကျွန်တော် ဘာလုပ်ရမလဲ၊ အဲဒီကောင်တွေကို ဘယ်နေရာမှာ သွားဖမ်းရမလဲ၊ ဘိုးနီက နေရာကိုလဲ တိတိကျကျ မပြောဘူး"

"မင်း အေးအေးနေပါကွ၊ မင်းလက်ထဲ အရောက်ပြန်ထည့်ပေးမှာပါ၊ မင်းကို သနားလို့ ငါကြို့ပြီး လာပြောတာ"

"ဒါဆိုလဲ မြန်မြန်ပြန်ပို့ပေးပါ ဘိုးနီရာ၊ ကျွန်တော့်ခေါင်းတွေ ရင်တွေ ပူထူပြီး ပြောင်းဆန်နေပြီ"

"အေးပါကွ ငါသွားလိုက်ဦးမယ်"

ဒေါ်စိန်မှာ ထိုသို့ပြောပြီး ပို၍ တုန်လှုပ်၊ ပေါင်ကို ထုရိုက်နေရင်း ငြိမ်ကျသွားပါသည်။ ထို့နောက် ပင်ကိုအသံဖြင့် ကျွန်တော့်အား စိတ်မပူရန်၊ ၎င်းအား ခွင့်လွှတ်ပါရန် တောင်းပန်ပြီး ဘုရားနှင့် ကျွန်တော့်အား ကန်တော့၍ မိသားစုတစ်စုလုံး ပြန်သွားကြပါသည်။

ကျွန်တော်က ရဲဘော်ရွှေပြည်စိုးအား ဆရာကြီးစိုးမြင့်ကို ပြန်ခေါ်ခိုင်းပြီး မေးမြန်းရာ၊ ၎င်းဇနီးမှာ ရွှေကျင်မြို့ စောင့် မမကြီး၊ မမလေးတို့ထံ လစဉ်သွားရောက် ပူဇော်နေသူဖြစ်ကြောင်း၊ နတ်စွဲရှိသူဖြစ်ကြောင်း အမှန်တကယ် ပူးဝင်ခြင်းဖြစ်ကြောင်း သိရပါသည်။

ည ၉ နာရီတွင် ရုံးမှ တာဝန်ကျရဲဘော်လာ၍ ပြွန်တန်ဆာစခန်းမှူးထံမှ ဖုန်းလာကြောင်း သတင်းပို့ပါသည်။

ရုံးသို့ လိုက်သွားပြီး ဖုန်းကိုင်လိုက်ရာ . . .

"ဗိုလ်ကြီး ကျွန်တော် မောင်မြင့်အောင်ပါ၊ ဗိုလ်ကြီးဆီက အချုပ်ဖောက်ပြေးလာတဲ့ကောင် (၃) ကောင်ကို ကျွန်တော်ဖမ်းထားပါတယ်"

"ဟာ ဝမ်းသာလိုက်တာကွာ၊ မင်း ဘယ်ကို သတင်းပို့လိုက်သေးလဲ"

"ဘယ်မှ မပို့သေးပါဘူး၊ ထိန်းထားပါတယ်၊ ဗိုလ်ကြီးဆီ ဦးဆုံးဆက်တာပါ"

"အေး အေး ကျေးဇူးကမ္ဘာပါကွာ၊ ငါ အခုချက်ချင်း ဦးအောင်မင်းကို လွှတ်လိုက်ပါ့မယ်၊ အားလုံး ဒုက္ခမရောက်ရအောင်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ စိတ်ချပါ၊ ကျွန်တော်စောင့်နေပါမယ်"

ကျွန်တော် ရင်အေးသွားရပါသည်။

စခန်းမှူး ဦးအောင်မင်းအား ချက်ချင်းခေါ်၍ ကားစီစဉ်ပြီး ပြွန်တန်ဆာရဲစခန်းသို့ စေလွှတ်လိုက်ပါသည်။

မမကြီးကိုလည်း အကြိမ်ကြိမ်ကျေးဇူးတင်လျက် ကျွန်တော်၏ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖို့များကို ထပ်ကာထပ်ကာ အမျှပေးဝေလိုက်ပါသည်။

ည ၁၁ နာရီ ၄၅ မိနစ်တွင် စခန်းမှူးဦးအောင်မင်းနှင့်အဖွဲ့ တရားခံပြေး(၃)ဦးနှင့်အတူ ပြန်ရောက်ကြပါသည်။

ထိုအခါကျမှ ကျွန်တော်လည်း သက်မချ၍ ကင်းဟောင်းကင်းသစ်ကို လဲစေပြီး အားလုံးကို တန်းဖြုတ်အနားပေးနိုင်ပါတော့သည်။

ရဲစခန်း၏ အရပ်ရပ် နေ့စဉ်မှတ်တမ်းစာအုပ်ကိုလည်း စာရေးကြီးအား ပြန်ပေး၍ ပုံမှန်အတိုင်း မှတ်တမ်းများကို ရေးသွင်းစေလိုက်ပါသည်။

တပ်ဖွဲ့ဝင် အားလုံးကိုလည်း တရားခံပြေးမှုအကြောင်း မပြောကြရန် မိသားစုများကိုပါ ရှင်းလင်းပြပြီး လျှို့ဝှက်ထားကြရန် မှာကြားလိုက်သည်။

မယကဥက္ကဋ္ဌထံလည်း သတင်းပို့လိုက်ပါသည်။

တရားခံများအား အသေးစိတ်စစ်ဆေးရာ လွန်ခဲ့သည့် လကတည်းက ရုံးထုတ်ရက်တွင် သံဖြတ်လွှကို တံမြက်စည်းထဲဝှက်၍ ယူသွင်းထားကြောင်း၊ အိမ်သာတက်ရင်း အချုပ်ခန်းတိုင်အား ဖြတ်ကြခြင်းဖြစ်ကြောင်း၊ ထမင်း ကန်ထရိုက်အား ငွေပေး၍ ကြက်သားခွေးတောက်ဟင်းကို ဆေးခြောက်ခတ်ပြီး ချက်ခိုင်းခြင်းဖြစ်ကြောင်း၊ ဆေးခြောက်ကို ၎င်းတို့အိမ်သားများအား ရှာခိုင်း၍ ထမင်းကန်ထရိုက်ထံ ငွေနှင့်အတူ ပေးပြီး စည်းရုံးခဲ့ကြခြင်း ဖြစ်ကြောင်း။

မနေ့က ညကျမှ ကင်းမှူးအားနားသွင်းရသဖြင့် ညစာထမင်း စီစဉ်ကျွေးခဲ့ကြောင်း၊ ၎င်းတို့သုံးဦး ဟန်ဆောင်၍ ဟင်းနည်းနည်းစီသာ ထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

စားခဲ့ကြောင်း (ရဲတပ်ဖွဲ့ဝင်များ သင်ခန်းစာယူကြပါ)။

ရဲစခန်းအနောက်ဘက် စည်းရိုးအား လျှိုထွက်၍ ရွှေကျင်ချောင်းကို ဖြတ်ကူးကာ ဒိုးစရစ်လမ်းအတိုင်း ပြေးကြကြောင်း၊ မြို့စည်းရိုးကို နှစ်ကျိပ်ရှစ်ဆူ ဘုရားတံတိုင်းပေါ်မှ တစ်ဆင့်ကျော်တက်ပြီး ထွက်ကြကြောင်း။

စစ်တောင်းမြစ်ကို အရှေ့ဘက်တက် ချိန်လောက်တွင် ကမ်းနားမှ လှေတစ်စီးအား ဖြတ်ယူပြီး အနောက်ဘက်ကမ်း ကူးကြကြောင်း။

မဒေါက် အောက်ဘက်ကမ်းမှ တက်၍ ညောင်လေးပင်နှင့်ပြွန်တန်ဆာ အကြား ကားလမ်းကိုမှန်း၍ ရွာများကို ရှောင်ပြီး သွားကြကြောင်း။

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်ဘက်သို့ တစ်ဦးချင်းစီခွဲပြီး ပြေးကြရန် စီစဉ်ထားကြောင်း။

မိုးမလင်းမီ ကားလမ်းပေါ် ရောက်အောင် လယ်ကွင်းများအား ဖြတ်၍သွားကြသော်လည်း မိုးချုပ်သည်အထိ ကားလမ်းပေါ် မရောက်ဘဲ လယ်ကွင်းထဲတွင်ပင် မျက်စိ လည်နေကြကြောင်း။ အတော်မှောင်လာချိန်တွင် လယ်တဲတစ်လုံးအား မီးလင်းနေလျက်တွေ့၍ ရေလည်းငတ် ထမင်းလည်း ဆာနေကြ၍ ၎င်းတဲသို့ဝင်ပြီး ထမင်းတောင်းစားနေကြစဉ် ပြည်သူ့စစ်များ ရောက်လာပြီး ပြွန်တန်ဆာရဲစခန်းသို့ ဖမ်းဆီးပို့အပ်ခံ ကြရခြင်းဖြစ်ကြောင်း။

ပြွန်တန်ဆာ ရဲစခန်းရောက်ချိန်မှာ ည ၈နာရီဖြစ်ကြောင်း သိရပါသည်။

တရားခံများ တစ်နေ့လုံး လယ်ကွင်းများထဲတွင် မျက်စိလည်နေကြသည်မှာ မမကြီးနတ် ပြောသွားသလို ကွင်းပိုင်ကြီးကပင် လှည့်စားထားခြင်းဖြစ်ပါလေမည်။

မမကြီးအား ကျေးဇူးတင်သျှက် နောက်နေ့တွင်ပင် နေ့ချင်းပြီး အုတ်တိုက် နတ်ကွန်းကို လိုင်းခန်းထပ်မြေ ကွက်လပ်တွင် ဆောက်လုပ်ပေးခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်တော်နှင့်ရွှေကျင် ရဲစခန်းမှ စခန်းမှူး၊ တာဝန်မှူး ကင်းအဖွဲ့တို့ ဘေးမသီရန်မခ တရားခံများ ပြန်ရခဲ့ကြပါသည်။

ရွှေကျင်မြို့စောင့် မမကြီးနတ် အမှန်ပင် ကူညီခဲ့ခြင်း ဖြစ်ပေမည်။

အမှန်သစ္စာကြောင့်သာ ဘေးကင်းကွာခဲ့ကြရပါကြောင်း ယုံကြည်နေပါတော့သည်။

(ဝန်ခံချက်- ၁၉၉၂ ခုနှစ်က ကြုံခဲ့ရသည့် အဖြစ်မှန်ဖြစ်ပါသည်)

ဘစံ ကေတု


## ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

## ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➧ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➧ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➧ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➧ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၀၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com




မြောက်ပြန်လေ ခပ်ပြင်းပြင်း တိုက်ခတ်နေမှုကြောင့် ကျွန်တော်တို့ စီးနင်းလိုက်ပါလာကြသည့် စက်လှေမှာ ဘယ်လူးညာလိမ့်ပြီး လှိုင်းဂယက်များ အကြားတွင် တလူးလူး တလွန့်လွန့်နှင့် လှုပ်ရှားပြေးလွှားနေလေသည်။

တစ်ခါတစ်ရံတွင် စက်လှေဦးပိုင်းက လှိုင်းပုတ်ခံရ၍ ပြန်အကျတွင် ရေပြင်နှင့် ရိုက်ပုတ်မိကာ လှိုင်းပုတ်ပြန်သဖြင့် ပင်လယ်ရေစင်များက လှေနံကို ကျော်၍ လှေဝမ်းထဲထိပင် တဖြန်းဖြန်း လာပက်နေကြသေးသည်။

စက်လှေထဲတွင် လိုက်ပါလာသူများမှာ မောင်ရွှေလေးကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဆရာကြီးလယ်တွင်းသားစောချစ်၊ ဆရာအဏ္ဏဝါစိုးမိုး၊ ဆရာချစ် ဦးညိုနှင့် ကျွန်တော်တို့ဖြစ်ကြသည်။

စက်လှေပဲ့ကိုင်သူကမူ ဘယ်ယိမ်း ညာယိမ်းဖြင့် ယိမ်းထိုး လှုပ်ရှားနေသည့် စက်လှေကို အလိုက်သင့် သွားလာနိုင်ရန် ကြိုးပမ်း ပဲ့ကိုင်လျက် ရှိနေလေသည်။

"ဆရာထွေး ဟိုမှာ ဟိုမှာ ကြည့်လိုက်စမ်းပါဦး၊ ပင်လယ်ငါးထီးကောင်ကြီး မဟုတ်လား၊ အကြီးကြီးပဲ၊ အုပ်စုလိုက် အများကြီး မျောပါနေကြတယ်"

"အင်း ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ဆီမှာတော့ ပင်လယ်ရေခူလို့ ခေါ်ကြတာဗျ၊ ထိမိ ကိုင်မိရင် အင်မတန် ယားယံတတ်လို့ ပင်လယ်ရေခူကောင်လို့ ဒေသခံတွေက ခေါ်ဝေါ်ကြတာ"

"ဪ ဟုတ်လား၊ ကျွန်တော် သိတာကတော့ ဂျယ်လီဖစ်ရှ်လို့အ[illegible] လို ခေါ်ကြတယ်၊ ပင်လယ်ရေထဲမှာ

www.burmeseclassic.com


ထီးသင်္ကြန်၊ လေထီးသင်္ကြန် မျောပါသွားလာနေတတ်လို့ ငါးထီးလို့ ခေါ်ကြတာ၊ ရေတက် ရေကျအလိုက် စီးမျောပါနေကြတာ၊ အရောင်စုံ အရွယ်စုံ မြင်ဖူးတယ်ဗျ၊ ဖန်ခွက်လိုလို မီးသီးလိုလိုလဲ ရှိရဲ့"

"ဟုတ်တယ်ဗျ၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အဆင်းအမျိုးမျိုးနဲ့ ပုံသင်္ကြန်အမျိုးမျိုးရှိကြတယ်၊ အဆိပ်ပြင်းပြီး စားလို့ရတာရှိသလို မရတာလဲ ရှိတယ်ဗျ"

"အထူးသဖြင့် ပင်လယ်ရေခူ အုပ်စုဝင်တဲ့ ရေကြီးနီတို့၊ ရေတန်းနီတို့ ဆိုတာတွေလဲ ရှိကြသေးတယ်၊ ဒီကောင်တွေက ခုလို ရာသီပြင်းတဲ့ နွေရာသီမှာ စပေါ်ပြီး မိုးဦးကျအချိန်မှာ ပိုလို့တောင် ပေါ်များသေးတယ်"

"ဟုတ်လား ဆရာထွေး၊ ပြောပြစမ်းပါဦးဗျ"

"ကျွန်တော်တို့ ပေလီကမ်းခြေဒေသ စားသောက်ဆိုင်မှာ ရှားပါးထူးဆန်းတဲ့ အစားအစာ ပင်လယ်စာ (Sea Food) တွေထဲမှာ ရေခူသုပ်လဲပါတယ်လေ၊ ရေကြက်လို့ ခေါ်တဲ့ ကင်းမွန်အသုပ်၊ ရေမျောက်လို့ခေါ်တဲ့ ရေဘဝဲ



ယောင်မြဝွေး(ပင်လယ်)



www.burmeseclassic.com

www.burmeseclassic.com

သုပ်၊ ကျောက်ပွင့်သုပ်တွေ စသည်ဖြင့် စုံလို့ပေါ့ဗျာ”

“ဟုတ်တယ်ဗျ၊ ကျွန်တော် ရောက်တိုင်း မကြာခဏ စားဖူးနေသားပဲဟာ”

လှိုင်းက ပို၍ပြင်းထန်လာသဖြင့် ကျွန်တော်တို့ စကားစပြတ်သွားကြလေသည်။ ယခုလို နွေရာသီ လှိုင်းလေပြင်းထန်ချိန်တွင် ဘင်္ဂလားပင်လယ်အော်ထဲရှိ အင်ဒရူးတွေ့ကို ဖြတ်သန်း၍ ဂျိတ္တော၊ လုံးသာ ဖောင်ဆိပ်မှ မောင်ရွှေလေးရွာဆီသို့ ကျွန်တော်တို့ စာရေးဆရာများ စက်လှေစီး၍ ခရီးသွားနေကြရသည်။

အကြောင်းမှာ ကိုစိုးမင်းနိုင်၊ ကိုထွန်းကြည်၊ ဥက္ကဋ္ဌ ကိုကျော်ဝင်းတို့ ဦးဆောင်ပြုလုပ်နေကြသဖြင့် မောင်ရွှေလေးရွာ စာပေဟောပြောပွဲသို့ စက်လှေစီး၍ ခရီးသွားနေကြခြင်း ဖြစ်သည်။ ကျွန်တော်ကမူ ဆရာချစ်ဦးညိုက သူနှင့်အတူ မောင်ရွှေလေးရွာ စာပေဟောပြောပွဲခရီး အတူလိုက်ခဲ့ပါရန် ခေါ်သဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

xxx

စက်လှေက လှိုင်းကြမ်း လေကြမ်းထဲတွင် မောင်ရွှေလေးရွာ ကမ်းခြေသို့ ဦးတည်ခုတ်မောင်းသွားရာ ကမ်းခြေနှင့် မနီးမဝေးသို့ ရောက်သည့်အခါ လှိုင်းအနည်းငယ် သာယာသွားသည်။ မောင်ရွှေလေး တောင်တန်းကြီးက ပင်လယ်လေကို ကာကွယ်ထားသလို ဖြစ်နေ၍ မြောက်လေမခ လှိုင်းမထဘဲ သာယာနေခြင်း ဖြစ်လေသည်။

မောင်ရွှေလေးရွာ၏ ကမ်းခြေတည်ရှိနေပုံမှာ အခြားကမ်းခြေဒေသများတည်ရှိနေပုံနှင့် မတူညီဘဲ များစွာခြားနားမှု ရှိလေသည်။ မောင်ရွှေလေးရွာ တည်နေပုံက ကမ်းခြေအလိုက် မြောက်ဘက်သို့ မျက်နှာမူကာ ကမ်းခြေက တည်ရှိနေလေသည်။

တစ်ဖန် အနောက်မြောက်ဘက်အတိုင်း ဂဃယ်ကွေ့ကွေ့ကာ မောင်ရွှေလေး တောင်တန်းကြီးက ပိတ်ကာထားဆီးထားသဖြင့် ရာသီဥတုပြင်းထန်ချိန်ဖြစ်သည့် မိုးရာသီနှင့် နွေရာသီ လှိုင်းဒဏ်ကို မောင်ရွှေလေး ကမ်းခြေက မခံစားရပေ။

နွေရာသီ မြောက်လေပြင်းချိန်တွင် အနောက်မြောက်ဘက် တောင်တန်းကြီးက ကာကွယ်ထားသလို မုတ်သုန်ဦး နိုးထချိန်တွင် တောင်ဘက်နှင့် အနောက်ဘက်မှ တောင်ကုန်းများနှင့် အုန်းတောကြီးများက ကာကွယ်ပေးထားသဖြင့် မိုးရာသီ တောင်လေကြမ်းဒဏ်ကို မခံစားရပေ။

စက်လှေက မောင်ရွှေလေးရွာကမ်းနှင့် နီးသထက် နီးလာနေသည်။ အုန်းတောကြီးနှင့် လူနေအိမ်ခြေများကို ပီပီပြင်ပြင် မြင်တွေ့ရပြီ ဖြစ်သည်။ ကမ်းခြေတွင် ကျောက်ပိုက်စက်လှေများ ကျောက်ချရပ်နားထားကြသည်။

လသာရက် ပိုက်နားချိန် ဖြစ်သဖြင့် ကမ်းခြေတွင် လှေစုံတက်စုံ မြင်တွေ့ရခြင်း ဖြစ်သည်။ အခြားကမ်းခြေများတွင် ဇလထန်လှိုင်းကြီးနေသော်လည်း မောင်ရွှေလေးရွာ ကမ်းခြေက လှိုင်းပုတ်သံ ညင်သာလှသည်။

စက်လှေက လှိုင်းမရှိသဖြင့် ကမ်းခြေသဲသောင်ခုံအနီးသို့တိုင် ထိုးဆိုက်လိုက်သည်။ မောင်ရွှေလေးရွာ ကမ်းခြေက လှိုင်းတဖျပ်ဖျပ်နှင့် သာယာလှပလို့ နေသည်။ ဥက္ကဋ္ဌ ကိုကျော်ဝင်းက ဖုန်းနှင့် လှမ်းမှာထားသဖြင့် ဆိပ်ကမ်းတွင် ကြိုဆိုသူများရောက်နေနှင့်ကြသည်။

“ကဲ ဆရာချစ်ရေ ဆင်းကြရအောင်၊ ဦးပိုင်းမှာ ချိတ်တပ်ထားတဲ့ သံလှေကားကလေးကနေ ဆင်းရမှာနော်၊ ဖြည်းဖြည်းလေ ဆင်းဦး၊ ကျွန်တော် အထုပ်တွေ ကူသယ်ပေးမယ်”

“ဟုတ်ကဲ့ဆရာထွေး၊ ဆရာကြီး လယ်တွင်းသားစောချစ်ကို သွားကူပေးဦး၊ ခင်ဗျားပဲ တွဲယူထိန်းသိမ်းပြီး လှေကားအဆင်းမှာ ထိန်းကိုင်ပေးဗျာ”

“ကျွန်တော်က ပလေကိုသာ အမြဲရောက်ဖူးတာ၊ မောင်ရွှေလေးကမ်းခြေက ဒီတစ်ခါ ရောက်ဖူးတာ ပထမဦးဆုံးပဲ ကိုမြထွေး၊ မောင်ရွှေလေး ကမ်းခြေက တော်တော်လှတာပဲ၊ ပလေထက်စာရင် ဒီမှာက လှိုင်းတွေ သာသလိုပဲနော်”

“ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်ကို မှေးကိုင်ထားပြီး ဖြည်းဖြည်းဆင်းပါ”

စက်လှေပေါ်မှဆင်း၍ လူစုံသည့်အခါ ကမ်းခြေမှ ရွာထဲသို့ တက်ခဲ့ကြသည်။ အုန်းပင်များအကြားရှိ ခြေသွားလမ်းကြောင်းလေးအတိုင်း သွားဖြစ်ကြသည်။ မကြာမီ ကိုမောင်လှ အိမ်ရှေ့သို့ ရောက်လာသည်။

ကျွန်တော်တို့အဖွဲ့က ကိုမောင်လှအိမ်တွင် တည်းခိုရမည် ဖြစ်သည်။ မောင်ရွှေလေးရွာကို တစ်ခါမှ မရောက်ဖြစ်သေးသည့် ဆရာကြီးလယ်တွင်းသား စောချစ်က ရွာကလေးနှင့် ကမ်းခြေကို အလွန် သဘောတွေ့နေလေသည်။ အကြိမ်ကြိမ်ရောက်ဖူးနေသည့် အဏ္ဏဝါကြီးကတော့ ရိုးနေပေပြီ။

ဟောပြောပွဲက မောင်ရွှေလေးရွာ (အ. မ. က)ကျောင်းလေးထဲတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ညနေစာကို ကိုစိုးမင်းနိုင်အိမ်တွင်ပင် တည်ခင်းကျွေးမွေးပါသည်။

ဆရာချစ်ဦးညိုက. . .

“ဆရာထွေး ပင်လယ်ရေသတ္တဝါတွေက အမျိုးအမည်များသလောက် အစုံစားဖူးပါတယ်၊ ဒါပေမယ့် ရေခူသီ အကောင်မျိုးတွေကို စားနိုင်အောင် ဖန်တီးလုပ်ကိုင်နိုင်ကြတာ တော်တော်ထူးဆန်းတယ်ဗျ”

“ဟုတ်တယ်လေ၊ ကျွန်တော်ဆို ပင်လယ်နားရွာမှာ မွေးဖွားကြီးပြင်းလာတာ၊ အင်မတန်မှ ယားယံတတ်တဲ့ ရေခူလိုအကောင်မျိုးကို အဆိပ်အတောက် ဖယ်ရှားစေပြီး စားနိုင်အောင် လုပ်နိုင်ကြတဲ့ လူတွေကို လေးစားမိတယ်”



www.burmeseclassic.com

www.burmeseclassic.com

"အင်း ဟုတ်တယ်၊ ဟုတ်တယ် ကျောက်ပွင့် ကျောက်ကျောက စားသုံးရင် အိုင်အိုဒင်းဓာတ်အပြည့်အဝရတာ၊ အင်မတန် ညီနွံပြင်းတဲ့ ငါးတောက်တူက ဘင်ဆာရောဂါ ကာကွယ်သတဲ့၊ ဒါကြောင့် ကျောက်ငါးတွေ ဈေးကောင်းသာတာ၊ ဟိုပင်လယ်ရေအောက် မျှောတို့ ရေခူတို့က အမျိုးသားတွေအတွက် အစွမ်းထက်မြက်တယ်ဆိုလားပဲ"

"ရေခူက တစ်ခေတ်ဆန်းခဲ့တယ်။ ပြီးတော့လဲ ရာသီပြင်းတဲ့ ရေကြီးနီ ရေတန်းနီတို့ ပေါချိန်မှာ ဖမ်းရတာဆိုတော့ အန္တရာယ်လဲ သိပ်များတယ်ဗျ"

"ဆရာထွေးက ဒေသခံဆိုတော့ အတွေ့အကြုံရှိမှာပေါ့၊ သိပါရစေလား"

"အင်း . . . ဗဟုသုတအနေနဲ့ အတွေ့အကြုံကို ပြောပြရတာပေါ့"

xxx

ပင်လယ်ကမ်းခြေဘက်ရှိ မြပြင်ရွာ တစ်ခြမ်းကို (S.S.T) ကုမ္ပဏီက တောင်ဝယ်ယူလေသည်။ တစ်ခါမှ မကြုံဖူးသည့် ဝယ်ဈေးဖြစ်နေသဖြင့် ရွာသားတော်တော်များများကရောင်းဖြစ်သည်။ အချို့ကတော့ မရောင်းချင်သော်လည်း မရောင်းလျှင် မြေသိမ်းမည်ဆိုသည့် ကောလာဟလကြောင့် ဘေးအန္တရာယ်ကြောက်၍ မရောင်းချင်ဘဲ ရောင်းချကြရသော မြပြင်ရွာကမ်းခြေဘက်တစ်ခြမ်းကုန်ပါလေတော့သည်။

အဆုံးရှုံးမခံရဲသူများက တထိတ်ထိတ်ဖြင့် ရောင်းကြရလေသည်။ တွေးကြောက်သူများထဲတွင် ကျွန်တော်လည်း ပါ၍ အိမ်ခြံမြေကို ရောင်း၍ အရှေ့ဘက်ရှိ မိမိပိုင် နွားစားကျက်မြေသို့ ပြောင်းရွှေ့ကာ အိမ်ဆောက်ဖြစ်သည်။ နေရာက နောင်အခါ မြပြင်ရွာသစ် ဖြစ်လာခဲ့လေသည်။

မြေကို ရောင်း၍ အိမ်သစ်တစ်လုံး သပ်သပ်ရပ်ရပ် ဆောက်ဖြစ်သလို သားများကို ရှင်ပြုဖြစ်သည်။ ကျန်ငွေကို ယောက်ဖများက တောင်းဆိုသဖြင့် စက်လှေတစ်စင်းဝယ်ပေး၍ လုပ်ငန်းလုပ်ကိုင်စေခဲ့သည်။ ပထမလုပ်ငန်းက ဆွဲသင်္ဘောများထံမှ စွန့်ပစ် ကြက်စာငါးဝယ်၍ အခြောက်လှန်းကာ ရောင်းချခြင်းဖြစ်သည်။

သိပ်တော့ အဆင်မပြေချင်လှပေ။ ရေခူအဝယ်ဒိုင်များဖွင့်၍ ရေခူများ ဖမ်းရောင်းကြရာ တော်တော်အဆင်ပြေသဖြင့် သူတို့ ရေခူအဖမ်းထွက်ကြသည်။

ကျွန်တော်လည်း နွေရာသီကျောင်းပိတ်ရက်မို့ ရေခူဖမ်းလိုက်ဖြစ်သည်။ ရေခူဖမ်းရန် ပင်လယ်ထဲသို့ နံနက်စောစော ထွက်ကြရသည်။ ရေခူဖမ်းမည့်လှေတွင် အနည်းဆုံးတက်မကိုင်(စက်ကိုင်) အပါအဝင် လေးဦးလောက် ပါကြရသည်။ ပင်လယ်ရေစီးကြောင်းအလိုက် မျောပါနေကြသည့် ယောက်ျားကြီးတစ်ဖက်စာ နှစ်ဖက်စာနီးပါးရှိသည့် ရေခူကောင်ကြီးများကို သစ်သားချိတ် ဝါးချိတ်များကို သုံး၍ ချိတ်ဆွဲယူငင် ဖမ်းဆီးကြရသည်။

ရလာသည့် ရေခူကြီးများကို အပေါ်ခွံကိုသာယူ၍ အောက်ဖက် ခြေချောင်းများအပိုင်းကို ဖြတ်၍ စွန့်ပစ်ခဲ့ရသည်။ စွန့်ပစ်ခဲ့ရသည့် ရေခူအပိုင်းအစများက မျိုးပြန့်ပွားသည်ဟု သိရသည်။

ရေခူဒိုင်များက ရေခူတစ်လုံးလျှင် ငါးကျပ်ဈေးပေး ဝယ်ကြသည်။ နောက် ရေခူဒိုင်များ အပြိုင်အဆိုင်ဖြစ်လာခြင်း၊ ရှားပါးလာခြင်းကြောင့် နှစ်ဆယ့်ငါးကျပ်ထိ ဈေးကောင်းပေးဝယ်လာသည်။ တစ်သက်နှင့် တစ်ကိုယ် လူမစားနိုင်ဘဲ ယားယံသည့် ရေခူများကို ဝယ်သည်ဆိုတော့ ကမ်းခြေဒေသခံများ အံ့ဩကုန်ကြသည်။ ကိုယ့်နားပင် ကိုယ်မယုံနိုင်ဖြစ်ကြရသည်။

ရေခူဒိုင်တွေ ပင်လယ်ကမ်းခြေမှာ တကယ်ဆောက် တကယ်ဝယ်တော့မှ လက်တွေ့ယုံကြသည်။ အဖေတို့လို ရှေးတံငါကြီးတွေ ပြောဖူးသည့် မကြားဖူးတာ ကြားဖူးမည်။ မစားဖူးတာ စားဖူးမည်။ မမြင်ဖူးတာ မြင်ဖူးမည်။ မကြုံဖူးတာ ကြုံဖူးမည်ဆိုသည့်အဆိုက ဒက်ထိ မှန်နေတော့သည်။

ယားယံပြီး လူမစားသည့် ရေခူများကို အဆင့်ဆင့်ပြုပြင်ပြီး နိုင်ငံခြားတိုင်းပြည်သို့ တင်ပို့ကြတော့မည်။ ပင်လယ်တံငါတွေ ရေခူသား စားဖူးကြတော့မည်။ စားဖူးရုံတင်သာမက အလုပ်လည်း ဖြစ်ကြသည်။ ရေခူတွေ စက်လှေဖြင့် သွားဖမ်း၍ ရောင်းခြင်းဖြင့် လက်ဖျားငွေသီးကြသည်။

လှည်းသမားများ ရေခူလိုက်ပို့သဖြင့် အလုပ်ဖြစ်ကြသည်။ ရေခူဒိုင်တွင် အလုပ်ဝင်ကြသဖြင့် ဇနီးမယားသားသမီးများပင်မကျန် ဝင်ငွေရကြတော့သည်သာ။

ရေခူများကို ကန်အဆင့်ဆင့်နှင့် ထားကာ ကျောက်ချဉ်၊ ဆားကြမ်းများ သုံး၍ စိမ်ထားပေးရသည်။ ရေခူကန်ကိုမူ သစ်သားတန်းများရိုက်၍ ကန်စကာခင်းကာ ရေခူတစ်ထပ်၊ ကျောက်ချဉ် ဆားကြမ်းတစ်ထပ်ဖြူး၍ နှပ်ထားကြသည်။

ပထမကန် နှပ်ပါက ဒုတိယကန် ပြောင်းရွှေ့ကာ ကျောက်ချဉ် ဆားကြမ်းများဖြင့် နှပ်ကြပြန်သည်။ တတိယကန်နှင့် စတုတ္ထကန်ရောက်သည့်အခါ ရေခူများ အရိအရွဲ ကင်းဝင်၍ အဝါရောင်သို့ ပြောင်းလာကာ အလုံးအထည် သေးသွားလေသည်။ သုံးပေသာသာ အချင်းရှိသည့် ရေခူသည် ကန်အဆင့်ဆင့်ပြောင်း၍ နှပ်လိုက်သည့်အခါ တစ်ပေကျော်ကျော်အရွယ်သာ ကျန်ရှိနေတော့သည်။

ကျောက်ချဉ် ဆားကြမ်းများနှင့် အချောသပ်ပြီးသား ရေခူကို စားသုံးမည်ဆိုပါက ရေထဲတွင် ကျောက်ချဉ်နှင့် ဆားများ ကုန်စင်လုနီးပါး ကြိုတင်ရေစိမ်ထားရသည်။ ထို့နောက် ရေနွေးဖြင့်ပြုတ်၍ မိမိစားသုံးချင်သလို အချဉ် အငံ၊ အစပ်၊ အဆိမ့်စသည်ဖြင့် နှစ်သက်ရာထည့်၍ သုပ်ကာ စားသုံးနိုင်


www.burmeseclassic.com

www.burmeseclassic.com

ကြလေသည်။ ရေခူတစ်ခေတ်တွင် ရေလုပ်သား တံငါသည်များ ရွှေဖြစ် ငွေဖြစ် ကြသည်သာ။

×××

သင်္ကြန်ချိန် ကျော်ပြီဖြစ်သဖြင့် ရေခူရာသီက ကုန်ဆုံးလုနီးပါးဖြစ်လာသည်။ နွေရာသီရင့်ချိန်ဖြစ်သဖြင့်လည်း မိုးရာသီဘက်သို့ နီးပေရာ ရာသီဥတုကြမ်းသကဲ့သို့ ပင်လယ်ရေလှိုင်းတံပိုးများက တစ်နေ့ထက် တစ်နေ့ ပို၍ ပြင်းထန်လာနေသည်။

အချို့ရေခူဒိုင်များသည် ခန့်မှန်းတန်ချိန်ပြည့်ပြီ ဖြစ်သဖြင့် ဒိုင်ပင် ပိတ်လိုက်ကြပြီ ဖြစ်သည်။ နိုင်ငံခြားသို့ တင်ပို့နိုင်ရန်အတွက် ပြုပြင်သန့်စင်ပြီး ရေခူချောများကို အိတ်များဖြင့်ထည့်ကာ စက္ကူပုံးများတွင်ထည့်၍ တံဆိပ်ရိုက်၍ သစ်သားပုံးများဖြင့် ရန်ကုန်ဒိုင်ချုပ်သို့ တင်ပို့နေကြပြီ ဖြစ်သည်။

တန်ချိန်ပြည့်မီအောင် မရသေးသည့် ဒိုင်အချို့မှာမူ ရေခူရှားပါးလာသဖြင့် ဈေးပိုပေးကာ ဝယ်ယူစုဆောင်းလုပ်ကိုင်နေရဆဲဖြစ်သည်။ ကျွန်တော်တို့အဖွဲ့ကလည်း အချိန်ရှိခိုက် လုံ့လစိုက်ကြရသည်။ ကိုယ့်ဒေသဝန်းကျင်တွင် ရှားပါးလာသည့်အခါ အခြားနယ်ဝေးများသို့ ရေခူအရှာထွက်ကြရသည်။

"ဒီနေ့တော့ မော်ရုံဘက်သွားမှ ဖြစ်လိမ့်မယ်၊ အုပ်စုလိုက်မဟုတ်ဘဲ တစ်လုံးချင်း ဖမ်းနေလို့ကတော့ အချိန်ကြာပြီး စက်ဆီပိုကုန်တယ်ကွ"

"ဟုတ်တယ် မနေ့က မော်ရုံဘက်ကလူတွေ ရေခူတော်တော်များများ လာသွင်းကြတယ်၊ ခရီးဝေးဆိုတော့ လှေမကောင်းတဲ့သူတွေ မလိုက်ဝံ့ကြဘူး"

"မော်ရုံဘက်က အသွားအလာခက်တယ်၊ လှေမပေါက်ခင် ရေခူများများဖမ်းမိဖို့ အရေးကြီးတယ်၊ လေပြန်ချိန်ကျရင် လှေမောင်းဖို့ တော်တော်ခက်မှာ"

ကျွန်တော်တို့ အဖွဲ့ မော်ရုံရွာဘက် ဦးလှည့်ဖြစ်ကြသည်။ ထင်ထားသလိုပင် ရေခူများများ တွေ့ကြသည်။ ရှားပါးချိန်ဖြစ်သဖြင့် ဆယ်လုံးစု ငါးလုံးစုသာတွေ့သဖြင့် လှည့်လည်ဖမ်းဆီးကာ စုဆောင်းယူရသည်။ အချိန်အတော်လင့်သွားသည်။

"ခပ်မြန်မြန် ဖမ်းကြမယ်ကွာ၊ ဟိုမှာ ရာဟုထောင့်က မြူတွေ တအားဆိုင်းနေတယ်၊ ဖျားကြီးပတ်ရေထရက်ဆိုတော့ ဒီမြူတွေ စင်အောင် မြောက်လေပြင်းပြင်းတိုက်လိမ့်မယ်"

"ဟုတ်တယ်ဟေ့၊ ခပ်သုတ်သုတ်ရှာဖမ်းကြ၊ အချိန်မီ ပြန်ကြရအောင်"

"အား အမယ်လေး ဒုက္ခပဲ၊ အီလိုက်တာကွာ၊ ရေကြိုး ထိသွားပြီ ထင်တယ်၊ ဟင် ဒီရေခူမှာ ရေကြိုး၊ ရေတန်းနီတွေ ငြိပါလာတာ မနည်းဘူး"

"အစ်ကိုရေ ဒီမှာ ဆေးပါတယ် မကြောက်နဲ့၊ ပျားသကာရည်နဲ့ ဆေးပြီးသွားတိုက်ဆေးဘူးအရည်နဲ့ တို့ထည့်ထားလိုက်ဟေ့"

မိုးနားနီးသည့် လေကြမ်း ရေကြမ်းကာလတွင် ရေကြိုး၊ ရေတန်းများပေါများလှသည်။ ပူစီဖောင်းကလေးများကဲ့သို့ရှိကာ အနီကြိုး၊ အပြာကြိုး၊ အစိမ်းကြိုးများ အမျှင်လိုက်ရှိနေကြသည်။ အနီကြိုးက ပို၍ အဆိပ်ပြင်းသည်။ ခြေလက်တို့ရှိ မွေးညှင်းပေါက်များတွင် ရစ်ပတ်မိပါက စိမ့်ဝင်သွားက အလွန်အီ၍ ကိုက်ခဲနာကျင်နေလေ့ရှိသည်။

လည်ပင်း၊ ဝမ်းဗိုက်၊ ခါးတို့တွင် ရစ်ပတ်မိပါက အသက်ရှူမရဘဲ သေဆုံးနိုင်လေသည်။ ဂရုမစိုက်မိသော ရေလုပ်သားများ ရေကြိုး ရေနီတန်းပတ်၍ ဆေးရုံမရောက်နိုင်ဘဲ သတိလစ်ကာ သေဆုံးကြသည်မှာ မနည်းတော့ချေ။

"အရေးထဲမှာကွာ လေက ပြင်းလာနေပြီ၊ မြန်မြန် ပြန်ကြရအောင်၊ ရေကြိုးထိတာ သက်သာရဲ့လား၊ အစ်ကို ဆေးပါလို့သာပေါ့၊ မဟုတ်ရင် အပြင်းစား ခံစားရမှာ"

လေကပြင်းသည်ထက် ပြင်းလာသလို ရေယက်လှိုင်းများက ပြင်းထန်စွာ ထခုန်လာကြသည်။ ကျောက်တန်းကြားထဲမှာမို့ စက်လှေ၏ အားနှင့် မမောင်းရဲ၍ လှိုင်းကြက်ခွပ်များလာ၍ လှေက ဦးပိုင်းမှ မြောက်သွားလိုက် ပြန်ကျလိုက်နှင့် ခရီးမတွင် ဖြစ်နေသည်။

လှိုင်းလုံးများက ခပ်စိပ်စိပ်ရိုက်လာသဖြင့် ရေခူများကို ထက်ဝက်ခန့် ရေထဲ ပြန်ချရသည်။ လှိုင်းလုံးကြီးများက ပို၍ စိပ်စိပ်ရိုက်ခတ်လာသဖြင့် လှေထဲထိ ရေတွေက ပက်မနိုင်အောင် ဝင်လာလေသည်။

မတတ်သာသည့်အဆုံး ရေခူများကို ရေထဲသို့ အားလုံး ပြန်သွန်ချလိုက်ရသည်။ မြောက်လေပြင်းသဖြင့် လှေမှာ မြုပ်လုနီးပါးခံစားနေရသည်။ မောင်ရွှေလေးဘောင်တန်းလွန်သည်နှင့် ဂျိတ္တော လုံးသာချိုင်ဘက် ရှေ့ကို ခရီးမဆက်ဝံ့ဘဲ လေသင့်ရာ မောင်ရွှေလေးကမ်းခြေသို့ တိုးဝင်ခဲ့ကြရသည်။


မောင်ရွှေလေးတွင် တစ်ညအိပ်ကာ နောက်နေ့နံနက်မှ ပြန်ခဲ့ကြရသည်။ တစ်ဖွတ်ထိုးပြန်သူများ လှေမှောက်၍ ပစ္စည်းလည်းဆုံး လူလည်းသေသည်ဟု သတင်းကြားရသည်။ ကျွန်တော်တို့ကတော့ ရေခူဖမ်းရင်း အန္တရာယ် လက်တစ်ကမ်းမှ လွတ်မြောက်ခဲ့ကြသည်သာ။ အသက်ကို ဉာဏ်စောင့်သည်ပင် မဟုတ်ပါလား။

❒ မောင်မြထွေး(ပင်လယ်)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး သခင်ကိုယ်တော်မှိုင်း နှင့် ငြိမ်းချမ်းရေး အရေးတော်ပုံ

○ မောင်သ... သာ ○

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို မြန်မာသက္ကရာဇ် ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် (၄)ရက်၊ (၁၈၇၅) ကြာသပတေးနေ့မှာ နယ်ချဲ့ အင်္ဂလိပ် သိမ်းပိုက်ထားတဲ့ အောက်မြန်မာနိုင်ငံ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ဝါးလယ်ရွာမှာ အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းတို့မှ ဖွားမြင်ခဲ့ပါတယ်။

...ငယ်မည်မှာ မောင်လွှမ်းမောင် ဖြစ်ပါတယ်။ ရွှေတောင် ကျီးသဲလေးထပ်ဆရာတော်ဟာ ဆရာကြီးရဲ့ ပထမ ကန့်ကူလက်လှည့်ဆရာ ဖြစ်တယ်။

ဆရာကြီးဟာ (၁၀) နှစ်သားအရွယ် မန္တလေး နေပြည်တော် မြတောင်ကျောင်းတိုက်မှာ ပညာသင်နေစဉ် သီပေါမင်း အင်္ဂလိပ်လက် ပါသွားပုံကို မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်။ ဆရာကြီးရဲ့ မျိုးချစ်စိတ်ဓာတ်ဟာ အဲဒီနေ့က စခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

မန္တလေး ပျက်ပြီးတဲ့အခါမှာ ဆရာကြီးဟာ ဦးရီးတော်တဲ့ ဦး...ဥွင်းနှစ်ပါးနဲ့ အတူ ရွှေဘို၊ အလုံ ...တစ်ပိုက်ကို ကိုရင်ဝတ်နဲ့ လိုက်သွားခဲ့ပါတယ်။ အသက် (၁၉)နှစ်မှာ ရန်ကုန်မြို့၊ ဗမ္ဘ...



www.burmeseclassic.com

www.burmeseclassic.com

ကျက်သရေပုံနှိပ်တိုက်မှာ စာပြင်ဆရာ လုပ်ပါတယ်။

ရွှေတောင်ဆရာလွန်းနာမည်နဲ့ ဇာတ်စာအုပ်တွေရေးပါတယ်။

ဒေါ်ရှင်နဲ့ အကြောင်းပါပြီးတဲ့နောက် မော်လမြိုင်မြို့ကို ပြောင်းပြီး မြန်မာတိုင်း သတင်းစာမှာ အယ်ဒီတာ လုပ်တယ်။ အဲဒီအချိန်ကစပြီး ဆရာလွန်းလို့ အမည်တွင်တယ်။

၁၉၁၁ ခုမှာ ဆရာကြီးဟာ သူရိယ သတင်းစာမှာ အယ်ဒီတာ ဖြစ်လာတယ်။ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားယဉ်ကျေးမှု အစဉ်အလာတွေကို ဖော်ထုတ်တဲ့ ကဗျာတွေနဲ့ ဆောင်းပါးတွေ ရေးခဲ့တယ်။ အဲဒီကဗျာနဲ့ ဆောင်းပါးတွေကို ဗိုလ်ဋီကာလို့ နာမည်ပေးပြီး ကလောင်နာမည်ကို မစ္စတာ မောင်မှိုင်းလို့ တပ်လိုက်ရာက ဆရာမှိုင်းအမည် တွင်လာတယ်။

ဝိုင်အမ်ဘီအေ အသင်းကြီးမှာ လူကြီးနဲ့ လူငယ်ကွဲကြတဲ့အခါမှာ အမျိုးသားစိတ် ထက်သန်တဲ့ လူငယ်ဘက်ကို အားပေးခဲ့တယ်။ လူငယ်ပိုင်းကလုပ်တဲ့ ဗြိတိသျှဆန့်ကျင်ရေး လုပ်ငန်းတွေကို ထောက်ခံရေးသားခဲ့တယ်။

၁၉၁၉ ခုနှစ်မှာ ဝံသာနုစိတ်ဓာတ်တွေ အရှိန်ရလာခဲ့တယ်။ ဦးဘဘေ၊ ဦးပုနဲ့ ဦးထွန်းရှိန်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုဖို့ အင်္ဂလိန်ကို သွားတဲ့အခါမှာ ဒေါင်းဋီကာသစ်ကို ရေးပြီး ထောက်ခံခဲ့တယ်။

၁၉၂၀ ပြည့်နှစ်မှာ ပထမဦးဆုံး နယ်ချဲ့စနစ်ကို အကြီးအကျယ် ထိုးနှက်လိုက်တဲ့ ယူနီဗာစီတီသပိတ်ကြီး ပေါ်ပေါက်လာပြီးတဲ့နောက် ဗဟန်းမှာ အမျိုးသား (နေရှင်နယ်) ကောလိပ်ထောင်တဲ့အခါ မြန်မာ ရာဇဝင်နဲ့ မြန်မာစာ ပါမောက္ခ တာဝန်ယူ ဆောင်ရွက်ခဲ့တယ်။

၁၉၂၂၊ ၁၉၂၃ ခုနှစ်မှာ ဒိုင်အာခီအုပ်ချုပ်ရေး လက်ခံသင့် လက်မခံသင့်ကို အကြောင်းပြု၍ ဂျီစီဘီအေ ဝံသာနုအဖွဲ့ချုပ်ကြီး ပြိုကွဲသွားတယ်။ အမျိုးသားကောလိပ်လည်း ပျက်သွားတယ်။ အဲဒီအကြောင်းကို ဆရာကြီးက ဘွိုင်းကောက်ဋီကာ ရေးပြီး မှတ်တမ်းတင်ခဲ့တယ်။ ဖောက်ပြန်သွားတဲ့ ဂျီစီဘီအေ ခေါင်းဆောင်တချို့ကို မကျေမနပ်ဖြစ်ပြီး ဒဂုံမဂ္ဂဇင်းမှာ စစ်ကိုင်းပြည် မှာတော်ပုံ ရေးခဲ့တယ်။ အမျိုးသားညီညွတ်ရေး ရစေလိုတဲ့ စေတနာနဲ့ မျောက်ဋီကာ၊ မျောက်ဂဏ္ဍီကို ရေးခဲ့တယ်။ ခွေးဋီကာ ရေးပြီးတော့လည်း (၂၁)ဦးဂိုဏ်းဝင် နယ်ချဲ့နဲ့ ဓနစပ်ပြီး ရာထူးမက်ပုံတွေကို ဖွင့်ချခဲ့တယ်။

၁၉၃၀ပြည့်နှစ်မှာ ဆရာစံခေါင်းဆောင်တဲ့ လယ်သမားသူပုန်ကြီး ပေါ်ပေါက်လာတဲ့အခါ ဂဠုန်ပျံဋီကာကို ရေးပြီး ချီးကျူးထောက်ခံခဲ့တယ်။

ဂျီစီဘီအေဝံသာနုလှုပ်ရှားမှုကြီး ကျဆုံးသွားတဲ့အခါ ဆရာကြီးဟာ အဲဒီခေတ်က လွတ်လပ်ရေးတိုက်ပွဲမှာ ရှေ့တန်းရောက်လာတဲ့ သခင်လူငယ်တွေရဲ့ ဒို့ဗမာအစည်းအရုံးကို ၁၉၃၄ ခုနှစ်မှာ ဝင်ခဲ့တယ်။ သခင်ကိုယ်တော်မှိုင်းဆိုတဲ့ နာမည်ကို ရရှိစွာ ခံယူလိုက်တယ်။ လူငယ်တွေနဲ့ တွဲပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့တယ်။ ဒို့ဗမာအစည်းအရုံးရဲ့ နာယကလည်း ဖြစ်လာတယ်။

မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်နှစ် (၁၉၃၈)မှာ ရေနံမြေအရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အခါ သခင်ကိုယ်တော်မှိုင်းဟာ ဒို့ဗမာအစည်းအရုံးကြီးနဲ့အတူ အလုပ်သမားတွေဘက်က မားမားမတ်မတ် ရပ်တည်ခဲ့တယ်။ အပင်ပန်း အဆင်းရဲခံပြီး အလုပ်သမားတွေ သပိတ်မှောက်ရာမှာ အမျိုးမျိုး ကူညီခဲ့တယ်။

နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတွေရဲ့ နာယကလည်း ဖြစ်လာတယ်။ နယ်ချဲ့ဆန့်ကျင်ရေးသမား အဖြစ်လည်း ထင်ရှားလာတယ်၊

ဒါကြောင့် နယ်ချဲ့သမားတွေက ဆရာကြီးကို လိုက်ဖမ်းတယ်။ ဆရာကြီးဟာ အင်္ဂလိပ်ပြေးခါနီးနဲ့ ဂျပန်မဝင်မီမှာ အမျိုးမျိုးရှောင်တိမ်းခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့အခါမှာလည်း နှမြောတသကြေကွဲခဲ့ရတယ်။

၁၉၄၈ ခုနှစ် မတ်လ(၂၈)ရက်နေ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှာရှိတဲ့ ခေါင်းဆောင်တွေကို ဖ. ဆ. ပ. လ အစိုးရစစ်တပ်က ဝိုင်းဖမ်းတဲ့အခါ ဗကပအနေနဲ့ မိမိတို့ ပါတီရှင်သန်ရပ်တည်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲလမ်းစဉ်ကို ကူးပြောင်းခဲ့ကြတယ်။

အဲဒီအချိန်ကစပြီး ပြည်တွင်းစစ်ကြီး စတင်ခဲ့တယ်။ အဲဒီနောက်မှာ ကရင်အမျိုးသား ညီညွတ်ရေး အစည်းအရုံး၊ မွန်အမျိုးသားဒီမိုကရက်တစ်အဖွဲ့၊ ပြည်သူ့ရဲဘော်၊ တော်လှန်သော ဗမာ့တပ်မတော်တို့ ဆင့်ကဲဆင့်ကဲ ပြည်တွင်းစစ်မီးလျှံထဲ ပါဝင်လာပြီး ဖဆပလ အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်၊

၁၉၄၈ ခုနှစ်၊ ပြည်တွင်းစစ်ဖြစ်လာတဲ့အခါ ဆရာကြီးဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အမျိုးမျိုးအဖုံဖုံ အားထုတ် ကြိုးပမ်းခဲ့တယ်။ ၅. ၄. ၁၉၄၈ ရက်နေ့မှာပဲ ဒို့ဗမာအစည်းအရုံးကို ပြန်လည်ဖွဲ့စည်းခဲ့တယ်။ ၁၉၄၈ ခုနှစ် စက်တင်ဘာ (၁၉)ရက်နေ့မှာ ရွှေတိဂုံစေတီ တောင်ဘက်စောင်းတန်း သခင်စံထွန်းလှ ဇရပ်မှာ အဖွဲ့အစည်းပေါင်းစုံ အစည်းအဝေးခေါ်ယူကျင်းပပြီး ဆရာကြီးအပါအဝင် (၁၇)ဦးနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။

၂၅. ၁၂. ၁၉၄၈ ရက်နေ့မှာ ရွှေတိဂုံစေတီတော် ရာဟုထောင့် တန်ဆောင်းကြီးထဲမှာ ရန်ကုန်မြို့မှာရှိတဲ့ ကျောင်းတိုက်ပေါင်း (၁၀


www.burmeseclassic.com

www.burmeseclassic.com

ကျော်က ဆရာတော် (၃၀၀)ခန့်နဲ့ ဘာသာပေါင်းစုံ ဂိုဏ်းပေါင်းစုံက ခေါင်းဆောင်တွေ အပါအဝင် လူထုပရိသတ် (၂၀၀၀)ကျော် ပါဝင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး အစည်းအဝေး တစ်ရပ် ကျင်းပခဲ့တယ်။

၁၉၅၀ ခုနှစ်မှာ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ ၁၉၅၂ ခု၊ မေလ(၁၀)ရက်က (၁၃)ရက်နေ့အထိ ဂျူဗလီဟောမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (ဗမာနိုင်ငံ)ရဲ့ ပြည်လုံးကျွတ်ညီလာခံက ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အဆိုပြုချက်တွေကို ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ၁၀. ၇. ၅၂ ရက်နေ့မှာ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး ပန်ကြားလွှာကို ထုတ်ပြန်ခဲ့တယ်။

ဆရာကြီးဟာ ၁၉၅၂ ခုနှစ်က စပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (ဗမာနိုင်ငံ)ရဲ့ ဥက္ကဋ္ဌကြီး ဖြစ်လာပြီး အဲဒီနှစ်ထဲမှာပဲ ထရုတ်ပြည်ပီကင်းမြို့တော်ကိုလည်းကောင်း၊ ၁၉၅၃ ခုနှစ်မှာ ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တော်ကိုလည်းကောင်း၊ ၁၉၅၇ ခုနှစ်မှာ သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့တော်ကိုလည်းကောင်း သွားရောက်ခဲ့တယ်။

အဲဒီလို ကမ္ဘာ့အကျိုးကို ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၅၅ ခုနှစ်မှာ ကမ္ဘာ့ငြိမ်းချမ်းရေး စတာလင်ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရတယ်။ ၁၉၆၀ ခုနှစ်၊ မတ်လမှာ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့သစ်ပြန်လည်ဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်ခဲ့တယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ အသက်(၈၀)ကျော် (၉၀)အတွင်းရောက်သည်အထိ ပြည်သူတွေရဲ့ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနဲ့ တိုင်းပြည်သာယာဝပြောရေးတွေအတွက် ဘဝတစ်လျှောက်လုံး မနားမနေအားထုတ်ကြိုးပမ်းရင်း အသက်(၈၉)နှစ်အရွယ် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်၊ ၁၃၂၆ ခု၊ ဒုတိယဝါခေါင်လဆန်း(၁၄)ရက်နေ့မှာ စမ်းချောင်းမြို့နယ် ချမ်းသာလမ်းနေအိမ်မှာ ကွယ်လွန်ခဲ့ပါတယ်။

ဆရာကြီးဟာ ကွယ်လွန်ချိန်မှာ စာအုပ် (၄၄)အုပ် ရေးခဲ့ပြီး စာအုပ် (၁၅)အုပ်ကို တည်းဖြတ် ပေးခဲ့ပါတယ်။

ဆရာကြီးသခင် ကိုယ်တော်မှိုင်းရဲ့ဘဝကို အနှစ်ချုပ်မယ်ဆိုရင် ဆရာကြီးသည် နယ်ချဲ့စနစ် အမိုးဖိနှိပ်သည့် ခေတ်ကြီးထဲမှာ အဲဒီစနစ်ဆိုးကြီးကို ဘဝတစ်လျှောက်လုံး ပြည်သူတွေနဲ့ လက်တွဲပြီး နည်းအမျိုးမျိုးနဲ့ တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်တယ်။

အဲဒါကြောင့်လည်း ဆရာကြီးကို စာပေယဉ်ကျေး၊ လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းရေးတို့ရဲ့ ဖခင်ကြီးအဖြစ်လည်းကောင်း၊ ပြည်သူတို့ရဲ့ ဖခင်ကြီးအဖြစ်လည်းကောင်း ပြည်သူတို့က ဂုဏ်ပြုခဲ့ကြခြင်း ဖြစ်ပေသည်။

[1 မောင်သာယာ

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

ငွေကြိုလွှင်းပြီး ဖုန်းဖြင့် မေးမြန်းနိုင်ပါသည်။ KBZ Bank - 0071210122318

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

● ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေး ပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ခါတ်ရိုက်ခါတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ -

၀၉ ၄၉၂၈၅၀၁၀၊ ၀၉ ၂၅၀၄၄၇၂၁၂

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာအာသဝ

ရဲမြတ်တင်



အလုပ်ဟူက ဂုဏ်ရှိစွဟူ၍ ဆိုရိုးစကားပင် ရှိသော်လည်း ထိုစကားအတိုင်း အမှန်တကယ် ခံယူလိုက်နာဖို့ဆိုသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။

လောက၌ လူအမျိုးမျိုးရှိကြရာ ဝယ် နုံချာသည်၊ အောက်တန်းကျသည်ဆိုသော အလုပ်တို့ကို မိမိဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် လုပ်ပင် လုပ်





www.burmeseclassic.com

www.burmeseclassic.com

နေရသော်လည်း ဂုဏ်ရှိသည်ဟု ခံယူ ...ဆေးစွ ဖြစ်နိုင်လျှင် လုပ်ပင် မလုပ်ချင်သော လူစားမျိုး များစွာရှိလေသည်။

မောင်တင်လတ်သည်လည်း အဆိုပါ လူစားမျိုးထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်ဟု ဆိုက မှားအံ့မထင် ... လောလောဆယ်၌ သူ့ခမျာ ဤအတိုင်းပင် ခံစားနေရရှာလေသည်။

ကျောင်းသွားချိန်မှအပ မိဘများကို ကူညီလုပ်ကိုင်ပေးနေရသော အလုပ်သည်ကား သူ့အတွက် အလွန်အောက်တန်းကျသော အလွန်ရှက်ရွံ့သိမ်ငယ်စရာကောင်းသော အလုပ်တွေချည်းသာဟု ထင်မြင်နေမိလေသည်။

ဖြစ်နိုင်က ထိုအလုပ်တို့ကို သူမလုပ်ချင်တော့ပါ။ ထိုအလုပ်များထက် အလွန်ကောင်းမွန်သော အခြားအလုပ်တစ်ခုခုကိုသာ ပြောင်းလဲလုပ်ကိုင်လိုလှပါတော့သည်။

သို့သော် မိမိ၏ လက်ရှိဘဝအခြေအနေက မိမိဆန္ဒအတိုင်း မိမိကိုယ်လားနှစ်သက်ရာကို ရွေးချယ်နိုင်စွမ်းရှိသော ဘဝအခြေအနေမျိုးမဟုတ်လေရကား သူ့ခမျာ ဤအကျပ်အတည်းအား စိတ်ဆင်းရဲလျက်နှင့်ပင် နေ့စဉ်ရင်ဆိုင်နေရရှာလေသည်။

သူ့မိဘများ ဖြစ်ကြသော ဦးစံရှိန်နှင့် ဒေါ်ကျင်အေးတို့က ဟိုယခင် စော်ဘွားတွေလက်ထက်ကတည်းက အမတ်ကြီးတစ်ဦး၏ အစေအပါးများ ဖြစ်ခဲ့ကြသည်။ အမတ်ကြီး ကွယ်လွန်ပြီးနောက် ထိုအမတ်ကြီး၏ သမီးတစ်ဦး အိမ်၌ အလုပ်သမားရလုပ်သူများအဖြစ် ဆက်ရှိနေခဲ့ကြခြင်း ဖြစ်လေသည်။

အမတ်ကြီးသမီး ဒေါ်စောမြတ်နွယ်နှင့် ခင်ပွန်း ဦးတက်ထွန်းတို့က ပဒေသရာဇ်အနွယ်များပီပီ အထက်တန်းကျကျ နေထိုင်ကြသူများ ဖြစ်လေသည်။

ကျယ်ဝန်းသော ခြံကြီးအတွင်းမှ ခမ်းနားသော သူတို့အိမ်ကြီးတွင် အလုပ်သမားများကို သူ့တာဝန်နှင့်သူ အသီးသီး ခန့်အပ်ထားသည်။ ဦးစံရှိန်က ချက်ပြုတ်ကျွေးမွေးရေး စားဖိုချောင်တာဝန်ယူရပြီး ဒေါ်ကျင်အေးက ဖွပ်လျှော်သန့်စင်ရေး ခဝါတာဝန်ကို ယူရလေသည်။

ထိုအိမ်ကြီးသို့ သူတို့နေထိုင်ရာ ရပ်ကွက်မှ မနက်လာ ညပြန် အမှုထမ်းကြရခြင်း ဖြစ်လေသည်။

မောင်တင်လတ်အဖို့ လူမှန်းသိတတ်စ အရွယ်ကတည်းကပင် အဖေ့ကို တစ်လှည့်၊ အမေ့ကို တစ်လှည့်ဖြင့် ကူညီလုပ်ကိုင်ပေးခဲ့ရသည်။

ဦးစံရှိန် စျေးဝယ်ထွက်လျှင် နောက်ပါးက စျေးခြင်းကိုင်ပြီး လိုက်ရသည့်အခါ ရှိသလို ဒေါ်ကျင်အေး အဝတ်လျှော်ရာ၌လည်း ဆပ်ပြာရည်ဖျော်ပေးရခြင်း၊ အဝတ်ကူလှန်းခြင်း စသည်ဖြင့် ပြုလုပ်ခဲ့ရလေသည်။

ထိုစဉ်ကတော့ ကလေးပီပီ သူ့စိတ်ထဲ၌ မည်သို့မျှ ထူးထူးထွေထွေ ဖြစ်ပေါ်ခံစားရခြင်း မရှိသေးပါချေ။

သို့သော် မောင်တင်လတ် အလယ်တန်းအောင်ပြီး အထက်တန်းသို့ တက်ရသည့်နှစ်မှစကာ သူ့စိတ်နေစိတ်ထားများက သိသာစွာ ပြောင်းလဲသွားကြသည်။

အဖေတို့၊ အမေတို့ကို အစဉ်တစိုက် ကူညီလုပ်ကိုင်ပေးခဲ့သည့်အလုပ်တို့ကို သူလုပ်ချင်စိတ် မရှိတော့ပေ။ ထိုအလုပ်တို့ကို လုပ်ဖို့ ရှက်ရွံ့စိတ်၊ သိမ်ငယ်စိတ်များ ဝင်ရောက်၍လာလေသည်။ ထိုသို့ ဖြစ်ရသည်မှာလည်း အကြောင်းမဲ့တော့ မဟုတ်ပါပေ။အလွန်ကြီးမားသော အခြေခံအကြောင်းကြီး တစ်ခုရှိနေသောကြောင့်ပင်ဖြစ်ပါသည်။

ထိုထက်ပို၍ ရှင်းအောင်ဆိုရပါလျှင် မောင်တင်လတ် ဤကဲ့သို့ စိတ်ခံစားချက် ဖြစ်ရှိလာရခြင်း၏ အဓိကတရားခံမှာ ထိုအိမ်ကြီးမှ ဒေါ်စောမြတ်နွယ်၏ သားဖြစ်သူ မောင်ထက်ပိုင်သာ ဖြစ်သည်ဟု ဆိုရပါလေတော့မည်။

ထက်ပိုင်နှင့် တင်လတ်တို့က ကျောင်းတွင် တစ်ခန်းတည်းသားများ ဖြစ်ကြသည့်ပြင် စာပြိုင်ဘက်များလည်း ဖြစ်ကြလေသည်။ အလယ်တန်းမှာကတည်းက ပထမနှင့် ဒုတိယနေရာတို့ကို သူတစ်ပြန် ကိုယ်တစ်လှည့် အပြိုင်အဆိုင် ရယူခဲ့ကြသူများဖြစ်ကြသည်။

သို့သော် တင်လတ်ကသာ ပထမနေရာကို အရများပြီး ထက်ပိုင်က ရံဖန်ရံခါမှသာ ရယူနိုင်ခဲ့သည်။

ဤတွင် ထက်ပိုင်က မိမိကဲ့သို့ အကောင်းဆုံးဆိုသော ကျူရှင်များကို တက်ရောက်သင်ကြားထားသူအပေါ် တင်လတ်ကဲ့သို့ ကျူရှင်မယူနိုင်သူ ဆင်းရဲသား တစ်ယောက်က ကျော်လွှားအနိုင်ယူရပါမည်လားဟု များစွာ မခံချိမခံသာဖြစ်လျက် ရှိလေသည်။

ထို့ကြောင့် လူညံ့များ၏ ထုံးစံအတိုင်း စာဖြင့်အနိုင်မယူရသော်လည်း ဘဝဖြင့် အနိုင်ယူမည်ဟူသော စိတ်ကိုမွေးလျက် တင်လတ်အား မည်သည့်နေရာမှာပင် တွေ့တွေ့ အထင်သေးသောအမူအရာ၊ စီးပိုးသော စကားတို့ဖြင့် အထပ်ထပ်အခါခါ ထိုးနှက်လေတော့သည်။

ထို့ပြင် နီးစပ်ရာ ကျောင်းသူကျောင်းသားများကိုလည်း သူက အဆက်မပြတ်ပင် ဝါဒဖြန့်၍နေလေတော့သည်။ ထက်ပိုင် ဝါဒဖြန့်ပုံက တင်လတ် ဆိုသည်မှာ မိမိ၏ ခြေသုတ်ပုဆိုးသဖွယ်ဖြစ်ကြောင်း၊ သူနှင့်တကွ သူ့မိဘများပါ မကျန် မိမိတို့၏ အခိုင်းအစေများသာ ဖြစ်ကြောင်း။

မိမိ ယခုဝတ်ထားသည့် အင်္ကျီမှာပင် တင်လတ် ကိုယ်တိုင် လျှော်ဖွပ်ပေးထားခြင်း ဖြစ်ကြောင်း၊ မိမိတို့၏ ပေးစာကမ်းစာများကို အမှီပြု၍သာ ၎င်းတို့ ရပ်တည်နေထိုင်ကြရခြင်းဖြစ်ကြောင်း စသည်ဖြင့် အမနာပ ပြောဆို၍နေလေသည်။

တင်လတ်မှာ ထက်ပိုင်၏ တိုက်ကွက်များကို များစွာမှ ခံပြင်းလှသော်





www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုအကြောင်းအရာများမှာ မှန်ကန်လျက်ရှိသည့်ပြင် မိမိက မခံချင်စိတ်ဖြင့် ထက်ပိုင်ကို ထိပ်တိုက်တွေ့လိုက်ပါက ပို၍ပင် အရှက်ကွဲ အကျိုးနည်းရမည့် အရေးကို ကြိုတွေးမိသည့်အလျောက် ကြိတ်မှိတ်သည်းခံ၍သာ မသိချင်ယောင် မကြားချင်ယောင် ဆောင်နေရလေသည်။

သို့သော် စိတ်ထဲတွင်မူ အလွန်ဆင်းရဲနေရကာ အိမ်ပြန်ရောက်သည်နှင့် ဤအကြောင်းများကို မိဘတို့အား ဝမ်းပမ်းတနည်း ပြန်ပြောပြမိရသည် အထိပင် ဖြစ်လေသည်။ မိခင် ဖခင်တို့ကမူ သူ့အား ဖျောင်းဖျစကားကိုသာ ဆိုကြလေ၏။

"သူက ပြောချင် ပြောပါစေသားရယ်၊ ရန်ကို ရန်ချင်း တုံ့နှင်းမနေနဲ့၊ သူ့ကို ဂရုမစိုက်ဘဲ စာကိုသာ ကျိတ်ပြီး ကြိုးစားစမ်း။

တစ်နေ့မှာ ငါ့ဘဝ သူ့ထက်မြင့်မားစေရမယ်ဆိုတဲ့ စိတ်မျိုးကို မွေးထားလိုက်စမ်း၊ လောကမှာ ကြိုးစားရင် ဘာမှ မဖြစ်နိုင်တာမရှိဘူး၊ အဖေ့ စကားနားထောင်နော် သား"

"ဟုတ်တယ်သား၊ သည်းခံစိတ်ကိုသာ ကြပ်ကြပ်မွေး၊ ကိုယ့်ရည်မှန်းချက်ကိုသာ ခေါင်းငုံ့ပြီး အာရုံထားနေလိုက်စမ်း"

"ဒါပေမယ့် အမေရာ၊ အဲဒီအိမ်ကိုတော့ ကျွန်တော်မလိုက်ချင်တော့ဘူး၊ သူတို့မျက်နှာကို တွေ့ရတိုင်း၊ သူတို့အလုပ်ကို လုပ်ရတိုင်း ကျွန်တော့်စိတ်ထဲမှာ အားကြီးသိမ်ငယ်ရတယ်၊ ကိုယ့်အညွန့်ကို အချိုးခံနေရသလို ခံစားရတယ်"

"ကဲ ကဲ၊ ဒီလောက်တောင်ဖြစ်နေမှတော့ ငါ့သား အဲဒီအိမ်ကို လိုက်ရမှာ ဝန်လေးတယ်ဆိုရင်လဲ ဒီနေ့ကစပြီး အိမ်မှာပဲနေခဲ့တော့၊ အမေတို့ပဲ အပင်ပန်းခံလိုက်မယ်၊ ဒါပေမယ့် စာကိုတော့ ကြိုးစားရမယ်နော်သား"

"ဟုတ်ကဲ့အမေ၊ စိတ်ချပါ"

ဤသို့ဖြင့် တင်လတ် တစ်ယောက် တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာရာရ၍သွားလေသည်။

ကျောင်းတွင် ထက်ပိုင်နှင့် မလွှဲမရှောင်သာ တွေ့ဆုံနေရသေးသော်ငြား သူ့အိမ်သွားပြီး သူ့အလုပ် မလုပ်ရတော့သည့်အတွက်မူ များစွာ အနေချောင်ရလေသည်။

သို့သော် တင်လတ်မှာ မွေးဇီဇကောင်းသူပီပီ ကျောင်းချိန်မှအပ အိမ်မှုကိစ္စများအား မိဘများ သက်သာစေရန် ကူညီလုပ်ကိုင်ပေးလေသည်။

ဤတွင် ထိုအိမ်သို့ မလိုက်ရတော့သည့်အတွက် တင်လတ် အနေဖြင့် အခွင့်အရေးနှစ်ခုကို တစ်ပြိုင်တည်း ရလိုက်သကဲ့သို့ ဖြစ်သွားခဲ့လေသည်။

ပထမ အခွင့်အရေးမှာ သူ့အတွက် စာဖျက်ချိန်ပိုရသွားခြင်းပင် ဖြစ်သည်။ ဒုတိယအခွင့်အရေးမှာတား အိမ်နီးချင်း တစ်ဖက်ခြံမှ ခင်မြင့်ညိုကလေးနှင့် လွတ်လွတ်လပ်လပ်တွေ့ဆုံဖို့ အချိန်ပိုရသွားစေခဲ့ခြင်းပင် ဖြစ်လေတော့သည်။

ခင်မြင့်ညိုမှာ တောရွာကလေးတစ်ရွာမှ ဖြစ်ကာ သူ၏ မိဘများက တောင်သူလယ်သမားများ ဖြစ်ကြလေသည်။ ယခု အဒေါ့်အိမ်တွင်လာရောက်နေထိုင်ကာ ကျောင်းတက်နေခြင်းဖြစ်သည်။

သူ့ခမျာ တင်လတ်နှင့် တစ်တန်းတည်းသားချင်းဖြစ်သော်လည်း စာညံ့ရှာလေသည်။ သူ မရှင်းလင်းသော သင်ခန်းစာတို့ကို တစ်ဖက်ခြံမှ ကူးလာကာ တင်လတ်ထံ မေးမြန်းရမြဲ ဖြစ်လေသည်။

တင်လတ်အနေနှင့်လည်း စိတ်နှလုံးဖြူစင်ပျော့ပျောင်းကာ အရာရာကို သည်းခံ ခွင့်လွှတ်တတ်သူ ခင်မြင့်ညို အပေါ် ကျိတ်၍ နှစ်သက်နေမိသည့် အလျောက် သူမ စာမေးလာသည့်အခါတိုင်း စိတ်ရှည် လက်ရှည် အရေးတယူ ရှင်းလင်း ပြောပြခဲ့မြဲ ဖြစ်သည်။

အပြန်အလှန်အားဖြင့် ခင်မြင့်ညိုကလည်း ဉာဏ်ပညာထက်မြက်၍ သူ့အပေါ် အလိုလိုက်သူ တင်လတ်အား တိတ်တခိုး တွယ်တာနေမိသည်သာ ဖြစ်လေသည်။

သူတို့ အနေအထားမှာ တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း တိတိလင်းလင်း မဖြစ်ကြသေးသည်သာ ရှိပြီး နှလုံးသားချင်းကမူ အချင်းချင်း နီးစပ်ဆက်သွယ်မိလျက်သား ဖြစ်နေကြပြီဟု ဆိုရပေတော့မည်။

သို့သော် ခင်မြင့်ညိုကား သူမအနေဖြင့် မိမိ၏ ပညာပါရမီနည်းလှသည့် အဖြစ်ကိုမူ အားမလိုအားမရ ဖြစ်၍နေမိလေသည်။ တင်လတ်ထံ စာမေးရသည့်အခါတိုင်း ထိုအကြောင်းနှင့်ပတ်သက်၍ မကြာခဏ ညည်းညူမိရမြဲ ဖြစ်လေသည်။ ယနေ့တွင်လည်း သူမက တင်လတ်ထံ စာမေးရန် ရောက်နေ[illegible] ပြန်လေပြီ။

"တင်လတ်ရယ်၊ တစ်နေ့တည်း စာသင်ခဲ့တာချင်း အတူတူ ငါက[illegible] ဉာဏ်ထိုင်းပါတယ်ဟာ၊ နင့်ဆီမှာ ပြ[illegible] ပြန်မေးနေရတယ်၊ နင့်ကြည့်လိုက်မှဖြ[illegible] ဆရာက တစ်ခါပြောလိုက်တာနဲ့ တ[illegible] ချက်ထဲ နားလည်သွားတာချည်းပဲ၊ န[illegible] ဘာကြောင့် ဒီလောက်တော်ရတာ[illegible] ဟင်"

"အဲဒါလား၊ ငါက အရင်ဘဝ[illegible] ပဏ္ဍိတကိုယ်တော်ကြီးတစ်ပါး ဝင်စ[illegible] တာဟ၊ ဒါကြောင့် မဟာပညာရှိ[illegible] ဖြစ်နေတာ၊ နင်မေးသမျှ တစ်ချက်မ[illegible] ဖြေနိုင်တာ၊ ဟဲ ဟဲ"

"ဟုတ်လား၊ ဒါဖြင့် ကိုယ်တေ[illegible] ကြီးကို ကိုးကွယ်ရမှာပေါ့၊ ကိုယ်တေ[illegible] ကြီးဘုရား၊ နောက်ကိုလဲ ကျွန်တော်[illegible] မ မေးသမျှကို မညည်းမညူ ဖြေ[illegible] မူပါဦး ဘုရား"

"ရတယ် ရတယ်၊ နေ့[illegible] ညလာလာ မငြီးငြူးတယ်လို့မှတ်[illegible]

www.burmeseclassic.com

အထူးသဖြင့် ဟောဒီဒကာမ အညိုလေးအတွက် ဆိုရင်ပေါ့"

"တင်လတ်နော် နင်ပြောရင်း ဆိုရင်း ဘာဖောက်လာတာလဲ၊ လူကိုများ အညိုလေး ဘာလေးနဲ့"

တင်လတ်က ရယ်ကျဲကျဲလုပ်နေသည်။ ခင်မြင့်ညိုက မျက်နှာလေး ထူအန်းအန်း ဖြစ်သွားကာ တင်လတ်အား မျက်စောင်းကလေး တစ်ချက် ဝင့်ကြည့်လိုက်လေသည်။

သို့သော် သူမပြောလိုက်သော စကားသံက ပျော့ပျော့ကလေးမျှသာ ဖြစ်သလို မျက်လုံးများကလည်း ကြည်စင်လျက် ရှိနေလေသည်။

"ကဲပါ ချွတ်စမ်းပါ နင့်အင်္ကျီကို၊ ငါ လျှော်ပေးမယ်၊ ကျောတွေမှာလဲ ပေလို့၊ ဒီအတိုင်းကြီး ဝတ်နေတာပဲ"

"နေပါစေဟာ၊ အမေ အဝတ်သွားလျှော်ရင် ထည့်ပေးလိုက်ရုံပဲ၊ နင် ပင်ပန်းနေပါ့မယ်"

"ဘာမှ လုပ်မနေနဲ့၊ ချွတ်ဆို ချွတ်၊ ဒီက သူ့ကို စာမေးခအဖြစ် လျှော်ပေးတာ၊ အကောင်းများ မှတ်မနေနဲ့"

ပြောပြီး ခင်မြင့်ညိုက တင်လတ် အင်္ကျီကိုဆွဲကာ အတင်းချွတ်ခိုင်းသည်။ ထိုအတွင်း ခင်မြင့်ညိုက မျက်လုံးလေးတစ်ချက်ဝင့်ကာ ကြည့်လိုက်သေးသည်မို့ ထိုအကြည့်က တင်လတ် နှလုံးသားထဲသို့ စိုက်ဝင်သွားလေသည်။

ထို့ထက်ပိုသည်က လူချင်းအပူး၌ ခင်မြင့်ညိုထံမှ သနပ်ခါးနံ့နှင့် ရောနေသည့် ချိုင်းချွေးနံ့သင်းသင်းကလေးကို ရှူရှိုက်လိုက်ရသည့်ခဏ တင်လတ် အသက်ရှူမှား၍ သွားလေသည်။

အင်္ကျီရပြီး၍ အပြေးကလေး ထွက်သွားသည့် ခင်မြင့်ညိုနောက်ကျောကို ကြည့်ရင်း ကတုန်ကယင် ဖြစ်ကျန်နေခဲ့ရသည်။

ဤသို့ဖြင့် ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုရန် တရွေ့ရွေ့ နီးကပ်လာလေသည်။ ထိုအချိန်မျိုးမှာ ကျောင်းသူကျောင်းသားတိုင်းအတွက် အကြိတ်အနယ် စာကျက်နေရသည့် အချိန်မျိုးပင် ဖြစ်လေသည်။

အထူးသဖြင့် အများတကာနည်းတူ ကျူရှင်မယူနိုင်သော တင်လတ်အတွက် ရေကုန်ရေခန်းပင် စာကျက်၍ နေရလေသည်။

ထို့ပြင် သူ့အနေနှင့် မိမိအပေါ် စိုးပိုးလွှမ်းသော ထက်ပိုင်ကို အခဲမကြေနိုင်အောင် ဖြစ်နေမိသည့် အလျောက် စိတ်ထဲမှ ထက်ပိုင် မျက်နှာကို မြင်ယောင်မိတိုင်း မခံချင်စိတ်တို့ တရွရွ တက်လာကာ ထက်ပိုင်ထက် အပြတ်အသတ်သာစေရမည်ဟူသော စိတ်မျိုးဖြင့် စာကို ဖိ၍သာ ကျက်နေမိလေသည်။

တစ်နေ့ နေ့လယ်ခင်း စာကျက်နေစဉ် အပြင်ဘက်မှ ဆူဆူညံညံ အသံများကို တင်လတ် ကြားရလေသည်။

"အရီးလေး တင်လတ် ဘယ်သွားလဲ၊ ဒီမှာ မနေ့က အဖေတို့ တောက ပို့လိုက်တဲ့ ဆတ်သားခြောက်ကလေး ချက်ပြီး ကျွန်မ လာပို့တာ"

"အေး အေး သမီးရေ ဒီမှာ အရီးလေး အဝတ်လှန်းနေရလို့ လက်မအားဘူး၊ အပေါ်မှာ သားရှိတယ်လေ၊ သမီး သွားပြီး ပန်းကန်လှယ်လိုက်ပါလား"

"ဟုတ်ကဲ့ အရီးလေး"

လှေကားပေါ် နင်းတက်လာသည့် ခင်မြင့်ညို၏ ခြေသံများကို ကြားရလေသည်။ မကြာမီ နှစ်ဦးသား မျက်နှာချင်းဆိုင်မိသွားလေသည်။ ခင်မြင့်ညိုက ခပ်တိုးတိုးပြောသည်။

"စာကျက်နေရလို့ ပင်ပန်းနေပြီလား ကိုယ်တော်ကြီး၊ ဒီမှာ နင်စားဖို့ ဆတ်သားခြောက်ဟင်း လာပို့ပေးတာ၊ အတက်ထိန်းဖို့ ကင်ပွန်းချဉ်လေး နည်းနည်းရောပြီး ချက်ထားတယ်၊ ငါကိုယ်တိုင် ချက်ထားတာ၊ မကောင်းရင် ခွင့်လွှတ်နော် တင်လတ်"

"အင်းပါ ကောင်းမှာပါ၊ နင့်လက်ရာဆို ကောင်းပြီးသားပါ"

နှစ်ဦးသားအကြည့်ချင်း ဆုံကြလေသည်။ ရွှန်းလဲ့ တောက်ပသော မျက်လုံးများဖြင့် တစ်ဦးနှင့် တစ်ဦး အတန်ကြာအောင် မလွှဲမဖယ် စိုက်ကြည့်နေမိကြသည်။

ပြီးလျှင် ပန်းကန်ကို လှမ်းယူထားသော တင်လတ်၏ လက်က ခင်မြင့်ညို၏ လက်ကို အပေါ်အုပ်လျက် ဆုပ်ကိုင်မိလျက်သား ဖြစ်၍ နေလေသည်။ ပူနွေးသော အထိအတွေ့မှ တစ်ဆင့် နှစ်ဦးသားတို့မှာ ဓာတ်လိုက်သကဲ့သို့ ရှိန်းရှိန်းမြမြ ဖြစ်သွားခဲ့ကြလေသည်။

"ကဲ လွှတ်ပါကွယ်၊ တော်ပါတော့၊ တော်ကြာ အရီးလေး မြင်သွားပါဦးမယ်"

ခင်မြင့်ညိုက လက်ကို ရုန်းဖယ်ခြင်းမပြုဘဲ တောင်းပန်စကားပြောရှာလေသည်။ တင်လတ်က မချင့်မရဲ ဖြစ်နေသည်။ ပန်းကန်ကို လဲလှယ်ပေးလိုက်သည်။

ထိုအခါ ခင်မြင့်ညိုက သူ့အပါးမှ လှစ်ခနဲ ပြေးထွက်သွားခဲ့လေသည်။ တင်လတ် ဘာလိုလိုကြီး ဖြစ်လျက်ကျန်ရစ်ခဲ့သည်။ သူ့တစ်ကိုယ်လုံးလည်း လေထဲ မြောက်တက်နေသလို ခံစားနေရလေသည်။

ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်လေပြီ။

ထိုနေ့က တင်လတ်တို့ တစ်အိမ်လုံး ပွက်လောရိုက်၍ နေလေသည်။ သူတို့ ဆွေမျိုးသားချင်းများသာမက အိမ်နီးချင်းများ၊ ကျောင်းနေဖက် သူငယ်ချင်းများပါ ရောက်ရှိလာကြပြီး တစ်အိမ်လုံး တအုန်းအုန်း တရုန်းရုန်းနှင့် ဖြစ်လျက်ရှိလေသည်။

တင်လတ်ကား ကျူရှင်မယူပါဘဲ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေပြီ။ တစ်မြို့နယ်လုံးတွင်သာမက ပြည်နယ်တစ်ခုလုံးတွင်ပါ ပထမစွဲပြီး အောင်မြင်ခဲ့ခြင်းလည်း ဖြစ်လေသည်။

ထို့ကြောင့် ဧည့်သည်များက အိမ်သို့ လာရောက်ကာ ဂုဏ်ပြုချီးမွမ်းနေကြခြင်း ဖြစ်လေသည်။

တစ်နေ့လုံး ဝင်လာမစဲ တသဲသဲ ဖြစ်နေသော ဧည့်သည်များကို ဧည့်ခံရင်း တင်လတ်တစ်ယောက် မမောနိုင် မပန်းနိုင်ပါပေ။ ထို့အတူ မိဘများ ဖြစ်ကြသော ဦးစံရှိန် ဒေါ်ကျင်အေးတို့ သည်လည်း အထူးပင် မျက်နှာပွင့်လင်းလျက်ရှိလေသည်။

တစ်ဦးတည်းသော သားလေး၏ ဂုဏ်ရောင်ဟပ်လျက် အတင့်တယ်ကြီး တင့်တယ်နေကြလေသည်။ သားဖြစ်သူအပေါ် ချီးကျူးပြောဆိုကြသော စကားများကိုလည်း နားဝင်ချို၍ မဆုံးနိုင်အောင် ဖြစ်နေကြရလေသည်။

ညနေစောင်း အချိန်လောက်ရောက်မှ အိမ်၌ လူစဲသွားလေသည်။ ထိုအခါကျမှ တစ်ဦးတည်းရောက်ရှိလာသူမှာကား ခင်မြင့်ညိုပါတည်း။

ခင်မြင့်ညို၏ နှုတ်ခမ်းအစုံ၌ အပြုံးလေးတစ်ခုကို ဆောင်ထားလေသော်ငြား မျက်ဝန်းအစုံ၌မူ မျက်ရည်စကလေးများက ခိုတွဲလျက် ရှိနေလေသည်။

သည်တော့မှ ခင်မြင့်ညို စာမေးပွဲ ကျရှုံးရသည့်အဖြစ်ကို တင်လတ်က သတိရမိတော့သည်။

"နင့်အတွက် ငါစိတ်မကောင်းပါဘူး ခင်မြင့်ညိုရယ်၊ နင် အားမလျှော့နဲ့နော်၊ နောက်နှစ် ဆက်ဖြေပေါ့"

"ငါ အားမရှိပါဘူး တင်လတ်ရယ်၊ တော်ပါပြီ၊ ဘာပဲပြောပြော နင့်ဘဝ အခြေမြင့်တော့မှာမို့ ငါ့ကို မေ့သွားတော့မှာပေါ့နော်"

"ဘာလို့ မေ့ရမှာလဲ ခင်မြင့်ညိုရယ်၊ နင့်စေတနာ နင့်မေတ္တာတွေကို ငါ ဘယ်တော့မှ မမေ့ဘူး၊ ငါ ကတိပေးတယ်၊ ကျေနပ်နော် ခင်မြင့်ညို"

အားငယ်ရရှာလေသူ ခင်မြင့်ညိုအား တင်လတ်က အတန်တန် ကတိများပေး၍ နေလေသည်။

သို့သော် တင်လတ်၏ ကတိတို့မှာ နှစ်ဆယ့်လေးနာရီမျှပင် မခံလိုက်ပါပေ။ နောက်တစ်နေ့သို့ ကူးသည်နှင့်ပင် ထိုကတိစကားတို့က လေထဲတွင် ဆောက်သည့်တိုက်အိမ်သဖွယ် တစ်စစီ ပြိုကွဲလွင့်ပြယ်သွားခဲ့ရလေပြီ။ ပုထုဇဉ်တို့၏ သဘာဝအတိုင်း အပြောင်းအလဲ မြန်ဆန်လှချေသည်တကား။

ထိုနေ့ နေ့လယ်ပိုင်းတွင် ဒေါ်စောမြတ်နွယ်တို့ အိမ်မှ ပြန်လာသော မိခင် ဖခင်တို့ထံမှ ထူးဆန်းသော စကားတို့ကို တင်လတ်တစ်ယောက် မမျှော်လင့်ဘဲ ကြားလိုက်ရလေ၏။

"ကိုင်း ငါ့သား အဖေတို့တော့ အရေးကြီးတဲ့ စကားကို ပြောရတော့မှာပဲ၊ လိုရင်းကို ပြောရရင် သား ဆေးကျောင်းတက်ဖို့အတွက် မမလေးတို့က အစစအရာရာ တာဝန်ယူပေးလိမ့်မယ်၊ ဒီအတွက် သားက ဆေးကျောင်းကဆင်းတာနဲ့ ထက်ပိုင်ရဲ့အစ်မ မေရီတင့်ကို လက်ထပ်ပါ့မယ်လို့ ကတိပေးရလိမ့်မယ်ကွယ့်"

"ဗျာ"

"မဗျာနဲ့သား၊ အမေတို့ အင်အားနဲ့သာဆို သားကို ဆေးကျောင်းထားဖို့ ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်ဘူး၊ ခု မမလေးက အမေတို့ကိုခေါ်ပြီး တိုင်ပင်တာနဲ့ အမေတို့လဲ ခေါင်းညိတ်ခဲ့တယ်၊ သားက မပယ်လှန်ဘူး မဟုတ်လား"

"မေရီတင့်နဲ့ တဲ့လား၊ ဖြစ်ပ့ါမလား အမေရယ်"

"ဘာလို့ မဖြစ်ရမှာလဲကွယ်၊ သားထက် အသက်နှစ်နှစ်လောက်ကြီးတာလေး တစ်ခုပဲရှိတယ်၊ ရုပ်ရည်ကလဲ သင့်ပြီးသားပါ၊ ဒီတော့ ငါ့သားက ပညာ၊ မေရီတင့်က ဥစ္စာနဲ့ မျိုးရိုး၊ နှစ်ခု ပေါင်းလိုက်တော့ ဘာပြောစရာလိုသေးသလဲ၊ ပိုပြီး တင့်တယ်မသွားဘူးလား၊ နောက်တစ်ခုက တစ်သက်လုံး အောက်ကျနောက်ကျနေခဲ့ရတဲ့ အမေတို့ အဖေတို့ အပေါ်ကိုလဲ ငါ့သားက ကယ်တင်ပေးပြီးသား ဂုဏ်မြှင့်ပေးပြီးသား ဖြစ်မနေဘူးလား"

"မှန်တယ် လူလေး၊ အဖေတို့အပေါ်မှာ မမလေးတို့က တစ်လျှောက်လုံး ကျေးဇူးတွေရှိခဲ့တာ၊ အခုလဲ သူက စေတနာနဲ့ အားလုံးကောင်းအောင် အကွက်ချ စီစဉ်ပေးလိုက်တာပဲ၊ သူ့ဆန္ဒကို လိုက်လျောသင့်တယ်ကွယ့်၊ ဟုတ်ရဲ့လား လူလေး"

အဖေတစ်လှည့် အမေတစ်လှည့် ပြောနေကြသော စကားများအကြား၌ တင်လတ်တစ်ယောက် ဘေးကျပ်နံကျပ်ဖြစ်၍ နေရလေပြီ။

ဦးစွာ သူ့မျက်လုံးထဲ၌ ခင်မြင့်ညို၏ ညိုစိမ့်စိမ့်မျက်နှာလေးက အသနားခံနေဘိသို့ တရစ်ဝဲဝဲ ပေါ်လာနေလေသည်။

သူ့အပေါ် အမြဲတစေ အနွံအတာခံ၊ အနစ်နာခံတတ်ရှာလေသော ခင်မြင့်ညိုလေးကို လက်လွှတ်လိုက်ရန်မှာ သူ့အတွက် အလွန်ဝန်လေးစရာ ဖြစ်၍ နေလေသည်။

တစ်ဖန် မေရီတင့်၏ ရုပ်သွင်ကိုလည်း ကွက်ကွက်ကွင်းကွင်း ပြေးမြင်လိုက်မိပြန်သည်။ ယခင် သူတို့အိမ်သို့ မိဘများနှင့်အတူ အလုပ်သွားရသည့် အခါတိုင်း သူ့အပေါ် မတူသလိုလို မတန်သလိုလိုနှင့် ဟန်ကြီး ပန်ကြီး ဆက်ဆံတတ်ခဲ့လေသော မေရီတင့်။

ဘယ်အခါကြည့်လိုက် ကြည့်လိုက် ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်လျက် ကြော့ကြော့မော့မော့တွေ့ရတတ်သော မေရီတင့်။ အိမ်၌ ကြက်တောင်ရိုက်သောအလုပ်၊ ဒန်းစီးရင်း ဝတ္ထုစာအုပ်ဖတ်သောအလုပ်၊ ကာရာအိုကေ သီချင်းဆိုသောအလုပ်တို့ဖြင့်သာ အချိန်ကုန်တတ်လေသော မေရီတင့်။





www.burmeseclassic.com

www.burmeseclassic.com

ထိုမေရီတင့်ကား ယခုတော့ မိမိဘဝကို ပိုင်စိုးမည့်သူ ဖြစ်၍လာချေပြီ စကားဟု တင်လတ်က တွေးနေမိရင်းမှ တုန်လှုပ်ချောက်ချားနေမိလေသည်။

သို့သော် တစ်ဖက်က ကြည့်ပါကလည်း မိဘတို့၏ စကားက ကျိုးကြောင်းခိုင်လုံ၍ နေလေသည်။ ဘက်စုံထောင့်စုံ ညီညွတ်၍ နေလေသည်။

မိဘတို့၏ စကားကို လက်ခံလိုက်ပါက ရရှိလာမည့် ဆုလာဘ်က နည်းနည်းနောနောမဟုတ်။ ဘဝသမ္ပတ္တိ အလုံးစုံနှင့် ချက်ချင်းပြည့်စုံသွားပေလိမ့်မည်။

မိဘတို့၏ အစီအစဉ်ကို ပယ်လှန်ကာ ခင်မြင့်ညိုလေးကို ဦးစားပေးလိုက်ဖို့ဆိုသည်က လက်တွေ့အားဖြင့်တော့ သဘာဝကျလှသည် မဟုတ်။ မိမိ၏ လက်ရှိဘဝကပင် ရေရာသော ဘဝ၊ အခြေခိုင်သော ဘဝမျိုး မဟုတ်။

ထို အခြေအနေမျိုး၌ မိမိ၏ တိုးတက်လိုသော ရည်မှန်းချက်များကို မိုက်မဲစွာ လစ်လျူရှုလိုက်ဖို့ ဆိုသည်မှာလည်း လုံးဝဖြစ်နိုင်သော အရာမဟုတ်ပါ။

ထို့ကြောင့် နောက်ဆုံးတွင် သာရကိုသာ မက်မောတတ်သော လူစားတို့၏ ထုံးစံအတိုင်း နီးရာရွှေခွက်ကိုသာ နှိုက်လိုက်ပါတော့မည်ဟု တုံးတုံးချလျက် မိဘတို့ အစီအစဉ်အတိုင်း လိုက်နာရန် တင်လတ်က ကတိပေးလိုက်လေတော့သည်။

ခင်မြင့်ညိုကိုတော့ မဖြစ်မနေ မေ့ဖျောက်ပစ်ရပေလိမ့်မည် ဟုလည်း သူက အောက်မေ့လိုက်လေသည်။

အမှန်၌ကား ဒေါ်စောမြတ်နှယ်တို့လို လူကုံထံ အသိုင်းအဝိုင်းအနေဖြင့် မိမိတို့၏ သမီးကို မိမိတို့ ခိုင်းစေနေသော မိသားစုထဲမှ သားတစ်ဦးနှင့် နေရာချထားပေးဖို့ဆိုသည်မှာ ဖြစ်ခေါင့်ဖြစ်ခဲရှိလှပေသည်။

ဆယ်တန်းကို အကြိမ်ကြိမ်ကျပြီး ဆောင်းထွက်နေရသော သမီးဖြစ်သူ၏ ဘဝလမ်းကြောင်းလည်း ဖြောင့်ဖြူးစေ၊ တစ်ဖက်က လူရိုး စိတ်ဖြောင့် အလုပ်ကောင်း၊ စင်ငွေကောင်းမည့် သမက်ကိုလည်း ရစေဟူသော ရည်ရွယ်ချက်ဖြင့် နီးရာဖားကို အလွတ်မခံဘဲ အိတ်ထဲကောက်ထည့်လိုက်ခြင်းသာ ဖြစ်လေသည်။

တင်လတ်၏ မဟာပြိုင်ဘက်ကြီး ထက်ပိုင်မှာကား ထိပ်တန်းကျူရှင်ဆရာများ အားကိုးဖြင့် စာမေးပွဲ ဝင်ခဲ့သော်လည်း ဂုဏ်ထူး တစ်ဘာသာမျှ မပါဘဲ ရိုးရိုးအောင်ခြင်းဖြင့်သာ အောင်ခဲ့လေသည်။

သူ့ထက် အပြတ်အသတ် ကျော်တက်သွားသော တင်လတ်ကို ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဖြစ်ရသည့်ပြင် မကြာခင် ယောက်ဖတော်ရလေဦးမည်မို့ သူ၏ ထိုးစစ်ကို ရပ်စဲပြီး စစ်ပြေငြိမ်းလိုက်လေသည်။

မကြာမီပင် တင်လတ်နှင့် မေရီတင့်တို့၏ သတင်းက တစ်မြို့လုံးသို့ ဟိုးဟိုးကျော်၍ သွားလေသည်။

စာမေးပွဲ ကျရှုံးလေသူ ခင်မြင့်ညိုခမျာ အချစ်စာမေးပွဲပါ ထပ်မံကျရှုံးပြီး သကာလ တင်လတ်နှင့် ဝေးရာ သူ့ဇာတိတောရွာကလေးသို့ အပြီးတိုင် တိမ်းရှောင်သွားခဲ့ရှာလေသည်။

ဒေါက်တာတင်လတ်နှင့် မမေရီတင့်တို့၏ လက်ထပ်ပွဲက ကြီးကျယ်ခမ်းနားလှလေသည်။

နှစ်ဖက်မိဘများ၏ နေရာတွင် ဝင့်ထည်စွာ ထိုင်နေသော မိဘနှစ်ပါးကို ကြည့်ပြီး တင်လတ်က ပီတိဖြစ်၍ နေလေသည်။ ထို့အတူ သားမျက်နှာဖြင့် ဂုဏ်တက်နေသူ မိဘတို့ကလည်း အရတော်လှစွာသော သတို့သားနေရာမှ သားကိုကြည့်လျက် သာဓုခေါ်ပြီးရင်း ခေါ်နေမိကြလေသည်။

သူတို့နှစ်ဦး၏ မင်္ဂလာပွဲမှာ ထိုမြို့၏ အကြီးကျယ် အစည်ကားဆုံး မင်္ဂလာပွဲတစ်ပွဲအဖြစ် မှတ်တမ်းဝင်သွားခဲ့လေ၏။

လက်ထပ်ပွဲပြီးသည်နှင့် အိမ်ထောင်ရေး ခရီးက စလေပြီတည်း။ ထိုအခါ အဦးအစတိုင်း၌ အပြစ်မြင်ခဲသော လောကထုံးစံအတိုင်း သူတို့လင်မယား၏ အိမ်ထောင်ဦးက အရာရာ သာယာစိုပြည်၍ နေလေသည်။

ကြင်စဦးတို့၏ သဘာဝအတိုင်း မိုးမမြင် လေမမြင် အချစ်မွှန်၍ နေလေသည်။ တစ်နည်းအားဖြင့် ထိုမွှန်ထူနေသော အချစ်အရသာကပင် အရာရာကို ဖုံးအုပ်ထားခြင်း ဖြစ်လေ၏။

သူတို့၏ အိမ်ထောင့်အရသာမှာ မည်မျှပင် ကောင်းလှပါသည်ဟုဆိုစေဦး တစ်နှစ်ပျော်ချင် မိန်းမယူ ဟူသော စကားအတိုင်း တစ်နှစ်မျှ မပြည့်မီမှာပင် အရသာကုန်ခန်း၍ လာခဲ့လေတော့သည်။

ဤတွင် ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ရိုးအီလာသော ပထမအဆင့်မှသည် အချင်းချင်း အပြစ်မြင်လာတတ်သော ဒုတိယအဆင့်သို့ အလိုလို ကူးပြောင်းရောက်ရှိသွားတတ်ခြင်းမှာ အိမ်ထောင်ရေးလောက၏ မရိုးနိုင်သော နိယာမတရားပင် ဖြစ်လေရကား ယခု သူတို့ ဇနီးမောင်နှံ၏ အခြေအနေမှာလည်း ထိုဒုတိယအဆင့်သို့ ရောက်မှန်းမသိ ရောက်ရှိ၍ လာနေပြီ ဖြစ်လေတော့၏။

ဦးစွာ တင်လတ်က မေရီတင့်၏ အပြစ်တွေ ဗရပွကို ကွက်ကွက်ကွင်းကွင်း မြင်လာလေသည်။ အချစ်မွှန်နေစဉ်က ဖုံးကွယ်ထားခဲ့သမျှ ခုတော့ ဘူးပေါ်သလို ပေါ်လာခဲ့လေပြီ။

မေရီတင့်မှာ အထက်တစ်နေရာ၌ဆိုခဲ့သည့်အတိုင်း မိဘအိမ်မှာကတည်းက ပေါ်ကြော့နေလာခဲ့သူဖြစ်သည်။ ဝတ်မည်၊ စားမည်။ အလည်ထွက်မည်၊ ပွဲလမ်းသွားမည်။ အိမ်မှာ ပျင်းလျှင် ဝတ္ထုစာအုပ် ဖတ်မည်၊ ကာရာအိုကေဆိုမည်။ သူ့အလုပ်က ထိုမျှသာဖြစ်သည်။

www.burmeseclassic.com

မချက်တတ်၊ မပြုတ်တတ်၊ မဖွပ်တတ်၊ မလျှော်တတ်။ အိမ်မှုကိစ္စမှန်သမျှ ဘာတစ်ခုမျှ မလုပ်တတ်။ နားမလည်။ လုပ်တတ်အောင်၊နားလည်အောင်လည်း ကြိုးစားလိုစိတ် မရှိ။ သင်ယူလိုစိတ် မရှိ။

သူ့တွင် အိမ်ထောင်ရှင်ဘဝ၌ တိုးတက်မှုဟူ၍ ဘာတစ်ခုမျှ ပြစရာမရှိသလို မိဘအိမ်မှ ပါလာသော အကျင့်တွေကလည်း တစ်ခုမျှ လျော့ပါးသွားသည်မရှိပါပေ။

ကြာတော့လည်း တင်လတ်တစ်ယောက် စိတ်ပျက်လာသည်။ စိတ်ထွက်လာသည်။ မိန်းမတစ်ယောက်လုံးရှိနေပါလျက် အရာရာ သူများလက် သူများခြေ၊ အိမ်ဖော်အားကိုး ဖြစ်နေရသည်ကို အော့နှလုံးနာ၍လာသည်။

အပြန်အလှန်အားဖြင့် မေရီတင့်ကလည်း တင်လတ်အပေါ် တဖြည်းဖြည်း စိတ်ကုန်လာလေသည်။ ဆရာဝန်ဖြစ်ပါလျက် ရိုးရိုးကြီးသာ နေတတ်သူ တင်လတ်ကို သူ အားမရ။ အဝတ်၊ အစား၊ အနေ သုံးမျိုးလုံး၌ အထက်တန်းကျကျ စတိုင်မပါပါ မနေတတ်သူ တင်လတ်အပေါ် အထင်သေးစိတ် ဝင်လာသည်။

ပါတီတက်ဖို့ ခေါ်တော့လည်း မရ။ ဘီယာဝိုင်းဝင်ဖို့ ဆွယ်တော့လည်း မပါလေသူ တင်လတ်ကို ကြက်မှာအရိုးလူမှာ အမျိုးဆိုသကဲ့သို့ အောက်တန်းစားမျိုးရိုးမှလာပြီး အောက်တန်းစားဉာဉ်ဖျောက်၍ မရသူအဖြစ် နှာခေါင်းရှုံ့ချင်လာလေသည်။

ဤကဲ့သို့ အသွင်မတူသူနှင့် နေရာချပေးရပါမည်လား ဟူ၍လည်း မိဘများအပေါ်၌ သူကပင် ယိုးမယ်ဖွဲ့လျက်ရှိနေပြန်သေးလေသည်။

သို့နှင့်ပင် အချိန်ကြာလာသည်နှင့်အမျှ သူတို့ အိမ်ထောင်ရေးက ဆားမပါသော ဟင်းကဲ့သို့ အေးစက်စက် ဖြစ်သထက်ဖြစ်ကာ အနှစ်သာရ မဲ့သထက်မဲ့လာနေလေတော့သည်။

မိဘများ၏ ဆိုစကားအတိုင်း ပညာကို မျိုးရိုး၊ ဥစ္စာတို့နှင့် ပေါင်းစပ်လိုက်ပါက နေနှင့်လ၊ ရွှေနှင့် မြသဖွယ် တင့်တယ်သွားပေလိမ့်မည်ဟု အထင်ကြီးခဲ့သမျှ ယခုတော့ ပါစင်အောင် လွဲရပါလေတော့သည်။

လက်ငင်း၌ သူ့အတွက် ထိုမျိုးရိုးဥစ္စာဆိုတာကြီးက ဘာမျှ အဖိုးမတန်ရုံမက သူ့ကိုပင် အမြှုပ်ကပ်လျက် နှိပ်စက်၍ နေလေပြီ။

တင်လတ်တစ်ယောက် နောင်တရပြီးရင်း ရ၍နေလေသည်။ သူ့အဖြစ်က ဘဝချင်းအလဲအထပ်ပြုရာ၌ မှားယွင်းခဲ့ရုံမျှမက အချစ်ကိုပင် အတုနှင့်အစစ် မှားယွင်း လဲလှယ်ခဲ့မိသဖြင့် ယူကျုံးမရအဖြစ်ကြီးဖြစ်လျက် နေလေသည်။

ယခုတော့ သူ့မှာ မေရီတင့်၏ အသုံးမကျပုံကို တွေ့ရလေ ခင်မြင့်ညိုလေး၏ မိန်းကလေးပီသပုံ၊ ချစ်စရာကောင်းပုံလေးများကို တစိမ့်စိမ့်တွေးမိလေပင် ဖြစ်လေသည်။

ထိုသို့တွေးမိရာမှ သူ သစ်စိမ်းချိုးချိုးခဲ့သမျှ ခင်မြင့်ညိုလေး အတော်ဗင် ခံစားသွားရရှာမည့်အဖြစ်ကို သနားစိတ်ဝင်မိလျက် အထူးပင် သတိရတမ်းတ၍ နေမိလေသည်။

သူတို့၏ အိမ်ထောင်ရေးမှာမူ တစ်နေ့ပြီးတစ်နေ့ အဆိုးဘက်သို့သာ ရောက်၍ ရောက်၍နေလေပြီ။ တစ်ဦးကတင်းသော်လည်း တစ်ဦးက လျှော့ပေးရကောင်းမှန်းမသိ။

သည်းခံ ခွင့်လွှတ်ခြင်း ဟူ၍လည်း အလျှင်းမရှိ။

နဂိုက မေတ္တာအခြေခံကင်းမဲ့ခဲ့ရသည့်ပြင် အတွေးအခေါ် ဗဟုသုတနည်းပါးကြသော လူငယ်များပီပီ အသီးသီးမာန်ထောင်၍သာ နေကြလေသည်။

ပထမအကြိမ် သူတို့လင်မယားကွဲမည်ကွာမည်ဖြစ်ကြသောအခါ နှစ်ဘက်မိဘများက အပြင်းအထန် ကန့်ကွက်တားဆီးကြသည်။ သူ့ဘက်ကိုယ့်ဘက် ကျိတ်၍ ဖာထေးကြကာ ပြန်စေ့စပ်ပေးကြသည်။

သို့သော် သူတို့ မကွဲဖြစ်လိုက်သည်ကလွဲပြီး အခြေအနေကမူ ပို၍တိုးတက်မလာပါပေ။ စက္ကူနှစ်ရွက်ကို တံတွေးဆွတ်ပြီး ကပ်သကဲ့သို့ အစေးမကပ်နိုင်ဘဲ အေးစက်စက် ဖြစ်မြဲဖြစ်လျက် ရှိလေသည်။

တင်လတ်အဖို့ကား စိတ်ဆင်းရဲ၍သာ နေရလေသည်။ သူ့အဖို့ မေရီတင့်ဆိုသည်မှာ ကျောက်ချဉ်ကို ငုံထားရသကဲ့သို့ ကြာလေ ချဉ်လေပင်ဖြစ်နေရသည်။

ဆန့်ကျင်ဘက်ဖြစ်သော ခင်မြင့်ညိုလေး၏ သူ့အပေါ် မေတ္တာ စေတနာရှိပုံတို့ကို တွေးမိလျှင်မူ စပျစ်သီးလေးကို ဝါးရဘိသို့ ကြာလေချိုလေ ဖြစ်ရကာ အခါမလပ် သူလေးကိုသာ သတိရနေမိလေသည်။

နောက်ဆုံးတွင် သူတို့နှစ်ဦးက နှစ်ဖက်မိဘများမသိအောင် တားချိန်မရအောင် တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြလေသည်။ သတင်းစာမှလည်း တရားဝင်ကြေညာလိုက်ကြလေသည်။

ဤတွင် ရှုံ့ချည် မဲ့ချည်ဖြင့် ခမ်းနှင်လာခဲ့လေသော သူတို့ အိမ်ထောင်ရေးမှာ ရပ်တန့်ပြီးဆုံးခြင်းသို့ ရောက်သွားလေတော့သည်။

မေရီတင့်အဖို့တော့ မည်သို့ရှိလေသည်မသိပါ။ တင်လတ်အတွက်ကား အကျဉ်းသားတစ်ယောက် ထောင်မှလွတ်မြောက်ရသကဲ့သို့ စာချုပ်မိနေသော အစေခံတစ်ဦး လွတ်လွတ်လပ်လပ် ဖြစ်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

ကြာရှည်ကြာမော လွယ်ပိုးထားရသော ဝန်ထုပ်ကြီးကို အပြီးတိုင် ပစ်လိုက်ပြီး ဖြစ်သဖြင့် သူ့တစ်ကိုယ်လုံး ရုတ်ခြည်းပင် လန်းဆန်းပေါ့ပါးသွားပြီ



www.burmeseclassic.com

www.burmeseclassic.com

နောက် စိတ်ပျော်ရွှင်မှုကိုလည်း တစ်ဖန် ပြည်လည်၍ ရရှိလာခဲ့ရလေသည်။

သည်နောက်တွင်တော့ တင်လတ်အတွက် ပထမဆုံးနှင့် အမြန်ဆုံး ပြုလုပ်ရမည့် အလုပ်မှာ တစ်ခုတည်း သာရှိသည့်အကြောင်းကို အထူးဆိုဖွယ် မလိုတော့ပါပေ။

ထိုအလုပ်မှာ တိမ်းရှောင်သူ ခင်မြင့်ညိုလေးကို အစနေးနှင့် အမြန် ရှာဖွေတွေ့ရှိဖို့ပင် မဟုတ်ပါလော။

တစ်နေ့သ၌ ဒေါက်တာတင်လတ် တစ်ယောက် အထုပ်အပိုးများပြင်ဆင်ကာ အိမ်တံခါးများကိုပိတ်၍ ခရီး ထွက်ရန် ပြင်ဆင်လျက် ရှိလေသည်။

သူ၏ အသွင်အပြင်မှာလည်း လေကလေးတချွန်ချွန်နှင့် ဖျတ်လတ် တက်ကြွလျက်ရှိသည်ကို တွေ့ရလေသည်။

ထိုအခိုက်မှာပင် အိမ်ပေါက်ဝသို့ စာပို့လုလင်တစ်ယောက်က ရောက်ရှိ လာပြီးလျှင် . . .

“ဆရာဦးတင်လတ် စာခင်ဗျာ စာ”

စာအိတ်ကို လှမ်းယူလိုက်သည်။ ထို့နောက် စာပို့လုလင်က ထွက်ခွာ သွားလေသည်။

တင်လတ်က ကုလားထိုင်တွင် ထိုင်ကာ စာအိတ်ကိုဖွင့်၍ ကြည့်လိုက် လေသည်။

ထိုအခါ အထဲတွင် စာမဟုတ်ဘဲ ဖိတ်စာတစ်စောင်သာ ဖြစ်နေသည်ကို တွေ့ရလေသည်။ တင်လတ်က မျက်မှောင်ကြုတ်လျက် မည်သူ့ထံမှ ဖြစ်လေသနည်းဟူ၍ ဖိတ်စာကလေးကို အသာ ဖွင့်၍ ဖတ်ကြည့်လိုက်မိလေသည်။

ဤတွင် တင်လတ်တစ်ယောက် မိုးကြိုးကြီး ပစ်ချခံလိုက်ရသကဲ့သို့ သူ့ ခေါင်းတစ်ခုလုံး မီးပွင့်၍သွားလေတော့သည်။

“အမယ်လေးဗျာ ရက်စက်လိုက်တာ အညိုရယ်”

ဟုလည်း နှုတ်မှ ညည်းတွား၍ နေလေသည်။

ထို့နောက် ခင်မြင့်ညို၏ လက်ထပ်မင်္ဂလာဖိတ်စာကို ကြည့်နေသော သူ့မျက်ဝန်း၌ မျက်ရည်များက ဖြိုင်ဖြိုင် ကျ၍ လာခဲ့လေသည်။ ရင်ဝ၌ အလုံးကြီးများက တစ်လုံးပြီးတစ်လုံးဆို့တက်၍ လာလေသည်။

သည့်နောက်တွင် ကုလားထိုင် ကျောမှီ၌ ပစ်၍ထိုင်ချလိုက်ကာ ဖိတ်စာလေးကို ရင်မှာ အပ်လျက် ကံတရားက သူ့အပေါ် စီရင်ပုံ ဆိုးလှသည်ကို တစိမ့်စိမ့်တွေးပြီး စိတ်အထိခိုက်ကြီး ထိခိုက်၍ နေလေသတည်း။

ဒေါက်တာတင်လတ် တစ်ယောက် နယ်စပ်ဒေသမှ ဤမြို့ကလေးသို့ မြို့နယ်ဆရာဝန်အဖြစ် ပြောင်းရွှေ့ ရောက်ရှိလာသည်မှာ နှစ်နှစ်တိုင်တိုင် ရှိခဲ့လေပြီ။

ဤမြို့ကလေးမှာ တောမြို့ကလေး တစ်မြို့ဖြစ်သည်နှင့် အညီ တွေ့ကြုံဆက်ဆံရသော ဒေသခံများက ရိုးသားပွင့်လင်းကြလေသည်။

သူ့အပေါ်ကိုလည်း ဟန်ဆောင်မှုကင်းစွာဖြင့် ချစ်ခင်လေးစားခြင်းရှိကြလေသည်။ ထို့ပြင် ဤဒေသကလေးမှာ ပတ်ဝန်းကျင် အနေအထားအရလည်း လူနေကျဲပြီး မြင်ကွင်းကျယ်သည့် ဒေသဖြစ်သည့်အလျောက် သဘာဝ တောတောင် ရှုခင်းတို့ကို အလွယ်တကူ ပေါပေါများများ ထိတွေ့ခံစားနိုင်သည့် ဒေသကလေး ဖြစ်၍နေလေသည်။

မြို့နယ်ဆေးရုံကို တောင်စောင်း တစ်ခုပေါ်၌ ထင်းရှူးပင်များ၊ ယူကလစ်ပင်များ အကြားတွင် တည်ဆောက်၍ ထားလေသည်။

ဆရာဝန်အတွက် နေအိမ်ကိုမူ ဆေးရုံနှင့် ခပ်လှမ်းလှမ်းတွင် ပန်းခြံကလေးတစ်ခုနှင့်အတူ သပ်ရပ်စွာ ဆောက်လုပ်ထားလေသည်။

ထိုအိမ်မှနေ၍ ငြိမ်သက်အေးချမ်းသော မြို့ကလေးအား အပေါ်မှ စီးမိုး၍ မြင်နေရလေသည်။ တစ်ဖက်တွင်မူ စိမ်းလန်းသော တောအုပ်ကလေးက ကပ်လျက်တည်ရှိနေပြန်ရာ သန့်ရှင်း လတ်ဆတ်သော လေကောင်း လေသန့်တို့ကို တိုက်ရိုက် ရှူရှိုက်ခွင့်ရ၍နေလေသည်။

ဆိုရသော် စိတ်ဒုက္ခ အသွယ်သွယ်ကြောင့် အတိတ်ကိုခြေရာဖျောက် လာခဲ့သူ တင်လတ်အတွက် ဤဒေသကလေးတွင်ငြိမ်းချမ်းမှုရသင့်သလောက် ရ၍နေလေပြီ။

အချိန်တည်းဟူသော သမားတော်၏ ကုစားမှုကြောင့် စိတ်အနာနှင့် နှလုံးသားဒဏ်ရာတို့မှာလည်း ကျက်သင့်သလောက် ကျက်လာခဲ့ပြီဟု ဆိုရမည်ပင် ဖြစ်ပါတော့သည်။

ယနေ့ ရုံးပိတ်ရက် ဖြစ်လေသည်။ တင်လတ်က အိမ်ရှေ့ဝရန်တာတွင် စာအုပ်တစ်အုပ်ကို ဖတ်လျက် အနားယူနေလေသည်။ အချိန်မှာ နံနက် ၉ နာရီခန့်ပင် ရှိဦးမည်။

ထိုအချိန်တွင် ဆေးရုံဝန်ထမ်း တစ်ယောက်က အပြေးအလွှားရောက် ရှိလာပြီးလျှင်. . .

“ဆရာ ဆရာ၊ တပ်က ကား တစ်စီး အင်းဘွတ်ရှိမ်လာလို့တဲ့၊ အရေးပေါ် ပေးရှင့်တွေရောက်နေတယ် ဆရာ”

အရေးပေါ် ဆိုသည်နှင့် ရုံးအားရက်ကို မေ့သွားခဲ့လေသည်။ ထိုင်ရာမှ ချက်ချင်းထကာ ဆေးရုံသို့ အလျင်အမြန် လိုက်ပါလာခဲ့သည်။

ဆေးရုံရောက်သော် လူများရှုပ်ယှက်ခတ်လျက်ရှိသည်ကို တွေ့ရလေသည်။ လူနာများကိုလည်း ခုတင်များပေါ်တွင် တွေ့ရသည်။ စုစုပေါင်း လေးယောက် ဖြစ်သည်။

ထိုအထဲတွင် သုံးယောက်က ဒဏ်ရာ အသင့်အတင့်မျှသာဖြစ်ပြီး ကျန်တစ်ယောက်ကမူ အတော်ပင် အသည်းအသန်ဖြစ်လျက်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသော ဒဏ်ရာများရရှိထားကာ သတိလစ်၍လည်း နေလေသည်။

ထိုလူနာမှာ အလွန်အရေးကြီးနေပြီဖြစ်သဖြင့် ဒေါက်တာတင်လတ်က ချက်ချင်းပင် စ၍ကိုင်လေသည်။ ကျန်လူနာများအတွက်ကိုမူ မည်သို့ပြုစုလုပ်ဆောင်ရမည်ကို နှုတ်မှ ညွှန်ကြားကာ အခြားဝန်ထမ်းများသို့ လွှဲပေးလိုက်လေသည်။

"ဒီလူနာအတွက် အရေးပေါ် အိုသွေးလိုနေတယ်၊ ဆရာမရေ မြန်မြန်ရှာပါဦး"

နီးရာဆရာမတစ်ဦးကို အမြန်မှာကြားလိုက်လေသည်။ ထိုလူနာမှာ ဒဏ်ရာတွေက များပြားလှသည်။

အထူးသဖြင့် ညာဘက်ပခုံးအောက်မှ ကျည်စကြီးတစ်စ ဖောက်ဝင်သွားသော ဒဏ်ရာကသွေးထွက်အလွန်များစေခဲ့လေပြီ။

သူ၏ သွေးဖိအားမှာလည်း များစွာထိုးကျနေတာ စိုးရိမ်ဖွယ် ဖြစ်၍နေလေပြီ။ လိုအပ်သောသွေး သွင်းမပေးနိုင်ပါက အသက်ရှင်ဖွယ် မမြင်နိုင်တော့ပြီ။ ထိုလူနာအတွက် လိုအပ်သည်များကို အမြန်ဆုံးလုပ်ကိုင်ပေးပြီးနောက် ဒေါက်တာတင်လတ်က ခွဲစိတ်ခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

လိုအပ်သော သွေး ရ မရ မေးမြန်းရန် ဖြစ်လေသည်။

ဤတွင် အပေါက်ဝ၌ လူနာရှင်ဖြစ်ဟန်တူသော အမျိုးသမီး နှစ်ဦး သုံးဦးခန့်ကို တွေ့လိုက်ရလေသည်။

"ဆရာ . . . လူနာအခြေအနေ ဘယ်လိုနေသေးလဲဟင်"

အမျိုးသမီးတစ်ဦးက မေးလာလေသည်။ တင်လတ်က မေးလာသူ အမျိုးသမီးကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။

ဤတွင် နှစ်ဦးသား မျက်နှာချင်းဆိုင်မိကြရာမှ တင်လတ် သာမက ထိုအမျိုးသမီးကပါ အံ့အားကြီးသင့်လျက် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

"အညို့ အညို့ ဟုတ်ပါတယ်နော်"

"ဟုတ် ဟုတ်ပါတယ်၊ ဒီက ကိုတင်လတ်"

တင်လတ်က လျှင်မြန်စွာ ခေါင်းညိတ်ပြလိုက်သည်။

မမျှော်လင့်ဘဲ ခင်မြင့်ညိုကို ပြန်တွေ့လိုက်ရသည်မို့ ဝမ်းသာစိတ်က လှိုက်ခနဲ တက်လာသည်။

ခင်မြင့်ညို၏ မျက်ဝန်းအစုံကလည်း လက်ခနဲတောက်ပသွားပြီး မျက်နှာပေါ်၌ အပြုံးရိပ်ကလေးတစ်ခု ထင်ပေါ်လာလေသည်။

တင်လတ်က ခင်မြင့်ညိုကို သတိလက်လွတ် ငေးစိုက်ကြည့်နေမိသည်။ သူမ၏ သွင်ပြင်က မျက်နှာလေး နည်းနည်းချောင်သွားသည်က လွဲ၍ ဟိုတုန်းကလိုပင် ကျက်သရေရှိဆဲပါတည်း။

ထို့နောက်မှ စောစောက ခင်မြင့်ညို၏ မေးခွန်းကို ပြန်သတိရလိုက်မိသည်။

"ဒါနဲ့ အညို၊ ဒီလူနာက. . ."

"အဲဒါ ကျွန်မ ခင်ပွန်းပါ ကိုတင်လတ်"

"ဪ"

တင်လတ် ထိုမျှသာ ဆိုနိုင်တော့သည်။ ရင်ထဲ၌လည်း ဟာလာဟင်းလင်း ဖြစ်သွားရသည်။ စောစောက ဝမ်းသာစိတ်ကလေးများ ကြက်ပျောက်ငှက်ပျောက်ပင် ဖြစ်၍သွားလေသည်။

"ဒုက္ခပဲဆရာ၊ သွေးက ဘယ်မှ ရှာလို့ မရသေးဘူး"

သွေးရှာခိုင်းလိုက်သော ဆရာမလေးက သတင်းလာပို့နေလေသည်။ ခုမှ ကောင်းကောင်းကြီး အခက်တွေ့ကြရလေပြီ။

အရေးထဲ သွေးက ရှာလို့မရဘဲ ဖြစ်နေသည်။ သွေးမရက ထိုလူနာမှာ နာရီ အနည်းငယ်အတွင်း အသက်ဆုံးရှုံးရရှာပေတော့မည်။

"ပြဿနာပဲဗျာ၊ သွေးမရလို့က မဖြစ်ဘူး ဆရာမ"

တင်လတ်က ညည်းညူလိုက်သည်။ ထို့နောက် သူ ခင်မြင့်ညိုမျက်နှာကိုလည်း တစ်ချက်လှမ်းကြည့်လိုက်မိသည်။ အဓိပ္ပာယ် ဖော်ရခက်သော ခင်မြင့်ညိုမျက်လုံးများက ရီဝေငေးမောလျက်ရှိလေသည်။

တင်လတ် တွေခနဲ ဖြစ်သွားသည်။ တစ်စုံတစ်ရာကိုလည်း အလေးအနက်စဉ်းစားနေမိသည်။ ထို့နောက်တွင် အံကို တစ်ချက်ကြိတ်လိုက်တာဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်လေတော့သည်။

"ကိုင်း. . . ဆရာမ၊ ဘယ်ကမှ မရနိုင်ရင် ကျွန်တော့်ဆီကသာ ဖောက်ပေတော့ဗျာ၊ ကျွန်တော့်သွေးနဲ့ အတူတူပဲ"

မကြာမီပင် တင်လတ်ထံမှသွေးကို ဖောက်ယူပြီးစီးသွားလေသည်။ ချက်ချင်းပင် အရေးပေါ်လူနာအား သွေးဆက်ပေးလိုက်ရာ အခြေအနေမှာ သိသိသာသာ ပြောင်းလဲလာလေသည်။ အကောင်းဘက်သို့ တဖြည်းဖြည်း ပြန်ရောက်လာသည်။

စိတ်ချရသော အနေအထားသို့ ရောက်ပြီဆိုမှ အရေးပေါ်အခန်းထဲမှ တင်လတ် ပြန်ထွက်လာခဲ့သည်။ သူ ထွက်လာသည်ကို တွေ့သည်နှင့် ခင်မြင့်ညိုက ထိုင်ရာမှ အသာထရပ်လိုက်သည်။

တင်လတ်ကလည်း ခင်မြင့်ညိုနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်လေသည်။ ခင်မြင့်ညိုက တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိတော့ဘဲ တင်လတ် မျက်နှာကိုသာ ငေးမော ကြည့်နေလေသည်။ တင်လတ်ကလည်း ခင်မြင့်ညိုအား စိုက်ကြည့်နေလိုက်မိသည်။

ထို့နောက် သူ တစ်စုံတစ်ခု ပြောရန် အားယူလိုက်မိသေးသော်လည်း စကားလုံးများက နှုတ်မှ ထွက်မလာနိုင်တော့ပါပေ။





www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်ညိုရှေ့မှ ချာခနဲ လှည့်ကာ ထွက်ခွာလာခဲ့တော့သည်။ ဝန်ထမ်းများအား လိုအပ်သည်တို့ကို မှာကြားခဲ့ပြီးနောက် ဆေးရုံမှ မိမိနေအိမ်သို့ တစ်ကိုယ်တည်းပင် ပြန်လည်ထွက်ခွာလာခဲ့သည်။

တောအုပ်ကလေးကြားမှ မြေနီလမ်းကလေးက လူသူရှင်းလင်းလျက်ရှိသည်။ ရှေ့တူရူမှ ဆော့ပြေးကစားလာသော လေပြည်တစ်သုတ်က သူ့အား တိုးဝှေ့ပွတ်တိုက်၍ နှုတ်ဆက်သွားကြလေသည်။

ထိုခဏ၌ သူ့ခြေလှမ်းများက တိတ်ဆိတ်စွာ လျှောက်လှမ်းနေကြလင့်ကစား စိတ်တွင်းမှမူ စကားလုံးများကို တသီတသန်းကြီး ပြောဆို ရေရွတ်မိလျက်သား ဖြစ်၍နေလေသည်။

စင်စစ် ထိုစကားတို့မှာ ခင်မြင့်ညိုအား မပြောဖြစ်ခဲ့လေသော စကားစုများပင် ဖြစ်လေသည်။ တစ်နည်းအားဖြင့် ဆိုပါကလည်း ထိုစကားစုများမှာ အနက်ရှိုင်းဆုံးသော သူ့နှလုံးသားထဲမှ နင့်နင့်နဲနဲ ထွက်ပေါ်လာသည့် ဖွင့်ဟချက်များဟုပင် ဆိုရပါလေတော့မည်။ ၎င်းတို့ကို အကွရာတင်ကာ ထပ်မံ၍ ဖော်ပြရဦးမည်ဆိုပါက. . .

"အညိုရယ် မင်းဟာ တစ်ချိန်တုန်းက ကိုယ့်အပေါ် မင်းရဲ့ မေတ္တာစေတနာတွေကို ဖော်ပြခဲ့ဖူးတယ်နော်၊ ဒါတွေကို သိပါရက်နဲ့ မေတ္တာလမ်းမှားလိုက်ခဲ့သူက ကိုယ်ပေါ့ပဲကွယ် ကိုယ်တကယ်ချစ်တာဟာ မင်းပါလို့ သိရတဲ့အချိန်မှာ ကိုယ်နဲ့ မင်းနဲ့က အဝေးကြီးဝေးခဲ့ကြရပြီပေါ့၊ ဒီလို ဝေးခဲ့ကြရလို့လဲ မင်းအပေါ် ကိုယ့်ရဲ့ မေတ္တာစေတနာတွေကို တစ်ပြန်တစ်လှည့် ဖော်ပြဖို့ အခွင့်အရေး ကိုယ့်မှာ မရခဲ့တော့ဘူးပေါ့ကွယ်။

အညိုရေ ဒီနေ့တော့ ဒီတာဝန်တွေကို ကိုယ်ကျေခဲ့ပါပြီ၊ ဒီအကြွေးတွေကို ကိုယ်ဆောင်နိုင်ခဲ့ပါပြီ၊ ကိုယ့်ရဲ့နှလုံးသွေးနဲ့ အတူ မင်းအပေါ် ကိုယ်ချစ်ခဲ့တဲ့ အချစ်တွေကို အကောင်းဆုံးပေးဆပ်တဲ့နည်းနဲ့ ဖွင့်လှစ်ပြသခဲ့ပါပြီ အညို၊ အသင်္ချေ အနန္တမကတဲ့ ကိုယ့်ရဲ့ မေတ္တာစစ်တွေကို ဖော်ပြခဲ့ပါပြီ အညိုရယ်"

❐ ရဲမြတ်တင်


**မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။**

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ် ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့်စာအုပ်ကောင်းတစ်အုပ်။

## အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

# သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ် ထွက်ပြီ

## ဉာဏ်ခိုင်မာ (ကျောက်ဆည်)

## ဉာဏ်လွင် (ဓာတ်မှုတက္ကသိုလ်)

ဖုန်း ၀၉–၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှအရောက်ပို့ပေးပါမည်။
ဦးဉာဏ်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် တစ်အုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

၁၉၈၅ ခုနှစ်က ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုပါ။

နိုင်ငံတော်၏ လိုအပ်ချက်အရ အမှတ်(၃၃) ခြေမြန်တပ်မအား ဖွင့်လှစ်ခဲ့သဖြင့် ထိုခြေမြန်တပ်မ၏ လက်အောက်ခံ ခြေမြန်တပ်ရင်းများကိုလည်း တစ်ပြိုင်တည်းပင် ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်က အသစ်ဖွင့်လှစ်သော ခြေမြန်တပ်ရင်းတစ်ခုသို့ ကျွန်တော် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိခဲ့ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com




# နာနာဘာဝ တက်ခေါက်သံ

ကျွန်ုပ်တော်ပြော းရွှေ့ရောက်ရှိသွားချိန်မှာ သကြံန်လ ာ ရှိသေးသော်လည်း ရှမ်းပြည နယ်၏ မိုးကာ တော်တော်ပင်ရွာချလျ င် ရှိနေပေပြီ။ ကျွန်တော်နှင့်အတူ ပြေ င်းရွှေ့ရောက်ရှိလာကြသော စစ်သည်မ း အိမ်ထောင်သည် ရဲမေများတို့မှာ ကာတဲအပြင် မိသားစု ဝင်ရောက် နေထိုင်လောက်သော အဆောက်အအ ျား မရှိသေးသဖြင့် ပလတ်စတစ်မိုး ကတဲကလေးဖြင့် ရှမ်းပြည်မိုး၏ဒဏ ကို ခက်ခဲခွာကြံ့ကြံ့ခံခဲ့ကြရပါသည်၊

ထိုကဲ့သို့ အခက အခဲကြုံနေရသည့် အခြေအနေတွင် ရောရှိစစ်သည် မှီခိုသူအားလုံးအတွက် အမိုးအကာအောက် အမြန်ရောက် ရေးကိုလည်း မြို့နယ်ပါတီကောင်စီမှ ပတ်မှတ် ပေးထားသော ချုံတော မြေနေရာအား စတင် ရှင်းလင်းကြရသည်၊


www.burmeseclassic.com

www.burmeseclassic.com

ရှင်းလင်းပြီး နေရာများတွင် တချို့က မျောတိုင်ထောင် သက်ငယ်မိုး ထရံကာ ယာယီအဆောက်အအုံများကို အင်တိုက်အားတိုက် အမြန်လုပ်ဆောင်ကြရပါသည်။

ထိုကဲ့သို့ တပ်အတွက် ယာယီ အဆောက်အအုံများ ဆောက်လုပ်ရန် ဖုန်းဆိုးတောများ ရှင်းလင်းကြရာတွင် ယာယီဆိုက်ပလ္လင်နှင့် မလွတ်ကင်းသော သစ်ပင်ကြီး သစ်ပင်ငယ်များကို ခုတ်လှဲရှင်းလင်းကြရသည်။

ထိုကဲ့သို့ ခုတ်လှဲရှင်းလင်းနေစဉ် တစ်နေ့တွင် ကျွန်တော်တို့တပ်အတွက် မျော သက်ငယ် ဝါးများ လာရောက်ပို့ပေးသော ကျေးရွာသူကြီး ဦးအောင်သိန်းဆိုသူက. . .

"ဒီနေရာမှာ တပ်သစ်လာဖွင့်တာ ကျွန်တော်တို့ ပတ်ဝန်းကျင်ရွာသားများအတွက် အလွန်ကောင်းသွားတာပဲ၊ အရင်ကဆိုရင် ဒီနေရာကို တောကြမ်းတယ်၊ မြေကြမ်းတယ်ဆိုပြီး ဘယ်သူမှ သစ်တစ်ချောင်း ဝါးတစ်ပင် မခုတ်ရဲကြဘူး။

တစ်ယောက်စ နှစ်ယောက်စ ထင်းခွေ ဟင်းရွက်ချိုးသွားမိရင်လည်း ဒီမှာရှိနေတဲ့ သရဲက ဝင်ပူးဖမ်းစားတာကို ခံကြရတယ်၊ ဝင်ပူးခံရပြီဆိုရင်တော့ ကြက်တစ်ကောင်နဲ့ ခေါ်စာပစ်မှပဲ ပြန်ကောင်းတော့တယ်၊ ရွာတိုင်းလိုလို ဖမ်းစားခံရကြတယ်၊ အခုထိလဲ ဖမ်းစားတာ ခံနေရကြတုန်းပဲ"

"ဟာ ဒီခေတ် ဒီအခါ တစ္ဆေ သရဲဆိုတာ ရှိသေးလို့လား ဦးအောင်သိန်းရယ်၊ တကယ်ရှိတယ် ထားဦး၊ သူတို့က ဘယ်မှာ နေကြလို့လဲဗျာ"

"တစ္ဆေသရဲ ဆိုတာ မျက်စိနဲ့ မမြင်ရလို့ တကယ်မရှိဘူး ထင်နေကြတာပါ၊ အမှန်တော့ တကယ်ရှိပါတယ်၊ ရှိလို့လဲ လူတွေကို ပုက္ခပေးနေကြတာပေါ့၊ ဒီနားတစ်ပိုက်မှာ အကြီးဆုံးဆိုတဲ့ သရဲကြီးက ဟိုစမ်းချောင်းထိပ်က သပြေပင်ကြီးမှာ နေတယ်လို့ ပြောကြတယ်၊ သူ့သားသမီး သရဲတွေတော့ ဘယ်မှာ အတိအကျနေတယ် မပြောတတ်ဘူး၊ အများကြီးရှိတယ်လို့တော့ ပြောနေကြတယ် ဗိုလ်ကြီး"

ဦးအောင်သိန်း လက်ညှိုးညွှန်ပြသော စမ်းချောင်းထိပ်က သပြေပင်ကြီးသုံးပင်ကို လှမ်းမြင်ရသည်။ စမ်းချောင်းလေးမှာ ကျွန်တော်တို့ တပ်ဧရိယာ အလယ်ဗဟိုတွင် စီးဆင်းနေသော စမ်းချောင်းလေးဖြစ်သည်။ အခုလို နွေရာသီမှာပင် ရေက ပေါင်လယ်လောက်ထိ မပြတ်စီးဆင်းနေသည်။

ဤ စမ်းချောင်းကလေးကိုပင် ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး သောက်သုံးရေအဖြစ် အားကိုးအသုံးပြုနေကြရသည်။ ထို့ကြောင့်လည်း စမ်းချောင်းစီးဆင်းရာတစ်လျှောက် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း မပြုဘဲ ချန်ထားခဲ့ကြသည်။

ထိုကဲ့သို့ ချန်ထားခဲ့ခြင်းမှာလည်း တပ်ရင်းမှူးကြီး၏ သဘောအရ တောပြုန်းပြီး စမ်းချောင်းရေ ခန်းသွားလျှင် တပ်ရင်းမိသားစုအတွက် ရေအခက်အခဲ ဖြစ်လာနိုင်သည်။

ထို့ကြောင့် တပ်ရင်းမှူးကြီးက -

"လျှပ်စစ်မီးနဲ့ အဝီစိတွင်းရေ ဘယ်အချိန်ရမယ်ဆိုတာ မပြောနိုင်သေးဘူး၊ လက်ရှိ စမ်းချောင်းလေးကိုပဲ ရေမခန်းအောင် ထိန်းသိမ်းအသုံးပြုနေရမှာပဲ" ဟု ကျွန်တော်တို့ တောစရှင်းသော နေ့က ပြောဖူးသည်။

ထိုစမ်းချောင်းကလေး၏ ထူးခြားချက်မှာ အဝေးကြီးမှ စီးဆင်းလာခြင်း မဟုတ်ဘဲ ဦးအောင်သိန်း လက်ညှိုးညွှန်ပြသော သရဲဂိုဏ်းချုပ်ကြီးနေသည်ဆိုသော သပြေပင်ကြီး သုံးပင်နားတွင် သဘာဝရေထွက်ပေါက်ကြီး တစ်ခုမှာ ယောကျာ်းကြီးနှစ်ယောက် လက်နှစ်ဖက်ခန့်ကျယ်သော တွင်းခေါင်းကြီးမှ ပွက်ထွက်နေခြင်း ဖြစ်သည်။

ထိုနေရာမှ စီးဆင်းလာသော ချောင်းရိုးတစ်လျှောက် ချောင်းသပြေပင်၊ ညောင်ကြဝပင်၊ ဓက်သစ်ချပင်၊ အခြားသစ်ပင်မျိုးစုံတို့မှာ တစ်နှစ်ပတ်လုံး စမ်းရေဝနေသဖြင့် စိမ်းညိုမည်းမှောင်ကာ နေပြောက်မထိုးလောက်အောင် အရိပ်ကောင်းသဖြင့် ချုံတောများ ဖြစ်နေသည်။

ထိုစမ်းချောင်း တစ်လျှောက် သစ်ပင်ကြီးငယ် ချုံတောများကို ချန်လှပ်၍ ကျန်သစ်ပင် ချုံတောများ ခုတ်လှဲရှင်းလင်းကာ တပ်ရင်းရုံး၊ ဗဟိုကင်းတပ်ထောက်စဉ် စစ်သည်လူပျိုဆောင်၊ စစ်သည်မိသားစု အတွက် ခြောက်ခန်းတွဲတန်းလျားနှင့် ခေါင်ခံ အကြပ်ကြီးများနေထိုင်ရန် ယာယီအဆောက်အအုံများ ဆောက်လုပ်နေလျက်ရှိနေကြသည်၊

တစ်နေ့သည် သန်းခေါင်ကျော်လောက်တွင် ခေါင်ခံအကြပ်ကြီး နေအိမ်ဆောက်လုပ်ရန် တောရှင်းထားသောနေရာ အနောက်ဘက် လယ်နှစ်ကွက်ကျော်လောက် တောအုပ်မှ ကလေးများနှင့် အမျိုးသမီးများ၏ ထူးဆန်းသော ငိုကြွေးသံများ ဆူညံစွာ ကြားကြရသည်။

ထိုငိုကြွေးသံများကြောင့် အိပ်ပျော်နေသော မိသားစုများ လန့်နိုးလာကြပြီး တဲတန်းလျားအပြင်ဘက်သို့ အားလုံး ထွက်ကြည့်ကြသည်။ ငိုညည်း... များနှင့်အတူ တက်ခေါက်သံများ... လည်း ခေါင်းနားပန်းကြီးကာ ကြက်သီး... ထလောက်အောင် ကြားနေရသဖြင့်... လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်ကြသည်။

ခပ်လှမ်းလှမ်း ဖြစ်နေသဖြင့်... သဲကွဲစွာ မမြင်ရပေ။ မြင်ရသည်... ဓာတ်မီးရောင်ကြောင့် ဝင်းဝင်းတောက်... နေသော မျက်လုံးပေါင်းများစွာကို မြင်... တွေ့ကြရသည်။

ငိုကြွေးသံများမှာလည်း တစ်... ယောက်စ နှစ်ယောက်စ မဟုတ်ဘဲ... နှစ်ဆယ်၊ အစိတ်ခန့် ငိုကြွေးသံ ဖြစ်... သဖြင့် အားလုံးကြောက်ရွံ့ကာ တဲ... လျားထဲသို့ ဝင်ပြေးကြရသည်။

www.burmeseclassic.com

ထိုအကြောင်းအား ဒုအရာခံဗိုလ် ဘသန်းနှင့် ဒုအရာခံဗိုလ် သောင်းရွှေတို့မှာ ကျွ[…]တို့ အရာရှိများ နေထိုင်ရာ စမ်းချောင်းဘေး သက်ငယ်တန်းလျားသို့ ရောက်ရှိလာပြီး သတင်းပို့ကြသည်။

ကျွန်တော်နှင့် ဗိုလ်ကြီးတိုင်းကျော်မှာ ထိုနေရာသို့ ချက်ချင်းလိုက်သွားပြီး အခြေအနေကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ကျွန်တော်တို့ ရောက်သွားချိန်တွင်လည်း ငိုကြွေးသံများ၊ တက်ခေါက်သံများ အဆက်မပြတ် ဆူညံနေဆဲပင် ဖြစ်ပါသည်။

တစ္ဆေသရဲကို မယုံကြည်ခဲ့သော ကျွန်တော်တို့နှစ်ယောက်မှာ ဘယ်လိုပြောရမှန်းပင် မသိဖြစ်သွားကာ ကြက်သီးထမိကြသည်။ ထိုကိစ္စအား ဒုတပ်ရင်းမှူးထံ သွားရောက် သတင်းပို့ကြသည်။ ဒုတပ်ရင်းမှူးက. . .

"ဒီနေရာမှာ နာနာဘာဝ အစိမ်းသရဲတွေရှိနေတာ အမှန်ပဲကွာ၊ နှစ်ဆန်းတစ်ရက်နေ့ကလဲ ဆရာတော်တွေ ပင့်ပြီး တပ်လေးထောင့်မှာ ပရိတ်ရွတ် ကမ္မဝါဖတ်တာတို့ လုပ်ခဲ့ပြီးပြီ၊ သံဃာတော်တွေ အမိန့်နဲ့ သူတို့ကို အုပ်ချုပ်တဲ့ နတ်မင်းကြီးထံမှာ အခြားတစ်နေရာ တောင်းခံကြပါလို့ မိန့်ကြားသွားခဲ့လို့ တပ်အပြင်မှာ စုနေကြပြီး နေရာမရှိလို့ မိသားစုတွေငိုနေကြတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့၊

တို့ကလဲ နိုင်ငံတော်အမိန့်နဲ့ သူတို့ရဲ့ အသိုက်အမြုံကို ဖျက်ဆီးသလို ဖြစ်နေပြီဆိုတော့ သနားစရာ အမှန်ပဲ၊ မေတ္တာသာ ပို့ပေးကြပါကွာ"

ဟုပြောလိုက်သဖြင့် ကျွန်တော်တို့နှစ်ယောက် ပြန်လာခဲ့ကြသည်။

ဗိုလ်ကြီးတိုင်းကျော်မှာ လူငယ်ဖြစ်သဖြင့် စိတ်မာတက်ကြွနေသည်။ ထိုသရဲများ ငိုသံကြားရာ တောအုပ်သို့ သေနတ်ဖြင့် လှမ်းပစ်ရန် အတင်းတောင်းဆိုနေပါသည်။

သို့သော်လည်း သေနတ်ဖြင့် လှမ်းပစ်ရန် ကျွန်တော် ခွင့်မပြုခဲ့ပါ။ ထိုညက မိုးလင်းခါနီးအထိ ငိုကြွေးသံ[…]က်ခေါက်သံများ အဆက်မပြတ် […]နေရသည်။ တပ်သစ်ဖွင့်ခါစမှာ ရှားရှားပါးပါး ခွေးလေ ခွေးလွင့် နှစ်ကောင်ကလည်း အမြီးကုပ်ကာ တက်ခေါက်သံနှင့် ငိုသံကြားနေရသော တောအုပ်ဘက်သို့ မိုးလင်းသည်အထိ လှမ်းဟောင်နေခဲ့သည်။

xxx

နောက်နှစ်ရက်ခန့် အကြာတွင် ကျွန်တော့်တပ်ခွဲမှ တပ်ကြပ်ကြီးတစ်ဦး၏ သမီးဖြစ်သူ အပျိုပေါက်အရွယ်မှာ သူ့အဖော်များနှင့် တပ်ဧရိယာအတွင်း ထင်းခွေ ဟင်းရွက်ခူးသွားရင်း သစ်ပင်ကြီးတစ်ပင်အောက်တွင် အပေါ့အပါး သွားမိခဲ့သည်။

ခဏအကြာတွင် ဆီးအိမ်တစ်ခုလုံး တင်းကျပ်ကိုက်ခဲလာသဖြင့် အိမ်သို့ ပြန်လာကြသည်။ အိမ်သို့ရောက်



သည်နှင့် တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူလာပြီး အဖျားတက်လာသည်၊ ထိုကဲ့သို့ အဖျားတက်လာရင်း ပါးစပ်ကလည်း ကယောင်ကတမ်းပြောဆိုလာသည်။

"မင်းတို့ တောတွေရှင်းတာနဲ့ ငါ့သားသမီးတွေ နေစရာမရှိတော့ဘူး၊ ငါ လုံးဝ မကျေနပ်ဘူး၊ ငါ မကျေနပ်ဘူးကွ"

ကောင်မလေး ပါးစပ်က ခဏခဏ ပြောဆိုကြိမ်းဝါး တက်ခေါက်နေသဖြင့် မိဘများနှင့် အခြားအမျိုးသမီးများမှာလည်း ကြောက်လန့်ပြီး ပျာယာခတ်ကာ. . .

"မသိ မလိမ္မာသော အမိုက်အမဲအား ခွင့်လွှတ်ပေးပ" ဟု တောင်းပန်ကြသည်။

သို့သော်လည်း အခြေအနေမှာ ပိုဆိုးလာသဖြင့် တပ်တွင်းဆေးခန်းမှ တစ်ဆင့် နီးရာဆေးရုံသို့ အမြန်ပို့ကြရသည်။

ထိုအဖြစ်အပျက်နှင့် သုံးရက်သာခြားသည်။ အိမ်ထောင်သည်လိုင်းထဲမှ တပ်ကြပ်မောင်လွင်မှာ နေဝင်ရီတရောအချိန်တွင် ဘုရားပန်းလဲရန် စမ်းချောင်းထိပ် သပြေပင်ကြီးနားရှိ လူတစ်ရပ်ကျော်ကျော် သပြေပင်လေးသို့ တက်ကာ သပြေညွန့်ခူးနေစဉ် သစ်ပင်အပေါ်ဘက်မှ လူကြီးတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

တက်ခေါက်ကာ ဆင်းလာပြီး သူ့အား ကန်ချလိုက်သဖြင့် တလိမ့်ခေါက်ကွေး မြေကြီးပေါ် သို့ ပြုတ်ကျလာကာ တော်တော်နဲ့ မထနိုင်။

ခဏအကြာတွင် ဖြည်းဖြည်းချင်းထကြည့်ရာ ညာဘက်ပေါင်မှာ အလွန်နာကျင်နေသဖြင့် တုတ်ဖြင့် ထောက်ကာ လိုင်းခန်းထဲသို့ ပြန်လာခဲ့ရသည်။ အိမ်ရောက်သောအခါ ဒဏ်ရာရှာရင်း တေဇောဘာမ်းလိမ်းသည်။ ဒဏ်ရာက ဘာမှမရှိ။ သို့သော်လည်း ပေါင်တစ်ချောင်းလုံးကိုက်ခဲနာကျင်နေသဖြင့် တပ်ရင်းဆေးခန်းမှ တစ်ဆင့်ဆေးရုံသို့ပို့ပြီး ဓာတ်မှန်ရိုက်ကြည့်သည်။

အရိုးကျိုးခြင်း၊ အသားကြေ၊ အကြောညပ်ခြင်းများ မရှိသော်လည်း နာကျင်ကိုက်ခဲခြင်း မသက်သာသဖြင့် နောက်နေ့တွင် မင်္ဂလာဒုံ စစ်ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ရသည်။

တစ်နေ့တွင်လည်း ကျွန်တော့် တပ်ခွဲမှ စမ်းချောင်းထိပ်ကင်း ဘန်ကာတွင် ညတင်းတာဝန်ကျနေသော ဒုတပ်ကြပ်ညွန့်စိန် တပ်စိတ်မှ တပ်သားခင်မောင်တင့်မှာ စမ်းချောင်းသို့ ဆင်းပြီး စစ်ရေဘူးဖြင့် သောက်ရေခပ်နေစဉ် မျောင်ထဲမှ လူကြီးတစ်ယောက်ထွက်လာကာ တက်တစ်ချက်ခေါက်လိုက်ပြီး ဘာမပြော ညာမပြော ဖက်ပိုးအား တစ်ချက် ပြင်းပြင်းရိုက်ချလိုက်ပြီး ပျောက်ကွယ်သွားသည်။

အရိုက်ခံရသော ခင်မောင်တင့်မှာ ရေစပ်တွင် မှောက်ရက်လဲပြီး သတိလစ်ကျန်ခဲ့သည်။ တပ်စိတ်မှူး ဆရာညွန့်စိန်မှာ ခင်မောင်တင့် ရောက်မလာသဖြင့် လက်နှိပ်ဓာတ်မီးယူပြီး ချောင်းထဲသို့ လိုက်သွားရာ ခင်မောင်တင့်မှာ ပါးစပ်မှ အမြှုပ်တစီစီဖြင့် သတိလစ်မေ့မြောနေကြောင်း တွေ့ရသဖြင့် အခြားရဲဘော်များဖြင့်ထမ်းခေါ်ကာ တပ်တွင်းဆေးခန်းသို့ ပို့ကြရသည်။

ထိုမှတစ်ဆင့် ဆေးရုံပို့ကာကုသခဲ့ရသည်။ ခင်မောင်တင့်၏ ဖက်ပိုးမှ သရဲလက်ဝါးရာ အညိုအမည်းကြီးမှာ တစ်ပတ်ခန့်ကြာမှ ပျောက်သွားကြောင်း တွေ့ရသည်။

ထိုကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ တော်တော်များများ ကြုံခဲ့ရသလို ရယ်ရွှင်ဖွယ်ရာ အချို့ကိုလည်း ကြုံခဲ့ရပါသေးသည်။

ထိုစဉ်က ကျွန်တော်တို့ တပ်ရင်းမှာ တပ်တည်ဆောက်ရေးလုပ်ငန်းကို ဖိဖိစီးစီး လုပ်ကိုင်နေကြရသဖြင့် အရာရှိ စစ်သည် အားလုံးမှာ ပင်ပန်းနွမ်းနယ်နေကြရသည်။

သို့ကြောင့် ညပိုင်းတွင် အပန်းဖြေနိုင်ရန် တပ်ရင်းမှူးကြီးက မြို့မှ ငှားကာ ဗွီဒီယို နေ့စဉ်ပြသပေးသည်။ ဗွီဒီယိုပြသသော နေရာမှာ စမ်းချောင်းလေး အရှေ့ဘက်ခြမ်းရှိ ယာယီ စုပေါင်းခန်းမတွင် ဖြစ်ပြီး၊ ချောင်းအနောက်ဘက်ခြမ်းတွင် နေထိုင်သော အရာရှိ လူပျိုတန်းလျားမှ ကျွန်တော်တို့နှင့် အိမ်ထောင်သည် စစ်သည် မိသားစုများ နေ့စဉ် သွားရောက်ကြည့်ရှုကြသည်။

ထိုကဲ့သို့ သွားကြည့်ကြရာတွင် စမ်းချောင်းကလေးအား ဖြတ်ထိုးထားသော သစ်တုံးတံတားကလေးကို ဖြတ်ကျော်ပြီးမှ စုပေါင်းခန်းမသို့ ရောက်ရှိပါသည်။

တံတားကလေး နေရာတွင် ညောင်ကြတ်ပင်နှင့် ချောင်းသပြေပင်ကြီးများ အုပ်မိုးထားသဖြင့် အရိပ်မည်းကြီးများ မည်းမှောင်ကာ ညအချိန်ဖြတ်သွားသူတိုင်း ရင်ထဲမှာ စိမ့်ခနဲ အေးခနဲ ခံစားကြရသည်။

ထိုသို့ ခံစားရသည်နှင့် တစ်ပြိုင်တည်းမှာပင် နောက်ဆုံးလူ၏ တင်ပါးကို "ဖြန်း"ခနဲ တစ်ချက်ရိုက်ပြီး တက်ခေါက်သွားသည်။

ထိုသတင်းမှာလည်း တစ်မုဟုတ်ချင်း ပျံ့နှံ့လာသဖြင့် ဗွီဒီယိုသို့ သွားကြည့်ကြသူများ တံတားပေါ် ဖြတ်လျှောက်ရာတွင် နောက်မှ လိုက်ရဲသူမရှိ ဖြစ်လာခဲ့ရလေသည်။

ထိုကဲ့သို့ တစ်လလောက်ကြာလာသောအခါ တင်ပါး အရိုက်ခံရသူမှာလည်း အစိတ်သုံးဆယ်ခန့်ရှိလာခဲ့လေသည်။ တပ်ရင်းတာဝန်မှူးကိုယ်တိုင် အနောက်ဘက်ခြမ်းအဖွဲ့အား စောင့်ကြိုကာ ဗွီဒီယိုရုံသို့ ပို့ရသည်။ ပြန်ပို့ရသည်မှာ (ဂျူတီ) တာဝန်တစ်ခု ဖြစ်လာခဲ့သည်။

တစ်နေ့တွင် ကျွန်တော်တို့ အရာရှိတန်းလျားမှ ဗိုလ်ကြီးတိုင်းကျော် တာဝန်မှူး အလှည့်ကျစဉ် သုံးခဲထိုး ဓာတ်မီးကြီးတကိုင်ကိုင်ဖြင့် တံတားထိပ်က စောင့်ကြိုကာ ပို့ပေးသည်။ ဘာမှမဖြစ်ခဲ့။

ပြန်ပို့ရာတွင်လည်း သူကိုယ်တိုင် နောက်ဆုံးမှ လိုက်လာခဲ့သည်။

တံတားလေး၏ အနောက်ဘက်ခြမ်းအရောက်တွင် ဗိုလ်ကြီးတိုင်းကျော် တင်ပါးအား "ဖြန်း" ခနဲ တစ်ချက်ရိုက်ချခံလိုက်ရသဖြင့် ဓာတ်မီးအား နောက်သို့ လှည့်ထိုးကြည့်လိုက်ရာ. . .

"အမယ်လေးဗျ ကျွဲကြီး ကျွဲကြီး" ဟုအော်ကာ ကျွန်တော်တို့ တန်းလျားသို့ အသက်လုကာ ပြေးလာခဲ့ရလေသည်။

ထိုအချိန်တွင် ဗိုလ်မှူးချစ်သိန်း အိပ်ရာမှ နိုးလာပြီး. . .

"ဘယ်လိုဖြစ်တာလဲ မောင်တိုင်းကျော်၊ ငါ တပ်သူပုန်ဝင်စီးသလားမှတ်လို့" ဟု ပြောလိုက်သဖြင့် ဗိုလ်ကြီးတိုင်းကျော်သည် ရေတစ်ခွက် ခပ်သောက်လိုက်ပြီး. . .

"သရဲက ကျွန်တော့်ဖင်ကို တစ်ချက်ရိုက်ပြီး ကျွဲတစ်ကောင်လို ခတ်ဖို့လိုက်လာလို့ ပြေးလာရတာ"

ဟုပြောပြရာ ဗိုလ်မှူးချစ်သိန်းမှာ တဟားဟားရယ်မောလိုက်ရင်း. . .

"ဘယ့်နှယ်ကွာ သရဲကလဲ ရိုက်စရာရှားလို့ တင်ပါးကိုမှ ရိုက်ရတယ်လို့ ဧကန္တ ဒီသရဲ နှာဘူးဖြစ်မယ်ကွ၊ သရဲနှာဘူးရှိနေတယ်ဆိုရင်တော့ အမျိုးသမီးတွေ သတိပေးထားရဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သဖြင့် အားလုံးကိုတိုင်းကျော်ကြည့်ပြီး ဝိုင်းရယ်ကြရလေသည်။

xxx

ထိုကဲ့သို့ တပ်ထဲတွင် သရဲခြောက်ခြင်း၊ ဝင်ပူးပြီး ဖျားနာခြင်း၊ ရှိလာခြင်းတို့အပြင် စစ်သည် လူပျိုများအတွက် ပြုတ်ကြော် လုပ်ထားသော အမဲသား တစ်ဒယ်အိုးကြီး ညတွင်းချင်း သရဲ အကုန်စားသွားသဖြင့် လူပျိုများ တစ်စခန်းထလာကြပြန်သည်။

သူ့ရဲဂိုဏ်းချုပ်နေသော သပြေပင်ကြီးအား ခုတ်လှဲကာ မီးရှို့ပစ်မည် တကဲကဲ လုပ်လာကြသည်။ ညနေစောင်း ထိုသပြေပင်ကြီးနား အရက်ထိုင်သောက်ကာ ဆဲဆိုကြသည်။

ထိုအကြောင်းကို တပ်ရင်းမှူး သိရှိသွားသဖြင့် စစ်သည်အားလုံးနှင့် အိမ်ထောင်သည် ရဲမေများကိုပါ ခေါ်ယူပြီး စုပေါင်းခန်းမတွင် ရှင်းလင်းပြောပြခဲ့ရသည်။ တပ်ရင်းမှူး ရှင်းလင်းပြောပြရာတွင် . . .

ဒီနေရာဟာ ရှမ်းပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့အား ဖြတ်သွားဖြတ်လာလုပ်သော သောင်းကျန်းသူတို့၏ အဓိကလမ်းကြောင်းဖြစ်ကြောင်း၊ ဒီလို သောင်းကျန်းသူများ သွားလာနေခြင်းကို အခွင့်ကောင်းယူကာ ဓားပြများက တိုက်ခိုက်လာကြောင်း၊ တချို့အား သတ်ဖြတ်ထားခဲ့ကြောင်း၊ ဓားပြများ တိုက်ရင်း ခိုက်ရင်း သတ်ဖြတ်ထားခဲ့သည်မှာ ဆယ်ဂဏန်း သုံးလေးခုလောက်ပင် များပြားခဲ့ကြောင်း။

ထိုသို့ သတ်ဖြတ်ခံရသူများမှာလည်း မကျွတ်မလွတ်ဘဝဖြင့် ဒီစမ်းချောင်းတစ်လျှောက်နှင့် ပတ်ဝန်းကျင်မှာ နေထိုင်ကြကြောင်း၊ သရဲအကြီးအကဲပုဂ္ဂိုလ်မှာ စမ်းချောင်းထိပ် သပြေပင်ကြီးတွင် နေထိုင်ကြောင်း၊ ရပ်ရွာလူကြီးများ ပြောသဖြင့် သိထားခဲ့ကြောင်း။

ရဲဘော်များပြောသလို ဒီသပြေပင်ကြီးနဲ့ ချောင်းရိုးတစ်လျှောက် ခုတ်ထွင်ရှင်းလင်း မီးရှို့ပစ်ခဲ့ရင် တောတွေပြုန်းကာ ရေခန်းသွားပြီး တို့တပ်မိသားစုသာ အခက်အခဲ ဖြစ်လာနိုင်စရာရှိကြောင်း၊ အဲဒါကြောင့် အခုမိုးတွင်း ဒီစမ်းချောင်းပတ်ဝန်းကျင်မှာ အကြီးမြန်တဲ့ အရိပ်ရသစ်ပင်တွေ ထပ်စိုက်ရဦးမယ်၊ သစ်ပင်ကြီးကို ခုတ်ပစ်ရုံနှင့် နာနာဘာဝတွေ ချက်ချင်းပျောက်မသွားနိုင်ဘူး၊ နာနာဘာဝများ တဖြည်းဖြည်း ပျောက်သွားစေရန် ဆရာတော်ကြီးများ မိန့်မှာထားသည့်အတိုင်း တပ်ရင်းမှူး အနေနဲ့ စီစဉ်ဆောင်ရွက်ရန် ရှိနေကြောင်းတို့အား ရှင်းလင်းပြောကြားခဲ့သည်။

နောက်တစ်လခန့် အကြာတွင် စမ်းချောင်းထိပ် ရေထွက်ပေါက်အနီး သပြေပင်ကြီးရှိရာ ကုန်းကြောမြေတွင် စစ်သည်များ စုပေါင်း လုပ်အားဖြင့် မြေညှိရှင်းလင်းပြီး အလျားပေ ခုနစ်ဆယ်၊ အနံ သုံးဆယ့်ငါးပေ ရှိသော တပ်တွင်းဓမ္မာရုံကြီးအား ဆောက်လုပ်ကြရပါသည်။

ထိုဓမ္မာရုံကြီး တည်ဆောက်နေချိန်တွင်လည်း အနှောင့်အယှက်မျိုးစုံ တွေ့ကြုံခဲ့ကြသည်။ လက်သမားများ ငြမ်းပေါ်မှ ပြုတ်ကျသဖြင့် ဆေးရုံပို့ရခြင်းမှာလည်း တစ်ခါမဟုတ်, သုံးလေးငါးခါ ဖြစ်လာသဖြင့် တချို့ လက်သမားများ အလုပ်လာမလုပ်ရဲသည်အထိ ဖြစ်ခဲ့ရသေးသည်။

တချို့မှာ ဇနီးသည် စုန်းနတ်ဖမ်းစားသလို ကယောင်ကတမ်းပြောပြီး ဖျားနေသဖြင့် မလာအားကြောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ဖဲခွာသွားခဲ့ကြသည်။

နောက်ဆုံးတွင် ဂျီအီးတပ်မှ ဝန်ထောက် တပ်ကြပ်ကြီးအား ခေါ်ယူတာဝန်ပေးခဲ့ရသဖြင့် ဂျီအီးတပ်ကြပ်ကြီးမှာလည်း တပ်တည်ဆောက်ရေး လုပ်ငန်းများကြားကထည့်သွင်းဆောက်လုပ်ပေးရခြင်းကြောင့် သတ်မှတ်ထားသော သီတင်းကျွတ် မမီသော်လည်း တန်ဆောင်တိုင် ကထိန်ပွဲ မီအောင် အပူတပြင်းဖြင့် ဆောက်လုပ်ပေးခဲ့ပါသည်။

ဓမ္မာရုံကြီး ပြီးစီးသွားသောအခါ တပ်မိသားစု ဘုံကထိန်နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲကို မြို့နယ်အတွင်းရှိ သံဃာတော်များ ပင့်ဆောင်ပြီး ခြိမ့်ခြိမ့်သဲ လှူဒါန်း ရေစက်ချ အမျှဝေခဲ့ပါသည်။

ထိုကဲ့သို့ ကထိန်နှင့် စုပေါင်း ရဟန်းခံ ရှင်ပြုပွဲ ပြီးစီးသွားသောအခါ နေ့စဉ် ညနေ ၄ နာရီမှ ၈ နာရီအထိ သမန္တာအစချီ နတ်မင်းကြီး ဒေဝတာများနှင့် နတ်အပေါင်းတို့အား ပင့်ဖိတ်ပြီး မင်္ဂလသုတ် ပရိတ်ကြီး ပဋ္ဌာန်းဒေသနာတော်နှင့် ဓမ္မစကြာရွတ်ဖတ်ခြင်း အဖို့ဘာဂကို အမျှဝေ ရေစက်ချခြင်းတို့အား သုံးလတိတိ ရက်မပျက် ပြုလုပ်ခဲ့ကြပါသည်။

နောက်ပိုင်းလများတွင်လည်း ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း ပရိတ်ပဋ္ဌာန်း ဓမ္မစကြာ ရွတ်ဖတ်ခြင်း၊ အမျှဝေ သာဓုခေါ်ခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ထိုသုံးလအတွင်းမှာပင် တပ်တွင်း၌သော်လည်းကောင်း၊ တပ်ပတ်ဝန်းကျင်ရွာများ၌သော်လည်းကောင်း၊ ခြောက်လှန့်ခြင်း ဝင်ပူးခြင်းများ လုံးဝမရှိတော့ပေ။

ထိုသရဲ တစ္ဆေ နာနာဘာဝများကို အုပ်ချုပ်သော နတ်မင်းကြီးများကပင် တခြားတစ်နေရာသို့ ခေါ်ယူ ပြောင်းရွှေ့ပေးလိုက်သည်လား မပြောတတ်။

သို့မဟုတ်ပါက ကျွန်တော်တို့ တပ်တွင်းဓမ္မာရုံမှ ဗုဒ္ဓ၏ နှုတ်ခပါဌ်တော်လာ ပရိတ်တော် ပဋ္ဌာန်းတော် ဓမ္မစကြာ ရွတ်ဖတ်ခြင်းနှင့် အဖို့ဘာဂကို အမျှပေးဝေခြင်း ကြေးစည်သံကြောင့် သာဓုခေါ်ဆိုနိုင်ပြီး ကောင်းမြတ်သော သုဂတိ ဘုံဌာနတစ်ခုသို့ ပြောင်းရွှေ့ ကျွတ်လွတ်သွားကြလေသည့်လား တွေးတောစရာပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ တပ်သစ်ဖွင့်ခါစ တစ်နှစ်အတွင်းမှာပင် တပ်ကြပ်ကြီး ဆရာကြီးတစ်ဦး၏ သမီးပျိုတစ်ယောက်မှာ ထိုအစိမ်းသရဲတို့၏ ပယောဂ ခြောက်ခံခဲ့ကြရသည်။ သပြေပင်ပေါ်မှ သရဲကန်ချခံရသော တပ်ကြပ်မောင်လွင်မှာလည်း ဒဏ်ရာမရှိဘဲ ညာဘက်ပေါင် တစ်ချောင်း အကြောသေကာ ချိုင်းထောက်ဖြင့် သွားလာနေရသော ဒုက္ခိတဘဝ ရောက်သွားခဲ့ရသည်။

အခြား မပြောပလောက်သော ခြောက်လှန့်မှုများမှာ အမျိုးပေါင်းစုံ အကြိမ်များစွာရှိခဲ့သည်။ လူသားများအပေါ် ဒုက္ခပေးတတ်သော နာမ်လောကသား အစိမ်းသရဲများနှင့် ကြုံတွေ့ခဲ့ရသော ကျွန်တော်တို့မှာ စိတ်ထဲက အတော်ပဇ် ကသိကအောက် ခံစားခဲ့ကြရသည်။

ထိုကဲ့သို့ နာမ်လောကသားများ တင်းရှင်းလာသော တစ်နေ့မှာ တပ်ရင်းမှူးကြီးက ဆရာတော်ကြီးတစ်ပါး၏ မိန့်မှာချက်အား အရာရှိ အရာခံ အကြပ် စစ်သည် အိမ်ထောင်သည်များသို့ ပြောပြခဲ့သည်။

အစိမ်းသရဲ တစ္ဆေ မြေဖုတ် ပြိတ္တာဆိုတဲ့ အမျိုးအစားဟာ လူမဟုတ်၊ နတ်မဟုတ်၊ တိရစ္ဆာန်လည်း မခေါ်နိုင်တဲ့ နာနာဘာဝတစ်မျိုး ဖြစ်ကြောင်း။

နာနာဘာဝမျိုးဖြစ်သဖြင့် အထူးထူး အမျိုးမျိုး ရုပ်သွင်တို့ကို ပြတတ်သူဟု အဓိပ္ပာယ်ရကြောင်း၊ သူတို့ နာနာဘာဝများမှာလည်း အတန်းအစားအမျိုးမျိုး ကွဲပြားခြားနားလျက်ရှိကြောင်း၊ တချို့မှာ လူတို့၏ အနီးအပါး ပတ်ဝန်းကျင်တွင် နေနိုင်ကြပြီး ဘုရားသံ တရားသံတို့ကို မကြားချင် မကြားနိုင် မကြားဝံ့တဲ့ အမျိုးအစားများလည်းရှိကြောင်း၊ တချို့က ဘုရားသံ တရားသံကို ကြားနာခွင့်ရ၍ သာဓုခေါ် ဆိုနိုင်ကာ အခြားကောင်းမွန်သောဘဝသို့ ရောက်သွားရသည့် အတန်းအစားများလည်း ရှိကြောင်း။

ထိုအစိမ်းသရဲ ဖုတ်ပြိတ္တာ အားလုံးတို့ဟာ သူတို့ရဲ့ နေထိုင်ရာ ဘုံဗိမာန် သစ်ပင်ချုံပုတ် တောင်ပို့ စသည်တို့အား မလေးမစား ဖျက်လို ဖျက်ဆီးပြုလုပ်သူ လူသားများကိုလည်း တစ်လှည့် တစ်ပြန် ပြန်လည်လက်စားချေ ဒုက္ခပေးတတ်ကြောင်း။

ဒါကြောင့်လည်း တပ်ရင်းမှူး အနေနဲ့ အခုလို ပရလောကသားများနှင့် ကြုံတွေ့ရတဲ့အခါမှာ ကိုယ်က နိုင်ငံတော်အမိန့် ကိုင်စွဲပြီး နိုင်လိုမင်းထက် စိတ်ထားနဲ့ ရိုင်းပျစွာမလုပ်လိုကြောင်း၊ လူသားတို့မှာလည်း ကံအနိမ့်အမြင့်ဆိုတာ ရှိတတ်တယ်။ ကံမြင့်နေချိန်မှာ ပြုစားဒုက္ခပေးမရပေမယ့် ကံနိမ့်လာတဲ့ တစ်နေ့မှာ ဒီနာနာဘာဝတွေက ပြန်လည်ဒုက္ခပေးတတ်ပါတယ်။

ကိုယ်မခံရသည့် တိုင်အောင် ကိုယ့်မိသားစုထဲက ကံနိမ့်သူတစ်ဦး တစ်ယောက်ကို ပြန်လည်လက်စားချေ ဒုက္ခပေးတတ်ကြောင်း ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကို နာခံခဲ့ရကြောင်း။

တို့ဟာ တပ်မတော်သား ပြည်သူ့ဝန်ထမ်းတွေ ဖြစ်တယ်။ အထက်အမိန့်အတိုင်း နိုင်ငံအနှံ့ သွားလာနေရလို့ ဒီနေရာမှာနေ ဟိုနေရာကိုသွား သွားရမှာပဲ။ ဘယ်ကိုပဲသွားသွား ဘယ်မှာပဲနေနေ အခြားသူတစ်ပါးရဲ့ မိသားစု အိုးအိမ် လယ်ယာ စတဲ့ သွားတဲ့လမ်းတွေကို ကိုယ့်အနေနဲ့ ဘာမှ မကူညီနိုင်ရင်တောင် မဖျက်ဆီးမိဖို့ အရေးကြီးတယ်။

အေး လူအချင်းချင်းမဆိုထားနဲ့ နာနာဘာဝဆိုရင်လည်း သူတို့နေထိုင်ရာ သစ်ပင်၊ တောင်ပို့၊ နတ်ကွန်း၊ နတ်စင်၊ ဗိမာန်စတဲ့ နေရာတွေကို မဖျက်ဆီးမိစေဖို့လည်း အရေးကြီးတယ် ရှောင်ရှားသင့်တယ်။

ဒီမှာကြုံရင်းနဲ့ တစ်ခါက တို့တပ်မတော်ထဲက လူကြီးတစ်ယောက် ပြောဖူးတာ ရှိတယ်၊ မင်းတို့ သွားရင်းလာရင်းတွေ့ရတဲ့ ပုရွက်ဆိတ်တန်း၊ ခါချဉ်ကောင်၊ ဆင်မွှန်ကောင်တွေ အစာကိုက်ချီပြီး အိမ်ထောင်ပြောင်းတွေ သွားလာနေတာတွေ့ရင် ဘယ်သော အခါမှ နင်းမသွားပါနဲ့၊ မဖျက်ဆီးပါနဲ့ ကိုယ့်ဘာသာ ရှောင်ကွင်းဖြတ်ကျော်သွားပါ။

သူရဲ့ သွားလမ်း လာလမ်းကို မဖျက်ဆီးတဲ့အတွက် ကိုယ်သွားရမယ့်လမ်းမှာလည်း ဘာမှ အခက်မခဲမရှိရန်သူမရှိဘူးလို့ဘဲ မှတ်ထားပါ၊ ဒါဟာ မထင်မှတ်စရာ အသေးအမွှားကိစ္စပေမယ့် ဒါထက် ကြီးကြီးမားမားတွေ့လာရင်လည်း ရှောင်ရှားနိုင်ရမယ်၊ ဒါတွေဟာ အသိတရားပဲလို့ ပြောပြခဲ့ဖူးတယ်။

အဲဒါလည်း အယူသီးလို့ ပြောတာမဟုတ်ဘူး၊ ဒါဟာ တရားသဘောပါတယ်လို့ လက်ခံခဲ့တာပဲ၊ ဒါကြောင့် စစ်သည်အားလုံး နောင်တွင် အခုလို ပရလောကသားများနှင့် ကြုံတွေ့လာရတဲ့အခါမှာ ကြမ်းကြမ်းရမ်းရမ်း ရိုင်းရိုင်းပျပျ ဖျက်လိုဖျက်ဆီး မပြုလုပ်ဘဲ သူ့ဘာသာ အသိတရားရပြီး အလိုအလျောက် ရှောင်ခွာသွားတဲ့ နည်းလမ်းကိုပဲ အသုံးပြုကြပါလို့ပဲ ပြောလိုတယ်။

၁၉၈၉ ခု၊ နိုဝင်ဘာလမှာ ကျွန်တော်လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရသော ဤတပ်ရင်းမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့လာခဲ့ရပါသည်။

ကျွန်တော် ပြောင်းရွှေ့လာခဲ့သည့်အချိန်ထိ တပ်တွင်းတွင် လည်းကောင်း၊ တပ်ပတ်ဝန်းကျင်ရွာများတွင်လည်းကောင်း၊ ခြောက်လှန့်ခြင်း၊ ပူးကပ်ပြောဆိုခြင်းများ မကြားခဲ့ရ။ အစိမ်းသရဲပယောဂကြောင့် သေဆုံး နေထိုင်မကောင်းလည်း မရှိတော့ပါ။ အားလုံးအေးချမ်း သာယာစွာ နေထိုင်ခဲ့ရကြောင်းပါ ခင်ဗျား။

သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု။

❒ ကောင်းစံဟိန်း(ဖန်နေဝန်း)





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ကုန် ပူပြင်းလှသည့် နေ။ ညနေစောင်း ရောက်လာမှ သူနဲ့မဆိုင်သလို မသိကျိုးကျွန်ပြုလိုက်တော့သည်။ ဟန်ဆောင်ကောင်းပုံများ အကယ်ဒမီ မင်းသမီးထက်သာသည်။ နေအိပ်ချိန် ရောက်မှ ခွင့်ပြုချက်ရသလို လေနုအေး၏ စီးမျောမှုကို ခံစားလိုက်ရသည်။

နွေမင်းသမီးလေး လေကို လူသားတို့ မျှော်နေကြသည်။ တောင့်တနေကြ၏။ ဝေ့ဝိုက်ယိမ်းနွဲ့ သဲ့သဲ့ကလေး တိုက်လာသော လေနုအေးလေးက နွေရက်များတွင် လူ[illegible]များ ဒ[illegible]တွက် အချစ်တော် ဖြစ်ခဲ့[illegible]ည်။ ပူပြ[illegible]းမှုကို ပေးသောနေကို မု[illegible]ြသည်။ အေးချမ်းမှု ပေးသော[illegible] ချစ်ကြ[illegible]သည်။

ဒါဟာ လူ[illegible]တို့၏ [illegible]မှတာသဘောဖြစ်ကြော[illegible] သူသိပါသည်။ ဒီအသိက သူ့ဘဝ[illegible]ပြီး သိ[illegible]ားတဲ့ အသိဖြစ်၍ သူ [illegible]ည်အခါ မေ့ပျောက်သွားမည် မ[illegible]ပါပေ။ သူဟာ တစ်ချိန်က သူမိသ[illegible]ဖတွက် လေနုအေးလေး ဖြစ်ခဲ့ဖူး[illegible] အခုအ[illegible]ချိန်မှာ သူဟာ နေဖြစ်သွ[illegible]။ သူ[illegible]ယ်သူ ကဗျာဆန်ဆန် တစ်[illegible]စ်ရံ တွေ့ကြည့်မိသည်။ နေဖြစ်သွာ[illegible]ာ လေ[illegible]ာလေး လို့ ပြောလိုက်ချင်ပ[illegible]ည်။





www.burmeseclassic.com

www.burmeseclassic.com

မိသားစု၏ ပူပြင်းခြောက်သွေ့နေသော ဘဝရပ်တည်နေချိန်မှာ သူက လေနုအေးအဖြစ် အေးချမ်းမှုကို ပေးခဲ့ဖူးသော အချိန်များစွာ ရှိခဲ့ပါသည်။ နှစ်ပေါင်း (၃၀)ကျော် လေနုအေးဖြစ်ခဲ့ပြီး မိသားစု၏ ချစ်ခြင်းများနှင့် ဘဝကို အကျေနပ်ကြီး ကျေနပ်နေချိန်ကပေါ့။

*

"အဖေ ပြန်လာပြီ မောင်လေး"

"ဟေး တို့အဖေ ပြန်လာပြီဟေ့"

"သားလေးရေ ဖေဖေကြီး ပြန်လာပြီတဲ့၊ သွားကြိုရအောင်"

စနေတစ်ပတ် သူ အိမ်သို့ပြန်လာချိန် ညနေစောင်းလေးတိုင်း ဒီလိုအသံလေးတွေနှင့် သူ့မိသားစုက သူ့ကို ကြိုနေကျဖြစ်သည်။ စက်ရုံမှာ တစ်ပတ်လုံး သူပင်ပန်းခဲ့သမျှ မိသားစု၏ နွေးနွေးထွေးထွေးစွာ ကြိုဆိုမှုများကြောင့် စိတ်ကြည်နူးခဲ့ရသည်။

"အဖေ သားဖို့ မုန့်ပါလား"

"အဖေ သမီးမှာလိုက်တဲ့အကျီ ပါလား"

"ဟဲ့ နေကြစမ်းပါဦး၊ အဖေကြီးက အမောတောင်မပြေသေးအားဘူး"

"ပါတာပေါ့၊ သားအတွက်လဲ ပါတယ်၊ သမီးအတွက်လဲ ဝယ်ခဲ့တယ်"



"အစ်ကို သက်အတွက်ကော"

"ငါ့မိန်းမအတွက် မပါလို့ ဘယ်ဖြစ်မလဲ ပါပါ့ ပါပါ့"

"ဟေး . . . ဒါမှ တို့ဖေဖေကွ"

ဒီလို ဆူညံလည်းသံလေးများကြားတွင် သူ ပီတိဖြစ်ရင်း ဘဝ၏ ကျေနပ်စရာ နေ့ရက်များစွာကို သူဖြတ်သန်းခဲ့ပါသည်။ ရန်ကုန်ရှိ စက်ရုံတစ်ရုံတွင် သူ အလုပ်လုပ်သည်။ တစ်နေ့စရိတ်ငြိမ်း ၂၅၀၀ ကျပ်ရသည်။ စက်ရုံတွင် တစ်ပတ်လုံး နေ့ညနေပြီး စနေနေ့ညနေရောက်လျှင် အိမ်ပြန်ရသည်။ တနင်္ဂနွေတစ်ရက် အိမ်မှာ မိသားစုနှင့်နေပြီး တနင်္လာမနက်စောစော စက်ရုံသို့ အလုပ်ပြန်ဆင်းရသည်။ သူနေထိုင်ရာ မှော်ဘီမြို့လေးသို့ တစ်ပတ် တစ်ရက် ပြန်ရ၏။ ဒီလိုမိသားစု၏ ကြည်နူးချမ်းမြေ့မှုများကို နှစ်ပေါင်း (၃၀)ကျော် သူ ခံစားခဲ့ရသည်။

အသောက်အစား၊ လောင်းကစားမရှိသူမို့ တစ်ပတ်စာ လုပ်အားခငွေ ၁၅၀၀၀ ကျပ်အပြင် အောက်ဆိုက်ရသော ပိုငွေဖြင့် မိသားစုမှာတာလေးများကို သူဂရုတစိုက် ဝယ်လာတတ်သည်။ သူ့ကို မိသားစုက တစ်ပတ်တစ်ကြိမ် မျှော်နေကျ၊ လေနုအေးလေးဘဝဖြင့် မိသားစုကို ငြိမ်းအေးလန်းဆန်းမှုများ ပေးခဲ့နိုင်သည်။ သာယာသော မိသားစုလေးဘဝကို တည်ဆောက်ပေးခဲ့နိုင်သည်။ စည်ပင်ဝင်းထဲမှ သံချောင်းသံ ရှစ်ချက် ကြားလိုက်မှ သူ တွေးနေသော အတိတ်အကြောင်းများကို ရပ်ပစ်လိုက်တော့သည်။

ယနေ့ ညနေစာကို သူ မစားရသေးပါ။ ခေါ်ကျွေးမည့်သူလည်း မရှိ။ သလို မိသားစုတွေ အထဲတွင် ရယ်မောပြောဆိုနေကြသည်။ ဖွင့်ထားသော သီချင်းသံတွေနှင့် သားက သီချင်းလိုက်ဆိုနေသည်။ သူ့မိန်းမဖြစ်သူက အိမ်နီးချင်းတစ်ယောက်နှင့်နှစ်လုံးထိုးအကြောင်း ပြောနေသည်။ မည်သူကမှ သူ့ကို ဂရုတစိုက် အလေးမထားကြတော့ပါ။

နေ့စဉ် [illegible] တံခါးမြိတ်အောက်တွင် ထို [illegible] နေ့ရက်များစွာကို သူဖြတ်သန်းခဲ့သည် [illegible] အချိန်မှာ သူ့လို အသက် (၆၀) [illegible] အလုပ်လက်မဲ့ အဘိုးကြီးတစ် [illegible] အဖို့ မိသားစု၏ ဥပေက္ခာပြုနေမှု [illegible] စားရင်း ဘဝကို အဓိပ္ပာယ်မဲ့စွာ [illegible] ကီးပစ်နေသည်ဟု သူထင်သည်။ [illegible] တော်လေးညဥ့်နက်မှ သူ့အတွက် [illegible] ပေးထားသော အိမ်ရာပေါ်သို့ လှဲချ [illegible] သက်ပြင်းတစ်ခုကို သူချလိုက်သည် [illegible] စားချင်စိတ် မရှိ၍ မစားဖြစ်ခဲ့သော [illegible] ညနေစာ [illegible] အတွက် ဘယ်လိုမှ ခံစား [illegible] မဖြစ်တော့ပါ။ ဒီလို [illegible] ရက်များစွာကို [illegible] ဖြတ်သန်းနေကျဖြစ်နေပေပြီ။

မိသားစု [illegible] အတွက် [illegible] အကူမပြုနိုင်တော [illegible] သည့် မိဘတိုင်း သားသမီး၊ ဇနီးမယား [illegible] က ဥပေက္ခာပြုတတ်ပါသလား။ ဒီအ [illegible] ကို သူ မကြာခဏ စဉ်းစားခဲ့ဖူးသည် [illegible] သူနှင့် ဒါနီးစပ်ဆုံး ဆရာချိုရှိသည် [illegible] သားသမီးတို့က ဂရုတစိုက်ရှိတာမှ [illegible] ရသည်။ ဦးစိုးဝင်း ဆိုလျှင် ဇနီးဖြ [illegible] သူက အနီးပ်တကြည့်ကြည့်နှင့် ဂရုစို [illegible] သလို သားသမီးများကလည်း မျက် [illegible] စ်ချက် အညိုးမခံ [illegible]

"အဖေ [illegible] ဖြစ်လဲ၊ နေမကောင်းဘူးလား၊ ဆေး [illegible] မလား၊ ဘာစားချင်လဲ၊ အသုံးလို [illegible] ပြောနော်"

သူ အိ [illegible] လည်သွားတိုင်း ကြားနေကျ စကား [illegible] များ ဖြစ်သည်။ သူ [illegible] တစ်တွေလည်း [illegible] သားစုတာဝန်၊ အိမ်တာဝန် ဘာမှ [illegible] နိုင်ကြတော့ပါ။ သူ [illegible] ဘာများ ကွာ [illegible] ပါသလဲ။ ဒီအဖြေ [illegible] အတွက် ဟိုတ [illegible] က ဖြူကျော် [illegible] ဆရာတော်ထံ [illegible] မေးမြန်းလျှောက်ထား [illegible] ဖူးသည်။

"တိုတို [illegible] င်းချင်း ပြောရရင်တော့ ဒကာကြီးရယ် [illegible] ချင်းတူ ဒပမယ် [illegible] ချင်းမတူဘူးဆို [illegible] ပါပဲ၊ အတိ [illegible] ဘဝကကံပေါ့၊ [illegible] ကိုယ်တိုင်က မိ [illegible] အပေါ် အလုံ [illegible] ကျွေးမြုံခဲ့ဖူးရင် [illegible] သားသမီးရဲ့ [illegible] အကျွေးမြုံခြင်း [illegible]





www.burmeseclassic.com

www.burmeseclassic.com

ပေးရမှာပဲ၊ ဒကာကြီးမှာ အတိတ်ကာလက မိဘများအပေါ် ဂရုစိုက်ပြုစုခြင်း အားနည်းခဲ့လို့ ခုဘဝ သားသမီးများရဲ့ အလုပ်အကျွေး ပြုစုခြင်း မခံရတာလို့ သဘောပိုက်ပြီး ဖြေရမယ်"

"တင်ပါ့ ဘုရား၊ တပည့်တော် သိတ်ခံနားလည်ပါပြီ ဘုရား"

"ဘုန်းကြီး အကြံတစ်ခုပေးမယ်၊ သားစုနဲ့နေရတဲ့ ဒကာကြီးရဲ့လက်ကျန် အချိန်တွေကို အလကားအဖြစ်မခံလိုက်နဲ့ အိမ်မှာနေရင်း စိတ်ဖိစီးသောက ရောက်နေမယ့်အစား ကျောင်းမှာလာနေပါ၊ ရဟန်းဝတ်လိုက ဝတ်ပါ၊ မဝတ်ချင်ရင်လဲ ကပ္ပိယအဖြစ်နဲ့ တရားအားထုတ်ရင်း လာနေလို့လဲ ရပါတယ်၊ ဒကာကြီးရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးကအစ ဘုန်းကြီး အားလုံးတာဝန်ယူပါတယ်၊ အချိန်မရွေး လာခဲ့ပါ"

သမိုင်းကျိုက်ဗိုင်းဘုရား ခြေရင်း မြို့ကျောင်းဆရာတော်က လှိုက်လှိုက်လဲလဲ သူ့ကို ဖိတ်ခေါ်ထားသည့်အတွက် သူစိတ်မာတတ်တွေ ထက်ကြွလန်းဆန်းခဲ့ပါသည်။ အဲဒီနေ့က သူ ယခင်နှစ်များက အလုပ်လုပ်ခဲ့သော စက်ရုံသို့လည်း ရောက်ခဲ့ပါသည်။

"ကိုထွန်း ကျန်းမာရေးကောင်းရဲ့ ဟုတ်လား၊ အခု ရွာမှာ ဘာလုပ်နေလဲ၊ အဆင်မပြေတာများ ရှိလား၊ ကူညီတန် ကူညီပေးရမှာပေါ့"

လုပ်ငန်းရှင် ကိုအောင်မင်းက နွေးထွေးဖော်ရွေစွာ ခရီးဦးကြိုပြု၍ သူ ကျေနပ်ပီတိဖြစ်ရသည်။ လူရင်း တစ်ယောက်ဖြစ်၍ သူ့မိသားစုအကြောင်း သူခံစားနေရသည်များကို ရင်ဖွင့်ပြောပြမိခဲ့သည်။

"ကဲ. . . ကိုထွန်း၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ကြားမှာ ဘာမှ သာတာ နာတာတွေ မရှိဘူး၊ တစ်ချိန်က နှစ်ပေါင်းများစွာ ခင်ဗျား ကျွန်တော့်အတွက် အလုပ်အကျွေးပြုခဲ့ဖူးတာပဲမဟုတ်လား၊ အိမ်မှာမနေချင်ရင် အရင်လိုပဲ စက်ရုံမှာလာနေ၊ အရင်ခံစားခွင့်အတိုင်းပဲ ပေးမယ်၊ စားဝတ်နေရေး၊ ကျန်းမာရေးအတွက်လဲ တာဝန်ယူတယ်ဗျာ၊ ခင်ဗျား လာချင်တဲ့အချိန်သာ လာခဲ့၊ ကျွန်တော် တံခါးဖွင့်ထားတယ်"

လှိုက်လှိုက်လှဲလှဲ သူ့ကို ပြန်ခေါ်လိုက်သော လုပ်ငန်းရှင်အပေါ် ကျေးဇူးတင်လိုက်သည်မှာ ပြောဖွယ်ရာမရှိပေ။ လုပ်ငန်းခွင်အပေါ် သူ စေတနာထား၍ သစ္စာရှိစွာ လုပ်ခဲ့ဖူးသော အကျိုးသက်ရောက်မှုပင် ဖြစ်ပေမည်။ သူ ရန်ကုန်မှ ပြန်ခဲ့ပြီး ယနေ့ထိတိုင် အသိတရား နှစ်ခုက သူ့ကို လွှမ်းဆွဲ၍နေလေသည်။

မိသားစုတို့၏ ပြုစု၊ ယုယ၊ ကြင်နာ၊ လေးစားခြင်း ပြန်ခံရဖို့အတွက် ယခင်တုန်းက လေပြည်လေညင်းဘဝကို သူ ပြန်လိုချင်ပါရင် သူ အလုပ်ပြန်လုပ်ရမည်။ တစ်ပတ် တစ်ကြိမ် သူ့အပြန်ကို အပြုံးကိုယ်စီဖြင့် ကြိုနေကြမည့် ဇနီးနှင့် သားသမီးများ၏ မျက်နှာများကို သူ မြင်ယောင်ကြည့်မိသည်။

ကြင်နာယုယမ တဏှာ (စွဲလမ်းမှု)တွေ၏ ခိုင်းစေခြင်းကိုခံလိုက အလုပ်လုပ်၍ ငွေရှာပေးနိုင်လျှင် သူ့တောင့်တချက်များ ပြန်ဖြစ်လာမည်။ သူ ဆုံးဖြတ်ချက်ချလိုက်ရုံသာ ရှိသည်။

ဒါမှမဟုတ် ဇနီးကျွန်၊ သားသမီးကျွန်ဘဝနှင့် တဏှာဝဲဩဃထဲက လွတ်မြောက်ရာဖြစ်သော တရားအေးရိပ်သို့ သွားကာ သူ့ဘဝ၏ နောက်ဆုံးနေ့များကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းလိုက ဖြတ်သန်းနိုင်သော အခွင့်အရေးက အသင့်ရှိနေသည်။ ဗီလမ်းနှစ်သွယ်၏ လမ်းတစ်လမ်းကို သူ လျှောက်သွားဖို့ အားပြိုင်လွှမ်းဆွဲခြင်းကို သူ ခံစားနေရသည်။

"ဟဲ့ အကြီးကောင်၊ နင့်အဖေ အိပ်သွားပြီလား"

"စောစောက အိပ်ရာထဲ ဝင်လှဲနေတာပဲ"

"အဖေ ထမင်းမစားဘဲ ဝင်အိပ်သွားတယ် အမေ"

သမီးငယ်က သူ့အမေကို ပြောလိုက်ခြင်း ဖြစ်သည်။ သူ အိပ်မပျော်



သေး၍ ဇနီးဖြစ်သူက သူ့ကို အရေးတယူ ရှိ မရှိ ဘာပြန်ပြောမလဲဟု တွေးကာ သူနားစွင့်နေလိုက်သည်။

"စားချင်စား၊ မစားချင် နေပေါ့၊ သူ့ကို အရေးတယူလုပ်ပြီး ချော့ကျွေးမနေနိုင်ဘူး။ မနက်ဖြန် နှစ်လုံးထီ ဘာထိုးရမလဲဆိုတာ ဂဏန်း ရှာရဦးမယ်"

"မနေ့ညနေကလည်း အဖေ ထမင်း စားတာ မတွေ့ဘူး အမေ"

"သူ့ကိုယ်နဲ့ သူ့စိတ် အဝတ်ခံပြီး ရောဂါရတော့လဲ ငါ့မှာ တာဝန်တစ်ခု ပြီးသွားတာပဲ၊ ဘာမှမလုပ်ဘဲ အခေါင်းသင့်စားနေရတာကိုပဲ ကျေးဇူးတင်ရမှန်း မသိရင်တော့ မတတ်နိုင်ဘူး"

သူ အလုပ်လုပ်ကျွေးခဲ့သော အနှစ် (၃၀)နှင့် သူ အလုပ်မလုပ်ဖြစ်သော (၃)နှစ်တို့၏ ခံစားမှုကြင်နာမှုများက ကွာခြားလွန်းလှပါပေ။ အခုတော့ သူ အဖြေတစ်ခု ရလိုက်ပါပြီ။ ခဏတာ အေးချမ်းမှုပေးနိုင်သည့် လေနအေးဘဝထက် အဓိပ္ပာယ်ရှိသော အေးချမ်းမှုရနိုင်မည့် တရားရိပ်သည်သာ အကောင်းဆုံး သူသွားရမည့်နေရာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက်ပါတော့၏။

☐ ထွန်းအောင်ရှင်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

"သူတို့က ဘုရားကို ပူဇော်နေတာမဟုတ်ဘူး၊ ပူဆာနေကြတာဟ၊ လျှုဖွယ်ပစ္စည်းအမျိုးမျိုးနဲ့ ဘုရားကို လာဘ်ထိုးပြီး သူတို့ လိုချင်တာတွေ တောင်းနေကြတာ"

သစ်သီးဗျပ်တွေကိုင်လျက်နှင့် အေးမ ဘဘကြီးရှေ့ ဖြတ်အလာမှာ ဒီစကားကို ကြားလိုက်ရခြင်း ဖြစ်ပါသည်။ မေမေကြီးကို ထေ့လိုက်ခြင်းဖြစ်ကြောင်း ဤတိုက်မှာ အနေကြာပြီမို့ အေးမ သိလိုက်ပါသည်။ ဘဘကြီးက လူပျော်ကြီး သက်သက်မို့ သူ့မိန်းမကို စချင်နောက်ချင်စိတ် ကဲနေကြောင်းလည်း အေးမ အသိပါ။ ဒါပေမယ့် သူလင် သူ့မယားကိစ္စ ကိုယ့်အလုပ် မဟုတ်ပါဘူးလေ။

"အရဟတာဒိ နဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် . . ."

ဘုရားခန်းနှင့် နီးလာတော့ မေမေကြီးဘုရားရှိခိုးသံကို ခပ်အုပ်အုပ် ကြားလာရပေါ့။ အေးမ ခြေကို အသာဖွနင်း ကြောင်တစ်ကောင်လို ဘုရားခန်းထဲ လှမ်းဝင်ခဲ့ပြီး ကိုယ်လုပ်စရာရှိတာတွေကို ငြိမ်ငြိမ်ဆိတ်ဆိတ် သွက်သွက်လက်လက် လုပ်ပေးနေလိုက်၏။

"ဤသို့ပြုရ ကုသလကြောင့်၊ ဘုရားတပည့်တော်မ၏ အားငယ်လေး၊ အဲ . . . ကြာသပတေးသားကလေးသည် ရာထူး ဂုဏ်ထူးများ တိုးတက်ပြီးသကာလ၊ ဟဲ့ . . . အေးမ၊ သစ်သီးတွေ ရေစင်စင်ဆေးခဲ့ရဲ့လား"

"ဟုတ်"

"အေး အေး၊ စံပယ်ပန်းတွေကိုလဲ အမှိုက်သရိုက် မပါအောင်၊ ညှိုးနွမ်းပုပ်ရိနေတာတွေ မပါအောင် ရွေးပြီးမှ ဗန်းလေးနဲ့ထည့်ခဲ့နော်၊ ဒီပြင်ပန်းတွေကိုတော့ မေမေကြီး ပြထားတဲ့ ကြွေပန်းအိုးကြီးထဲမှာစိုက်ခဲ့၊ ပန်းကိုးမျိုး စေ့မစေ့လဲ သေသေချာချာ ရေကြည့်လိုက်ဦး၊ ခိုင်းထားတာတွေ ကောင်းကောင်းလုပ်နော်၊ ဒါမှ ညည်းလဲ ကုသိုလ်ရမှာ၊ ခုဘဝမှာ ကုသိုလ်ဆက်ထားမှ နောက်ဘဝ ဘဝတွေမှာ ခုလို မိဝေး ဖဝေးနဲ့ သူများအိမ်မှာ အလုပ် လာလုပ်မနေရဘူးပေါ့အေ"

သစ်သီးဗျပ်တွေ နေရာချအပြီးမှာ လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ အေးမ ဘုရားခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ မေမေကြီး၏ ဆုတောင်းသံကို ဆက်လက်ကြားရခိုက်မှာ ဘဘကြီး ပြောလိုက်သံကို သတိရပြီး ပြုံးမိသေးသည်။

ကိုကိုလေးအခန်းရှေ့က အဖြတ်မှာ စာကျက်သံ ဗလုံး ဗထွေးကို ကြားရပြန်၏။ ကိုကိုလေးက ခုထိ စာကျက်ရင် ကလေးတွေလို တတွတ်တွတ်နှင့် အသံထွက်ကျက်တတ်မြဲ။

"ကိုကိုလေးနှယ်၊ ဆရာဝန်မဖြစ်ခင်ကလဲ စာကျက်ရ၊ အခုလဲ ရာထူးတိုးဖို့ စာကျက်ရ"ဟု အေးမ သနားလိုက်မိသေးသည်။

"သူ့အမေ ယတြာတွေ လုပ်ပေးနေတယ် ဆိုပြီးလဲ ပြီးသားကတော့ မပေါ့ပါဘူး၊ သူ့စာသူ ကျက်နေတုန်းပဲ ဟေဟေ. . .၊ ဒီလိုနဲ့ သူကြိုးစားမှုနဲ့သူ ဘွဲ့လွန်စာမေးပွဲ အောင်သွားပြန်ရင် ညွှန့်ညွှန့်က သူ့ယတြာကောင်းလို့လို့ ထင်ဦးမယ်၊ အ ဟေ ဟေ ဟေ့"

နေ့လယ်တစ်ခေါက် လမ်းလျှောက်ထွက်ဖို့ တုတ်ကောက်ရှာရင်း ဘဘကြီးတစ်ယောက်တည်း ကလိတိတိ ပြောနေပြန်ချေသေးသည်။

"ဘာတဲ့၊ ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်သတဲ့ ဆိုလား၊ ဟား ဟား ဟား. . ."

မီးဖိုခန်းရေစင်မှာ ပန်းကိုးမျိုးကို စေ့မစေ့ ရေတွက်ရင်း အေးမ မနက်က အဖြစ်ကို တွေးမိပြန်သည်။

❏

မေမေကြီးနှင့်အတူ ဗေဒင်ဆရာအိမ်မှာ ယတြာသွားတောင်းတုန်းကပေါ့။ ဗေဒင်ဆရာကလည်း ချောလိုက်တာနော်။ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နဲ့ ခံ့ချောကြီးပါ။ ပါးမုန်းမွေးတွေများ စိမ်းစိမ်းမြလို့။ လက်ကလေးတွေကလည်း ဖြူဖွေးနုဖပ်လို့။ ဩော် ပါးစပ်ကလေးစိုက်ပြီး အရိပ်ထဲမှာ အခံ့သားထိုင်ပြီး သက်သောင့်သက်သာ လုပ်ရတဲ့အလုပ်ကိုး။

အေးမ ဆရာ့လက်ကိုကြည့်ရင်း အဝတ်လျှော်ရ ကြမ်းတိုက်ရနဲ့ ကိုယ့်လက်တွေကို မသိမသာ နောက်သို့ဝှက်လိုက်မိရဲ့။

ဆရာ့လက်နှစ်ဖက်စလုံးမှာ လက်ချောင်းလေးအတော်များများကလည်း အမွေးတိုင်ငွေများ ရစ်သီနေသော အခန်းထဲတွင်ပင် တဖျပ်ဖျပ်အရောင်တွေ လက်လက်ထလို့။

"ဆရာ့ညာဘက်လက်သူကြွယ်က မြလက်စွပ်ကို သေသေချာချာ ကြည့်ခဲ့စမ်းပါ မမညွှန့်ရယ်၊ စိန်နဲ့မြကို တစ်လှာချင်း ဆင်းဒဝစ်လို ညှပ်ထားပြီးမှ စက်နဲ့ပြန်ခုတ်ပြီး ချောထားတာ၊ ယိုးဒယားစိန်တိုက်က လက်ရာတဲ့၊ စိန်တစ်ရစ်မြတစ်ရစ် အဲ. . . စိန်တစ်ကန့် မြတစ်ကန့်နဲ့ လှမှလှ၊ နုနုဖြင့် ဆရာ လက်ချောကြည့်တိုင်း သွားရည်ယိုခဲ့ရတာ"

ဟု ထိုဆရာနှင့် မေမေကြီးကို မိတ်ဖွဲ့ပေးသော ဝိန်ပွဲစား ဒေါ်ခင်နုနုထွဋ်ရဲ့ စကားနှင့်လည်း ညီပါ့။

မေမေကြီးက ကိုကိုလေးဇာတာခွင်ကို တရိုတသေကမ်းပေးရင်း အရည်အချင်းစစ်စာမေးပွဲကိစ္စ၊ ရာထူးတိုးဖို့ အင်တာဗျူးကိစ္စတွေကို နင်းပြောနေတုန်း ဆရာက ဇာတာကို အသာကြည့်ကာ သူ့ကွန်ပျူတာအပြားလေးမှာ ဟိုခြစ်သည်ခြစ် ရေးခြစ် ရိုက်နှိပ်နေ၏။ ဩော် . . . ဗေဒင်ဆရာလည်း ကျောက်သင်ပုန်းနှင့် ကျောက်တံနှင့် ရေးခြစ်သည့်ခေတ် မဟုတ်တော့ပါလား။

အတန်ကြာမှ သူ့ရှေ့ကိုင်းမျက်မှန်ကို အသာချွတ်ကာ

"မမကြီးက ရာထူးကိစ္စဆိုပေမယ့် ဇာတာရှင်မှာတော့ အညံ့တွေသက်ရောက်နေတာ တွေ့နေရတယ်ခင်ဗျ၊ အကျ အဲ အဲ . . . မကောင်းတဲ့ဂြိုဟ်မှာ သက်နေတော့"



www.burmeseclassic.com

www.burmeseclassic.com

"အို. . . ဆရာရယ်၊ အဲဒါဆို အဲဒါကိုလဲ ဆွဲတင်ပေးပါ ဆရာ၊ လိုတာ ညွှန်ကြားပါ ဆရာရယ်၊ ဒီလိုဖြစ်နေတာ အန်တီတို့မှ မသိနိုင်တာ၊ တော်ပါသေးရဲ့ ဆရာ့ဆီ လာမိခဲ့ပေလို့"

ဆရာက သူ့လက်ညှိုး ဖြူသွယ်သွယ်ဖြင့် ကွန်ပျူတာပေါ် ရေးခြစ်နေပြီးမှ . . .

"ဂြိုဟ်စီးဂြိုဟ်နင်းအရတော့ ဘာပဲဖြစ်ဖြစ်ပါလေ၊ ဘုရားရှင်ကိုသာ ဦးခိုက်ဆည်းကပ်ပြီး သီသကေ ဦးခေါင်း ရတနာမြတ် အင်္ဂါထက်၌ အစချီကာ. . ."

မျက်နှာမဖော်ဘဲ တတွတ်တွတ်နှင့် ဆက်လက် မိန့်ကြားနေပြန်သည်။

ထိုဆရာ၏ ယတြာအရ ကိုကိုလေးဟာ အမြင့်ကို တက်လှမ်းနိုင်ဖို့ အိမ်ခေါင်ထက်မနိမ့်တဲ့ အုန်းပင်က အုန်းညွှန့် အုန်းဖူးတွေနဲ့ ဘုရားကို အထူးပူဇော်ရမတဲ့။ အုန်းဖူးကို ယူဆောင်ပေးသူကလည်း ကိုကိုလေးနှင့် နေ့တူနံတူ ကြာသပတေးသားဆို ပိုလို့ကောင်းသတဲ့။ အုန်းဖူးအပေါ်က ရွက်နုဖတ်ကလေးကိုတော့ စာမေးပွဲသွားဖြေခါနီးမှာမှ ကိုကိုလေး ကိုယ်တိုင် ကိုယ့်လက်နဲ့ကိုယ် ဆွဲဖွင့်ခဲ့ရမည်တဲ့။ ဒါမှ အတားအဆီး၊ အဖုံးအအုပ်တွေ ပွင့်ထွက်ပြီး . . .

"ဆရာရဲ့ ကာယကံရှင်က ဒါမျိုးမလုပ်ချင်ဘူးဆိုရင်ကော၊ နုတို့ ဘယ်လိုလုပ်ရမလဲ ဟင်"

မေမေကြီးတို့ မိသားစုအကြောင်း အိမ်သားတစ်ဦးလို အတွင်းသိ အစဉ်းသိ ဖြစ်နေသော ဒေါ်ခင်နုနုထွေးက မေမေကြီးအစား ဖျတ်ခနဲ ဝင်မေးပေးခဲ့သေးသည်။ မေမေကြီးက သူ မမေးရဲတာကို ဝင်မေးပေးသည့် ဒေါ်ခင်နုနုထွေးကို ကျေးဇူးတင်သော အကြည့်ဖြင့် အသာစောင်းငဲ့ကြည့်ရင်း ပြုံးပြသည်။ အပြန် ကားထဲမှာ . . .

"နုက သိပ်အကင်းပါးတာပဲကွယ်၊ မမညွှန့်ဖြင့် ကိုကိုလေးအကြောင်းလဲ သိနေတော့ မေးချင်နေတုန်း. . ." လို့ ချီးကျူးစကားဆိုခဲ့သည်။

"ဒါဆိုရင်တော့ သူစာမေးပွဲဝင်နေတဲ့ အချိန်နဲ့ကိုက်ပြီး မမကြီးက သူ့ကိုယ်စားပဲ အုန်းဖူးကို ဖွင့်ပေးပေါ့"

"ရပါတယ် ဆရာ၊ အန်တီ့သားက အမေက လုပ်စေချင်ရင်တော့ သူ့ဆန္ဒမပါလဲ လုပ်ပေးတတ်ပါတယ်၊ အမေ့စကားကို ဘယ်တုံးကမှ မပယ်ရှားဖူးပါဘူး"

မေမေကြီး ခပ်ကြွားကြွား မော်လိုက်သလို ကိုကိုလေးကလည်း အမှန်တကယ်ပင် မိခင့်စကားကို မြေဝယ်မကျ နားထောင်တတ်သော သားလိမ္မာ ဖြစ်ချေသည်။ ဘယ်မှာ မေမေကြီးစကားကို ဆန့်ကျင်ဖူးလို့လဲ။ အို. . . မေမေကြီးစကားဆို ကိုကိုလေးတို့၊ အေးမတို့သာမက ဘဘကြီးတောင်မှ အကျင့်ပါနေလို့သာ ပါးစပ်ကလေးနဲ့ ကလိတာပါ။ မေမေကြီးက ငါးခြောက်ဆိုရင် . . .။

အုန်းဖူးတစ်အုံရဖို့ အေးမတို့ ရန်ကုန်မြို့၏ ဈေးပေါင်းနှံ့သို့ ကားတစ်စီးဖြင့် လှည့်ပတ်သွားရှာရင်း ရောက်ခဲ့ရသည်။ မြို့တွင်း၊ မြို့ပြင်၊ ဆင်ခြေဖုံးရှိ ဘုရားပေါင်းစုံ၏ စောင်းတန်းတွေကိုတော့ အေးမ ခြေသလုံးတောင့်အောင် အတက်အဆင်း ပြုခဲ့ရသည်။ ဘယ်မှာမှ မရ။ အေးမ ခေါင်းခါလိုက်တိုင်း မေမေကြီးက "ဟုတ်ရဲ့လား အေ"ဟုပင် သံသယဖြင့် ဆိုလိုက်သေး။ နောက်တော့ . . .

"ကိုပေါရေ မင့်ပါ လိုက်သွားပြီး ရှာချေပါဦးကွယ် ဒီကောင်မလေးကများ မျက်စိလျှမ်းသလားလို့" ဟု အမိန့်တော်ချသဖြင့် ဒရိုင်ဘာကိုပေါပါ အေးမနှင့်အတူ အုန်းဖူးရှာဖို့ ဘုရားဈေးတွေ လိုက်တက်ခဲ့ရသည်။ အရေးထဲမှာ မေမေကြီး မသိတာက ကိုပေါမြင့်က အေးမကို ချိတ်တိတ်တိတ်ရယ်။ သူကတော့ ဘုရားသွား ကျောင်းတက် အေးမနဲ့ အတူတူလုပ်ရတယ်လို့ ပျော်လို့။

"မအေး၊ ဇရပ်တစ်ခုခုမှာ ထိုင်နေခဲ့လေ၊ ကိုယ်သွားရှာလိုက်မယ်" လို့တောင် အကြင်နာစကားနဲ့ အခေါ်အဝေါ်တွေ ပြောင်းပြီး (မေမေကြီးတို့ရှေ့မှာတော့ "မအေးမကျွန်တော်" စသဖြင့် ပြောတတ်ရဲ့) လောကွတ်လုပ်သေး။

"အမယ်လေး တော်ပါ။ ကျွန်မ ခြေတိုအောင် ရှာထားတာတောင် တစ်နေရာရာမှာ ထိုင်နေပြီး ပြန်လှည့်ဆင်းလာတယ်ထင်လို့ ရှင့်ကိုထည့်လိုက်တာလေ" ဟု ပြောလိုက်ရပေါ့။

အေးမ စိတ်ထဲမှာတော့ မေမေကြီးဟာ အထက်တန်းကျောင်းအုပ် လုပ်ခဲ့ဖူးတဲ့ ပညာတတ်ဖြစ်ပေမယ့် စာမတတ်ပေမတတ်နဲ့ လယ်ထဲမှာ ကောက်စိုက်ပျိုးနုတ် လုပ်နေတဲ့ ရွာက အမေ့ထက်တောင် ဘာလို့များ အယူတွေသီးနေရပါလိမ့်လို့ တွေးမိသည်။

ခြေတိုအောင် ရှာပေမယ့် အုန်းဖူး တစ်ဖူးတလေတောင် အေးမတို့ မရခဲ့ပါ။ တချို့နေရာတွေမှာတော့ အုန်းဖူးတစ်ဖူးလုံးမဟုတ်ဘဲ အုန်းဖတ်မပါတော့သော အုန်းဖူးထဲက အုန်းပွင့်အတံလေးတွေကိုသာ တစ်ခက်ချင်းဖြုတ်ထားတာ ခပ်ကားကားလေး တွေ့ခဲ့ရသည်။ အုန်းဖူး အုံလိုက်မရခဲ့။ ရွှေတိဂုံဘုရား အနောက်ဘက်မုခ် စောင်းတန်းက ပန်းဆိုင်တွေမှာတော့ အုန်းဖူးကို တွေ့ပေမယ့် အုန်းဖတ်ကိုတော့ ခွာထားနှင့်ပြီ။ အုန်းဖူးတစ်ဖူး တစ်ဖူးလုံးကို ဈေးကြီးပေးပြီး မဝယ်ချင်ကြပေမယ့် အုန်းဖူး တစ်ခက်ချင်းကို ခွဲဖွဲ့ကာ ဝယ်နိုင်အောင် ရောင်းတော့လည်း သည့်သက်ပင် ဈေးရသည်။ ဈေးသည်တွေကတော့ ဒီလိုပဲ လုပ်ကြမည်ပေါ့။

ဈေးသည် အစ်မကို "အုန်းဖက်ကောဟင်" ဆိုတော့ ဘေးက အမှိုက်ထည့်သည့် ဝါးခြင်းကြီးကို မေးငေါ့ပြသည်။ ဈေးကွက်ဝင်သည့် အုန်းဖူးတွေကို ဈေးလျက်နှင့် အမှိုက်သာဖြစ်သည့် အုန်းဖတ်ကို အပိုလုပ်ပြီး မေးနေသလားဆိုသည့် အဓိပ္ပာယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

လက်ချည်းပြန်မည့်အတူတူ မထူးတော့ပြီမို့ လွှင့်မပစ် သော အုန်းဖတ်ကို ကောက်ကာ အုန်းဖူးလေးတွေ လိုက်ပြီး အုန်းဖတ်ထဲ ပြန်ထည့်ရင်း နှီးနှင့်ပတ်ရင်း မေမေ ကြီး စောင့်နေသည့် ကားဆီ ပြန်လာခဲ့သည်။ မေမေကြီးက တော့ တစ်စစီဖြစ်နေသော အုန်းဖူးများကို ကြည့်ကာ သိပ် တော့နုပ်လှ။

"အေးပေါ့လေ၊ မရတာထက်စာရင် တော်သေးတာ ပေါ့"

အင်းလျားမြိုင်က တိုက်ကို ပြန်ရောက်ကြသောအခါ ပေါ်က ဆင်းသော်လည်း မေမေကြီး အိမ်ထဲသို့ ချက်ချင်း ဝင်သေး။ ခြံစပ်က အုန်းပင်တွေကို မော့ကြည့်နေသေး သည်။ ကိုယ့်ခြံထဲမှာ အုန်းပင်ရှိလျက်နှင့် အုန်းဖူးရှာရခက် နေသည်ကို ဘဝင်မကျနေဟန်။ သို့သော် ထမင်းချက် မြတင်ကလေး ယောက်ျား ခြံစောင့် ကိုခင်မောင်ကြီးက ည်း သစ်ပင်မတက်တတ်၊ တက်တတ်လည်း ဒီလို ဖြောင့် ဖြောင့်မြင့်မြင့်နှင့် မိုးထိစွင့်နေသည့် အုန်းပင်မျိုးကို တက်ရဲ ည်မဟုတ်။ ကားမောင်း ကိုပေါ်မြင့်ကတော့ ပိုလို့ပင် ဝေး သေးသည်။

အုန်းပင်တွေကို အတန်ကြာငေးကြည့်လိုက် ခေါင်း ခါလိုက်နှင့် အတန်ကြာ ဆင်ဝင်အောက်မှာ ရပ်နေပြီးမှ မေမေကြီး အိမ်ထဲဝင်၏။ အေးမလည်း ကိုယ့်အလုပ်ခန်း ဖြစ်သော မီးဖိုချောင်သို့ အသာဝင်ခဲ့သည်။

❑

နေ့လယ်နေ့ခင်း နားတုန်း ဘုရားပန်းလဲဖို့ အေးမ ဘုရားခန်းထဲ ဝင်ခဲ့တော့ မေမေကြီးက ဘုရားစင်ရှေ့က ကော်ဇောပေါ်မှာ ထိုင်ရင်း ဘုရားရှိခိုးနေ၏။

"ဆူ ကြုံ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေး ကြပါစေ" အပိုဒ်တောင်ရောက်နေပေ့။ အေးမ မေမေကြီးကို တွေပတ်ဝိုက်ပြီး ဘုရားစင်နား အကပ်လိုက်တွင် . . .

"ဟဲ့ . . . အေးမ၊ အေးမ၊ အေးမ ဘာသံတဲ့တုံး"

"ရှင်၊ မေမေကြီး"

"ဘာသံကြားလဲလို့ပါဟဲ့"

အေးမဖြင့် ဘာသံမှ မကြားမိပါ။ သို့သော် မျက်နှာ လေးစောင်းကာ နားလေးစွင့်ပြီး အသာနားထောင်နေလိုက် ၏။ ပြီးမှ . . .

"ဘာမှ မကြားမိပါဘူး မေမေကြီး"

ပြောရင်းဆိုရင်းဖြင့် အေးမ မေမြို့ပန်း ခရမ်းရောင် များကို ကြွေအိုးဖြူကြီးတွင် ခပ်သွက်သွက် ထိုးစိုက်လိုက်သည်။

"အေးလေ၊ ငါ အနားကပ်ခေါ်ရင်တောင် ညည်းက တစ်ခါတလေ မကြားတတ်တာ၊ လမ်းပေါ်က အော်သွားတဲ့ အသံဆိုတော့ ပိုဝေးပေ့။ ဟဲ့ . . . ဒါထက် နင့်ဘဘကြီးကော"

"ဟို ဟို . . . ခုတင်ကပဲ လမ်းလျှောက်ထွက်သွားပြီ မေမေကြီးရဲ့"

"သူ့မှာဖြင့် နေသာလဲလျှောက်၊ မိုးရွာလဲလျှောက်၊ ဟဲ့ဟဲ့ . . . အို နားထောင်စမ်း၊ ဘာတဲ့"

ဒီတစ်ခါတော့ တစ်ခြံကျော်လောက်ဆီမှ အသံရှည် ဆွဲအော်နေသံကို အေးမလည်း ကြားလိုက်ရပေ့။ ပီပီသသ ကြီး မဟုတ်လှသော်လည်း မကြာခဏဆိုသလို ဆက်တိုက် ကြားနေရသဖြင့် အေးမလည်း ဘာအော်နေမှန်းသိလာသည်။ ခုလို မိုးဦးကျစ ရာသီချိန်ရောက်တိုင်း ကြားနေကျအော်သံ။ ရာသီချိန်မီ လုပ်ကြသည့်အလုပ်။

"အုန်းသီးခူးတယ်၊ အုန်းပင်ပြင်ပေးတယ်၊ အုန်းပင် ရင်းမှာ ဆားပုံပေးတယ်၊ အုန်းလက်ခြွေပေးတယ်"

တစ်လမ်းလုံးက အိမ်တိုင်း ခြံကျယ် ဝင်းကျယ်တွေနှင့် ဖြစ်သော ဤလမ်းထဲသို့ မကြာခဏ လာအော်နေကျ အုန်း ပင်ပြင်သမားများ။ ခါတိုင်းလိုဆိုလျှင်ဖြင့် ခြံထဲမှာ အုန်းပင် တွေရှိပေမယ့် မေမေကြီးက တစ်ခါမှ သူတို့ကိုခေါ်မခိုင်းဖူး ပါ။ အုန်းသီးအကြွေသာ စောင့်ကောက်ခိုင်းပြီး အုန်းထမင်း ချက်စားတတ်ပါသည်။

"ဘယ်ကဟာတွေမှန်း မသိ၊ လူစိမ်း သူစိမ်းတွေ ကိုယ့်ခြံထဲ အဝင်မခံနိုင်ပေါင်၊ တော်ကြာ သူခိုးလမ်းပြလုပ် သွားရင် အခက်" ဟုပင် ပြောတတ်သေးသည်၊ ခုတော့ . . .

"အမယ်လေး မောင်မင်းကြီးသားတွေ၊ အချိန်ကောင်း မှာမှ ရောက်လာပေတယ်၊ ဟဲ့ အေးမ၊ လိုက်ခေါ်စမ်း၊ မြန် မြန်၊ သြော် . . . နေဦး နေဦး၊ ညည်းဆင်းသွားရင် ကြာနေပြီး ကျော်သွားလိမ့်မယ်၊ ခြံဝက ခင်မောင်ကြီးကို ခေါ်ခိုင်းလိုက်၊ ထွက် ထွက် ဝရန်တာကိုထွက်၊ အဲဒီဝရန်တာကပဲ လှမ်းအော် ခေါ်ပြီး ခိုင်း"

အေးမကို ပြောရင်း သူကိုယ်တိုင်ကလည်း ကော်ဇော ပေါ်မှ ကုန်းရုန်းထနေသဖြင့် အေးမက ဆွဲထူပြီးပြင်သည်။

"နေနေ၊ ငါ့ဘာသာထမယ်၊ ညည်းကို ခိုင်းတာသာ လုပ်"

အေးမ ဝရန်တာဘက်ထွက်ပြီး ကိုခင်မောင်ကြီးကို အော်ခေါ်လိုက်ရ၏။ သူက ဆက်ပြီး ခြံပြင် အပြေးတစ်ပိုင်း ထွက်ကာ အုန်းပြင်သမားတွေကို ခေါ်နေသည်၊ ဝရန်တာမှာ ရပ်ခိုက် ခဲသားရောင် ပြာညို့ညို့မိုးကောင်းကင်ကြီးကို မြင် ရချိန်တွင် လမ်းလျှောက်ထွက်သွားသော ဘဘကြီးလက်ထဲမှာ ထီးအစား တုတ်ကောက်ကြီးသာပါသွားကြောင်း သတိရမိ သေး၏။

အို . . . အကျင့်ပါလို့သာ လမ်းလျှောက် ထွက်နေ တာ သိပ်ဝေးဝေးသွားမယ် မထင်ပါဘူး။ ဘုရားခန်းကို ပြန် အဝင်မှာတော့ မတ်တတ်ရပ်ရင်း လည်ဆန့်နေသော မေမေ ကြီးကို တွေ့လိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

“တော်ပါသေးရဲ့အေ၊ ဒါကြောင့် ဆရာက ဘာမှမပူနဲ့ ဖြစ်ကိုဖြစ်လာရမယ်လို့ ပြောလိုက်တာ၊ လာ လာ ငါ့ကို အောက်ထပ်မြန်မြန်ရောက်အောင် တွဲပို့၊ ညည်း စံပယ်ပန်းတွေ ငွေလင်ပန်းနဲ့ ထည့်ခိုင်းထားတာလဲ အုန်းဖူးရလာမှ ငါတိုယ်တိုင် အုန်းဖူးနဲ့အတူ ဘုရားမှာကပ်မယ်၊ ခု သွားမယူခဲ့နဲ့တော့၊ ဟဲ့ ဒါနဲ့ ဆရာက အိမ်ခေါင်ထက် မနိမ့်တဲ့ အုန်းပင်ကရတဲ့ အုန်းဖူးဆိုပြီး တိတိပပကို ပြောသေးတယ်နော်၊ ဒါဆို တို့တိုက်ခေါင်းရင်းက အုန်းပင်က ပိုမြင့်တယ် မဟုတ်လားဟဲ့”

စိတ်လောပြီး တက်ကြွစွာနှင့် အောက်ထပ်သို့ ဆင်းနေသော မေမေကြီးကို လှေကားအတက်အဆင်းမှာ အေးမ အတော်သတိထား တွဲခဲ့ရသည်။

သူကတော့ တအိအိဆင်းရင်း . . .

“ဆရာက သားလေးရဲ့ဇာတာဟာ တိုင်ထိပ်ဆီ ဦးတည်နေသတဲ့၊ အထွတ်အထိပ်ကို ရောက်ဦးမှာတဲ့၊ အုန်းဖူးကိုသာ ဆရာ ပြောတဲ့အချိန်မှာ သူကိုယ်တိုင် ဖွင့်ပေးနိုင်ရင် ငါ့သားလေး လမ်းပွင့်ပြီ၊ အောင်မြင်ခြင်းလမ်းတွေ ပွင့်ပြီ၊ အံမယ် ဆရာက ပြောလိုက်သေးတယ်၊ တက်နိုင်ရင်လဲ အခေါင်အဖျားတဲ့၊ အဆင်းဆိုလဲ ဒုတ်ဒုတ်ထိပဲတဲ့၊ အို . . . အဆင်းအကျတော့ မရှိနိုင်ပါဘူး၊ သားလေးက ဆရာဝန်ပဲဟာ ရာထူးဘွဲ့ထူး မတက်ရင်သာရှိမှာ၊ အဆင်းလမ်းတော့ ဘာမှ မရှိနိုင်ပါဘူး၊ ဒါပေမယ့် နယ်ပို့တာတွေ ဘာတွေ ခံရရင် သူဖြစ်ချင်တဲ့ အထူးကုဆရာဝန်၊ အို . . . ဘာမှ မကောင်းတာ မဖြစ်နိုင်လောက်ပါဘူး၊ ကောင်းမှာ၊ ကောင်းကို ကောင်းလာဦးမှာပါအေ”

သူ့ဘာသာ ရေရွတ်နေသလိုလို၊ အေးမကိုပဲ အရေးလုပ်ပြီး ပြောနေသလိုလို။

အေးမတို့ ဆင်ဝင်အောက် ရောက်သွားချိန်မတော့ အုန်းပင်သမားတွေက သံချိတ်ကောက်ကြီးတွေ၊ လှီးဖြတ်ရန်ဓားတွေ၊ အပင်တက်ရန် ကြိုးခွေတွေနှင့် အသင့် ရောက်နေကြပေပြီ။ အသက်ကြီးကြီးတစ်ယောက်က အသက်(၄၀) ကျော် (၄၅) နှစ်ခန့်သာရှိပေမယ့် ရုတ်တရက် ကြည့်ရင် ပိုကြီးတယ် ထင်ရတဲ့ပုံမျိုး၊ တစ်ယောက်က ခပ်ငယ်ငယ်နှင့် သနားကမားရုပ်၊ အေးမတို့ အရွယ်သာသာ။ ပြီးတော့ အေးမ အလွန်ကြိုက်သည့် ဗွီဒီယိုမင်းသားနှင့်တောင် ခပ်ဆင်ဆင်၊ ဆံပင်ပုံကြောင့်များလား။ အို . . . သူလည်း မင်းသားလိုသာ ကောင်းတောင်းမွန်မွန် နေရ စားရရင် သာတောင်သာမယ့် ရုပ်မျိုး။ မေမေကြီးက တိုက်ခေါင်းရင်းဘက်ဆီသို့ ညွှန်ပြရင်း သူလိုချင်တာများကို ညွှန်ကြားနေသည်။

“အုန်းဖူးကို အဖူးလိုက်ရအောင် လိုချင်တာကွယ်၊ အုံလိုက်ပါအောင် ယူခဲ့နော်၊ အုန်းသီးကိုတော့ ဟဲ့ . . . တို့ ငပလီသွားတုန်းက စားခဲ့သလို ဖွန်းခြစ်အရွယ် ခပ်နုနုလေး များရရင် တစ်ခိုင်လောက် ကြုံတုန်း ချပေး၊ ကျန်တာတော့ မင်းတို့ အဆင်ပြေသလိုသာ လုပ်ခဲ့”

အုန်းပြင်သမားလူကြီးက အုန်းခူးရင် ဘယ်လောက်၊ ဆားပုံရင် ဘယ်လောက် စသဖြင့် သူ့လုပ်ခများကို ပြောနေသေးသော်လည်း . . .

“အန်တီခိုင်းတာသာ မင်းတို့ ကောင်းကောင်းလုပ်ပေးပါကွယ်၊ မင်း မနစ်နာစေရပါဘူး”ဟုသာ ပြောလိုက်သေးသည်။

ဦးလေးကြီးက အုန်းပင်တက်ဖို့ပြင်တော့ သူ့သားက

“ကျွန်တော် တက်မယ် အဖေ အပင်က နည်းနည်းမြင့်တယ်” ဟု ပြောလိုက်သည်။ ဦးလေးကြီးက မေမေကြီးကို တစ်ချက် ဖျတ်ခနဲကြည့်ရင်း . . .

“အဖေ တက်ပါ့မယ် သားရယ်၊ ကြီးတော်ကြီး ခိုင်းသလိုဆိုရင် အုန်းဖူးကိုမထိမခိုက်ရအောင် ပိုက်ပြီး ဆင်းလာရမှာ သားရဲ့”

“ရပါတယ် အဖေ၊ ကျွန်တော် သေသေချာချာ ဂရုစိုက်ပြီး ယူခဲ့ပါ့မယ်”

“အေး အေး . . . ဒါဖြင့်လဲ တက်၊ သတိထားတ မိုးရွာထားလို့ အပင်မှာ ရေညှိတက်နေမှာ သား သတိ ကောင်းကောင်းထား၊ ဆင်းရင်လဲ ဖြေးဖြေးမြဲမြဲနဲ့ဆင်းနော်”

လူငယ်က ဘာမှမပြောတော့ဘဲ ကြိုးခွေကို ချိုင်းကြား နား ရောက်သည်အထိ စွပ်လိုက်ပြီး လက်နက်ကိရိယာ တချို့ကို ခါးက ခါးပတ်ကြားမှာထိုးသည်။ ခါးတော မြှောင်အောင်ကျိုက်စရာမလိုဘဲ ဒူးဖုံးကွာတားပင်နှင့်မို့ တော့ အမီသား။ တစ်ချက် အေးမကို မသိမသာကြည့်သွား လိုက်သေးသည်ကို ရင်ခုန်သံ တူသူခ့င်းသာ သိကြပေသည် သူ အုန်းပင်ဆီ လျှောက်လှမ်းအသွားမှာ သူ့အဖေက . . .

“သားက ဒုတိယနှစ် အဝေးသင်ကျောင်းသား ကြီး တော်ရဲ့”

“ဪ . . . ဒါ့ကြောင့် ရည်ရည်မွန်မွန်လေးလို့ အ က ထင်လိုက်သား၊ အေးကွယ်၊ မိဘကို အလိုက်သိတဲ့ တ မျိုးဟာ ကြီးပွားတိုးတက်မှာပါ”

ထိုရည်ရည်မွန်မွန်လေးကို အေးမ လှမ်းကြည့် တစ်စုံတစ်ယောက်က ကိုယ့်ကိုဖိုက်ကြည့်နေသလို ခံစား ရပြီး ကျောမလုံသဖြင့် ဘေးကိုကြည့်လိုက်တော့ ကား သည့် ကိုပေါမြင့်ကြီး။ အေးမ မသိမသာမျက်စောင်းထိုး တာကိုဖြင့် သူ့အာရုံနှင့်သူ ဇောကပ်နေချိန်မို့ မေမေကြီး မမြင်လိုက်။

သူတစ်ယောက်ကတော့ဖြင့် လောလောဆ အုန်းပင်ပေါ်သို့ တဖျပ်ဖျပ်နှင့်တက်သွားပေ့ါ။ ကြည့် ကောင်းနှင့် အေးမ ကြည့်နေလိုက်မိစဉ် အုန်းဖူးရလ ထည့်ဖို့ မောင်းတောင်ချိုင့်အရွယ်ခန့် ဖန်ရေတ





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို မေမေကြီးက အသင့်ပြင်ထားခိုင်းပြန်သည်မို့ အိမ်ထဲ ပြန်ဝင်ခဲ့ရသည်။

"အန်တီ့သားက ဆရာဝန်လေ၊ အခု ဘွဲ့လွန်စာမေးပွဲ ဖြေမှာ၊ ဒါပြီးရင် ပါရဂူကြီးဖြစ်ရော၊ အဲဒါ စာမေးပွဲ သူဖြေနေတုန်း အန်တီက ဘေးကနေ အထောက်အပံ့ဖြစ်အောင် လုပ်ပေးနေတာ၊ ဆရာဟောတဲ့အတိုင်းသာ အုန်းဖူးယတြာကို ခုလိုအချိန်မှာ အချိန်မီချေနိုင်ခဲ့ရင် ဘွဲ့လဲထပ်ရ၊ ဌာနမှာလဲ ရာထူးတိုးပေါ့ကွယ်၊ သားကို ဒီနေရာရောက်လာတဲ့အထိလဲ အန်တီက ဘေးကနေ အကူအညီပေးနေခဲ့ရတာ၊ အေး အေး မင်းတို့ကိုလဲ အန်တီက ပြောထားတဲ့လုပ်ခထက် ပိုပေးမှာ ပါကွယ်"

ကြွားပြောလေး ပြောနေသော မေမေကြီး အသံကို သူ့အနားက ထွက်လာသည့်တိုင်အောင် အေးမ ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။ မေမေကြီးမှာ တစ်ခုကောင်းသည်က သူ့ကိစ္စသာ အဆင်ချောလို့ကတော့ အနှမြောမရှိ ဘတ်ခြင်းပင်။ အေးမကိုဆိုလျှင် အလုပ်ကောင်းလို့ဆိုပြီး အဝတ်အစားကအစ နားကပ်၊ လက်စွပ်လို ရွှေတိုရွှေစလေး များပါမကျန် ဆင်ခဲ့သည်လေ။ ရွာကအမေများ အေးမ ဒီအိမ် မှာ အလုပ်ဝင်ကတည်းက တော်ရုံအဝတ်အစား ဝယ်ဝတ် ရသည် မရှိ၊ မေမေကြီး စွန့်ကြဲသမျှနှင့် မင်းကတော်ဆင်တွေ ဆင်နေရပေါ့။ အဲ. . . ဘဘကြီး အနားမှာ ရှိမနေတာဘဲ တော် သေးရဲ့။ မဟုတ်ရင်တော့ မေမေကြီး ဒီလိုပြောသံများ ကြား လိုက်လို့က စကားဖြင့် . . .

"သားက သူ့ဘာသာ လိမ္မာပြီး စာကြိုးစားလို့ ဖြစ်လာ တာများ"ဟု မကြားတကြား ပြန်ကလိနေဦးမည်။

မေ့မေကြီးခိုင်းတာ လုပ်ပေးပြီးနောက် ကိုကိုလေး စာကျက်နေသည်ကို နေ့လယ်စာ ကော်ဖီ ဖျော်တိုက်ဖို့ အချိန် နီးပြီမို့ သူ့အခန်းဘက် အသာသွားကြည့်လိုက်တော့ စာအုပ်ကို ရင်ဘတ်ပေါ် တင်ပြီး အိပ်ပျော်နေရှာ။ ကိုကိုလေးတို့လောက် များ စာတွေ နေ့ညမဟူ ကျက်ရမည်ဆိုလျှင် အေးမ ပညာ တတ်ဘဝကို မလိုချင်တော့။

"ဖုန်း" အုန်းသီးခိုင်တော့ ချလိုက်ပြီထင်ရဲ့။

အေးမ အိမ်ရှေ့သို့အသာလေး လျှောခနဲပြေးထွက်ခဲ့ သည်။ မီးဖိုချောင်ဘက်မှ ထွက်လာသော မမြတင်ကလေး နှင့် တိုက်မိမလိုဖြစ်ပြီး နှစ်ယောက်အတူ တိုင်ပင်ထားသလို အိမ်ပြင်သို့ အသော့နှင့် ထွက်အလာ . . .

"အမယ်လေး . . . ဟင်၊ အို . . . လုပ်ကြပါဦး"

မေမေကြီး အော်လိုက်သံနှင့်အတူ အုန်းပင်ပြင်သည့် ဦးလေးကြီး၏ အာမေဋိတ်သံကိုလည်း ကြားလိုက်ရသည်။ အုန်းပင်ရင်း မြက်တောထူထူထဲမှာတော့ အေးမရဲ့ ဗွီဒီယို မင်းသားလေးတစ်ယောက် ခွေခွေခေါက်ခေါက်လေး လဲတျ လျက်။

"ဘုရားရေ"

အေးမ ရင်ထဲ ဒိန်းခနဲ အလုံးကြီးဆောင့်တက်သွား ပေါ့။ အုန်းပင်ပေါ်က ပြုတ်ကျတာလား၊ ဘယ့်လောက် အမြင့်က ကျလာတာလဲ။ ကြိုးဆိုင်းနှင့်အတူပြုတ်ကျတာလား၊ အသားလွတ် ကျတာလား။ ဘာဒဏ်ရာတွေများ ရသွားသေး လဲ။ ခြေတွေ လက်တွေ ကျိုးပဲ့ကုန်ပြီလား။ သွေးတွေရော၊ ငွေသွေးတွေ သွေးစွေ ထွက်နေသလား။ အေးမ မကြည့်ရက် . . . အဲ မကြည့်ရဲပါဘူး။

"ကျွန်တော့်သားလေးဗျာ၊ မသေကောင်း မပျောက် ကောင်း၊ လုပ်ကြပါဦးဗျာ"

ဦးလေးကြီးက သူ့သားကို ရင်ခွင်မှာ ဆွဲပွေ့ရင်း တတွတ်တွတ်ပြောနေပြန်သည်။ ထိုစဉ် ဘုတ်ကောက်ကြီး တယမ်းယမ်းဖြင့် လမ်းလျှောက်ရာမှ ပြန်လာသော ဘဘကြီး က "ဘာဖြစ်ကြတာလဲ ဟေ့" ဟု မေးရင်း ခပ်သွက်သွက် ဝင်လာသည်။

ကိုခင်မောင်ကြီးက ဆရာဝန်ကိုကိုလေးကို သတိရကာ သွားနှိုးပြီး ခေါ်လာခဲ့၏။ ဆရာဝန်ပီပီ အကင်းပါးပြီး အမြဲ အဆင်သင့်ဖြစ်နေသော်လည်း တည်ငြိမ်သော အသွင်ဖြင့် ကိုကိုလေးက လူအုပ်ကြားမှ လူနာဆီ တိုးဝင်သွားသည်။

သူ့ကို ဆွဲပွေ့ထားသော သူ့အဖေလက်မောင်းပေါ်မှာ ခေါင်းက သွေးအစွန်းသားနှင့် သူ့ကို အေးမ မြင်လိုက်ရတော့ ဆတ်ခနဲ မျက်နှာလွှဲလိုက်မိပေါ့။ တစ်ခါမှ သွေးထွက်သံယို ကြီးကြီးမားမား အေးမ မမြင်ဖူးခဲ့ပါ။ ရင်ထဲ သိမ့်ခနဲ လှိုက် ဟာသွားသလို ခံစားရကာ ခေါင်းတွေမူးနောက်နောက် ဖြစ် လာ၏။

"တက်နိုင်လျှင်လဲ အခေါင်အဖျား၊ အဆင်းဆိုလဲ ဒုတ်ဒုတ်ထိပဲ"

ပေဒင်ဆရာ၏ စကားလုံးများကို အေးမ ကြားယောင် မိပြန်သည်။ စိန်ရောင်မြရောင် ပြိုးပြက်သော ဆရာ့လက် အစုံကိုလည်း မဆီမဆိုင် မြင်မိသေး၏။

အနိမ့်ဘက်သက်ရောက်နေသော ကိုကိုလေးကံကြမ္မာ ကို ဆွဲတင်ကာ ကံမြင့်အောင် ယတြာနှင့်မြှင့်ဖို့ လုပ်ခဲ့ကြ သည်ဆိုသော်လည်း ကိုကိုလေးက ဘဝကံကောင်းပြီးသားပါ။ ဉာဏ်ရည်မြင့်မားလှသလို ကြိုးစားမှုကလည်း အေးမတို့ အမြင်ပါပဲ။

ဒါပေမယ့် တကယ် ကံနိမ့်သွားသူကတော့ အုန်းပြင် သမားလေးပေါ့နော်။ အဆိုးအညံ့တွေကို ဆွဲယူဖယ်ရှားလို့ ရခဲ့ရင်လည်း ကံဇာတာဆိုးတွေကတော့ လေမှာ ပျောက် ပျက်မသွားဘဲ မြေနိမ့်နိမ့်မှာ ထိုးစိုက်လိုက်သည့် လုံ့တံတစ် ချောင်းနှယ် အသွင်ပြောင်းသွားလေရော့သလား။

❒ ကိုချမ်း(ဆေး-၂)



www.burmeseclassic.com

www.burmeseclassic.com

သူဟာ ကျွန်တော့်မိတ်ဆွေပါ။ သူနဲ့ မကြာခဏ မြို့ထဲမှာ သွားရင်းလာရင်း မကြာခဏ တွေ့ဆုံခဲ့ကြပေမယ့် သိပ်မရင်းနှီးခဲ့သေးပါ။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပေါ် ပေါက်လာပြီးနောက် သူက တရားသူကြီးတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

အဲဒီခေတ် အဲဒီစနစ်ကို စိုးစဉ်းမျှ မပြောလိုပါ။ ပြည်သူအများ လက်တွေ့ မျက်ဝါးထင်ထင် ခံစား ကြုံတွေ့ပြီးဖြစ်လို့ သိမြင်ခဲ့ကြပြီး ဖြစ်လို့ပါ။

ဒါပေမယ့် သူ့အကြောင်းတော့ ပြောချင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com


သူက တရားသူကြီး၊ ကျွန်တော်က ရွှေနေဆိုတော့ တရားရုံးမှာ သူနဲ့ အတွေ့များလာပါတယ်။ လုပ်ဖော် ကိုင်ဖက်တွေ ဖြစ်လာတော့ ပိုပြီး ရင်းနှီးလာပါတယ်။

တရားခွင် တရားသူကြီးခုံပေါ်က နေပြီး တရားခွင်မှာ အမှုစစ်ရင် သူက သေသေချာချာစူးစိုက်ပြီး နားထောင်တယ်။ အကဲခတ်တယ်။ ပတ်ဝန်းကျင်ကို ဖျတ်ခနဲ မျက်စိဝေ့ယမ်းပြီး လေ့လာတယ်၊ တကယ်တော့ အမှန်၊ အမှားကို သူ သုံးသပ်နေတာ။

ထူးခြားတာက သူကြည့်တဲ့ သူ့မျက်လုံးဟာအေးချမ်းတယ်၊ ကြင်နာတယ်၊ တည်ငြိမ်တယ်၊ မေတ္တာ ကရုဏာတွေ ပါနေတာကို သတိထားမိတယ်။

သူစကားပြောရင်လည်း တိုးညင်း ညင်သာတယ်၊ လေးနက်တယ်၊ စကားလုံးတွေက မှာန်ပါတယ်။

ရုံးအဖွဲ့သားတွေ၊ ရဲတွေ၊ ရှေ့နေတွေ၊ အမှုသည်တွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ရည်မွန်တယ်၊ မျှတတယ်၊ လေးစားတယ်၊ သနား အကြင်နာတွေက ပိုကဲနေသလိုပဲ။



www.burmeseclassic.com

ဒီတော့ ကျွန်တော်နဲ့က ပိုပြီး အကြောတည့်လာတယ်။

ဩော် ပြည်သူတွေက ရွေးချယ်လိုက်တဲ့ တရားသူကြီးကောင်း တစ်ယောက်ပါလားလို့ စိတ်ထဲမှာ ချီးမွမ်းမှတ်သားမိလိုက်တယ်။

တစ်ခါတလေ သူနဲ့ ရုံးမှာစကားပြောဖြစ်ခဲ့တယ်။

"ဆရာ"

သူက ကျွန်တော့်ထက် အသက်ကြီးပေမယ့် လေးစားတဲ့အနေနဲ့ ကျွန်တော့်ကို ဆရာလို့ခေါ်တယ်။ တရားရုံးမှာလည်း ဒီလိုပဲ သုံးစွဲခေါ်ဝေါ်နေကြတယ်လေ။ ကျွန်တော်ကလည်း သူ့ကို တရားသူကြီးတစ်ဦးမို့ လေးစားတဲ့ အနေနဲ့ ဆရာလို့ပဲ ခေါ်တယ်။

"ဗျာ"

"ဆရာလိုက်တဲ့ ရိုက်မှုမှာ ဟိုခင်မောင်ဆိုတဲ့ တရားခံဟာ ပါမယ် မထင်ဘူး ဆရာရဲ့"

ရင်းနှီး ခင်မင်လာကြတော့ တစ်ယောက်နဲ့ တစ်ယောက် လျှို့ဝှက်ချက်တွေကိုတောင် တိုင်ပင်ဖွင့်ဟ ဆွေးနွေးလာကြတယ်။ ဒါကလည်း တစ်ယောက်သိက္ခာကို တစ်ယောက်က ယုံကြည်ကြလို့ပါ။

"ဟုတ်တယ်ဆရာ၊ အဲဒီတရားခံကို ရဲက ဆွဲထည့်ထားတာ"

"ဟုတ်မယ်ထင်တယ် ဆရာ၊ ဒါကြောင့်မို့ သက်သေထွက်ချက်က ရှေ့နောက်မညီဘူး၊ ဒီကောင် လွတ်နေတယ်"

"ဆရာ သုံးသပ်တာ ဟုတ်ပါတယ်"

သူ့အမြင်က စူးရှတယ်။ အမှန်ကို ရောက်အောင် သုံးသပ်နိုင်တယ်။

"အင်း ဟိုရိုက်တဲ့ ကောင်လေးတွေကလဲ ဒေါသအလျောက်ဖြစ်ကြတာနဲ့ တူပါတယ် ဆရာရယ်"

သူ သုံးသပ်ပုံက ဓမ္မဓိဋ္ဌာန်ကျတယ် ပုဂ္ဂိုလ်စွဲမပါဘူး။ သူ့စိတ်က ဖြူစင်နေကြောင်း ပေါ်လွင်နေတယ်။

တစ်ခါတလေ မှာတော့လည်း-

"ဆရာ"

"ဗျာ"

"ဆရာလိုက်တဲ့ ဟို ခြောက်တစ်အမှုက တရားခံက ရေနံခိုးတာတော့ ပေါ်လွင်နေတယ်ဗျ"

"ဟုတ်တယ်ဆရာရဲ့၊ ခိုးတာ မှန်တယ်"

"ဒါနဲ့ ဆရာကဘာလို့ သူခိုးဘက်က လိုက်နေရတာလဲ"

သူက ကျွန်တော့်ကို မိတ်ဆွေချင်း စမှန်းသိတယ်၊ ဒါပေမယ့် သူက ခပ်တည်တည်ကြီး။

"ဒါပေမယ့် တရားခံအစစ်က သူ မဟုတ်ဘူး ဆရာ"

ကျွန်တော်က ရှေ့နေပီပီ ပြန်ပက်တယ်။

"ဆိုပါဦး၊ ခင်ဗျားဟာက တရားခံ အစစ်က ဘယ်သူလဲ"

"အဲဒီတရားခံက သူ့မိန်းမလဲ ကလေးမီးဖွားတော့မယ်၊ ကလေးကလဲ သုံးယောက်၊ ကလေးတွေကို ကျောင်းတောင် မထားနိုင်ရှာဘူး၊ စားရေးသောက်ရေးကလဲ ဒုက္ခရောက်နေတယ်၊ ဒီတော့ သူ ခိုးရုံမှတစ်ပါး ဘာမှ လုပ်စရာ မရှိတော့ဘူး၊ ဒါ့ကြောင့် တရားခံအစစ်က သူ့အလုပ်လုပ်နေရင်းနဲ့ ထမင်းဝတ်အောင်ထားတဲ့သူ၊ ထမင်းကို ဝလင်အောင် မကျွေးနိုင်တဲ့သူဟာ တရားခံအစစ်ပဲ"

"ဟဲ ဟဲ ဆရာပြောတာ မှန်တယ်" တဲ့။

ဩော် သူဟာ သစ္စာကိုလည်း မြတ်နိုးသူပါလား။ အဂတိလေးပါး ကင်းတယ်။ တရားသူကြီးကောင်း တစ်ယောက်။

×××

ပိုပြီး ရင်းနှီးလာကြတော့ သူ့မိသားစုအကြောင်းပါ သိလာရတယ်၊ သူ့ဇနီးက သားသမီးတွေကို ထိန်းကျောင်းရင်းကနေ တစ်ဖက်ကလည်း ရပ်ကွက်ထဲမှာ အထည်လေး ဘာလေး ရောင်းတယ်။ အိမ်ကတော့ မြို့ထဲမှာ အိမ်ငှားပြီး နေကြတယ်။

သားသမီးက ရှစ်ယောက်၊ အကြီးဆုံးက ယောကျ်ားလေး။ နံပါတ်(၅)ကလဲ ယောကျ်ားလေး၊ ကျန်တာတွေ သမီးတွေချည်းပဲ။

"အကြီးကောင်က လိမ္မာတော့ လိမ္မာတယ်၊ ဒါပေမယ့် တစ်ခါတလေ ဗွေဖောက်ချင်တယ်"

ဒါက သူ့စကား။

"ယောကျ်ားလေးကိုး ဆရာရဲ့"

"အလတ်ကောင်က နည်းနည်းဆိုးချင်တယ် ဆရာရဲ့၊ ဒီကောင့်ကို အတော်ပြုပြင်နေရတယ်"

"ငယ်သေးတာကိုး ဆရာရဲ့"

"သမီးတွေက မဆိုးကြဘူး၊အမေရဲ့ သွန်သင် အုပ်ထိန်းမှုအောက်မှာ လိမ္မာကြတယ်၊ ဒါပေမယ့် သားသမီးအားလုံးက မိဘကိုတော့ ဝိုင်းကူကြတယ်၊ နိုင်သမျှ တာဝန်ပေါ့ဗျာ၊ ဦးထမ်းပဲ့ထမ်း အေးအတူ ပူအမျှပေါ့"

"ဩော်"

"ဒုတိယသမီး အကြီးဆုံးကတော့ သူ့အမေ ထရိန်နင်အတိုင်းပဲ ဆရာရေ"

"ဆရာ့ အမျိုးသမီးက အိမ်ထောင်ကို ဦးစီးနိုင်သားပဲနော်"

"အေးဗျ၊ ပြောရင်တော့ ပြောနိုင်တာပေါ့၊ ဒါပေမယ့် ဂိုက်လိုင်းကတော့ ကျွန်တော်ပေးနေတာပါ ဆရာရဲ့"

"ဟုတ်ပါပြီဗျာ၊ ဆရာ့ကိုလဲ မပစ်ပယ်ပါဘူး"

"ကျွန်တော်ကတော့ ကျွန်တော့် သားသမီးတွေ ဗလငါးတန် ဖွံ့ဖြိုးစေချင်တယ်ဗျာ၊ ကြိုးစားရမှာပဲ"

"ကောင်းပါတယ် ဆရာရယ်"

ဩော် သူဟာ ဖခင်ကောင်း တစ်ယောက်ပါလားလို့ ကျိတ်ပြီး မှတ်ချက်ချလိုက်မိပါတယ်။

မမှော်လင့်ဘဲ လောကဓံမုန်တိုင်းတစ်ခုက ကျွန်တော်တို့ မြို့ကို

www.burmeseclassic.com

ကျရောက်လာပါတယ်။ ကျွန်တော့်မိတ်ဆွေကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရပါတယ်။

သဗ္ဗေသင်္ခါရ အနိစ္စပါလား။

xxx

ကျွန်တော့် မိတ်ဆွေကြီး မရှိတော့ပေမယ့် သူ့မိသားစုနဲ့ကတော့ ကျွန်တော်အဆက်အသွယ် သိပ်မပြတ်လှပါ။ သူ့ရဲ့ ဇနီးကို ကျွန်တော်က လေးစားရိုသေစွာ အဒေါ်လို့ ခေါ်ပါတယ်။

အဒေါ်ဟာ သားသမီးတွေကို အဖက်ဖက်က ထိန်းကျောင်းပြုပြင်ရင်း တစ်ဖက်ကလည်း အထည်လေးတွေ ရောင်းလိုက် ဝယ်လိုက်နဲ့ ကျွန်တော်တို့ မြို့ဈေးကြီးအတွင်းမှာ အထည်ဆိုင်ကလေးကနေ အထည်ဆိုင်ကြီး ဖြစ်လာပါတယ်။ သားသမီးတွေကလည်း တက်ညီ လက်ညီ အမေကို ဝိုင်းဝန်းကူညီကြပါတယ်။

အထူးသဖြင့် အဒေါ်နဲ့အတူ ရင်ပေါင်တန်းပြီး မိသားစု စီးပွားရေး စားဝတ်နေရေးကို လိုက်ပါ ဆောင်ရွက်နေသူကတော့ ဒုတိယသမီးပါ။ သူ့ကို ကျွန်တော်က သမီးကြီးလို့ ခေါ်ပါတယ်။

မကြာခင် သူတို့ ရပ်ကွက်တစ်ခု အတွင်းမှာ အိမ်တစ်လုံး ဝယ်ပါတယ်။ ကျွန်တော်ပါခဲ့ရတာပေါ့။

အဲဒီတော့ အဒေါ်က ကျွန်တော့်ကို ပြောပါတယ်။

"ဆရာရယ်"

သူ့ယောက်ျားခေါ်သလိုပဲ ကျွန်တော့်ကို ခေါ်ပါတယ်။

"ဆရာ့မိတ်ဆွေကြီး ပြောသွားတဲ့ စကားတွေ သူမှာသွားတဲ့ စကားတွေကို ဦးထိပ်ထားပြီးတော့ သားသမီးတွေကို ပြုပြင်ထိန်းကျောင်းနေရတော့တာပဲ ဆရာရယ်" တဲ့။

အဒေါ့်အသံက အေးချမ်းတယ်။ တည်ငြိမ်တယ်။ တစ်ဖက်သားကို ဆွဲဆောင်မှုရှိတယ်။ ယဉ်ကျေးချိုသာတယ်။

"အခု ကလေးတွေ ဘွဲ့ရတဲ့သူတွေ ရကုန်ပါပြီ ဆရာရယ်၊ အငယ်မလေးတွေပဲ ကျန်ပါတော့တယ် သူတို့လဲ တက္ကသိုလ်ရောက်ကုန်ပါပြီ"

"ဪ . . . ကောင်းလိုက်တာ အဒေါ်ရယ်"

"သူတို့ အဖေ မျှော်မှန်းခဲ့တဲ့အတိုင်း"

"ဗလငါးတန်လား အဒေါ်"

"ဟုတ်တယ် ဟုတ်တယ်ဆရာ၊ ဆရာက သူ့စကားတွေကို သိပ်ပြီး မမေ့ဘူးနော်"

အဒေါ့်အသံလေး နည်းနည်း တိမ်သွားပါတယ်။

"မိတ်ဆွေတွေပဲ အဒေါ်ရယ်"

သူ့မှာ လောကဓံတွေ ဒုက္ခတွေကို ဘယ်လောက်ခါးစည်းပြီး ရုန်းကန်နေရတယ်ဆိုတာ ကျွန်တော် စာနာမိပါတယ်။

ဪ အဒေါ်ဟာလည်း မိခင်ကောင်းတစ်ယောက်ပါလားလို့ ကျိတ်ပြီး မှတ်ချက်ချရပြန်ပါပြီ။

xxx



သိပ်မကြာပါဘူး၊ ဈေးထဲမှာ အထည်ဆိုင်ကြီး တစ်ဆိုင်။ ဈေး အပြင်တန်းမှာ နှစ်ခန်းတွဲ အထည်ဆိုင်ကြီး တစ်ဆိုင် ခံ့ခံ့ညားညား ထည်ထည်ဝါဝါ ဖြစ်လာပါတယ်။

ဈေးနဲ့နီးနီး မြို့ကွက်ထဲက ကောင်းကောင်း မြေနေရာမှာ မြေကွက်တစ်ကွက် ဝယ်ပါတယ်။

အဲဒီအခါမှာလည်း ကျွန်တော် ပါရပြန်ပါတယ်။ အဲဒီအချိန်မှာ သားသမီးတွေအားလုံး ဘွဲ့အသီးသီး ရကုန်ကြပါပြီ။

ဒါပေမယ့် အဒေါ်နဲ့ သမီးကြီး ဦးဆောင်မှုအောက်က အထည်ဆိုင်ကြီးတွေမှာပဲ ကျရာတာဝန်ထမ်းပြီး တက်ညီလက်ညီ ချီတက်နေကြတုန်းပါ။

အဲဒီနောက် ဝယ်တဲ့အကွက်မှာ နှစ်ထပ်တိုက်တစ်လုံး ဆောက်ပါတယ်။ ခံ့ညားထည်ဝါစွာပါ။ အိမ်ထောင်ပစ္စည်းတွေကလည်း အပြည့်အစုံ။ တိုက်ပြီးတော့ ကားပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"အလတ်ကောင်က နည်းနည်း ဆိုးချင်တယ် ဆရာရဲ့၊ ဒီကောင့်ကို အတော်ပြုပြင်နေရတယ်"လို့ ကျွန်တော့် မိတ်ဆွေကြီးပြောခဲ့တဲ့ သားတော်မောင်တောင် အခုစင်ကာပူနိုင်ငံမှာ အလုပ်နဲ့ အကိုင်နဲ့ ဖြစ်နေပါပြီ။

မြို့ပေါ်က နာမည်ကြီးတဲ့ ဘုန်းကြီးကျောင်းမှာ ကျိုက်ခေါက်စေတီတော်မှာ ရပ်ကွက်ထဲမှာလည်း လှူလိုက်တန်းလိုက်တာ အဒေါ်ဟာ အလှူရေစက်လက်နဲ့ မကွာဆိုသလိုပါပဲ။

သူတို့မိသားစုကိုကြည့်ပြီး မုဒိတာ ပွားမိပါတယ်။

ဒါပေမယ့် လောကဓံမုန်တိုင်းက ဘယ်သူ့ကိုမှ မျက်နှာသာပေးလေ့မရှိပါဘူး။ အဒေါ်တစ်ယောက် နေမကောင်းဖြစ်တယ်လို့ သိရပါတယ်။

ဘယ်ရမလဲ သားတွေ သမီးတွေကို ကျွေးမွေးထောက်ပံ့ လူလားမြောက်အောင် ပြုစုပျိုးထောင်ခဲ့တဲ့ မိခင်ကြီးပဲ သားသမီးတွေက ဘယ်အရှုံးပေးပါ့မလဲ။ သားသမီးတွေက မရမက သေမင်းနဲ့ ရဲရဲဝံ့ဝံ့ စစ်ခင်းကြပါတယ်။

အဒေါ်ကို စင်ကာပူဆေးရုံမှာ တင်ပြီး ကုကြပါတယ်။ ဘယ်လောက်ကုန်ကုန်ပေါ့။ မရဏသေမင်းကို ရင်ဆိုင်ရဲကြောင်း အစွမ်းကုန် ပြသကြရပါတယ်။ သားသမီးများရဲ့ မေတ္တာစွမ်းအင်ကြောင့်လား မသိ၊ အဒေါ် စင်ကာပူက ကျန်းကျန်းမာမာ ပြန်ရောက်လာပါတယ်။

"ဦးရယ် ရောဂါတွေ အကုန်စစ်ပြီးပြီ၊ ဆရာဝန်တွေက ဘာရောဂါမှ မရှိတော့ဘူးလို့ ပြောပါတယ်၊ အသက်အရွယ်အရတော့ နည်းနည်း ရောဂါတော့ ရှိတာပေါ့ ဦးရယ်"

စင်ကာပူက ပြန်လာပြီး သမီးကြီး ကျွန်တော့်ကို ဝမ်းသာအားရပြောပါတယ်။

"အေးကွာ ကောင်းပါတယ်၊ မင်းတို့တွေလဲ သားသမီး ဝတ္တရားကျေပါတယ်"

"မိဘကျေးဇူးတွေက အများကြီးပါ ဦးရယ်၊ ဒါလောက်နဲ့တော့ မကျေသေးပါဘူး"

"တကယ်တော့ ဟုတ်ပါတယ် သမီး၊ ကျေနိုင်ရိုး မရှိပါဘူး"

အဒေါ့်ကို သတင်းသွားမေးရင်း သမီးကြီးနဲ့ ကျွန်တော် စကားပြောဖြစ်ခဲ့ပါတယ်။

မကြာပါဘူး၊ အဒေါ် တစ်ယောက် အပေါ်ထပ် သူ့အခန်းထဲက ခုတင်ပေါ်မှာ တစ်ယောက်တည်း အနိစ္စရောက်သွားပါတယ်။ ဘယ်သူမှ မသိလိုက်ပါဘူး။

သပ္ပေ သင်္ခါရ ဒုက္ခာပါလား။

xxx

မိဘ နှစ်ပါးလုံး မရှိကြတော့ လောကလူ့မမှာတာအတိုင်း မိဘအမွေ ကျန်ပစ္စည်းများကို အမွေခွဲဝေကြဖို့ ဖြစ်လာပြန်ပါတယ်။

ကျွန်တော် ပါရပြန်ပါပြီ။

ဘယ်လို ခွဲဝေကြမလဲ။ ပိုင်ဆိုင်မှု ပစ္စည်းတွေကလည်း အများကြီး တစ်ယောက်နဲ့ တစ်ယောက် အဝေမတတ်ရင် ဒုက္ခ၊ သားသမီးတွေ အမွေခွဲတဲ့ အခါမှာ ညီအစ်ကို မောင်နှမ အရင်းချင်း တစ်ယောက်နဲ့တစ်ယောက် မျက်စောင်းထိုးပြီး မကျေမနပ်၊ တုတ်တစ်ပြက် ဓားတစ်ပြက် ရန်တွေဖြစ်ကြပြီး ဒီအမွေကြောင့် အမွေမှုတွေ ဖြစ်ကြ သေခန်းပြတ် ရှင်ခန်းပြတ် တစ်ယောက်နဲ့ တစ်ယောက် မခေါ်နိုင် မပြောနိုင်သေတဲ့အထိ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်တော့တာတွေ အများကြီး တွေ့ခဲ့ ကြုံခဲ့ရဖူးပါတယ်။

ဒီတော့ သောကလေး ဝင်လာတယ်။ အခုတော့ သမီးကြီးက ပြောတယ်။

"ဦး"

"ဟေ"

"အမေ မသေမီ ပစ္စည်းတွေကို ဒီလို ဒီလို စီစဉ်ခဲ့တယ် ဦး၊ အဲဒါကို တရားဥပဒေနဲ့ ညီညွတ်အောင်သာ ခွဲဝေပေးပါ၊ သမီးတို့ ညီအစ်ကို မောင်နှမ အားလုံး သဘောတူ ကျေနပ်ပါတယ်၊ အမေ့သဘောဆန္ဒအတိုင်းပါပဲ"

သမီးအကြီးက အစီအမံကို ပြောပြပါတယ်။ အားလုံးက သဘောတူကြပါတယ်၊

ကျွန်တော်က ဥပဒေနဲ့အညီ တရားဝင်မှတ်ပုံတင်စာချုပ်တွေ လုပ်တန်တာလုပ်ပြီး ခွဲဝေပေးလိုက်ရတယ်။

အေးလို့၊ ငြိမ်းလို့၊ အတုယူစရာ သာဓုခေါင် ခေါ်မိသေးတယ်။

အဒေါ်ရဲ့ အမြော်အမြင်ကြီးမားစွာ စီစဉ်ခဲ့ပုံကို ရင်ထဲက ကျိတ်ပြီး ချီးကျူးမိပြန်တယ်။

အမွေခွဲတဲ့ ကိစ္စတွေ ပြီးတော့ ကျွန်တော်က သမီးကြီးကို ပြောမိတယ်

"သမီးကြီး"

"ဟုတ်ကဲ့ပါ ဦး"

"အဒေါ်ရှိတုန်းကလဲ သမီးကြီးပဲ အဒေါ်နဲ့ လက်တွဲပြီး အိမ်ထောင်ရေး စီးပွားရေး မိသားစုအရေး ဦးဆောင်ခဲ့တာပဲ၊ အခုလဲ သမီးကြီး ဦးဆောင်ပြီး အရှိန်မပျက် ဆက်လက်ဆောင်ရွက်စေချင်တယ်"

"ဟုတ်ကဲ့ပါ ဦး"

"အရှိန်မပျက်စေနဲ့ သမီးကြီး"

"ဟုတ်ကဲ့ပါ ဦး"

သမီးကြီးက သူ့စကားအတိုင်း ဆက်လက်ရုန်းကန်ဆောင်ရွက်နေရှာပါတယ်။ ကိစ္စရှိလို့ သူ့ကို ဖုန်းနဲ့ ဆက်သွယ်ရင်. . .

"ဟဲ့ သမီးကြီး နင်ဘယ်ရောက်နေလဲ"

"မင်္ဂလာဈေးမှာပါ ဦး၊ ဦးကိစ္စရှိလို့လား အမိန့်ရှိပါ ဦး"

"အေး ပြေး Run ပြေး Run"

နောက်တစ်ချိန်. . .

"ဟဲ့ သမီးကြီးဘယ်မှာလဲ"

"ရန်ကုန်မှာ ပစ္စည်းတွေ လိုက်ဝယ်နေပါတယ် ဦး"

"အေး ပြေး Run ပြေး Run"



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်တိုင်း . .

"သမီးကြီး ဘယ်မှာလဲ"

"ဆေးရုံမှာ၊ ညီမလေး နေကောင်းလို့ လိုက်ပြနေပါတယ် ဦး"

"အေး ပြေး Run ပြေး Run"

ကျွန်တော်ဖုန်းဆက်တိုင်း သူမှာ အားရတယ်လို့ မရှိပါဘူး။ လမ်းမှာ ကားတစ်စီးနဲ့ ပြေးနေ လွှားနေရပါတယ်။

အစစ အရာရာ သူဦးဆောင်ရှုပ်ရှားနေရမှန်း ကျွန်တော်သိပါတယ်။ ကျွန်ညီအစ်ကို မောင်နှမတွေကလည်း သူ စီစဉ်သမျှကို လိုက်နာကြပါတယ်။

အစ်မကြီးတော့ အမိအရာဆိုသလို ထီးပမာပါပဲ။ သူတို့နဲ့ အဆက်အသွယ်တော့ သိပ်မပြတ်ပါ။

သူတို့အိမ်က အကြောင်းကိစ္စ၊ အလှူအတန်းကိစ္စတွေ ရှိရင်လည်း ကျွန်တော့်ကို ဖိတ်ပါတယ်။ သွားဖြစ်တဲ့အခါလည်း ရှိပါတယ်။ မသွားဖြစ်တဲ့အခါလည်း ရှိပါတယ်။

သူ့ကို ဈေးအပြင်ဘက်မှာရှိတဲ့ အညည်ဆိုင် နှစ်ခန်းတွဲကြီး တစ်နေ့ ကြီးပွားတိုးတက်စည်ကားနေတာကိုတော့ သွားတိုင်း သတိထားကြည့်မိပါတယ်။

တစ်နေ့ သမီးကြီးကားနဲ့ လာပြီး ဖိတ်စာတစ်စောင် ပေးသွားပါတယ်။

ဖိတ်စာကို ကြည့်လိုက်တော့ . .

"ကျေးဇူးဝေတာ်ဆပ် ကုသိုလ် မြတ်မင်္ဂလာ" တဲ့။

"ဟဲ့ ထူးပါလား၊ ဘာလဲ ကျေးဇူးတော်ဆိုတာ"

စိတ်ထဲက တွေးရင်း ဖိတ်စာလေးကို ယူကြည့်လိုက်တယ်။ လက်ကမ်းစာရွက်လေးတစ်ခုကို ဖတ်ကြည့်လိုက်ပါတယ်။

xxx

ဆန္ဒမွန် . . . . . . . . တဲ့။

ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ ဆွမ်းကပ် လှူဒါန်းရာတွင် ရေစက်ချတရား ချီးမြှင့်တော်မူသော နိုင်ငံကျော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးက . . .

"ဗြဟ္မာကြီး ဗြဟ္မာကြီး လို့ ပြောတဲ့အခါ ဘယ်သူ့ကို ရည်ညွှန်းတယ်လို့ ထင်ကြပါသလဲ၊ ဗြဟ္မာဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားလေ့ရှိကြတယ်။

* သူတစ်ပါးအပေါ်မှာ ကောင်းစေလိုတာ မေတ္တာ

* အခက်အခဲဖြစ် ဆင်းရဲနေတဲ့ သူတွေအပေါ်မှာ ဒုက္ခက လွတ်မြောက်စေလိုတာ ကရုဏာ

* အောင်မြင် ကြီးပွားနေသူ အတွက် ကိုယ်ကပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာ မုဒိတာ

* သတ္တဝါတိုင်းရဲ့ ဆင်းရဲချမ်းသာဆိုတာ အဲဒီသတ္တဝါရဲ့ကံအကြောင်း တရားအတိုင်း ဖြစ်ရတာပဲလို့ နှလုံးသွင်း ဆင်ခြင်တာ ဥပေက္ခာ

မိမိတို့ အနီးအနားမှာလည်း ဗြဟ္မစိုရ်တရား လေးပါးကို လက်ကိုင်ထားရင်း အပြည့်အဝ စောင့်ရှောက်သွားခဲ့တဲ့ ဗြဟ္မာကြီးတွေ ရှိခဲ့တာကို သတိထားမိလိုက်ကြရဲ့လား။

ဗြဟ္မာကြီးတွေကိုဆိုတာ မိမိတို့ရဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင် ဖခင်တို့ပဲ ဖြစ်တယ်"

စသည်ဖြင့် ဗြဟ္မစိုရ်တရား လေးပါးရဲ့ သရုပ်ကို လိုရင်းမျှ ဟောကြားပြီး ဗြဟ္မာကြီးတွေဆိုတာ မိခင် ဖခင်တို့ပင် ဖြစ်ကြောင်း ဟောကြားတော်မူပါတယ်။

ဆရာတော်ကြီးရဲ့ တရားကို နာကြားရင်း လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဟူသော ဆိုရိုးစကားကိုသာ ကြားဖူးရုံမျှ ရှိကြသော မိမိတို့အနေနှင့် မိဘဆိုတာ သားသမီးတို့ရဲ့ လက်ဦးဆရာမျှမက ဗြဟ္မာကြီးတွေလည်း ဖြစ်တယ်ဆိုတော့ ဘယ်လိုများ မိဘများက ဗြဟ္မာကြီးတွေဖြစ်ပါသလဲလို့ စဉ်းစားမိပါတယ်။

ဆရာတော်ကြီးက . . .

"အမေ ဆိုတာ ကိုယ်ဝန် စရှိကတည်းက ပူပင်၊ စပ်၊ ခါး၊ ရှောင်ရှား စောင့်ရှောက်ခဲ့တယ်၊ အဖေ ဆိုတာ သားသမီးတွေရဲ့စားဝတ်နေရေးအတွက် နေ့ည ကြိုးစားအားထုတ် အလုပ်လုပ်ခဲ့ထားတယ်၊ ဒါတွေက မိဘတွေရဲ့ သားသမီးအပေါ်ထားတဲ့ မေတ္တာတွေပေါ့။

ကလေးငယ်လေးဘဝမှာ အော်ပြီး ငိုပြီဆိုရင် ခြင်များကိုက်လို့လား၊ အနီးများ စိုလို့လား စသည်ဖြင့် စိုးရိမ်စိတ်နဲ့ လုပ်လက်စ အလုပ်တွေကို ချပြီး အပြေးလာကြတဲ့ မိဘတွေရဲ့ ကရုဏာကလည်း ထင်ရှားပါတယ်။

သားသမီးတွေရဲ့ အောင်မြင်မှုအတွက် ဝမ်းသာမဆုံး ဂုဏ်ယူကြတာက မိဘတွေရဲ့ မုဒိတာပဲပေါ့။ သားသမီးများက ကြီးပွားတိုးတက်လို့ အလုပ်တွေများပြီး မိဘတွေဆီ မရောက်ဦးတော့ မိဘတွေရဲ့ ရင်မှာ ဥပေက္ခာ ဗြဟ္မစိုရ်တရားနဲ့ စိတ်ဆိုးတယ်၊ အပြစ်တင်တယ်ရယ်လို့ မရှိခဲ့ကြတာ မိမိတို့ရဲ့ ကိုယ်တွေ့ပဲ မဟုတ်ဘူးလား။

အဲဒီတော့ မိဘဆိုတာ ဗြဟ္မာကြီးတွေပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

ဖြဟ္မာကြီးတွေရယ်လို့ သူတို့ဘုံ သူတို့နန်းမှာ တခမ်းတနားရှိတယ်လို့သာ မထင်ပါနဲ့၊ သားသမီးတွေ နားမှာလည်း ဗြဟ္မာကြီးတွေ အမြဲတမ်း ရှိနေပါတယ်" လို့ ဆက်လက်ဟောကြားတော်မူလိုက်တော့မှ . . .

"မှန်လိုက်တာ"

စားစရာရှိတိုင်း နောက်ဆုံးမှ စားတတ်တဲ့ အဖေ၊ အမေ။

သားသမီးများထဲမှ တစ်ယောက်ယောက် နေမကောင်းဖြစ်ရင် စိတ်ပူတကြီး ဖြစ်တတ်တဲ့ အဖေ၊ အမေ။

သားသမီးတွေ အောင်စာရင်းထွက်ပြီဆိုရင် မိမိတို့ထက် ပိုပြီး ပျော်တတ်ပြီး အပေါင်းသင်းများကို ကြွားလို့မဆုံးတဲ့ အဖေ၊ အမေ။

ကျောင်းတွေတက် ဘွဲ့တွေရလို့ အလုပ်လုပ်ကြပြီဆိုတော့လည်း မိဘအနေနဲ့ သားသမီးများကို ရင်အုပ်မကွာထားချင်ပေမယ့် အသက်အရွယ်နဲ့ တာဝန်များက ထိန်းသိမ်းနေထိုင်သွားကြမှာပါလေဆိုတဲ့ စိတ်နဲ့ တာဝန်ကျရာကို စိတ်တိုင်းကျ အလုပ်ဝင်စေခဲ့တဲ့ အဖေ၊ အမေ။

ဆိုတာကို ပြန်လည်အောက်မေ့သတိပြုမိပြီး မိမိတို့ သားသမီးများရဲ့ ဘေးမှာ သတိထားမိပါတယ်။ မိမိတို့ သတိထားမိခဲ့ချိန်မှာ အဖေကွယ်လွန်ခဲ့တာ (၂၆)နှစ် ရှိခဲ့ပြီ။ အမေ ကွယ်လွန်ခဲ့တာ (၃)နှစ် ပြည့်ခဲ့ပါပြီ။

သို့အတွက် သားသမီးများအနေဖြင့်လည်း မိဘများ အသက်ထင်ရှားရှိလို့ ထပ်ပြီး ပြုစုလုပ်ကျွေးခဲ့တာကို အားမရလို့ ထပ်ပြီး ပြုစုလုပ်ကျွေးချင်ပေမယ့် ဘဝကတ္တား ခြားခဲ့ပြီမို့ စိတ်ရှိသော်ငြားလည်း မဖြစ်နိုင်တော့ပါဘူး။

သို့သော် ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေ၊ လျှမ်းဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ ဟူသော သားသမီးများ ပြုကျင့်ရမည့် ဝတ္တရားနှင့်အညီ ရည်စူးကုသိုလ်ပြုကာ မိဘတို့



အား အမှုပေးဝေခြင်းသည်သာ မိဘတို့၏ မျှော်လင့်ချက်ကို ဖြည့်တင်းလျက် ကျေးဇူးဆပ်ရာရောက်သည်ဟု ခံယူကြပြီး နှစ်စဉ်မပျက် ရည်စူးကုသိုလ်များ ပြုလုပ်အားထုတ်ခြင်း ဖြစ်ပါတယ်။

သားသမီးတိုင်းကကော ဗြဟ္မာကြီးများကို မြင်မိကြပါသလား။ မြင်လည်းမြင် သိလည်းသိ၊ သိသည့်အတိုင်းလည်း မိမိတို့သက်ဆိုင်ရာ ဗြဟ္မာကြီးများ၏ ကျေးဇူးကို မိမိတို့ စွမ်းအားရှိသမျှ ပြန်လည်ပေးဆပ်နိုင်ကြသူများ ဖြစ်ကြပါစေလို့ ရည်စူးကုသိုလ်ပြု အလှူပွဲမှာ မေတ္တာဖြင့် ဆန္ဒပြု ကုသိုလ်ယူပါရစေ။

နောက်ဆုံးမှာ အတုလဆရာတော်ကြီးခင်ကြီးပျော်ရဲ့ ဆုံးမစာလေးပါ ပါလိုက်သေးတယ်။

ကျေးဇူးကြီးလှ မိနှင့်ဘ

"နှစ်သိန်းလေးသောင်း၊ ပေါင်းသည် ဤမြေ၊ ထူးထူးထွေလည်း၊ စိန်းရွှေဖွားဖွား၊ ဝါးရွက်လားသို့၊ မခြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏။ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဖောင်ဖောင်နှင့်၊ သဲချောင်းသမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက် မိုးရေပေါက်သို့၊ အံ့လောက်ဖွယ်ရာ၊ မိမာတာနှင့်၊ ပိတအဖ၊ မြတ်ဂုဏအား၊ ဆပ်ငြားပါလို၊ မိကို လက်ယာ၊ ဖမှာ လက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင်နှစ်ပါး လုပ်ကျွေးကြလည်း၊ ရှေးကပြုဖူး၊ မွေးကျေးဇူးကို၊ အလူးမြဲခိုင်၊ မဆပ်နိုင်တည့်။

အတုလဆရာတော်ခင်ကြီးပျော်။

ပထမနေ့ တရားဟောကြားမယ့်ဆရာတော်က အရှင်ဇဝန (ပဲခူး) စံရိပ်ငြိမ် ဆရာတော်။

ဒုတိယနေ့ တရားဟောကြားမယ့်ဆရာတော်က အရှင်ဝိရိယ(တောင်စွန်း) ဓမ္မဘောဂီဆရာတော်။

တတိယနေ့ တရားဟောကြားမယ့်ဆရာတော်က အရှင်သုန္ဒ(မိုးကုတ်) ဓမ္မရုံသီဆရာတော်။

မိဘနှစ်ပါးအား ရည်စူး၍ သားသမီး မြေးမြစ်မိသားစုတို့က ဖိတ်ကြားပါသည်တဲ့။

"ကောင်းလိုက်တာ"

ရင်ထဲမှာ ဝမ်းသာပီတိလှိုင်းအိအိလေးတွေ ဖြစ်မိပါတယ်။

ဤတွင် ကျွန်တော့်ခေါင်းထဲမှာ အလင်းရောင်တစ်ခု သန်းလာသလိုပါပဲ။

"ဒါဆို ငါ့မိတ်ဆွေကြီးက. . . ပါလား" လို့ တမ်းတရင်း ဦးခိုက်လိုက်မိပါတယ်။

သဗ္ဗေဓမ္မာ အနတ္တ ပါလား။

❐ ကိုဟောင်စံသိန်း(ဗိုလ်ချုပ်ရွာ)



www.burmeseclassic.com

www.burmeseclassic.com

## လမ်းပြကြယ် စကားတစ်ခွန်း ဆိုညွှန်းခဲ့သူ (သို့မဟုတ်)

# သခင်စိုး

ထွန်းလင်းသူ




www.burmeseclassic.com

www.burmeseclassic.com

**"ကိုရင် ဗုက္ကဘုံက လွတ်မြောက်လာခဲ့ပြီ၊ ခင်ကြီးပြောတာ နားထောင်နော်၊ ဗုစရိုက်ပြုမှား မိသူ တစ်ယောက်ရဲ့ နောင်တ မျက်ရည်ဟာ ခင်ကြီးအပါးတစ်ရာရဲ့ အားထုတ်မှုထက် နိဗ္ဗာန်ဘုံနဲ့ ပိုနီးစပ်တယ်"**

**ခင်ကြီး ဗီယန်ဘင်ညူး**

**(တင်မောင်မြင့် မြန်မာပြန် 'မိစ္ဆာဝက်ပါ'မှ)**

(မှတ်ချက် ။ ။ ခင်ကြီး ＝ ဘုန်းကြီးကိုခေါ်သော ပေါရာဏစကား)

▼

"ကျွန်တော်တို့ တိုင်းပြည်ရဲ့ တော်လှန်ရေးတိုက်ပွဲ အစဉ်တွင် (ဝါ) လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ဝါဒရေးတို့ အစဉ်လိုက် တိုးတက်ဖြစ်ပေါ်သွားရေးအတွက် ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးတိုက်ပွဲ အစဉ်တွင် ကျွန်တော်တို့ တိုင်းပြည် အထွေထွေ ခေတ်နောက်ကျမှုကြောင့် အောက်ခြေအကျဆုံး အမှားတွေကို ကျူးလွန်ခဲ့သလို ကမ္ဘာ့ဆိုရှယ်လစ်တော်လှန်ရေး အရေးတော်မှာလည်း ကြီးစွာသော တာဝန်ပျက်ကွက်မှုကို ကျူးလွန်မိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ခေါင်းပေါ်မှာ ဦးထိပ်ရွက် ပန်ဆင်ထားတဲ့ ဒီရာဇဝင်အမှားကြွေးတွေကို ပြန်ဆပ်ဖို့ရာ မရှောင်သာတဲ့ တာဝန်ဝတ္တရားတွေဟာ မြန်မာ့အရေးမှာရော ကမ္ဘာ့အရေးမှာပါ မှားယွင်းပျက်ကွက်မှု မှန်သမျှကို မှန်သောလမ်းစဉ်တစ်ရပ်ဖြင့် ပြန်လည် ပေးဆပ် 'အကြွေးဆပ်' ရန်သာ ဖြစ်ပါတယ်။"

သခင်စိုး

▼

"သေရဲတာ အလံနီ၊ သတ်ရဲတာ အလံနီ"

မြန်မာနိုင်ငံတော်၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အချက်အလက်များဖြင့် တင်းကျမ်းပြည့်လျှမ်းနေသော၊ စက်စက်ယိုသည့် ချွေးသွေးများဖြင့် ရွှဲနစ်နေသော သမိုင်းကျောက်စာ ဝက်ပါကြီးထဲတွင် ဖော်ပြပါ တိုက်ပွဲခေါ်သံသည် ပဲ့တင်မြည်ဟည်းနေပါသည်။

'အလံနီတဲ့ဟေ့' အသံကြားလိုက်သည်နှင့် နားကြောတင်မက တစ်ကိုယ်လုံးစိမ့်ကာ ဖိန့်ဖိန့်တုန်ခဲ့ရသော မိစ္ဆာဝက်ပါကြီးအတွင်းဝယ် မြန်မာပြည်သူပြည်သားအပေါင်းတို့သည် ကျီးလန့်စာစား ဖြတ်သန်းခဲ့ရသည်။

အလံနီတို့၏ ခေါင်းဆောင်ကြီး သခင်စိုးကိုယ်တိုင် ပွင့်လင်းရိုးရှင်းစွာ ဤသို့ ပြောခဲ့ဖူးပေသည်။

"ကျွန်တော်ဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ (၁၉၄၁-၄၅)မှာ မှန်ကန်တဲ့ နိုင်ငံရေး သဘောတရား တစ်ရပ်ကို ချခင်းနိုင်ခဲ့ပြီး ၁၉၄၅ ခုနှစ်နောက်ပိုင်း အနှစ် နှစ်ဆယ်နီးပါး ဇောက်ထိုးမိုးမျှော်နိုင်လှတဲ့ ပြည်တွင်းစစ်လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ် အမှားအယွင်းကို ကျူးလွန်မိခဲ့ရာမှ ၁၉၆၁ ခုနှစ် နောက်ပိုင်းကျမှ ဒီအမှားတွေကို စတင်ပြီး တရေးရေး သိမြင်လာခဲ့ပါတယ်။

နောက်ပြီး မာ့က်စ်သဘောတရားတွေကို ဒလေ့လာတဲ့အခါ အခြေခံသဘောတရား (Theory of Groundent)ကို အကြမ်းဖျင်းလေ့လာမိရာက တစ်နေ့ ကမ္ဘာကြီးဟာ စီးပွားရေးအကျပ်အတည်းတွေနဲ့ တွေ့လာရလိမ့်မယ်ဆိုတာ အဲဒီဂျပန်ခေတ်ကတည်းက ပိုးတိုးဝါးတား မြင်မိခဲ့ပါတယ်။ နိုင်ငံရေး ဘောဂဗေဒရဲ့ မူလတန်းအခြေခံဖြစ်တဲ့ 'အစွန်းထွက်တန်ဖိုး သဘောတရား' ကို မြန်မာပြန်ဆိုပြီး ဂျပန်ခေတ် နိုင်ငံရေးသင်တန်းတွေမှာ ပို့ချခဲ့ပါတယ်။

၁၉၆၃ ခုနှစ် ပြည်တွင်းစစ် ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ပြည်သူလူထု အနေနဲ့ ကဏ္ဍကို အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားလို့ တောတွင်းပြန်ရောက်ပြီးနောက် ငြိမ်းချမ်းရေး ရရှိရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့တာတွေ အားလုံးသိရှိပြီး ဖြစ်ပါလိမ့်မယ်။ ၁၉၅၅-၁၉၆၆ ခုနှစ်ကတော့ ဂျပန်ခေတ်ကတည်းက တရေးရေးမြင်ခဲ့တဲ့ ကမ္ဘာ့စီးပွားရေး ပျက်ကပ်ကြီးဟာ တကယ့်ကို အခြေအနေ ဆိုးရွားလာပြီ ဖြစ်ကြောင်း အရင်းရှင်နိုင်ငံကြီးတွေထုတ် စီးပွားရေးစာပေတွေကို လေ့လာတဲ့အခါ သိလာရပါတယ်။

ဥပမာ လွန်ခဲ့တဲ့ အနှစ်(၁၀၀ကျော်လောက် အင်္ဂလန်မြေ တစ်ပေပတ်လည်ကို (၈)ပေါင်ကနေ (၁၂)ပေါင်အထိ ရှိခဲ့ရာက ၁၉၆၈-၁၉၆၉ ခုနှစ်မှာ ပေါင် (၅၀၀၀) အထိ အဆမတန် မြင့်တက်နေတာကို တွေ့ရတော့ Theory of Groundent အခြေခံသဘောတရားနဲ့ သပ်ကြည့်လိုက်ရင် ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်လာတော့မယ်ဆိုတာ အလေးအနက် သဘောပေါက်လာတယ်။

ဒီအတွက်ကြောင့် ကျွန်တော်ဟာ တောတွင်းမှာ အချိန်ဖြုန်းမနေနိုင်တော့ဘဲ ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့မှာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ဖြေရှင်းရေးအတွက် လက်တွေ့ပြင်ဆင်နိုင်ရန် အလင်းဝင်ရောက်ခဲ့ပါတယ်။

ခရီးသည် ဘတ်စ်ကားတွေကျပ်တာ၊ လူတွေ မဆံ့မပြဲ တင်ပြီး သွားလာနေတာ ကျွန်တော့်ကြောင့်ပါ။ ပြည်သူတစ်ရပ်လုံး ဆင်းရဲသည့် နွံတွင်းနစ်သွားတာ ကျွန်တော့်ကြောင့်ပါ။ တိုင်းပြည်ကို မီးလောင်ဘိုက်အတွင်း လွှတ်သွင်း





www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ ကျွန်တော့်ကြောင့်ပါ။ နိုင်ငံတော် ဘဏ္ဍာရေးနှင့် ပြည်သူတို့၏ စီးပွားဉစ္စာများ ပျက်သုဉ်းကုန်တာ ကျွန်တော့်ကြောင့်ပါ"

(၁၉၈၃ ခုနှစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းထံ တင်ပြခဲ့သော အကြံပေးစာတမ်းများမှ ကောက်နုတ်ချက်)

အလံနီဆိုသည်မှာ အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)ကို 'အတို' ခေါ်ခြင်းဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၊ မြေနီကုန်း၊ မြေနုလမ်း၊ သခင်ဗဟိန်း၏ နေအိမ်တွင် သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဗဟိန်း၊ ရဲဘော်ဘတင် (ဂိုရှယ်) တို့ဖြင့် စတင်ဖွဲ့စည်းခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၄၆ ခုနှစ်တွင် နှစ်ခြမ်းကွဲသောအခါ သခင်သန်းထွန်းနှင့် သခင်သိန်းဖေ (သိန်းဖေမြင့်)ပေါင်းပြီး ဗမာပြည်ကွန်မြူနစ်ပါတီအမည်ကို ဆက်လက်ခံယူရာ ခွဲထွက်သွားသော သခင်စိုးသည် အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)ဟု တည်ထောင်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ကြယ်နီတစ်ပွင့်အဖြစ် ထင်ရှားခဲ့သော သခင်စိုးအား ၁၉၀၅ (မူကွဲ ၁၉၀၆) ခု၊ မေလ ၁၅ ရက်၊ အင်္ဂါနေ့တွင် အဖ သူကြီးဦးစံဒွန်း (မူကွဲ ဦးစန်ဒွေး)၊ အမိ ဒေါ်နှင်းအောင်တို့မှ ဖွားမြင်သည်။ မော်လမြိုင်၊ ကျိုက္ကမီခရိုင် မုပွန်ရဲဌာနအပိုင် ကျောက်တန်းရွာဇာတိ ဖြစ်သည်။ ကျောက်တန်းရွာဘုန်းကြီးကျောင်း၊ မော်လမြိုင် မောင်ငံရပ် ဆရာကြီးဦးစောမောင်ကျောင်း၊ အရှင်မဟာဗုဒ္ဓဃောသကျောင်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်း၊ အမျိုးသားတန်းမြင့်ကျောင်းတို့တွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ သခင်စိုး၏ နာမည်ရင်းမှာ 'ထွန်းဝေ' ဖြစ်သည်။

သခင်စိုးသည် အင်္ဂလိပ်ခေတ်တွင် ဘီအိုစီ မာတုဗေဒဌာနတွင် စာတ်ခွဲခန်းမှူး တာဝန်ထမ်းဆောင်သည်။ တို့ဗမာအစည်းအရုံး ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အလုပ်သမားလှုပ်ရှားမှုများကို ဦးဆောင်ခဲ့သည်။ 'အလုပ်သမားလောက'၊ 'ဗမာ့တော်လှန်မှု' စသော စာအုပ်များကို ရေးသားခဲ့သည်။ ဂျပန်မဝင်မီ အင်္ဂလိပ် အစိုးရ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သခင်စိုးသည် ဆိုရှယ်လစ်ဝါဒ အမည်ရှိစာအုပ်ကို ရေးသားကာ မြန်မာပြည်တွင် 'ပစ္စည်းမဲ့ဝါဒ'ကို စတင်အုတ်မြစ်ချပေးခဲ့သည်။

သခင်စိုးသည် မြန်မာ့ရိုးရာ ခြင်းခတ်ကစားနည်းကို အလွန်ဝါသနာကြီးသူဖြစ်ပြီး ထူးချွန်စွာ ကစားတတ်သူလည်းဖြစ်သည်။ ကာယဗလ တောင့်တင်းကြံ့ခိုင်သော သခင်စိုးသည် တယောထိုး ညက်ညောကောင်းမွန်သူဖြစ်ပြီး ပြိုင်ပွဲတစ်ခုတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာသီချင်းကြီးများကို သင်ရိုးကုန်အောင် တတ်မြောက်ခဲ့သူဖြစ်သော်လည်း ဂီတပြိုင်ပွဲတစ်ခုတွင် အကဲဖြတ်ဒိုင်လူကြီး ၂၊း၏ အဂငေါ်လိုက်စား မတော်မတရား ပြုလုပ်မှုအပေါ် 'အသည်းနာ ကမ္ဘာမကျေ' ဖြစ်ကာ ကျိန်စာတိုက် ကျောခိုင်းလိုက်တော့သည်။

သခင်စိုးသည် ထောင်တွင်း၌ အကျဉ်းကျခံနေရစဉ် အင်္ဂလိပ်နှင့်လက်တွဲ၍ ဖက်ဆစ်ဂျပန် ကို တိုက်ခိုက်ရေးအတွက် ရဲဘော်ရဲဘက်များနှင့်အတူ 'အင်းစိန်စစ်တမ်း'၊ 'မြင်းခြံစစ်တမ်း' တို့ကို ရေးခဲ့သည်။ ဂျပန်ဝင်လာသောအခါ ထောင်မှလွတ်ပြီး မြေအောက်အဖျက်လုပ်ငန်းများလုပ်ဆောင်သည်။ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများက ျော်ဆောင်ရွက်ပြီး စည်းရုံးရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်သည်။

သခင်စိုးသည် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်' ဖွဲ့စည်းသောအခါ နိုင်ငံရေးခေါင်းဆောင် ဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ စစ်ရေးခေါင်းဆောင် ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသောအခါ သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)သည် ဖဆပလအဖွဲ့ချုပ် (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်)မှ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။ သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)သည်လည်း တောခိုခဲ့လေတော့ရာ ပြည်တွင်းစစ်မီး စတင်သောင်းကျန်းခဲ့ရသည်။ သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်း တောခိုသည်။

ဤသို့ သခင်စိုး၊ သခင်သန်းထွန်း ဟူသည့် အရည်အချင်း ထက်မြက်သည့် တပည့်ကြီးနှစ်ဦး တောခိုသွားသောအခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို မျှော်တွေးကာ ဤသို့ဆုံးမ ဖျောင်းဖျခဲ့ပါသည်။

"ဟိုအရင် ယမန်
ထမ်းပိုးတည့်တည့် ထမ်းခဲ့ကြတဲ့
'စိုး' နဲ့ 'သန်း' တို့က
လမ်းတစ်မျိုးကွဲ
လွမ်းသူ ဆရာဖအေက
မာပါစေ၊ သာပါစေ၊ လာပါစေ
ဆုမွန်တောင်းလိုက်ကဲ့
ကဝိလူတော် တပည့်သူတော်ကောင်းငယ်လို့
ဇာတ်ပေါင်းကာ အတည်ကျလျှင်ဘော့
အမယ်မင်း တည်တည်ပပ
ညီညီမျှမျှနှင့်
ပြည်မြန်မာ အလံမညှိုးမှု၍
ဩော် - အနှိုင်းသမယ
အပြည်ပြည်ကတောင် စရပေမည့်





www.burmeseclassic.com

www.burmeseclassic.com

အိုး . . . တပည့်တို့ရဲ့
တို့ တကယ့် ပထဝီဇယမန္တန်တန်ခိုး။"

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက တပည့်ဖြစ်သူတို့အပေါ် အမြော်အမြင်ကြီးမားစွာ ကရုဏာတရား၊ မေတ္တာတရားဖြင့် 'မာပါစေ၊ သာပါစေ၊ လာပါစေ' ဆုမွန်တောင်းခဲ့လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးဆန္ဒ မပြည့်သွားခဲ့ရရှာပါပေ။ သခင်သန်းထွန်းသည် တောတွင်းမှာပင် လုပ်ကြံသတ်ဖြတ်ခံရ၍ ကွယ်လွန်ခဲ့ပြီး သခင်စိုးသည် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပခုက္ကူမြို့နယ် ကျွန်းချောင်းရွာတွင် အဖမ်းခံရသည်။

သခင်စိုးအား နိုင်ငံတော်ပုန်ကန်မှု ရာဇသတ်ကြီးပုဒ်မ ၁၂၂ (၁) အရ အရေးယူပြီး အငြိမ်းစားထောင်မင်းကြီး ဦးသန်းနွဲ့ နာယကအဖြစ် ဆောင်ရွက်သော အထူးရာဇဝတ်ရုံး အမှတ်(၆၀)၌ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်တွင် စတင် စစ်ဆေးသည်။ တရားခွင် စတင်ချိန်မှာ နံနက် ၁၁ နာရီ ဖြစ်သည်။ နိုင်ငံတော်ဘက်မှ တရားလိုအကျိုးဆောင်ရှေ့နေကြီး ဦးမြင့်အောင် ဆောင်ရွက်သည်။ သခင်စိုးဘက်မှ တရားခံ အကျိုးဆောင် ရှေ့နေကြီး ဦးကိုယု (နာမည်ကျော် စာရေးဆရာကြီး မောင်ကိုယု) လိုက်ပါဆောင်ရွက်သည်။

ထိုနေ့တွင် သခင်စိုးအား ရုံးထုတ်လာရာ သခင်စိုးသည် လွယ်အိတ်ကြီးတစ်လုံးကိုလွယ်လျက် ဂျပန်ဖိနပ်အဖြူရောင် စီးထားသည်။ အားကစားသမားများ ဝတ်ဆင်သော စပို့ရှပ်အဖြူရောင် လက်တိုကို အတွင်းမှခံပြီး ဘေဘီရှပ်စတင်းမရန်းနုရောင် အပေါ်အင်္ကျီနှင့် လုံချည်အနက်စင်း အဝါခံကို ဝတ်ဆင်ထားသည်။

သခင်စိုးသည် တရားခွင်အတွင်း ဝင်လာသည်နှင့် ခုံရုံးနာယကနှင့် အဖွဲ့ဝင်များကို ဦးညွှတ်အရိုအသေပေးသည်။ ခုံရုံး၏ လက်ယာဘက်၌ ထိုင်နေသည့် တရားလိုအကျိုးဆောင် ရှေ့နေကြီး ဦးမြင့်အောင်နှင့် ရဲအရာရှိများကိုလည်း 'ဂွတ်မောနင်း' ဟု အင်္ဂလိပ်လို နှုတ်ခွန်းဆက်သသည်။ ထို့နောက် သူ့ဘက်မှ လိုက်ပါဆောင်ရွက်ပေးမည့် ရှေ့နေကြီး ဦးကိုယု ဘေးတွင် ဝင်ထိုင်လိုက်သည်။

ယခု ဖော်ပြထားသော တရားခွင်မြင်ကွင်းကိုကြည့်၍ ခံစားနားလည်တတ်သူများ၏ ရင်ထဲ နှလုံးသားထဲဝယ် တရားသံဝေဂ အရကြီး ရနေကြပေသည်။ တစ်ချိန်တုန်းက တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ကိုလည်းကောင်း၊ ဘဝကိုလည်းကောင်း သစ္စာနှံ၍ ဦးဆွေးဆံမြည့် ဦးလည်မသုန်ကြိုးပမ်းထမ်းရွက်ခဲ့သူတစ်ဦး (သခင်စိုး)သည် လွတ်လပ်ရေး ရရှိခဲ့ပြီးဖြစ်သော သူ့မိခင်နိုင်ငံ၏ တရားခွင်၌ တရားခံဘဝ ရောက်နေရရှာပြီ။

ဤနေရာ၌ ဗိုလ်မှူးချစ်ကောင်း၏ 'အနှစ် နှစ်ဆယ်' အမည်ရှိ နာမည်ကျော် စာအုပ်ထဲမှ စာအုပ်အဖွင့်တွင် ရေးသားခဲ့သော စာတစ်ပိုဒ်ကို အမှတ်ထင်ထင် မြင်မိရ[illegible] သည်။

"အနှစ်နှစ်ဆယ်မျှ တိုင်းပြည်အတွက် လုပ်
လာပြီးနောက် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်
ပြန်၍ ကြည့်လိုက်သောအခါ ကြိုးတိုက်ထဲသို့
ရောက်၍နေသည်ကို တွေ့ရလေသည်။"

ယခုလည်း 'ဟိုအရင် ယမ်န် ထမ်းပိုးတည့်တည့် ထမ်းခဲ့ကြတဲ့ 'စိုး' နဲ့ 'သန်း'တို့အနက် သခင်စိုးသည် သူချစ်သော အမိနိုင်ငံတော်၏ တရားခွင် (အထူးရာဇဝတ်ရုံး)တွင် တရားခံ အဖြစ် ကျရောက်နေခဲ့ရပါပြီ။

ပြောရမည်ဆိုပါလျှင် သခင်စိုးသည် ကောင်းသူလယ်သမား ခေါင်းဆောင်ကြီး သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ခံ 'ဆရာစံ' အား ဗြိတိသျှ နယ်ချဲ့အစိုးရက ကြိုးပေးကွပ်မျက်သည့် သတင်းကို ကြားသိရာမှ ဗြိတိသျှနယ်ချဲ့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်လိုသော ဇာတိမာန်စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး နိုင်ငံရေးနယ်ပယ်သို့ ခြေစုံပစ်ဝင်ခဲ့သူ ဖြစ်သည်။ နိုင်ငံရေးလုပ်ရာတွင် မည်မျှအထိ ပြတ်သားခဲ့ပါသလဲ ဆိုပါလျှင် လှေလေးစီးနှင့် မြလေးစီး ဇနီးညီအစ်မ နှစ် ယောက်အား ငွေ(၅၀၀)ကျပ် ပေးကြေးပေးကာ ကွာရှင်း ခဲ့သည်အထိ ဖြစ်သည်။

ထိုတရားခွင်တွင် တရားလို၊ တရားခံ နှစ်ဦးနှစ်ဖက် တို့၏ စစ်မေးချက်၊ ဖြေဆိုချက်များသည် အလွန်စိတ်ဝင်စား ဖွယ် ကောင်းပါသည်။ နိုင်ငံတစ်ဝန်း ရဟန်း၊ ရှင်၊ လူ ပြည်သူ လူထု တစ်ရပ်လုံးမှလည်း အထူးစိတ်ဝင်စားခဲ့ပြီး ထိုသတင်း ပါသောနေ့ ထုတ်ဝေသော သတင်းစာများမှ သောက်သောက် လဲ ရောင်းကောင်းခဲ့ပါသည်။

ဤနေရာ၌ သခင်စိုး၏ ထွက်ဆိုချက်များထဲမှ ကောက်နှုတ်ဖော်ပြပေးပါမည်။

'၁၉၄၅ ခုနှစ် ပတ်ဝန်းကျင်တွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ကျွန်တော် နိုင်ငံရေးအရ ကွဲသည့်ကိစ္စကို မြန်မာပြည် ၏ ဒိဋ္ဌအခြေအနေနှင့် ယှဉ်ပြီး ပြောရမည်ဆိုလျှင် ကျွန်တော် တို့အားလုံး အတူတူသည် ဂျပန်ခေတ်အတွင်းက လူအဖွဲ့ အစည်း တိုးတက်ဖြစ်ပေါ်မှု စခန်းစဉ် (တော်လှန်ရေးစခန်း စဉ်) နှင့်ပတ်သက်၍ 'လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီ ရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ဝါဒရေးသည် တတိယဖြစ် သည်' ဟု ကြွေးကြော်သံများကို ထုတ်ဖော်ဆောင်ရွက်ခဲ့ကြ ပါသည်။

လွတ်လပ်ရေးရပြီးနောက် ကျွန်တော်သည် ဒီမိုကရေစီ ရေးသို့ ကူးပြောင်းရမည့်အစား ဆိုရှယ်လစ်ဝါဒရေး တစ်ဆင့်ကျော်ပြီး ခုန်ကူးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် သည် လူ့အဖွဲ့အစည်း၏ စခန်းကူးပြောင်းရေးနှင့် ဖွံ့ဖြိုး အုပ်ချုပ်ပုံ အခြေခံဥပဒေ ချမှတ်ရေးတို့တွင် အမြင်မှားခဲ့သည်





www.burmeseclassic.com

www.burmeseclassic.com

အတွက် တိုင်းပြည်တွင် ယနေ့အထိ အခြေအနေ ဆိုးရွားအောင် ဖြစ်ခဲ့ရပါသည်။

တော်လှန်ရေးအစိုးရသည် စက်မှုအကြီးစားတော်လှန်ရေးကို လုပ်ပြီး ဆိုရှယ်လစ်စနစ်သို့ ချီတက်နေသော အစိုးရဟု ကျွန်တော် ယုံကြည်ပါသည်။ ယဉ်ကျေးမှု အဆင့်မြင့်သော နေရာသို့ ကျွန်တော်ရောက်ရှိနေပြီဖြစ်၍ စက်မှုအကြီးစားတော်လှန်ရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ပြီး တာဝန်ထမ်းဆောင်ရလျှင် ကျေနပ်ပါပြီ။

လီနင်၏ စီးပွားရေးပေါ်လစီသစ်မှာ လယ်သမားများအား လွတ်လပ်စွာ ကုန်သန်းရောင်းဝယ်ခွင့် ပြုရမည် ဆိုသည့် အပြင် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲရာတွင်လည်း လယ်သမား၊ အလုပ်သမား၊ ဒီမိုကရေစီ သမ္မတနိုင်ငံ ဖြစ်ရမည်ဟု ဆိုခဲ့ပါသည်။

ထိုအချက်များကို စတာလင်က မလိုက်နာသည့်ပြင် ပယ်ချခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် စတာလင်၏ လမ်းကို လိုက်ပြီး ဆိုရှယ်လစ်စနစ်ကို တစ်ချိန်တည်းကူးပြောင်းကာ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပစ္စည်းမဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအဖြစ် တစ်ခါတည်း ရေးဆွဲရန် ခံယူခဲ့ပါသည်။

ထိုယုံကြည်ချက်များဖြင့် တောမှ မြို့ကို ဝိုင်းတိုက်သည့် တော်လှန်ရေး ရေရှည်စစ်ပွဲကို ကျွန်တော် လှုံ့ဆော်စည်းရုံးပြီး ၁၉၄၈ ခုနှစ်ဦးမှ စတင်၍ ဆင်နွှဲခဲ့ပါသည်။ ထိုစစ်ပွဲကို ကျွန်တော် စတင်ခဲ့သည့်အတွက် တိုင်းပြည်တွင် ပစ္စည်းဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့ရပါသည်။ ထိုဖြစ်ရပ်များအတွက် ကျွန်တော့်တွင် တာဝန်ရှိပါသည်။

၁၉၇၃ ခု ဇန်နဝါရီလ ၂၃ ရက်တွင် ထုတ်ဝေသည့် 'လုပ်သားပြည်သူ့နေ့စဉ်' သတင်းစာ၌ 'လူထဲကလူ' အမည်ဖြင့် ရေးခဲ့သော 'ဘ္ဘာခတ်သည်ကို ကျေနပ်လိုက်ပေမယ့်' ဆောင်းပါး၌ ပါရှိသော ပြည်တွင်းစစ်မီးကြောင့် လူပေါင်းမြောက်မြားစွာ ဆုံးရှုံးမှုတို့ကို ကျွန်တော် ထောက်ခံပါသည်။ အမှန်တွင် ထိုမျှမက မြောက်မြားစွာသော ကြီးစွာသော ဆုံးရှုံးမှုများ ရှိပါသည်။ ရှိခဲ့သည်ကို ကျွန်တော် နောင်တတရားရရှိပြီး အလင်းဝင်ခဲ့ပါသည်။'

သခင်စိုးသည် ထိုသို့ သမိုင်းတွင်ရစ်မည့် ထွက်ဆိုချက်ကို ထိုကဲ့သို့ နံနက်ပိုင်းတွင် ထွက်ဆိုခဲ့ပြီး ညနေပိုင်းတွင် 'ငှင်းတို့မိသားစု အလင်းဝင်ခဲ့ရပုံ' အဆင့်ဆင့်ကို ပြည့်ပြည့်စုံစုံ သေသေသပ်သပ် ထွက်ဆိုသွားရာ မှတ်သားဖွယ်ရာ အများအပြား ပါဝင်နေပါသည်။

'ကျွန်တော်တို့မိသားစု အနေနှင့် ၁၉၇၀၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အလင်းဝင်ခဲ့ပါသည်။ ပထမတွင် ဤသို့ အလင်းဝင်ရန် အလံနီဗဟိုကော်မတီသို့ တင်ပြရာ အလံနီ တွန်မြူနစ်ပါတီ ဗဟိုကော်မတီက လက်မခံပါ။ ထို့ကြောင့် နှောင့်နှေးခဲ့ရပါသည်။ ကိုကျော်ဝင်း၊ မငွေစံ တို့လို ငြိမ်းချမ်းရေး တမန်တော်အဖွဲ့အဖြစ် လာရောက် ...ကြပါသည်။ အပြန်အလှန် ဆွေးနွေးပြီးမှ ဗဟိုကော်မတီ ... အလင်းဝင်ခြင်းကို လက်ခံခဲ့ပါသည်။

ထိုသို့ ကျွန်တော်တို့ မိသားစု အလင်းဝင်ရာတွင် တော်လှန်ရေးကောင်စီအစိုးရ စစ်အရာရှိများထံ အလင်းဝင်ခဲ့ခြင်း ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီအား လက်နက်ကိုင် ဆန့်ကျင်ရေးကို လုံးဝစွန့်လွှတ်လိုက်ပါပြီ။ နိုင်ငံရေးအရ စည်းရုံးရေးအရ တော်လှန်ရေးကောင်စီအား ဆန့်ကျင်ခြင်းကို စွန့်လွှတ်လိုက်ပါပြီ။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ တော်လှန်ရေးကောင်စီထံ အပ်နှံပါသည်။ တော်လှန်ရေးကောင်စီမှ ထိန်းသိမ်းထားစေလိုပါသည်။ ပြီးနောက် ကျွန်တော်၏အဖြစ်အပျက်များကို တော်လှန်ရေးကောင်စီသို့ စာရေးတင်ပါမည်။

အလံနီ ဗဟိုကော်မတီအဖွဲ့ထံ ကျွန်တော် ကတိပေးခဲ့သည့်အတိုင်း ငြိမ်းချမ်းရေး အကြံပေးချက်များကို သူတို့ကိုယ်စား တော်လှန်ရေးကောင်စီသို့ စာတစ်စောင် ရေးတင်ခဲ့ပါသည်။ ထိုစဉ်က သူတို့၏သဘောမှာ သူတို့ဟာ အလင်းဝင်သည့်သဘော မဟုတ်ကြဘဲ တော်လှန်ရေးကောင်စီက ခေါ်ပြီး ဆွေးနွေးသည်ဆိုရုံဖြင့် ဘာအနေ က် ညာအချက်ရသည်ဟူ၍ပင် သဘောမထားတော့ဘဲ စောဟန်တာသာမွေးတို့အဖွဲ့လို ဥပဒေဘောင်အတွင်းမှာပဲ တစ်ခါတည်း နေလိုက်တော့ရန် ဖြစ်ပါသည်။

အလံနီ ဗဟိုကော်မတီများထံ ကတိပေးခဲ့သည့်အတိုင်း ငြိမ်းချမ်းရေး ဆွေးစပ်ဆွေးနွေးရေး စာကို ရေးတင်ပြီးနောက် ကျွန်တော်သည် ကျွန်တော်၏ မူလသဘောထားအတိုင်း ကြိုက်သလိုဆောင်ရွက်သွားရန် သူတို့နှင့် သဘောတူညီမှု ရခဲ့ပြီးသည်နှင့်အညီ အလင်းဝင်ပြီးနောက် မကြာမီမှာပင် အမျိုးသားထောက်လှမ်းရေးအဖွဲ့မှတဆင့် ကျွန်တော်သည် အတိတ်က ကြီးလေးသောအမှားများကို ကျူးလွန်မိခဲ့သည့်အတွက် ကျွန်တော့်မှာ အပြစ်တွေအများကြီးရှိပါသည်။ ထိုအမှားများနှင့် ပတ်သက်၍ စနစ်တကျ ပြည့်အစုံ စုံစမ်းရှာဖွေ ပြန်လည်သုံးသပ်ပြီး စာတမ်းတစ်စောင် ရေးတင်ပါမည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီမှ လိုအပ်သော စာအုပ်စာပေများ ထောက်ပံ့ပါရန် ပန်ကြားစာများ ရေးပို့ခဲ့ပါသည်။

ကျွန်တော်လည်း ကျွန်တော်၏အမှားများနှင့် ပတ်သက်၍ စတင်ရှာဖွေ ရေးသားရာ ထိန်းသိမ်းခံပြီး နှစ်နှစ်ခန့်အကြာတွင် အကြမ်းပြီးသွားပါသည်။ ထိုစာစောင်ကို အချောပြန်ကူးရန် ၁၉၇၂ ခု၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် စာရွက်များ တောင်းခံခဲ့ပါသည်။ စာစောင်မှာ အချော ရေးပြီးလျှင် ဖူးစကက်နှင့် စာမျက်နှာ ၉၀၀-၁၀၀၀ ခန့် ရှိပါလိမ့်မည်။ ၎င်းစာကို ပြန်ကူးလျှင် နောက် (၆)လခန့်၊ ၁၉၇၃ ခုနှစ်လယ်လောက်တွင် ပြီးမည်ဟု ခန့်မှန်းပြီး ကူးယူနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သခင်စိုးသည် ဆိုရှယ်လစ်ဝါဒ အမည်ရှိစာအုပ်ကို ရေးသားကာ မြန်မာပြည်တွင် 'ပစ္စည်းမဲ့ဝါဒ'ကို စတင်အုတ်မြစ်ချပေးခဲ့သည်။

စာကူးပြီး တော်လှန်ရေးကောင်စီထံ ပို့သည့်အခါတွင် ကျွန်တော့်ကိုယ်ရေးနှင့် ပတ်သက်၍ စာတစ်စောင် ပူးတွဲရေးဖို့ ရည်ရွယ်ထားပါသည်။ ထိုရည်ရွယ်ချက်မှာ ကျွန်တော် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ဝင်လိုကြောင်း၊ အပြစ်မှလွတ်သည်ဖြစ်စေ၊ လွတ်ငြိမ်းချမ်းသာခွင့် ရသည့်အခါဖြစ်စေ ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းအတွက် တော်လှန်ရေးကောင်စီထံ အမှုထမ်းလိုပါသည်။

မည်သို့သော တာဝန်မျိုးကို ထမ်းရွက်သင့်သည်ဆိုခြင်းကိုမူ ကျွန်တော်၏ အမြင်နှင့် သဘောထားများ၊ ကျွန်တော် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကိုသာကြည့်ပြီး တော်လှန်ရေးကောင်စီမှ ကြိုက်သလိုသာ ခန့်ခွဲရန်ဆိုသည့် အချက်များပါသော ပန်ကြားလွှာတစ်စောင် သတ်သတ်ရေးပြီး အထက်ဖော်ပြပါ စာတမ်းကြီးနှင့်အတူ တော်လှန်ရေးကောင်စီသို့ တင်ပြရန် ဖြစ်ပါသည်။

ဤစာတမ်းကို အချော မြန်ကူးနေစဉ် တစ်လကျော်ကျော်၌ ဤရုံးတော်တွင် အမှုအစစ်ခံရန် မင်္ဂလာဒုံ ထောက်လှမ်းရေးစခန်းမှ အင်းစိန်ထောင်ကြီးသို့ အပို့ခံလိုက်ရပါသည်။ ယခုလို အပို့ခံလိုက်ရသည်မှာ ၁၉၇၂၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ဟု မှတ်မိပါသည်။

ကျွန်တော်၏ အလင်းဝင်ပုံအစဉ်မှာ တခြားသော အလင်းဝင်သူများ၏ ပုံစံနှင့်မတူပါ။ တခြား တခြားသော အလင်းဝင်သူများမှာ သူတို့မှားပါသည်ဟု ဝန်ခံပြီးသည်နှင့် ပြီးသွားကြကာ လွတ်ငြိမ်းခွင့် ရသွားကြခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ အလင်းဝင်ပုံက အလင်းဝင်ပြီးနောက် အတိတ်က မိမိလုပ်ဆောင်ခဲ့ခြင်းနှင့် ပတ်သက်၍ ယခု ဤရုံးတော်တွင် အစစ်ခံသော နည်းမျိုးအတိုင်း နိုင်ငံရေးဘောဂဗေဒ (လူမှုသိပ္ပံ) အမြင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (နိုင်ငံရေးသိပ္ပံ) အမြင်များအရ မမွေး... ကျကျ ပထမအားဖြင့် မိမိ၏အမှားများကို တွေ့မြင်အောင် ရှာဖွေရယူခြင်း၊ ဒုတိယအားဖြင့် အမှားကို အတိအလင်း ဝန်ခံခြင်း၊ တတိယအားဖြင့် အမှား ဘာကြောင့်ဖြစ်ရသည်ကို သိရှိအောင်လုပ်ခြင်း၊ စတုတ္ထအားဖြင့် အမှားကျူးလွန်မိရာသို့ ဆိုက်ရောက်သွားစေသည့် အခြေအနေများကို ခန်းခွဲခြင်း၊ ပဉ္စမအားဖြင့် အမှားကိုပြင်ရန် ကောင်းစွာ ကြိုးပမ်းအားထုတ်ခြင်းတို့ကို အကျယ်တဝင့် ရက်ရှည်လများ လုပ်ခဲ့ရပါသည်။

ဤသို့ လုပ်ခဲ့ရသည်မှာ ပထမအားဖြင့် ပြည်သူများသည် အမှား၊ အမှန်နှင့် ပတ်သက်ပြီ အထင်အရှား ခွဲခြားသိရှိနိုင်ရန် ဖြစ်ပါသည်။ ဒုတိယအားဖြင့် ဆက်လက်မှားယွင်းနေသူများအား နောင်တ သတိသံဝေ ရစေရေးတို့အတွက် ဖြစ်ပါသည်။

ခုံရုံးတော် ရှေ့မှောက်တွင် ကျွန်တော် တစ်ဝက်တစ်ပြက် အစစ်ခံပြီးဖြစ်သည့်အတိုင်း ကျွန်တော်သည် နိုင်ငံရေးအမှားများကို ကျူးလွန်ခဲ့သူဖြစ်ပါ၍ ကျွန်တော့်တွင် နိုင်ငံရေးအပြစ် ရှိပါသည်ဟူ၍ ဝန်ခံရန်သာ ရှိပါသည်။ တစ်ဖက်တွင်လည်း အထက်တွင် ကျွန်တော် ရေးခဲ့သည့်အတိုင်း ကျွန်ုပ်တော်ဟာ ဥပဒေဘောင်အတွင်းသို့ အလင်းဝင်လာပြီး မိမိ၏အပြစ်များကို ဝန်ခံထားသူ ဖြစ်သဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ရထိုက်ကြောင်းကိုလည်း လျှောက်ထားပန်ကြားအပ်ပါသည်။'

ဖော်ပြပါ သခင်စိုး၏ ထွက်ဆိုချက်များကို ၂၁. ၅. ၁၉၇၃၊ တနင်္လာနေ့တွင် ထွက်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သခင်စိုးသည် သူ ပြစ်မှားကျူးလွန်ခဲ့သော နိုင်ငံရေးအမှား၊ နိုင်ငံရေးအပြစ်များကို နိုင်ငံတော်တရားခွင်မှနေ၍ မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံး ကြားသိစေရန် 'သိကြားစေ သက်သေညွှန်း' ပြီး ဖွင့်ဟဝန်ခံသွားလေသည်။

သခင်စိုးသည် အပြစ်ရှိကြောင်း သူကိုယ်တိုင်ကပင် ဝန်ခံခဲ့သည်ဖြစ်၍ အပြစ်ရှိသူတစ်ယောက်အဖြစ် သတ်မှတ်ရမည်လော၊ ရှုတ်ချရမည်လော။ အမှန်စင်စစ် အပြစ်ကို ပတ်ပက်စက်စက် ကျူးလွန်ပြီးကာမှ 'ဝန်မခံနိုင်ဘူး' ဟု ခါးခါးသီးသီး ငြင်းဆိုနေသူများ၊ 'ဒါက ကျုပ်လုပ်တာ မဟုတ်ဘူး ကျုပ်က နိုင်ငံတော်တာဝန် ထမ်းဆောင်တာပဲ' ဟု ပြောင်တျကျ ဘူးကွယ်နေသူများထက်စာလျှင် သခင်စိုးသည် ဂုဏ်သိက္ခာ (နိုင်ငံရေးဂုဏ်သိက္ခာ) ကြီးမြတ်သူ ဖြစ်ပါသည်။

ထို့ထက် ခြစ်ညည်းရိုးခွထိုင်ပြီး မလိုပ်များများ လက်ဖက်ရည်နှင့် ထောပတ်များများ ပေါင်မုန့်ဘက်သို့ ခါးတောင်းကျိုက်ကာ ကျွမ်းထိုးသွားကြကုန်သော ကွန်မြူနစ်ပါရဂူကြီးများ၊ ကွန်မြူနစ် မဟာဝိဇ္ဇာကြီးများထက်စာလျှင် အလံနီ သခင်စိုး (ကိုယ့်အပြစ်ကို ဝန်ခံသွားသော သခင်စိုး)သည် တုနှိုင်းမယှဉ်သာအောင် မြင့်မြတ်ပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၄)



www.burmeseclassic.com

(မှတ်ချက် ။ ။ ကိုကိုးကျွန်းရောက် ကွန်မြူနစ်များကို ကွန်မြူနစ် မဟာဝိဇ္ဇာဘွဲ့၊ ပဲခူးရိုးမရောက် ကွန်မြူနစ်များကို ကွန်မြူနစ် ပါရဂူဘွဲ့. ဟူ၍ လက်နက်ချ ကွန်မြူနစ်တစ်ဦးက ကြံကြံဖန်ဖန် ဘွဲ့ပေးခဲ့သည်။)

သခင်စိုးသည် ကျူးလွန်ခဲ့သော ပြစ်မှုများအရ 'သေဒဏ်'ဖြစ်သင့်ကြောင်း တရားလို အကျိုးဆောင် ရှေ့နေကြီး ဦးမြင့်အောင်က စာမျက်နှာ (၃၆)မျက်နှာရှိ လျှောက်လဲချက်ကို ၂ နာရီ ၁၅ မိနစ်ကြာ လျှောက်ထားသွားပါသည်။

တရားခံအကျိုးဆောင် ရှေ့နေကြီး ဦးကိုယု (စာရေးဆရာ မောင်ကိုယု)ကလည်း ပထမလျှောက်လဲချက်၊ ဒုတိယလျှောက်လဲချက်တို့ဖြင့် စာမျက်နှာပေါင်း (၁၂၆)မျက်နှာကို နာရီပေါင်း ၃ နာရီ ၁၅ မိနစ်ကြာ လျှောက်လဲပြီး 'ဆရာကြီးသခင်စိုးရဲ့ ဘဝက်ကြမ္မာရေးရယ်၊ သူတို့မိသားစုရဲ့ ဘဝက်ကြမ္မာ အနာဂတ်ရေးရယ်တို့ကို ခုံရုံးတော်ကို ပုံအပ်ခဲ့ရင်း ရာဇဝတ်မှုအခြေခံ သဘောတရားအရ အပြစ်ပေးသင့်၊ မပေးသင့် တရားမျှတမှုနဲ့အညီ ဆုံးဖြတ်တော်မူပါ' ဟု လျှောက်ထားသွားလေသည်။

(ကြေးမုံသတင်းစာ၊ ၂၃. ၁၂. ၇၂ နေ့ထုတ် 'သခင်စိုးကို လွှန်ခဲ့သော ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာ (၁၁)ရက်က ပခုက္ကူမြို့နယ်၊ ကျွန်းချောင်းရွာတွင်၊ ပြည်သူ့စစ်အဖွဲ့နှင့် တပ်မတော်တို့ ပူးပေါင်း၍ ဖမ်းဆီးရမိခြင်းဖြစ်၏' ဟု ဖော်ပြထားချက်ကို သတိပြုပါ။)

အထူးရာဇဝတ်ရုံး အမှတ် ၆၀၊ ၁၉၇၂၊ နာယက ဦးသန်းနွဲ့က အတည်ပြုအဖွဲ့(၂)၏ ၁၉၇၃၊ စက်တင်ဘာလ (၆)ရက်နေ့စွဲပါ အမိန့်အမှတ် ၁၁၁/၁၉၇၃ ကို ဖတ်ကြားပြီး ဦးစံဒွန်း၏သား အသက် (၆၆)နှစ်၊ သခင်စိုး (ခ) ဦးစိုး အပေါ်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၂(၁)အရ 'သေဒဏ်' အမိန့် ချမှတ်ခဲ့ပါသည်။

၁၉၇၄ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းအတည်ပြုခြင်း အောင်မြင်မှုအထိမ်းအမှတ်အဖြစ် သခင်စိုးအား သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ လျှော့ပေါ့ပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်၊ မေလ ၂၈ ရက်တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် အမိန့်အမှတ် ၂/၈၀ ဖြင့် သခင်စိုးအား လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

ဦးဝိစာရရိပ်သာ၊ တိုက်-၂၉၊ အခန်း-၈၊ ပထမထပ်တွင် နေထိုင်ခွင့်ရခဲ့သည်။ ထိုနေရာသည် သခင်စိုးကိုယ်တိုင် 'မင်းမနိုင်ရပ်ကွက်' ဟု အမည်ပေးခဲ့သော နေရာဖြစ်ပါသည်။ သခင်စိုးသည် ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရရှိပြီး ၁၉၈၈ ခုနှစ်တွင် 'ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ' နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

---

ပထမအားဖြင့်
ပြည်သူများသည်
အမှားအမှန်နှင့်
ပတ်သက်၍
အထင်အရှား
ခွဲခြားသိရှိနိုင်ရန်ဖြစ်ပါသည်။
ဒုတိယအားဖြင့်
ဆက်လက်မှားယွင်း စေသူများအား
နောင်တ
သတိသံဝေဂ ရစေရေး

---

သခင်စိုးသည် ၁၉၈၉ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ချိန်တွင် အသက် (၈၄)နှစ် ရှိလေပြီ။

သခင်စိုး၏ ရုပ်ကလာပ်ကို ကြံတောသုသာန်တွင် ဂူသွင်း သဂြိုဟ်ခဲ့ပါသည်။ သခင်စိုး၏ အုတ်ဂူ၌ ဤသို့ ကမ္ပည်း စာတန်း ရေးထိုးထားလေသည်။

**'မြေနှင့် လူ့အခွင့်အရေးကို လူတန်းစားတစ်ရပ်လုံးက ပိုင်ဆိုင်မှုဟာ လူမှုဒုက္ခအပေါင်းမှ ကင်းဝေးချုပ်ငြိမ်းရာ တစ်ခု တည်းသောလမ်း ဖြစ်သည်'**

ရန်ကုန်မြို့၌ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် သခင်စိုး ပြောကြားသွားခဲ့သော စကားတစ်ခွန်းသည် မြန်မာနိုင်ငံတော် သမိုင်းစာမျက်နှာထက်၌ အမြဲတမ်း လမ်းပြကြယ် အဖြစ် ထွန်းလင်းကျန်ရစ်ခဲ့မည် ဖြစ်ပါသည်။

ထိုလမ်းပြကြယ် စကားတစ်ခွန်းသည်ကား . . .

"သခင်အောင်ဆန်း ချမှတ်ခဲ့သော လမ်းစဉ်ကို မိမိတို့တစ်သိုက်က ဆန့်ကျင်ဘက် မပြုဘဲ ဆောင်ရွက်ခဲ့ကြရင် မြန်မာပြည် ယခုကဲ့သို့သော အခြေအနေကို မရောက်ဘဲ ဂျပန်ပြည်လို သာယာဝပြောနေပေမည်" ဟူ၍ဖြစ်ပါသတည်း။

အလေးပြုလျက် . . .
❑ထွန်းလင်းသူ

www.burmeseclassic.com



သက်ပြင်းရှိုက်သံ တံတား၊ ပင်လယ်နဲ့လက်ထပ်ထားတဲ့ မြို့စားနဲ့

# အိပ်မက်ထဲက မှော်ဝင်မြို့.... ဗင်းနစ်


ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)





www.burmeseclassic.com

www.burmeseclassic.com



ဗင်းနစ်မြို့တွင်း လမ်းများမှာ
စိတ်ပေါ့ပါးစွာ လျှောက်လှမ်းရင်း

ထုံးအိုင်ရဲ့ ရေတိမ်ပိုင်းကို ရေကူးနိုင်တဲ့ ကမ်းခြေပိုင်း သောင်ခုံနဲ့ မျဉ်းသားသလို အနားသတ်ထားတယ်။ အဲဒီမှာ ေပရှိ ဒီရေလမ်းကြောင်းနဲ့ မြို့ရဲ့ ရေကြောင်းသွားလာရေး န်းလည်း ရှိတယ်။ သောင်ခုံပေါ် မှာ အခြေချနေထိုင်လာခဲ့ ဘာ ရာစုနှစ်နဲ့ချီပြီး ကြာခဲ့ပါပြီ။ အထင်ရှားဆုံး နေရာ တော့ လီဒို (the Lido) ပါပဲ။ လီဒိုဟာ ၁၉ ရာစုရောက်တော့ တ်ရှင်ကျလှတဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းပေါ့။

ယနေ့ ဗင်းနစ်အုပ်ချုပ်ရေးမြို့တော် ဒေသန္တရကွန်မြူ mune)ကို မိုင် ၉၀ ပတ်လည်ရှိတဲ့ ထုံးအိုင်က ဝန်းပတ် းတယ်။ မြို့ပြနယ်မြေမှာ စက်မှုလုပ်ငန်းဇရိယာ Mestre. rghera နဲ့ Tessera က မာကိုပိုလို နိုင်ငံတကာလေဆိပ် လည်း ရှိနေပါတယ်။ ၁၉၈၇ ခုနှစ်မှာတော့ ဗင်းနစ်နဲ့ တည်ရှိရာ ထုံးအိုင်တို့ တစ်စုတစ်ဝေးတည်းကို ယူနက်စကို NESCO) ရဲ့ ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage )အဖြစ် အသိအမှတ်ပြုခြင်း ခံရပါတယ်။

ဗင်းနစ်ဟာ မူလက ပင်လယ်ထဲက တံငါသည်မြို့ းပေါ့။ နောက်တော့ ရေကြောင်းရီပတ်ဘလစ် (republic) ဗဟိုဌာနဖြစ်လာခဲ့တယ်။ ရီပတ်ဘလစ်ကာလ နေ့ရက် မှာ ဗင်းနစ်ဟာ ကြည်လင်အေးငြိမ်းဆုံး ရင်သပ်ရှုမောဖွယ် (la serenissima) နဲ့ပါ။ ၁၇၉၇ ခုနှစ် ရီပတ်ဘလစ် ဆုံးသွားပေမယ့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွေ ကောင်းလာပြီး အဓိကရ ပင်လယ်ဆိပ်ကမ်းမြို့ကြီး





ဖြစ်လာပါတယ်။ အလယ်ခေတ်နောက်ပိုင်းမှာ ဥရောပရဲ့ အကြီးဆုံးဆိပ်ကမ်းမြို့ကြီးပေါ့။ ဗင်းနစ်ဟာ ယနေ့ထိလည်း အက်ဒရီယာ့တစ် ပင်လယ်မြောက်ပိုင်းက အဓိက အီတာလျံ ဆိပ်ကမ်းမြို့နဲ့ ကမ္ဘာ့ရှေးအကျဆုံး ခရီးသွားလုပ်ငန်းနဲ့ ယဉ်ကျေးမှု ဗဟိုအဖြစ် ဆက်လက်တည်ရှိနေဆဲပါ။

## ဗင်းနစ်ရဲ့ ဒဏ္ဍာရီ (the myth of Venice)

ဘယ်လိုပဲဖြစ်စေ ဗင်းနစ်သားတွေဟာ အီတလီမှ သည် ဥရောပမြောက်ပိုင်းနဲ့ အရှေ့ပိုင်းထိ ဒေသတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှု လွှမ်းမိုးချက် အမျိုးမျိုးကို တုံ့ပြန်ပြီး သတိရှိစွာနဲ့ သူတို့မြို့ကို ထူးခြားတဲ့နေရာ အဖြစ် ဒီဇိုင်းထုတ် ပုံဖော်ခဲ့တယ်။

ဗင်းနစ်သားတွေက သူတို့မြို့ဟာ ဘုရားသခင်ရဲ့ နှုတ်ကပါဌ်တော်နဲ့ ဘာသာရေးအရ သိက္ခာငေ်ာ်ထပ်ရာဌာန၊ မြို့ပြနဲ့ စီးပွားရေးဘဝတွေကို သူတော်စင် စိန့်မတ်(St. Mark) ကောင်းချီးပေးရာ အသိုင်းအဝိုင်း၊ သူတို့ရဲ့ ပင်လယ်ထုံးအိုင်

www.burmeseclassic.com

တွေက အကာအကွယ်ပေးထားတဲ့အရပ်၊ သက်ဦးဆံပိုင်ဘုရင်စနစ်၊ အထက်တန်းလွှာ မင်းမျိုးမင်းနွယ်(aristocracy)နဲ့ ရီပတ်ဘလစ်ကင်တို့ စုစည်းပေါင်းစပ်ပြီး ဟန်ချက်ညီညီဖွဲ့စည်းအုပ်ချုပ်တဲ့ လွတ်လပ်ရာအရပ်လို့ သတ်မှတ်ယူဆကြရဲ့။

ဗင်းနစ်မှာ ရီပတ်ဘလစ်ကင် ရောမကို အတုယူပြီး ဒီ့ထက်သာအောင် ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ မြို့တော်ရဲ့ ဗိသုကာ အထူးသဖြင့် ဥက်သစ်လောင်းကာလ လက်ရာတွေရှိတယ်။ ဗင်းနစ်ရဲ့ ကြီးကျယ်လှတဲ့ ခလေ့ထုံးတမ်းတွေဖြစ်တဲ့ ဒေါဂီမြို့စားနန်းတော်ကနေ ဘုရားကျောင်းအထိ စီတန်းလှည့်လည်ပွဲတွေလည်း ရှိတယ်။ ဒါ့အပြင် နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ မြို့စားရဲ့ ပင်လယ်နဲ့ လက်ထပ်ပွဲ (the Marriage with the Sea) လည်း ရှိရဲ့။ ပင်လယ်ထဲကမြို့ဖြစ်လို့ မြို့စားမင်းကလည်း ပင်လယ်နဲ့ သစ္စာနှံထားရပါတယ်။ အဲဒီ လက်ထပ်ပွဲအချိန်မှာတော့ မြို့စားဟာ ရွှေလက်စွပ်တစ်ကွင်းကို သစ္စာရှိခြင်းနဲ့ အမြဲထာဝရ စိုးမိုးအုပ်ချုပ်နိုင်ခြင်းရဲ့ သက်သေခံတစ်ခုအဖြစ် ပင်လယ်ထုံးအိုင်ထဲ ပစ်ချပြီး ဗင်းနစ်ရဲ့ဒဏ္ဍာရီကို အများပြည်သူသိအောင် ဖော်ကျူးကြတာတွေလည်း ရှိပါတယ်။ သမိုင်းဆရာတွေကတော့ ဒါတွေကို ဗင်းနစ်ရဲ့ဒဏ္ဍာရီလို့ ညွှန်းဆိုကြတယ်။

## ရိုးရာမလေ့ စက်မှုလုပ်ငန်းများ

ဗင်းနစ်ရဲ့ သမိုင်းစာမျက်နှာတွေကို လှန်လို့မှမဆုံးခင် စက်လှေဟာ ဗင်းနစ်မြို့ရဲ့ လှေဆိပ်မှာ ထိုးရပ်လိုက်ပါတော့တယ်။ လှေအဆင်း မြင်းအတက် ခက်ခဲလှတယ်ဆိုပေမယ့် ဗင်းနစ်လှေဆိပ်ရဲ့ သစ်သားတံတားရှည်ကတော့ စက်လှေနဲ့ တစ်ပြေးညီပဲမို့ လွယ်လွယ်နဲ့ပဲ ကုန်းပေါ်ကို ရောက်ခဲ့ပေါ့။




ဂရင်းတူးမြောင်း (Grand Canal)ပေါ်က
ရီရယ်တို (Rialto) တံတား

တဖြူးဖြူးတိုက်နေတဲ့ ဆားနံ့သင်းတဲ့ ပင်လယ်လေကို ရှူရှိုက်ရင်း ဗင်းနစ်ကုန်းမြေကို ခြေချလိုက်တယ်။

အိပ်မက်လိုလို တကယ်လိုလိုပါပဲ။ ကိုယ်နဲ့ အလှမ်းကွာလှပြီး ဒဏ္ဍာရီဆန်လှတဲ့ ဗင်းနစ်ကို ဒါ တကယ်ပဲ ရောက်လာခဲ့ပြီဆိုတဲ့ ကြည်နူးစိတ်ဟာ ဖုံးလို့မရနိုင်လို့နေရဲ့။

ကမ်းနားလမ်းတစ်လျှောက် လျှောက်လာခဲ့ပေါ့။ ကဖီးဆိုင်လေးတွေက ရောင်စုံပွင့်ဖူးနေတဲ့ ပန်းလေးတွေဟာ လေမှာ နွဲ့နွဲ့လေးလှုပ်ခတ်နေကြတယ်။ ဖြူနှစ်နှစ် ဝါကြင်ကြင် ကျောက်လှေကားလေးတွေကို ဖြတ်လျှောက်ခဲ့ရတယ်။

အိုး. . . တံတားအောက်က စိမ်းညို့ညို့ရေပြင်မှာ လှေနက်နက်ကလေးတွေ စီးမျောလို့။ တံတားလက်ရန်းတွေကလည်း ကျောက်သားတွေမို့ အေးအေးဆေးဆေး တက်ထိုင်



ဗင်းနစ်မြို့တွင်း လမ်းများမှာ
စိတ်ပေါ့ပါးစွာ လျှောက်လှမ်းရင်း

ချင်လိုက်တာ။ တံတားအဆင်းမှာတော့ ဘာယာဉ်မှမရှိတဲ့ လူသွားလမ်းတွေ။ ကျောက်ပြားချပ်ကြီးတွေ ခင်းထားပြီး လူတွေက အိပ်မက်မှာ လွင့်မျောနေသလို တငြိမ့်ငြိမ့် လျှောက်လှမ်းနေကြရဲ့။


ရှေးဟောင်းတိုက်တာ အဆောက်အအုံ ထူထူပျစ်ပျစ်ကြီးတွေ၊ မျက်နှာဖုံးမျိုးစုံ ချိတ်ဆွဲထားတဲ့ လမ်းဘေးဈေးဆိုင်လေးတွေ၊ လက်လုပ် ဖန်ထည်ပစ္စည်းတွေ၊ ပိုးထည်တွေနဲ့ မျက်နှာဖုံးတွေကို ဗင်းနစ်ရောက်ရင် အမှတ်တရဝယ်ယူနိုင်ပေါ့။ လမ်းတစ်ဖက်က ကမ်းစပ်မှာတော့ အစီအရီဆိုက်ကပ်ထားတဲ့ လှေကလေးတွေ။ ဘယ်ယာဉ်၊ ဘယ်ကားမှ တိုက်မှာ မပူရဘဲ လွတ်လပ်စွာ လျှောက်ခဲ့ရတဲ့လမ်းဟာ မိုင်ပေါင်း






www.burmeseclassic.com

www.burmeseclassic.com





ကုဋေရှည်လည်း မောမယ် မထင်ပါဘူး။ သောကကင်းဝေးပြီး စိတ်ချမ်းသာလှရဲ့။ လမ်းလျှောက်လို့ကောင်းတုန်း ရင်ပြင်ကျယ်ကြီးကို တွေ့ပြီး လူတွေကြားကနေ လမ်းညွှန်ဦးဆောင်ခေါ်သွားရာကို လိုက်ခဲ့ပေါ့။

မကြာခင် တိုက်အိမ်တစ်ခုရဲ့ အောက်ထပ်ကို ဝင်သွားရတယ်။ အဝင်ဝမှာပဲ အစိမ်းရောင်ဖန်သားနဲ့ ပြုလုပ် အလှပြထားတဲ့ ဖန်ထည်မြင်းကြီးတစ်ကောင်ကို တွေ့လိုက်ရပေါ့။ အိုး. . . ဒါဟာ ဖန်ချက်လုပ်ငန်းတစ်ခုပါပဲလား။ ရှေးခေတ်လက်ရာနည်းပညာနဲ့ ဖန်လုပ်ငန်းအချို့ ဗင်းနစ်မှာရှိနေလို့ ရိုးရာဖန်ချက်စက်ရုံတွေကို ဝင်ရောက် လေ့လာနိုင်ကြတယ်။ ဗင်းနစ်ရဲ့ အအိုပေါင်းဆုံးနဲ့ အထူးခြားဆုံးတွေထဲက တစ်ခုဟာ ဖန်ထည် (glassware)လုပ်ငန်းပါ။ အကောင်းဆုံး ဖန်ထည် ထုတ်လုပ်မှုဟာ အလွန်လှပသိမ်မွေ့ပြီး အရည်အသွေးရှိလှသတဲ့။

အလှပြ ကြော်ငြာထားတဲ့ ဖန်အိုးဖန်ခွက်၊ ဖန်ပန်းအိုး၊ ဖန်ပုတီး၊ ဖန်ထည်တွေကြားက ဖြတ်ပြီး အခန်းတစ်ခန်းထဲကို ဝင်လိုက်ကြရတယ်။ အဲဒီမှာ ဖန်လုပ်ငန်းလုပ်ကိုင်ပုံတွေကို သရုပ်ပြပေးတယ်။ ခရီးသွားတွေ အများကြီးပဲ စုဝေးရောက်ရှိနေပြီး အံ့ဩစွာ ကြည့်နေကြရဲ့။


အလွန်မြင့်တဲ့ အပူရှိန်ရဖို့ ဖန်ချက်ရုံမှာ မီးကျီးခဲကြီးများနဲ့ အပူပေးထားတဲ့ ဖန်သားကို သကြားရည်ပျစ်ပျစ်ကြီးလို အနေအထားမှ ဖန်လုပ်ငန်းကျွမ်းကျင်သူက ပိုက်ရှည်ကြီးနဲ့



ဗင်းနစ်မြို့က ဖန်ချက်စက်ရုံလုပ်ငန်းခွင်နဲ့ ဖန်မြင်းရုပ် စိမ်းကြီး

လှမ်းကာ တို့ယူတယ်။ အဲဒီဖန်သားတွေကို ညှပ်အရှည်ကြီးများနဲ့ ထိန်းတာ ကတ်ကြေးရှည်ကြီးနဲ့ ဖြတ်တောက်တယ်။ ပျော့တွဲတွဲဖန်သားတွေကို ညှပ်ရင်း၊ ဆွဲရင်း ကိုက်ဖြတ်ရင်း၊ လေနဲ့မှုတ်သွင်းရင်းနဲ့ပဲ ကိုင်းပါတဲ့ ဖန်ပန်းအိုးရှည်တွေ၊ ငါးရုပ်၊ မြင်းရုပ်တွေ ပြုလုပ်ပြကြတယ်။ ဖန်လုပ်သားတွေရဲ့ လက်မှုပညာ ကျွမ်းကျင်မှုမှာ အံ့ချီးဖွယ်ရာပင်။

ထိုလူ လုပ်ကိုင်နေပုံများကို ဘေးမှ ဖန်စက်ရုံ လူကြီးတစ်ဦးက ရှင်းပြပေးပါတယ်။ မြန်မာပြည်မှ နဂါးဖန်ချက်စက်ရုံကိုပင် သတိရမိသေးတော့။ ဒီလိုပဲ ကျွမ်းကျင်စွာ ဖန်ထည်တွေ ပြုလုပ်နိုင်ပြီး လက်ရာမြောက်လှတာ ကိုယ်တွေမို့ ကိုယ့်တိုင်းပြည်အတွက် ဂုဏ်မငယ်ခဲ့ပါဘူး။ မန္တလေး၊




ဗင်းနစ်မြို့က ကျောက်တံတား၊ လမ်းများနဲ့ လမ်းဘေးဆိုင်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဗင်းနစ်၊ တူးမြောင်းတွေထဲမှာ ဂွန်ဒိုလာလှေစီးတဲ့ခရီး





နန်းတွင်းက နန်းတော်ရာပြခန်းဆောင်တစ်ခုမှာ ဖန်စိမ်းနဲ့ လုပ်ထားတဲ့ ပွတ်လုံးတိုင်လေးတွေရှိတာကိုလည်း မျက်စိထဲမှာ မြင်ယောင်ရင်း အမျိုးဂုဏ် ဇာတိဂုဏ် တက်မိပါသေးတယ်။ တစ်ကမ္ဘာလုံးသိအောင် ဗင်းနစ်သားတွေလို မပြနိုင်တာကိုဘဲ ဝမ်းနည်းမိရဲ့။

ယနေ့ ဒီမှာပြသတဲ့ဖန်ထည်များကတော့ ခရီးသွားများအတွက် လက်ဝတ်တန်ဆာ အပေါ်စားတွေ ဖြစ်ဟန်ရှိပေမယ့်လည်း အတော်လက်ရာမြောက်ပါသေးတယ်။ ၁၂၉၁ ခုမှာ ဖန်လုပ်ငန်း မီးပြင်းဖိုများစွာဟာ မူရာနို(Murano) ကျွန်းပေါ်ကနေ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တဲ့အနေနဲ့ မြောက်ဘက်ကို ပြောင်းရွှေ့သွားကြတယ်။ ထို့တူ ဒီဈေးပေါင်းစက်ရုံတွေကနေ ထုတ်လိုက်တဲ့ အခိုးအငွေ့တွေဟာ ဗင်းနစ်ရဲ့ ကျောက်သားတွေကို စားသွားစေရဲ့။ လုပ်ငန်းတွေ ကျဆင်းခဲ့ပေမယ့် မူရာနိုဟာ ယနေ့ ဖန်ထည်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်နေဆဲပါ။

အီတလီနိုင်ငံတွင်းက မြို့ပေမို့ ဗင်းနစ်မှာ သားရေစက်ရုံတွေလည်း ရှိပါတယ်။ ဗင်းနစ်တစ်လွှား ပြန့်ကျဲနေတဲ့ ခပ်သေးသေး လှေဝင်းတွေနဲ့ အခြားရိုးရာဓလေ့ ဇိမ်ခံပစ္စည်း လက်မှုအလုပ်ရုံတွေမှာ ဇာ၊ အဝတ်အထည်နဲ့ ပရိဘောဂတွေ ထုတ်လုပ်ကြတယ်။

အခြား Burano, Caorle, Malamocco နဲ့ Torcello တို့လို သေးငယ်တဲ့ ကျွန်းလေးတွေမှာ နေထိုင်သူတွေဟာ အစဉ်အလာအရ ထုံးအိုင်ရဲ့ ဒေသစီးပွားရေး လှုပ်ရှားမှုတွေမှာ မှီခိုနေရတယ်။

ငါးဖမ်းလုပ်ငန်း၊ ကြက်-ငှက်လုပ်ငန်း၊ ဆားထုတ်လုပ်မှုနဲ့ ဥယျာဉ်ခြံစိုက်ပျိုးရေးတွေပေါ့။ အချို့သော နေထိုင်မှုတွေဟာ ပင်လယ်ကမ်းခြေခရီးသွား တိုးပွားလာမှုအောက်မှာ ဖုံးလွှမ်းခံသွားရတယ်။ ထင်ထင်ရှားရှား ကျဆင်းလာပေမယ့်လည်း ရှေးဟောင်း ကုန်သွယ်ရေးတွေကိုတော့ ဆက်လက်လုပ်ဆောင်နေကြဆဲမို့ တံငါသည်တွေရဲ့ အငယ်စား လက်မှုတွေကိုလည်း ထုံးအိုင်မှာ ဆက်လက်မြင်နိုင်ပါရဲ့။

## တူးမြောင်းထဲက လှေတွေနဲ့ တံတားများ

ဖန်နန်းတော်ထဲက အထွက်မှာတော့ ကျောက်လှေ ဆိပ်ကို ဆင်းကြတယ်။ အဲဒီမှာ လှေငှားပြီး ဗင်းနစ်မြို့အလှ ကို လှေစီးရင်း ကြည့်ရှုခံစားကြမယ်လေ။

ဗင်းနစ်ရဲ့ ရေလမ်းမှာ သယ်ယူပို့ဆောင်ပေးတဲ့ လူသိ အများဆုံးပုံစံဟာ ဂွန်ဒိုလာ(the gondola)လှေတွေပါ။ ဗင်းနစ် ရေပြင်က အဆင်တန်ဆာများ ဆင်ယင်ထားတဲ့ ဒီအနက် ရောင် လှေလေးတွေဟာ နာမည်ကြီးလှရဲ့။ ဂွန်ဒိုလာလှေ တွေကို လှေထိုးသားနဲ့တကွ ငှားစီးနိုင်ပြီး တူးမြောင်း တစ်လျှောက် တစ်ပတ်လှည့်လည်ကာ ဗင်းနစ်မြို့ကို ပတ်ပြီး အပျော်စီးနိုင်ပါတယ်။


အဲဒီလို အပျော်ဂွန်ဒိုလာလှေစီးဖို့ကို ကိုယ်တို့ခရီးသွား ကုမ္ပဏီက လမ်းညွှန်အညွှန်းစာရွက်မှာသာ လှလှပပ မက်လုံး ပေးထားပေမယ့်၊ တကယ်တမ်းမှာတော့ ဘာမှ မစီစဉ်ထား ပါဘူး။ ဗင်းနစ်ရောက်မှ ဂွန်ဒိုလာမစီးဘဲ ပြန်ဖို့ဟာသာလည်း





www.burmeseclassic.com


www.burmeseclassic.com



စာကြည့်တိုက်ဟောင်း(ဝဲ) ဒိုဂျီနန်းတော်နဲ့နောက်ခံမှာ စိန့်မတ်ဘုရားကျောင်းရဲ့ အမိုးခုံး(ယာ)

ဂွန်ဒိုလာတွေက တူးမြောင်းတစ်လျှောက် မြို့ဟောင်းကို တစ်ပတ်ပတ်ပြီး မြို့ပြင်ပင်လယ်ပြင်သို့ပါ လှေကို ထွက်ပေးပါတယ်။ ဗင်းနစ်ကမ်းခြေတစ်လျှောက် လှေစီးပြီး ပင်လယ်ထဲကနေလည်း မြို့ကို ရှုမောခွင့်ရခဲ့ပါရဲ့။ လှေစီးရင်း စိတ်ကူးယဉ်ဆန်လှတဲ့ *အတွေးအကြံကို ခံစားနေမိရင်း အိပ်မက်*ကောင်းကနေ မနိုးထချင်တဲ့ဆန္ဒတွေပေါင် ဖြစ်ပေါ်မိပါတယ်။ ဩော်. . . အိပ်မက်ဆိုတာ အချိန်တန်တော့လည်း နိုးရတာပါပဲလေ။ ဒါပေမယ့် တန်တယ်၊ ဥရောပခရီး ထွက်ရတာ ဗင်းနစ်တစ်ခုတည်းနဲ့တင် တန်တယ်လို့လည်း စိတ်ထဲက ကြိတ်ပြီး ပီတိဖြစ်မိရဲ့။

ပင်လယ်ပြင်ကနေ မြို့ဆိပ်ကိုပြန်ဝင်ခါနီး ကမ်းစပ်မှာ အမေရိကန်က လေဘာတီရုပ်လို မီးပျော့ကိုင်ထားတဲ့



ကိုယ်တို့အတွက် မဖြစ်နိုင်ပြန်တော့ မိမိဘာသာပဲ 'ကိုယ့်ငွေကိုယ်ထုတ်ပြီး စီးခဲ့ကြရပေါ့။

ဂွန်ဒိုလာ တစ်စင်းမှာ ၆ ယောက်လောက် စီးနိုင်ပြီး တစ်ယောက်ကို ၁၂ ယူရို (မြန်မာကျပ်ငွေ ၁၃၀၀ × ၁၂ = ၁၅၆၀၀ကျပ်)လောက် ကုန်ကျပါတယ်။ တချို့လှေများမှာတော့ လှေထိုးသားတွေအပြင် အကော်ဒီယံတီးသူ၊ ရိုးရာသီချင်း သီဆိုပေးသူများလည်း ပါကြရဲ့။ ဒါအတွက်လည်း ငွေကြေးတစ်စုံတစ်ရာ ပေးရမှာပါ။ တချို့လှေများမှာတော့ လှေထိုးသားကပဲ သီဆိုသွားပါတယ်။

လှေတွေက တူးမြောင်းတစ်လျှောက် တစ်စင်းနဲ့တစ်စင်း သိပ်မဝေးလှအောင် ထပ်နေတာမို့ ကိုယ်တို့မြန်မာတွေကတော့ သူ့လှေကဆိုလည်း ကိုယ်ကြားနိုင်တာပဲလေလို့ သဘောထားလိုက်ပြီး ချွေတာမိပါရဲ့။

ကျောက်ရုပ်တစ်ခုလည်း တွေ့လိုက်ရသေးတယ်။ သိပ်အကြီးကြီးတော့ မဟုတ်ပါဘူး။

ယနေ့တိုင် အဲဒီ တစ်မူထူးခြား ပြင်ဆက်ကွင်းပြီး မမှောက်နိုင်တဲ့ တစ်မျိုးတည်းသော လှေတွေဟာ ရာနဲ့ချီ ကျန်ရစ်နေဆဲပါ။ အခြားသင်္ဘောတွေက အရေအတွက် ပိုများတဲ့တိုင် သူတို့ရဲ့သပ်ရပ်လှပပြီး ကျော့ကျော့မော့မော့နဲ့ ချောမွတ်ပြောင်လက်ကာ ဖိတ်ဖိတ်လက် အနက်ရောင် ဆေးသုတ်ထားတဲ့ ပုံသဏ္ဌာန်ဟာ ဗင်းနစ်ရဲ့ သင်္ကေတတစ်ခုပဲပေါ့။ စာရေးဆရာ အများအပြားဟာ ဗင်းနစ်ရဲ့ ဆွတ်ပျံ့ဖွယ်ရာများကို ဂွန်ဒိုလာလေးတွေနဲ့ သရုပ်ဖော်ပြကြတယ်။


ကမ္ဘာလှည့် ခရီးသည်များကလည်း တူးမြောင်းတွေကို ဖြတ်ရင်း ကွန်ဒိုလာလှေထိုးသမား(gondolier)တွေရဲ့ သီဆိုမှုနဲ့အတူ လှော်ခတ်တာကို ညနေဆည်းဆာဆောင်သည်အထိ





www.burmeseclassic.com

www.burmeseclassic.com



စိန့်မတ်ဘုရားကျောင်းရဲ့ အတွင်းပိုင်း

ဈေးကြီးကြီးပေးချင်တဲ့ ဆန္ဒတွေ ရှိနေဆဲပါ၊ ဒါပေမယ့် နှစ်ပေါင်းများစွာထဲက ဂွန်ဒိုလာသမားတွေဟာ သူတို့ရဲ့ အံ့သြစရာကောင်းလောက်အောင် ကိုင်တွယ်လှော်ခတ်နိုင်မှု လက်မှုအစွမ်းနဲ့ တူးမြောင်းငယ်လေးတွေ ရှုတ်ခြည်းချိုးကွေ့နေတတ်တဲ့တိုင် အဲဒီတစ်လျှောက်မှာ ကွေ့ပတ်သွားလာရင်း အီတာလျံကဗျာဆရာ Ariosto ဒါမှမဟုတ် Tasso တို့ရဲ့ လင်္ကာတွေကို ရွတ်ဆိုပြနိုင်ဆဲပေါ့။

များစွာသော ဂွန်ဒိုလာတွေဟာ ယနေ့တိုင်လည်း ကူးတို့လှေအဖြစ် ဂရင်းတူးမြောင်း(the Grand Canal)ကို ဖြတ်ပြီး တာဝန်ထမ်းဆဲပါ။ သို့သော်လည်း ထိန်းသိမ်းရတဲ့ ကုန်ကျစရိတ်က သူတို့ကို အဆုံးမှာ ပျောက်ကွယ်သွားစေနိုင်တဲ့အထိ ထောင်းနေရဲ့။

တူးမြောင်းတွေဟာ အမျိုးအစား များစွာသော မော်တာပါဝါသုံးစက်လှေ (boats)တွေနဲ့ ပြည့်နှက်လို့နေပေ့ါ။ စက်လှေအစားစားရှိရာ မြူနီစီပယ် သယ်ယူပို့ဆောင်ရေး စံနစ်ကပို့တဲ့ လူထုရေလမ်း ဘတ်စ်ကားတွေလို့ ပြောနိုင်တဲ့ (the vaporetti) တွေကနေ ကိုယ်ပိုင်မော်တာတပ် အကြီးစား ကူးတို့သင်္ဘော (motor-launch) တက္ကစီတွေ အထိပေ့ါ။ အခြားသော အထူးပြုလက်မှုသီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေ သယ်ဆောင်လာတဲ့ ဝမ်းပြားရေယာဉ် (the barges)တွေ၊ အမှိုက်တင်ဝမ်းပြားရေယာဉ်တွေ၊ လူနာတင်ယာဉ်နဲ့ ရဲကူးတို့



ဗင်းနစ်ရဲ့ ရင်ပြင် နာရီစင်

သင်္ဘော(launches)တွေလို လှေ ေတွဟာလည်း ခရီး
တွေရဲ့ အိတ်တွေနဲ့ပြည့်လို့ အဆုံးမရှိတဲ့အရောင် အမျိုး
သော ကွဲပြားမှုတွေနဲ့ ရေလမ်းမြင်ကွင်းတွေကို ဖန်တီး
ပေ့ါ။


www.burmeseclassic.com

www.burmeseclassic.com

ဗင်းနစ်ဟာ လမ်းလျှောက်သူတို့ရဲ့ မြို့တော်ပါ။ အခြားသော ရောမရင်ပြင်(Rome Square)နဲ့ လီဒိုပေါ်က ရပ်နားကွင်းကြီးတွေမှာလည်း မော်တော်ကားတွေကိုတော့ မြို့ကနေပိတ်ပင်ထားတယ်။ မကြာခဏပဲ ရှောင်လမ်းတွေ၊ လမ်းဆုံးတွေနဲ့လည်း ပက်ပင်းတိုးတတ်တဲ့ ပြဿနာတွေလည်းရှိရဲ့။ မည်သူမဆို ဗင်းနစ်ရဲ့ ဘယ်နေရာကိုမဆို တူးမြောင်းတွေရဲ့ ကမ်းပါးကနေ ခြေကျင်ခရီးနဲ့ ရောက်နိုင်ပါတယ်။ ကျောက်ပြားခင်း (the paved)လမ်းတွေ၊ ရင်ပြင်တွေကို ဖြတ်ရင်း ၄၀၀ ကျော်လောက် ဒါမှမဟုတ် ဒီ့ထက်ပိုနိုင်တဲ့ တူးမြောင်းတံတား (ponti)တွေကိုလည်း ဖြတ်ရင်းပေါ့။

ရိုးရာပုံအခုံး စကျင်တံတားတွေလည်း အများအပြား ကျန်ရှိနေဆဲပါ။ ဒါပေမယ့် ရှေးဟောင်းတံတား အရေအတွက် အတော်များများကိုတော့ ၁၉ ရာစုမှာ သံကြွပ်သံထည်တံတားတွေနဲ့ အစားထိုးလာပါပြီ။

ဂရင်းတူးမြောင်းကို တံတားသုံးစင်းနဲ့ ဖြတ်သန်း ဆက်သွယ်ထားတယ်။ ဒီသုံးစင်းမှာ ပိုပြီး ဇာတ်ကွက်ဇာတ်လမ်းတွေ များတာကတော့ နာမည်ကျော် ရီရယ်တို (the Rialto) တံတားပါ။ (Antonio da Ponte)(စီ၁၅၉၀)က ဒီဇိုင်းထုတ်ပြီး ဆီလျော်လှတဲ့ နာမည်ကိုပါ ပေးခဲ့တယ်။ အခြားတံတားနှစ်စင်းကတော့ သိပ်မကြာသေးခင်ကမှ စတင်အခြေပြုပြီး စကျင်ကျောက်နဲ့တည်ဆောက်ထားတဲ့ မီးရထားဘူတာရုံက (the Scalzi) တံတား (၁၉၃၂ ခု) ပါ။ နောက်တစ်စင်းကတော့ ခပ်မြင့်မြင့်ခုံးထားပြီး ယာယီတံတားလို ထင်ရမြင်ရတဲ့ သစ်သားထည်တံတား (the Accademia) ပါ။ ခြေကျင်လျှောက်လမ်းတွေကိုတော့ ကြံ့ခိုင်အောင် သံမဏိနဲ့ အားဖြည့်ထားတယ်။ ဒါကိုလည်း ၁၉၃၀ မှာမှ တည်ဆောက်ခဲ့တယ်။

ဗင်းနစ်သားတွေဟာ သူတို့ရဲ့ တူးမြောင်းတွေက ရေကြောင်းတွေကို အလွန်ပဲ သိရှိနားလည်မှုကြောင့် ၁၃၈၀ ခုနှစ်မှာ ဂျီနိုအာသား(the Genoese)တွေကို နိုင်လိုက်ဖူးပါတယ်။ ပင်လယ်ဒီရေလှိုင်းတွေကလည်း သဘာဝရဲ့ အညစ်အကြေး သန့်စင်ရေးစနစ်တစ်ခုလို မြို့တော်ရဲ့ တူးမြောင်းတွေကို တစ်နေ့နှစ်ကြိမ် ရိုက်ခတ်ဆေးကြော သန့်စင်ပေးနေလေရဲ့။

## နန်းဆောင်တော်(Palaces)တွေ

ကမ်းပေါ်ပြန်တက်ပြီး ဗင်းနစ်ရင်ပြင်ကို သွားရောက်လှည့်လာကြပြန်တယ်။ ရင်ပြင်ပတ်လည်မှာတော့ ရှေးဟောင်းအဆောက်အအုံတွေနဲ့ ဘုရားကျောင်းကြီးတွေ၊ နာရီစင်တွေ၊ ဈေးဆိုင်၊ ကော်ဖီဆိုင်လေးတွေ အများရှိနေရဲ့။ ဘယ်ကရောက်လာမှန်းမသိတဲ့ ကမ္ဘာတစ်ဝန်းလုံးက လူတွေတော့ ကြိတ်ကြိတ်တိုးပါပဲ။

မြို့တော်ရဲ့လမ်းဖြစ်တဲ့ တူးမြောင်းတွေမှာ အိမ်တွေဟာ စီတန်းပြီး အဆင်းရဲဆုံးတွေ အတွက် ... ကျက်တွေကနေ ကြီးကျယ်ခမ်းနားတဲ့ နန်းဆောင် (palazz... ...တွထိ အစားစား ရှိနေရဲ့။ ရိုးရိုးအိမ်တွေဟာ ယေဘုယျအားဖြင့် သုံး-လေးထပ်လောက်ပဲ မြင့်ပါတယ်။ သူတို့ဟာ မူလကတော့ အပြင်လှေကားအုံတွေနဲ့ ဒေသန္တရဝင်းတွေမှာ အစုလိုက်ရှိနေရဲ့။ သူတို့ရဲ့ ရိုးရိုးထောင့်မှန်စတုဂံပုံ တံခါးပေါက်နဲ့ ပြတင်းပေါက်တွေက အလင်းရောင်ကို အရောင်မတင်ထားတဲ့၊ အဆင်တန်ဆာလည်း မရှိတဲ့၊ စကျင်ကျောက်တွေက ဘောင်ခတ်ထားပေလိမ့်မယ်။ အဲဒီရဲ့ အုတ်နီနီ ဒါမှမဟုတ် မြေနီရောင်သုတ်ထားတဲ့ အင်္ဂတေသရွတ် နံရံတွေက မြို့အခင်းအကျင်းကို နွေးထွေးစေပါရဲ့။ ဒါပေမယ့် ဒါဟာ နန်းဆောင်တွေမှာဖြစ်ပြီး ရိုးရိုးလူနေအဆောက်အအုံတွေမှာ မဟုတ်ပါဘူး။ ဒါတွေရဲ့ရှေ့ဟာ ပိုကြီးမားတဲ့ တူးမြောင်း (အထူးသဖြင့် ဂရင်း)တွေဆီ တိုက်ရိုက်ရောက်နေပေ့။ ဆေးတွေ တောက်ပလွန်းစွာနဲ့ လှေကြိုးချည်တိုင်တွေက သူတို့ရဲ့ ရေဝင်ပေါက်တွေကို ဖြစ်စေရဲ့။

ဗိသုကာဟန်ဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပေမယ့် ဒီကုန်သည်အဆောက်အအုံ ကိုယ်ထည်တွေဟာ အကောင်းအတိုင်း မပျက်မစီး ကျန်ရစ်နေသေးရဲ့။ ရေပြင်အထပ်ကို ကုန်သည်တွေရဲ့ ရုံးခန်းနဲ့ စတိုခန်းအဖြစ်သုံးပြီး အထက်ထပ်မှာ ဂုဏ်မြင့်သူမိသားစုတွေ နေထိုင်ကြတယ်။ အဲဒီကနေ ယေဘုယျအခန်းနဲ့ တူးမြောင်းကို အပေါ်စီးကကြည့်နိုင်တယ်။ ယေဘုယျလက္ခဏာအနေနဲ့ အလယ်ဗဟိုပိုင်းမှာ လေသွန်ပြတင်း ၅ ခု၊ ၆ ခုရှိတဲ့ ပြတင်းပေါက်အစုကိုလည်း တွေ့နိုင်ပြီး သီးခြား ဘေးပြတင်းပေါက် ၂ ခုလည်း ရှိသေးရဲ့။ ဒါက အခန်းတွေရဲ့ အတွင်းပိုင်း စီစဉ်ထားမှုမှာပဲ ရောင်ပြန်ဟပ်နေတယ်။

တူးမြောင်းကနေ နန်းဆောင်အဝန်းအဝိုင်းတစ်ခုဆီကို နောက်ဘက်ကနေ လာတဲ့အခါ မမျှော်လင့်ဘဲ ဒါတွေကို ဘွားခနဲ တွေ့ရပြီး ဥယျာဉ်လေးတွေ၊ အလှစိုက် စိမ်းလန်းစိုပြည်တဲ့ သစ်ပင်တွေလည်း အမြဲလိုရှိနေတတ်ရဲ့။ နံရံတံတိုင်းတွေဟာ အမြဲတမ်း အုတ်သားဖြစ်ပြီး တန်ဆာဆင်ထားတဲ့ ကျောက်တွေနဲ့ပါ တွေ့နိုင်ကြတယ်။ အဆောက်အအုံတိုင်းလို အများဆုံး သုံးတဲ့ တောက်ပကြည်စင်တဲ့ ကျောက်ဖြူတွေကို (Istrian) ကျောက်ကျင်းတွေကနေ ဗင်းနစ်ကို ဈေးသက်သာစွာ သင်္ဘောနဲ့ သယ်ယူနိုင်ရဲ့။ ဒါတွေကို လွယ်ကူစွာ ထွင်းထုနိုင်ပေမယ့်၊ ဆား (ခုတော့ အက်ကွဲ)လွှမ်းနေတဲ့ ဗင်းနစ်လေနဲ့ရာသီဥတုရဲ့ ဆိုးဝါးစွာ စိုထိုင်းစေမှုကိုလည်း အန်တုနေရတယ်။

နန်းတော်မျက်နှာစာ(facades)ဟာ ...ရင်း ဘိုင်ဇင်တိုင်း(Byzantine) အသွင်သဏ္ဌာန်ကနေ ဟန်အားဖြင့် တိုးတက်ပြောင်းလဲလာတယ်။ ယေဘုယျလက္ခဏာအားဖြင့်





www.burmeseclassic.com

www.burmeseclassic.com

ရှည်ပြီး ကျဉ်းမြောင်းတဲ့ပေါင်းခုံးတွေနဲ့ပေါ့။ ဒါတွေဟာ ၁၃-၁၄ ရာစုအစောပိုင်း ဂေါသစ်ကာလ (Gothic period)အစကို ညွှန်ပြနေတယ်။ ၁၅ ရာစုက မူးရစ် (Moorish) အမြင်နဲ့ အလွန်ဆန်းပြားတဲ့ သုံးရွက်ဆိုင် ပဲရွက်ပုံ(trefoil)တွေ၊ လေးရွက်ဆိုင်တွေနဲ့လည်း နွယ်ခက်ပြီး တန်ဆာဆင်ထားပေါ့။

the Ca'd'Oro (စီ ၁၄၂၅-၁၄၄၀)လို အဆင်တန်ဆာများစွာ ဆင်ယင်ထားတဲ့ နောက်ပိုင်း ဂေါသစ်နန်းတော်တွေမှာတော့ အလယ်ဗဟိုပြားဟာ မျက်နှာစာတစ်ခုလုံးကို ဖြတ်ပြီး ဆန့်ထွက်နေလိုက်တာ ထပ်ပြန်တလဲလဲနဲ့ အပေါ် နှစ်ထပ်လောက်တိုင်ပါရဲ့။ ၁၅ ရာစု နောက်ပိုင်းမှာတော့ နန်းတော်ဗိသုကာမှာ ဉာဏ်သစ်လောင်း (Renaissance) အသွင်တွေ စတင်လွှမ်းမိုးလာခဲ့တယ်။ Jacopo Sansovino ဒီဇိုင်းထုတ်ပြီး (စီ၁၅၃၃-၄၅) မှာ တည်ဆောက်တဲ့ (Ca' Grande) (the Palazzo Corner) မှာလိုပေါ့။ ဒါ့ပြင် (the Palazzo Grimani) (စီ၁၅၅၆) ဟာ Michele Sanmicheli ရဲ့ ဒီဇိုင်းဖြစ်ပြီး ၁၅၇၅ ခုမှာ အပြီးသတ်ခဲ့တယ်။ ဒါတွေဟာ အချိုးအစား တိုင်းထွာထားပြီး တိတိကျကျ အချိုးညီတဲ့ အဆောက်အအုံတွေနဲ့ မိတ်ဆက်လာတာကို ပြနေရဲ့။

၁၇ ရာစုမှာ တည်ဆောက်ခဲ့တဲ့ (Mannerist)နဲ့ (Baroque) နန်းဆောင်တွေကတော့ တန်ဆာဆင်ထားတဲ့ ဂန္ထဝင်ဟန် (Classical style)နဲ့အတူ ကြီးလေးတဲ့ ပုံစံခွက်နဲ့ ကနုတ်ပန်းလို ဆန်းကြယ်တဲ့ အပြောက်အမွမ်း (Baldassare Longhena)ရဲ့ (the Palazzo Pesaro) (၁၆၅၉-၁၇၁၀)မှာလို ကိုယ်စားပြုနေပေါ့။

ကြီးမားတဲ့ တူးမြောင်းတွေတစ်လျှောက် အမျိုးမျိုးသောဟန်တွေ၊ အလင်းအမှောင် ဆန့်ကျင်ဘက် သဘောကို ပေါင်းစပ်အသုံးပြုပြီး ခပ်နက်နက် တပ်ဆင်ထားတဲ့ ပြတင်းပေါက်တွေ၊ အလှဆင်မှန်ကူကွက် (paneling) တွေနဲ့ အဆောက်အအုံမှာသုံးတဲ့ ပစ္စည်းတွေက ဗင်းနစ်အခင်းအကျင်းကို အမြင်အားဖြင့် အံ့သြခြင်းများစွာ ဖြစ်အောင် ပံ့ပိုးပေးနေရဲ့။

## ယဉ်ကျေးမှု အမွေအနှစ် (Cultural heritage)များ

### မိုလို (the Molo) ကျောက်ရေဆိပ်

ကျယ်ပြန့်တဲ့ မိုလိုကျောက်လှေဆိပ်(quay)ဟာ (the piazzetta)ကို ရေဝင်ရောက်တဲ့နေရာမှာ ရှိပါတယ်။ ဒါဟာ တစ်ခါတုန်းကတော့ ကြီးကျယ်တဲ့မင်းမှုထမ်းတွေ၊ ထူးခြားတဲ့ ဧည့်သည်တွေ အခမ်းအနားနဲ့ ဆိုက်ရောက်လာတဲ့ နေရာ၊ ဗင်းနစ်သို့ အရှေ့ဝင်ပေါက်တံခါး ဖြစ်ပါတယ်။ ၁၂ ရာစုမှာ အရှေ့တိုင်း(the Orient)ကနေ သယ်ဆောင်ခဲ့တဲ့ ကြီးမားလှတဲ့ နှမ်းဖတ်ကျောက်-တိုင်လုံး(granite columns) နှစ်ခုကြောင့် အမှတ်ရထင်ရှားခဲ့ပါတယ်။

တိုင်လုံးတစ်ခုဟာ စာအုပ်တစ် အုပ်ကိုပင့်ထားတဲ့ စိန့်မတ်ရဲ့ တောင်ပံပါခြင်္သေ့ကို ထောက်ပံ့ထားပြီး အခြားတစ်ခုမှာတော့ မိကျောင်းပေါ်မှာ ရပ်နေတဲ့ ဗင်းနစ်ရဲ့ ပထမဆုံး အစောင့်အရှောက်ဝိဉာဉ်လို သူတော်စင် စိန့်-သီအိုဒေါ(St. Theodore) ရှိနေရဲ့။

### ဆန်မာကို (San Marco) အဆောက်အအုံများ

လက်ဖျားခါလောက်အောင် အံ့သြဘနန်း ကြီးကျယ်ခမ်းနားတဲ့ ဗင်းနစ်မြို့ပန္နက်ပုံဟာ ကောက်ချိုးပြားတွေ ချိတ်ဆက်ခင်းထားတဲ့ ရင်ပြင်ကျယ်ကြီး၊ အ ထိမ်းအမှတ်အဆောက်အအုံတွေ၊ ဂရုတစိုက် တည်ထားတဲ့ အမှတ်ကရတွေနဲ့ ပင်လယ်ထုံးအိုင်ရဲ့ ရောင်ပြန်ဟပ်နေတဲ့ ရေတွေရဲ့ အကျိုးသက်ရောက်မှုများမှာ မှီတည်နေရဲ့။ ဗင်းနစ် ရီပတ်ဘလစ်ရဲ့ အုပ်ချုပ်ရေး အသည်းနှလုံးကတော့ မြို့လယ်ကွက်လပ် (the piazza)နဲ့ ရင်ပြင်ငယ် (the Little Square)ပတ်လည်က ဆန်မာကို အဆောက်အအုံတွေမှာ ရှိနေပေါ့။

### ဆန်မာကိုဘုရားကျောင်း (San Marco Basilica)

မိုလိုကျောက်ဆိပ်က တိုင်လုံးတွေပေါ်မှာ တန်ဆာဆင်ထားသလိုပဲ ဆန်မာကို ရင်ပြင်အတွင်းမှာနဲ့ အဲဒီမှာရှိနေတဲ့ အဆောက်အအုံတွေရဲ့ တံကဲ့ပုံမျိုးများစွာမှာ ခြင်္သေ့ပန်းပုရုပ်တွေကို ခင်းကျင်းထားတာ မြင်နိုင်ပါရဲ့။ ဗင်းနစ်နိုင်ငံရေး (iconography)ရဲ့ သင်္ကေတချက်ဟာ သူတို့ သညာပြုထားတဲ့ ခရစ်ဝင်ကျမ်းပြု (the evangelists)လေးဦး စိန့်ဂျွန်၊ စိန့်မက်သရူး၊ စိန့်မတ်၊ စိန့်လု တို့အနက်က တစ်ဦးဖြစ်တဲ့ စိန့်မတ် (St. Mark)ရဲ့ ကိုယ်ခန္ဓာ ရုပ်အလောင်းကို ဒေါဂျ်နန်းတော်နဲ့ဆက်နေတဲ့ ဆန်မာကိုဘုရားကျောင်းမှာ မြှုပ်နှံထားတယ်လို့ ဆိုကြတယ်။

ဒီကြီးမားထည်ဝါလှတဲ့ ဘုရားရှိခိုးကျောင်းကြီးကို ၈၂၉ ခုမှာ စတင်တည်ဆောက်ခဲ့က ၁၀၇၁ ခုမှာမှ ပြီးစီးသွားခဲ့တာပါ။ ဒါဟာ အစဉ်အလာအရ မြို့စားတွေရဲ့ ကိုယ်ပိုင်သီးသန့်ဝတ်ပြုရာ နေရာအပြင် နိုင်ငံရေး အဆောက်အအုံအဖြစ်ပါ အကျိုးရှိရှိ အသုံးဝင်ခဲ့တယ်။ သူ့ရဲ့ ဗိသုကာဒီဇိုင်းဟာ ဘိုင်ဇင်တိုင်းဟန်ပါ။ လက်ဝါးကပ်တိုင်ပုံ ခန်းမမှာ ပေါင်းကူးအမိုးခုံး ငါးခု တပ်ဆင်ထားတယ်၊ အဲဒီရဲ့ လှိုင်းထနေတဲ့ စကျင်ကျောက်ခင်း စကြံလမ်း (pavements)တွေ၊ တိုင်လုံးတွေနဲ့ အရောင်တင်ထားတဲ့ ကျောက်ပြားချပ် (panels)နဲ့ ရွှေသားမှန်စီရွှေချ (mosaics) တွေက ရောင်ပြန်ဟပ်တဲ့ အလင်းရောင်နဲ့ အတွင်းပိုင်းဟာ တောက်ပနေရဲ့။

(ဆက်ရန်)

❒ ကိုအေးမြင့်(မဟာဝိဇ္ဇာ-သ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသူ ဘုရင်တစ်ဦး၏ တော်ဝင်မင်းခမ်းမင်းနား

**Mariner** လှဦး



ဘုရင်မင်းမြတ် ဘူမိဒေါလ်အဒူ
လျာဒက်ဟာဆိုရင် ထီးသက်နန်းသက် ရာစုတစ်ဝက်ကနေ နောင်လာမယ့် နှစ်တွေအထိ သူ့အလုပ်တွေကို လုပ်ခဲ့ပြီး လုပ်နေဆဲလည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ ဟန်ပန်တကျ မင်းခမ်းမင်းနား ကျင်းပပါလိမ့်မယ်။

ယနေ့ ကမ္ဘာမှာ သက်ဦးဆံပိုင် ဧကရာဇ်အဖြစ်နဲ့ နန်းသက်အရှည်ဆုံး စိုးမိုးအုပ်ချုပ်နေသူရဲ့ ဘဝနဲ့ အချိန်တွေကို စာရေးသူ ဝီလျံဒေးဗစ်က ကြည့်ရှုလေ့လာခဲ့ပါတယ်။

အလွန် ကွဲပြားခြားနားသော တတ်စွမ်းနိုင်မှုတွေ အားလုံးဟာလည်း ဖြစ်ခဲ့ပါပြီ။ ဘူမိဒေါလ်အဒူလျာဒက် မင်းကြီးဟာ သူ့ရဲ့သက်တမ်းအတွင်းမှာ တေးရေးသူ ဂျက်စ် ဂီတသမားအဖြစ်နဲ့ ကံကြမ္မာရဲ့ ကြားဝင်နှောင့်ယှက်မှုတွေသာ မရှိခဲ့ရင် ထိုကဲ့သို့ကတ်တန်တန် ကောင်းစွာနေလိုသူပါပဲ၊

ယခုတိုင်ခေါ် ဆိုပဲ့ကြတဲ့ သီယမ် (သို့မဟုတ်) ထိုင်းလင်း နိုင်ငံမှာ တစ်နေ့တော့ သူဟာ ဘုရင်တစ်ဦး ဖြစ်လာလိမ့်မယ်ဆိုတာ မထင်မှတ်ခဲ့သူအဖြစ်နဲ့ ဝေးတစ်မြေဖြစ်တဲ့ ကန်းဘရစ်ချ်နဲ့ မက်ဆာချူးဆက်နယ်မြေတွေမှာ ကြီးပြင်းခဲ့ပါတယ်။

တိုင်းပြည်အတွင်းမှာတော့ ငယ်ရွယ်သူ ဘုရင်ရာမ ခုနစ်ဆက်မြောက်တစ်ဦး အဆင်သင့်ရှိခဲ့ပါတယ်။ နောက်ထပ် မင်းဆွေမင်းမျိုး ကလေးငယ်တွေဟာလည်း ရာဇပလ္လင်ကို ကောင်းစွာတောင်းဆိုနိုင်ပါတယ်။ သူတို့ရဲ့ဖခင်ဖြစ်သူဟာ ဟားဗတ် ဆေးတက္ကသိုလ်မှာ ဆေးကျောင်းတက်နေသူနဲ့အတူ၊ အနန္ဒမဟီဒေါနဲ့အတူ ရာမခုနစ်ရဲ့ညီတော်မင်းသား ဘူမိဒေါလ် အဒူလျာဒက်လည်း ထီးညွန့်နန်းလျာများ ဖြစ်ခဲ့ကြတယ်။

ဒါပေမယ့် ငယ်ရွယ်သူ ရာမခုနစ်ဟာ ၁၉၃၅ ခုနှစ်မှာ ထီးနန်းကို စွန့်ခဲ့ရပါတယ်။ သုံးနှစ်ကြာပြီးတဲ့နောက် သွေးထွက်သံယိုမှု လုံးဝမရှိတဲ့ ထိုင်းနိုင်ငံ၏ လုံးဝ သက်ဦးဆံပိုင် ဧကရာဇ်စနစ်ကို ဖျက်သိမ်းဖို့ လိုရာပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

အနန္ဒမဟီဒေါဟာ ပစ္စုပ္ပန်၏ လက်ရှိအကျိုးဆက်ကို လက်မခံနိုင်ဘဲ အင်္ဂလန်နိုင်ငံကို ထွက်ခွာခဲ့တယ်။ အနန္ဒမဟီဒေါထက် ဆယ်နှစ် ငယ်ရွယ်သူ ဘူမိဒေါလ်အဒူလျာဒက် မင်းသားလေးကတော့ ဆွစ်ဇာလန်နိုင်ငံမှာ ကျောင်းတက်နေရင်းက ထီးနန်းအရိုက်အရာကို အောင်နိုင်သူအဖြစ် ရွေးချယ်ခံရပါတယ်။

အင်္ဂလန်နိုင်ငံမှာ အချိန်အနည်းငယ် နေထိုင်ခဲ့သူ အနန္ဒမဟီဒေါ ရာမ ခုနစ်ဆက်မြောက် မင်းဟာ ကြီးကျယ်ခမ်းနားတဲ့ ယိုးဒယား နန်းတွင်းကို အလည်ပြန်လာစဉ်မှာပဲ နတ်ရွာစံခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com







မြောက်မြားလှတဲ့ စီမံကိန်းများ၊ ရေလှောင်ကန် ရေကာတာ စိုက်ပျိုးရေ ပေးဝေရေး တူးမြောင်းကြီးတွေ၊ အမျိုးသား သစ်တော ထိန်းသိမ်းရေး တွေမှာ အနီးကပ် ကြီးကြပ် ဆောင်ရွက်နေသူ ဘုရင်ကြီး ဘူမိဒေါ်

ရှတ်တရက် အသက်(၁၈)နှစ်သာ ရှိသေးသော ဘူမိဒေါလ်အဒူယာဒက် မင်းသားကလေးကို ချက်ကရီမင်းဆက် ၏ ကိုးဆက်မြောက်ဘုရင်အဖြစ် တင် မြှောက်ခဲ့ကြပါတယ်။ သူ့ရဲ့ နန်းသက် စိုးမိုးမှုကာလ အစောပိုင်းနှစ်တွေမှာ တရားဥပဒေနဲ့ နိုင်ငံရေး သိပ္ပံပညာတွေ ကို ဗြိတ်သစ်နိုင်ငံ LUCENE မှာ သင် ယူခဲ့ကာ ဘဝတစ်သက်တာလုံး JAZZ တေးဂီတ ဖွံ့ဖြိုးအောင်လည်း လေ့လာ လိုက်စားခဲ့ပါတယ်။ သူဟာ တူရိယာ ပစ္စည်း အတော်များများကို ကျင်လည် စွာ တီးမှုတ်နိုင်သလို SAXOPHONE ကိုလည်း အမှတ်တရ ဖြစ်လောက် အောင် တီးမှုတ်ဘတ်ပါတယ်။

မဟာဂီတပညာရှင် ဘင်နီဂွတ် မင်း တစ်ခါကပြောခဲ့ပုံမှာတော့ . . .

"တကယ်လို့များ မင်းတရားကြီး အလုပ်မရှိ အားလပ်နေခဲ့ရင် ငါ့ရဲ့ တီး ဝိုင်းကြီးမှာ ဝိုင်းတော်သားတစ်ဦးအဖြစ် ငှားရမ်းလိုတယ်" လို့ ဆိုခဲ့ပါတယ်။

များစွာသော တေးဂီတ၊ တေး သီချင်းများကိုလည်း သီကုံးရေးစပ်ခဲ့သူ ပါပဲ။ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲတော်တုန်းကလည်း စိတ် အားထက်သန်စွာနဲ့ လှေလှော်ရွက်တိုက် ပြိုင်ပွဲကြီးတွေမှာ ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူတစ်ဦး ဖြစ်ခဲ့ပါသေး တယ်။

အဲဒီ အချိန်က အများပြည်သူ တွေ တွေးခဲ့ကြပုံမှာ သူဟာဖြင့် တော်




www.burmeseclassic.com



ထိုင်းနိုင်ငံ၏ နှစ်(၂၀၀)မြောက် မင်းခမ်းမင်းနား ကျင်းပနေပုံနှင့် ညီလာခံမစမီ မင်းတရားကြီး၏ တရားဝင်မွေးနေ့အခမ်းအနားတွင် တက်ရောက်ခစားနေသူများ လက်ယာအစွန်ဆုံး မိဖုရားကြီးသီရိခေတ်၊ သားတော်အိမ်ရှေ့မင်းသား မဟာဝိဇယလောင်ကွန်း၊ မင်းသမီး ချူလာဘွန်း၊ မင်းသမီး ချက်ကရီသီရိုဒ်။

ဝင်သူတစ်ယောက်ဖြစ်ပေမယ့် သေးနုပ်သိမ်ဖျင်းတဲ့အရာတွေနဲ့ ဘဝကို ကောင်းကောင်း သာယာနေသူတစ်ယောက်လို့ တွေးဆခဲ့ကြပါတယ်။ နိုင်ငံတော်ရဲ့ မင်းခမ်းမင်းနားတွေမှာ သူ့ရဲ့ဇိမ်ခံမှု၊ လွတ်လပ်စွာ လုပ်ချင်ရာလုပ်မှုတွေကို မတန်တဆ ကဲ့ရဲ့မှုတွေလည်း ရှိခဲ့ကြပါတယ်။

ဒါပေမယ့် ဘူမိဒေါ မင်းတရားကြီးက သူတို့အားလုံးကို အရာရာတိုင်းအတွက် အံ့အားသင့်စေခဲ့ပါတယ်။ မင်းကြီးတာ သူသည် ဘုရင်တစ်ယောက်ဖြစ်လို့မို့ ယခင်အယူအဆ ထင်မြင်တွေးခေါ်မှုတွေကို ပြုပြင်ပြောင်းလဲဖို့ သန္နိဋ္ဌာန်ချခဲ့ပြီး ချက်ခ္င်းပဲ နိုင်ငံတော်



တော်ဝင်မှုား မွေးနေ့အခမ်းအနား ကျင်းပရာတွင်သုံးသည့် တော်ဝင်လှေတော်ကြီး အနိပက်တိ

www.burmeseclassic.com

ခေတ်မီဖွံ့ဖြိုးဖို့နဲ့ ရိုးရာဓလေ့တွေကို ထိန်းသိမ်းရန် အရှိန်အဟုန်နဲ့ ထိုင်းနိုင်ငံရဲ့ လူ့အဖွဲ့အစည်းကြီးကို ပြုပြင်ပြောင်းလဲစေခဲ့ပါတယ်။

ဗြိတိန်နိုင်ငံမှ ဘုရင်မအတိုင်း သူဟာ စည်းမျဉ်းခံ ဘုရင်အဖြစ်နဲ့ တိုင်းပြည်ကို အလွန်ဂရုတစိုက်နဲ့ ကောင်းမွန်တိုးတက်အောင် ပြုသလုပ်ဆောင်ခဲ့ပါတယ်။ သူသည် နန်းတွင်းက တော်ဝင်အကြီးအကဲ ရာပေါင်းများစွာကို အကြီးအမှူးပြုကာ နိုင်ငံတော်အတွင်းက နှစ်စဉ်ဖြစ်မှုပျက်မှုတွေနဲ့ ကိုးကွယ်ယုံကြည်ရာတွေကို ကွပ်ကဲ အုပ်ချုပ်ခဲ့တယ်။

ထိုင်းနိုင်ငံတော်အတွင်း ရှိရှိသမျှလူသူ ကျွဲနွား တိရစ္ဆာန်ကအစ အသွေးအရောင် မခွဲခြားတဲ့ အမိပွာယ်နဲ့ အုပ်ချုပ်ခဲ့တယ်။ နိုင်ငံတစ်ဝန်းလုံး၏ ရွှေရတုသဘင် ရှေးဟောင်းရိုးရာ မင်းခမ်းမင်းနားအားလည်း ကျင်းပစေခဲ့တယ်။

ဒါပေမယ့် ဆယ်စုနှစ် ငါးခုအကျော်မှာ ရံဖန်ရံခါ ထိုင်းနိုင်ငံတစ်ဝန်းလုံးနဲ့ ဒေသတော်တော်များများမှာ မယုံကြည်နိုင်လောက်အောင် နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ရတာတွေကို မင်းကြီးကိုယ်တိုင် ရန်စူးရန်ငြောင့်ဖြစ်မယ့် ဗဟိုချက်မတွေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအတွက် ထိန်းသိမ်းကွပ်ကဲခဲ့ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေဖို့ ကွန်မြူနစ်သူပုန်တွေ ရပ်တန့်အောင် နှိမ်နင်းပြီး စိုက်ပျိုးရေးကိုဦးစားပေး ဆန်ရေစပါး အထူးအထွက်တိုးအောင် လုပ်ဆောင်ပေးကာ တောင်တန်းဒေသက ဆင်းရဲမွဲတေမှုတွေကို လျော့ပါးစေခဲ့တယ်။ ပြည်တွင်းမှာ သွေးထွက်သံယိုဖြစ်မယ့်ကိစ္စရပ်များကိုလည်း ရပ်တန့်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။

များပြားလှတဲ့ ယဉ်ကျေးမှုပေါင်းစုံ လူမျိုးစုတွေကို ညီညွတ်မျှတစေကာ သူကိုယ်တိုင် ဥရောပဘာသာစကားသုံးမျိုးကို အာဝဇ္ဇန်းရွှင်ရွှင်နဲ့ လွတ်လပ်စွာ ပြောဆိုနိုင်ပါတယ်။ စွမ်းအားစုအားလုံးကိုလည်း တလုံးတစည်းတည်းဖြစ်အောင် ပေါင်းစပ် ဖွဲ့စည်းပေးခဲ့တာကြောင့် တစ်နိုင်ငံလုံးက အများပြည်သူတွေက မင်းကြီးကို ရိုသေလေးစားမြတ်နိုးခဲ့ကြပါတယ်။ အမျိုးသား သစ်တောဥယျာဉ်များကို တာရှည်ထိန်းသိမ်းခြင်း၊ များစွာသော ဆည်မြောင်း ကန်ချောင်း၊ ရေလှောင်တမံစီမံကိန်းတွေကို အနီးကပ် ကြီးကြပ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါတယ်။

စတော်ဘယ်ရီ၊ လိုင်ချီး၊ သစ်တော်သီးတွေနဲ့ ငွေလက်ငင်းရနိုင်တဲ့ ကော်ဖီခြံတွေ စသည်ဖြင့် ပြည်သူတွေအတွက် အကောင်းဆုံး ဖြစ်စေဖို့နှင့် တောင်တန်းဒေသတွေက ဘိန်းစိုက်ခင်းတွေကို အမြစ်ကလှန် ဖျက်ဆီးရေး ဆုံးဖြတ်ချက်တွေနဲ့ အသားငါး အထွက်တိုးရေးတွေကို လုပ်ဆောင်ပေးခဲ့တယ်။

ထိုင်းနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသတွေမှာရှိတဲ့ မလိုလားအပ်တဲ့ ဘေးဖြစ်စေတတ်သော အသီးအနှံ၊ အထူးသဖြင့် ဘိန်းတွေကို စွန့်လွှတ်ဖျက်ဆီးနိုင်ဖို့ သုတေသန ဌာနများစွာကို ကွန်ရက်သဖွယ် ဖွဲ့စည်းကာ တစ်ပြိုင်နက်တည်း ပွင့်လင်းမြင်သာစွာ တိုက်ဖျက်ပစ်ဖို့ ဆုံးဖြတ်လုပ်ကိုင်ခဲ့ပါတယ်။ ဒေသခံတွေအား ဘိန်းအစားထိုးသီးနှံများ ဘယ်လိုစိုက်ပျိုးရမလဲ ဆိုတာကို မျိုးစေ့တွေပေးကာ စိုက်ပျိုးရေးနည်းပညာတွေပါ ပေးခဲ့တယ်။ သေချာစေတာက ဘိန်းကုန်ကူးသူတွေကို အလုပ်လက်မဲ့ ဖြစ်စေခဲ့ပါတယ်။

သုံးနှစ်ကြာပြီးတဲ့နောက် မင်းကြီးရဲ့ ကြိုးပမ်းချက်တွေကို အကောင်းမြင်ဝါဒရှိသူတွေနဲ့ ကုလသမဂ္ဂ အပါအဝင် အမေရိကန်နိုင်ငံ အစိုးရကပါ ဘိန်းတိုက်ဖျက်ရေးအတွက် အလှူငွေအမြောက်အမြား ကူညီထောက်ပံ့ပေးခဲ့ကြတယ်။ မိဖုရားကြီး သီရိခေတ်ကလည်း . . . "မင်းကြီးနဲ့ ကျွန်မတို့ဟာ နိုင်ငံအတွက် အပြင်းအထန် အလုပ်လုပ်ခဲ့ရတယ်" လို့ ဆိုမိန့်ခဲ့တယ်။

ဒီလိုလုပ်ရပ်တွေကို သူတို့နှစ်ဦးဟာ ဟန်မဆောင်ဘဲ ပါရမီဖြည့်ဖက်နှစ်ဦးအဖြစ် ကျော်ကြားခဲ့ပါတယ်။ နိုင်ငံရေး၊ အမျိုးသားရေးတွေကို မိမိ၏အင်အားနဲ့ အဘက်ဘက်က ရည်ရွယ်ချက်ရှိရှိ ရည်မှန်းချက်များကို ထင်ရှားစွာဖော်ထုတ်ပြသနိုင်လို့ တစ်နိုင်ငံလုံးကလည်း မင်းနှင့် မိဖုရား နှစ်ဦးစလုံးကို ချစ်မြတ်နိုးခဲ့ကြပါတယ်။

မင်းတရားကြီးနှင့် မိဖုရားဖြစ်လာမည့် သီရိခေတ်တို့ဟာ ပြင်သစ်နိုင်ငံမှာ တွေ့ဆုံခဲ့ကြပါတယ်။ သီရိခေတ်မိန်းမပျိုလေးရဲ့ ဖခင်က ပြင်သစ်နိုင်ငံမှာ ထိုင်းနိုင်ငံသံအမတ်အဖြစ် သွားရောက်ခဲ့စဉ်က တွေ့ဆုံခဲ့ကြတာပါ။ သူမကလည်း ပျိုရွယ်စဉ်ဘဝက စန္ဒရားတီးပညာကို လေ့လာဆည်းပူးခဲ့ပါတယ်။

၁၉၅၀ ပြည့်နှစ်မှာ သူတို့နှစ်ဦး လက်ထပ်ထိမ်းမြားပြီးတဲ့ နောက်မှာ စန္ဒရားတီးပညာ စွဲလမ်းမှုကို လုံးဝစွန့်လွှတ်ခဲ့ပါတယ်။ မင်းတရားကြီးရဲ့ ပါရမီဖြည့်ဖက်အဖြစ် ထိုင်းနိုင်ငံရဲ့ နယ်မြေဒေသ ၇၃ ခုသို့ ဟိုင်းခန်းလှည့်လည်ရင်း အမျိုး ဘာသာ သာသနာအတွက် အားကြီးမာန်တက် အထောက်အပံ့ ပြုပေးခဲ့ပါတယ်။

ထိုဒေသတွေမှာ အများပြည်သူတွေရဲ့ အခက်အခဲ ဒုက္ခနဲ့ ပြဿနာတွေကို အသေးအဖွဲ ကအစ အသည်းအသန်ကိစ္စတွေကိုပါ ဆွေးနွေးအဖြေရှာကာ အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ကြပါတယ်။ မိဖုရားကြီးကလည်း ကျေးလက်ဒေသမှ အမျိုးသမီးရေးရာများအတွက် အထောက်အပံ့ပစ္စည်းကိရိယာ အစုံအလင်နှင့် သစ်ခုတ်တဲ့ အလုပ်ရုံတွေမှာ သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။

သူတို့နှစ်ဦးရဲ့ တစ်ဦးတည်းသောသားကိုလည်း ၁၉၇၂ ခုနှစ်မှာ အိမ်ရှေ့မင်းသားအဖြစ် ဘွဲ့ပြောင်းပေးပြီး အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်လွှတ်ပြီး ဩစတြေးလျ တော်ဝင်တပ်မတော်





www.burmeseclassic.com

www.burmeseclassic.com

...ည်း စစ်ပညာရပ်တွေ သင်ကြားရန် ...ဆောင်ပေးခဲ့ကြတယ်။

မိဖုရားနှစ်ပါးမှာ သမီးတော် ...ပါလည်း ရှိပါသေးတယ်။ သူတို့အား ...ကို ဗန်ကောက်မြို့တော်မှာ မွေးဖွား ...ကြတာပါ။ အငယ်ဆုံး သမီးတော်ကို ...နေသူ တွေ့ခဲ့ပါတယ်။ နန်းမြို့တွင်း ...သားစုအဝန်းအဝိုင်းက မင်းသမီး ချူ ...တွန်ကို ဏ္ဍမြေရှိစွာနဲ့ ချက်တရာလာ ...နန်းဆောင်တွင်းမှာ တွေ့ခဲ့ရတာပါ။

ကမ္ဘာလှည့်ခရီးသည်တွေ တစ် ...တစ်မ သွားရောက်လေ့လာစရာ ...ကျယ်ခမ်းနားတဲ့ နန်းတော်ကြီးနဲ့ ...တန်ရတနာများ မွမ်းမံတပ်ဆင် ...တဲ့ ဘုရားကျောင်းများ၊ မဏ္ဍပ်ကြီး ... ရွှေချထားတဲ့ ပြာသာဒ်ကြီးများနဲ့ ...နှုန်ပနံရ တင့်တယ်လှပါတယ်။ နန်း ...တော်ကြီးကိုလည်း ယခုအခါမှာ နိုင်ငံ ...တော် အခမ်းအနားများကို သာယာငြိမ့် ...ညောင်းတဲ့ တေးသံသာများနဲ့ ထုံမွှမ်း ...တော်ကာ လက်ခံကျင်းပပေးပါတယ်။

၁၉ ရာစုနှစ်က ဘုရင်ကြီး ...NGKUT က သားတော်၊ သမီး ...တော်များကို ပညာသင်ကြားပေးဖို့ ငှား ...ခဲ့တဲ့ အင်္ဂလိပ်ကျောင်းဆရာမ၏ ...ရေးအတ္ထုပ္ပတ္တိမှာ ထိုင်းနိုင်ငံ ...ကြောင်းကို ဖော်ပြထားပါတယ်။ ...E KING ANDI ဆိုတဲ့ ရုပ်ရှင်ထဲမှာ ...NGKUT ဘုရင်ကြီးအဖြစ် နန်း ...မှာ ဝင့်ကြွားစွာ သွားလာနေထိုင်ပုံ ... သက်ဦးဆံပိုင် မင်းတစ်ပါးရဲ့ စိုးရွံ့ ...ကြောက်လန့်စရာ ကောင်းလောက် ...အောင် သရုပ်ဆောင်ထားပုံများကို ...တို့ ကြည့်ဖူးကောင်းကြည့်ခဲ့ရမှာပါ။

ယနေ့ ကမ္ဘာမှာ ထိုင်းဘုရင် ...ဒေါလ်အဒူယာဒက် ဆိုတဲ့ မင်း ...ပါးဟာ သက်ဦးဆံပိုင် မဟုတ် ...ောင် စည်းမျဉ်းခံဘုရင်အဖြစ် နိုင်ငံကို ...တမ်း အရှည်ဆုံး စိုးမိုးအုပ်ချုပ် ...ပုပ်နိုင်ခဲ့သူ ဖြစ်နေပါတယ်။

ဒါကြောင့် မင်းကြီးရဲ့ ထူးခြား ... အင်္ဂါရပ်တွေကို ပုံတူကူးချနိုင်သူ တစ်ယောက်မှ မပေါ်ပေါက်သေးပါဘူး။

သူငယ်စဉ်က မော်တော်ယာဉ်မတော်တဆ တိုက်မိတာကြောင့် လက်ယာဘက် မျက်လုံးတစ်လုံး ပျက်စီးခဲ့လို့ ပါးပါးလျားလျား မျက်မှန်တစ်လက်ကို တပ်ဆင်ထားခဲ့ရတယ်။ ငယ်စဉ်က ပညာတော်သင် ကျောင်းသားတစ်ဦးအဖြစ်နဲ့ ဆွစ်ဇာလန်နိုင်ငံမှာ အပိုးကျိုးစည်းကမ်းရှိသူတစ်ဦး ဖြစ်ခဲ့ပါတယ်။

ချက်တရာလာဒါနန်းတော်ကြီးဟာ အများပြည်သူတွေရဲ့ကြားမှာ ဆူညံပြီး ရှုန်းရင်းဆန်ခတ်ရှိနေတဲ့ မြို့ပြကြီးအတွင်းမှာ ဟန်ဆောင်မှုမာယာကင်းပြီး ပူလောင်ပြင်းပြတဲ့ သဲကန္တာရအတွင်းက အိုအေစစ်လေးတစ်ခုလို တည်ရှိနေပါတယ်။

မင်းတရားကြီးဟာ နန်းတော်ကြီးကနေ သူ့ရဲ့ စိုက်ပျိုးရေးအတွေ့အကြုံ များစွာကို နှစ်ပေါင်းများစွာ ဦးဆောင်ဦးရွက် ပြုခဲ့ပါတယ်။ သူဟာ ပြီးပြည့်စုံတဲ့ ခေတ်ပုံပညာရှင် နိုက်နိုက်ချွတ်ချွတ်နှင့် ရေပုံ၊ မြေပုံ အရေးအဖတ် အတတ်ပညာတွေကိုလည်း စိတ်ဝင်တစား ရှိသူတစ်ဦး ဖြစ်ပါတယ်။

မင်းတရားကြီးမှာ ၁၉၂၀ နှစ်ကတည်းက နွေရာသီစံအိမ်ကို ဟွာဟွင်းအရပ်မှာ၊ ဆောင်းရာသီစံအိမ်ကို ချင်းမိုင် တောင်တန်းဒေသမှာ၊ အခြားသော အဆောက်အအုံများကိုလည်း တည်ဆောက်ခဲ့ပါတယ်။ မင်းကြီးဟာ သူ့အကြိုက်နှင့် ပြည်သူ့အကြိုက်ဖြစ်စေဖို့ ဗန်ကောက်မြို့ပြကြီးထက် ယိုးဒယားတစ်နိုင်ငံလုံးကို နှိုးဆော်လေ့ရှိခဲ့တယ်။

ထိုင်းနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်လုံးက အောင်မြင်မှုတွေတိုင်းမှာ ပုရိသယောက်ျားတွေသာ စိုးမိုးခဲ့ကြပါတယ်။ ယခုအခါ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခဲ့ပါပြီ။ ထီးနန်းဆက်ခံရန် အမျိုးသားထဲက မရှိခဲ့လျှင် အမျိုးသမီးထဲက ဆက်ခံနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စည်းမျဉ်းထားခဲ့ကြပါတယ်။ ပါလီမန်က အတ... ပြု ဒပေးနိုင်လောက်တဲ့ အောင်မြင်သူ၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်သူ ...ဘ်ပရင်မင်းသမီးဆိုရင် ထောက်ခံချက် ...ပေးရပါတယ်။

ဘုရင်မင်းမြတ်မှာ ထီး...မွေနန်းမွေ ဆက်ခံနိုင်သူ အိမ်ရှေ့မင်းသ...းရှိနေပြီးဖြစ်တာကြောင့် အဖေကနေ ... သားဖို့ဆိုတဲ့ အစဉ်အလာခေါင်းစဉ် ... အလိုလိုကျော်ဖြတ်သွားနိုင်ပါတယ်။ ...လို့ ဥပဒေပြင်ဆင်ချက်မှာ မင်းသားဖြ... ဖြစ်၊ မင်းသမီးဖြစ်ဖြစ် နှစ်ဦးအနက် ...ဦးက အရည်အချင်း ပြည့်ဝလျှင် ... သလိုထိုက်သုံ့စံရမှာဖြစ်ကြောင်း ...င်မြင်ယူဆချက်တွေပါပါတယ်။ သ... ထား မတင်းမာဘဲ ပျော့ပျောင်းနူး...ည့်သူ ဖခင်မင်းတရားကြီးကိုယ်တိုင် ဥ... ဒ ... ပြုပေးထားခဲ့ပါတယ်။


မင်းတရားကြီး သက်...တော်(၇၀) ကျော်မှာ ထီးနန်းစွန့်ပြီး အငြိမ်း...စားယူတော့မယ်လို့ အများပြည်...သူတွေက တွေးတောခဲ့ကြပေမယ့် ထူးခြ...းလ...င်ရှားလှတဲ့ မင်းတရားကြီးဟာ ...ဓလေ့ထွေ အရပ်ရပ်သော စီမံကိန်းအသစ်...အဟောင်းတွေနဲ့ အစီရင်ခံစာတွေကို မေး...မြန်းစုံစမ်းကာ စေကရှစ်သိန်းကျော်တဲ့ သ...ပင် သစ်တောတွေကို ရေရှည်အတွက် ရည်ရွယ်မှန်းပြီး စိုက်ပျိုးထိန်းသိမ်းရန် လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ရက်တွေမှာ သူ...ဟာ သုံးရက်ထက်မနည်း စနည်းနာ...ရီ တွေ့ထွက်ခဲ့တယ်။ အခြားတစ်ပါးမ...ာ ထိုင်းလူမျိုးတွေနည်းတူ မြတ်ဗုဒ္ဓ...ဘုရားသခင်တွေကို နက်နက်နဲနဲ သ...ဒ္ဓါဝင်ယုံကြည်သူတစ်ဦးလည်း ဖြစ်...ပါတယ်။

ဒါပေမယ့် သူ့ရဲ့ဆေး...င်ပုဒ်ကတော့ သူ့ရဲ့ဘဝကို ကနဦးအစ...က သိန်းကျောင်းပေးခဲ့တဲ့ ငယ်စဉ်ကျောင်းသားဘဝက အဆုံးအမတွေအတိုင်း ...ပ်တည်နေထိုင်သွားခဲ့တာပဲ ဖြစ်ပါတယ်။

❒ MARINER လှဦး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်တက် ဝါသနာပါသော သိပ္ပံပညာရှင်တစ်ဦးနှင့် သူ၏အဖွဲ့သားများသည် အသက်ရှည်၍ အလွန်မြင့်မားသော SEQUOIA ရောမသစ်ပင်ကြီးများထက်သို့ တက်၍ တစ်လက်မချင်းစီ တိုင်းထွာခြင်းဖြင့် အလွန်မှ အံ့ဖွယ်အချက်အလက်များကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

SIERRA NEVADA ဒေသ၏ တောင်ဘက်ပင်လယ် မြေမျက်နှာပြင်အထက် ၇၀၀၀ ပေရှိ SEQUOIA အမျိုးသား ဥယျာဉ်တွင် အလွန်မှကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို တွေ့နိုင်သည်။ ယင်းသစ်ပင်၏အခေါက်သည် သံချေးနီရောင်ရှိပြီး သစ်ပင်၏အောက်ခြေအချင်းသည် ၂၇ ပေရှိသည်။ ယင်းသစ်ပင်၏ ခေါင်ထိပ်ကို အောက်ခြေမှ ကြည့်၍မရ လောက်အောင် သစ်ပင်ကြီးမှာ ကြီးမားလွန်းသည်။ ယင်းသစ်ပင်အား လွန်ခဲ့သော နှစ်ပေါင်း ၉၀ ခန့်က သမ္မတ (PRESIDENT) ဟူ၍ မှည့်ခေါ်ခဲ့ကြသည်။


PRESIDENT မည်သော ရောမသစ်ပင်ကြီးသည် ဤကမ္ဘာမြေပေါ်တွင် အကြီးဆုံးသော သစ်ပင်မဟုတ်ပါ။ ယင်းသစ်ပင်မှာ ဒုတိယအကြီးဆုံးဖြစ်သည်။ STEVE SILLET မည်သော သိပ္ပံပညာရှင်နှင့် သူ၏အပေါင်းအပါတို့၏ အတည်ပြုချက်အရ ၎င်းတို့ တိုင်းတာခဲ့သမျှသော သစ်ပင်ကြီးများအနက် PRESIDENT သစ်ပင်ကြီးသည် ဒုတိယအကြီးဆုံးဖြစ်သည်။

ဤသစ်ပင်၏ အမြင့်မှာ ဩစတြေးလျနိုင်ငံရှိ ယူကလစ်ပင်လောက် မမြင့်သော်လည်း ထုထည်အားဖြင့် ပို၍ထွားသည်။ လျှပ်စီးကြောင်းထိမှန်ခဲ့သည့် ...ခေါင်ချွန်း အမြင့်သည် ၂၄၇ ပေရှိသည်။ ယင်းသစ်ပင်၏ ကြီးမားသော ကိုင်း လေးကိုင်းမှာ ပင်စည်၏ ထက်ဝက်လောက်တွင်ရှိပြီး အတော်အတန်ကြီးမားသော သစ်ပင်ခန့်လောက် ကြီးမားသည်။ ဤသစ်ပင်၏ ပင်စည်သည် ကမ္ဘာ့အကြီးဆုံးသစ်ပင်ဖြစ်သော GENERAL SHERMAN လောက် အရွယ်ပမာဏမကြီးသော်လည်း ၎င်း၏အထွတ်သည် SHERMAN ထက် ပို၍ပြည့်ဝပြီး သစ်ရွက်များသည် နှစ်...ခန့်ရှိသည်။

သစ်ပင်များသည် အလင်းရောင်နှင့် ...ရကို ရရှိနိုင်ရန် အမြင့်သို့ အပြိုင်အဆိုင်ထိုးတက်ကြပြီး အထွတ်တွင် သစ်ရွက်များ ဖြာထွက်တတ်ကြသည်။ နို့တိုက်သတ္တဝါနှင့် ငှက်များ အရွယ်ရောက်သည့်အခါ အရွယ်အစား ကြီးထွားနှုန်း ရပ်တန့်သွားသော်လည်း သစ်ပင်များမှာမူ အရွယ်...များ ရပ်တန့်မှု မရှိခဲ့၊ ပို၍ ပို၍ပင် ကြီးထွားလာကြသည်။

သစ်ပင်များသည် အခြားသက်ရှိသတ္တဝါများကဲ့သို့ ရွေ့လျားမှုမရှိသဖြင့် ပို၍ အသားတိုးပြီး ကြီး...ကြသည်။ ၎င်းတို့သည် ကောင်းကင်နှင့်မြေကြီးမှ ...ရလိုအပ်မှုကြောင့် အမြဲတမ်း ကြီးထွားလျက် ရှိနေကြသည်။ ဤရောမ SEQUOIA သစ်ပင်များသည် အိုလာသည်...အမျှ ကြီးထွားလျက်ရှိကြသည်။

ဤသစ်ပင်ကြီးများသည် အန္တရာယ် ဟူသမျှကို တောင့်ခံနိုင်ခြင်းကြောင့် ရှင်သန်ကြီးထွားလာကြသည်။ ၎င်းတို့ လေအားဖြင့် လဲချနိုင်စွမ်းမရှိပါ။ သစ်ပင်၏အခေါက်နှင့်





www.burmeseclassic.com

www.burmeseclassic.com

အတွင်းသားရှိ အနှစ်များသည် ဓာတုပစ္စည်းများကြောင့် မှိုအန္တရာယ်မှကင်းဝေးပြီး ပိုးဟောင့်မှာကောင်များသည်လည်း အခေါက်နှင့်အသားကို မဖောက်နိုင်ကြပါ။ ၎င်းတို့၏ ထူသော အခေါက်သည် မီးတောက်မီးလျှံဒဏ် ခံနိုင်စွမ်းရှိသည်။

အမှန်တော့ တောမီးလောင်ကျွမ်းမှုများကြောင့် ဤသစ်ပင်များနှင့် အပြိုင်ရှိနေသော အခြားသစ်ပင်များကို မီးလောင်စေပြီး SEQUOIA အသီးများအား ဖွင့်စေပြီး ပျိုးပင်များပေါက်ကာ နေအလင်းရောင်နှင့် ပြာများမှ အာဟာရဖြင့် ကြီးထွားရန် အထောက်အကူပြုသည်။ လျှပ်စီးသည် အရွယ်ရောက်ပြီး အပင်များအား မီးလောင်စေသော်လည်း သတ်နိုင်စွမ်း မရှိပါ။

သစ်ပင်ကြီးများ အသက်ချုပ်ငြိမ်းခြင်း အကြောင်းတစ်ရပ်မှာ သစ်ထုတ်လုပ်မှုပင် ဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုဦးပိုင်းတွင် များပြားလှသော ဧရာမ SEQUOIA ပင်များ ခုတ်လှဲခံခဲ့ရသည်။ သို့ပေမယ့် ဤဧရာမ သစ်ပင်ကြီးများ၏ အသားသည် ကြွပ်ဆတ်သောကြောင့် ပင်စည်များ မြေကြီးပေါ်သို့ အရှိန်နှင့် ကျလာသည့်အခါ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားသဖြင့် ပျဉ်အဖြစ် သုံးစွဲမရပါ။ သစ်သားအုတ်ကြွပ်ပြား၊ ခြံစည်းရိုးတိုင်၊ စမျစ်ပင်တိုင် အဖြစ်သာ သုံးစွဲနိုင်သည်။


၂၀ ပေထုရှိ ဤသစ်လုံးများကို ခွဲစိတ်ရန် အခက်အခဲများကြောင့် ဤသစ်ပင်ကြီးများကို ခုတ်လှဲရကျိုး မနပ်ပါ။

SEQUOIA အမျိုးသားဥယျာဉ်အား ၁၈၉၀ ပြည့်နှစ်က စတင်ခဲ့ပြီး ယင်းဥယျာဉ်သို့ မော်တော်ကားများဖြင့် လာရောက်ကြသူများကြောင့် ဤဧရာမသစ်ပင်ကြီးများ ရှင်သန်နေခြင်းသည် ပို၍ တန်ဖိုးရှိကြောင်း ပြသနိုင်ခဲ့သည်။

ဤသစ်ပင်ကြီးများနှင့် ပတ်သက်၍ မှတ်သားလောက်သော အချက်တစ်ချက်မှာ အလွန်အေးသော ရာသီဒဏ် ခံနိုင်စွမ်းအင်ဖြစ်သည်။ ၎င်းတို့ ပေါက်ရောက်ရှင်သန်သော နေရာမှာ အလွန်ပြင်းထန်သောတောင်းရှိ ဒေသပင်ဖြစ်၍ အေးခဲသောဒဏ်ကို ခံနိုင်ရန် တောင့်ခံနိုင်စွမ်း ရှိရမည်။ ၎င်းတို့၏ အကိုင်းအခက်များပေါ်တွင် နှင်းများစုပုံနေသဖြင့် နှင်း၏အအေးဒဏ်နှင့် အအေးဒဏ်တို့ကို အမြိုင်သား ခံနိုင်သည်။ ၎င်းတို့သည် နှင်းတွင် ပျော်မွေ့သော အပင်အမျိုးအစား ဖြစ်သည်။

သိပ္ပံပညာရှင် SILLETT နှင့် သူ၏အဖွဲ့သားများ၏ တွေ့ရှိချက်တွင် ဤသစ်ပင်ကြီးများသည် အိုမင်းရင့်ရော်လာသည်နှင့်အမျှ အရှည်နှင့်ထုထည်တို့ လာရာတွင် ကြီးထွားနှုန်းသည် ပို၍မြန်လာခြင်းပင် ဖြစ်သည် PRESIDENT ကဲ့သို့သော အိုကြီးသည့် ၎င်းထက်ငယ်ရွယ်သည့် တောင့်တင်းသော သစ်ပင်ထက် အသားတိုးနှုန်း ပို၍များသည်။ ဤအသားတိုးလာခြင်းမှာ ပင်စည်နှင့် အကိုင်းအခက်များတွင် ဖြစ်ပေါ်သည်။


ဤအကြောင်းအချက် မှန်ကန်မှု ရှိ၊ မရှိကို သိရှိရန်





www.burmeseclassic.com

www.burmeseclassic.com




SILLETT နှင့် အဖွဲ့သားများသည် သစ်ပင်ကြီးပေါ် တက်၍ တစ်လက်မချင်းစီ တိုင်းထွာခဲ့ကြသည်။ သူတို့သည် ပင်စည်အား အမြင့်နေရာအဆင့်ဆင့်တွင် တိုင်းကြသည်။ အကိုင်းအခက်များကိုလည်း တိုင်းခဲ့ကြသည်။ ပင်စည်၏ အူတိုင်အယ်သား နမူနာကိုပင် ထုတ်ယူခဲ့ကြသည်။

ရရှိခဲ့သော တိုင်းထွာချက်များအား အခြားသော ဧရာမမျိုးတူ သစ်ပင်များ၏ တိုင်းထွာချက်များနှင့် ယှဉ်ကြည့်ခဲ့ရာ PRESIDENT အပင်၏ အခေါက်နှင့် အသားမှာ ၅၄၀၀၀ ကုဗပေရှိကြောင်းနှင့် ၎င်း၏အသက်မှာ ၃၂၀၀ နှစ်ဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။ ဤမျှအသက်ရှိနေသော်လည်း ယခုအချိန်အထိပင် ကြီးထွားလျက် ရှိနေသေးသည်။

မှတ်သားလောက်သည့် အချက်မှာ ဧရာမသစ်ပင်ကြီးများသည် နှစ်ဝက်ခန့် နှင်းများဖုံးလွှမ်းနေခြင်းကြောင့် ကြီးထွားမှုမရှိဘဲ ကျန်သည့်နှစ်ဝက်တွင်သာ ကြီးထွားလာပြီး အခြားသော ကမ်းရိုးတန်းတွင် ပေါက်ရောက်သော အနီရောင်သစ်ထွက် မြင့်မားသည့် သစ်ပင်များထက် ပို၍ကြီးထွားလာကြခြင်းပင် ဖြစ်သည်။

PRESIDENT ဧရာမသစ်ပင်ကြီးအား SILLETT နှင့် အဖွဲ့သားများသည် ရက်သတ္တနှစ်ပတ်ကျော် အချိန်ယူ၍ တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ယူမှတ်တမ်းတင်ခဲ့ကြသည်။ ဤသို့ဆောင်ရွက်ရာတွင် တောင်တက်သမားကဲ့သို့ ကြိုးများဖြင့် ဝိုင်း၍ ဓာတ်ပုံရိုက်ကိရိယာများကိုလည်း ကြိုးများဖြင့် ဆွဲယူ၍ အကြိမ်ကြိမ် အခါခါ ရိုက်ယူခြင်းဖြင့် သစ်ပင်တစ်ပင်လုံး၏ ပုံကို ရိုက်ယူနိုင်ခဲ့ကြသည်။

သစ်ပင်ကြီးအထက်သို့ တက်၍ ယင်းသစ်ပင်ကြီး၏ အံ့မခန်းဖွယ်ရာများကို မြင်တွေ့ပြီး SILLETT နှင့် အဖွဲ့သားများသည် PRESIDENT ဧရာမသစ်ပင်ကြီးအား မော်ကြည့်၍ ချီးမွမ်းမဆုံး ဖြစ်ခဲ့ကြသည်။

❑ မြ

## စီးပွားရေးလုပ်ငန်းရှင်များ
## လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၂၅၀၆၆၈


www.burmeseclassic.com

www.burmeseclassic.com

# ကား
# အမြန်ရောင်းထွက်စေရန်



**အောင်ကြည်သိန်း (ဖောင်တော်သီ)**

ဒီနှစ်မိုးက မုန်တိုင်းလေးပါ အဖော်ခေါ်လာပြီး နှစ်ရက်၊ သုံးရက် မိုးတဖြောက်ဖြောက် ဆက်ရွာသွားသည်။ ဒီနောက် မိရွှေမိုးက အညာရပ်ဆီသို့ ဆန်တက်သွားသလားမသိ၊ ရန်ကုန်မှာ အိုးကအုံ့ကာဆိုင်းပြီး ရွာမလိုလိုနှင့် ထစ်ချန်းကာ မရွာသည်မှာ တစ်ပတ်ကျော်လာခဲ့ပြီ။

နေ့စဉ်ဆိုသလို ပူအိုက်လှသဖြင့် ယပ်တောင်ကို အဖော်ပြုနေရသည်။ အနောက်တောင် မုတ်သုံလေလေး တစ်ခါ တစ်ခါ ဝှေ့တိုက်လာသဖြင့် ကျွန်တော့်ဗေဒင်ဟောခန်းရှေ့တူရူက ဇာဒိပင်ရွက်စိမ်းစိမ်းတွေ ယိမ်းကနေကြသည်။ လေ့အဝှေ့တွင် မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးမှ ဆည်းလည်းသံ တချွင်ချွင်ကို ကြားနေရသည်။

ဘုရားရင်ပြင် အနောက်မြောက်ခွင်က မောင်းကြီးတီးသံ တဒူဒူနှင့် ကြေးစည်ကြီးတီးသံ ဒူဝေ ဒူဝေကိုလည်း ကြားနေရသည်။

မိုးဦးကျစမို့ စိတ်က မွေးရပ်ရွာကို လွမ်းဆွတ် သတိရရင်း တွေးနေမိစဉ် . . .

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ ကားပွဲစား ကိုလေးဇော်တစ်ယောက် ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

"လာထိုင်၊ ကဲ ပြောပါဦး ဆရာဘာလုပ်ပေးရမလဲ"

"ဒီလို ဆရာရေ အခု ကားဈေးတွေကကျပြီး အရောင်းအဝယ်ကလဲ သိပ်မလိုက်ဘူး၊ Probox, Honda vit, Nissan AD van, March, Suzuki Swift Mitsubishi ကားတွေ အကုန်လုံးပါပဲ ဆရာ၊ ဈေးတွေကျပြီး အရှုံးပေါ်နေတယ်၊ ရောင်းရတာလဲ မသွက်ဘူးဖြစ်နေတယ် ဆရာ၊ အလုပ်က အေးလွန်းအားကြီးတော့ ငွေမလည်ပတ်နိုင်ဘူး ဖြစ်နေတယ်၊ အခု ကားတစ်စီး အမြန်ရောင်းချင်လို့ ယတြာလေး ဘာလေး လုပ်ပေးပါဦး ဆရာ"

"ကဲ ကဲ ဒီလောက်တောင် ကားအမြန်ရောင်းချင်နေရင် ဆရာ ယတြာပေးလိုက်မယ်၊ သေချာ ကြ်မှတ်ထား"

"ဟုတ်ကဲ့ပါ ဆရာ"

"ယတြာကို စနေနေ့နံနက် ၆ နာရီခွဲ မှာ စလုပ်ရမယ်၊ စနေသားတစ်ဦးဦး ဒါမှမဟုတ် နာမည်မှာ စနေနံပါတဲ့သူ တစ်ယောက်ယောက်ကို လုပ်ခိုင်းရမယ်၊ ရောင်းချင်တဲ့ကားရဲ့ အနောက်တောင်ဘက်ကနေပြီး ဒန်းညွန့်ဆယ်သွန့်နဲ့ ဆယ်ချက်တိတိ ကားကိုရိုက်ရမယ်၊ ရိုက်တဲ့အခါ 'ကားအမြန်ရောင်းထွက်စေ ထွက် ထွက်' လို့ပြောပြီး ရိုက်ရမယ်၊

ရိုက်ပြီးရင် ဒန်းညွန့်တွေကို ကားပေါ်မှာပဲ တင်ထားရမယ်၊ တစ်ကြိမ် ယတြာလုပ်ပြီးလို့ ရောင်းမတည့်သေးရင် အကြိမ်ကြိမ် ထပ်လုပ်ပေးရတယ်၊ ဒီယတြာက သေချာသာ လုပ်၊ ထိရောက်ပါတယ်၊ ဒီနည်းက တောင်တွင်းဆရာတော်ခင်ကြီးပျော်ရဲ့ 'သူကိုနိုင်လို ဆနှင့်ခို' ဆိုတဲ့ အင်္ဂဝိဇ္ဇာ မာတိ ရိုက်ယတြာပဲ၊ စိတ်ပါလက်ပါ သေသေချာချာလုပ်ရင် ရောင်းချင်တဲ့ကား အမြန်ရောင်းထွက်မယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ဆရာ ပြောတဲ့အတိုင်း သေသေချာချာလုပ်ပါ့မယ်"

ဟုပြောပြီး ကိုလေးဇော်တစ်ယောက် နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

တစ်ပတ်ခန့် ကြာသောအခါ ကိုလေးဇော် ပြန်ရောက်လာသည်။ ကားရောင်းထွက်သွားသည့်အကြောင်း ပြောကာ ပြုံးရွှင်သည့်မျက်နှာဖြင့် အကောင်းစား ပိုးတွဲလုံချည်တစ်ထည် ကန်တော့သွားပါတော့သည်။

လိုရာဆန္ဒ ပြည့်ဝကြပါစေ။

❒ အောင်ကြည်သိန်း (ဖောင်တော်သီ)



www.burmeseclassic.com


www.burmeseclassic.com

# သုတစုံပြဖော ကမ္ဘာ့ ဖိုးရွှေလမင်း

## ဆေးဖက်ဝင် ဘီတိုနီပန်း

ပန်းတို့သည် ရှေးဦးပထမ မြူဆွယ်မှုအဖြစ် အရောင်အဆင်းနှင့် အသွင်သဏ္ဌာန်ကို အသုံးပြုသည်။ ထို့ကြောင့် ပန်းထံသို့ ချဉ်းကပ်သွားသောအခါ အနံ့နှင့် ဖြားယောင်းလေ့ရှိသည်။ နောက်ပိုင်းတွင် အရသာရှိသော ပန်းဝတ်ရည်ဖြင့် ဧည့်ခံလိုက်သောအခါ စွဲမက်စရာ မခွဲနိုင် မခွာရက် ဖြစ်သွားရလေတော့သည်။ ပုံထဲတွင် ဖော်ပြထားသည်မှာ ဘီတိုနီ (Betony) ပန်းဟု အမည်ပေးထားသည်။ ထိုပန်းပွင့်သော နေရာမှာ လူသူနှင့်ဝေးလံသော နေရာဒေသမျိုး (အထူးသဖြင့်) မြို့ရွာပြင်ပရှိ စိမ်းလန်းသော တောအုပ်ထဲတွင် ပွင့်လေ့ရှိသည်။ အင်္ဂလန်နှင့် စကော့တလန်နိုင်ငံတို့မှစတင်၍ ဇွန်လတွင် အပွင့်ဆုံး ရာသီဖြစ်သည်။ အရွက်သည် မည်သည့်ရောဂါမဆို သက်သာပျောက်ကင်းစေတတ်သောကြောင့် အခြောက်လှန်းကာ လက်ဖက်ခြောက်သဖွယ် အသုံးပြုကြသည်။





## ရှုမြင်ကွင်း ဆိုသည်မှာ

သဘာဝ၏ ရှုခင်းအလှအပများသည် သူ့နိုင်ငံနှင့်သူ ပသာဒမြင်ကွင်းကို ကြည်နူးချမ်းမြေ့စေသည်မှာ အမှန်ပင် ဖြစ်သည်။ သို့ရာတွင် လူသားများ၏ လောဘစိတ်၊ မောဟစိတ်၊ ဒေါသစိတ်များက လွှမ်းမိုးခြယ်လှယ်လာသောအခါ တွင် ထိုအလှအပများကို ဖျက်ကွယ်ပြ ကြသည်။ သဘာဝ ရှုခင်းများ နှမြောဖွယ်ရာ ပျက်စီးကြရသ ည်၊ အကယ်၍သာ သူနဂိုမူလအတိုင်း သဘာဝမိခင်ကြီးက ပေးခဲ့သော အမွေအနှစ် တောတောင်ရေမြေသဘာဝအငါင်း အဓွန့်ရှည်ကြာစွာ တည်ရှိနေစေရန် ကမ္ဘာလူသားများ အားလုံးက ဆန္ဒပြုလျက် ထိန်းသိမ်းကြရမည် ဖြစ်သည်၊ ပုံထဲတွင် တွေ့မြင်ရသော ရှုခင်းမှာ ရုရှနိုင်ငံ၏ PECHORA ဧရိယာတွင် TAIGASHCHUGOR, UST TSILMA နှင့် PODCHEREM တို့သည် တောတောင်ထူထပ်သိပ်သည်းသော နေရာများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




## လိုင်းမတူပေမယ့်လဲ

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ပတ်ဂျင်ဟီးသည် သရုပ်ဆောင်ထူးချွန်ဆုများကို ရရှိထားသူ ဖြစ်သောကြောင့် တောင်ကိုရီးယား ရုပ်ရှင်လောကတွင် ခြေချစရာ နေရာတစ်ခု ရခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ချစ်သူဟူ၍ မရှိသေးဘဲ လွန်ခဲ့သော ဆောင်းရာသီကမှ ခင်ပွန်းလောင်းဖြစ်မည့်သူကို ပထမဆုံး စတင်ဆုံတွေ့ခဲ့ကြရသည်ဟူ၍ COSTAR AGENCY မှ ပြောကြားခဲ့သည်။ သူမ၏ ခင်ပွန်းလောင်းမှာ သူမထက် ငါးနှစ်မျှ ပိုငယ်ပြီး ရုပ်ရှင်လောကမှမဟုတ်ဘဲ ရှေ့နေတစ်ယောက် ဖြစ်သည်။ သူတို့စုံတွဲသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် စိတ်ဝင်စားသူ၊ ဝါသနာတူသူများ ဖြစ်ကြပြီး မိတ်ဆွေတစ်ဦး၏ မိတ်ဆက်ပေးမှုကြောင့် တစ်ယောက်နှင့်တစ်ယောက် ဆုံစည်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သူမ အနေနှင့် အိမ်ထောင်ပြုပြီးသောအခါတွင်လည်း ရုပ်ရှင်သရုပ်ဆောင်အဖြစ် ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောပြသည်။ လောလောဆယ် MBC ရုပ်သံလိုင်းတွင် TRANGLE ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

## စံချိန်တင်တုန်းပါပဲ

ဟောလိဝုဒ်ရုပ်ရှင်လောကမှာ စူပါစတားအဆင့်ထက် တစ်ဆင့်တက်သွားတဲ့အခါမှာ မီဂါစတားလို့ ခြောက်စား ခေါ်ဝေါ်ကြပါတယ်။ ဟောလိဝုဒ်မှာ မီဂါစတား အနည်းအကျဉ်းပဲရှိပါတယ်။ ဒါပေမယ့် ကြာရှည်မခံပါဘူး။ တစ်ချိန်က မီဂါစတားဖြစ်ခဲ့ကြတဲ့ ရုပ်ရှင်ထူးချွန် အော်စကာဆုပိုင်ရှင် ရုပ်ရှင်မင်းသမီး ရှယ်ရွန်စတုံးဟာ အခုဆိုရင် နောက်ရောက်သွားပါပြီ။ ဂျူလီယာရောဘတ် ဆိုတဲ့ ရုပ်ရှင်မင်းသမီးကတော့ မကြာခင် စူပါစတားရဲ့အောက်တန်းကို ရောက်တော့မှာပါ။ ဒါပေမယ့် မင်းသမီးချော အင်ဂျလီနာဂျိုလီကတော့ အခုထက်ထိ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ပန်းပန်နေဆဲပါပဲ။ မကြာသေးမီက သူမသရုပ်ဆောင်ရိုက်ကူးခဲ့တဲ့ MALEFICENT ဒဏ္ဍာရီဇာတ်လမ်း ရုပ်ရှင်ဟာ အခုအမေရိကန်နိုင်ငံမှာ ရုံတင်ပြသနေဆဲမှာပင် ဝင်ငွေစုစုပေါင်း ယူအက်စ်ဒေါ်လာ သန်းပေါင်း ၅၀၀ ကျော်နေပါပြီ။ အင်ဂျလီနာဂျိုလီနဲ့ သူမရဲ့လင်ယောကျ်ား မင်းသားချော ဘရက်ပစ်တို့ စုံတွဲပါဝင်သရုပ်ဆောင်ခဲ့တဲ့ MR & MRS SMITH ဇာတ်ကားကို ၂၀၀၅ ခုနှစ်က ပြသခဲ့ရာမှာ စုစုပေါင်းဝင်ငွေ ယူအက်စ်ဒေါ်လာ ၄၇၈ သန်း ရခဲ့တဲ့အတွက် ယခင်ဝင်ငွေစံချိန်ကို ချိုးနိုင်ခဲ့ပါတယ်။



www.burmeseclassic.com



## လုံလုံခြုံခြုံဖော်ဒယ်လ်

ပုံထဲတွင် ဖော်ပြထားသော အပြုံးရှင်အမျိုးသမီးမှာ ရောဂါသည် တစ်ယောက်ဖြစ်သည်ဆိုလျှင် အံ့ဩသွားကြမလား မပြောတတ်ပါချေ။ မည်သို့ပင်ဖြစ်စေ ရှေးကနဦးအစ ပထမတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှ (၁၆)ရာစုနှစ်ကစ၍ ဖက်ရှင်ရှိုးပွဲ စတင်ပြသခဲ့သည်ဟူ၍ ဖက်ရှင်သုတေသန လေ့လာသူ ပုဂ္ဂိုလ်များက ဆိုကြသည်။ အချို့က ဒို့ထက်ပို၍ စောလိမ့်မည်ဟူ၍လည်း ခန့်မှန်းကြသည်။ ထိုရာစုနှစ်များတွင် အထူးသဖြင့် အမျိုးသမီးဝတ်စုံ ဒီဇိုင်းသစ် တီထွင်ချုပ်လုပ်သူ လုပ်ငန်းရှင်များသည် ထိုဝတ်စုံသစ်ကို ဖက်ရှင်မယ်နှင့် ဝတ်ဆင်စေပြီး ရှိုးပွဲကျင်းပ ပြသခဲ့လျှင် ပို၍အရောင်းတွင်ကျယ်လိမ့်မည်ဟူ၍ ရွှေဉာဏ်တော်စူးရောက်ကြသည်။ ထိုအချိန်မှစ၍ ဖက်ရှင်ရောဂါသည် ဥရောပနှင့် အနောက်နိုင်ငံတို့သာမက ယခုအခါ အာရှတိုက်တိုင်အောင် အလွန်လျှင်မြန်စွာ ကူးစက်နေလေပြီ။ မြန်မာအမျိုးသမီးများသည်လည်း မလုံခြုံသော ဖက်ရှင်ဝတ်စုံများဝတ်၍ သူတို့ဘဝတွင်လည်း မလုံခြုံတော့ပါချေ။ ပုံတွင်တွေ့ရသော ဖက်ရှင်မယ်သည် ရုရှားနိုင်ငံသူဖြစ်သည်။ အားကစားဝတ်စုံရှိုးပွဲတွင် တွေ့ရသည်။

## အားရစရာကြီးပါလား



နိုင်ငံတကာ တေးဂီတလောကတွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသူ အဆိုကျော် ဘီယွန်စေးသည် လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ဖြန့်ချိရောင်းချခဲ့သော ပဉ္စမမြောက် တေးအယ်လ်ဘမ်ကို 'ဘီယွန်စေး' ဟူသော အမည်ဖြင့် ခေါင်းစဉ်တပ်၍ ထွက်ခဲ့ရာ အမေရိကန်နိုင်ငံတစ်ခုတည်းတွင် ယခုအချိန်ထိ အချပ်ပေါင်း သိန်းကျော် ရောင်းချခဲ့ရသောကြောင့် အမေရိကန်ဘောလ်ဘုတ်၏ ရောင်းအဖွဲ့ဆုံး တေးအယ်လ်ဘမ် ထိပ်ဆုံးဆယ်ယောက်စာရင်းတွင် နံပါတ်တစ်အဖြစ် ရက်သတ္တနှစ်ပတ်တိုင်တိုင် ထိပ်ဆုံးငွင့် ဆက်လက် နေရာယူထားခဲ့ဖြစ်သည်။ နိုင်ငံတကာ အတိုင်းအတာနှင့်ဆိုလျှင် ရောင်းအား (ရက်သတ္တတစ်ပတ်အတွင်း) သန်းကျော် အရေအတွက်သို့ ရောက်ရှိသွားဖွယ်ရာရှိသည်။ ထိုတေးအယ်လ်ဘမ်ကို PARKWOOD ENTERTAINMENT COMPANY နှင့် ထုတ်လုပ်ဖြန့်ချိခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရာပြည့်သည့်တိုင်



ချစ်သူနှစ်ဦးသည် ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမည်ဟူသော စကားသည် ယခုခေတ်တွင် လုံးဝအသုံးမပြုတော့သော အကြောင်းအရာတစ်ရပ် ဖြစ်နေလေပြီ။ မည်သို့မင်ဖြစ်စေ ဆိုဗီယက်ယူနီယံ ကချာမက်စ်ဒီစတြိတ်တွင် အမှန်တကယ် ရာသက်ပန် ပေါင်းသင်းကြသူနှစ်ဦးမှာ သတို့သမီးအမီနာ (AMINA) နှင့် သတို့သား ဘလာကီရှီ (BALAKI-SHI) တို့ဖြစ်ကြသည်။ သူတို့နှစ်ယောက်စလုံး ယခုထက်တိုင် ဆယ်ကျော်သက်ချစ်သူများနှယ် ပြုံးပျော်ကြည်နူးနေကြသည်။ သူတို့စုံတွဲ၏ ပထမဆုံး လက်ထပ်ပွဲကို ၁၈၆၇ ခုနှစ် တွင် ကျင်းပခဲ့စဉ်က ဘလာကီရှီသည် (၂၀)နှစ်ဖြစ်ပြီး အမီနာသည် (၁၅)နှစ်ဖြစ်သည်။ ငွေရတုအထိမ်းအမှတ်ကို ၁၈၉၂ ခုနှစ်၊ ရွှေရတုကို ၁၉၁၇ ခုနှစ်၊ စိန်ရတုကို ၁၉၄၂ ခုနှစ်တွင် ကျင်းပခဲ့သည်။ ယခုအခါ နှစ်တစ်ရာပြည့် ပလက်တီနံရတုအဖြစ် ကျင်းပပြီးသည့်တိုင် သူတို့နှစ်ယောက်၏ အချစ်မှာ စိုပြည်လန်းဆန်းနေဆဲဖြစ်ကြောင်း ပုံတွင်ကြည့်၍ သိနိုင်ပါသည်။

## အတွဲသစ်လေးနဲ့



အနောက်နိုင်ငံ ရုပ်ရှင်လောကတွင် ဟာသ သရုပ်ဆောင်အဖြစ် နှစ်ရှည်လများ အချိန်ကာလကြာမြင့်စွာ ပရိသတ်လက်ခံအားပေးသူဟူ၍ အသံတိတ်ခေတ်တွင် ချာလီချက်ပလင်း၊ နောက်ပိုင်းတွင် ဘော့ပ်ဟုတ်နှင့် ဘင်းခရော့စ်ဘီ၊ ထို့နောက် ဂျယ်ရီလူးဝစ်နှင့် ဒင်းမာတင်စသည်ဖြင့် နှစ်ယောက်အတွဲများဖြင့် ဟာသ သရုပ်ဆောင်လိုင်းတွင် အချိန်ကာလ အနည်းငယ်ကြာမြင့်၍ ခေတ်စားခဲ့ကြသည်။ ယခုအခါ ဟာသသရုပ်ဆော င် မင်းသားအဖြစ် ကြာမြင့်စွာ နေရာယူထားနိုင်သူမှာ မစ္စတာဘင်း (MISTER BEAN) တစ်ယောက်သာရှိသည်။ သူ့နာမည်ရင်းမှာ ရိုဝမ်အတ်ကင်ဆန်း ဖြစ်သော်လည်း သူ့ကို အများက မစ္စတာဘင်းဟူ၍သာ ခေါ်ကြသည်။ သူသည် ဗြိတိန်တွင် အချမ်းသာဆုံး သရုပ်ဆောင်ဖြစ်သည်။ စတာလင်ပေါင် သန်း ၇၀ ရှိသည်။ သူ့အနေဖြင့် ရုပ်ရှင်ကြည့်ပရိသတ်ကို ဟာသဖြင့် ပျော်ရွှင်ရယ်မောစေနိုင်သူ ဖြစ်သော်လည်း သူ့အိမ်ထောင်ရေးမှာ အဆင်မပြေပါချေ။ နှစ်ပေါင်း (၂၃)နှစ်တိုင် ပေါင်းသင်းခဲ့ကြသော ဇနီးက သူ့ကို ကွာရှင်းပြတ်စဲထားသည်။ ယခုအခါ နောက်ထပ်အချစ်သစ် ရုပ်ရှင်မင်းသမီး လူးဝစ်ဖိုဗ်နှင့် စိတ်ကြည်နူးစွာ တွဲနေသည်ကို ဇွန်လ ၁၉ ရက်နေ့က ဖရီမင်တန်ကွေး ကော်ဖီဆိုင်တွင် တွေ့ လိုက်ကြပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## တကယ်ကြမ်းတော့မှာလား

ဇွန်လ ၁၉ ရက်နေ့တွင် အမေရိကန်သမ္မတ အိုဘားမားသည် မဈေ္ဈမပဋ္ဋိပဒါလမ်း လိုက်သည့်အနေဖြင့် ပြဿနာ ပတ်လည်ဝိုင်းနေသော အီရက်အစိုးရအား ကူညီရန်အတွက် စစ်ဘက်အကြံပေး ၃၀၀ အထိ ပို့လွှတ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ထိုသို့စေလွှတ်ခြင်းမှာ ဒေသတစ်ခုလုံး မငြိမ်မသက်ဖြစ်စေနိုင်သည့် အီရန်ပြည်တွင်းစစ်ကို တားဆီးရန်၊ အိမ်နီးချင်း ဆီးရီးယားနိုင်ငံ၌ အကြမ်းဖက်သမား နားခိုခွင့်မရအောင် ဖန်တီးရန် သို့မှသာ ထိုခြေကုပ်စခန်းမှ အမေရိကန် အကျိုးစီးပွားများကို တိုက်ခိုက်ဖျက်ဆီးခြင်း ပြုလုပ်နိုင်တော့မည် မဟုတ်ကြောင်း သမ္မတအိုဘားမားက အိမ်ဖြူတော် သတင်းထောက်များအား ပြောကြားခဲ့သည်။ လိုအပ်သည့်အခါတွင် တိကျသည့် စစ်ရေးဆောင်ရွက်မှု ပြုလုပ်ရန် အမေရိကန်က အသင့်ရှိကြောင်း ဆက်လက်ပြောဆိုခဲ့သည်။





## အပြတ်အသတ်

လွန်ခဲ့သော ရက်သတ္တပတ်က အီဂျစ်သမ္မတ ရွေးကောက်ပွဲကျင်းပခဲ့ရာတွင် စစ်ဦးစီးချုပ်ဟောင်း ဖာတာ အယ်လ်စီစီသည် ၉၆ ဒသမ ၉၁ ရာခိုင်နှုန်း မဲရရှိခဲ့ပြီး အနိုင်ရရှိခဲ့သည်။ ယင်းသို့ အနိုင်ရရှိခြင်းအတွက် ရွေးကော ပွဲကော်မရှင်က ဇွန်လ ၃ ရက် နေ့တွင် တရားဝင်ကြေညာခဲ့သည်။ မာတာအယ်လ်စီစီ၏ တစ်ဦးတည်းသော ပြိုင် ဘက်မှာ လက်ဝဲယိမ်းသော နိုင်ငံရေးသမား ဟမ်ဒင်းဆာဘာဟီ (၅၉) နှစ် ဖြစ်သည်။ ထိုသူသည် မဲ ၃ ဒသမ ရာခိုင်နှုန်းသာ ရရှိခဲ့သောကြောင့် အပြတ်အသတ် အရှုံးနိမ့်သွားခဲ့သည်။ ဖာတာအယ်လ်စီစီ၏ အနိုင်ရခြင်း ကိုင်ရိုမြို့ တဟီရာရင်ပြင်တွင် စီစီ၏ ပိုစတာကြီးကို ကိုင်ကာ အောင်ပွဲခံနေသော အီဂျစ်အမျိုးသားပုံကို အေအက် ဓာတ်ပုံသတင်းထောက်က သတင်းဓာတ်ပုံအဖြစ် ရိုက်ကူးဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## သူတို့သာ ပိုင်သည်တဲ့



လွန်ခဲ့သော ဇွန်လ ဒုတိယပတ်အတွင်း၌ အာဂျင်တီးနားနိုင်ငံ၏ မြို့တော် ဗျူနိုအေရီစ်တွင် ကျင်းပမည့် ဆလိုဗေးနီးယားအသင်းနှင့် ခြေစစ်ပွဲမကန်မီ အာဂျင်တီးနား ဘောလုံးအသင်းသားများသည် အလံတစ်ခုပေါ်တွင် "ဖော့က်ကလန်ကျွန်းကို အာဂျင်တီးနားသာ ပိုင်သည်"ဟူသော စာတန်းရေးထားသည်ကို ကိုင်၍ ဓာတ်ပုံရိုက်ခံခဲ့ကြရာ ဒေလီမေးလ်သတင်းစာတွင် ဖော်ပြခဲ့သည်။ စင်စစ်အားဖြင့် တောင်အတ္တလန္တိတ် သမုဒ္ဒရာ ရေပြင်ပေါ်တွင် ဖော့က်ကလန်ကျွန်းစု တစ်ခုရှိသည်။ ထိုကျွန်း၏ အမည်ကို အာဂျင်တီးနား ပြည်သူများက မဲလ်ဗီးနက်စ်ကျွန်းစုဟု ခေါ်ဆိုခဲ့ကြသည်။ သို့ရာတွင် ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့ ၁၉၈၂ ခုနှစ် တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ဗြိတိန်တပ်သား ၂၅၅ ယောက်နှင့် အာဂျင်တီးနား စစ်သား ၆၄၉ ယောက် ကျဆုံးခဲ့ကြပြီး ထိုကျွန်းကို ယခုထက်တိုင် ထိန်းချုပ်ထားဆဲ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတည်းက အာဂျင်တီးနား အစိုးရသည် ဖော့က်ကလန်ကျွန်း ပိုင်ဆိုင်ခွင့်ကို ဗြိတိန်နိုင်ငံထံမှ တောင်းခံလျက်ရှိသည်။




## ရက်စက်တာ အားကျသတဲ့

လျှို့ဝှက်သည်းဖို ဇာတ်လမ်းများ ကိုသာ ထုတ်လွှင့်ပြသနေသော အင်တာနက်ဝက်ဘ်ဆိုက် CREEPY PASTA တွင် ကျော်ကြားနေသည့် လူကြမ်းဇာတ်ကောင် SLENDER MAN ကို နှစ်သက်စွဲမက်နေသော ဆယ်ကျော်သက် မိန်းကလေးနှစ်ဦးသည် အသက်(၁၂)နှစ်အရွယ်ရှိ အခြားမိန်းကလေးတစ်ယောက်ကို သတ်ဖြတ်ရန် ကြိုတင် စီစဉ်ခဲ့ကြသည်။ ယင်းသို့ စီစဉ်ပြီးနောက် ဓားစာခံမိန်းကလေးကို ဝါကီရှာမြို့ နေအိမ်မှ သစ်တောအုပ်အတွင်းသို့ သွေးဆောင်ခေါ်သွားကြသည်။ ထိုတောအုပ်အတွင်းသို့ ရောက်သောအခါ ဓားစာခံ မိန်းကလေးအား ဓားမြှောင်ဖြင့် ၁၉ ချက်ထိုးခဲ့ကြပြီးနောက် သေပြီဟု ယူဆကာ သူတို့နှစ်ဦးထွက်ပြေးသွားကြသည်။ ဓားဒဏ်ရာများဖြင့် ကျန်ရစ်ခဲ့သူ မိန်းကလေးကို စက်ဘီးသမားတစ်ဦးက တွေ့ရှိခဲ့ပြီး ဆေးရုံသို့ အကြောင်းကြားပေးခဲ့သည်။ မိန်းကလေး ပြန်လည်သတိရလာ၍ တရားခံဆယ်ကျော်သက် နှစ်ဦးကို ဖမ်းဆီးအရေးယူထားသည်။

❒ မိုးရွှေလမင်း

www.burmeseclassic.com


www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## အာဟာရဓာတ် ပေါကြွယ်ဝသော

## စားတော်ပဲ (သို့) ပဲပြုတ်

နေဂျူလိုင်ဝမ်း



စားတော်ပဲ ခေါ် ပဲပြုတ်ကို နေ့စဉ်သင့်ရုံစားပေးလျှင် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော အဆိပ်ဖြစ်စေသည့် Free redical ဓာတ်များကို တိုက်ထုတ်ချေဖျက်ပေးပါသည်။ Free redical များသည် ခန္ဓာကိုယ်ထဲရှိ သွေးကြောနံရံများကို အနည်ကျ ပိတ်ဆို့စေကာ သွေးကြောမများကို ပျက်စီးစေပါသည်။ ထို့ကြောင့် သွေးကြောများ ပိတ်ဆို့လျှင် လေဖြတ်ခြင်း၊ အဆစ်ရောင်လေးဖက်နာရောဂါကို ဖြစ်ပွားစေပါသည်။ ထို့ကြောင့် စားတော်ပဲ ခေါ် ပဲပြုတ်ကို နေ့စဉ်စားပေးရပါမည်။

ပဲပြုတ်စားရာတွင် အဝတ်လျှော်ဆိုဒါ (Sodium bicarbonate) မပါသော စားတော်ပဲ ခေါ် ပဲပြုတ်ကိုသာ စားပေးရန်လိုပါသည်။ စားဆိုဒါ ခေါ် ဟင်းချက်ဆိုဒါ (Sodium bicarbonate) မှာ ဈေးကြီး၍ ဝိသမဈေးသည်များက ဈေးပေါ၍ လွယ်လွယ်ကူကူ ဝယ်ယူရရှိနိုင်သော အဝတ်လျှော်ဆိုဒါများကို ပဲပြုတ်ထဲထည့်၍ ပြုတ်ကြပါသည်။ အဝတ်လျှော်ဆိုဒါသည် အက်စစ်နှင့်မခြား အစာအိမ်နှင့်အူကို ဒုက္ခပေး၍ ရောဂါရနိုင်ပါသည်။

ပဲပြုတ်ရာတွင် အချို့က ပါဝါခဲများ၊ ဓာတုအရောင်များကိုလည်း ထည့်တတ်ပါသည်။ ထို့ကြောင့် သင်ကိုယ်တိုင် စားဆိုဒါ ခေါ် ဟင်းချက်ဆိုဒါကို ဟင်းသောက်ဇွန်း ထက်ဝက်ခန့်ထည့်၍ ပြုတ်စားပါက စားတော်ပဲတွင် ရရှိသော Flovonoids ဓာတ်နှင့် Phytonutrlents ဓာတ်ပေါင်းများသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ဒမ်းဆောင်ပေးကာ ဖရီးရက်ဒီကယ် (Free redicals) ကို တိုက်ထုတ်ပေးပါသည်။

စားတော်ပဲတွင် ရှားရှားပါးပါး တွေ့ရသည့် ကန်ဖိုးရှိဓာတ်ပေါင်း (Lectins) ဓာတ် ပါရှိ၍ ယင်းဓာတ်သည် လူ၏ ကိုယ်တွင်းရှိ သွေးများထဲမှ သွေးနီဥဆဲလ်များကို ပျော်ဝင်စေကာ (သွေးမခွဲတော့ဘဲ) သွေးခဲခြင်းကို ကာကွယ်ပေးပါသည်။ ၎င်းပဲတွင် ဗီတာမင်ဓာတ်ပေါင်းစုများ ပါရှိ၍ (Homocysteine)၏ ဓာတ်ပမာဏကို လျော့ကျစေသည့်အတွက် နှလုံးရောဂါ ဖြစ်ပွားခြင်းကို ထိရောက်စွာ ကာကွယ်ပေးပါသည်။ သွေးကြောများကို ကျယ်စေသဖြင့် လေဖြတ်ခြင်းမှ ကင်းဝေးစေပါသည်။

အမေရိကန်မှ သိပ္ပံပညာရှင်များက စားတော်ပဲပြုတ်ကို တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ် သုံးကြိမ် စားသင့်သည်ဟု အကြံပြုတင်ပြထားပါသည်။ စားတော်ပဲတွင် ဗီတာမင် A, B,C, E နှင့် Omega 3 တို့ ပါဝင်သည့်အပြင် ဇင့် (Zinc) သတ္တုဓာတ် အလုံအလောက်ပါရှိနေ၍ ထိုဓာတ်ပေါင်းမှာ လေပြွန်ဖောင်းပွသည့်ရောဂါ၊ လူကြီးများတွင် အယ်လ်ဇိုင်းမား ခေါ် ဦးနှောက်အကြိဖရာဇ်ရောဂါနှင့် မှတ်ဉာဏ်ခရုရောဂါကိုလည်း ကာကွယ်ပေးပါသည်။ စားတော်ပဲတွင် Glycemic ဓာတ် ပါဝင်မှုနည်းပြီး သွေးထဲရှိ သကြားပမာဏကို ထိန်းချုပ်ပေးနိုင်၍ ဆီးချိုရောဂါသည်များ ဓာတုဆိုဒါမပါသည့် ပဲပြုတ်ကို နေ့တိုင်း စားသင့်ပါသည်။

မက္ကဆီကိုနိုင်ငံတွင် ဆရာဝန်များ ပြောကြားချက်မှာ စားတော်ပဲတွင် Polyphenol ဓာတ်ပါရှိနေလို့ ထိုပဲကို နေ့စဉ် ၂ မီလီဂရမ် စားပေးလျှင် အစာအိမ်ရောဂါကို ကြိုတင်ကာကွယ်ရာ ရောက်သည်ဟု သုတေသနပြုချက်အရ တွေ့ရှိထားပါသည်။ စားတော်ပဲတွင် မဂ္ဂနီစီယမ် သတ္တုဓာတ်ကြွယ်ဝစွာ ပါဝင်လို့ အမြဲစားပေးလျှင် သွေးမတိုးပါ။

ထိုပဲတွင် ဖောလစ်အက်စစ်ဓာတ် အရင်းအမြစ်များများစွာပါဝင်နေ၍ စားတော်ပဲပြုတ်ကို ကိုယ်ဝန်ဆောင်မိခင်များ အမြဲစားလျှင် မွေးလာသောကလေးမှာ မွေးရာပါဦးနှောက်နှင့်အာရုံကြော ချို့တဲ့သောရောဂါ ပါမလာနိုင်ပါ။

သွေးဆုံးကိုင် ဝေဒနာဖြစ်သော အမျိုးသမီးများ စားပေးလျှင် ရောဂါသက်သာလှပါသည်၊ သို့သော် သတိထားရန်မှာ စားတော်ပဲတွင် သဘာဝအငွေ့ဓာတ် ပါဝင်နေသော



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

Purines ဆိုသည့်ဓာတ်သည် ဂေါက်ရောဂါသမားများ၊ ကျောက်ကပ်ရောဂါသည်များ စားတော်ပဲကို ရှောင်သင့်ပါသည်။

စားတော်ပဲကို နိုင်ငံတကာတွင် ခေါ်ကြသည်မှာ A Poor Man's ခေါ် Meat ဟု ခေါ်ကြပါသည်။ အဓိပ္ပာယ်မှာ ဆင်းရဲချို့တဲ့သူများအတွက် သဘာဝအသားဟင်းလျာဟု ဆရာဝန်များက ခေါ်ကြပါသည်။ စားတော်ပဲကို နိုင်ငံခြားမှ ဆေးသိပ္ပံပညာရှင်များကတော့ Power food ဟု ခေါ်ကြပါသည်။ စားဆိုဒါ မပါသော ကိုယ်တိုင်ပြုတ် စားတော်ပဲ ခေါ် ပဲပြုတ်ကို ကျန်းမာရေးအတွက် နေ့စဉ်စားသင့်ပါသည်။

❑ နေဂျူလိုင်ဝမ်း

## ဆေးဖက်ဝင် ပဲစဉ်းငုံ

**နေဂျူလိုင်ဝမ်း**

ပဲစဉ်းငုံထဲတွင် အတော်များများ ပါဝင်နေသော ဓာတ်မှာ ဗီတာမင်အေ ဖြစ်သည်။ လူတို့တွင် ဆံပင်ခြောက်ခြင်း၊ အသားအရေ ခန်းခြောက်ခြင်း၊ မျက်စိမကြည်လင်ဘဲ ကြက်မျက်သင့်ရောဂါဖြစ်လျှင် ပဲစဉ်းငုံကို ရွှေဝါကန်စွန်းဥနှင့် ချက်စား၍ သရက်သီးမှည့်နှင့် တွဲစားပေးရသည်။ ပဲစဉ်းငုံကို စားပေးလျှင် ကိုယ်တွင်းရှိ အတွင်းမြှေး အပြင်မြှေးများအား အမြဲစိုပြည်နေအောင် ဆောင်ရွက်ပေးထားသည်။ ထိုအမြှေးပါးများ စိုပြည်နေခြင်းဖြင့် ပြင်ပရောဂါပိုးများ ရုတ်တရက် ဝင်နိုင်ပါ။

ဗီတာမင်အေ ချို့တဲ့လျှင် ထိုအမြှေးများ ခြောက်သွေ့၍ ရောဂါပိုး အလွယ်တကူ ဝင်ရောက်နိုင်သည်။ ပဲစဉ်းငုံသည် ဗီတာမင်အေ များများပါ၍ ထိုရောဂါကို ကာကွယ်ပေးပါသည်။ ထိုပဲသည် အစာကြေလွယ်သည်။ နာလန်ထ လူမမာများနှင့်သင့်သည်။ များများစားလျှင် ဝမ်းချုပ်သည်။

အရွက်နု သတ္တုရည်က မှက္ခရုရောဂါ၊ သွားဖုံးရောဂါ ပျောက်ကင်းစေသည်။ ၎င်းသတ္တုရည်ကို ဆားနည်းနည်း ညှိ၍သောက်လျှင် အသားဝါရောဂါအတွက် ဆေးဖက်ဝင်ပါသည်။ ဗီတာမင်အေ ပါဝင်၍ လည်ချောင်းအတွင်းဘက် လေဝင်ပေါက်ဘေး၌ရှိသော ပိုက်ကလေးများကို အားရှိကျန်းမာစေပါသည်။

ဗီတာမင် B1 ဓာတ်ပါ၍ ကလေးများကို ပြုတ်ချက်ကျွေးလျှင် ခန္ဓာကိုယ်အစိတ်အပိုင်း ကြီးပွားသန်မာရေးနှင့် အာရုံကြောများ ကောင်းမွန်ရေးတို့အတွက် အလွန်အရေးပါ အရာရောက်သည်။ ပဲစဉ်းငုံကို နေ့စဉ်စားပေးလျှင် နှလုံးခုန်မမှန်ခြင်း၊ သွေးပျော့ခြင်း၊ အအေးမခံနိုင်ခြင်း၊ စိတ်ညစ် စိတ်ကို ကြောက်ရွံ့လွယ်ခြင်း၊ အလုပ်၌ အာရုံမစိုက်နိုင်ခြင်း၊ ခံတွင်းပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ အစာမကြေသော ရောဂါများ ပျောက်ကင်းပါသည်။

ဗီတာမင် B1 အလွန်ချို့တဲ့၍ ဘယ်ရီဘယ်ရီ ထုံးခြောက်နာရောဂါလည်း ပဲစဉ်းငုံစားပေးလျှင် မဖြစ်တော့ပါ။ ထုံးဓာတ်များစွာပါ၍ ကြွက်သားများ ကောင်းစွာကျုံ့နိုင် ချဲ့နိုင်စေရုံမက အာရုံကြောများကို ကောင်းမွန်စေပြီး ခန္ဓာကိုယ် ကြီးထွားစေသည်။ သကြားနှင့် ပရိုတင်းဓာတ်များပါ၍ ခွန်အားကို ပွားတိုးစေသည်။

ပရိုတင်းဓာတ်သည် အသားများကို ဆူဖြိုးတိုးတက်စေရုံမက အကြော၊ နှလုံး၊ ဦးနှောက်၊ အသားမျှင်များနှင့် ကျောက်ကပ်များ မပျက်စီးအောင် ကာကွယ်ပေးနိုင်သည်။ အရိုးများ သန်မာကြီးထွားအောင် ပြုစုပေးနိုင်သည့်အတွက် ငယ်ရွယ်သော ကလေးသူငယ်များအဖို့ အလွန်လိုအပ်သည်။ ကလေးများကို ပဲစဉ်းငုံဟင်းချိုချက်နှင့် ပဲစဉ်းငုံပြုတ် ပြန်ကြော်ချက်ကို အမြဲကျွေးသင့်သည်။

ပဲစဉ်းငုံပြုတ်တွင် မန်ကျည်းရည်၊ မဆလာ၊ ဆီ၊ ဆား၊ ကြက်သွန်၊ မုန်လာဥနီထည့်ပြီး သုပ်စားလျှင် အာဟာရရှိကျန်းမာသည်။ ပဲစဉ်းငုံဟင်းချိုတွင် ကြက်အသည်း ထည့်ပြုတ်၍ နေ့စဉ် ချက်စားသင့်သည်။ အဆီပြဿနာရှိပြီး သွေး၊ သည်းခြေ သလိပ်ကိုနိုင်သည်။ ပဲစဉ်းငုံဟင်းကို အမြဲစားလျှင် ကျန်းမာသည်။ ဘီဝမ်းချို့တဲ့လျှင် သူငယ်နာ ဖြစ်တတ်သည်။ ခြေလက်ထုံကျဉ်ပြီး လမ်းမလျှောက်နိုင်ဘဲ လဲကျတတ်သည်။ အသည်းကြီးမည်၊ ချည့်နဲ့မည်။ ထို့ကြောင့် ပဲစဉ်းငုံဟင်းပျစ်ပျစ်ကလေးကို အမြဲချက်စားသင့်ပါသည်။

❑ နေဂျူလိုင်ဝမ်း

မှီငြမ်း - ကမ္ဘာ့လူသားများ ကျန်းမာရေးအတွက် အရေးကြီးဆုံး စားစရာ အစိမ်းရောင်ပဲများ ကျန်းမာရေးစာစောင်မှ ထုတ်နုတ်ရေးသားချက်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ယားနာ တွက်တာ ဆေးတစ်ဖြာ

**မောင်ယဉ်စိုး (သာစည်)**

ကျွန်တော့်သမီး (၁၈)နှစ်အရွယ် ရှိပြီဖြစ်သည်။ သမီး၏ ခြေသလုံးနှင့် ခြေဖမိုးတွင် ယားနာများဖြင့် ဝေဒနာခံစားနေရရှာသည်။ ခြင်ကိုက်ခံရခြင်းမှစသည်ဟု ထင်ပါသည်။ ရှစ်တန်းကျောင်းသူဘဝ၊ မိခင်က ခြင်ဆေးထွန်းပြီးမှ စာကျက်ရန် သတိပေးမြဲ။ သမီးက ခြင်ဆေးနံ့ မခံနိုင်၊ ရောဂါရမှာစိုးသည်ဟု ဆင်ခြေပေးမြဲ။

ဒီလိုနှင့် စာမေးပွဲဖြေဆိုချိန်တွင် သမီးတွင် ယားနာတွေ ပေါ်လာပါတော့သည်။ ဆေးပေါင်းလည်း စုံခဲ့ပြီ၊ မပျောက်။ ဆေးမြီးတို၊ ဆေးကောင်းသည်၊ လိမ်းသည်၊ သက်သာရုံသာ။ အစားမမှားလိုက်နှင့် ယားနာက ဒန့်စ်ကသလို ကုတ်လို့ မဆုံးတော့။ သွေးစိမ်းရှင်ရှင်ထွက်ပြီး အနာတွေက ရင်းလာပြန်သည်။ အိပ်မရသည့် ညတွေလည်း များခဲ့ပြီ။ သမီးနှင့်အတူ စာရေးသူတို့လည်း မအိပ်ရပါချေ။ တစ်ငိုတည်း ငိုနေသည်။ မိဘနှစ်ပါး စိတ်မချမ်းသာရပ်ါ။

ဆရာဝန် ပြသည်။ ဆရာဝန်က ပြောသည်။

"သမီး ဒီရောဂါမျိုးဆိုတာ ချက်ချင်း မပျောက်နိုင်ဘူး၊ ခြောက်လ တစ်နှစ် ကြာတတ်ပါတယ်"

ဆေးထိုးသည်။ စားဆေး ပေးသည်။ လိမ်းဆေးအတွက်တော့ ဆေးစာရေးပေးသည်။ ဝယ်လိမ်းပါတဲ့။

လိမ်းပါသည်။ ခြောက်မလိုဖြစ်သွားလိုက် ပေါ်လာလိုက်နှင့် သံသရာလည်နေပါတော့သည်။ လေးနှစ်ကျော်ခဲ့ပြီ။ လူထူထူ မသွားရဲ၊ ပွဲလမ်းသဘင်ကို ရှောင်ခဲ့ပါသည်။

"အဖေနဲ့ အမေတို့ရယ် သမီးဘဝတော့ ဆုံးပြီထင်ပါရဲ့၊ ဒီယားနာတွေက လူတောထဲ တိုးမရတော့ပါဘူး"

ဒီစိတ်နှင့် ဆယ်တန်း နှစ်နှစ် ဆက်တိုက်ကျပါသည်။

ဇနီးသည်က စာရေးသူကို . . .

"ကိုမောင်စိုးရယ် သမီးအနာတွေပျောက်အောင် ဆေး စုံစမ်းပါဦးရှင်၊ အပျိုအရွယ်လေးဆိုတော့ ရှက်စိတ်နဲ့ အစား လဲ သိပ်မစားတော့ဘူး၊ အတော့်ကို ပိန်နေပြီရှင်"

"အေးပါကွာ၊ ကိုယ်လဲ စုံစမ်းနေတာပါပဲ၊ စိတ်မပူပါနဲ့ တစ်နေ့တော့ တွေ့မှာပါ၊ အနာသိရင် ဆေးရှိရမှာပေါ့"

စာရေးသူက ဇနီးဖြစ်သူအား နှစ်သိမ့်လိုက်ရပါသည်။

❋

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့။

စာရေးသူနှင့် အိမ်နီးချင်း ကိုဇေယျာအောင် + မအိအိခိုင် (အငယ်တန်းအင်ဂျင်နီယာ (၁) မဟာဓာတ်အားလိုင်းရုံး၊ သာစည်)ထံသို့ မအိအိခိုင်၏ မိခင်ဖြစ်သူ ဒေါ်ပူစူး (ဒေါ်မြင့်မြင့်သန်း) အလည်ရောက်လာပါသည်။ ထိုနေ့က သမီးသည် တီဗွီကြည့်နေသည်။ မကြာမကြာ လာနေကျမို့ ရင်းနှီးပြီးလည်း ဖြစ်သည်။

"ဟဲ့ စိုးစိုးဌေး၊ ညည်းခြေထောက်က အနာတွေဘာနာတွေလဲ"

"အန်တီပူစူးရယ်၊ သမီးခြေထောက်က ယားနာတွေပါ၊ ငါးနှစ်လောက်ရှိပြီ၊ ဆေးတွေလဲ စုံနေပြီ၊ မပျောက်ဘူး အန်တီရဲ့"

"ဟဲ့ နေဦး နေဦး၊ အန်တီ့တူမလေးတစ်ယောက်ဆို ညည်းလိုပဲ ဖြစ်တာ၊ မိတ္ထီလာက မမအေး (အန်တီဒေါ်ပူစူးရဲ့ အစ်မ) ဆီမှာ ဆေးနည်းရှိတယ်၊ သူကြွနဲ့မှာပြီး ဆေးနည်းအတိုင်း ဆေးဖော်ပြီးလိမ်း၊ ငါးရက်လောက် လိမ်းရင် အလွှားလိုက် ကွာကျတယ်၊ အနာတွေလဲ ပျောက်ရော ကြိတ်မှန်ရွက်နဲ့ အနာရွတ်တွေကို တိုက်လိုက်တာ အနာရွတ်တောင် မထင်တော့ဘူး၊ အိမ်မှာ လက်ကျန်ရှိသေးလား မသိဘူး ရှာကြည့်ပေးမယ်"

ညနေ ၄ နာရီတွင် မအိအိခိုင်တို့နေအိမ် ရေအားလျှပ်စစ်ဝင်း(ဝန်ထမ်းအိမ်ရာ)မှ သာစည်မြို့ အမှတ်(၄) ထိန်ကန်ရပ်ကွက်ရှိ အိမ်သို့ ဆိုင်ကယ်နှင့်ပြန်သွားပါသည်။

နောက်တစ်နေ့နံနက် ၉ နာရီလောက်တွင် အန်တီဒေါ်ပူစူးရဲ့ သမီးငယ် (မအိအိခိုင်၏ ညီမ) မသက်သက် ဆိုင်ကယ်နှင့် ရောက်လာပါသည်။

"ညီမလေးရေ မေမေက ယားနာဆေးတွေ့လို့ ပေး နိုင်းလိုက်တယ်၊ နှမ်းဆီ အပူပေးပြီး ဖျော်ပြီး အနာ လိမ်းပေးတဲ့"

ဆီးဖြူသီးခန့် ဆေးမှုန့်ဘူး ပေးသွား ထည့်ကာ ပေး သည်။ စာရေးသူ၏ ဇနီးက နှမ်းဆီကို ကြွေဇွန်းဖြင့် ပေးကာ ဆေးဖျော်ပေးပါသည်။ သမီးက အနာတွေ ဖန်ရည်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးဝဇ္ဇာ

ဆေးပြီး ၎င်းဆေးကို လိမ်းပါတော့သည်။ ပျောက်ချင်စိတ်တွေ ပြင်းပြပြီး အကြိမ်ကြိမ် လိမ်းပါသည်။ နောက်နေ့တွင် အတော်လေး ခြောက်စပြုပါတော့သည်။

မအိအိခိုင်က ဖုန်းဆက်ပြီး မိတ္ထီလာမှ ဒေါ်လေးထံသို့ ဆေးနည်းမေးပြီး မိခင်ကို ဆေးဖော်ခိုင်းပါသည်။ သာစည် ပရဆေးဆိုင်မှ ဝယ်ယူစေရန် ငွေထုတ်ပေးပါသည်။ စာရေးသူလည်း သာစည်ဈေးအတွင်း ဦးတိုးမောင်၏ ပရဆေးဆိုင်မှ ဆေးညွှန်းပါအတိုင်း ဝယ်ပေးလိုက်ပါသည်။

အန်တီဒေါ်ပူစူးမှ အားချင်း ဆေးဖော်ပေး၍ ထိုဆေးကို လိမ်းရာ ခုနစ်ရက်ကြာသော် ယားနာဟူသမျှ ပျောက်ကင်းသွားပါတော့သည်။ ဆေးဖော်နည်းမှာ . . .

(၁) လေးညှင်း (၂) ကွမ်းသီးပွ (၃) ကင်ပွန်းသီး ယင်းသုံးမျိုးကို ဆတူ ပြာချပါ။ သို့မဟုတ် အနေတော်ဖြစ်အောင် ကြော်ပါ။ ၎င်းတို့ကို ညက်အောင်ထောင်းပါ. (ကြိတ်ပါ)။ (၄) ဆေးဒန်း အထက်ပါသုံးမျိုးဖြင့် ဆတူကြိတ်ပြီး သမအောင် မွှေပါ။ ၎င်းဆေးကို နှမ်းဆီအပူပေးပြီး ပျစ်ပျစ်ဖျော်ကာ တစ်နေ့ သုံးကြိမ် လိမ်းပေးပါ။

အလွှားလိုက် အချပ်လိုက် ကွာကျပျောက်ကင်းသွားသည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

အကယ်၍ တကယ်ပင်လိုအပ်ပြီး ဖော်စပ်ရန် အခက်အခဲ ကြုံတွေ့နေပါက လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ မှာကြားပါက ကူညီဆောင်ရွက်ပေးပါမည်။ ဦးစိုးဝင်း+ဒေါ်မွှေးမွှေး (ရေအားလျှပ်စစ်ဝင်း၊ ပင်မဓာတ်အားခွဲရုံ) ဝန်ထမ်းအိမ်ရာ၊ ဖုန်း - ၀၆၄ ၆၉၃၁၅ သို့ ဆက်သွယ် မှာကြားနိုင်ပါသည်။

ဆေးနည်းပေးပါသော မမအေး(မိတ္ထီလာ)အားလည်းကောင်း၊ ဆေးဖော်စပ်ပေးသော ဒေါ်ပူစူး (ဒေါ်မြင့်မြင့်သန်း) အမှတ်-၇၊ ထိန်ကန်ရပ်ကွက်၊ သာစည်မြို့ အားလည်းကောင်း၊ ဆေးဖော်စပ်ရန် ငွေကြေးအကူအညီပေးခဲ့သော (ဆေးကုသိုလ်ပြုခဲ့သော) ကိုဇေယျာအောင်+မအိအိခိုင် (အငယ်တန်း အင်ဂျင်နီယာ(၂) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားလိုင်းမှူးရုံး၊ သာစည်မြို့) အားလည်းကောင်း အထူးကျေးဇူးတင်စွာဖြင့် ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ပါကြောင်း။

❒ မောင်ထိုက်စိုး (သာစည်)

## တစ်လမှာနှစ်ရာသီနှင့် ကရင်သေးနည်း

**ဆရာကြီးဦးအောင်မြင့်**

ကျွန်ုပ်တို့ မိသားစုနေအိမ်မှာ နှစ်ဖက်ဆွေမျိုးတွေထဲက ဆင်းရဲနွမ်းပါးပြီး ပညာကြိုးစားသင်ယူလိုတဲ့ တူ၊ တူမ တွေကိုခေါ်ပြီး ကျောင်းထားပေးပါတယ်။ အသက် (၁၄) နှစ်ကျော် ခန့် တူမငယ်တစ်ဦးဟာ အရွယ်ရောက်တဲ့ မိန်းကလေးတို့ ဓမ္မတာ ရာသီလာချိန်မှာ တခြားသော မိန်းကလေးများနှင့် မတူဘဲ တစ်မူထူးခြားပြီး တစ်လမှာ ရာသီနှစ်ကြိမ်လာကြောင်း ကျွန်ုပ်ရဲ့ဇနီးက ပြောပြပါတယ်။ ဒါကြောင့် အဲဒီတူမငယ်လေးဟာ သွေးအားနည်းပြီး မကြာခဏ နေထိုင်မကောင်းကြောင်း၊ ကျောင်းပျက်၊ စာမလိုက်နိုင်၊ စာမေးပွဲကျ ဖြစ်ခဲ့ရပါတယ်။

၂၀၁၃ ခုနှစ် ဧပြီလထဲမှာ ကရင်ပြည်နယ် ဘားအံ ဒေသ တောရွာလေး တစ်ရွာမှာ နေထိုင်တဲ့ ဇနီးဖြစ်သူရဲ့ ဆွေမျိုးထဲမှ ကရင်တိုင်းရင်းသူ အမျိုးသမီးကြီးတစ်ဦး ရန်ကုန်မြို့ကို အလည်လာပြီး ကျွန်ုပ်အိမ်မှာ တည်းခိုပါတယ်။ တစ်လမှာ ရာသီနှစ်ခါလာပြီး ကျန်းမာရေးချူချာနေတဲ့ တူမငယ်လေးရဲ့အကြောင်း ကြားသိရတော့ ဒါဟာ အလွယ်လေးပါလို့ ပြောပါတယ်။

"မနက်ပိုင်း ထမင်းချက်ခါနီး ဆန်ဆေးတဲ့အခါ ပထမတစ်ရေကို သွန်ဝစ်ပါ၊ ဒုတိယတစ်ရေမှာ ဆန်ဆေးရည် တစ်ဖန်ခွက် ခံယူထားပါ၊ အဲဒီဆန်ဆေးရည် တစ်ဖန်ခွက်ကို တူမငယ်လေး သောက်ပါစေ၊ သုံးရက် တစ်ကြိမ် မှန်မှန် တိုက်ပေးပါ"

ကရင်တိုင်းရင်းသူ အမျိုးသမီးကြီး ပြောပြတဲ့ ဆေးနည်းအတိုင်း ဆန်ဆေးရည် တစ်ဖန်ခွက် သုံးရက် တစ်ကြိမ် တိုက်ပေးလိုက်တာ စသောက်တဲ့ လမှာပဲ အစွမ်းပြပါတော့တယ်။ တစ်လမှာ တစ်ရာသီပဲ လာပါတော့တယ်။ သွေးအားကောင်း၊ ကျန်းမာရေးကောင်း၊ အတန်းထဲမှာ စာလိုက်နိုင် ဖြစ်လာပြီ။

ဇွန်၊ ဇူလိုင် နှစ်လ ဆန်ဆေးရည်တိုက်ပြီး သြဂုတ်လမှာ ဆက်မတိုက်တော့ဘူး။ ဒါပေမယ့် ရာသီက ပုံမှန် တစ်လ တစ်ကြိမ်သာ ဖြစ်နေပါတယ်။ ဆေးခန်းဆေးရုံသွားစရာမလို၊ ဆေးဖိုးဝါးခမကုန် ချက်ချင်းအစွမ်းပြသော ဆေးနည်း ဖြစ်ပါသည်။

အိမ်တွင်နေသော ဝမ်းကွဲညီမ အသက်(၃၀)ဝန်းကျင် အပျိုကြီးကလည်း ရာသီနည်းလိုက်၊ များလိုက်၊ ထိမ်လိုက်၊ ချုပ်လိုက်နဲ့ ရောဂါချူချာနေလို့ အဲဒီဆန်ဆေးရည် သုံးရက်တစ်ကြိမ် တစ်ဖန်ခွက်သောက်တဲ့နည်းအတိုင်း သောက်လိုက်တာ ရာသီ ပြန်မှန်သွားပါတယ်။ ကျန်းမာရေး ကောင်းမွန်သွားပါတယ်တဲ့။

အမျိုးသမီးများ ရာသီနဲ့ ပတ်သက်လာရင် လက်တွေ့ အသုံးချကြည့်ပါ။

❒ ဆရာကြီး ဦးအောင်မြင့်





www.burmeseclassic.com

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

**သုတေသီ ဆရာငြိမ်း**



## စပါးလင်

### ၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

စပါးလင်သည် မီးဖိုချောင်ကို စိမ်းကွပ်ကဲရသည့် အိမ်ရှင်မများ လက်စွဲဖြစ်ချေ၏။ မြန်မာနိုင်ငံမှ ထွက်ရှိသော စပါးလင်သည် ရန်ုမွှေးပျံ့ရုံသာမက ဆေးစွမ်းကလည်း ထက်မြက်စေပါသည်။ ၎င်းသည် မြက်မျိုးအနွယ်ဝင်ဖြစ်ပြီး စပါးလင်မွှေးနှင့် ဟင်းစားစပါးလင် ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုး၏ ကွာခြားပုံမှာ စပါးလင်မွှေးသည် ဟင်းစားစပါးလင်ထက် ပို၍ရွက်ပြားကြီးကာ ရှည်လျားခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ အချို့သော စီးပွားရေးဈေးကွက်များတွင် စပါးလင်မွှေးက ပို၍ မျက်နှာပန်းလှတတ်ပေသည်။

စပါးလင်သည် စိုက်ပျိုး၍ရနိုင်သော အပင်ဖြစ်သည်။ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်ပြီး သိတင်းကျွတ်လကုန်လောက်တွင် ဖူးတံထွက်၍ ပြာသိုတပို့တွဲလများတွင် အပွင့်ပွင့်၏။ အရသာမှာ ဖန်၍ ခါး၏။

စပါးလင်၏ အရွက်နှင့် အဆီကို တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ရောဂါကုသရာတွင်လည်းကောင်း ပရဆေးအဖြစ် အသုံးပြုကြပေသည်။ အိန္ဒိယဆေးကျမ်းများ၌ စပါးလင်သည် အစာမကြေခြင်း၊ ခံတွင်းပျက်ခြင်းနှင့် အစာအိမ်အတွင်း ဆိုးနှောင့်ယှက်သော ရောဂါဝေဒနာများအတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်ကြောင်း ဖော်ပြထားပေသည်။ မြန်မာ့ဆေးဖက်ဝင် အပင်များ၌လည်း စပါးလင်ကို ချန်လှပ်၍ မရပေ။

စပါးလင်သည် ပဥ္စင်းပါးလုံး အသုံးဝင်သောအပင်ဖြစ်၏။ ၎င်းတွင် လေသလိပ်ကို ကြေစေခြင်း၊ သွေးကို ကြည်လင်စေခြင်း၊ အစာကိုကြေစေ၍ သည်းခြေကို ပျက်စေခြင်းစသော အစွမ်းသတ္တိများ ရှိလေသည်။ စပါးလင်ကို နှလုံးလည်ချောင်းနှင့် ပတ်သက်သော ရောဂါများ ကုသရာတွင် အသုံးပြုနိုင်ပြီး ချောင်းဆိုးခြင်း၊ သွေးအန်ခြင်း၊ ကာလဝမ်းရောဂါနှင့် သလိပ်တို့ကို နိုင်နင်းစွာ ကုသပေးနိုင်၍ အူသိမ်အူနု၊ အူအကာနှင့် အမြေးများ၏ လုပ်ဆောင်ချက်ကို ပိုမိုကောင်းမွန်စေသည်ဟု သိရသည်။

မြန်မာ့ဆေးကျမ်းများ အလိုအရ အဖျားရောဂါသည်များ ချွေးထွက်စေရန်အတွက် စပါးလင်ကို ချင်း၊ သကြားတို့နှင့်ရောစပ်၍ အသုံးပြုနိုင်သည်။ စပါးလင်သည် ဆီးပူခြင်း၊ ဆီးအောင့်ခြင်းနှင့် ဆီးလမ်းကြောင်း ဆိုင်ရာ ရောဂါဝေဒနာများ အတွက်လည်း ဆေးစွမ်းကောင်း တစ်လက် ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ်ကာလတွင် ဆေးဝါးကုမ္ပဏီကြီးများသည် စပါးလင်မှ အဆီကို ပေါင်းခံကိရိယာဖြင့် ထုတ်ယူ၍ စားဆေး၊ သောက်ဆေး၊ လိမ်းဆေး အမျိုးမျိုးဖော်စပ် ရောင်းချနေပြီဖြစ်သည်။ စပါးလင်ဆီသည် ပူနွေးစေသော ဂုဏ်သတ္တိရှိသဖြင့် ၎င်းအဆီနှင့် နှမ်းဆီ ရောစပ်လိမ်းလျှင် ပရုတ်ဆီကဲ့သို့ပင် အကျိုးအာနိသင်ရှိကြောင်း သိရသည်။ ၎င်းကို ခါးနာခြင်း၊ ခါးကိုက်ခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊ အကြောဆွဲခြင်း၊ အကြောတုန်ခြင်းပြင် ပွေး၊ ဝဲစသော အရေပြားရောဂါများအတွက်ပါ လိမ်းဆေးအဖြစ် သုံးစွဲနိုင်သည်။

စပါးလင်ဆီတွင် သွေးကိုကြွစေသော၊ လေတက်ခြင်းကို ကျဆင်းစေနိုင်သော၊ ချွေးပြိုက်ပြိုက်ထွက်စေသော အစွမ်းအာနိသင်များရှိပြီး ဝမ်းဗိုက်ရစ်နာခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် ပျို့အန်ခြင်း ဝေဒနာများကို ကုသရာ၌ အစွမ်းထက်သည်ဟု ဆိုပါသည်။ မြန်မာ့ရေမြေ၌ လွယ်လင့်တကူ ရှာဖွေရယူနိုင်သော စပါးလင်သည် တန်ဖိုးနည်းပါးသော်လည်း ရောဂါပျောက်ကင်း အစွမ်းထက်လှသဖြင့် နည်းလမ်းအသွယ်သွယ်ကို အသုံးချ၍ ကျန်းမာခြင်းလာဘ်ကို ပေးနိုင်စွမ်းရှိပေသည်။

(၁) ဆံပင်ကျွတ်တာ သက်သာစေဖို့

စပါးလင်ဆီကို အုန်းဆီစစ်နှင့် ရောစပ်၍ ဦးရေပြားအတွင်း စိမ့်ဝင်သွားအောင် လိမ်းပေးပါက ဆံပင်ကျွတ်ခြင်းများ ရပ်တန့်သွားပါလိမ့်မည်။

(၂) ကလေးများ သန်ထိုးနေပါလျှင်

ကလေးငယ်၏ ဝမ်းဗိုက်ကို စပါးလင်ဆီ လိမ်းပေး



www.burmeseclassic.com

www.burmeseclassic.com

ပြီး အဝတ်ဖြင့် ပတ်ထားပေးပါက သန့်ထိုးခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

(၃) ခြင်ကိုက်နေသလား

စပါးလင်ဆီ ပါဝင်သော ဖယောင်းလိမ်းဆေးကို လိမ်းဆေးပါက ခြင်မကိုက်တော့ဘဲ ငှက်ဖျားအန္တရာယ်မှ ကင်းဝေးသွားပါလိမ့်မည်။

(၄) လေဖြတ်၊ လေငန်းနှင့် ကြွက်တက်ဝေဒနာရှင်များအတွက်

စပါးလင်ဆီကို နှမ်းဆီ (သို့မဟုတ်) အုန်းဆီနှင့်ရော၍ လိမ်းကျံပေးပါက လေဖြတ်ခြင်း၊ လေငန်းဆွဲခြင်းနှင့် ကြွက်တက်ခြင်းဝေဒနာတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၅) အဆစ်တွေ ရောင်ရမ်းနေလျှင်

အဆစ်များ ရောင်ရမ်းလျက်ရှိသော နေရာများပေါ်သို့ စပါးလင်ဆီအား စိမ့်ဝင်အောင် ခပ်နာနာ ပွတ်လိမ်းပေးပါက အဆစ်ရောင်ရမ်းခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၆) မီးယပ်ကြောင့် ကိုယ်လက်နာကျင်ကိုက်ခဲနေလျှင်

အမျိုးသမီးများ မီးယပ်ရောဂါ ဝေဒနာကြောင့် ကိုယ်လက်များ နာကျင်ကိုက်ခဲနေပါလျှင် စပါးလင်ရည်တွင် ရှောက်ကောင်းမှုန့် အနည်းငယ်ထည့်ကာ လိမ်းကျံပေးပါက ဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မည်။

(၇) ထိခိုက်မှုကြောင့် အကြောတင်နေသလား

ရုတ်တရက် ထိခိုက်ဒဏ်ရာရ၍ အကြောတင်နေခဲ့ပါက အကြောပြေ ဒဏ်ကျေသွားစေရန်အတွက် ထမင်းဖြူနှင့် စပါးလင်ကို ထုထောင်းကာ ကျပ်ထုပ်ထိုးပေးပါ။ သက်သာ ပျောက်ကင်းပါလိမ့်မည်။

(၈) ဆီးရောဂါနှင့် လည်ချောင်းရောဂါအတွက်

စပါးလင် ပဥ္စငါးပါးကို သကြားအနည်းငယ်နှင့်ကျို၍ တစ်နေ့ နှစ်ကြိမ် သောက်ပေးပါက ဆီးရောဂါသာမက လည်ချောင်းနာဝေဒနာတို့ကိုပါ သက်သာပျောက်ကင်းစေသည်။

(၉) နှာခေါင်းစေး၍ ချောင်းဆိုးနေလျှင်

ပဥ္စငါးပါး ပါသော စပါးလင်တစ်စည်းကို ရေစင်စင်ဆေး၍ ပြုတ်ပါ။ ရရှိလာသော အရည်ထဲတွင် မီးဖုတ်ထားသော ဆားခတ်၍ သောက်သုံးပေးပါက နှာစေးခြင်း၊ ချောင်းဆိုးခြင်း ဝေဒနာများ သက်သာပျောက်ကင်းပါလိမ့်မည်။

(၁၀) အစာမကြေ ခံတွင်းမလိုက်လျှင်

ပဥ္စငါးပါးကို ကြိတ်ခြေ၍ရသော စပါးလင်ရည်အား သောက်သုံးပေးပါက အစာမကြေခြင်း၊ ခံတွင်းမလိုက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၁) ငှက်ဖျားရောဂါ ထနေသလား

စပါးလင်ခေါင်းနှင့် ငရုတ်ကောင်းစေ့တို့ကို ရော၍ ကြိတ်ပါ။ ရလာသည်တို့ကို အခြောက်လှန်း၍ နေ့စဉ် ငရုတ်ကောင်းစေ့ခန့် သောက်သုံးပေးပါက ငှက်ဖျားရောဂါဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မည်။

(၁၂) ဆီးကြောင့်ဖြစ်သော အသားဝါရောဂါအတွက်

စပါးလင် လက်တစ်ဆုပ်ခန့်ကို အမြစ်နှင့်ခေါင်းအား ဖြတ်၍ ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုပါ။ ယင်းဆေးရည်အား တစ်နေ့ သုံးကြိမ်သောက်ပါ။ အနည်းဆုံး သုံးရက်ခန့် သောက်ပေးပါက ဆီးကြောင့်ဖြစ်သော အသားဝါရောဂါ သက်သာပျောက်ကင်းပါလိမ့်မည်။

(၁၃) ရောင်ရမ်းနာကျင်လျှင်


ရောင်ရမ်းနာကျင်ခြင်းများ ဖြစ်ပေါ်လာနေရပါက စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့်ထုပ်ပြီး ကျပ်ထုပ်ထိုးပေးပါက ရောင်ရမ်းနာကျင်မှုများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၁၄) လေရောဂါသည်များအတွက်

လေကြောင့် စိတ်သောက ရောက်နေကြရသော ဝေဒနာရှင်များအဖို့ ငရုတ်ကောင်း၊ ပူဒီနာနှင့် သကြားတို့ကို စပါးလင်နှင့် ရောစပ်ကာ ပြုတ်၍သောက်ပေးပါက လေရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

နေ့စဉ် ဟင်းလျာများ ချက်ပြုတ်နေကြရသော အိမ်ရှင်မများအဖို့ စပါးလင်သည် ဟင်းလျာအတွက်သာမကဘဲ ကျန်းမာရေးအတွက်ပါ အထောက်အကူပြုလျက်ရှိလေသည်။

* * *



## ဂေါ်ရခါးသီး

## ၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ဂေါ်ရခါးသီးသည် အခါရာသီမရွေး ရရှိနိုင်သော သီးနှံတစ်မျိုးဖြစ်၏။ ဆောင်းရာသီကာလသို့ ရောက်လျှင် အလျှံပယ်ထွက်ရှိသည့်အတွက် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ပြီး အချိုကြော်၊ ချဉ်ရည်ဟင်းသာမက အသားငါးတို့

www.burmeseclassic.com

နှင့် ရောနှောပြီး ချက်ပြုတ် စားသောက်နိုင်လေသည်။ အကြော်ဆိုင်များတွင် ဘူးသီးရှားလျှင် ဘူးသီးအစား ဂေါ်ရခါးသီးကို လှီး၍ ကြော်ရောင်းကြသည်။ အရသာအားဖြင့် ထူးကဲလှပေသည်။

ဂေါ်ရခါးသီးကို ရှမ်းပြည်နယ်တွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချကြလေသည်။ ဂေါ်ရခါးသီးတွင် ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ သံဓာတ်၊ အမိုင်နိုအက်ဆစ်၊ ကစီဓာတ်၊ ဗီတာမင် $B_6$ နှင့် မဂ္ဂနီစီယမ်တို့အပြင် အမျှင်ဓာတ်၊ ကော့ပါးဓာတ်နှင့် ဇင့်(သွပ်)ဓာတ်တို့ ပါဝင်လေသည်။ ကယ်လိုရီနည်းပါးသည့် အစားအစာဖြစ်ပြီး ကိုလက်စထရောနှင့် ဆိုဒီယမ်တို့ လုံးဝမပါရှိပေ။ ထို့ပြင် ဗီတာမင်အီး၊ ဗီတာမင်ကေ၊ နီယာစင်းဓာတ်၊ ဖောလိတ်၊ ပိုတက်စီယမ်နှင့်၊ အက်စ်ကောတစ် အက်ဆစ်တို့ ပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်မှု ဂုဏ်သတ္တိများကြောင့် ကင်ဆာရောဂါများကို ဟန့်တားကာကွယ်နေလေသည်။

ဂေါ်ရခါးသီးတွင် ပါဝင်သည့် ဓာတ်ပေါင်းစုများသည် နှလုံးရောဂါ ဖြစ်ပွားမှုကို လျှော့ချပေးပြီး ရင်းနှင့် ဆက်နွယ်နေသည့် လေဖြတ်ခြင်းကိုလည်း ဟန့်တားပေးနိုင်သည်။ ထို့ပြင် သွေးထဲရှိ သကြားဓာတ်တိုးပွားခြင်းကို ထိန်းချုပ်ပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါသည်များ စားသုံးရန် အထူးပင်သင့်လျော်ပေသည်။

ဂေါ်ရခါးသီးကို စားသုံးခြင်းအားဖြင့် ဂေါက်ရောဂါနှင့် အဆစ်အမြစ် ကိုက်ခဲခြင်းကို သက်သာစေပြီး ခြေသလုံးကြွက်သားများ ကြွက်တက်ခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။ သွားနှင့်ခံတွင်း ကျန်းမာခြင်းကို ပေးစွမ်းနိုင်ပြီး အဆုတ်နှင့် ကျောရိုးကျန်းမာရေးတို့ သန့်စင်ပေးသည့်အပြင် သွေးဖိအားကို ထိန်းချုပ်နိုင်သည့်အတွက် သွေးတိုးရောဂါ ဝေဒနာရှင်များ စားသုံးသင့်သည့် ဆေးတစ်ခွက်ဆိုလျှင် မမှားပေ။

ဂေါ်ရခါးသီးတွင် ပါဝင်သည့် ဗီတာမင် $B_6$ သည် အောက်ဆီဂျင်ကို ဦးနှောက်ထဲရောက်အောင် ပို့ဆောင်ပေးပြီး မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်မြင့်မားစေသည့်အပြင် အယ်လ်ဇိုင်းမားရောဂါ မဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်ပေသည်။ မှန်မှန်စားသုံး ပေးသွားပါက အူသိမ်၊ အူမတို့၏ စွမ်းဆောင်ရည် မြင့်တက်လာပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးစေပါသည်။

ဂေါ်ရခါးသီးသည် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး အပူရှပ်ခြင်း၊ အအေးမိခြင်းနှင့် တုပ်ကွေးကူးစက်မှုကြောင့် ဖြစ်သော အဖျားရောဂါများကို ကြိုတင်ကာကွယ်နိုင်ပေသည်။ အရိုးပွခြင်းမှ ကာကွယ်ပေးပြီး ဆဲလ်များ ထိခိုက်ပျက်စီးမှု မဖြစ်ရလေအောင် တားဆီးပေးနိုင်သည်။

စိတ်ကို ကြည်လင်လန်းဆန်းစေသည့်အပြင် ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်စေပြီး သိုင်းရှိုက်၏ လုပ်ငန်းဆောင်တာများကို ပိုမိုကောင်းမွန်စေသည်ဟု ဆိုလေသည်။

အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာဆဲလ်များ ပျံ့နှံ့ကြီးထွားလာခြင်းကို ဟန့်တားပေးသည်။ ပေါင်မပြည့်သောကလေးများ မွေးဖွားခြင်းနှင့် မွေးရာပါ အ ရှဲကြောများ ချို့တဲ့မှုမဖြစ်ရလေအောင် ကိုယ်ဝန်ဆောင် မိခင်လောင်းများ ဂေါ်ရခါးသီးကို ပိုမိုစားသောက်ပေးကြ ဆေးပညာရှင်များက တိုက်တွန်းပေးထားကြသည်။

ဂေါ်ရခါးသီးကို စားသုံးခြင်းကြောင့် အဆီပြန်ခြင်း၊ ဝက်ခြံထွက်ခြင်းများကို ထိန်းချုပ်သက်သာစေသည်။ ခန္ဓာကိုယ် အလေးချိန်ကိုလည်း လျှော့ကျစေနိုင်သည်။ ခွန်အားကို တိုးပွားစေပြီး ပရိတင်းဓာတ်ရအောင် ကူညီပေးသည့်အပြင် နာတာရှည် အိပ်မပျော်သည့် ရောဂါများကိုလည်း သက်သာပျောက်ကင်းစေပါသည်။

ဂေါ်ရခါးသီးသည် အသီးသာမက အရွက်၊ အညွန့်တို့မှလည်း အသုံးတည့် ဆေးဖက်ဝင်ကြပါသည်။ အရွက်အညွန့်တို့ကို ကြော်လှော်ချက်ပြုတ် သုံးနိုင်ရုံမျှ မကအခြောက်ခံပြီး လက်ဖက်ခြောက်ခတ် သကဲ့သို့ ရေနွေးတွင်ခတ်ကာ သောက်သုံးနိုင်သည်။ ထိုကဲ့သို့ ပုံမှန်စွာ သောက်သုံးပေးသွားပါက သွေးကြောပိတ်ဆို့မှုကို ပြေလျော့သွားစေ သွေးတိုးကို ကျစေ၍ ဆီးကို ရှင်စေ၏၊ ကျောက်ကပ်သန့်စင်ပေးပြီး ဆီးကျောက်တည်ပါက ကျောက်ကို ကြေပျ စေပါသည်။

မြန်မာတိုင်းရင်းဆေး ဆရာကြီးများ၏ အယူအဆ အရ ဆိုရလျှင် ဂေါ်ရခါးသီးသည် အေးချိဓာတ်ပါသော ဓာဖြစ်ပြီး စားပြီးပါက ထိုက်သင့်သလောက် လေကျစေနိုင် သည့်အတွက် အခန့်မသင့်ပါက သွေးပေါင်ချိန်ကို မြင့်တ လာစေနိုင်သည်ဟု ဆိုထားသည်။ လေထိုးခြင်းသည် သွေး တိုးခြင်းနှင့် အတူတူပင်ဖြစ်သည့်အတွက် လေရောဂါ ဓာ ရှိသူများအနေဖြင့် ဂေါ်ရခါးသီးကို ချင့်ချိန်စားသောက်သ ကြလေသည်။

အချုပ်အားဖြင့် ဆိုရလျှင် အရှယ်သုံးပါးမရွေး စား သုံးနိုင်သော ဂေါ်ရခါးသီးအစွမ်းဖြင့် အရေပြားတစ်ရှူးမျာ ကျန်းမာစေခြင်း၊ အသားအရေ စိုပြည်လပလာစေနိုင်ခြင်းန အရွယ်တင်နုပျိုစေခြင်း စသော အကျိုးကျေးဇူးများပါ ခံစာ ရရှိနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

❒ သုတေသီ ဆရာပ



www.burmeseclassic.com

www.burmeseclassic.com

# တွဲဖက်၍ မစားသင့်သော အစားအစာများ

## သုနန္ဒာစိုး (ရွှေရင်အေး)

### "က" အက္ခရာ

◆ ကြက်တူရွေးသား (ကျေးသား) နှင့် ဘူးသီး
◆ ကျွဲခေါင်းသီးနှင့် အချဉ်အမျိုးမျိုး
◆ ကောက်ညှင်းပေါင်းနှင့် ရေငံသီး (သေ)
◆ ကိုကိုးနှင့် ပဲမြစ် (မူးဝေ)
◆ ကိုင်းဥနှင့် ပုစွန်ချဉ် (သေ)
◆ ကုလားပဲနှင့် ဒိန်ချဉ် (ဝမ်းလျှော)
◆ ကြက်သားနှင့် ကြက်ဟင်းခါးသီး (အော့အန်)
◆ ကန်စွန်းမြစ်နှင့် နှမ်းမုန့်
◆ ကတိုးနှင့် သရက်သီး
◆ ကင်ပိတ်ရွက်နှင့် နှမ်းဖတ်ချဉ်
◆ ကင်းပိန်ရွက်နှင့် ဥသျှစ်သီး
◆ ကကတစ်ငါးနှင့် ကြာဟင်းညွန့်
◆ ကျွဲသားနှင့် ဆိတ်သား
◆ ကြက်ဆူဆီနှင့် ဥအမျိုးမျိုး
◆ ကျွဲသားနှင့် ကြာရိုးကြာစွယ် (ဝမ်းလျှော)
◆ ကြက်ဆူဆီနှင့် ကုန်းငှက်သား (သေ)
◆ ကြောင်လျှာသီးနှင့် ကြက်သား (သေ)
◆ ကြောင်လျှာသီးနှင့် ငါးသေတ္တာ (သေ)
◆ ကြောင်လျှာသီးနှင့် စပါးကြီးမြွေသား (သေ)
◆ ကြွံသားနှင့် ငါးအမျိုးမျိုး (သေ)
◆ ကင်းပုံရွက်နှင့် နှမ်း (အကြောတက်)
◆ ကြာစေ့နှင့် ငှက်တော်သား

### "ခ" အက္ခရာ

◆ ခံသီးနှင့် ကြက်ဥ
◆ ခံသီးနှင့် ငရုတ်ကောင်း (သေ)
◆ ခရုနှင့် အမဲသား
◆ ချောကလက်နှင့် ပဲမြစ်
◆ ချောကလက်နှင့် စောင်းလျားသီး (သေ)
◆ ချောကလက်နှင့် မြေပဲ (မူးဝေ)
◆ ခိုသားနှင့် စောင်းလျားသီး (သေ)
◆ ခိုသားနှင့် ချင်းစိမ်း (သေ)
◆ ခိုသားနှင့် ဖရုံသီး (သေ)
◆ ခိုသားနှင့် မုန်ညင်းဆီ
◆ ခိုသားနှင့် ငုံးသား (ရင်ပူ)
◆ ခိုသားနှင့် သင်္ဘောပွင့်
◆ ခိုသားနှင့် ရှောက်သီး

### "ဂ" အက္ခရာ

◆ ဂွေးသီးနှင့် အာတာလွတ် (သေ)
◆ ဂျင်းနှင့် သင်္ဘောဖိုပွင့်
◆ ဂွေးသီး၊ ဂွေးရွက်နှင့် နို့ရည်
◆ ဂျင်းသုပ်နှင့် ရေခဲမုန့် (သေ)

### "င" အက္ခရာ

◆ ငုသီးနှင့် စောင်းလျားသီး
◆ ငှက်ပျောသီးနှင့် ထန်းရည် (သေ)
◆ ငါးရံ့သားနှင့် ပွေးသား (သေ)
◆ ငါးကြင်းနှင့် ပဲရွက်

### "စ" အက္ခရာ

◆ စားတော်ပဲနှင့် ဆီးသီး (ဝမ်းလျှော)
◆ စတော်ဘယ်ရီနှင့် သီးသီး
◆ စိန်နှင့် သံပရာ (သေ)
◆ စိမ်းစားဥနှင့် နို့အေးချောင်း (ရင်ကျပ်)
◆ စိမ်းစားဥနှင့် ရေခဲမုန့် (အော့အန်)
◆ စိမ်းစားဥနှင့် ရှောက်သီး၊ သံပရာသီး
◆ စိမ်းစားဥနှင့် သပွတ်သီး (အော့အန်)

### "ဆ" အက္ခရာ

◆ ဆိတ်သားနှင့် ပဲဒလက် (သေ)
◆ ဆင်သမနွယ်နှင့် ပျားရည်
◆ ဆိတ်သားနှင့် ဆူးပုတ်ရွက် (မူးဝေ)
◆ ဆိတ်နို့နှင့် ဆူးပန်းရွက်
◆ ဆိတ်သားနှင့် ကျွဲသား (သေ)



www.burmeseclassic.com

www.burmeseclassic.com

## "ဇ" အက္ခရာ

| | | |
|---|---|---|
| ◆ ဇောင်းလျားသီးနှင့် | သိုးသား | (သေ) |
| ◆ ဇောင်းလျားသီးနှင့် | ချောကလက် | |
| ◆ ဇောင်းလျားသီးနှင့် | ရှောက်သီး | |
| ◆ ဇောင်းလျားသီးနှင့် | နို့ | |

## "ည" အက္ခရာ

| | | |
|---|---|---|
| ◆ ညံ့ရွက်နှင့် | အရက် | (သေ) |
| ◆ ညံ့ရွက်နှင့် | လက်ဖက် | (သေ) |

## "တ" အက္ခရာ

| | | |
|---|---|---|
| ◆ တမာရွက်နှင့် | ကြက်ဥ | (အကြောတက်) |
| ◆ တင်လဲနှင့် | ကုလားမျက်စိပင် | |
| ◆ တင်လဲနှင့် | ပဲကြီး | |
| ◆ တဇောင်းဆူးနှင့် | မှိုစိ | |

## "ထ" အက္ခရာ

| | | |
|---|---|---|
| ◆ ထနောင်းရွက်နှင့် | မန်ကျည်းရွက် | (ဝမ်းလျှော) |
| ◆ ထန်းရည်ချိုနှင့် | ဝက်သား | |
| ◆ ထန်းသီးမုန့်နှင့် | ဒိန်ချဉ် | |
| ◆ ထန်းလျက်နှင့် | သပြေသီး | (သေ) |
| ◆ ထန်းလျက်နှင့် | ဘာမီတွန်ဆေးပြား | (သေ) |
| ◆ ထန်းလျက်နှင့် | နလင်ကျော် | (သေ) |
| ◆ ထန်းလျက်နှင့် | ၂၇ ပါးဆေး | (သေ) |
| ◆ ထန်းရည်၊ ထန်းသီးနှင့် | ငှက်ပျောသီး | (သေ) |
| ◆ ထန်းရည်နှင့် | မျှင်းသား | (ဝမ်းလျှော) |

## "ဒ" အက္ခရာ

| | | |
|---|---|---|
| ◆ ဒူးရင်းသီးနှင့် | ရှိန်းခို | (သေ) |
| ◆ ဒေါင်းသားနှင့် | ဒိန်ချဉ် | |
| ◆ ဒေါင်းသားနှင့် | ပီလောပီနံ့ဥ | |

## "န" အက္ခရာ

| | | |
|---|---|---|
| ◆ နို့ဆီနှင့် | ကိုးပါးဆေး | (သေ) |
| ◆ နို့အမျိုးမျိုးနှင့် | တောင်ပိန္နဲသီး | |
| ◆ နို့ရည်နှင့် | ခရမ်းပိန်သီး | (သေ) |
| ◆ နို့ရည်နှင့် | ချိုးသီး | |
| ◆ နို့ရည်နှင့် | ဖရုံသီး | |
| ◆ နို့ရည်နှင့် | ဖရဲဝေး | |
| ◆ နို့ရည်နှင့် | ဆိတ်သား | |
| ◆ နို့ရည်နှင့် | ပြောင်သား | |
| ◆ နှမ်းဆီနှင့် | ဘိန်း | |
| ◆ နို့ရည်နှင့် | နှမ်းဖတ်ချဉ် | |
| ◆ နို့ရည်နှင့် | စောင်းလျားသီး | |
| ◆ နို့ရည်နှင့် | တောပဲရိုင်း | |
| ◆ နို့ရည်နှင့် | ပဒုမ္မာကြာရွက် | |
| ◆ နို့ရည်နှင့် | သံပရာသီး | |
| ◆ နို့ရည်နှင့် | မျောက်တည်သီး | |
| ◆ နို့အေးချောင်းနှင့် | သခွားသီး | (ရင်ကျပ်) |
| ◆ နို့ရည်နှင့် | အချဉ်အမျိုးမျိုး | (သေ) |
| ◆ နို့အေးချောင်းနှင့် | ဂွေးသီး | (သေ) |

## "ပ" အက္ခရာ

| | | |
|---|---|---|
| ◆ ပလောပီနံ့ဥ (ရိုးနီ)နှင့် | ဒိန်ချဉ် | |
| ◆ ပီလောပီနံ့ဥနှင့် | ပဲကတ္တီပါပြုတ် | (သေ) |
| ◆ ပီလောပီနံ့ဥနှင့် | ဒေါင်းသား | |
| ◆ ပီလောပီနံ့ဥနှင့် | မှိုစ်ချဉ် | |
| ◆ ပီလောပီနံ့ဥနှင့် | ဆီးဖြူသီး | |
| ◆ ပီလောပီနံ့ဥနှင့် | ဖန်ခါးသီး | |
| ◆ ပီလောပီနံ့ဥနှင့် | ဗုံလုံသီး | |
| ◆ ပီလောပီနံ့ဥနှင့် | ပေရည် ပေအူ | |
| ◆ ပီလောပီနံ့ဥနှင့် | အချဉ်အမျိုးမျိုး | (သေ) |
| ◆ ပေရည် ပေအူနှင့် | ငှက်သား | |
| ◆ ပတဲကောနှင့် | သံပရာသီး | |
| ◆ ပဲလင်းမြွေသီးနှင့် | လင်းမြွေသား | |
| ◆ ပိတ်ချင်းသီး/ရွက်နှင့် | ငါးဆီ | |
| ◆ ပဒုမ္မာကြာရွက်နုနှင့် | ဖန်ခါးသီး | |
| ◆ ပဒိုင်းသီးနှင့် | ပဒိုင်းရွက် | |
| ◆ ပဲဒလက်စေ့နှင့် | ဆူးပန်းရွက် | |
| ◆ ပေရည်နှင့် | ဝက်သား | (ဝမ်းလျှော) |
| ◆ ပဲမှုန့်နှင့် | မုန်လာဥ/အမြစ် | |
| ◆ ပျားရည်နှင့် | ပိန္နဲသီး | |
| ◆ ပျားရည်နှင့် | ကင်ပိတ်ရွက် | |
| ◆ ပျားရည်နှင့် | ဥသျှစ်သီး | (သေ) |
| ◆ ပျားရည်နှင့် | မုန်လာမြစ် | |
| ◆ ပျားရည်နှင့် | အုန်းရည်၊ အုန်းသီး | (သေ) |
| ◆ ပျားရည်နှင့် | ဩဇာသီး | (သေ) |
| ◆ ပျားရည်နှင့် | ဆောင်းမေခါးရွက် | |
| ◆ ပျားရည်နှင့် | ပဒုမ္မာကြာရွက် | |
| ◆ ပျားရည်နှင့် | ပိတ်ချင်းရွက် | |
| ◆ ပျားရည်နှင့် | ဆင်သမန္တယ်ရွက် | |
| ◆ ပျားရည်နှင့် | သက်န်းဖူပ်ငှက် | |





www.burmeseclassic.com

www.burmeseclassic.com

### "ဖ" အက္ခရာ

◆ ဖရဲသီးနှင့် ဘဲဥစိမ်း (အော့အန်)
◆ ဖရုံသီးနှင့် သပွတ်ခါးသီး (သေ)
◆ ဖောင်စီးကဏန်းနှင့် မှို (သေ)
◆ ဖန်ခါးသီးနှင့် ပဒုမ္မာကြာရွက်
◆ ဖရုံယိုနှင့် ယုန်သား (အကြောတက်)

### "ဗ" အက္ခရာ

◆ ဗျိုင်းအောက်သားနှင့် ဝက်ဆီ
◆ ဗျိုင်းအောက်သားနှင့် ပုန်းရည်
◆ ဗုံလုံသီးနှင့် ပဒုမ္မာကြာရွက်

### "မ" အက္ခရာ

◆ မင်းဂွတ်သီးနှင့် သကြား (သေ)
◆ မှိုနှင့် ကြက်ဥ
◆ မှိုနှင့် နွားနို့ (သေ)
◆ မှိုနှင့် ယုန်သား (သေ)
◆ မှိုနှင့် ခံသီး
◆ မှိုနှင့် ဖားသား (သေ)
◆ မှိုနှင့် ကြက်ဟင်းခါးသီး (အကြောတက်)
◆ မှိုနှင့် ဖောင်စီးကဏန်း (သေ)
◆ မှိုနှင့် လယ်ကဏန်း (သေ)
◆ မိကျောင်းသားနှင့် နနွင်း
◆ မှုစ်နှင့် တစောင်းလက်ပပ် (ရင်ပူ)
◆ မှုစ်နှင့် အင်ဥ (သေ)
◆ မြင်းသားနှင့် ထုံး
◆ မုန်လာဥနှင့် မတ်ပဲ
◆ မုန်လာဥနှင့် အသားခြောက်
◆ မုန်လာဥနှင့် ပဲကြီး

### "ရ" အက္ခရာ

◆ ရစ်သားနှင့် မီးကင်ချဉ်
◆ ရေုံသီးနှင့် ကောက်ညှင်း
◆ ရေုံသီးနှင့် လက်ဖက်
◆ ရှားစောင်းချဉ်နှင့် အမဲသား
◆ ရှောက်ရွက်နှင့် နွားနို့
◆ ရှိန်းခိုနှင့် ဒူးရင်းသီး
◆ ရှောက်သီး မန်ကျည်းသီး (သေ)

### "ဝ" အက္ခရာ

◆ ဝက်မြေစာဥနှင့် သစ်ကြားသီး
◆ ဝက်ဆီနှင့် ဗျိုင်း(ဗျိုင်းအော က်)(သေ)
◆ ဝက်ဆီနှင့် ထန်းရည်ချို
◆ ဝက်ဆီနှင့် ပေရည်.ပေအူ
◆ ဝက်ဆီနှင့် ဒိန်ချဉ်
◆ ဝက်သားနှင့် ပေရည်ပေအူ (ဝမ်းလျှော)
◆ ဝက်သားနှင့် ကြာစွယ်၊ ကြာဥ (သေ)
◆ ဝက်သားနှင့် ဒေါင်းသား (ဝမ်းလျှော)
◆ ဝက်သားနှင့် ဒေါင်းရည်ချို (သေ)
◆ ဝက်သားနှင့် နို့ချဉ်၊ ဒိန်ချဉ် (ဝမ်းလျှော)

### "သ" အက္ခရာ

◆ သီးသီးနှင့် စတော်ဘယ်ရီ
◆ သမင်သားနှင့် ဝါခေ့ဆီ (ရင်ပူ)
◆ သခွားသီးနှင့် နို့အေးချောင်း
◆ သရက်သီးနှင့် ကတိုးသီး
◆ သရက်သီးနှင့် ပဒဲကော
◆ သံပရာသီးနှင့် စိန် (သေ)
◆ သံပရာသီးနှင့် ကျွဲခေါင်းသီး (သေ)
◆ သံပရာသီးနှင့် ဘာစပရိုဆေးပြား (သေ)
◆ သပြေသီးနှင့် ထန်းလျက်

### "ဟ" အက္ခရာ

◆ ဟင်းငံရွက်နှင့် နှမ်းဖတ်
◆ ဟုန်းရွက်နှင့် မြင်းသေရွက်

### "အ" အက္ခရာ

◆ အရက်နှင့် ဗျိုင်းအောက်သား
◆ အရက်နှင့် ဒူးရင်းသီး (ရင်ပူ)
◆ အရက်နှင့် ကန့်ချုပ်နီ
◆ အရက်နှင့် ဗိတ်ချင်းသီး
◆ အရက်နှင့် နှမ်းမုန့်
◆ အရက်နှင့် စသာမြစ်
◆ အရက်နှင့် ညှံရွက် (သေ)
◆ အရက်နှင့် လမုန့်
◆ အရက်နှင့် ဧကရာဇ်
◆ အရက်နှင့် သကြား
◆ အရက်နှင့် ခရုဆီ
◆ အမဲသားနှင့် ရှားစောင်းသီး (သေ)
◆ အမဲသားနှင့် ရှားစောင်းချဉ် (သေ)

❐ သုန္ဒာစိုး (ရွှေရင်အေး)

ကျမ်းကိုး - အလင်းရောင်ဆေးကျမ်း အရှင်သန္တမွေဇော (မှောစရိယ)





www.burmeseclassic.com

www.burmeseclassic.com



## နည်းကောင်းအမြာမြာ

# မြန်မာ့ဆေးပညာ

စိုးယဉ်ထွန်း

သတ္တဂါတစ်ခု ကံတစ်ခုဟု ဆိုကြရာတွင် ကံသည် ပြုလုပ်မှုဟု နားလည်ရပေမည်။ သဘာဝကံကိုလည်း သိရန် လိုအပ်ပေသည်။ ဒါကတော့ ပြုပြင်ဖန်တီး ပြောင်းလဲလို့မရတဲ့ သဘာဝကံတရားလို့ပဲ ပြောရမည်။ ဒါကို တားဆီးကာကွယ်ရုံပဲ ပြုနိုင်မည်။ ဥတုရာသီတောကိုမှီလို့ ဆိုထားသည်။ ယခု တောတွေ ပျက်စီးပြုန်းတီးကုန်တော့သဘာဝဘေးအန္တရာယ်ဆိုတာကြီး အတော်ဆိုးဆိုးဝါးဝါး ခံကြရသည်။ ဒါက လူမှုရေးအပိုင်း။

ကျန်းမာရေးအပိုင်းတွင် ရှေးအစဉ်အလာ သမားတော်ကြီးများက ရာသီမပိုင် ဆေးမကိုင်နဲ့ ဆိုကြတယ်။ ယခုလို သဘာဝကြီးက ဖောက်ပြန်နေတော့ ရာသီဥတုကို ဖမ်းချည်ဖို့ ခက်ခဲတာပေါ့။ ဒီတော့လည်း မြန်မာ့နည်း ဝီထိ၊ ဥတု၊ ရတု ဆိုတာတွေနှင့်ပဲ အခြေယူပြီး ကျန်းမာရေးကို သပ္ပာယမျှအောင် ဩကာသလောကကြီးမှာ ဝီထိ၊ ဥတု၊ ရတုကိုလိုက်ပြီး ဖြစ်ပေါ်ပြောင်းလဲမှု၊ ဖောက်ပြန်မှုတွေကြောင့် ရှောင်ရန်ဆောင်ရန်တွေကိုပဲ ဖော်ပြပါရစေ။

ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ခြောက်လသည် တနင်္ဂနွေမင်းသည် ဗာဟိရဝီထိလို့ခေါ်ဆိုသည့် အပြင်ဘက်လမ်းအစွန်မှ တရွေ့ရွေ့ မြောက်ဘက်သို့သွားသောကြောင့် ဥတ္တရယာဥ်လို့ ခေါ်ဆိုကြသည်။ လေမှာ တောင်ဘက်ကလာခြင်းဖြစ်၍ တက်ဥတုလို့ ခေါ်ဆိုပြီး အအေးနာ အဖြစ်များသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ ခြောက်လတွင် တနင်္ဂနွေမင်းသည် အဗ္ဘန္တရဝီထိလို့ ခေါ်ဆိုသည့် အတွင်းဘက် အစွန်လမ်းမှ တရွေ့ရွေ့ တောင်ဘက်ကို သွားသောကြောင့် ဒက္ခိဏယာဉ်လို့ ခေါ်ဆိုကြသည်။ လေမှာ မြောက်ဘက်ကလာခြင်းဖြစ်၍ ဒီကာလကို သက်ဥတုဟု ခေါ်ဆိုကြပြီး အပူနာ အဖြစ်များသည်။

ဝီထိသဘော ဥတုကတော့ အများသိကြသည့် နွေ၊ မိုး၊ ဆောင်းပင်ဖြစ်သည်။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိကို နွေဥတု ဂိမှန္တရာသီလို့ ခေါ်ဆိုသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိကိုတော့ မိုးဥတု ဝဿန္တရာသီလို့ ခေါ်ဆိုသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိကို ဆောင်းဥတု ဟေမန္တရာသီလို့ ခေါ်ဆိုကြသည်။

ထိုကဲ့သို့သော နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီတွင် နွေရာသီ၌ ဖြစ်ပေါ်သီးပွင့်သော အသီး၊ အပွင့်၊ အရွက်တို့ကို နွေဥတု၌ဖြစ်တတ်သော ရောဂါဝေဒနာများအတွက် ဓာတ်စာအဖြစ်ရော၊ ဆေးသုံးအဖြစ်ပါ ပေးရသည်။

မိုးရာသီ၌ သီးပွင့်သော အသီး အပွင့်၊ အရွက်တို့ကို မိုးရာသီ၌ပင်ဖြစ်သော ရောဂါဝေဒနာအတွက် ဓာတ်စာနှင့် ဆေးသုံးအဖြစ် ပေးရသည်။

ဆောင်းရာသီ၌ သီးပွင့်သော အသီး၊ အပွင့်၊ အရွက်တို့ကိုလည်း ဆောင်းရာသီ၌ဖြစ်သော ရောဂါဝေဒနာအတွက် ဓာတ်စာနှင့် ဆေးဝါးသုံးအဖြစ် ပေးရသည်။

ရာသီအလိုက် ဖြစ်ပေါ်ထွက်ရှိသော အသီး အပွင့်၊ အရွက်တို့ကို ရောဂါဝေဒနာအလိုက် ပေးကျွေးခြင်းကို ရာသီကြိုက်စာလို့ ခေါ်သည်။ ရှေးလူကြီးများက ရာသီစာလို့လည်း ခေါ်ကြပြီး အစာလည်းဆေး၊ ဆေးလည်းအစာဟု ပြောဆိုခဲ့သည်။

ထိုဥတုသုံးပါးကို ထပ်ခွဲ... ဥတုငယ် ခြောက်ပါးရသည်။ ဥ...



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ပါးလို့လည်း ခေါ်သည်။

(၁) ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိကို သိသိရရတု လို့ခေါ်သည်။

(၂) တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ကဆုန်လပြည့်နေ့အထိကို ဝသန္တရတု လို့ခေါ်သည်။

(၃) ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့ အထိကို ဂိမ္ဟန္တရတု လို့ခေါ်သည်။

(၄) ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တော်သလင်းလပြည့်နေ့အထိကို ဝဿာနရတု လို့ခေါ်သည်။

(၅) တော်သလင်းလပြည့်ကျော် ၁ ရက်နေ့မှတန်ဆောင်မုန်းလပြည့်နေ့အထိကို သရဒရတု လို့ခေါ်သည်။

(၆) တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိကို ဟေမန္တရတု လို့ခေါ်သည်။

ထိုရတုဆိုသည်ကို နက္ခတ်တက်ရာတွင် ပေဒင်ဆရာများ၊ အခါပေးသူများ၊ ယတြာပေးသူများနှင့် ဆေးဝါးကုသသည့် သမားတော်များက ရတုနှင့်ယှဉ်၍ ခတ်စာပေးသည်။ ဆေးဝါးလည်း ကုသည်။ တခြားသော နေရာများတွင်လည်း သုံးစွဲကြသည်။

ရှေးသမားတော်ကြီးများက ရတုအကြိုက် ဆေးဝါးခတ်စာအပေးကို အရသာကို ဥပမာထားခဲ့သည်မှာ-

"ဟေ သိ ဝသာ ချိ ချဉ် ငန် ပေးရန်သိ၊ ဝသန္တမှန် ခါး စပ် ဖန် သင့် ပြန်သုံးနုသာ၊ ဂိမ္ဟန္တရတု ချိ ဆိမ့်ပြု သာရဒကား ဖန် ချိ ခါး အများသိဖို့ရာ လို့မှတ်။

ဟေမန္တ၊ သိသိရ၊ ဝသန္တ ရတုအတွက် ချိ ချဉ် ငန်သောအရသာကို အများအားဖြင့်ပေးပြီး ဝသန္တ၊ ဂိမ္ဟန္တ၊ သာရဒ ရတုတွေမှာလည်း ရသာတုကို ဆက်ပြီးပေးနိုင်ပေမယ့် ရတုနှင့်ရသာကို တော့ သင့်အောင်ညှိပြီး ကုသရတဲ့သဘော။

[illegible] လူကောင်းလက္ခဏာရှိသလို လူနာလက္ခဏာလည်းရှိတယ်။ အဲဒါက ဥတုကြောင့်ဖြစ်တာလို့ ခွဲခြားပြီး ဆေးပေး၊ ခတ်စာကျွေးပြီး ကုရတယ်။ ထိုနေရာတွင် လူကဲခတ်ခြင်း၊ ရောဂါလက္ခဏာကိုပါ အကဲခတ်ရမည်ဟု ပြဆိုသည်။

တက်ဥတု၏ လူကောင်းမှ လူနာလက္ခဏာ ပြဆိုရာတွင် . . .

(၁) ရေငတ်ခြင်း (၂) ချွေးထွက်ခြင်း (၃) ဆီးနီခြင်း၊ ဝါခြင်း (၄) အစားပျက်ခြင်း (၅) ကိုယ်ရေအေးခြင်း (၆) အသားအရေနူးညံ့ခြင်း ဖြစ်နေခြင်းရှိပြီး အမှန်က လူကောင်းတစ်ယောက်ဖြစ်သည်။

တက်ဥတုမှာ လူနာမှလူကောင်းလက္ခဏာ ပြရာတွင် . . .

(၁) ရေမငတ်ခြင်း (၂) ဆီးများခြင်း၊ ဆီးဖြူခြင်း (၃) ရှပ်လေးခြင်း (၄) ဝမ်းတွင်းပူခြင်း (၅) ချွေးငုပ်ခြင်း၊ ချွေးမထွက်ခြင်းတို့ကို ပြပေမယ့် ဝေဒနာကို ခံစားနေရသည်။ ဒါက တက်ဥတု၏ လူကောင်းမှ လူနာပြဆိုမှုဖြစ်သည်။

သက်ဥတုတွင်လည်း လူကောင်းလက္ခဏာနှင့် လူနာလက္ခဏာပြဆိုရာတွင် . . .

(၁) ရေငတ်ခြင်း (၂)ချွေးမထွက်ခြင်း (၃) ဆီးဖြူခြင်း (၄) စားကောင်းခြင်း (၅) ကိုယ်သားကိုယ်ရေ ပူနွေးခြင်း (၆) အသားအရေ ကြမ်းခြောက်ခြင်း သက်ဥတု၏ လူကောင်းလက္ခဏာဖြစ်သည်။

(၁) ဆီးနီ၊ ဝါခြင်း (၂) ရေငတ်ခြင်း (၃) ဝမ်းတွင်း ရင်တွင်းပူခြင်း (၄) အေးသောအစားအစာကို စားလိုခြင်း (၅) ချွေးလွန်စွာထွက်ခြင်း

ထိုလက္ခဏာများက သက်ဥတု၏ လူနာလက္ခဏာဖြစ်သည်။

ရှေးသမားတော်များက လူ၏ ဖြစ်ပေါ်နေသော အခြေအနေ လက္ခဏာကိုကြည့်ပြီး သုံးသပ်ကုသကြသည်။ လူ၏ဝမ်းကိုကြည့်ပြီး ဝမ်းမီးကိုသိတယ်။ ကြည့်နည်း ... မျိုးစုံရှိတယ်။ ဝမ်းကို ရေထဲချကြည့် ... ဆိုရင် သူ့ရဲ့ဝမ်းဟာ ရေမြုပ်သွား... ဝမ်းမီး(...ဝကခတ်) ညံ့လို့လို့ သိသာတယ်။ ဝမ်းပျက်တယ်လို့ ဆိုတယ်ပေါ့။ ဝမ်းမီးပြုပြင် ပေးဖို့ ခတ်စာရော၊ ဆေး...ရော ပေးရတယ်။ ဒါက မြန်မာသမားတော်တိုင်း သိကြပါတယ်။

ပြီး ...ခြောက်ပါးကိုလည်း သိကြရတယ်။ ...ဒါတွေက . . .

(၁) ကြို့ထိုးခြင်း၊ မျို့အန်ခြင်း တို့ကို အထက်...ဆန်သည့် လေဖြစ်လို့ ဥဒ္ဓင်္ဂမဝါယော လို့ခေါ်ဆိုသည်။

(၂) ကျင်ကြီး၊ ကျင်ငယ် စွန့်တာတို့ လေလည်တာတို့မှာ အောက်စုန်တဲ့အောက် အာဓောဂမဝါယော လို့ ခေါ်ဆိုသည်။

(၃) အူ၏ပြင် ဝမ်းဗိုက်အတွင်း တွင် ...ပ်ရှားသွားလာနေသည် ကို မြင်ခြင်း၊ ကိုင်တွယ်ရခြင်းကို ကုစ္ဆိသယဝါယောလို့ခေါ်သည်။

(၄) အူတွင်း၌ လှုပ်ရှားလိုးအောင့်နေ သော လေကို ကောဋ္ဌာသေယျ ဝါယော လို့ ခေါ်ဆိုသည်။

(၅) ကွေးခြင်း၊ ဆန့်ခြင်း၊ လဲလျောင်းခြင်းပြုသည့် လှုပ်ရှားမှုကို အကူ အထောက်ပြုသော လေကို အင်္ဂမင်္ဂါနုသာရီဝါယောလို့ ခေါ်ဆိုသည်။

(၆) ထွက်သက် ဝင်သက် အသက် ရှူနေသည့်လေကို အဿာသ ပဿာသဝါယောလို့ခေါ်သည်။

ထိုလေခြောက်ပါးကို အရွတ္တ အတွင်းလေခြောက်ပါးလို့ခေါ်သည်။ အနာသိဆေးရှိ အစာလည်းဆေး၊ နေတတ်လျှင် ဆေးရှင်း၏ဟု ရှေးသမားတော်ကြီးများ၏ အဆိုအမိန့်ကို ထပ်ဆင့်ပွားလိုက်ပါသည်။

❒ စိုးယဉ်ထွန်း

ကျမ်းကိုး - နော်ဘီဆရာသိန်းကြီး၏ တပည့် မော်ဘီဆရာရွှေမင်း (ဦးလေး)၏ ဆေးမှတ်တမ်းမှ။



www.burmeseclassic.com

www.burmeseclassic.com

# အသက်ကြီးသော်လည်း မပျက်စီးသေးသူများ



**ဒေါက်တာ နိုက်တင်ဂေးလ်**

"ရေဘေးမီးဘေး ပြည်ဖျက်ဘေးကား ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။ အိုဘေးနာဘေး သေခြင်းဘေးဟူ ဤဘေး (၃)ပါး လွန်ကြီးမားကား. ." စသည်ဖြင့် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ သတိပေးတော်မူထားတဲ့အတိုင်း ဘယ်သူကမှ မကယ်တင်နိုင်ဘဲ ကိုယ်တိုင်လည်း မကယ်တင်နိုင်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေး(၃)ပါးကို ကျွန်မတို့တစ်တွေ စိုးတထိတ်ထိတ်နဲ့ရယ်ပါ။


ဒီဘေး(၃)ပါးအနက် နာခြင်းဘေးနဲ့ သေခြင်းဘေးဆိုတာ ရုတ်ခနဲ၊ ဖျတ်ခနဲ ဆိုသလို တားဆီးချိန် မရလိုက်ဘဲ ဖြုန်းစားကြီး ရင်ဆိုင်ကြုံတွေ့ရနိုင်ပါတယ်။

အိုခြင်းဘေးကား "ဖြည်းဖြည်းလာပါ အိုဇရာ" ဟု ကျန်းမာခြင်းနဲ့ ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံ၊ ကျန်းမာစေတဲ့ အစာအာဟာရ၊ အဲဒီလိုမှမဟုတ်ဘဲ အိုခြင်းဘေးကို တတ်စွမ်းသမျှ ကာကွယ်တားဆီးထားခြင်းမရှိဘူးဆိုရင် အမျိုးသားထက် အမျိုးသမီးများမှာ ပိုပြီးနစ်နာဆုံးရှုံးရပါတယ်။

မီးယပ်သွေးဆုံးကြီးပါ၊ မီးယပ်ခြောက်ပဲ စသဖြင့် အိုရင် ပယ်ချင်နေသူများ၊ အညာတာ ကင်းမဲ့စွာနဲ့ အလွယ်တကူပဲ အိုပယ်စာရင်းထဲ အသွင်းခံရတတ်ပါတယ်။

အမျိုးသမီးတစ်ဦး သွေးဆုံးသွားတဲ့အခါ အမသားဥ နှစ်ခုစလုံးက အီစထရိုဂျင်ဟော်မုန်း (Oestrogen Hormone) မထုတ်ပေးနိုင်တော့လို့ သူမရဲ့ သွေးထဲမှာ ဟော်မုန်းဓာတ်လျော့နည်းသွားသလို အရိုးအထူအပါးကို ထိန်းချုပ်နိုင်တဲ့ အားလျော့နည်းသွားပါတယ်။ ဒါကြောင့်မို့ သွေးဆုံးပြီးတဲ့ အမျိုးသမီးများဟာ အရိုးပါးလာပြီး အရိုးတွေ ကြွပ်ဆတ်လာတာပါပဲ။

အထူးသဖြင့် သွေးဆုံးပြီးလို့ (၃) နှစ်၊ (၄)နှစ်ကြာတဲ့အချိန်မှာ ပိုဒုက္ခပေးပါတယ်။ အရိုးကျိုးလွယ်ပါတယ်။ အရိုးကြွပ်ဆတ်ရောဂါ ဖြစ်တတ်တဲ့ အသက်ကြီးပိုင်း အမျိုးသမီးများမှာ . . .




(က) ခန္ဓာကိုယ်က ျုလို့သေးကွေးသူ၊
(ခ) ဆေးလိပ်ဒ သောက်များသူ၊
(ဂ) လွန်လွန်ကဲ ကျွံအရက်သောက်သူ၊
(ဃ) ကိုယ်လက်ႏုပ်ရှားမှု နည်းပါးသူ၊
(င) ကယ်လ်စီယမ်ပါတဲ့ အစားအသောက် အစား နည်းသူ၊
(စ) သွေးဆုံးပြီး သူ

စတဲ့ အမျိုးသမီးတွေမှာ အရိုးကြွပ်ဆတ်ပြီး အရိုးကျိုးလွယ်တာ ဖြစ်လေ့ရှိပါတယ်။

အဲဒီတော့ အသက်ကြီးပိုင်း အမျိုးသမီးများဟာ သွေးဆုံးပြီးနောက်ပိုင်း အရိုးကြွပ်ဆ တ်ရောဂါ ဖြစ်တတ်တာ ကာကွယ်ဖို့ ွက် နေကျင့် စားကျင့်ကို ပြုပြင်ပြီး ကျန်းမာရေးနဲ့ လျော်ညီစွာ စားသောက် နေထိုင်ဖို့ အရေးကြီးပါတယ်။ အရိုးပါ စားလို့ရတဲ့ ငါးလေးတွေ ကြော်ချက် ားခြင်း၊ နွားနို့နဲ့ ဥ အမျိုးမျိုး၊ အခွံမ သီး ပဲနဲ့ အသီးအနှံ များများ စားသေ က်တဲ့အကျင့် လုပ်ထားသင့်ပါတယ်

အထူးသ ဖြင့် ငါးပိလုပ်တဲ့ ငါးမျိုး ကိုစားရင် သဘာ ဝ အီစထရိုဂျင်ဓာတ် ကိုရပါတယ်။ ေ စဥ်ပုံမှန် ကိုယ်လက် လှုပ်ရှားမှုလည်း ဒိအပ်တာပေါ့။ ကျန်း မာရေးနဲ့ မလျော် ညီတဲ့ အကျင့်ဆိုးများ (ဥပမာအားဖြင့် ဆေးလိပ်သော က် ခြင်း၊ အရက်သေ က်ခြင်း) တို့ကိုလည်း ရှောင်ကြဉ်ရမှာပေ ါ့။

သွေးဆုံး တဲ့ အမျိုးသမီး ယောက်ဟာ အ ရိုးကြွပ်ဆတ်




www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြင်းထန်ထန် ခံစားရတယ်ဆိုရင် HRT ဟော်မုန်းအစား ဖြည့်ကုထုံး ခံယူနိုင်ပါတယ်။

HRT လို့ခေါ်တဲ့ ဟော်မုန်းအစားဖြည့် ကုထုံးဟာ တချို့လူတွေ ထင်နေသလို လိင်ကိစ္စ၊ အိမ်ထောင်မှုကိစ္စ အတွက်ပဲ အကျိုးရှိစေတာ မဟုတ်ပါဘူး။ သွေးဆုံးပြီးတဲ့ အမျိုးသမီးတွေမှာ ဟော်မုန်းဓာတ် လျော့နည်းကုန်ခန်းသွားတာကြောင့် နဂိုက ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် လှုပ်ရှားနိုင်တဲ့ တုံ့ပြန်မှုက နှေးကွေးလေးလံသွားပါတယ်။ အသားအရေ တင်းတင်းရင်းရင်း မရှိတော့ဘဲ ပျော့တိပျော့တွဲ ဖြစ်လာတယ်။

မှတ်ဉာဏ်မေ့တာ၊ လွယ်လွယ်နဲ့ ပြန်အမှတ်မရတော့တာ ဖြစ်တတ်ပါတယ်။ စိတ်ကယောက်ကယက် ဖြစ်ပြီး စိတ်ဓာတ်ကျတတ်တယ်။



အဲဒီလို အခြေအနေမှာ ဟော်မုန်းဓာတ် အစားပြန်ဖြည့်ပေးလိုက်ရင် ဘက်ထရီကို ချာဂျင်သွင်းပေးလိုက်သလို သွက်လက် ဖျတ်လတ်လာမယ်။ တက်ကြွလာမယ်။ ပေါ့ပေါ့ပါးပါး ရှိလာမယ်။ အမောအပန်း ခံနိုင်လာမယ်။

အသားအရေ ပျော့တိပျော့တွဲ ဖြစ်မနေတော့ဘဲ ကြွက်သားတွေ တင်းတင်းရင်းရင်း ရှိလာမယ်။ စိတ်ဓာတ် ကျမနေတော့ဘူး။

အီစထရိုဂျင်ဟော်မုန်းရဲ့ နောက်အာနိသင်တစ်ခုက ဆီးချိုရောဂါရှိတဲ့ အမျိုးသမီးဆိုရင် ဆီးချိုအတွက် ဆေးတွေ သောက်နေရတဲ့အခါ ဒီဟော်မုန်းဓာတ် ဖြည့်ပေးလိုက်ရင် ဆီးချိုဆေးရဲ့ အစွမ်းသတ္တိကိုကူညီအားပေးတဲ့အတွက် ဆီးချို ရောဂါကို ထိန်းရတာ ပိုလွယ်သွားပါတယ်။

ဒါ့အပြင် အီစထရိုဂျင်ဟော်မုန်းဓာတ်ဟာ အရေး



ကြီးဆုံးဖြစ်တဲ့ နှလုံးသွေးကြောတွေမှာ သွေးကြောအကွင်းလွှာကို ကာကွယ်စောင့်ရှောက်ပေးပြီး နှလုံးသွေးကြောရောဂါ မရအောင် ကာကွယ်ပေးပါတယ်။

ဒါ့အပြင် အီစထရိုဂျင်ဟော်မုန်းဓာတ်ဟာ သွေးဆုံးပြီးတဲ့နောက်ပိုင်း အရိုးတွေ ပါးလွှာကြွတ်ဆတ်ပြီး ကျိုးလွယ်တာကို ကာကွယ်ပေးပါတယ်။

ဒါကြောင့်မို့ HRT (Hormone Replacement Therapy) လို့ခေါ်တဲ့ ဟော်မုန်းဓာတ် အစားဖြည့်ကုထုံးဟာ သွေးဆုံးပြီးတဲ့ အမျိုးသမီးတွေအတွက် အလွန်အကျိုးရှိစေပါတယ်။ တကယ်သွေးမဆုံးသေးတဲ့တိုင်အောင် သွေးမမှန် မကန် ဖြစ်နေပြီး သွေးဆုံး စကိုင်နေပြီဆိုတဲ့ အချိန်မှာ HRT စသုံးသင့်ပါတယ်။

ဒီအချိန်မှာ ဘယ်လို လက္ခဏာတွေ ပြလေ့ရှိသလဲ ဆိုတော့ . . .





www.burmeseclassic.com

www.burmeseclassic.com

၁။ တကယ် သွေးမဆုံး[illegible] သွေးမမှန်မကန် ဖြစ်နေခြင်း၊

၂။ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ ခေါင်းချွေးပြန်ခြင်း၊ ပူလိုက် ချမ်းလိုက် ဖြစ်ခြင်း၊

၃။ အိပ်မပျော်နိုင်ဖြစ်ခြင်း၊

၄။ သာမန်အားဖြင့် သည်းညည်းခံနိုင်စွမ်း ရှိပေမယ့် ဘာကြောင့်မှန်းမသိဘဲ အလိုလို စိတ်တိုနေခြင်း၊

၅။ အောက်ဘက်က ပူစပ်ပူလောင်ဖြစ်နေပြီး ဆီးသွားရင် ဗုက္ခပေးခြင်း၊

၆။ အိမ်ထောင်ဖက်နှင့် အတူနေရင် ခြောက်သွေ့ပြီး နာကျင်ခြင်းတို့ ဖြစ်ပါတယ်။

ဒီလိုလက္ခဏာတွေ စပြီးတွေ့ကြုံခံစားလာရပြီဆိုရင် HRT စသုံးသင့်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အများအားဖြင့် တကယ်ကို သွေးဆုံးသွားတော့မှပဲ သုံးကြတာ များပါတယ်။

HRT လို့ခေါ်တဲ့ ဟော်မုန်းဓာတ်အစားဖြည့်ကုထုံးမှာ နည်းလမ်း (၄) မျိုး ရှိပါတယ်။ အဲဒါတွေကတော့ . . .

၁။ စားဆေးအဖြစ် စားသုံးတာပါ။ အီစထရိုဂျင်ဟော်မုန်း၊ တစ်မျိုးတည်းပါတဲ့ စားဆေးရယ်၊ အီစထရိုဂျင်နဲ့ ပရိုဂျက်စထရုန်း ဟော်မုန်းနှစ်မျိုး ပေါင်းပြီးပေးတဲ့ စားဆေးရယ်ဆိုပြီး စားဆေးနှစ်မျိုး ရှိပါတယ်။

၂။ ဆေးသောက်ရမှာ မေ့တတ်တယ်ဆိုရင် အရေပြားအောက်မှာ မြှုပ်တဲ့နည်းလည်း ရှိပါတယ်။

ဆေးအတောင့်ပဲဖြစ်ဖြစ်၊ ဆေးအချောင်းပဲဖြစ်ဖြစ် မြှုပ်နိုင်ပါတယ်။

၃။ လိမ်းဆေး ဒါမှမဟုတ် Patch လို့ခေါ်တဲ့ အရေပြားမှာကပ်တဲ့ ဟော်မုန်းပါတဲ့ စက္ကူပြားလိုမျိုး ကျပ်ပြားဝိုင်းလေးကို လက်မောင်းလက်ဖျံရဲ့ အတွင်းမှာဖြစ်ဖြစ်၊ ပေါင်ခြံအတွင်းမှာဖြစ်ဖြစ် ကပ်ပေးထားလိုက်ရင် နှစ်လကနေ သုံးလအထိ တောက်လျှောက် အာနိသင် [illegible] တစ်ခါ လဲပေးလိုက်ရုံပါပဲ။

၄။ Vaginal Passary လို့ခေါ်တဲ့ မိန်းမကိုယ်အတွင်းဘက်မှာ ဟော်မုန်းပါတဲ့ အဝိုင်းပြားလေး ကပ်ပေးထားလိုက်ရင် အဲဒီကနေ တစ်ကိုယ်လုံးကို ပြန့်ပြီး ရေရှည်အာနိသင်ပြနိုင်ပါတယ်။

အခုပြောပြခဲ့တဲ့ နည်းလမ်း (၄) မျိုးရှိတဲ့အနက် အသုံးအများဆုံးကတော့ ဆေးစားတဲ့နည်းပါပဲ။

ကျွန်မတို့နိုင်ငံမှာ အသက်(၃၅) နှစ် ကျော်လာပြီဆိုရင် အမျိုးသားများနဲ့မတူ အမျိုးသမီးများမှာ တစ်မူခြားနားစွာ အသွားအိုစာရင်းထဲထည့်ပြီး ကိုယ်တိုင်ကရော လူမှုဝန်းကျင်ကပါ နေရာသိပ်မပေးချင်တော့ဘဲ ချောင်ထဲ ထွတ်အတင်းသွတ်သွင်းထားတတ်ကြပါတယ်။

ဖွံ့ဖြိုးပြီး နိုင်ငံများမှာ ဆိုရင် အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ကျော်များပင် စိတ်ရောကိုယ်ပါ နုပျိုတက်ကြွလို့ သွက်လက် လတ်ဆတ်နေမြပါ။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနဲ့ နိုင်ငံရေးကိစ္စတွေမှာတောင် ရှေ့တန်းကချီတက်နေဆဲလေ။

ဒါဟာ ဟော်မုန်းအစားဖြည့်ကုထုံး (HRT)ရဲ့ အာနိသင်အကျိုးဆက်တွေက အများကြီး အထောက်အကူပေးနေတာကြောင့်ပါပဲ။

အနောက်နိုင်ငံတွေမှာ အီစထရိုဂျင်လို့ ခေါ်တဲ့ မ,ဟော်မုန်းအပြင် တခြားသက်စောင့်ဆေးတွေ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီး ဆိုပြီး Antioxidants ပါတဲ့ဗီတာမင်တွေကို ဆေးချိန်များများစားကြတဲ့အပြင် သွေးဆုံးပြီး အမျိုးသမီးတွေက HRT ရယ်။ ကြီးထွားဟော်မုန်းရယ်၊ မယ်လတိုနင်ရယ် စုစုပေါင်း(၁၀)လုံးလောက် ရှိတဲ့ဆေးကို ထမင်းစားပြီးတိုင်း သောက်ကြတယ်လို့ သိရပါတယ်။ Life Pack လို့ ခေါ်ကြတာပေါ့။

အဲဒါက အသက်(၅၀)ကျော်၊ (၆၀)ကျော် အသက်ကြီးတဲ့ လူတိုင်း[illegible]နီးပါး သော[illegible]နေကြတာပါ။ အထူးသဖြင့် ဖွံ့ဖြိုး[illegible]နိုင်ငံတွေမှာ အင်္ဂလန်တို့ ဥရောပ[illegible]အမေရိကန်နိုင်ငံတို့[illegible] ဒီလိုပဲ နေ့စဉ်[illegible]သောက်နေကြတာ [illegible]ရပါတယ်။ L[illegible] Pack [illegible] သက်စောင့် ဆေးသဖွယ် [illegible]နေကြတဲ့သဘော[illegible]

ဒီလို [illegible]နေကြသူတွေကလည်း ရုပ်ပိုင်းအရ[illegible] စိတ်ပိုင်းအရပါ [illegible] တက်ကြွနေ[illegible]တယ်။

တချို့ ဆိုရင် ကုမ္ပဏီမှာ အ[illegible] ပင်စံတို့၊ အ[illegible]ပေးပုဂ္ဂိုလ်တို့ လုပ်[illegible] ကြတာပါ။ [illegible]သက် မေးကြည့်လိုက်[illegible] ၆၅၊ ၇၀၊ ၇၅ နှစ်တွေပါပဲ။ တချို့[illegible] အမှုဆောင်[illegible]ရာရှိ လုပ်နေတယ်[illegible] လိုက်ရင် [illegible]ယ်တွေလိုပါပဲ။ နေ[illegible] ရှုံးတက်တ[illegible] အစည်းအဝေး[illegible] လည်း နာ[illegible]ပေါင်းများစွာ ထိုင်နေ[illegible] ပါတယ်။

အမျိုးသမီးကြီးတွေမှာလည်း ရုပ်ရှင်မင်းသ[illegible]မီးများနဲ့ အနုပညာ[illegible] မှာတော့ [illegible]ဟော်မုန်းအစားဖြည့်[illegible] (HRT) နဲ့ [illegible]င်းတဲ့လူက ခပ်ရှား[illegible] သိရပါတ[illegible]။ HRT အကျိုး[illegible] ကြောင့် ဝ[illegible]ယ်တုန်းကလိုပဲ သိ[illegible] မမောမပန်းနဲ့ ဆွဲဝင်ပြီး ဆိုနိုင်[illegible] လည်းဆိုပ[illegible]တယ်။

အ[illegible]ကအားဖြင့် သွေးဆုံး[illegible] လူနာမှာ [illegible]စ်မျိုးရှိပါတယ်။ တစ်မျိုး[illegible] အကြောင်းအမျိုးမျိုးကြောင့် [illegible] အရွယ်မ[illegible]ာက်ဘဲ ဒါမှမဟုတ် [illegible] ဆုံးအရွယ်[illegible]တော့ရောက်ပြီ၊ သူ့မှာ [illegible] အိမ် မရှိ[illegible]ဘူး။ သားအိမ်ထုတ်[illegible] လိုက်ရတ[illegible]။ သားအိမ်ထုတ်ပြီး[illegible] သွေးဆုံး[illegible]နာပါ။

နော[illegible]က် တစ်မျိုးက သွေး[illegible] တယ်။ ဒ[illegible]ပေမယ့် သားအိမ် [illegible] ထားဘူး။ [illegible]ခန္ဓာကိုယ်ထဲမှာ သား[illegible] သူ့အသ[illegible]ာသူ ရှိနေတယ်။ သား[illegible] ရှိလျက် [illegible]သွေးဆုံးလူနာ ဖြစ်ပါ[illegible]

ဒီ [illegible]နာနှစ်မျိုးမှာ ဟော်မုန်း[illegible] တဲ့နည်းက[illegible] မတူပါဘူး။ ဘာဖြစ်[illegible] တာလဲဆို[illegible]တော့ သားအိမ်မ[illegible]

www.burmeseclassic.com

ကိုယ်ထဲမှာ သားအိမ်က ရှိနေတယ်။ အသက်ကြီးလို့သာ သူကကျုံ့သွားတာ။ အလုပ်မလုပ်တော့ဘဲ သေးသေးကွေးကွေးဖြစ်နေပေမယ့် ဟော်မုန်းဓာတ်ကို ပြန်ပြီး အစားထိုးပေးလိုက်တဲ့အခါမှာ ဒီသားအိမ်ဟာ ပြန်လည်နုပျိုလာပြီး လူငယ်လူရွယ်လို ပြန်ကြီးပြီး မီးယပ်သွေးပြန်ပေါ်လာတတ်ပါတယ်။ လူနာလည်း အထိတ်တလန့် ဖြစ်တတ်ပါတယ်။

မီးယပ်သွေး ပြန်ပေါ်တဲ့အပြင် သားအိမ်အတွင်းလွှာဟာ ပြန်ထူလာပြီး နောက်ပိုင်းကျတော့ ထူလွန်းမကထူပြီး သားအိမ်အတွင်းလွှာ ထူလွန်းတဲ့ရောဂါ အဲဒါကို ပုံမှန်စစ်ဆေးမှုမရှိရင်၊ ထိန်းထိန်းသိမ်းသိမ်းမရှိရင် သားအိမ်ထူလွန်းတဲ့ရောဂါက ကင်ဆာတောင် ဖြစ်နိုင်ပါတယ်။

နောက်လူနာတစ်မျိုးက အသက်အရွယ်ငယ်ငယ်နဲ့ အကြောင်းအမျိုးမျိုးကြောင့် သားအိမ်ထုတ်ထားပြီးသား ဖြစ်ချင်ဖြစ်မယ်။ သွေးဆုံးပြီးမှ ထုတ်သင့်လို့ထုတ်တာ ဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုပဲထုတ်ထုတ် သားအိမ်မရှိတဲ့လူတွေကျတော့ အီစထရိုဂျင်ဟော်မုန်းတစ်မျိုးတည်းပဲ ပေးလို့ရပါတယ်။ ဘာမှဒုက္ခမပေးပါဘူး။ သွေးပြန်ပေါ်စရာလည်း အကြောင်းလည်း မရှိပါဘူး။ သားအိမ်ကင်ဆာဖြစ်စရာအကြောင်းလည်း မရှိပါဘူး။ သားအိမ်မှ ရှိမနေတာကိုး။

ဒါပေမယ့် သဘာဝအတိုင်း သွေးဆုံးတယ်။ သဘာဝအတိုင်း သားအိမ်က ခန္ဓာကိုယ်ထဲမှာရှိနေရင် နောက်ထပ် သွေးလည်း ပြန်မပေါ်နိုင်အောင်၊ သားအိမ်အတွင်းလွှာလည်း အလွန်အမင်းထူပြီး ဒုက္ခမပေးအောင် အီစထရိုဂျင်ဟော်မုန်းတစ်မျိုးတည်းသာ မကဘဲ ပရိုဂျက်စထရုန်းဟော်မုန်းပါ ပေါင်းပြီး ပေးရပါတယ်။ ပရိုဂျက်စထရုန်းကို ဒီလို ပေါင်းပေးလိုက်တဲ့သဘောက အတွင်းလွှာလည်း ပြန်မထူရပါဘူး။ သွေးလည်း ပြန်မပေါ်ဘူး။ ကင်ဆာဖြစ်ဖို့လည်း နှိမ်နင်းပေးပါတယ်။ ဒါကြောင့် ပရိုဂျက်စထရုန်း ပေါင်းပေးရတာ ဖြစ်ပါတယ်။

ဒါကြောင့် ဟော်မုန်းအစားဖြည့်ကုထုံး (HRT)ပေးမယ်ဆိုရင် သားအိမ်မရှိတဲ့လူနဲ့ သားအိမ်ရှိတဲ့လူကို ကွဲကွဲပြားပြား သိရအောင် အရင်စိစစ်ပေးရပါတယ်။ သားအိမ်မရှိရင် တစ်မျိုးတည်းပေးရပြီး သားအိမ်ရှိရင် ဘယ်လောက်ပဲကြာကြာပေးပေး နှစ်မျိုးပေါင်းပေးရပါတယ်။

ရင်သားအကျိတ်အဖုနဲ့ ကင်ဆာ၊ သားအိမ်ကင်ဆာ၊ အလွန်အမင်း သွေးပေါင်ချိန်တက်ပြီး သွေးတိုးရောဂါ၊ အသည်းရောင် အသားဝါနဲ့ တကယ်ကို အသည်းအလုပ်မလုပ်တဲ့လူနာ၊ သွေးကြောပိတ်ရောဂါ အဲဒီလို လူနာများဆိုရင် သူတို့က အီစထရိုဂျင်ဟော်မုန်းကို ရှောင်သင့်တဲ့အတွက် သူတို့ကို HRT ပေးလေ့ မရှိပါဘူး။

အဲဒီလို ရှောင်ရန်တွေကလွဲရင် လူတိုင်း တတ်နိုင်ရင် စားလို့ရပါတယ်။ ဒါပေမယ့် မဖြစ်မနေ စားသင့်သူများ ရှိပါတယ်။

ဘယ်သူတွေလဲဆိုတော့ . . .

(၁) နှလုံးရောဂါအခံရှိတဲ့သူ၊
(၂) ဆွေမျိုးနီးစပ်ထဲမှာ နှလုံးရောဂါနဲ့ လေဖြတ်ရောဂါဖြစ်ဖူးသူ၊ ဖြစ်နေသူ ဆိုရင်
(၃) စမ်းသပ် စစ်ဆေးမှုများအရ အရိုးကလည်း စောစောစီးစီး အရိုးကျိုးနိုင်တဲ့ အသွင်လက္ခဏာ ရှိနေတယ်ဆိုရင်
(၄) အလုံးအဖန်သေးသောသူများ၊
(၅) ဆေးလိပ်၊ အရက် အသောက်များသူ၊
(၆) ပုံမှန်ကိုယ်လက်လှုပ်ရှားမှု မရှိဘဲ အထိုင်များသူ

ကိုယ်လက်လှုပ်ရှားမှု နည်းပြီး အထိုင်များတဲ့သူတွေဟာ ဘာကြောင့် မဖြစ်မနေ စားသင့်သလဲဆိုတော့ သူ့မှာ နှလုံးရောဂါနဲ့ အရိုးကြွပ်ဆတ်တဲ့ရောဂါ ပိုပြီးအဖြစ်များတဲ့အတွက် ဒီရောဂါတွေကို ကာကွယ်နိုင်ဖို့ အန္တရာယ်များတဲ့ လူအများစုစာရင်းထဲမှာ ပါသူများအနေနဲ့ စားသင့်တာ ဖြစ်ပါတယ်။

“အသက်လေးဆယ်မှ ဘဝစတယ်”ဆိုတဲ့စကားဟာ တကယ်တော့ ဘဝတစ်ခု ရှင်သန်နေထိုင်ဖို့အတွက် ရော လုပ်ငန်းတစ်ခု စွမ်းဆောင်အောင်မြင်ဖို့အတွက်ပါ အသက်လေးဆယ်အရွယ်မှာ အသိပညာ အတတ်ပညာ ဗဟုသုတ အကြားအမြင် အတွေ့အကြုံ ဆင်ခြင်ဉာဏ်တွေ အမြင့်မားဆုံး အနေအထားကို ရောက်ပြီမို့ အောင်မြင်တဲ့ ဘဝတစ်ခုရဲ့အစလို့ ဆိုလိုတာ ဖြစ်မယ်လို့ ယူဆမိပါတယ်။

ကျွန်မတို့နိုင်ငံမှာတော့ အမျိုးသားများနဲ့မတူ တစ်မူ ခြားနားစွာပဲ အာဝေဏိကဒုက္ခတရား ငါးပါးကိုပါ ထမ်းပိုးထားရတဲ့ အမျိုးသမီးများကို အသက်လေးဆယ် အရွယ်ရောက်ရင်၊ အသက်လေးဆယ် အရွယ်ရောက်ခါနီးပြီဆိုရင် နေရာ မပေးချင်တော့သလို ရရှိပြီးသားနေရာကတောင် ဖယ်ရှားလို့ ချောင်ထဲ ဇွတ်အတင်းသွတ်သွင်းချင်နေကြတယ်လို့ ဆိုကြပါတယ်။

တချို့ကတော့ “နွားအို မြက်နုကြိုက်”ဆိုတဲ့ ပြင်းထန်တဲ့ပုံနှိုင်းနဲ့ ပြောဆိုပါတယ်။

ဘာပဲပြောပြော ဒါဟာ ကိုယ်ရေးကိုယ်တာ ခံစားချက်လိုမျိုး ကျဉ်းမြောင်း သေးသိမ်တဲ့ ကိစ္စအတွက်လို့ ဆိုရင်တော့ ဒါကို ကျွန်မတို့ ထည့်သွင်းစဉ်းစားစရာ မလိုအပ်သလို အလေးထားစရာ ကိစ္စလို့လည်း မယူဆပါဘူး။

ဒါပေမယ့် ကျွန်မတို့ လူမှုဝန်းကျင်အတွက် ကျွန်မတို့နိုင်ငံအတွက် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးကိစ္စအတွက်ဆိုရင်တော့ အဲဒီလေးဆယ်ကျော် အမျိုးသမီးများရဲ့ အဲဒီအသက်အရွယ်အထိ ဘဝတစ်လျှောက် ဖြတ်သန်းလာခဲ့သမျှ၊ ပေးဆပ်လာခဲ့သမျှ၊ စုဆောင်းလာခဲ့သမျှ ပညာဉာဏ်အတွေ့အကြုံနဲ့ စွမ်းဆောင်ရည်၊ စွမ်းဆောင်ချက်တွေကို လျစ်လျူရှုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်တာမို့ များစွာနစ်နာဆုံးရှုံးစေတယ်လို့ ထင်မြင်မိပါတယ်။

ဘယ်ကာလ၊ ဘယ်နေရာမှာမဆို ဆယ်ကျော်သက်မှ နှစ်ဆယ်ဝန်းကျင်မှ နေရာပေးချင်တာ၊ အလုပ်ခန့်အပ်ချင်တာလို့ ညည်းတွား ပြောဆိုနေသံ အချို့လည်း ကြားနေရပါတယ်။

ငယ်ရွယ်သူများဟာ တက်ကြွလန်းဆန်းတယ်၊ နိုးကြားလတ်ဆတ်တယ်ဆိုတာ အမှန်ပဲဖြစ်ပေမယ့် အတွေ့အကြုံ နုနယ်သူများဖြစ်တာမို့ အမှားများနိုင်ပါတယ်။ အသက်အရွယ် ကြီးသူများက ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံအရ တွေးဆဆင်ခြင် ချင့်ချိန်နိုင်စွမ်း အံ့မခန်းရှိနေတာမို့ အမှားနည်းတယ်လို့ ဆိုလို့ရပေမယ့် ဆယ်ကျော်သက်နဲ့ နှစ်ဆယ် ဝန်းကျင်လောက်တော့ သစ်လွင်လတ်ဆတ်မှု မရှိတော့တာ အမှန်ပါပဲ။

ဒါကို ပြုပြင်ယူလို့ရနိုင်ပါတယ်။ လေးဆယ်ကျော်များဟာ ကျန်းမာရေးအတွက်ရော လုပ်ငန်းစွမ်းဆောင်ရည်အတွက်ပါ ငယ်ရွယ်နုပျိုသူများလို အမြဲတက်ကြွ လန်းဆန်းဖို့ဆိုရင် ဟော်မုန်းအစားဖြည့်ကုထုံး (HRT)ကို ခံယူသင့်ပါတယ်။

တချို့က ဟော်မုန်းဆေးစားနေတယ်ဆိုရင် အိမ်ထောင်ရေးကိစ္စ၊ ဖိုမဆက်ဆံရေးကိစ္စအတွက်ပဲလို့ ထင်မြင်တတ်ကြပါတယ်။ ဒီအတွက်သာမကဘဲ ဟော်မုန်းအစားဖြည့်ကုထုံး(HRT)ဟာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အားကုန်လုလု ဘက်ထရီအိုးကို ချာဂျင်သွင်းလိုက်သလို ကောင်းကျိုးများစေတဲ့ ကုထုံး ဖြစ်ပါတယ်။

မြန်မာပြည်မှာ လောလောဆယ်အားဖြင့် အီစထရိုဂျင်တစ်မျိုးပဲ စားရသူအတွက် အီစထရိုဂျင်ဓာတ်သီးသန့်ပါတဲ့ဆေး ရှိပါတယ်။ ဒီတစ်မျိုးတည်း နေ့စဉ်မှန်မှန် ပေးလို့ရပါတယ်။ တစ်ခါတစ်ရံ တစ်ပတ်လောက်နားပြီး နောက်တစ်လ စားပါတယ်။ တစ်ခါတစ်ရံ တောက်လျှောက်စားတာ ရှိပါတယ်။ တစ်ခါတစ်ရံ အီစထရိုဂျင်ဓာတ်ပါတဲ့ အဝိုင်းလေးကပ်တဲ့နည်း သုံးကြပါတယ်။ အရေပြားအောက်မှာ အီစထရိုဂျင်ဆေး မြှုပ်တဲ့နည်းပါ။ အဲဒီလို မြှုပ်ထားရင် (၃)လ၊ (၅)လ၊ (၁)နှစ် ဘာမှ စားစရာမလိုတော့ပါဘူး။

အခုန ပြောခဲ့သလို ပရိုဂျက်စထရုန်း ဟော်မုန်းပါ ပေါင်းပေးဖို့ လိုအပ်တဲ့ အမျိုးသမီးများမှာ ပရိုဂျက်စထရုန်း ပေါင်းပေးတဲ့အခါ သန္ဓေတားဆေး ရွှေရောင်ကတ်ပြားများလိုပဲ အီစထရိုဂျင်ဆေးပြားက အရောင်တစ်မျိုး၊ ပရိုဂျက်စထရုန်းဆေးပြားက အရောင်တစ်မျိုး၊ သူ့ရက်နဲ့သူ အီစထရိုဂျင်ပြီးမှ ပရိုဂျက်စထရုန်း ဆက်စားရတာ ရှိပါတယ်။ အီစထရိုဂျင်နဲ့ ပရိုဂျက်စထရုန်း နှစ်မျိုးစလုံးကို ပြိုင်စားရတဲ့နည်းလည်းရှိပါတယ်။ အီစထရိုဂျင်ရော၊ ပရိုဂျက်စထရုန်းရော ဆေးပြားတစ်ပြားတည်းပေါင်းထားပြီး တစ်လုံးတည်းစားတဲ့နည်း ရှိပါတယ်။

HRT ဒီဆေးက သက်စောင့်ဆေးလည်းဖြစ်ပါတယ်။ နှလုံးနဲ့ဆိုင်တဲ့ရောဂါ၊ အရိုးနဲ့ဆိုင်တဲ့ ရောဂါတွေ ဖြစ်ပွားလို့ ကုသရတာနဲ့နှိုင်းယှဉ်ရင် သုံးသင့်တယ်လို့ဆိုရမှာပါ။

အနောက်နိုင်ငံတွေမှာတော့ သွေးဆုံးပြီးတဲ့ အမျိုးသမီးတွေအတွက် ဟော်မုန်းနှစ်မျိုးဆေး စားကြပါတယ်။ နောက်တစ်ခုက ငယ်ငယ်ရွယ်ရွယ်နဲ့ အကြောင်းကြောင်းကြောင့် သားအိမ်ထုတ်ထားသူတွေ၊ သားအိမ်သာမကဘဲ သားဥပါထုတ်လိုက်ရသူတွေ၊ ငယ်ငယ်ရွယ်ရွယ်ဆိုတာကလည်း စောစောစီးစီး အသက်အစိတ်-သုံးဆယ်ဆိုသလို ဖြစ်နိုင်တဲ့အတွက် သူတို့အနေနဲ့ကတော့ အီစထရိုဂျင်ကို မပြတ်မနေစားဖို့ လိုအပ်ပါတယ်။

ဒီဟော်မုန်းထုတ်ပေးတဲ့ သားဥ မရှိတော့ဘူးဆိုရင် ကျန်တာတွေက ဘယ်လောက်ပဲ အကောင်းပကတိဖြစ်နေပါစေ HRT လိုအပ်ပါတယ်။

မစားခင် အခြေအနေမှာ တကယ်တိတိကျကျ ဆောင်ရွက်မယ်ဆိုရင် Menopause Clinic လို့ခေါ်တဲ့ သွေးဆုံးခါနီးနဲ့ သွေးဆုံးပြီးသော လူနာများ ကြည့်တဲ့ဆေးခန်းကို သီးသန့်ဖွင့်လှစ်ရပါတယ်။ ဒီ Clinic မှာလာပြတဲ့ အမျိုးသမီးတွေကို စောစောပိုင်းက ရှင်းပြခဲ့သလိုမျိုး HRT အကြောင်းကို ပြောပြရပါတယ်။ ငွေရေးကြေးရေး ကိစ္စကအစ အားလုံးကို ရှင်းပြရပါတယ်။ ရှင်းပြပြီး နားလည်ပြီးမှ သူသုံးချင် သုံးပါစေပေါ့။ သူ့ဆုံးဖြတ်ချက်အပေါ် မူတည်ပါတယ်။

အသက်(၃၀)၊ (၃၅) နှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် သားအိမ်ရော၊ သားဥရော ထုတ်ထားတဲ့ လူနာကျတော့ စားကိုစားမှဖြစ်မယ်လို့ ညွှန်ကြားရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

HRT ပေးတော့မယ် ဆိုရင် ကျန်းမာရေးစစ်တမ်းထုတ်ပြီး ရောဂါရာဇဝင် မေးရပါတယ်။ အမျိုးအဆွေထဲမှာ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ ရာဇဝင် ရှိ မရှိ အခုလောလောဆယ်လည်း သွေးသား မမှန်တန်ဘဲ သားအိမ်ကင်ဆာ သံသယရှိတာ၊ ရင်သားမှာ အကျိတ်အဖုရှိတာ၊ အသည်းရောဂါ၊ အသည်းရောင် အသားဝါရောဂါ ရှိ မရှိဆိုတာ သေချာစစ်ဆေးစမ်းသပ်မှုတွေ ပြုလုပ်ပေးရပါတယ်။

ဒါတွေ မရှိဘူးဆိုရင် HRT စားချင်ပါတယ်ဆိုရင် ရာဇဝင်ကျကျနနမေးပြီး သွေးတိုးချိန်ရပါတယ်။ ရောဂါရာဇဝင် ကောင်းတယ်။ မစားသင့်တဲ့လူနာ စာရင်းမှာ မပါဘူးဆိုရင်တော့ ဒီလူနာကို HRT ပေးလို့ရပါပြီ။

ရင်သားမှာ အဖုအကျိတ်စမ်းလို့မရှိပေမယ့် တတ်နိုင်သေးလို့ တစ်ဆင့်တက်ချင်ရင် ရင်သားအဖုအကျိတ်ပြီး ကောင်းကောင်းပေါ်တဲ့ Mammogram လို့ ခေါ်တဲ့ ရင်သားရိုက်ဓာတ်မှန်စက်နဲ့ စမ်းသပ်လို့ရပါတယ်။ မြန်မာနိုင်ငံမှာ စမ်းသပ်လို့ ရနေပါပြီ။ ပြီးတော့ သားအိမ်ခေါင်း ကင်ဆာအတွက် Pep Smear လို့ခေါ်တဲ့ သားအိမ်ခေါင်းအဝက အသားစလေးကို အပ်နဲ့ အသာခြစ်ယူပြီး မှန်ပြားလေးနဲ့ စမ်းသပ်စစ်ဆေးတဲ့နည်းနဲ့ စစ်ဆေးလို့ စိတ်ချရပြီဆိုရင် HRT ဆေး ပေးလို့ရပါပြီ။

HRT ပေးပြီးတဲ့အခါ (၆)လတစ်ကြိမ်လောက်၊ (၁)နှစ် တစ်ကြိမ်လောက် ပြန်လည်စမ်းသပ်စစ်ဆေးမယ်ဆိုရင် နှစ်ရှည်လများ (၁၀)နှစ်၊ (၁၅)နှစ်၊ အနှစ်(၂၀)လောက် စားလို့ရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဆေးဝယ်လို့ မရသည် ဖြစ်စေ၊ စီးပွားရေးအရ မတတ်နိုင်လို့ ဖြစ်စေ တစ်နှစ်၊ နှစ်နှစ်အကြာ ပြတ်သွားပြီး ပြန်စားမယ်ဆိုရင်လည်း ရပါတယ်။ ပြတ်သွားရင် မစားရတော့ဘူးဆိုတာ မဟုတ်ပါဘူး။

အနောက်နိုင်ငံတွေမှာတော့ သွေးဆုံးပြဿနာတွေ ဖြေရှင်းပေးဖို့အတွက် Menopause Clinic ဆိုတာ သီးသန့် ရှိပါတယ်။ "သွေးဆုံးလူနာများကို လမ်းညွှန်ကုသ၊ ပညာပေးခြင်း အပြင်လူနာခန်း" များဆိုပြီး ဆေးရုံတိုင်းမှာ ရှိပါတယ်။ ကိုယ်ဝန်ဆောင်အပ်တဲ့ Antenatal Clinic ဆိုပြီး ရှိသလိုမျိုးပါ။

ကျွန်မတို့နိုင်ငံမှာ သင်ကြားရေးဆေးရုံတွေမှာ ရှိနေပါပြီ။ အဲဒီမှာ လူနာခံစားရတဲ့ လက္ခဏာအရရော၊ နှလုံးနဲ့ ပတ်သက်တဲ့ ရောဂါတွေ၊ အရိုးနဲ့ပတ်သက်တဲ့ရောဂါတွေအတွက်ပါ တိုင်းတာဆန်းစစ် ရှာဖွေဖော်ထုတ်ပြီး လိုအပ်သလို ကုသပေးနေပါတယ်။ HRT ပေးတာက အစပေါ့။

ဟိုဟိုဒီဒီပူပန်စိတ်နဲ့ မစားဘူးဆိုရင် ဘာဖြစ်နိုင်သလဲဆိုတော့ အသက် (၆၀)ကျော်၊ (၇၀)ကျော်အရွယ် ချော်လဲပြီး ပေါင်ရိုးကျိုးပြီဆိုရင် အိပ်ရာထဲ နေနိုင်တာပေါ့။ (၃-၄)လ အိပ်ရာထဲ လဲရင်း သက်တမ်းကုန်သွားတာကိုလည်း တွေ့မြင်ရဖူးပါတယ်။

အထူးသဖြင့် အမေရိကန်၊ အင်္ဂလန်၊ ဥရောပနိုင်ငံမှာ နှလုံးပညာရှင်များက သေသေချာချာ စမ်းသပ်သုတေသန ဌာနကြီးပေါင်းများစွာနဲ့ ဆေးရုံများမှာ ပြုလုပ်ထားတဲ့ လွန်ခဲ့တဲ့ (၅)နှစ်ကျော်ကတည်းက သုတေသနတွေ့ရှိချက်တွေအရ ဒီ HRT ကုသမှုဟာ လေဖြတ်တာရော၊ နှလုံးသွေးကြောကျဉ်းတာရော၊ နှလုံးသွေးကြောပိတ်တာရော ကာကွယ်နိုင်တဲ့သတ္တိ ရှိပါတယ်။

ဒီဆေးတွေစားပြီး အန္တရာယ်ဘယ်လောက်နှုန်းထားအထိ ကျဆင်းသွားတယ် ဆိုတဲ့ အထောက်အထားခိုင်လုံတဲ့ သုတေသနစာတမ်းတွေ ရှိပါတယ်။

အခုနောက်ဆုံး တွေ့ရှိထားတဲ့ သိပ္ပံနည်းအရ ဂဃနဏ တွေ့ရှိချက်တွေက အရေးကြီးဆုံးပါပဲ။

အဲဒါတွေကတော့ . . .

(၁) ဒီဆေးကြောင့် လေဖြတ်တာ၊ နှလုံးသွေးကြောကျဉ်းတာ၊ နှလုံးသွေးကြောပိတ်တာတို့ နှလုံးနဲ့ပတ်သက်တဲ့ ရောဂါတွေ အဖြစ်လျော့နည်းသွားပါတယ်။

(၂) သွေးဆုံးစအချိန်မှာ ဒီဆေး စပြီး စားသွားရင် အရိုးပါး,ပါးပြီးပေါ့သွားတဲ့နှုန်း နည်းသွားပြီး နောင်တစ်ချိန်မှာ အရိုးကြွပ်ဆတ် ကျိုးပွဲတဲ့ရောဂါ ဖြစ်ပွားနှုန်း နည်းသွားပါတယ်။

(၃) အမေ့လွန်ရောဂါဖြစ်ပြီး လူကအသက်(၇၀)၊ (၈၀)ရှိနေပြီး အသက်မသေပေမယ့် ဘာမှမသိတော့ဘဲ မေ့သွားတဲ့ Alzheilmer လို့ခေါ်တဲ့ အမေ့လွန်ရောဂါကို HRTက ကာကွယ်နိုင်ပါတယ်။ ဒါ့အပြင် ဖြစ်နေပါပြီဆိုတဲ့လူ စားရင်တော့ သက်သာနိုင်ဘယ်ဆိုဘာ သုတေသနတွေ့ရှိချက်တွေက တိတိကျကျ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

HRT ဟော်မုန်းအစားဖြည့်ကုထုံးခံယူခြင်းဖြင့် ငယ်ငယ်တုန်းကလို သွက်လက်ဖျတ်လတ်တယ်။ ပေါ့ပါးတယ်။ အပင်ပန်းခံနိုင်ပါတယ်။ အိပ်ရေးပျက် ခံနိုင်ပါတယ်။

တစ်လင်တစ်မယားစနစ်နဲ့ အိမ်ထောင်ရေးကိစ္စတွေမှာ မိမိအသက် (၆၀)ကျော်ပင် ဖြစ်လင့်ကစား အိမ်ထောင်ရေး သာယာ နိုင်မြဲဖို့အတွက် ခင်ပွန်းသည်ရဲ့ အလိုကို ဖြည့်ပေးသင့်တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။ မိမိရဲ့အလုပ်၊ မိမိရဲ့အိမ်ထောင်ရေး၊ မိမိဆွေမျိုး၊ ရပ်ရွာအရေး၊ မိမိနိုင်ငံနဲ့ လူမျိုးအတွက် အိုမင်းမစွမ်းမဟုတ်မှုဘဲ အမြဲနုပျိုသန်စွမ်းသူအဖြစ် သစ်လွင်လတ်ဆတ်နေစေချင်တာ တစ်သက်စာ မဟုတ်ပါလားရှင်။

နှလုံးစိတ်ဝမ်း
ငြိမ်းချမ်းကြပါစေ။

❒ နိုက်တင်ဂေးလ်



www.burmeseclassic.com

www.burmeseclassic.com




# သက်တံ့ရောင်စုံလေးများ

ဆွေမြင့်

အစက ငွေထွန်းကျော် ပြောလိုက်သော စကားကို သာမန်မျှသာဟူ၍ ထင်ခဲ့သည်။ ထို့ကြောင့် ပေါ့ပေါ့တန်တန် သဘောထားလိုက်မိသည်။ သူ ပြောသည်မှာ . . .

"တို့သူငယ်ချင်း ကျော်ဘဇံတော့ ဇီဝကလုပ်ငန်းနဲ့ မီလျံနာဘဝရောက်နေပြီကွ၊ သူကုသတဲ့လိုင်းက အရမ်းမှန်သွားတယ်ဆိုတော့ ဟန်ကျတာပေါ့ကွာ၊ အဲဒီရောဂါရှင်တွေဟာ ပျော်တုန်းက အလွန်အကျွံ ပျော်ခဲ့ပြီး ရောဂါလက္ခဏာ ပြပြီဆိုတာနဲ့ အသည်းအသန် အထိတ်တလန့် ဖြစ်သွားကြတယ်၊ ဘယ်လောက်ကုန်ကုန်ခန်းခန်း ငွေကို ရေလိုသုံးပြီး သူတို့အသက် ဆက်လက်ရှင်သန်ရေးအတွက် ပုံအောကြတာကိုး၊ ဒါနဲ့ပဲ တို့သူငယ်ချင်းကြီး ကျော်ဘဇံဟာ ဆည်ဝကစောင့်နေတဲ့ ဗျိုင်းအဖြစ်မျိုးနဲ့ ငါးတစ်ကောင်ပြီး တစ်ကောင် သူ့ခံတွင်းထဲ ရောက်တော့တာပဲ၊ ငါပြောတာ မယုံရင် မင်းကိုယ်တိုင် တစ်ခါလောက်တော့ သွားလေ့လာသင့်တယ်"

ငွေထွန်းကျော်က အားရပါးရ ပြောသည်။ သို့ဖြင့် ကျွန်ုပ်သည် ငွေထွန်းကျော် ပေးလိုက်သော ကျော်ဘဇံ၏ လိပ်စာကတ်ပြားလေးအရ မြို့ပြင်သို့ မောင်းထွက်ခဲ့သည်။ ခြံဝင်းတံခါးကြီးရှေ့တွင် ကားရပ်လိုက်သောအခါ ကျွန်ုပ်၏ ကားနံပါတ်ကို တံခါးစောင့်က ဖတ်၍ အတွင်းသို့ အင်တာကွန်းဖြင့် လှမ်းပြောသည်။ အတွင်းမှ ခွင့်ပြုချက်ဖြင့် ခြံတံခါးကို ရီမုတ်ကွန်ထရိုးဖြင့် ဖွင့်လိုက်သည်။ ကျွန်ုပ်က ကားကို ခြံထဲသို့မောင်းဝင်ခဲ့သည်။ ခြံ၏အကျယ်အဝန်းမှာ ခန့်မှန်းခြေအားဖြင့် ဧကဒသမ ၂၅ မျှရှိပေလိမ့်မည်။ နှစ်ထပ်တိုက် ပေါ်တီကိုအောက်တွင် ကျွန်ုပ်မောင်းလာသော ကားကိုရပ်လိုက်သည်။ တိုက်ထဲမှ ထွက်လာသော မိန်းကလေး သုံးယောက်တို့က လက်ပံပင် ဆက်ရက်ကျလာသည့် ပမာ အသံစာစာဖြင့်ပြောလာကြသည်။

သုံးယောက်စလုံး သက်တံ့ရောင်စုံခြယ်သထားသည့် မျက်နှာလေးများ ဖြစ်ကြသည်။ ပန်းရောင်၊ ဖက်ဖူးရောင်၊ ခရမ်းနုရောင် ဝမ်းဆက်ဝတ်စုံများနှင့် ခေတ်မီဒီဇိုင်းများဖြင့် ဖော်ပြထားကြသည်။ ကျွန်ုပ်၏ဘေးမှ ဖြတ်သန်းသွားကြသောအခါ သူမတို့ထံမှ ထွက်ပေါ်လာသော ချိုနံ့သင်းနှင့်အတူ အလွန်တရာမှ တန်ဖိုးကြီးမြင့်သော လာဗင်ဒါရေမွှေးနံ့ကို သတိပြုမိလိုက်သည်။

သူတို့သုံးယောက်စလုံးကို ကြည့်ရသည်မှာ ကျော်ဘဇံ၏ သီးသန့်ဆေးခန်းသို့ ဆေးကုသရန် ရောက်လာကြသော လူနာနှင့် မတူပါချေ။

သို့ဖြစ်လျှင် လူနာတစ်ယောက်ယောက်၏ ဆွေမျိုးသားချင်းများ ဖြစ်လေမလားဟူ၍တွေးလိုက်မိသေးသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကို ဆီးကြိုလိုက်သော ကျော်ဘဇံသည် ငယ်သူငယ်ချင်းဟူသော စိတ်နေသဘောထား အမူအရာပြောင်းလဲမှုမရှိ ပတ... ငယ်ပေါင်းကြီးဖော်တို့၏အသွင်သဏ္ဌာ... အတိုင်း လှိုက်လှိုက်လှဲလှဲရှိသည်။

ကျွန်ုပ်အား စားသောက်ခန်းတွ... ဘရိတ်ဖတ်စ်ဖြင့် ဧည့်ခံကျွေးမွေးသည်... ထို့နောက် သူ၏ အထူးဧည့်ခန်းတွ... အတူတကွ နေရာယူကြသည်။ စကား... စပ်ရင်းဖြင့် စောစောက ကျွန်ုပ်နှ... အတွက်အဝင် ဆုံစည်းဖြတ်သန်းခဲ့... သော မိန်းမပျိုသုံးယောက်အကြော... အမှတ်မထင် စကားဦးတည်မိကြသည်...

"အဲဒါ ကိုယ့်ပေးရှင့်တွေပဲ ... ပေမယ့် စိတ်မကောင်းစရာပါပဲ... သူတို့သုံးယောက်စလုံးဟာရောဂါအ... မြင့်နေကြပြီ၊ တွေ့လိုက်တဲ့ မိန်းက... တွေထဲက ခရမ်းရောင်ဝမ်းဆက်နဲ့... ဆိုရင် အလွန်ဆုံး နောက်ထပ် ခုနစ်... လောက်အထိပဲ အသက်ရှင်တော့မ... အလားအလာ ရှိတယ်"

"ဒါပေမယ့် သူတို့ကိုကြည့်ရ... လူနာတွေနဲ့ မတူပါလား၊ သုံးယော... စလုံး မယ်ကြေးဝါရွေးပွဲ ဝင်ပြိုင်... မိန်းကလေးတွေလား မှတ်ရတယ်"

"အဲဒါပေါ့ကွာ၊ အလှအပဆို... ငါတို့ အရင်တုန်းက ဖတ်ခဲ့ မှတ်ခဲ့... အတိုင်းဆိုရင် အရေပြားတစ်ခေ... ပါပဲလို့ သိခဲ့ရတယ်၊ အခုခေတ်မှာ... အလှအပဆိုတာ အပေါ်ယံခြယ်... တွေနဲ့တင် အရမ်းဝင်းပသွားတော့... အဲဒီလို မိန်းကလေးတွေကို ကု... စစ်ဆေးပေးလာတဲ့အခါမှာတွေ့...





www.burmeseclassic.com

www.burmeseclassic.com

အတွေ့အကြုံအရ စိတ်မကောင်းဖြစ်မိတယ်၊ ဒီတော့ ကိုယ်က အဲဒီရောဂါအကြောင်းနဲ့ပတ်သက်ပြီး ပြောမိတယ်၊ သူတို့က ဘာပြန်ပြောလဲ သိလား"

ကျွန်ုပ်က ထိုအကြောင်းအရာကို မသိကြောင်း အမူအရာပြသည်။

"သမီးတို့ဘဝမှာ ဆင်းရဲချို့ငဲ့စွာနဲ့ အသက်ရှည်နေမယ့်အစား ချမ်းချမ်းသာသာနဲ့ နေနိုင်သမျှ အခိုက်အတန့်လေးမှာ (ဖြစ်မယ့်ရောဂါကို မေ့ထားပြီး) သေကာမှ သေရော၊ အတတ်နိုင်ဆုံး ပျော်ပျော်ရွှင်ရွှင် နေသွားချင်သတဲ့၊ ကဲ"


ကျော်ဘဇံက သက်ပြင်းမော တစ်ချက်ချ၍ ဆက်လက်ပြောရန် ပြင်သည်။

"အင်း . . ရောဂါရဲ့ အခြေအနေဟာ ပစ္စုပ္ပန်ကာလမှာ ဘယ်လောက်အထိ ထိတ်လန့်တုန်လှုပ် ချောက်ချားဖွယ်ရာ ကောင်းနေသလဲဆိုရင် ငါတို့ကမ္ဘာကြီးမှာ တခြားဝေးဝေးလံလံ နိုင်ငံတကာကို လှမ်းမကြည့်နဲ့၊ ငါတို့နဲ့ အနီးကပ်ဆုံး နိုင်ငံတစ်ခုကိုပဲ ကြည့်လိုက်စမ်းပါ"

ဒေါက်တာ ကျော်ဘဇံအောင်က ပဏာမပျိုးသည်။

ထို့နောက် ဆက်လက်၍ . . .

"အဲဒီနိုင်ငံမှာ လူဦးရေက ငါတို့နိုင်ငံနဲ့ သိပ်မကွာခြားလှဘူး၊ ဒါပေမယ့် သက္ကရာဇ် ၂၀၀၀ တုန်းက ကောက်ယူထားတဲ့ စာရင်းအရ (HIV POSITIVE) ကိုယ်ခံစွမ်းအားလျော့ ရောဂါပိုး ကူးစက်လို့ ရောဂါရသူတွေဟာ နှစ်သန်းမှ




ခြောက်သန်းကြားမှာ ရှိတယ်၊ AIDS ရောဂါ လက္ခဏာပြသူ တစ်သန်းရှစ်သိန်းရှိတယ်၊ အဲဒီရောဂါသည်စုစုပေါင်း တစ်သန်းခြောက်သိန်း သေနိုင်သတဲ့၊ ကဲ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ မင်း စဉ်းစားကြည့်စမ်းပါဦးကွာ"

စကားအဆုံးတွင် ကျော်ဘဇံက ပခုံးတစ်ဖက် တွန့်ပြသည်။

"လူနာ တစ်ယောက်ချင်းအတွက် ဆေးကုသခကုန်ကျစရိတ်ဟာ ပျမ်းမျှတစ်နှစ်မှာ ယူအက်စ်ဒေါ်လာ သုံးသောင်း အထက်မှာရှိတယ်၊ အဲဒီလူ သားတစ်ယောက်ရဲ့ နိုင်ငံအတွက် ဆုံးရှုံးရတဲ့ လုပ်အားခက တစ်နှစ်မှာ ဒေါ်လာခြောက်သောင်းဝန်းကျင်ဖြစ်ပြီး နိုင်ငံအတွက် ယူအက်စ်ဒေါ်လာ သန်း ၂၇၀၀ ခန့် ဆုံးရှုံးနေတယ်လို့ ကုလသမဂ္ဂနဲ့ ကမ္ဘာ့ကျန်းမာရေး အော်ဂနိုက်ဇေးရှင်းက အနီးကပ်ဆုံး ခန့်မှန်းတွက်ချက် တင်ပြခဲ့တယ်"

"ဒါဆိုရင် ငါတို့ မြန်မာနိုင်ငံအနေနဲ့ကော"



ကျွန်ုပ်က စိတ်ဝင်စားစွာ မေးလိုက်သည်။

"ငါတို့နိုင်ငံမှာတော့ အဲဒီရောဂါကို ၁၉၈၅ ခုနှစ်နောက်ပိုင်းမှာ စတွေ့ရတယ်၊ သက္ကရာဇ် ၀၀၀ ပြည့်နှစ် လေ့လာသုံးသပ် မှတ်တမ်းအရ ရောဂါပိုးဝင်နေသူ နှစ်သန်းကျော်ရှိပြီး AIDS ရောဂါလက္ခဏာတွေ ရှိသူကလဲ အနည်းဆုံး ငါးသိန်းလောက် ရှိနိုင်တယ်၊ ဒါပေမဲ့ ငွေကြေးတတ်နိုင်လို့ ကိုယ်ပြီးကုသနေတဲ့သူ (အလင်း) စာရင်းပတ်သူတွေ၊ ရောဂါလက္ခဏာ မြှုပ်နေလို့ သွားသွားလာလာ (ဘာမှမဖြစ်သလို) မေ့မေ့မြောမြော နေကြသူတွေဟာလဲ တစ်သန်းနဲ့ နှစ်သန်းကြားမှာ ရှိနိုင်တယ်။

ငါတို့မြန်မာနိုင်ငံမှာ တစ်ချိန်က ရက်စတောရင့်တွေ တော်တော်များများက မိန်းကလေး စားပွဲထိုးတွေနဲ့ စည်စည်ကားကား ဖြစ်လိုက်ကြတာကို မင်းမှတ်မိဦးမှာပေါ့"

သူ့အမေးကို ကျွန်တော်ဦးခေါင်းညိတ်ခြင်း၊ ဦးခေါင်းခါခြင်း စသည်တို့ မပြုလုပ်ဘဲ 'ဆက်ပြောပါ' ဟူသော အမူအရာဖြင့် လက်ဝါးဖြန့်ပြလိုက်သည်။

စင်စစ်အားဖြင့် ထိုအချိန်ကာလတွင်း မြို့စွန်ရပ်ကွက်နေ ဆင်းရဲချို့ငဲ့နွမ်းပါးကြသော ဆယ်ကျော်သက်မိန်းမပျိုကလေးများသည် ပန်းခြံတွင်း စားသောက်ဆိုင်များတွင် ဧည့်ကြိုမယ်များအဖြစ် ဝင်ငွေရှာကြရသည်။ ထိုစားသောက်ဆိုင်များသည် (အထူးသဖြင့်) ညဥ့်ဦးပိုင်းမှစ၍ သန်းခေါင်ကျော်အထိ



www.burmeseclassic.com

www.burmeseclassic.com

မီးလုံးရောင်စုံများ သွယ်တန်းထွန်းညှိကာ ပြောင်ပြောင်တင်းတင်း ဖွင့်ကြသည်။

ထိုဆိုင်များသို့ သွားရောက်စားသောက်ကြသူများသည် ငွေကြေးတတ်နိုင်သူများ၊ ငွေကို ရေလိုသုံးဖြုန်းနိုင်သူများသာ ဖြစ်ကြသည်။ ထိုရက်စတောရင့်များထွင် သာမန်အစားအစာများထက် ယမကာများ၊ ယစ်ရှေးရည်များကို အဓိကထား၍ ရောင်းချသည်။ ထိုကဲ့သို့သော ယစ်ရှေးရည်များကို ဖန်ခွက်ထဲ ငှဲ့ထည့်ပေးခြင်းမှ အစပြု၍ မိန်းကလေးစားပွဲထိုးများကို ခါးဖက်ခြင်း၊ ယစ်မူးရီဝေ ဒီဂရီတက်လာသောအခါ ပေါင်ပေါ်တင်၍ နမ်းစုပ်ခြင်းများပါ အတင့်ရဲစွာ ကျူးလွန်လာကြသည်။ ထိုသို့ လက်သရမ်းသည်ကို ခွင့်လွှတ်နိုင်သော မိန်းကလေးများက အပိုဆုကြေးငွေ (ဘောက်ဆူး)များ ရရှိကြပြီး ရိုးရိုးသားသား မိန်းကလေးများက အလုပ်မှ ထွက်ကြရသည်။

နောက်ပိုင်းတွင် ထိုရက်စတောရင့်များကို သက်ဆိုင်ရာမှ ပိတ်ပင်တားမြစ်လိုက်သောအခါ အပျော်အပါးများကို လွတ်လွတ်လပ်လပ် တရားဝင်ခွင့်ပြုသော အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံသို့ မြန်မာအမျိုးသမီး စားပွဲထိုးများ အုပ်စုလိုက် (တရားမဝင်သော အောက်လမ်းမှ) ထွက်ခွာသွားကြသည်။

နှစ်အတန်ငယ် ကြာသောအခါ ထိုနိုင်ငံတွင် ကြေးစားပြည့်တန်ဆာများအဖြစ်သို့ ရောက်ရှိသွားကြသည်။

ထိုအမျိုးသမီးများသည် ရာနှင့်ထောင်နှင့်ချီသော အရေအတွက်အားဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသောအခါ သူတို့နှင့်အတူ HIV ရောဂါပိုးများ ပါလာလေတော့သည်။ အနည်းဆုံး ဆစ်ဖလစ်၊ ဂနို စသော ကာလသားရောဂါများလည်း တွဲဖက်လိုက်ပါလာကြသည်။ ထိုသို့သော မိန်းကလေးများနှင့် တွဲကြသောကာလသားတို့တွင် ရောဂါပိုးများ ပျံ့နှံ့ဖြစ်ပွားလာတော့သည်။ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး (WHO)၏ လေ့လာဆန်းစစ်မှတ်တမ်းစာရင်းအရ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုယ်ခံစွမ်းအားလျော့ ရောဂါ (AIDS)လက္ခဏာ အပြည့်အဝစစ်ဆေးတွေ့ရှိရပြီး ရောဂါခံစားနေရသူ နှစ်သန်းမှ လေးသန်းအတွင်း ရှိကြောင်း မှတ်သားထားသည်။ သို့ရာတွင် စစ်ဆေးခြင်း မခံယူဘဲ ရိုးရာတိုင်းရင်းဆေး (သစ်သီး၊ သစ်ခေါက်၊ သစ်မြစ်)တို့ဖြင့် လျှို့ဝှက်စွာ ကုသခံနေကြသူများသည် မှတ်တမ်းတင်ထားသူများထက် လေးဆမှ ခြောက်ဆအထိရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

၁။ သွေးထဲ၌ ရောဂါပိုးတွေ့ရှိသူ (HIV Positive) တစ်နည်းအားဖြင့် သွေးထဲ၌ ရောဂါပိုးရှိနေသူ ၁၅ သန်းမှ ၁၈ သန်းအထိ ရှိနေပြီဖြစ်သည်။ အပျော်အပါး လိုက်စား၍ ပြည့်တန်ဆာ(ကြေးစား)များနှင့် လိင်ဆက်ဆံသောကြောင့် ကာလသားရောဂါနှင့် ပတ်သက်ဆက်နွှယ်နေသူ အရေအတွက်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။ (သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် စစ်ဆေးတွေ့ရှိချက်များအရ ဖြစ်သည်။)

(က) ရှန်ကာရွှိက် ခေါ် အနာပျော့ဖြစ်သူ ၄ သန်း
(ခ) ဆစ်ဖလစ်ရောဂါဖြစ်သူ ၇ သန်း
(ဂ) ဂနို(ပြည်ကျသော)ရောဂါဖြစ်သူ ၆၅ သန်း
(ဃ) လိင်အင်္ဂါ ရေယုန်ဖြစ်သူ ၄၅ သန်း
(င) ဆီးပူညောင်းကျရောဂါဖြစ်သူ ၇၅ သန်း
(စ) ထရိုင်ကိုမိုးနတ် (ရိဖြူဆင်း) ရောဂါဖြစ်သူ ၁၈၀သန်း
(ဆ) လိင်အင်္ဂါကင်ဆာပိုးတွေ့ရှိသူ ၆၅ သန်း

အထက်ဖော်ပြပါ အချက်(က)မှ (ဆ)အထိ လိင်နှင့်စပ်လျဉ်း၍ ကာလသားရောဂါဖြစ်သူများ အနေနှင့် ကိုယ်ခံစွမ်းအားလျော့ ရောဂါနှင့် ဆက်စပ်မှု ရှိသောကြောင့် ထိုရောဂါများ ကူးစက်ပြန့်ပွားကြသည်နှင့် တစ်ဆက်တည်း ပြန့်ပွားကူးစက်တတ်သည်။

၂။ ဖော်ပြပါ ရောဂါများ မဖြစ်ပေါ် မပြန့်ပွားရေးအတွက် အောက်ပါနည်းလမ်းများကို အကောင်းဆုံးနည်းလမ်းများအဖြစ် သတ်မှတ်ဖော်ပြထားသည်။

(က) သူတစ်ပါးသားမယား မကျူးလွန်ခြင်း
(ခ) ကြေးစားပြည့်တန်ဆာများနှင့် ကာမဆက်ဆံမှု မပြုခြင်း

ပစ္စုပ္ပန်ကာလတွင် ထိုရောဂါအတွက် ထိရောက်သောကာကွယ်ဆေးနှင့် အစွမ်းထက်မြက်သော ရောဂါပျောက်ဆေး မပေါ်သေးသောကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ ကျန်းမာရေးဆိုင်ရာ ပညာရှင်များသည် ယနေ့ထက်တိုင် ဆက်လက် သုတေသနပြုလုပ်နေကြဆဲ ဖြစ်သည်။

၃။ ရောဂါကူးစက်သော နည်းလမ်းများ

(က) ရောဂါရှိသူနှင့် လိင်ဆက်ဆံခြင်း
(ခ) ရောဂါရှိသောသွေး သွင်းခံရခြင်း
(ဂ) ရောဂါရှိသူနှင့် ဆေးထိုးအပ်အတူသုံးစွဲခြင်း
(ဃ) ရောဂါရှိသော မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်း
(င) ရောဂါကူးစက်ထားသော သွေးနှင့် ခွဲစိတ်ကိရိယာများမှ ကူးစက်ခြင်း
(စ) ဆံပင်ညှပ်ဆိုင်များတွင် အသုံးပြုသော သင်တုန်းဓားမှတစ်ဆင့် ကူးစက်ခြင်း
(ဆ) ရောဂါရှိသူ၏ သွေး၊ ချွေး၊ ... တွေး၊ သက်နှင့်အရည်များ ... ကိုယ်ခန္ဓာထဲသို့ဝင်ခြင်း
(ဇ) အခြားနည်းနည်းနည်းဖြင့် ... သွေးကြောထဲသို့ ရောဂါပိုး ရောက်ရှိခြင်း တို့ဖြစ်သည်။ ထို့ကြောင့် အကောင်းဆုံးနည်း





www.burmeseclassic.com

www.burmeseclassic.com

လမ်းအဖြစ် ရောဂါကာကွယ်ရေးမှာ တိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် စောင့်ထိန်းရန် အရေးကြီးသည်။

၄။ လိင်ဆက်ဆံမှုနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ကျင့်ဝတ်များ

(က) မိမိဇနီး၊ မိမိခင်ပွန်းမှလွဲ၍အခြားသူများနှင့် လိင်မဆက်ဆံရ

(ခ) ကာမဂုဏ်နှင့် စပ်လျဉ်းသော ပစ္စည်းများဖြစ်စေ၊ လူဖြစ်စေ အရောင်းအဝယ် မပြုလုပ်ရ

(ဂ) အပျော်အပါး (လိင်ဆက်ဆံမှု) လုံးဝ မလိုက်စားရ

(ဃ) သူတစ်ပါး သားပျို၊ သမီးပျိုတို့ကို မဖျက်ဆီးရ

(င) မိမိတွင် ရောဂါဖြစ်ကြောင်း သိလျှင်သိချင်း သူတစ်ပါးကို ကူးစက်စေရန် ကြံစည်လုပ်ဆောင်ခြင်း မပြုရ၊ သူတစ်ပါးကို နစ်နာစေလိုသောစိတ်ဖြင့် မပြုလုပ်ရ

(စ) မူးယစ်ဆေးဝါး အသုံးမပြုရ၊ မူးယစ်ဆေးဝါး ရောင်းချခြင်းမပြုရ

(ဆ) ကိုယ်ခံစွမ်းအားလျော့ရောဂါ ပပျောက်ရေးအတွက် ကျရာတာဝန်ယူ၍ ပါဝင်ဆောင်ရွက်ပါရန်၊ အသိပညာပေးခြင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းမှ အစပြု၍ ရောဂါရှိနေသူတို့ကို ရှာဖွေခြင်း၊ ကူညီခြင်း ကုသရေးအတွက် တတ်အားသမျှ ဆောင်ရွက်ကြသော လုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ရန်။

❒ ဆွေမြင့်

REF:


- AIDS ရောဂါဆိုင်ရာ WHO မှ ဖြန့်ချိသောစာစောင်၊ ကုလသမဂ္ဂဆိုင်ရာ စာတမ်း။
- ကိုယ်ခံစွမ်းအားလျော့ရောဂါ ကာကွယ်ရေးတွင် အသေချာဆုံးနည်း၊ ဒေါက်တာမောင်မောင်ချို


## မီးခိုးရောင် ရောင်ရမ်းခြင်း (သို့) ပိုလီယိုရောဂါ

ရင်သွေးငယ်များတွင် ဖြစ်ပွားသောရောဂါများအနက် ပိုလီယို (ခေါ်) အကြောသေရောဂါသည် အန္တရာယ်ကြီးမားလှသည့်ရောဂါ ဖြစ်ပါသည်။ ထိုရောဂါသည် လူမမည် ကလေးငယ်များတွင် ဖြစ်ပွားလေ့ရှိပြီး ထိုရောဂါဝင်ရောက်ပါက ကလေးငယ်များ၏ ခန္ဓာကိုယ်အောက်ပိုင်း မသန်မစွမ်းဖြစ်ကာ အကြောသေဒုက္ခိတဘဝဖြင့် တစ်သက်လုံးခံစားရသည့် ကြောက်မက်ဖွယ်ရောဂါဆိုးကြီး ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်က ပိုလီယိုရောဂါဆိုးကြီး ဝင်ရောက်မှုကြောင့် ကလေးငယ်များမှာ ကူးစက်ခြင်း ခံခဲ့ရပါသည်။ ကမ္ဘာနှင့်အဝန်းတွင် ရှိသော ကလေးငယ်များမှာ ဤရောဂါပိုး နှိပ်စက်ခြင်းကြောင့် အောက်ပိုင်းမသန်မစွမ်း ဖြစ်ခဲ့ရသည့်အတွက် ရင်သွေးငယ်ရှိသည့် မိဘတိုင်းမှာ ထိုရောဂါကို စိုးထိတ်ကြောက်လန့်မှု ဖြစ်ခဲ့ရသည်။

ပိုလီယိုရောဂါ ကပ်ဆိုးကြီး၏ အန္တရာယ်မှ ကာကွယ်နိုင်ရန် သိပ္ပံပညာရှင်ကြီးများမှ နည်းအမျိုးမျိုး ပြသခဲ့ရာ ၁၉၅၅ ခုနှစ်တွင် ဂျိုနက်စ်ဆော့စ်ဆိုသူသည် ပိုလီယိုရောဂါ ကာကွယ်နိုင်မည့် ကာကွယ်ဆေးကို ပထမဦးဆုံး တီထွင်ထုတ်လုပ်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် အဲလ်ဘတ်ကေဗင် ဆိုသူကလည်း ထိုရောဂါ ကာကွယ်ဆေးတစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ထိုကာကွယ်ဆေးများကို အသုံးပြုကာ ပိုလီယိုရောဂါမဖြစ်ပွားစေရန် ကာကွယ်ခဲ့ကြပါသည်။

ထိုရောဂါသည် လူသားကလေးငယ်များ၌သာ ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့မရှိပါ။ ရောဂါပိုး သယ်ဆောင်သူမှာ လူသားများပင်ဖြစ်ပြီး ကြားခံရောဂါပိုး သယ်ဆောင်မည့် ပိုးမွှား (Vector) များ မရှိပါ။ ထို့သို့ ပိုလီယိုရောဂါ ကာကွယ်ဆေး ပေါ်ပေါက်လာပြီဖြစ်၍ ကမ္ဘာပေါ်ရှိ မိဘတိုင်းက ဝမ်းသာအားရ ကြိုဆိုအသုံးပြုခဲ့ကြပါသည်။

### ပိုလီယိုရောဂါ ဖြစ်ပွားရခြင်း အကြောင်းရင်း

ပိုလီယိုရောဂါ ဖြစ်ပွားရခြင်းမှာ သန့်ရှင်းမှုမရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ရသည့် ကလေးငယ်များတွင် ထိုရောဂါပိုး ကူးစက်ခြင်းကြောင့် ပိုလီယိုခေါ် အကြောသေရောဂါ ဖြစ်လာပါသည်။ ၎င်းတို့နေထိုင်ရာ မသန့်ရှင်းသော ပတ်ဝန်းကျင်ရှိ မစင်မှတစ်ဆင့် အစားအသောက်များဆီသို့ ရောက်ရှိကာ ကလေးငယ်တစ်ယောက်မှ အများသို့ ကူးစက်ခြင်းဖြစ်ပါသည်။

### ရောဂါကူးစက်ပုံ

ပိုလီယိုရောဂါ ဖြစ်ပွားနေသော ကလေးငယ်၏မစင်တွင် ပိုလီယိုဗိုင်းရပ်ပိုးများ ပါရှိပါသည်။ ထိုရောဂါပါရှိသော မစင်တောင်က နားသောအခါ ယင်ကောင်၌ ပိုလီယိုဗိုင်းရပ်ပိုးများ ကပ်ပါသွားပါသည်။ ထိုယင်ကောင်သည် အစားအသောက်များပေါ် နားခြင်းဖြင့် ထိုဗိုင်းရပ်ပိုးသည် အစားအစာထဲသို့ ရောက်ရှိသွားပါသည်။

ထိုအစားအစာကို ကလေးငယ်က စားခြင်းဖြင့် ကလေးငယ်၏ဗိုက်ထဲသို့ ရောက်ရှိသွားပါသည်။ ထိုဗိုင်းရပ်ပိုးများသည် အခြားဘက်တီးရီးယားများ

→→



www.burmeseclassic.com

www.burmeseclassic.com

# မီးခိုးရောင် ရောင်ရမ်းခြင်း (သို့မဟုတ်) ပိုလီယိုရောဂါ



**ရီရီဌေး**

နှင့် မတူဘဲ အလွန်သေးငယ်ပါသည်။ ထိုဗိုင်းရပ်ပိုးများသည် ဝမ်းဗိုက်ထဲမှ တစ်ဆင့် သွေးကြောများထဲသို့ လည်းကောင်း၊ ထိုမှ ဦးနှောက်နှင့်အာရုံကြောထဲသို့ လည်းကောင်း ရောက်ရှိကာ အာရုံကြောတစ်လျှောက် ပျံ့နှံ့သွားပါသည်။ ထိုသို့ ပျံ့နှံ့ခြင်းနှင့်အတူ အာရုံခံနာဗ်ကြောများကို ဖျက်ဆီးသဖြင့် ပိုလီယို အကြောသေရောဂါ ဖြစ်လာပါသည်။

တချို့သော မိဘများသည် ပိုလီယိုရောဂါဖြစ်ခြင်းမှာ ရောဂါပိုးကြောင့်ဟု မသိဘဲ ကလေးငယ် ဖျားနာနေစဉ် ဆေးထိုးမိရာမှ ဆေးထိုးမှားကာ အကြောထိသွားသဖြင့် ဤရောဂါဖြစ်သည်ဟု လွဲမှားစွာ ထင်တတ်ပါသည်။ ဤရောဂါဖြစ်ခြင်းမှာ မသန့်ရှင်းသော အစားအစာနှင့် မသန်စွမ်းသော ရေတို့ကြောင့် ပိုလီယိုဗိုင်းရပ်ပိုး ကူးစက်ခြင်း ဖြစ်မှန်း မသိကြချေ။ အမှန်မှာမူ ပိုလီယိုရောဂါဖြစ်ခြင်းမှာ ပိုလီယိုဗိုင်းရပ်ပိုး ကူးစက်ချိန်တွင် အဖျားရှိသဖြင့် ဆေးထိုးမိခြင်းနှင့် တိုက်ဆိုင်သွားခြင်းကြောင့် အထက်ပါယူဆချက်ကို ထင်မြင်သုံးသပ်ခြင်း ဖြစ်ပါသည်။

ပိုလီယိုဗိုင်းရပ်ပိုး ကူးစက်ချိန်တွင် ထိုရောဂါအတွက် ထိရောက်သည့် ဆေးကုသမှု မခံယူပါက ဆေးထိုးသည်ဖြစ်စေ၊ ဆေးမထိုးသည်ဖြစ်စေ ပိုလီယိုရောဂါဖြစ်မှာ အမှန်ပင်။ ယခုအခါကမ္ဘာပေါ်ရှိ သုတေသီများက ပိုလီယိုရောဂါအကြောင်း ကျယ်ပြန့်စွာ တင်ပြထားသည့်အတွက် ဆေးထိုးခြင်းကြောင့် မဟုတ်မှန်း အတော်အတန် သိလာကြပါပြီ။

## ကလေးငယ်များနှင့် ကာကွယ်ဆေး

ပိုလီယိုရောဂါသည် အသက်နှစ်နှစ်အောက် ကလေးငယ်များတွင် အဖြစ်များသဖြင့် ကလေးငယ်များကို ဤအရွယ်မတိုင်မီကပင် ကြိုတင်ကာကွယ်မှုပြုရပေမည်။

ထို့ကြောင့် ကလေးငယ်များကို လသားအရွယ်မှာပင် ပိုလီယိုကာကွယ်ဆေးများကို စောစီးစွာ တိုက်ကျွေးရမည်။ ထိုသို့ ကြိုတင်ကာကွယ်ထားပါက အကြောသေ ခေါ် ပိုလီယိုရောဂါဘေးအန္တရာယ်မှ ကျော်လွှားနိုင်ပေမည်။

## ပိုလီယိုအစက်ချကာကွယ်ဆေး

ပိုလီယိုကာကွယ်ဆေးကို တစ်စတစ်စ ပိုမိုကောင်းမွန်အောင် ကြိုးစားရှာဖွေလာကြရာ ၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့တိုးချဲ့ကာကွယ်ဆေး စီမံချက် အကြံပေးအဖွဲ့မှ ပိုလီယိုရောဂါဖြစ်စေသည့် ဗိုင်းရပ်ပိုးအမျိုးအစား သုံးမျိုးစလုံးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (Trivalent Polic Vaccine) ဟုခေါ်သော အကောင်းဆုံး ကာကွယ်ဆေးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပိုလီယိုကာကွယ်ဆေး ထုတ်လုပ်ရာတွင် ဗိုင်းရပ်ပိုး များစွာရှိသည့်အနက် အမျိုးအစားအလိုက် သက်ဆိုင်ရာ ပဋိပစ္စည်းများကို လူတို့၏ခန္ဓာကိုယ်မှ ထုတ်လုပ်နိုင်ခဲ့လျှင် ၎င်းပိုးအမျိုးအစားကြောင့်ဖြစ်သော ပိုလီယိုရောဂါကို ကာကွယ်နိုင်ကြောင်း တွေ့ရှိချက်အပေါ် အခြေခံကို ပိုလီယိုအစက်ချကာကွယ်ဆေး (OPV) ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ပိုလီယိုရောဂါကို ဖြစ်စေသည့် ဗိုင်းရပ်များမှာ သုံးမျိုးရှိပြီး (Type 1, Type 2, Type 3) တို့ ဖြစ်ပါသည်။

၎င်းဗိုင်းရပ်ပိုးများသည် ခုခံကာကွယ်နိုင်စွမ်း မြင့်မားသည့် လူကြီးများကို မကူးစက်နိုင်ပေ။

ခုခံကာကွယ်နိုင်သည့် စွမ်းအားလျော့နည်းနေသည့် ကလေးများကိုသာ ကူးစက်နိုင်ပါသည်။

## ပိုလီယိုရောဂါဟု ခေါ်တွင်ရခြင်း အကြောင်းရင်း

ပိုလီယိုရောဂါကို ဆေးပညာအရ ပိုလီယိုမိုင်းလိုင်းတစ် (Polio myelitis) ဟုခေါ်ပါသည်။

၎င်းဘာသာမှာ ဂရိဘာသာစကားမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Polio ဆိုသည်မှာ မီးခိုးရောင်ဟု အဓိပ္ပာယ်ရပါသည်။ Myelitis ဆိုသည်မှာ ရောင်ရမ်းခြင်းဖြစ်ပါသည်။ တိုက်ရိုက် ဘာသာပြန်ရသော် မီးခိုးရောင် ရောင်ရမ်းခြင်း ဖြစ်သည်။ အဘယ်ကြောင့် မီးခိုးရောင် ရောင်ရမ်းခြင်း ဖြစ်သနည်းဆိုသော် ကြောရိုးတွင်း ရှိ Spinal cord ခေါ် နာ့ဗ်ကြောမကြီးမှ မီးခိုးရောင် နာ့ဗ်ကြောများ ရောင်ရမ်းခြင်းကြောင့် ဤအမည်ပေးခြင်း ဖြစ်ပါသည်။

## ပိုလီယိုရောဂါ လက္ခဏာများ

* မသန့်ရှင်းသော အစားအစာနှင့် ရေမှတစ်ဆင့် ပိုလီယိုပိုးရပ်ပိုးများ ကလေးငယ်၏ ဝမ်းဗိုက်ထဲသို့ ရောက်လာသည်။
* ထိုပိုင်းရပ်ပိုးများ ဝင်ရောက်ပြီး နှစ်ရက်မှ သုံးရက်အတွင်း အဖျားရောဂါ ဝင်ရောက်လာပါသည်။
* ဤသို့ဖြစ်ခြင်းမှာ ရောဂါပိုးများကို ကာကွယ်ရန်အတွက် ခန္ဓာကိုယ်အပူချိန် မြင့်တက်လာခြင်း ဖြစ်ပါသည်။
* ထိုအဖျားမှာ သာမန်အဖျားသာ ဖြစ်ပါသည်။
* ဖျားနေစဉ်အတွင်း နှစ်ရက် သုံးရက်အကြာတွင် ကလေးငယ်များ၏ ကြွက်သားများ နာကျင်ကိုက်ခဲလာပါသည်။
* အကြောသေရောဂါ မဖြစ်မီ



ကလေးငယ်၏ ခြေသလုံးမှာ အလွန်နာကျင်လာပြီး ကောင်းစွာ လမ်းမလျှောက်နိုင်တော့ပေ။
* ထိုအချိန်မျိုးတွင် ကလေးငယ်အား နာကျင်မှုကို သက်သာစေရန် နှိပ်နယ်ပေးခြင်း လုံးဝမလုပ်ရပါ။ အခြေအနေ ပိုဆိုးသွားနိုင်ပါသည်။
* ထို့ပြင် ရောဂါကူးစက်ခံနေရတဲ့ ကလေးငယ်အား လုံးဝဆေးထိုးခြင်းမပြုလုပ်ရပါ။

## ရောဂါဖြစ်နေသော ကလေးငယ်ကို ပြုစုပေးခြင်း

* ကလေးငယ် ဖျားနာပါက ပိုလီယိုရောဂါ ဖြစ်စေတတ်သည့် ပိုင်းရပ်ပိုးရှိ မရှိကို ဆရာဝန်နဲ့ပြသပြီး စစ်ဆေးပါ။
* ကလေးငယ် အဖျားကြီးလာပါက ရေခဲအုပ်ပေးခြင်း၊ ရေချိုးပေးခြင်း ပြုလုပ်ပြီး ခြောက်သွေ့အောင် အဝတ်ဖြင့် သုတ်ပေးပါ။
* ဖျားနာစဉ်အတွင်း ပွရောင်းသော ချည်ထည်အင်္ကျီဝတ်ဆင်ပေးပါ။
* စောင်ထူထူခြုံထားခြင်း၊ အနွေးထည်ထူထူဝတ်ခြင်းမျိုး ရှောင်ကြဉ်ပါ။
* လေဝင် လေထွက် ကောင်းသော အခန်းမှာ ထားပါ။
* ရောဂါဖြစ်နေသော ကလေး၏ မစင်ကို အိမ်သားများ စနစ်တကျ စွန့်ပစ်ပါ။ မဆင်မခြင် မစွန့်ပစ်ပါနှင့်။ ထိုမစင်မှတစ်ဆင့် အခြားသော ကလေးငယ်များကို ကူးစက်နိုင်ပါသည်။
* ထိုပိုလီယိုပိုင်းရပ်ပိုးမှာ သုံးလခန့် အသက်ရှင်နိုင်ပါသည်။

ယခုအခါ ကမ္ဘာနှင့်အဝန်း ပိုလီယိုရောဂါဆိုးကြီးကို ပိုင်းဝန်းတိုက်ခိုက်နေချိန် ဖြစ်ပါသည်။ ကြောက်မက်ဖွယ်လူညွန့်တုံးစေနိုင်သော ပိုလီယိုရောဂါဆိုးကြီး မဖြစ်ပွားစေရန် လသားအရွယ်မှစတင်၍ ပိုလီယို အစက်ချကာကွယ်ဆေးကို တိုက်ကျွေးပါ။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍အရာရောက်သည်ဆိုသည့် စကားအတိုင်း ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ထားပါက ထိုရောဂါပိုး မကူးစက်နိုင်တော့ပေ။

ထို့ကြောင့် ကမ္ဘာနှင့်အဝန်း စီမံချက်ချကာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေချိန်မှာ မိဘများကလည်း မိမိ၏ ကလေးငယ်ကို မပျက်မကွက် တိုက်ကျွေးသင့်ပါသည်။ သို့မှသာ မီးခိုးရောင် ရောင်ရမ်းခြင်း ဝေဒနာဆိုးကြီးကို မလွဲမသွေ တိုက်ဖျက်နိုင်မှာဖြစ်ပြီး အန္တရာယ်များလှသည့် ထိုရောဂါဆိုးကြီးသည် ဤကမ္ဘာကြီးအတွင်းမှ ပျောက်ကွယ်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

❒ ရိုရိုဌေး


Ref : Polio myelitis from Internet.




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**ဒုတိယ အကောင်းနည်း**

ဆရာဝန်တစ်ယောက်က စမ်းသပ်စစ်ဆေးမှုပြီးသွားသဖြင့် လူနာကို အကြံဉာဏ်ပေးရန် အသင့်ဖြစ်နေပြီ . . .

"ဆေးလိပ်နဲ့ အရက် ဖြတ်ပါ၊ ညတိုင်း အိပ်ရာစောစောဝင်ပါ၊ မနက် အလင်းရောင်လာတာနဲ့ အိပ်ရာကထပါ၊ အဲဒါ ခင်ဗျားအတွက် အကောင်းဆုံး ပါပဲ" ဟု ဆရာဝန်က ပြောသည်။

လူနာက တုံ့ပြန်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော်က အကောင်းဆုံးနဲ့ မတန်ပါဘူး၊ ဒုတိယအကောင်းဆုံးက ဘာလဲ ဒေါက်တာ"

❒ စိန်ဝင်းမော်



**ကိုးကားရှုပ်ပဲနော်**

စာကြည့်တိုက်တစ်ခုတွင် အဖွဲ့ဝင်သစ်တစ်ဦးက ချောမောသော စာကြည့်တိုက်မှူး မိန်းကလေးကို မေးခွန်းများ မေးနေသည်။

"ကျွန်တော်လိုချင်တဲ့ စာအုပ်ကို ငှားယူသွားလို့ရမလား"

"ဟုတ်ကဲ့" ဟု စာကြည့်တိုက်မှူးမလေးက ဖြေသည်။

"ခင်ဗျားကိုကော အပြင်ခေါ်ထုတ်သွားလို့ ရမလား"

စာကြည့်တိုက်မှူး မိန်းကလေးက ကိုယ့်ကို မတ်မတ်ရပ်လိုက်ကာ ဖြေသည်။

"စာကြည့်တိုက်မှူးတွေဟာ ကိုးကားမေးမြန်းရန်အတွက်သာပါရှင်"

❒ စိန်ဝင်းမော်



**အရေးပေါ်**

အသည်းအသန် လူနာတစ်ယောက်အတွက် ဆရာဝန်ကို ပင့်ခဲ့သည်။ ဆရာဝန်က လူနာရှိရာ အခန်းတွင်းသို့ ပြေးဝင်သွားပြီး လူနာဘေးတွင် ထိုင်လိုက်၏။ ထို့နောက် အခန်းတွင်းမှ လှမ်းအော်ပြောသည်။

"ကျေးဇူးပြု၍ တူတစ်ချောင်း ပေးစမ်းပါ"

လူနာ၏ ဆွေမျိုးများက အံ့အားသင့်သွားကြသော်လည်း ဆရာဝန်၏ စကားက အမိန့်တစ်ရပ်ပင်။ ခေတ္တအကြာ ဆရာဝန်က တံခါးဝမှ လှမ်းပြောပြန်သည်။

"မြန်မြန် . . . သံနုတ်တစ်ခု"

သံနုတ်ကို အမြန်ပေးလိုက်ကြပြန်ရာ ခေတ္တအကြာတွင် ဆရာဝန်က အော်ပြန်သည်။

"ဆောက်တစ်ခု . . . မြန်မြန်"

ဆွေမျိုးများက စိတ်ပူလာကြပြီး "ဒေါက်တာ ဘာတွေများလုပ်နေတာပါလိမ့်" ဟု မေးသည်။ ဆရာဝန်၏ အဖြေကား . . .

"ကျုပ်ရဲ့ဆေးအိတ် ဖွင့်မရလို့ဗျ"

❒ စိန်ဝင်းမော်





www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**ဦးစားပေး**

အမျိုးသမီးငယ် တစ်ဦးထံသို့ လူကြီးမိဘများ မရှိခိုက် သူမ၏ရည်းစား ကောင်ကလေးတစ်ယောက်က လာရောက်ချိန်းတွေ့လေသည်။

ထိုအခိုက် မိဘများ ပြန်ရောက်လာကြသဖြင့် ကောင်မလေးသည် ကောင်ကလေးအား ဗီရိုတစ်လုံးအတွင်း ထည့်ကာ တံခါးပိတ်လျက် ဝှက်ထားလိုက်တော့သည်။

ထိုအခိုက်အတန့်မှာပင် ဘေးဘက် ကပ်လျက်အခန်းမှ မီးတင် လောင်ကျွမ်းတော့သည်။ ကောင်မလေးနှင့် အိမ်သားများ ပျာယာခတ်လျက် အရေးကြီး ပစ္စည်းများ သယ်ထုတ်နေရာ ဗီရိုအတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ဗီရို အရင်သယ်ပါဗျို့၊ ဗီရိုလဲ အရေးကြီးတယ်"

❒ ဒင်္ဂါး (ရွှေရင်အေး)



**သေချာအောင်**

စိတ်ကျန်းမာရေးဆေးရုံ၏ ရုံးခန်းတွင်း တယ်လီဖုန်းမြည်လာသည်။

"ဟယ်လို. . . စိတ်ကျန်းမာရေး ဆေးရုံကလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင့်၊ ဘာကူညီရမလဲ ပြောပါရှင့်"

"အဆောင်(၁) အခန်း(၆)မှာ လူရှိလား ကြည့်ပေးပါ"

"ခဏလေးနော်"

"xxx xxx xxx"

"မရှိဘူးရှင့်၊ ဘယ်ထွက်သွားတယ် မသိဘူး"

"ဟား ဟား ဟား. . . အဲဒါ ကျုပ်ပဲ၊ ခင်ဗျားတို့လက်က လွတ်အောင် တကယ်ပြေးနိုင်ရဲ့လားလို့ ဖုန်းဆက်ကြည့်တာ ကဲ"

❒ ဒင်္ဂါး (ရွှေရင်အေး)



**လိမ်တာတစ်ခုတည်းပါ**

သူဌေးကြီးတစ်ဦးက သမက်လောင်းလူငယ်ကို လက်ခံတွေ့ဆုံ စကားပြောနေသည်။

"မင်း အရက်သောက်တတ်သလား" "မသောက်တတ်ပါဘူးခင်ဗျာ"

"ဆေးလိပ်ကော သောက်သလား" "အနံ့ကိုခံလို့ မရပါဘူးခင်ဗျာ"

"မိန်းမကိစ္စကော" "လုံးဝ ကင်းရှင်းပါတယ်"

"ကလပ်တွေ ဘာတွေ တက်သလား" "တစ်ခါမှ မရောက်ဖူးပါဘူး"

"ဖဲနဲ့ လောင်းကစားကော" "ယောင်လို့တောင် မလုပ်ခဲ့ပါဘူးခင်ဗျာ"

"မင်းမှာ မကောင်းတဲ့အကျင့်တစ်ခုတော့ ရှိမှာပါ၊ တစ်ခုပြောစမ်းပါ"

"လိမ်ပြောတာ တစ်ခုပါပဲ"

❒ ဒင်္ဂါး (ရွှေရင်အေး)

www.burmeseclassic.com

# ပြုံးရယ်ရယ်မော ဟာသများ



**ဟယ်လို . . . ဟယ်လို**

နယ်တွင် အလုပ်လုပ်နေသော သားဖြစ်သူထံသို့ ဖခင်ဖြစ်သူက သတိရသဖြင့် ဖုန်းမဆက်စဖူး ဆက်လေသည်။

“ဟယ်လို. . . အမိန့်ရှိပါ ကျွန်တော် အောင်ကျော်ဆန်းပါ”

“မင်း ဘာတွေလုပ်နေလဲကွ”

“ဒီလိုပါပဲခင်ဗျာ၊ ခုပြောနေတာ ဘယ်သူလဲ”

“နေကောင်းရဲ့လားကွ”

“ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ခု အမိန့်ရှိနေတာ ဘယ်သူပါလဲ”

သူ၏အသံကို မမှတ်မိရကောင်းလားဟု ဖခင်ဖြစ်သူ စိတ်ဆိုးပြီး. . .

“မင်းအဖေကွ. . . မင်းအဖေ. . . မင်းအဖေ”

သားဖြစ်သူပြန်ပြောလိုက်သောစကားကြောင့် ဖခင်ဖြစ်သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

“မင်းဖေ ဆိုတာ ကျွန်တော့်အသိထဲမှာ မရှိဘူးခင်ဗျ”

❒ ကျော်လင်းထွန်း (ရွှေထင်)



**ကိုးတတ်ပ**

တောရွာတစ်ရွာတွင် ဖြစ်သည်။ မူလတန်းကျောင်းသားလေးနှင့် သူ၏ဖခင်တို့သည် ကျောင်းပိတ်ရက် ထင်းခွေရန် တောထဲသို့ ထွက်လာကြသည်။ တစ်နေရာသို့ ရောက်သော် . . .

“ဟေ့ သား၊ ဟိုဝါးပင်ကြီးကိုကြည့်စမ်း၊ မျှစ်စို့ကြီးက မြေကြီးကိုခွဲထွက်ပြီး သဘာဝအတိုင်း ရှုန်းကန်တိုးထွက်လာတာကွ၊ တွေ့လား”

သားဖြစ်သူ ပြန်ဖြေလိုက်သော စကားသံကြောင့် ဖခင်ဖြစ်သူ ပြန်မပြောနိုင်ဘဲ ငြိမ်ကျသွားတော့သည်။

“ဒါများ ဘာဆန်းလဲ အဖေရယ်၊ မျှစ်စို့ကြီးက သူ့ထိပ်မှာ ချွန်ချွန်ကြီးနဲ့ဆိုတော့ မြေကြီးကို ခွဲထွက်နိုင်တာပေါ့၊ မှိုဆိုရင် အချွန်မပါဘဲ ထိပ်တုံးတုံးကြီးနဲ့တောင် မြေကြီးထဲက ထွက်နိုင်သေးတာပဲ အဖေရ”

❒ ကျော်လင်းထွန်း (ရွှေထင်)



**မင်းက တစ်ခမောင့်**

မြေးအဖိုးနှစ်ယောက်တို့ နံနက်ပိုင်း လက်ဖက်ရည်ဆိုင်မှ ပြန်လာကြသည်။ အိမ်ရှေ့သို့ရောက်သော် အစောပိုင်းက သန့်ရှင်းရေးလုပ်ခဲ့သည့် အိမ်ရှေ့လမ်းမပေါ်တွင် ခွေးများစွန့်ထားသည့် မစင်ပုံကို တွေ့လိုက်ရသည်။

အဘိုးဖြစ်သူမှာ စိတ်တိုစွာဖြင့် . . .

“တောက်. . . ဒီခွေးတွေတော့ကွာ၊ စောစောစီးစီး ငါ ကော်တုတ်လိုက်ရ မကောင်းရှိရောမယ်”

မြေးဖြစ်သူစကားကြောင့် စိတ်ဆိုးရခက် ရယ်ရခက်ဖြစ်သွားလေ၏။

“အဘိုးကလဲဗျာ ခုနလေးတင် လက်ဖက်ရည်နဲ့မုန့် စားလာပြီးတော့”

❒ ကျော်လင်းထွန်း (ရွှေထင်)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်မော ဟာသများ



**ချစ်လှစွာသော စားစာခံ**

လင်မယားနှစ်ယောက် ဈေးကြီးသော စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာ ဝင်စားကြသည်။ စားသောက်ပြီး၍ ငွေရှင်းသောအခါ ပိုက်ဆံအိတ် ကျန်ခဲ့သည်ကို သိလိုက်ကြရသည်။ ယောကျ်ားက ဆိုင်ရှင်ကိုပြောလိုက်သည်။

"ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ ကျွန်တော့်မိန်းမကို ဒီဆိုင်မှာ ထားခဲ့မယ်၊ အိမ်ပြန်ပြီး ပိုက်ဆံယူလိုက်ဦးမယ်၊ အိမ်ကလဲ သိပ်မဝေးပါဘူး"

"မလုပ်ပါနဲ့ဗျာ၊ တခြားပစ္စည်း၊ နာရီဖြစ်ဖြစ် တစ်ခုခုထားခဲ့ပါလား"

"ဟာ မိန်းမတစ်ယောက်လုံး ထားခဲ့မှာတောင် မလုံလောက်ဘူးလား"

"စိတ်မရှိပါနဲ့၊ ဒီလိုပါ၊ တစ်ခါတုန်းက ခင်ဗျားလိုလူတစ်ယောက်ကြောင့် ဒီလိုနည်းနဲ့ပဲ ကျုပ် မိန်းမတစ်ယောက် ရခဲ့ဖူးလို့ပါ" ❐ ညွန့်ဆွေဝင်း



**ကယ်တော်မူကြပါ**

"ကယ်တော်မူကြပါ"

ညအချိန်မတော် ယောကျ်ားက လန့်၍အော်ရာ အသံမှာကျယ်လောင်လှသည်။ ကြည့်လိုက်ရာ အိပ်ရင်းယောင်နေမှန်း သိလိုက်သဖြင့် မိန်းမက လှုပ်နှိုးလိုက်သည်။

"ရှင် ဘာဖြစ်နေတာလဲ"

"အိပ်မက် မက်နေတာ၊ အိပ်မက်က ဆိုးလို့"

"ဘာတွေ မက်နေလို့လဲ"

"အိပ်မက်ထဲမှာ ငါ နောက်ထပ်တစ်ခါ လက်ထပ်ပြန်သတဲ့၊ လက်ထပ်တဲ့မိန်းမက မင်းပဲဖြစ်နေလို့ပေါ့" ❐ ညွန့်ဆွေဝင်း



**တစ်ချိန်တုန်းက ကျေးဇူးရှင်**

ခင်ပွန်းဖြစ်သူ အိမ်သို့ပြန်လာသောအခါ ခန်းဆီးနောက်ကွယ်၌ ဖိနပ်မပါဘဲ ရပ်နေသည့် ခြေထောက်နှစ်ဖက်ကို တွေ့လိုက်ရသည်။ ဇနီးဖြစ်သူကို ဒေါသတကြီး မေးလိုက်သည်။

"ဟေ့ မိန်းမ၊ ဒါက ဘာသဘောလဲကွ"

"မောင်. . မောင်တို့ ခင်တို့ကို တယ်လီဖုန်းရအောင် ဘယ်သူလုပ်ပေးတာလဲ"

"မင်းကို ငါမေးနေတာ တယ်လီဖုန်းအကြောင်း မဟုတ်ဘူး၊ ဒီခြေထောက်နှစ်ချောင်းကို မေးနေတာ"

"မောင်တို့ ခင်တို့ကို ကားပါမစ်ကျအောင် ဘယ်သူလုပ်ပေးတာလဲ၊ မောင် သိတယ် မဟုတ်လား"

"မော်တော်ကားအကြောင်း ငါမေးနေတာ မဟုတ်ဘူး"

"မောင် ရာထူးတိုးအောင် ဘယ်သူ လုပ်ပေးတာလဲ"

"ငါမေးနေတာ ငါတို့ တိုးတက်ကြီးပွားအောင် လုပ်ပေးတဲ့ ကျေးဇူးတွေ အကြောင်းမဟုတ်ဘူး၊ ငါတို့ရဲ့ ကျေးဇူးရှင်ကြီး ဘာဖြစ်လို့ ဖိနပ်မပါဘဲ ရပ်နေသလဲဆိုတာ မေးနေတာကွ" ❐ ညွန့်ဆွေဝင်း



www.burmeseclassic.com

www.burmeseclassic.com

# လင့်အရသာ

**ကိုရွှေတောသား**



ဒေါ်ချက်စူသည် အဝတ်ထုပ်ကြီး ခေါင်းရွက်လျက် အိမ်ပေါ်သို့ လှမ်းတက်လာသော သမီးဖြစ်သူ ငွေလှကို ကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေ၏။

"ဟင်း. . . ထစ်ခနဲရှိ မအေ့အိမ်ဆင်းလာခဲ့တာချည်းပဲ၊ ခုလဲ သင်းလင်ညွန့်တင်နဲ့ ဘာဖြစ်လာပြန်လဲ မသိဘူး၊ ဪ. . . သမီးမိန်းကလေးများ မွေးရတာ တော်တော်လဲ ခက်ပါကလား၊ မအေလုပ်တဲ့ ငါ့မှာတော့ ဝမ်းရေစပ်တာပဲ အဖတ်တင်တယ်"

အတန်တန် အုပ်စီးထားသည့်ကြားမှ သမီးငွေလှတစ်ယောက် ရွာချင်းကပ်လျက်ရှိသော ရန်ကုန်ပေါက်ရွာမှ ညွန့်တင်နှင့် ခိုးရာလိုက်ပြေးသွားခဲ့သည်။

"ကိုယ့်သမီးမို့ ကိုယ်ပြောတာမဟုတ်ပါဘူး၊ ကောင်မကိုက လင်ကိုအင်မတန်လိုချင်နေတာ၊ ရန်ကုန်ပေါက်ညွန့်တင်နဲ့ လိုက်မပြေးရင်လဲ ပိတ်စွယ်က သာဂေါင်တို့၊ ရွှေပန်းတောက မုဆိုးဖို ငြိမ်းမောင်တို့၊ ဝက်ချုပ်က တစ်ခုလပ်စိန်လင်းတို့နဲ့ တစ်ယောက်မဟုတ် တ... ယောက်ယောက်နဲ့တော့ လိုက်ပြေးမ... ကောင်မ။

ဟင်း- ခု လိုချင်လွန်းလှတဲ့... ဘယ့်နှယ် တော်တော်ကလေး အရ... တွေ့ရဲ့ မဟုတ်သား၊ ဒီလောက်တော... မအေလုပ်တဲ့သူက ကြည့်မရပါဘူးဆို... ရန်ကုန်ပေါက်သား ညွန့်တင်ကို သင်း... ဘာမက်လို့ လိုက်သွားခဲ့တယ် ... ဘူး၊ ခု မအေအိမ်ကို ပြန်ဆင်းလ... ပြီ၊ ဟင်း. . . ခေတ်ကာလသမီး...





www.burmeseclassic.com

www.burmeseclassic.com

ခုမြင် ခုကြိုက် ခုလိုက် ခုကွဲ၊ တယ်လဲ ရင်ရှုပ်စရာ ကောင်းလှပါကလား”

ဒေါ်ချက်စူက လင့်အပူမိနေသော သမီးငွေလှကို ကြည့်ရင်း ရင်တွင်းစကားတွေ ဆိုနေမိသည်။

“ဟင်း. . . မအေအိမ်မှာ နေခဲ့တုန်းကဆို ကြောလို့မော့လို့ သနပ်ခါးဆိုခြေဆုံးခေါင်းဖျားလိမ်းလို့၊ အလုပ်ဆိုလဲ ဘာများ ပင်ပင်ပန်းပန်း လုပ်ရလို့လဲ၊ မအေလုပ်တဲ့သူက ကိုယ့်သမီးလေး အလှပျက်မှာစိုးလို့ ကောက်စိုက်တောင် မဆင်းခိုင်းဘူး၊ ချက်တာပြုတ်တာလေးတွေလောက်နဲ့ အကြွေးတွေလောက်ပဲ သိမ်းခိုင်းခဲ့တာ၊ ခုတော့လဲ အနေအထိုင်က စုတ်တီးစုတ်ချာ၊ ဝတ်စားထားတာတွေကလဲ ဖိုသီဖတ်သီ၊ ဒီတော့လဲ လင်ယောကျ်ားဆိုတဲ့ အကောင်မျိုးက သားစိတ် မယားစိတ်ခန်းပြီး ပြဿနာရှာမှာပေါ့၊ ငွေလှကလဲ ငွေလှ၊ ညွှန့်တင်ကလဲ ညွှန့်တင်”

ဒေါ်ချက်စူအဖို့ ညွှန့်တင်ကို ဘယ်သောဘယ်ခါ ဘယ်ကာလဆီကမှ သမက်တော်ဖို့အရေး စိတ်ကူးထဲ၌ ယောင်လို့ပင် မတွေးခဲ့။ ဒေါ်ချက်စူ၏ အစ်မ ဒေါ်ဝက်ဖြူက ရန်ကုန်ပေါက်က တစ်ယောက်နှင့် အိမ်ထောင်ကျသည်မို့ ရန်ကုန်ပေါက်သည် ဒေါ်ချက်စူအတွက် နှစ်ရွာတစ်ရွာဆိုလျှင် မမှားတော့။ လွန်လေပြီးသော နှစ်(၂၀)ကျော်ကာလ တတည်းက အစ်မဒေါ်ဝက်ဖြူထံ သွားရောက်နေထိုင်ဖူးတော့ မျက်စောင်းထိုးအိမ်တွင်ရှိသော (နောင်တစ်ချိန် သမက်ဖြစ်လာလတ္တံ့သော) ညွှန့်တင်ကလေး အကြောင်းကို အူမချေးခါး အကုန်သိနေခဲ့၏။

“ဒီမယ် ငွေလှ၊ ညည်းလင် ညွှန့်တင်အကြောင်း ညည်းဟာ ငါ့လောက် ခရေစေ့တွင်းကျ သိနိုင်မယ်မထင်နဲ့၊ သင်းဟာ ကလေးဘဝကတည်းက ငါ့မျက်စိအောက်မှာ ကြီးလာတဲ့အကောင်၊ ဟွန်းဟွန်း. . ငယ်ငယ်ကလေးတည်းက ဘာပေသလဲ ဘာတေသလဲ မမေးနဲ့၊ ရွာထဲမယ် ကလေးတွေ ကျွက်စီ ကျွက်စီနဲ့ ငိုယိုကြ ဆူညံကုန်ကြရင် ဘယ်သူ့လက်ချက်လဲဆိုတာ သွားမမေးနဲ့၊ ညွှန့်တင်မှ ညွှန့်တင်အစစ်”

“သူက အဲသလောက် ဆိုးလို့လား အမေရဲ့”

“အောင်မယ်လေးဟယ် ဆိုးလိုက်တာမှ တာတေကို လန်နေတာပဲ၊ သူနဲ့ တန်းတူရွယ်တူတွေ ကစားကြပြီဆိုရင် ရန်မဖြစ်ဘူးဆိုတာကို မရှိဘူး၊ ပွဲသိမ်းရင်လဲ ရန်ပွဲကလေးနဲ့မှသိမ်းတာ၊ သူ့ထက်နည်းနည်းငယ်တဲ့ ကလေးတွေဆိုရင် အင်မတန်မှ ဗိုလ်ကျတတ်တာကလား၊ သူ့ထက်ကြီးပြီး သူမနိုင်ဘူးဆိုရင် တစ်နေရာရာကနေ ပုန်းအောင်းပြီး ခွနဲ့ ပစ်တတ်တာလဲ ညွှန့်တင်ပဲ။

တစ်ခါတုန်းကဆိုရင် ငါတို့ခြံထဲမှာ စိုက်ထားတဲ့ ဘူးသီးကိုလာခိုးတယ်၊ ကြက်နဲ့ရောချက်မယ်ပေါ့လေ၊ ချက်မယ့်ကြက်ကလဲ အရီးမယ်တင့်တို့အိမ်က ကြက်၊ ငါတို့ခြံထဲက ဘူးသီးကို ရိုးရိုးတန်းတန်း ခိုးတယ်ဆိုရင် ခွင့်လွှတ်နိုင်စရာ ရှိသေး၊ သင်းလုပ်ပုံက စင်မှာ အလောတော်သီးနေတဲ့ဘူးသီးသုံးလုံးကို တစ်လုံးစီရဲ့ ခါးလယ်ကနေ တစ်ပိုင်းစီ တစ်ပိုင်းစီ ဖြတ်သွားတာ၊ ငါ့ခဲအို ကိုသာခင်ဆို ထမ်းပိုးနဲ့သွားရိုက်ပါ့မယ်လုပ်လို့ မနည်းကို ဆွဲထားခဲ့ရတယ်။

ငါကလဲ ကိုယ့်ခဲအို ထောင်ကျမှာစိုးလို့ ဆွဲခဲ့တာ၊ ခုလိုများ သမက်တော်ရမယ်ဆိုတာ ကြိုသိရင် အဲဒီတုန်းက မဆွဲပေါင်၊ ထမ်းပိုးအစား ငှက်ကြီးတောင်ကိုတောင် လဲထည့်ပေးလိုက်ချင်ရဲ့အေ”

သည်မျှအထိ သမက်ဖြစ်လာမည့် ညွှန့်တင်အပေါ် ဒေါ်ချက်စူမကျေနပ်ပါချေ။

“လူပျိုကြီးဖားဖားဖြစ်ပြီး ကာလသားအရွယ် ရောက်လာတဲ့အခါမှာလဲ အချိုးပြင်မလား မှတ်ပါတယ်၊ ကျည်တောက် ရှာမတွေ့တဲ့ ခွေးမြီးကောက်လိုပဲ၊ ကောင်းတဲ့ဘက်မှာ လုံးဝမရှိဘူး၊ အရက်ကလေးတမြ... ဘန်းရည...လေးတထွေထွေနဲ့ အသ...ကာလ...ညှိပြီး ဖဲရိုက်လိုရိုက်၊ ချိန်...း...တွေ...ပြီး ကြက်တိုက်လိုတိုက်၊ ...ဖ...တ်ဝန်း...နှလို လှန်နဲ့ မဟုတ်တဲ့ဘ...မှာတော့ ဘိပ်ပဲ၊ ညည်းနှယ်အေ ဒီလိုအကောင်နဲ့မှ ဖူးစာသွားဖက်ရတယ်လို့၊ သင်း ညည်းအပေါ် ဘာတစ်ခု ကောင်းလို့လဲ”

“ညားခါစတုန်းကတော့ ကောင်းပါတယ် အမေရယ်၊ အဲ ညားပြီး တစ်နှစ်ကျော်ကြာမှ မကောင်းတော့တာ အမေရဲ့၊ မကောင်းတော့တာ ဟီး ဟီး ဟီး၊ အရက်ကလဲသောက်လိုက်တာမှ နေ့မလင်း ညမလင်း”

သမီးငွေလှ၏ သောကကို မြင်ရပြန်တော့လည်း ဒေါ်ချက်စူ ရင်ထဲတွင် မချိ။ သူမကိုယ်တိုင်လည်း ငွေလှအဖေ ကစော်သမားမယား ဖြစ်ခဲ့ရသည်မို့ မိန်းမသားချင်း ကိုယ်ချင်းစာစိတ်တွေ ဝင်လာလေတော့၏။

“အရက်သမားတွေရဲ့ ကြောက်စရာအကောင်းဆုံး အချိန်ဟာ ဘယ်အချိန်တဲ့လဲ သမီး”

“ညဘက် အိမ်ပြန်အိပ်ချိန်ပေါ့ အမေရယ်၊ မူးမူးရူးရူးနဲ့ လူမှန်းမသိ သူမှန်းမသိ၊ ပုဆိုးကျွတ် ဘာကျွတ်”

“ဟုတ်တယ် သမီး၊ ဟုတ်တယ်၊ အမေလဲ ညည်းအဖေ အရက်သမားရဲ့ ဒဏ်ကို အတော်ကလေးလိမ့်နေအောင် ခံခဲ့ရတယ်၊ အရက်သမားများ သူတို့ရဲ့ လိုဘကိုသာ သိတတ်ကြတာ၊ သူတို့ လိုချင်တာ မပေးဘူးဆိုရင် အရစ်ကရှည်ပြီး တစ်ခါတလေ လက်ကတောင် ပါလိုက်သေး၊

ညည်းလဲ အဲသလိုမျိုး အရက်သမားဒဏ် ခံရမှာပဲ၊ သေနာကျ ကာလနာ မြွေပွေးကိုက် ညွှန့်တင် ဟင်း ဟင်း၊ သင်းတော့လား အန်ဖတ်ဆို့ပြီး ဗိန္ဓောဆရာ ကြွမလာခင်မှာတင် မျက်ဖြူဆိုက်သွားပါစေတော်၊ ညည်းလဲ ဒီအရက်သမားကို ပေါင်းမနေနဲ့တော့၊ ဒီမှာပဲနေ သင်း ကာလနာတိုက်သွားတော့မှ





www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဌသား မယားတရူး မောင်ထက်နဲ့ ပေးစားမယ်"

"အဟင့် ဟင့် ဟင့် ရွတ်"

ဒေါ်ချက်စူ၏ နှစ်သိမ့်စကား၌ ဘာများ ဝမ်းနည်းစရာ ပါသွားလေသလဲ မသိ၊ ငွေလှခမျာမတော့ မျက်ရည်တွေ ကျရင်း နှပ်တွေထွက်လို့။

"နေစမ်းပါဦး ငွေလှ၊ ဒီကောင် ညွှန့်တင် ညည်းကိုဘယ်လောက်တောင် နှိပ်စက်သလဲ၊ ပြောစမ်း၊ ဘယ်လိုရိုက်သလဲ၊ ညှဉ်းဆဲသလဲ၊ ညည်းကို ဂရုမစိုက်ဘဲ သင်း လျှောက်လုပ်ချင်တာတွေ လျှောက်လုပ်တယ် မဟုတ်လား"

ဒေါ်ချက်စူ၏အမေးကို ငွေလှက ချက်ချင်းမဖြေ။

ခေါင်းကိုငုံ့၍ ကြမ်းပြင်ကိုသာ အကြောင်းမဲ့ ငေးကြည့်၍ ဘာတွေများ တောင်တောင်အီအီ စဉ်းစားနေလေသည် မသိ။

"ဟဲ့ ကောင်မ၊ ငါမေးနေတယ်လေ၊ မေးနေတယ်ဟဲ့၊ လင်အပူက ခုထိ မိတုန်းပဲလား၊ ပြောစမ်း ပြောစမ်း"

"ဟုတ်ပါတယ် အမေရယ်၊ ကိုညွှန့်တင်လေ ကိုညွှန့်တင် တစ်နေ့လုံး အရက်တွေလည်သောက်တယ်၊သောက်တာမှ နေ့စဉ်ရက်ဆက် အမေရဲ့၊ နေ့စဉ်ရက်ဆက်ပြီးတော့ ညအတော်မှောင်မှ အိမ်ကို သိုင်းကွက်နင်းပြီး ရောက်လာတယ်"

"အေး သိတယ်၊ ငါ သိတယ်၊ ငါလဲ အရက်သမားမယား ဖြစ်ခဲ့တာပဲ၊ ဒီ အရက်သမားတွေဆိုတာ ဒီလိုပဲ၊ ဒါထက် အိမ်ပြန်ရောက်တာနဲ့ မူးမူးရူးရူး ဖြစ်ပြီး ညည်းကို ဆဲလိုက်ဆိုလိုက် ရိုက်လိုက် နှက်လိုက် လုပ်တာရော မဟုတ်လား"

ဒေါ်ချက်စူက အားမလို အားမရဖြစ်ရင်း စကားဝင်၍ထောက်သည်။ ပြီးတော့ မေးသည်။

"ဟဲ့ ပြောစမ်း"

"ဟင့်အင်း ဟင့်အင်း မဟုတ်သေးဘူး အမေ"

ငွေလှက ခေါင်းကို ခါယမ်း၍ အဖြေပေးသည်။

"ဟဲ့ ဘာမဟုတ်တာလဲ၊ ရှင်းရှင်း ပြောစမ်းအေ"

"အဟင့် အဟင့် အမေ ပြောသလို အမေ့သမက် ကိုညွှန့်တင်က မူးရူးပြီး ညအချိန်မတော် အိမ်ကို ပြန်ရောက်လာတဲ့အချိန်မှာ ကျွန်မကို ရိုက်နှက်ဆဲဆိုနိုင်လောက်တဲ့ သတိကလေး အသိကလေး ရှိနေသေးရင် တော်သေးတာပေါ့ အမေရယ်။

ခုဟာက ကျွန်မကို ဆဲဆိုဖို့ ရိုက်နှက်ဖို့နေနေသာသာ ဘာဆိုဘာမှမလုပ်နိုင်တော့လောက်အောင် အသေကောင်ကြီးလို ပစ်လှဲချပြီး တခေါခေါ အိပ်သွားတာ အမေရဲ့"

"ဒါများအေ ဘာဝမ်းနည်းစရာ ရှိလို့လဲ"

"ဝမ်းနည်းတာပေါ့ အမေရယ်၊ လင်ယူထားတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ညတိုင်း ဒီလိုချည်း ဘာမှမလုပ်နိုင်လောက်အောင် သေသေနေတော့ ကျွန်မအဖို့ အသေကောင်ကြီးကို လင်လုပ်နေရတာ၊ ရိုက်နှက်ညှဉ်းဆဲခံရတာထက်တောင် ဆိုးပါတယ် အမေ။

ဒါကြောင့် ဆက်ပေါင်းလဲဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်တော့လို့ အမေ့အိမ် ဆင်းလာခဲ့တာပေါ့၊ သင်း ကာလနာတိုက်ပြီး အမေပေးစားတဲ့သူနဲ့ ယူမှပဲ ကျွန်မ လိုတာတွေ ပြည့်စုံတော့မှာပါ အမေရယ်၊ အဟင့် အဟင့်. . ."

ငွေလှ၏ စကားဆုံးတော့ ဒေါ်ချက်စူခမျာ ဘာကိုသဘောပေါက်သွားလေသည် မသိ၊ ပြုံးယောင်သန်းလာရင်း . . .

"အဟီး. . . ညည်းပြောတာလဲ ဟုတ်သားပဲအေ့" ဟု စကားဆိုရင်း အပါးမှထွက်ခွာသွားလေတော့သတည်း။

မြို့မေတ္တာခံယူမယ့်
□ ကိုရွှေတောသား


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**အထူးသတိပြုရန်**

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ၊ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးလှသော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ၁၀၁၀ ပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ် ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

# အဲဒါလို့ဆိုရင်တော့ သေပြီဆရာ

အောင်စိုး(ပြည်)




ဆိတ်သားသည်မိန်းမက ကျွန်တော့်ကို တစာစာနှင့် တောင်းတောင်းပန်ပန် အော်ခေါ်နေသည့်တိုင် ကျွန်တော် လှည့်မကြည့်တော့။ အနောက်ကို ပြန်လှည့်ကြည့်ဝံ့လောက်သောသတ္တိလည်း ကျွန်တော့်မှာ မရှိတော့ပြီ။ ကိုယ့်ကိုယ်ကိုယ် မှန်ထဲမကြည့်ရသည့်တိုင် ကျွန်တော့်မျက်နှာ နီနေလောက်ပြီကို မှန်းဆမိ၏။

ဆိတ်သားသည်မိန်းမကလည်း အလိုက်ကန်းဆိုးသိပုံမပေါ်၊ တကြော်ကြော်နှင့်သာ အော်ခေါ်နေတော့သည်။ ဘာကြောင့် ကျွန်တော် ပြန်မလှည့်တော့သည်ကိုပင် သိပုံမပေါ်။ သူ့ပစ္စည်းရောင်းရဖို့လောက်သာ စိတ်ထဲရှိပုံရပါသည်။ ပြီးတော့ ဆိတ်သားရုံထဲမှာက သူတစ်သည်တည်း မဟုတ်။ သူကဲ့သို့ ဆိတ်သားရောင်းသူ မိန်းမလေးငါးဦးရှိသလို ကျွန်တော်ကဲ့သို့ ဆိတ်သားဝယ်ရန် ရောက်ရှိနေကြသူများကလည်း ခုနစ်ဦး၊ ရှစ်ဦးထက် မနည်း။

ကျွန်တော်ကား ဆိတ်သားရုံ၏ ဝင်ပေါက်ထွက်ပေါက်ရှိ ဆုံလည်တံခါးကို တွန်းတွန်းတိုက်တိုက် ဖြတ်သန်းကာ သွက်လက်သော ခြေလှမ်းများဖြင့် ဈေးကြီးအပြင်ဘက်ရှိ ထိုင်နေကျ စိန်လက်ဖက်ရည်ဆိုင်သို့ ရောက်ပြီး ဆိတ်သားသည်မ၏ တစာစာအော်သံ မကြားရတော့မှ စိတ်ပေါ့ပါးသွားတော့သည်။ ဒါတောင် မတော်တဆ အနောက်က များ လိုက်လာလေမည်လားဟု စိတ်မောနေမိသေးတော့သည်။

ယနေ့နံနက် ထိုင်နေကျ ကျွန်တော့်အပေါင်းအသင်းများတစ်ယောက်မျှ ဆိုင်သို့မရောက်နိုင်ကြသေးသည်ကပင် တော်ပေသေးတော့သည်။ သို့နှင့် လက်ဖက်ရည်ပုံမှန်တစ်ခွက် မှာသောက်ရင်း စိတ်အမောပြေကာမှ ပြန်ထပြီး ဈေးကြီးအပြင်ဘက်တန်းကို နှစ်ခေါက်သုံးခေါက်အပြန်ပြန်အလှန်လှန်လျှောက်ရင်း ကိုယ်ကြိုက်တတ်သည့် အညာစာ ဟင်းသီးဟင်းရွက်လေးများဖြစ်သော ဂုံရွက်၊ တစောင်းခါး၊ တံစောင်းချဉ်၊ စောင်ကြမ်းချဉ် စသည်တို့ကို ဝယ်ကာ ဒီနေ့တော့ သက်သတ်လွတ်ပဲ စားတော့မည်ဟု ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤမြို့ကလေးသို့ ကျွန်တော် ဝန်ထမ်းဖြစ်စကတည်းက ရောက်ဖူးနေခြင်းဖြစ်သည်။ အညာမြို့လေးပါ။ ရေနံမြေအလုပ်သမားများ မြို့တော်ဟုခေါ်လျှင်လည်း မှားမည် မထင်။ မြန်မာ့သမိုင်းထဲကအထင်ကရ ရေနံမြေသပိတ်ကြီး ပေါက်ဖွားခဲ့ရာ ဒေသ၊ အထင်ကရ ရုပ်ရှင်ကားကြီးဖြစ်သော တိုက်ပွဲခေါ်သံကဲ့သို့သော ဇာတ်ကားကြီး ရိုက်ကူးခဲ့ရာ မြို့ကလေးပါ။

သာယာလှပသော တောင်ကုန်းကလေးများပေါ်တွင် အင်္ဂလိပ် ဗြိတိသျှတို့က ဘိုအိမ်လုံးကြီးဆောက်ကာ နေထိုင်ခဲ့ကြလေသည်။ တောင်ကုန်းများပေါ်တွင် ဆောက်ထားသော ဘိုအိမ်လုံးကြီးများမှာလည်း နွေအခါ အေး၍ ဆောင်းအခါ နွေးအောင် စီမံဆောက်လုပ်ထားကြသည်ဟု သိရလေသည်။

မြို့က အပူပိုင်းမြို့တစ်မြို့ ဖြစ်သော်လည်း စားသောက်ဖွယ်ရာအသားငါးနှင့် အသီးအနှံများက အလွန်ပေါလှသည့် မြို့လေးလည်းဖြစ်သည်။ တမာရွက် တို့စရာနှင့် ချောက်ပုန်းရည်ကြီးကလည်း နာမည်ကြီးလှသည်။ ထို့ပြင် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိသည့်အတွက် မြစ်ပုစွန်ဆိတ်သေးသေး၊ မြစ်ငါးသေးသေးမှစ၍ ခုတ်သား ဟုခေါ်သော ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်စသည့် မြစ်ငါးကြီးများ၊ မြစ်ပုစွန်တုပ်ကြီးများလည်း ရှိသည်။ ဆိတ်သား၊ အမဲသား၊ ဆိတ်ကလီစာတို့လည်း သန့်သန့်ရသည်။

များသောအားဖြင့် ရန်ကုန်မှ ချောက်မြို့သို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များကို ထမင်းဆိုင်သို့ လိုက်ကျွေးလျှင် အစားများသော ဟင်းလျာမှာဆိတ်ကလီစာဟင်းပင်ဖြစ်သည်။ ဒီက ဆိတ်ကလီစာဟင်းနှင့် ရန်ကုန်က ဆိတ်ကလီစာဟင်းတို့က အရသာချင်း မတူပါတဲ့လေ။ ထားပါတော့၊ ဒါကတော့ ကြုံကြိုက်လို့ တစေ့တစောင်း တင်ပြခြင်းမျှသာပါ။

ကျွန်တော် ယနေ့နံနက် အချိန် ချောက်ဈေးကြီးသို့ ဈေးဝယ်ရောက်ရှိရသည့် အကြောင်းရင်းကိုလည်း ရှင်းပါအုံး။ ကျွန်တော့်အနေဖြင့် ဤချောက်ဈေးကြီးသို့ ဟိုးယခင်အခါများကလည်း ဈေးဝယ် ရောက်ဖူးခဲ့ပါသည်။ ဈေးအတွင်းက နာမည်ကြီးလှသော မတင်ဝင်း၏ ခေါက်ဆွဲသုပ်နှင့် နန်းကြီးသုပ်ဆိုင်မှာလည်း ထိုင်ဖူးခဲ့ပါသည်။

သို့သော် ထိုစဉ်က ကြင်စဦးဇနီးသည်က ဈေးအတွင်း ဈေးဝယ်နေခိုက် ကျွန်တော့်မှာ များသောအားဖြင့် ဈေးအပြင်ဘက်ရှိ စိန်လက်ဖက်ရည်ဆိုင်တွင် အပေါင်းအသင်းများဖြစ်သော ဦးမင်းသိမ်း၊ ဦးသန်းဦး၊ ဦးရဲလွင် (ဥပဒေ အရာရှိများ) တရားရုံးချုပ်ရှေ့နေများဖြစ်သော လူပျိုကြီး ဦးဇော်ဝင်း၊ ဦးနေမျိုးကျော် အစရှိသူတို့နှင့် ထိုင်ရင်း တွေ့ရာလေးပါး ရုံးမှ အတွေ့အကြုံလေးများကို ပြောကြဆိုကြရင်း ဇနီးဖြစ်သူ ဈေးဝယ်ပြီးချိန်ကိုစောင့်ကာ အတူပြန်ကြခြင်းကသာများလေသည်။ ဈေးကြီးအပြင်ဘက် ဟင်းသီးဟင်းရွက်ရောင်းသော အတန်းများနှင့် ဈေးအတွင်းသို့ ရံဖန်ရံခါရောက်ဖူးခဲ့သော်လည်း ယခု ကျွန်တော်အဝယ်ရောက်ရာ ဆိတ်သားရုံအတွင်းကိုတော့ ယခုအကြိမ်သည် ပထမဦးဆုံး ရောက်ခဲ့ဖူးခြင်းပါပေ။ အမှန်ကတော့ ယနေ့ ဈေးဝယ်ရာသို့ ဇနီးဖြစ်သူ အတူလိုက်ပါရန်ဖြစ်သော်လည်း ဈေးလာခါနီးတွင်မှ ရွှေသူဌေးကျွန်းရပ်နေ အစ်မဖြစ်သူ ရုတ်တရက် နေမကောင်းဖြစ်သောကြောင့် မလိုက်ဖြစ်တော့ခြင်းက ကျွန်တော့် တစ်ကိုယ်တည်း အဝယ်တော်ထွက်လာရခြင်း၏ အကြောင်းရင်းပင်ဖြစ်လေတော့သည်။

ယနေ့ကျမှ ကျွန်တော် အဘယ်ကြောင့် ဆိတ်သားရုံသို့ ဈေးဝယ်လာရောက်ခဲ့ရသည်ဆိုသည်ကိုလည်း ထပ်မံရှင်းပါဦးမည်။ အကြောင်းကား ရန်ကုန်မြို့နေ ကျွန်တော်၏ ပြောမနာ ဆိုမနာငယ်သူငယ်ချင်းတစ်ဦးဖြစ်သူက ကျွန်တော် တာဝန်ကျရာ ချောက်မြို့သို့ နောက်တစ်နေ့တွင် အလည်အပတ်လာရောက်မည် ဖြစ်သောကြောင့် သူငယ်ချင်းဖြစ်သူ ကိုရွှေရန်ကုန်သားဧည့်သည်ကို အညာဒေသ အစားအသောက်ကလေးများဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးလိုသည်ကတစ်ကြောင်း၊ ကြင်စဦး ဇနီးဖြစ်သူ၏ ဟင်းချက်လက်ရာကလေးများကိုကြွားလိုသည်ကလည်း တစ်ကြောင်းကြောင့် ဖြစ်လေသည်။

ထိုနေ့က ကျွန်တော် ဈေးကအပြန် နေမကောင်းသော မရီးဖြစ်သူ အိမ်သို့ ဆက်၍လိုက်သွားခဲ့ရာ မရီး၏ အိမ်သို့ ရောက်သောအခါ မရီးဖြစ်သူမှာ သက်သာသွားပြီဖြစ်ကြောင်း သိရပြီး ညနေပိုင်းမှာတော့ ကျွန်တော့်မယားညီအစ်ကိုနှင့် မရီးကို နှုတ်ဆက်ပြီး ကျွန်တော်တို့ အိမ်ငှားနေထိုင်ရာ တောင်ရပ်စာရေးတန်းကို ပြန်ခဲ့တော့သည်။ လမ်းတွင် ဇနီးဖြစ်သူက သူမပါဘဲ ကျွန်တော်တစ်ကိုယ်တည်း ဈေးဝယ်သွားခြင်းအပေါ် "အဆင်ပြေရဲ့လား" ဟု မေးရာ ကျွန်တော် အမှန်အတိုင်း ဖြေ လိုက်တော့၏။

ထိုအခါမှ ဇနီးဖြစ်သူမှာ "ဟော တော့" ဟုရေရွတ်ရင်း အူတက်မတတ် ရယ်လေတော့သည်။ ရွှေသူဌေးကုန်း ကျွန်တော်တို့ နေထိုင်ရာ တောင်ရပ် စာရေးတန်းသို့ အပြန်လမ်းသည် အညာ မြို့များဖြစ်သည့် ရေနံချောင်း၊ ချောက် တို့၏ ထုံးစံအတိုင်း တောင်ကုန်းဆင် လျှောများမှ လမ်းသွယ်လေးများအတိုင်း ဆင်းရမည်ဖြစ်၍ အရယ်လွန်ပြီး မတော် တဆ ခြေချော်ကျမည်စိုးသောကြောင့် သတိပေးလိုက်ရသေး၏။

ဇနီးဖြစ်သူက အူတက်အောင် ရယ်မောနေသော်လည်း ကျွန်တော် ကား အနှီ ဆိတ်သားသည် မိန်းမ မျက်နှာသွင်ပြင်နှင့် ကျွန်တော့်အနော မှ အော်ခေါ်နေသည့် သူမ၏အသံ သာ မြင်ယောင်ကြားယောင်
၏။





www.burmeseclassic.com

www.burmeseclassic.com

တွေးလေ မျက်နှာနီလာလေ၊
တွေးလေ မျက်နှာနီလာလေပင်။

နောက်တစ်နေ့နံနက် ၁၀ နာရီခန့်တွင် ရန်ကုန် ကုန်စျေးတန်းလမ်းမှ ချောက်သို့ ထွက်လာသော မြေလတ်သားကားကြီး ချောက်မြို့ရှိ မြေလတ်သား ကားဂိတ်သို့ ဆိုက်ရောက်ပါလေတော့သည်။ ထိုစဉ်က ယခုကဲ့သို့ခေတ်မီလေအိတ်ကားကြီးများ မရှိကြသေးပေ။ ဟော ပါလာပါပြီ။ ကျေးဇူးရှင် ကျွန်တော့်သူငယ်ချင်း ပြုံးဖြဲဖြဲမျက်နှာနှင့် ကားပေါ်ကပင် မဆင်းရသေး။

"ဟေ့ကောင် အောင်စိုး၊ ငါချက်ခိုင်းထားတဲ့ဟင်း ချက်ထားပြီးပြီလား" တဲ့။ အသံပြကြီးနှင့်အော်နေတော့သည်။ ကျွန်တော်ကား ဘာမှပြန်မပြောဘဲ စိတ်ထဲကသာ ကျိန်ဆဲနေမိပါတော့သည်။ အိမ်ရောက်သောအခါတွင်မှ ပြောမည်ပေါ့။

သို့နှင့် အိမ်သို့ရောက်သောအခါ ခေတ္တခဏနား၊ ငယ်ငယ်က အကြောင်းတွေ စကားစမြည်ပြောကြကာ ရေမိုးချိုးပြီးသည့်နောက် ဇနီးဖြစ်သူ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြီး ပြင်ဆင်ပေးသော အညာဒေသ အစားအစာလေးများဖြင့် ထမင်းဝိုင်းတွင် ထိုင်ကြရင်း သူငယ်ချင်းဖြစ်သူအား . . .

"ကဲ ကျေးဇူးရှင် အားရပါးရ စားပေတော့၊ မင်းမှာတဲ့ဟင်းကို မင်းဘာသာ ကုန်အောင်သာ စားပေတော့ကွာ" ဟု ပြောကြားစဉ် ကျွန်တော့်ဇနီးဖြစ်သူမှ ယမန်နေ့က ကျွန်တော်ပြောပြသည့် ကိစ္စကို ပြန်စဉ်းစားမိပြီး ရယ်ချင်သလို ပြုံးတုံ့တုံ့ ဖြစ်နေသဖြင့် မျက်နှာရိပ်မျက်နှာကဲဖြင့်ပင် 'ဘာလဲ'ဟု ကျွန်တော့်ကို လှမ်းမေး၏။

နောက်ဆုံးတော့ ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းပင် ဖြစ်သော်ငြားလည်း ဘာမဟုတ်သည့် အကြောင်းနှင့် ကျွန်တော်တို့ဇနီးမောင်နှံအပေါ် အထင်လွဲမည်စိုးသောကြောင့် ကျွန်တော့်မှာ ရှင်းပြရတော့၏။

"ဒီလိုကွာ မင်းက ရန်ကုန်ကနေ ချောက်ကိုရောက်ရင် ဒီဟင်းနဲ့ စားချင်ပါတယ်လို့ ကြိုပြီးဖုန်းဆက်ထားလေတော့ ငါကလဲ သူငယ်ချင်းဖြစ်သူကို ရန်ကုန်မှာရှားပါးတဲ့ အညာဒေသအစားအသောက်လေးတွေ စားစေချင်တဲ့ စေတနာနဲ့ ငါကိုယ်တိုင် စျေးကိုသွားပြီး ဆိတ်သားရုံထဲဝင်ပြီး ဝယ်ရအောင်သွားခဲ့တာ၊ အဲဒီနေ့က ငါ့မိန်းမကလဲ စျေးလိုက်ဝယ်ဖို့ပေမယ့် သူ့အစ်မ ငါ့မရီးက ရုတ်တရက် နေမကောင်းဖြစ်တာနဲ့ သူက သူ့အစ်မဆီ သွားလိုက်ရတော့ သူမပါဘဲနဲ့ ငါတစ်ကိုယ်တည်း စျေးဝယ်ထွက်သွားတာ။

စျေးကြီးကို အပြင်ရော အတွင်းပါ မကြာခဏ ရောက်ဖူးခဲ့ပေမယ့် ဆိတ်သားရုံထဲကိုတော့ တစ်ခါမှမရောက်ဖူးဘူးကွာ၊ ဆိတ်သားရောင်းတာကလဲ မိန်းမတွေချည်းပဲဆိုတော့ မင်းစားချင်တဲ့ဟာကို မြန်မာလိုရော အင်္ဂလိပ်လိုပါ ပါးစပ်ကနေ ပြောမထွက်တာကြောင့် ဆိတ်သားရုံထဲရောက်တော့ ဆိတ်သားသည် မိန်းမရှေ့မှာ အဆင်သင့်တွေ့တာနဲ့ လက်ညှိုးလေးနဲ့ထိုးပြီး 'ဒါ ဘယ်စျေးလဲ' လို့ မေးလိုက်တာ၊

သူက 'တစ်ခုကို နှစ်ကျပ်ခွဲ' တဲ့ကွာ၊ တကယ်တမ်းကျတော့ စျေးက အဲဒီလောက်မရှိဘူး၊ ဆိတ်သားသည်မိန်းမက ဆိတ်သားရုံထဲမှာ ငါတစ်ခါမှ မဝယ်ဖူးတော့ ငါ့ကို မျက်နှာစိမ်းဆိုပြီး စျေးပိုပြောတာ၊ ငါကလဲ ငယ်ငယ်လေးကတည်းက စျေးဝယ်နေကျ စျေးဆစ်နေကျဆိုတော့ တစ်ခုကို ငါးမတ်မရဘူးလားလို့ စျေးကို ထက်ဝက်သွားဆစ်လိုက်မိတယ်။

အဲဒီတော့ ဆိတ်သားသည်မိန်းမက 'မရပါဘူးရှင်' လို့ ပြောတယ်၊ ငါကလဲ ပစ္စည်းမှန်ပေမယ့် စျေးကမမှန်တော့ သူ့ဆိုင်ကနေ ပြန်အလှည့်မှာ သူကလဲ သူ့ပစ္စည်းကို စျေးအလွန်အမင်းပိုပြောမိတော့ မရောင်းရတော့မှာကို စိုးရိမ်ပြီး အနောက်ကနေ ငါ့ကို အော်ခေါ်ပြီး သူပ ည်းကို ငါဆစ်တဲ့စျေးနဲ့ပဲ ယူသွားငေ ဆဲ ပြီး အော်ခေါ်ရောင်းတယ်ကွာ။

သူက အော်လေ ငါက ရှက်ပြီး သွက်သွက်လေးလျှောက်လေ၊ ငါက သွက်သွက်လျှောက်လေ သူက ငါ့အမူးလွန်နေတယ်ထင်ပြီး အော်လေပေါ့ကွာ၊ မင်း စဉ်းစားသာကြည့်တော့"

"အေးလေ၊ အဲလိုဆိုတော့ မင်းဆစ်တဲ့စျေး ရပြီပဲကွာ၊ မင်း ဝယ်လိုက်ရမှာပေါ့"

"မင်း ပြောသလိုတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူအော်ခေါ်တဲ့အချိန်မှာ ဆိတ်သားရုံထဲမှာ တခြားဆိတ်သားသည် မိန်းမတွေရော ဆိတ်သားဝယ်ဖို့ရောက်နေတဲ့ အမျိုးသား အမျိုးသမီးတွေရော၊ ရောင်းသူရော ဝယ်သူရော ဆို အားလုံး လူ ၁၂ ယောက် ၁၃ ယောက်လောက် ရှိမှာကွ၊ ပြီးတော့ ငါကလဲ ဒီမြို့မှာ အရာရှိပေါက်စ၊ ငါတို့ဌာနကလဲ အများပြည်သူနဲ့ ဆက်ဆံရတဲ့ ဌာနဆိုတော့ စျေးလာဝယ်သူတွေထဲမှာ ငါ့ကိုမြင်ဖူးတဲ့ မျက်နှာသိတွေ ပါလာခဲ့ရင် ငါ့ကို ဝိုင်းကြည့်မှဖြင့်အခက်ကွ၊ ပြီးတော့ သူအော်ခေါ်တဲ့ နာမည်ကြီးက ဒီမြို့မှာ တွင်သွားမှာစိုးတော့ ငါလဲ မဝယ်တော့ဘဲ ရှက်ရှက်နဲ့ ဆိတ်သားရုံထဲက ထွက်ပြေးခဲ့ရတာကွ၊ ငါက ရှက်လို့ နောက်ပြန်လှည့်မကြည့်လေ ဆိတ်သားရောင်းတဲ့မိန်းမက ငါ့ကိုထပ်ပြီး အော်ခေါ်လေပေါ့ကွာ၊ ငါ့ဖြင့် ရှက်လိုက်တာကွာ" ဟု ပြောရင်း စကားကို အဆုံးသတ်လိုက်တော့ သူငယ်ချင်းဖြစ်သူက ဆက်ပြီး . . .

"ဒါဖြင့် ဒီဟင်းကကော"

သူငယ်ချင်းက သူ့ရှေ့က မဆလာနံ့ သင်းပျံ့နေသော ဟင်းပန်းကန်ကို လက်ညှိုးလေးထိုးပြီး မေးပြန်သည်။

"အဲဒါက မင်းဆိုတဲ့အကောင် စားချင်လွန်းလှဆိုပြီး ချင်ခြင်းတပ် လှမ်းမှာတာမို့လို့ ထမင်းဆိုင်ကပဲ ဒီနေ့နံနက်မှ သွားဝယ်ပြီးကျွေးတာ သူငယ်ချင်းရေ"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ၊ အဲဒါကြောင့် ထင်တယ်၊ စားလို့တယ်ကောင်းပဲကိုး၊ ဒါနဲ့ ငါမရှင်းလို့ မင်းကို ဆိတ်သားရောင်းတဲ့ မိန်းမက နောက်က အော်ခေါ်တယ်ဆိုတော့ သူက မင်းကို ဘယ်လိုများ ခေါ်လို့လဲကွ"

ဩော် . . . ဒီအကောင် အေးအေးဆေးဆေး မစားတဲ့အကောင်။ ကျွန်တော်မပြောချင်သော စကား၊ ကျွန်တော့်ပါးစပ်က ထွက်ရမှာ ရှက်သော စကားကိုလာနှိုက်နေပြန်လေပြီ။ နောက်ဆုံး မေးလွန်းမက မေးတော့ ကျွန်တော် ဖြေလိုက်ရပါတော့သည်။

"ဒီလိုကွာ၊ သူက ငါ့ကိုအနောက်ကနေ အော်အော်ခေါ်ပြီး ရောင်းတာက . . ."

ဒီမှာတင် ကျွန်တော် ရယ်နေမိပြန်တော့သည်။

"ပြောပါကွာ" ဆိုပြီး သူငယ်ချင်းဖြစ်သူက သူ့ပါးစပ်ထဲ ထည့်မည့်ဇွန်းထဲက ထမင်းလုတ်ကို မထည့်သေးဘဲ ဇွန်းကလေးကို ကိုင်လျက်ဖြင့် ကျွန်တော့်မျက်နှာကို စူးစမ်းရင်း ထောက်ပေးနေပြန်သည်။

ကျွန်တော် ဆက်မပြောပြန်လျှင်လည်း ဒီကောင် ထမင်းဆက်စားတော့မည့် သဘော မရှိသဖြင့် ကျွန်တော် မပြောချင်သော ဆိတ်သားသည်မိန်းမ ကျွန်တော့်ကိုအော်ခေါ်ပြီး ရောင်းသည့် စကားကို ပြောချလိုက်သည်တွင် သူကလည်း ထိုအချိန်ကျမှ ဇွန်းထဲက ထမင်းကို သူ့ပါးစပ်ထဲ အထည့်နှင့် တိုက်ဆိုင်သွားသဖြင့် ကျွန်တော့်ပြောစကား ကြားလိုက်ရသည်နှင့် သူ့ပါးစပ်ဝနား ရောက်လာသော ဇွန်းထဲက ထမင်းများကို အပြင်သို့ အရှိန်ဖြင့် "ဟူး" ခနဲ မှုတ်ထုတ်လိုက်သည့်အလား ထမင်းစေ့များ ပြန့်ကျဲလွင့်စဉ်ထွက်သွားလေပြီ။ သူရော ကျွန်တော်ပါ အူတက်မတတ် တဝါးဝါး တဟားဟားနှင့် ရယ်မောလိုက်ကြရာ ဗိုက်ကြောများပင် နာနေကြသည့်တိုင် တော်တော်နှင့် အရယ်မရပ်နိုင်ကြတော့ပါ။ ဩော် . . ဆိတ်သားသည် မိန်းမက ကျွန်တော် သူ့ဆိုင်ကို ကျော်ခိုင်းလို့ အထွက်မှာ ကျွန်တော့်ကို အော်အော်ခေါ်ပြီး ရောင်းလိုက်တာက . . .

"ဝေ့းစေ့ဆရာ၊ ဒီမှာ ဝေ့းစေ့ဆရာ၊ ဆရာပြောတဲ့ဈေးနဲ့ ယူသွားပါဆရာ၊ ဒီမှာ ဝေ့းစေ့ဆရာရေ ယူသွားပါ ဝေ့းစေ့ဆရာပြောတဲ့ဈေးနဲ့ပဲ ယူသွားပါဆရာ" တဲ့။

မတော်လို့များ အဲဒီဆိတ်သားရဲ့ထဲမှာ ကျွန်တော့်ကို သိတဲ့မိတ်ဆွေတွေ ကျွန်တော့်ကို မြင်တွေ့ဖူးတဲ့ အမှုသည်တွေများ ရှိနေခဲ့ပြီး၊ ကျွန်တော့်ကို ဝိုင်းကြည့်ကြပြီး အဲဒီနာမည်သာပေါက်သွားခဲ့မည် ဆိုပါလျှင် ကျွန်တော်တော့ အဲဒီမြို့လေးမှာ သေပြီဆရာဟု ပြန်လည်တွေးတောနေမိပါတော့တယ်ခင်ဗျာ။

☐ အောင်စိုးငြိမ်




မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နက္ခတ္တ လက္ခဏာနှင့် စွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား၊ စီးပွားရေးအခက်တွေ့နေသလား၊ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား၊ အိမ်ကအမျိုးသားက ခြေလှမ်းများမှားနေသလား၊ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား၊ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား၊ နိုင်ငံခြားခရီး ကြာနေသလား၊ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား၊ အတိုက်အခံတွေ ပေါ်သလား၊ ဈေးရောင်းကောင်းချင်လား၊

ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➽ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် တောင်ဘက်မုခ်

လမ်းညွှန် ➽ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်းရောက်ပြီး

ဖုန်း ➽ ၀၉-၄၂၀၀၈၂၉၃၂ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယတြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)




www.burmeseclassic.com

www.burmeseclassic.com

# ဂျူဒိုခင် တဲ့လား



ဟန်သီဇင်

လက်ထဲအမီ ကွန်တင်နာကားအပြည့် တင်ဆောင်ကာ မီးရထားခြားသဘော်၊ လေယာဉ်တို့ဖြင့် ပို့ဆောင်နေသည်မို့ အပို့မဦးခင် ခင်ဦးအောင် စာအုပ်ထုတ်မှ ရမည်ကိုး။

အဲသလို အတွေး တွေ့နှင့် လေအန်ကုန်း ဆရာတွေအတွက် ဘိန်းမုန့်ကရိုးနေ ပြီမို့ ဗန္ဓုလပန်းခြံ နားကအကြော် သည်လေးဆီမှာ အကြော်ဝယ်ပြီး စိတ်ထဲမှာ စကားတွေစီရင်း လေအန်ကုန်းကို လှမ်းလာခဲ့စဉ် ခင့် အရိပ်မြင်တာနှင့် ပြင်စည်မင်းသား ကြီးက လက်ယပ်လှမ်းခေါ်ပြီး. . .

“ဟဲ့ တလွဲခင် လာလာ၊ ငါ မေးစရာရှိလို့”

“ဟာ . . . ဆရာမ၊ ကျွန်တော် မေးစရာရှိလို့”

ရွှေဘုန်းရွှေကံကလည်း ကွမ်းဝါးရင်းပါးစပ်ကို လွယ်အိတ်နှင့်သုတ်ကာ ပြောလာသည်။

“ဟုတ်တယ်၊ ဆရာမရဲ့သတင်း တကယ်လားဟင်”

စောင်းမတီးရလျှင် လူတွေကို ကပြောင်းကပြန် လုပ်တတ်သည့် ဗျပ်စောင်းဆရာကြီးက မေးပြန်သည်။

“ဟဲ့ နင် စာပေဟောပြောပွဲမှာ လက်သံပြောင်ခဲ့တယ်ဆို”

ဆံဖြူကွက်ကျား ကို ဆေးဆိုးမှန်းသိသာအောင် နဖူး၊ ဘေးထင်တွေမှာ ဆိုးဆေးကွက်နှင့် စတိုင်ဆုတ်လာသည့် သေတ္တာမည်းစတိုင်ပိုင်ရှင် ဆရာမိုးမှောင်။

အားလုံးကိုကြောက်ရွံ့သည့်ပုံစံလေးနှင့် ဂုရုကြီး ဆရာနန္ဒာမိုးကြယ် ကိုယ်ခန္ဓာနှင့် ကွယ်ကာ ယိုင်လိုက်တာနှင့် . . .

ခင့်အပေါ် ခင့်ကို ချစ်ခင်သူများက နမော်နမဲ့ခင်၊ တလွဲခင်ဆိုပြီး ချစ်နိုးခေါ်ကြတာ ခင် စိတ်မဆိုးပါဘူး။ ဒါပေမယ့် တိုင်းရင်းသား စကားသံဝဲလွန်းတဲ့ ဒေသရောက်တဲ့အခါ ခင့်ရဲ့ဒုက္ခက မသေးပေါင်ရှင်။

ခင် ဒီနေ့ လေအန်ကုန်းသွားရမှာ ကြောက်နေသည်။ ဒါပေမယ့် သွားရ မနေနိုင် စာရင်းဝင်ထဲမှာ ခင်လည်း ပါသည်။

ပြီးတော့ ခင်တို့ စာရေးဆရာ၊ ဆရာမတွေရဲ့ စာမူခကို ဒီမိုကရေစီနှင့်လင်းမြင်သာမှုရေစီးကြောင်း ပြောင်းလဲမှုအရ စာမူခတွေကို ဒေါ်လာနှင့် ပေးနေပြီလေ။

ဒါကြောင့် ရောင်ပြန်မဂ္ဂဇင်းက ဒေါ်လာ တစ်ရာ၊ လပြည့်ဝန်းမဂ္ဂဇင်းက စာမူခ ဒေါ်လာ နှစ်ရာ ထုတ်ဖို့ရှိလေရဲ့။ စာပေ ရေစီးကြောင်း ဒေါ်လာငွေနဲ့ စတင်ပြီး ချီးမြှင့်ငွေ ပထမဆုံး ပြောင်းလဲပေးတဲ့ မင်္ဂလာရှိသောနေ့လေ။

ဒါကြောင့် လေအန်ကုန်းအဖွဲ့သားတွေ မေးလာမည့် မေးခွန်း အင်တာဗျူးတွေကို ရဲဝံ့စွာဖြေဆိုဖို့ ကြိုးသွင်းထားလိုက်သည်။ ဒါကိုကြောက်ပြီး လေအန်ကုန် မသွားလျှင် စာမူခ ဒေါ်လာပဲရပြီး မဂ္ဂဇင်းမရ ဖြစ်ဦးမည်။

ခုဆိုလျှင် ရောင်ပြန်မဂ္ဂဇင်းနှင့် လပြည့်ဝန်းမဂ္ဂဇင်းမှာ ကမ္ဘာ့အရောင်းရဆုံး စံချိန်ဝင်ဖြစ်တာမို့ ကမ္ဘာ့ပရိသတ်

www.burmeseclassic.com

"ကြားရတာ စိတ်မကောင်းပါဘူး ဆရာမရယ်၊ ကျွန်တော်ဖြင့် ယုံတောင် မယုံဘူး"

ဩော် . . . ကောလိပ်ဂျင်နေဝင်း အမည်ရှိ မင်းသားကြီးလေသံနှင့် မေးလေပြီ။

"အဟင့် ဟင့် ပြောပါ့မယ်ဆရာရယ်၊ ရောင်ပြန်မဂ္ဂဇင်းရဲ့ စာမူခ ဒေါ်လာနဲ့ ရမှာလားဟင်"

"ဟာ . . . မပူနဲ့ လာဘ်မိုးစွေမှာ အားလုံး ဒေါ်လာငွေစက္ကူနဲ့ပဲ အလုပ်လုပ်တာကြည့်"

သေချာအောင် ဂုရုကြီး အိတ်ကပ်ထဲမှ လစာငွေကို ပြလေ၏။ အားရှားပါး ဒေါ်လာငွေစတွေ အထပ်လိုက်နှင့်။ ခင်တို့ စာရေးဆရာ ကလောင်ရှင်တွေရဲ့ ဘဝ ဒီလိုပဲဖြစ်ရပေမည်ဟု တွေးနေစဉ် . . .

"ဟင် ခင် ညီမလေး၊ ညီမလေး ဘာမှ မဖြစ်ဘူးနော်"

ကမူးရှူးထိုး ရောက်လာပြီး ခေါင်းစမ်း ကျောသပ်နှင့် ပူပန်စွာမေးလာသည့် ဆရာမ သမုဒ္ဒရာဝေ မေးကာမှ ခင့်မှာ ငိုပွဲဆင်မိတော့သည်။ လေအန်ကုန်းဆရာတွေလည်း ခင်ယူလာသည့် အကြော်ထုပ် ဖွင့်စားရမှာလား၊ ခင့်ကို အားပေးရမည်လား ချိန်ဆနေပုံပင်။

"ဒီလို မမဝေရဲ့ . . ."

ခင့်ရဲ့ ရုတ်တရက် ဒေါနဲ့ မာန်နဲ့ လေသံကြောင့် အားလုံးမျက်လုံးပြူးကာ ကြည့်ရင်း နားစွင့်ကြကုန်သည်ကိုး။

*

ခင့်ကို စာရေးဆရာအသင်းက ရခိုင်ပြည်နယ် မောင်းတောနဲ့ ကျိန္တလိဘက်ကို တိုင်းရင်းသားတွေ အတွေးအခေါ် ရှင်သန်ဖို့၊ အသိပညာပွင့်လင်းဖို့ရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရေး ရည်ရွယ်ချက်နဲ့ စာပေဟောပြောပွဲ လုပ်ပေးရမယ်တဲ့။

စာရေးဆရာအသင်းက ဆရာကြီး၊ ဆရာမကြီး၊ ဆရာလတ်၊ ဆရာမလတ်တွေက သူတို့ မသွားနိုင်ဘူးတဲ့။ အဲဒါ ခင် စိတ်ဝင်စားလားတဲ့။ ခင်ပဲလေ ရခိုင်မှာ ရှေးဟောင်းဘုရားတွေ အများကြီးရှိတာ၊ ဘုရားလည်းဖူး လိပ်ဥလည်းတူး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ သိတယ်မို့လား။ စင်ပေါ်တက်ပြီး စာပေဟောပြောရဦးမယ်။

ပြီးရင် ရခိုင်ဘုရား ဖူးခဲ့ရတာတွေ ဆောင်းပါးတွေ တသီကြီး ရေးပစ်ဦးမှာ။

ခရီးသွားရတာ ခင်က အပျော်ဆုံး။ ထိပ်ဆုံးက ကျွန်မ။ ဒါနဲ့ ခင်တို့ စစ်တွေကနေ မောင်တောဘက်သွားပြီး စာပေဟောပြောပွဲ ဟောရတဲ့နေ့။ စာပေ ဟောပြောပြီး လက်ခုပ်သံတဖြောင်းဖြောင်း၊ ဂုဏ်ပြုငွေ ချီးမြှင့်ခံပြီး စင်ပေါ်က ဆင်းလာခဲ့ချိန်မှာ လူတစ်ယောက်အနားလာကပ်ပြီး . . .

"ဟဲ့ . . . ခံ မလား"

ရုတ်တရက် လူစိမ်းတစ်ယောက်ရဲ့ နှုတ်သရမ်းမှုကြောင့် ခင် ဒေါသထွက်သွားပေမယ့် လူပရိသတ်တွေရှေ့မှာဆိုတော့ ဒေါသ မျိုချပေါ့။ ဒါလည်း သင်းက မရပ်ဘူး။ ထပ်ပြီး . . .

"ဟဲ့ . . . နင် ခံမလား"

အားရပါးရ အော်ပြောပြန်တယ်။ ခင် ဒေါကန်ပြီး မိုက်ကြည့်ကြည့်လည်း . . .

"ဟုတ်ပါတယ်၊ နင်ခံပါဟယ်"

ပြောကာမှ ပိုဆိုးလာပြီး ခင့်ကို ဘယ်လို မိန်းမစားမှတ်လို့ ဒီလိုလူပုံအလယ်မှာ စော်ကားမော်ကား ပြောရတယ်လို့။ ဘာရမလဲ၊ ငယ်ငယ်တုန်းက သင်ထားခဲ့တဲ့ ကရာတေးကွက်တွေ ပြန်မြင်လာပြီး အားရပါးရ ကစ်ပစ်လိုက်တာ၊ စောစောက မတော်မတရားပြောတဲ့လူ ကွေးခနဲ လဲကျရင်းက သူ့ပါးစပ်က သွေးတွေကို သုတ်ရင်း . . .

"သေချာပါပြီ၊ နင် ဂျူဒိုခံ ဆိုတာ"

"အမ်"

ဒီလို ရပ်ကွက်ထဲမှာ ငယ်ငယ်က သိဟောင်းကျွမ်းဟောင်း ခင့်လက်သံမြည်းဖူးသူတွေက ပေးထားသည့် နာမည်ပြောင်းတစ်ခုက 'ဂျူဒိုခင်'လေ။ ဒါဆို စောစောကလူက ခင်တို့သူငယ်ချင်းမှာ နေခဲ့ဖူးသည့် ရခိုင်သား ဖြစ်ရမယ်။

ခင့်ရဲ့ မထင်မှတ်တဲ့ လျှပ်တစ်ပြက်တိုက်ကွက်ကြောင့် ပွဲခင်းကြီးလည်း ရုတ်ရုတ်သဲသဲ။ လုံထိန်းရဲတွေလည်း အပြေးအလွှား။ နောက်ဆုံး ပွဲစီစဉ်သူ လူကြီးမင်းတွေနဲ့ အုပ်ချုပ်ရေးမှူးရုံးခန်းမှာ ဖြေရှင်းကြတဲ့အခါ . . .

"ဟင် ဒေါ်မဖြူ . . . အရီး"

"ဈော် နင် ကိုဖင်ခံရဲ့ ညီမ ခံကိုး"

ဒီတော့မှ ခင် သဘောပေါက်သွားခဲ့တယ်။ ခင်တို့ အိမ်နောက်ဖေး ကပ်ရက်အိမ်မှာနေသွားတဲ့ ရခိုင်မိသားစု ထဲက ဒေါ်မဖြူ၊ စောစောကလူက ဒေါ်မဖြူရဲ့သား အောင်မင်းသူ။

သိဟောင်းကျွမ်းဟောင်းမို့ ဝမ်းသာအားရ လာနှုတ်ဆက်တာမှာ သူတို့ ရခိုင်သံဝဲဝဲ လေးတွဲ့တွဲ့သံနဲ့ ခင့်ရဲ့ အစ်ကိုအမည် ကိုဖေခင်ကိုလည်း သူတို့ ပါးစပ် အသံထွက်မှာ 'ကိုဖင်ခံ' ဖြစ်လို့ ဖြစ်၊ ခင့်အမည်လည်း 'ခံ' ဖြစ်သွားတော့ နားကြားလွဲပြီး အက်ရှင်ဇာတ်လမ်းဖြစ် သွားရတာလေ၊ ကံကောင်းလို့ ခင်လည်း ပြဿနာ မဖြစ်ရတာ။

"အောင်မင်းသူရယ် နင်က ငါ့ နာမည်ကို ပီပီသသ ခင်လို့ ခေါ်ပါလား"

"ငါလဲ ခေါ်တာပဲဟာ အီး"

*

ခင့်အဖြစ်က အဲဒါကြောင့် အဲ လို သတင်းကြီးသွားရတာပါဆို။

❒ တန်ဘီးခင်

မှတ်ချက် - ပရိသတ်ကို စော်တား





www.burmeseclassic.com

www.burmeseclassic.com





# ရုက္ခစိုးနတ်မင်း ပူဇော်ကာ လိုရာဆန္ဒ ဆုတောင်းပါ

ဂျမ္ဗူရှုဆရာလှမျိုး

ကျွန်ုပ်သည် လောကီပညာလိုက်စားချိန်မှစ၍ ဝိဇ္ဇာမိုးရ် ပုဂ္ဂိုလ်၊ နတ်ဒေဝါ အစောင့်အရှောက် ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ထူးခြားမှုများ ကြုံတွေ့ခဲ့ရပါသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ဂန္ဓာရီမဂ္ဂဇင်းတွင် အခန်းဆက်ရေးခဲ့သော 'ဒက္ခာရီမဟုတ်သော ဂန္ဓာရီ' လုံးချင်းစာအုပ်တစ်အုပ်လည်း ထုတ်ဝေနိုင်ခဲ့ပါပြီ။

ကျွန်ုပ်သည် ရုက္ခဗေဒဖြင့် ဘွဲ့ရခဲ့သော်လည်း အပင်နှင့်ဆိုင်သော အလုပ်ကို ဗေဒင်ဆရာဖြစ်မှပဲ လုပ်ဖြစ်ပါတော့သည်။

ကျွန်ုပ် ဆောင်ရွက်သော နဝင်းစီး ယတြာအတွက် အရွက်၊ အခက်မျိုးစုံ ရှာဖွေ စုဆောင်းရသည်။

အိမ်ခြံဝင်းတွင် စိုက်၍ အဆင်ပြေသော ရွက်လှ၊ ဇော်မိမ်းပင်တွေ စိုက်သည်။ လိုအပ်သောအပင်များ အိမ်ရှေ့မှာသဘာဝအလျောက် ပေါက်လာသည်။ ထိုအပင်များမှာ ပျဉ်းမပင်နှင့် ဥန္ဒဲ (အုန်းနဲ့) ပင်တို့ ဖြစ်သည်

လိုအပ်ပါက ကံ့ကော်ကိုင်း၊ ပျဉ်းမကိုင်းတွေ ခုတ်ယူပြီး အသုံးချရသည်။ ထို့ကြောင့် သစ်ပင်ကြီးငယ်အသွယ်သွယ်တွင် စောင့်ရှောက်နေကြကုန်သော ရုက္ခစိုးနတ်မင်းများကို တောင်းပန်ခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ရသည်။ အများအားဖြင့် ရုက္ခစိုးနတ်မင်းနှင့် ပတ်သက်၍ ညောင်ပင်ကြီးတွေမှာ ရုက္ခစိုးစင် ပြုလုပ်ပူဇော် ပသလေ့ရှိသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က ကားလမ်းမကြီးအနီး ညောင်ပင်နားမှာ ပြုလုပ်ထားသော ရုက္ခစိုးစင်အသင်တစ်ခု ပျက်နေသည်။ ထိုစင်မှ ရုက္ခစိုးနတ်မင်း ရုပ်တုအသစ်ကို စာရေးသူအိမ်သို့ လာပို့ပေးသည်။

ရုက္ခစိုးဘိုးဘိုးကြီး သို့မဟုတ် ရုက္ခစိုးနတ်မင်းကို ပူဇော်ပသ၍ လိုရာဆန္ဒ ဆုတောင်းလေ့ရှိသည်။ ကိုးပိုင် အိမ်ပိုင်မရှိသူတစ်ဦး အဓိဋ္ဌာန်ပြု ဆုတောင်းရာ အဆင်ပြေသွား၍ ရုက္ခစိုးနတ်စင်တစ်ခု ပြုလုပ်လှူဒါန်းပေးခဲ့သည်ဟု သိရသည်။

လောကီပညာလောကတွင် ရုက္ခစိုးမှော်သည် နာမည်ကြီးသည်။ ရုက္ခစိုးမှော်ကျင့်စဉ် အောင်မြင်ပါက လိုရာဆန္ဒ ပြုလုပ်ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရသည်။ မယုံကြည်သူတို့က မျက်လှည့်ပညာဟု ထင်ကြသည်။ မျက်လှည့်ပြ၍ ရုက္ခစိုးမှော်အတု ပြုလုပ်သူနှင့် ရုက္ခစိုးမှော်အစစ် အောင်မြင်မှုအစွမ်းသတ္တိ ကွာခြားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားနယ်ဘက်တွင် ရုက္ခစိုးမှော် အောင်မြင်သူ ဆရာတစ်ဦး နာမည်ကျော်ကြားလျက်ရှိသည်။ စာရေးသူကိုယ်တိုင် မရောက်ဖူးသေးသော်လည်း ရောက်ဖူးသူတို့က ဓာတ်ပုံ၊ ဗွီဒီယို မှတ်တမ်းပြ၍ ကြည့်နေရသည်။

မန္တလေးမှ ဘုန်းကြီးတစ်ပါးကလည်း သူ၏ ဘုရားကျောင်းဆောင်မှ ကိုးလက်မအရွယ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ရုက္ခစိုးမှော်အောင်သော ဆရာ လေထဲမှ ပင့်ဆောင်ပေးခဲ့ကြောင်း ပြောပြဖူးသည်။

စာရေးသူ ဂြိုဟ်ရှစ်ခွင်ဗေဒင်၊ ဆန်းကျမ်းပညာ လေ့လာသောအခါ ကြာသပတေး၊ သောကြာ သက်ရောက်တွင် အုန်းသီးစိမ်းကို အဝလှုပ်၍ ဆားအပြည့်ထည့် လှူဒါန်းသည်။ ရုက္ခစိုးနတ်မင်းအား မိတ်ဆွေကောင်းတစ်ဦးကဲ့သို့ ယုံကြည်ပြီး ပူဇော်ပသ မေတ္တာပို့ ဆုတောင်းပါက အခက်အခဲ ပြေလည်သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ဆရာကြီး မင်းသိခ်ရှိစဉ်ကလည်း သစ်ပင်ကြီးတစ်ပင်မှ အရွက်တစ်ရွက်ခူး၊ ပန်းကန်မှာထည့်၊ ဖယောင်းတိုင်ထွန်းပြီး မိမိအခက်အခဲများ ပြောဆိုကာ ကူညီဆောင်ရွက်ခိုင်းပါက အဆင်ပြေစေကြောင်း မိန့်ဆိုဖူးသည်။ ဆရာကြီးမှ ရုက္ခစိုးနတ်မင်းအား နားပူနားဆာ ပြုလုပ်နည်း၊ တစ်နေ့ (၈)ကြိမ် ဖယောင်းတိုင်ထွန်း ဆုတောင်းနည်း အကြောင်းများ ပေးခဲ့ပါသည်။ ရုက္ခစိုးနတ်မင်းနှင့် ပတ်သက်၍ ဆောင်ရွက်မှု၊ လှူဒါန်းဆုတောင်းမှု၊ ပူဇော်ပသခြင်းအကြောင်း အမျိုးမျိုး ဖတ်မှတ်လေ့လာရပါသည်။

တစ်နေ့တွင် မိတ်ဆွေဖြစ်သူ ဆရာဆန်းဦးဆိုသူ စာရေးသူထံ ရောက်လာသည်။ ၎င်းမှ စာအုပ်တစ်အုပ် ဓမ္မဒါနပေးသည်။ သူသည် ဗေဒင်ဟောပြောခြင်း လုပ်ငန်းအပြင် ရှားပါးစာအုပ်များလည်း အရောင်းအဝယ် ပြုလုပ်သူ ဖြစ်သည်။

ယခုအခါ သိမ်ကြီးဈေးအပေါ် ထပ်တွင် ဝိမုတ္တိစာပေဟူ၍ ဆိုင်ခန်းဖွင့်ထားသည်။ တချို့စာအုပ်များကို မိတ္တူကူးရောင်းပေးသည်။ ပေးသင့်တာကို ပေးပြီး လှူသင့်တာကိုလည်း လှူလေ့ရှိသည်။

ယခု စာရေးသူအား လာပေးသောစာအုပ်မှာ မဟာဗောဓိပူဇာ စာတမ်းနှင့် ကိုယ်တွေ့ဖြစ်စဉ်များ စာအုပ်ဖြစ်သည်။ မေတ္တာဗျူဟာအဖွဲ့၊ မင်္ဂလာဗျူဟာနှင့် ပိဋကဗျူဟာအသင်း၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းတို့၏ နာယကကြီး တစ်ဦးဖြစ်သည့် ဦးအုန်းမြင့် (စနေလုလင်)၏ အသက် (၈၀)ပြည့်မွေးနေ့ ဝိဇာတပညာဒါန ဓမ္မလက်ဆောင်မွန် ဖြစ်သည်။ ယခုဆိုလျှင် ဆရာကြီး၏အသက် (၈၄)နှစ် ရှိပါပြီ။

ဆရာကြီးမှ ဗောဓိပင်စောင့် ရုက္ခစိုးနတ်မင်းကြီးနှင့် ပတ်သက်၍ အိပ်မက်ပေးခြင်း၊ အကူအညီပေးခြင်း၊ ထူးခြားသော ဖြစ်ရပ် ကိုယ်တွေ့များကို ထိုစာအုပ်တွင် ရေးသားဖော်ပြပေးထားသည်။ အဓိကမှာ ထူးခြားသော ဗောဓိပင်များအကြောင်း ကိုယ်တွေ့မှတ်တမ်း ဖြစ်သည်။

ထိုစာအုပ်မှ ပြန်လည်ကောက်နုတ် ရေးသားဖော်ပြရပါက . . .

ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးဖြစ်သည့် ကမ္မောဇဆရာတော်ကြီးအား တိုးတက်ရာ တိုးတက်ကြောင်း ပုဂ္ဂိုလ်တစ်ဦးမှ လျှောက်ထားရာ-

"တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းကောင်းများကို တပည့်တော်အား ညွှန်ကြားပေးပါက လိုက်နာဆောင်ရွက်နိုင်ပါတယ်"

ဆရာတော်ကြီးမှ ယခင် ကျိုက္ကလို့စေတီတော်၏ အာရုံခံ တန်ဆောင်းအတွင်း စီရင်ကြိတ်ဖော်ခဲ့သော ဒေဝဩသဓဆေးလုံး (၁၅)လုံးကို ထိုပုဂ္ဂိုလ်အား ပေးအပ်လိုက်ပြီး ကျိုက္ကလို့စေတီတော်၏ နယ်နိမိတ်အတွင်း ရှိနေသော ဗောဓိညောင်ပင်ကြီး ရှိရာကို နံနက် ၅ နာရီအချိန်တွင် သွားရောက်ကာ ပေးလိုက်သော ဆေးသုံးလုံးကို ရေနှင့်ဖျော်၍ မက်ဖျန်းပြီး လိုအပ်သော ဆုဆန္ဒကို ထိုရုက္ခစိုးနတ်ကြီးအား တိုင်တည်ပြီး ပန်း၊ ရေချမ်း၊ သစ်သီးတို့ဖြင့် ပူဇော်သက္ကာရ ပြုလိုက်ပါဟု ညွှန်ကြားလိုက်ပါသည်။

ထိုသူသည်လည်း ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း အခွင့်သာသော နေ့တစ်နေ့တွင် ဆောင်ရွက်ကာ ပူဇော်သမှုပြုလိုက်ပါသည်။ လေးလခန့် ကြာသောအခါ ဆန္ဒပြည့်ဝ၍ ရာထူးတိုးကာ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရသည်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ယခင် ကျိုက္ကလို့စေတီတော်အား 'ကျိုက္ကလော့' စေတီတော်ဟု ဘွဲ့တော်ပြောင်းလဲ ခေါ်ဆိုခဲ့သည်။

ရုက္ခစိုးနတ်မင်းကြီးများနှင့် ဒုညမည ဖြစ်လိုသူများ ဂမ္ဘီရစွမ်းအားကို ရှာမှီးရယူလိုသူများသည် ရုက္ခစိုးနတ်မင်းကြီးအား ဆက်သွယ်ပသမှု အကျူးလက်ာတွင် ဖော်ပြထားသည့် အညွှန်းအတိုင်း အားထုတ်ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူး ရရှိနိုင်ပါသည်။

ဗောဓိညောင်နန်း၊ အောင်နန်းရိပ်ဝေ၊ ပင်မယောင်စောင့်လေအမြဲ၊ ထူးကဲတန်ခိုး၊ စုံပြည့်ဖြိုးပေသည်။

ရုက္ခစိုးနတ်မင်းကြီးအား ဆက်သွယ်ပသမှု
အကျူးလက်ာ

"ဗောဓိရုက္ခံ၊ ဤဌာနံဝယ်၊ စိုးစံလျောက်ပတ်၊ မြဲစောင့်ကြပ်သည့်၊ နတ်မြတ်အကျိုး၊ ရုက္ခစိုးနတ်မင်းကြီး ခင်ဗျာ၊ တိုးလျှိုးပန်ထွာ၊ ပွဲယကာဖြင့်၊ ကောင်းစွာဆက်သ၊ [illegible] မြှောက်ပါ၏။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရသာထူးထွေ၊ အုန်းတွင်းရေနှင့်၊ တည်ပေမယွင်း၊ ဖြူထမင်းကို၊ ကောင်းခြင်းစုံညီ၊ သုံးလီသစ်သီး၊ ပန်းဆီမီးတို့၊ ရှေးနည်းမပျက်၊ လက်ဖက်ကွမ်းယာ၊ ပြည့်စုံစွာလျှင်၊ ဒေဝါ ရုက္ခ၊ သိစေရအောင်၊ ပသပူဇာ၊ ပေးလှူပါသည်။

xxxxx နေ့သား၊ အမှူးထား၍၊ အိမ်သားအိမ်သူ၊ အပေါင်းလူက၊ ကြည်ဖြူသဒ္ဓါ၊ လေးမြတ်စွာလျှင်၊ သာယာသနင်း၊ ရှင်နတ်မင်းကို၊ မိတ်ရင်းညာတိ၊ အမှတ်ရှိ၍ (ဧဟိ ဧဟိ ဘုဉ္စာဟိ ဘုဉ္စာဟိ)၊

ယခုပြုရ၊ ကုသလထင်ရှား၊ xxxxx သားနှင့်၊ နေဖြားအတူ၊ အိမ်သူအိမ်သား၊ ဆွေမျိုးများကို၊ ရှောင်ရှားဝေရီ ဘေးမသီဘဲ၊ တစ်လီကံဆန်း၊ ဇာတာန္တမ်းကာ၊ စန်းပြတ် လွန်းဖြတ်၊ တြင်းပြုတ်နှင့်၊ သက္ကတ်မကောင်း၊ တစ်ကြောင်းမိစ္ဆာ၊ ဖုတ်ပြိတ္တာနှင့်၊ စုန်းပါနတ်တိုက်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ အိမ်တွင်အင်းမြှုပ်၊ အရုပ်အင်းချ၊ ပယောဂကြောင့်၊ တွင်းပဘေးဒဏ်၊ ရန်အသွယ်သွယ်၊ အန္တရာယ်ကို၊ ကိုယ်ဝယ်မရောက်၊ တင်းစင်ပျောက်အောင်၊ စောင့်ရှောက်စေချင်၊ နတ်အရှင်နှင့်၊ အညမညာ၊ ဆက်သွယ်ကြ၍၊ နိစ္စမပြတ်၊ အောင်မည့်ဓာတ်ကို၊ နတ်၏နိမိတ်၊ နတ်တံဆိပ်ဖြင့်၊ ခတ်နှိပ်အောင်မြင်၊ ဆုပန်ဆင်သည်၊ လိုအင်ပြည့်ဖြိုး၊ နတ်တန်ခိုးကြောင့်၊ ကောင်းကျိုးအနန္တ ပွားစေသော်"

ရုက္ခစိုးနတ်မင်းကြီးအား ပသနိုင်မှု ဝတ္ထုပစ္စည်း ခုနစ်မျိုးဖြင့် ဦးစွာပူဇော် လှူဒါန်းပြီးမှ 'အကျူးလက်ာ' ရွတ်ဆိုရမည်။

ရုက္ခစိုးနတ်မင်းကြီးအား ပသနိုင်မှု ဝတ္ထုပစ္စည်း ခုနစ်မျိုးမှာ . . .

(၁) အုန်းသီးအစိမ်း မျက်နှာဖွင့်၍ အုန်းရည်အပြည့် ရှိစေရမည်။
(၂) ထမင်းဖြူ ပန်းကန်ပြားအလတ် တစ်ချပ်စာ။
(၃) သစ်သီးသုံးမျိုး၊ တစ်မျိုး တစ်လုံး။
(၄) လက်ဖက် ငါးကျပ်သား တစ်ပွဲ။
(၅) ကွမ်းယာ သုံးယာ။
(၆) ပန်း သုံးမျိုး။
(၇) ဆီမီး၊ ဖယောင်းတိုင် သုံးတိုင်။

အထက်ဖော်ပြပါ ပူဇော်ဖွယ် လေးမျိုးကို ပူဇော်သူ၏ မွေးနေ့နံနက် ၅ နာရီအချိန်တွင် ရုက္ခစိုးနတ်မင်းကြီး၏ ရှေ့မှောက်တွင် (အကျူးဂါထာကို) သုံးခေါက်ပြည့်အောင် ရွတ်ဆိုပသ လှူဒါန်းပါလေ။

ရုက္ခစိုးနတ်မင်းကြီးကို ပူဇော်ပသ အညမညာ ဖြစ်လိုသူသည် မိမိ၏မွေးနေ့ကို အကျူးလင်္ကာတွင် ထည့်သွင်းရွတ်ဆို အသိပေးရမည်။

ရုက္ခစိုးနတ်မင်းကြီး၏ ရှေ့မှောက်တွင် ရေချမ်း တစ်ခွက်နှင့် လက်ဖက် ငါးကျပ်သားပွဲကို အမြဲတစေ ရှိနေစေရမည်။ ရင်းနှီးခင်မင်၍ ကြင်နာမှု မေတ္တာဓာတ်ကို လိုအပ်သော ပုဂ္ဂိုလ်သည် အကျူးလင်္ကာတွင် ပါရှိသော ယခုပြုရ ကုသလထင်ရှား xxxxx နေ့သားနှင့် နေဖြားအတူ အစရှိသော အကျူးကို ရွတ်ဆို၍ ရုက္ခစိုးနတ်မင်းကြီး၏ အကူအညီကို ရယူနိုင်ပါသည်။

ညောင်ပင်ကြီး၊ သစ်ပင်ကြီး၏ အရိပ်အာဝါသအောက်တွင် ရသေ့ကြီးဦးခန္တီ အမိဋ္ဌာန်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်လေ့ရှိသော 'ကုဋ္ဌသဃဂါထာတော်' ကို ရွတ်ဆိုပူဇော်မှု ပြုနိုင်သည်။ ထိုဂါထာတော်မှာ . . .

အရဟံဗုဟိ အန္တ ဇယံသုဂတံ။
အ,မိတံ ဝိရဇံ လလိတံ အတုလံ။
စရဏံ တိ ဘဝူ ပသမံ ယမကံ။
သုခ ဒံ သရဏံ ပဏာမာမိဇိနံ။

အထက်ပါဂါထာကို နေ့စဉ်နေ့တိုင်း အထုံပြုကာ ၁၀၈ ကြိမ်မြောက်အောင် ရွတ်ဖတ်နိုင်ပါက ကောင်းသောကံ ပွင့်လန်း၍ ကောင်းမြတ်သော လိုအင်ဆန္ဒ ပြည့်စုံလာမည်။ မိမိနှင့်ထိုက်တန်သော အကျိုးကျေးဇူး အောင်မြင်မှု ရရှိလာပါမည်။ ၁၀၈ လုံး ပုတီးတစ်ပတ် စိပ်ပါ။

ရုက္ခစိုးနတ်မင်းကြီးသည် ဗောဓိညောင်ပင်တွင်သာ ရှိသည်ဟု ပုံသေသတ်မှတ်၍ မရနိုင်ပေ။ နှစ်ပေါင်းကြာရှည်နေသော အပင်ကြီးများတွင်လည်း ရှိပါသည်။ ရုက္ခစိုးစင်ရှိသော နေရာတွင် တင်လှူပါ။ စင်မရှိပါက စားပွဲခုံကလေး တစ်ခုဖြင့် တင်ပါ။

ရှေးအခါက လယ်သမားကြီးတစ်ဦး ထမင်းစားခါနီးတွင် အပင်အောက်တွင် ထိုင်မစားခင် အပင်စောင့်နတ်ကို ပူဇော်ပသပြီးမှ စားသည်။ အပင်စောင့်နတ်မှ ပြန်လည်ကူညီခဲ့ဖူးသည်။ အိမ်တွင် ရုက္ခစိုးရုပ်တု ထားပြီးလည်း ပြုလုပ်နိုင်သည်။ အဓိကမှာ မေတ္တာတရား ရှေ့ထားပြီး ယုံကြည်မှုဖြင့် ပြုလုပ်ဖို့ အရေးကြီးသည်။

နေအိမ်တွင် အင်္ဂါ၊ သောကြာ နှစ်ရက် လက်ဖက်၊ ဆီ၊ ဆားဖြင့် လှူဒါန်းဆုတောင်းပါ။ ရေတော်ကို ဖယောင်းတိုင်၊ အမွှေးတိုင် ပူဇော်ဆုတောင်းပါ။ ပူဇော်ပသ အကူအညီတောင်း ဆုတောင်းခြင်းသာ ဖြစ်ပါသည်။ လောကီရေးရာကိစ္စ အောင်မြင်မှု ရရှိနိုင်ကြပါစေ။

❒ ဂမ္ဘီရ ဆရာလှမျိုး






www.burmeseclassic.com

www.burmeseclassic.com

# ရက်တစ်ရာ
# လက်ထောက်ဗေဒင်ဟောကိန်း

ညွန့်လွင်(တက်မှု)



ပေစာတစ်ခုတွင် ရေးသားထားသည့် လက်ထောက်ဗေဒင် နည်းတစ်နည်း ဖြစ်ပါသည်။ ရက်ပေါင်း(၁၀၀)အတွက် ဟောကိန်းလည်းဖြစ်ပါသည်။

အောက်တွင်ဖော်ပြထားမည့် အင်းကွက်ကို မျက်စိမှိတ်၍ အဓိဋ္ဌာန်ပြုကာ ထောက်ရပါသည်။ ချွန်သောအရာ တစ်ခုခုနှင့် ထောက်လျှင် အဆင်ပြေပါမည်။

မျဉ်းကြောင်းပေါ် ကျလျှင် ပြန်ထောက်ပါ။

အလယ်ကိုကျလျှင်လည်း ပြန်ထောက်ပါ။

ကျသည့်အကွက်အတွက်. ဟောကိန်းများကိုလည်း ရေးသားထားပါသည်။

နောက်တစ်ကြိမ် ထောက်ချင်လျှင် ရက်ပေါင်း (၁၀၀) စောင့်ရပါမည်။

ရက်တစ်ရာလျှင် တစ်ကြိမ်သာ ထောက်ရသောကြောင့် ရက်တစ်ရာ လက်ထောက်ဗေဒင်ဟုလည်း ခေါ်ပါသည်။

ရက်(၁၀၀)လက်ထောက်ဗေဒင်အင်းကွက်

ပေစာတွင်ပါသည့် အချိုးအစားအတိုင်း ရေးဆွဲထားသည်။

| | | |
|---|---|---|
| သူ<br>ပ<br>ဗေ | ခ<br>ရိ<br>ဒ | ဥ<br>မ္ဘိ<br>တ္တ |
| ဒိ<br>တ္တိ<br>တံ | မမေးနှင့် | ကွ<br>ဗ္ဗိ<br>ယံ |
| နာ<br>ဝိ<br>သိ | တု<br>စ<br>ကာ | တော<br>တွာ<br>ပ |

၄ : ၆ : ၇

သို့တည်းမဟုတ် နောက်ပိုင်းတွင် ဖော်ပြမည့် ဟောကိန်းများကို မဖတ်ခင်မှာ သင်ကြိုက်ရာအကွက်ကို ရွေးချယ်လိုက်ပါ။ ပြီးမှ ဟောကိန်းကို ဖတ်ပါ။

လပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

## လက်ထောက်ဗေဒင်
## ရက်(၁၀၀) ဟောကိန်းများ

### သူပဗေ အတွက်ဟောကိန်း

သူပဗေ အကွက်ကို ထောက်မိလျှင် စီးပွားဖြစ်မည်။ ကံကောင်းနေသည်။ မိမိလုပ်ချင်သည်ကို လုပ်ဖြစ်မည်။ အကြံအစည်များ အောင်မြင်မည်။ အချစ်သစ်နှင့် တွေ့မည်။

### ခရိဒ အတွက်ဟောကိန်း

ခရိဒ အကွက်ကို ထောက်မိလျှင် မိတ်ဆွေကောင်းနှင့် တွေ့မည်။ အမှုကြုံလျှင် သတိထားပါ။ ပြဿနာ ကြားမည်။ ခရီးများမည်။ ငွေဝင်ပြီး စိတ်ညစ်ရမည်။ ကျန်းမာရေး ချို့တဲ့မည်။ သူများ၏ပြဿနာက ကိုယ့်ပြဿနာ ဖြစ်လာလိမ့်မည်။ သတိထားနေပါ။

### ဥဋ္ဌိတ္တ အတွက်ဟောကိန်း

ဥဋ္ဌိတ္တ အကွက်ကို ထောက်မိလျှင် ယာယီခရီးရှိသည်။ သူများက ကူညီမည်။ ရည်ရွယ်ချက်များ အောင်မြင်တော့မည်။ မိတ်ကောင်း ဆွေကောင်း ရမည်။ ဆန့်ကျင်ဘက်လိင်က ဒုက္ခပေးမည်။

### ကွန္ဒီယံ အတွက်ဟောကိန်း

ကွန္ဒီယံ အကွက်ကို ထောက်မိလျှင် စကားများစရာဖြစ်ရပ်များ၊ အမှုအခင်း ဖြစ်စရာများ ကြုံတွေ့မည်။ ငွေဝင်မည်။ လယ်၊ မြေ၊ အိမ်တွေအတွက် စကားပြောရမည်။ ခြေနှစ်ချောင်း မကယ်ရ။ သတိပြုပါ။

### တေတ္တာဝ အတွက်ဟောကိန်း

တေတ္တာပ အကွက်ကို ထောက်မိ ှုင် စီးပွားဖြစ်တော့မည်။ လုပ်လက်စလုပ်ငန်းများကို ဆက လု ်ပါ။ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပါ။ ခရီးမသွားပါနှင့်။ မျှော်လင့်နေသော သတင်းစကား ကြားရတော့မည်။ ခဏစောင့်ပါ။

### တုစကာ အတွက်ဟောကိန်း

တုစကာ အကွက်ကို ထောက်မိလျှင် မိန်းမအနှောင့်အယှက် ရှိသည်။ အိမ်ထောင်ဖက်နှင့် စကားများမည်။ မိန်းမကိုယ်ဝန်ရှိ၍ သမီးမွေးမည်။ ထီပေါက်မည်။ ထီထိုးပါ။ ငွေဝင်နိုင်သည်။ မျှော်လင့်နေပါ။

### နာဝုသိ (အာဝုသိ) အတွက်ဟောကိန်း

(ပေစာတွင် လက်ထောက်အင်းကွက်၌ နာဝုသိဟု ရေးသားထားသော်လည်း အဟောတွင် အာဝုသိဟု ရေးသားပါသည်။ အတူတူပင် မှတ်ယူပါ။) နာဝုသိ အကွက်ကို ထောက်မိလျှင် အများက မိမိကို ပြဿနာထဲသို့ ဆွဲခေါ်လိမ့်မည်။ စိတ်ဆင်းရဲစရာသတင်း ကြားရမည်။ ခရီးသွားလျှင် ခရီးတစ်ဝက်က ပြန်လာရမည်။ ငွေရခါနီးတွင် အချင်းချင်း သစ္စာဖောက်မည်။ အိမ်ထောင်ဖက် ကျန်းမာရေး သတိပြုပါ။

### ဒိတ္တံတံ အတွက်ဟောကိန်း

ဒိတ္တံတံ အကွက်ကို ထောက်မိလျှင် ကျန်းမာရေးကို ဂရုစိုက်ပါ။ အစာမှားမည်။ သူများ ခရီးယာယီသွားရန် မိမိက ကူညီရင်းက ပျက်သွားပါလိမ့်မည်။ ဤကာလတွင် မိမိမှာ ငွေကုန်များနေမည်။ ရစရာရှိသည်များ တောင်း၍မရတတ်ပါ။

❐ ညွန့်ဆွေဝ်(စက်မှု)

**စီးပွားရေးလုပ်ငန်းရှင်များ**

**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**


တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း

(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၂၅၀၆၆၈



www.burmeseclassic.com

www.burmeseclassic.com



# ဇွေကျွန်းရှိသော ကြုံရာဆုံရာဘဝ

လူဘုံ လူ့လောကတွင် လူတို့သည် သူ့ကံနှင့်သူ လာကြသည်။ သို့ရာတွင် ရရှိသော ကုသိုလ်ကံပေးဘဝကို ကျေနပ်နိုင်ကြသလို မကျေနပ်မှုများလည်း တွေ့ရှိရသည်။ ဝန်ထမ်းများတွင် အချို့သည် မိမိအလုပ်ကိုငြီးငွေ့ကြောင်း ကြားဖူးသည်။ ယာဉ်မောင်း၊ ဈေးသည်၊ လုပ်ငန်းရှင် အမျိုးအစား များစွာတို့သည် ပျော်မွေ့သည်ကို ကြားဖူးသလို မပျော်မွေ့သည်ကိုလည်း တွေ့ရဖူး၏။

အချို့သည် ငွေကြေးရ၍ ကျေနပ်နေသော်လည်း မပျော်ပိုက်ဟု ဆိုပြန်သည်။ ကျွန်တော် စဉ်းစားကြည့်မိပါသည်။ 'ပျော်ရာမှာမနေရ တော်ရာမှာနေရ'ဆိုသလို လူတိုင်း ဘဝပေးအခြေအနေနှင့် သင့်တော်ရာတွင် ရပ်တည်ရှင်သန်နေရပါသည်။ သုခ၊ ဒုက္ခ အဖြာဖြာကို လဲလှယ်သုံးစွဲနေကြရပေသည်။ လောကဓံရှစ်ပါး၏ လှည့်စားမှု ကျားကွက်ပေါ်တွင် လူသားတို့ ခုန်ပေါက်ပြေးလွှားလျက် ရှိကြပေသည်။

ညည်းညူနေ၍မပြီး၊ အကောင်းဆုံး အခြေအနေ မဖြစ်လျှင်တောင် သင့်လျော်မည့်အခြေအနေကို မျှော်လင့်ရင်း ခရီးမပျက် ဆက်လက်သွားနေရပေမည်။

ငါးရောင်းသောသူနှင့် ငါးဝယ်သောသူတို့ ငါးနံ့နံ့ခြင်းမျိုး၊ ငါးပိရောင်းသောသူနှင့် ငါးပိသယ်ဆောင်သူတို့ ငါးပိနံ့ စွဲကျန်ခြင်းမျိုး လူသားတို့ဘဝတွင် ကြုံရတတ်ပါသည်။ လှေလှော်၍ ရေစိုသူ၊ ဆီကိုင်၍ ဆီစိုသူတို့ ဘဝများမှာ သိပ်မထူးလှချေ။

အရိယာ မဖြစ်သေးသရွေ့ ကုသိုလ်၊ အကုသိုလ်တို့ ရောထွေးယှက်နွယ်နေပေမည်။ တရားတော်နှင့်အညီ နေနိုင်ပါမှ လောကသဘာဝကို အဝင်ခွင်ကျ ကျေနပ်နိုင်ပါလိမ့်မည်။

ကိုယ့်အလုပ်နှင့်ကိုယ် ကျေနပ်ရောင့်ရဲသော်လည်း ဗေဒင်ဆရာ၊ စာရေးဆရာဘဝကို ရယူပိုင်ဆိုင်ပြီး ဆိုင်းဘုတ်တစ်ခုအောက်မှာ အလုပ်လုပ်စားသူ ကျွန်တော့်ဘဝကို ကျွန်တော် တစ်ခါတစ်ရံ ရယ်မိသလို တစ်ခါတစ်ရံ သနားမိပါတော့သည်။

မိသားစု စားဝတ်နေရေးကို ပထမတန်းတင် ဦးစားပေးပြီး အခြားလျှုရေးတန်းရေးမှအစ လူမှုရေးအဆုံး နောက်မှစဉ်းစားပြီး လိုအပ်သလို ဆုံးဖြတ်တတ်ပါသည်။

သို့ရာတွင် ဗေဒင်ဆရာဖြစ်၍ ကိုယ့်ကံကိုယ် ပြန်လှန်စစ်ဆေးမိသလို ကိုယ့်ကိုယ်ကိုယ် ချစ်တတ်သောကြောင့် ကိုယ်ပြုသော အပြုအမူ၏ နောက်ဆက်တွဲ ကံတရားကိုလည်း သတိပြုမိခဲ့ပါသည်။

ဗေဒင်ဆရာ ဒုက္ခ ဟူ၍ပင် သဘောထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေ ဗေဒင်ဆရာ တစ်ဦးအား စကားအကြောင်းသင့်၍ ပြောဆိုကြရာ ဓာတ်ရိုက် ဓာတ်ဆင်ခြင်းအကြောင်းလေး ရောက်သွားမိ၏။ သူသည် လွန်ခဲ့သော ဆယ်နှစ်ကျော်က သူ၏ဖြစ်စဉ်ကို ပြောပြပါသည်။

လက်ဝှေ့ထိုးပွဲတစ်ခုတွင် တစ်ဖက်ကို အနိုင်ရရေး သူ ဓာတ်ရိုက်ဓာတ်ဆင် ယတြာပေးလိုက်သည်။ ပွဲစဉ်တွင် အခြားတစ်ဖက်မှ မည်သို့မျှ ခုခံတိုက်ခိုက်နိုင်စွမ်း မရှိအောင် ယတြာအစွမ်းထက်ခဲ့သည်။

ထိုနေ့ ဗေဒင်ဆရာ၏ ပညာထိရောက်မှုကို ကျေနပ်စွာလမ်းလျှောက်လာစဉ် မှောင်ရိပ်တစ်ခု၌ လူငယ်သုံးဦးဝိုင်း၍ချုပ်နှောင် ထိုးကြိတ်ခြင်းကို ဗေဒင်ဆရာ ခံခဲ့ရပါသည်။

ကံကောင်း၍ ဆိုက်ကားတစ်စီး ဆိုထိုးလိုက်ရာ ဝိုင်းထိုးသူများမှ . . .

"ဟာ. . . မှားပြီ၊ တို့ လူမှားပြီ" ဟု အော်လျက် ထွက်ပြေးသွားကြလေကြောင်း ဆိုပါသည်။ ထိုမိတ်ဆွေဗေဒင်ဆရာမှာ အတော်ဆေးကုလိုက်ရသည်။

လက်ဝှေ့ပွဲတွင် တစ်ဖက်သားခံထိုးနှက်ခွင့် မရအောင် ပြုလုပ်ပေးခဲ့ခြင်းပင်လောဟူ၍ သူကိုယ်သူ သုံးသပ်မိကြောင်း ပြောသည်။ ထို့အပြင် အခြားသော ဗေဒင်ဆရာကြီးများမှ အချို့မှာ ဓာတ်ရိုက်ဓာတ်ဆင် အစွမ်းထက်လှပြီး သူတို့၏ဘဝတွင် ဒုက္ခပတ်လည်ဝိုင်းလျက် မပြီးနိုင်သော လူမှုဒုက္ခများ တန်းစီနေခြင်းကို မြင်တွေ့ရကြောင်း ဆိုပါသည်။

အလွန်အောင်မြင်ပါလျက် ဗေဒင်ဟောခြင်းကို စွန့်ခွာခဲ့သူတို့ကို သတိပြုမိသည်။

အချို့ သာသနာ့ဘောင်တွင်း အပြီးဝင်သွားကြောင်း၊ အချို့လည်း တစ်သက်လုံး ဗေဒင်ကို ဘယ်တော့မှ မဟောတော့ပါဘူး ဟူ၍ ဆိုင်းဘုတ်ချိတ်ထားသူ မြင်ဖူးသည်။ အချို့လည်း ပညာရပ်များကို ဥပေက္ခာပြုပြီး အဆင်ပြေသလို ဝမ်းရေးရပ်တည် ရှင်သန်ကြသည်။

သို့ဖြစ်၍ ကျွန်တော့်ကိုယ်ကျွန်တော် စမ်းသပ်မိရာတွင် နဝင်းယတြာပေးတိုင်း ကြုံရသော ကိစ္စလေးကို သတိပြုမိ၏။ ခေါင်းကိုက်ရောဂါ ရှိသူအား တွက်ချက်ပြီး နဝင်းယတြာနှင့် သင့်လျော်၍ နဝင်းချေရာ၌ ထိုရက်တွင် ကျွန်တော် ခေါင်းခဲနေခဲ့ရသည်။ ထို့ပြင် ဗိုက်အောင့်သူကိုလည်း နဝင်းယတြာချေပေးရာ အလားတူ ကျွန်တော် ဗိုက်အောင့်ကျန်ရစ်ပါသည်။

အသည်းရောဂါသည်ကိုလည်း နဝင်းချေပေးရာ ကျွန်တော်၏အသည်းနေရာတွင် အောင့်၍ ကျန်ပြန်သည်။ တစ်ရက်မှာ ကျွန်တော်ဒုက္ခတွေ့ခြင်း သတိပြုမိပြီး ကျွန်တော့်ကိုယ်ကျွန်တော် သမာဓိအား၊ ပညာအတွေ့အကြုံ မရင့်ကျက်သေးဘူးဟု လက်ခံရမလို ဖြစ်မိပါသည်။ အားနည်းချက်တို့ ရှိပါလိမ့်မည်။ ထိုကိစ္စများကို မိတ်ဆွေဗေဒင်ဆရာက ဓာတ်ရိုက်ဓာတ်ဆင်ထိရောက်သေချာလျှင် ဗေဒင်ဆရာလည်း ဒုက္ခအနည်းအများ သက်ရောက်လိမ့်မည်ဟု ဆိုလေသည်။ ပဥ္စဝါရ မဟာပဋ္ဌာန်းနှင့် အခြားစရဏအားများ ကျွန်တော့်တွင် နှစ်ပေါက် အောင်မြင်သည့်တိုင် ဤတုံ့ပြန်မှုကား လုံခြုံမှု မရခဲ့ပေ။

▲

ရယ်စရာကောင်းလှသည့် ဖြစ်စဉ်မှာ မဟာဝိဇယ တောင်ဘက်မုခ်ရှိ ကျွန်တော့်ဟောခန်းတွင် ဗေဒင်မေးခဲ့ရာ သူ၏ အခက်အခဲကို အစီအရင်တစ်ခု ပြုပေးရန် တောင်းခံပါသည်။

သူသည် ငွေသိန်းရှစ်ဆယ်နီးပါး ချေးထားပြီး ဆုံးရှုံးရမည့် အခြေအနေကြုံသဖြင့် အကူအညီတောင်းခြင်းကို လက်ခံမိခဲ့သည်။ မှန်ပေါ်တွင် အင်းချပြီး လိုအပ်သလိုပြုခဲ့သည်။ လစ်ဟာမှု မရှိအောင် စီရင်သည်။

ကြွေတောင်းပွဲတွင် လက်ငင်းငွေမရသည့်တိုင် ရှောင်ဖယ်ခြင်းမရှိ ပြောခွင့်ဆိုခွင့်ရပြီး သေချာမှုအချို့ရခဲ့သည်။ ကျွန်တော် ဤမျှ ပြီးမည်ထင်ခဲ့မိသည်။ သို့သော် လွန်ခဲ့သောနှစ်က အစ်မတော်သူအတွက် ငွေချေးပေးခဲ့ခြင်းအတွက် ကြွေးတောင်းစာမှာ ရက်ပိုင်းအတွင်း ကျွန်တော့်ထံ ရောက်ခဲ့ပါသည်။ အာမခံထားသော ကျွန်တော်ကိုယ်တိုင် အကြွေးများကို ဖြေရှင်းရန် ကြိုးစားရပေတော့သည်။

ဆရာကြီးတစ်ဦးကတော့ ကျွန်တော် ဓာတ်ရိုက်ဓာတ်ဆင်ပြုတိုင်း ပြုံး၍ ကြည့်နေတတ်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေတတ်သည်။ တစ်နေ့မှာ . .

"မင်းက သူများဒုက္ခတွေ ကြားဝင်ခံပြီး ကူညီတာ၊ မင်းကို ကူးတဲ့အမှုတွေ မင်းသတိပြုမိရဲ့လား" ဟူ၍ ပြောပါသည်။

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသော်လည်း စဉ်းစားပြီး . . .

"ဟုတ်ကဲ့၊ သတိပြုမိပါတယ်" ဟု ပြောရာ သူက ကျွန်တော့်ကို ဘာမှ ဆက်မပြောပေ။

ဓာတ်ရိုက် ဓာတ်ဆင် ယတြာ အစီအရင်အချို့မှာ ပြုလုပ်သူအတွက် ထက်မြက်မှုအပေါ် မူတည်ပြီး ဆရာထံသို့လည်း ပြန်လည်သက်ရောက်လာကြောင်းကို ကျွန်တော် မယုံချင်ယုံချင် ယုံလိုက်ရပါသည်။

ဗေဒင်ယတြာသည် လက်တွေ့လောကကို သွယ်ဝိုက်၍ အကျိုးပြုနေပြီး သေချာမှုရှိ၍ လက်ခံသူတို့ လက်ခံနေကြပေသည်။

ဗေဒင်ဆရာသည် အရိယာ မဟုတ်သဖြင့် သူပြုသမျှ ကံ သူ့ထံ ပြန်လာနိုင်ပေသည်။

တစ်ခါတစ်ရံ သူအချို့တို့၏ ကောင်းကျိုးကို မျှော်ကိုးပြီး ပြုရာ တစ်ဖက်တွင် ထိခိုက်နစ်နာမှုကို ကြုံရတတ်ပေသည်။ ထိုအကျိုးသက် အကျိုးကား ပြန်လည်မခံစားရဟု မဆိုနိုင်ချေ။ ထိုက်သင့်သလောက်တော့ ခံစားရမည်။ အပြစ်ကတော့ ရှိကို ရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီးဦးအောင်မြင့် ( ဥပဒေဘွဲ့ )

## လက္ခဏာဗေဒင်ပညာသုတေသီ

✿ ရာသက်ပန်ထာဝရ ချစ်ခင်ကြင်နာ သာယာပျော်ရွှင် ခိုင်မြဲသော အိမ်ထောင် ဖြစ်လာဖို့အတွက် စေ့စပ်၊ လက်ထပ်၊ ထိမ်းမြားမင်္ဂလာပြုရန် နေ့ရက်၊ အချိန်အခါကောင်း ရွေးချယ်လိုသလား။ ✿ ကျန်းမာသန်စွမ်း၊ သွက်လက်ချက်ချာ၊ လိမ္မာယဉ်ကျေး၊ ဉာဏ်ရည်ထက်မြက်၊ ပညာထူးချွန်တဲ့ သားသမီးရတနာကောင်း မွေးဖွားရရှိဖို့အတွက် ကိုယ်ဝန်ခွဲစိတ်မွေးဖွားရန် နေ့ရက်အချိန်အခါကောင်း ရွေးချယ်လိုပါသလား။ ✿ ဆရာ မိဘ ပြောစကားနားထောင်၊ အောင်မြင်ကျော်ကြား၊ ချမ်းသာကြီးပွား၊ ဘုန်းကံမြင့်မား ဖြစ်စေမည့် ကလေး နာမည်ကောင်း၊ နာမည်မှန် ရွေးချယ်ပေးချင်သလား။ (နည်းလမ်းကောင်းများ ရှိပါတယ်။)

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၃၀၁၇၈၀၇၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

✿ ယုံကြည်အားကိုးစွာသာ လာခဲ့ပါ ✿


နယူတန်၏ တတိယနိယာမ အတိုင်း သက်ရောက်မှုတိုင်းသည် ယင်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှု ရှိသည် ဟု ဆိုခဲ့သည်။

သံသရာမလွတ် နိုင်သေးသရွေ့ ဒုက္ခရှိနေမည်ဟူသော ဗုဒ္ဓတရားတော်ကိုလည်း မမေ့ပေ။

ကင်ဆာရောဂါသည် တစ်ဦး သေမည်ကိုသိသော်လည်း နေနိုင်သမျှကာလတွင် ရွှင်လန်းစွာ အလှူဒါနကောင်းမှုပြုပြီး တရားကို သတိပြုနိုင်ရန် ယတြာဓာတ်ဆင်ပေးသော ကျွန်တော် နှစ်ရက်မျှ ရင်ဘတ်ပူနေခြင်းကား စဉ်းစားမရတော့ပေ။ (တိုက်ဆိုင်မှုကားများခဲ့လေပြီ)

သို့သော် ယနေ့တိုင် ဗေဒင်ဆရာ ဘဝကို ပျော်မွေ့မိသည်။ အကုသိုလ်ဖြစ်လောက်သော ယတြာတို့ကို ရှောင်ပြီး စေတနာထားခဲ့ပါသည်။ ထိုကင်ဆာဝေဒနာသည်မှာ ပြုံးရွှင်ဖြီး အသံမာလာခြင်း၊ ကုသိုလ်ကောင်းမှုအတွက် အချိန်ရခြင်း၊ အလှူဒါနများပြုနိုင်ခြင်းပင် ကျွန်တော် ကုသိုလ်ရသည်ဟု လက်ခံမိပါသည်။

သက်နိုးလှူခိုင်းခြင်း၊ ဘုရား၊ သံဃာ၊ လူတို့အား ကြာဆံကြော်လှူခိုင်းခြင်း စသဖြင့် လူမမာ အိုးမကွာ အိမ်မကွာ ဒါနကုသိုလ်ပြုပြီး သံဃာတော်များ၏ တရားကို ပီတိနှင့်အတူ စိတ်ရွှင်လန်းစွာ ကောင်းမှုပြုခြင်းပင် ကျွန်တော် နိဗ္ဗာန်ဆော်ကုသိုလ် ရပေမည်ဟု ကျေနပ်မိသည်။ နတ်လူသာစု ခေါ်မည်ဟု ယုံကြည်မျှော်လင့်မိသည်။

ဘယ်သူမျှ ရိုက်နှက်မခိုင်းစေဘဲ ဗေဒင်ဆရာဘဝကို ကျေနပ်နိုင်သည့် ကျွန်တော်သည်လည်း ဗေဒင်မေးလာသူတို့၏ သောကဒုက္ခများကို မျှဝေခံစားရင်း ကောင်းသောစကားများဖြင့် အကြံပေးလျက် ယခုဘဝတစ်ကွေ့မှာ ကြုံလာသူတိုင်းကို မိတ်ဆွေဖွဲ့၍ ခရီးဆက်နေရပေဦးတော့မည်။ အပြန်အလှန် အကျိုးပြုလျက် ရှိနေပေဦးမည်။

❒ ရွှေကျွန်းနိုင်သင်



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဆောက်မှာလား

ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)

"ဟိုက်ရှော ဆရာမင်းသီဟရာ ဇာ၊ ဒီတစ်ခါတော့ ကိုယ်တိုင်ပဲ လက် ဖက်ရည်တွေ မုန့်တွေ တစ်ခါတည်းယူလာတော့တာပဲ၊ ကဲ ချ ဖြည်းဖြည်းထိုင် အမောဖြေဗျာ"

"ကဲ . . . ဆရာရေ သောက်လိုက်ပါဦးဗျာ၊ အိမ်ဆောက်မလို့ဗျာ၊ အဲဒါ မြေခံကောင်းကောင်း နဂါးလှည့်အညာပေါ့ဗျာ၊ သိသင့်တဲ့ အခြေခံ အချက်လေးတွေ သိချင်ပါတယ်၊ ဒါကြောင့် ဒါကြောင့်"

"သိရပါတယ်၊ ပထမဆုံး အိမ်ဆောက်ကောင်း၊ ဆောက်ကောင်း လ ရွေးချယ်ပုံ စကြရအောင်ဗျာ"

"ဟုတ်ကဲ့ဗျာ၊ လိုက်မှတ်ပါ့မယ်"

"အိမ်ဆောက်လိုတဲ့အခါမှာ နယုန်လ၊ ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လ၊ နတ်တော်လ ဒီလတွေကို ရှောင်ပြီးတော့ ကျန်တဲ့လတွေ ဆောက်ရမယ်၊ အကျိုးတွေ အပြစ်တွေပြတဲ့ လင်္ကာကတော့ . . .

အိမ်ဆောက်တန်ခူး၊ ကြွယ်ထူဥစ္စာ၊ ကဆုန်မှာပေ ကျက်သရေဂုဏ်၊ လွန်ပြည့်စုံတည့်၊ နယုန်ကား သေ၊ ဝါဆိုလေကာ၊ ဂေါနသာမိ၊ မျက်ဘိဝါခေါင်၊ ပူလောင်သောကာ၊ စိုးရိမ်ခြင်း၊ တော်သလင်းမှတ်၊ ကျဉ်းကျပ်နှောင်သွင်း၊ သီတင်းကျွတ်သာ၊ ပူဆာဒုက္ခ၊ မီးကျလောင်ပြုန်း၊ တန်ဆောင်မုန်းကြိမ်၊ ဥစ္စာအိမ်သော်၊ လွန်တိုးဖော်လိမ့်၊ နတ်တော်ဘေးပို၊ ပြာသိုလိုရာ၊ ရချမ်းသာမြဲ၊ တပို့တွဲတွေ့၊ ချမ်းမြေ့ဥစ္စာ၊ စည်ပင်သာရှောင်း၊ တပေါင်းချမ်းသာ၊ ပွားစီးရာသည်၊ ဆောက်ပါ အိမ်ကျောင်း စသည်တည်း လို့ ဆရာတော်ကြီးက ပြထားတယ်၊ ရှင်းရဲ့လားဗျာ"

"ရှင်းပါတယ် ခင်ဗျာ၊ ရှေ့ဆက်ပါဦး ဆရာ"

"ရှေ့ကတော့ အခြေခံရွေးပုံပေါ့၊ မြေခံရွေးတော့မယ်ဆိုရင် မည်သည့်လမှာမဆို လဆန်း တစ်ရက်၊ လေးရက်၊ ခြောက်ရက်၊ ရှစ်ရက်၊ ကိုးရက်၊ ဆယ့်နှစ်ရက်သည် လည်းကောင်း၊ လဆုတ် နှစ်ရက်၊ သုံးရက်၊ ငါးရက်၊ ခုနစ်ရက်၊ ဆယ်ရက်၊ ဆယ့်တစ်ရက်၊ ဆယ့်သုံးရက် တို့သည် မကောင်း ဟူ၍ မှတ်ရမယ်၊ ရှင်းရဲ့လား"

"ရှင်းပါတယ် ဆရာရယ်၊ မြေခံကကော ဆရာ"

"ဟုတ်ပြီ၊ ဘာသတ္တဝါတွေ ခံတာလဲဆိုတာ ရှင်းရမယ်ဆိုရင် လဆန်း တစ်ရက် နတ်၊ လေးရက် နဂါး၊ ခြောက်ရက်မှာ ဆင်၊ ရှစ်ရက်မှာ ဒွန်းစဏ္ဍား၊ ကိုးရက်မှာ ဘီလူး၊ ဆယ့်နှစ်ရက်မှာ ခွေး ခံတယ်၊ လဆုတ်ရက်မှာကျတော့ နှစ်ရက်မှာ ကျား၊ သုံးရက်မှာ နတ်၊ ငါးရက်မှာ ဆင်၊ ခုနစ်ရက်မှာ ဒွန်းစဏ္ဍား၊ ဆယ်ရက် ဘီလူး၊ ဆယ့်တစ်ရက် နဂါး၊ ဆယ့်သုံးရက် ဝက်ခံသည်၊ မကောင်းတဲ့မြေခံကို ပြတော့ ကောင်းတာကို သိရမှာပေါ့ ဟုတ်ပြီလား"

"ဟုတ်ကဲ့၊ သိပါတယ် ဆရာရယ်"

"တစ်လေးခြောက်ရှစ်၊ ကိုးဆယ့်နှစ်ဟု၊ စဉ်စစ်ဆန်းသို၊ လဆုတ်ဘိမူ၊ ဒွေးတိပဉ္စာ၊ သတ်ဒသာနှင့်၊ ဧကာဒသ၊ တေရသကို မှတ်ကြ၏၊ မြေခံမကောင်း၊ မှန်သည်ဝေးလံ၊ သူတို့ ရှောင်ကြဉ်ဖို့ ဆိုပြီး ပြထားပြန်တယ်၊ တစ်နည်း ပြဦးမယ်၊

နတ် နဂါး ဆင် စဏ္ဍာပင် ခံချင်ဘီလူး ခွေး

၁ ၄ ၆ ၈ ၉ ၁၂

ကျား နတ် ဆင် စံ ဘီလူးခံ တာတန် နဂါးဝက်

၂ ၃ ၅ ၇ ၁၀ ၁၁ ၁၃

ဒါကတော့ မြေခံနဲ့ အဆင်ပြေအောင် မှတ်သားမိပြီပေါ့"

"ဟုတ်ကဲ့၊ ရှင်းပါတယ်၊ ရက်ရာဇာ၊ ပြဿဒါးလဲ သိကြပြီးသားပဲ၊ ရှေးဆရာတို့နည်းတော့ သိချင်ပါတယ်"

"လင်္ကာဆောင်ပုဒ်လေးနဲ့ဆို ပို့နားဝင်မှာယ်၊ ဒီတော့ ကြည့် . . .

တန်ခူးလမှာ သာလှ၊ ထွန်းပကွဲ့ ကဆုန် ညွန့်စမှာ လနယုန်၊ ဝါဆိုကြုံအောင်လှ၊ သာလှိုမတော့ လဝါခေါင်၊





www.burmeseclassic.com

www.burmeseclassic.com

မြတောင် တော်သလင်းမှန်စွဲ၊ သီတင်းကျွတ်ဆို ပြောဆီ၊ ထို သော့ရီယူဆ တန်ဆောင်မုန်း၊ မဂသချမ်းတုံးပ နတ်တော်၊ မီးနော်မှာ ပြာသိုထား၊ မီးညိုကား တွဲတပို့နော်၊ ထဲမဝင်တော့ တပေါင်းခေါ်သည်၊ မှတ်ကြောင်းနော်ရာဇာရက်ပါပဲ၊ ကမ္ဘာ ထက်များသူလူ ဗိုလ်အားပြုမှီခို၊ သွားမှုနဲ့ လာမှုတန်ငယ်၊ အမှု ထိုထို ဆောင်ရွက်ပါတော့လေး လို့ ရေးစပ်မှတ်သားစေခဲ့ပါ တယ်"

"ပြဿဒါးကကော ဆရာ"

"ပြဿဒါးက ပြက္ခဒိန်သာကြည့်ပေါ့ကွာ၊ ပေါပါတယ်၊ ဒီမှာ သကာရဝိပုလ ဂါထာတွေအရဆိုရင် ပါဠိရေးလိုက်၊ အနက်ပြန်လိုက်နဲ့ ရှည်မယ်ဟုတ်လား၊ ကဲ အိမ်ဆောက်မယ့် လူ ဒီနှစ်ဆောက်လို့ ကောင်းပြီလား၊ ဒါကြည့်ရမယ်၊ အိမ် ဆောက်တော့မယ်ဆိုရင် အောက်မှာ ဇယားပြထားတယ်၊ အိမ်ငယ်ကနေပြီး လက်ဝဲရစ်လှည့်ရမယ်၊ မိမိအသက်စေ့ အောင် ရေရမယ်။

အိမ်ငယ်ကျသော် အသက်ရှည် စည်းစိမ်ပွား၍ သား မြေးကျေးကျွန် များအံ့၊ အိမ်ဆောင်ပန်းကျသော် အခြွေအရံ များအံ့၊ အိမ်ပေါက်လဲကျသော် အသက်ဆုံးရှုံးတတ်၏၊ အိမ် သဘော်ကျသော် စည်းစိမ်ဥစ္စာ ပြည့်စုံအံ့၊ အိမ်ပြာသာဒ်ကျ သော် စည်းစိမ်ဥစ္စာ မြဲမြံခိုင်ခံ့အံ့၊ အိမ်ကျိုးနားကျသော် သား မြေး ကျေးကျွန် ပျက်စီးအံ့၊ အိမ်ပြန်ကျသော် နှစ်မကုန်မီ အလုံးစုံပျက်စီးတတ်အံ့၊ အိမ်တံကျင်မှာလဲ ထို့အတူ မှတ်လေ"

"ကဲ အိမ်ဆောက်တဲ့ မိမိအသက်ပိုင်းနှစ် ဘယ်နှစ်မှာ ပိုကောင်းတယ်ဆိုတာ ခန့်မှန်းသိရှိပြီးရောပေါ့နော်"

| | | |
|---|---|---|
| အိမ်ပြန် | အိမ်ကျိုးနား | အိမ်ပြာသာဒ် |
| အိမ်တံကျင် | | အိမ်သဘော် |
| အိမ်ငယ် | အိမ်ဆောင်ပန်း | အိမ်ပေါက်လဲ |

"ဟုတ်ကဲ့ သိပါပြီခင်ဗျာ၊ ပြန်ပြီး စစ်ကြည့်ရမှာပေါ့"

"ဟုတ်တယ်၊ မကျသင့်တဲ့အကွက်၊ ကျမယ့်နှစ်ကို ရပ်ထားရမယ်လို့ ဆိုလိုတာပေါ့"

"လက်ာလေး သိသာအောင် ရေးလိုက်ပါဦး၊ အိမ်ငယ် အကျ သက်ဇီဝ၊ ရှည်ကြသည် စည်းစိမ်၊ သားမြေးကျေးကျွန် ပေါပြည့်လွန်၊ အမွန် လူ့လောကီ၊ အိမ်ဆောင်ပန်းကျ ခြေ ရွေပ၊ များလှပြန်တော့သည်၊ ပေါက်လဲကျထွေ မကောင်းပေ၊ ဇီဝေဆုံးလိမ့်မည်၊ အိမ်သဘော်ကျ တစ်လောက၊ ဘောဂ ပြည့်စုံမည်၊ ပြာသာဒ်သင့်က များခနေ၊ မြဲလှခိုင်တည်တည်၊ ကျိုးနားသင့်ဟန် သားမြေးမွန်၊ ကျေးကျွန်ပျက်စီးမည်၊ အိမ်ပြန် သင့်တုံ့ နှစ်မကုန်၊ ဖုံဖုံပျက်စီးမည်၊ တံကျင်မှာလည်း ၎င်းနည်း၊

ညဏ်မှီးမှတ်သင့်သည်၊ အထက်ပါလက်ာကြည့်ရင် ပြည့်စုံစွာ သိမြင်နိုင်ပါပြီ"

"ဆရာ ပန္နက်ရိုက်တာတို့၊ အခါရွေးတာတို့ကော"

"နေ့ခုနစ်တိုင် အတွေးအလွန်ပိုင်ဖို့၊ ယှဉ်ပြိုင်ထူမင်း အဓိပတိ၊ ကြိုးကိုင်ရန် ခါခါစီ၍၊ အမြစ်မှီနေ့နံသားငယ်တို့ သွေမဖီပန္နက်သားပါလို့၊ ကြီးပွားစေဆု ခွင့်တောင်းရမယ် ကောင်းတဲ့ခါတွင်း။

ဒီအချိုးလက်ာရဲ့ အဓိပ္ပာယ်အတွင်းက အိမ်ဆောက် ကျောင်းဆောက် စသည်တို့မှာ နေ့ကောင်းရက်သာတွေရွေး ပြီး ပန္နက်ရိုက်လိုတဲ့အခါ တနင်္ဂနွေ တနင်္လာ စသဖြင့် အိမ် ကျောင်းဆောက်မယ့် ပုဂ္ဂိုလ်ရဲ့ နေ့ကိုလိုက်ပြီး အဝိဇ္ဇာတိုင် ထူပါတဲ့၊ ဆပွတ်အဓိပတိတို့ကို ကြိုးကိုင်စေရမယ်၊ အမြစ် နံ့သင့်နေ့သားတို့ကို ပန္နက်ရိုက်စေရမယ်၊ ပန္နက်ရိုက်မယ့် အချိန်မှာ အရေးကြီးဆုံးက အခါပဲ၊ အခါကို ရွေးဖို့ လို လိုတယ်၊ အခါမှန်မှ ကြီးပွားချမ်းသာမှာ ဖြစ်ပါတယ်၊ ကြီးပွား ချမ်းသာပါစေ၊ ဘုန်းတန်ခိုးကြီးပါစေလို့ ဆုတောင်းပြီး အခါ ကျတာနဲ့ ရိုက်ရမှာဖြစ်တယ်"

"အခါကိုမရေးခင် အခုန ကြိုးကိုင်ပန္နက်ရိုက် ရှင်း အောင် မှတ်ပါရစေ ဆရာ"

"ဪ. . . ရေး ဟုတ်ပြီ . . .

တနင်္ဂနွေသား အိမ်ကျောင်း ဆောက်လိုသော် ကြာ သပတေးသား၊ သောကြာသားကို ကြိုးကိုင်စေ၊ စနေသား ပန္နက်ရိုက်ရမည်။

တနင်္လာသား အိမ်ကျောင်း ဆောက်လိုသော် သော ကြာ၊ စနေသားကို ကြိုးကိုင်စေ၊ တနင်္ဂနွေသား ပန္နက်ရိုက် ရမည်။

အင်္ဂါသား အိမ်ကျောင်း ဆောက်လိုသော် တနင်္ဂနွေ စနေသား ကြိုးကိုင်စေ၍ တနင်္လာသား ပန္နက်ရိုက်ရမည်။

ဗုဒ္ဓဟူးသား အိမ်ကျောင်း ဆောက်လိုသော် တနင်္လာ သား၊ တနင်္ဂနွေသား ကြိုးကိုင်စေ၍ အင်္ဂါသား ပန္နက်ရိုက် ရမည်။

ကြာသပတေးသား အိမ်ကျောင်း ဆောက်လိုသော် အင်္ဂါသား၊ တနင်္လာသား ကြိုးကိုင်စေ၍ ဗုဒ္ဓဟူးသား ပန္နက် ရိုက်ရမည်၊

သောကြာသား အိမ်ကျောင်း ဆောက်လိုသော် ဗုဒ္ဓ ဟူးသား၊ အင်္ဂါသား ကြိုးကိုင်စေ၍ ကြာသပတေးသား ပန္နက် ရိုက်ရမည်၊

စနေသား အိမ်ကျောင်း ဆောက်လိုသော် ကြာသပ တေး၊ ဗုဒ္ဓဟူးသား ကြိုးကိုင်စေ၍ သောကြာသား ပန္နက်ရိုက် ရမည် လို့ ခုနစ်နေ့ အများထင်သာအောင် မြင်သာအောင် မှတ်လိုက်"

"ဟုတ်ကဲ့ပါ ဆရာ"





www.burmeseclassic.com

www.burmeseclassic.com

"ပြီးတော့ အခါရွေးပုံ သွားကြရအောင်၊ လင်္ကာက-

အုန်း ဆီ သက်၊ ကောင်း ဘက် ပိ၊ ဇော ဝိ သိ၊ လှ့ ဆီ ဆဒ်၊ ပန်း မြတ် ဖြင်၊ သဲ ဇင် မာရ်၊ ထောင် တန် သူ ဆိုပြီး ဆရာတော်ကြီးများ အခါယူပုံ စပ်ဆိုထားတယ်၊ အဓိပ္ပာယ်က . . .

အုန်း - တနင်္ဂနွေနေ့၊ ဆီ - သုံးဖဝါးအခါ၊ သက် - သတ္တသိကြား စောင့်၏၊ ဤအချိန်ကား ကောင်းမြတ်သော အချိန်ဖြစ်သောကြောင့် အခါမှန်လျှင် အရှေ့မြောက်အရပ်က လူနှစ်ယောက် ရန်ဖြစ်လာသည် မြင်ရသော် ပန္နက်ရိုက်ရမည်။

တနင်္လာနေ့ ငါးဖဝါးအခါ ဗိဿနိုးနတ်စောင့်၍ ကောင်းမြတ်သောအခါ ဖြစ်ရကား ၎င်းအခါ၌ အရှေ့အရပ်က လူနှစ်ယောက် လက်တွဲ၍လာသည်ကိုမြင်လျှင် ပန္နက်ရိုက်ရမည်။

အင်္ဂါနေ့ လေးဖဝါးအခါ ခြင်္သေ့မင်းစောင့်၍ ကောင်းမြတ်သောအခါ ဖြစ်ရကား ၎င်းအခါ၌ အရှေ့အရပ်က လူနှစ်ယောက် လျှို့ဝှက်သောစကား (တီးတိုးစကား) ပြောကြားလာသည်ကို မြင်ရလျှင် ပန္နက်ရိုက်ရမည်။

ဗုဒ္ဓဟူးနေ့ သုံးဖဝါးအခါ ဆဒ္ဒန်ဆင်မင်းစောင့်၍ ကောင်းမြတ်သောအခါ ဖြစ်ရကား ၎င်းအခါ၌ တောင်အရပ်က အခြေလေးခုစီးလျက် ပန်းပန်လာသည်ကို မြင်ရလျှင် ပန္နက်ရိုက်ရမည်။

ကြာသပတေးနေ့ ငါးဖဝါးအခါ ဖြူဟ္မာမင်းစောင့်၍ ကောင်းမြတ်သောအခါ ဖြစ်ရကား ၎င်းအခါ၌ အနောက်အရပ်က လူနှစ်ယောက်သော်လည်းကောင်း၊ ငါးယောက်သော်လည်းကောင်း သီချင်းဆို၍ လာသည်ကိုမြင်သော် ပန္နက်ရိုက်လေ။

သောကြာနေ့ သုံးဖဝါးအခါ မာရ်နတ်သားစောင့်၍ ကောင်းမြတ်သောအခါ ဖြစ်ရကား ၎င်းအခါ၌ မြောက်အရပ်က လူသုံးယောက် လက်နက်ကိုင်၍သော်လည်းကောင်း၊ ခမောက်ဆောင်း၍သော်လည်းကောင်း လာသည်ကိုမြင်သော် ပန္နက်ရိုက်ရမည်။

စနေနေ့ ခုနစ်ဖဝါးအခါ သူရိန်နတ်ပင်စောင့်၍ ကောင်းမြတ်သောအခါဖြစ်ရကား ၎င်းအခါ၌ အနောက်တောင်အရပ်က မီးလျှံကိုသော်လည်းကောင်း၊ မျက်စိပျက်သူကိုသော်လည်းကောင်း မြင်သော် ပန္နက်ရိုက်ရမည်။

ဒါ အဓိပ္ပာယ်ဖော်ဆောင်ပုံလေးလေဗျာ၊ မွန်းတည့်ဖဝါးနဲ့ညှိပြီး ဟိုတုန်းက ပညာရှိတွေ တွက်ချက်ခဲ့တဲ့ ပညာပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာ၊ သဘောပေါက်ပါတယ်"

"ကဲ ဆောင်ပုဒ်ကလေးမှတ်မိဖို့ ရေးကြစို့ဗျာ၊

(၁) ရွှေဂျုန် သုံးဖဝါး သိကြားစောင့်ခါပေ၊
အရှေ့မြောက် လူနှစ်ထွေ ရန်ဖြစ်လေလာတတ်။

(၂) ရွှေကျားမှာ ဖဝါးသစ္စာ စောင့်ေရာ ဗိဿနိုးနတ်၊
အရှေ့ရပ် လူနှစ်ဖြာ လက်တွဲကာ လာမည်မှတ်။

(၃) ရွှေခြင်္သေ့ လေးဖဝါး ရပ်စောင့်ေ တာ်သီဟာ။
အရှေ့တောင် လူနှစ်ဦးငယ်တို့ လျှို့ဝှက်ထူး ပြောလာလိမ့်မှာ။

(၄) ရွှေဆင်မင်း သုံးဖဝါးခါ ဆဒ္ဒန္တာစောင့်မလို့။
တောင်ဆီကလေးခု အခြေစီးလျက်မသွေ ပန်းပန်လို့လာလိမ့် မလေးငယ် ဗျာမိန့်ချွေ ခုဖောာတော့လေး။

(၅) ရွှေကြွက်မှာ ငါးဖဝါး စောင့်လေဗြာ ဖြူဟ္မာ။
အနောက်က လူနှစ်ဖြာ ငါးယောက်ပါတသီး၊ ပျော်သီချင်း ခြွေမြူးလာမည်။

(၆) ရွှေပူးမှာ ဖဝါးတြိမှီး မာရ်နတ်ကြီးစောင့်လတ်ပေ မြောက်ရပ်လေမှတ်နည်း လူသုံးထွေ လက်နက်မှီးပါလို့ ဆိုတစ်နည်း ခမောက်ဆောင်လာလိမ့်မယ် သွေမမှားပါဘူး။

(၇) ရွှေနဂါး ဖဝါး သတ္တအောင် သူရိန်နတ်စောင့်လတ် မရှောင်တယ် နောက်ရပ်တောင် အလျှံမီးငယ်နှင့် ဖန်တစ်နည်း မျက်စိပျက်သူ တွေ့မြင်လိမ့်ယူ မေ့ပါနှင့်မွေ ကက္ကုရှင်ယ် ရသေ့မူ လမ်းမှန်ဖို့လေး၊ ဒါ ပန္နက်ရိုက်တဲ့ အခါခမ်းပုံပေါ့ဗျာ"

"ဆရာ၊ တွင်းတူးရင်ကော အမိန့်ရှိပါဦး"

"တွင်းတူးမယ်ဆိုရင် အဦး ဝမ်းကြွက်၊ ခေါင်းထက် ဂဠုန်၊ ကျောက်တုံး ပူးစီး၊ အမြီး ဆင်နင်း လင်္ကာအတိုင်း နဂါးခေါင်း ဝမ်းလှည့်ရာအရပ်ကို ဝေဖန်ကြည့်၊ ဝမ်းဘက်က ကြာသပတေးသားနေ၊ ခေါင်းဘက်က တနင်္ဂနွေသားနေ၊ ကျောက်က သောကြာသားနေ၊ အမြီးက ဗုဒ္ဓဟူးသားနေပြီးတော့ တွင်းတူးပေတော့၊ ဒါ နဂါးလေးချက်သေ တွင်းတူးနည်းလို့ ရှေးဆရာတို့ ပြဆိုခဲ့သဗျာ၊ ကဲ သေချာမှတ်ထားရဲ့လား ကိုစိုးနိုင်"

"ဒါလောက် အစီအစဉ်ချပြတာမှ မမှတ်ရင် ကျွန်တော် လူညံ့ဖြစ်တော့မှာပေါ့ ဆရာ၊ အင်မတန် အဓိပ္ပာယ်ရှိတာပဲဟာ"

"ကဲ နောက်တစ်ခါ အိမ်ဆောက်ပြီး ထီပေါက်စေတဲ့ မင်္ဂလာအိမ်ဆောက်နည်း ပြောကြတာပေ့ါ ဒီတစ်ပတ်တော့ နားစို့"

"ဟုတ်ကဲ့ ဆရာ"

❒ ဆရာအောင်ကျော်နိုင်(ရွှေစေတီ)

<u>ကျမ်းကိုး</u>

ဗေဒင်ခေါင်းဆောင်ကျမ်း၊ ပထမတွဲ၊ ဒုတိယတွဲ၊ နန္ဒဝန်ကျောင်းဆရာတော်။



www.burmeseclassic.com

www.burmeseclassic.com

# သေဘေးမှ လွတ်ခဲ့ရ အခါခါ



## မြတ်လင်းသူ (ပခုက္ကူ)

စာရေးသူ ဘဝတွင် သေမင်းက သေခွင့် မပြုသေး၍ သေမည့်ဘေးမှ လွတ်မြောက်ခဲ့သည့် အကြိမ်ပေါင်း သုံးကြိမ်တိတိ ကြုံခဲ့ရပါသည်။

အဘယ့်ကြောင့် မသေခဲ့သည်ကိုလည်း စာဖတ်သူအား ရှင်းလင်းတင်ပြပါမည်။ ဆက်လက်ဖတ်ရှုစေလိုပါသည်။

စာရေးသူမှာ သိတတ်စအရွယ်ငယ်စဉ်ကပင် ဗုဒ္ဓ၏ အစွမ်းထက်မြက်သည့် အခြားဂါထာတော်များအား မရရှိသော်လည်း မိခင်ဖြစ်သူမှ နှုတ်တိုက်သင်ပေးခဲ့သဖြင့် 'သမ္ဗုဒ္ဓေ' ဂါထာနှင့် ဘုရားဂုဏ်တော်ကိုးပါးကို အလွတ်ရခဲ့ပါသည်။

ထိုဂါထာနှစ်မျိုးအား ငယ်စဉ်ကပင် အမြဲတစေ ရွတ်ဖတ်ခဲ့ပါသည်။ ဂုဏ်တော်ကိုးပါးအား ရွတ်ဖတ်ခဲ့သည့် အကျိုးကြောင့် ထင်ပါသည်။ သေလောက်အောင် ပြင်းထန်သည့်ရောဂါဝေဒနာများဖြင့် ဆေးရုံသို့ သုံးကြိမ်သုံးခါ တက်ရောက်ခဲ့ရပါသော်လည်း သေဘေးမှ လွတ်မြောက်ခဲ့ရပါသည်။

ပထမအကြိမ်မှာ ၁၉၈၂ ခုနှစ် အောက်တိုဘာလက ဖြစ်ပါသည်။ စာရေးသူ ဝန်ထမ်းဘဝ ဖြစ်ပါသည်။ ညအချိန် မန္တလေးမှ ကြာနီကန်ကျေးရွာသို့ အလုပ်တာဝန်ဖြင့် ခရီးသွားကြပါသည်။ ထိုစဉ်က ယခုလို ဂျပန်ကားများ ပေါများစွာ မရှိသေးပါ။

ဂျစ်ကားများကိုသာ အားကိုးပြီး သွားလာကြရပါသည်။

ကားအား စာရေးသူ ကိုယ်တိုင် မောင်းနှင်ခြင်းဖြစ်ပြီး စာရေးသူနှင့် အတူအခြားဝန်ထမ်းနှစ်ဦးလည်း ပါဝင်ပါသည်။ ကားမောင်းလာစဉ် ကြာနီကန်ကျေးရွာသို့မရောက်မီ ပုသိမ်လေးကျေးရွာအနီး၌ ဂျစ်ကားမှာ မီးပျောက်ပြီး လမ်းဘေးသို့ ထိုးကျကာ ဘေးတစောင်း မှောက်ပါသည်။

စာရေးသူ သတိရလာသောအခါ မန္တလေး ပြည်သူ့ဆေးရုံကြီးပေါ်သို့ ရောက်ရှိနေပါသည်။

ဘယ်ဘက်လက်မောင်းမှာ ကားပေါ်မှ ပြုတ်ကျစဉ် အဆစ်လွဲသွားသဖြင့် မေ့ဆေးပေးကာ ပြန်တည့်ခဲ့ရသည်။ ဦးခေါင်းနှင့် ခန္ဓာကိုယ်ရှိ သေလောက်သည့် နေရာများမှာ ဒဏ်ရာ ရရှိခဲ့ခြင်း မရှိပါ။

စာရေးသူနှင့် အတူကားပေါ်တွင် ပါသည့် ဝန်ထမ်းနှစ်ဦးမှာ ပွန်းပဲ့ဒဏ်ရာများသာ ရရှိသဖြင့် ဆေးရုံမတက်ခဲ့ပါ။ စာရေးသူသည် ဆေးရုံတွင် သုံးရက်



www.burmeseclassic.com

www.burmeseclassic.com

ကျော် ကုသရပြီး ပထမအကြိမ် သင်္ဘောမှ လွတ်မြောက်ခဲ့ရပါသည်။

ဒုတိယအကြိမ်မှာ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလက ဖြစ်ပါသည်။ စာရေးသူမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ၏ ဝေးလံပြီး ဆက်သွယ်ရေး ခက်ခဲသော နယ်ခြားမြို့ကလေးတစ်မြို့ ဖြစ်သည့် လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။

ထိုနေ့က နေအလွန်ပူပြင်းပြီး ညပိုင်း၌ အလွန်ချမ်းပါသည်။ စာရေးသူမှာ မြို့နယ်သာသနာရေးဦးစီးမှူး၏ နေအိမ်၌ ညစဉ် မြန်မာ့ရုပ်မြင်သံကြားကို သွားရောက်ကြည့်ရှုလေ့ရှိပါသည်။

ထိုနေ့ညက တီဗွီအစီအစဉ် ပြီးဆုံး၍ သာသနာရေးဦးစီးမှူး မိသားစုအား နှုတ်ဆက်ပြီး ပြန်လာရာ မိမိ၏ နေထိုင်ရာ ဌာန၏ တောင်ကုန်းကလေး အပေါ်မှ အဆောင်သို့ရောက်သည်နှင့် အပြင်းဖျားပါတော့သည်။ ထိုစဉ်က မြို့နယ်အုပ်ချုပ်ရေးမှူးမှာ ဦးခင်ရီဖြစ်ပါသည်။ ၎င်းတို့မိသားစုများမှာ များစွာ သဘောကောင်းကြပါသည်။

ထိုညက စာရေးသူမှာ ဖျားသော်လည်း သတိကောင်းစွာရရှိသဖြင့် ဂုဏ်တော်ကိုးပါးကိုသာ အိပ်ရာထဲ၌ အထပ်ထပ်အခါခါ ရွတ်ဖတ်နေပါတော့သည်။

ထိုစဉ်က စာရေးသူတို့ ဝန်ထမ်းအားလုံးနီးပါးမှာ ခရီးဝေးလံခြင်း၊ ဆက်သွယ်ရေးခက်ခဲခြင်း၊ စားဝတ်နေရေး အဆင်မပြေခြင်းတို့ကြောင့် မိသားစုများအား ခေါ်မလာနိုင်ကြပါ။ ဝန်ထမ်းအချင်းချင်းသာ မိသားစုသဖွယ် ပြုစုကြရပါသည်။

နောက်တစ်နေ့ နံနက်တွင် အဖျားမကျသဖြင့် တပည့်တစ်ယောက်ကို ခေါ်ပြီး ဆေးရုံသို့ ခြေကျင်လျှောက်သွားခဲ့ကြပါသည်။ ထိုစဉ်က အရပ်ဘက်ရှိ မည်သည့်ဌာနဆိုင်ရာမျှ ကားမရှိကြပါ။ အလုပ်ကိစ္စရှိပါက အငှားကား (VAN) များနှင့်သာ သွားလာကြရပါသည်။

ယာဉ်မောင်းများမှာ မြန်မာစကား မတတ်ကြပါ။ စာရေးသူတို့ကလည်း အမူအရာနှင့် ပြောပြီး ကားငှားကြရသည်။

ဆေးရုံသို့ ရောက်သောအခါ အလုပ်သင်ဆရာဝန်လေး တစ်ဦးနှင့် သူနာပြုဆရာမ သုံးဦးခန့်သာရှိကြောင်း သိရပါသည်။ ဓာတ်ခွဲခန်းလည်း မရှိ၊ ပစ္စည်းပစ္စယနှင့် ဆေးဝါးများလည်း မပြည့်စုံပါ။ မရှိသည်ကသာ များသည်။

စာရေးသူအား ငှက်ဖျားရောဂါ ဟုတ် မဟုတ် သွေးဖောက်စစ်ဆေးရန်လည်း မဖြစ်သဖြင့် အဖြေရရန် ခက်ခဲနေပါသည်။ဆရာဝန်လေးက 'ငှက်ဖျားထင်တယ်ဆရာမ' ဟုပြောကာ ငှက်ဖျားဆေး အာစီဗီဆာများပေးကာ ကုသပါတော့သည်။ (စာရေးသူမှာ အဖျားကြီးသော်လည်း ချမ်းတုန်ဖျားခြင်းမရှိပါ။)

ထိုနေ့က ဆေးရုံမှ အပြန်တွင် လုံးဝ လမ်းမလျှောက်နိုင်တော့သဖြင့် ကားတစ်စီးငှားကာ ပြန်ခဲ့ရပါသည်။ (တစ်မိုင်မရှိသည့်ခရီးအား ယွမ် တစ်ဆယ် ပေးရပါသည်။ ထိုစဉ်က မြန်မာငွေ တစ်ထောင်ကျပ်နှင့် ညီပါသည်)။

နောက်တစ်နေ့တွင် စာရေးသူမှာ လုံးဝသတိမရသဖြင့် မိမိဝန်ထမ်းများက ကွမ်းလုံဆေးရုံကြီးသို့ ပို့ဆောင်ပေးကြပါသည်။ ကွမ်းလုံဆေးရုံကြီးမှ ဆရာဝန်ကြီးမှာ မြင်းခြံဇာတိဖြစ်ပြီး မန္တလေး၊ လားရှိုးမြို့များသို့ မကြာခဏ သွားလာတတ်ကြောင်း သိရပါသည်။ မိမိက သေကံမရောက်၊ သက်မပျောက်ဟု ခေါ်ရမည်လား မသိပါ။ မြို့နယ်ဆရာဝန်ကြီးနှင့် တန်းတိုးပါလေတော့သည်။

ဆရာဝန်ကြီးမှာ သဘောကောင်း၍ စေတနာထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။ ဆရာဝန်ကြီးထံ ရောက်ချိန်တွင် စာရေးသူ၏ ဆီးများမှာ နီညိုရောင် အဆင့်သို့ ပြောင်းလဲနေပြီ ဖြစ်ပါသည်။ ငှက်ဖျားဆေးများမှာ ပြင်းသဖြင့် အသည်းကို ထိခိုက်သွားကြောင်း သိရပါသည်။

စာရေးသူမှာ အိပ်ရာထဲတွင် လဲကာ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေပါသည်။

နောက်တစ်ရက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်ကြောင်း ဆရာဝန်ကြီး ပြောပြသည်ကို နောက်မှသိရပါသည်။

သတိကောင်းစွာ မရသည့်ကြားမှပင် စာရေးသူသည် ဘုရားဂုဏ်တော်ကိုးပါးအား အာရုံပြုကာနေမိပါတော့သည်။

စာရေးသူအား ပြုစုမည့်သူ မရှိတော့ပါ။ တပည့်များမှာ တာဝန်များရှိသဖြင့် ဆေးရုံတင်ပြီး ပြန်သွားကြပါသည်။ ထိုဖြစ်စဉ်ကို သိလျှင် သိချင်း စာရေးသူ၏ မိတ်ဆွေ ကွမ်းလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစိုးညွန့်နှင့် စခန်းမှူး ဦးဇော်ဝင်းတို့ လာရောက်ကြည့်ရှုကြပါသည်။ လူနာအစောင့် တစ်ယောက်ကိုလည်း စီစဉ်ပေးပါသည်။

(ဦးစိုးညွန့်မှာ ယခုဒုတိယရဲမှူးကြီး ဖြစ်ပြီး ဦးဇော်ဝင်းမှာ ဒုတိယရဲမှူး ဖြစ်နေပါသည်။ စကားချပ်)

မြို့နယ်မှူးမှ မန္တလေးရှိ မိသားစုထံ ဖုန်းဆက်အကြောင်းကြားပေးခဲ့ပါသည်။ မန္တလေးမြို့မှ စာရေးသူ၏ ယောက်ဖနှင့် ဇနီး၊ သားဖြစ်သူတို့ ကားဖြင့် လိုက်လာကြပါသည်။ ဆရာဝန်ကြီးထံ ခွင့်ပန်ပြီး စာရေးသူအား မန္တလေးသို့ ခေါ်ဆောင်ကာ ဆေးကုသကြပါသည်။ ရက်ပေါင်း နှစ်ဆယ်ခန့်တွင် ပျောက်ကင်း သက်သာခဲ့ပါသည်။ ဤကား ဒုတိယအကြိမ် သေမင်းက သေခွင့်မပြုသေးခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်ရသည်မှာ သတိကောင်းစဉ်က "ဂုဏ်တော်ကိုးပါး"အား ရွတ်ဖတ်သရဇ္ဈာယ်ခြင်း အကျိုးကြောင့်သာ ဖြစ်သည်ဟု စာရေးသူယုံကြည်ခဲ့ပါသည်။

တတိယအကြိမ် သေဘေးမှ လွတ်မြောက်သည်မှာ ၂၀၃၁ပြည့်နှစ် မေလ ၁၆ ရက်နေ့ကဖြစ်ပါသည်၊ စာရေးသူမှာ ထိုစဉ်က ရန်ကုန်မြို့ရှိ မြို့နယ်တစ်ခုတွင် တာဝန်ထမ်းဆောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညနေက စာရေးသူမှာ ဗိုက်အနည်းငယ်နာသဖြင့် ဆန်ပြုတ်တစ်ပွဲကိုသာ ညနေစာအဖြစ် ဝယ်ယူသောက်ပါသည်။ ညစာထမင်းကို မစားပါ။ အစာအိမ်ရောဂါလည်း မရှိဘဲနှင့် ဆန်ပြုတ်သောက်ပြီးသည်နှင့် ဗိုက်မှာ မခံမရပ်နိုင်အောင် နာပါတော့သည်။

ညပိုင်းတွင် စာရေးသူမှာ မခံမရပ်နိုင်အောင် နာကျင်လာသဖြင့် မိသားစုမှာ စမ်းချောင်း၊ ဗဟိုလမ်းရှိ ဆေးရုံကြီးသို့ ချက်ချင်း တင်ပို့ကြပါသည်။ စာရေးသူမှာ အပြင်းအထန် ဗိုက်နာသော်လည်း သတိမလွတ်ဘဲ ဂုဏ်တော်ကိုးပါးကိုသာ အာရုံပြုထားခဲ့ပါသည်။

ဆေးရုံမှ ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်း၊ အီးစီဂျီဆွဲခြင်း၊ ဆေးပုလင်းချိတ်ဆွဲခြင်း၊ ဆေးထိုးခြင်းများ ပြုလုပ်ကြပါသည်။ ဗိုက်နာမှာ မသက်သာဘဲ တစ်ညလုံး နာကျင်မှုဝေဒနာ ခံစားခဲ့ရပါသည်။

နောက်တစ်နေ့ နံနက်ရောက်မှ ရောဂါမှာ အစာအိမ်ရောဂါ မဟုတ်ဘဲ "သည်းခြေထဲတွင် ကျောက်များ တည်နေကြောင်း" တီဗွီဓာတ်မှန် အဖြေထွက်ပါသည်။

သည်းခြေထဲ၌ တည်နေသော ကျောက်များအား အောင်မြင်စွာခွဲထုတ်နိုင်ခဲ့ပါသည်။ ဆရာဝန်နှင့် သူနာပြုများ၏ စောင့်ရှောက် ကုသပေးမှုကြောင့် ဆေးရုံ၌ ဆယ်ရက်ကြာ တက်ရောက်ကုသခဲ့ပြီး သေဘေးမှ လွတ်မြောက်ခဲ့ပြန်ပါသည်။

ဗုဒ္ဓ၏ အစွမ်းထက်မြက်သော ဂုဏ်တော်ကိုးပါး ရွတ်ဖတ်ပူဇော်ခြင်းကြောင့် အသက်ဘေးမှ သုံးကြိမ် သုံးခါ လွတ်မြောက်ခဲ့ကြောင်း ကိုယ်တွေ့ဖြစ်ရပ်အား ရေးသားတင်ပြပါသည်။

❐ မြတ်ဖေဝင်းသူ (ပခုက္ကူ)

# ကိုးဆယ့်ခြောက်လုံး သုံးပါးဂါထာ ရွတ်ကြပါ

တစ်နေ့တွင် ကျွန်တော်ထံသို့ တပည့်မလေး အိသန္တာအောင် ရောက်လာသည်။ သူသည် ကျွန်တော့်ဘော်ဒါတွင် နေပြီး (၁၀)တန်း စာမေးပွဲကို အောင်သွားသူလေး ဖြစ်သည်။ သမီးလေးလို ခင်မင်ရင်းနှီးနေသဖြင့် မကြာခဏ ရောက်လာတတ်သည်။ ယခုလည်း ကျွန်တော်ကြိုက်သည့် မုန့်များဖြင့် လာကန်တော့ခြင်းဖြစ်သည်။

ကျွန်တော်က ထုံးစံအတိုင်း . . .

"စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ဘေးအန္တရာယ် ဟူသမျှ ကင်းဝေးကာ လိုရာဆန္ဒများ ပြည့်စုံပါစေ"ဟု ဆုပေးလိုက်သည်။ သူကလည်း ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ဟု ဆုတောင်းပြီး စကားဆက်ဆိုပါသည်။

"ဆရာ့ကို သမီး တစ်ခု တောင်းဆိုချင်တယ်၊ သမီးက ဘာသာရေးအလုပ်ကို သိပ်မလုပ်ဘူး၊ အခုလို တစ်ယောက်တည်းတက္ကသိုလ်သွား၊ အခြားသင်တန်းတွေ သွားတက်နေတော့ အားငယ်သလို၊ ကြောက်သလို ဖြစ်လာတယ်၊ အဲဒါကြောင့် . . ."

"အဲဒါကြောင့် ဘာဖြစ်လဲသမီး"

ကျွန်တော်က စကားကို ဖြတ်ပြီး မေးလိုက်သည်။

"ဘေးအန္တရာယ်ကင်းတဲ့ အစွမ်းထက်ဂါထာတစ်ပုဒ်ကို စွဲစွဲမြဲမြဲ ရွတ်ချင်တယ်၊ ဘယ်လိုဂါထာမျိုး ရွတ်ရမလဲဆိုတာ လမ်းညွှန်ပေးပါ ဆရာ"

"အဲဒါပေါ့ ခလုတ်ထိမှ အမိတတယ်ဆိုတာ၊ သမီးတို့ ခေတ်ပညာတတ်လူငယ်အတော်များများဟာ ဘာသာရေးကိုလည်း မယုံကြည်၊ ဂမ္ဘီရပညာကိုလည်း မလေးစားတတ်ကြဘဲ အတွေးအခေါ်တွေဟာ ချော်ပြီး တစ်ဖက်စွန်းရောက်နေကြတယ် ထားပါတော့လေ ကြုံလို့ ပြောပြတာပါ၊ အစွမ်းထက်တဲ့ ဂါထာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ဘယ်ဂါထာဖြစ်ဖြစ် ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲလုပ်သွားမှအကျိုးရှိမှာ"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး ဆရာပေးမယ့် ဂါထာက ရင်းနှီးပြီးဖြစ်တဲ့ သမ္ဗုဒ္ဓေဂါထာပဲ"

"ရှင် . . . သမ္ဗုဒ္ဓေဂါထာ"

"အေး . . . ဟုတ်တယ်၊ ဒီဂါထာက ဗုဒ္ဓဘာသာဝင်းတိုင်းနဲ့ ရင်းနှီးနေတဲ့ ဂါထာတော်ပဲ၊ ဒါပေမယ့် ရှာဘုရားရှာသား မကြည်ညိုသလို ဖြစ်နေတယ်၊ ဘုရားရှိခိုးတဲ့အခါလောက်ပဲ သာမန်လောက် ထည့်ဆိုသွားကြတာ၊ လေးလေးနက်နက်သဘောမထားကြဘူးကွဲ"

"ဟုတ်တယ် ဆရာ၊ သမီးလဲ ရင်းနှီးတော့နေတယ်၊ သေသေချာချာ မရသလို အစွမ်းထက်တာကိုလဲ မသိတာ အမှန်ပါ ဆရာ"

"အေး၊ အဲဒါဆို ဂါထာမပေးမီ အဲဒီဂါထာကို စွဲမြဲယုံကြည်စွာ ရွတ်ဖတ်ပူဇော်လို့ သေဘေးလွတ်ကင်းခဲ့တဲ့ မိန်းကလေးကိုယ်တိုင် ပြောပြတဲ့ဖြစ်ရပ်မှန်လေးကို ပြောပြမယ်၊ နားထောင်"

ကျွန်တော်က ကာယကံရှင် ပြောပြသည့် ဖြစ်ရပ်မှန်လေးကို ပြန်လည် ပြောပြသည့်အခါ တပည့်မလေး အိသန္တာအောင်က စိတ်ဝင်တစား . . . တစိုက် နားထောင်ပါသည်။

*

ဝေဝေမင်းသည် ဘွဲ့ရမှူလ . . . ပြု ဆရာမလေးတစ်ယောက် ဖြစ်သည် . . . ရပ်ကလေးမှာ ချောမော လှပသ . . .

→→



www.burmeseclassic.com

www.burmeseclassic.com




# ကိုးဆယ့်ခြောက်လုံး စုံးပြီးဂါထာ ရွတ်ကြပါ

မောင်အေးနှစ်(ပညာရေး)

စိတ်သဘောထားလည်း ကောင်းသည်။ လိမ္မာရေးခြားရှိသည်။ မိအိုဖအိုနှစ်ဦးကို ရိုသေစွာ လုပ်ကျွေးနေသည်။ ဘာသာတရားလည်း အလွန်ကိုင်းရှိုင်းသည်။ နံနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညဲ တစ်ကြိမ် ဘုရားရှိခိုးသည်။ မေတ္တာသုတ် တစ်ခေါက်နှင့် သမ္ဗုဒ္ဓေဂါထာတော်ကို သက်စေ့ တစ်နေ့ (၃) ကြိမ် မပျက်မကွက် သက်ဝင်ယုံကြည်စွာ ရွတ်ဖတ်ပူဇော်သည်။

"မေမေက သမီးကို ငယ်ငယ်ကတည်းက သင်ပေးထားလို့ သမ္ဗုဒ္ဓေဂါထာကို ရနေပြီး အမြဲရွတ်လာတာ" ဟု ပြောလေ့ရှိသည်။

သူ တာဝန်ကျသော ရွာသည် သူနေသည့် မော်လမြိုင်ကျွန်းမြို့နှင့် အတော်လှမ်းသည်။ ပဲ့ထောင်ယာဉ်နှင့် သုံးနာရီနီးပါး ခုတ်မောင်းရသည်။ ကုန်းလမ်း မရှိ။ ရေလမ်းတစ်ခုသာ သွားရသည်။ထိုရွာမှာသွားနေရပြီး သောကြာနေ့ ညနေတွင် မိဘများထံ ပြန်လာပြီး တနင်္ဂနွေနေ့ညနေတွင် ရွာသို့ ပြန်သွားရသည်။

တနင်္ဂနွေနေ့ ဖြစ်သည်။

ဝေဝေမင်း ရွာသို့ပြန်ရန် ပြင်ဆင်သည်။ ဘုရားရှိခိုးသည်။ မေတ္တာသုတ် တစ်ခေါက်နှင့် သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်သည်။

"သမီး သင်္ဘောဆိပ်ဆင်းတော့မယ်၊ ဖေဖေနဲ့မေမေကို သမီးကန်တော့ပါတယ်"

ဝေဝေမင်းက မိဘနှစ်ပါးကို ရိုသေစွာ ထိုင်ကန်တော့သည်။ မိဘနှစ်ပါးက ထုံးစံအတိုင်း ဆုတောင်းမေတ္တာပို့သည်။ အမေက စိတ်မချနိုင်သော အကြည့်နှင့် သမီးလေးကိုကြည့်နေသည်။

"စိတ်ချပါမေမေ၊ သမီးအတွက် မစိုးရိမ်ပါနဲ့"ဟုပြောပြီး စလင်းဘက်ကို လွယ်၊ဆွဲခြင်းလေးဆွဲကာ သင်္ဘောဆိပ်သို့ လာခဲ့သည်။

မော်လမြိုင်ကျွန်းမြို့ သင်္ဘောဆိပ်သည် ရေအလွန်နက်ပြီး ရေစီးသန်သည်။ ရေချိုးရင်း ရေးကူးသူများ၊ သင်္ဘောပေါ်မှ ပြုတ်ကျသူများ မကြာခဏ ရေနစ်သေကြသဖြင့် ထိုနေရာကို ကြောက်ကြသည်။ သင်္ဂြိုဟ်ထားသွားလာကြသည်။ သင်္ဘောကြီးငယ် ဆိုက်ကပ်ထားကြသည်မှာ ပြွတ်ညပ်နေသလို



www.burmeseclassic.com

www.burmeseclassic.com

သဘော်၊ အဝင်အထွက်များနှင့်လည်း ရှုပ်ယှက်ခတ်နေသည်။ လူစည်ကားသောနေရာတစ်ခုလည်း ဖြစ်သည်။

ဝေဝေမင်းသည် တံတားပေါ်မှနေပြီး သူစီးရမည့်ပဲ့ထောင်ယာဉ်လေး၏ ဦးပေါ်သို့ လှမ်းတက်လိုက်သည်။ သူလှမ်းတက်ပြီး ဦးပေါ်သို့ရောက်စဉ် မနီးမဝေးက ခုတ်မောင်းသွားသော သဘော်တစ်စင်းမှ ရေလှိုင်းများလာရိုက်သဖြင့် ပဲ့ထောင်ယာဉ်လေးမှာ လူးသွားသည်။ ဝေဝေမင်း မထိန်းနိုင်ဖြစ်ပြီး ပဲ့ထောင်ယာဉ်နှစ်စီးကြား ရေထဲသို့ ထိုးကျသွားသည်။ ဆွဲခြင်းလေးသာ ကျန်ခဲ့သည်။

"ဟင်. . . ဟာ. . ."

ဖြင့် အံ့အားသင့်သွားကြသည်။ သဘော်သားများနှင့် ခရီးသည်အချို့က လိုက်ရှာကြသည်။ အစအနပင် မတွေ့ပါ။ သဘော်များကလည်း ပြည့်ကျပ်စွာ ဆိုက်ထားသဖြင့် အပေါ်သို့ ပေါ်လာသော်လည်း လွတ်လွတ်ကင်းကင်း ပေါ်စရာအကြောင်း မရှိပါ။

အတန်ငယ် ကြာသောအခါ သူကျသွားသော ပဲ့ထောင်ယာဉ်နှစ်စီးကြားမှပင် "ဘွားခနဲ" မတ်တတ်ကြီး ပေါ်လာသည်။ အနီးအနားမှ လူများ လန့်သွားကြလေသည်။ သဘော်သားတစ်ဦးက သတိရပြီး ဖမ်းဆွဲလိုက်သည်။ ဝိုင်းပြီး ဆွဲတင်ကြသည်။ အပေါ်သို့ ရောက်သွားသည်။ အံ့ဩစရာကောင်းသည်မှာ ရေမွန်းခြင်း၊ ရေအန်ခြင်း လုံးဝမရှိ၊ စလင်းဘက်ကလည်းလွယ်လျက်၊ ဖိနပ်ကလည်း စီးလျက်ပင်။

ဝေဝေမင်း ပြောပြသော စကားများက ပို၍ပင်အံ့ဩဖွယ် ဖြစ်ပါသည်။

"ကျွန်မက ရေလုံးဝမကူးတတ်ဘူး၊ ရေအောက်ကြမ်းပြင်အထိ ရောက်သွားတယ်၊ ဒါပေမယ့် ကျွန်မရဲ့ တစ်တောင်ပတ်လည်လောက်မှာ ရေမရှိဘူး ရေဟာနယ်လို ဖြစ်နေတယ်၊ လင်းလဲနေတယ်၊ ကျွန်မလဲ သမ္ဗုဒ္ဓေဂါထာကို သတိရပြီး စိတ်ထဲက ရွတ်နေမိတယ်၊ အဲ့ဒီအချိန်မှာ ရေလုံးကြီး တစ်ခုက အောက်ကနေပြီး မှုတ်တင်လိုက်တာ အပေါ်ကို ရောက်လာတာပဲ၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆရာများနဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြောင့်ပဲလို့ယုံကြည်တယ်လေ" ဟု ပြောပြပါသည်။

"အဲဒါ ဝေဝေမင်း ကိုယ်တိုင် ဆရာ့ကိုပြောပြတဲ့ ဖြစ်ရပ်မှန်လေးပဲ သမီး"

"သမီး ယုံပါတယ်၊ သမီးကို ရေးပေးပါ" ဟုဆိုကာ သမ္ဗုဒ္ဓေဂါထာတော်ကို ရေးပေးပြီး ရှင်းပြလိုက်သည်။

သမ္ဗုဒ္ဓေဂါထာမှာ အရှေ့ကျွန်း သမ္ဗုဒ္ဓေ၊ အနောက်ကျွန်း သမ္ဗုဒ္ဓေ၊ တောင်ကျွန်း သမ္ဗုဒ္ဓေ၊ မြောက်ကျွန်း သမ္ဗုဒ္ဓေ ဟူ၍ (၄)မျိုးရှိပါသည်။ ယခုပေးသော သမ္ဗုဒ္ဓေမှာ အတော်များများ သိပြီး ရွတ်ဆိုနေကြသော တောင်ကျွန်း သမ္ဗုဒ္ဓေ ဖြစ်ပါသည်။

၁။ သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ
သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ
သိရသာမဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ
နိဗ္ဗုတာဇိနာ၊ တေသံ ဓမ္မဉ္စ .
သံဃဉ္စ၊ အာဒရေန နမာမဟံ။

၃။ နမက္ကာရာ နုဘာဝေန၊ ဟိတွာ
သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တ
ရာ ယာပိ၊ ဝိနဿန္တု အသေသတော။

ဤဂါထာတော်ကြီးသည် တစ်ပိုဒ်လျှင် အက္ခရာရှစ်လုံး အညီထား၍ လေးပိုဒ်ကို တစ်ဂါထာဟု ခေါ်သည်။ အက္ခရာရှစ်လုံး အပိုဒ်ပေါင်း (၁၂) ပိုဒ်ရှိပြီး (၃)ဂါထာဟု ရေတွက်ရသည်။ အက္ခရာ စာလုံးပေါင်း (၉၆)လုံး ပါသည်။

ရွတ်ဆိုရာ၌ ပဌမဂါထာ (သဟဿကေ) တွင် အနည်းငယ်ရပ်၊ (သိရသာမဟံ)တွင် အဆုံးသတ်ရပ်။

ဒုတိယဂါထာတွင် (ဇိနာ)တွင် အနည်းငယ်ရပ်၊ (နမာ မဟံ) တွင် အဆုံးသတ်ရပ်။

တတိယဂါထာတွင် (ဥပဒ္ဒဝေ) တွင် အနည်းငယ်ရပ်၊ (အသေသတော) တွင် အဆုံးသတ်ရပ်၍ ရွတ်ဆိုရသည်။

ဂါထာ ရွတ်ဆိုရာ၌ (၁) ပါဠိအက္ခရာကို မှန်မှန်ရွတ်ဆိုခြင်း (၂) ၎င်းဂါထာ ပါဠိအနက် အဓိပ္ပာယ်ကိုသိခြင်း (၃) သတ္တလောကကြီးကို မေတ္တာ ကရုဏာ ထားနိုင်ခြင်း ဟူသော အင်္ဂါရပ်(၃)ရပ်နှင့်ပြည့်စုံမှ ပိုမိုအကျိုးထူးပါသည်။

ဂါထာတော်ကို ရွတ်ဆိုချိန်မှာ နံနက် တစ်ကြိမ် နေ့လယ် တစ်ကြိမ် ညတစ်ကြိမ်အမြဲမပြတ်ရွတ်ဆိုရပါမည်။ ရွတ်ဆိုရာ၌ မေတ္တာသုတ်ကို ရှေးဦးစွာ ရွတ်ပြီး သမ္ဗုဒ္ဓေဂါထာကို (၇)ခေါက်(သို့) (၉)ခေါက်(သို့) သက်စေ့ရွတ်ရပါမည်။ သတိရတိုင်းအမြဲရွတ်နိုင်ပါက ပိုကောင်းပါသည်။

ဂါထာတော်ကို ရွတ်ဆိုပူဇော်သမှုပြုရသော ကုသိုလ်စေတနာ အစွမ်းကြောင့် အလုံးစုံကုန်သော အတိတ်ဘဝကပြုခဲ့သော မကောင်းမှု ကံစွမ်းကြောင့် ပေါ်လာကြသည့် ဘေးဒဏ်ရန်ဆိုး အမျိုးမျိုး ပျောက်ပျက်စေတော့သည်။ မကောင်းသော အိပ်မက်၊ မကောင်းသော အမင်္ဂလာ၊ ဇာတာ ညှိုးဖျင်း၊ ဂြိုဟ်စီး ဂြိုဟ်နင်း စသော အန္တရာယ် ပျောက်ပျက်ခွာရှဲ လွဲကြစေပါသည်။

သို့အတွက်ကြောင့် 'ကိုးဆယ့်ခြောက်လုံး၊ သုံးပါးဂါထာ၊ ပထျာဟုမည်သာခေါ်ပေ၊ သမ္ဗုဒ္ဓေကို၊ မသွေနေ့ည၊ ရွတ်ပသ်ပူဇော်ကြပါကုန်လော့' ဟု တိုက်တွန်းလိုက်ပါသည်။

❐ မောင်အေးနှစ် (ပညာရေး)





www.burmeseclassic.com

www.burmeseclassic.com



# ဘယ်မြို့ ဘယ်ရွာမှာ သီတင်းသုံးရှင် ကောင်းမလဲ

**အောင်ကြည်သန်း (ဖောင်တော်သိ)**

ဒီနှစ် ဝါမဝင်ခင် ကာလလေး နေလေးပူလိုက်၊ မိုးလေး ရွာလိုက်၊ အနောက်တောင် မုတ်သုံလေလေး တိုက်လိုက်နှင့် ရာသီဥတုက နေရထိုင်ရတာ နည်းနည်းကောင်းလာသည်။

အလွန်ပူလွန်းသည့် ကာလကို ဖြတ်ကျော်လာခဲ့သည်။ ကျွန်တော့် ဗေဒင်ဟောခန်း ခေါင်မိုးက နိမ့်သဖြင့် နေမင်း၏ အပူဒဏ်ကို မခံစားနိုင်သည့်အတွက် စာမရေးဖြစ်တာ ကြာခဲ့ပေပြီ။

ယခုအခါမှာ မိုးလေးတစိမ့်စိမ့်ရွာ၊ လေအေးလေးတွေက ဝေ့ဝိုက်ကာ မိုးကောင်းဆုတောင်းပြည့် စေတီတော်ကြီး၏ ဆည်းလည်းသံက သာ၊ ဓမ္မာရုံက ပဋ္ဌာန်းရွတ်သံကလည်း ရင်ဝယ် ငြိမ်းချမ်းလာစေသဖြင့် မဂ္ဂဇင်းအတွက် ဆောင်းပါးရေးချင်စိတ်လေးပေါက်လာစဉ် . .

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့် အသံနှင့်အတူ ဓမ္မမိတ်ဆွေ ဦးလှဘော်တစ်ယောက် ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

"လာ ထိုင် ဦးလှဘော်၊ မတွေ့တာ အတော်ကြာနေပြီ"

"ကြာဆို ဆရာရယ် လူမှုရေးကိစ္စ၊ ဓမ္မာရုံဆောက်တဲ့ နေရာမှာ ကြည့်ပြီးစီစဉ်နေရတဲ့ကိစ္စ အစရှိတဲ့ ကိစ္စများမြောင် လူတို့ဘောင်တွေကြောင့် ဆရာ့ဆီ မရောက်ဖြစ်တာပါ၊ သတိတော့ ရနေပါတယ်၊ အခုတော့ ဆရာနဲ့တိုင်ပင် အကြံတောင်းစရာလေးတွေရှိလို့ တမင်ကို ရောက်အောင်လာခဲ့တာပဲ"

"ကဲ ဆိုပါဦး၊ ဘာများလဲ"

"ဒီလိုလေ ဆရာ၊ လွန်ခဲ့တဲ့ လေးငါးနှစ် ကျွန်တော့် မိန်းမ ဆုံးပါးပြီးကတည်းက ကျွန်တော် လောကီကိုစွန့်ပြီး ရဟန်းဝတ်ချင်ခဲ့တာ သားသမီးတွေအတွက် တာဝန်ကရှိနေသေးလို့ ဆရာ့လဲ ပြောခဲ့သားပဲ"

"ဟုတ်တယ်လေ၊ ခင်ဗျားရဟန်းဝတ်ချင်တဲ့အကြောင်းတွေ ပြောခဲ့ဖူးတယ်"

"အဲဒါ ဒီနှစ် သီတင်းကျွတ်ရင် အကောင်အထည်ဖော်တော့မယ် ဆရာ"

"သိပ်ကောင်းတဲ့ ကိစ္စပေါ့ဗျာ"

"အခု ကျွန်တော့် ရောင်းစရာရှိတဲ့ အိမ်ခြံတွေကိုလဲ ရောင်းပြီးပြီဆရာ၊ လှူတာလဲလှူ၊ သားနှစ်ယောက်နဲ့ သမီးကိုလဲ ပေးသင့်တာတွေ ပေးထားပြီးပြီ၊ သူတို့လဲ သူတို့အိမ်ထောင်နဲ့ဆိုတော့ ကျွန်တော် နောက်ဆံတင်းစရာ မလိုတော့ပါဘူး၊ ရဟန်းဝတ်တဲ့အခါ လှူဖို့နဲ့ နာမကျန်းဖြစ်တဲ့အခါ သုံးစွဲဖို့ ငွေတွေ ဘဏ်မှာ အပ်ထားတယ်"

"ကောင်းပါတယ်၊ ခင်ဗျားအတွက် သံသရာကလွတ်ဖို့ မဟာအခွင့်အရေးပဲဗျ"

"အရင်က ဆရာအကြံပေးလို့ ကျွန်တော် တရားစခန်းတွေ တော်တော်များများ ဝင်ဖြစ်ခဲ့တယ်၊ မဟာစည်၊ စွန်းလွန်း၊ သဲအင်း၊ ဖားအောက်တောရ၊ လယ်တီ၊ မိုးကုတ် စတာတွေပေါ့၊ အဲဒီ တရားစခန်းတွေထဲမှာ မိုးကုတ်ဝိပဿနာနည်းက ကျွန်တော်နဲ့ ပိုပြီးအပ်စပ်တယ်၊ ဆရာ ပြောခဲ့တယ်နော်၊





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နဲ့ အဆင်ပြေတဲ့ ဝိပဿနာနည်းနဲ့ တစိုက်မတ်မတ် အားထုတ်လို့"

"ဟုတ်တယ်လေ၊ ဘုရားလက်ထက်က ဘယ်ပုဂ္ဂိုလ်က ဘယ်လိုတရားမျိုးနဲ့ သင့်တော်တယ်ဆိုတာ မြတ်စွာဘုရားကသိလို့ ဘုရားပေးတဲ့ တရားအတိုင်း ကျင့်ကြံပွားများ အားထုတ်ရင် မဂ်ဖိုလ်နိဗ္ဗာန် ရလွယ်တယ်၊ အခုတော့ ကိုယ်တိုင်လေ့လာအားထုတ်ကြည့်ရင် ငါ ဘယ်ဝိပဿနာနည်းနဲ့ သင့်တော်လဲဆိုတာ သိလာမယ်၊ သင့်တော်တဲ့နည်းနဲ့ ဆက်ပြီး တရားရှုမှတ်ရင် နိဗ္ဗာန်နဲ့ ပိုနီးလာမယ်လေ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော် မိုးကုတ်တရားစခန်းရောက်မှ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တွေကို ပိုပြီးသဘောပေါက်လာတယ်၊ နောက်ပြီး ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်တွေကိုလဲ နည်းနည်းသဘောပေါက်လာတယ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးတရားကိုလဲ စာသိလေးထက် ပိုပြီးသိလာတယ်၊ ဝိပဿနာဉာဏ်စဉ် ဆယ်ပါးထဲက ဘယ်ဉာဏ်စဉ်အထိ ရောက်နေပြီလဲဆိုတာတော့ ပြောရခက်ပါသေးတယ် ဆရာ၊ ဘာပဲဖြစ်ဖြစ် ဆရာရယ် သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တွေပေါ်လာအောင်၊ ပစ္စဝေက္ခဏာဉာဏ်တွေ ရောက်လာအောင် ရဟန်းဝတ်ပြီး ကြိုးစားအားထုတ်မယ် ဆရာ"

"ခင်ဗျားစကား ကြားရတာ မင်္ဂလာရှိပါ့ဗျာ၊ သာဓု သာဓု သာဓု၊ ဒါနဲ့ ကျွန်တော်နဲ့တိုင်ပင် အကြံတောင်းမယ်ဆိုတာက ဘာအတွက်လဲဗျ"

"ဩော်. . . ဒါက ဒီလိုပါ ဆရာ၊ ကျွန်တော့်မိတ်ဆွေတွေထဲမှာ ရဟန်းတော့ဝတ်ပါရဲ့၊ ဒီကျောင်း အဆင်မပြေ ဟိုကျောင်း အဆင်မပြေနဲ့၊ သုံးကျောင်းလောက်လဲ ပြောင်းပြီးရော လူထွက်ကြပြန်ရော၊ ကျွန်တော်က သုံးကျောင်းပြောင်းတဲ့ ရှင်ကြီးလဲ မဖြစ်ချင်ဘူး၊ ကိုရင်လူထွက် ငါးပိချက်ဆိုသလို ဘုန်းကြီးလူထွက် ငါးပိချက်လဲ မဖြစ်ချင်ဘူးဆရာ၊ ဒါကြောင့် ကျွန်တော် ရေရှည် အဆင်ပြေပြေ သီတင်းသုံးပြီး တရားဘာဝနာ ပွားများနိုင်မယ့် မြို့ရွာတွေကို သိချင်တာ ဆရာ"

ဦးလှဘော် စကားတွေ ပြောရလွန်းလို့ အာခြောက်ပြီး မောသွားပုံရသည်။

"ကဲကဲ ရေနွေးကြမ်းလေး သောက်လိုက်ပါဦး၊ ခင်ဗျား အဆင်ပြေပြေ သီတင်းသုံးနိုင်မယ့် မြို့ရွာတွေသိဖို့က လွယ်ပါတယ်ဗျာ၊ ခင်ဗျားသီတင်းသုံးချင်တဲ့ မြို့ရွာနာမည်နဲ့ တွက်ကြည့်လို့ရတယ်၊ တွက်နည်းက မြို့ရွာနာမည်တွေရဲ့ နောက်ဆုံးစာလုံး နံကို ယူရမယ်၊ ဥပမာ - ရန်ကုန်-ဆိုပါတော့ဗျာ၊ ကုန် - တနင်္လာနံ ကို ယူရမယ်။

လူရုပ်ပုံလေး ဆွဲလိုက်၊ ၂ ဂဏန်းကို ဒွါရအောက်တနေစပြီး ချရေးရမယ်၊ ဂဏန်းစဉ် ၂-၃-၄-၅-၆-၇-၁ ကို ဒွါရ ညာခြေ၊ ညာလက်၊ ဦးခေါင်း၊ ဘယ်လက်၊ ဝမ်းဗိုက်၊ ဘယ်ခြေနေရာတွေမှာ ရေးချသွားရမယ်၊ ခင်ဗျား မွေးနံဂဏန်းက ဦးခေါင်း ဒါမှမဟုတ် လက်ပေါ်မှာရှိနေရင် အဲဒီမြို့ရွာတွေမှာ သီတင်းသုံးနိုင်တယ်၊ တရားဘာဝနာ ပွားများအားထုတ်လို့ အောင်မြင်နိုင်တယ်၊ ခင်ဗျားက ဗုဒ္ဓဟူးသားနော်"

"ဟုတ်ပါတယ် ဆရာ"

"ရန်ကုန်အနေနဲ့ ဗုဒ္ဓဟူးနံ ၄ ဂဏန်း ညာလက်ပေါ်မှာရှိလို့ ရန်ကုန်မြို့က ကျောင်းတွေမှာလဲ သီတင်းသုံးနိုင်တယ် မွေးနံ ဦးခေါင်းအပေါ်မှာရှိတဲ့ မြို့ရွာတွေဆိုရင် အကောင်းဆုံးပေါ့ဗျာ၊ ပိုရှင်းအောင် ရန်ကုန်နဲ့ ဥပမာပုံ ဆွဲပြလိုက်မယ်ကဲ. . . ရှင်းပြီလား"


"ရှင်းပါတယ် ဆရာ"

"မြန်အောင်လိုမျိုး တနင်္ဂနွေနံ ၁ ဂဏန်းနဲ့ဆုံးတဲ့ မြို့ရွာတွေဆိုရင်တော့ မွေးနံ ဗုဒ္ဓဟူး ၄ ဂဏန်း ဦးခေါင်းပေါ်မှာ ရှိမယ်ဗျာ၊ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ၊ သောကြာနံနဲ့ဆုံးတဲ့ မြို့ရွာတွေမှာတော့ ခင်ဗျားမွေးနံ ဗုဒ္ဓဟူး လက်အပေါ်မှာ မရှိလို့ သီတင်းသုံးဖို့ မစဉ်းစားနဲ့တော့ဗျာ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ၊ သိပါပြီ၊ ကျေးဇူးပါ ဆရာ"

ဟုပြောပြီး နှုတ်ဆက်ကာ မှေမိတ်ဆွေ ဦးလှဘော်တစ်ယောက် ပြန်သွားပါတော့သည်။

ရန်ကုန်ဥပမာ မြန်အောင်ဥပမာ




ယခု ဖော်ပြပါ မြို့ရွာရွေးချယ်ပြီး နေထိုင်နည်းသည် ရဟန်းများသာမကဘဲ လူပုဂ္ဂိုလ်များလည်း ရွေးချယ်နေထိုင်နိုင်ပါသည်။ ထိုသို့ နေထိုင်ခြင်းဖြင့် ကျန်းမာခြင်း၊ စီးပွားတိုးတက်ခြင်း၊ အိမ်ထောင်ရေး သာယာခြင်း စသည်တို့နှင့် လိုအပ်ရာရာသော ကောင်းကျိုးများကို ရရှိခံစားစေနိုင်ပါသည်။

လိုရာဆန္ဒ ပြည့်ဝကြပါစေ

❑ အောင်ကြည်သန်း(မော်စတေ





www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်ပညာနှင့် ယတြာ တတ်ကိုက် တတ်ဆင်ခြင်း



အောင်ကျန်းမြင့် (ကချင်ရွာ)

ဗေဒင်ဆရာတစ်ယောက် ဖြစ်လာရန် မခက်ပေမယ့် လက်ကုန်လွယ်သည်ဟုလည်း မဆိုနိုင်ပါ။

ဗေဒင်ပညာရပ်ကို အလွန်စိတ်ဝင်စားသဖြင့် သင်ယူသော်လည်း လူတိုင်း ကျွမ်းကျွမ်းကျင်ကျင် တတ်ချင်မှ တတ်မြောက်နိုင်မည် ဖြစ်ပြီး မသင်ယူဘဲနှင့်လည်း ပါရမီကံပါလျှင် အလိုအလျောက် တတ်မြောက်နိုင်သည့် ပညာမျိုးဖြစ်သည်။

သို့ဖြစ်၍ ဗေဒင်ဟောသူသည် ဗေဒင်ဟောပြောသည့်အခါ အဓိကကျသော သော့ချက်များကို သိထားရန် လိုအပ်ပေလိမ့်မည်။ အခြေခံတွက်နည်း တစ်ခုကို ပိုင်နိုင်အလွတ်ရနိုင်အောင် တွက်ချက်နိုင်ရမည်။ ဉာဏ်လျှင် ဉာဏ်ကစားတတ်ပြီး ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ ဟောပြောတတ်ရမည်။ ယတြာ တတ်ကိုက် တတ်ဆင်ခြင်းကို အကွက်ကျကျ လုပ်ပေးတတ်ရမည်။ ဗေဒင်ကျမ်းကြီး၊ ကျမ်းလတ်၊ ကျမ်းငယ်များကိုသာ ဖတ်ရှုကျက်မှတ် အာဂုံဆောင်နေမည်ဆိုလျှင် အချိန်ကုန် လူပင်ပန်း၍ လိုရာမရောက်ဘဲ မျက်မှန်ပါဝါသာ ထူသွားပါလိမ့်မည်။

ဗေဒင်ကျမ်းများ၌လည်း ကျမ်းဆယ်ကျမ်းလျှင် အဟောမတူညီ ဆယ်မျိုးထွက်နေတတ်သော သော့ချက်ကို သိထားရမည်။ အခြေခံသဘောတရားများကိုသာ ဂရုစိုက် လေ့လာနိုက်ယူတတ်ရန် လိုအပ်မည်ဖြစ်သည်။

"ဗေဒင်အကြံ စာအဘဲ" ဆိုထားသည်ဖြစ်၍ မည်သည့်ကျမ်းက မည်သို့ပင် ဆိုထားဆိုထား ညွှန်ထားညွှန်ထား မှန်အောင်ဟောပြောရမည်မှာ ဟောသူ၏တာဝန်သာ ဖြစ်ပေလိမ့်မည်။

[illegible] မ[illegible]သည့်ကျမ်းက ညွှန်း[illegible]ထားလို့ မှားရပါသည်ဟူ[illegible] စောဒကတက် ဖြေရှင်းချ[illegible]၍ ရနိုင်မည် မဟုတ်ပါ။ [illegible]မှားခြင်းသည် ကျမ်းနှင့် မဆိုင်[illegible]ါ။

ဗေဒင်ပညာ[illegible]တွင်● ဂဏိတ ခေါ် တွက်ချက်နည်[illegible]၌ အခြေခံ လိုက်နာရမည့်မှုများ စ[illegible]ချဉ်းစည်းကမ်းများရှိသော်လည်း ဖ[illegible] ခေါ် ဟောပြောနည်းများအတွက် [illegible]မျဉ်းစည်းကမ်းချက်ဟူ၍ တိ[illegible]ကျ ညှိနှိုင်း ပြဋ္ဌာန်းထားခြင်း မရှိ[illegible]။

တွက်နည်းအ[illegible] အဖြူထွက်နေပေမယ့် ဟောပြော[illegible] ဆရာက မိမိ အတွေ့အကြုံများအ[illegible] အာရုံမြင်အရ အမည်းကို ဟောချင် [illegible]ပါလိမ့်မည်။

တစ်ခါတစ်ရံ [illegible]နည်းကို အားမယူဘဲ လျှပ်တစ်ပြ[illegible]စ်ပေါ်လာသော ပတ်ဝန်းကျင်[illegible] အခြေအနေ အတိတ်နိမိတ်များကို[illegible]၍ ဟောပြောရသည်လည်း ရှိတတ်[illegible]သည်။

သို့ဖြစ်သော[illegible]င့် ဗေဒင်ပညာကို လေ့လာသင်[illegible]၌ မိမိကိုယ်ကိုသာ ဇဟိုပြုပြီး ယုံ[illegible] အားထားပြုရမည် ဖြစ်၏။

ခေတ်ကာလ [illegible]က် ပြောင်းလဲနေသည်နှင့် အမျှ [illegible]တွေးအခေါ် သစ်[illegible] အနေအထားသ[illegible] အခြေအနေ သစ်များနှင့် အမြဲရင်ဆို[illegible]ကြုံ[illegible] မည် ဖြစ်သောကြော[illegible]က်ရှိအနေ အထားနှင့်ဆီလျော်အ[illegible]အောင် [illegible]


www.burmeseclassic.com

www.burmeseclassic.com

ဆိုရမည် ဖြစ်သည်။ လှေနံ့ဘားထစ် စနစ် ဟောင်းကြီးနှင့် လှော်ခတ်သွားနေလျှင် ကျန်ရစ်ကြီး ဖြစ်သွားရပါလိမ့်မည်။

ဗေဒင်ပညာရပ်ကို သင်ပညာမျိုးဟု ဆိုရမည်ထက် အလွန်ထူးခြားသော၊ ပင်ကို ထိုးထွင်းသိမြင်နိုင်သော ပါရမီပညာဟုဆိုလျှင် ပိုမိုနီးစပ်နိုင်ပေလိမ့်မည်။ လက်ထပ်သင်ကြားပေးသော စေတနာရှင် ဆရာများ၌လည်း တွက်ချက်နည်းများကိုသာ မခြွင်းမချန် ကုန်စင်အောင် စနစ်တကျ သင်ပေးနိုင်မည် ဖြစ်သော်လည်း ဟောကြားနည်းများကိုကား ကုန်စင်အောင် သင်ကြားပေးနိုင်လိမ့်မည် မထင်ပါ။ ဟောနည်းမှာ ကျယ်ဝန်းလှပါသည်။

ဗေဒင်တွက်ချက် အဖြေထုတ်နည်းကို လူတိုင်း အလွယ်တကူလေ့လာသင်ယူ တတ်မြောက်နိုင်စေမည့် ကြံဆပေါင်းစပ် ညှိနှိုင်း၍ အမှန်ရအောင် ဟောကြားနည်းကိုကား အလွယ်တကူ တတ်မြောက်နိုင်လိမ့်မည် မဟုတ်ပါ။ ဂဏိတပိုင်းထက် ဖလိတ ဟောပြောရမည့်အပိုင်းသည့်ဗေဒင်ပညာ၏အသက် ဖြစ်သည်ဟု ဆိုရပေမည်။

တိုတိုနှင့်ရှင်းရှင်း ပြောရလျှင် ပင်ကိုဉာဏ်ဖြင့် သူ့အလိုလို မှန်အောင် ဟောပြောနိုင်သည့် ပါရမီဉာဏ်မျိုးဖြင့် ဟောပြောနိုင်မည်ဆိုလျှင်အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

ဗေဒင်ဟောသည့် ဗေဒင်ပညာရှင်တစ်ယောက် ဖြစ်လာလျှင် မည်သည့် နည်းစနစ်မျိုးနှင့် ဟောပြောနေရသည် ဖြစ်စေ အောက်ပါအချက်များကို သိရှိထားခြင်းဖြင့်လည်း ဟောပြောရာတွင် အထောက်အကူ ရစေလိမ့်မည်။

(၁) အရာရာ၌ လှေနံ့ဘားထစ်မမှတ်ဘဲ အချိန်အခါနှင့်အညီ ဖြန့်ကြက်စဉ်းစားယူနိုင်ရမည်။ ရှုထောင့်စုံ ဘက်ပေါင်းစုံမှ ဝေဖန်သုံးသပ် အဖြေရှာနိုင်ရမည်။ ကြို၍ မြင်တတ်ရမည်။ ကျော်၍ ကြည့်တတ်ရမည်။ တိတိကျကျ အတည့် စဉ်းစားယူနိုင်ရမည်။

အကောင်းထဲက အဆိုး နှိုက်ယူတတ်သလို အဆိုးထဲက အကောင်းများကို ထုတ်ယူ ဟောကြားနိုင်သော အရည်အသွေး စွမ်းရည်ကောင်းများ ရှိရပါမည်။

(၂) ဗဟုသုတ နှံ့စပ်ကြွယ်ဝနေရမည်။ လူတိုင်း လူတိုင်း သူ့နည်းသူ့ဟန်နှင့် သက်ဆိုင်ရာ ဘာသာရပ်များတွင် ကျွမ်းကျင်လိမ္မာတတ်ကြပေမယ့် ဗေဒင်ဟောသူသည် ဗေဒင်မေးသူများထက် နှာတစ်ဖျား သာနေရမည်။

ခေတ်အလိုက် မသိသေးသည်များကို လေ့လာဆည်းပူးထားရမည်။ ခေတ်ရဲ့အပြောင်းအလဲ အသစ်အဆန်းများကို ဗေဒင်ဟောသူများက ကြိုပြီး သိရှိထားရန် လိုပါသည်။

ဗေဒင်မေးသူက ဗေဒင်ဟောသူထက် ပိုတတ်နေ ပိုသိနေ အစွမ်းထက်နေလျှင် ဗေဒင်ဟောသူ အကျပ်ရိုက်အခက်တွေ့ရတတ်ပါသည်။ တစ်ခါတစ်ရံ ဗေဒင်ပညာတတ်သူက ပညာစမ်းတတ်သည်မို့ အကင်းပါးရမည်။ ပညာစမ်းသူနှင့် အချင်းများနေရန် မလိုပါ။

(၃) မိမိနှင့် ကိုက်ညီသင့်လျော်မည့် တွက်နည်းတစ်မျိုးမျိုးကို အနုလုံ ပဋိလုံ အလွတ်သမျှ ကျွမ်းကျင်တတ်မြောက်ထားရမည်။

ခက်ခဲသော တွက်နည်းများထက် ပေါ့ပေါ့ပါးပါး တွက်နည်းများက အဖြေမှန်ကို မြန်မြန်ဆန်ဆန် ထွက်စေနိုင်ပါသည်။ တွက်နည်းများလျှင် ဆရာများသားသေ ဆိုသလို အဖြေဟုန်တတ်ပြီး တိတိကျကျ ဆုံးဖြတ်ဟောဆိုသည့်အခါ မသေမချာ ဇဝေဇဝါဖြင့် အနှောင့်အယှက်ဝင်တတ်သည်။

တွက်နည်းကို အလွတ်ရထားလျှင် တွက်ချက်နေစရာမလိုဘဲ အကြားအမြင်ရသကဲ့သို့ ဟောပြောနိုင်သူ ဖြစ်လာပါလိမ့်မည်။

အချို့ပုဂ္ဂိုလ်များ မတွက်ချက်ဘဲ ဟောပြောနိုင်ကြသည်။

(၄) ဗေဒင်ဟောကြားသူသည် လူတို့၏ ပုံစံအနေအထား လှုပ်ရှားပြုမူမှု ပြောဆိုပုံ အမူအရာများနှင့် မင်္ဂလာ အခြံအရံများကို ဖတ်နိုင်ရမည်။

ကျောင်းဆရာသည် တပည့်များကိုမြင်လျှင် ဆိုးမည်၊ လိမ္မာမည်ကို သိသလို၊ နွားရှင်သည် နွားကိုတွေ့လျှင် အကျိုးယုတ်မည်၊ အကျိုးရှိစေမည်ကို သိသလို ဗေဒင်ဟောပြောသူသည် ဗေဒင်မေးမည့်သူကို တွေ့လျှင် အကောင်း၊ အဆိုး၊ အမှား၊ အမှန်ကို ဟောကြားနိုင်သည့် ပါဝါအစွမ်းရှိရမည်။ ဟောနိုင်ရန် အသင့်ဖြစ်နေရမည်။ ဖြစ်အောင် ကြိုးစားရမည်။

တွက်နည်းထဲက အဖြေနှင့် အာရုံပေါ် အဖြေနှစ်ခုကို ပေါင်းစပ်ညှိနှိုင်း ဟောပြောတတ်ရမည်ဖြစ်သည်။

(၅) စကားအပြောအဟော ကျွမ်းကျင်လိမ္မာရမည်၊ ဒကာစကားနဲ့ပဲဟောဟော၊ ဒွိစကားနဲ့ပဲဟောဟော၊ တြိစကားနဲ့ပဲဟောဟော၊ တွက်နည်းမပါ ဗလာကျည်နဲ့ပဲဟောဟော၊ ဘာစနစ်နဲ့ပဲဟောဟော၊ ဂြိုဟ်အိမ်ဂြိုဟ်တိုင် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ နောက်ဆုံး ဂြိုဟ်တွေ စုံစုံ မစုံစုံ မှန်အောင် ကြံဆဟောကြားနိုင်ရမည် ဖြစ်၏။

ရာသီစက်ဝန်းထဲက ဆိတ်ရုပ်၊ သိုးရုပ်၊ နွားရုပ်၊ လူရုပ်တွေကို အလွန်အကျွံ အားကိုးနေ၍ မဖြစ်ပါ။ ထိုကောင်းကင် ဟင်းလင်းပြင်ကြီးထဲ၌ မည်သည့်သတ္တဝါ တိရစ္ဆာန်များကမှ အကောင်နှင့်အထည်နှင့် ရှိနေကြသည်လည်း မဟုတ်ပါ။ လူတွေရဲ့ စိတ်ကူးယဉ် ထွင်လုံးကြံလုံးနဲ့ ကောက်ကြောင်းဆွဲပြီး ဖော်ပြထားသည့် သင်္ကေတသရုပ်များသာ ဖြစ်ပါသည်။ လူတွေကသာ ဂြိုဟ်တွေကို အားကိုးကြပေမယ့် ဂြိုဟ်တွေကတော့ လူတွေကိုသိကြမှာမဟုတ်ပါ။ ဂြိုဟ်သက်မကုန်မချင်း ပတ်နေကြမည်သာ ဖြစ်သည်။

သို့ဖြစ်သောကြောင့် ဗေဒင်ဟောသူသည် ဆိတ်ရဲ့ရာသီအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆင်ကြီးဝင်နေလျှင်လည်း မြက်ကျွေးရမည့်အစား ဆင်ကြိုက်တတ်သည့် ကြံကျွေးတတ်ရမည်။

မြေပြင်ရာသီအိမ်ထဲမှာ ရေရာသီအိမ်ကြီး ဝင်နေလျှင်လည်း လှေသဘော်ဖြင့် ကူးခတ်သွားနိုင်ရမည်။

သက်ရှိနေရာတွင် သက်မဲ့ဖြင့်၊ တိရစ္ဆာန်၏နေရာတွင် လူဖြင့် အပြန်အလှန် တွေးဆနိုင်ရမည်။ တွက်နည်းဟောင်းများကို အသေကိုင်ထားပြီး စခန်းသွားနေလို့ မဖြစ်ပါ။ ဗေဒင်မှာ ကြံဆတတ်ရပါမည်။

မျက်စိမမြင်၊ နားမကြား၊ တွက်နည်းမရှိ၊ စာပေမတတ်ကြသူများ တစ်ခွန်းဆိုတစ်ခွန်း မှန်အောင်ဟောပြောနိုင်ကြသည် ဆိုခြင်းမှာ အထက်ပါနည်းများကို အလိုလိုတတ်ကျွမ်းနေကြသောကြောင့် ဖြစ်ပါသည်။

ဗေဒင်ကို ဘယ်နည်းစနစ်နဲ့ပဲ တွက်ချက်ဟောဟော ဗေဒင်၏အဓိကရည်မှန်းချက်သည် တိတိကျကျ မှန်ကန်အောင် ဟောပြောနိုင်ရန်သာဖြစ်သည်။ တွက်နည်းထူပြီး အဟောမညီလျှင် အလဟဿ ဖြစ်သွားရပေလိမ့်မည်။

(၆) ယတြာ ဓာတ်ရိုက် ဓာတ်ဆင်များကို စီမံဆောင်ရွက်ပေးနိုင်ရမည်။ ယတြာ ဓာတ်ရိုက်ဓာတ်ဆင်ကို မယုံကြည်သူများ ရှိကြသော်လည်း လူနည်းစုများသာ ဖြစ်ကြပြီး ဗေဒင်မေးမြန်းကြသူ တစ်ရာလျှင် ကိုးဆယ်လောက်သည် ကံကြမ္မာဟောကြားခြင်း၊ ယတြာဓာတ်ရိုက်ဓာတ်ဆင်ခြင်းကို ပိုမိုစိတ်ဝင်စားကြသူများဖြစ်သည်။ ဗေဒင်နှင့် ယတြာ မကင်းနိုင်ပါ။

ဗေဒင်လောကတွင် ယတြာပြုခြင်းကို ကောင်းမှုကုသိုလ်ပြုခြင်းသဖွယ် ဆောင်ရွက်ကြသ[illegible] နှစ်ပေါင်း[illegible] ကြာညောင်းခဲ့ပြီဖြစ်၏။ အသက်[illegible] လွှတ်ခြင်း၊ ကုသိုလ်[illegible]ပြုခြင်း[illegible] ဖြင့် ပြုလုပ်တတ်ကြသည်။

လူမျိုးဘာသာ အသီးသီးတို့၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အန္တရာယ်ကင်းကျန်းမာ အသက်ရှည် အကြံအစည် အောင်နိုင်ရေးအတွက် တစ်နည်းနည်းနှင့် ယတြာသဘော ယုံကြည်လက်ခံ လုပ်ဆောင်ကြသည်ချည်း ဖြစ်ကြ၏။

ထို့ကြောင့် ဗေဒင်နှင့် ယတြာသည် ခွဲခြားမရသော ငွေဒင်္ဂါးခေါင်းနှင့် ပန်းသဖွယ် ဖြစ်နေသည်ဟူ၍ ဗေဒင်ပညာရှင်များသည် ယတြာဓာတ်ရိုက် ဓာတ်ဆင်ခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ပေးပါမှ ပြီးပြည့်စုံမည်ဖြစ်ပါကြောင်း တင်ပြရပါသည်။

❒ အောင်ဘုန်းမြင့် (ထချပ်မြေ)


# ပြည်ပ နိုင်ငံရပ်ခြား သွားရောက်လုပ်ကိုင်သူများ ဆန္ဒပြည့်ဝစေရအောင်

- မိမိသွားရောက် လုပ်ကိုင်လိုသော နိုင်ငံကို အမြန်ဆုံးသွားရဖို့။
- မိမိလျှောက်ထားသော နိုင်ငံမှ အလုပ်ခေါ်စာ အမြန်ဆုံးကျလာစေဖို့။
- ပြည်ပမှာ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းမှ ပိုကောင်းသော အခြားအလုပ်[illegible]သို့ ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အဆင်ပြေလွယ်ကူစွာ အမြန်ဆုံးပြောင်းရွှေ့ လုပ်ကိုင်စေဖို့။
- ပြည်ပမှာ လစာဝင်ငွေကောင်းသော အလုပ်အကိုင်ကောင်းတစ်ခု အမြန်ဆုံး ရှာဖွေရရှိဖို့။
- လက်ရှိ ပြည်ပရှိအလုပ်မှာ အဆင့်ရာထူး၊ လစာ၊ ဝင်ငွေ အမြန်ဆုံး တိုးတက်ရှိစေဖို့။
- လုပ်ငန်းခွင်မှာ အမှုအခင်း ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာ ခိုင်မြဲစွာ လုပ်ကိုင်နေရဖို့။

## ဆရာဦးပိုင်ဇေအောင် ( ဝိဇ္ဇာဘွဲ့ )

ဝိတ်ရက် မရှိပါ။

### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

# TAXI ဆွဲကောင်းနေပြီ မဟုတ်လား

နတ်မျက်စိ
ဆရာအောင်စိုး




စာရေးသူရဲ့ ဟောခန်းဟာ ပြည်လမ်းပေါ် ဆယ်မိုင်ကုန်းဈေး ကားမှတ်တိုင်နှင့်နီးတော့ကာ ပျားပန်းခပ်မျှ လူအသွားအလာ စည်ကားလွန်းလှပါတယ်။ လမ်း၏ လက်ဝဲဘက်ခြမ်းတွင် ၁၂၅ ကားဂိတ်ရင်းနှင့် လေဆိပ် ကားလေးဂိတ်ပါ ပူးတွဲတည်ရှိနေပါတယ်။ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွေ ဖွံ့ဖြိုးလာမှုနှင့်အတူ တက္ကစီ အငှားကားဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများမှာလည်း တိုးတက်များပြားလာပါတယ်။

ဆိုလိုချက်မှာ ယခင်က ကျွန်တော်တို့ ဆယ်မိုင်ကုန်းဈေး မှတ်တိုင်တွင် အများဆုံး တက္ကစီကား သုံးလေးစီးထက် မပိုခဲ့ပါချေ။ အခုတော့ ခရီးသည်မျှော်နေသော အငှားယာဉ်များမှာ ဆယ်ဂဏန်းမျှ အမြဲအဆင်သင့် ရှိနေတတ်ပါသည်။

စာရေးသူမှာ တနင်္လာနေ့ ဟောခန်းနားရက်များတွင် ရွှေတိဂုံဘုရားကြီးတွင် အမိဋ္ဌာန်ဝင်လေ့ ရှိပါသည်။ အဆင်ပြေလျှင် တက္ကစီဖြင့် ဘုရားကြီးသို့ တပည့်ကြီးကိုအေးအောင်နှင့်အတူ သွားတတ်ပါသည်။

တနင်္လာနေ့တစ်ရက် ရွှေတိဂုံဘုရားသို့ အမိဋ္ဌာန်ယူပုတီးစိပ်ရန် တပည့်ကြီးကိုအေးအောင်နှင့်အတူ ၅၁ ဘတ်စ်ကား စီးရန် တစ်ဖက်လမ်းသို့ဖြတ်အကူး နောက်ဘက်နားမှ "ဆရာ ဆရာ" ဟု ခေါ်သံကြား၍ လှည့်ကြည့်ရာ တက္ကစီဆရာလေး ကိုရွှေလင်း ဖြစ်နေပေ၏။ စာရေးသူထံ မပြေးရုံတစ်မည် လျှောက်လာပြီး လက်နှစ်ဖက်ကို ဆွဲကာ . . .

"ဆရာ ကူညီပါဦး၊ ၉ နာရီထိုးတော့မယ်၊ ကားက ဈေးဦးမပေါက်သေးဘူး ဆရာရယ်၊ ဒီတစ်ခါ ဆရာ ဘုရားသွားရင် ကျွန်တော့်ကားနဲ့သွားပေးပါ ဆရာ၊ ဈေးဦးဖောက်ပေးပါ ဆရာ" ဟု ဆိုလာ၍ စာရေးသူနှင့်လည်း ခင်မင်ရင်းနှီးရှိ၍ . . .

"ကဲကဲ ကောင်းပါပြီ၊ ဈေးဦးဖောက်ပေးပါ့မယ်" ဆို၍ တက္ကစီကားဖြူလေးဖြင့် ပြည်လမ်းမှတစ်ဆင့် ရွှေတိဂုံဘုရားကြီးသို့ ဦးတည်ထွက်ခွာရပေတော့သည်။

တက္ကစီကားလေးသည် ရှစ်မိုင်မှတ်တိုင်ရောက်တော့ ကားကျပ်ချိန်နှင့် ကြုံတော့သည်။ ဒါကို အခွင့်ကောင်းစောင့်နေသော ကားဆရာ ကိုရွှေလင်းမှာ . . .

"ဆရာရယ်၊ ဟိုတုန်းက ကျွန်တော်တို့ ဆယ်မိုင်ဂိတ်မှာ ကားရှိလှ အလွန်ဆုံး နှစ်စီး သုံးစီးပေါ့၊ အခုတော့ ဆယ်စီးမကရှိလာတော့ လုပ်စား ဆွဲစားလို့ မကောင်းတော့ဘူး၊ တစ်ခါတစ်ရံ အုံနာကြေးတောင် အနိုင်နိုင်ပဲ ဆရာရယ်၊ အဲဒါကြောင့် တက္ကစီဆွဲကောင်းမယ့် နည်းလမ်းများ ချီးမြှင့်ပေးပါ ဆရာ" ဟု နည်းလမ်းတောင်းဆိုလာပါသည်။

စာရေးသူမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်း ပုတီးစိပ်တာတို့ ဂါထာရွတ်တာတို့ ဝါသနာ ပါလား"

"ပါတာပေါ့ ဆရာရယ်၊ လာဘ်လာဘ ကောင်းဖို့ဆိုရင် ဆရာခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ပါ့မယ်" ဟု အားကိုးတကြီး ဆို၏။

စာရေးသူတို့ ကားလေးမှာ ပါရမီလမ်းဆုံတွင် ကျောက်ချရပ်နားရပြန်သည်။ မိမိမှ . . .

"ကဲကဲ မောင်ရင် လိုက်ရေးပေတော့၊ နံပါတ် တစ်အနေနဲ့ ဂုဏ်တော်တစ်ထောင် ပုတီးစိပ်ရမယ်၊ ဂုဏ်တော်တစ်ထောင်ဆိုလို့ မလန့်သွားနဲ့ဦးနော်၊ ဆက်နားထောင်၊

| | |
|---|---|
| အရဟံ ဆိုပြီး ပုတီးတစ်လုံးချပြီး | ပုတီးတစ်ပတ် |
| သမ္မာသမ္ဗုဒ္ဓေါ | ပုတီးတစ်ပတ် |
| ဝိဇ္ဇာစရဏသမ္ပန္နော | ပုတီးတစ်ပတ် |
| သုဂတော | ပုတီးတစ်ပတ် |
| လောကဝိဒူ | ပုတီးတစ်ပတ် |
| အနုတ္တရောပုရိသဒမ္မသာရထိ | ပုတီးတစ်ပတ် |
| သတ္ထာဒေဝမနုဿာနံ | ပုတီးတစ်ပတ် |
| ဗုဒ္ဓေါ | ပုတီးတစ်ပတ် |
| ဘဂဝါ | ပုတီးတစ်ပတ် |

နောက် အရဟံအစ ဘဂဝါအဆုံးကို ရွတ်ပြီး ပုတီးတစ်လုံးချပြီး တစ်ပတ်ဆိုတော့ စုစုပေါင်း ဆယ်ပတ်စိပ်ရမယ်နော်၊ ကြာရင် စိတ်ချမ်းသာ စိတ်ငြိမ်သက်မှု ရလာမယ်။ လုပ်ငန်းတွေ ပွင့်လန်းလာမယ်၊ အရာရာ အဆင်ပြေလာမယ်နော်၊ မှတ်မိပြီလား"

မြေနီကုန်းမီးပွိုင့်ရောက်တော့ တက္ကစီကားလေး ရှေ့တိုးနိုင်စွမ်း မရှိတော့။ အချိန် မိနစ် ၂၀ မျှ ထူးခက်ခြင်းခံရ၏။ တက္ကစီအကြောင်းပြောရင်း မော်လမြိုင်မှ ရန်ကုန်သို့ ရွှေ့ပြောင်းပြီး တက္ကစီမောင်းသော သိန်းချိုထွန်းအကြောင်း သတိရမိ၏။ လှိုင်သာယာမှာ နေထိုင်၏။ သူတို့ဂိတ်တွင်ရှိ ကားများထဲမှ သူ့ကားကိုသာ ရွေးချယ်ငှားလေ့ရှိကြောင်း၊ ဂိတ်မထိုးဘဲ လမ်းမှာ ပတ်မောင်းရင်တောင် ၁၀ မိနစ်မကြာ လမ်းမှာ လက်တားငှားသူကို တွေ့ရမြဲဟုဆိုလာ၏။ စာရေးသူပေးခဲ့သော နည်းပါပေ။ ဆောင်ရွက်ရန်မှာ . . .

နံနက်စောစော ကားကို ဘုရားသောက်တော်ရေ စွန့်ပြီး ဘဂဝါကို ၃၇ ခေါက်ရွတ်၊ ကားကို ပတ်လည် ပက်ဖျန်းရခြင်း။

ကားမီးလုံး နှစ်လုံးကို နံ့သာရည်ဖြင့် သုတ်လိမ်းနေစဉ်မှာ သရဏဂုံသုံးပါးကို အဆက်မပြတ်ရွတ်ရခြင်း။

ကားရှေ့မှန်ကို နံ့သာရည်ဖြင့် သန့်ရှင်းနေစဉ် ဂုဏ်တော်ကွန်ချာကို ရွတ်ရခြင်း။

အနောက်ကားမှန်ကို တစ်ရှူးဖြင့်သုတ်နေစဉ် နှုတ်မှ စမဗဝ ဂါထာတော်ကို ရွတ်ရခြင်း။

မိမိကားကို အိမ်မှစမထွက်မီ ကားထဲ ၌ ထိုင်နေရင်း သမ္ဗုဒ္ဓေဂါထာတော်ကို (၁၁)ခေါက်ရွတ်ရခြင်း။

ထို့နောက် ညအချိန် ကားသိမ်းချိန် ရောက်ပြန်လျှင်လည်း ရေမိုးချိုးပြီး ကားထဲတွင် ပြန်ထိုင်ပြီး သမ္ဗုဒ္ဓေဂါထာကို (၁၁)ခေါက်ရွတ်ရခြင်း။

မိမိအိပ်ရာဝင်ချိန်တွင် ပိုက်ဆံရှာပေးသော တက္ကစီကားလေးကို ပဋ္ဌာန်းဖြင့် စည်းချရခြင်းနှင့်အတူ နံနက်အိပ်ရာထချိန်တွင် မိမိကားကို တစ်ဖန် ပဋ္ဌာန်းဖြင့် စည်းချရခြင်း။

နောက်ပြီး လူရပြီဆိုလျှင် ကားစထွက်ထွက်ချင်း မေတ္တာသုတ်တော်ကို ရွတ်ဆိုရခြင်းဖြင့် ကားငှားသူရော မိမိပါ အန္တရာယ်မရှိ ဘေးမငြိဘဲ လိုရာခရီးရောက်ပေမည်။ ကားမောင်းနေစဉ် သရဏဂုံသုံးပါးနှင့် သမ္ဗုဒ္ဓေဂါထာတော်ကို အဆက်မပြတ်စေခြင်း။

ရွှေတိဂုံစေတီ သွေးဆေးကန်ဘက် မြောက်ဘက်မုခ်ရောက်တော့ ကားလေးက ညင်သာစွာထိုးဆိုက်၍ စာရေးသူမှ ကိုရွှေလင်းကို တစ်ထောင်တန်သုံးရွက် ကမ်းပေးရင်း ဆရာ တပည့်နှစ်ယောက်သား မြောက်ဘက်စောင်းတန်းမှ တစ်ဆင့် ရွှေတိဂုံဘုရားဆီသို့ ဦးခိုက်သွားတော့သည်။

*

အချိန်ကာလတစ်ခုကို ဖြတ်ကျော်ရင်း တနင်္လာနေ့ တစ်နေ့ ရောက်ပြန်ပြီပေါ့။ စာရေးသူ တပည့်ကိုအေးအောင်နှင့်အတူ ရွှေတိဂုံဘုရားသို့ ဘုရားဖူးသွားရန် ဆယ်မိုင်မှတ်တိုင်တွင် ဘတ်စ်ကားအလာ မျှော်ရင်း တက္ကစီအဖြူရောင်လေးတစ်စီးထိုးဆိုက်လာ၍ ကြည့်လိုက်တော့ မောင်ရွှေလင်း။ မောင်ရွှေလင်းသည် ကားမှထွက်လာ၍ စာရေးသူအား . . .

"ဒီနေ့ ဆရာ့ကို ရွှေတိဂုံဘုရားကို ကသိုလ်ပြု ပို့ပေးပါရစေ" ဟု ဖိတ်ခေါ်လာ၏။

စာရေးသူလည်း ဒါနမြောက်အောင် ချီးမြှင့်ပေးလိုက်ပါ၏။ မောင်ရွှေလင်းမှ . . .

"ဆရာ ပေးတဲ့နည်းအတိုင်း လုပ်လို့ ဟန်ကျနေတာပါ ဆရာ၊ တနင်္လာနေ့ တစ်နေ့ကို ဆရာ့ကို ဘုရားပို့ပေးမယ် ဆိုပြီးလုပ်ထားတာ၊ ဖုန်းနဲ့ ဟိုကခေါ် ဒီက ငှားနဲ့ မအားနိုင်ဖြစ်လွန်းလို့ ဒီနေ့တော့ ဖုန်းပိတ်ပြီး ဆရာ့ကိုစောင့်ပြီး ဒါနပြုတာပါ ဆရာ၊ ထူးကို ထူးပါပေတယ် ဆရာ"

တက္ကစီဆွဲနည်း ကောင်းကောင်းလေး ပေးပါ ဆိုလာသော ဆယ်မိုင်ကုန်းမှ ကိုငွေလင်း၊ ကိုဖေ၊ ကိုမျိုး၊ ကိုအညာသားနှင့်တကွ ရန်ကုန်တစ်မြို့လုံးတွင် ရှိ ဘက္ကစီဘဝ လမ်းကြောင်း၌ ကျင်လည်နေကြသော အငှားယာဉ်မောင်း ဆရာအပေါင်းတို့အား ဤနည်းဖြင့် ဖြန့်ဝေပေး၍ တက္ကစီ အန္တရာယ်ကင်းပြီး စီးပွားလမ်းကြောင်း ဖြောင့်ကြပါစေဟု ဆန္ဒပြုရင်း . . .။

❒ နတ်မျက်စိ ဆရာအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ထရျာဗေဒ ၊ ဝိဇ္ဇာတုလျှတ္တရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကျွမ်းကျင်သူ

ဟောခန်း(ရုံးခန်း)နှင့် ဖြန့်ချိရေးလိပ်စာ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားရှေ့တန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၅၁၉၈၂၄၀


နေအိမ် — ၇၂(၇–၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့် ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင် သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀) နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"




ဦးခန့်ကျော် စာပေ [၇၉၂] မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ-

www.burmeseclassic.com




**Man of Destiny**

**လူ့ကံကြမ္မာ**

ကံကြမ္မာလမ်းကြောင်းသည် လက်ဖနောင့်မှ စတင်ပြီး လက်ခလယ်၏ခြေရင်း တတိယအဆစ်ပေါ်တွင် အဆုံးသတ်သည်။

**Many Love Affairs**

**အချစ်ရေးပြဿနာ များပြားခြင်း**

သောကြာဂြိုဟ်ခုံမှ မျဉ်းပြိုင်အရေးအကြောင်း (၂)ခုသည် အင်္ဂါဂြိုဟ်ခုံ(အမ)ဆီသို့သွားနေခြင်း။

**Mahatma Gandhi, The Hand of**

**မဟတ္တမဂန္ဒီ၏လက်**

လက်ဖဝါးအလယ်တွင် လမ်းကြောင်းသုံးခုဆုံပြီး ဉာဏ်ပညာတြိဂံဖြစ်နေ၏။ ကျန်အနေအထားက အတွင်းအင်အားနှင့် အသိဉာဏ်ပညာတို့ကို လှစ်ဟပြနေပြီး တကယ့်ပုဂ္ဂိုလ်ကျော်တို့တွင် တွေ့ရတတ်သည့် အမှတ်လက္ခဏာပင်ဖြစ်သည်။

ထိုအပြင် ဇင်းတြိဂံက အသိဉာဏ်နှင့် ကိုယ်ကျင့်တရား, ခွန်အားတို့ကို ညွှန်ပြနေကာ မဟတ္တဂန္ဒီ၏ အိန္ဒိယသားတို့အတွက် ကြိမ်ဖန်များစွာ စွမ်းဆောင်နိုင်မှုများကိုလည်း ပြနေ၏။ သူသည် လူမျိုးလွတ်လပ်ရေး ရရှိမှုအပေါ်ကို လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားရေးကို တိုက်ဖျက်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့၏။ ဗြိတိသျှတို့က ထောင်တွင်း အကျဉ်းချထားခဲ့သော်လည်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့၏။ သူသည် ပြဿနာရပ်များအားလုံးကို မေတ္တာနှင့်သာ ဖြေရှင်းခဲ့၏။ သူ့လက်များက ရှင်းရှင်းကလေးပြနေသည့် အချက်မှာ ရာဇာ (သို့) အုပ်ချုပ်သူတို့အပေါ် အောင်နိုင်ခြင်းမျိုး ဖြစ်နေ၏။

သူ၏ မလွှမ်းမိုးနိုင်သည့် အဓိကဆန္ဒတ သူ့ကံကြမ္မာကို ညွှန်ကြားချက်ပေးထားပြီး သူသည် သူ၏ သန်းပေါင်းများစွာသော သူ့အပေါ် အားထားသူများအား လူမဆန်သည့် ဇာတ်ခွဲခြားမှုမှ လွတ်ကင်းစေရေးအတွက်လောက်ကိုသာ ဆောင်ရွက်နိုင်သည့် အာဏာကို အလေးထားရသူ ဖြစ်လေသည်။

**( - Josef Ranald)**

## Map of Life
## ဘဝအခြေပြမြေပုံကားချပ်

ဤအချက်က စိတ်ဝင်စားစရာ လွန်စွာ ကောင်းလှသည်။ ကျွန်ုပ်တို့ လူ့လောကထဲသို့ အခြေချရောက်ရှိလာသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ကျွန်ုပ်တို့၏ ဘဝအခြေပြမြေပုံကို လက်နှစ်ဖက်ဖြင့် ယူဆောင်လာခဲ့ကြသည်။ ထိုမြေပုံတွင် ကျွန်ုပ်တို့၏ အရည်အသွေး၊ အကျင့်စရိုက်၊ အချစ် (သို့) အမုန်းတရားများ ပါလာပြီးဖြစ်သည်။

အတိုဆုံးပြောရလျှင် ကျွန်ုပ်တို့ လက်ဝါးပြင်များတွင် ကျွန်ုပ်တို့၏ ကံကြမ္မာများ ပါရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ ပျော်ရွှင်မှု (သို့) ဝမ်းနည်း စိတ်ဓာတ်ကျစေမှုများကို ဖန်တီးနိုင်သည့် စွမ်းအင်များက ကျွန်ုပ်တို့၏ လက်ထဲတွင်ပင် ရှိနေသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ဆန္ဒနှင့်စိတ်ကို ပေးထားသဖြင့် ကျွန်ုပ်တို့ လိုအပ်သလို အသုံးချနိုင်နေသည်။

**( - Frances Kienzle)**

## Map of Mind
## စိတ်နှင့်ပတ်သက်သည့် မြေပုံကားချပ်

လက်ဝါးပြင်ပေါ်မှ လမ်းကြောင်း ကြီး, ငယ်များကို စိတ်နှင့်ပတ်သက်သည့် မြေပုံကားချပ်များဟု ခေါ်ဆိုနိုင်၏။ ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်း ကြီးကြီးငယ်ငယ်ပါ အသွေးအရောင်စုံစုံ၊ ပုံစံအမျိုးမျိုးဖြင့် ယင်းမြေပုံက တန်ဆာဆင် ခြယ်မှုန်းထားသည်။

## Marriage, Brilliant
## အကျိုးပေးအဆင်ပြေသည့် အိမ်ထောင်ရေး

(၁) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြယ်နှင့် ကြက်ခြေရှိခြင်း၊

(၂) ကောင်းမွန်သည့် ကံလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အဆုံးသတ်နေခြင်း၊

(၃) ကံလမ်းကြောင်းသည် အနေအထားကောင်းသည့် မေတ္တာလမ်းကြောင်းနှင့် ပူးနေခြင်း။

## Marriage Frustration
## အိမ်ထောင်ပျက်ခြင်း

အောင်မြင်ရေးလမ်းကြောင်းကို အိမ်ထောင်ရေးလမ်းကြောင်းက ဖြတ်တောက်သွားခြင်း။

## Marriage, Happy
## စိတ်ချမ်းသာသောအိမ်ထောင်ရေး

**စိတ်ချမ်းသာသော အိမ်ထောင်ရေးတွင် အောက်ပါအချက်များ ကင်းရမည်ဖြစ်သည်။**

(၁) အိမ်ထောင်ရေးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း

(၂) ကံလမ်းကြောင်းပေါ်တွင် အဖြတ်ကြက်ခြေရှိခြင်း

(၃) သောကြာဂြိုဟ်ခုံပေါ်ရှိ ကြယ်မှအစပြုသည့် အနေအကြောင်းသည် မေတ္တာလမ်းကြောင်းဆီသို့သွားပြီး အဆုံးတွင် ခက်ရင်းခွ ဖြစ်နေခြင်း။

## Marriage Influence
## အိမ်ထောင်ရေး အကျိုးသက်ရောက်မှု

အသက်လမ်းကြောင်းမှ အားဖြည့်လမ်းကြောင်းတစ်ခုသည် လင် (သို့မဟုတ်) မယား၏ အသက်(၂၀)နှင့် (၃၀)တို့ ကြားတွင် တစ်ခါတစ်ရံ ပေါ်ထွက်လာတတ်၏။

အကယ်၍ အိမ်ထောင်ရေးအဆင်ပြေနေလျှင် ဤလမ်းကြောင်းသည် စောက်နက်၍ ထင်းထင်းလင်းလင်းရှိ၏။ ဤအခြေအနေက အိမ်ထောင်ဖက်ဖြစ်သူ၏ ဩဇာညောင်းမည်ကို ပြ၏။ အကယ်၍ အိမ်ထောင်ရေးသည် အဆင်မပြေလျှင် ဤလမ်းကြောင်းသည် မှေးမှိန်သွားလိမ့်မည်။ အနေအကြောင်းသည် ကြယ်သင်္ကေတနေရာတွင် အဆုံးသတ်နေပါက ဩဇာညောင်းခြင်း ရပ်တန့်သွားမည်ကိုပြ၏။

## Marriage Line, Indications from
## အိမ်ထောင်ရေးလမ်းကြောင်း ဖော်ပြချက်များ

(၁) အိမ်ထောင်ရေးလမ်းကြောင်း ကျိုးပျက်နေလျှင် ခွဲခွာရခြင်း သို့မဟုတ် ကွာရှင်းခြင်းဖြစ်လိမ့်မည်။

(၂) အောင်မြင်ရေးလမ်းကြောင်း၌ အဆုံးသတ်နေလျှင် အိမ်ထောင်ကျ ကံကောင်းပြီး အောင်မြင်ချမ်းသာသည့် အိမ်ထောင်ဖြစ်မည်

(၃) အစတွင် ခွဖြစ်နေလျှင် ဇနီးမောင်နှံတစ်ဦး၏ အမှားကြောင့် ကွဲကွာနေကြရမည်။



www.burmeseclassic.com

www.burmeseclassic.com

(၄) မေတ္တာလမ်းကြောင်းနှင့်ကပ်နေလျှင် အသက် ၁၆ နှစ်နှင့် ၂၁ နှစ်ကြား အိမ်ထောင်ကျမည်။
(၅) အပေါ်ဘက်သို့ ကွေး၍တက်နေလျှင် အိမ်ထောင်မပြုဖြစ်ဘဲ ရှိမည်။ အပျိုကြီး လူပျိုကြီးဖြစ်မည်။
(၆) မေတ္တာလမ်းကြောင်းဘက်သို့ စိုက်ဆင်းနေလျှင် မုဆိုးဖို၊ မုဆိုးမဖြစ်မည်။
(၇) အမည်းစက်များရှိလျှင် အိမ်တွင်းရေး အဆင်မပြေမှုများဖြစ်မည်။
(၈) လမ်းကြောင်းရှည်လျှင် အိမ်ထောင်ရေး ခိုင်မြဲနိုင်ကြောင်း ဟောဆိုရမည်။

## Marriage, Lines of
## အိမ်ထောင်ရေးလမ်းကြောင်း

မေတ္တာလမ်းကြောင်းများကို အများအားဖြင့် အိမ်ထောင်ရေးလမ်းကြောင်းများဟု နားလည်ထားကြသည်။ ဤအရေးအကြောင်းများသည် လက်သန်းအောက် မေတ္တာလမ်းကြောင်းအပေါ်ဘက်တွင် ထွက်လေ့ရှိ၏။ တစ်ခါတစ်ရံ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံအတွင်းမှ ဝေးနိုင်သလောက်ဝေးဝေးနေရာများသို့ ဖြတ်သန်းသွားလေ့ရှိသည်။ ဤအရေးအကြောင်းများသည် ဆန့်ကျင်ဘက်လိင်နှင့် အမြဲပတ်သက်နေပြီး သွေးသားတော်စပ်သူများနှင့် ပတ်သက်ခြင်း မရှိချေ။

အိမ်ထောင်ပြုရေး လမ်းကြောင်းတိုင်းသည် အိမ်ထောင်ရေးကိစ္စများကိုချည်း ပြဆိုနေခြင်း မဟုတ်ဘဲ မေတ္တာထားမိခြင်း၊ သို့မဟုတ် တစ်စုံတစ်ဦးအတွက် မေတ္တာရှိမည့်အခြေအနေကို ပြခြင်းဖြစ်၏။

**ဖရန်း(စ်)ခိုင်ဇဲ(လ်) (Frances Kiekzle)**

## Marriage, Love
## ချစ်ပြီးညားသည့် အိမ်ထောင်ရေး

(၁) ကံလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်း တစ်ခုသည် မေတ္တာလမ်းကြောင်းနှင့် ပူးသွားခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံမှ ခွဲထွက်လမ်းကြောင်း တစ်ခုသည် ကံလမ်းကြောင်းနှင့် ပူးသွားခြင်း၊
(၃) ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေရှိခြင်း၊
(၄) အိမ်ထောင်ပြုရေး လမ်းကြောင်းရှည်၍ ကောင်းမွန်ခြင်း။

## Marriage Mismated
## အိမ်ထောင်ပြုမှားခြင်း
## (အိမ်ထောင်ဖက် အရွေးမှားခြင်း)

(၁) ကံကြမ္မာလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းတစ်ခုသည် မေတ္တာလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၂) မေတ္တာလမ်းကြောင်းကို ထင်းနေသည့် အဖြတ်လမ်းကြောင်းတစ်ခုက ဖြတ်သွားခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံ သို့မဟုတ် အင်္ဂါဂြိုဟ်ခုံမှ ပဿာဝလမ်းကြောင်းတစ်ခုသည် ကံလမ်းကြောင်းကို ဖြတ်သွားခြင်း၊
(၄) မေတ္တာလမ်းကြောင်း ကျိုးပျက်နေခြင်း၊
(၅) ကံလမ်းကြောင်း မကောင်းခြင်း၊
(၆) မေတ္တာလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းတစ်ခုသည် စနေဂြိုဟ်ခုံပေါ်တွင် ကွေ့ကောက်၍ အဆုံးသတ်နေခြင်း။

## Marriage Troubles
## အိမ်ထောင်ရေးတွင် ဒုက္ခရောက်ခြင်း

အိမ်ထောင်ပြုရေးလမ်းကြောင်းအား များစွာသော ဒေါင်လိုက်အရေးအကြောင်းများက ဖြတ်နေကြခြင်း။

## Marriage, Unfit for
## အိမ်ထောင်ဖက်အဖြစ် မရွေးချယ်သင့်သူ

လက္ခဏာရှင်တစ်ဦး၏ လက်ညှိုးသည် တို၍ ကောက်နေမည်။ လက်မ၏ ပထမအဆစ်သည် လေးလံတုတ်ခိုင်နေမည်။ လက်မဒုတိယအဆစ် အားမကောင်းဘဲဖြစ်မည်။ ဂြိုဟ်ခုံများ၏ အောက်ပိုင်းသည် အထူးမို့မောက်နေကြမည်။ မေတ္တာလမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းများ မရှိခြင်း ဖြစ်မည်။

ထိုသူသည် ဒေါသထွက်လွယ်ခြင်း၊ နိုင်ထက်စီးနင်းပြုတတ်ခြင်း၊ တာဝန်မသိခြင်း၊ သို့မဟုတ် လူ့တန်ဖိုးကို မသိခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း စသည့်အချက်တို့ကြောင့် အိမ်ထောင်ဖက်အဖြစ် မရွေးချယ်သင့်ချေ။

**(-E . Rene)**

## Marriage, Wealthy
## သာယာသော အိမ်ထောင်ရေး

ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေ၊ သို့မဟုတ် ကြယ်တစ်ခုခုပါရှိခြင်း။

## Marriage with an Artist
## ပန်းချီဆရာနှင့်ပူးစပ်ခြင်း

အိမ်ထောင်ပြုရေး လမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းတစ်ခုသည် တနင်္ဂနွေဂြိုဟ်ခုံပေါ်သို့ရောက်ရှိနေခြင်း။

## Marriage with a Trader
## ကုန်သည်နှင့် အိမ်ထောင်ပြုရခြင်း

လက်ကောက်ဝတ်မှ အရေးအကြောင်းတစ်ခုသည်



www.burmeseclassic.com

www.burmeseclassic.com

သောကြာဂြိုဟ်ခုံသို့သွားကာ ထိုမှ ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ဆက်၍ သွားခြင်း။

## Mars, The Line of
## အင်္ဂါလမ်းကြောင်း

အင်္ဂါလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ပြိုင်လျက် သောကြာဂြိုဟ်ခုံသို့ဆင်းနေသော လမ်းကြောင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုလမ်းကြောင်းကို အရန် အသက်လမ်းကြောင်းဟုလည်း ခေါ်သည်။ ထိုလမ်းကြောင်း သည် အသက်လမ်းကြောင်းကို အားဖြည့်သည်။

အကယ်၍ အသက်လမ်းကြောင်းသည် သေးသွယ် နေလျှင်၊ သို့မဟုတ် တိမ်နေလျှင်၊ သို့မဟုတ် သံကြိုးကွင်း ဆက် ဖြစ်နေလျှင် သန့်ရှင်းအားကောင်းသည့် အင်္ဂါလမ်း ကြောင်းက အားဖြည့်ပေးမည်။

အကယ်၍ ထိုလမ်းကြောင်းနှစ်ခုစလုံး ထင်းထင်းလင်း လင်းရှိနေလျှင် ကာယကံရှင်သည် ကိုယ်ခံစွမ်းအား ကြီးမား ခြင်း၊ ရန်လိုတတ်ခြင်းနှင့် ပြန်လည်ခုခံတတ်ခြင်း စသည့် အင်္ဂါ ရုပ်များနှင့် ပြည့်စုံမည်။

အနက်ရောင် သို့မဟုတ် အနီရောင် အမွေးအမှင်၊ ဆံပင် စသည်တို့က ဤအခြေအနေအား ပိုမိုခိုင်မာကြောင်း ကို ပြပေလိမ့်မည်။

## Martian Type
## အင်္ဂါဂြိုဟ်ခုံအားကောင်းသည့်လက်

အင်္ဂါဂြိုဟ်ခုံပေါ် ပေါ်လွင်လွင်ရှိနေသူကို အင်္ဂါဂြိုဟ်ခုံ အားကောင်းသူဟု သတ်မှတ်၏။ ထိုသူသည် ရန်စတတ် သည့် စရိုက်ရှိသည်။ ကျူးလွန်တတ်ခြင်းနှင့် ခုခံကာကွယ် တတ်ခြင်း စသည့် အစွန်းရောက်နေသော အရည်အချင်းမျိုး ရှိတတ်သည်။ မိမိကိုယ်ကျိုးအတွက်ချန်၍ တိုက်ခိုက်တတ်သူ ဖြစ်သည်။ သူလက်လှမ်းမီသရွေ့ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို နှစ်သက်လေ့ရှိသူမျိုး ဖြစ်သည်။

ဆန့်ကျင်ဘက်လိင်ကိုဆွဲဆောင်ရန် မိမိတွင်ရှိသမျှ အရည်အချင်းများကို အစွမ်းကုန် ထုတ်ပြတတ်သူဖြစ်၏။

## Material Love
## အစမ်းသပ်ခံသည့်အချစ်

(၁) နှလုံးလမ်းကြောင်းသည် စနေဂြိုဟ်ခုံအောက်မှ အစ ပြုနေခြင်း၊
(၂) သောကြာဂြိုဟ်ခုံ အားကောင်းခြင်း။

## Maternity, Danger of
## ကိုယ်ဝန်ဆောင်ခြင်းနှင့်ပတ်သက်၍ အန္တရာယ်ရှိ ခြင်း

အထက်ပိုင်း သောကြာဂြိုဟ်ခုံမှ အရေးအကြောင်း တစ်ခုသည် စနေဂြိုဟ်ခုံဆီသို့ သွားနေခြင်း။

## Mathematician's Hand
## သင်္ချာပညာရှင်လက်

(၁) တနင်္ဂနွေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ ပေါ်လွင်ထင် ရှားမှု မရှိခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းမှာ အလွန်ဖြောင့်တန်းခြင်း၊
(၃) လက်ချောင်းများနှင့် လက်မ၏ ဒုတိယလက်ဆစ်များ သာမန်ထက်ထူးခြားခြင်း၊
(၄) စနေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပေါ်လွင်နေခြင်း၊
(၅) လက်သန်းသည် သာမန်ထက်ရှည်လျားခြင်း၊
(၆) လက်ချောင်းများ ရှည်လျား၍ အဆစ်ကြီးခြင်း၊
(၇) လက်ဖဝါးပြင်သည် ခြောက်သွေ့မာကျောနေခြင်း။

## Meanness
## ညှိုးဂျင်း၊ သေးသိမ်ခြင်း

(၁) စတုဂံလွင်ပြင် အလွန်ကျဉ်းမြောင်းခြင်း၊
(၂) မေတ္တာလမ်းကြောင်းသည် ဉာဏ်စွမ်းလမ်းကြောင်း ဆီသို့ စိုက်ဆင်းနေခြင်း၊
(၃) လက်ချောင်းများ တစ်ခုနှင့်တစ်ခု နီးကပ်ခြင်း၊
(၄) လက်ဖဝါးပြင် သေးသွယ်ခြင်း၊
(၅) လက်ချောင်းများ ရှေ့ဘက်သို့ ကွေးနေခြင်း။

## Mechanical Aptitude
## စက်မှုပညာဝါသနာထုံခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း ဖြောင့်တန်းခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံသည် တနင်္ဂနွေဂြိုဟ်ခုံဘက်သို့ ယိမ်း ယိုင်နေခြင်း၊
(၃) လက်ဝါးပြင်သည် လက်ချောင်းများထက် ရှည်ခြင်း၊
(၄) လက်ချောင်းထိပ်များ လေးထောင့်စပ်စပ်ရှိခြင်း၊
(၅) လက်ချောင်းများ၏ ဒုတိယအဆစ် ပေါ်လွင်နေခြင်း။

(ဆက်ရန်)

❒ ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com

## ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) စီးပွား/လူမှု - မူလဌာနတွင် ကောင်းအားရှိသော်လည်း ပဝတ္တိဌာနတွင် ဆိုးအားရှိသည့်အတွက် ဇာတာရှင်အဖို့ ထူးခြားတိုးတက်မှု မရှိပေ။ လက်ရှိအဆင့်အတန်းတွင် ရပ်တန့်နေသလို ရှေ့မျှော်မှန်းချက်များအတွက် မရေရာ မသေချာ ဖြစ်နေ၏။ သို့သော် ဆန့်ကျင်ဘက်လိင် တစ်ဦးဦး၏ အကူအညီဖြင့် အလုပ်သစ်တစ်ခု လက်ဝယ်ရောက်ရှိမည်။ ကောင်းသောအလုပ်ဖြစ်မည်။ သောကြာနံ သားသမီး အကျိုးပေးပြီး တနင်္လာ ငုပ်နေ၏။ ငွေကြေးကုန်ကျမှု များနေ၏။ ဝန်ထမ်းများ ပုံမှန်အခြေအနေတွင် ရှိ၏။

ယတြာ - သစ်သီး လှူဒါန်းပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - သင့်၏။

(ဂ) ကျန်းမာရေး - ဝမ်းဗိုက်တွင် အနာပေါက်တတ်၏။

ယတြာ - ထီး၊ ဖိနပ်၊ အဝတ်ဟောင်း ဗုဒ္ဓဟူးထောင့်တွင် ရေမျှောပါ။

(ဃ) အကျိုးပြုလုပ်ငန်း - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၁)ဂဏန်းနှင့် တနင်္လာနေ့သည် ညံ့၏။

မှတ်ချက်။ မိတ်ကောင်းဆွေကောင်း ရှာပါ။



### တနင်္လာသားသမီးများ

(က) စီးပွား/လူမှု - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ကောင်းအားများစိုးမိုးနေသည် မှန်သော်လည်း မိသားစုဆွေမျိုးတို့၏ ကျန်းမာရေးကြောင့် ငွေကုန်ကျမှု များ၏။ စက်ပစ္စည်း အကြီးစားများ ဝင်ကိန်းရှိသလို စနေနံပစ္စည်းများလည်း ထွက်ကိန်း ပျက်ကိန်းကြုံ၏။ မော်တော်ယာဉ် ဂရုစိုက်မောင်းပါ။ ဆွေမျိုးသောက ရှိ၏။ စနေသား၊ စနေနံ သက်ရှိ သက်မဲ့ ဒုက္ခပေးမည်။ ဝန်ထမ်းများ တပည့်လက်သားကြောင့် စိတ်ဆင်းရဲမှု ရှိမည်။

ယတြာ - ရွှေထီး လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - တကွဲတပြား နေရတတ်၏။

(ဂ) ကျန်းမာရေး - မြွေအန္တရာယ်နှင့် ဝမ်းဗိုက်အန္တရာယ် ရှိ၏။

(ဃ) အကျိုးပြုလုပ်ငန်း - အင်္ဂါနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

မှတ်ချက်။ ၃၈ ဖြာ မင်္ဂလာတရားတော်နှင့်အညီ စာဂအမှုအတွက် ဝမ်းမြောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် အဆိုး မရှိသဖြင့် ဇာတာရှင်အဖို့* ကောင်းသော လက္ခဏာရှိ၏။ လုပ်ငန်းသစ်ကြီးများ စပ်တူလုပ်ရန် အကြောင်းပေါ်တတ်၏။ ကြီးကဲသူ မင်းစိုးရာဇာတို့၏ အကူအညီဖြင့် လမ်းပွင့်မည်။ ထင်ပေါ် ကျော်ကြားမည်။ သို့သော် အမွေကိစ္စ၊ မြေကိစ္စအတွက် သောက ရှိသလို ဆန့်ကျင်ဘက်လိင်များကြောင့် သောကရှိ၏။ ငွေလိမ်ခံရတတ်၏။ မော်တော်ကားကို သတိဖြင့် မောင်းပါ။ ဝန်ထမ်းများ ပူးတွဲတာဝန် ထမ်းဆောင်ရ တတ်၏။

ယတြာ - စတုဒိသာ လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - ကျန်းမာရေး ကြောင့် အိမ်ထောင်ရေးသုခမရှိ ဖြစ်နေတတ်၏။

(ဂ) **ကျန်းမာရေး** - တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** မည်သည့်ကိစ္စမဆို မှတ်တမ်းမှတ်ရာ ရှိပါစေ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားဖြင့် လွှမ်းခြုံနိုင်သဖြင့် အခက်အခဲကြားမှ သရဖူ ဆောင်းရမည်။ ထင်ပေါ် ကျော်ကြားမည်။ အများ၏ ကြည်ညိုလေးစားမှု ခံရမည်။ အများပိုင်ငွေ များ လက်ခံရတတ်၏။ အင်္ဂါနံ စက်ပစ္စည်းများ ပျက် တတ်သလို ယာဉ်ရထား အသစ်ဝင်တတ်၏။ လျှပ်စစ် ဓာတ်ကြိုး၊ မီးအားမြှင့်စက် စသည်တို့ကို မကြာခဏ စစ်ဆေးပါ။ တပည့်လက်သား သားသမီးများ ထွက် ကိန်းရှိ၏။ ဝန်ထမ်းများ တနင်္ဂနွေသားသမီးကြောင့် သိက္ခာကျတတ်၏။

ယတြာ - နေအိမ်ရှိ ဘုရားပန်းအိုးများ ဆေး ကြောသုတ်သင်ခြင်းဖြင့် ကုသိုလ်ယူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ဆီး၊ အစာအိမ်၊ အဆီတွင် ဥပဒ်ရှိ၏။

ယတြာ - ကြံ့ညွှန့်၊ ကြံ့ရည် ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၃)ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

**မှတ်ချက်။** နာယကဂုဏ်ကို တန်ဖိုးထားပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ နှစ်ဌာနစလုံးတွင် ဆိုး အားများ ပိတ်ဆို့ထား၏။ လာဘ်ပိတ်နေတတ်၏။ အကြံပျက်၊ စိတ်ပျက် ဖြစ်နေမည်။ ဆွေမျိုးနှင့်အမှု ဖြစ်တတ်၏။ မနာလိုသူများ ရှိသလို မိမိ၏သိက္ခာကို နာမည်ဖျက်မည့်သူများ လက်တစ်ကမ်းတွင် ရှိနေ၏။ အင်္ဂါနံသားသမီးများ၏ အကူအညီရမည်။ အိမ်တွင်း ရေးနှင့် အလုပ်တွင် အတွင်းရန်အနေဖြင့် အဖျက်ရှိ၏။ ခရီးဝေးသွားလာမှု မသင့်ပါ။ ဝန်ထမ်းများ အလုပ်တွင် တာဝန်ပေါ့ဆမှု ဖြစ်တတ်၏။

ယတြာ - ကြံ့ညွှန့်၊ ကြံ့ပန်း၊ ကြံ့ရည် ဘုရားကပ် လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အစာအိမ် အူအတက် ပေါက်တတ်၏။

ယတြာ - ပိတောက်ညွှန့် ဘုရားလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃)ဂဏန်းနှင့် အင်္ဂါနေ့ ကောင်း ပြီး (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** ရန်ကို ရန်နှင့် မတုံ့ပြန်ပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ





စနေသားသမီးများ

**သောကြာသားသမီးများ**

(က) **စီးပွား/လူမှု** - မူလဌာနတွင် ကောင်းအားရှိသော်လည်း ပဝတ္တိဌာန၏ ဆိုးအားကြောင့် မိမိကြီးပွားချမ်းသာမှုကို တစ်ပါးသူများ မနာလိုဖြစ်လျက် အမှုဆင်တတ်၏။ နာမည်ဖျက်တတ်၏။ ကုန်တံဆိပ်အတုဖြင့် စီးပွားရေးတွင် ထိုးနှက်ခံရတတ်၏။ လက်မှတ်တုများကြောင့် ဖြေရှင်းစရာများ ပေါ်ပေါက်တတ်၏။ ငွေကြေး ပေါများသော်လည်း မပွားဘဲရှိနေမည်။ လုပ်ငန်းတော့ကောင်း၏။ အုပ်ချုပ်မှု ညံ့တတ်၏။ မိမိစီးပွားကို ဖျက်မည့်သူ ပေါ်မည်။ သောကြာနံ သားသမီးကိုပင် ဂရုစိုက်ပါ။ ခရီးဝေး သွားလာမှု ဆင်ခြင်ပါ။ ဝန်ထမ်းများ နယ်ဝေးရပ်ခြား ပြောင်းရွှေ့ရတတ်၏။

ယတြာ - ဇီဇဝါ၊ စလပ်ပန်းများကို ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - လေ၊ လေငန်းရောဂါ ဂရုပြုပါ။

ယတြာ - ခရေညွန့် ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** မိမိကိုယ်မိမိ အားကိုးပါ။

**စနေသားသမီးများ**

(က) **စီးပွား/လူမှု** - မူလဆိုးအားကို ပဝတ္တိကောင်းအားက မလွှမ်းမိုးနိုင်သဖြင့် စိတ်ပျက်စရာများ၊ စိတ်သောကများ၊ မှုခင်းများ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်၏။ ဂုဏ်သတင်းသိက္ခာ ထိပါးခံရခြင်း၊ စပ်တူငွေကြေးလုပ်ငန်းများ မအောင်မြင်ခြင်း၊ မိမိအပ်နှံခဲ့သော ငွေများ ပြန်မရ ဖြစ်တတ်၏။ ဥပဒေနှင့် ငြိစွန်းသောလုပ်ငန်းကို ရှောင်ပါ။ အန္တရာယ် များမည်။ ဗုဒ္ဓဟူးနံ ရှေ့ထွက်မည်။ စက်ပစ္စည်း အကြီးစားဝင်မည်။ ဆွေမျိုးသောကရှိ၏။ ဝန်ထမ်းများ အုပ်ချုပ်သူ၏ ငြိုငြင်မှုခံရတတ်၏။

ယတြာ - ပဋ္ဌာန်းဒေသနာတော်ကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မကောင်းပါ။ အိမ်ထောင်ပျက်တတ်၏။

(ဂ) **ကျန်းမာရေး** - အူအတက်ပေါက်ခြင်းရောဂါ ကပ်ငြိတတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - အင်္ဂါနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ အကျိုးပြု၍ (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့တို့ ညံ့၏။

***မှတ်ချက်။*** မိမိကိုယ်မိမိ ယုံကြည်မှုဖြင့် အားတင်းပါ။


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ

လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

*ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် အောက်တိုဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အလှအပဆိုင်ရာပစ္စည်းများ ဖန်တီးပြုလုပ်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာအလှအပ ခြယ်သမှုလုပ်ငန်း ပြုလုပ်သူများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ စာရင်းအင်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေ ကောင်းနိုင်မည်။ သို့သော် မိမိ၏လုပ်ငန်းအဖွဲ့အစည်းမှ ဝန်ထမ်းနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရမှုနှင့် ကြုံရတတ်မည်ကို အထူးသတိထားပါ။ အိမ်ထောင်ရှင် ဖြစ်ပါက မိသားစုအတွင်း ပျော်ရွှင်ရမှုများ ရှိမည်။ အလှူအတန်းကုသိုလ်များလည်း ပြုရမည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များလည်း သင့်အိမ်သို့ကြွရောက်လာခြင်းများ ရှိမည်။ ငယ်ရွယ်သူများ ချစ်သူများများထားမှုကြောင့် အခက်တွေ့ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးများ၏ သဘောကျ ချစ်ခင်မှုကို ခံရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကံ အားနည်းနေချိန်ဖြစ်၍ ယခင်ကထက် နှစ်ဆလောက် ပိုမိုအားထုတ် ကြိုးစားပေးနိုင်မှ တော်ရုံကျမည်။ ကျန်းမာရေးမှာ သွေးအားနည်းခြင်း၊ နှလုံးအားနည်းခြင်း၊ သွေးတိုးခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မကာရရာသီဖွားများ ဤကာလအတွင်း ထီထိုးမည်ဆိုပါက(၂၊ ၉၊ ၀၊ ၆)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းသစ် တစ်ခုခုကို လုပ်ဖူးသောလုပ်ငန်းဖြစ်စေ၊ မလုပ်ဖူးသောလုပ်ငန်းဖြစ်စေ စတင်အကောင်အထည်ဖော် လုပ်ကိုင်သင့်သည်။ ဇွဲရှိရှိနှင့် တစိုက်မတ်မတ် လုပ်ကိုင်ခြင်းဖြင့် ရေရှည်တွင် အကျိုးပေးနိုင်မည်။ လူအများနှင့် ဆက်နွယ်ပတ်သက်လုပ်ကိုင်ရသည့် လုပ်ငန်း၊ အများ၏အားပေးမှုကို ခံယူရသည့် လုပ်ငန်းများဖြင့်လည်း အထူး အကျိုးပေးနိုင်မည်။ ဘာစ်ခါတစ်ရံ မိမိ၏စိတ်သည် နှစ်မျိုးနှစ်ခွ ဖြစ်တတ်သည်ကို ချိုးနှိမ်ထားရန်လိုမည်။ ငယ်ရွယ်သူများ တကွဲတပြားစီ နေရသော မိမိချစ်သူနှင့် အနေနီးရနိုင်မည်။ စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်ရခြင်းများလည်း ရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက မိမိကြိုးစားမှုအပေါ် မူတည်ပြီး ခံစားရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောက်ကပ်တွင်လည်းကောင်း၊ သားအိမ်တွင်လည်းကောင်း၊ စအိုတွင်လည်းကောင်း ဝေဒနာတစ်ခုခုဖြစ်ပေါ်ခံစားရတတ်သည်။ ဤကာလအတွင်း ထီပေါက်ခြင်း ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို လုပ်ပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၅၊ ၀၊ ၁)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းတွင် အပြောင်းအလဲတစ်စုံတစ်ရာရှိမည်။ လုပ်ငန်းဆိုင်ရာ ပြည်တွင်းပြည်ပ ခရီးများရှိမည်။ စာပေပုံနှိပ်လုပ်ငန်း လုပ်ကိုင်သူ ဖြစ်ပါက လုပ်ငန်းတိုးတက်အောင်မြင်မှုရှိမည် ယခုလထက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက တစ်ဦးနှင့်တစ်ဦး မထင်မှတ်ဘဲ အထင်မြင်လွဲမှားတတ်မည်ဖြစ်၍ အဆင်ပြေမှုများရရှိရန် ကြိုးစားရလိမ့်မည်။ ကိုးအိမ်, ခြံမြေနှင့်ပတ်သက်သောကိစ္စများ ဖြေရှင်းရတတ်ခြင်း၊ အမွေအနှစ်အမြတ်ရရှိတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ ဆေးခတ်ခံရတတ်ခြင်းများရှိ၍ သူတစ်ပါးပေးသည့် ကျွေးသည်များကို အလွယ်တကူ လက်ခံစားသောက်ခြင်းမျိုးကို သတိထားပါ။ ငယ်ရွယ်သူများ အချစ်ရေးတွင်





www.burmeseclassic.com

အဆင်မပြေမှု ဖြစ်တတ်မည်။ ပတ်ဝန်းကျင်၏ သွားပုပ်လေလွင့် ကဲ့ရဲ့အပြောအဆို ခံရတတ်ခြင်းများ ဖြစ်တတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မကြာခဏ ခေါင်းမူးခြင်း၊ သွေးအားနည်းခြင်းများ ဖြစ်တတ်မည်။ ဤကာလအတွင်း ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၂၊ ၇)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အရာရာကို မိမိကသာ ဦးဆောင်ဦးရွက် ပြုလုပ်သင့်သည်။ သို့မှသာ မိမိမျှော်လင့် ရည်ရွယ်ထားချက်များ အကောင်အထည်ပေါ်လာနိုင်မည်။ လုပ်ငန်းဝင်ငွေကောင်းသာသကဲ့သို့ အလှူအတန်း ကုသိုလ်များလည်း ပြုပေးသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သာယာသောအိမ်ထောင်ရေးကို ဖန်တီးနိုင်မည်။ သားသမီးရတနာရရှိခြင်း (သို့) မိသားစုဝင်ဦးရေ တိုးခြင်းများလည်း ရှိမည်။ သင့်အား မမြင်ရသောဂုဏ်ရှိလ်များ စောင့်ရှောက်နေတတ်သည်။ သို့ဖြစ်၍ အလှူအတန်းကုသိုလ်ပြုပြီးတိုင်း အမျှအတန်းပေးဝေခြင်းများကို ပြုလေးပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ထူးထူးခြားခြားအောင်မြင်ခြင်း၊ ဂုဏ်ပြုချီးမြှင့်ခံရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူများအနေဖြင့် ဤကာလအတွင်း အချစ်ရေးကိစ္စများကို စိတ်မဝင်စားသင့်ပါ။ အလုပ်အကိုင်ရှာဖွေနေသူ ဖြစ်ပါက ယခုလ၏ ဒုတိယပတ်အတွင်း အဆင်ပြေနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ယာဉ်၊ ကားအန္တရာယ်ကြုံတတ်ခြင်း၊ မတော်တဆ ထိခိုက်အနာတရ သွေးထွက်သံယိုဖြစ်တတ်ခြင်းများရှိမည်။ သင့်အနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၃၊ ၅၊ ၀၊ ၈)ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ငွေကြေးဆုံးရှုံးမှု ဖြစ်တတ်သည်ကို သတိထားပါ။ အရာရာကို အလိုမကျဖြစ်နေသော မိမိ၏စိတ်ကိုလည်း အတတ်နိုင်ဆုံး အေးအေးထားပါ။ မြန်မြန်ဆုံးဖြတ်၊ မြန်မြန်လုပ်ကိုင်တတ်ခြင်းကြောင့် အမှားများနှင့် ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းတွင်သော်လည်းကောင်း၊ မိမိအိမ်တွင်သော်လည်းကောင်း အဆင်မပြေခြင်းများ ဖြစ်တတ်သည်။ အိမ်ထောင်ရှင် ဖြစ်ပါက အိမ်တွင်းရေး ပူညံပူညံရှိမည်။ သားသမီးရှိပါက ၎င်းတို့အတွက် စိုးရိမ်သောက စိတ်မအေးရစရာများ ရှိတတ်မည်။ ထို့အပြင် ဤကာလအတွင်း အိုးအိမ်ပြောင်းရွှေ့ရန်အကြောင်းများ ပေါ်ပေါက်တတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိဆန္ဒအရ အပြောင်းအလဲ၊ အပြောင်းအရွှေ့တစ်ခုခု လုပ်လိုစိတ်များ ဖြစ်ပေါ်နေမည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရန် ရည်ရွယ်ထားခြင်းမျိုးရှိနေပါက ခေတ္တ ရပ်ဆိုင်းထားသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ဒုက္ခပေးတတ်ခြင်း၊ ဆီး၊ ကျောက်ကပ် ဒုက္ခပေးတတ်ခြင်းများ ရှိမည်။ မိမိအိမ်ရှိ မကောင်းသော၊ ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းများရှိပါက အမြန်ဆုံး စွန့်ပစ်လိုက်ပါ။ ထီထိုးမည်ဆိုပါက (၉၊ ၀၊ ၇၊ ၄) ဂဏန်းများပါသော ထီကို ထိုးပါ။

## GEMINI
## မေထုန်ရာသီ



(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း ဘာသာရေးနှင့်ပတ်သက်၍ လုပ်နိုင်သလောက်ကောင်းမည်။ ဘာသာရေး၊ ကုသိုလ်ရေးလုပ်သမျှ စီးပွားရေးလုပ်ငန်းများတွင်လည်း ထူးထူးခြားခြား အောင်မြင်မှုများရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၇)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် လုပ်ငန်းကိစ္စအဝဝတို့ကို အကောင်အထည်ဖော်ခြင်း၊ ခရီးထွက်ခြင်းများ ပြုနိုင်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏ အိမ်ထောင်ဖက်နှင့် အကြောင်းတစ်ခုခုကြောင့် ခွဲခွာနေရတတ်သည်။ ပညာရေးလိုက်စားသူများဖြစ်ပါက ပညာရေးအတွက် အထောက်အပံ့ပေးမည့်သူများ ရှိမည်။ မိမိဆန္ဒရှိသည်များလည်း ဖြစ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းအဆီဖုံးခြင်း၊ သွေးတိုးခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်း လေးလံထိုင်းမှိုင်းခြင်းများ ဖြစ်တတ်မည်။ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၇၊ ၆)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ အစစအရာရာ အဆင်ပြေစေနိုင်ရန်အတွက် ဤကာလအတွင်း ပတ္တမြား (သို့) ကျောက်နီလေးတစ်လုံးကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်းပြုသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com




## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း တစ်မျိုးထက်မကသော လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်နိုင်လိမ့်မည်။ ငွေကြေးကိစ္စများလည်း အဆင်ပြေမည်။ သို့သော် မိမိအပေါ် မရိုးမသားပြုလုပ်လိုသူ၊ အနှောင့်အယှက်ပေးလိုသူနှင့် အပြိုင်အဆိုင်လုပ်လိုသူများ ရှိနေမည်ကိုတော့ အထူးသတိထားပါ။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာခရီးများ ထွက်ရတတ်မည်။ သင့်အနေဖြင့် ထီပေါက်ခြင်း(သို့)ထီပေါက်သကဲ့သို့ ငွေကြေးများဝင်တတ်မည်ဖြစ်၍ ထိုသို့ များများစားစား ငွေကြေးများဝင်လာပါက အပျော်အပါးနှင့် အလောင်းအစားကိစ္စများကို အထူးရှောင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုစီးပွားဝင်ငွေ ကောင်းမည်။ သားသမီးဦးရေ တိုးပွားနိုင်မည်။ အိမ်တွင်းရေး အေးချမ်းသာယာမှုရှိမည်။ ရပ်ဝေးနေ ဆွေမျိုးများ သင့်အိမ်သို့ အလည်အပတ်အဖြစ်ရောက်လာတတ်မည်။ ငွေကြေး ကုန်ကျစရာအကြောင်းများ တစ်မျိုးမဟုတ် တစ်မျိုး ပေါ်ပေါက်တတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူ ဖြစ်ပါက ယခုလအတွင်း မိမိဆန္ဒရှိသောလုပ်ငန်း၌ အဆင်မပြေနိုင်သေးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ နှာခေါင်းသွေးလျှံခြင်း၊ အစာအိမ် သွေးယိုခြင်းဝေဒနာများ ဖြစ်ပေါ်တတ်မည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၂ ၀၊ ၇၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။

## LEO
## သိဟ်ရာသီ



**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

သိဟ်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း လက်လွှတ်ထားသောပစ္စည်း (သို့) ငွေကြေးတစ်ခုခု ပြန်လည်ရရှိတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ပြီး မိမိအားပြိုင်ဆိုင်နေသူများ ရှိနေသော်လည်း သူ့အလိုလို ပြေပျောက်သွားမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈) ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေခြင်းနှင့် ထူးထူးခြားခြား ဖြစ်စေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဝန်ထမ်းဖြစ်ပါက မိမိအပြောကြောင့် တစ်ဖက်လူ၏ အငြိုးအတေးပြုခြင်းခံရတတ်သည်ကို အထူးသတိထားပါ။ ငယ်ရွယ်သူ ဖြစ်ပါက အချစ်ရေး ကံကောင်းမည်။ ရောက်ရာအရပ်တွင် မိမိအား စိတ်ဝင်စားသူ ပေါ်များမည်။ စေ့စပ်ကြောင်းလမ်းထားရန် ကိစ္စများ အကောင်အထည်ဖော်နိုင်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ဘွဲ့လွန်သင်တန်း၊ ဒီပလိုမာသင်တန်းများ တက်ရောက်သင်ကြားနိုင်ခွင့် ရနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်သွေးယိုခြင်းများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထို့အပြင် သွေးနှင့်ပတ်သက်သော ဝေဒနာများလည်း ခံစားရတတ်သည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၄၊ ၀၊ ၈) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ယခု ကာလအတွင်း ကန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ စားသောက်တည်းခိုလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆားရောင်းဝယ်ရေးလုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ပါက အဆင်ပြေမှုများ ပိုမိုရရှိနိုင်မည်။ သင့်အနေဖြင့် ပြည်တွင်း ပြည်ပ ခရီးများရှိမည်။ အထူးသဖြင့် ပင်လယ်ရေကြောင်းခရီးများ သွားရတတ်မည်။ မိမိအတွက် အခြေအနေကောင်းများကို ဖြစ်စေမည့် ခရီးဖြစ်မည်။ သင့်အနေဖြင့် ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးများ အစုအပြုံလိုက် ဝင်တတ်ပြီး အစုအပြုံလိုက် ပြန်လည်ကုန်သွားတတ်မည်ကို အထူးသတိထားပါ။ အပေါင်းအသင်း မိတ်ဆွေများနှင့် အပျော်အပါးပြုလုပ်ခြင်း၊ စားသောက်ဆိုင် ထိုင်ခြင်းများကို ရှောင်သင့်သည်။ မမျှော်လင့်ဘဲ ရန်ပြဿနာနှင့် အမှုအခင်းများ ပေါ်ပေါက်တတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးအခြေအနေမှာ ကောင်းတစ်လှည့် ဆိုးတစ်လှည့် ဖြစ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် နောက်ပြောင်ကျီစယ်ရာမှ မထင်မှတ်ဘဲ စကားများ၊ အမုန်းပွားရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်စိတ်လွန်ကဲခြင်းကြောင့် စိတ်နှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၀၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

တူရာသီဖွားများအနေဖြင့် အနှစ်နှစ်အလလမှ စိတ်ကူးရည်ရွယ် ကြံစည်ထားချက်များကို ဤကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ အိုး၊ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သောလုပ်ငန်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက အဆင်ပြေအောင်မြင်မှုများ ပိုမိုရရှိနိုင်မည်။ သို့သော် အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုးသားချင်းများ၏ကိစ္စကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်မည်။ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးပါ။ ဝန်ထမ်းများအနေဖြင့် ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရခြင်းများရှိမည်။ အဆင်ပြေ အောင်မြင်မှုများ ရတတ်မည်။ အကူအညီပေးမည့်သူများနှင့်လည်း တွေ့ဆုံရတတ်မည်။ ငယ်ရွယ်သူ အချစ်မရှိသေးသူ ဖြစ်ပါက လိင်မတူသူတို့၏ စိတ်ဝင်စားခြင်းကို အထူးခံရမည်။ ချစ်သူရှိပြီးသူ ဖြစ်ပါက ချစ်သူ၏ နားပူနားဆာလုပ်မှုကြောင့် စိတ်ညစ်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာမကြေခြင်း၊ ရင်အောင့်ခြင်း၊ မကြာခဏ ဆေးရုံ ဆေးခန်းရောက်ရတတ်ခြင်းရှိမည်။ သင့်အနေဖြင့် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၇၊ ၈၊ ၉၊ ၁)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဤကာလအတွင်း အပြိုင်အဆိုင် လုပ်ကိုင်ရသောလုပ်ငန်းများဖြင့် အကျိုးပေးထက်သန်မည်။ မိမိကျွမ်းကျင်သော လုပ်ငန်းမျိုးကို လုပ်ကိုင်ရသည်ဖြစ်၍ လုပ်ငန်းများအားလုံး အဆင်ပြေအောင်မြင်လိမ့်မည်။ အချို့ကိစ္စများတွင် အကြိမ်ကြိမ်ပြန်လည်သုံးသပ်မှုကြောင့် မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်တတ်သည်ကို အထူးသတိထားရန်လိုမည်။ မိမိ၏အကြံအစည်နှင့် စိတ်ကူးများကို အခြားသူများနှင့် ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း မပြုသင့်၊ ဖွင့်ဟ တိုင်ပင်လိုက်ခြင်းဖြင့် အစီအစဉ် ပျက်သွားတတ်ခြင်း၊ လုပ်ငန်း အထမမြောက်ဘဲဖြစ်တတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင် ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် စိတ်တိုင်းမကျခြင်းများ ရှိမည်။ အချို့ကိစ္စများကို လျစ်လျူရှုလိုက်ပြီး အတတ်နိုင်ဆုံး ဘာသာရေးအလုပ်များကို အချိန်ပေး လုပ်ကိုင်လိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများတွင် ကံမကောင်းဖြစ်တတ်မည်။ ချစ်သူနှင့် အထင်လွဲစရာ ပြဿနာများ ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်းတွင် မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်သည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၉၊ ၄)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် မျှော်မှန်းထားသလောက် ဖြစ်မလာနိုင်သေးသော်လည်း စီးပွားဝင်ငွေ ပုံမှန်ကောင်းနေလိမ့်မည်။ သို့သော် ဝန်ထမ်းဖြစ်ပါက မိမိနှင့်ပတ်သက်သော ပစ်စာများ၊ သွားပုပ်လေလွင့်စကားများ၊ ရှုတ်ချစကားများ အပြောခံရတတ်မည်။ အထူးသဖြင့် လက်အောက်ငယ်သားများကြောင့် မိမိတွင် ထိခိုက်နစ်နာရမှုများ ဖြစ်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးဦးရေ တိုးပွားတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စကြောင့် စိတ်ညစ်ရတတ်မည်။ ချစ်သူနှင့် အနေဝေးရခြင်း၊ လမ်းခွဲရခြင်းများ ဖြစ်တတ်မည်။ အလုပ်အကိုင် ရှာဖွေသူများ မိမိနှင့်သင့်တော်မည့် အလုပ်အကိုင်ရလိမ့်မည်။ ပညာရေးနှင့်ပတ်သက်၍ ကံကောင်းခြင်း၊ မိမိဆန္ဒအတိုင်း ဖြစ်မြောက်ခြင်း ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ပခုံး၊ ရင်ဘတ်၊ လက်မောင်းတို့တွင် မတော်တဆထိခိုက်အနာတရ သွေးထွက်သံယိုဖြစ်တတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်းများ ဖြစ်တတ်သည်။ ယခုကာလအတွင်း အချိန်အခါမဟုတ် ခရီးသွားလာခြင်းများကို ရှောင်ပါ။ ထီထိုး ကံစမ်းခြင်းပြုမည်ဆိုပါက (၆၊ ១၊ ၂၊ ၉) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်ပါသည်။

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)


အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားချေးတန်း၊ (၃)ရပ်ကွက်၊
ရွှေကျော်၊ ဗုဒ္ဓနံတောင်မြို့နယ်၊ ရန်ကုန်မြို့။
✆ ၀၉-၅၁၉၈၂၇၊ ၀၉-၄၂၁၀၀၅၉၇၅၅